http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား

ရေးသားစီရင်အပ်သော

# ဝိသုဒ္ဓိမဂ် မြန်မာပြန်

စတုတ္ထတွဲ

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟ ပဋိပတ္တိသာသနာ့ပြု
မဟာစည်ရုံးပိုင်ငွေဖြင့် ပုံနှိပ်ထုတ်ဝေသည်။


မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၅ ကောဇာ ၁၃၃၃ ဇွန်လ ၁၉၇၁

http://www.dhammadownload.com

ဝိသုဒ္ဓိမဂ်မြန်မာပြန် (စတုတ္ထတွဲ)

http://www.dhammadownload.com



အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

# ဝိသုဒ္ဓိမဂ်မြန်မာပြန်

http://www.dhammadownload.com

http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား

ရေးသားစီရင်အပ်သော

# ဝိသုဒ္ဓိမဂ် မြန်မာပြန်

## စတုတ္ထတွဲ

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟ ပရိယတ္တိသာသနာပြု
မဟာစည်ရုံးပုံငွေဖြင့် ပုံနှိပ်ထုတ်ဝေသည်။

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၅ ကောဇာ ၁၃၃၃ ဇွန်လ ၁၉၇၁

http://www.dhammadownload.com

ထုတ်ဝေသူ။ ။မင်္ဂလာဦးအောင်မြင့် မှတ်ပုံတင်အမှတ် (၀၁၁၆၇) အကျိုးတော်ဆောင်
(ပဋိပတ္တိသာသနာပြု မဟာစည်ရိပ်သာ) ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊
အမှတ် ၁၆၊ သာသနာ့ရိပ်သာ လမ်း ကုက္ကိုင်း၊ ရွှေဂုံတိုင်
စာတိုက်၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၄၀၂၆)

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်)
ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင်အမှတ် ၀၈၇၉)က ပုံနှိပ်သည်။

http://www.dhammadownload.com

# အမှာစကား

သီလ သမာဓိ ပညာဆိုင်ရာ အခြေခံများနှင့်တကွ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသမှ စ၍ ဝိသုဒ္ဓိမဂ်အဆုံးပိုင်းကို အပြည့်အစုံ မြန်မာပြန်ပြီးလျှင် ၁၃၂၄-ခုနှစ်က ထုတ်ဝေခဲ့၏။ ထိုသို့ ထုတ်ဝေစဉ်ကပင် အကြောင်း ညီညွတ်သောအခါ၌ ကြွင်းကျန်သော ရှေ့ပိုင်းများကိုပါ မြန်မာပြန်၍ ထုတ်ဝေရန် ရည်ရွယ်ရင်း ရှိခဲ့၏။ သို့သော် ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယအတွက် ကြောင့်ကြစိုက်နေရသော ကြောင့်ရင်း၊ ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်စသော ဟောစဉ်တရားများအတွက် ကြောင့်ကြစိုက်နေရသောကြောင့်ရင်း ထိုရည်ရွယ်ချက် အကောင်အထည် မပေါ်ပဲ ရှိနေခဲ့ပေသည်။

ယခုအခါမှာ အဆိုပါနိဿယကြီး ပြီးစီးအောင်မြင်သွားသည့်ပြင် တရားဟောစဉ်အချို့လည်း ပြီးစီးသွားသောကြောင့် ယခင်က ရည်ရွယ်ချက် ရှိခဲ့သည့်အတိုင်း ကြွင်းသော ဝိသုဒ္ဓိမဂ်အပိုင်းများကို ပြန်ဆိုရန် အားထုတ်လျက်ရှိ၏။ ထိုသို့ အားထုတ်ရာ၌ ယခင်က ထုတ်ဝေခဲ့သော အဆုံးပိုင်း မြန်မာပြန်ကို အများက တောင့်တနေကြသောကြောင့်ရင်း၊ ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုရာ ပညာဘူမိနိဒ္ဒေသကို ယခင်ပုံနှိပ်ပြီး မြန်မာပြန်နှင့် ပူးတွဲ၍ ထုတ်ဝေလိုက်လျှင် ဝိသုဒ္ဓိမဂ်မြန်မာပြန် အဆုံးပိုင်းအတွဲ လျင်မြန်စွာ ထွက်ပေါ်လာနိုင်သော ကြောင့်ရင်း ၁၇-ပညာဘူမိနိဒ္ဒေသကို မြန်မာပြန်ကာ ဖြည့်စွက်၍ စတုတ္ထတွဲအဖြစ်ဖြင့် ထုတ်ဝေလိုက်ပေသည်။

ထိုစတုတ္ထတွဲ အပိုင်းသည် ဝိသုဒ္ဓိမဂ်မြန်မာပြန် စာသားသက်သက်ဖြင့်ပင် စာမျက်နှာ ၅၄၃-အထိ များနေသောကြောင့် ဝိသုဒ္ဓိမဂ် နိဒါန်းနှင့် အခြေခံအပိုင်းများကို ဤစတုတ္ထတွဲ၌ မထည့်သွင်းတော့ပဲ ပဌမတွဲနှင့် တတိယတွဲ သူ့နေရာများ၌သာ ထည့်သွင်းဖော်ပြစေပါမည်။

ပြန်ဆိုရေးသားပုံမှာ ယခင်က နိဒါန်း၌ ဖော်ပြခဲ့သည့်အတိုင်း မြန်မာပြန်ဖြစ်သော ကြောင့် မြန်မာစကား ချောမောပြေပြစ်ခြင်းနှင့် ပါဠိမတတ်သော စာဖတ်ပရိသတ်တို့အား ရှင်းရှင်းလင်းလင်း သဘောပေါက် သိနားလည်

http://www.dhammadownload.com



စေခြင်းကို အထူး အလေးပြု၍ ပြန်ဆိုရေးသားထားကြောင်း သိထားကြစေလိုရ်၏။ ထို့ကြောင့် အရေးမကြီးသော အချို့ဝါကျ ဇောတက ဟိ-စ-ပန-နိပါတ်များကိုငင်း၊ အချို့သော ပရိသမာပန ဣတိ-ကိုငင်း မဖော်ပြပဲ ချန်ထားသည်၊ အနိယတ်ဝါကျကို နိယတ်ဝါကျနှင့် တပေါင်းတည်း ပြန်ဆိုထားချက်လည်း ရှိသည်၊ အချို့သရုပ်ပြစကားများကို နိဿယပြန်နည်းမဟုတ်ပဲ မြန်မာဆန်ဆန် ပြန်ထားသည်လည်း ရှိသည်၊ ဤသို့သော ပြန်ဆိုချက်များကို တွေ့ရသောအခါ ပါဠိမတတ်သူတို့ နားလည်လွယ်ရန် ပြန်ထားသည်ဟု မှတ်ယူကြစေလို၏။

သာသနာတော်နှစ် ၂၅၁၃-ခု၊　　　　　အရှင်သောဘန

ကောဇာသက္ကရာဇ် ၁၃၃၁-ခု၊　　　　　အဂ္ဂမဟာပဏ္ဍိတ

ပြာသိုလဆန်း ၆-ရက်။　　　　　　　မဟာစည်ဆရာတော်

http://www.dhammadownload.com



ဝိသုဒ္ဓိမဂ်-မြန်မာပြန် စတုတ္ထတွဲ၌

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **၁၇-ပညာဘူမိနိဒ္ဒေသ ....** | **၁-မှ-၂၁၉** |
| ပဋိစ္စသမုပ္ပါဒ် ကိုပြဆိုခြင်း .... | ၁ |
| ပဋိစ္စသမုပ္ပါဒ် မူရင်းပါဠိနှင့် မြန်မာပြန် .... | ၂ |
| အကြောင်းတရားတို့ကို ပဋိစ္စသမုပ္ပါဒ်ဟုခေါ်ကြောင်း .... | ၅ |
| အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်ကြောင်း .... | ၅ |
| ကေစိဝါဒ .... | ၈ |
| ယင်းကေစိဝါဒသည် ပဒေသဝိဟာရသုတ်နှင့် ဆန့်ကျင်ကြောင်း .... | ၉ |
| ထိုအတူ ကစ္စာနသုတ်နှင့်လည်း ဆန့်ကျင်ကြောင်း .... | ၁၀ |
| နက်နဲခြင်းနှင့် နည်းလေးပါး မဖြစ်သင့်ကြောင်း .... | ၁၁ |
| သဒ္ဒါနည်း ပျက်ခြင်း .... | ၁၂ |
| သဒ္ဒါနည်းမပျက်, သင့်ရာပါသည်ဟု ချေပဖွယ်ရှိကြောင်း (မှတ်ချက် ၂) .... | ၁၃ |
| ပဋိစ္စသမုပ္ပါဒ်၏ ဝစနတ္ထများ .... | ၁၅ |
| ပဋိစ္စသမုပ္ပါဒ်အနက်အဖွင့် ခဲယဉ်းပုံ .... | ၂၁ |
| ပဋိညာနှင့် ဥယျောဇဉ် .... | ၂၄ |
| ဒေသနာအပြား .... | ၂၅ |
| အဝိဇ္ဇာကို အစထား၍ ဟောခြင်းအကြောင်း .... | ၂၉ |
| အဝိဇ္ဇာနှင့်တဏှာသည် ဝဋ္ဋကထာ၏ ဦးခေါင်းဖြစ်ကြောင်း .... | ၃၀ |
| အဝိဇ္ဇာစသည်တို့၏အနက် .... | ၃၄ |
| အဝိဇ္ဇာပုဒ်၏ အနက် .... | ၃၄ |

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သင်္ခါရပုဒ်၏အနက် .... .... .... .... .... | ၃၆ |
| ဝိညာဏစသည်တို့၏အနက် .... .... .... .... | ၃၉ |
| အဝိဇ္ဇာစသည်တို့၏ လက္ခဏာ ရသစသည် .... .... .... | ၄၁ |
| ကောဝိဓဝေသောအပြား .... .... .... .... .... | ၄၃ |
| အင်္ဂါတို့ကို ပိုင်းခြားခြင်း .... .... .... .... .... | ၄၆ |
| အဝိဇ္ဇာပစ္စယာ သင်္ခါရာပုဒ် ပြဆိုချက် .... .... .... .... | ၄၆ |
| ယာထာဝသရသလက္ခဏံ - ပုဒ်အဖွင့် ဋီကာ (မှတ်ချက်) .... | ၄၇ |
| ပုညာဘိသင်္ခါရစသည်ကို ဖွင့်ခြင်း .... .... .... | ၄၀ |
| ကာယသင်္ခါရ စသည်သည် ပုညာဘိသင်္ခါရ စသည်၌ ဝင်ကြောင်း.... .... .... .... .... .... | ၄၉ |
| အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ပုံကို ဖွင့်ပြခြင်း .... .... | ၄၉ |
| ပိုးဖလံအကြောင်း (မှတ်ချက် ၁) .... .... .... | ၅၃ |
| ပဋ္ဌာန်းပစ္စည်းကို ပြဆိုချက် .... .... .... .... .... | ၅၄ |
| (၁) ဟေတုပစ္စည်း.... .... .... .... .... .... | ၅၅ |
| နျာယကျမ်းလာ ဟေတု - ဟိတ်အကြောင်း (မှတ်ချက်၃).... | ၅၅ |
| ပဋိညာစသော ဝစနာဝယဝများကို ပုံစံထုတ်ပြခြင်း (မှတ်ချက်) .... .... .... .... .... | ၅၆ |
| ဟေတုပစ္စည်း၌ အကျဉ်းမှတ်ဖွယ် (မှတ်ချက် ၃).... .... | ၅၉ |
| (၂) အာရမ္မဏပစ္စည်း .... .... .... .... .... | ၆၀ |
| အာရမ္မဏပစ္စည်း၌ အကျဉ်းမှတ်ဖွယ် (မှတ်ချက် ၁) .... | ၆၁ |
| (၃) အဓိပတိပစ္စည်း .... .... .... .... .... | ၆၁ |
| အဓိပတိပစ္စည်း၌ အကျဉ်းမှတ်ဖွယ် (မှတ်ချက် ၂).... .... | ၆၂ |
| (၄-၅) အနန္တရ - သမနန္တရပစ္စည်း .... .... .... .... | ၆၂ |
| အနန္တရပစ္စည်း၌ အကျဉ်းမှတ်ဖွယ်(မှတ်ချက်) .... .... | ၆၄ |
| (၆) သဟဇာတပစ္စည်း .... .... .... .... .... | ၆၅ |

http://www.dhammadownload.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| | သဟဇာတပစ္စည်း၌ အကျဉ်းမှတ်ဖွယ်(မှတ်ချက် ၂) .... | ၆၆ |
| (၇) | အညမညပစ္စည်း .... .... .... .... .... | ၆၆ |
| | အညမညပစ္စည်း၌ အကျဉ်းမှတ်ဖွယ် (မှတ်ချက် ၁) .... | ၆၇ |
| (၈) | နိဿယပစ္စည်း.... .... .... .... .... .... | ၆၇ |
| | နိဿယပစ္စည်း၌ အကျဉ်းမှတ်ဖွယ် (မှတ်ချက်၂ ).... .... | ၆၇ |
| (၉) | ဥပနိဿယပစ္စည်း .... .... .... .... .... | ၆၈ |
| | အာရမ္မဏူပနိဿယပစ္စည်း .... .... .... .... | ၆၉ |
| | အနန္တရူပနိဿယပစ္စည်း .... .... .... .... | ၆၉ |
| | ပကတူပနိဿယပစ္စည်း.... .... .... .... .... | ၇၀ |
| (၁၀) | ပုရေဇာတပစ္စည်း .... .... .... .... .... | ၇၂ |
| | ပုရေဇာတပစ္စည်း၌ အကျဉ်းမှတ်ဖွယ် (မှတ်ချက် ၁) .... | ၇၃ |
| (၁၁) | ပစ္ဆာဇာတပစ္စည်း .... .... .... .... .... | ၇၃ |
| | ပစ္ဆာဇာတပစ္စည်း၌ အကျဉ်းမှတ်ဖွယ်(မှတ်ချက် ၁) .... | ၇၄ |
| (၁၂) | အာသေဝနပစ္စည်း .... .... .... .... .... | ၇၅ |
| | အာသေဝနပစ္စည်း၌ အကျဉ်းမှတ်ဖွယ် (မှတ်ချက် ၁) .... | ၇၆ |
| (၁၃) | ကမ္မပစ္စည်း .... .... .... .... .... .... | ၇၆ |
| | ကမ္မပစ္စည်း၌ အကျဉ်းမှတ်ဖွယ် (မှတ်ချက် ၁) .... .... | ၇၇ |
| (၁၄) | ဝိပါကပစ္စည်း.... .... .... .... .... .... | ၇၇ |
| | ဝိပါကပစ္စည်း၌ အကျဉ်းမှတ်ဖွယ် (မှတ်ချက် ၁).... .... | ၇၈ |
| (၁၅) | အာဟာရပစ္စည်း .... .... .... .... .... | ၇၈ |
| | အာဟာရပစ္စည်း၌ အကျဉ်းမှတ်ဖွယ် (မှတ်ချက် ၁) .... | ၇၉ |
| (၁၆) | ဣန္ဒြိယပစ္စည်း .... .... .... .... .... | ၇၉ |
| | ဣန္ဒြိယပစ္စည်း၌ အကျဉ်းမှတ်ဖွယ်(မှတ်ချက် ၂).... .... | ၈၀ |
| (၁၇) | ဈာနပစ္စည်း .... .... .... .... .... .... | ၈၁ |
| | ဈာနပစ္စည်း၌ အကျဉ်းမှတ်ဖွယ်(မှတ်ချက် ၄) .... .... | ၈၁ |

http://www.dhammadownload.com



အကြောင်းအရာ စာမျက်နှာ


(၁၈) မဂ္ဂပစ္စည်း .... .... .... .... .... .... ၀၂
မဂ္ဂပစ္စည်း၌ အကျဉ်းမှတ်ဖွယ်(မှတ်ချက် ၁) .... .... ၀၃
(၁၉) သမ္ပယုတ္တပစ္စည်း .... .... .... .... .... ၀၃
သမ္ပယုတ္တပစ္စည်း၌အကျဉ်းမှတ်ဖွယ်(မှတ်ချက် ၃) .... ၀၃
(၂၀) ဝိပ္ပယုတ္တပစ္စည်း .... .... .... .... .... ၀၃
ဝိပ္ပယုတ္တပစ္စည်း၌အကျဉ်းမှတ်ဖွယ် (မှတ်ချက် ၁) .... ၀၄
(၂၁) အတ္ထိပစ္စည်း .... .... .... .... .... .... ၀၅
အတ္ထိပစ္စည်း၌ အကျဉ်းမှတ်ဖွယ် (မှတ်ချက် ၂) .... .... ၀၆
(၂၂) နတ္ထိပစ္စည်း .... .... .... .... .... .... ၀၇
(၂၃) ဝိဂတပစ္စည်း .... .... .... .... .... .... ၀၇
(၂၄) အဝိဂတပစ္စည်း .... .... .... .... .... ၀၈
အဝိဇ္ဇာပစ္စယာ သင်္ခါရာပုဒ်၌ အကျယ်ဆိုပြချက် .... .... ၀၈
အကြောင်းတခုတည်းကြောင့် ဖြစ်နိုင်သလော .... .... .... ၉၀
အဝိဇ္ဇာက ကုသိုလ်၏အကြောင်းဖြစ်နိုင်ပုံ .... .... .... ၉၅
စုတိပဋိသန္ဓေ၌ တွေဝေ၍ သင်္ခါရသုံးပါးကိုပြုကြောင်း .... .... ၁၀၀
ခန္ဓာကိုယ်အသစ် ဖြစ်ပေါ်လာသည်ဟု မှားယွင်းစွာ ယူဆပုံကို ဘဂဝါဂီတိစသည်၌ ဆိုသောဂါထာဖြင့် ဖော်ပြခြင်း (ဋီကာမှတ်ချက်) .... .... .... .... .... ၁၀၀
သဘာဝလက္ခဏာ(မှတ်ချက် ၂).... .... .... .... ၁၀၂
သာမညလက္ခဏာ(မှတ်ချက် ၃).... .... .... .... ၁၀၂
သင်္ခါရပစ္စယာ ဝိညာဏံပုဒ်၌အကျယ်ပြဆိုချက် .... .... .... ၁၀၅
ပဋိသန္ဓေစိတ် ဖြစ်ပုံကိုပြဆိုချက် .... .... .... .... ၁၁၅
အကုသိုလ်ကံနှင့် ကမ္မနိမိတ်ထင်ပုံ .... .... .... ၁၁၅
ဒုဂ္ဂတိနိမိတ်ထင်ပုံ .... .... .... .... .... ၁၁၆
ဟေတုမန္တဝိသေသန(မှတ်ချက် ၂) .... .... .... ၁၁၆

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ရုပ်၏ သက်တမ်း စိတ္တက္ခဏ ၁၇-ချက်ပင် ဖြစ်ကြောင်း (မှတ်ချက် ၂) .... .... .... .... .... | ၁၁၇ |
| ဣန္ဒြာရုံပင်ဖြစ်သော်လည်း မရဏာသန္နအကုသိုလ်ဇော၏ အာရုံဖြစ်လျှင် အနိဋ္ဌာရုံမည်ကြောင်း (မှတ်ချက် ၃) .... | ၁၁၇ |
| ကုသိုလ်ကံနှင့် ကမ္မနိမိတ်ထင်ပုံ .... .... .... | ၁၁၈-၉၊ ၁၂၀ |
| သုဂတိနိမိတ်ထင်ပုံ .... .... .... .... .... | ၁၂၀ |
| ဂဗ္ဘသေယျက ပဋိသန္ဓေ၌ ဒသကကလာပ် ၂-ခု ၃-ခု ဖြစ်ကြောင်း .... .... .... .... .... | ၁၂၅ |
| ကလလရေကြည်အကြောင်းစာကိုယ်နှင့် (မှတ်ချက် ၃) .... | ၁၂၆ |
| အတိတ်ဘဝမှပြောင်းရွှေ့မလာကြောင်း .... .... .... | ၁၃၁ |
| သေခါနီး၌ ထင်သောကံ ကမ္မနိမိတ် ဂတိနိမိတ်တို့တွင် တပါးပါးကို အာရုံပြုလျက် မရဏာသန္နဇောဝိညာဏ်ဖြစ်ကြောင်း၊ ထိုဝိညာဏ်ကို တဏှာကညွတ်စေ၍ သင်္ခါရတို့က ပစ်ချကြောင်းစသည် .... .... .... .... | ၁၃၃ |
| ပွဲတင်သံစသည် ဥပမာ .... .... .... .... .... | ၁၃၅ |
| အရေးပါသောစေတနာနှင့် ဖြေရှင်းချက် .... .... .... | ၁၃၇ |
| မာတုလုင်္ဂသဒ္ဒါသည် ဋီကာအလိုအားဖြင့် ရှောက်ပန်းဖြစ်သင့်ကြောင်း (မှတ်ချက် ၂) .... .... .... .... | ၁၃၈ |
| ဝိညာဏ် ၃၂-ပါးလုံးဖြစ်ပုံကို ပေါင်း၍ ပြဆိုခြင်း.... .... .... | ၁၄၁ |
| ဝိညာဏပစ္စယာနာမရူပံ-ပုဒ်၌ အကျယ်ပြဆိုချက် .... .... | ၁၄၇ |
| သန္တတိသီသ .... .... .... .... .... .... | ၁၄၈ |
| ကမ္မဝိညာဏ်ပစ္စည်း (မှတ်ချက် ၃) .... .... .... | ၁၅၃ |
| ရုပ်တို့အား ကျေးဇူးပြုသောဥပနိဿယကို ပဋ္ဌာန်း၌မဟော၊ သုတ္တန်နည်း ပရိယာယ်မျှဖြစ်ကြောင်း (မှတ်ချက်) .... | ၁၅၆ |
| နာမရူပပစ္စယာ သဠာယတနံ-ပုဒ်၌ အကျယ်ပြဆိုချက် .... .... | ၁၅၈ |
| သဠာယတနပစ္စယာ ဖဿော-ပုဒ်၌ အကျယ်ပြဆိုချက် .... .... | ၁၆၄ |

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| တာဒိဂုဏ်(မှတ်ချက်) .... .... .... .... .... | ၁၆၆ |
| ဖဿပစ္စယာ ဝေဒနာ-ပုဒ်၌ အကျယ်ပြဆိုချက် .... .... .... | ၁၆၇ |
| ဝေဒနာပစ္စယာ တဏှာ-ပုဒ်၌ အကျယ်ပြဆိုချက်.... .... .... | ၁၇၀ |
| အကုသလဝိပါက် ဥပေက္ခာကို ဒုက္ခ၌၊ ကုသလဝိပါက်ဥပေက္ခာကို သုခ၌ သွင်းယူသင့်ကြောင်း (မှတ်ချက်) .... .... | ၁၇၂ |
| တဏှာပစ္စယာ ဥပါဒါန်-ပုဒ်၌ အကျယ်ပြဆိုချက် .... .... | ၁၇၃ |
| ကာမုပါဒါန် .... .... .... .... .... .... | ၁၇၃ |
| ဒိဋ္ဌုပါဒါန် .... .... .... .... .... .... | ၁၇၃ |
| သီလဗ္ဗတုပါဒါန် .... .... .... .... .... | ၁၇၄ |
| အတ္တဝါဒုပါဒါန်.... .... .... .... .... .... | ၁၇၄ |
| ဥပါဒါနပစ္စယာ ဘဝေါ-ပုဒ်၌ အကျယ်ပြဆိုချက်.... .... .... | ၁၇၉ |
| ကာမုပါဒါန်ကြောင့် အကုသိုလ်ကမ္မဘဝ စသည်ဖြစ်ပုံ .... | ၁၈၅ |
| ၎င်းကြောင့် ကုသိုလ်ကမ္မဘဝ စသည်ဖြစ်ပုံ.... .... .... | ၁၈၅ |
| ဒိဋ္ဌုပါဒါန်ကြောင့် ကမ္မဘဝ စသည်ဖြစ်ပုံ.... .... .... | ၁၈၇ |
| အတ္တဝါဒုပါဒါန်ကြောင့် ကမ္မဘဝ စသည်ဖြစ်ပုံ .... .... | ၁၈၇ |
| ဘဝပစ္စယာ ဇာတိ-စသည်၌ အကျယ်ပြဆိုချက်.... .... .... | ၁၈၉ |
| ဘဝစက်ကို ပြဆိုခြင်း .... .... .... .... .... | ၁၉၁ |
| နတ်တို့မှာ စုတေခါနီး၌ ထင်သောပုဗ္ဗနိမိတ်ငါးပါး (မှတ်ချက် ၁) .... .... .... .... .... | ၁၉၄ |
| မူလ ၂-ပါး .... .... .... .... .... .... .... | ၁၉၇ |
| ကာလ ၃-ပါး .... .... .... .... .... .... | ၁၉၉ |
| အစပ် ၃-ပါး .... .... .... .... .... .... | ၁၉၉ |
| အလွှာ ၄-ပါး .... .... .... .... .... .... | ၂၀၀ |
| အခြင်းအရာ ၂၀ .... .... .... .... .... .... | ၂၀၀ |
| အတိတ်အကြောင်းငါးပါး .... .... .... .... .... | ၂၀၀ |

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပစ္စုပ္ပန်အကျိုး ငါးပါး .... .... .... .... .... | ၂၀၂ |
| ပစ္စုပ္ပန်အကြောင်း ငါးပါး .... .... .... .... .... | ၂၀၃ |
| အနာဂတ်အကျိုး ငါးပါး .... .... .... .... .... | ၂၀၃ |
| ဝဋ် ၃-ပါး.... .... .... .... .... .... .... | ၂၀၄ |
| ဥပမာတို့ဖြင့် သိပုံ .... .... .... .... .... .... | ၂၀၇ |
| နက်နဲခြင်း (ဂမ္ဘီရတာ) ၄-ပါး .... .... .... .... | ၂၁၀ |
| အတ္ထဂမ္ဘီရတာ-အကျိုးအားဖြင့် နက်နဲခြင်း .... .... | ၂၁၀ |
| ဓမ္မဂမ္ဘီရတာ-အကြောင်းအားဖြင့်နက်နဲခြင်း .... .... | ၂၁၁ |
| ဒေသနာဂမ္ဘီရတာ-ဒေသနာအားဖြင့် နက်နဲခြင်း.... .... | ၂၁၂ |
| ပဋိဝေဓဂမ္ဘီရတာ-သိအပ်သောသဘောအားဖြင့်နက်နဲခြင်း.... | ၂၁၂ |
| ကေတ္တစသော နည်း ၄-ပါး.... .... .... .... .... | ၂၁၃ |
| ကေတ္တနည်း .... .... .... .... .... | ၂၁၄ |
| နာနတ္တနည်း .... .... .... .... .... | ၂၁၄ |
| အဗျာပါရနည်း .... .... .... .... .... | ၂၁၅ |
| ဧဝံဓမ္မတာနည်း .... .... .... .... .... | ၂၁၆ |
| နိယတိဝါဒ (မှတ်ချက်) .... .... .... .... | ၂၁၇ |
| **၁၈-ဒိဋ္ဌိဝိသုဒ္ဓိကို အကျယ်ပြဆိုချက်** .... .... .... ၂၂၀-မှ | ၂၅၁ |
| သီလဝိသုဒ္ဓိ .... .... .... .... .... | ၂၂၀ |
| စိတ္တဝိသုဒ္ဓိ .... .... .... .... .... | ၂၂၀ |
| (၁) နာမ်မှစ၍ရှုနည်း .... .... .... .... .... | ၂၂၁ |
| သမထယာနိကပုဂ္ဂိုလ် .... .... .... .... | ၂၂၁ |
| (၂) ဓာတ်လေးပါးမှစ၍ ရှုနည်း .... .... .... .... | ၂၂၃ |
| သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ် .... .... .... .... | ၂၂၃ |
| ဓာတ် ၄-ပါး ထင်ပေါ်လျှင် ယင်းတို့နှင့်စပ်ဆိုင်သော ရုပ်အပေါင်းလည်းထင်ရှားကြောင်း .... | ၂၂၄-၆ |

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တကိုယ်လုံး၌ ကလာပ်ပေါင်းနှင့် ရုပ်ပေါင်း(မှတ်ချက်များ) | ၂၂၆-၇ |
| (၃) ဓာတ် ၁၈-ပါး အလိုအားဖြင့် ရှုနည်း .... .... .... | ၂၂၈ |
| (၄) အာယတန ၁၂-ပါးအလိုအားဖြင့် ရှုနည်း .... .... | ၂၃၀ |
| (၅) ခန္ဓာအလိုအားဖြင့် ရှုနည်း .... .... .... .... | ၂၃၀ |
| (၆) နာမ်ရုပ်အလိုအားဖြင့် ရှုနည်း .... .... .... | ၂၃၂ |
| နာမ်တရားထင်ရှားအောင်ရှုနည်း .... .... .... .... | ၂၃၃ |
| နာမ်တရားထင်ပေါ်ပုံအခြင်းအရာကို ပြဆိုချက် .... .... | ၂၃၅ |
| များစွာသောသုတ္တန်တို့နှင့်နှိုးနှောချက် .... .... .... | ၂၄၀ |
| နာမ်ရုပ်ကိုဥပမာတို့ဖြင့်ပြခြင်း .... .... .... .... | ၂၄၁ |
| အမြင်မှန်ကိုပယ်လျှင် သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိ တပါးပါး၌ ကျရောက်ကြောင်း .... .... .... .... | ၂၄၃ |
| အချို့ကကျော်လွန်,အချို့ကတွန့်ဆုတ်၍ အချို့သာ အမှန်မြင်နိုင်ကြောင်း .... | ၂၄၄ |
| သစ်သားစက်ရုပ်ဥပမာ .... .... .... .... | ၂၄၅ |
| ကျူစည်း ဥပမာ .... .... .... .... .... | ၂၄၆ |
| စည်သံဥပမာ .... .... .... .... .... | ၂၄၇ |
| နာမ်သက်သက် ရုပ်သက်သက်မှာ တန်ခိုးအစွမ်းမရှိ၊ သူကန်းသူဆွံ့ တို့နှင့်တူကြောင်း .... .... .... | ၂၄၈ |
| လူနှင့်လှေဥပမာ .... .... .... .... .... | ၂၅၀ |
| **၁၉-ကင်္ခါဝိတရဏဝိသုဒ္ဓိကို အကျယ်ပြဆိုချက် .... ....** | **၂၅၂-မှ ၂၇၅** |
| အကြောင်းသိမ်းဆည်းပုံ ပြဆိုချက် .... .... .... .... | ၂၅၂ |
| ကင်္ခါဝိတရဏဝိသုဒ္ဓိ .... .... .... .... .... | ၂၅၂ |
| ၁-အကြောင်းသိမ်းဆည်းပုံ ပဌမနည်း .... .... .... .... | ၂၅၄ |
| ရုပ်ကိုယ်၏အကြောင်း .... .... .... .... | ၂၅၅ |
| နာမ်၏အကြောင်း .... .... .... .... .... | ၂၅၅ |

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ယုံမှား ၁၆-ပါးကို ပယ်ခြင်း .... .... .... .... .... | ၂၅၆ |
| ၂-အကြောင်းသိမ်းဆည်းပုံ ဒုတိယနည်း .... .... .... | ၂၅၇ |
| ၃-အကြောင်းသိမ်းဆည်းပုံ တတိယနည်း .... .... .... | ၂၆၀ |
| ၄-အကြောင်းသိမ်းဆည်းပုံ စတုတ္ထနည်း .... .... .... | ၂၆၀ |
| ၅-အကြောင်းသိမ်းဆည်းပုံ ပဥ္စမနည်း .... .... .... .... | ၂၆၀ |
| ကံအပြားကိုပြဆိုချက် .... .... .... .... .... | ၂၆၁ |
| ဒိဋ္ဌဓမ္မဝေဒနီယကံ .... .... .... .... | ၂၆၂ |
| အဟောသိကံ .... .... .... .... .... | ၂၆၂ |
| ဥပပဇ္ဇဝေဒနီယကံ .... .... .... .... | ၂၆၂ |
| အပရာပရိယဝေဒနီယကံ .... .... .... .... | ၂၆၂ |
| ဂရုကံ .... .... .... .... .... .... | ၂၆၃ |
| ဗဟုလကံ .... .... .... .... .... .... | ၂၆၃ |
| အာသန္နကံ .... .... .... .... .... | ၂၆၃ |
| ကဋတ္တာကံ .... .... .... .... .... | ၂၆၃ |
| ဇနကကံ .... .... .... .... .... .... | ၂၆၄ |
| ဥပတ္ထမ္ဘကကံ .... .... .... .... .... | ၂၆၄ |
| ဥပပီဠကကံ .... .... .... .... .... | ၂၆၄ |
| ဥပဃာတကကံ .... .... .... .... .... | ၂၆၄ |
| ကံနှင့် ဝိပါက်မျှသာ တွေ့မြင်ပုံ .... .... .... .... | ၂၆၅ |
| ဘဝသုံးပါး, ဂတိငါးပါး, ဝိညာဏဋ္ဌိတိ ခုနစ်ပါးစသည် (မှတ်ချက် ၂) .... .... .... .... | ၂၆၆ |
| တရားအလုံးစုံကို ထင်ရှားသိခြင်း .... .... .... | ၂၆၉ |
| ဘဝနှစ်ရပ် စပ်ပုံ ဥပမာပြချက် .... .... .... .... | ၂၇၀ |
| ဓမ္မဋ္ဌိတိဉာဏ် စသည် မည်ကြောင်း .... .... .... | ၂၇၃ |

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မမ္မဋ္ဌိတိ ယထာဘူတ သမ္မာဒဿန-ဟူသော ဤဉာဏ် ၃-ပါးသည် အရတူ၍ ကင်္ခါဝိတရဏဝိသုဒ္ဓိ၏ အမည်ချည်းဖြစ်ကြောင်း | ၂၇၃ |
| စူဠသောတာပန် မည်ကြောင်း .... .... .... .... | ၂၇၄ |
| **၂၀-မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို အကျယ်ပြဆိုချက် ....** | **၂၇၆-မှ ၃၅၉** |
| သမ္မသနဉာဏ်ကို ပြဆိုချက် .... .... .... .... | ၂၇၆ |
| ကလာပသမ္မသနနှင့် နယဝိပဿနာ .... .... .... | ၂၇၆ |
| ဉာတပရိညာ .... .... .... .... .... | ၂၇၉ |
| တီရဏပရိညာ .... .... .... .... .... | ၂၇၉ |
| ပဟာနပရိညာ .... .... .... .... .... | ၂၈၀ |
| ပရိညာသုံးပါး၏ နယ်ပယ်ကို အသီးအသီး ပိုင်းခြားပြခြင်း | ၂၈၀-၁ |
| သမ္မသနဉာဏ် ပြသော ပဋိသမ္ဘိဒါမဂ်ပါဠိ(၏ မြန်မာပြန်) | ၂၈၂ |
| စက္ခုနှင့် ဇရာမရဏ အကြား၌ မြှုပ်ထားသော ပေယျာလကို ဖော်နိုင်ရန် ညွှန်ပြချက် .... .... .... | ၂၈၄ |
| လွယ်ကူစွာ ရှုနိုင်သောတရားတို့ကို သုံးသပ်အပ်-ရှုအပ်ကြောင်း | ၂၈၇ |
| အတိတ် ရုပ် စသည်ကို မမြဲဟု ရှုပုံ ၁၁-ပါး .... .... | ၂၈၈ |
| သာမီ အတ္တ-စသည်ဖြင့် တိတ္ထိတို့ ကြံဆအပ်သော အနှစ်သာရ ကင်းသောကြောင့် အနတ္တ မည်ကြောင်း .... .... | ၂၈၉ |
| အခြင်းအရာ ၄၀-တို့ဖြင့် ရှုပုံ .... .... .... .... | ၂၉၀ |
| ဣန္ဒြေထက်ကြောင်း ၉-ပါး .... .... .... .... | ၂၉၆ |
| ရုပ်၏ ဖြစ်ခြင်းကို ရှုပုံ အခြင်းအရာ .... .... .... | ၂၉၇ |
| အသပ္ပါယ ၇-ပါးနှင့် သပ္ပါယ ၇-ပါး (မှတ်ချက် ၁) .... | ၂၉၇ |
| ကမ္မသမုဋ္ဌာန်, ကမ္မပစ္စယ စသည်တို့ကို ခွဲပြခြင်း .... | ၃၀၀ |
| စိတ်(တခုယုတ် ကိုးဆယ်) ၈၉-ပါးကို အကျဉ်းချုပ် ရေတွက်ပြခြင်း (မှတ်ချက်) .... .... .... | ၃၀၁ |

http://www.dhammadownload.com



အကြောင်းအရာ စာမျက်နှာ

ရုပ်, ဣရိယာပုထ်, ဝိညတ်ကို ဖြစ်တတ်သောစိတ်၊ မဖြစ်စေတတ်
သောစိတ်တို့ကို ပိုင်းခြားပြခြင်း .... .... .... ၃၀၃
စိတ္တသမုဋ္ဌာန်, စိတ္တပစ္စယ စသည်တို့ကို ခွဲပြခြင်း .... ၃၀၄
အာဟာရ, အာဟာရသမုဋ္ဌာန်စသည်တို့ကို ခွဲပြခြင်း .... ၃၀၅
ဥတု, ဥတုသမုဋ္ဌာန် စသည်တို့ကို ခွဲပြခြင်း .... .... ၃၀၆
နာမ်၏ ဖြစ်ခြင်းကို ရှုပုံအခြင်းအရာ .... .... .... ၃၀၇
ရူပသတ္တကသမ္မသနကထာ-ရုပ်ကို သုံးသပ်ပုံ ၇-မျိုးကို ပြဆိုချက် ၃၁၃
အာဒါန-နိက္ခေပန အားဖြင့် သုံးသပ်ပုံ (၁) .... .... ၃၁၄
ဝယောဝုဍ္ဎတ္ထင်္ဂမ-အရွယ်ရင့်ချုပ်အားဖြင့် သုံးသပ်ပုံ(၂) .... ၃၁၅
အနှစ်တရာကို သုံးပိုင်း ပိုင်း၍ သုံးသပ်ပုံ .... .... ၃၁၅
မန္ဒဒသက စသည် ဆယ်ပိုင်းပိုင်း၍ သုံးသပ်ပုံ .... .... ၃၁၆
တနှစ်ကို ဥတု ၃-ပါး၊ ရတု ၆-ပါးတို့ဖြင့် ပိုင်း၍ သုံးသပ်ပုံ.... ၃၁၈
လဆန်း လဆုတ် ညဥ့် နေ့ နံနက်ပိုင်း စသည်ဖြင့်
ပိုင်း၍ သုံးသပ်ပုံ .... .... .... .... .... ၃၁၉
သွားခြင်း ပြန်ခြင်း စသည်ဖြင့် ပိုင်း၍ သုံးသပ်ပုံ .... .... ၃၁၉
ခြေတလှမ်းကို ကြွခြင်း ဆောင်ခြင်း စသည်
၆-ပိုင်း သုံးသပ်ပုံ .... .... .... .... .... ၃၂၀
ခြေတလှမ်း၌ ၆-ပိုင်း ပိုင်း၍ သုံးသပ်နိုင်လျှင် ရုပ်သုံးသပ်မှု
သိမ်မွေ့ပြီဖြစ်ကြောင်း ဥပမာတို့ဖြင့် ပြခြင်း .... .... ၃၂၁
အာဟာရမယရုပ်အားဖြင့် သုံးသပ်ပုံ (၃) .... .... ၃၂၃
ဥတုမယရုပ်အားဖြင့် သုံးသပ်ပုံ (၄) .... .... .... ၃၂၄
ကမ္မဇရုပ်အားဖြင့် သုံးသပ်ပုံ (၅) .... .... .... ၃၂၄
စိတ္တသမုဋ္ဌာန် ရုပ်အားဖြင့် သုံးသပ်ပုံ (၆) .... .... ၃၂၅
ဓမ္မတာရုပ်အားဖြင့် သုံးသပ်ပုံ (၇) .... .... .... ၃၂၈
နာမ်သုံးသပ်ပုံ ၇-မျိုးကို ပြဆိုချက် .... .... .... .... ၃၂၉

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကလာပအားဖြင့် သုံးသပ်ပုံ (၁) .... .... .... | ၃၂၉ |
| ယမကအားဖြင့် သုံးသပ်ပုံ (၂) .... .... .... | ၃၃၀ |
| ခဏိကအားဖြင့် သုံးသပ်ပုံ (၃) .... .... .... | ၃၃၁ |
| ပဋိပါဋိအားဖြင့် သုံးသပ်ပုံ (၄) .... .... .... | ၃၃၁ |
| ဒိဋ္ဌိဥဂ္ဃါဋနစသည် အားဖြင့် သုံးသပ်ပုံ (၅-၆-၇) .... | ၃၃၂ |
| မဟာဝိပဿနာတစိတ်တဒေသ ရပုံကို ပြဆိုချက် .... .... | ၃၃၄ |
| မဟာဝိပဿနာ ၁၈-ပါး သရုပ် .... .... .... | ၃၃၅ |
| ဥဒယဗ္ဗယဉာဏ်ကို ပြဆိုချက် .... .... .... .... | ၃၃၇ |
| ခန္ဓာငါးပါး၌ အဖြစ်အပျက် လက္ခဏာ ငါးဆယ်ကို ဝေဘန်ပြခြင်း .... .... .... .... .... | ၃၄၀ |
| အဖြစ်အပျက်ကို ရှုမြင်သော ယောဂီအား သစ္စာ ၄-ပါး ထင်ရှားပုံ .... .... .... .... .... | ၃၄၃ |
| ယင်းယောဂီအား ပဋိစ္စသမုပ္ပါဒ် ထင်ရှားပုံ .... .... | ၃၄၄ |
| ယင်းယောဂီအားပင် နည်း ၄-ပါး ထင်ရှားပုံ .... .... | ၃၄၄ |
| အနတ္တလက္ခဏာ စသည် ထင်ရှားပုံ .... .... .... | ၃၄၆ |
| နုသော ဝိပဿနာဉာဏ်ကိုရ၍ အာရဒ္ဓဝိပဿကပုဂ္ဂိုလ် မည်ကြောင်း .... .... .... .... .... | ၃၄၇ |
| ဝိပဿနာညစ်ညူးကြောင်း ဥပက္ကိလေသတို့ကို ပြဆိုချက် .... | ၃၄၇ |
| ဩဘာသ-အရောင်အလင်း (၁) .... .... .... | ၃၄၉ |
| ဓမ္မဒိန္နမထေရ်နှင့် မဟာနာဂမထေရ်အကြောင်း .... | ၃၅၁ |
| ဉာဏ်ဥပက္ကိလေသ (၂) .... .... .... .... | ၃၅၂ |
| ပီတိ (၃) ပဿဒ္ဓိ (၄) .... .... .... .... | ၃၅၃ |
| သုခ(၅) အဓိမောက္ခ(၆) ပဂ္ဂဟ(၇) ဥပဋ္ဌာန(၈) .... | ၃၅၄ |
| ဥပေက္ခာ(၉) နိကန္တိ(၁၀) .... .... .... | ၃၅၅ |
| ဂါဟ ၃၀-ဖြစ်ကြောင်း .... .... .... .... | ၃၅၆ |

http://www.dhammadownload.com




အကြောင်းအရာ — စာမျက်နှာ

မဂ်မှန် မဂ်မှား ပိုင်းခြားခြင်းကို ပြဆိုချက် .... .... .... ၃၅၇

**၂၁-ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို အကျယ်ပြဆိုချက် ၃၆၀-မှ ၄၃၆**

ဥပက္ကိလေသမှလွတ်သော ဥဒယဗ္ဗယဉာဏ်ကို ပြဆိုချက် .... ၃၆၀

အနိစ္စလက္ခဏာကို သန္တတိပညတ်က ဖုံးလွှမ်းကြောင်း စသည် ၃၆၀

အနိစ္စနှင့် အနိစ္စလက္ခဏာ စသည် .... .... .... ၃၆၁

ဘင်္ဂါနုပဿနာဉာဏ်ကို ပြဆိုချက် .... .... .... .... ၃၆၂

ရှုသိမှုဉာဏ်သည် ထက်မြက်သည်ဖြစ်၍ ဆောင်သွား၏-
အစရှိသော စကားရပ်ဖြင့် ဥဒယဗ္ဗယဉာဏ်မှ
ဘင်ဉာဏ်သို့ ပြောင်းပုံကို ပြခြင်း .... .... ၃၆၂

ဘင်ဉာဏ်သည် အာရုံ၏အပျက်ကို သိပြီးလျှင် ထိုသိသော
စိတ်၏ အပျက်ကိုလည်း တဖန်သိကြောင်း .... .... ၃၆၅

ဘင်ဉာဏ်၌ ရသော အကျိုးအာနိသင် ဂုဏ်ရှစ်ပါး .... ၃၇၀

ဘယတုပဋ္ဌာနဉာဏ်ကို ပြဆိုချက် .... .... .... .... ၃၇၂

အာဒီနဝါနုပဿနာဉာဏ်ကို ပြဆိုချက် .... .... .... ၃၇၆

နိဗ္ဗိဒါနုပဿနာဉာဏ်ကို ပြဆိုချက် .... .... .... .... ၃၀၄

မုဉ္စိတုကမျတာဉာဏ်ကို ပြဆိုချက် .... .... .... .... ၃၀၆

ပဋိသင်္ခါနုပဿနာဉာဏ်ကို ပြဆိုချက် .... .... .... ၃၀၇

မမြဲဟု ရှုပုံ အခြင်းအရာ ၁၂-ပါး .... .... .... ၃၀၇

ဆင်းရဲဟု ရှုပုံ အခြင်းအရာ ၂၇-ပါး .... .... .... ၃၀၀

မတင့်တယ်ဟု ရှုပုံ အခြင်းအရာ ၇-ပါး .... .... .... ၃၀၀

အတ္တမဟုတ်-အတ္တမရှိဟုရှုပုံ အခြင်းအရာ ၇-ပါး.... .... ၃၀၉

ငါးဖမ်းသူ မြွေကို ဆုပ်ကိုင်မိပုံ ဥပမာ .... .... .... ၃၀၉

သင်္ခါရုပေက္ခာဉာဏ်ကို ပြဆိုချက် .... .... .... .... ၃၉၂

အတ္တ အတ္တနိယ ၂-ပါးစုံမှ ဆိတ်သုဉ်းသည်ဟု ရှုမြင်ပုံ .... .... ၃၉၂

အဖို့လေးပါးအားဖြင့် ဆိတ်သုဉ်းခြင်းကို ရှုပုံ .... .... ၃၉၃

http://www.dhammadownload.com



အကြောင်းအရာ စာမျက်နှာ


ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို ရှုပုံ ၃၉၅
ရှစ်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို ရှုပုံ.... ၃၉၅
ဆယ်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကိုရှုပုံ .... ၃၉၆
တဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို ရှုပုံ ၃၉၇
လေးဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို
ရှုပုံ .... .... .... .... .... .... ၃၉၀
ဒိသာကာကခေါ် အရပ်မျက်နှာ ထောက်လှမ်းရေး ကျီးဥပမာ ၄၀၁
အနိမိတ္တဝိမောက္ခ စသည်တို့ကို ပြခြင်း .... .... .... ၄၀၅
အရိယာပုဂ္ဂိုလ် ခုနစ်မျိုး .... .... .... .... ၄၀၇
သဒ္ဓါနုသာရီနှင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် .... .... .... ၄၀၀
ကာယသက္ခိနှင့် ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ် .... .... ၄၀၀
ဓမ္မာနုသာရီ, ဒိဋ္ဌိပ္ပတ္တနှင့် ပညာဝိမုတ္တပုဂ္ဂိုလ် .... .... ၄၀၀
ဝုဋ္ဌာနဂါမိနီဝိပဿနာအကြောင်း .... .... .... ၄၁၁
အဇ္ဈတ္တ၌ ရှုစပြု၍ အဇ္ဈတ္တမှ ထသော ပုဂ္ဂိုလ်စသည်ကို
ဝေဘန်ပြခြင်း .... .... .... .... .... ၄၁၂
လင်းနို့ဥပမာ စသည်ဖြင့် ပြခြင်း .... .... .... ၄၁၆
ဝိပဿနာနိယမဖြင့် မဂ်၌ ပဋ္ဌမစျာန်စသည် ယှဉ်ပုံကို ပြခြင်း ၄၂၂
ပကိဏ္ဏကသင်္ခါရအကြောင်း (မှတ်ချက် ၃) .... .... ၄၂၂
ဒုက္ခပဋိပဒါ စသည်အကြောင်း စာကိုယ်နှင့် (မှတ်ချက် ၂) ၄၂၄
အနုလောမဉာဏ်ကို ပြဆိုချက် .... .... .... .... ၄၂၉
ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ကို ပြဆိုချက် .... .... .... ၄၃၃
**၂၂-ဉာဏဒဿနဝိသုဒ္ဓိကို အကျယ်ပြချက် .... .... ၄၃၇ မှ ၅၀၀**
ပဌမမဂ်ဉာဏ်ကို ပြဆိုချက် .... .... .... .... .... ၄၃၇
ရေမြောင်းခုန်ပုံဖြင့် မဂ်ဝီထိဖြစ်ပုံကို ပြခြင်း .... .... ၄၃၉
သောတာပတ္တိမဂ်၏ အကျိုးအာနိသင်များကို ပြခြင်း .... ၄၄၂

http://www.dhammadownload.com



အကြောင်းအရာ — စာမျက်နှာ

ဘေး ၂၅-ပါး သရုပ် (မှတ်ချက် ၃) .... .... .... ၄၄၃
သောတာပန်ပုဂ္ဂိုလ်ကို ပြဆိုချက် .... .... .... .... ၄၄၄
ဒုတိယမဂ်ဉာဏ်ကို ပြဆိုချက် .... .... .... .... ၄၄၃
သကဒါဂါမ် ပုဂ္ဂိုလ်ကို ပြဆိုချက် .... .... .... .... ၄၄၃
တတိယမဂ်ဉာဏ်ကို ပြဆိုချက် .... .... .... .... ၄၄၇
အနာဂါမ်ပုဂ္ဂိုလ်ကို ပြဆိုချက် .... .... .... .... ၄၄၇
စတုတ္ထမဂ်ဉာဏ်ကို ပြဆိုချက် .... .... .... .... ၄၄၉
ရဟန္တာပုဂ္ဂိုလ်ကို ပြဆိုချက် .... .... .... .... ၄၄၉
ဗောဓိပက္ခိယတရားကို ပြဆိုချက် .... .... .... .... ၄၅၀
သတိပဋ္ဌာန် ၄-ပါး .... .... .... .... .... ၄၅၁
သမ္မပ္ပဓာန် ၄-ပါး .... .... .... .... .... ၄၅၂
ဣဒ္ဓိပါဒ် ၄-ပါး .... .... .... .... .... ၄၅၃
ဣန္ဒြေငါးပါး-ဗိုလ်ငါးပါး .... .... .... .... ၄၅၃
ဗောဇ္ဈင် ၇-ပါး မဂ္ဂင် ရှစ်ပါး .... .... .... .... ၄၅၃
ဝိပဿနာခဏ၌ ရသင့်သော သတိပဋ္ဌာန် စသည်တို့ကိုပြခြင်း ၄၅၄
မဂ်ခဏ ဖိုလ်ခဏတို့၌ ရသင့်သည်တို့ကို ပြခြင်း .... .... ၄၅၅
တမည်ရ နှစ်မည်ရ လေး ငါး ရှစ်မည်ရ ကိုးမည်ရ
တရားတို့ကို ပြခြင်း .... .... .... .... ၄၅၅
ထခြင်း, ခွန်အားနှင့် ယှဉ်ခြင်းတို့ကို ပြဆိုချက် .... .... ၄၅၆
ဝိပဿနာသည် နှစ်ဖက်လုံးမှမထ၊ ဂေါတြဘူသည်
တဖက်မှ ထကြောင်း .... .... .... .... ၄၅၆
အရိယာမဂ်သည် နှစ်ဖက်လုံးမှ ထ၍ ဥဘတော ဝုဋ္ဌာန
မည်ကြောင်း .... .... .... .... .... ၄၅၇
အရိယာမဂ်ခဏ၌ သမထဝိပဿနာခွန်အား
၂-ပါးလုံးနှင့် ယှဉ်ပုံ .... .... .... .... ၄၅၉

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပယ်အပ်သော တရားကို ပြဆိုချက်.... .... .... .... | ၄၆၀ |
| သံယောဇဉ် ၁၀-ပါး .... .... .... .... .... | ၄၆၁ |
| ကိလေသာ ၁၀-ပါး၊ မိစ္ဆတ္တ ၁၀-ပါး .... .... .... | ၄၆၂ |
| လောကဓမ် ရှစ်ပါး၊ မစ္ဆရိယ ငါးပါး .... .... .... | ၄၆၃ |
| ဝိပလ္လာသ၊ဂန္ထ၊အဂတိ .... .... .... .... | ၄၆၄ |
| အာသဝ၊ ဩဃ၊ ယောဂ၊ နီဝရဏ .... .... .... | ၄၆၅ |
| ပရာမာသ၊ ဥပါဒါန်၊ အနုသယ၊ မလ .... .... .... | ၄၆၆ |
| အကုသိုလ်ကမ္မပထတရား ၁၀-ပါး .... .... .... | ၄၆၆ |
| အကုသိုလ်စိတ္တုပ္ပါဒ် ၁၂-ပါး .... .... .... .... | ၄၆၇ |
| သံယောဇဉ်တို့ကို မဂ် ၄-ပါးက ထိုက်သည်အားလျော်စွာ ပယ်ပုံ | ၄၆၇ |
| ကိလေသာတို့ကို ပယ်ပုံ .... .... .... .... | ၄၆၈ |
| မိစ္ဆတ္တ-လောကဓမ်-စသည်တို့ကို ပယ်ပုံ .... .... | ၄၆၉ |
| ပယ်အပ်သောအကုသိုလ်တို့ကို အတိတ် အနာဂတ် စသည်ဖြင့် စိစစ်ပြခြင်း .... .... .... .... .... | ၄၇၂ |
| ဘူမိလဒ္ဓမည်သော ကိလေသာတို့ကို ပယ်ကြောင်း .... | ၄၇၆ |
| ဥပ္ပန္နလေးပါးဖြင့် ဝေဘန်ပြခြင်း .... .... .... | ၄၇၆ |
| ဘူမိနှင့် ဘူမိလဒ္ဓကိလေသာကို ခွဲခြား၍ ပြခြင်း .... | ၄၇၇ |
| တနည်း ဥပ္ပန္နလေးပါး .... .... .... .... | ၄၈၀ |
| ပရိညာ စသော ကိစ္စကို ပြဆိုချက် .... .... .... .... | ၄၈၃ |
| သစ္စာအနက် ၁၆-ချက်ခေါ် အခြင်းအရာ သဘောမှန်တို့ကို ပြခြင်း .... .... .... .... .... .... | ၄၈၆ |
| ပရိညာစသော အပြားကို ပြဆိုချက် .... .... .... | ၄၉၀ |
| ဉာတပရိညာနှင့် ယင်း၏ ဖြစ်ရာ နယ်ပယ်ကို ပြခြင်း .... | ၄၉၀ |
| တီရဏပရိညာ ပဟာနပရိညာနှင့် ယင်းတို့၏ နယ်ပယ်ကို ပြခြင်း .... .... .... .... .... .... | ၄၉၁ |

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပဟာန်သုံးပါးကို ပြဆိုခြင်း .... .... .... .... | ၄၉၂ |
| ဝိက္ခမ္ဘနပဟာန်နှင့် တဒင်္ဂပဟာန် .... .... .... | ၄၉၂ |
| ခယာနုပဿနာနှင့် ဝယာနုပဿနာတို့ကို ပြဆိုခြင်း .... | ၄၉၄ |
| ဝိပရိဏာမာနုပဿနာ၊ အနိမိတ္တ-အပ္ပဏိဟိတ-သုညတာနုပဿနာ အဓိပညာဓမ္မဝိပဿနာတို့ကို ပြဆိုခြင်း .... | ၄၉၅ |
| ယထာဘူတဉာဏ်အမြင်၊အာဒီနဝါနုပဿနာ၊ ပဋိသင်္ခါနုပဿနာ ဝိဝဋ္ဋာနုပဿနာကို ပြဆိုခြင်း .... .... | ၄၉၆-၇ |
| သမုစ္ဆေဒပဟာန်ကို ပြဆိုခြင်း .... .... .... .... | ၄၉၇ |
| မျက်မှောက်ပြုခြင်း .... .... .... .... .... | ၄၉၆-၇ |
| ပွါးစေခြင်းဘာဝနာ .... .... .... .... .... | ၄၉၉ |
| **၂၃-ပညာဘာဝနာနိသံသကို အကျယ်ပြဆိုချက် ....** | **၅၀၀-မှ ၅၃၆** |
| အာနိသင်ကို ပြဆိုချက် .... .... .... .... .... | ၅၀၀ |
| အမျိုးမျိုးသော ကိလေသာကို ဖျက်ဆီးခြင်းကို ပြဆိုချက် .... | ၅၀၀ |
| ဖလသမာပတ်ကို ပြဆိုချက် .... .... .... .... | ၅၀၁ |
| ဖလသမာပတ်ကို ဝင်စားနိုင်-မဝင်စားနိုင်သော ပုဂ္ဂိုလ်များ | ၅၀၄ |
| ဖလသမာပတ်ဝင်စားရာ၌ ရည်ရွယ်ချက် .... .... | ၅၀၆ |
| ဖလသမာပတ် ဝင်စားပုံ စသည် .... .... .... | ၅၀၆ |
| ဖိုလ်၏အခြားမဲ့၌ ဖြစ်သော တရား .... .... .... | ၅၀၉ |
| နိရောဓသမာပတ်ကို ပြဆိုချက် .... .... .... .... | ၅၁၁ |
| နိရောဓသမာပတ်ကို ဝင်စားနိုင်-မဝင်စားနိုင်သောပုဂ္ဂိုလ်များ | ၅၁၂ |
| သမထအားကို ပြခြင်း .... .... .... .... | ၅၁၃ |
| ဝိပဿနာအားကိုပြခြင်း .... .... .... .... | ၅၁၄ |
| သုံးမျိုးသော သင်္ခါရတို့၏ ငြိမ်းခြင်း .... .... .... | ၅၁၄ |
| တဆယ့်ခြောက်မျိုးသော ဉာဏ်ဖြစ်ခြင်း .... .... | ၅၁၅ |
| ကိုးမျိုးသော သမာဓိတို့ ဖြစ်ခြင်း .... .... .... | ၅၁၆ |

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| လေ့လာနိုင်နင်းခြင်း ဝသီငါးပါး .... .... .... | ၅၁၆ |
| နိရောဓသမာပတ် ဝင်စားနိုင်ရာဘုံ .... .... .... | ၅၁၈ |
| ယင်းကို ဝင်စားရာ၌ ရည်ရွယ်ချက် .... .... .... | ၅၁၉ |
| ယင်းသမာပတ်ကို ဝင်စားပုံ ဝင်စားနည်း .... .... | ၅၁၉ |
| ယင်းသမာပတ် တည်ပုံ ယင်းမှ ထပုံ ထပြီးလျှင် စိတ်ညွတ်ပုံ | ၅၂၇ |
| သေသူနှင့် ယင်းသမာပတ်ဝင်စားသူ အထူး .... .... | ၅၂၈ |
| အာဟုနေယျပုဂ္ဂိုလ်အဖြစ် စသည် ပြီးစီးခြင်းကို ပြဆိုချက် .... | ၅၂၉ |
| သတ္တက္ခတ္တုပရမသောတာပန် .... .... .... | ၅၃၀ |
| ကောလံကောလသောတာပန်, ဧကဗီဇီသောတာပန် .... | ၅၃၁ |
| သကဒါဂါမ် .... .... .... .... .... .... | ၅၃၁ |
| အနာဂါမ် .... .... .... .... .... .... | ၅၃၂ |
| အန္တရာပရိနိဗ္ဗာယီ, ဥပဟစ္စပရိနိဗ္ဗာယီ .... .... .... | ၅၃၂ |
| အသင်္ခါရပရိနိဗ္ဗာယီ, သသင်္ခါရပရိနိဗ္ဗာယီ .... .... | ၅၃၃ |
| ဥဒ္ဓံသောတအကနိဋ္ဌဂါမီ .... .... .... .... | ၅၃၄ |
| သဒ္ဓါဝိမုတ္တရဟန္တာ, ပညာဝိမုတ္တရဟန္တာ .... .... | ၅၃၄ |
| ဥဘတောဘာဂဝိမုတ္တရဟန္တာ, တေဝိဇ္ဇရဟန္တာ .... | ၅၃၄ |
| ဆဠဘိညရဟန္တာ, ပဋိသမ္ဘိဒါပတ္တရဟန္တာ .... .... | ၅၃၅ |
| အနာဂါမ် ၄၈-ပါး၊ သောတာပန် ၂၄-ပါး၊ သကဒါဂါမ် ၁၂-ပါး ရေတွက်ပုံ (မှတ်ချက် ၂) .... .... .... | ၅၃၃ |
| အရိယာပုဂ္ဂိုလ် ၁၄၆-ပါး ရေတွက်ပုံ (မှတ်ချက် ၃) .... | ၅၃၅ |
| နိဂုံးကို ပြဆိုချက် .... .... .... .... .... | ၅၃၇ |
| မြန်မာပြန်၏သီးခြားနိဂုံး .... .... .... .... | ၅၄၄ |
| မှတ်သားဖွယ် အက္ခရာစဉ်အညွှန်း .... .... .... .... | ၅၄၅ |


ဝိသုဒ္ဓိမဂ်-မြန်မာပြန် စတုတ္ထတွဲ မာတိကာ ပြီး၏။

http://www.dhammadownload.com



# ဝိသုဒ္ဓိမဂ် မြန်မာပြန်

## စတုတ္ထတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၇-ပညာဘူမိနိဒ္ဒေသ—ပညာ၏ဖြစ်ရာဘုံ (အာရုံ) ကိုပြဆိုချက်

### ပဋိစ္စသမုပ္ပါဒ်ကိုပြဆိုခြင်း

[၁၄၈]+ ၅၇၀×။ ယခုအခါ၌[၁] "ခန္ဓာ အာယတန ဓာတ် ဣန္ဒြေ သစ္စာ ပဋိစ္စသမုပ္ပါဒ် စသည် အပြားရှိကုန်သော တရားတို့သည် (ဤ ဝိပဿနာ ပညာ၏)[၂] ဖြစ်ရာဘုံ(အာရုံ)[၂] ဖြစ်ကုန်၏"ဟူ၍ ဆိုအပ်ခဲ့ကုန်ပြီးသော ဤ(ဝိပဿနာ)[၂] ပညာ၏ ဖြစ်ရာဘုံ(အာရုံ)ဖြစ်ကုန်သော တရားတို့တွင် ပဋိစ္စသမုပ္ပါဒ်တရားသည်၎င်း၊ (ပဋိစ္စသမုပ္ပါဒ် စသည်-ဟူသော စကားထဲ၌ ပါဝင်သော)[၂] "စသည်"ဟူသော စကားဖြင့် ပေါင်းယူအပ်ကုန်သော ပဋိစ္စ-သမုပ္ပန် တရားတို့သည်၎င်း (ဖွင့်ပြရန်)[၂] ကြွင်းကျန်ကြသေး၏။ ထို့ကြောင့် ထို(ကြွင်းကျန်သေးသော ၂-ပါးသော)[၂] တရားတို့ကို ဖွင့်ပြရန် အစဉ်[၃] ရောက်လတ်ပေပြီ။

---

**မှတ်ချက်**

+ ဤသို့သော ထောင့်ကွင်းဂဏန်းဖြင့် ဝိသုဒ္ဓိမဂ် ဒုတိယတွဲ၌ ရောက်ရာ စာမျက်နှာကို ပြသည်။

× ဤသို့သော ကွင်းမဲ့ဂဏန်းဖြင့် ဝိသုဒ္ဓိမဂ်၌ စာပိုဒ်နံပါတ်ကို ပြသည်။

၁-ယခုအခါ၌....ကြွင်းကျန်ကြသေး၏၊ ....အစဉ် ရောက်လတ်ပေပြီ-ဟု စပ်ပါ။

၂-ဤကဲ့သို့ လက်သည်းကွင်းဖြင့် ပြထားသော စကားများသည် ဖြည့်စွက်ချက်, သို့မဟုတ် ဖွင့်ပြချက်, လိုက်ပုဒ်၏အနက်, သို့မဟုတ် တနည်းအနက်ပြန်ချက် များ ဖြစ်သည်။

၃-ဝဏ္ဏနာက္ကမော-ပုဒ်၌ ဖွင့်ပြခြင်း၏ အစဉ်-ဟု သဒ္ဒါနက်ရသော်လည်း မြန်မာ စကား ချောစေရန်အတွက် ဖွင့်ပြရန် အစဉ်-ဟု ပြန်ထားသည်။

http://www.dhammadownload.com



ထို(၂-ပါးသော)တရားတို့တွင် မသိမှု(အဝိဇ္ဇာ)အစရှိသော အကြောင်းတရားတို့ကို ပဋိစ္စသမုပ္ပါဒ်-ဟူ၍ ရှေးဦးစွာ သိအပ်(ကုန်)၏¹။ မှန်ပေ၏၊ မြတ်စွာဘုရားသည် ---

"ကတမော စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ? အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ"²

"ရဟန်းတို့၊ ပဋိစ္စသမုပ္ပါဒ်ဟူသည် အဘယ်နည်း?ရဟန်းတို့၊ မသိမှု-အဝိဇ္ဇာဟူသော အကြောင်းကြောင့် ပြုပြင်အားထုတ်မှု - သင်္ခါရတို့ ဖြစ်ကြသည်၊ သင်္ခါရဟူသော အကြောင်းကြောင့် ဘဝသစ် ဝိညာဏ် ဖြစ်သည်၊ ဝိညာဏ်ဟူသောအကြောင်းကြောင့် နာမ်ရုပ် ဖြစ်သည်၊ နာမ်ရုပ်ဟူသော အကြောင်းကြောင့် အာယတန ၆-ပါး ဖြစ်သည်၊ အာယတန ၆-ပါးဟူသော အကြောင်းကြောင့် အာရုံကို တွေ့မှု - ဖဿ ဖြစ်သည်၊ ဖဿဟူသော အကြောင်းကြောင့် အကောင်းအဆိုး ခံစားမှု - ဝေဒနာ ဖြစ်သည်၊ ဝေဒနာဟူသော အကြောင်းကြောင့်

---

**မှတ်ချက်**

၁-ပါဠိ၌ ဓမ္မာ-တရားတို့ကို-ဟူသော ကံပုဒ်နှင့်အရတူ ဗဟုဝုစ်ဖြင့် ဆိုထားသော ဝေဒိတဗ္ဗာ-ပုဒ်၏ အနက်ဖြစ်သည်။ မြန်မာ၌မူ ဗဟုဝုစ်ပြ(ကုန်)မပါပဲ သိအပ်၏-ဟု ဆိုလျှင် သာ၍ ချောမောသည်။ သို့ဖြစ်၍ မြန်မာစကား အလိုအားဖြင့် ထိုဗဟုဝုစ်ပြ(ကုန်)မပါပဲ ဖတ်လိုက ဖတ်ရန် ကုန်-ဟူသော စကားကို လက်သည်းကွင်းဖြင့် ပြထားသည်။ နောက်၌လည်း နည်းတူပင်။

၂-ဤ ပဋိစ္စသမုပ္ပါဒ်ဒေသနာပါဠိကို မူရင်းအတိုင်း ဤ၌ ဖော်ပြထားခြင်းမှာ နောက်၌ ဖွင့်ပြလတ္တံ့သော သမ္ဘဝန္တိ-ပုဒ်၏အဖွင့် ဧဝံ-ပုဒ်၏ အဖွင့်-စသည်တို့နှင့် အလွယ်တကူ တိုက်ဆိုင်ကြည့်နိုင်ရန် ဖြစ်သည်။

http://www.dhammadownload.com



တပ်မက် ဆာလောင်မှု - တဏှာ ဖြစ်သည်၊ တဏှာဟူသော အကြောင်းကြောင့် စွဲလမ်းမှု - ဥပါဒါန် ဖြစ်သည်၊ ဥပါဒါန်ဟူသော အကြောင်းကြောင့် ဖြစ်ကြောင်းကံ - ဘဝ[၁] ဖြစ်သည်၊ ဖြစ်ကြောင်း ကံဟူသော အကြောင်းကြောင့် ဘဝအသစ်ဖြစ်မှု - ဇာတိ ဖြစ်သည်၊ ဇာတိဟူသော အကြောင်းကြောင့် အိုခြင်း သေခြင်း ဇရာမရဏ ဖြစ်သည်၊ စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း စိတ်နှလုံး၏ ပြင်းစွာပူပန်ခြင်းတို့ ဖြစ်ကြသည်။ ဤပုံ ဤနည်းဖြင့်[၂] ချမ်းသာခြင်းနှင့် မရောမယှက် သက်သက်သော ဤဆင်းရဲအစု၏ (သာလျှင်) ဖြစ်ခြင်း ရှိချေသည်[၃]။ ရဟန်းတို့၊ ဤ(အဝိဇ္ဇာ အစရှိသောအကြောင်း[၄]) သဘောကို ပဋိစ္စသမုပ္ပါဒ်ဟု ဆိုအပ်၏" ဟူသော-ဤစကားတော်ကို ဟောတော်မူ(အပ်)[၅] ခဲ့ပေသည်။

အိုခြင်း သေခြင်း စသော အကျိုးတရားတို့ကိုကား **ပဋိစ္စသမုပ္ပန်တရား**တို့ဟူ၍ သိအပ်ကုန်၏။ မှန်ပေ၏၊ မြတ်စွာဘုရားသည် --

---

**မှတ်ချက်**

၁- ဤ၌ ဥပပတ္တိဘဝကို မပြပဲ ကမ္မဘဝကိုသာ ပြခြင်းသည် မှတ်ယူရန် လွယ်ကူခြင်းအကျိုးငှါ ဖြစ်သည်၊ သို့သော်လည်း ကမ္မဘဝကို ပြလျှင် ယင်း၏အကျိုး ဥပပတ္တိဘဝလည်း ပါဝင်သည်ဟု ယူအပ်၏။

၂- ဤပုံ ဤနည်းဖြင့်....ဖြစ်ပေါ်ခြင်း-ဟု စပ်ပါ။ ပြခဲ့သည့်အတိုင်း အဝိဇ္ဇာ အစရှိသော အကြောင်းအဆက်ဆက်ကြောင့် သင်္ခါရ-အစရှိသော အကျိုးအဆက်ဆက်၏ ဖြစ်ပေါ်ခြင်း-ဟု ဆိုလို၏။

၃- ဤဝါကျကို ထောက်လျှင် အဝိဇ္ဇာအစရှိသော အကြောင်းကြောင့် သင်္ခါရအစရှိသော အကျိုးတရား ဆင်းရဲအစု၏ ဖြစ်ပေါ်နေခြင်း-ဖြစ်ပေါ်နေပုံကိုသာလျှင် ပဋိစ္စသမုပ္ပါဒ်-ဟု ဆိုလိုသကဲ့သို့ ရှိပေ၏။

၄- ဤလက်သည်းကွင်းအတွင်းရှိ **စကားများမှာ** အဋ္ဌကထာ၏ အလိုနှင့် အညီ ပေါ်လွင်စေရန် ဖော်ပြထားသော စကားများ ဖြစ်သည်။

၅- ပါဠိ၌ ဘဂဝတာ-ဟု တတိယန္တ အဝုတ္တကတ္တားဖြင့် ဆိုခဲ့သောကြောင့်ရင်း၊ ဤအရာ၌ ကံကိုသာ ပြလိုရင်းဖြစ်သောကြောင့်ရင်း ဝုတ္တံ-ဟောတော်မူအပ်ခဲ့ပေသည်-ဟု ကံဟောပုဒ်ဖြင့် ပြဆိုထားပေသည်။ သို့သော် မြန်မာ၌မူ မြတ်စွာဘုရားသည်-ဟူသော ကတ္တားပုဒ်သည် ဝုတ္တကတ္တားလည်း ဖြစ်နိုင်၏၊ ထို့ပြင် ဟောအပ်-ဟု ဆိုလျှင် ဟောသင့်-ဟူသော

http://www.dhammadownload.com



"ရဟန်းတို့၊ ပဋိစ္စသမုပ္ပန် (အကြောင်းကို စွဲ၍ တကွဖြစ်ကုန်သော) တရားတို့ဟူသည် အဘယ်သည်တို့နည်း? ရဟန်းတို့၊ အိုခြင်း သေခြင်းသည် မမြဲ၊ အကြောင်းတရားတို့က ပေါင်းစုညီညွတ်၍ ပြုပြင်အပ်သော တရားပေတည်း၊ အကြောင်းကို စွဲ၍ တကွ ဖြစ်ပေါ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျောက်ကွယ်ခြင်းသဘောရှိ၏၊ ပျက်ပြယ်ခြင်းသဘောရှိ၏၊ ချုပ်ခြင်း သဘောရှိ၏။ ရဟန်းတို့၊ ဘဝအသစ် ဖြစ်မှုသည် ---။ ဖြစ်ကြောင်းကံ (ဘဝ)သည် ---။ စွဲလမ်းမှုသည် ---။ ဆာလောင်တပ်မက်မှုသည် ---- ။ခံစားမှုသည် ---- ။ အာရုံကို တွေ့မှုသည် ----။ အာယတန ၆-ပါးသည် ---- ။ နာမ်ရုပ်သည် ----။ ဘဝသစ်ဝိညာဏ်သည် ---- ။ ပြုပြင်အားထုတ်မှုတို့သည် ---- ။ ရဟန်းတို့၊ မသိမှုသည် မမြဲ၊ အကြောင်းတရားတို့က ပေါင်းစုညီညွတ်၍ ပြုပြင်အပ်သော တရားပေတည်း၊ အကြောင်းကို စွဲ၍ တကွဖြစ်ပေါ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျောက်ကွယ်ခြင်းသဘောရှိ၏၊ ပျက်ပြယ်ခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏။ ရဟန်းတို့၊ ဤ(အိုခြင်း သေခြင်း အစရှိသော အကျိုး) သဘောတို့ကို ပဋိစ္စသမုပ္ပန်တရားတို့-ဟု ဆိုအပ်ကုန်၏" ဟူသော ---

ဤစကားတော်ကို ဟောတော်မူခဲ့ပေသည်။

---

**မှတ်ချက်**

အနက်က သာ၍ထင်ရှားတတ်သည်။ သို့ဖြစ်၍ ထို(အပ်)ဟူသော ကံဟောပစ္စည်းကို မဖတ်လိုက ချန်၍ဖတ်နိုင်ရန် ယင်းကို လက်သည်းကွင်းဖြင့် ပြထားသည်။ နောက်၌လည်း နည်းတူပင်။ တရံတခါ၌ ကံဟော ဗဟုဝုစ်ဟော ၂-ခုလုံးကို (အပ်ကုန်)ဟု လက်သည်းကွင်းဖြင့် ပြထားသည်ကိုလည်း တွေ့ရလိမ့်မည်။ ထိုသို့ တွေ့ရာ၌လည်း မြန်မာစကားအရ ယင်းတို့ကို မဖတ်လိုလျှင် မဖတ်ပဲ ချန်ထားနိုင်ရန် ပြထားသည်ဟု မှတ်ပါ။

၁- ဤ၌ အိုခြင်း၊ သေခြင်းသည် မမြဲ-ဟု ဟောတော်မူခြင်းသည် အိုတတ် သေတတ်သော တရားတို့၏ မမြဲခြင်းကို သိစေလိုသောကြောင့် ဖြစ်သည်၊ အိုခြင်း သေခြင်းကို မြဲစေလိုသောကြောင့်ရင်း၊ ယင်းတို့ မြဲလျှင် ကောင်းမည်ဟု သိစေလိုသောကြောင့်ရင်း ဟောတော်မူခြင်း **ကား** မဟုတ်ပေ။

http://www.dhammadownload.com



၅၇၁။ ဤဆိုလတ္တံ့သည်ကား ဤဆိုခဲ့ပြီးသုတ်ပုဒ် စကားတော် တို့၌ အဓိပ္ပါယ် အကျဉ်းပေတည်း။ အဝိဇ္ဇာစသော အကြောင်းတရားတို့ကို ပဋိစ္စ-သမုပ္ပါဒ်-ဟူ၍ သိအပ်ကုန်၏။ ထိုထိုအကြောင်းတရားတို့ကြောင့် ဖြစ်သော အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပန်တရားတို့-ဟူ၍ (သိအပ်ကုန်၏)။ အဘယ် ကြောင့် ဤစကားကို [၁၄၉] သိအပ်သနည်း ဟူမူ? မြတ်စွာဘုရား၏ စကား ဖြင့် (သိအပ်ပေ၏)။ မှန်ပေ၏၊ မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်တရား ပဋိစ္စသမုပ္ပန်တရားတို့ကို ဟောကြားရာ သုတ်၌ --

"ရဟန်းတို့၊ ပဋိစ္စသမုပ္ပါဒ် ဟူသည် အဘယ်နည်း? ရဟန်းတို့၊ ဘဝ အသစ် ဖြစ်ခြင်း ဟူသော အကြောင်းကြောင့် အိုခြင်း သေခြင်း ဖြစ်သည်၊ (ဤသို့ ဖြစ်ရာ၌) အကြောင်းတရား၏ တည်သည်၏အဖြစ်, အကြောင်းတရား၏ ကိန်း သေ မြဲသည်၏အဖြစ်, ဤအိုခြင်း သေခြင်း၏ အကြောင်းအဖြစ် ဟူသော ထို ဓာတ်သဘောသည် မြတ်စွာဘုရားတို့ ပွင့်တော်မူသည်ဖြစ်စေ၊ မပွင့်တော် မူသည်ဖြစ်စေ တည်ရှိနေသည်သာလျှင်တည်း။ ထိုဓာတ်သဘောကို မြတ်စွာ ဘုရားသည် မျက်မှောက်ထင်ထင် သိ(မြင်)တော်မူ၏၊ မျက်မှောက်ထင်ထင် တွေ့(မြင်)တော်မူ၏၊ မျက်မှောက်ထင်ထင် သိ(မြင်)တော်မူပြီး၍ မျက် မှောက်ထင်ထင် တွေ့(မြင်)တော်မူပြီး၍ ပြောကြားတော်မူ၏၊ ဟောကြား တော်မူ၏၊ အပြားအားဖြင့် သိစေတော်မူ၏၊ (သတ္တဝါတို့၏ဉာဏ်၌) တည် စေတော်မူ၏၊ ဖွင့်တော်မူ၏၊ ဝေဘန်တော်မူ၏၊ ပေါ်လွင်သည်ကို ပြုတော် မူ၏၊ ရဟန်းတို့၊ ဘဝအသစ်ဖြစ်ခြင်းကြောင့် အိုခြင်း သေခြင်း ဖြစ်သည်-ဟု ရှုကြကုန်လော့-ဟူ၍လည်း မိန့်တော်မူ၏။ ရဟန်းတို့၊ ဖြစ်ကြောင်းကံ ဟူ သော အကြောင်းကြောင့် ဘဝအသစ်ဖြစ်ခြင်း(ဇာတိ)ဖြစ်သည်၊ ....ရဟန်း တို့၊ မသိမှုဟူသော အကြောင်းကြောင့် ပြုပြင် အားထုတ်မှုတို့ ဖြစ်ကြသည်၊ ....ထိုဓာတ်သဘောသည်မြတ်စွာဘုရားတို့ပွင့်တော်မူသည်ဖြစ်စေ....ပေါ်လွင် သည်ကို ပြုတော်မူ၏၊ ရဟန်းတို့၊ မသိမှု ဟူသော အကြောင်းကြောင့် ပြုပြင် အားထုတ်မှုတို့ ဖြစ်ကြသည်-ဟု ရှုကြကုန်လော့-ဟူ၍လည်း မိန့်တော်မူ၏။ ရဟန်းတို့၊ ဤသို့လျှင် ထို(ဘဝအသစ် ဖြစ်ခြင်း ဟူသော အကြောင်းကြောင့် အိုခြင်း သေခြင်း ဖြစ်သည် အစရှိသော) အရာတို့၌ မှန်ကန်သောသဘော (တထတာ)ကို၊ မချွတ်ယွင်းသော သဘော (အဝိတထတာ)ကို၊ တပါး

http://www.dhammadownload.com



သော အပြား (တမျိုးတမည်)အားဖြင့် မဟုတ်သောသဘော[၁]၊ တပါးသော အကြောင်းကြောင့် မဖြစ်သောသဘော[၂] (အနညထတာ)ကို ဤအိုခြင်း သေခြင်း စသည်တို့၏အကြောင်းသဘော(ဣဒပ္ပစ္စယတာ)ကို ပဋိစ္စသမုပ္ပါဒ်-ဟု ဆိုအပ်၏"ဟူ၍—

၅၇၂။ ဤသို့ ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူသော မြတ်စွာဘုရားသည် မှန်ကန်သော သဘော(တထတာ)အစရှိသော ဝေဝုစ် စကားလှယ်တို့ဖြင့် အကြောင်းတရားတို့ကို သာလျှင် ပဋိစ္စသမုပ္ပါဒ်—ဟူ၍ ဟောတော်မူ (အပ်ကုန်)၏။ ထိုကြောင့်"ပဋိစ္စသမုပ္ပါဒ်သည် အိုခြင်း သေခြင်း အစရှိသော (အကျိုး)တရားတို့၏အကြောင်းအဖြစ်လျှင် မှတ်ကြောင်းလက္ခဏာရှိ၏၊ဝါ၊ အကြောင်းဟု မှတ်အပ်၏။ (မပြတ်ဖြစ်ခြင်း ဟူသော)ဆင်းရဲကို အစဉ်လိုက် (၍ ဖြစ်)စေခြင်း ကိစ္စရှိ၏၊ စက်ဆုပ်ဖွယ်လမ်းဟု၊ (ဝါ၊လမ်းမှားဟု) * ဉာဏ် အား ရှေးရှုထင်၏"ဟူ၍ မှတ်အပ်ပေသည်။

ဆက်၍ ရှင်းပြဦးအံ့၊ ထိုသို့(သိအပ်)သော ဤပဋိစ္စသမုပ္ပါဒ်ကို[၃] မယုတ် မလွန်သည်သာလျှင် ဖြစ်ကုန်သော ထိုထို(ဆိုင်ရာ) အကြောင်းတို့ကြောင့်[၄] ထိုထို(ဆိုင်ရာ)အကျိုးတရား ဖြစ်သင့်သောကြောင့် မှန်ကန်သော သဘော (တထတာ)ဟူ၍ရင်း၊ အကြောင်းတရားတို့ ညီညွတ်ကြလျှင် ထိုအကြောင်း

---

မှတ်ချက်

၁- ဤအနက်သည် "အညထာ-တပါးသောအပြားအားဖြင့်၊ န-မဟုတ်" ဟူသော ဝစနတ္ထ-သဒ္ဒါနက်ဖြစ်သည်။

၂- ဤအရာ၌ တပါးသောအပြားအားဖြင့် ဖြစ်ခြင်း-ဟူသည်မှာ မဆိုင် သောအကြောင်းတပါးကြောင့် ဖြစ်ခြင်းပင်တည်း။ သို့ဖြစ်၍ ဤအနက် သည် ကျရောက်သောအနက်-ဆိုလိုအပ်သောအနက်ဖြစ်သည်။

* ဤသို့သောလက်သည်းကွင်းမှာ ဝါ-တနည်းအနက်၏ အပိုင်းအခြား၌ ယုံမှားကင်း စေရန်ဖြစ်သည်၊ နောက်၌လည်း နည်းတူပင်။

၃- ဤ ပဋိစ္စသမုပ္ပါဒ်ကို....ဟောတော်မူ(အပ်)ပေသည်-ဟု ဤသို့ စပ်ပါ။

၄- ဤအကြောင်းဟိတ်ပုဒ်ကို အကျိုးတရားဖြစ်သင့်-နှင့်စပ်ပါ။ အကြောင်း ၄-ခု စုံညီသောအခါ ဖြစ်တတ်သောအကျိုးသည် ထိုအကြောင်း ၄-ပါး အောက်လည်း မယုတ်လျော့၊ ထို ၄-ပါးထက်လည်း မပိုလွန်သော အကြောင်း ၄-ပါးတိတိ စုံညီသောအခါ ဖြစ်သည်။ ဥပမာ စက္ခုဝိညာဏ်

http://www.dhammadownload.com



တရားတို့ကြောင့် ဖြစ်သင့်သော အကျိုးတရားများသည် တမုဟုတ်မျှသော်လည်း မဖြစ်ပဲ မရှိသောကြောင့် မချွတ်ယွင်းသော သဘော(အဝိတထတာ)ဟူ၍ရင်း၊ အခြား အကျိုးတရား၏ အကြောင်းတို့ကြောင့် အခြားအကျိုးတရား မဖြစ်ခြင်းကြောင့် တပါးသော အပြားအားဖြင့် မဖြစ်သော သဘော၊ ဝါ၊ တပါးသောအကြောင်းကြောင့် မဖြစ်သောသဘော(အနညထတာ)ဟူ၍ရင်း၊ ဆိုအပ်ခဲ့တိုင်းကုန်သော ထို အိုခြင်း သေခြင်း စသော အကျိုးတရားတို့၏ အကြောင်းဖြစ်သောကြောင့်ရင်း, အကြောင်း အပေါင်းဖြစ်သောကြောင့်ရင်း ဤ အိုခြင်း သေခြင်း စသော အကျိုးတရားတို့၏ အကြောင်းသဘော၊ ဝါ၊ အကြောင်းအပေါင်း (ဣဒပ္ပစ္စယတာ)ဟူ၍ရင်း ဟောတော်မူ(အပ်)ပေသည်။

၅၇၃။ ထို(ဣဒပ္ပစ္စယတာပုဒ်)၌ ဤဆိုလတ္တံ့သည်ကား သဒ္ဒါ၏အနက်(ဝစနတ္ထ)ပေတည်း။ ဤ(အိုခြင်း သေခြင်း စသော အကျိုးတရား)တို့၏ အကြောင်းတို့သည် ဣဒပ္ပစ္စယ မည်ကုန်၏၊ ဤအိုခြင်း သေခြင်း စသော အကျိုးတရားတို့၏ အကြောင်း(ဣဒပ္ပစ္စယ)တို့သည်ပင်လျှင် **ဣဒပ္ပစ္စယတာ** မည်၏။ တနည်းကား ဤအိုခြင်း သေခြင်း စသော အကျိုးတရားတို့၏ အကြောင်းတို့ အပေါင်းသည် ဣဒပစ္စယတာ မည်၏။ ဤဝစနတ္ထ၌(ပုဒ်ပြီးပုံ အစီအရင်ကို)မှတ်ကြောင်းဖြစ်သော သတ်ကိုမူ သဒ္ဒါကျမ်းမှ ရှာယူအပ်၏[၁]။

---

**မှတ်ချက်**

မြင်သိမှုသည် မျက်စိကြည်ခြင်း၊ အဆင်းထင်ခြင်း၊ မြင်နိုင်လောက်အောင် အလင်းရှိခြင်း၊ နှလုံးသွင်းခြင်း-ဟူသော ဤအကြောင်း ၄-ပါးလုံး အစုံအလင် ညီညွတ်သောအခါ ဖြစ်သကဲ့သို့ ပင်တည်း။ ထို့ကြောင့် မယုတ်မလွန်သည်သာလျှင် ဖြစ်ကုန်သော တိုထို(ဆိုင်ရာ)အကြောင်းတို့ကြောင့်ဟု ဆိုသည်။

၁-အဋ္ဌကထာဆရာ လက်ထက်ဆီက ပါဠိသဒ္ဒါကျမ်းများ ပြည့်ပြည်စုံစုံ မထွန်းကားသေးသောကြောင့် ပါဏိနိစသော သက္ကတသဒ္ဒါကျမ်းများကို ညွှန်ဟန်ရှိ၏။ သို့သော် ယခုအခါ၌မူ ထိုသက္ကတသဒ္ဒါကျမ်းတို့မှ ပါဠိပိဋကနှင့်အညီ ထုတ်ဆောင်၍ ပြုစုထားသော ပါဠိသဒ္ဒါကျမ်းများလည်း ရှိနေပြီဖြစ်သောကြောင့် ရူပသိဒ္ဓိ သဒ္ဒနီတိ မောဂ္ဂလာန်အစရှိသော သဒ္ဒါကျမ်းတို့မှလည်း ရှာ၍ ယူနိုင်၏။ ထိုတွင် အများသိလွယ်

http://www.dhammadownload.com



**ကေစိဝါဒ**

၅၇၄။ အချို့ ဆရာတို့သည်ကား "အကြောင်းကို စွဲ၍ မှန်စွာလည်း[၁] တိတ္ထိတို့ ကြံဆအပ်သော ပကတိ ပုရိသ စသော အကြောင်းကို မငဲ့ပဲ[၂] ဖြစ်ခြင်းသည် ပဋိစ္စသမုပ္ပါဒ် မည်၏" ဟု ဤသို့ (ဝစနတ္ထကို ကြံပြီးလျှင်) ဖြစ်ခြင်းမျှကို ပဋိစ္စသမုပ္ပါဒ် ဟူ၍ [၁၅၀] ဆိုကြ၏။ ထိုစကား မသင့်ပေ၊

---

**မှတ်ချက်**

သော ရူပသိဒ္ဓိကျမ်းနံပါတ် ၃၈၀-ဂါမဇနဗန္ဓုသဟာယာဒီဟိ တာ-ဟူသောသုတ်၏ ဝုတ္တိကို ကြည့်လျှင် ဒေဝတာ-ပုဒ်၌ကဲ့သို့ သကတ်အနက်၊ ဂါမတာ-စသည်၌ကဲ့သို့ သမူဟအနက်တို့၌ ဖြစ်ကြောင်းသိနိုင်၏။

၁- အကြောင်းကိုစွဲ၍ မှန်စွာလည်း....ဖြစ်ခြင်းသည် ပဋိစ္စသမုပ္ပါဒ် မည်၏-ဟု စပ်၍ယူပါ။ ထိုစကားရပ်၌ အကြောင်းကို စွဲ၍-ဟူသောစကားဖြင့် ပဋိစ္စ-ပုဒ်၏အနက်ကိုပြသည်၊ မှန်စွာ-ဟူသောစကားဖြင့်သမုပ္ပါဒ-မှ သံ-၏အနက်ကို ပြသည်၊ လည်း-ဟူသော နိပါတ်ပုဒ်ဖြင့် စွဲ၍သာ ဖြစ်သည်မဟုတ်၊ မှန်စွာလည်းဖြစ်သည်ဟု ပေါင်းဆည်းပြသည်၊ ဖြစ်ခြင်း-ဟူသော စကားဖြင့် ဥပ္ပါဒ-၏အနက်ကိုပြသည်။ ထိုကြောင့် ပဋိစ္စ+သံ+ဥပ္ပါဒ—ပဋိစ္စသမုပ္ပါဒ—အကြောင်းကိုစွဲ၍ မှန်စွာဖြစ်ခြင်း-ဟု အဖြောင့်အမှန် သဒ္ဒါနက်ကိုရသည်။ ဤသဒ္ဒါနက်အတိုင်းပင် ကေစိ-အချို့ဆရာတို့က ယူကြသည်။ ယင်းကေစိဆရာတို့သည် မဟာဝိဟာရဝါသီ ဂိုဏ်းသားထဲကလော၊ အဘယဂိရိဝါသီဂိုဏ်းသား ဇေတဝနဝါသီ ဂိုဏ်းသားတို့ထဲကလော၊ ဇမ္ဗုဒီပဝါသီမထေရ်တို့လော-ဟု စိစစ်ခဲ့သော် ဋီကာအဖွင့် စသည်မရှိသောကြောင့် မည်သို့မျှ မဖြေနိုင်ပေ။ အကယ်၍ ထိုဝါဒသည် ဇမ္ဗုဒီပဝါသီမထေရ်တို့၏ ဝါဒဖြစ်ခဲ့ပါလျှင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်တို့မှ ဆင်းသက်လာသော ဝါဒလည်းဖြစ်နိုင်သောကြောင့် ထိုဝါဒကိုလည်း အလေးအနက်ပြု၍စဉ်းစားသင့်ပေ၏။

၂- ပကတိဝါဒကိုတီထွင်ခဲ့သော ကပိလရသေ့က ပကတိသည် ပုရိသမည်သော အတ္တနှင့်ပေါင်းစပ်မိသောအခါ ယင်းပကတိမှ မဟာဖြစ်လာသည်၊ မဟာမှ အဟံကာရ၊ယင်းမှ တမ္မတ္တငါးပါး၊ဣန္ဒြေ၁၁-ပါးတို့ဖြစ်လာကြသည်။တမ္မတ္တမှ ဘုတ်ရုပ်ကြမ်းငါးပါးဖြစ်လာသည်၊ ဤအစဉ်ဖြင့်သက်ရှိသက်မဲ့လောကကြီး တခုလုံး ဖြစ်ပေါ်လာသည်ဟုဆို၏။ အဏုဝါဒကို တီထွင်ခဲ့သော ကဏာဒရသေ့သည် ပရမာဏုမြူကလေးများက ပေါင်းစပ်၍ လောကကြီးတခုလုံး ဖြစ်ပွါးလာသည်ဟု ဆို၏။ အချို့ သာသနာပ ရသေ့တို့ကလည်း ဣဿရ

http://www.dhammadownload.com



အဘယ်ကြောင့် ဆိုသော်? ကိုးကားဖွယ်ရာ ပါဠိတော် မရှိခြင်းကြောင့်၎င်း၊ ပါဠိတော်တို့နှင့် ဆန့်ကျင်ခြင်းကြောင့်၎င်း၊ နက်နဲမှုနှင့် နည်းတို့၏ မဖြစ်သင့်ခြင်းကြောင့်၎င်း၊ (သဒ္ဒါစည်းကမ်းနှင့်မညီ၍) သဒ္ဒါနည်းပျက်ခြင်းကြောင့်၎င်း ဖြစ်ပေသည်။

ချဲ့၍ ပြရလျှင် "ဖြစ်ခြင်းမျှသည် ပဋိစ္စသမုပ္ပါဒ် မည်၏" ဟု (ပြဆိုသော) သုတ်ပါဠိတော်မရှိပေ ¹။ ထို့ပြင် ထိုဖြစ်ခြင်းမျှကို ပဋိစ္စသမုပ္ပါဒ်ဟု ဆိုသောသူအား ပဒေသဝိဟာရသုတ်နှင့် ဆန့်ကျင်ခြင်း (အပြစ်)ဖြစ်၏။ အဘယ်သို့ဆန့်ကျင်သနည်းဟူမူ? "ထိုစဉ်အခါ၌ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်ညဉ့်၏ ပဌမယာမ်ပတ်လုံး ပဋိစ္စသမုပ္ပါဒ်ကို အနုလုံပဋိလုံ(အလျော်နှင့်

---

**မှတ်ချက်**

ခေါ်သော ဘုရားသခင်ကဖန်ဆင်း၍ ဖြစ်လာသည်ဟုဆိုကြ၏။ ထိုသို့ဆိုကြသည့်အတိုင်း ပကတိပုရိသ—အဏု—ဣဿရ တို့ကြောင့် ဖြစ်လာသည်ဟု ဆိုလျှင် မှန်စွာဖြစ်ခြင်းမဟုတ်၊ ထိုသာသနာပတိတ္ထိဆရာတို့ ကြံဆထားသော ပကတိပုရိသစသောအကြောင်းနှင့် စပ်ဆိုင်ခြင်းမရှိဘဲ အဝိဇ္ဇာ အစရှိသော အကြောင်းမှန် သက်သက်ကြောင့်သာလျှင် ဖြစ်ခြင်းကို မှန်စွာဖြစ်ခြင်းဟု ဆိုလိုကြောင်းသိစေလိုသောကြောင့် သံ—မှန်စွာ-ဟု ဆိုသည်။ ထိုမှန်စွာ-ဟူသည်မှာလည်း တိတ္ထိတို့ ကြံဆအပ်သော ပကတိ ပုရိသစသော အကြောင်းကို မငဲ့ပဲ-ထိုအကြောင်းများနှင့် မစပ်မဆိုင်ပဲ အဝိဇ္ဇာ အစရှိသော အကြောင်းမှန် သက်သက်ကြောင့်သာလျှင်ဟု ဆိုလိုကြောင်း ဤစကားရပ်ဖြင့် ဖွင့်ပြသည်။ ထို့ကြောင့်တိတ္ထိတို့ကြံဆအပ်သော ပကတိပုရိသစသောအကြောင်းကို မငဲ့ပဲ-ဟူသော စကားရပ်ကို မှန်စွာ-ဟူသော ပုဒ်၏အဖွင့်ဟုမှတ်။ ပကတိဝါဒစသည်တို့ကို အကျယ်သိလိုလျှင် ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ စတုတ္ထတွဲ စာမျက်နှာ ၂၁၁-စသည်၌ကြည့်ပါ။

၁- ကေစိဝါဒီတို့ အလိုအားဖြင့် ဤ၌ထုတ်ပြခဲ့သော ပဋိစ္စသမုပ္ပါဒ် သုတ်များကိုပင် သာဓကအဖြစ် ထုတ်ပြဖွယ်ရှိပေ၏။ အကြောင်းမူကား "ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ-ဤအစဉ်ဖြင့် ချမ်းသာနှင့် မရောမယှက် သက်သက် ဆင်းရဲအစု၏သာလျှင် ဖြစ်ပေါ်ခြင်းရှိချေသည်။ ရဟန်းတို့ ဤ(ဖြစ်ပေါ်ခြင်း) သဘောကို ပဋိစ္စသမုပ္ပါဒ်-ဟုဆိုအပ်၏"ဟူသော စကားရပ်၌ အကြောင်းအဆက်ဆက်ကြောင့် အကျိုးအဆက်ဆက်ဆင်းရဲအစု၏ဖြစ်ပေါ်ခြင်းကိုပင် ပဋိစ္စသမုပ္ပါဒ်-ဟု သိစေလိုသကဲ့သို့ ရှိသောကြောင့်ပေတည်း။

http://www.dhammadownload.com



အပြန်)အားဖြင့်[၁] နှလုံးသွင်းတော်မူလေပြီ"ဟု ဤသို့စသည်ကို မိန့်ဆိုခြင်းကြောင့်[၂] ပဋိစ္စသမုပ္ပါဒ်ကို နှလုံးသွင်းခြင်းသည် မြတ်စွာဘုရား၏ ပဌမာဘိသမ္ဗုဒ္ဓဝိဟာရ (ဘုရားဖြစ်တော်မူပြီးခါစ၌ လက်ဦး နှလုံးသွင်းနေခြင်း)မည်၏။ ထိုပဌမာဘိသမ္ဗုဒ္ဓဝိဟာရ၏ တစိတ်တဒေသ ဖြစ်သောနေခြင်းသည်ကား ပဒေသဝိဟာရ (တစိတ်တဒေသကို နှလုံးသွင်းနေခြင်း) မည်၏။ ဘုရားဟောတော်မူပုံကား....

"ရဟန်းတို့၊ ထိုငါသည် သစ္စာလေးပါးကို သိပြီးသည် (ဘုရားဖြစ်ပြီးသည်)ဖြစ်၍ ရှေးဦးစွာ (ပဋိစ္စသမုပ္ပါဒ်ကို နှလုံးသွင်းခြင်း ဟူသော) အကြင် နေခြင်းဖြင့် (ထိုစဉ်ကာလက)နေ၏၊ ထိုနေခြင်း၏ တစိတ်တဒေသဖြင့် (ယခု လခွဲအတွင်း၌)နေခဲ့ပေပြီ"ဟူ၍ပင်တည်း။

ဆက်၍ ရှင်းဦးအံ့၊ ထိုပဒေသဝိဟာရသုတ်၌ (မြတ်စွာဘုရားသည်)ပဋိစ္စသမုပ္ပါဒ်ကို ရှုခြင်းဖြင့် နေတော်မူခဲ့၏၊ ဖြစ်ခြင်းမျှကို ရှုခြင်းဖြင့် နေတော်မူခဲ့သည် မဟုတ်ဟု သိအပ်၏၊ ဘုရားဟောတော်မူပုံကား-

"ထိုသို့ ပဒေသဝိဟာရဖြင့် နေသော ငါသည် ဤသို့ သိပေ၏၊ မှားသော အယူ ဟူသောအကြောင်းကြောင့်လည်း ခံစားမှု(ဖြစ်၏)၊ မှန်သော အယူဟူသော အကြောင်းကြောင့်လည်း ခံစားမှု(ဖြစ်၏) မှားသော အကြံအစည် ဟူသော အကြောင်းကြောင့်လည်း ခံစားမှု (ဖြစ်၏)" ဤသို့ စသည်ပင်တည်း၊ အလုံးစုံကို ချဲ့၍ သိအပ်၏။

ဤသို့(ပြဆိုခဲ့သည့်အတိုင်းပင်)ဖြစ်ခြင်းမျှကို ပဋိစ္စသမုပ္ပါဒ်ဟု ဆိုသောသူအား ပဒေသဝိဟာရသုတ်နှင့် ဆန့်ကျင်ခြင်း(အပြစ်)ဖြစ်သည်။ ထို့အတူ ကစ္စာနသုတ်နှင့်လည်း ဆန့်ကျင်ခြင်း(အပြစ်)ဖြစ်သည်။

---

**မှတ်ချက်**

၁-အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကြသည်-စသည်ဖြင့် ဖြစ်စဉ်အားလျော်စွာ နှလုံးသွင်းသည်ကို အနုလုံ(အလျော်)အားဖြင့် နှလုံးသွင်းသည်ဟူ၍ရင်း၊ အဝိဇ္ဇာချုပ်ခြင်းကြောင့်သင်္ခါရတို့၏ချုပ်ခြင်းဖြစ်သည် စသည်ဖြင့် ဖြစ်စဉ်နှင့်ပြောင်းပြန်နှလုံးသွင်းသည်ကိုပဋိလုံ(အပြန်)အားဖြင့် နှလုံးသွင်းသည်ဟူ၍ရင်း ဆိုသည်။

၂-မိန့်ဆိုခြင်းကြောင့်....လက်ဦးနှလုံးသွင်းနေခြင်း) မည်၏-ဟု စပ်ပါ။

http://www.dhammadownload.com



ချဲ့၍ ပြဦးအံ့၊ ကစ္စာနသုတ်၌လည်း "ကစ္စည်း၊ လောက၏ ဖြစ်ကြောင်းတရားကို မှန်စွာသိတတ်သော ဝိပဿနာပညာ မဂ်ပညာဖြင့် အမှန်အတိုင်း သိမြင်သော သူအား လောက၌ မရှိသည်၏ အဖြစ်သည်၊ ဝါ၊ သေပြီးလျှင် မရှိတော့ ဟု ယူခြင်းသည် မဖြစ်တော့ပေ"ဟူသော စကားဖြင့် အစဉ်အတိုင်း ဖြစ်ကြောင်းကို ပြသော (အနုလုံ)ပဋိစ္စသမုပ္ပါဒ်ကို [၁] လောက၏အကြောင်း ဖြစ်သောကြောင့်"လောကသမုဒယ(လောက၏ ဖြစ်ကြောင်းတရား)"ဟူ၍ ဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ ပယ်နုတ်ခြင်း အကျိုးငှါ ပြတော်မူအပ်ပေသည်၊ ဖြစ်ခြင်းမျှကို ပြအပ်သည် မဟုတ်ပေ၊ မှန်ပေ၏။ ဖြစ်ခြင်းမျှကို ပြခြင်းဖြင့် ဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ ပယ်နုတ်ခြင်း မဖြစ်ပေ၊ အကြောင်းတို့၏ မပြတ်စဲခြင်းကို ပြခြင်းဖြင့်သာ လျှင်(ဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ ပယ်နုတ်ခြင်း)ဖြစ်ပေသည်။ (အဘယ်ကြောင့်ဆိုသော်) အကြောင်းတို့၏ မပြတ်စဲခြင်း ရှိလတ်သော် အကျိုးတို့၏ မပြတ်စဲခြင်းကြောင့်ပင် ဖြစ်သည်ဟု (သိအပ်၏)။ ဤသို့ (ပြဆိုခဲ့သည့်အတိုင်းပင်) ဖြစ်ခြင်းမျှကို ပဋိစ္စသမုပ္ပါဒ်ဟု ဆိုသောသူအား ကစ္စာနသုတ်နှင့် ဆန့်ကျင်ခြင်း(အပြစ်)လည်း ဖြစ်သည်။

နက်နဲခြင်းနှင့် နည်းတို့၏ မဖြစ်သင့်ခြင်းကြောင့် ဟူရာ၌(ဤသို့ သိအပ်၏။)မြတ်စွာဘုရားသည် "အာနန္ဒာ၊ ပဋိစ္စသမုပ္ပါဒ်သည် နက်လည်း နက်၏၊ နက်ယောင်လည်း ရှိ၏" ဟူသော ဤစကားကို ဟောတော်မူခဲ့ပေသည်။ နက်နဲသည်၏အဖြစ် မည်သည် လေးပါး အပြားရှိ၏၊ ထိုလေးပါး အပြားရှိသော နက်နဲသည်၏အဖြစ်ကို နောက်၌ ဖွင့်ပြပါအံ့၊ ထိုနက်နဲသည်၏အဖြစ်သည် ဖြစ်ခြင်းမျှ၌ မရှိပေ[၂]။ လေးပါး အပြားရှိသော နည်းတို့ဖြင့် တန်ဆာ

---

### မှတ်ချက်

၁- ပဋိစ္စသမုပ္ပါဒ်ကို....လောကသမုဒယဟူ၍....ပြတော်မူအပ်ပေသည်-ဟု စပ်ပါ။

၂- ဤအရာ၌ ကေစိတို့က "ဖြစ်ခြင်းမျှကို ပဋိစ္စသမုပ္ပါဒ်-ဟု ဆိုသည်မဟုတ်ပါ၊ စင်စစ်အားဖြင့်မူအကြောင်းကိုစွဲ၍မှန်စွာဖြစ်ခြင်း—အကြောင်းမှန်ကြောင့် ဖြစ်ခြင်းကိုသာ ပဋိစ္စသမုပ္ပါဒ်ဟု ဆိုပါသည်၊ ထိုအကြောင်းမှန်ကြောင့် ဖြစ်ခြင်းသည်ကား အလွန်နက်နဲပါသည်၊ ဘုရားပစ္စေကဗုဒ္ဓါနှင့် ဘုရားတပည့်များသာလျှင် သိနိုင်ပါသည်"ဟု ချေပဖွယ်ရှိ၏။ အဝိဇ္ဇာ စသော အကြောင်းမှန်ကြောင့်ဖြစ်ခြင်းကို မနက်နဲဟု မဆိုသင့်ပေ၊ အောက်ထစ်ဆုံး အားဖြင့် ဥဒယဗ္ဗယဉာဏ်နှင့်ပြည့်စုံသော ယောဂီတို့သာလျှင် ထိုဖြစ်ခြင်းကို

http://www.dhammadownload.com



ဆင်အပ်သော ဤပဋိစ္စသမုပ္ပါဒ်ကို (ဆရာတို့)ဖွင့်ပြကြကုန်၏[၁]။ ထိုနည်း လေးပါးအပေါင်းသည်လည်း ဖြစ်ခြင်းမျှ၌ မရှိပေ။ ဤဆိုခဲ့သည့်အတိုင်း နက်နဲခြင်းနှင့် နည်းတို့၏ မဖြစ်သင့်ခြင်းကြောင့်လည်း ဖြစ်ခြင်းမျှသည် ပဋိစ္စ သမုပ္ပါဒ် မမည်ပေ။

## သဒ္ဒါနည်းပျက်ခြင်း

၅၇၅။ သဒ္ဒါနည်းပျက်ခြင်းကြောင့် ဟူရာ၌(ဤသို့ သိအပ်၏။)ဤပဋိစ္စ- သဒ္ဒါသည်လည်း[၂] (တခုတည်းဖြစ်၍)တူသော ကတ္တား၌၊ ဝါ၊ ကတ္တား တူ လတ်သော် ရှေးကာလ-ရှေးကြိယာ၌ယှဉ်အပ်သည် ဖြစ်၍ [၃] (ဝါကျ၏ အနက် ကို သိနားလည်ခြင်း ဟူသော)အကျိုးပြီးခြင်းကို ပြုတတ်ပေသည်။ အဘယ် ကဲ့သို့နည်းဟူမူ? စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ-ဟူသော ပါဠိ၌

---

### မှတ်ချက်

ကိုယ်ပိုင်ဉာဏ်ဖြင့် သိနိုင်ကြပေသည်။ ဤအချက်ကို ဝိသုဒ္ဓိမဂ် ဒု၊ ၂၆၇၊ ၂၆၈-တို့၌ ဥဒယ-ဖြစ်ခြင်းမြင်သောဉာဏ်ကိုချီးကျူးထားသော စကားများ နှင့်လည်း နှိုးနှောကြည့်သင့်၏။

၁- ပဋိစ္စသမုပ္ပါဒ်ကို နည်းလေးပါးတို့ဖြင့် တန်ဆာဆင်၍ ဖွင့်ပြကြသည်ဟု ဆိုလို၏။

၂- ဤ ပဋိစ္စသဒ္ဒါသည်လည်း ... ရှေးကြိယာ၌ ယှဉ်အပ်သည်ဖြစ်၍.... အကျိုး ပြီးခြင်းကို ပြုတတ်ပေသည်-ဟု စပ်ပါ။ ဤ၌ "လည်း"-ဟူသော နိပါတ်ဖြင့် အခြား တ္វာပစ္စယန္တများသာမဟုတ်၊ ဤပဋိစ္စသဒ္ဒါသည်လည်းရှေးကြိယာ၌ ယှဉ်အပ်ပါမှ အကျိုးကိုပြီးစေသည်-ဟုပေါင်းဆည်းပြ၏။

၃- နှတွာ ဘုဉ္ဇတိ-ရေချိုးပြီး၍ စား၏-ဟုဆိုရာ၌ ရေချိုးခြင်းကြိယာ စားခြင်း ကြိယာတို့ကို ပြုသူကတ္တားသည် တယောက်တည်းပင် ဖြစ်သည်။ ဘုတွာ သယတိ-စားပြီး၍ အိပ်၏-ဟု ဆိုရာ၌လည်း စားခြင်းကြိယာ အိပ်ခြင်း ကြိယာတို့ကို ပြုသူကတ္တားသည် တယောက်တည်းပင် ဖြစ်သည်။ ထိုအတူ စွဲမှီ၍ဖြစ်ခြင်း-ဟု ဆိုသော ဤအရာ၌လည်း စွဲမှီခြင်းကြိယာနှင့် ဖြစ်ခြင်း ကြိယာတို့မှာ ကတ္တားတခုတည်းရှိသင့်သည်၊ ထိုသို့ ကတ္တားတူသောကြိယာ ၂-ခုရှိရာတွင် ရှေးကြိယာ၌ တွာပစ္စယန္တပုဒ်ကို ယှဉ်ရသည်၊ ထိုသို့ ယှဉ်ပါမှ အကျိုးပြီးခြင်းကို ပြုတတ်သည်ဟု ဆိုလို၏။

http://www.dhammadownload.com



ကဲ့သို့ပင်တည်း[၁]။ ဤကေစိ(အချို့ဆရာတို့၏)ဝါဒ၌ကား ဘာဝသာဓနေ ဖြစ်သော [ဘ၁]ဥပ္ပါဒသဒ္ဒါနှင့် အတူတကွ ယှဉ်အပ်သည် ဖြစ်၍ တူသော ကတ္တား၏ မရှိခြင်းကြောင့် သဒ္ဒါနည်းပျက်ခြင်းသို့ ရောက်၏၊ တစုံတခုသော အကျိုးကိုမျှလည်း မပြီးစေ[၂]။ ဤသို့လျှင် သဒ္ဒါနည်းပျက်ခြင်းကြောင့် လည်း ဖြစ်ခြင်းမျှသည် ပဋိစ္စသမုပ္ပါဒ် မမည်ပေ။

ထိုစကားရပ်၌ "ပဋိစ္စသမုပ္ပါဒေါ ဟောတိ"ဟူ၍ ဟောတိ-သဒ္ဒါနှင့်တကွ ယှဉ်ကုန်အံ့-ဟု တစုံတယောက်က ပြန်လည် ချေပငြားအံ့၊ ထိုစကားသည်

---

မှတ်ချက်

၁- စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ-မျက်စိနှင့် အဆင်းတို့ကို စွဲမှီ၍ စက္ခုဝိညာဏ်ဖြစ်ပေါ်သည်-ဟူရာ၌ စွဲမှီခြင်းကြိယာနှင့် ဖြစ်ပေါ်ခြင်းကြိယာ ၂-ပါးလုံးမှာ စက္ခုဝိညာဏ်-ဟူသော ကတ္တားတခုတည်းသာရှိ၍ ပဋိစ္စ-သဒ္ဒါသည် ဝါကျ၏အနက်ကို သိနားလည်ခြင်း ဟူသော အကျိုးကို ပြီးစေနိုင်သည်။ ထို့အတူပင် ဤ၌လည်း စွဲမှီခြင်းကြိယာနှင့် ဖြစ်ခြင်းကြိယာ ၂-ပါးလုံးမှာ တခုတည်းသောကတ္တား ရှိသင့်သည်-ဟုဆိုလို၏။ ဤအရာတွင် ပုဗ္ဗကာလ၌ တွာပစ္စည်းဖြင့် သဒ္ဒါရုပ်ပြီးပုံကို အကျယ်သိလိုလျှင် ဝိသုဒ္ဓိမဂ် ဋီကာနိဿယ တတိယတွဲ နှာ ၅၄၇-စသည်၊ ၅၆၅-စသည်တို့၌ ကြည့်ပါ။

၂-ကေစိဆရာတို့၏ ဝါဒ၌ သမုပ္ပါဒ-ပုဒ်သည် ကတ္တားဟောမဟုတ် ဘော-ကြိယာဟော ဘာဝသာဓနေဖြစ်၍ ကတ္တားမရှိ၊ ထို့ကြောင့် ရှေးကြိယာ၌ ပဋိစ္စ-ဟု တွာပစ္စည်းဖြင့် သဒ္ဒါရုပ်မပြီးနိုင်။ ကတ္တားတူသော (ကတ္တား တခုတည်းသာရှိသော) ကြိယာ ၂-ခုတို့တွင် ရှေးကြိယာ၌ တွာပစ္စည်း သက်ရမည်ဟူသော သဒ္ဒါစည်းကမ်းပျက်သည်ဟု ဆိုလို၏။ သို့သော် ကေစိ ဆရာတို့အလိုအားဖြင့် ဝိသုဒ္ဓိမဂ် ဒု၊ ၁၀၂-ကြောင်းရေ ၂၀-၌ဂန္တွာ အဘယ-ဌာနေ ဌာနံ-သွားပြီး၍ ဘေးမရှိရာအရပ်၌ တည်ခြင်း-ဟူသော စကား ကဲ့သို့ငှင်း၊ ငှင်း ၁၀၃-ကြောင်းရေ ၁၅-၌ ပလာယိတွာ အဘယဒေသေ ဌာနံ-ပြေးပြီး၍ ဘေးမရှိရာအရပ်၌ တည်ခြင်း-ဟူသော စကားကဲ့သို့ငှင်း၊ ငှင်း ၁၀၄-ကြောင်းရေ ၈ ၌ အာရုယှ နိသီဒနံ တက်ပြီး၍ ထိုင်နေခြင်း-ဟူသောစကားကဲ့သို့ငှင်း၊ ပဋိစ္စ-စွဲမှီ၍၊ သမုပ္ပါဒေါ-မှန်စွာ ဖြစ်ခြင်းဟူသော ဤအနက်သည်လည်း သဒ္ဒါနည်းမပျက်, သင့်ရာပါသည်ဟုချေပဖွယ်ရှိပေ၏။ ဤပုဒ်အနက်မျိုး သဒ္ဒါနည်း မပျက်ကြောင်းကို ဝိသုဒ္ဓိမဂ်မဟာဋီကာ ဒု၊ ၂၃၇၊ ကြောင်းရေ ၂၈-စသည်၌ အကျယ်ရှင်းလင်းပြထားသည်။

http://www.dhammadownload.com



မသင့်ပေ၊ အဘယ်ကြောင့်နည်းဟူမူ? ယှဉ်ခြင်း၏ မရှိခြင်းကြောင့်၎င်း၊ ဖြစ်ခြင်း၏ ဖြစ်ခြင်း(ဥပါဒ်)သို့ ရောက်ခြင်း အပြစ်ရှိခြင်းကြောင့်၎င်း ဖြစ်ပေသည်။ ချဲ့၍ပြအံ့၊ "ပဋိစ္စသမုပ္ပါဒံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ၊ ကတမော စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ။ပ။ အယံ ဝုစ္စတိ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ"ဟူသော ဤပုဒ်တို့တွင် တခုသောပုဒ်နှင့် သော်မှလည်း ဟောတိ-သဒ္ဒါသည် ယှဉ်ခြင်းသို့မရောက်ပေ။ထို့ပြင် ဖြစ်ခြင်းသည်လည်း မဖြစ်တတ်ပေ။အကယ်၍ ဖြစ်တတ်ငြားအံ့၊ ဖြစ်ခြင်း၏လည်း(အသေးစိတ်)ဖြစ်ခြင်းသည် ရောက်လေရာ၏။ ဤတွင် စကားတရပ် ပြီးသည်။

၅၇၆။ အကြင်သူတို့သည်လည်း"ဤသင်္ခါရစသည်တို့၏ အကြောင်းတို့၏ အဖြစ်သည် ဣဒပ္ပစ္စယတာမည်၏၊ "အဖြစ်" ¹မည်သည်လည်း အဝိဇ္ဇာစသည်တို့၏ သင်္ခါရစသည်တို့ ဖြစ်ပေါ်ခြင်း၌ (ဝါ၊ ဖြစ်ပေါ်ရန်) ကျေးဇူးပြုသော အခြင်းအရာဟူသော အကြောင်းပေတည်း၊ ထိုအဝိဇ္ဇာစသည်တို့၏ ဖြစ်ပုံအခြင်းအရာ အထူး၌"ပဋိစ္စသမုပ္ပါဒ်"ဟူသော အမည် (ဖြစ်သည်)"ဟု ထင်မှတ်ကုန်၏၊ ထိုသူတို့၏ ထိုထင်မှတ်ခြင်းသည် မသင့်ပေ။ အဘယ်ကြောင့်နည်းဟူမူ? အဝိဇ္ဇာစသည်တို့၏ အကြောင်းအဖြစ်ကို ဟောတော်မူသောကြောင့်ပေတည်း။ ဟောပုံကို ချဲ့၍ ပြရလျှင် မြတ်စွာဘုရားသည်"အာနန္ဒာ၊ ထို(သို့ဘဝအသစ်ဖြစ်ခြင်း မရှိလျှင် အိုခြင်း သေခြင်း မရှိနိုင်သော)ကြောင့် ဤအရာ၌ ဘဝအသစ် ဖြစ်ခြင်းဟူသော ဤသဘောသည်သာလျှင် အိုခြင်း သေခြင်း၏ မူလ အကြောင်းတည်း၊ ဤသဘောသည်သာလျှင် အပ်နှင်းသော အကြောင်းတည်း၊ ဤသဘောသည်သာလျှင် ဖြစ်ပေါ်ကြောင်းတည်း၊ ဤသဘောသည်သာလျှင် အထောက်အပံ့ အကြောင်းတည်း။ပ။ မသိမှု (အဝိဇ္ဇာ)ဟူသော ဤသဘောသည်သာလျှင် ပြုပြင်အားထုတ်မှု (သင်္ခါရ)တို့၏ (မူလအကြောင်းတည်း ---- အထောက်အပံ့ အကြောင်းတည်း)" ဟူသော ဤစကားဖြင့် မသိမှု(အဝိဇ္ဇာ)စသည် တို့ကိုသာလျှင် အကြောင်းဟု ဟောတော်မူ(အပ်)ပေသည်၊ ထိုမသိမှု စသည်တို့၏ ဖြစ်ပုံအခြင်းအရာအထူးကို (အကြောင်းဟု) ဟောတော်မမူ (အပ်)ပေ။

---

**မှတ်ချက်**

၁-ဘာဝ, အဖြစ်, ဖြစ်ကြောင်း-အရတူ၏၊ သဒ္ဒပဝတ္တိနိမိတ်ကိုရ၏။ပါဠိပညာရှင်တို့၏ အရသာဖြစ်သည်။

http://www.dhammadownload.com



ထို့ကြောင့် "အကြောင်းတရားတို့ကို ပဋိစ္စသမုပ္ပါဒ်ဟူ၍ သိအပ်ကုန်၏"ဟု ငါ ဆိုအပ်ခဲ့သော စကားကို မှန်ကန်စွာ ဆိုအပ်သော စကားဟု သိအပ်၏။

## ပဋိစ္စသမုပ္ပါဒပုဒ်၏ ဝစနတ္ထများ

၅၇၄။ ဆက်၍ ဆိုဦးအံ့၊ "ပဋိစ္စသမုပ္ပါဒ်"ဟူသော ဤသဒ္ဒါရုပ်ဖြင့် "ဖြစ်ခြင်းကိုသာလျှင် ဤပဋိစ္စသမုပ္ပါဒ်"ဟု ဟောတော်မူအပ်သည်ဟူ၍ ဖြစ်သော ထင်မှတ်ခြင်းကိုဤ(ပဋိစ္စသမုပ္ပါဒေါ-ဟူသော)ပုဒ်၏ ဤဆိုလတ္တံ့သော အနက်ကို ယူ၍ ငြိမ်းစေအပ်၏။ မှန်ပေ၏၊ မြတ်စွာဘုရားသည် --

> ထိုအကြောင်းအပေါင်းကြောင့် ဖြစ်သော အကျိုးတရား အပေါင်း၌ ဤ ပဋိစ္စသမုပ္ပါဒ - သဒ္ဒါကို နှစ်ပါးအပြား အားဖြင့် (အလိုရှိကြ၏)၊ ထို့ကြောင့် ထိုအကျိုးတရားတို့၏ အကြောင်းဖြစ်သော ဤအဝိဇ္ဇာ အစရှိသော အကြောင်းကို ဖလူပစာအားဖြင့် ဤသို့ (ပဋိစ္စသမုပ္ပါဒ်ဟူ၍) ဟောတော်မူ(အပ်)၏။

ချဲ့၍ ပြအံ့၊ အကြောင်းအပေါင်းကြောင့် ဖြစ်သော အကျိုးတရား အပေါင်း၌ ပဋိစ္စသမုပ္ပါဒ-ဟူသော ဤသဒ္ဒါကို နှစ်ပါး အပြားအားဖြင့်(ဆရာတို့) အလိုရှိကြလေသည်။ အလိုရှိကြပုံမှာ-ထိုအကျိုး တရားအပေါင်းသည် မျက်မှောက် သိအပ်သည်ရှိသော် (လောကုတ္တရာ) စီးပွါးအလို့ငှါရင်း၊ (လောကုတ္တရာ) ချမ်းသာအလို့ငှါရင်း ဖြစ်၏၊ ထို့ကြောင့် ထိုအကျိုးတရား အပေါင်းကို ပညာရှိတို့သည် မျက်မှောက် သိခြင်းငှါ ထိုက်ကုန်၏၊ ထိုသို့ မျက်မှောက် သိထိုက်သောကြောင့် (ထိုအကျိုးတရား အပေါင်းသည်)ပဋိစ္စ မည်၏။[၁] ထို့ပြင် (ထိုအကျိုးတရားအပေါင်းသည်) ဖြစ်လတ်သော် အတူ

---

### မှတ်ချက်

၁· ပဋိ-မျက်မှောက် + ဣစ္စ-သိအပ် - သိထိုက်သော အကျိုးတရား=ပဋိစ္စ-မျက်မှောက် သိအပ်-သိထိုက်သော အကျိုးတရား။ ဤအလိုအားဖြင့် ဤ ပဋိစ္စ-သဒ္ဒါသည် တ္ဝာပစ္စယန္တ မဟုတ်၊ တျ-ပစ္စယန္တဖြစ်၍ ပဋိစ္စော ပဋိစ္စာ ပဋိစ္စံ-ဟု လိင်သုံးပါးရှိသော သဒ္ဒါဖြစ်သည်။ ဤတိလိင် ပဋိစ္စ-သဒ္ဒါကို ပါဠိပိဋကတ်၌ ထင်ရှားမတွေ့ရ၊ ပဋိသမ္ဘိဒါမဂ်ပါဠိ နှာ ၅၀-၌ အဝိဇ္ဇာ ပဋိစ္စ-စသည်ဖြင့် ရှိရာတွင်လည်း ယင်း၏ အဋ္ဌကထာ၌ တျပစ္စယန္တ တ္ဝာပစ္စယန္တ ၂-မျိုးလုံး

http://www.dhammadownload.com



တက္ကလည်း (ဖြစ်၏)၊ တခု တခုချင်း မဖြစ်၊ မှန်ကန်စွာလည်း ဖြစ်၏၊ အကြောင်းမဲ့အားဖြင့် (ဝါ၊ မဆိုင်သော အကြောင်းကြောင့်)လည်း မဖြစ်၊ ထို့ကြောင့် သမုပ္ပါဒလည်း မည်၏[၁]။ ဤသို့လျှင် ထိုအကျိုးအပေါင်းသည် မျက်မှောက် သိထိုက်၍ ပဋိစ္စလည်းမည်၊ အတူတကွ မှန်စွာ ဖြစ်တတ်၍ သမုပ္ပါဒလည်း မည်သောကြောင့် ပဋိစ္စသမုပ္ပါဒ မည်ပေသည်[၂]။ တနည်းသော်ကား အတူတကွ ဖြစ်တတ်သောကြောင့် သမုပ္ပါဒ မည်၏[၃]။ သို့သော်လည်း အကြောင်းတို့၏ ညီညွတ်ခြင်းကိုစွဲ၍ မစွန့်မူ၍ (သာလျှင် ဖြစ်တတ်၏၊) ထို့ကြောင့် ဤသို့လည်း ပဋိစ္စသမုပ္ပါဒ မည်ပြန်ပေသည်[၄]။ ဆက်၍ ဆိုဦးအံ့၊ ဤအဝိဇ္ဇာအစရှိသော အကြောင်းအပေါင်းသည် (ပဋိစ္စသမုပ္ပါဒ မည်သော သင်္ခါရစသော) ထိုအကျိုးအပေါင်း၏ အကြောင်းဖြစ်ပေသည်။ ဤသို့ (ပဋိစ္စသမုပ္ပါဒမည်သော) ထိုအကျိုးတရား အပေါင်း၏ အကြောင်းဖြစ်သောကြောင့် ဤအဝိဇ္ဇာ အစရှိသော အကြောင်းအပေါင်းကိုလည်း[၅]

---

## မှတ်ချက်

ဖွင့်ပြထားသောကြောင့် မပြတ်သားပဲရှိ၏။ စက္ကူ၌ ပဋိစ္စ-စသည်ဖြင့် တွဲပစ္စယန္တသာလျှင် အထင်အရှားတွေ့ရ၏။

၁- သံ-တက္က-တပေါင်းတည်း + ဝါ-မှန်စွာ+ဥပ္ပါဒ - ဖြစ်ပေါ်သည် = သမုပ္ပါဒ-တပေါင်းတည်းမှန်စွာ ဖြစ်ပေါ်သော အကျိုးတရား။

၂- ပဋိစ္စ-မျက်မှောက်သိထိုက်သော+သမုပ္ပါဒ-တပေါင်းတည်း မှန်စွာဖြစ်သော အကျိုးတရား=ပဋိစ္စသမုပ္ပါဒ-မျက်မှောက် သိထိုက်သော တပေါင်းတည်း မှန်စွာဖြစ်သော အကျိုးတရား။ ဤဝစနတ္ထအလို သဒ္ဒါနက်အားဖြင့်အကျိုးတရားကိုသာ မှုချရ၏၊ ပဋိစ္စသမုပ္ပန္န-နှင့် အရတူလျက်ရှိ၏။

၃- သံ-အတူတကွ+ဥပ္ပါဒ - ဖြစ်သောတရား = သမုပ္ပါဒ - အတူတကွ တပေါင်းတည်းဖြစ်သောတရား။

၄-ပဋိစ္စ-အကြောင်း ညီညွတ်ခြင်းကိုစွဲ၍+သမုပ္ပါဒ-တပေါင်းတည်း ဖြစ်သောတရား=ပဋိစ္စသမုပ္ပါဒ-အကြောင်း ညီညွတ်ခြင်းကိုစွဲ၍ တပေါင်းတည်း ဖြစ်သောတရား။ မှုချအားဖြင့် အကျိုးတရားကိုပင်ရ၏၊ ပဋိစ္စသမုပ္ပန္န-နှင့် အရတူပင်ဖြစ်သည်။

၅-အကြောင်းအပေါင်းကိုလည်း....ပဋိစ္စသမုပ္ပါဒ်ဟူ၍သာလျှင် ဖလူပစာ(....) ဖြင့်ဟောတော်မူ(အပ်)သည်-ဟု စပ်ပါ။

http://www.dhammadownload.com



လောက၌ သလိပ်၏ အကြောင်းဖြစ်သော တင်လဲကို "တင်လဲသည် သလိပ်ပင်"ဟု ဆိုအပ်သကဲ့သို့ရင်း၊ သာသနာတော်၌ ချမ်းသာ၏ အကြောင်းဖြစ်သော မြတ်စွာဘုရားတို့၏ ပွင့်တော်မူခြင်းကို "မြတ်စွာဘုရားတို့၏ ပွင့်တော်မူခြင်းသည် ချမ်းသာ၏"ဟု ဟောအပ်သကဲ့သို့ရင်း ထို့အတူ ပဋိစ္စသမုပ္ပါဒဟူ၍သာလျှင်ဖလူပစာ(အကျိုး၏အမည်ဝေါဟာရ)ဖြင့်ဟောတော်မူ(အပ်)သည်ဟူ၍ သိအပ်၏[၁]။

၅၇၈။ တနည်း ဝစနတ္ထကား —

အကြင် အကြောင်းအပေါင်းကို ရှေးရှုရောက်အပ်၏၊ ထို့ကြောင့် ဤအကြောင်းအပေါင်းကို ပဋိစ္စ-ဟူ၍ ဆိုအပ်၏။ ထို့ပြင် အတူတကွ (တပေါင်းတည်း) ဖြစ်သော အကျိုးတရားတို့ကို ဖြစ်စေတတ်သောကြောင့် ထိုအကြောင်းအပေါင်းကို သမုပ္ပါဒ-ဟူ၍ လည်း ဆိုအပ်၏။

ချဲ့၍ ပြအံ့၊ ဤပြဆိုခဲ့ပြီးသော အကြင်အကြောင်းအပေါင်းကို သင်္ခါရစသည်တို့၏ ထင်ရှားဖြစ်ခြင်းငှါ အဝိဇ္ဇာ အစရှိသော တခုတခုသော အကြောင်းကို ခေါင်းတပ်သဖြင့် (ပဋိစ္စသမုပ္ပါဒ် ဒေသနာ၌) ညွှန်ပြထားအပ်၏၊ ထိုအကြောင်းအပေါင်းကို[၂](မိမိနှင့်)ဆိုင်ရာ အကျိုးကို ပြီးစေတတ်သောသဘောအားဖြင့်ရင်း၊ ချို့တဲ့ခြင်းမရှိသောသဘောအားဖြင့်ရင်း အကြောင်းညီညွတ်ခြင်း၏ အင်္ဂါဖြစ်သော အစိတ်အကြောင်းတို့တွင် အချင်းချင်းသည် ရှေးရှုရောက်အပ်၏-ဟု ဝစနတ္ထပြု၍ ပဋိစ္စ-ဟု ဆိုအပ်၏[၃]။ ထိုသို့ ပဋိစ္စ-ဟု

---

၁-ဤဝစနတ္ထ ၂-နည်း၌ ပဋိစ္စသမုပ္ပန္န-သဒ္ဒါကဲ့သို့ပင် မုချအားဖြင့် အကျိုးတရားကိုသာရ၏။ ထိုအကျိုး၏ ပဋိစ္စသမုပ္ပါဒ-ဟူသော အမည်ကို အကြောင်း၌ တင်စား၍ အကြောင်းတရားကိုပင် ပဋိစ္စသမုပ္ပါဒ-ဟု ဟောတော်မူသည်-ဟု ဆို၏။

၂-ထိုအကြောင်းအပေါင်းကို.... ပဋိစ္စ-ဟု ဆိုအပ်၏-ဟု စပ်ပါ။

၃-ပဋိ-ရှေးရှု+ဣစ္စ - ရောက်အပ်သည်=ပဋိစ္စ - အကြောင်းတရား အချင်းချင်း ရှေးရှုရောက်အပ်သည်။ သုံးချောင်းထောက်များ၌ တချောင်းတချောင်းက အခြား ၂-ချောင်းကို မှီရသကဲ့သို့ ဆိုင်ရာအကျိုး ပြီးစေရန်အတွက်ရင်း၊ မိမိတို့အကြောင်းအင်္ဂါစုံလင်ညီညွတ်စေရန်အတွက်ရင်း အချင်းချင်း ရှေးရှုကပ်ရောက်အပ်သည်၊ စွဲမှီအပ်သည်ဟူ၍ပင် ဆိုလို၏။ အကြောင်းတရားကိုပင်ရ၏။

http://www.dhammadownload.com



ဆိုအပ်သော ဤအကြောင်းသည် တကွသာလျှင် ဖြစ်ကြသော အချင်းချင်း အသီးအခြား မခွဲခြမ်းအပ်သော ဖြစ်ခြင်းရှိကြသော အကျိုးတရား တို့ကို ဖြစ်စေတတ်သောကြောင့် သမုပ္ပါဒ-ဟူ၍လည်း ဆိုအပ်၏[၁]။ ဤနည်းဖြင့် လည်း ထိုအကြောင်းအပေါင်းသည် ပဋိစ္စလည်းမည်၍ သမုပ္ပါဒလည်း မည်သောကြောင့် ပဋိစ္စသမုပ္ပါဒ မည်ပေသည်[၂]။

၅၇၉။ ဝစနတ္ထ နည်းတမျိုးကား....

(အဝိဇ္ဇာ အစရှိသော) ဤအကြောင်းအပေါင်းသည် အချင်းချင်း စွဲမှီ၍ (သာလျှင်) အကျိုးတရားတို့ကိုအညီအညွတ်ငဲ့၊ တကွငဲ့ ဖြစ် စေတတ်၏။ ထိုကြောင့်လည်း ဤသို့(ပဋိစ္စသမုပ္ပါဒဟူ၍) ဤသာသ နာတော်၌ မြတ်စွာဘုရား ဟောကြားတော်မူ (အပ်) ပေသည်။

ချဲ့၍ပြအံ့၊ အဝိဇ္ဇာအစရှိသည်ကို ခေါင်းတပ်သဖြင့် (ခေါင်းတပ်၍) ညွှန်ပြအပ်သော အကြောင်းတို့တွင် အကြင်အကြောင်းတို့သည် သင်္ခါရအစ ရှိသော အကျိုးတရားကို ဖြစ်စေတတ်ကုန်၏။ ထိုဖြစ်စေတတ်သော အ ကြောင်းတို့သည် အချင်းချင်း ချို့တဲ့ခြင်း ရှိလတ်သော် (အကြောင်းအင်္ဂါ မစုံလင်လတ်သော်) ဖြစ်စေရန် မစွမ်းနိုင်ကြသောကြောင့် အချင်းချင်းကိုမစွဲ မှီမူ၍ကား မဖြစ်စေနိုင်ကုန်။ ထို့ကြောင့် ဤအဝိဇ္ဇာ အစရှိသော အကြောင်း အပေါင်းသည် (အချင်းချင်းကို)စွဲမှီ၍ အကျိုးတရားတို့ကို တစိတ်တဒေသ မျှသာ မဟုတ်မူ၍ အညီအညွတ်လည်း(ဖြစ်စေတတ်၏)၊ ရှေးနောက်ကျ သည်၏အဖြစ်ဖြင့် မဟုတ်မူ၍ တကွ (တပေါင်းတည်း တပြိုင်နက်)လည်း ဖြစ်စေတတ်၏။ ထို့ကြောင့် မှန်ကန်သောအနက် (ပရမတ္ထ)သို့ အစဉ်လိုက် သော အမည်ဝေါဟာရ၌ ကျွမ်းကျင်တော်မူသော မြတ်စွာဘုရားသည် ဤ

---

၁-သံ-တပေါင်းတည်း ဖြစ်တတ်သော အကျိုးတရားတို့ကို+ဥပ္ပါဒ-ဖြစ်စေတတ် သောတရား=သမုပ္ပါဒ-တပေါင်းတည်း ဖြစ်တတ်သော အကျိုးတရားတို့ကို ဖြစ်စေတတ်သောတရား။

၂-ပဋိစ္စ-အချင်းချင်း ရှေးရှု ကပ်ရောက်အပ်သည် ဖြစ်၍+သမုပ္ပါဒ-တပေါင်း တည်း ဖြစ်တတ်သော အကျိုးတရားတို့ကို ဖြစ်စေတတ်သော အကြောင်း တရား=ပဋိစ္စသမုပ္ပါဒ-အချင်းချင်း ရှေးရှု ကပ်ရောက်အပ်သည် ဖြစ်၍ တပေါင်းတည်း ဖြစ်တတ်သော အကျိုးတရားတို့ကို ဖြစ်စေတတ်သော အကြောင်းတရား။

http://www.dhammadownload.com



သာသနာတော်၌ ဤသို့ ဟောတော်မူအပ်၏၊ "ပဋိစ္စသမုပ္ပါဒ် ဟူ၍သာလျှင် ဟောတော်မူအပ်သည်"- ဤကား "ဧဝံ ဘာသိတာ-ဤသို့ ဟောတော်မူအပ်၏"-ဟူသော စကား၏ ဆိုလိုရင်း အနက်ဖြစ်သည်။[၁]

၅၀၀။ အကျိုးကား ဤသို့ ဟောတော်မူသော မြတ်စွာဘုရားသည်....

(ပဋိစ္စ-ဟူသော) ရှေ့ပုဒ်ဖြင့် သဿတဝါဒ စသည်တို့၏ မရှိခြင်းကို (ပြတော်မူအပ်၏)။ (သမုပ္ပါဒ-ဟူသော)နောက်ပုဒ်ဖြင့် ဥစ္ဆေဒဝါဒ စသည်တို့ကို ဖျက်ဆီးပယ်ဖျောက်ခြင်းကို (ပြတော်မူအပ်၏)။ (ပဋိစ္စ သမုပ္ပါဒ-ဟူသော) နှစ်ပုဒ်အပေါင်းဖြင့် မဇ္ဈိမပဋိပဒါ အကျင့်ကို ပြတော်မူ(အပ်)၏။

ရှေ့ပုဒ်ဖြင့် ဟူရာ၌ (ဤသို့ သိအပ်၏၊) အကြောင်းတို့၏ ညီညွတ်ခြင်းကို ပြသော ပဋိစ္စ-ပုဒ်ဖြင့် မပြတ်ဖြစ်သော ဝဋ်သုံးပါး တရားတို့၏ အကြောင်း ညီညွတ်ခြင်း၌(နှင့်)စပ်သောဖြစ်ခြင်းရှိသောကြောင့် သဿတဝါဒ[၂] အဟေတုဝါဒ[၃] ဝိသမဟေတုဝါဒ[၄] ဝသဝတ္တိဝါဒ[၅] အပြားရှိကုန်သော သဿတဝါဒ

---

၁-ပဋိစ္စ-အချင်းချင်းကို စွဲမှီ၍+သမုပ္ပါဒ-အကျိုးတရားတို့ကို အညီအညွတ် တပြိုင်နက် ဖြစ်စေတတ်သောတရား=ပဋိစ္စသမုပ္ပါဒ-အချင်းချင်းကို စွဲမှီ၍ အကျိုးတရားတို့ကို အညီအညွတ် တပြိုင်နက် ဖြစ်စေတတ်သောတရား။ ပဋိစ္စ သမုပ္ပါဒ်ဟူ၍သာလျှင်-ဟူသောစကားဖြင့် ဤသို့-ဟူသော ပုဒ်၏ ဆိုလိုရင်း အနက်ကို ဖွင့်ပြသည်။

၂-ပုဂ္ဂိုလ်သတ္တဝါဟုခေါ်သောအတ္တကောင်သည်ပျက်စီးခြင်းမရှိ၊ခန္ဓာကိုယ်ကြီး ပျက်စီးသွားသော်လည်း သူကမပျက်၊ တနေရာရာ၌ တည်မြဲတည်လျက် ရှိသည်ဟု ယူဆပြောဆိုသောဝါဒသည် သဿတဝါဒမည်၏။

၃-ချမ်းသာခြင်းဆင်းရဲခြင်းသည် အကြောင်းမရှိ၊ အဆင်သင့်သည်အားလျော်စွာ အလိုလိုဖြစ်ပေါ်သည်ဟု ယူဆပြောဆိုသော ဝါဒသည် အဟေတုဝါဒ မည်၏။

၄-ပကတိ အဏု ကာလစသည်တို့၏ အစွမ်းဖြင့် လောက ဖြစ်နေသည်ဟု ယူဆ ပြောဆိုသောဝါဒသည် ဝိသမဟေတုဝါဒ-မညီညွတ်သော အကြောင်း-မှား ယွင်းသောအကြောင်းကို ယုံကြည်သောဝါဒ မည်၏။

၅-ဣဿရ ပုရိသ ပဇာပတိဟုခေါ်သော ဘုရားသခင်က ဖန်ဆင်းခြင်းကြောင့် ဖြစ်သည်ဟု ယူဆပြောဆိုသောဝါဒသည် ဝသဝတ္တိဝါဒ-ဘုရားသခင်၏ အလို အတိုင်းဟု ယုံကြည်သောဝါဒ မည်၏။

http://www.dhammadownload.com



စသည်တို့၏ မရှိခြင်းကို ပြတော်မူ(အပ်)၏။ မှန်ပေ၏၊ သဿတဝါဒတို့အား သော်၎င်း၊ အဟေတု(အကြောင်းမရှိ)စသည်၏ အစွမ်းအားဖြင့် ဖြစ်သော ဝါဒတို့အားသော်၎င်း အကြောင်းတို့၏ ညီညွတ်ခြင်းဖြင့် အဘယ်အကျိုးရှိ အံ့နည်း၊ဤသို့ သိအပ်၏။ **နောက်ပုဒ်ဖြင့်** ဟူရာ၌(ဤသို့ သိအပ်၏၊) (သင်္ခါရ အစရှိသော အကျိုး)တရားတို့၏ ဖြစ်ပေါ်ခြင်းကို ပြတတ်သော သမုပ္ပါဒ-ပုဒ်ဖြင့်အကြောင်းတို့၏ညီညွတ်ခြင်းရှိလတ်သော် အကျိုးတရားတို့၏ဖြစ်ခြင်း ကြောင့် ဥစ္ဆေဒဝါဒ[1] နတ္ထိကဝါဒ[2] အကိရိယဝါဒ[3] တို့ကို ဖျက်ဆီးပယ်ဖျောက် အပ်ကုန်၏။ ထို့ကြောင့် ဥစ္ဆေဒဝါဒစသည် ဖျက်ဆီးပယ်ဖျောက်ခြင်းကို ပြ တော်မူ(အပ်)၏။ မှန်ပေ၏၊ ရှေးရှေးအကြောင်း၏ အစွမ်းအားဖြင့် အကျိုး တရားတို့သည် အဖန်ဖန်အထပ်ထပ် ဖြစ်နေကုန်လတ်သော် ပြတ်စဲခြင်းသည် ၎င်း၊ ဝါ၊ ဥစ္ဆေဒဝါဒသည်၎င်း၊ နတ္ထိကဝါဒ အကိရိယဝါဒတို့သည်၎င်း အဘယ် မှာ ဖြစ်နိုင်ကြပါအံ့နည်း၊ ဤသို့ သိအပ်၏။ **နှစ်ပုဒ်အပေါင်းဖြင့်** ဟူရာ၌ (ဤသို့ သိအပ်၏၊) အလုံးစုံသော **ပဋိစ္စသမုပ္ပါဒ**-ဟူသော သဒ္ဒါဖြင့် ထိုထို အကြောင်းတို့၏ ညီညွတ်ခြင်း ရှိလတ်သော် အကြောင်းအကျိုးအစဉ်ကို မပြတ်စေမူ၍ ထိုထိုအကျိုးတရားတို့၏ ဖြစ်သင့်ခြင်းကြောင့်[4] (၁)မဇ္ဈိမ ပဋိပဒါခေါ် အလယ်လမ်းအကျင့်[5], (၂) ''ထိုခံစားရမည့်သူပင် ပြုသည်၊ ထိုပြုသူပင် ခံစားသည်(ဟူ၍၎င်း)၊ တပါးသောသူက ပြုသည်၊ တပါးသော

---

၁-သေသောအခါ သတ္တဝါသည် လုံးဝမရှိတော့ပဲ ပြတ်စဲသွားသည်ဟု ယူဆ ပြောဆိုသောဝါဒသည် ဥစ္ဆေဒဝါဒမည်၏။

၂-ကုသိုလ်ကံ အကုသိုလ်ကံ၏အကျိုးမရှိဟု ယူဆပြောဆိုသောဝါဒသည် နတ္ထိက ဝါဒမည်၏။

၃-သတ်ခြင်း၊ ခိုးယူလုယက်ခြင်း-စသည်ကိုပြုသော်လည်း အကုသိုလ်ကံ မဖြစ်၊ ပေးလှူခြင်း၊ သတ်မှုမှကြဉ်ရှောင်ခြင်း-စသည်ကိုပြုသော်လည်း ကုသိုလ်ကံ မဖြစ်-ဟု ယူဆပြောဆိုသောဝါဒသည် အကိရိယဝါဒမည်၏။

၄-ထိုထိုအကျိုးတရားတို့၏ဖြစ်သင့်ခြင်းကြောင့်.... အကျင့်လမ်းမှန်ကိုပြတော်မူ (အပ်)၏-ဟုစပ်ပါ။

၅-သဿတ ဥစ္ဆေဒ-ဟု ဆိုအပ်သော အဖို့-အစွန်း ၂-ပါးသို့ မကပ်ရောက်မူ၍ ဆိုင်ရာအကြောင်းတို့ကြောင့် သင့်လျော်သောအကျိုး၏ဖြစ်ခြင်းကို ဤ အရာ၌ အလယ်လမ်းအကျင့်-ဟု ဆိုလို၏။

http://www.dhammadownload.com



သူက ခံစားသည် ဟူ၍ရင်း”(ဖြစ်သော) ဝါဒကို ပယ်ခြင်း[၁], (၃) မိန်းမ ယောကျ်ား စသော နယ်ပယ် အရပ်သုံး စကားဥ္စ မြဲမြံစွာ နှလုံးမသွင်းခြင်း[၂], (၄) လောကသုံး အမည် ပညတ်ကို မကျော်လွန်ခြင်း (မပယ်ခြင်း)[၃] ဟူသော သိသင့် သိထိုက်သော အကျင့်လမ်းမှန်ကို ပြတော်မူ(အပ်)၏။ ဤသည်ကား ရှေးဦးစွာ **ပဋိစ္စသမုပ္ပါဒ**-ဟူသော သဒ္ဒါမျှ၏ အနက်ပေတည်း။[၄]

## ပဋိစ္စသမုပ္ပါဒ် အနက်အဖွင့်ခဲယဉ်းပုံ

၅၈၁။ ထိုမှတပါးသော အနက်ကား ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူသော မြတ်စွာဘုရားသည် “အဝိဇ္ဇာပစ္စယာ သင်္ခါရာ”ဤသို့ အစရှိသော

---

၁-ကမ္မဝဋ္ဋနှင့်ဝိပါကဝဋ္ဋသည် သဘောအားဖြင့်ရင်း၊ ဖြစ်ရာကာလအားဖြင့်ရင်း ကွဲပြားသောကြောင့် ပဋိစ္စသမုပ္ပါဒ်ကို သိသူအား “ပြုသူသည်ပင် ခံစားရသည်”ဟူသောအယူဝါဒကင်း၏။ ကံဖြစ်ခဲ့သော ရုပ်နာမ်အစဉ် သန္တာန်၌ပင် လျှင် အကျိုးဖြစ်ပေါ်ခြင်းကြောင့် “ပြုသူက တခြား၊ ခံစားသူက တခြား” ဟူသော အယူဝါဒလည်း ကင်း၏။ အဘယ်ကြောင့်နည်းဟူမူ ဧကတ္တနည်း အရအားဖြင့် ပြုခိုက်ရုပ်နာမ်နှင့် ခံစားခိုက်ရုပ်နာမ်သည် တခုတည်းသော အစဉ်၌ဖြစ်၍ တယောက်တည်းပင်ဟု ဆိုအပ်သောကြောင့်ပေတည်း။

၂-ပဋိစ္စသမုပ္ပါဒ်ကို သိသူမှာ အကြောင်းအကျိုး ရုပ်နာမ် အစဉ်မျှသာဟု သဘောကျနေသောကြောင့် သာမန်ပုဂ္ဂိုလ်များမှာကဲ့သို့ နယ်ပယ် အရပ်သုံးစကား အမည်ပညတ်အရာ၌ မိန်းမစင်စစ်-ယောကျ်ားစင်စစ် စသည် အနေအားဖြင့် မြဲမြံစွာစွဲလမ်းမှုကင်း၏။

၃-သတ္တဝါ ဟူသည်မှာ ရုပ်ကိုဆိုသလော၊ ဝေဒနာ စသည်တို့ကို ဆိုသလော စသည်ဖြင့် ဝေဘန်ခွဲခြားခြင်းကိုမပြုမူ၍ ခေါ်ဝေါ်ပြောဆိုရိုးအတိုင်းသတ္တဝါ ယောကျ်ား-မိန်းမ အိုးခွက်-စသည်ဖြင့် ပြောဆို သုံးစွဲခြင်းသည် လောကသုံး အမည်ပညတ်ကို မကျော်လွန်ခြင်း-မပယ်ခြင်းမည်၏။

၄-ဤအရာ၌ ဋီကာဆရာဖွင့်ပြသော ဝစနတ္ထအထူးတခုကို ထုတ်ပြအံ့။

ပဋိစ္စ-စွဲမှီသင့်သော အကြောင်းကို စွဲမှီ၍+သံ-စပ်သော အကျိုး၏+ဥပ္ပါဒ-ဖြစ်ခြင်း=ပဋိစ္စသမုပ္ပါဒ-စွဲမှီသင့်သောအကြောင်းကိုစွဲမှီ၍ စပ်ရာ အကျိုး၏ ဖြစ်ခြင်း။ အတိုချုပ်အားဖြင့် စွဲမှီ၍ အကျိုး၏ဖြစ်ခြင်းဟုဆိုလို၏။ ပြခဲ့သော အဋ္ဌကထာ ဝစနတ္ထများထက် မှတ်ရန်လွယ်ကူပေ၏။ သို့သော် အကျိုး၏ ဖြစ်ခြင်းမျှကို မယူပဲ ဖြစ်စေတတ်သော သတ္တိနှင့်တကွ အကြောင်းကို ပဋိစ္စ

http://www.dhammadownload.com



နည်းဖြင့် စကားအစဉ် ပါဠိတော်ကို ချထားတော်မူခဲ့၏။ ထိုပဋိစ္စသမုပ္ပါဒ် ပါဠိတော်၏ အနက်အဖွင့်ကို ပြုလိုသော ဆရာသည် ခွဲခြမ်းဝေဘန်၍ ဆိုလေ့ ရှိသော ပုဂ္ဂိုလ်အပေါင်းသို့၊ ဝါ၊ခွဲခြမ်းဝေဘန်၍ ဆိုလေ့ရှိသော မြတ်စွာဘုရား ၏ တပည့်ပရိသတ်သို့ သက်ဝင်ပြီးလျှင် ဆရာတို့ကို မစွပ်စွဲသည်ဖြစ်၍ ၎င်း ၁၊ သာသနစမ္မ တည်းဟူသော မိမိအယူကို၊ ဝါ၊ မဟာဝိဟာရဝါသီ ဂိုဏ်းသားတို့ ၏ ဝါဒတည်းဟူသော မိမိအယူကို မကျော်လွန်သည်ဖြစ်၍၎င်း၊ သာသနာပ တိတ္ထိတည်းဟူသော သူတပါးတို့၏ အယူကို၊ ဝါ၊ အဘယဂိရိဂိုဏ်းသား စ

---

သမုပ္ပါဒ်-ဟု ကောက်ယူရန်လည်း ညွှန်ပြသွား၏။ အဋ္ဌကထာ၌ ပြခဲ့သော ဖလူပစာမျိုးပင်ဟု ယူရာ၏။ ဤဝစနတ္ထ၌ ကေစိတို့၏ ဝစနတ္ထကဲ့သို့ပင် သဒ္ဒါနည်းပျက်ခြင်းအပြစ် မဖြစ်ရာပြီလောဟု စောဒနာဖွယ်ရှိသောကြောင့် ထိုအချက်ကိုလည်း ကျယ်ပြန့်စွာ ဖြေရှင်းပြထားသည်။

ဤအရာ၌ထုတ်ပြသော ဝစနတ္ထတို့တွင် ကေစိတို့၏ ဝစနတ္ထကို "သဘာဝ ကျ၍ အရှင်းဆုံး အဖြောင့်ဆုံး"ဟု သဘောကျ၏။ ထိုဝစနတ္ထ၌ သမုပ္ပါဒမှ သံ-သဒ္ဒါကို "ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊ အဝိဇ္ဇာသမုဒယာ ရူပ-သမုဒယော"အစရှိသောပါဠိတို့၌ သမုဒယမှ သံ-သဒ္ဒါကဲ့သို့ အနက်ထူးမရှိဟု ဆိုလျှင် သာ၍ရှင်းလင်းရာ၏။ အကြောင်းမူကား ပဋိစ္စသမုပ္ပါဒ်ကို မြတ်စွာ ဘုရားဟောတော်မူခြင်းသည် အကျိုးတရားတို့မှန်စွာအညီအညွတ်တပေါင်း တည်း ဖြစ်မဖြစ်၊ စပ်သောအကျိုး ဟုတ်မဟုတ်ကို သိစေလိုရင်းကြောင့် မဟုတ်ပေ။ "အဝိဇ္ဇာ အစရှိသောအကြောင်းကြောင့် သင်္ခါရ အစရှိသော အကျိုးတရားမျှသာ, တနည်းအားဖြင့် ဆင်းရဲအစုမျှသာ ဖြစ်ခြင်း ရှိသည်၊ ချမ်းသာဟူ၍၎င်း, အစဉ်တည်နေသော ပုဂ္ဂိုလ်သတ္တဝါ အတ္တကောင်ဟူ၍ ၎င်း မရှိ"ဟု သိစေလိုရင်းကြောင့်သာလျှင် ဖြစ်ပေသည်။ ဤအချက်ကို လေးနက်စွာ နှလုံးသွင်းဆင်ခြင်ပါကုန်။ ထိုကြောင့် ပဋိစ္စ-အကြောင်းကို စွဲမှီ၍ + သမုပ္ပါဒ-အကျိုး၏ဖြစ်ပေါ်ခြင်း = ပဋိစ္စသမုပ္ပါဒ-အကြောင်းကိုစွဲမှီ၍ အကျိုး၏ဖြစ်ပေါ်ခြင်း။ ဤဝစနတ္ထအရ အကြောင်း အဆက်ဆက်ကြောင့် အကျိုးအဆက်ဆက် ဖြစ်ပေါ်ခြင်းကို ပဋိစ္စသမုပ္ပါဒ် ခေါ်သည်ဟု ပြောဆို ရလျှင် သိနားလည်လွယ်ခြင်း အကျိုးရှိရာ၏။ ယခုခေတ်၌ ဤအတိုင်းပင် ပြောဟောနေကြပေသည်။

၁-ရှေးဆရာတို့မဆိုအပ်သော မှားသောအနက်ကိုပြုလျှင် ဆရာတို့ကို စွပ်စွဲရာ ရောက်၏၊ ထိုသို့ မပြုသဖြင့် စွပ်စွဲခြင်းမရှိမူ၍ အနက်အဖွင့်ကို ပြုသင့်သည်ဟု ဆိုလို၏။

http://www.dhammadownload.com



သော သူတပါးတို့၏အယူကို အပြစ်တင်သောအားဖြင့် ကြောင့်ကြမစိုက်သည်ဖြစ်၍ငင်း၊ သုတ်ပါဠိကို မပယ်မြစ် မထိခိုက်စေသည်ဖြစ်၍ ငင်း[၁]၊ ဝိနည်းကို လျော်စေသည်ဖြစ်၍ငင်း[၂]၊ မဟာပဒေသ လေးပါးတို့ကို ကြည့်သည်ဖြစ်၍ငင်း[၃]၊ (ပဋိစ္စသမုပ္ပါဒ်)ပါဠိကို ပြသည်ဖြစ်၍ငင်း၊ (ထိုပါဠိ၏) အနက်ကို ကောင်းစွာယူစေသည်ဖြစ်၍ငင်း၊ ထိုအနက်ကိုပင် တဖန်လည်စေကာ (ပြောင်းလဲ၍)တပါးသော ပရိယာယ်တို့ဖြင့် ညွှန်ပြသည်ဖြစ်၍ငင်း ပဋိစ္စသမုပ္ပါဒ်၏ အနက်အဖွင့်ကို ပြုအပ်ပေသည်။ ဤမျှသာမဟုတ်သေး၊ ပဋိစ္စသမုပ္ပါဒ်၏ အနက်အဖွင့်သည် ပင်ကိုရင်းသဘောအားဖြင့်လည်း ပြုနိုင်ခဲသည်သာလျှင် ဖြစ်ပေသည်။ ရှေးဆရာတို့ အဘယ်သို့ ဆိုခဲ့ကြသနည်းဟူမူ?

(၁) သစ္စာလေးပါး၊ (၂) သတ္တဝါ၊[၄] (၃) ပဋိသန္ဓေ၊ (၄) ပဋိစ္စသမုပ္ပါဒ် ဟူသော (ဤ)တရားလေးပါးတို့ကို မြင်နိုင်ခဲကုန်၏၊ ဟောပြောခြင်းငှါလည်း အလွန်တရ ပြုနိုင်ခဲကုန်၏-ဟု ဆိုခဲ့ကြလေသည်။

---

၁-ရှေးရှေးဘဝများကရှိခဲ့သော ထိုစိတ်ဝိညာဏ်သည် ပင်လျှင် ယခုဘဝတိုင်အောင် ပြောင်းရွေ့လာခဲ့သည်၊ တစိတ်တည်းပင် ဖြစ်သည်-ဟု ဘုရားဟောသည်ကို သိနားလည်ပါသည်-စသည်ဖြင့် ဆိုလျှင် စက္ခုဝိညာဏ်သည် မမြဲ စသည်ဖြင့်ဟောထားသောသုတ်ပါဠိတော်များကို ပယ်မြစ်သည် ထိခိုက်စေသည် မည်၏။

၂-မေထုနဓမ္မ အစရှိသော အန္တရာယ်ပြုတတ်သည့် အမှုတို့ကို မှီဝဲသော်လည်း ရဟန်းမှာ အန္တရာယ်ကိုမပြုတတ်ကြောင်း ဘုရားဟောသည်ကို သိနားလည်ပါသည်၊ အိပ်မက်ထဲ၌ ကျူးလွန်မှုကြောင့်လည်း အာပတ်သင့်သည်၊ ဤသို့စသည်ဖြင့်ဆိုလျှင် ဝိနည်းကို မလျော်စေသည် ဆန့်ကျင်စေသည် မည်၏။

၃-မဟာပဒေသ ၄-ပါးတို့ကို သုတ်မဟာဝါပါဠိ နှာ ၁၀၂၊ ငင်း၏ အဋ္ဌကထာ နှာ ၁၅၅-စသည်တို့၌ ကြည့်ပါ။

၄-သတ္တဝါ-ဟူသည်ကား သတ္တဝါမှ ဆိတ်သုဉ်းသည်၏ အဖြစ်ဟူ၍ ဆရာတို့ ဖွင့်ဆိုကြ၏၊ ထိုသို့ပင်ဆိုကြသော်လည်း စင်စစ်မှာမူ သတ္တဝါမှ ဆိတ်သုဉ်းသောသင်္ခါရတို့၌ သတ္တဝါ ဟူသောဝေါဟာရသည်ငင်း သတ္တဝါ၏လိုအပ်သောကိစ္စပြီးစီးခြင်းသည်ငင်း (အသိခက် အပြောခက်၏)။ (ဝိသုဒ္ဓိမဂ်မဟာဋီကာ)။ ။သတ္တဝေါဟာရဟူသည်ကား သတ္တဝါဟုဖြစ်သော အမည်တည်း။ ယင်းကို မြင်နိုင်ခဲသည်ဟုဆိုသင့်ပေစွ၊ အစဉ်သန္တာန်အားဖြင့် မပြတ်ဖြစ်နေကုန်သော ရုပ်နာမ်တရား အပေါင်းတို့ကို စွဲမှီ၍ သတ္တဝါဟူသော အမည်ပညတ်သည်(ဖြစ်၏)၊ ထိုသတ္တဝါ ပညတ်သည် ထိုစွဲမှီရာ ရုပ်နာမ်တို့မှ တပါးဘခြားစင်စစ် မဟုတ်ဟူသော အဖို့၊ တပါးတခြား စင်စစ်ဟုတ်သည်ဟူသော အဖို့တို့ကို မကပ်မူ၍

http://www.dhammadownload.com



ထို (သို့ပဋိစ္စသမုပ္ပါဒ်၏ အနက်အဖွင့်ကို ပြဆိုခဲ့သော နည်းဖြင့် ပြုအပ်သည်၏ အဖြစ်၊ ပြုရန်လည်း ခဲယဉ်းသည်၏အဖြစ်) ကြောင့် ပါဠိတော် ဟူသော အာဂုံနှင့် မဂ်ဖိုလ်ဟူသော အဓိဂမသို့ ရောက်ပြီး ပုဂ္ဂိုလ်တို့မှ တပါးသူဆိုလျှင် ပဋိစ္စသမုပ္ပါဒ်၏ အနက်အဖွင့်ကို ပြုရန် မလွယ်ကူပေ-ဟု နှိုင်းချိန်ပြီးလျှင် -

## ပဋိညာနှင့်ဥယျောဇဉ်

[၁၅၄] ပဋိစ္စသမုပ္ပါဒ်၏အဖွင့်ကို ယခု ဆိုလိုသော ငါသည် သမုဒ္ဒရာသို့ သက်ဆင်းမိသော သူကဲ့သို့ ထောက်တည်ရာကို မရနိုင်ပေ [၁]။

သို့သော်လည်း အထူးထူးသော နည်းတို့ဖြင့် တန်ဆာဆင်အပ်သော (ပါဠိ ဒေသနာတရားတော်တည်း ဟူသော) ဤသာသနာတော်သည်၎င်း၊ (ပဋိစ္စသမုပ္ပါဒ်၏ အဖွင့်အဋ္ဌကထာ ဟူသော) ရှေးဆရာတို့၏ ပို့ချစဉ်စကားသည်၎င်း အဆက်မပြတ် မူ၍ ဖြစ်လျက် တည်ရှိ၏။

ထို့ကြောင့် ထိုနှစ်ပါးစုံကို ကောင်းစွာမှီ၍ ဤပဋိစ္စသမုပ္ပါဒ်၏ အနက်အဖွင့်ကို အားထုတ်ပြုစုပေအံ့၊ ထိုအနက်အဖွင့်ကို ကောင်းစွာ စိတ်ကိုထားကုန်လျက်၊ ဝါ၊ တည်ကြည်သော စိတ် ရှိကုန်လျက် နာယူလေ့လာကြပါကုန်လော့။

တိုက်တွန်း သင့်ပေစွ၊ ရှေးဆရာတို့သည် --

"တစုံတယောက်သောသူသည် ဤပဋိစ္စသမုပ္ပါဒ်ကို စီးပွါးသဖွယ် အရိုအသေပြု၍ ၊ ဝါ၊ အရိုးစွဲသကဲ့သို့ မြဲမြံအောင် ပြု၍ နာယူငြားအံ့၊

---

(ထိုသတ္တဝါ အကြောင်းကို) အမှန်အတိုင်း ကောင်းစွာယူခြင်းနှင့် (သူတပါးအား) သိအောင်ပြောပြခြင်းကို ပဋိစ္စသမုပ္ပါဒ်၌မကျွမ်းကျင်သောသူသည်ပြုနိုင်ခဲဖြစ်စေနိုင်ခဲ၏။ (အနုဋီကာ) ဤထက် အကျယ်သိလိုလျှင် ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ တတိယတွဲ နှာ ၅၇၅-၆ တို့၌ မှတ်ချက်ကိုကြည့်ပါ။

၁-ထောက်တည်ရာကို မရနိုင် ဟူသည်မှာ ကိုယ်ပိုင်ဉာဏ်ဖြင့် မရနိုင်သည်ကို ဆိုသည်။ (ဋီကာ)

http://www.dhammadownload.com



ထိုသူသည် ရှေးကာလထက် နောက်ကာလ၌ ဖြစ်သော **အထူးကို** [၁] ရပေရာ၏၊ ရှေးကာလထက် နောက်ကာလ၌ ဖြစ်သော အထူးကို ရပြီးလျှင် သေမင်း၏မမြင်ရာ နိဗ္ဗာန်သို့ ရောက်နိုင်ပေရာ၏”ဟု မိန့်ဆိုအပ်ခဲ့ပေ၏။

၅၀၂။ (ဤအရာ၌ ဣတိ ပိုဟန်ရှိ၏) အားထုတ်ပြုစုပေအံ့ဟု ဝန်ခံခဲ့သည့်အတိုင်း ခွဲ၍ ပြအံ့၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ - အစရှိသည်တို့၌အစမှ ပင်လျှင်[၂] ရှေးဦးစွာ —

ဒေသနာအထူး အပြားအားဖြင့်ငှင်း၊ အနက်လက္ခဏာ စသည်ကေဝိစသည်အားဖြင့်ငှင်း၊ အင်္ဂါတို့ကို ပိုင်းခြားသတ်မှတ်ခြင်းအားဖြင့်ငှင်း အဆုံးအဖြတ်ကို သိအပ်၏။

**ဒေသနာအပြား**

ထိုဂါထာဝယ် ဒေသနာအထူးအပြားအားဖြင့်-ဟူရာ၌ အကျယ်ကား— နွယ်ကို ဆောင်ယူကုန်သော ယောကျ်ားလေးယောက်တို့၏ နွယ်ကို ယူခြင်းကဲ့သို့ အစမှသော်ငှင်း၊ အလယ်မှသော်ငှင်း စ၍ အဆုံးတိုင်အောင်(ဟောခြင်း)၊ အဆုံးမှသော်ငှင်း၊ အလယ်မှသော်ငှင်း စ၍ အစတိုင်အောင်(ဟောခြင်း)ဟူ၍ မြတ်စွာဘုရား၏ ပဋိစ္စသမုပ္ပါဒ်ဒေသနာသည် လေးပါး အပြားရှိ၏။

ခွဲ၍ ပြဦးအံ့၊ နွယ်ကို ဆောင်ယူသော ယောကျ်ားလေးယောက်တို့တွင် တယောက်သည် နွယ်၏အမြစ်အရင်းကိုသာလျှင် ရှေးဦးစွာ မြင်၏၊ ထိုသူသည် ထိုနွယ်ကို အမြစ်အရင်း၌ ဖြတ်၍ အလုံးစုံကိုဆွဲငင်လျက် ယူပြီးလျှင် အမှုကိစ္စ၌ ထည့်၍ပြုလုပ်သကဲ့သို့ ထိုအတူ[၃] မြတ်စွာဘုရားသည် “ရဟန်းတို့၊ ဤဆိုခဲ့သည့် အတိုင်းပင် အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့

---

၁-နောက်ကာလ၌ဖြစ်သော အထူး-ဟူသည်ကား (နာယူရန်) အားထုတ်စပြုသောအခါမှ စ၍ ခဏတိုင်းခဏတိုင်း (မဖြစ်ဘူးသေးသော) အသိဉာဏ် အထူးကိုငှင်း ကိလေသာ ကုန်ခြင်းအထူးကိုငှင်း ရ၏၊ ဤကားဆိုလိုသောအနက်ပေတည်း။ (ဋီကာ)

၂-အစမှပင်လျှင်....သိအပ်၏-ဟု စပ်ပါ။

၃-ထိုအတူ-ဟူရာ၌ တူသင့်ရာကိုသာဆိုသည်၊ နွယ်ကို ဆောင်ယူသူ၏ အမြစ်အရင်းကိုသာမြင်ခြင်း စသည်တို့နှင့်ကား တူသည်ဟု မဆိုလို။

http://www.dhammadownload.com



ဖြစ်ကြ၏။ပ။ ဘဝအသစ် ဖြစ်မှုဟူသော အကြောင်းကြောင့် အိုခြင်း သေခြင်း ဖြစ်၏”ဟု အစမှစ၍ အဆုံးတိုင်အောင်လည်း ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူ၏။

ထို့မှတပါး ထို(ဆိုခဲ့သော) ယောကျ်ားတို့တွင် တယောက်သည် နွယ်၏ အလယ်ပိုင်းကို ရှေးဦးစွာ မြင်၏၊ ထိုသူ သည် (ထိုနွယ်ကို) အလယ်၌ ဖြတ်၍ အထက်ပိုင်း (အဖျားပိုင်း)အဖို့ကိုသာလျှင် ဆွဲငင်လျက် ယူပြီးလျှင် အမှုကိစ္စ၌ ထည့်၍ပြုလုပ်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည် “ခံစားမှု ဝေဒနာကို ဝမ်းမြောက်လျက် နှစ်သက်သော ချီးမွမ်းပြောဆိုသော မျိုသွင်း သိမ်းပိုက်လျက် တည်သော [၁၅၅] ထိုပုဂ္ဂိုလ်အား နှစ်သက်ခြင်းသည် ဖြစ်၏၊ ခံစားမှုတို့၌ ဖြစ်သောထိုနှစ်သက်ခြင်းသည် စွဲလမ်းမှု (ဥပါဒါန်) ပင်တည်း၊ စွဲလမ်းမှုဟူသော အကြောင်းကြောင့် ထိုသူအား ဖြစ်ကြောင်းကံ (ဘဝ) သည် ဖြစ်၏၊ ဖြစ်ကြောင်းကံဟူသော အကြောင်းကြောင့် ဘဝအသစ် ဖြစ်ပေါ်မှု (ဇာတိ) သည် ဖြစ်၏” ဤသို့ စသည်ဖြင့် အလယ်မှ စ၍ အဆုံးတိုင်အောင်လည်း ဟောတော်မူ၏။

ထို့ပြင် ထို(ဆိုခဲ့သော) ယောကျ်ားတို့တွင် တယောက်သည် နွယ်၏ အဖျားကို ရှေးဦးစွာမြင်၏။ ထိုသူသည် (ထိုနွယ်ကို) အဖျား၌ ကိုင်၍ အဖျားမှ အစဉ်လျှောက်သဖြင့် နွယ်ရင်းတိုင်အောင် အလုံးစုံကို ယူပြီးလျှင် အမှုကိစ္စ၌ ထည့်၍ ပြုလုပ်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည်“ဘဝအသစ် ဖြစ်ပေါ်မှုဟူသော အကြောင်းကြောင့် အိုခြင်း သေခြင်း ဖြစ်၏ဟူ၍ ဤသို့လျှင် ဤစကားကို(ငါဘုရား)ဟောတော်မူ(အပ်)၏။ရဟန်းတို့၊ ဘဝအသစ် ဖြစ်ပေါ်မှုဟူသော အကြောင်းကြောင့် အိုခြင်း သေခြင်း ဖြစ်လေသလော? သို့မဟုတ် မဖြစ်လေသလော’ ဤအရာ၌ သင်တို့မှာ အဘယ်သို့ ဖြစ်သနည်း (ထင်သနည်း)ဟု မေးတော်မူ၏။ အရှင်ဘုရား၊ ဘဝအသစ် ဖြစ်ပေါ်မှုဟူသော အကြောင်းကြောင့် အိုခြင်း သေခြင်း ဖြစ်ပါသည်၊ ဤအရာ၌ တပည့်တော်တို့မှာ ဘဝအသစ် ဖြစ်ပေါ်မှုဟူသော အကြောင်းကြောင့် အိုခြင်း သေခြင်း ဖြစ်၏-ဟူ၍ ဤသို့သာလျှင် ဖြစ်ပါသည် (ထင်ပါသည်) ဘုရား ဟု လျှောက်ထားကြကုန်၏။ ဖြစ်ကြောင်းကံ (ဘဝ) ဟူသော အကြောင်းကြောင့် ဘဝအသစ် ဖြစ်ပေါ်မှု ဖြစ်၏။ပ။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏ဟူ၍ ဤသို့လျှင် ဤစကားကို

http://www.dhammadownload.com



(ငါဘုရား)ဟောတော်မူ(အပ်)၏။ ရဟန်းတို့၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကြလေသလော? သို့မဟုတ် မဖြစ်ကြလေသလော? ဤအရာ၌ သင်တို့မှာ အဘယ်သို့ ဖြစ်သနည်း ဟု မေးတော်မူ၏”၊ ဤသို့ အဆုံးမှစ၍ အစတိုင်အောင်လည်း ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူ၏။

ထို့ပြင် ထို(ဆိုခဲ့သော) ယောက်ျားတို့တွင် တယောက်သည် နွယ်၏ အလယ်ကိုသာလျှင် ရှေးဦးစွာမြင်၏။ ထိုသူသည် (ထိုနွယ်ကို) အလယ်၌ ဖြတ်၍ အောက်သို့ (အရင်းဖက်သို့) သက်လျက် နွယ်ရင်းတိုင်အောင် ယူပြီးလျှင် အမှုကိစ္စ၌ ထည့်၍ပြုလုပ်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည် “ရဟန်းတို့၊ ဤလေးပါးသော အာဟာရတို့သည် အဘယ်လျှင် အကြောင်း ရှိကုန်သနည်း? အဘယ်လျှင် ဖြစ်ကြောင်း ရှိကုန်သနည်း? အဘယ်လျှင် ဖြစ်ရင်း ရှိကုန်သနည်း? အဘယ်လျှင် အမွန်အစ ရှိကုန်သနည်း? ဤ လေးပါးသော အာဟာရတို့သည် တပ်မက် ခြင်းလျှင် အကြောင်း ရှိကုန်၏၊ တပ်မက်ခြင်းလျှင် ဖြစ်ကြောင်း ရှိကုန်၏၊ တပ်မက်ခြင်းလျှင် ဖြစ်ရင်း ရှိကုန်၏၊ တပ်မက်ခြင်းလျှင် အမွန်အစရှိကုန်၏။ တပ်မက်ခြင်းသည် အဘယ်လျှင် အကြောင်း ရှိသနည်း ---॥ ခံစားမှုသည် ---॥ အာရုံကို တွေ့မှုသည် ---॥ အာယတန ၆-ပါးသည် ---॥ နာမ်ရုပ်သည် ---॥ ဘဝသစ် ဝိညာဏ်သည် ---॥ သင်္ခါရတို့သည် အဘယ်လျှင်အကြောင်း ရှိကုန်သနည်း။ပ။သင်္ခါရတို့သည် အဝိဇ္ဇာလျှင် အကြောင်း ရှိကုန်၏။ပ။ အဝိဇ္ဇာလျှင် အမွန်အစ ရှိကုန်၏” ဤသို့ အလယ်မှ စ၍ အစတိုင်အောင်လည်း ဟောတော်မူ၏။

၅၇၃။ အဘယ်ကြောင့် ဤသို့ လေးပါး အပြားအားဖြင့် ဟောတော်မူ(အပ်)သနည်းဟု မေးငြားအံ့၊ ပဋိစ္စသမုပ္ပါဒ်၏ ထက်ဝန်းကျင်(အလုံးစုံ) ကောင်းသည်၏ အဖြစ်ကြောင့်၎င်း၊ ကိုယ်တော်တိုင်လည်း ဒေသနာတော်ကို တင့်တယ် စေနိုင်သော ဉာဏ်သို့ ရောက်တော်မူသည်၏ အဖြစ်ကြောင့်၎င်း (ဟောတော်မူသည်ဟု ဖြေဆိုအပ်၏)။ ချဲ့၍ပြဦးအံ့၊ ပဋိစ္စသမုပ္ပါဒ်သည် ထက်ဝန်းကျင် ကောင်းပါပေ၏၊(ထိုသို့ကောင်းသောကြောင့်ပင် ထိုလေးပါးသော ဒေသနာထဲက တပါးပါးသော)ထိုထို ဒေသနာမှ (အစဉ်လျှောက်၍) အရိယမဂ်ကို ထိုးထွင်း၍ သိခြင်းငှါ၊ဝါ၊ ပဋိစ္စသမုပ္ပါဒ်တရားကို ထိုးထွင်း၍ သိခြင်းငှါ ဖြစ်သည်သာလျှင်တည်း။ (ထို့ပြင်)မြတ်စွာဘုရားသည် လေးပါးသော ဝေသာရဇ္ဇဉာဏ် ---လေးပါးသော ပဋိသမ္ဘိဒါဉာဏ်တို့နှင့် ယှဉ်ခြင်း

http://www.dhammadownload.com



ကြောင့်ရင်း၊ လေးပါးအပြားရှိသော နက်နဲသည်၏ အဖြစ်သို့ ရောက်ခြင်း ကြောင့်ရင်း ^၁ ဒေသနာတော်ကို တင့်တယ်စေနိုင်သော ဉာဏ်ကိုလည်း ရောက်တော်မူ ရတော်မူ၏၊ ဒေသနာတော်ကို တင့်တယ်စေနိုင်သောဉာဏ်ကို ရတော်မူသည်၏အဖြစ်ကြောင့် ထိုမြတ်စွာဘုရားသည် အထူးထူးသော နည်း တို့ဖြင့်သာလျှင် တရားတော်ကို ဟောတော်မူ၏။

အထူးအားဖြင့်မူကား ထိုမြတ်စွာဘုရား၏(ဝါ၊ထိုပဋိစ္စသမုပ္ပါဒ်ကို) အစမှ စ၍ အနုလုံအားဖြင့် ဟောသော ဒေသနာသည် ^၂ (သံသရာဝဋ်)မပြတ် ဖြစ်ခြင်း၏ အကြောင်းကိုခွဲခြမ်းခြင်း၌ တွေဝေသော (မခွဲခြမ်းနိုင်ပဲ ရှိနေ သော)သတ္တဝါအပေါင်းကို မြင်တော်မူသည် ဖြစ်၍ (မြင်တော်မူသဖြင့်) မိမိတို့၏ဥစ္စာ ဖြစ်ကုန်သော (အကျိုးတရားဟူသော မိမိတို့နှင့် သက်ဆိုင် ကုန်သော)အဝိဇ္ဇာအစရှိသော အကြောင်းတို့ကြောင့် (သင်္ခါရအစရှိသော သံသရာဝဋ်၏) မပြတ်ဖြစ်ခြင်းကို ပြခြင်း အကျိုးငှါရင်း၊ ဖြစ်စဉ်ကို ပြခြင်း အကျိုးငှါရင်း (ဟောသော ဒေသနာ)ဖြစ်ပေသည်ဟု သိအပ်၏။ အဆုံးမှ စ၍ ပဋိလုံအားဖြင့် ဟောသော ဒေသနာသည် ^၂ "ဤ သတ္တဝါအပေါင်းသည် ပင်ပန်း ဆင်းရဲခြင်းသို့ [၁၅၆] ရောက်ရရှာချေသည်တကား၊ ပဋိသန္ဓေလည်း

---

၁-လေးပါးအပြားရှိသော နက်နဲသည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်-ဟူရာ၌ "ဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓ ဟူသော နက်နဲသော အရာတို့၌ ထောက် တည်ရာကိုရသဖြင့် မြဲမြံစွာတည်သည်၏ အဖြစ်ကြောင့်"ဟူ၍ ဖြောင့်သော အနက်ကိုသိအပ်၏ (ဋီကာ)။

၂-ဟောသောဒေသနာသည်.... (ဟောသောဒေသနာ)ဖြစ်ပေသည်ဟု သိအပ် ၏-ဟု စပ်ပါ။

ဤ၌ ဒေသိယတိ တောယ-ဟု ဝစနတ္ထပြု၍ "ဟောကြောင်းဖြစ်သော ဒေသနာ"ဟု ဆိုသင့်သော်လည်း မြန်မာစကားချောစေရန် "ဟောသော ဒေသနာ"ဟု ဆိုထားသည်။ ဒေသနာပုဒ်ကို ဟောခြင်းဟု ပြန်လျှင် ပဌမ ဒုတိယ ဒေသနာဝါကျတို့၌ ချောသော်လည်း တတိယ စတုတ္ထ ဒေသနာ ဝါကျတို့၌ကား မချော။ တာသု ယာ အစရှိသော နောက်ဆုံး ဝါကျ၌ကား ထိုဟောခြင်းဟူသောအနက်သည် လုံးဝပင်မသင့်။ ထို့ကြောင့် ယင်းပုဒ်ကို "ဟောသောဒေသနာ"ဟူ၍ပင် ပြန်သည်။ ထို့ပြင် ပဝတ္တာ-ပုဒ်ကို ဟောတိ-ပုဒ်ကဲ့သို့ပင် ပကတိ ဝိကတိကတ္တားတို့နှင့် ယှဉ်စေ၍ ပြန်ခြင်းမှာလည်း ဤဝါကျ၌ မြန်မာစကားချောစေရန်အတွက်ပင် ဖြစ်သည်။

http://www.dhammadownload.com



နေရရှာ၏၊ အိုလည်း အိုရရှာ၏၊ သေလည်း သေရရှာ၏၊ အဖန်တလဲလဲ စုတေလည်း စုတေရရှာ၏၊ အဖန်တလဲလဲ ဖြစ်လည်း ဖြစ်ရရှာ၏" ဤသို့ အစရှိသော နည်းဖြင့် ပင်ပန်း ဆင်းရဲခြင်းသို့ ရောက်သော သတ္တလောကကို အစဉ်လိုက်ကာ ကြည့်ရှုတော်မူသည်ဖြစ်၍ (ကြည့်ရှုတော်မူသဖြင့်) ဘုရားမဖြစ်မီ ရှေးအဖို့၌ ဖြစ်ခဲ့သော ပဋိဝေဓ (ဝိပဿနာ) ဉာဏ်သို့ အစဉ်လျှောက်သဖြင့် အိုခြင်း သေခြင်း အစရှိသော ထိုထိုဆင်းရဲ၏[1] ကိုယ်တော်တိုင် သိခဲ့သော (ဘဝအသစ် ဖြစ်ခြင်း အစရှိသော) အကြောင်းကို ပြတော်မူခြင်း အကျိုးငှါ (ဟောသော ဒေသနာဖြစ်ပေသည်ဟု သိအပ်၏)။ အလယ်မှစ၍ အစတိုင်အောင် ဖြစ်သော ဒေသနာသည်[2] အာဟာရတို့၏ အကြောင်းကို ပိုင်းခြားခြင်းသို့ အစဉ်လျှောက်သဖြင့် (အဝိဇ္ဇာ သင်္ခါရ ဟူသော) အတိတ်အခွန့်တိုင်အောင် ကျော်လွန်လျက် ဆောင်ပြီးလျှင် တဖန် အတိတ်အခွန့်မှ စ၍ အကြောင်းအကျိုး အစဉ်ကို ပြခြင်း အကျိုးငှါ (ဟောသော ဒေသနာ ဖြစ်ပေသည်ဟု သိအပ်၏)။ အလယ်မှစ၍ အဆုံးတိုင်အောင် ဖြစ်သော ဒေသနာသည်[2] ပစ္စုပ္ပန် အခွန့်၌ အနာဂတ် အခွန့် (ဘဝ) ၏ အကြောင်းတရားတို့ ဖြစ်ပေါ်သည်မှစ၍ အနာဂတ် အခွန့်ကို ပြခြင်းအကျိုးငှါ (ဟောသော ဒေသနာ ဖြစ်ပေသည်ဟု သိအပ်၏)။ ထိုလေးပါးသော ဒေသနာတို့တွင် ဝဋ်ဆင်းရဲဖြစ်ခြင်း၏ အကြောင်း၌ လွန်စွာ တွေဝေသော ဝေနေယျ သတ္တဝါအပေါင်းအား မိမိတို့နှင့် ဆိုင်သော အဝိဇ္ဇာ အစရှိသော အကြောင်းတို့ကြောင့် (သင်္ခါရ အစရှိသော တရားတို့၏) မပြတ်ဖြစ်ခြင်းကို ပြခြင်း အကျိုးငှါလည်းကောင်း၊ ဖြစ်စဉ်ကို ပြခြင်း အကျိုးငှါလည်းကောင်း အစမှ စ၍ အနုလောမဒေသနာကို ဟောတော်မူ (အပ်) ပေသည်၊ ထိုအနုလောမ ဒေသနာကို ဤပညာဘူမိနိဒ္ဒေသ၌ (ဖွင့်ပြရန် မူရင်း အဖြစ်ဖြင့်) ချထားအပ်ခဲ့သည် ဟူ၍ သိအပ်၏။

## အဝိဇ္ဇာကိုအစထား၍ဟောခြင်းအကြောင်း

၅၇၄။ မေးခွန်းသွင်း၍ ရှင်းပြဦးအံ့၊ ဤ ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ အဝိဇ္ဇာကို အဘယ်ကြောင့် လက်ဦးအစ၌ ဟောတော်မူ (အပ်) ပါသနည်း? ပကတိ

---

၁-ထိုထိုဆင်းရဲ၏....အကြောင်းကို-ဟု စပ်ပါ။

၂-နှာ ၂၈-၂ မှတ်ချက်အတိုင်းဖြစ်သည်။

http://www.dhammadownload.com



ဝါဒရှိသော ပုဂ္ဂိုလ်တို့၏ ပကတိကဲ့သို့[၁] အဝိဇ္ဇာသည်လည်း အကြောင်းကင်း လေသလော? လောက၏အကြောင်းရင်း ဖြစ်လေသလော? ဤကား အမေး ပေတည်း။ အကြောင်းကင်းသည်မဟုတ်ပါ၊ မှန်ပေ၏၊ "အာသဝဖြစ်ပေါ် ခြင်းကြောင့် အဝိဇ္ဇာ ဖြစ်ပေါ်သည်"ဟု အဝိဇ္ဇာ၏ အကြောင်းကို(မြတ်စွာ ဘုရား)ဟောတော်မူ(အပ်)ပေသည်။ သို့သော်လည်း မူလအကြောင်းဖြစ် နိုင်သော အကြောင်းပရိယာယ်ကား ရှိပေ၏၊ ထိုအကြောင်းပရိယာယ်ကား အဘယ်နည်းဟူမူ? ဝဋ်ကိုဟောသောစကား (ဝဋ္ဋကထာ)၏ဦးခေါင်းအဖြစ် ပေတည်း။

မှန်ပေ၏၊ မြတ်စွာဘုရားသည် ဝဋ္ဋကထာကို ဟောတော်မူသည်ရှိသော် နှစ်ပါးသောတရားတို့ကို ဦးခေါင်းပြု၍ ဟောတော်မူ၏၊ အဝိဇ္ဇာကိုမူလည်း (ဦးခေါင်းပြု၍ဟောတော်မူ၏)။ ဟောတော်မူပုံကား....

"ရဟန်းတို့၊ ဤကာလမှ ရှေး၌ အဝိဇ္ဇာသည် မဖြစ်ခဲ့ မရှိခဲ့သေး၊ ထိုမှနောက်၌ စ၍ ဖြစ်လာခဲ့သည်-ဟု (ဆိုဖွယ်ရာ) အဝိဇ္ဇာ၏ ရှေးဖြစ် သော အစွန်းသည် မထင်ပေ၊ ရဟန်းတို့၊ ဤအတိုင်းပင် ဤစကားကို (ငါဘုရား) ဟောဆို(အပ်) ပေသည်။ ထိုသို့ ဟောဆိုသော်လည်း ဤအဝိဇ္ဇာ၏အကြောင်း(အာသဝ)ကြောင့် အဝိဇ္ဇာ (ဖြစ်ပေါ်သည် ဟု အဝိဇ္ဇာ၏ အကြောင်းသည်)ထင်သေး၏"ဟူ၍ပင်တည်း။

ဘဝတဏှာကိုမူလည်း (ဦးခေါင်းပြု၍ ဟောတော်မူ၏)။ ဟောတော်မူပုံ ကား....

"ရဟန်းတို့၊ ဤကာလမှ ရှေး၌ ဘဝတဏှာသည် မဖြစ်ခဲ့ မရှိခဲ့သေး၊ ထိုမှ နောက်၌ စ၍ ဖြစ်လာခဲ့သည်ဟု (ဆိုဖွယ်ရာ)ဘဝတဏှာ၏ ရှေးဖြစ်သော အစွန်းသည် မထင်ပေ၊ ရဟန်းတို့၊ ဤအတိုင်းပင် ဤ စကားကို(ငါဘုရား)ဟောဆို(အပ်)ပေသည်။ ထိုသို့ ဟောဆိုသော် လည်း ဤဘဝတဏှာ၏အကြောင်း (ဝေဒနာ)ကြောင့် ဘဝတဏှာ (ဖြစ်ပေါ်သည်ဟု ဘဝတဏှာ၏ အကြောင်းသည်)ထင်သေး၏"ဟူ၍ ပင်တည်း။

---

၁-ပကတိဝါဒကို အကျယ်သိလိုလျှင် ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ စတုတ္ထတွဲ နှာ ၂၁၁-စသည်၌ ကြည့်ပါ။

http://www.dhammadownload.com



၅၇၅။ မြတ်စွာဘုရားသည် ဝဋ္ဋကထာကို ဟောတော်မူသည် ရှိသော် အဘယ်ကြောင့် ဤတရားနှစ်ပါးတို့ကိုဦးခေါင်းပြု၍ ဟောတော်မူသနည်းဟူမူ? သုဂတိ ဒုဂ္ဂတိသို့[၁] ရောက်စေတတ်သော ကုသိုလ်ကံ အကုသိုလ်ကံ၏ ထူးသော အကြောင်း ဖြစ်သောကြောင့် (ဟောတော်မူပေသည်)။ ချဲ့၍ ပြဦးအံ့၊ အဝိဇ္ဇာသည် ဒုဂ္ဂတိသို့ ရောက်စေတတ်သော အကုသိုလ်ကံ၏ ထူးသော အကြောင်း(ဖြစ်သည်)။ အဘယ်ကြောင့်နည်း? အဝိဇ္ဇာ လွှမ်းမိုးနှိပ်စက်အပ်သည်ဖြစ်၍၊ ဝါ၊ အဝိဇ္ဇာ လွှမ်းမိုး နှိပ်စက်ခံရသော ပုထုဇဉ်ပုဂ္ဂိုလ်သည်[၂] မီးပူဖြင့် အကင်ခံရခြင်း ဆောက်ပုတ်ဖြင့် အရိုက်နှက် ခံရခြင်းတို့ကြောင့် ဖြစ်သော ပင်ပန်းဆင်းရဲခြင်းတို့ဖြင့် နှိပ်စက်အပ်သော (အနှိပ်စက်ခံရသော) အသတ်ခံရမည့် နွားမသည် ထိုပင်ပန်းခြင်းက နှိပ်စက်(အပ်)သောကြောင့်[၃] သာယာဖွယ်မရှိသည့်ပြင် မိမိ၏အကျိုးမဲ့ကိုလည်း ဆောင်တတ်စေကာမူ [၁၅၇] ရေနွေးပူ သောက်ခြင်းကို[၄] အားထုတ်ပြုလုပ်ဘိသကဲ့သို့ ထို့အတူ ကိလေသာပူပန်ခြင်းရှိသောကြောင့်၊ ဝါ၊ ကိလေသာဖြင့် ပူလောင်ခြင်းကြောင့်[၅] သာယာဖွယ်မရှိသည့်ပြင် ဒုဂ္ဂတိသို့ရောက်စေတတ်သောကြောင့် မိမိ၏ အကျိုးမဲ့ကိုလည်း ဆောင်တတ်စေကာမူ သူ့အသက်ကို သတ်ခြင်း အစရှိသော ဒုဂ္ဂတိသို့ရောက်စေတတ်သော ကံအမျိုးမျိုးကို အားထုတ်ပြုလုပ်၏။ ထို့ပြင် ဘဝတဏှာသည် သုဂတိသို့ရောက်စေတတ်သော ကံ၏ ထူးသော

---

၁-အဝိဇ္ဇာနှင့်တဏှာဟူသော အစဉ်အားလျော်စွာ ဒုဂ္ဂတိ သုဂတိ-ဟု ဆိုသင့်သော်လည်း ပါဠိသဒ္ဒါနည်းအရ ဒွန္ဒသမာသ်၌ အကောင်း အမြတ်ကို ရှေ့ထားရသောကြောင့် သုဂတိ ဒုဂ္ဂတိ-ဟု ဝိသုဒ္ဓိမဂ်၌ဆိုထားသည်၊ ထိုအစဉ်အတိုင်းပင် ပြန်ထားသည်။

၂-ပုထုဇဉ်ပုဂ္ဂိုလ်သည်....ကံအမျိုးမျိုးကို အားထုတ်ပြုလုပ်၏-ဟု စပ်ပါ။

၃-နှိပ်စက်(အပ်)သောကြောင့်....ရေနွေးပူသောက်ခြင်းကို အားထုတ်ပြုလုပ်ဘိသကဲ့သို့-ဟု စပ်ပါ။

၄-ရေနွေးပူကိုသောက်ခြင်းသည် ထိုနွားမမှာ သာယာဖွယ်လည်း မရှိ၊ သူ၏ အကျိုးမဲ့ကိုလည်းဆောင်တတ် ဖြစ်စေတတ်၏၊ သို့ပင်ဖြစ်စေကာမူ (သို့ပင် ဖြစ်ငြားသော်လည်း) ရေနွေးပူသောက်ခြင်းကို ထိုနွားမ ပြုသည်ဟုဆိုလို၏။

၅-ကိလေသာဖြင့်ပူလောင်ခြင်းကြောင့်...ကံအမျိုးမျိုးကို အားထုတ်ပြုလုပ်၏-ဟု စပ်ပါ။

http://www.dhammadownload.com



အကြောင်း(ဖြစ်သည်)။ အဘယ်ကြောင့်နည်း? ဘဝတဏှာ နှိပ်စက်(အပ်)သော ပုထုဇဉ်ပုဂ္ဂိုလ်သည်[၁] ပြဆိုခဲ့သော ထိုနွားမသည် ရေအေးကို ဆာလောင်တောင့်တသဖြင့်[၂] သာယာဖွယ်ရှိသည့်ပြင် မိမိ၏ပင်ပန်းဆင်းရဲခြင်းကိုလည်း ပယ်ဖျောက်တတ်သော ရေအေးသောက်ခြင်းကို အားထုတ်ပြုလုပ်သကဲ့သို့ ကိလေသာ အပူကင်းခြင်းကြောင့်[၃] သာယာဖွယ်ရှိသည့်ပြင် သုဂတိသို့ ရောက်စေတတ်သောကြောင့် မိမိ၏ ဒုဂ္ဂတိဆင်းရဲဟူသော ပင်ပန်းခြင်းကိုလည်း ပယ်ဖျောက်တတ်သော သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်းအစရှိသော သုဂတိသို့ရောက်စေတတ်သော ကံအမျိုးမျိုးကို အားထုတ်ပြုလုပ်၏။[၄]

---

၁-ပုထုဇဉ်ပုဂ္ဂိုလ်သည်....ကံအမျိုးမျိုးကို အားထုတ်ပြုလုပ်၏-ဟု စပ်ပါ။

၂-ရေအေးကို ဆာလောင်တောင့်တသဖြင့်.... ရေအေးသောက်ခြင်းကို အားထုတ်ပြုလုပ်သကဲ့သို့-ဟု စပ်ပါ။

၃-ကိလေသာ အပူကင်းခြင်းကြောင့်....ကံအမျိုးမျိုးကို အားထုတ်ပြုလုပ်၏-ဟု စပ်ပါ။

၄-သဝရခေါ် သောလူရိုင်းတို့သည် (နွားကိုသတ်လျှင်) အရိုးနှင့်အသား မကပ်စေရန် အကြိမ်ကြိမ်မီးပူတိုက်၍ ရိုက်နှက်ပြီးလျှင် ရေနွေးပူကိုသောက်စေ၍ ဝမ်းသက်(စေကုန်၏၊ ထိုသို့ဝမ်းသက်စေ)ပြီးသော ဖူးဖူးရောင်လျက် အရိုးမှ အသားကွာထွက်နေသောနွားကို သတ်ကြသတဲ့၊ထို့ကြောင့်မီးပူဖြင့် အကင်ခံရခြင်း-အစရှိသောဥပမာစကားကို အဋ္ဌကထာဆရာဆိုပေသည်။ ထိုဥပမာ၌ အသတ်ခံရမည့်နွားသည် မသိမှုအဝိဇ္ဇာ နှိပ်စက်ခံရသည်၏ အဖြစ်ကြောင့် အဆိုပါရေနွေးပူသောက်ခြင်းကို အားထုတ်ပြုလုပ်သကဲ့သို့ ထို့အတူ ပုထုဇဉ်ပုဂ္ဂိုလ်သည် အဆိုပါ ဒုဂ္ဂတိသို့ ရောက်စေတတ်သောကံကို(အားထုတ်ပြုလုပ်၏)။ ထို့ပြင် ထိုနွားသည် ရေနွေးပူသောက်ခြင်း၌ အပြစ်မြင်၍ တဏှာ၏ အစွမ်းဖြင့် ရေအေးသောက်ခြင်းကို အားထုတ် ပြုလုပ်သကဲ့သို့ ထို့အတူ ပုထုဇဉ်ပုဂ္ဂိုလ်သည် အဝိဇ္ဇာ အလွန်အားမကြီးသောကြောင့် ဒုဂ္ဂတိသို့ ရောက်စေတတ်သောကံ၌ အပြစ်မြင်၍ တဏှာ၏အစွမ်းဖြင့် သုဂတိသို့ ရောက်စေတတ်သောကံကို အားထုတ်ပြုလုပ်၏။ မှန်ပေ၏၊ ဆင်းရဲ၌အဝိဇ္ဇာသို့ တဏှာက နောက်မှလိုက်၏၊ ချမ်းသာ၌ တဏှာသို့ အဝိဇ္ဇာက နောက်မှလိုက်၏။ (ဋီကာအဖွင့်) ဤအရာ၌ ဂါဝီ ဟု ဆိုသော်လည်း နွားမကိုသာ မယူသင့်၊ နွားသာမန်ကိုယူသင့်၏၊ အကြောင်းမူကား-သဝရတို့သည် နွားထီးကိုလည်း သတ်ကြမည့်ပြင် ဂါဝီ-သဒ္ဒါသည်လည်း နွားသာမန်ကို ဟောနိုင်သောကြောင့်ပေတည်း။

http://www.dhammadownload.com



၅၇၆။ ထိုမှတပါး ဝဇ္ဇကထာ၏ဦးခေါင်းဖြစ်သော ထို(အဝိဇ္ဇာနှင့်တဏှာ ဟူသော) တရား ၂-ပါးတို့တွင် အချို့သုတ်၌ မြတ်စွာဘုရားသည် တခုသော တရားလျှင် မူလရှိသော ဒေသနာကို ဟောတော်မူ၏၊ ဤဒေသနာသည် အဘယ်နည်းဟူမူ? "ရဟန်းတို့၊ ဤသို့လျှင် သင်္ခါရတို့သည် အဝိဇ္ဇာလျှင် အကြောင်းရှိကုန်၏။ ဘဝသစ် ဝိပါက် ဝိညာဏ်သည် သင်္ခါရလျှင် အကြောင်း ရှိ၏" ဤသို့ အစရှိသော ဒေသနာသည်ငှ်း၊ ထို့ပြင် "ရဟန်းတို့၊ ဥပါဒါန်၏ အာရုံဖြစ်ကုန်သော တရားတို့၌ သာယာဖွယ်ကို ရှုလေ့ရှိသည်ဖြစ်၍ နေသော သူအား တဏှာသည် တိုးပွါး၏။ တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန် ဖြစ်၏" ဤသို့ အစရှိသော ဒေသနာသည်ငှ်း (ဖြစ်ပေသည်)။ အချို့သုတ်၌ ၂-ပါးသောတရားလျှင် မူလရှိသော ဒေသနာကိုလည်း (ဟော တော်မူ၏)။ ဤဒေသနာသည် အဘယ်နည်းဟူမူ? "ရဟန်းတို့၊ အဝိဇ္ဇာဟူ သော အပိတ်အဆို့ ရှိသော တဏှာနှင့်ယှဉ်သော သူမိုက်အား ဤသို့(အဝိဇ္ဇာ က ပိတ်ဆို့ထားခြင်း၊ တဏှာနှင့်ယှဉ်ခြင်းကြောင့်) *ဝါ၊ ဤ အဝိဇ္ဇာ တဏှာ ဟူသော တရား ၂-ပါးကြောင့်(ခန္ဓာငါးပါး ဟူသော၊ ဝါ၊ အာယတန ၆-ပါး ဟူသော) ဤကာယသည် ဖြစ်ပေါ်လာ၏။ ဤသို့ (ခန္ဓာငါးပါးဟူသော၊ဝါ၊ အာယတန ၆-ပါး ဟူသော) ဤ မိမိသန္တာန်၌ ဖြစ်သော ကာယသည်ငှ်း၊ အပြင်ပသူတပါးသန္တာန်၌ရှိသော နာမ်ရုပ်သည်ငှ်း၊ ဤသို့သောအပြားဖြင့် (မိမိသန္တာန်၌ဖြစ်သော ကာယနှင့် အပြင်ပသန္တာန်၌ ရှိသော နာမ်ရုပ် ဟူသော) ဤအတွင်းအပြင်တရား ၂-ပါးအပေါင်းသည် ဒွယ(နှစ်ခုအပေါင်း တစုံ)မည်၏။ ဤအတွင်းအပြင် တရားတစုံကိုစွဲ၍ ဖဿ ဖြစ်ပေါ်၏။ ဖဿ၏ အကြောင်းတို့သည် ၆-ပါးတို့သာလျှင်တည်း။ ယင်း အာယတန ၆-ပါးတို့ ကြောင့်(ဖြစ်ပေါ်သောဖဿဖြင့်) တွေ့ထိသည်ဖြစ်၍ သူမိုက်သည် ချမ်းသာ ဆင်းရဲကို ခံစားရ၏" ဤသို့ အစရှိသော ဒေသနာပင်တည်း။ ထိုဒေသနာ တို့တွင် "အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏"ဟူ သော ဤဒေသနာသည် ဤပဋ္ဌာဘူမိနိဒ္ဒေသ၌ အဝိဇ္ဇာ၏ အစွမ်းအားဖြင့် တခုသောတရားလျှင်မူလရှိသော ဒေသနာပေတည်း-ဟု သိအပ်၏။ ဤဆိုခဲ့ သည့်အတိုင်း[၁] ပဋိစ္စသမုပ္ပါဒ်ကို ပြရာ၌ ရှေးဦးစွာ ဒေသနာအပြားအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

* ဤလက်သည်းကွင်းအတွင်းကစကားသည် ဝေ-ဤသို့ဟူသောပုဒ်၏ အဖွင့်ဖြစ်သည်။
၁-ဤဆိုခဲ့သည့်အတိုင်း....အဆုံးအဖြတ်ကို သိအပ်၏-ဟု စပ်ပါ။

http://www.dhammadownload.com



## အဝိဇ္ဇာစသည်တို့၏အနက်

၅၈၇။ **အနက်အားဖြင့်** ဟူသည်ကား အဝိဇ္ဇာ အစရှိသော ပုဒ်တို့၏ အနက်အားဖြင့်။ ဤအနက် ဟူသည် အဘယ်နည်း-?ပြည့်စေခြင်း-ဆည်းပူးခြင်းငှါ မသင့်သောအနက်သဘောကြောင့် ကာယဒုစရိုက် အစရှိသည်သည် **အဝိန္ဒိယ** မည်၏၊“မရသင့် မရထိုက်သောအမှု”-ဤကား အဝိန္ဒိယ-၏ အနက်ပေတည်း။ ထို မရသင့် မရထိုက်သော အမှုကို ရတတ်သောကြောင့် **အဝိဇ္ဇာ** မည်၏[၁]။ ထိုမှ ပြန်သောအားဖြင့်[၂] ကာယသုစရိုက် အစရှိသည်သည် **ဝိန္ဒိယ** မည်၏၊ ထိုရသင့်ရထိုက်သောအမှုကိုမရတတ်သောကြောင့် **အဝိဇ္ဇာ**မည်၏။[၃] ခန္ဓာတို့၏ အစု ဟူသော အနက်သဘောကို၊ အာယတနတို့၏ ဖြစ်စေခြင်း ဟူသော အနက်သဘောကို၊ ဓာတ်တို့၏အတ္တသတ္တဗီဝမှ ဆိတ်သော အနက်သဘောကို၊ ဣန္ဒြေတို့၏ အစိုးရခြင်းအနက်သဘောကို၊ သစ္စာတို့၏မှန်သော အနက်သဘောကို မသိအပ်သည်ကို ပြုတတ်သောကြောင့်လည်း **အဝိဇ္ဇာ**မည်၏။[၄] ဒုက္ခသစ္စာ စသည်တို့၏ နှိပ်စက်ခြင်း စသည်တို့၏ အစွမ်းအားဖြင့် ဟောအပ်သော လေးပါးအပြားရှိသော အနက်ကို မသိအပ်သည်ကို ပြုတတ်သောကြောင့်လည်း **အဝိဇ္ဇာ** မည်၏။[၄] အဆုံးအပိုင်းအခြားကင်းသော သံသရာ၌ အလုံးစုံသောယောနိ, အလုံးစုံသောဂတိ, အလုံးစုံသောဘဝ, အအလုံးစုံသော ဝိညာဏဋ္ဌိတိ, အလုံးစုံသော သတ္တာဝါသတို့၌ သတ္တဝါတို့ကို

---

၁-အဝိန္ဒိယ-နောင် ဝိန္ဒတိ-အနက်၌ အ-ပစ္စည်းသက်၊ န္ဒိယ-ကို ဒျ-ပြု၊ တဖန် ဒျ-ကို ဇ္ဇ-ပြု၍ ထိလိင်ဇောတက **အာ-**ပစ္စည်းနှင့်တကွ အဝိဇ္ဇာ-ဟု ရုပ်ပြီးစေအပ်၏။ ဤအလို အဝိဇ္ဇာဟူသည်မှာ မရထိုက်သော ကာယဒုစရိုက် **စသည်ကို** ရတတ်-ဖြစ်စေတတ်သောတရား-ဟု ဆိုလို၏။

၂-ပြည့်စေခြင်း-ဆည်းပူးခြင်းငှါ သင့်သောအနက်သဘောကြောင့်-ဟုဆိုလို၏။

၃-န+ဝိန္ဒိယ-မှ အဝိဇ္ဇာ-ဟု ရုပ်ပြီးစေအပ်၏။

၄-အဝိဒိတံ-မသိအပ်သည်ကို၊ ကရောတိ-ပြုတတ်၏-ဟူသောအနက်၌ အဝိဒိတ-နောင် အ-ပစ္စည်းသက်၊ တ-ကိုချေ၊ ဒိ-မှ ဣ-ကို ယ-ပြု၊ ဒျ-ကို ဇ္ဇ-ပြု၍ အဝိဇ္ဇာ-ဟု ရုပ်ပြီးစေအပ်၏။ သို့မဟုတ် အဝိဒိတ-၏ ပရိယာယ်ဖြစ်သော အဝိဒျ-နောင် အ-ပစ္စည်းသက်၊ ဒျ-ကို ဇ္ဇ-ပြု၍ ပြီးစေအပ်၏။ ဤအဖွင့်များဖြင့်ပင် န ဝိဒတီတိ-မသိတတ်သောကြောင့်၊ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏-ဟူသော ဝစနတ္ထ-နှင့်၊ ဝိဒတီတိ-သိတတ်သောကြောင့်၊ ဝိဇ္ဇာ-ဝိဇ္ဇာမည်၏။ ဝိဇ္ဇာ-သိတတ်သည်၊န-မဟုတ်၊ဣတိ-ဤအကြောင်းကြောင့်၊**အဝိဇ္ဇာ**-အဝိဇ္ဇာ

http://www.dhammadownload.com



ပြေးသွားစေတတ်သောကြောင့် **အဝိဇ္ဇာ** မည်၏[၁]။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မိန်းမယောကျ်ား အစရှိသော ပညတ်တို့၌ သွားတတ်-ဖြစ်တတ်၏၊ ထင်ရှားရှိကုန်သော ခန္ဓာစသည်တို့၌လည်း မသွားတတ် မဖြစ်တတ်၊ ထို့ကြောင့်လည်း **အဝိဇ္ဇာ** မည်၏[၂]။ တနည်းသော်ကား [၁၅၈] စက္ခုဝိညာဏ် အစရှိသည်တို့၏ ဝတ္ထုနှင့် အာရုံတို့ကိုင်း၊ ပဋိစ္စသမုပ္ပါဒ်တရား ပဋိစ္စသမုပ္ပန်တရားတို့ကိုင်း ဖုံးလွှမ်းတတ်သောကြောင့်လည်း [၃] **အဝိဇ္ဇာ** မည်၏။

---

မည်၏-ဟူသော ဝစနတ္ထတို့ကိုလည်းပြသည်ဟုယူအပ်၏။ မှန်ပေ၏၊ မသိအပ်သည်ကိုပြုခြင်း-မသိအောင်ပြုခြင်းသည် သိတတ်သောဉာဏ်၏ ဆန့်ကျင်ဖက်ဖြစ်သည်။ အဝိဇ္ဇာ-ပုဒ်၌ အ-သဒ္ဒါသည်လည်း ဆန့်ကျင်ဖက်ကို ဟော၏၊ ထို့ကြောင့် အဝိဇ္ဇာဟူသည်မှာ သိတတ်သော ဝိဇ္ဇာဉာဏ်၏ ဆန့်ကျင်ဖက်ပေတည်း၊ သိတတ်သောဉာဏ်၏ ဆန့်ကျင်ဖက်ဟူသည်မှာလည်း အမှန်ကို မသိမူ၍ အလွဲအမှားကိုသိတတ်-သိစေတတ်သောတရားပေတည်း။ သို့ဖြစ်၍ မသိအပ်သည်ကိုပြုသည်ဆိုသောစကားနှင့် သိတတ်သောဉာဏ်၏ ဆန့်ကျင်ဖက်ဟူသောစကားသည် တူညီလျက်ရှိ၏။ ထို့ကြောင့် ဆိုခဲ့သော ဝစနတ္ထတို့ကိုလည်း ပြခြင်းဖြစ်သည်ဟု သိအပ်ပေသည်။

၁-အန္တဝိရဟိတေ-အဆုံး အပိုင်းအခြား ကင်းသော သံသရာ၌၊ ဇဝါပေတိ-ပြေးသွားစေတတ်၏-ဟူသောဝစနတ္ထ၌ အန္တ-မှ အ-ကိုင်၊ ဝိရဟိတေ-မှ ဝိ-ကိုင်၊ ဇဝါပေတိ-မှ ဇ-ကိုင်ယူပြီးလျှင် ကြွင်းသောအက္ခရာတို့ကို ချေ၍ ဇ-အက္ခရာတလုံးကိုလည်းလာစေကာ အဝိဇ္ဇာ-ဟုဆိုသည်။ (ဋီကာ)

၂-အဝိဇ္ဇမာနေသု-ထင်ရှားမရှိသော ပညတ်တို့၌၊ ဇဝတိ-ပြေးသွားတတ်-ဖြစ်တတ်၏-ဟူသောဝစနတ္ထ၌ အဝိဇ္ဇမာနဇဝ-မှ အဝိဇ္ဇာ-ဟု ရုပ်ပြီးစေအပ်၏။ ဝိဇ္ဇမာနေသုပိ ခန္ဓာဒီသု-ထင်ရှားရှိသော ခန္ဓာစသည်တို့၌လည်း၊ န ဇဝတိ၊ မသွားတတ်-မဖြစ်တတ်-ဟူသော ဝစနတ္ထ၌ န+ဝိဇ္ဇမာန+ဇဝ-မှ အဝိဇ္ဇာ-ဟုပြီးစေအပ်၏။ ချေသင့်သည်ကိုချေ၍ လာသင့်သည်ကိုလာစေကာ န-ကို အ-ပြု၍ ပြီးစေအပ်၏။

၃-သဒ္ဒါနက်ကိုပြဆိုပြီးလျှင် သဘာဝအနက်ကိုပြခြင်းငှါ အပိစ-တနည်းသော်ကား စသည်ကို (အဋ္ဌကထာဆရာ)ဆိုအပ်ပေသည်။ (ဋီကာ) ဤဋီကာနှင့်အညီ ဖုံးလွှမ်းတတ်သောကြောင့် အဝိဇ္ဇာမည်၏-ဟူသောစကားမှာ ဝစနတ္ထသဒ္ဒါနက်မဟုတ်၊ ဆိုလိုအပ်သော သဘာဝအနက်ဖြစ်သည်ဟု မှတ်ရာ၏။ ထိုသဘာဝအနက်၌ ပဋိစ္စသမုပ္ပါဒ်တရားနှင့် ပဋိစ္စသမုပ္ပန်တရားတို့ကိုဖုံးလွှမ်းခြင်းသည် စက္ခုဝိညာဏ်စသည်တို့၏ ဝတ္ထုနှင့် အာရုံတို့ကို ဖုံးလွှမ်းခြင်းဖြင့်လည်းပြီးစီးသည်ဟု ဋီကာ၌ ပြဆို၏။

http://www.dhammadownload.com



အကြင်အကြောင်းကို စွဲမှီ၍ အကျိုးသည် ဖြစ်၏၊ ထိုစွဲမှီရာ အကြောင်းသည် **ပစ္စယ** မည်၏[၁]။ (ထိုပစ္စယ-၏ ဝစနတ္ထ၌) (ပတိ-၏အစား ပဋိစ္စ-) **စွဲမှီ၍** ဟူရာ၌ "မကင်းမူ၍ မစွန့်မူ၍"ဟူသောအနက်ကို (သိအပ်၏)။ (အယ-၏ အစား ဧတိ-) **ဖြစ်၏**-ဟူရာ၌"ဖြစ်လည်းဖြစ်၏ မပြတ် ဖြစ်လျက် တည်လည်း တည်၏"ဟူသောအနက်ကို (သိအပ်၏)။ တနည်းသော်ကား ကျေးဇူးပြု တတ်သော အနက်သဘောသည် ပစ္စယ၏အနက်ပေတည်း။ ထိုအကြောင်း သဘောသည် အဝိဇ္ဇာလည်းမည်, ပစ္စယလည်း မည်သောကြောင့် **အဝိဇ္ဇာ ပစ္စယ** မည်၏။ ထိုအဝိဇ္ဇာဟူသောအကြောင်း (ပစ္စယ)ကြောင့်[၂]။ ပြုပြင် အပ်သော[၃] အကျိုးတရားကို ပြုပြင်တတ်ကုန်သောကြောင့် **သင်္ခါရ**တို့ မည် ကုန်၏။ တနည်းသော်ကား သင်္ခါရတို့သည်(၁)အဝိဇ္ဇာဟူသောအကြောင်း ကြောင့် ဖြစ်သော သင်္ခါရတို့နှင့် (၂) သင်္ခါရသဒ္ဒါဖြင့် လာသော (ဟောထားသော)သင်္ခါရတို့ဟူ၍ ၂-ပါး အပြားရှိကုန်၏[၄]။ ထို ၂-ပါးတို့တွင် သုံးပါးကုန်သော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ တို့နှင့်သုံးပါးကုန်သောကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရတို့ဟူကုန်သော ဤ၆-ပါးတို့သည် အဝိဇ္ဇာဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရတို့ မည်ကုန်၏။ ထို သင်္ခါရအလုံးစုံတို့သည်လည်း လောကီကုသိုလ်စေတနာ- အကုသိုလ်စေတနာမျှသာလျှင် ဖြစ်ကုန်၏။

---

၁-ပတိ-ပဋိစ္စ-စွဲမှီ၍ + အယ-ဧတိ-ဖြစ်သည်=ပတိ + အယ= ပတျယ=ပစ္စယ ဖြစ်ရန် စွဲမှီခဲ့သောအကြောင်း-စွဲမှီ၍ဖြစ်ကြောင်း။

၂-ဤအဖွင့်သည်"အဝိဇ္ဇာပစ္စယာ သင်္ခါရာ-အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြသည်"ဟူသော မူရင်းစကား၌ ရှိခဲ့သော "အဝိဇ္ဇာပစ္စယာ- အဝိဇ္ဇာဟူသော အကြောင်းကြောင့်"ဟူသောပုဒ်ကို သူ့ရှိရင်းဝိဘတ်နှင့် ပြန်၍ပြသော အဖွင့်ဖြစ်သည်။ ဝိဘတျန္တသံဝဏ္ဏနာ ဝိဘတ်အဆုံး ရှိသည့် အတိုင်းပြသောအဖွင့်ဟူ၍လည်း ခေါ်၏။ မြန်မာပြန်၌ကား ဤအဖွင့်ဖြင့် အကျိုးမရှိပေ။

၃-ပြုပြင်-ဟုဆိုသော်လည်း အဟောင်းကို ပြုပြင်ခြင်းကားမဟုတ်၊ အသစ်ပြု ခြင်း အသစ်ဖြစ်စေခြင်းကိုသာ ဤသင်္ခါရ-ပုဒ်အရာ၌ ဆိုလိုသည်။

၄-အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရတို့သည် သင်္ခါရသဒ္ဒါဖြင့် လာသော သင်္ခါရ တို့၌ အတွင်းဝင်ကုန်ငြားသော်လည်း ယင်းသင်္ခါရတို့သည် ဤပဋိစ္စသမုပ္ပါဒ် ဒေသနာ၌ ပဓာနလိုရင်းဖြစ်ကြသောကြောင့် ယင်းသင်္ခါရတို့ကို အသီး

http://www.dhammadownload.com



ထိုမှတပါး (၁) သင်္ခတသင်္ခါရ (၂) အဘိသင်္ခတသင်္ခါရ (၃) အဘိသင်္ခရဏကသင်္ခါရ (၄) ပယောဂါဘိသင်္ခါရဟူကုန်သော ဤ ၄-ပါးတို့သည် သင်္ခါရသဒ္ဒါဖြင့် လာသော သင်္ခါရတို့ မည်ကုန်၏။ ထို၄-ပါးတို့တွင်"အနိစ္စာ ဝတ သင်္ခါရာ-(သင်္ခါရတို့သည် မမြဲလေကုန်စွတကား)"ဤသို့ အစရှိသော ပါဠိတို့၌ ဟောထားအပ်ကုန်သော အလုံးစုံလည်းဖြစ်ကုန်သော[၁]အကြောင်း ရှိသော တရားတို့သည် သင်္ခတသင်္ခါရ မည်ကုန်၏[၂]။"ကံကြောင့် ဖြစ်ကုန်သော ဘုံသုံးပါး၌ဖြစ်ကုန် (အတွင်းဝင်ကုန်)သော ရုပ်နာမ်တရားတို့သည် အဘိသင်္ခတသင်္ခါရ[၃] မည်ကုန်၏"ဟူ၍ အဋ္ဌကထာတို့၌ ဆို(အပ်ကုန်)၏။

---

အခြားထုတ်၍ဆိုထားသည်၊ ထို့ကြောင့် ၂-ပါးအပြားရှိ၏ ဟူရာ၌ သင်္ခါရ သဒ္ဒါဖြင့်လာသော သင်္ခါရ ၄-ပါးထဲက အဘိသင်္ခရဏကသင်္ခါရကို ချန်၍ ကြွင်းသောသင်္ခါရ ၃-ပါးကိုသာလျှင် သင်္ခါရသဒ္ဒါဖြင့်လာသော သင်္ခါရဟူ၍ ယူဉ်စေအပ်-ယူအပ်၏။ တနည်းကား သင်္ခါရသဒ္ဒါဖြင့်လာသော သင်္ခါရတို့ ဟူသောစကားဖြင့် သင်္ခါရအားလုံး အပေါင်းကိုဆိုသည်၊ ထိုအပေါင်း၏ (အပေါင်းထဲမှ) အစိတ်ဖြစ်သော အဝိဇ္ဇာပစ္စယသင်္ခါရတို့ကို ဤ၌ဖွင့်ရမည့် သင်္ခါရအဖြစ်ဖြင့် ယူအပ်ကုန်၏။ ထို့ကြောင့် ဖွင့်ရမည့်သင်္ခါရနှင့် အလုံးစုံကို သိမ်းယူသည့်သင်္ခါရတို့အလိုအားဖြင့် ၂-ပါးအပြားရှိသည်၏အဖြစ်ကိုဆိုထား သည်ဟုသိအပ်၏။ (ဋီကာ)

၁-အလုံးစုံလည်းဖြစ်သော-ဟူသောစကားဖြင့် တစိတ်တဒေသလည်းဖြစ်သော ဟုပေါင်းဆည်း၏။ အလုံးစုံလည်း သင်္ခတသင်္ခါရမည်သည်၊ တစိတ်တပိုင်း လည်း သင်္ခတသင်္ခါရမည်သည်ဟုဆိုလို၏။ နောက်၌လည်း ဤသို့သောစကား ကို နည်းတူပင်သိပါလေ။

၂-သင်္ခတ ကံ စိတ် ဥတု အာဟာရ စသော ဆိုင်ရာအကြောင်းတို့က ပေါင်းစု ညီညွတ်၍ ပြုအပ်–ဖြစ်စေအပ်သော+သင်္ခါရ-သင်္ခါရတရား=သင်္ခတသင်္ခါရ ဆိုင်ရာအကြောင်းတို့က ပေါင်းစုညီညွတ်၍ ပြုအပ်သောသင်္ခါရတရား။

၃-အဘိ-ရှေးရှု ပြုဘိသကဲ့သို့+သင်္ခတ-ပြုအပ်သော+သင်္ခါရ - သင်္ခါရတရား= အဘိသင်္ခတသင်္ခါရ-ငါ့ဥစ္စာဟု ရှေးရှုပြုသလိုပင် ကံကပြုအပ်သော သင်္ခါရ တရား၊ ကံကြောင့်ဖြစ်သော လောကီဝိပါက်နှင့် ကမ္မဇရုပ်တရားများပင် ဖြစ်သည်။ ယင်းတို့သည် ကံအကြောင်းကပြုအပ်သော သင်္ခတသင်္ခါရပင် ဖြစ်ငြားသော်လည်း ကံ-ကငါ့ဥစ္စာအနေအားဖြင့် ဖြစ်စေအပ်သောကြောင့် ထူးကဲသော သင်္ခတဖြစ်သည်ဟူသောအလိုဖြင့် အဋ္ဌကထာ၌ ယင်းတို့ကို အဘိသင်္ခတသင်္ခါရဟု အထူးထုတ်၍ဆိုထားသည်။ (ဋီကာ)

http://www.dhammadownload.com



ထိုအဘိသင်္ခါရတို့သည်လည်း "အနိစ္စာ ဝတ သင်္ခါရာ" ဟူသော ဤပါဠိ၌သာလျှင် သိမ်းယူအပ်ခြင်းသို့ရောက်ကုန်၏။ ယင်း အဘိသင်္ခတ သင်္ခါရတို့၏ လာရာဌာနသည်ကား (ပါဠိတော်၌) အသီးအခြား မထင်ပေ။ ဘုံသုံးပါး၌ဖြစ်သော (အတွင်းဝင်သော) ကုသိုလ် အကုသိုလ်စေတနာကို ကား အဘိသင်္ခရဏကသင်္ခါရ[၁]-ဟု ဆိုအပ်၏။ ထိုအဘိသင်္ခရဏကသင်္ခါရ ၏ လာရာဌာနသည် "အဝိဇ္ဇာဂတောယံ ဘိက္ခဝေ ပုရိသပုဂ္ဂလော ပုညဉ္စေ သင်္ခါရံ အဘိသင်္ခရောတိ-(ရဟန်းတို့ အဝိဇ္ဇာရှိသော ဤယောကျ်ားပုဂ္ဂိုလ် သည် ပုည မည်သော သင်္ခါရကို အကယ်၍ ပြုလုပ်ငြားအံ့)" ဤသို့ အစရှိ သော ပါဠိတို့၌ ထင်ပေ၏။ ကိုယ်၌ ဖြစ်သော ဝီရိယ စိတ်၌ ဖြစ်သော ဝီရိယ ကိုကား ပယောဂါဘိသင်္ခါရ-ဟု[၂] ဆိုအပ်၏။ ထိုပယောဂါဘိသင်္ခါရသည် "ယာဝတိကာ အဘိသင်္ခါရဿ ဂတိ၊ တာဝတိကာ ဂန္တွာ အက္ခာဟတံ မညေ အဋ္ဌာသိ-(လက်ဖြင့် တွန်းလိမ့်လိုက်ခြင်းဟူသော အားထုတ်မှု၏ အရှိန်ရှိသ လောက်(လှည်းဘီးသည်)လိမ့်သွားပြီးလျှင် (အရှိန်ကုန်ရာ၌) ဝင်ရိုးဖြင့် ထိုးလျှိုထားအပ်ဘိသကဲ့သို့ ထောင်လျက်တည်နေလေ၏)" ဤသို့ အစရှိ သော ပါဠိတို့၌ လာပေ၏။

ဆက်၍ ဖော်ပြဦးအံ့၊ သက်သက် ဤဆိုခဲ့သော သင်္ခါရတို့သည်သာလျှင် (သင်္ခါရသဒ္ဒါဖြင့် လာသော သင်္ခါရတို့ မည်ကြသည်) မဟုတ်ကုန်သေး၊ (စင်စစ်သော်ကား) "ဒါယကာ ဝိသာခ ၊ မှတ်သားမှု-သညာ, ခံစားမှု- ဝေဒနာတို့၏ ချုပ်ရာ(နိရောဓသမာပတ်)သို့ ဝင်ရောက်သော ရဟန်းအား ဝိတက် ဝိစာရဟူသော ဝစီသင်္ခါရသည် ရှေးဦးစွာ ချုပ်၏၊ ထို့နောင်မှ ဝင်သက် ထွက်သက်ဟူသော ကာယ သင်္ခါရသည် (ချုပ်၏)၊ ထို့နောင်မှ သညာ ဝေဒနာဟူသော စိတ္တသင်္ခါရသည်(ချုပ်၏)။" ဤသို့ အစရှိသော နည်းဖြင့် သင်္ခါရသဒ္ဒါဖြင့် လာကုန်သော အခြားတပါးသော သင်္ခါရတို့သည်

---

၁ အဘိသင်္ခရဏက-ရှေးရှုပြုတတ်သော၊ ဝါ၊ အထူးသဖြင့် ပြုတတ်သော+ သင်္ခါရ-သင်္ခါရတရား=အဘိသင်္ခရဏကသင်္ခါရ-ရှေးရှုပြုတတ်သော၊ဝါ၊ အထူး သဖြင့် ပြုတတ်သော သင်္ခါရတရား၊ အဝိဇ္ဇာပစ္စယသင်္ခါရနှင့် အရတူပင် ဖြစ်သည်။

၂-ပယောဂ-ယှဉ်စေမှု၊ ဝါ-အားထုတ်မှု+အဘိသင်္ခါရ-ရှေးရှုပြုမှု၊ ဝါ-အထူး ပြုမှု=ပယောဂါဘိသင်္ခါရ-ကိုယ်နှုတ်စိတ်ဖြင့် အားထုတ်မှုဟူသော ပြုလုပ်မှု၊ ကိုယ်နှုတ်စိတ်ဖြင့် ကြောင့်ကြဗျာပါရစိုက်မှု-အားထုတ်မှုပင် ဖြစ်သည်။

http://www.dhammadownload.com



လည်း များစွာ ရှိကြသေး၏။ ထိုသင်္ခါရတို့တွင် သင်္ခတသင်္ခါရတို့ဖြင့် သိမ်းယူ ရေတွက်ခြင်းသို့ မရောက်သော(ဝါ၊ မသိမ်းယူ မရေတွက်နိုင်သော) သင်္ခါရမည်သည် မရှိပေ။ ဤ(သင်္ခါရသဒ္ဒါ၏ အနက်ကို ပြသောစကား)မှ နောက်၌"သင်္ခါရဟူသောအကြောင်းကြောင့် ဘဝသစ် ဝိညာဏ် ဖြစ်သည်" ဤသို့ အစရှိသော စကားရပ်တို့၌ ဆိုအပ်ခဲ့ပြီးသော (သင်္ခါရ၏ အနက် ပစ္စယ၏ အနက်အစရှိသော)အနက်ကို ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် သိအပ်၏ [၁]။

[၁၅၉] ထူးရာကို ပြဆိုအံ့၊ မဆိုအပ်သေးသော (ဝိညာဏ စသည်၏) အနက်၌ (ဤသို့ သိအပ်၏)၊ (အာရုံကို)သိတတ်သောကြောင့် **ဝိညာဏ်** မည်၏။ (အာရုံဆီသို့)ညွတ်တတ်သောကြောင့် **နာမ်** မည်၏။ ဖောက်ပြန်တတ်သောကြောင့် **ရုပ်** မည်၏။ (ထိုထိုဒွါရအာရုံတို့၌) ဖြစ်တတ်သော စိတ်စေတသိက်တို့ကို (ထင်ရှားပေါ်လာအောင်) ချဲ့တတ်-ကျယ်ပြန့်ဖြစ်ပွါး စေတတ်သောကြောင့်၎င်း၊ ရှည်သော သံသရာဆင်းရဲကို ဆောင်တတ် - ဖြစ်စေတတ်သောကြောင့်၎င်း **အာယတန** မည်၏။ (အာရုံကို) တွေ့ထိတတ်သောကြောင့် **ဖဿ** မည်၏။ ခံစားတတ်သောကြောင့် **ဝေဒနာ** မည်၏။ ဆာလောင်တတ်သောကြောင့် **တဏှာ** မည်၏။ စွဲလမ်းတတ်သောကြောင့် **ဥပါဒါန်** မည်၏။ ဖြစ်တတ်သောကြောင့်၎င်း၊ ဖြစ်စေတတ်သောကြောင့်၎င်း **ဘဝ** မည်၏။ ဖြစ်ခြင်းသည် **ဇာတိ** မည်၏။ ရင့်ယော်ခြင်း - အိုခြင်းသည် **ဇရာ** မည်၏။ သေကြောင်း သဘော ဖြစ်သောကြောင့် **မရဏ** မည်၏။ စိုးရိမ် - ပူဆွေးခြင်းသည် **သောက** မည်၏။ ငိုကြွေးမြည်တမ်းခြင်းသည် **ပရိဒေဝ** မည်၏။ ဆင်းရဲစေတတ်သောကြောင့် **ဒုက္ခ** မည်၏၊ တနည်း - ဥပါဒ် - ဌီတို့ အရ နှစ်ပါးအပြားအားဖြင့် တူးဖြိုတတ်သောကြောင့် [၂] **ဒုက္ခ** မည်၏။ နှလုံးမသာသည်၏အဖြစ်- (နှလုံးမသာခြင်း) သည် **ဒေါမနဿ** မည်၏။ ပြင်းစွာ စိတ်ပင်ပန်းခြင်းသည် **ဥပါယာသ** မည်၏။

---

၁-ဤစကားဖြင့် ပစ္စယ-၏အနက်ကို အဝိဇ္ဇာပစ္စယာ-ပုဒ်၌ ပြခဲ့သည့်အတိုင်း သိရန်၊ အဝိဇ္ဇာ-နှင့် ပစ္စယ သမာသ်တွဲစပ်သကဲ့သို့ သင်္ခါရစသည်နှင့်သမာသ် တွဲစပ်ပုံများကို သိရန်ညွှန်ပြသည်။

၂-ဒုက္ခဝေဒနာသည် ဖြစ်ဆဲနှင့်တည်ဆဲ၌ ဆင်းရဲစေတတ်သောကြောင့် ၂-ပါး အပြားအားဖြင့် တူးဖြိုတတ်သည်ဟုဆိုသည်။

http://www.dhammadownload.com



(သမ္ဘဝန္တိ) ဖြစ်ကုန်၏ - ဟူရာ၌ ဖြစ်ပေါ်ကုန်၏ (ဟု ဆိုလို၏)။ ဤ သမ္ဘဝန္တိ - ဖြစ်ကုန်၏ - ဟူသောပုဒ်ကို သောက-စသည်တို့နှင့် သာလျှင် စပ်ယှဉ်အပ်သည် မဟုတ်၊ (သင်္ခါရာ-သင်္ခါရတို့သည်-အစရှိကုန်သော) အလုံးစုံသော (ကတ္တား)ပုဒ်တို့နှင့်လည်း စပ်ယှဉ်အပ်ပေ၏။ အပြစ်ကား ဤသို့ မစပ်ယှဉ်မူ၍ "အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့သည်"ဟု (ဤမျှသာ)ဆို(အပ်)ပါမူ (သင်္ခါရတို့သည်) အဘယ်ကို ပြုကုန်သနည်း ဟု မထင်ရှားလေရာ။ သမ္ဘဝန္တိ - ဖြစ်ကုန်၏-ဟူ၍ စပ်ယှဉ်ပါမူကား "ထိုအကြောင်းသဘောသည် အဝိဇ္ဇာလည်းမည်,ပစ္စယလည်း မည်သောကြောင့် အဝိဇ္ဇာပစ္စယ - အဝိဇ္ဇာဟူသော အကြောင်း မည်၏၊ ထိုအဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏"-ဟု အကြောင်းနှင့်အကျိုး ပိုင်းခြား သတ်မှတ်ခြင်းကို ပြုအပ်ပေသည် (ပြုခြင်း ကိစ္စပြီးပေသည်)။ (သင်္ခါရပစ္စယာ ဝိညာဏံ-သင်္ခါရ ဟူသော အကြောင်းကြောင့် ဝိညာဏ်သည်-အစရှိသော) အလုံးစုံသော ပုဒ်တို့၌ ဤနည်းပင်တည်း။[၁]

ဧဝံ (ဤပုံ-ဤနည်းဖြင့်)ဟူသော ပုဒ်သည် ပြအပ်ခဲ့ပြီးသော နည်းကို ညွှန်ပြ(ကြောင်းဖြစ်)သော ပုဒ်ပေတည်း။ ထိုပုဒ်ဖြင့်"အဝိဇ္ဇာ အစရှိသော အကြောင်းတို့ကြောင့်သာလျှင် (ဖြစ်ကုန်၏)၊ ဣဿရခေါ် ဘုရားသခင်၏ ဖန်ဆင်းခြင်း စသည်တို့ကြောင့် (ဖြစ်ကြသည်)မဟုတ်"ဟု ပြ၏။ **ဧတဿ** (ဤ)-ဟူသည်ကား ဆိုအပ်ခဲ့တိုင်းသော- ဆိုအပ်ခဲ့သမျှသော။ **ကေဝလဿ-**

---

၁-ဤ သမ္ဘဝန္တိ-ပုဒ်စပ်ယှဉ်ပုံကိုပြရာ၌ "သမ္ဘဝန္တိသဒ္ဒါ၏ ယှဉ်စပ်ခြင်းကိုပြုအပ်၏"ဟု ပါဠိသွားအတိုင်းမပြန်မူ၍ မြန်မာစကားချောစေရန် "ဤ သမ္ဘဝန္တိ ဖြစ်ကုန်၏-ဟူသောပုဒ်ကို ... စပ်ယှဉ်အပ်ပေ၏"ဟုပြန်ထားသည်။ နောက်၌လည်း ပါဠိသွားအတိုင်း အတိအကျမဟုတ်ရာ၌ ဤနည်းပင်ဟု မှတ်ယူပါကုန်။ ထို့ပြင် ဤသမ္ဘဝန္တိ-ပုဒ်စပ်ယှဉ်ပုံကို အဋ္ဌကထာ၌ ပြဆိုခြင်းမှာလည်း ပဋိစ္စသမုပ္ပါဒ် ပါဠိမူရင်းအတွက်သာဖြစ်သည်။ မြန်မာပြန်၌မူကား ဤအဋ္ဌကထာ အဖွင့်နှင့်အညီ "သင်္ခါရတို့ဖြစ်ကြသည်၊ ဝိညာဏ် ဖြစ်သည်"-ဤသို့စသည်ဖြင့် ယှဉ်သင့်သောပုဒ်တိုင်းနှင့် ယှဉ်ပြထားပြီး ဖြစ်သောကြောင့် နောက်ထပ် ဖြည့်စွက်စပ်ယှဉ်ရန် မလိုတော့ပါ။ ထို့ပြင် ဖြစ်ကုန်၏-နှင့်ဖြစ်ကြသည်၊ ဖြစ်၏-နှင့် ဖြစ်သည်၊ ဤသို့သောဝေါဟာရများကိုလည်း အနက်တူပရိယာယ်များဟု မှတ်ယူကြစေလို၏။

http://www.dhammadownload.com



ဟူသည်ကား မရောမယှက် သက်သက်သော၊ ဝါ၊ အလုံးစုံသော[၁]။ **ဒုက္ခက္ခန္ဓဿ**-ဟူသည်ကား ဆင်းရဲအပေါင်း၏[၂](ဖြစ်ခြင်းသာတည်း)၊သတ္တဝါ၏ (ဖြစ်ခြင်း) မဟုတ်၊ ချမ်းသာ တင့်တယ်သောအရာ စသည်တို့၏ (ဖြစ်ခြင်းလည်း)မဟုတ်။ **သမုဒယော**-ဟူသည်ကား ဖြစ်ခြင်းတည်း။ **ဟောတိ**- -ဟူသည်ကား (သမ္ဘဝတိ)ဖြစ်၏-(ဟု ဆိုလို၏)[၃]။ ဤဆိုခဲ့သည့် အတိုင်း ပဋိစ္စသမုပ္ပါဒ် (ပါဠိ)၌ အနက်အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏[၄]။

## အဝိဇ္ဇာစသည်တို့၏လက္ခဏာရသစသည်

၅၈၈။ **လက္ခဏာ စသည်အားဖြင့်** - ဟူသည်ကား အဝိဇ္ဇာ စသည်တို့၏ လက္ခဏာစသည်အားဖြင့်။ ဤ လက္ခဏာစသည်ကား အဘယ်နည်း ဟူမူ? **အဝိဇ္ဇာ**သည် မသိခြင်း လက္ခဏာရှိ၏၊ ဝါ၊ သိသောဉာဏ်၏ ဆန့်ကျင်ဖက် **လက္ခဏာ** ရှိ၏[၅]၊ အလွန်တွေဝေစေခြင်း ကိစ္စရှိ၏၊ (အာရုံ၏ သဘော

---

၁-ဤကေဝလဿ-၏ အဖွင့် ၂-ခုထဲမှ ရှေးအဖွင့်ကိုသာ မြန်မာပြန်၌ ဖော်ပြထားသည်။

၂-အစုနှင့် အပေါင်းသည် အရတူပင် ဖြစ်သောကြောင့် ခန္ဓ-အစု-ကို သမူဟ အပေါင်းဟုဖွင့်သည်။

၃-၄-ဤစာပိုဒ်၌ သဒ္ဒါနက်အဖွင့်များသည် ပဋိစ္စသမုပ္ပါဒ် ပါဠိမူရင်း အတွက်သာ ဖြစ်သည်၊ မြန်မာပြန်၌ကား ဤအဖွင့်များနှင့်အညီ အသင့်လျော်ဆုံးကိုယူ၍ ပြထားပြီးဖြစ်သောကြောင့် ထပ်မံ၍ဖွင့်ပြရန် မလိုတော့ပါ။ အထူးအားဖြင့် သမုဒယော-၏ အဖွင့်၊ ဟောတိ-၏ အဖွင့်များသည် မြန်မာပြန်၌ အပိုပင် ဖြစ်သည်။ သို့သော်လည်း အဋ္ဌကထာ၌ ရှိသမျှကို အတိအကျသိလိုသော ပုဂ္ဂိုလ်တို့အတွက် ထိုသို့သော ပုဒ်အဖွင့်များကို ဤ၌ဖော်ပြခြင်းဖြစ်သည်။ နောက်၌လည်း ဤသို့သောအဖွင့်များကိုတွေ့ရလျှင် ဤနည်းပင် မှတ်ယူကြပါကုန်။

၅။ အဝိဇ္ဇာသည် အညာဏ-မသိခြင်းလက္ခဏာရှိ၏ ဟူရာ၌ အမှန်ကို မသိရုံမျှမဟုတ်၊ ဉာဏ်၏ ဆန့်ကျင်ဖက်-ဉာဏ်အသိမှ ပြောင်းပြန် အလွဲအမှားကို သိခြင်း ထင်မှတ်ခြင်း သဘောလည်း ရှိသေး၏၊ ပုံကား ဉာဏ်က ဒုက္ခကို ဒုက္ခဟု အမှန်အတိုင်း သိသည်။ အဝိဇ္ဇာက ဒုက္ခကို သုခဟု သိသည် ထင်မှတ်သည်၊ ဤသို့ စသည်ဖြင့် ဉာဏ်၏ ဆန့်ကျင်ဖက်လည်းဖြစ်၏၊ ထို့ကြောင့် ကျမ်းဂန်တို့၌ အညာဏပုဒ်ကို ဉာဏ်၏ ဆန့်ကျင်ဖက် ဟူ၍လည်း ဖွင့်ပြကြလေသည်။ ထိုအဖွင့်အားလျော်စွာ အဝိဇ္ဇာ၏ အလွဲသိတတ်ပုံကို ထင်ရှားစေရန် ဤ၌လည်း ဒုတိယအနက် ထပ်၍ပြဆိုထားခြင်း ဖြစ်သည်။

http://www.dhammadownload.com



မှန်ကို)ဖုံးလွှမ်းသော သဘောဟု ဉာဏ်အား ရှေးရှုထင်၏၊ အာသဝလျှင်နီး သောအကြောင်း ရှိ၏။

**သင်္ခါရ**တို့သည် ပြုပြင်ခြင်း လက္ခဏာရှိကုန်၏၊ အားထုတ်ခြင်း ကိစ္စ ရှိကုန်၏၊ စေ့ဆော်တိုက်တွန်းတတ်သော တရားဟု ဉာဏ်အား ရှေးရှုထင်ကုန်၏၊ အဝိဇ္ဇာလျှင်နီးသောအကြောင်း ရှိကုန်၏။

**ဝိညာဏ်**သည် (အာရုံကို) အထူးသိခြင်း လက္ခဏာရှိ၏၊ ရှေ့သွားခြင်း ကိစ္စရှိ၏၊ (ရှေးဘဝနှင့် ရှေးစိတ်နှင့်)စပ်သော အားဖြင့် ဉာဏ်အား ရှေးရှု ထင်၏၊ သင်္ခါရလျှင် နီးသောအကြောင်း ရှိ၏၊ တနည်း ဝတ္ထုနှင့် အာရုံလျှင် နီးသော အကြောင်း ရှိ၏။

**နာမ်**သည် (အာရုံဆီသို့)ညွတ်ခြင်း လက္ခဏာရှိ၏၊ အညီအညွတ် အပြား အားဖြင့် ယှဉ်ခြင်းကိစ္စရှိ၏၊ အသီးအသီး မခွဲခြမ်းအပ်သောတရားဟု ဉာဏ် အား ရှေးရှုထင်၏၊ ဝါ၊ အသီးအသီးမဖြစ်သော မကွဲသော တရားဟု ဉာဏ် အား ရှေးရှုထင်၏၊ ဝိညာဏ်လျှင် နီးသောအကြောင်းရှိ၏။

**ရုပ်**သည် ဖောက်ပြန်ခြင်းလက္ခဏာရှိ၏၊ ဖရိုဖရဲ ကွဲခြင်းကိစ္စရှိ၏၊ အဗျာကတတရားဟု ဉာဏ်အားရှေးရှုထင်၏၊ ဝါ၊ အာရုံကို မယူတတ်-မသိတတ် သောတရားဟု ဉာဏ်အားရှေးရှုထင်၏[၁]၊ ဝိညာဏ်လျှင် နီးသောအကြောင်း ရှိ၏။

**သဠာယတန**-အာယတန ၆-ပါးသည်(ထိုထိုဒွါရနှင့်ဆိုင်သော တရားတို့ကို ဖြစ်စေရန်)အားထုတ်ခြင်း လက္ခဏာရှိ၏၊ မြင်ခြင်းအစရှိသော ကိစ္စရှိ၏၊ တည်ရာ ဝတ္ထုအဖြစ် ဖြစ်ကြောင်း ဒွါရအဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏၊ နာမ်ရုပ်လျှင် နီးသောအကြောင်းရှိ၏။

**ဖဿ**သည် (အာရုံကို) တွေ့ခြင်းလက္ခဏာရှိ၏၊ တိုက်ခိုက်ခြင်း ကိစ္စ ရှိ၏၊ (ဒွါရ အာရုံ ဝိညာဏ် ဟူသော အကြောင်းသုံးပါးတို့၏)ပေါင်းဆုံမိ

---

၁-ဤ၌ အဗျာကတ-၏ အနက်ကို "အာရုံကို မယူတတ်-မသိတတ်"ဟုပြန်ခြင်း သည်"စေတနာမရှိ အဗျာကတတရားတည်း"ဟူသောဤဝိသုဒ္ဓိမဂ်(ပ-၃၄၇-စသည်)၌ကဲ့သို့ အာရုံမရှိသည်၏အဖြစ်၊ အာရုံကို မယူတတ်-မသိတတ်သည်၏ အဖြစ်ကိုမူလည်း အဗျာကတအဖြစ်-ဟု မှတ်အပ်၏-ဟု ပြဆိုသောဋီကာနှင့်အညီပေတည်း။ ဤအနက်သည် ယောဂီတို့၏ ဉာဏ်၌ထင်ပုံနှင့် အထူး သင့်လျော်ပေ၏။

http://www.dhammadownload.com



သောအားဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ အာယတန ၆-ပါးလျှင် နီးသော အကြောင်းရှိ၏။

**ဝေဒနာ**သည် (အာရုံကို) ခံစားခြင်းလက္ခဏာရှိ၏၊ အာရုံ၏အရသာကို သုံးဆောင်ခြင်းကိစ္စရှိ၏၊ ချမ်းသာနှင့်ဆင်းရဲအနေအားဖြင့် ဉာဏ်အား ရှေးရှုထင်၏[1]၊ ဖဿလျှင် နီးသောအကြောင်းရှိ၏။

**တဏှာ**သည် ဒုက္ခ၏အကြောင်းအဖြစ်ဟူသော လက္ခဏာရှိ၏၊ နှစ်သက်ခြင်းကိစ္စရှိ၏၊ မရောင့်ရဲသည်၏အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏၊ ဝေဒနာလျှင် နီးသောအကြောင်းရှိ၏။

[၁၆၀] **ဥပါဒါန်**သည် ဆုပ်ကိုင်ထားခြင်း လက္ခဏာရှိ၏၊ ဝါ၊ ပြင်းစွာစွဲလမ်းခြင်းလက္ခဏာရှိ၏၊ မလွှတ်ခြင်းကိစ္စရှိ၏၊ မြဲမြံသောတဏှာနှင့် ဒိဋ္ဌိဟု ဉာဏ်အား ရှေးရှုထင်၏၊ တဏှာလျှင် နီးသော အကြောင်းရှိ၏။

**ဘဝ**သည် ကံနှင့် ကံ၏အကျိုး အဖြစ် ဟူသော လက္ခဏာရှိ၏[၂]၊ ဖြစ်စေခြင်း ဖြစ်ခြင်းကိစ္စရှိ၏၊ ကုသိုလ် အကုသိုလ်နှင့် အဗျာကတတရားဟု ဉာဏ်အား ရှေးရှုထင်၏၊ ဥပါဒါန်လျှင် နီးသော အကြောင်းရှိ၏။

**ဇာတိ**-စသည်တို့၏ လက္ခဏာစသည်တို့ကို သစ္စနိဒ္ဒေသ၌ ဆို(အပ်)ခဲ့ပြီးသောနည်းဖြင့်သာလျှင် သိအပ်ကုန်၏၊ ဤဆိုခဲ့သည့်အတိုင်း ဤပဋိစ္စသမုပ္ပါဒ်၌ လက္ခဏာစသည်အားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။

## ကေဝိစေသောအပြား

၅၇၉။ **ကေဝိ-စသည်အားဖြင့်**-ဟူရာ၌ (အကျယ်ကား) အဝိဇ္ဇာသည် အညာဏ(မသိတတ်သည်၏)အဖြစ် အဒဿန (မမြင်တတ်သည်၏)အဖြစ်

---

၁-အကုသိုလ်၏အကျိုးဝိပါက်ဥပေက္ခာဝေဒနာသည် အလိုမရှိအပ်သောအနိဋ္ဌာရုံဖြစ်သောကြောင့်ဒုက္ခဖြင့်သိမ်းယူအပ်၏၊ကုသိုလ်၏အကျိုးဝိပါက်ဥပေက္ခာဝေဒနာသည် အလိုရှိအပ်သော ဣဋ္ဌာရုံဖြစ်သောကြောင့် သုခဖြင့် သိမ်းယူအပ်၏။ ထိုကြောင့် အလယ်အလတ်ဥပေက္ခာကိုမဖော်ပြတော့ဘဲ ချမ်းသာနှင့်ဆင်းရဲအနေအားဖြင့် ဉာဏ်အားရှေးရှုထင်၏-ဟု ဆိုသည်။ (ဋီကာ)

၂-**ကမ္မဘဝ**သည် **ကံ၏အဖြစ်လက္ခဏာရှိ၏၊ ဥပပတ္တိဘဝ**သည် **ကံ၏အကျိုး အဖြစ်လက္ခဏာရှိ၏**-ဟု အစဉ်အတိုင်းယှဉ်၍ယူပါ။ ရသနှင့်ပစ္စုပဋ္ဌာန် အရာတို့၌လည်း နည်းတူပင်ယူပါ။

http://www.dhammadownload.com



မောဟစသည်၏ အဖြစ်အားဖြင့် တပါးတည်းသာရှိ၏[၁]။ အပ္ပဋိပတ္တိအဝိဇ္ဇာ မိစ္ဆာပဋိပတ္တိအဝိဇ္ဇာအားဖြင့်[၂] ၂-ပါး အပြားရှိ၏၊ သသင်္ခါရ အသင်္ခါရ အားဖြင့်(လည်း)ထိုအတူ၂-ပါး အပြားရှိ၏။ သုခ ဒုက္ခ ဥပေက္ခာ ဟူသော ဝေဒနာသုံးပါးနှင့် ယှဉ်သောအားဖြင့် ၃-ပါးအပြားရှိ၏။ သစ္စာလေးပါးကို ထိုးထွင်း၍ မသိသောအားဖြင့် ၄-ပါး အပြားရှိ၏။ ဂတိငါးပါး၏ အပြစ်ကို ဖုံးလွှမ်းသောအားဖြင့် ငါးပါးအပြားရှိ၏။ ဒွါရ အာရုံ အားဖြင့်မူကား အလုံးစုံလည်းဖြစ်ကုန်သော နာမ်တရားတို့၌ ၆-ပါးအပြားရှိသည်၏အဖြစ်ကို သိအပ်၏။

သင်္ခါရတို့သည် သာသဝတရားအဖြစ် ဝိပါကဓမ္မဓမ္မအဖြစ်[၃] စသည်အားဖြင့် တပါးတည်းသာရှိ၏။ ကုသိုလ်နှင့် အကုသိုလ်အားဖြင့် ၂-ပါး အပြားရှိကုန်၏။ ပရိတ္တ(ကာမ)တရားနှင့် မဟဂ္ဂုတ်တရား၊ ဟီန (အယုတ်အညံ့) တရားနှင့် မဇ္ဈိမ(အလယ်အလတ်)တရား၊ မိစ္ဆတ္တနိယတတရားနှင့် အနိယတ တရား[၄]တို့အရအားဖြင့် ထိုအတူ ၂-ပါး(စီ)အပြားရှိကုန်၏။ပုညာဘိသင်္ခါရ စသည်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ယောနိလေးပါးတို့ကို ဖြစ်စေတတ်သောအားဖြင့် လေးပါးအပြားရှိကုန်၏။ ဂတိ ငါးပါးတို့ကို ရောက်စေတတ်သောအားဖြင့် ငါးပါးအပြားရှိကုန်၏။

ဝိညာဏ်သည် လောကီဝိပါက် ဝိညာဏ်စသည်အဖြစ်အားဖြင့်၊ဝါ၊လောကီ အဖြစ် ဝိပါက် စသည်အဖြစ်အားဖြင့်[၅] တပါးတည်းသာရှိ၏။ ဟိတ်ရှိနှင့်

---

၁-အဝိဇ္ဇာဟူသမျှသည် မသိတတ်သည်ချည်းသာ-အသိဉာဏ်၏ ဆန့်ကျင်ဖက် ချည်းသာ၊ ဤသို့စသည်ဖြင့် အကွဲအပြားမရှိ တပါးတည်းတမျိုးတည်းသာ ရှိသည်ဟုဆိုလို၏။ နောက်၌လည်းတပါးတည်းသာရှိသည်ဟူရာ၌နည်းတူပင်။

၂-သစ္စာ ၄-ပါးကိုအမှန်အတိုင်းမသိခြင်းသည်အပ္ပဋိပတ္တိအဝိဇ္ဇာမည်၏၊ ပြောင်းပြန်မှားယွင်းစွာသိခြင်း- အသိအမြင် လွဲမှားခြင်းသည် မိစ္ဆာပဋိပတ္တိအဝိဇ္ဇာ မည်၏။

၃-အာသဝေါတရားတို့၏ အာရုံဖြစ်ထိုက်သော လောကီတရား ဟူသမျှကို သာသဝ-ဟုခေါ်သည်၊ ဝိပါက်ကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ် တရားတို့ကို ဝိပါကဓမ္မဓမ္မ-ဟုခေါ်သည်။

၄-အာနန္တရိယကံငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိသည် မိစ္ဆတ္တနိယတမည်၏၊ ကြွင်းသောအကုသိုလ်နှင့် လောကီကုသိုလ်ဟူသမျှသည် အနိယတမည်၏။

၅-ဋီကာ၌ လောကိယဝိပါကဒိဘာဝတော-ဟု ပါဌ်ပျက်လျက်ရှိ၏။

http://www.dhammadownload.com



ဟိတ်မရှိစသည်အားဖြင့် ၂-ပါးအပြားရှိ၏။ ဘဝသုံးပါး၌ အကျုံးဝင်သော အားဖြင့်၎င်း၊ ဝေဒနာသုံးပါးနှင့် ယှဉ်သောအားဖြင့်၎င်း၊ အဟိတ် ဒွိဟိတ် တိဟိတ်အားဖြင့်၎င်း သုံးပါးအပြားရှိ၏။ ယောနိလေးပါးနှင့် ဂတိငါးပါးတို့ အလိုအားဖြင့် ၄-ပါးအပြားလည်းရှိ၏၊ ငါးပါးအပြားလည်းရှိ၏။

နာမ်ရုပ်သည် ဝိညာဏ်လျှင်မှီရာရှိသောအားဖြင့်၎င်း၊ ကံလျှင်အကြောင်း ရှိသောအားဖြင့်၎င်း တပါးတည်းသာရှိ၏၊ အာရုံကို ယူတတ်သည်၏ အဖြစ် နှင့် မယူတတ်သည်၏အဖြစ်အားဖြင့် ၂-ပါးအပြားရှိ၏။ အတိတ်အစရှိသော အားဖြင့် သုံးပါးအပြားရှိ၏။ ယောနိနှင့် ဂတိတို့၏အလိုအားဖြင့် လေးပါး အပြားလည်းရှိ၏၊ ငါးပါးအပြားလည်းရှိ၏။

သဠာယတနသည် စိတ်စေတသိက်တို့၏ ဖြစ်ရာအရပ် စုဝေးရာ တည်ရာ အရပ်အားဖြင့် တပါးတည်းသာ ရှိ၏၊ ဘူတရုပ်တို့ကို ကြည်လင်စေသည်၏ အဖြစ်နှင့် ဝိညာဏ်၏အဖြစ် စသည်အားဖြင့် [၁] ၂-ပါး အပြားရှိ၏။ ရောက် သောအာရုံ,မရောက်သောအာရုံ,နှစ်ပါးစုံမဟုတ်သောအာရုံရှိသည်၏အဖြစ် အားဖြင့်[၂] သုံးပါးအပြားရှိ၏။ယောနိ ၄-ပါးနှင့် ဂတိငါးပါးတို့၌ အကျုံးဝင် သောအားဖြင့် လေးပါးအပြားလည်း ရှိ၏၊ ငါးပါးအပြားလည်းရှိ၏၊ ဤသို့ ဤနည်းဖြင့် ဖဿအစရှိသည်တို့၏လည်း ကေဝိဓစသည်၏ အဖြစ်ကို သိအပ်

---

၁-ဤအရာတွင် ဋီကာ၌ "ဝိညာဏ်အားဖြင့်-ဟူသောပါဌ်သည်သင့်၏၊သို့သော် ဝိညာဏ် စသည်အားဖြင့်ဟု ရွတ်ဖတ်ကြ၏။ ကေသိက်နည်းဖြင့် ဗာဟိရာ ယတနကိုလည်း သိမ်းယူအပ်လျှင် စသည် (အာဒိ) သဒ္ဒါဖြင့် ထိုဗာဟိရာ ယတန၏၊ ဝါ၊ ထိုကေသိက်နည်း သဠာယတန၏ သိမ်းယူအပ်သည်၏အဖြစ် ကိုမှတ်အပ်၏"ဟုမိန့်ဆို၏။ ထိုအလိုအားဖြင့် သဠာယတန၏အရ ကေသိက် နည်းဖြင့် ဗာဟိရာယတနပါယူလျှင် အဇ္ဈတ္တိက ဗာဟိရအားဖြင့် ၂-မျိုး ကွဲသည်ကို စသည်အရဖြင့် ယူရမည်ဟု ဆိုလို၏။ အဇ္ဈတ္တိကာယတန ၆-ပါး သည်လည်း ရုပ်အာယတနနှင့် နာမ်အာယတနအားဖြင့်၎င်း၊ အာရုံကို ယူတတ် မယူတတ်သော သာရမ္မဏနှင့် အနာရမ္မဏအားဖြင့်၎င်း ကွဲပြား သောကြောင့် ထို ၂-ပါးကွဲပုံများကို စသည်(အာဒိ)သဒ္ဒါဖြင့် ပြသည်ဟု ယူလျှင်လည်း သင့်ရာ၏။

၂-ဃာန ဇိဝှါ ကာယတို့သည် ရောက်သောအာရုံ ရှိကုန်၏။ စက္ခု သောတ တို့သည် မရောက်သောအာရုံရှိကုန်၏၊ မနာယတနသည် ရောက်မရောက်ဟု မဆိုအပ်သောအာရုံရှိ၏။

http://www.dhammadownload.com



၏။ ဤဆိုခဲ့သည့်အတိုင်း ဤပဋိစ္စသမုပ္ပါဒ်၌ ကေဝိစေသည်အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

## အင်္ဂါတို့ကိုပိုင်းခြားခြင်း

၅၉၀။ **အင်္ဂါတို့ကို ပိုင်းခြားသတ်မှတ်ခြင်းအားဖြင့်** ဟူရာ၌ (အကျယ်ကား) ဤပဋိစ္စသမုပ္ပါဒ်၌ (သောက) စိုးရိမ်ပူဆွေးခြင်း စသည်တို့ကို ဘဝစက်၏ မပြတ်စဲခြင်းကို ပြခြင်းအကျိုးငှါ ဟောတော်မူ(အပ်ကုန်)၏။ မှန်ပေ၏၊ အိုခြင်း သေခြင်းက နှိပ်စက်(အပ်)သော သူမိုက်အား ထိုစိုးရိမ်ခြင်း စသည်တို့ ဖြစ်ကုန်၏။ [၁၆၁] (မြတ်စွာဘုရား) ဟောတော်မူပုံကား....

> "ရဟန်းတို့ အကြားအမြင်မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ဆင်းရဲသော ခံစားမှုက တွေ့ထိနှိပ်စက်(အပ်)သည်ရှိသော် စိုးရိမ်၏ ပင်ပန်း၏ ငိုကြွေး၏ ရင်ကို ထုလျက် မြည်တမ်း၏ ပြင်းစွာတွေဝေခြင်းသို့ ရောက်၏"ဟူ၍ပင်တည်း။

ထိုစိုးရိမ်ခြင်းစသည်တို့၏ ဖြစ်ခြင်းရှိနေသမျှကာလပတ်လုံးလည်းအဝိဇ္ဇာ၏ ဖြစ်ခြင်းရှိသောကြောင့် တဖန်လည်း "အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏"ဟူသော ဘဝစက်သည် အဆက်မပြတ် ဆက်စပ်ပြန်တော့သည်သာတည်း။ ထို့ကြောင့်ထိုစိုးရိမ်ခြင်း စသည်တို့၏(အလွှာအဖို့ကို)အိုခြင်း သေခြင်းနှင့်သာလျှင် တူသော၊ ဝါ၊ တခုတည်းသော အလွှာအဖို့ပြု၍ ပဋိစ္စသမုပ္ပါဒ် အင်္ဂါတို့ကို တဆယ့်နှစ်ပါးတို့ဟူ၍ သာလျှင် သိအပ်ကုန်၏၊ ဤဆိုခဲ့သည့်အတိုင်း ဤပဋိစ္စသမုပ္ပါဒ်၌ အင်္ဂါတို့ကို ပိုင်းခြားသတ်မှတ်ခြင်းအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။

ဤသည်ကား ပဋိစ္စသမုပ္ပါဒ်၌ ရှေးဦးစွာ အကျဉ်းချုပ်စကားပေတည်း။

## အဝိဇ္ဇာပစ္စယာသင်္ခါရာ-ပုဒ်ပြဆိုချက်

၅၉၁။ ဤဆိုလတ္တံ့သည်ကားအကျယ်ပြသောနည်းဖြစ်ပေသည်။**အဝိဇ္ဇာ** ဟူသည်မှာ သုတ္တန်နည်းအားဖြင့် ဒုက္ခအစရှိသော လေးဌာနတို့၌ မသိခြင်းပင်တည်း။ အဘိဓမ္မာနည်းအားဖြင့် ပုဗ္ဗန္တ စသည်တို့နှင့်တကွ ရှစ်ဌာနတို့၌ (မသိခြင်းပင်တည်း)။ မှန်ပေ၏။

http://www.dhammadownload.com



"ထို ပဋိစ္စသမုပ္ပါဒ်၌ အဝိဇ္ဇာ ဟူသည် အဘယ်နည်း? ဒုက္ခ၌ မသိခြင်းသည်ရှင်း။ပ။ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်၌ မသိခြင်းသည်ရှင်း၊ ရှေးအဖို့၌ မသိခြင်းသည်ရှင်း၊ နောက်အဖို့၌(မသိခြင်းသည်ရှင်း)၊ရှေးအဖို့ နောက်အဖို့၌ (မသိခြင်းသည်ရှင်း)၊ဣဒပ္ပစ္စယတာခေါ် အကြောင်းတရားနှင့် ပဋိစ္စသမုပ္ပန်ခေါ် အကျိုးတရားတို့၌ မသိခြင်းသည်ရှင်း (အဝိဇ္ဇာမည်၏)" ဟု ဤစကားကို (မြတ်စွာဘုရား)ဟောတော်မူ(အပ်)ပေသည်။

ထိုရှစ်ပါးသော ဌာနတို့တွင် လောကုတ္တရာသစ္စာ ၂-ပါးကို ချန်ထား၍ ကြွင်းသော ၆-ဌာနတို့၌ အာရုံ(ပြုသည်)၏ အစွမ်းအားဖြင့်လည်း အဝိဇ္ဇာသည် ဖြစ်ပေ၏။ ဤသို့ပင် ဖြစ်ငြားသော်လည်း ဖုံးလွှမ်းသည်၏အစွမ်းအားဖြင့်သာလျှင်(ဒုက္ခ၌ မသိခြင်း အစရှိသော) ဤဒေသနာစကားရပ်၌ အလိုရှိအပ်၏။ မှန်ပေ၏၊ ထိုအဝိဇ္ဇာသည် ဖြစ်လတ်သော် ဒုက္ခသစ္စာကို ဖုံးလွှမ်း၍ တည်၏၊ ဟုတ်မှန်သော မိမိ၏ ပင်ကိုရှင်း သဘောလက္ခဏာကို ထိုးထွင်း၍သိခြင်းငှါ(အခွင့်)မပေး၊ ထို့အတူသမုဒယသစ္စာကို၊နိရောဓသစ္စာကို၊ မဂ္ဂသစ္စာကို၊ ရှေးအဖို့ဟု ဆိုအပ်သော အတိတ်ခန္ဓာငါးပါးအပေါင်းကို၊ နောက်အဖို့ဟု ဆိုအပ်သော အနာဂတ်ခန္ဓာငါးပါးအပေါင်းကို၊ ရှေးအဖို့ နောက်အဖို့ဟု ဆိုအပ်သော ထိုအတိတ်အနာဂတ် နှစ်ပါးစုံ ခန္ဓာငါးပါးအပေါင်းကို၊ ဣဒပ္ပစ္စယတာနှင့် ပဋိစ္စသမုပ္ပန်တရားဟု ဆိုအပ်သော ဤသင်္ခါရ စသော အကျိုးတရားတို့၏ အကြောင်းဖြစ်သော အဝိဇ္ဇာ အစရှိသော ပဋိစ္စသမုပ္ပါဒ်တရားကိုရှင်း၊ အဝိဇ္ဇာစသော အကြောင်းကို စွဲမှီ၍ ဖြစ်သော သင်္ခါရအစရှိသော ပဋိစ္စသမုပ္ပန်အကျိုးတရားတို့ကိုရှင်း ဖုံးလွှမ်း၍တည်၏၊ "ဤသည်ကား အဝိဇ္ဇာတည်း၊ ဤသည်တို့ကား သင်္ခါရတို့တည်း"ဟုဤသို့စသည်ဖြင့် ဟုတ်မှန်သော မိမိ၏ပင်ကိုရှင်းသဘောလက္ခဏာကို[၁] ထိုးထွင်း၍ သိခြင်းငှါ (အခွင့်)မပေး။ ထို့ကြောင့် "ဒုက္ခ၌ မသိခြင်းသည်ရှင်း။ပ။

---

၁-ရသိတဗ္ဗော ပဋိဝိဇ္ဈိတဗ္ဗော-ထိုးထွင်း၍သိအပ်သော၊ သဘာဝေါ၊ သဘောသည်။ရသော၊ ရသမည်၏။ အတ္တနော ရသော၊ မိမိ၏သဘောသည်။ သရ-သော-သရသမည်၏။ ယာထာဝေါ ယထာဘူတော-ဟုတ်မှန်သော။ သရ-သော-မိမိ၏သဘောသည်။ ယာထာဝသရသော-ယာထာဝသရသ မည်၏။ သော ဝေ- ထိုဟုတ်မှန်သော မိမိ၏ ပင်ကိုရှင်း သဘောသည်ပင်လျှင်၊

http://www.dhammadownload.com



ဣဒပ္ပစ္စယတာနှင့် ပဋိစ္စသမုပ္ပန်တရားတို့၌ မသိခြင်းသည်ဂုဏ်း (အဝိဇ္ဇာ မည်၏)” ဟူ၍ ဆိုအပ်ပေသည်။

၅၉၂။ **သင်္ခါရတို့** ဟူသည်ကား ပုညာဘိသင်္ခါရ စသော သုံးပါးတို့နှင့် ကာယသင်္ခါရစသော သုံးပါးတို့ ဟူ၍ ရှေး၌ အကျဉ်းအားဖြင့် ဆိုအပ်ခဲ့ပြီးသော သင်္ခါရ ၆-ပါးတို့ပင်တည်း။ အကျယ်အားဖြင့်မူကား ဤသင်္ခါရ ၆-ပါးတို့တွင် **ပုညာဘိသင်္ခါရ** ဟူသည်မှာ ဒါန သီလ စသည်တို့၏ အစွမ်းအားဖြင့်ဖြစ်သော ကာမာဝစရကုသိုလ် စေတနာ ရှစ်ပါးတို့နှင့် ဘာဝနာ၏အစွမ်းအားဖြင့်သာလျှင် ဖြစ်သော ရူပါဝစရကုသိုလ် စေတနာငါးပါးတို့ဟူ(ကုန်)သော ၁၃-ပါး(ကုန်)သော စေတနာတို့ပင်ဖြစ်(ကြ)သည်။ **အပုညာဘိသင်္ခါရ** ဟူသည်မှာ ပါဏာတိပါတစသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သော [၁၆၂] အကုသိုလ် စေတနာ ၁၂-ပါးတို့ပင်(ဖြစ်သည်)။ **အာနေဉ္ဇာဘိသင်္ခါရ** ဟူသည်မှာ ဘာဝနာ၏ အစွမ်းအားဖြင့်သာလျှင် ဖြစ်သော အရူပါဝစရကုသိုလ်စေတနာ၄-ပါးတို့ပင်(ဖြစ်သည်)။ ဤသို့အားဖြင့်[1] သင်္ခါရတို့သည် (အကျဉ်းအားဖြင့်) သုံးပါးဖြစ်ကုန်သော်လည်း[2] ၂၉-ပါးသော စေတနာတို့ ဖြစ်ကြပေသည်။

---

လက္ခိတဗ္ဗတ္တာ-မှတ်အပ်သည်၏ အဖြစ်ကြောင့်၊ ယာထာဝသရသလက္ခဏံ-ယာထာဝသရသလက္ခဏာမည်၏-ဟူသော ဋီကာအဖွင့်နှင့်အညီ ပြန်ဆိုချက်ဖြစ်သည်။ဤသို့သောအရာ၌ ရသဖြင့် ကိစ္စကိုမဆိုလို၊ ပင်ကိုရင်းသဘောကိုသာ ဆိုလိုသည်ဟု မြဲမြံစွာ မှတ်ထားရမည်။

၁-ဤသို့ (အကျယ်)သရုပ်အားဖြင့်.... ၂၉-ပါးသော စေတနာတို့ ဖြစ်ကြပေသည်-ဟု စပ်ပါ။

၂-တယောပိ-၌ အပိ-ကို သော်လည်းဟု ပြန်ထားသည်၊ ယင်းအပိ-သဒ္ဒါသည် အမြတ်အများဟောပုဒ်နှောင် တည်လျှင် ချီးမြှောက်ခြင်း သမ္ဘာဝနာ အနက်ကိုထွန်းပြ၏၊ ရှုတ်ချခြင်း ဂရဟာအနက်ကိုလည်းပေါင်းဆည်းယူ၏၊ အယုတ်အနည်းဟော ပုဒ်နှောင်တည်လျှင် ဂရဟာအနက်ကို ထွန်းပြ၏၊ သမ္ဘာဝနာအနက်ကိုလည်း ပေါင်းဆည်းယူ၏၊ ဤ၌ကား သုံးပါးဟူသော အနည်းနှောင်တည်သောကြောင့် သုံးပါးအနည်းငယ်မျှသာ ဖြစ်ပါသည်ဟု ဂရဟာအနက်ကိုပြပြီးလျှင်၊ သို့သော်လည်း ၂၉-ပါး များစွာလည်း ဖြစ်ပါသေးသည်ဟု သမ္ဘာဝနာအနက်ကို ပေါင်းဆည်းယူသည်။

http://www.dhammadownload.com



ဤမှ တပါးသော သင်္ခါရ သုံးပါးတို့တွင်မူကား ကာယသဉ္စေတနာသည် **ကာယသင်္ခါရ**မည်၏၊ ဝစီသဉ္စေတနာသည် **ဝစီသင်္ခါရ**မည်၏၊ မနောသဉ္စေတနာသည် **စိတ္တသင်္ခါရ**မည်၏။ ဤသင်္ခါရသုံးပါးအပေါင်း(တိက်) ကိုကံကို အားထုတ်ဆဲခဏ၌ ပုညာဘိသင်္ခါရ စသည်တို့၏ ဒွါရအားဖြင့်ဖြစ်ခြင်းကို ပြခြင်းငှါ ဟောတော်မူ(အပ်)ပေသည်။ ချဲ့၍ ပြဦးအံ့၊ ကာယဝိညတ်ကို ဖြစ်စေ၍ ကာယဒွါရမှ ဖြစ်ကုန်သော ရှစ်ပါးသော ကာမာဝစရကုသိုလ်စေတနာတို့နှင့် တဆယ့်နှစ်ပါးသော အကုသိုလ်စေတနာ ဟူသော နှစ်ဆယ်တိတိသော စေတနာတို့သည် ကာယသင်္ခါရမည်၏။ ဝစီဝိညတ်ကို ဖြစ်စေ၍ ဝစီဒွါရမှ ဖြစ်သော ထိုနှစ်ဆယ်တိတိသော စေတနာတို့သည်ပင်လျှင် ဝစီသင်္ခါရ မည်၏။ အဘိညာစေတနာကိုမူကား ^၁ နောက် (သင်္ခါရပစ္စယာ ဝိညာဏံအရာ)၌ ဝိညာဏ်၏ အကြောင်း မဖြစ်သောကြောင့် ဤ(ကာယသင်္ခါရ ဝစီသင်္ခါရကို ယူသော)အရာ၌ မယူအပ်ပေ။ ဆက်၍ ဆိုဦးအံ့၊ အဘိညာ စေတနာကဲ့သို့ပင် ဥဒ္ဓစ္စစေတနာ သည်လည်း (ဝိညာဏ်၏ အကြောင်း)မဖြစ်ပေ၊ ထို့ကြောင့် ထိုဥဒ္ဓစ္စစေတနာကိုလည်း ဝိညာဏ်၏ အကြောင်းအဖြစ်၌ ပယ်နုတ်အပ်၏။ သို့သော် အလုံးစုံလည်းဖြစ်ကုန်သော ဤနှစ်ဆယ်တိတိသော စေတနာတို့သည် အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် ဖြစ်ကြပေ၏။ ထို့ပြင် နှစ်ပါးစုံလည်းဖြစ်ကုန်သော ကာယဝိညတ် ဝစီဝိညတ်တို့ကို မဖြစ်စေမူ၍ မနောဒွါရ၌ ဖြစ်သော အလုံးစုံလည်းဖြစ်သော နှစ်ဆယ့်ကိုးခု (တခုယုတ်သုံးဆယ်)သော စေတနာတို့သည် စိတ္တသင်္ခါရမည်၏ဟု (သိအပ်၏)။ ဤသို့လျှင် ဤတိက်သည် (ပုညာဘိသင်္ခါရစသော)ရှေးတိက်သို့သာလျှင် ဝင်လေသည်။ ဤသို့ (ဖြစ်သောကြောင့်) သရုပ်သဘောအားဖြင့် ပုညာဘိသင်္ခါရစသည်တို့၏ သာလျှင်[၂] အစွမ်းအားဖြင့် အဝိဇ္ဇာ၏ ကျေးဇူးပြုတတ်သည်၏အဖြစ်ကို သိအပ်ပေသည်။

၅၉၃။ ထိုစကားရပ်၌ "သင်္ခါရတို့သည် အဝိဇ္ဇာကြောင့် ဖြစ်ကုန်၏-ဟူသော ဤသဘောကို အဘယ်သို့ သိအပ်ပါသနည်း"ဟူ၍ (တစုံတယောက်

---

၁-အဘိညာစေတနာကိုမူကား.... ဤ(....)အရာ၌ မယူအပ်ပေ-ဟုစပ်ပါ။

၂-ဤ၌"သာလျှင်"ဟူသောစကားဖြင့် ကာယသင်္ခါရ စသည်ကို နှစ်စေသည်၊ အဝိဇ္ဇာကကျေးဇူးပြုပုံကို ပုညာဘိသင်္ခါရစသည်တို့ အလိုအားဖြင့်သာလျှင် သိအပ်သည်၊ ထိုအတိုင်းပင်ပြမည်ဟု ဆိုလို၏။

http://www.dhammadownload.com



သော စောဒကပုဂ္ဂိုလ်၏ စောဒနာခြင်း) ဖြစ်ရာ၏။ အဝိဇ္ဇာ ရှိလတ်သော် (သင်္ခါရတို့၏)ရှိခြင်းကြောင့် (သိအပ်ပေ၏)။ ချဲ့၍ပြအံ့၊ ဒုက္ခစသည်တို့၌ အဝိဇ္ဇာဟု [၂] ဆိုအပ်သော [၁] မသိမှုကို မပယ် (အပ်)သေးသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ ဒုက္ခသစ္စာ၌ရင်း ပုဗ္ဗန္တ (ရှေးအဖို့) စသည်တို့၌ရင်း မသိခြင်း ကြောင့် သံသရာဆင်းရဲကို ချမ်းသာဟု ထင်သော အမှတ်သညာဖြင့် ယူပြီး လျှင် [၂] ထိုဆင်းရဲ၏ပင်လျှင် အကြောင်းဖြစ်သော သုံးပါးအပြား ရှိသည် လည်း ဖြစ်သော သင်္ခါရတို့ကို အားထုတ်ပြုလုပ်၏။ သမုဒယသစ္စာ၌ မသိ ခြင်းကြောင့် ဒုက္ခ၏ အကြောင်း ဖြစ်ကုန်သော်လည်း [၃] တဏှာ၏အခြံအရံ ဖြစ်သော သင်္ခါရတို့ကို သုခ၏အကြောင်းဟု ထင်မှတ်လျက် အားထုတ် ပြုလုပ်၏။ ထို့ပြင် နိရောဓသစ္စာ၌ရင်း၊ မဂ္ဂသစ္စာ၌ရင်း မသိခြင်းကြောင့် ဒုက္ခ၏ ချုပ်ရာမဟုတ်သော်လည်း [၄] (ဗြဟ္မာ့ပြည်စသော) ဂတိအထူး၌ ဒုက္ခ ချုပ်ရာဟု အမှတ်ရှိသည် ဖြစ်၍ ၎င်း၊ ဒုက္ခချုပ်ရာ၏ (ရောက်ကြောင်း) အကျင့်လမ်း မဟုတ်ကုန်သော်လည်း [၅] ယဇ်ပူဇော်ခြင်းနှင့် အမရအကျင့် စသည်တို့၌ [၆] ဒုက္ခချုပ်ရာ၏ (ရောက်ကြောင်း)အကျင့်လမ်းဟု အမှတ် ရှိ

---

၁-အညာဏ-မသိမှုဟု ဆိုသော်လည်း အသိဉာဏ်မရှိခြင်း, မဟုတ်ခြင်းမျှကို မဆိုလို၊ အသိဉာဏ်၏ ဆန့်ကျင်ဘက် အဝိဇ္ဇာကိုသာဆိုလိုသည်ဟု သိစေရန် "အဝိဇ္ဇာဟုဆိုအပ်သော"ဟုဝိသေသနဖြင့် အထူးပြု၍ ဆိုသည်။ (ဋီကာ)

၂-ဒုက္ခဒုက္ခတာ ဝိပရိဏာမဒုက္ခတာ သင်္ခါရဒုက္ခတာ တို့ဖြင့် ပညာရှိတို့သည် ဒုက္ခဟူ၍သာလျှင် ယူအပ်သော သံသရာဆင်းရဲကို ချမ်းသာဟု ထင်သော အမှတ်သညာဖြင့် နှလုံးသွင်းပြီးလျှင် (ဟု ဆိုလို၏)။ ဤစကားဖြင့် ထိုဒုက္ခ၌ တဏှာဖြစ်ခြင်းကို ပြသည်။ (ဋီကာ)

၃-သင်္ခါရတို့သည် ဒုက္ခ၏အကြောင်းဖြစ်ကုန်၏၊ သို့သော်လည်း ထိုသင်္ခါရတို့ကို သုခ၏အကြောင်းဟု ထင်မှတ်လျက် ပြုလုပ်သည်ဟု ဆိုလို၏။

၄-ဗြဟ္မာ့ပြည် စသော ဂတိအထူးသည် ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်ကား မဟုတ်၊ သို့သော်လည်း ထိုဂတိအထူးကို ဒုက္ခချုပ်ရာဟု ထင်မှတ်သည်ဟု ဆိုလို၏။

၅-ယဇ်ပူဇော်ခြင်း စသောအကျင့်သည် ဒုက္ခချုပ်ရာနိဗ္ဗာန်၏ (ရောက်ကြောင်း) အကျင့်လမ်းကား မဟုတ်၊ သို့သော်လည်း ထိုအကျင့်တို့ကို အကျင့် လမ်း မှန်ဟု ထင်မှတ်သည်ဟု ဆိုလို၏။

၆-အရာမက များစွာသော သားကောင်တို့ကို ချည်နှောင် ထားခြင်းဖြင့် ကြောက်ဖွယ်ကောင်းသော ဝါဇပေယျယဇ် စသည်သည် ယည – ယဇ်ပူဇော်

http://www.dhammadownload.com



သည်ဖြစ်၍ ၎င်း ဒုက္ခချုပ်ရာ နိဗ္ဗာန်ကို တောင့်တလျက် ယဇ်ပူဇော်ခြင်းနှင့် အမရအကျင့် စသည်ကို ရှေးသွား ပြုသဖြင့် [၁] သုံးပါးအပြားရှိသည်လည်း ဖြစ်သော သင်္ခါရတို့ကို အားထုတ်ပြုလုပ်၏။

တနည်းသော်ကား (အဝိဇ္ဇာကို မပယ်ရသေးသော) ထိုသူသည် လေးပါးသော သစ္စာတို့၌ အဝိဇ္ဇာကို မပယ်အပ်သေးသည်၏အဖြစ် ဟူသော ထိုအကြောင်းကြောင့် [၂] အထူးအားဖြင့် ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း အစရှိသော များစွာသော အပြစ်တို့နှင့် ရောပြွမ်းသော်လည်း [၃] ကောင်းမှု၏အကျိုး (လူ့ချမ်းသာ စသည်) ဟု ဆိုအပ်သော ဒုက္ခကို ဒုက္ခဟု

---

ခြင်း မည်၏။ (ဋီကာ) ယဇ်ပူဇော်ပုံကို ပြသော အစီအရင်အရ ကြီးကျယ်သောယဇ်ကို ဥက္ကဋ္ဌနည်းဖြင့် ပြသည်။ သို့သော် စသည်-ဆိုသောစကားအရအားဖြင့် "ဆင်းရဲငြိမ်းရာသို့ ရောက်ကြောင်း အဖြစ်ဖြင့် ယုံကြည်၍ နွားတကောင်မျှ ဆိတ်တကောင်မျှ စသည်ကို သတ်၍ ပူဇော်ခြင်းကိုလည်း ဤအရာ၌ "ယဇ်ပူဇော်ခြင်း" ဟူ၍ ပင်ယူအပ်၏။ အသေကင်းကြောင်းဟု ယုံကြည်ယူဆအပ်သော ဒုက္ကရကိရိယာခေါ် ခဲယဉ်းစွာ ပြုကျင့်မှုသည် အမရအကျင့်မည်၏။ တနည်း သေခြင်းကင်းသော နတ်ဖြစ်လိမ့်မည်ဟု ယုံကြည်မြော်လင့်၍ ကျင့်သောအကျင့်သည် အမရအကျင့်မည်၏။ တနည်း ဆင်းရဲပင်ပန်းသောကြောင့် သေစေနိုင်သော အကျင့်သည် အမရအကျင့်မည်၏။ (၃-နည်းလုံး ဋီကာအဖွင့်ချည်းပင်။)

၁-ထိုယဇ်ပူဇော်ခြင်း စသည်ကို ပြုလုပ်ရာ၌ ကာယသင်္ခါရ စသည် အလိုလိုပါဝင်သွား၏၊ ထို့ကြောင့် ရှေးသွားပြုသဖြင့်-ဟု ဆိုသည်၊ မုခေန-ပုဒ်၏ အနက်ဖြစ်သည်၊ သဒ္ဒါနက်အားဖြင့် "မျက်နှာပြုသဖြင့်-ခံတွင်းပြုသဖြင့်-အမှူးပြုသဖြင့်" ဟူ၍ ဖြစ်၏။ အကြောင်းပြုသဖြင့်-အရင်းခံပြုသဖြင့်-ဟူ၍လည်း ပြန်ဆိုနိုင်၏။

၂-အဝိဇ္ဇာကို မပယ်ရသေးခြင်းကြောင့်ဟု ဆိုလို၏။

၃-ကောင်းမှု၏ အကျိုးဟု ဆိုအပ်သော ဒုက္ခသည် ဇာတိအစရှိသော များစွာသော အပြစ်တို့နှင့် ရောပြွမ်းနေ၏၊ သို့ရောပြွမ်းနေသော်လည်း ထို (ကောင်းမှုအကျိုး) ဒုက္ခကို ဒုက္ခဟု မသိသောကြောင့်၊ ဝါ၊ သုခဟု ထင်သောကြောင့် ထိုဒုက္ခကို ရရန်အတွက် ပုညာဘိသင်္ခါရကို ပြုသည်ဟု ဆိုလို၏။

http://www.dhammadownload.com



မသိသည် ဖြစ်၍ ထို(ကောင်းမှု၏အကျိုးဟု ဆိုအပ်သော)ဒုက္ခကို ရခြင်းငှါ ကာယသင်္ခါရဝစီသင်္ခါရ စိတ္တသင်္ခါရအပြားရှိသော[၁၆၃]ပုညာဘိသင်္ခါရကို အားထုတ်ပြုလုပ်၏၊ (ဥပမာပြရလျှင်) နတ်သမီးကို အလိုရှိသောသူသည် တောင်ထိပ်ဖျားမှ ခုန်ချခြင်းကို ပြုသကဲ့သို့တည်း [၁]။ သည်မျှသာမကသေး [၂] သုခဟု သမုတ်အပ်သော်လည်း ထိုကောင်းမှုအကျိုး၏(စုတေအံ့သောအခါ ဟူသော )[၃] အဆုံး၌ ပြင်းစွာပူပန်ခြင်းကို ဖြစ်စေတတ်သော ဝိပရိဏာမ ဒုက္ခအဖြစ်ကိုရင်း၊ သာယာဖွယ်နည်းသည်၏ အဖြစ်ကိုရင်း [၄] မမြင်သည် ဖြစ်၍လည်း၊ဝါ၊မမြင်သောကြောင့်လည်း ထိုကောင်းမှုအကျိုး၏အကြောင်း ဖြစ်သော --ဆိုအပ်ခဲ့ပြီးသော (ကာယသင်္ခါရ စသည်)အပြားရှိသည် သာ

---

၁-ပုညာဘိသင်္ခါရသည် (လူ့လောက နတ်လောက ရူပဗြဟ္မာ့လောက၌)ဇာတိ အစရှိသော ချောက်၌ ကျခြင်းကြောင့်ဖြစ်သော ဆင်းရဲကို ဖြစ်စေတတ်၏။ ထို့ကြောင့် တောင်ထိပ်ဖျားမှ ခုန်ချခြင်းနှင့် တူသည်ဟု ဆိုသည်။ (ဋီကာ)

၂-"သည်မျှသာမကသေး" ဟူသော စကားသည် ဝါကျာရမ္ဘဇောတက စ-သဒ္ဒါ၏အနက်ဖြစ်သည်၊ ရှေးဝါကျ၌ ကောင်းမှုအကျိုးသည် များစွာသော အပြစ်တို့နှင့် ရောပြွမ်းခြင်းကြောင့် ဒုက္ခဖြစ်ကြောင်း ထိုဒုက္ခကို မသိကြောင်း ပြခဲ့၏။ သုခဟု သမုတ်အပ်သော ကောင်းမှုအကျိုး သက်သက်သည်လည်း ဝိပရိဏာမဒုက္ခဖြစ်သေး၏၊ သာယာဖွယ်လည်း နည်း၏၊ ထိုသို့ ဝိပရိဏာမ ဒုက္ခဖြစ်ပုံ သာယာဖွယ်နည်းပုံကို မမြင်သောကြောင့်လည်း ပုညာဘိ သင်္ခါရကို အားထုတ်၏၊ ထိုသို့ အားထုတ်ပုံကို ဆိုရန် ကြွင်းကျန်နေသေး သောကြောင့် ဤနောက် ဝါကျကို ပြဆိုသည်။ ထို့ကြောင့် ရှေးဝါကျ၌ ဆိုခဲ့သော ဤမျှသာမကသေးပါ၊ ဆက်လက်၍ ဆိုဖွယ်ရှိပါသေးသည်ဟု ထိုဝါကျာရမ္ဘဇောတကဖြင့် သိစေသည်။

၃-လက်သည်းကွင်း အတွင်းက စကားမှာ ပြည်မူ ဝိသုဒ္ဓိမဂ် နိဿယမှယူ၍ ပြသော စကားဖြစ်သည်၊ သို့သော် မသေမီပင် စီးပွါးပျက်ခြင်း၊ အခြွေအရံ ပျက်ခြင်း၊ ရာထူးမှ လျှောကျခြင်း စသည်ဖြင့် ကောင်းမှုအကျိုး၏ အဆုံး ကိုလည်း ယူလျှင် သင့်ရာပါသေး၏။

၄-အပ္ပဿာဒါတိ ပရိတ္တသုခါ-ဟု ဖွင့်သော မ-ဋ္ဌ (ပ-၃၆၇) နှင့် အညီ ပြန်ဆို ထားသော အနက်ဖြစ်သည်၊ ရဟန္တာ၏ အမြင်နှင့် ဆိုလျှင် "သာယာဖွယ် မရှိသည်၏ အဖြစ်"ဟူသော အနက်လည်း သင့်၏။

http://www.dhammadownload.com



လျှင် ဖြစ်သော ပုညာဘိသင်္ခါရကို အားထုတ် ပြုလုပ်၏။ (ဥပမာ) ပိုးဖလံသည် [၁] ဆီမီးလျှံသို့ တိုးဝင်ခြင်းကို ပြုသကဲ့သို့ရင်း၊ ပျားရည်ပေါက်၌ တပ်မက်သောသူသည် ပျားရည်သုတ်လိမ်းထားသော ဓားသွားကို (လျှာဖြင့်) လျက်ခြင်းကို ပြုသကဲ့သို့ရင်းပင်တည်း။

ထိုမှတပါး အကျိုးဝိပါက်နှင့်တကွ ဖြစ်ကုန်သော ကာမဂုဏ်ကို မှီဝဲခြင်းအစရှိသည်တို့၌ အပြစ်ကို မမြင်သည်ဖြစ်၍၊ ဝါ၊ မမြင်သောကြောင့် [၂] ချမ်းသာဟု ထင်သော အမှတ်သညာဖြင့်ရင်း၊ ကိလေသာကလွှမ်းမိုးဘိစီး(အပ်)သည်၏အဖြစ်ဖြင့်ရင်း ဒွါရသုံးပါးအပေါင်း၌လည်း ဖြစ်သော အပုညာဘိသင်္ခါရကို အားထုတ်ပြုလုပ်၏၊ (ဥပမာ) သူငယ်သည် မစင်ဖြင့် ကစားခြင်းကို ပြုသကဲ့သို့ရင်း၊ သေလိုသောသူသည် အဆိပ်စားခြင်းကို ပြုသကဲ့သို့ရင်းပင်တည်း။

ထိုမှတပါး အရူပကုသိုလ်၏ အကျိုးဝိပါက်တို့၌လည်း သင်္ခါရဒုက္ခအဖြစ် ဝိပရိဏာမဒုက္ခအဖြစ်ကို မသိသည်ဖြစ်၍၊ ဝါ၊ မသိသောကြောင့် သဿတ-အယူအစရှိသော ဖောက်ပြန် မှားယွင်းသော ဝိပလ္လာသဖြင့် စိတ္တသင်္ခါရ ဖြစ်သော အာနေဉ္ဇာဘိသင်္ခါရကို အားထုတ် ပြုလုပ်၏၊ (ဥပမာ) မျက်စိလယ် လမ်းမှားသော သူသည် ဘီလူးမြို့ဆီသို့ ရှေးရှုသွားသော လမ်းကို လိုက်သွားခြင်းကို ပြုသကဲ့သို့ပင်တည်း။

---

၁ နှံကောင်၊ ပရွက်ပျံ၊ ပိလူ၊ ပရစ်၊ သရက်ပိုး အစရှိသော ခုန်တတ်-ပျံတတ်သော ပိုးကောင်မျိုးကို ပိုးဖလံ-ဟု ခေါ်သည်၊ ထိုဖလံ-ဟူသော စကားသည်လည်း ပျံ-၏ မိတ္တူ ပွံ-မှ ဖြစ်လာသည်ဟူ၍ ယူအပ်၏။ ယူသင့်ပုံကား ပုဂံခေတ် ရေးနည်းအားဖြင့် ပျံ-ကို ပွံ-ဟု ရေးရ၏၊ ထားဝယ်ခရိုင်၌ပျံသည်-ဟူသော စကားကို ပွံသည်-ဟု ယခုတိုင် ပြောဆိုနေကြ၏။ ထို ပွံ-မှ ရွေ့လျော၍ ဖလံ ဖြစ်လာသည်။ ထို့ကြောင့် ပိုးဖလံ-ဟူသည်မှာ ခုန်တတ်-ပျံတတ်သော ပိုးပျံ-ဟု အနက်အဓိပ္ပါယ် ရသည်၊ ပရွက်ပျံ-ဟူသော စကားကဲ့သို့ပင် ဖြစ်သည်။

၂-ကာမဂုဏ်ကို မှီဝဲခြင်းစသည်တို့၌ရင်း, ယင်းတို့၏ အကျိုးဝိပါက်တို့၌ရင်း, အပြစ်ကိုမမြင်သောကြောင့်ဟုဆိုလို၏။ ဤအနက်ကို သဝိပါကေသု-အကျိုးဝိပါက်နှင့်တကွဖြစ်ကုန်သော-ဟုဆိုရာ၌ သဟ-တကွ-နှင့်ယှဉ်ခြင်းကပြသည်။ သားမယားနှင့်တကွလာသည်ဟူရာ၌ သားမယားပါလာခြင်းကို ပြသကဲ့သို့ပင်တည်း။

http://www.dhammadownload.com



ဤ ဆိုခဲ့သည့်အတိုင်း အဝိဇ္ဇာရှိခြင်းကြောင့် သာလျှင် သင်္ခါရတို့၏ ရှိခြင်း(ဖြစ်သည်)၊ အဝိဇ္ဇာမရှိပါမူကား(သင်္ခါရတို့၏ ရှိခြင်း) မဖြစ်နိုင်ပေ၊ ထို့ကြောင့် "ဤသင်္ခါရတို့သည် အဝိဇ္ဇာဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏"ဟူသော ဤသဘောကို သိအပ်ပေသည်။ မှန်ပေ၏၊(မြတ်စွာဘုရား ဘုရားသည်)—

"ရဟန်းတို့၊ ပညာမရှိသော သူသည် အဝိဇ္ဇာရှိသည်ဖြစ်၍၊ ဝါ၊ အဝိဇ္ဇာ ရှိနေသောကြောင့် ပုညာဘိသင်္ခါရကိုလည်း ပြုလုပ်၏၊ အပုညာဘိသင်္ခါရကိုလည်း ပြုလုပ်၏၊ အာနေဥ္ဇာဘိသင်္ခါရကိုလည်း ပြုလုပ်၏။ ရဟန်းတို့၊ အကြင်အခါ၌မူကား ရဟန်း၏ (သန္တာန်၌) အဝိဇ္ဇာကိုပယ်အပ်ပြီ၊ဝါ၊ အဝိဇ္ဇာ ကင်းပျောက်လေပြီ၊ (အရဟတ္တမဂ် ပညာဟူသော) ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လေပြီ၊ ထိုအခါ၌ ထိုရဟန်းသည် အဝိဇ္ဇာ ကင်းခြင်းကြောင့် ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခြင်းကြောင့် ပုညာဘိ သင်္ခါရကို မပြုလုပ်တော့သည်သာလျှင်တည်း" ဟူသော ဤစကား ကို ဟောတော်မူ(အပ်)ပေ၏။

## ပဋ္ဌာန်းပစ္စည်းကိုပြဆိုချက်

၅၉၄။ ဤအရာ၌ (တန့်ရပ်၍ စောဒကပုဂ္ဂိုလ်က) "အဝိဇ္ဇာသည် သင်္ခါရတို့အား ကျေးဇူးပြုတတ်၏-ဟူသော ဤစကားကို ရှေးဦးစွာ လက်ခံပါကုန်၏၊ သို့သော် အဘယ်သင်္ခါရတို့အား အဘယ်သို့သော အခြင်းအရာ အားဖြင့် ကျေးဇူးပြုသည်-ဟူသော ဤစကားကို ဆိုသင့်ပါသေးသည်" ဟူ၍ (စောဒနာကို)ဆို၏။ ထိုကျေးဇူးပြုတတ်သည်၏ အဖြစ်၌ [၁] ဤဆိုလတ္တံ့ သော အဖြေစကားကို ပြန်ကြား ဖြေဆိုအပ်ပေ၏။ ဖြေဆိုဟန်ကား— မြတ်စွာဘုရားသည် —

"ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတ-ပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊

---

၁-ဋီကာနှင့်အညီ တတြ-၏ အနက်ဖြစ်သည်။ ထိုစောဒနာစကားရပ်၌-ဟု ပြန် လျှင်လည်း သင့်၏။

http://www.dhammadownload.com



ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာန-
ပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊
အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော"
ဟူ၍ [၁]

"ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း....ဝိဂတပစ္စည်း၊ အဝိဂတပစ္စည်း" ဟူသော ၂၄ - ပါးသော ပစ္စည်းတို့ကို ဟောတော်မူ (အပ်ကုန်)၏။

[၁၆၄] ထို(ဟေတုပစ္စယော စသော စကားတော်)၌(အနက်အကျယ်ကား) ထိုသဘောသည် ဟေတုလည်းမည်, ပစ္စယလည်းမည်သောကြောင့် ဟေတုပစ္စယမည်၏[၂]၊ ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊ ဟိတ်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား-ဟု ဆိုလို၏။ အာရမ္မဏပစ္စယ - အာရမ္မဏပစ္စည်း စသည်တို့၌လည်း ဤနည်းပင်တည်း။

## (၁) ဟေတုပစ္စည်း

၅၉၅။ ထို(ဟေတုပစ္စယ - စသည်)တို့၌ **ဟေတု-ဟိတ်**-ဟူသော ဤအမည်သည်စကား၏ အစိတ်, အကြောင်း,မူလတို့၏ အမည်ပေတည်း။ ချဲ့၍ပြအံ့၊ လောက(န္យာယကျမ်း)၌ ပဋိညာဉ် ဟိတ် စသည်ဖြင့် ဆိုသော စကားတို့၌ စကား၏ အစိတ်ကို [၃] ဟေတု-ဟိတ်ဟု ဆိုအပ်၏။ သာသနာတော်(ကျမ်း၌)မူ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ - အကြင်တရားတို့သည် အကြောင်း

---

၁-ဤပါဠိမူရင်းကို ပြခြင်းသည် နောက်၌ ပြလတ့်သော အဖွင့်များနှင့် တိုက်ဆိုင်ကြည့်ရန် ဖြစ်သည်။

၂ ဟေတု-ဟိတ်-အမြစ်မ,သဖွယ် ဖြစ်၍+ပစ္စယ-ကျေးဇူးပြုတတ်သည်=ဟေတုပစ္စယ-ဟိတ်-အမြစ်မ,သဖွယ်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား။

၃-ဝစနာဝယဝ-စကား၏ **အစိတ်**-ဟု သာမညဆိုထားသော်လည်း ဉာယကျမ်းလာ စကား၏ အစိတ်အပိုင်း ငါးပါးလုံးကို ဆိုလိုသည် မဟုတ်၊ ထိုငါးပါးထဲမှ ဒုတိယဖြစ်သော (ပဋိညာကိုပြီးစေတတ် ထောက်ခံတတ်သော) အကြောင်းပြ စကားကိုသာ ဆိုလိုသည်။ ထို့ကြောင့် ဋီကာ၌ ဝစနာဝယဝ ဟူသောစကားကို သာဓနအဝယဝကိုရည်၍ ဆိုသည်ဟု ဖွင့်ပြထားပေသည်။ ဉာယ ကျမ်းလာစကား၏ အစိတ်အပိုင်း ငါးပါးကို သုတပ္ပါးရန်အတွက် အကျဉ်းချုပ် ထုတ်ပြဦးအံ့။

http://www.dhammadownload.com



လျှင် အမွန်အစ ရှိကုန်၏" ဤသို့စသည်တို့၌ အကြောင်းကို (ဆိုအပ်၏)။ "တယော ကုသလဟေတူ၊ တယော အကုသလဟေတူ-သုံးပါးကုန်သော ကုသိုလ်ဟိတ်တို့၊ သုံးပါးကုန်သော အကုသိုလ်ဟိတ်တို့" ဤသို့ အစရှိသော စကားတို့၌ မူလကို ဟိတ်ဟု ဆိုအပ်၏။ ထိုမူလကို ဤ၌ အလိုရှိအပ်၏။ **ပစ္စယ** - ဟူသော ဤပုဒ်၌မူ ဤကား ဝစနတ္ထ-သဒ္ဒါနက်ပေတည်း။ စွဲ၍ ဤအကြောင်းကြောင့် ဖြစ်၏။ ထိုကြောင့်စွဲ၍ဖြစ်ကြောင်းသည် ပစ္စယမည်၏။

---

စကားအချေအတင်ပြောဆိုသောအခါ အသိခက်သောအနက်ကို ပြဆိုသောအခါတို့၌ အခြားပုဂ္ဂိုလ်များ နှစ်သက်လက်ခံနိုင်အောင် ဝစနာဝယဝခေါ် စကား၏ အစိတ်အပိုင်း ငါးပါးလုံးကို ပြည့်စုံစွာ ပြောဆိုရ၏။ ၎င်းတို့မှာ—

(၁) ပဋိညာ-မိမိ၏ ဝါဒအဖြစ်ဖြင့် ဝန်ခံတင်ပြချက် အဆိုတင်ပြချက်၊

(၂) ဟေတု-ထိုတင်ပြချက် မှန်ကန်ကြောင်း သိစေရန် အကြောင်းပြချက်၊

(၃) ဥဒါဟရဏ-ပုံတူဥပမာထုတ်ပြချက်၊

(၄) ဥပနယ-ဥပမာနှင့် ဥပမေယျ နှီးနှောဆောင်ကပ်၍ ပြချက်၊

(၅) နိဂုံး-အဆုံးသတ် အတည်ပြု ဆုံးဖြတ်ချက်တို့ပင် ဖြစ်သည်။

ပုံစံထုတ်၍ ပြအံ့—

(၁) အသံသည် မမြဲ၊ (ပဋိညာ)

(၂) ဖြစ်ခြင်းသဘော ရှိသောကြောင့်၊ (ဟေတု)

(၃) ဖြစ်ခြင်းသဘော ရှိသော အရာဟူသမျှသည် အိုးခွက်ကဲ့သို့ပင် မမြဲသည်ချည်းသာ၊ (ဥဒါဟရဏ)

(၄) ထိုအတူပင် အသံသည်လည်း ဖြစ်ခြင်းသဘော ရှိ၏၊ (ဥပနယ)

(၅) ထို့ကြောင့် အသံသည် မမြဲ၊ (နိဂုံး)

ထိုထက် ထင်ရှားသော ပုံစံတခုကို ထုတ်ပြဦးအံ့—

(၁) ထိုတောင်၌ မီးရှိ၏၊ (ပဋိညာ)

(၂) (အဘယ့်ကြောင့်နည်း) မီးခိုးရှိနေသောကြောင့်တည်း၊ (ဟေတု)

(၃) မီးခိုးရှိရာ အရပ်တိုင်းမှာ စဖိုအိမ်၌ကဲ့သို့ မီးရှိစမြဲပင်၊ (ဥဒါဟရဏ)

http://www.dhammadownload.com



(စွဲ၍ ဖြစ်၏-ဟူသည်မှာ) ထိုအကြောင်းကို မစွန့်မူ၍ ဖြစ်၏-ဟု ဆိုလို၏။ ထင်ရှား ပြရလျှင်-အကြင်အကျိုးတရားသည် အကြင်အကြောင်းတရားကို မစွန့်မူ၍ တည်မူလည်း တည်၏၊ ဖြစ်မူလည်း ဖြစ်၏၊ ထိုအကြောင်းတရားသည် ထိုအကျိုးတရား၏ ပစ္စယမည်သည်ဟု ဆိုလို၏။ လက္ခဏာအားဖြင့်မူကား ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဘောသည်၊ ဝါ၊ကျေးဇူးပြုတတ်သော လက္ခဏာသဘောသည် ပစ္စယမည်၏။ မှန်ပေ၏၊ အကြင်အကြောင်းတရားသည် အကြင်အကျိုးတရားအား ဖြစ်ခြင်းငှါလည်း တည်ခြင်းငှါလည်း ကျေးဇူးပြုတတ်၏၊ ထိုအကြောင်းတရားကို ထိုအကျိုးတရား၏ ပစ္စယ-ကျေးဇူးပြုတတ်သောအကြောင်းဟုဆိုအပ်၏။ ပစ္စယ-ပစ္စည်း၊ဟေတု-ဟိတ်၊ ကာရဏ-အကြောင်း၊ နိဒါန-နိဒါန်း၊ သမ္ဘဝ-ဖြစ်ကြောင်း၊ ပဘဝ-ဖြစ်ခဲ့ရာ အမှန်အစ-ဤသို့အစရှိသော အမည်အပေါင်းသည် လိုရင်းအနက်အားဖြင့် တူ၏၊ သဒ္ဒါအားဖြင့်သာ ထူးသည်။ ဤသို့လျှင် အကြောင်းရင်းမြစ်မမူလ ဟူသော အနက်သဘောကြောင့် [၁] ဟေတုမည်၏၊ ကျေးဇူးပြုတတ်သော

---

(၄) ထိုအတူပင် ထိုတောင်၌ မီးခိုးရှိနေသည်၊ (ဥပနယ)

(၅) ထို့ကြောင့် ထိုတောင်၌ မီးရှိကြောင်း သိရပေသည်။ (နိဂုံး)

ဤ စကားအစိတ် ငါးပါးတို့တွင် (၁) ပဋိညာနှင့် (၅) နိဂုံးသည်၎င်း၊ (၂) ဟေတုနှင့် (၄) ဥပနယသည်၎င်း အနက်အရအားဖြင့် တူညီလျက်ရှိ၏။ ထို့ကြောင့် ထိုငါးပါးတို့တွင်(၁-နှင့်၂)ကို ချန်၍(၃-၄-၅)တို့ကိုပြဆိုရုံမျှဖြင့်လည်း လုံလောက်သည်၊သို့မဟုတ်(၄နှင့် ၅)ကို ချန်၍ (၁-၂-၃)တို့ကို ပြဆိုရုံမျှဖြင့်လည်း လုံလောက်သည်-ဟု ယခုခေတ်ပညာရှိတို့က ဆိုကြ၏။ ထိုတွင်လည်း (၁-နှင့် ၂) သည်သာလျှင် အရေးအကြီးဆုံးဖြစ်သည်။ ထို့ကြောင့်ပင် လောကီကျမ်းတို့၌ ၎င်း၊ သာသနာဝင် အဋ္ဌကထာ ဋီကာကျမ်းတို့၌၎င်း (၁) ပဋိညာခေါ် လိုရင်း အနက်အဓိပ္ပါယ်ကို ပြဆိုချက်နှင့် (၂) ဟေတုခေါ် အကြောင်းပြထောက်ခံချက် စကားတို့ကိုသာ များစွာ ပြဆိုလေ့ ရှိကြပေသည်။ ဤ အရာ၌ ဟေတု-ဟူသည်မှာ ဒဋ္ဌိဝါကျလည်း ပါဝင်သည်-ဟု မှတ်အပ်၏။ ဤ စကားအစိတ် ငါးပါးနှင့် စပ်၍ ဤထက် ကျယ်ပြန့်စွာ လေ့လာလိုလျှင် ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ စတုတ္ထတွဲ စာမျက်နှာ-၅ စသည်၌ ကြည့်ပါ။

၁-အကြောင်းရင်းမြစ်မ မူလ အနက်သဘောဟူသည်မှာ အထပ်ထပ်ဖြစ်လျက် ကြာရှည်စွာ ခိုင်ခံ့ တည်တံ့စေသော သဘောသတ္တိပင် ဖြစ်သည်၊ နောက်၌ ဖွင့်ပြလတ့်။

http://www.dhammadownload.com



အနက်သဘောကြောင့် ပစ္စယမည်၏။ ဤသို့(ဖြစ်သောကြောင့်) အကျဉ်း အားဖြင့် အကြောင်းရင်းမြစ်မှု လဟူသော သဘောအားဖြင့် ကျေးဇူး ပြုတတ်သော တရားသည် ဟေတုပစ္စည်း မည်၏။

ထိုဟေတုပစ္စည်းသည် [၁] သလေးမျိုးစေ့စသည်တို့သည် သလေးပင် စသည်တို့၏(သလေးအဖြစ် စသည်ကို ပြီးစေတတ်သ)ကဲ့သို့ရင်း၊ပတ္တမြား၏ ညိုသော အဆင်း စသည်တို့သည် ပတ္တမြား၏ အညိုရောင်စသည်တို့ကို(ပြီး စေတတ်ကုန်သ)ကဲ့သို့ရင်း ကုသိုလ်စသည်တို့၏ ကုသိုလ်စသည် အဖြစ်ကို ပြီးစေတတ်၏၊ ဤသည်ကား(ရေဝတ)ဆရာတို့၏ အလိုပေတည်း။ စိစစ်၍ ပြအံ့၊ ဤသို့(ရေဝတဆရာတို့၏ အလိုအတိုင်း) ဖြစ်ပါမူ [၂] ထိုဟိတ်ကြောင့် ဖြစ်သော ရုပ်တို့၌ ဟိတ်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် မပြီးစီး မပြည့်စုံပဲ ရှိရာ၏။မှန်ပေ၏၊ထိုကုသိုလ်စသော ဟိတ်သည် ထို(ဟိတ် ကြောင့် ဖြစ်သော)ရုပ်တို့၏ ကုသိုလ် စသည်အဖြစ်ကို မပြီးစေနိုင်၊သို့သော် (ဟေတုသတ္တိဖြင့်) ကျေးဇူးမပြုတတ်သည်လည်း မဟုတ်ပေ။သာဓကပြရ လျှင်- "ဟိတ်တို့သည် ဟိတ်နှင့်ယှဉ်ကုန်သော တရားတို့အားရင်း၊ ထိုဟိတ် ကြောင့် ဖြစ်ကုန်သော ရုပ်တို့အားရင်း ဟေတုပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏" ဟူသော ဤစကားကို ဟောတော်မူ(အပ်)ပေ၏။သည့်မျှသာမဟုတ်သေး၊ အဟိတ်စိတ်တို့၏ အဗျာကတအဖြစ်သည် (အဗျာကတအဖြစ်ကို ပြီးစေ တတ်သော)ဤဟိတ်နှင့် ကင်း၍ ပြီးစီး၏၊ ထို့ပြင် ဟိတ်ရှိသော(သဟိတ်) တရားတို့၏လည်း ကုသိုလ်စသည်၏ အဖြစ်သည် ယောနိသောမန- သိကာရ စသည်နှင့်သာ စပ်၏၊ သမ္ပယုတ်(ယှဉ်ဖက်) ဟိတ်နှင့် စပ်သည် မဟုတ်၊ စ၊ ဆက်ဦးအံ့၊ အကယ်၍ (သမ္ပယုတ်) ဟိတ်တို့၌ [၃] သူ့ပင်ကို

---

၁-ဟေတုပစ္စည်းသည်–ကုသိုလ်စသည်၏အဖြစ်ကို ပြီးစေတတ်၏-ဟု စပ်ပါ။

၂-ဟေတုပစ္စည်းက မိမိကြောင့် ဖြစ်သော အကျိုးပစ္စယုပ္ပန် တရားတို့ကို မိမိကဲ့ သို့ပင် ကုသိုလ်စသည်၏ အဖြစ်ကို ပြီးစေသည်-ဟု ဆိုခဲ့ပါလျှင်–ထိုအဆို အတိုင်း မှန်ခဲ့ပါလျှင်-ဟု ဆိုလို၏။

၃-ပါဠိမူရင်း၌ ဤပုဒ်တွင် သမ္ပယုတ္တ-သဒ္ဒါ ပိုနေဟန်ရှိ၏။ အကြောင်းမူကား— ကြည့်ရန် ဝိပ္ပယုတ်ဟိတ်ဟူ၍ မရှိသောကြောင့်ရင်း၊ မယှဉ်သောဟိတ်က ကျေးဇူး ပြုလေသေးသလား-ဟု သံသယဖြစ်ဖွယ် မရှိသောကြောင့်ရင်း ဖြစ်ပေသည်။ ထို့ကြောင့်ပင် ထိုသဒ္ဒါမလိုကြောင်း သိစေရန် ရင်းကို ဤ၌ လက်သည်းကွင်းဖြင့် ပြထားသည်။

http://www.dhammadownload.com



သဘောဖြင့်သာလျှင် ကုသိုလ်စသည်၏အဖြစ် ပြီးစီး၍(ဟိတ်နှင့်)ယှဉ်သော တရားတို့၌မူ (ကုသိုလ်စသည်၏အဖြစ်သည်)ဟိတ်နှင့် စပ်ဆိုင်ငြားအံ့၊(သို့ဖြစ်လျှင်)အလောဘသည် ကုသိုလ် ဖြစ်စေ၊ အဗျာကတဖြစ်စေ(တမျိုးမျိုးသာ) ဖြစ်ရာ၏။ စင်စစ်သော်ကား(ကုသိုလ်ရော အဗျာကတရော) ၂-မျိုးလုံးလည်းဖြစ်ပေ၏၊ ထို့ကြောင့် (ဟိတ်နှင့်)ယှဉ်သော တရားတို့၌ ကဲ့သို့ ထို့အတူ ဟိတ်တို့၌လည်း ကုသိုလ်စသည်၏ အဖြစ်(ပြီးကြောင်း)ကိုရှာကြံအပ်လေရာ၏ [၁]။

[၁၆၅] အသင့်အလျော်ကား (ဤသို့ ပေတည်း)၊ ဟိတ်တို့၏ မူလအနက်သဘောကို[၂] ကုသိုလ်စသည်၏ အဖြစ်ကို ပြီးစေသည်၏ အစွမ်းအားဖြင့်မယူမူ၍ ကောင်းစွာတည်တံ့သည်၏အဖြစ်ကို ပြီးစေသည်၏အစွမ်းအားဖြင့် ယူ(အပ်)ပါမူ တစုံတရာမျှ မဆန့်ကျင်ပေ။ အကြောင်းမူကား-စည်ပင်ပြန့်ပွါးသော အမြစ်ရှိကြသော သစ်ပင်တို့သည် မြဲမြံခိုင်ခံ့လျက် ကောင်းစွာတည်တံ့ကုန်သကဲ့သို့ ဟေတုပစ္စည်း (သတ္တိဖြင့်ကျေးဇူးပြုခြင်း)ကို ရကုန်သော ပစ္စယုပ္ပန်တရားတို့သည် မြဲမြံခိုင်ခံ့လျက် ကောင်းစွာ(ကြာရှည်စွာ) တည်တံ့ကုန်၏၊ (ဟေတုပစ္စည်းကို မရသော) အဟိတ်တရားတို့သည်ကား နှမ်းစေ့ခန့်မှော် စသောမှော်တို့ကဲ့သို့ပင် ကောင်းစွာ မတည်တံ့ကြကုန်၊ ( ဤကား မဆန့်ကျင်ခြင်း၏အကြောင်းပေတည်း )။ ဤသို့ဖြစ်သောကြောင့်၊ ဝါ၊ သို့ဖြစ်၍ "အကြောင်းရင်းမြစ်မ မူလဟူသော သဘောအားဖြင့်ကျေးဇူးပြုတတ်သောတရား"ဟူရာ၌ ကောင်းစွာတည်တံ့သည်၏ အဖြစ်ကို ပြီးစေသောအားဖြင့် ကျေးဇူးပြုတတ်သော တရားသည် ဟေတုပစ္စည်း မည်၏ ဟူ၍ သိအပ်ပေ၏။[၃]

---

၁-ဟိတ်နှင့်ယှဉ်သော တရားတို့၌ ဟိတ်ကြောင့် ကုသိုလ်စသည်အဖြစ် ပြီးသည်-ဟု ကုသိုလ် စသည်အဖြစ် ပြီးကြောင်း တရားကို ရေဝတဆရာတို့ ရှာကြံကြသကဲ့သို့ ဟိတ်တို့၌လည်း ကုသိုလ်စသည် ဖြစ်ပြီးအောင် ကျေးဇူးပြုသော အကြောင်းတရားကို ရှာသင့် ရှာထိုက်သော အပြစ်ရောက်သည်-ဟု ဆိုလို၏။

၂-မူလအနက်သဘောကို....မယူမူ၍....ယူ (အပ်)ပါမူ-ဟု စပ်ပါ။

၃-ဟေတုပစ္စည်း၌ အကျဉ်းမှတ်ဖွယ်ကား–လောဘ, ဒေါသ, မောဟ,အလောဘ, အဒေါသ, အမောဟ-ဟူသော ဤ ဟိတ် ၆-ပါးသည် ဟေတုပစ္စည်း မည်၏။ ထိုဟိတ်တို့နှင့် ယှဉ်သော သဟိတ်စိတ် ၇၁-ပါး၊ မောဟမူဒွေမှ မောဟ

http://www.dhammadownload.com



## ( ၂ ) အာရမ္မဏပစ္စည်း

၅၉၆။ ထိုဟေတုပစ္စည်းမှ နောက်ပစ္စည်းတို့တွင် ဆွဲကိုင်အပ်သော အာရုံ၏အဖြစ်ဖြင့်[၁] ကျေးဇူးပြုတတ်သောတရားသည် အာရမ္မဏပစ္စည်းမည်၏။ "ရူပါယတန(အဆင်း)သည် စက္ခုဝိညာဏဓာတ် (မြင်သိမှု) အား (အာရမ္မဏပစ္စယသတ္တိ-အာရုံအပြုခံခြင်း သဘောအားဖြင့် ကျေးဇူးပြု၏)" ဤသို့ စသည်ဖြင့် စတင်အားထုတ်ခဲ့ ဟောခဲ့ပြီး၍လည်း "အကြင် အကြင် တရားကို အာရုံပြု၍ အကြင် အကြင် စိတ် စေတသိက် တရားတို့သည် ဖြစ်ကုန်၏[၂]၊ (ထိုသို့ ဖြစ်ရာ၌) ထိုထို အာရုံတရားတို့သည် ထိုထိုစိတ်စေတသိက် တရားတို့အား အာရမ္မဏပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု(ကုန်)၏"ဟု နိဂုံးချုပ် အဆုံးသတ်(အပ်)သောကြောင့် တစုံတခုသောတရားမျှ ထိုအာရမ္မဏပစ္စည်း မဖြစ်သည်မရှိ၊ (ဖြစ်သည်ချည်းသာတည်း)။ ဥပမာဖြင့် ထင်စွာပြရလျှင် အားနည်းသောယောကျ်ားသည် ဒုတ်တောင်ဝှေးကို ဖြစ်စေ၊ ကြိုးကို ဖြစ်စေ ဆွဲကိုင်၍သာလျှင် ထလည်း ထနိုင် ရပ်လည်း ရပ်တည်နိုင်သကဲ့သို့ ထို့အတူပင် စိတ်စေတသိက်တရားတို့သည် အဆင်းအစရှိသော အာရုံကို အာရုံပြု(ဆွဲကိုင်)ကုန်၍သာလျှင် ဖြစ်လည်းဖြစ်နိုင်ကုန်၏၊တည်လည်းတည်နိုင်ကုန်၏၊ ထို့ကြောင့် စိတ်စေတသိက်တို့၏ အာရုံဖြစ်ကုန်သော အလုံးစုံ

---

ကြဉ်သော စေတသိက် ၅၂-ပါး၊ သဟိတ်စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် –ဤ တရားအပေါင်းသည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန် မည်၏။

၁-ဆွဲကိုင်အပ်သော အာရုံ၏ အဖြစ်ဖြင့်-ဟူသော အနက်သည် အာလမ္ဗိတဗ္ဗဘာဝေန-ဟူသော ဋီကာအဖွင့်နှင့်အညီ ပြန်သောအနက် ဖြစ်သည်။ ထိုဋီကာအဖွင့်ကို ထောက်ဆကြည့်လျှင် အာရမ္မဏ-သဒ္ဒါသည် အာလမ္ဗန-မှဖြစ်လာကြောင်း ထင်ရှား၏။

၂-ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ-ဟူသောပါဠိကို အတိအကျ အပြည့်အစုံ ပြန်လျှင်"စိတ်,စေတသိက် တရားဟူကုန်သော အကြင်အကြင် တရားတို့သည် ဖြစ်ကုန်၏"ဟူ၍ ဖြစ်သည်။ သို့သော်လည်း ထိုသို့ အတိအကျ ပြန်လျှင် မြန်မာစကား မချောရုံမျှသာ ရှိမည်။ အနက် အဓိပ္ပါယ်ကား မထူးခြား။ ထို့ကြောင့် ဓမ္မာ တပုဒ်ကို ချန်၍ အထက်ပါအတိုင်း ပြန်ထားသည်။ နောက်၌လည်း ဤသို့သော ပြန်ချက်များကို နည်းတူပင် မှတ်ပါ။

http://www.dhammadownload.com



လည်း ဖြစ်ကုန်သော တရား(ဟူသမျှ)တို့ကို အာရမ္မဏပစ္စည်းဟူ၍ သိအပ်ကုန်၏။[၁]

## ( ၃ ) အဓိပတိပစ္စည်း

၁၉၇။ အကြီးအမှူးအဖြစ် ဟူသော သဘောအားဖြင့် ကျေးဇူးပြုတတ်သော တရားသည် အဓိပတိပစ္စည်းမည်၏။ ၎င်းသည် သဟဇာတာဓိပတိ, အာရမ္မဏာဓိပတိတို့၏ အစွမ်းအားဖြင့် ၂-ပါး အပြားရှိ၏။ ထိုတွင် "ဆန္ဒာဓိပတိ-ကြီးမှူးလွန်ကဲသောဆန္ဒသည် ဆန္ဒနှင့်ယှဉ်ကုန်သော စိတ် စေတသိက်တရားတို့အားရင်း၊ ထိုဆန္ဒကြောင့်ဖြစ်သောရုပ်တို့အားရင်း အဓိပတိပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဤသို့ စသည်ဖြင့် ဟောတော်မူသောကြောင့် ဆန္ဒ ဝီရိယ စိတ် ဝီမံသ(ပညာ)ဟု ဆိုအပ်ကုန်သော လေးပါးသောတရားတို့ကို (သဟဇာတ)အဓိပတိပစ္စည်းဟု သိအပ်(ကုန်)၏။ သို့သော်လည်း (လေးပါးလုံး)တပြိုင်နက်ကား (အဓိပတိပစ္စည်း)မဖြစ်ကြ၊ (တပါးချင်းသာလျှင် ဖြစ်သည်)။ချဲ့၍ ပြအံ့၊ အကြင်အခါ၌ ဆန္ဒကို အကြီးအမှူးပြု၍ စိတ်သည် ဖြစ်၏၊ ထိုအခါ၌ ဆန္ဒသည်သာလျှင် အဓိပတိပစ္စည်းဖြစ်သည်၊ ဆန္ဒမှတပါးသော စိတ် ဝီရိယ ဝီမံသတို့သည် (အဓိပတိပစ္စည်း)မဖြစ်ကြ။ ကြွင်းသောတရားတို့ အဓိပတိပစ္စည်းဖြစ်ရာ၌လည်း ဤနည်းပင်တည်း။

ထိုမှတပါးအကြင်တရားကို အလေးအမြတ်(အာရုံ)ပြု၍ စိတ် စေတသိက်တရားတို့သည်ဖြစ်ကုန်၏၊ ထိုအလေးအမြတ်အာရုံပြုအပ်သောတရားသည်[၂]

---

၁-အာရမ္မဏပစ္စည်း၌ အကျဉ်းချုပ်မှတ်ဖွယ်ကား—ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ ဟူသော ဤ အာရုံ ၆-ပါးသည် အာရမ္မဏပစ္စည်း မည်၏။ ထိုအာရုံတို့ကို အာရုံပြု၍ ဖြစ်သောစိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါးသည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန် မည်၏။ အာရုံ ၆-ပါးတို့တွင် ဓမ္မာရုံ ဟူသည်မှာ (၁) ပသာဒရုပ် ၅-ပါး၊ (၂)သုခုမရုပ် ၁၆-ပါး၊ (၃)စိတ် ၈၉-ပါး၊ (၄) စေတသိက် ၅၂ ပါး၊ (၅) ပညတ်၊ (၆) နိဗ္ဗာန်ဟူသော ဤ ၆-မျိုးပင် ဖြစ်သည်။

၂-အလေးအမြတ် အာရုံပြုအပ်သောတရား ဟူသည်မှာ— (၁) ဣဋ္ဌ ဖြစ်သော နိပ္ဖန္နရုပ် ၁၈-ခု၊ (၂)(ဒွေါသမူ ၂၊ မောဟမူ၂၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ်သော) စိတ် ၈၄-ခု၊ (၃) (ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာ ကြဉ်သော) စေတသိက် ၄၇-ခု၊ (၄) နိဗ္ဗာန်—ဟူသော ဤတရားများပင် ဖြစ်သည်။

http://www.dhammadownload.com



ထိုအလေး ပြုတတ်သော စိတ်စေတသိက် တရားတို့၏[၁] အာရမ္မဏာဓိပတိပစ္စည်းမည်၏။ ထို့ကြောင့် "အကြင် အကြင် တရားကို အလေးပြု၍ အကြင် အကြင် စိတ် စေတသိက်တရားတို့သည် ဖြစ်ကုန်၏။ ထိုထို အလေးပြုအပ်သောတရားတို့သည် ထိုထိုအလေးပြုတတ်သော စိတ် စေတသိက်တရားတို့အား အဓိပတိပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟု(မြတ်စွာဘုရား)ဟောတော်မူ(အပ်)ပေသည်။[၂]

## (၄-၅) အနန္တရ-သမနန္တရပစ္စည်း

၅၉၈။ အခြားမရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော (ရှေးရှေး) စိတ်စေတသိက်တရားသည် အနန္တရပစ္စည်းမည်၏။ ကောင်းစွာ အခြားမရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော(ရှေးရှေး) စိတ်စေတသိက်တရားသည် သမနန္တရပစ္စည်းမည်၏။ ဤပစ္စည်း ၂-ပါးကို [၁၆၆] များစွာသော၊

---

၁-အလေးပြုတတ်သော စိတ်စေတသိက်-ဟူသည်မှာ လောဘမူစိတ် ၈-ခု၊ မဟာကုသိုလ်စိတ် ၈-ခု၊မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ လောကုတ္တရာစိတ် ၈-ခု ဟူသော ဤ စိတ် ၂၈-ခုနှင့် (ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ, ဝိစိကိစ္ဆာ,အပ္ပမညာ ကြဉ်သော) စေတသိက် ၄၅-ခုတို့ပင် ဖြစ်သည်။

၂-အဓိပတိပစ္စည်း၌ အကျဉ်းချုပ် မှတ်ဖွယ်ကား....အဓိပတိတပ်ခိုက် ဆန္ဒ,ဝီရိယ, စိတ်,ဝီမံသ ဟူသော ၄-ပါးတို့တွင် တပါးပါးသည် သဟဇာတာဓိပတိပစ္စည်းမည်၏။ (မောဟမူ ၂၊ ဟသိတုပ္ပါဒ် ကြဉ်သော) အဓိပတိ ရခိုက်-ရနေဖြစ်သော သာဓိပတိဇောစိတ် ၅၂-ခု၊ ထိုစိတ်တို့နှင့်ယှဉ်သော (ဝိစိကိစ္ဆာနှင့် အဓိပတိတရားကိုယ် ကြဉ်သော) စေတသိက် ၅၁-ခု၊ သာဓိပတိစိတ္တဇရုပ် ဟူသော ဤ စိတ်စေတသိက် ရုပ်တရား အပေါင်းသည် သဟဇာတာဓိပတိ ပစ္စယုပ္ပန် မည်၏။ အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော ရုပ် ၁၈-ခု၊ စိတ် ၈၄-ခု၊ စေတသိက် ၄၇-ခု၊ နိဗ္ဗာန်ဟူသော ဤ တရားအပေါင်းသည် အာရမ္မဏာဓိပတိပစ္စည်း မည်၏။ (နှာ-၆၁ မှတ်ချက် ၂-၌ ပြခဲ့သောတရားများပင်ဖြစ်သည်။) အလေးအမြတ်ပြုတတ်သော စိတ် ၂၈-ခု၊ စေတသိက် ၄၅-တို့သည် အာရမ္မဏာဓိပတိပစ္စယုပ္ပန် မည်၏။ (မှတ်ချက် ၁-၌ ပြခဲ့သော တရားများပင် ဖြစ်သည်)။

http://www.dhammadownload.com



အပြားတို့ဖြင့်(ဆရာတို့) ခွဲ၍ ဖွင့်ပြကြကုန်၏[၁]။ သို့သော်လည်း ယခုဆိုမည့် စကားသည်သာလျှင် အနှစ်သာရ ဖြစ်သည်။ ယင်းအနှစ်သာရကား-"စက္ခုဝိညာဏ်၏အခြားမဲ့၌ မနောဓာတ် (ခေါ် သမ္ပဋိစ္ဆိုန်းစိတ်)ဖြစ်သည်၊ မနောဓာတ်၏ အခြားမဲ့၌ မနောဝိညာဏဓာတ် (ခေါ် သန္တီရဏစိတ်)ဖြစ်သည် "ဤသို့ အစရှိသော စိတ်အစဉ်(စိတ္တနိယာမ)သည် ရှေးရှေး(အခြားမဲ့) စိတ်၏အစွမ်းအားဖြင့်သာလျှင် ပြီးစီး၏၊ အခြားတပါးသော အခြင်းအရာအားဖြင့် မပြီးစီးပေ။ ထို့ကြောင့် မိမိ မိမိ၏ အခြားမဲ့၌ သင့်လျော်သော စိတ္တုပ္ပါဒ် (စိတ်စေတသိက်)ကို ဖြစ်စေရန် စွမ်းနိုင်သော စိတ်စေတသိက် တရားသည် အနန္တရပစ္စည်းမည်၏။ ထို့ကြောင့်ပင်လျှင် "အနန္တရပစ္စည်း ဟူသည်ကား-စက္ခုဝိညာဏဓာတ်သည်၎င်း၊ ယင်းဓာတ်နှင့်ယှဉ်သော စေတသိက်တရားတို့သည်၎င်း မနောဓာတ်အား၎င်း ယင်းဓာတ်နှင့်ယှဉ်သော စေတသိက်တရားတို့အား၎င်း အနန္တရပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဤသို့စသည်ကို (မြတ်စွာဘုရား) ဟောတော်မူခဲ့ပေသည်။ အကြင်တရားသည် အနန္တရပစ္စည်းဖြစ်၏၊ ထိုတရားသည်ပင်လျှင် သမနန္တရပစ္စည်းဖြစ်၏၊ မှန်ပေ၏။ ဥပစယရုပ်နှင့်သန္တတိရုပ်တို့၌ကဲ့သို့၎င်း အဓိဝစနဒုက်နှင့် နိရုတ္တိဒုက် စသည်တို့၌ကဲ့သို့၎င်း ဤအနန္တရနှင့် သမနန္တရပစ္စည်းတို့၌ သဒ္ဒါမျှသာ ထူးသည်၊ သဘောအနက်အားဖြင့်မူကား ထူးခြားခြင်း မရှိပေ။

"သဘောတရားအားဖြင့် အခြား မရှိသည်၏ အဖြစ်ကြောင့် အနန္တရပစ္စည်းမည်၏၊ ကာလအားဖြင့် အခြား မရှိသည်၏ အဖြစ်ကြောင့် သမနန္တရပစ္စည်းမည်၏"ဟူ၍ ထူးခြားကြောင်း - ထူးခြားပုံကို(ရေဝတ)ဆရာတို့သည် အလိုရှိ(အပ်)၏၊ ထိုထူးခြားပုံသည်လည်း "နိရောဓသမာပတ်မှ ထသော (အနာဂါမ်)ပုဂ္ဂိုလ်၏ နေဝသညာ နာသညာယတန ကုသိုလ်သည် (အနာဂါမိ) ဖလသမာပတ်အား သမနန္တရပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဤသို့စသော ပါဠိတော်စကားတို့နှင့် ဆန့်ကျင်၏။ ထိုဆန့်ကျင်ရာ၌ (ပြေလည်စေရန်အလို့ငှါ) "စိတ်စေတသိက်သဘောတရားတို့၏(ကာလမခြားပဲ)

---

၁-သဘောတရား တပါးအားဖြင့် အခြားမရှိသည်၏ အဖြစ်သည် အနန္တရပစ္စည်း မည်၏။ ကာလအားဖြင့် အခြားမရှိသည်၏ အဖြစ်သည် သမနန္တရပစ္စည်း မည်၏–ဤသို့ စသည်ဖြင့် ခွဲ၍ ဖွင့်ပြကြကုန်၏။

http://www.dhammadownload.com



ဖြစ်စေခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်သည် မယုတ်လျော့ပါ၊ သို့သော်လည်း နိရောဓသမာပတ် ဘာဝနာ၏ အစွမ်းဖြင့် တားမြစ်ထားသောကြောင့် (သာလျှင်) (ပစ္စယုပ္ပန် စိတ်စေတသိက်) တရားတို့သည် ကာလအခြားမဲ့၌ မဖြစ်ပဲ ရှိကြပါသည်"ဟူ၍ ချေပသောစကားကို (ထိုဆရာတို့က) ဆိုကြ၏၊ထိုစကားသည်လည်း ကာလဖြင့်အခြားမရှိသည်၏အဖြစ် မရှိခြင်းကိုသာလျှင် ပြီးစေ၏။ ပြီးစေပုံကား - ထိုနိရောဓသမာပတ်မှ ထသောအခါ စိတ်စေတသိက် ဖြစ်ရာ၌ ဘာဝနာ၏ အစွမ်းကြောင့် ကာလအားဖြင့် အခြားမရှိသည်၏ အဖြစ်သည် မရှိပါ၊ သို့ဖြစ်သောကြောင့် ငါတို့သည်လည်း ဤကာလအားဖြင့် အခြားမရှိသည်၏အဖြစ်မရှိခြင်းကိုသာလျှင်၊ ဝါ၊ ဤခုနစ်ရက် အစရှိသောကာလအားဖြင့်အခြားရှိသည်၏အဖြစ်ရှိခြင်းကိုသာလျှင် ဆိုပါကုန်၏။ ယင်းသို့ ကာလအားဖြင့် အခြားမရှိသည်၏အဖြစ် မရှိခြင်းကြောင့် (ထိုဆရာတို့၏ အနက်အရအားဖြင့်) သမနန္တရပစ္စည်း အဖြစ်သည် မသင့်ပါ၊ အဘယ့်ကြောင့်ဆိုသော် ထိုဆရာတို့၏ အယူသည်"ကာလအားဖြင့် အခြားမရှိသည်၏အဖြစ်ကြောင့် သမနန္တရပစ္စည်း မည်သည်"ဟု ဖြစ်သောကြောင့်ပေတည်း။ထို(သို့ ပြဆိုခဲ့သည့်အတိုင်း "ကာလအားဖြင့် အခြား မရှိသည်၏ အဖြစ်ကြောင့် သမနန္တရပစ္စည်း မည်သည်"ဟူသော အနက်၏ မသင့်ခြင်း) ကြောင့် မြဲမြံစွာ နှလုံးသွင်းခြင်းကို မပြုမူ၍ ဤအနန္တရ သမနန္တရဟူသော ပစ္စည်း ၂-ပါးတို့၌ သဒ္ဒါမျှဖြင့်သာလျှင် ထူးခြားခြင်းကိုယုံကြည်ယူဆအပ်၏၊ အနက်အားဖြင့် (ထူးခြားခြင်းကို) မယူဆအပ်ပေ၊ အဘယ်သို့ ထူးခြားသနည်းဟူမူ ? ဤပစ္စည်း စိတ်စေတသိက်တရားတို့အား (ပစ္စယုပ္ပန်နှင့်) ခြားကွယ်တတ်သော အခြားနာမ်တရားသည် မရှိ၊ ထို့ကြောင့် အနန္တရ မည်ကုန်၏ ¹။ ပုံသဏ္ဍာန် မရှိခြင်းကြောင့် ကောင်းစွာ အခြားမရှိ

---

၁-နှ-အန+မရှိ+အန္တရ-အခြား အကွယ်=အနန္တရ-အခြား မရှိသည် ဖြစ်၍+ ပစ္စယ-ကျေးဇူးပြုတတ်သည်=အနန္တရပစ္စယ-အခြားမရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ဤ အနန္တရပစ္စည်း၌ အကျဉ်းချုပ်မှတ်ဖွယ်ကား– ရှေးရှေးအခြားမဲ့ စိတ်စေတသိက် အပေါင်းသည် အနန္တရပစ္စည်းမည်၏။ နောက်နောက်အခြားမဲ့ စိတ်စေတသိက် အပေါင်းသည် အနန္တရပစ္စယုပ္ပန်

http://www.dhammadownload.com



ကြကုန်၊ ထိုသို့ ကောင်းစွာ အခြား မရှိကြသောကြောင့် သမနန္တရ မည်ကုန်၏[၁]။

## ( ၆ ) သဟဇာတပစ္စည်း

၅၉၉။ ဖြစ်ပေါ်ဆဲပင်လျှင် (မိမိနှင့်) အတူတကွ (တပေါင်းတည်း-ပြိုင်တူ) (ပစ္စယုပ္ပန်တရားတို့ကို) ဖြစ်ပေါ်စေသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် သဟဇာတပစ္စည်း မည်၏[၂]။ (ဥပမာ) ဆီမီးသည် (ဖြစ်ပေါ်ဆဲပင်လျှင်) အလင်းရောင်ကို (ဖြစ်ပေါ်စေလျက် ကျေးဇူးပြုသ) ကဲ့သို့ပေတည်း။ ထိုသဟဇာတပစ္စည်းသည် နာမ်ခန္ဓာစသည်တို့၏ အစွမ်းအားဖြင့် ၆-ပါးအပြားရှိ၏။ (မြတ်စွာဘုရား) ဟောတော်မူပုံကား—

"(၁) လေးပါးကုန်သော စိတ်စေတသိက် နာမ်ခန္ဓာတို့သည် အချင်းချင်း သဟဇာတပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏၊ (၂) လေးပါးကုန်သော မဟာဘုတ်တို့သည် အချင်းချင်း (သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏)၊ (၃) ပဋိသန္ဓေခဏ၌ စိတ်စေတသိက်နာမ်နှင့် (ဟဒယဝတ္ထု)[၃] ရုပ်သည် အချင်းချင်း (သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏)၊ (၄) စိတ်စေတသိက် တရားတို့သည် စိတ်ကြောင့်ဖြစ်သော (စိတ္တဇ)ရုပ်တို့အား (သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏)၊

---

မည်၏။ (ရှင်းလင်းချက်-ရဟန္တာတို့၏ စုတိစိတ်သည် နောက်ဆုံးစိတ် ဖြစ်သောကြောင့် ရှေးရှေးစိတ်ဟုဆိုသော ပစ္စည်းတရားထဲ၌ မပါဝင်၊ နောက်နောက်စိတ်ဟု ဆိုသော ပစ္စယုပ္ပန်တရားထဲ၌သာ ပါဝင်သည်)။

၁-သံ-ကောင်းစွာ + အနန္တရ-အခြားမရှိသည် ဖြစ်၍ + ပစ္စယ - ကျေးဇူးပြုတတ်သည်=သမနန္တရပစ္စယ-ကောင်းစွာအခြားမရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။ ဤသို့ သဒ္ဒါမျှသာ အနန္တရ-မှ ထူးသည်၊ သဘောအနက်အလုံးစုံ အနန္တရ-နှင့် တူ၏။

၂-သဟ-ပစ္စယုပ္ပန်တရားများနှင့် အတူတကွ-တပေါင်းတည်း-တပြိုင်နက်+ဇာတ-ဖြစ်၍+ပစ္စယ-ကျေးဇူးပြုတတ်သည်=သဟဇာတ ပစ္စယ-တကွဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

၃-လက်သည်းကွင်းအတွင်းရှိ (ဟဒယဝတ္ထု) ဟူသော စကားသည် အဋ္ဌကထာအလိုအားဖြင့် ဖော်ပြခြင်း ဖြစ်သည်၊ နောက်၌လည်းနည်းတူပင်။

http://www.dhammadownload.com



(၅) မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား (သဟဇာတ သတ္တိဖြင့် ကျေးဇူးပြု၏)၊ (၆) (ဟဒယဝတ္ထု) ရုပ်တရားတို့သည် စိတ် စေတသိက်နာမ်တရားတို့အား အချို့သော (ပဋိသန္ဓေ) ကာလ၌ သဟ ဇာတပစ္စည်း (သတ္တိ) ဖြင့် ကျေးဇူးပြု၏၊ အချို့သော (ပဝတ္တိ) ကာလ၌ သဟဇာတပစ္စည်း (သတ္တိ) ဖြင့် ကျေးဇူးမပြု" ဟူ၍ ပင်တည်း။

ဤနောက်ဆုံးအပိုဒ် စကားကို ဟဒယဝတ္ထုကိုသာရည်၍ ဟော (အပ်) သည် [၂]။

## (၇) အညမညပစ္စည်း

[၁၆၇] ၆၀၀။ အချင်းချင်း (အပြန်အလှန်) ဖြစ်စေတတ်-ထောက်ပံ့ တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် အညမည ပစ္စည်းမည်၏။ (ဥပမာ) အချင်းချင်း ထောက်ပံ့လျက် ထောင်နေသော သစ်သား သုံးချောင်းကဲ့သို့ ပေတည်း။ ထိုအညမညပစ္စည်းသည် နာမ်ခန္ဓာ စသည်တို့၏ အစွမ်းအားဖြင့် ၃-ပါး အပြားရှိ၏။ (မြတ်စွာဘုရား) ဟော တော်မူပုံကား—"(၁) လေးပါးကုန်သော စိတ်စေတသိက်နာမ်ခန္ဓာတို့သည် (အချင်းချင်း ကျေးဇူးပြုသော) အညမည ပစ္စည်း (သတ္တိ) ဖြင့် ကျေးဇူး ပြု၏၊ (၂) လေးပါးကုန်သော မဟာဘုတ်တို့သည် (အညမညပစ္စည်း သတ္တိ

---

၁-နှာ-၆၅ မှတ်ချက် ၃-အတိုင်းဖြစ်သည်။

၂-ဤသဟဇာတပစ္စည်း၌ အကျဉ်းချုပ်မှတ်ဖွယ်ကား—

(၁) စိတ်ဂ၉-ခု၊ စေတသိက် ၅၂-ခု ပဝတ္တိ ပဋိသန္ဓေ နာမ်ခန္ဓာ ၄ ပါးသည် အချင်းချင်း သဟဇာတပစ္စည်းလည်း မည်၏၊ ပစ္စယုပ္ပန်လည်း မည်၏။

(၂) ကလာပ်တူ မဟာဘုတ် ၄-ပါးသည် အချင်းချင်း သဟဇာတ ပစ္စည်း လည်း မည်၏၊ ပစ္စယုပ္ပန်လည်း မည်၏။

(၃) ပဉ္စဝေါကာရပဋိသန္ဓေ နာမ်ခန္ဓာ ၄-ပါးနှင့် ဟဒယဝတ္ထုသည်အချင်း ချင်း သဟဇာတ ပစ္စည်းလည်း မည်၏၊ ပစ္စယုပ္ပန်လည်းမည်၏။

(၄) အရူပဝိပါက် ၄-ခု၊ ဒွေ ပဉ္စဝိညာဏ်-၁၀၊ ရဟန္တာတို့၏ စုတိစိတ်မှ တပါးသောရုပ်ကို ဖြစ်စေတတ်သည့်စိတ် ၇၅-ခု၊ စေတသိက် ၅၂-ခု၊ ပဝတ္တိ ပဋိသန္ဓေ နာမ်ခန္ဓာ ၄-ပါးသည် သဟဇာတပစ္စည်း မည်၏၊ ထို စိတ်စေတသိက် တို့ကြောင့် ဖြစ်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်သည် သဟဇာတ ပစ္စယုပ္ပန် မည်၏။

http://www.dhammadownload.com



ဖြင့် ကျေးဇူးပြု၏)၊ (၃) ပဋိသန္ဓေခဏ၌ စိတ်စေတသိက်နာမ်နှင့် ဟဒယ ဝတ္ထုရုပ်သည် အညမညပစ္စည်း(သတ္တိ) ဖြင့် ကျေးဇူးပြု၏”ဟူ၍ပင်တည်း။[၁]

## (ဂ) နိဿယပစ္စည်း

၆၀၁။ (မြေကြီး စသည်သည် သစ်ပင် စသည်၏ တည်ရာဖြစ်သကဲ့သို့) တည်ရာ အခြင်းအရာအားဖြင့်ရင်း၊ (ပန်းချီကား အဝတ် စသည်သည် ပန်းချီဆေး စသည်၏ မှီရာဖြစ်သကဲ့သို့) မှီရာအခြင်းအရာအားဖြင့်ရင်း ကျေးဇူးပြုတတ်သော တရားသည် နိဿယပစ္စည်း မည်၏၊ (ဥပမာ) မြေကြီးစသည်နှင့် အဝတ် စသည်တို့သည် သစ်ပင်စသည်နှင့် ပန်းချီဆေး စသည်တို့၏ (တည်ရာ မှီရာ ဖြစ်ကုန်သ) ကဲ့သို့ပေတည်း။ ထိုနိဿယပစ္စည်းကို “လေးပါးကုန်သော စိတ် စေတသိက် နာမ်ခန္ဓာတို့သည် အချင်းချင်း နိဿယပစ္စည်း (သတ္တိ) ဖြင့် ကျေးဇူးပြု၏”ဤသို့(စသည်ဖြင့်) သဟဇာတပစ္စည်း၌ ဆိုအပ်ခဲ့သော နည်းဖြင့်ပင်လျှင် သိအပ်၏။ အထူးကား ဤနိဿယပစ္စည်း၌ ၆-ခုမြောက်အဖို့ကို“စက္ခာယတနသည် စက္ခုဝိညာဏဓာတ်အားရင်း။ပ။ သောတာယတနသည်....၊ ဃာနာယတနသည်....၊ ဇိဝှါယတနသည်....၊ ကာယာယတနသည် ကာယဝိညာဏ ဓာတ်အားရင်း၊ ထိုဝိညာဏ်နှင့် ယှဉ်သော (စေတသိက် ၇-ပါး)တရားတို့အားရင်း နိဿယပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏။ အကြင်ရုပ်ကို မှီ၍(ပဋ္ဌာဒ္ဒါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းဒွေးခေါ်) မနောဓာတ်သည်ရင်း၊(အရူပဘိပါက် ၄-ခုကြဉ်သော ၇၂-ပါးသော)မနောဝိညာဏဓာတ်သည်ရင်း ဖြစ်ကုန်၏၊ ထို(မှီရာ) ရုပ်သည် မနောဓာတ်အားရင်း၊ မနောဝိညာဏဓာတ်အားရင်း၊ ထိုဓာတ် ၂-ပါးနှင့်ယှဉ်သော စေတသိက်တရားတို့အားရင်း နိဿယပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏”ဟူ၍ ဤသို့ဝေဘန်ဟောတော်မူ(အပ်)ပေသည်။[၂]

---

(၅)မဟာဘုတ် ၄-ပါးသည် သဟဇာတပစ္စည်း မည်၏၊ ယင်းတို့နှင့် ကလာပ်တူ ဥပါဒါရုပ်များသည် သဟဇာတပစ္စယုပ္ပန် မည်၏။

၁-အညမည ပစ္စည်း၌ အကျဉ်းမှတ်ဖွယ်သည် သဟဇာတ၌မှတ်ဖွယ် (၁-၂-၃)တို့နှင့် တူ၏၊ သဟဇာတ-အရာ၌ အညမည-ဟု လဲထည့်ရန်မျှသာ ထူးသည်။

၂-နိဿယ ပစ္စည်းသည် သဟဇာတနိဿယ ပုရေဇာတနိဿယအားဖြင့် ၂-ပါး အပြား ရှိ၏။ ထိုတွင် သဟဇာတ နိဿယ၌ အကျဉ်းချုပ် မှတ်ဖွယ်သည်

http://www.dhammadownload.com



## ( ၉ ) ဥပနိဿယပစ္စည်း

၆၀၂။ ဥပနိဿယပစ္စယော ဟူသော ဤပုဒ်၌မူ ဤဆိုလတံ့သည်ကား ရှေးဦးစွာ ဝစနတ္ထ သဒ္ဒါနက်ပေတည်း။ ထိုအကြောင်းနှင့် စပ်သော ဖြစ်ခြင်း ရှိသည်၏အဖြစ်ကြောင့်မှီရာဟူသောမိမိ၏အကျိုးသည် (ထိုမှီရာအကြောင်း ကို) မှီအပ်၏ မစွန့်လွှတ်အပ်၊ ထိုသို့ မစွန့်လွှတ်ပဲ မှီအပ်သောကြောင့်နိဿယ မည်၏။ ဥပနိဿယမည်ပုံမှာ လွန်ကဲ ပြင်းပြသော အာယာသ-ပင်ပန်းခြင်း သည် ဥပါယာသ မည်သကဲ့သို့ ထို့အတူ လွန်ကဲသော နိဿယ-မှီရာသည် ဥပ နိဿယမည်၏။ ဤဥပနိဿယ ဟူသော အမည်သည် အားကြီးသော အကြောင်း၏ အမည်ပေတည်း။ ထို့ကြောင့် အားကြီးသော အကြောင်း အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် ဥပနိဿယပစ္စည်း မည်၏ ဟူ၍ သိအပ်၏။

---

သဟဇာတ၌ ပြခဲ့သော မှတ်ဖွယ် ၅-ပုဒ်နှင့် တူ၏။ ပုရေဇာတ နိဿယ၌ မှတ်ဖွယ်အကျဉ်းကား—

(၁)ရှေးဦးအစ အတီတဘဝင်နှင့် အတူ ဖြစ်ခဲ့၍ စက္ခုဝိညာဏ်၏ မှီရာဖြစ် သော စက္ခာယတန ခေါ် စက္ခုပသာဒရုပ်သည် နိဿယပစ္စည်း မည်၏၊ စက္ခုဝိညာဏ်စိတ်နှင့် စေတသိက်(၇)ပါးသည် နိဿယပစ္စယုပ္ပန် မည်၏။

(၂-၃-၄-၅) ရှေးဦးအစ အတီတဘဝင်နှင့် အတူ ဖြစ်ခဲ့၍ သောတဝိညာဏ်, ဃာနဝိညာဏ်,ဇိဝှါဝိညာဏ်,ကာယဝိညာဏ် တို့၏ မှီရာဖြစ်သော သော-တာယတန, ဃာနာယတန, ဇိဝှါယတန,ကာယာယတန ခေါ် ပသာဒရုပ် ၄-ပါးသည် နိဿယပစ္စည်း မည်၏၊ သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်နှင့် ယှဉ်ဘက် စေတသိက် (၇) ပါးသည် နိဿယပစ္စယုပ္ပန် မည်၏။

(၆)ပဋိသန္ဓေစိတ်စသော ရှေးရှေးအခြားမဲ့စိတ်နှင့်အတူဖြစ်ခဲ့သော ဟဒယ-ဝတ္ထုရုပ်သည် နိဿယပစ္စည်း မည်၏၊ ပဉ္စမဘဝင် အစရှိသော (အရူပ-ဝိပါက် ၄-ခုမှ တပါးသော) မနောဝိညာဏဓာတ်, မနောဓာတ် ခေါ် နောက်နောက် စိတ်စေတသိက်သည် နိဿယပစ္စယုပ္ပန် မည်၏။ စုတေ ခါနီး၌မူ စုတိစိတ်မှ ရှေး၁၇-ခုမြောက် စိတ်နှင့်အတူ ဖြစ်ခဲ့သော ဟဒယ-ဝတ္ထုရုပ်က နိဿယပစ္စည်း၊ စုတိတိုင်အောင် ၁၆-ခုသော စိတ်နှင့် ယှဉ်ဘက် စေတသိက်အပေါင်းက နိဿယပစ္စယုပ္ပန် ဖြစ်သေး၏။

http://www.dhammadownload.com



ထိုဥပနိဿယသည် (၁) အာရမ္မဏူပနိဿယ (၂) အနန္တရူပနိဿယ (၃) ပကတူပနိဿယဟူ၍ ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် ရှေးဦးစွာ အာရမ္မဏူပနိဿယပစ္စည်းကို....

"လှူဖွယ်ဝတ္ထုကို ပေးလှူပြီးလျှင် သီလကိုဆောက်တည်ပြီးလျှင် ဥပုသ်စောင့်ခြင်းအမှုကို ပြုပြီးလျှင် ထို ဒါန သီလဥပုသ်စောင့်ခြင်းကို အလေးပြု၍ ဆင်ခြင်၏၊ ရှေးကာလ၌ ကောင်းစွာ ကျင့်ခဲ့သော ကောင်းမှုတို့ကို အလေးပြု၍ ဆင်ခြင်၏၊ ဈာန်မှ ထပြီးလျှင် ဈာန်ကို အလေးပြု၍ ဆင်ခြင်၏၊ သေက္ခ(ကျင့်ဆဲ)ပုဂ္ဂိုလ်တို့သည်(သောတာပတ္တိမဂ်၏ ရှေးအခြားမဲ့ဖြစ်သော)ဂေါတြဘူကို အလေးပြု၍ ဆင်ခြင်ကုန်၏၊ (အထက်မဂ်သုံးပါး၏ ရှေးအခြားမဲ့ ဖြစ်သော)ဝေါဒါန်ကို အလေးပြု၍ ဆင်ခြင်ကုန်၏၊ သေက္ခပုဂ္ဂိုလ်တို့သည် မဂ်မှ ထ၍ မဂ်ကို အလေးပြု၍ ဆင်ခြင်ကုန်၏"ဟု

ဤသို့ အစရှိသောနည်းဖြင့် အာရမ္မဏာဓိပတိပစ္စည်းနှင့် ထူးခြားခြင်းကို မပြုမူ၍ ဝေဘန်ဟောကြားတော်မူ(အပ်)၏။ ထိုစကားရပ်၌၊ဝါ၊ ထိုသို့အတူပြု၍ ဟောရာ၌ အကြင်အာရုံကို အလေးပြု၍ စိတ်စေတသိက်တို့သည် ဖြစ်ကုန်၏၊ ထိုအာရုံသည် ကိန်းသေအမြဲအားဖြင့် ထိုစိတ်စေတသိက်တို့၏ အာရုံတို့တွင်[၁] အားကြီးသောအာရုံဖြစ်ပေသည်။ သို့ဖြစ်၍ [၁၆၇] အလေးပြုအပ်သည်၏ အဖြစ်မျှ ဟူသော အနက်သဘောကြောင့် အာရမ္မဏာဓိပတိမည်၏၊ အားကြီးသော အကြောင်းဟူသော အနက်သဘောကြောင့် အာရမ္မဏူပနိဿယမည်၏[၂] ဟူ၍ ဤအာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယတို့၏ ဤသို့သော ထူးခြားခြင်းကို သိအပ်ပေသည်။

အနန္တရူပနိဿယပစ္စည်းကိုလည်း "ရှေးရှေး၌ ဖြစ်ကုန်သော ကုသိုလ်ခန္ဓာတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ကုသိုလ် ခန္ဓာတို့အား ဥပနိ-

---

၁-တေသံ အာရမ္မဏေသု-ဟု ရှိသော မူကွဲအရ ပြန်ထားသောအနက် ဖြစ်သည်။ ထိုသို့ပြန်မှ ထို-ဟူသော စကားဖြင့် ရှေးဝါကျ၌ ဆိုခဲ့ပြီးသော စိတ်စေတသိက်ဘို့ကို စွဲမိ၍ သဒ္ဒါနည်းအရ သင့်လျော်ပေသည်။

၂-ဤ အာရမ္မဏူပနိဿယ၌ အကျဉ်း မှတ်ဖွယ်သည် အာရမ္မဏာဓိပတိ၌ မှတ်ဖွယ်နှင့် တူ၏။

http://www.dhammadownload.com



သယ ပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏” ဤသို့ အစရှိသော နည်းဖြင့် အနန္တရပစ္စည်းနှင့် ထူးခြားခြင်းကို မပြုမူ၍၊ ဝါ၊ အတူပြု၍ သာလျှင် ဝေဘန်တော်မူ (အပ်)၏။ သို့သော် မာတိကာထားရာ (ပစ္စယနိဒ္ဒေသပါဠိ)၌မူ ယင်းပစ္စည်း ၂-ပါးတို့တွင်[၁]“စက္ခုဝိညာဏဓာတ်သည်၎င်း၊ ယင်း ဝိညာဏဓာတ်နှင့် ယှဉ်သော စေတသိက်(၇)ပါး တရားတို့သည်၎င်း မနောဓာတ်အား၎င်း၊ ယင်းဓာတ်နှင့် ယှဉ်သော (၁၀)ပါးသော စေတသိက် တရားတို့အား၎င်း အနန္တရပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏” ဤသို့ အစရှိသော နည်းဖြင့် အနန္တရပစ္စည်း၏လာခြင်းကြောင့်၊ဝါ၊အနန္တရပစ္စည်းကို ဟောခြင်းကြောင့်၎င်း၊“ရှေးရှေး၌ဖြစ်ကုန်သော ကုသိုလ်တရားတို့သည်နောက်နောက်၌ ဖြစ်ကုန်သော ကုသိုလ်တရားတို့အား ဥပနိဿယ ပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏” ဤသို့ အစရှိသော နည်းဖြင့် အနန္တရူပနိဿယ ပစ္စည်း၏ လာခြင်းကြောင့်၊ ဝါ၊ အနန္တရူပနိဿယ ပစ္စည်းကို ဟောခြင်းကြောင့်၎င်း မာတိကာထားရာ၌ ထူးခြားခြင်း ရှိသေး၏။ ထိုမာတိကာထားရာ၌ ထူးခြားခြင်းသည်လည်း သဘောအနက်အားဖြင့် တခုတည်းအဖြစ် - တူသည်၏ အဖြစ်သို့သာလျှင် ရောက်၏။ဤသို့ပင် တူငြားသော်လည်း မိမိ မိမိ၏ အခြားမဲ့၌သင့်လျော်သောစိတ္တုပ္ပါဒ်ကိုဖြစ်စေခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်ကြောင့် အနန္တရပစ္စည်း အဖြစ်ကို (သိအပ်၏)။ နောက်စိတ်ကို ဖြစ်စေရာ၌ ရှေးစိတ်၏ အားကြီးသည်၏အဖြစ်ကြောင့် အနန္တရူပနိဿယ ပစ္စည်း အဖြစ်ကို သိအပ်၏။ ဥပမာဖြင့် ပြရလျှင် - ဟေတုပစ္စည်း စသည်တို့တွင် အချို့သော တရားနှင့် ကင်း၍လည်း စိတ်သည် ဖြစ်နိုင်သကဲ့သို့ ထိုအတူ အခြားမဲ့ စိတ်နှင့် ကင်း၍ စိတ်၏ ဖြစ်ခြင်းမည်သည် မရှိ၊ ထို့ကြောင့် အားကြီးသော အကြောင်းဖြစ်ပေ၏။ သို့ဖြစ်၍ မိမိ မိမိ၏ အခြားမဲ့၌ သင့်လျော်သောစိတ်ကို ဖြစ်စေသည်၏ အစွမ်းအားဖြင့် အနန္တရပစ္စည်းမည်၏၊ အားကြီးသော အကြောင်း၏ အစွမ်းအားဖြင့် အနန္တရူပနိဿယ ပစ္စည်း မည်၏ ဟူ၍ ဤ ပစ္စည်း ၂-ပါးတို့၏ ဤသို့သော ထူးခြားခြင်းကို သိအပ်ပေသည်။[၂]

---

၁-ယင်းပစ္စည်း ၂-ပါးတို့တွင်....အနန္တရပစ္စည်း၏ လာခြင်းကြောင့်....အနန္တရူပနိဿယပစ္စည်း၏ လာခြင်းကြောင့်-ဟု စပ်ပါ။

၂-ဤ အနန္တရူပနိဿယ၌ မှတ်ဖွယ် အကျဉ်းချုပ်သည် အနန္တရ၌ မှတ်ဖွယ်နှင့် တူ၏။

http://www.dhammadownload.com



ပကတူပနိဿယကိုမူ (ဤသို့ သိအပ်၏)- ပကတ - (မိမိ၏အကျိုးကို ပြီးစေနိုင်အောင်) ကောင်းစွာပြုပြင်အပ်သော+ဥပနိဿယ - အားကြီးသော အကြောင်းသည် ပကတူပနိဿယမည်၏။ ပကတ-ကောင်းစွာ ပြုပြင်အပ်သည် မည်သည်မှာ မိမိသန္တာန်၌ ပြီးစေအပ်သော သဒ္ဓါ သီလ စသည်သည်ငင်း၊ဝါ၊ သဒ္ဓါ သီလ သုတ စာဂ ပညာသည်ငင်း၊မှီဲအပ်သောဥတု ဘောဇဉ်စသည်သည်ငင်း၊ ဝါ၊ဥတု ဘောဇဉ် ပုဂ္ဂိုလ် ကျောင်း အိပ်ရာ နေရာ သည်ငင်း (ပကတ မည်သည်) ဖြစ်ပေသည်။ တနည်း ဝစနတ္ထကား - (အာရမ္မဏ အနန္တရတို့နှင့် မရောယှက်ပဲ)မိမိ၏ပင်ကို ပကတိ သဘောအားဖြင့်သာလျှင် ဥပနိဿယ-အားကြီးသော အကြောင်းသည် ပကတူပ နိဿယမည်၏၊ အာရမ္မဏ အနန္တရတို့နှင့် မရောယှက်သော ဥပနိဿယ-ဟု ဆိုလို၏။ ထို ပကတူပနိဿယ၏ အပြားကို—

"ပကတူပနိဿယကား - သဒ္ဓါတရားကို အမှီပြု၍ အလှူဒါနကို ပေးလှူ၏၊ သီလကို ဆောက်တည်၏၊ ဥပုသ်စောင့်သုံးခြင်း အမှုကို ပြု၏၊ ဈာန်ကိုဖြစ်စေ၏၊ ဝိပဿနာကို ဖြစ်စေ၏၊ မဂ်ကို ဖြစ်စေ၏၊ အဘိညာဉ်ကို ဖြစ်စေ၏၊ သမာပတ်ကို ဖြစ်စေ၏။ သီလကို -- ။ သုတကို --။ စာဂကို--။ ပညာကို အမှီပြု၍ အလှူဒါနကို ပေးလှူ၏။ ပ။ သမာပတ်ကို ဖြစ်စေ၏။ သဒ္ဓါသည်၊ သီလသည်၊ သုတသည်၊ စာဂသည်၊ ပညာသည် (နောက်ထပ် ဖြစ်သော) သဒ္ဓါအား၊ သီလအား၊ သုတအား၊ စာဂအား၊ ပညာအား ဥပနိဿယပစ္စည်း(သတ္တိ) ဖြင့် ကျေးဇူးပြု၏" ဤသို့ အစရှိသော နည်းဖြင့် -

များသောအပြားအားဖြင့် သိအပ်၏။ ဤဆိုခဲ့သည့်အတိုင်း ဤသဒ္ဓါအစရှိသော တရားတို့သည်(ကောင်းစွာ ပြုပြင်အပ်သောကြောင့်)ပကတလည်း မည်ကုန်၏၊ အားကြီးသော အနက်သဘောကြောင့် ဥပနိဿယလည်း မည်ကုန်၏၊ ထို ၂-ပါးသော အကြောင်းကြောင့် ပကတူပနိဿယမည်သည်ဟု သိအပ်၏[၁]။

---

၁-ကုသိုလ်, အကုသိုလ် ဝိပါက် ကြိယာ ရုပ် ဥတု ဘောဇဉ် ပုဂ္ဂိုလ် ကျောင်း အိပ်ရာ နေရာ တစုံတခုကို စွဲမှီ၍ ကုသိုလ်စသည် ဖြစ်ပွါးလျှင် စွဲမှီရာ ကုသိုလ်စသည်က ပကတူပနိဿယပစ္စည်း၊ စွဲမှီ၍ဖြစ်သော ကုသိုလ်,

http://www.dhammadownload.com



## (၁၀) ပုရေဇာတပစ္စည်း

[၁၆၉] ၆၀၃။ (ပစ္စယုပ္ပန်တရားတို့ မဖြစ်မီ) ရှေးဦးစွာ ဖြစ်ပြီးလျှင် ဖြစ်ဆဲ-ရှိဆဲ-တည်ဆဲ၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော (နိပ္ဖန္နရုပ် ၁၈-ခု ဟူသော)တရားသည် ပုရေဇာတပစ္စည်း မည်၏။ ထိုပုရေဇာတပစ္စည်းသည် ပဥ္စဒွါရ၌ စက္ခုစသော ဝတ္ထု, ရူပါယတနစသော အာရုံ, ဟဒယဝတ္ထုတို့၏ အစွမ်းအားဖြင့် ၁၁-ပါး အပြားရှိ၏။ (မြတ်စွာဘုရား) ဟောတော်မူပုံကား—

"စက္ခာယတနသည် စက္ခုဝိညာဏဓာတ်အားရှင်း၊ထိုဝိညာဏဓာတ်နှင့်ယှဉ်သော စေတသိက် (၇-ပါး) တရားတို့အားရှင်း ပုရေဇာတပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏။ သောတာယတနသည် သောတဝိညာဏဓာတ်အားရှင်း --။ ဃာနာယတနသည် ဃာနဝိညာဏဓာတ် အားရှင်း —။ ဇိဝှါယတနသည် ဇိဝှါဝိညာဏဓာတ်အားရှင်း — ။ ကာယာယတနသည် ကာယဝိညာဏဓာတ်အားရှင်း ထိုဝိညာဏဓာတ်နှင့် ယှဉ်သော စေတသိက်(၇-ပါး)တရားတို့အားရှင်း ပုရေဇာတပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏။ ရူပါယတနသည် စက္ခုဝိညာဏဓာတ်အားရှင်း — ။ သဒ္ဒါယတနသည် သောတဝိညာဏ ဓာတ်အားရှင်း—။ ဂန္ဓာယတနသည် ဃာနဝိညာဏ ဓာတ်အားရှင်း —။ ရသာယတနသည် ဇိဝှါဝိညာဏဓာတ်အားရှင်း....၊ ဖောဋ္ဌဗ္ဗာယတနသည် ကာယဝိညာဏ ဓာတ်အားရှင်း၊ ထိုဝိညာဏဓာတ်နှင့် ယှဉ်သော စေတသိက် (၇-ပါး)တရားတို့အားရှင်း ပုရေဇာတပစ္စည်း (သတ္တိ) ဖြင့် ကျေးဇူးပြု၏။ ရူပါယတနသည် သဒ္ဒါယတနသည် ဂန္ဓာယတနသည် ရသာယတနသည် ဖောဋ္ဌဗ္ဗာယတနသည် မနောဓာတ်အားရှင်း၊ ထိုမနောဓာတ်နှင့် ယှဉ်သော စေတသိက်(၁၀-ပါး)တရားတို့အားရှင်း ပုရေဇာတပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏။ အကြင်ရုပ်ကို အမှီပြု၍ မနောဓာတ်သည်၎င်း၊ မနောဝိညာဏဓာတ်သည်၎င်း ဖြစ်ကုန်၏၊ ထိုမှီရာရုပ်သည် မနောဓာတ်အားရှင်း၊ ထိုဓာတ်နှင့်ယှဉ်သော စေတသိက် တရားတို့အားရှင်း ပုရေဇာတ ပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူး

---

အကုသိုလ် ဝိပါက် ကြိယာ စိတ်စေတသိက် နာမ်ခန္ဓာက ပကတူပနိဿယ-ပစ္စယုပ္ပန် ဖြစ်သည်။

http://www.dhammadownload.com



ပြု၏၊(အရူပဝိပါက် ၄-ခုကြဉ်သော ၇၂-ပါးသော) မနောဝိညာဏ ဓာတ်အားရင်း၊ ထိုဓာတ်နှင့်ယှဉ်သော စေတသိက် (၅၂-ပါး) တရားတို့အားရင်း (ပဋိသန္ဓေကာလဟု ဆိုအပ်သော) အချို့သောကာလ၌ ပုရေဇာတပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏၊ (ပဋိသန္ဓေခဏဟု ဆိုအပ်သော) အချို့သောကာလ၌ ပုရေဇာတ ပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူး မပြု၊ (သဟဇာတပစ္စည်း သတ္တိဖြင့်သာ ကျေးဇူးပြု၏)" ဟူ၍ပင်တည်း။[၁]

## (၁၁) ပစ္ဆာဇာတပစ္စည်း

၆၀၄။ (ပစ္စည်းတရားတို့မဖြစ်မီ) ရှေးဦးစွာ ဖြစ်နှင့်ကုန်သော (ကေ ဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယ-ဟု ဆိုအပ်ကုန်သော)[၂] ရုပ်တရားတို့ကို ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော

---

၁-ဝတ္ထုပုရေဇာတ, အာရမ္မဏ ပုရေဇာတ ၂-ပါးတို့တွင် ဝတ္ထုပုရေဇာတ၌ အကျဉ်းချုပ် မှတ်ဖွယ်သည် ပုရေဇာတနိဿယ၌ ပြခဲ့သော မှတ်ဖွယ် (၁-၂-၃-၄-၅-၆) တို့နှင့် တူ၏။ အာရမ္မဏပုရေဇာတ၌ အကျဉ်းချုပ် မှတ်ဖွယ်ကား—

(၁)ရှေးဦးအစ အတီတဘဝင်နှင့် အတူ ဖြစ်ခဲ့၍ ပဉ္စဒွါရာဝဇ္ဇန်း ပဉ္စဝိညာဏ် အစရှိသော ပဉ္စဒွါရိက စိတ်စေတသိက်တို့၏ အာရုံဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည် ပုရေဇာတပစ္စည်းမည်၏။ ထိုအာရုံတို့ကို အာရုံပြု၍ဖြစ်သော ပဉ္စဒွါရိကစိတ်စေတသိက်အပေါင်းသည် ပုရေဇာတပစ္စယုပ္ပန် မည်၏။

(၂)ရှေးဦးအစ အတီတဘဝင်နှင့် အတူ ဖြစ်ခဲ့၍ မနောဒွါရာဝဇ္ဇန်းဇော တဒါရုံတို့၏ အာရုံဖြစ်သော နိပ္ဖန္နရုပ် ၁၈-ခုဟူသော အာရုံ ၆-ပါးသည် ပုရေဇာတပစ္စည်း မည်၏၊ ထိုအာရုံကို အာရုံပြု၍ ဖြစ်သော မနော-ဒွါရာဝဇ္ဇန်းဇော တဒါရုံ စိတ်စေတသိက် အပေါင်းသည် ပစ္စယုပ္ပန် မည်၏။

၂-ဤ၌ ကေဇကာယ-ဟူသည်မှာ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သော ကမ္မဇ-ရုပ်အပေါင်းကို ထိုခဏအတွက် ခေါ်အပ်သောအမည်ဖြစ်သည်၊ ပဋိသန္ဓေ-စိတ်၏ ဌီခဏမှစ၍ ဥတုဇရုပ်အပေါင်းနှင့်တကွ ဒွိဇကာယ ဖြစ်လာသည်၊ ပဌမဘဝင်စိတ် ဖြစ်သောအခါ ပဋိသန္ဓေခဏက ဖြစ်ခဲ့သော ယင်းဒွိဇကာယ အား ပဌမဘဝင်စိတ်စေတသိက်အပေါင်းက ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူး ပြု ထောက်ပံ့၏။ ထို ပဌမဘဝင်အခိုက်၌ စိတ္တဇရုပ်အပေါင်းနှင့် တကွ တိဇ

http://www.dhammadownload.com



(အရူပဝိပါက် ၄-ခု ကြဉ်သော စိတ် ၈၅-ခု၊ စေတသိက် ၅၂-ခုဟု ဆိုအပ်သော)နာမ်တရားသည် ပစ္စာဇာတပစ္စည်းမည်၏၊ (ဥပမာ) အာဟာရ၌ ဖြစ်သောတောင့်တမှု စေတနာသည် လင်းတငယ်တို့၏ ကိုယ်တို့အား (ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသ)ကဲ့သို့ပေတည်း။ ထို့ကြောင့်....

"နောက်၌ ဖြစ်ကုန်သော(ပဋိသန္ဓေဝေါဟာရဘုံ၌ ဖြစ်ခိုက် ဖြစ်နေစိတ် ၈၅-ခု၊ စေတသိက် ၅၂-ခု ဟူသော)နာမ်တရားတို့သည် ရှေး၌ဖြစ်နှင့်သော(ကေဇ ဒွိဇ တိဇ စတုဇကာယဟု ဆိုအပ်သော) ဤရုပ်ကိုယ်အား ပစ္စာဇာတပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟူ၍ (မြတ်စွာဘုရား)ဟောတော်မူ(အပ်)ပေသည်။[၁]

---

ကာယ ဖြစ်လာ၏၊ ထို့ကြောင့် ဒုတိယဘဝင်မှစ၍ တိဇကာယအား ဒုတိယဘဝင် စသည်က ပစ္စာဇာတသတ္တိဖြင့် ကျေးဇူးပြု ထောက်ပံ့၏။ ကာမလောက၌ အာဟာရဇရုပ် ဖြစ်ပေါ်သော အခါ နောက်နောက် စိတ်စေတသိက်အပေါင်းက စတုဇကာယအား ပစ္စာဇာတသတ္တိဖြင့် ကျေးဇူးပြုထောက်ပံ့၏။ နိရောဓသမာပတ်မှ ထသောအခါ ကာမလောက၌ တိဇကာယအား၊ ရူပလောက၌ ဒွိဇကာယအား အနာဂါမိဖိုလ် အရဟတ္တဖိုလ်စိတ်စေတသိက်အပေါင်းက ပစ္စာဇာတသတ္တိဖြင့် ကျေးဇူးပြုထောက်ပံ့၏။ သို့ဖြစ်၍ ကေဇကာယအား အသီးအခြားပစ္စာဇာတသတ္တိဖြင့် ကျေးဇူးပြုထောက်ပံ့ခြင်းမည်သည် မရှိပေ။ သို့သော်လည်း ပဌမဘဝင်စသည်က ဒွိဇကာယ တိဇကာယအား ပစ္စာဇာတသတ္တိဖြင့် ကျေးဇူးပြုရာ၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏက ဖြစ်ခဲ့သော ကေဇကာယသည်လည်း ပစ္စာဇာတပစ္စယုပ္ပန်အဖြစ်ဖြင့် ပါဝင်ပေ၏၊ ထိုသို့ပါဝင်သောကြောင့်ရင်း၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ကေဇကာယ ရှိကြောင်းသိစေလို ထင်ရှားစေလိုသော ကြောင့်ရင်း ဤအရာ၌ ကေဇကာယကို ရှေးဆရာတို့ထည့်သွင်း ဖော်ပြကြသည် ဖြစ်ရာ၏။ ပဋ္ဌာန်း အဋ္ဌကထာ၌မူ ကာမလောက၌ စတုသမုဋ္ဌာနိကရုပ်အား၊ ရူပလောက၌ တိသမုဋ္ဌာနိကရုပ်အား ပစ္စာဇာတသတ္တိဖြင့် ကျေးဇူးပြုကြောင်းမျှသာ ပြဆိုသည်။

၁-ဤပစ္စာဇာတပစ္စည်း၌ အကျဉ်းချုပ် မှတ်ဖွယ်ကား—ပဉ္စဝေါကာရဘုံ၌ပဌမဘဝင် အစရှိသော နောက်နောက် စိတ် စေတသိက် အပေါင်းသည် ပစ္စာဇာတပစ္စည်းမည်၏။ ပဋိသန္ဓေစိတ် အစရှိသော ရှေးရှေးစိတ်တို့နှင့် အတူဖြစ်ခဲ့၍ ရုပ်၏ဌီခဏ၌ တည်ဆဲဖြစ်သော တကိုယ်လုံးရှိ ရုပ်အပေါင်းသည် ပစ္စာဇာတပစ္စယုပ္ပန်မည်၏။

http://www.dhammadownload.com



## (၁၂) အာသေဝနပစ္စည်း

၆၀၅။ (ပစ္စယုပ္ပန်တရားတို့ကို ကုသိုလ်အစရှိသော အဖြစ်ဖြင့် မိမိနှင့် တူအောင် အဖန်တလဲလဲ ပြုပြင်ခြင်း ဖြစ်စေခြင်းဟူသော)[၁] မှီဝဲစေခြင်း အထုံရစေခြင်း သဘောဖြင့်၊ ဝါ၊ (မိမိနှင့်တူသော သဘောရှိသည်၏ အဖြစ်သို့ ရောက်စေခြင်းဟူသော)[၂] ထုံစေခြင်း သဘောဖြင့်၊ ဝါ၊ (မိမိနှင့်တူသော သဘောရှိသည်၏ အဖြစ်ကို ယူစေခြင်း ဟူသော)[၃] ထုံစေခြင်း-အထုံရစေခြင်း သဘောဖြင့်[၄] အခြားမဲ့၌ဖြစ်ကုန်သော (ပဌမဇောဖိုလ်ဇောကြဉ်သော နောက်နောက်ဇော ၅၁-ခု၊ စေတသိက် ၅၂-ခု ဟူသော) ပစ္စယုပ္ပန်တရားတို့ အား လေ့လာသည်၏အဖြစ် အားကြီးသည်၏ အဖြစ်အလို့ငှါ၊ ဝါ၊ အလေ့ အလာရရန် အားကောင်းရန် အလို့ငှါ ကျေးဇူးပြုတတ်သော (အဆုံးဇော ကြဉ်သော ရှေးရှေးလောကီဇော ၄၇-ခု၊ စေတသိက် ၅၂-ခု ဟူသော) တရား သည် အာသေဝနပစ္စည်းမည်၏။ (ဥပမာ) ကျမ်းဂန်စသည်တို့၌ ရှေးရှေး ဖြစ်သော (သင်ယူခြင်း ကြားနာခြင်း ဆောင်ခြင်း အစရှိသော) အားထုတ် ခြင်း (မှီဝဲခြင်း) ကဲ့သို့ပေတည်း။ ထိုအာသေဝန ပစ္စည်းသည် ကုသိုလ်ဇော

---

၁-၌လက်သည်းကွင်း အတွင်းရှိ အနက်သည် ပြည်မူဝိသုဒ္ဓိမဂ်နိဿယ၌ "ကုသ- လာဒိဘာဝေန အတ္တနာ သဒိသဿ ပယောဂေန ကရဏီယဿ ပုနပ္ပုနံ ကရဏံ ပဝတ္တနံ" ဟူသော ဋီကာကို မြန်မာပြန်ကာ ဆောင်၍ ပြသော အနက်ဖြစ်သည်။ ထိုအရာ၌ (ကုသိုလ်စသည်၏အဖြစ်ဖြင့် ပစ္စည်းဖြစ်သော မိမိနှင့်တူသည်ဖြစ်၍၊ ဝါ၊ တူသောပစ္စယုပ္ပန်တရား၏၊ ဝါ၊ တူစွာ ပယောဂ ဖြင့် ပြုသင့်သော ကိစ္စကို အဖန်ဖန်ပြုခြင်းဖြစ်စေခြင်းဟူသော) ဟုပြန်လျှင် လည်း သင့်သကဲ့သို့ ရှိ၏။ ထိုသို့ပြန်ရာ၌ ပစ္စယုပ္ပန်တရား၏ မှီဝဲခြင်းကို ရသောကြောင့် "မှီဝဲစေခြင်း-အထုံရစေခြင်း" ဟူရာ၌လည်း "မှီဝဲခြင်း- အထုံရခြင်း"-ဟု ပြင်ရလိမ့်မည်။ အဓိပ္ပါယ်မှာ ထိုသို့အထုံရအောင် ကျေး ဇူးပြုသည်-ဟု ယူရာ၏။

၂-၌လက်သည်းကွင်းအတွင်းရှိ အနက်သည်လည်း "အတ္တသဒိသသဘာဝတာ- ပါဒနံ ဝါသနံ ဝါ" ဟူသောဋီကာအရ ပြန်ဆိုသောအနက် ဖြစ်သည်။

၃-၌လက်သည်းကွင်း အတွင်းရှိ အနက်မှာမူ (အတ္တသဒိသသဘာဝတာပါဒနံ) ဟူသော အဖွင့်အရ ပေါ်လွင်ထင်ရှားအောင်ပြန်ဆိုသောအနက် ဖြစ်သည်။

၄-အထုံရစေခြင်းသဘောဖြင့်....ကျေးဇူးပြုတတ်သော-ဟု စပ်ပါ။

http://www.dhammadownload.com



အကုသိုလ်ဇော ကြိယာဇောတို့၏ အစွမ်းအားဖြင့် သုံးပါးအပြားရှိ၏။ (မြတ်စွာဘုရား) ဟောတော်မူပုံကား—

"ရှေးရှေး၌ ဖြစ်ကုန်သော (လောကီ) ကုသိုလ် (ဇော နာမ်ခန္ဓာ) တရားတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ကုသိုလ် (ဇော နာမ်ခန္ဓာ) တရားတို့အား အာသေဝနပစ္စည်း (သတ္တိ) ဖြင့် ကျေးဇူးပြု၏။ ရှေးရှေး၌ ဖြစ်ကုန်သော အကုသိုလ် (ဇော နာမ်ခန္ဓာ) တရားတို့သည် နောက်နောက်၌ ဖြစ်ကုန်သော အကုသိုလ် (ဇော နာမ်ခန္ဓာ) တရားတို့အား....။ ရှေးရှေး၌ ဖြစ်ကုန်သော ကြိယာ (ဇော နာမ်ခန္ဓာ) အဗျာကတတရားတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ကြိယာ (ဇော နာမ်ခန္ဓာ) အဗျာကတတရားတို့အား အာသေဝနပစ္စည်း (သတ္တိ) ဖြင့် ကျေးဇူးပြု၏"ဟူ၍ပင်တည်း။[၁]

## (၁၃) ကမ္မပစ္စည်း

၆၀၆။ စိတ်၏ပယောဂ-ဗျာပါရ-ဟု ဆိုအပ်သော ပြုမှု-အားထုတ်မှု၏ အဖြစ်ဖြင့်၊ ဝါ၊ ပြုလုပ်အားထုတ်ခြင်းအမူအရာသဘောဖြင့်[၂] ကျေးဇူးပြုတတ်သော (စေတနာ ၈၉-ခု ဟူသော) တရားသည် ကမ္မပစ္စည်းမည်၏။ ထိုကမ္မပစ္စည်းသည် (ပစ္စယုပ္ပန်နှင့်) ထူးခြားကွဲပြားသော ခဏရှိသော ကုသိုလ်စေတနာ အကုသိုလ်စေတနာ၏အစွမ်းအားဖြင့်၎င်း၊ (ပစ္စယုပ္ပန်နှင့်) အတူတကွ တပြိုင်နက် ဖြစ်သော အလုံးစုံလည်း ဖြစ်သော (၈၉-ခုသော) စေတနာ၏ အစွမ်းအားဖြင့်လည်းကောင်း ၂-ပါး အပြား ရှိ၏။ (မြတ်စွာဘုရား) ဟောတော်မူပုံကား—

"ကုသိုလ်အကုသိုလ်ကံသည် ဝိပါက် (အကျိုး) ဖြစ်ကုန်သော (စိတ် စေတသိက် နာမ်) ခန္ဓာတို့အား၎င်း၊ (ကဋတ္တာရုပ်ခေါ်) ကမ္မဇရုပ်တို့

---

၁-ဤအာသေဝနပစ္စည်း၌ အကျဉ်းချုပ်မှတ်ဖွယ်ကား—ရှေးရှေးအခြားမဲ့ ဖြစ်သော လောကီဇော ၄၇-ခုသည် အာသေဝနပစ္စည်းမည်၏၊ နောက်နောက် အခြားမဲ့ဖြစ်သော မဂ်ဇော ၄-ခုနှင့်တကွ ယင်းလောကီဇော ၄၇-ခုသည် အာသေဝနပစ္စယုပ္ပန်မည်၏။

၂-ဤ ဝါ-တနည်းပြသော ဒုတိယအနက်သည် ကိရိယာဘာဝေန-၌ ဘာဝ-ကို သဘာဝ ဟောယူ၍ ပြန်ထားသော အနက် ဖြစ်သည်။

http://www.dhammadownload.com



အားရင်း၊ (နာနာက္ခဏိက)ကမ္မပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏။ (၇၉-ခုသော)စေတနာသည် ယှဉ်ကုန်သော စိတ်စေတသိက်တရားတို့အားရင်း၊ ထိုစေတနာကြောင့် ဖြစ်သောရုပ်တို့အားရင်း (သဟဇာတ)ကမ္မပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟူ၍ပင်တည်း။[၁]

## (၁၄) ဝိပါကပစ္စည်း

[၁၇၀] ၆၀၇။ အားထုတ်မှုလုံ့လ ဗျာပါရကင်းသော[၂] ငြိမ်သက်သည်၏အဖြစ်ဖြင့်[၃] အားထုတ်မှု လုံ့လ ဗျာပါရကင်းသော[၂] ငြိမ်သက်သည်၏အဖြစ်အလို့ငှါ၊ ဝါ၊ အားထုတ်မှုကင်းသော ငြိမ်သက်ခြင်း ဖြစ်ရန် ကျေးဇူးပြုတတ်သောဝိပါက်(အကျိုး)တရားသည် ဝိပါကပစ္စည်းမည်၏။ ထိုဝိပါကပစ္စည်းသည် ပဝတ္တိကာလ၌ ထိုဝိပါက်ကြောင့် ဖြစ်သော ရုပ်တို့အားရင်း၊ ပဋိသန္ဓေကာလ၌ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားရင်း၊ ပဝတ္တိ ပဋိသန္ဓေ ကာလအလုံးစုံ၌ ယှဉ်ဘက် စိတ် စေတသိက်တို့အားရင်း(ဝိပါက ပစ္စည်းသတ္တိဖြင့်) ကျေးဇူးပြုတတ်၏။ (မြတ်စွာဘုရား)ဟောတော်မူပုံကား—

"ဝိပါက်အဗျာကတဖြစ်သော ခန္ဓာတပါးသည် ခန္ဓာသုံးပါးတို့အားရင်း၊စိတ္တဇရုပ်တို့အားရင်းဝိပါကပစ္စည်း(သတ္တိ)ဖြင့်ကျေးဇူးပြု၏။ပ။ ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတ ဖြစ်သော ခန္ဓာတပါးသည် ခန္ဓာသုံးပါးတို့အားရင်း၊ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း....။ ခန္ဓာသုံးပါးတို့

---

၁-၌ကမ္မပစ္စည်း၌ အကျဉ်းချုပ် မှတ်ဖွယ်ကား—
(၁) ကုသိုလ် အကုသိုလ်ကံ စေတနာသည် နာနာက္ခဏိက ကမ္မပစ္စည်းမည်၏၊ ထိုကံ၏ အကျိုးဖြစ်သော ဝိပါက်စိတ်စေတသိက်နှင့် ကမ္မဇရုပ်သည် နာနာက္ခဏိကကမ္မပစ္စယုပ္ပန် မည်၏။

(၂) စေတနာ ၇၉-ခုသည် သဟဇာတကမ္မပစ္စည်းမည်၏၊ ယှဉ်ဘက်စိတ် ၇၉-ခု၊ စေတသိက် ၅၁-ခု၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်သည် သဟဇာတကမ္မပစ္စယုပ္ပန်မည်၏။

၂-၌ဝိသေသနပုဒ်များသည် နိရုဿာဟော သန္တဘာဝေါ-ဟူသော ဋီကာနှင့်အညီ သန္တ-ငြိမ်သက်သည်၏ ဝိသေသန မဟုတ်၊ ဘာဝ-အဖြစ်၏ ဝိသေသနများ ဖြစ်သည်။ ထို့ကြောင့် ဗျာပါရကင်းသော ငြိမ်သက်ခြင်း-ဟု ဆိုလို၏။

၃-ငြိမ်သက်သည်၏ အဖြစ်ဖြင့်....ကျေးဇူးပြုတတ်သော-ဟု စပ်ပါ။

http://www.dhammadownload.com



သည် ခန္ဓာတပါးအားရင်း....။ ခန္ဓာ ၂-ပါးတို့သည် ခန္ဓာ ၂-ပါးတို့အားရင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း ဝိပါကပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏။ခန္ဓာတို့သည် ဝတ္ထုရုပ်အား ဝိပါကပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟူ၍ပင်တည်း။[၁]

## (၁၅) အာဟာရပစ္စည်း

၆၀၈။ ရုပ်နာမ်တို့အား ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့်၊ ဝါ၊ ထောက်ပံ့တတ်သော သဘောဖြင့်[၂] ကျေးဇူးပြုတတ်ကုန်သော ၄-ပါးသော အာဟာရတို့သည် အာဟာရပစ္စည်း မည်၏။ (မြတ်စွာဘုရား)ဟောတော်မူပုံကား —

"အလုပ်အလွေ့ မဟုတ်သော်လည်း အလုပ်အလွေ့ကဲ့သို့ ပြုအပ်သော[၃] (ကံ-စိတ်-ဥ-ဟာ ကြောင်း ၄-ဖြာကြောင့် ဖြစ်သော ဩဇာခေါ်) အာဟာရသည် (ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုဇကာယတိဇကာယဟုဆိုအပ်သော[၄]) ဤရုပ်အပေါင်းကိုယ်အား အာဟာရ ပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏။ (ဖဿ စေတနာ

---

၁-ဤဝိပါကပစ္စည်း၌ အကျဉ်းချုပ်မှတ်ဖွယ်ကား—ဝိပါက်စိတ် ၃၆-ခု၊ စေတသိက် ၃၈-ခု သည် ဝိပါကပစ္စည်းမည်၏၊ ယှဉ်ဘက် စိတ်စေတသိက်အပေါင်းနှင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်သည် ဝိပါကပစ္စယုပ္ပန်မည်၏။

၂-အာဟာရဇရုပ် စသည်တို့ကို ဖြစ်စေတတ်သော်လည်း ထောက်ပံ့တတ်သည်၏ အဖြစ်- ထောက်ပံ့မှုသည် အာဟာရတရားတို့၏ ပြဓာန်းသောကိစ္စ ဖြစ်သည်၊ ထို့ကြောင့် ရုပ်နာမ်တို့အား ထောက်ပံ့တတ်သည်၏အဖြစ်ဖြင့်-ဟု ဆိုသည်။ (ဋီကာ)

၃-စားဖွယ်သည် မစားမီက အလုပ်အလွေ့ မဟုတ်သေး၊ စားသောအခါ အလုပ်အလွေ့ပြု၍ စားရသည်၊ ထို့ကြောင့် ပါဠိနည်းအရ မူလကအတိုင်း မဟုတ်တော့ပဲ တဖြစ်ပြောင်းလဲခြင်းအနက်၌ ကဗဠ-နောင် ဤ-ပစ္စည်းနှင့် တကွ ကဗဠီကာရ-ဟု ပုဒ်ပြီးသည်၊ ထိုပုဒ်ပြီးပုံအားလျော်စွာ (အလုပ်အလွေ့ မဟုတ်သော်လည်း အလုပ်အလွေ့ကဲ့သို့ ပြုအပ်သော)ဟု အနက်ပြန်သည်၊ ဆိုလိုရင်းမှာ စားသောက်အပ်သော-ဟူ၍ပင် ဆိုလို၏။

၄-ဤ၌ တိဇကာယ-ဟူသည်မှာ ပဌမဆုံးအကြိမ် အာဟာရက ထောက်ပံ့သောအခါ၌ရင်း၊ နိရောဓသမာပတ်ဝင်စားခိုက်၌ရင်း ရှိသော ရုပ်အပေါင်းကို ယူအပ်၏။

http://www.dhammadownload.com



ဝိညာဏ် ဟူသော) နာမ်အာဟာရတို့သည် ယှဉ်ဘက်နာမ်တရားတို့အားရင်း၊ ထိုနာမ်အာဟာရတို့ကြောင့် ဖြစ်သော ရုပ်တို့အားရင်း အာဟာရပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဟူ၍ ပင်တည်း။

ပဋ္ဌာဝါရ၌မူကား —

"ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတ ဖြစ်ကုန်သော (ဖဿ စေတနာဝိညာဏ်ဟူသော)အာဟာရတို့သည် ယှဉ်ဘက်နာမ်ခန္ဓာတို့အားရင်း၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားရင်း အာဟာရပစ္စည်း(သတ္တိ) ဖြင့် ကျေးဇူးပြု၏"ဟူ၍လည်း ဟောတော်မူ(အပ်)သေး၏။[၁]

## (၁၆) ဣန္ဒြိယပစ္စည်း

၉၀၉။ အစိုးရခြင်း သဘောအားဖြင့် ကျေးဇူးပြုတတ်ကုန်သောဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့မှ တပါးကုန်သော နှစ်ဆယ်သော ဣန္ဒြေတို့သည် ဣန္ဒြိယပစ္စည်း မည်၏။ ထိုဣန္ဒြေနှစ်ဆယ်တို့တွင် စက္ခုန္ဒြေ စသည်တို့သည်၊ဝါ၊ စက္ခုန္ဒြေ။ပ။ ကာယိန္ဒြေ သုခိန္ဒြေ ဒုက္ခိန္ဒြေတို့သည်[၂] (စက္ခုဝိညာဏ် အစရှိသော ငါးပါးသော)နာမ်တရားတို့အားသာလျှင် ကျေးဇူးပြုတတ်၏၊ ကြွင်းသော ဣန္ဒြေ (၁၃)ပါးတို့သည် ရုပ်နှင့် နာမ်(၂-ပါးလုံး)တို့အား ကျေးဇူးပြုတတ်ကုန်၏။ (မြတ်စွာဘုရား)ဟောတော်မူပုံကား —

"စက္ခုန္ဒြေသည် စက္ခုဝိညာဏဓာတ်အားရင်း ။ပ။ သောတိန္ဒြေသည် ---။ ဃာနိန္ဒြေသည် --- ။ ဇိဝှိန္ဒြေသည် --- ။ ကာယိန္ဒြေသည်

---

၁-ဤအာဟာရပစ္စည်း၌ အကျဉ်းချုပ် မှတ်ဖွယ်ကား—

(၁) စတုသမုဋ္ဌာနိကဖြစ်သော ဩဇာသည် အာဟာရပစ္စည်းမည်၏၊ ကလာပ်တူဩဇာမှ တပါးသော စတုသမုဋ္ဌာနိကရုပ်အပေါင်းသည် အာဟာရ ပစ္စယုပ္ပန်မည်၏။

(၂) ဖဿ စေတနာ ဝိညာဏ်ဟု ဆိုအပ်သော နာမ်အာဟာရတရား ၃-ပါး သည် အာဟာရပစ္စည်းမည်၏၊ ယှဉ်ဘက် စိတ်စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်သည် အာဟာရပစ္စယုပ္ပန်မည်၏။

၂-သုခိန္ဒြေ ဒုက္ခိန္ဒြေတို့သည် ရုပ်ကို မဖြစ်စေတတ်သော ကာယဝိညာဏ်နှင့်သာ ယှဉ်သောကြောင့် ယှဉ်ဘက်နာမ်အားသာလျှင် ကျေးဇူးပြုတတ်သည်။

http://www.dhammadownload.com



ကာယ ဝိညာဏဓာတ်အားရင်း၊ ထိုဓာတ်နှင့် ယှဉ်သော စေတသိက် နာမ်တရားတို့အားရင်း ဣန္ဒြိယပစ္စည်း (သတ္တိ) ဖြင့် ကျေးဇူးပြု၏။ ရုပ်ဇီဝိတိန္ဒြေသည် ကလာပ်တူ ကမ္မဇရုပ်တို့အား ဣန္ဒြိယပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏။ (သရုပ်အားဖြင့် ၈-ပါး၊ ဣန္ဒြိယဘေဒ အားဖြင့် ၁၅-ပါး ကုန်သော[၁])နာမ်ဣန္ဒြေတို့သည် ယှဉ်ဘက်နာမ် တရားတို့အားရင်း၊ ထိုဣန္ဒြေတို့ကြောင့်ဖြစ်သော ရုပ်တို့အားရင်း ဣန္ဒြိယပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏”ဟူ၍ပင်တည်း။

ပဋ္ဌာဝါရ၌မူကား —

“ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတ ဖြစ်ကုန်သော ဣန္ဒြေတို့သည် ယှဉ်ဘက်နာမ် ခန္ဓာတို့အားရင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း ဣန္ဒြိယပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏”ဟူ၍ လည်း ဟောတော်မူ(အပ်)သေး၏။[၂]

---

၁-သရုပ်အားဖြင့် ၈-ပါး ဟူသည်မှာ ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ-ဟူသော ဤရှစ်ပါးပင်ဖြစ်သည်။ ထိုတွင် ဝေဒနာမှ သုခ ဒုက္ခ သောမနဿ ဒေါမနဿ ဥပေက္ခာ-ဟု ၅-ပါးပြားသောကြောင့်ရင်း၊ ပညာမှ ပညိန္ဒြေ အနညာတညဿာမိတိန္ဒြေ အညိန္ဒြေ အညာတာဝိန္ဒြေ-ဟု ၄-ပါးပြားသောကြောင့်ရင်း ဣန္ဒြေအပြားအားဖြင့် ၁၅-ပါးဖြစ်သည်။

၂-ဤဣန္ဒြိယပစ္စည်း၌ အကျဉ်းချုပ် မှတ်ဖွယ်ကား—

(၁) ရှေးဦးအစ အတိတ်ဘဝင်နှင့်အတူ ဖြစ်ခဲ့၍ ပဉ္စဝိညာဏ်၏ မှီရာဖြစ်သော ပသာဒရုပ် ဣန္ဒြေငါးပါးသည် ပုရေဇာတိန္ဒြိယပစ္စည်းမည်၏၊ ပဉ္စဝိညာဏ်နှင့်ယှဉ်ဘက်စေတသိက် (၇) ပါးသည် ပုရေဇာတိန္ဒြိယပစ္စယုပ္ပန်မည်၏။

(၂) ဇီဝိတရုပ်သည် ရူပဇီဝိတိန္ဒြိယပစ္စည်းမည်၏၊ ကလာပ်တူအခြား ကမ္မဇ ရုပ်အပေါင်းသည် ရူပဇီဝိတိန္ဒြိယပစ္စယုပ္ပန်မည်၏။

(၃) ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟူသော နာမ်ဣန္ဒြေတို့သည် သဟဇာတိန္ဒြိယပစ္စည်းမည်၏၊ ယှဉ်ဘက် စိတ် စေတသိက်အပေါင်းနှင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်သည် သဟဇာတိန္ဒြိယ ပစ္စယုပ္ပန် မည်၏။

http://www.dhammadownload.com



## (၁၇) ဈာနပစ္စည်း

၆၁၀။ (အာရုံကို) ကပ်၍ရှုခြင်း (စူးစူးစိုက်စိုက်) ရှုခြင်း သဘောဖြင့် ကျေးဇူးပြုတတ်ကုန်သော[၁] ဒွေပဉ္စဝိညာဏ်၌ သုခနှင့် ဒုက္ခဝေဒနာ ၂-ပါး အပေါင်းကိုချန်ထား၍[၂] အလုံးစုံလည်း ဖြစ်ကုန်သော[၃] ကုသိုလ်စသည် အပြားရှိကုန်သော (ဝိတက် ဝိစာရ ပီတိ သောမနဿ ဒေါမနဿ ဥပေက္ခာ ဧကဂ္ဂတာတို့ အလိုအားဖြင့်) ခုနစ်ပါးကုန်သော ဈာနင် (ဈာန်၏ အစိတ်အင်္ဂါ) တို့သည်ဈာနပစ္စည်းမည်၏။ (မြတ်စွာဘုရား) ဟောတော်မူပုံကား —

"ဈာနင်တို့သည် ဈာန်နှင့်ယှဉ်သော စိတ်စေတသိက် တရားတို့အားငင်း၊ ထိုဈာန်ကြောင့်ဖြစ်သော ရုပ်တို့အားငင်း [၁၇၁] ဈာနပစ္စည်း (သတ္တိ) ဖြင့်ကျေးဇူးပြု၏" ဟူ၍ ပင်တည်း။

ပဉှာဝါရ၌မူကား——

"ပဋိသန္ဓေခဏ၌ ဝိပါက် အဗျာကတ ဖြစ်ကုန်သော ဈာနင်တို့သည် ယှဉ်ဘက်နာမ် ခန္ဓာတို့အားငင်း၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားငင်း ဈာနပစ္စည်း (သတ္တိ) ဖြင့် ကျေးဇူးပြု၏" ဟူ၍လည်း ဟောတော်မူ (အပ်) သေး၏။[၄]

---

၁-ကျေးဇူးပြုတတ်ကုန်သော ... ဈာနင် (....) တို့သည်-ဟု စပ်ပါ။

၂-ဝေဒနာ၅ါးပါးတို့တွင် သုခ နှင့် ဒုက္ခသည် စင်စစ် ဈာနင်မဟုတ်သောကြောင့် အထက်ပါအတိုင်း ချန်ထားရန် ဆိုပေသည်၊ ယင်းသို့ ဆိုခြင်းဖြင့်ပင် ပဉ္စဝိညာဏ်နှင့်ယှဉ်သော ဥပေက္ခာ ဧကဂ္ဂတာတို့ကိုလည်း ဈာနင် မဟုတ်ဟု သိစေသည်။ သို့သော် ယင်းဥပေက္ခာနှင့် ဧကဂ္ဂတာတို့သည်ကား အခြားစိတ်တို့နှင့် ယှဉ်ခိုက်၌ ဈာနင်ဖြစ်ကြသေး၏၊ ထို့ကြောင့် ယင်းတို့ကိုကား ချန်ထားရန် ဤအရာ၌ မဆိုပေ။ မဂ္ဂပစ္စည်း၏ အဆုံး၌ကား ပြလတ့်။

၃-ဤ၌ အလုံးစုံဟူသော စကားဖြင့် ကုသိုလ်စသော အပြား အလုံးစုံကိုသာ ဆိုလိုသည်၊ စိတ္တုပ္ပါဒ်အလုံးစုံ၌ တရားတို့ကိုကား ဆိုလိုသည်မဟုတ်။

၄-ဤဈာနပစ္စည်း၌ အကျဉ်းချုပ် မှတ်ဖွယ်ကား—ဒွေပဉ္စဝိညာဏ်၌ ဝေဒနာ ဧကဂ္ဂတာမှ တပါးသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ ဟူသော ဈာနင်တရားတို့သည် ဈာနပစ္စည်းမည်၏၊ ယှဉ်ဘက် စိတ် ၇၉-ခု၊ စေတသိက် ၅၂-ခု၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်သည် ဈာနပစ္စယုပ္ပန်မည်၏။

http://www.dhammadownload.com



## (၁၈) မဂ္ဂပစ္စည်း

၆၁၁။ အမှတ်မရှိ တစုံတခုသောအခြင်းအရာ အားဖြင့်၊ ဝါ၊ အမှန်နှင့် အမှား တပါးပါးအားဖြင့် [၁] ထွက်မြောက်ကြောင်း (ပြီးမြောက်ကြောင်း) သဘောဖြင့် [၂] ကျေးဇူးပြုတတ်ကုန်သော ကုသိုလ်စသည် အပြားရှိကုန်သော ၁၂-ပါးသော [၃] မဂ္ဂင် (မဂ်၏ အစိတ်အင်္ဂါ)တို့သည် မဂ္ဂပစ္စည်း မည်၏။ (မြတ်စွာဘုရား) ဟောတော်မူပုံကား —

"မဂ္ဂင်တို့သည် မဂ်နှင့်ယှဉ်သော စိတ်စေတသိက်တရားတို့အားရင်း၊ ထိုမဂ်ကြောင့် ဖြစ်သော ရုပ်တို့အားရင်း မဂ္ဂပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟူ၍ပင်တည်း။

ပဋ္ဌာဝါရ၌မူကား—

"ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတ ဖြစ်ကုန်သော မဂ္ဂင်တို့သည် ယှဉ်ဘက် နာမ်ခန္ဓာတို့အား ရင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း မဂ္ဂပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟူ၍လည်း ဟောတော်မူ(အပ်)သေး၏။

---

၁-၂-သမ္မာဒိဋ္ဌိအစရှိသော သမ္မာမဂ္ဂင်သည် အမှန်အားဖြင့် ထွက်မြောက်ကြောင်း ဖြစ်၏၊ မိစ္ဆာဒိဋ္ဌိအစရှိသော မိစ္ဆာမဂ္ဂင်သည် အမှားအားဖြင့် ထွက်မြောက် ကြောင်းဖြစ်၏။ ဤ၌ နိယျာန-ထွက်မြောက်ကြောင်း ဟူသည်မှာလည်း သူ့ဆိုင်ရာကိစ္စ ပြီးစီးထမြောက်ကြောင်းကိုပင်ဆိုသည်။ ဝဋ်မှ ထွက်မြောက် ကြောင်းဟု ဆိုလိုသည်မဟုတ်၊ ဤအချက်ကို အထူးသတိပြုအပ်၏။

၃-မဂ္ဂင် ၁၂-ပါးဟူသည်မှာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ-ဟူသော သမ္မာမဂ္ဂင် (၈)ပါးနှင့် မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါယာမ မိစ္ဆာသမာဓိ-ဟူသော မိစ္ဆာမဂ္ဂင် ၄-ပါးတို့ပင် ဖြစ်သည်။ မိစ္ဆာဝါစာ-ကမ္မန္တ-အာဇီဝနှင့် မိစ္ဆာ သတိတို့မှာ တရားကိုယ် သီးခြားမရှိ၊ ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်သော အကုသိုလ်စေတနာနှင့် အကုသိုလ်စိတ္တုပ္ပါဒ်မျှသာ ဖြစ်သည်။ ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိ ဓမ္မုဒ္ဒေသဝါရ၌ရင်း၊ ဤမဂ္ဂပစ္စည်းအရာ၌ရင်း ထိုမိစ္ဆာမဂ္ဂင် ၄-ပါးကို မပြခြင်းဖြစ်သည်။

http://www.dhammadownload.com



အထူးမှတ်ဖွယ်ကား—ဤ ၂-ပါးသောဈာနပစ္စည်းနှင့် မဂ္ဂပစ္စည်းတို့ကို (အစဉ်အတိုင်း) ဒွေပဉ္စဝိညာဏစိတ်တို့နှင့် အဟိတ်စိတ်တို့၌ မရအပ်ကုန်ဟုသိအပ်ကုန်၏။[၁]

## (၁၉) သမ္ပယုတ္တပစ္စည်း

၆၁၂။ တူသောဝတ္ထုရှိသည်၏အဖြစ် တူသောအာရုံရှိသည်၏အဖြစ် တူသောဖြစ်ခြင်းရှိသည်၏အဖြစ် တူသောချုပ်ခြင်းရှိသည်၏အဖြစ် ဟုဆိုအပ်သော၊ ဝါ၊ တည်ရာတူခြင်း အာရုံတူခြင်း အဖြစ်တူခြင်း အချုပ်တူခြင်းဟုဆိုအပ်သော သမ္ပယုတ်အဖြစ် (ယှဉ်သည်၏အဖြစ်)ဖြင့်[၂] ကျေးဇူးပြုတတ်သော စိတ် စေတသိက် နာမ်တရားတို့သည် သမ္ပယုတ္တပစ္စည်း မည်၏။ (မြတ်စွာဘုရား)ဟောတော်မူပုံကား—

"လေးပါးကုန်သော စိတ် စေတသိက် နာမ်ခန္ဓာတို့သည် အချင်းချင်း သမ္ပယုတ္တပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟူ၍ပင်တည်း။[၃]

## (၂၀) ဝိပ္ပယုတ္တပစ္စည်း

၆၁၃။ တူသောဝတ္ထုရှိသည် စသည်၏အဖြစ်သို့ မရောက်သောအားဖြင့်၊ ဝါ၊ တည်ရာတူခြင်းစသည် မရှိသောအားဖြင့်[၄] စိတ်စေတသိက် နာမ်တရား

---

၁-ဤမဂ္ဂပစ္စည်း၌ အကျဉ်းချုပ် မှတ်ဖွယ်ကား-ပညာ ဝိတက် သမ္မာဝါစာ-ကမ္မန္တ-အာဇီဝ ဝီရိယ သတိ သမာဓိ မိစ္ဆာဒိဋ္ဌိ-ဟူသော မဂ္ဂင်တရားကိုယ် ၉-ပါးသည် မဂ္ဂပစ္စည်းမည်၏။ ထိုမဂ္ဂင်တို့နှင့် ယှဉ်သော သဟိတ်စိတ် ၇၁-ခု၊ စေတသိက် ၅၂-ခု၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဤတရားအပေါင်းသည် မဂ္ဂပစ္စယုပ္ပန်မည်၏။

၂-သမ္ပယုတ်အဖြစ်ဟူသည်မှာ ယှဉ်သည်ဟု ဆိုရခြင်း-သိရခြင်း၏ အကြောင်းဖြစ်သည်။ ထို့ကြောင့် တည်ရာတူခြင်းစသော ၄-ပါးတို့ကို သမ္ပယုတ်အင်္ဂါဟုခေါ်သည်။

၃-ဤသမ္ပယုတ္တပစ္စည်း၌ အကျဉ်းချုပ် မှတ်ဖွယ်ကား—စိတ် ၇၉-ခု၊ စေတသိက် ၅၂-ခု (ပဝတ္တိ ပဋိသန္ဓေ နာမ်တရားအပေါင်း)သည် အချင်းချင်း သမ္ပယုတ္တပစ္စည်းလည်း မည်၏၊ ပစ္စယုပ္ပန်လည်းမည်၏။

၄-တည်ရာတူခြင်းစသည် မရှိသောအားဖြင့်....ကျေးဇူးပြုတတ်သော-ဟုစပ်ပါ။ ဆိုလိုသည်မှာ တည်ရာတူခြင်းစသော သမ္ပယုတ်လက္ခဏာ ကင်းသော အား

http://www.dhammadownload.com



တို့အား ကျေးဇူးပြုတတ်သော ရုပ်တရားတို့သည်၎င်း၊ ရုပ်တရားတို့အား ကျေးဇူးပြုတတ်သော စိတ် စေတသိက် နာမ်တရားတို့သည်၎င်း ဝိပ္ပယုတ္တပစ္စည်းမည်၏။ ထိုဝိပ္ပယုတ္တပစ္စည်းသည် သဟဇာတဝိပ္ပယုတ် ပစ္ဆာဇာတဝိပ္ပယုတ် ပုရေဇာတဝိပ္ပယုတ်တို့၏ အစွမ်းအားဖြင့် သုံးပါး အပြားရှိ၏။ မှန်ပေ၏၊ (မြတ်စွာဘုရားသည်)——

"တက္ခဏ ဖြစ်ကုန်သော ကုသိုလ်ခန္ဓာတို့သည် စိတ္တဇရုပ်တို့အား ဝိပ္ပယုတ္တပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏။ နောက်၌ ဖြစ်ကုန်သော ကုသိုလ်ခန္ဓာတို့သည် ရှေး၌ဖြစ်သော ဤရုပ်အပေါင်း ကိုယ်အား ဝိပ္ပယုတ္တပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဤသို့ အစရှိသော ဤစကားကို ဟောတော်မူ(အပ်)ပေ၏။

အထူးကား——အဗျာကတပုဒ်၏ သဟဇာတဝိဘင်း၌....

"ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတဖြစ်သော ခန္ဓာတို့သည် ကမ္မဇရုပ်တို့အား ဝိပ္ပယုတ္တပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏၊ ပဋိသန္ဓေ ဝိပါက်ခန္ဓာတို့သည် ဝတ္ထုရုပ်အား၊ ဝတ္ထုရုပ်သည် ပဋိသန္ဓေဝိပါက်ခန္ဓာတို့အား ဝိပ္ပယုတ္တပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟူ၍လည်း ဟောတော်မူ(အပ်)သေး၏။

ပုရေဇာတဝိပ္ပယုတ်ကိုမူကား စက္ခုန္ဒြေစသော ဝတ္ထုရုပ်တို့၏ အစွမ်းအားဖြင့်သာလျှင် သိအပ်၏။ (မြတ်စွာဘုရား) ဟောတော်မူပုံကား——

"ရှေး၌ ဖြစ်သော စက္ခာယတနသည် စက္ခုဝိညာဏ်အား။ပ။ ကာယာယတနသည် ကာယဝိညာဏ်အား ဝိပ္ပယုတ္တပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏။ ဝတ္ထုရုပ်သည် ဝိပါက်အဗျာကတဖြစ်ကုန်သော ကြိယာအဗျာကတဖြစ်ကုန်သော ခန္ဓာတို့အား။ပ။ ဝတ္ထုရုပ်သည် ကုသိုလ်ခန္ဓာတို့အား။ပ။ ဝတ္ထုရုပ်သည် အကုသိုလ်ခန္ဓာတို့အား ဝိပ္ပယုတ္တပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟူ၍ပင်တည်း။[၁]

---

ဖြင့်၊ ဝါ၊ တပေါင်းတည်း ရောယှက်ခြင်းမရှိသော အားဖြင့် ကျေးဇူးပြုသည်၊ မရောမယှက်ပဲ ကျေးဇူးပြုသည်-ဟု ဆိုလို၏။

၁-ဤဝိပ္ပယုတ္တပစ္စည်း၌ သဟဇာတ ပစ္ဆာဇာတ ပုရေဇာတ ဟု ၃-မျိုးရှိရာတွင် သဟဇာတဝိပ္ပယုတ္တ၌ မှတ်ဖွယ်အကျဉ်းချုပ်သည် သဟဇာတအကျဉ်းချုပ်

http://www.dhammadownload.com



## (၂၁) အတ္ထိပစ္စည်း

၆၁၄။ (အကြောင်းကိုစွဲ၍ ဖြစ်ဆဲ ရှိဆဲ) ပစ္စုပ္ပန်သဘောလက္ခဏာ ဖြစ်သော ရှိနေဆဲ၏ အဖြစ်ဖြင့်[၁] ထိုသို့ ရှိနေဆဲသာလျှင်ဖြစ်သော တရားအား ထောက်ပံ့တတ်သည်၏အဖြစ်ဖြင့်၊ ဝါ၊ ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုတတ်သောတရားသည် အတ္ထိပစ္စည်းမည်၏။ ထိုအတ္ထိပစ္စည်း၏ မာတိကာ (ခေါင်းစဉ်)ကို နာမ်ခန္ဓာ, မဟာဘုတ်,နာမ်ရုပ်, စိတ်စေတသိက်,မဟာဘုတ်, အာယတန, ဝတ္ထုရုပ်တို့၏ အစွမ်းဖြင့် ခုနစ်ပါးအပြားအားဖြင့် [၁၇၂] ထားတော်မူ(အပ်)၏။ (မြတ်စွာဘုရား)ဟောတော်မူပုံကား—

"(၁) လေးပါးကုန်သော စိတ်စေတသိက် နာမ်ခန္ဓာတို့သည် အချင်းချင်း အတ္ထိပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏၊ (၂) လေးပါးကုန်သော မဟာဘုတ်တို့သည်....၊(၃) ပဋိသန္ဓေခဏ၌ စိတ် စေတသိက် နာမ်နှင့်(ဟဒယ)ဝတ္ထုရုပ်သည်....၊(၄) စိတ် စေတသိက်တရားတို့သည် စိတ်ကြောင့် ဖြစ်သော (စိတ္တဇ) ရုပ်တို့အား....၊ (၅) မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား....၊ (၆) စက္ခာယတနသည် စက္ခုဝိညာဏဓာတ်အားငင်း။ပ။ ကာယာယတနသည်။ပ။ ရူပါယတနသည်။ပ။ ဖောဋ္ဌဗ္ဗာယတနသည် ကာယဝိညာဏဓာတ်အားငင်း၊ ထိုဝိညာဏဓာတ်နှင့်ယှဉ်သော စေဘသိက် (၇)ပါး တရားတို့အားငင်း အတ္ထိပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏၊ ရူပါယတနသည်။ပ။ ဖောဋ္ဌဗ္ဗာယတနသည် မနောဓာတ်အားငင်း၊ ထိုမနောဓာတ်နှင့် ယှဉ်သော စေတသိက်(၁၀)ပါး တရားတို့အားငင်း....။(၇)အကြင်ရုပ်ကိုအမှီပြု၍ မနောဓာတ်သည်ငင်း၊ မနောဝိညာဏဓာတ်သည်ငင်း ဖြစ်ကုန်၏၊ ထိုမှီရာရုပ်သည် မနောဓာတ်အားငင်း၊ မနောဝိညာဏဓာတ်အားငင်း၊ ထိုဓာတ်တို့နှင့် ယှဉ်သော စေတသိက် (၅၂-ပါး) တရားတို့အားငင်း အတ္ထိပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟူ၍ပင်တည်း။

---

မှတ်ဖွယ် (၃၊၄)အပိုဒ်တို့နှင့် တူ၏။ ပစ္ဆာဇာတပိပ္ပယုတ္တ၌ မှတ်ဖွယ် အကျဉ်းချုပ်သည် ပစ္ဆာဇာတ မှတ်ဖွယ်နှင့် တူ၏။ ပုရေဇာတဝိပ္ပယုတ္တ၌ မှတ်ဖွယ် အကျဉ်းချုပ်သည် ပုရေဇာတနိဿယ မှတ်ဖွယ်အကျဉ်း (၁၊၂၊ ၃၊၄၊၅၊၆) အပိုဒ်တို့နှင့်တူ၏။

၁-ရှိနေဆဲ၏အဖြစ်ဖြင့်....ကျေးဇူးပြုတတ်သော-ဟု စပ်ပါ။

http://www.dhammadownload.com



ပဥ္စဝါရ၌မူကား (၁) သဟဇာတတ္ထိပစ္စည်း၊ (၂) ပုရေဇာတတ္ထိပစ္စည်း (၃) ပစ္ဆာဇာတတ္ထိပစ္စည်း၊ (၄) အာဟာရတ္ထိပစ္စည်း၊ (၅) ဣန္ဒြိယတ္ထိပစ္စည်း ဟူ၍လည်း(ခေါင်းစဉ်)ထားပြီးလျှင် ရှေးဦးစွာ (၁) သဟဇာတတ္ထိပစ္စည်း၌ "တခုသောခန္ဓာသည် သုံးပါးကုန်သော ခန္ဓာတို့အားရင်း၊ ထိုခန္ဓာကြောင့် ဖြစ်သောရုပ်တို့အားရင်း အတ္ထိပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဤသို့ အစရှိသောနည်းဖြင့် အကျယ်ပြခြင်းကို ပြုတော်မူ(အပ်)၏။ (၂) ပုရေဇာတတ္ထိပစ္စည်း၌ ရှေး၌ဖြစ်ကုန်သော စက္ခုစသည်တို့၏ အစွမ်းအားဖြင့်၊ ဝါ၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဝတ္ထု၊ ရူပ သဒ္ဒ ရူပါယတန။ပ။ စက္ခာယတန။ပ။ ကာယာယတန ဝတ္ထုတို့၏[၁] အစွမ်းအားဖြင့် အကျယ်ပြခြင်းကို ပြုတော်မူ(အပ်)၏။ (၃) ပစ္ဆာဇာတတ္ထိပစ္စည်း၌ ရှေး၌ ဖြစ်သောဤရုပ်အပေါင်းကိုယ်အား နောက်၌ ဖြစ်ကုန်သော စိတ်စေတသိက်တို့၏ ကျေးဇူးပြုခြင်း၏ အစွမ်းအားဖြင့် အကျယ်ပြခြင်းကို ပြုတော်မူ(အပ်)၏။ (၄-၅)အာဟာရတ္ထိပစ္စည်းနှင့် ဣန္ဒြိယတ္ထိပစ္စည်းတို့၌ "အလုပ်အလွေ့ မဟုတ်သော်လည်း အလုပ်အလွေ့ကဲ့သို့ ပြုအပ်သော (ဩဇာခေါ်)အာဟာရသည် ဤရုပ်အပေါင်းကိုယ်အား အတ္ထိပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏။ ရုပ်ဇီဝိတိန္ဒြေသည် ကမ္မဇရုပ်တို့အား အတ္ထိပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏" ဟူ၍ ဤသို့ အကျယ်ပြခြင်းကို ပြုတော်မူ(အပ်)၏။[၂]

---

၁-ဤ၌ စက္ခု-မှ ဝတ္ထု-တိုင်အောင် ၁၁-ပါးသည် ဝိပဿနာအား ကျေးဇူးပြုသော အာရမ္မဏပုရေဇာတတ္ထိပစ္စည်းဖြစ်သည်၊ ထို့နောင် ရူပနှင့် သဒ္ဒသည် ဒိဗ္ဗစက္ခု-ဒိဗ္ဗသောတ အဘိညာဉ်အား ကျေးဇူးပြုသော ပစ္စည်းဖြစ်သည်၊ ထို့နောင် ရူပါယတနစသော ငါးပါးသည် စက္ခုဝိညာဏ်စသည်အား ကျေးဇူးပြုသော အာရမ္မဏပုရေဇာတတ္ထိပစ္စည်းဖြစ်သည်၊ ထို့နောင် စက္ခာယတနစသော ဝတ္ထုရုပ် ၆-ပါးသည် စက္ခုဝိညာဏ်စသည်အား ကျေးဇူးပြုသော ဝတ္ထုပုရေဇာတတ္ထိပစ္စည်းဖြစ်သည်။

၂-ဤအတ္ထိပစ္စည်း၌ အကျဉ်းချုပ် မှတ်ဖွယ်ကား- (၁)သဟဇာတတ္ထိသည် သဟဇာတနှင့်တူ၏၊ (၂)ပုရေဇာတတ္ထိသည် ပုရေဇာတနှင့်တူ၏(၃) ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတနှင့် တူ၏၊ (၄) အာဟာရတ္ထိသည် ကဗဠီကာရ အာဟာရပစ္စည်းနှင့် တူ၏၊ (၅) ဣန္ဒြိယတ္ထိသည် ရူပဇီဝိတိန္ဒြိယတ္ထိနှင့် တူ၏။

http://www.dhammadownload.com



## (၂၂) နတ္ထိပစ္စည်း

၆၁၅။ မိမိ၏ အခြားမဲ့၌ ဖြစ်ဆဲ ဖြစ်ကုန်သော စိတ် စေတသိက် နာမ်တရားတို့အား ဖြစ်ခွင့်ပေးသောအားဖြင့် ကျေးဇူးပြုတတ်ကုန်သော ကောင်းစွာ ရှေးအခြားမဲ့၌ ချုပ်လေကုန်ပြီးသော စိတ် စေတသိက် နာမ်တရားတို့သည် နတ္ထိပစ္စည်းမည်၏။ (မြတ်စွာဘုရား)ဟောတော်မူပုံကား—

"ကောင်းစွာ ရှေးအခြားမဲ့၌ ချုပ်လေကုန်ပြီးသော စိတ်စေတသိက်တရားတို့သည် (မိမိသို့)အဘုလိုက်၍ ဖြစ်ကုန်သော၊ ဝါ၊ ပစ္စုပ္ပန် ဖြစ်ကုန်သော[၁] စိတ်စေတသိက် တရားတို့အား နတ္ထိပစ္စည်း (သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟူ၍ပင်တည်း။[၂]

## (၂၃) ဝိဂတပစ္စည်း

ထို နတ္ထိပစ္စည်းတရားတို့သည်ပင်လျှင် ကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကြသောကြောင့် ဝိဂတပစ္စည်း မည်၏။ (မြတ်စွာဘုရား)ဟောတော်မူပုံကား—

"ကောင်းစွာ ရှေးအခြားမဲ့၌ ကင်းလေကုန်ပြီးသော စိတ် စေတသိက် တရားတို့သည် (မိမိသို့)အဘုလိုက်၍ ဖြစ်ကုန်သော၊ ဝါ၊ပစ္စုပ္ပန် ဖြစ်ကုန်သော စိတ်စေတသိက်တရားတို့အား ဝိဂတပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏"ဟူ၍ပင်တည်း။[၃]

---

၁-ဤ၌ ပဌမအနက်သည် မြန်မာဆရာအစဉ်အဆက် ပေးရိုးအနက်ဖြစ်သည်၊ ပဋိ-မိမိကို အဘူပြု၍-မိမိသို့ အဘုလိုက်၍ +ဥပ္ပန္နာနံ-ဖြစ်ကုန်သော-ပဋုပ္ပန္နာနံ မိမိသို့ အဘုလိုက်၍ ဖြစ်ကုန်သော။ ဒုတိယအနက်မှာ ပဋုပ္ပန္နာနန္တိ ပစ္စုပ္ပန္နာနံ-ဟု ဖွင့်ပြသော ပဋ္ဌာန်းအဋ္ဌကထာ-မဟာဋီကာတို့နှင့်အညီ ပြန်သောအနက် ဖြစ်သည်။

၂-နတ္ထိပစ္စည်းသည် အနန္တရပစ္စည်းနှင့် တူ၏။

၃-ဝိဂတပစ္စည်းသည်လည်း အနန္တရပစ္စည်းနှင့် တူ၏။

http://www.dhammadownload.com



## (၂၄) အဝိဂတပစ္စည်း

ထိုမှတပါး အတ္ထိပစ္စည်းတရားတို့သည်ပင်လျှင် မကင်းသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကြသောကြောင့် အဝိဂတပစ္စည်း မည်၏-ဟု သိအပ်၏[၁]။ ထိုသို့ နတ္ထိ အတ္ထိပစ္စည်းတို့ကိုပင်လျှင် ဝိဂတ အဝိဂတပစ္စည်းဟု သိအပ်ပါသော်လည်း ဒေသနာတော်ကို တင့်တယ်အောင် တန်းဆာဆင်တတ်သော သဗ္ဗညုတဉာဏ်တော်၏ အစွမ်းအားဖြင့်ရင်း၊ ထိုသို့ (ဝိဂတပစ္စယော အဝိဂတပစ္စယော-ဟု) ဟောသောအခြင်းအရာအားဖြင့် ဆုံးမသွန်သင်ထိုက်သော ဝေနေယျတို့၏ အစွမ်းအားဖြင့်ရင်း ဤ(ဝိဂတပစ္စည်း အဝိဂတပစ္စည်း ဿ ခုံ ဟူသော) ဒုက်ကို ဟောတော်မူ(အပ်)ပေသည်၊ (ဥပမာ) (ဟိတ်ရှိသော တရား+ဟိတ်မရှိသောတရား ဟူသော)အဟေတုကဒုက်ကို ဟောပြီး ဖြစ်ပါလျက်လည်း(ဟိတ်နှင့်ယှဉ်သောတရား+ဟိတ်နှင့်မယှဉ်သောတရား)ဟူသော ဟေတုဝိပ္ပယုတ္တဒုက်ကို (ဟောအပ်သ) ကဲ့သို့ပင်တည်း။ ဤတွင် ပဋ္ဌာန်းပစ္စည်းကို ပြဆိုသော စကားရပ် ပြီး၏။

### အဝိဇ္ဇာပစ္စယာသင်္ခါရာပုဒ်၌ အကျယ်ပြဆိုချက်

[၁၇၃] ၆၁၆။ ဤဆိုခဲ့သည့်အတိုင်း ဤ ၂၄-ပါးသော ပစ္စည်းတို့တွင် ဤအဝိဇ္ဇာသည် ပုည(အဘိသင်္ခါရ) တို့အား[၂] ၂-ပါးသော အပြားအားဖြင့် ကျေးဇူးပြု၏၊ တပါးကုန်သော(အပုည)အဘိသင်္ခါရတို့အား မူကား များသောအပြားအားဖြင့် ကျေးဇူးပြု၏၊ နောက်ဆုံးဖြစ်ကုန်သော (အာနေဉ္ဇ)အဘိသင်္ခါရတို့အား ထိုအဝိဇ္ဇာသည် တပါးတည်းသော အပြားအားဖြင့် ကျေးဇူးပြု၏ ဟု သိအပ်၏။

---

၁-အဝိဂတပစ္စည်းသည် အတ္ထိပစ္စည်းနှင့် တူ၏။

၂-ပုညာဒိ-ပုဒ်၏ မြန်မာပြန်ဖြစ်သောကြောင့် ပါဠိနှင့် တိကျသော အနက်ကို ယူလိုက ယူနိုင်ရန်အတွက် အဘိသင်္ခါရ-ဟူသော အနက်ပိုကို လက်သည်းကွင်းဖြင့် ပြထားသည်။ သို့သော် ပရေသံ-နှင့် ပစ္ဆိမာနံ-ပုဒ်တို့၏ အနက်၌ အဘိသင်္ခါရ-ဟူသော ပဓာနအနက် မပါလျှင် မလျော်သောကြောင့် ထို အရာတို့၌ကား ယင်းအနက်ကို လက်သည်းကွင်းဖြင့် မပြပဲ ဖော်ထားသည်။

http://www.dhammadownload.com



ထိုဂါထာ၌ **ပုညတို့အား ၂-ပါး အပြားအားဖြင့်** ဟူသည်ကား (ပုညာဘိသင်္ခါရတို့အား) အာရမ္မဏပစ္စည်းဖြင့်၎င်း[၁]၊ ဥပနိဿယပစ္စည်းဖြင့်၎င်း၊ ဤသို့ ၂-ပါး အပြားအားဖြင့် ကျေးဇူးပြု၏။ ခွဲ၍ပြအံ့၊ ထိုအဝိဇ္ဇာသည်[၂] အဝိဇ္ဇာကို ကုန်တတ်သောအားဖြင့် ပျက်တတ်သောအားဖြင့်၊ ဝါ၊ ကုန်သွားသည် ပျက်သွားသည်ဟု သုံးသပ်သောကာလ၌ ကာမာဝစရပုညာဘိသင်္ခါရတို့အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏။ (စေတောပရိယ ပုဗ္ဗေနိဝါသ အနာဂတံသဉာဏ်ဟု ဆိုအပ်သော) အဘိညာဉ်တို့နှင့် ယှဉ်သောစိတ်ဖြင့် (မိမိ၏၎င်း၊ သူတပါး၏၎င်း) မောဟနှင့်တကွဖြစ်သော စိတ်ကို သိသောကာလ၌ ရူပါဝစရ(ပုညာဘိသင်္ခါရ)တို့အား (အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏)။ ထိုမှ တပါး (အဝိဇ္ဇာ၏ အပြစ်ကို မြင်ခြင်းကြောင့်) အဝိဇ္ဇာကို လွန်မြောက်ခြင်း အကျိုးငှါ (ဝဋ်ကင်းရာနိဗ္ဗာန်ကို တောင့်တသဖြင့်) ပေးလှူခြင်းအစရှိသော ကာမာဝစရ ပုညကြိယဝတ္ထုတို့ကို ဖြည့်ကျင့် ဆည်းပူးသောသူအား၎င်း၊ ရူပါဝစရဈာန်တို့ကို ဖြစ်စေသောသူအား၎င်း ၂-ပါးလည်း ဖြစ်ကုန်သော ထို(ကာမ ရူပ) ပုညာဘိသင်္ခါရတို့အား ဥပနိဿယပစ္စည်းဖြင့်[၃] ကျေးဇူးပြု၏။ ထို့အတူပင် (ဘဝ၏အပြစ်ကို ဖုံးကွယ်တတ်သော) အဝိဇ္ဇာဖြင့် ပြင်းစွာ တွေဝေသောကြောင့် ကာမဘဝစည်းစိမ်ချမ်းသာ ရူပဘဝစည်းစိမ်ချမ်းသာတို့ကို တောင့်တ၍ ထိုပုညာဘိသင်္ခါရ ၂-မျိုးတို့ကိုပင်လျှင် ပြုသောသူအား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

**တပါးကုန်သော အဘိသင်္ခါရတို့အားမူကား များသော အပြားအားဖြင့်** ဟူသည်ကား အပုညာဘိသင်္ခါရ တို့အား များသော အပြားအားဖြင့် ကျေးဇူးပြု၏။ အဘယ်သို့နည်းဟူမူ? ဤအဝိဇ္ဇာသည်[၄] အဝိဇ္ဇာကို အာရုံပြု၍ ရာဂစသည် ဖြစ်သော ကာလ၌ အာရမ္မဏ ပစ္စည်းဖြင့် (ကျေးဇူးပြု၏)၊

---

၁-အပြည့်အစုံဆိုလိုလျှင် အာရမ္မဏပစ္စည်းသတ္တိဖြင့်၎င်း-ဟု ရှေး၌ကဲ့သို့ သတ္တိပါ ထည့်၍ ဆိုပါ။ နောက်၌လည်း နည်းတူပင် မှတ်ပါ။

၂-အဝိဇ္ဇာသည်-ဟူသော ကတ္တားကို ကျေးဇူးပြု၏-ဟူသော ကြိယာပုဒ်တို့နှင့် စပ်ပါ။

၃-ဥပနိဿယပစ္စည်း ၃-မျိုးတို့တွင် ပကတူပနိဿယပစ္စည်းကို ဆိုသည်။ နောက်၌လည်း ဥပနိဿယပစ္စည်းဟု သာမာန်ဆိုလျှင် ပကတူပနိဿယပစ္စည်းကို ဆိုသည်ဟု မှတ်ပါ။

၄-ဤကတ္တားပုဒ်ကို ကျေးဇူးပြု၏ ဟူသော ကြိယာပုဒ်တို့နှင့် စပ်ပါ။

http://www.dhammadownload.com



အလေးအမြတ်ပြု၍ သာယာသော ကာလ၌ အာရမ္မဏာဓိပတိ ပစ္စည်း အာရမ္မဏူပနိဿယ ပစ္စည်း တို့ဖြင့် (ကျေးဇူးပြု၏)။ အဝိဇ္ဇာဖြင့် ပြင်းစွာ တွေဝေလျက် အပြစ်မမြင်သည် ဖြစ်၍ ပါဏာတိပါတ-သူ့အသက်ကို သတ်ခြင်း စသည်တို့ကို ပြုသော သူအား ဥပနိဿယ ပစ္စည်းဖြင့် (ကျေးဇူးပြု၏)။ ဒုတိယဇော စသည်တို့အား အနန္တရ သမနန္တရ အနန္တရူပနိဿယ အာသေဝန နတ္ထိ ဝိဂတပစ္စည်းတို့ဖြင့် (ကျေးဇူးပြု၏)။ အမှတ်မရှိ တစုံတခုသော အကုသိုလ်ကိုပြုသောသူအား ဟေတု သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ ပစ္စည်းတို့ဖြင့်(ကျေးဇူးပြု၏)။ ဤသို့ များသော အပြားအားဖြင့် ကျေးဇူးပြု၏။

**နောက်ဆုံး ဖြစ်ကုန်သော အဘိသင်္ခါရတို့အား ထိုအဝိဇ္ဇာသည် တပါးတည်းသော အပြားအားဖြင့် ကျေးဇူးပြု၏ဟု သိအပ်၏** ဟူသည်ကား အာနေဉ္ဇာဘိသင်္ခါရတို့အား ဥပနိဿယ ပစ္စည်းဖြင့်သာလျှင် တပါးတည်းသော အပြားအားဖြင့် ကျေးဇူးပြု၏ဟု သိအပ်၏။ ဤအဝိဇ္ဇာ၏ ထို ဥပနိဿယ အဖြစ်ကိုမူ ပုညာဘိသင်္ခါရ၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် သိအပ်ပေ၏။

## အကြောင်းတခုတည်းကြောင့်ဖြစ်နိုင်သလော

ဤအရာ၌(ရပ်တန့်၍စောဒကပုဂ္ဂိုလ်သည် စောဒနာကို)ဆို၏၊ဆိုပုံကား- ဤအဝိဇ္ဇာသည်(အကူအညီအဖော်မမှီး) တပါးတည်းသာလျှင် (ဖြစ်လျက်) သင်္ခါရတို့အား ကျေးဇူးပြုသလော၊သို့မဟုတ် အခြား (အကူအညီ အဖော်) အကြောင်းတို့သည်လည်း ရှိကြပါသေးသလောဟူ၍ ဆို၏။ (အဝိဇ္ဇာ၏ အကြောင်းတပါးနှင့် ကင်းသည်၏အဖြစ် မကင်းသည်၏ အဖြစ်ဟူသော) ဤအရာ၌အဘယ်ကို ဆိုသင့်အံ့နည်း?[၁] (သင်၏စောဒနာသည် မပြည့်စုံသေး၊ ကြွင်းကျန်နေသော စောဒနာကိုလည်း ဆိုဦးလော့)[၂]။ တပါးတည်းသာ ဖြစ်

---

၁-ကိံ ပန ဝတ္တဗ္ဗံ-ဟူသော ဋီကာအဖွင့်နှင့်အညီ ကိံ ပန-၏ အနက်ဖြစ်သည်၊ ဆိုသင့် ဖြေသင့်သော စကားမရှိသေး၊ ဤမျှဆိုလျှင် ဘယ်လိုအဖြေကိုမျှ မပေးနိုင်ဟု ဆိုလို၏။

၂-ဤလက်သည်းကွင်းအတွင်းရှိ စကားများသည်"အဘယ်ကို ဆိုသင့်အံ့နည်း" ဟူသော ရှေ့စကားဖြင့် ဆိုလိုသော အချက်များကို ထုတ်ဖော်ပြသော

http://www.dhammadownload.com



လျက် အကယ်၍ ကျေးဇူးပြုငြားအံ့[၁]၊ (သို့ဖြစ်လျှင်) တခုတည်းသော အကြောင်းရှိသည်- အကြောင်းတခုတည်းကြောင့် ဖြစ်သည်ဟူသော အယူဝါဒသည် ဖြစ်၏။ သို့မဟုတ် အခြားတပါးသော အကြောင်းတို့သည်လည်း ရှိကြငြားအံ့၊ (သို့ဖြစ်လျှင်) "အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကြသည်"ဟု အကြောင်းတပါးတည်းကို ပြခြင်းသည် မသင့်လျော်သည် မဟုတ်လောဟူ၍ (ဆို၏)။ မသင့်လျော်သည် မဟုတ်၊ (သင့်လျော်သည်သာလျှင်တည်း)။ အဘယ့်ကြောင့်နည်း ဟူမူ?

ဤလောက၌ တခုသောအကြောင်းကြောင့်(ဖြစ်သော) တခုသော အကျိုးသည် မရှိ၊ များစွာသော အကျိုးသည်လည်း မရှိ၊များစွာသော အကြောင်းကြောင့်လည်း(ဖြစ်သော) တခုသော အကျိုးသည် မရှိ။ သို့သော်လည်း အကြောင်းတခုနှင့် အကျိုးတခုကိုပြရာ၌ အကျိုးကျေးဇူးကား ရှိပေ၏။ ထို့ကြောင့် (သင့်လျော်ပေသည်)။

[၁၇၄] ချဲ့၍ပြရလျှင်-ဤလောက၌ တခုသောအကြောင်းကြောင့် (ဖြစ်သော)တခုသောအကျိုး မည်သည် တစုံတခုမျှ မရှိပေ၊ များစွာသော အကျိုးသည်လည်း မရှိပေ၊ များစွာသော အကြောင်းတို့ကြောင့်(ဖြစ်သော) တခုသော အကျိုးသည်လည်း မရှိပေ။ စင်စစ်သော်ကား များစွာသော အကြောင်းတို့ကြောင့် များစွာသော အကျိုးသည်သာလျှင်ဖြစ်တတ်ပေသည်။ ထိုစကားမှန်ပေ၏၊ ဥတု မြေ မျိုးစေ့ ရေ-ဟု ဆိုအပ်ကုန်သော များစွာသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်သော အညှောက်-အညွန့်ဟု ဆိုအပ်သော အဆင်း အနံ့ အရသာ အစရှိသော များစွာသော အကျိုးကိုသာလျှင် တွေ့မြင်ရပေသည်။ သို့သော်လည်း "အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကြသည်။ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်ဖြစ်သည်"

---

စကားများ ဖြစ်သည်။ ထို့ကြောင့် ဋီကာ၌ "အသမတ္ထာ တေ စောဒနာ၊ အဝသိဋ္ဌ တာဝ ကထေဟီတိ ဝုတ္တံ ဟောတိ"ဟု ထုတ်ဖော်ပြထားပေသည်။ ထိုပြဆိုချက်ကိုပင် ယူ၍ ဤ၌ ဖော်ပြထားခြင်း ဖြစ်သည်။

၁-ဤဝါကျ၌ တာဝ - ရှေးဦးစွာဟူသော စကားသည် ပါဠိ၌ ကျေးဇူးများသော်လည်း မြန်မာ၌ကား ဤအရာတွင် အကျိုးမရှိရုံမျှမက စပ်ဟပ်ယူရန်ခက်သည်။ ထို့ကြောင့် ထိုတာဝ-ပုဒ်ကို ဤ၌ မပြပဲ ခြွင်းချန်ထားသည်။

http://www.dhammadownload.com



ဤသို့ စသည်ဖြင့် တခုတခုသောအကြောင်းအကျိုးပြခြင်းကို (ထိုထိုအရာ၌) ပြုထား၏[၁]၊ ထိုသို့ ပြရာ၌ အကျိုးကျေးဇူးကား ရှိပေ၏၊ ပယောဇဉ်ခေါ် ရည်ရွယ်အပ်သောအကျိုးကား ရှိပေ၏[၂]။

ချဲ့၍ ပြအံ့၊ မြတ်စွာဘုရားသည် အချို့ဒေသနာစကားရပ်၌ (ဟောသင့်သောတရား၏) ပြခာန်းခြင်းကြောင့်၊ အချို့ဒေသနာစကားရပ်၌ ထင်ရှားခြင်းကြောင့်၊ အချို့ဒေသနာစကားရပ်၌ မဆက်ဆံခြင်းကြောင့်[၃] ဒေသနာကို တင့်တယ်စေနိုင်သော ဉာဏ်တော်အားရှင်း၊ ဝေနေယျတို့(၏ အလို အဇ္ဈာသယ)အားရှင်း လျော်သောအားဖြင့် တခုတည်းသာလျှင် ဖြစ်သော အကြောင်းကိုရှင်း အကျိုးကိုရှင်း ပြတော်မူ၏။ ပြတော်မူပုံကား-"ဖဿ ဟူသောအကြောင်းကြောင့် ဝေဒနာ ဖြစ်သည်"ဟူသော ဒေသနာ စကားရပ်၌ ပြခာန်းခြင်းကြောင့် တခုစီသာလျှင် ဖြစ်သော အကြောင်းနှင့် အကျိုးကို ဟောတော်မူ၏။မှန်ပေ၏၊ ဖဿအားလျော်စွာ ဝေဒနာကို ပိုင်းခြားဆုံးဖြတ်ခြင်းကြောင့်[၄] ဖဿသည် ဝေဒနာ၏ ပြခာန်းသော အကြောင်း ဖြစ်ပေသည်။

---

၁-အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကြသည်-ဟူသော စကားရပ်၌ တခုသော အကြောင်းပြခြင်းကို (ပြုအပ်၏)၊ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်ဖြစ်သည်ဟူသော စကားရပ်၌ တခုသော အကျိုးပြခြင်းကို (ပြုအပ်၏) ဤသို့သောနည်းဖြင့် ထိုထိုအရာ၌ တခုတခုသော အကြောင်းအကျိုးပြခြင်းကို ပြုအပ်၏။ (ဋီကာ)

၂-ဤနောက်ဝါကျဖြင့် ရှေးဝါကျကို ဖွင့်ပြသည်၊ ဆိုလိုရင်းမှာ ရှေးဝါကျ၌ အတ္ထော- အကျိုးဟူသည်မှာ အကြောင်းကြောင့် ဖြစ်ပေါ်သော ဖလ-အကျိုးမဟုတ်၊ စီးပွါးဥစ္စာစသည်လည်း မဟုတ်၊ ပယောဇန-ပယောဇဉ်ခေါ်သော ထိုသို့ပြဆိုခြင်းဖြင့် သိစေလိုအပ်သော ရည်ရွယ်သည့်အကျိုးကျေးဇူးသာဖြစ်သည်ဟု သိစေ၏။

၃-ဤဟိတ်ပုဒ်တို့ကို ပြတော်မူ၏-ဟူသော ကြိယာပုဒ်နှင့် စပ်ပါ။

၄-ဖဿအားလျော်စွာ ဝေဒနာကို ပိုင်းခြား ဆုံးဖြတ်ခြင်းကြောင့် - ဟူရာ၌ "ရဟန်းတို့၊ သုခဝေဒနာ၏အကြောင်းဖြစ်သော ဖဿ-အာရုံတွေ့မှုကို စွဲ၍ သုခဝေဒနာ ဖြစ်ပေါ်သည်" ဤသို့အစရှိသော စကားရပ်ဖြင့်ရှင်း၊ "မျက်စိကိုရှင်း အဆင်းတို့ကိုရှင်း စွဲ၍ မြင်သိမှု-စက္ခုဝိညာဏ် ဖြစ်ပေါ်သည်၊ မျက်စိ အဆင်း မြင်သိမှုဟူသော သုံးပါးတို့၏ တွေ့ဆုံခြင်းသည် ဖဿပေ

http://www.dhammadownload.com



ဝေဒနာအားလျော်စွာ ဖဿကို ပိုင်းခြားဆုံးဖြတ်ခြင်းကြောင့် ဝေဒနာသည်လည်း ဖဿ၏ ပြခာန်းသော အကျိုးဖြစ်ပေသည်။ "သလိပ်လျှင် ဖြစ်ကြောင်း ရှိကုန်သော၊ ဝါ၊ သလိပ်ကြောင့် ဖြစ်ကုန်သော အနာတို့" ဟူသော ဒေသနာ စကားရပ်၌ ထင်ရှားခြင်းကြောင့် တခုတည်းသောအကြောင်းကို ဟောတော်မူ၏။ မှန်ပေ၏၊ ဤအနာဖြစ်ရာ၌ သလိပ်သည် ထင်ရှား၏၊ ကံစသော အကြောင်းတို့သည်၊ ဝါ၊ ကံ အာဟာရ ဥတု စိတ် ဝိသမာဟာရ ပိတ္တ ဝါတ ဥပက္ကမ တို့သည် မထင်ရှားကုန်၊ (အကြောင်းမှုကား-သလိပ်ကို ကုသခြင်းဖြင့် ရောဂါပျောက်ခြင်းကြောင့်ပေတည်း)။ "ရဟန်းတို့၊ အလုံးစုံသော အကုသိုလ်တရားတို့သည် အယောနိသော မနသိကာရလျှင် အကြောင်းရင်း ရှိကုန်၏" ဟူသော ဒေသနာစကားရပ်၌ မဆက်ဆံခြင်းကြောင့် တခုတည်း

---

တည်း၊ ဝါ၊ သုံးပါးတို့၏ တွေ့ဆုံခြင်းကြောင့် ဖဿ ဖြစ်ပေါ်သည်၊ ဖဿ ဟူသော အကြောင်းကြောင့် ဝေဒနာဖြစ်ပေါ်သည်" ဤသို့ အစရှိသော စကားရပ်ဖြင့်၎င်း၊ (ပိုင်းခြားဆုံးဖြတ်ခြင်းကြောင့်–၌ စပ်) သုခဝေဒနာ ဖြစ်ကြောင်း ဖဿစသည် စက္ခုသမ္ဖဿစသည်အားလျော်စွာ သုခဝေဒနာစသည်နှင့် စက္ခုသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာစသည်တို့ကို ပိုင်းခြားဆုံးဖြတ်ခြင်းကြောင့်(ဟု ဆိုလို၏)။ ထင်ရှားစေအံ့၊ မျက်စိအဆင်းစသည်တို့ တူညီကြသော်(လည်း) ဖဿ၏အစွမ်းအားဖြင့် သုခစသည်၏ ပြောင်းလဲမှု မရှိခြင်းကြောင့်၎င်း၊ အဆင်းတို့နှင့် နှလုံးသွင်းမှုစသည်တို့ တူညီကြသော် တိုက်ခိုက်ခြင်း၏ အစွမ်းအားဖြင့် စက္ခုသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာစသည်၏ ပြောင်းလဲမှု မရှိခြင်းကြောင့်၎င်း၊ အခြားအကြောင်းတို့၏ တူညီခြင်း ရှိသော်လည်း ဖဿ၏အစွမ်းအားဖြင့် သုခစသော ဝေဒနာ စက္ခုသမ္ဖဿဇ-စသော ဝေဒနာတို့၏ သြဠာရိက သုခုမစသည် (အဖြစ်)ဖြင့် ရောယှက်မှု မရှိခြင်းကြောင့်၎င်း - ဤသည်ကား "ဖဿအားလျော်စွာ ဝေဒနာကို ပိုင်းခြားဆုံးဖြတ်ခြင်းကြောင့်"-ဟူသော စကား၏ ဆိုလိုသော အနက်ပေတည်း။ ယခုပင် ဆိုအပ်ခဲ့သော ဖဿ၏ (အကြောင်းအဖြစ်-၌ စပ်) သုခစသည်တို့၏ မဖောက်မပြန် မှန်ကန်သော အကြောင်းအဖြစ်သည်ပင်လျှင် ဝေဒနာအားလျော်စွာ ဖဿကို ပိုင်းခြားဆုံးဖြတ်ခြင်း မည်၏၊ တနည်း အကြောင်း အကျိုးအထူးဖြင့် အကျိုး အကြောင်း အထူးကို ဆုံးဖြတ်ခြင်း ဖြစ်ရသည်၊ ထို့ကြောင့် (ဝေဒနာကို ပိုင်းခြားခြင်း, ဖဿကို ပိုင်းခြားခြင်းဟူသော) ၂-ဌာနလုံးတို့၌လည်း ဆုံးဖြတ်ခြင်းကို ပိုင်းခြားခြင်းဟူ၍ ဆို(အပ်)ပေသည်။ (ဋီကာ)

http://www.dhammadownload.com



သောအကြောင်းကို ဟောတော်မူ၏။ မှန်ပေ၏၊ အယောနိသော မနသိကာရသည် အကုသိုလ်တရားတို့၏ (ကုသိုလ်အဗျာကတတို့နှင့်) မဆက်ဆံသော အကြောင်းပေတည်း။ ဝတ္ထု အာရုံ စသည်တို့သည်ကား ဆက်ဆံသော အကြောင်းတို့ပေတည်း၊ ဤသို့ မဆက်ဆံသော အကြောင်း ဖြစ်ခြင်းကြောင့် (တခုသောအကြောင်းကို ဟောတော်မူပေသည်)။ ထို(သို့ပြဓာန်းခြင်း ထင်ရှားခြင်း မဆက်ဆံခြင်းကြောင့် တခုသောအကြောင်းကို ဟောတော်မူသည်ဟု ဆိုခဲ့သော)အကြောင်းကြောင့် ဤပဋိစ္စသမုပ္ပါဒ် ဒေသနာ၌ ဤအဝိဇ္ဇာကို[1] (အဝိဇ္ဇာမှ)တပါးကုန်သော ဝတ္ထု အာရုံ သဟဇာတ် တရား အစရှိကုန်သော သင်္ခါရ၏ အကြောင်းတို့ ရှိကြပါကုန်သော်လည်း[2] "(ရဟန်းတို့၊ သံယောဇဉ် ဖြစ်ဖွယ်အာရုံ အကြောင်းတရားတို့၌) သာယာဖွယ်ဟု ရှုလေ့ရှိသောသူအား ဆာလောင်တပ်မက်မှု-တဏှာ တိုးပွါးသည်၊ (တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန် ဖြစ်သည်၊ ဥပါဒါန် ဟူသော အကြောင်းကြောင့် ဖြစ်ကြောင်းကံ- သင်္ခါရ ဟူသော ဘဝဖြစ်သည်)"ဟူ၍ရင်း၊ "အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် အာသဝဖြစ်ခြင်းရှိသည်"ဟူ၍ရင်း ဟောတော်မူခြင်းကြောင့် (အဝိဇ္ဇာသည်) တပါးကုန်သော တဏှာ အစရှိကုန်သော သင်္ခါရ၏ အကြောင်းတို့၏လည်း အကြောင်း (ဖြစ်ပေသည်)၊ ဤသို့ ပြဓာန်း (သောအကြောင်းဖြစ်)ခြင်းကြောင့်ရင်း[3]၊ "ရဟန်းတို့၊ ပညာမရှိသောသူသည် အဝိဇ္ဇာရှိသည်ဖြစ်၍၊ ဝါ၊ အဝိဇ္ဇာရှိနေသောကြောင့် ပုညာဘိသင်္ခါရကိုလည်း ပြုလုပ်၏" ဤသို့ (ဟောတော်မူသောကြောင့် အဝိဇ္ဇာသည် သင်္ခါရတို့၏အကြောင်း အဖြစ်ဖြင့် ထင်ရှား၏၊ အဝိဇ္ဇာ ကင်းသော ရဟန္တာအား ပုညာဘိသင်္ခါရစသည် မဖြစ်သောကြောင့် ရဟန္တာနှင့် မဆက်ဆံသောအကြောင်းလည်း ဖြစ်၏၊ ဤသို့)ထင်ရှား(သော အကြောင်း

---

၁-အဝိဇ္ဇာကို....သင်္ခါရတို့၏ အကြောင်းအဖြစ်ဖြင့် ပြတော်မူ (အပ်) သည်ဟု သိအပ်ပေသည်-ဟု စပ်ပါ။

၂-အဝိဇ္ဇာမှတပါးသော အကြောင်းတို့ ရှိကြပါကုန်သော်လည်း အဝိဇ္ဇာကိုသာ သင်္ခါရတို့၏ အကြောင်းအဖြစ်ဖြင့် ပြတော်မူ (အပ်) သည်-ဟု ဆက်စပ်၍ ယူပါ။

၃-ဤသို့ ပြဓာန်း(....)ခြင်းကြောင့်ရင်း .... သင်္ခါရတို့၏ အကြောင်းအဖြစ်ဖြင့် ပြတော်မူ(အပ်)သည်-ဟု စပ်ပါ။

http://www.dhammadownload.com



ဖြစ်) ခြင်းကြောင့်၎င်း၊ မဆက်ဆံ(သော အကြောင်းဖြစ်) ခြင်းကြောင့်၎င်း၊ သင်္ခါရတို့၏အကြောင်းအဖြစ်ဖြင့် ပြတော်မူ(အပ်) သည်ဟု သိအပ်ပေသည်။ သည်မျှသာ မဟုတ်သေး၊ ဤဆိုခဲ့သော[၁] တခု တခုသော အကြောင်း အကျိုးကို ပြရာ၌[၂] အဖြေစကားဖြင့်ပင်လျှင်[၃] (ဖဿ ဟူသော အကြောင်း ကြောင့် ဝေဒနာ ဖြစ်သည်၊ ဝေဒနာ ဟူသော အကြောင်းကြောင့် တဏှာ ဖြစ်သည်-ဤသို့ အစရှိသော) တခု တခုသော အကြောင်းအကျိုးကို ပြရာ အလုံးစုံတို့၌(လည်း) (ဝေနေယျတို့၏ အလိုအားဖြင့် တရားကို သိစေခြင်းဟု ဆိုအပ်သော) ပယောဇဉ်ခေါ် ရည်ရွယ်အပ်သော အကျိုးကို သိအပ်ပေသည်။ ဤဘွင် တရပ် ပြီး၏။

## အဝိဇ္ဇာက ကုသိုလ်၏အကြောင်းဖြစ်နိုင်ပုံ

၆၁၈။ ဤအရာ၌ (ရပ်တန့်၍ စောဒကပုဂ္ဂိုလ်သည် စောဒနာကို) ဆို၏၊ (ဆိုပုံကား) ဤသို့ ဖြေရှင်းခဲ့သည့်အတိုင်း တခုသောအကြောင်းနှင့် တခု သောအကျိုးကို ပြသင့်သော်လည်း စင်စစ် မလိုလားအပ်သည့်မကောင်းကျိုး ရှိသော အပြစ်ရှိသော အဝိဇ္ဇာ၏[၄] ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ

---

၁-ဤဆိုခဲ့သော ...အဖြေစကားဖြင့်ပင်လျှင်-ဟု စပ်ပါ။

၂-အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကြသည်-ဟု တခုသော အကြောင်းကို ပြရာ၌၎င်း၊ သင်္ခါရဟူသောအကြောင်းကြောင့် ဝိညာဏ် ဖြစ်သည်ဟု တခုသော အကျိုးကို ပြရာ၌၎င်း–ဟု ဆိုလို၏။

၃-အဖြေစကားဖြင့်ပင်လျှင်....ရည်ရွယ်အပ်သော အကျိုးကို သိအပ်ပေသည်-ဟု စပ်ပါ။

၄-အဝိဇ္ဇာ၏.... အကြောင်းအဖြစ်-ဟု စပ်ပါ။ အကုသိုလ် အဝိဇ္ဇာက ကုသိုလ် သင်္ခါရတို့၏ အကြောင်းဖြစ်ခြင်းသည် အဘယ်သို့ သင့်ပါအံ့နည်း၊ မသင့်ရာ-ဟု ဆိုလို၏။

http://www.dhammadownload.com



တို့၏ အကြောင်းအဖြစ်သည် [၁] အဘယ်သို့ သင့်ပါအံ့နည်း၊ အကြောင်းမူကား(ခါးသော) တမာမျိုးစေ့မှ (ချိုသော) ကြံပင် မပေါက်တတ်သောကြောင့်ပင် ဟူ၍ ဆို၏။ (အဖြေကား)အဘယ့်ကြောင့် မသင့်ပဲ ရှိအံ့နည်း၊ (သင့်သည်သာတည်း)။ အကြောင်းမူကား—လောက၌

[၁၇၅] ပစ္စယုပ္ပန်သဘောတရားတို့၏[၁] ဆန့်ကျင်သော အကြောင်းသည်ရင်း၊ မဆန့်ကျင်သော အကြောင်းသည်ရင်း (ပြီးစီးထင်ရှား၏)၊ ထို့အတူ တူသောအကြောင်းသည်ရင်း၊ မတူသောအကြောင်းသည်ရင်း ပြီးစီးထင်ရှား၏၊ သို့သော်လည်း ထိုပစ္စယုပ္ပန်သဘော တရားတို့သည် (အကြောင်းမှရင့်ကျက်လာသော)ဝိပါက်ခေါ် အကျိုးတရားတို့ချည်းသာလျှင်(ကား)မဟုတ်ကြပေ။ (ထို့ကြောင့် သင့်ပေသည်)။

ခွဲ၍ပြအံ့၊ ပစ္စယုပ္ပန်သဘောတရားတို့၏[၂] တည်ရှိခြင်း, သဘော, ကိစ္စစသည်တို့ဖြင့် ဆန့်ကျင်သော အကြောင်းသည်ရင်း၊ မဆန့်ကျင်သော အကြောင်းသည်ရင်း လောက၌ ပြီးစီးထင်ရှား၏၊ ခွဲဦးအံ့၊ ရှေးစိတ်သည်

---

၁-ပြည်မူနိဿယ၌လည်း ဤအရာ၌ ဤအတိုင်းပင် အနက်ပြန်ထားသည်။ ရှေး၌ ကျေးဇူးပြုပုံကို အကျယ်ရှင်းပြခဲ့ပြီးဖြစ်သောကြောင့်ရင်း၊ နောက်၌ ကျေးဇူးပြုပုံကို မပြပဲ အကြောင်းဖြစ်ပုံကိုသာ ပြလတံ့ဖြစ်သောကြောင့်ရင်း သင်္ခါရတို့၏ အကြောင်းအဖြစ်ကို စောဒနာခြင်းသာ သင့်သည်၊ ကျေးဇူးပြုခြင်းကို စောဒနာရန်လည်း မသင့်၊ နောက်၌ ဖြေရှင်းရန်လည်း မသင့်။

၂-သဘောတရားတို့၏....အကြောင်းသည်-ဟု စပ်ပါ။ ပြည်မူနိဿယအလိုအားဖြင့် "သဘောတရားတို့အား ဆန့်ကျင်သည်မူလည်းဖြစ်သော မဆန့်ကျင်သည်မူလည်းဖြစ်သော တူသည်မူလည်းဖြစ်သော မတူသည်မူလည်းဖြစ်သော ပစ္စည်းသည်၊ ဝါ၊ ကျေးဇူးပြုတတ်သော တရားသည် ထင်၏၊ ဝါ၊ ပြီးစီး၏" ဟု ပြန်ရာ၏။ ဤ၌ကား ရှင်းလင်း ပြတ်သားစေရန် အလို့ငှါ ပစ္စယော ပုဒ်ကို ဝိရုဒ္ဓေါစသော ၄-ပုဒ်လုံးနှင့် ယှဉ်၍ ဆန့်ကျင်သော အကြောင်းသည်ရင်း–စသည်ဖြင့် ပြန်ထားသည်။

http://www.dhammadownload.com



နောက်စိတ်၏[၁] တည်ရှိခြင်းအားဖြင့် ဆန့်ကျင်သော[၂] အကြောင်းပေတည်း။ ရှေးကာလ၌ ဖြစ်သော[၃] အတတ်ပညာ စသည်ကို သင်ယူလေ့ကျင့်ခြင်းသည်လည်း နောက်ကာလ၌ ဖြစ်ကုန်သော[၄] အတတ်ပညာစသည်ဖြင့် ပြုလုပ်ခြင်းတို့၏(တည်ရှိခြင်းအားဖြင့် ဆန့်ကျင်သောအကြောင်းပေတည်း)၊ ကံသည် ကမ္မဇရုပ်၏သဘောအားဖြင့် ဆန့်ကျင်သော[၅] အကြောင်းပေတည်း၊ နို့ရည်စသည်တို့လည်း နို့ဓမ်းစသည်တို့၏(သဘောအားဖြင့်ဆန့်ကျင်သော[၆] အကြောင်းပေတည်း)၊ အလင်းသည် စက္ခုဝိညာဏ်၏ကိစ္စအားဖြင့် ဆန့်ကျင်

---

၁-နောက်စိတ်၏.... အကြောင်းပေတည်း-ဟု စပ်ပါ။ ပြည်မူနိဿယ၌ကား- ပုရိမစိတ္တံ၊ ရှေးစိတ်သည်။ အပရစိတ္တဿ၊ နောက်စိတ်အား။ ဌာနဝိရုဒ္ဓေါ၊ ထင်ရှားတည်ရှိခြင်းအားဖြင့် ဆန့်ကျင်သည်ဖြစ်၍။ ပစ္စယော၊ သည်။ သိဒ္ဓေါ၊ ၏။-ဟုဆိုထား၏။ သိဒ္ဓေါ၊ ထင်၏-ပြီးစီး၏-ဟူသော ကြိယာမှာ ရှေးစိတ်သည်—ဟူသော ပဌမကတ္တားနှင့် ပစ္စယော- ကျေးဇူးပြုတတ်သောတရားသည်-ဟူသော ဒုတိယကတ္တား—ဤ ၂-ပုဒ်လုံး ပြိုင်တူစပ်ရန် မဖြစ်နိုင်။ ထို့ကြောင့် ကျေးဇူးပြုတတ်သော တရားဖြစ်လျက် ထင်၏- ပြီးစီး၏-ဟု ဤသို့ ရည်ရွယ်၍ ရေးခဲ့လေသလားဟု စဉ်းစားရန် ရှိ၏။ သို့သော် ထိုအနက်လည်း အကြောင်းအဖြစ်ကို မပေါ်လွင် စေသောကြောင့် မကောင်းလှ။ နောက်အပိုဒ်တို့၌လည်း အနက် ကွဲလွဲချက်များကို နည်းတူ ပင် သိပါလေ။

၂-ရှေးစိတ်ကား တည်ရှိဆဲမဟုတ် ချုပ်ပျောက်လေပြီ၊ နောက်စိတ်ကား တည်ရှိဆဲဖြစ်၏၊ ဤသို့ တည်ရှိခြင်း-မရှိခြင်းအားဖြင့် ဆန့်ကျင်သည်ဟု ဆိုလို၏။

၃-ရှေးကာလ၌ ဖြစ်သော....သင်ယူလေ့ကျင့်ခြင်းသည်လည်း—ဟု စပ်ပါ။

၄-နောက်ကာလ၌ ဖြစ်ကုန်သော ... ပြုလုပ်ခြင်းတို့၏—ဟု စပ်ပါ။

၅-ကံသည် ရုပ်နှင့် နမန—ညွတ်ခြင်း+ရုပ္ပန—ဖောက်ပြန်ခြင်း သဘောအားဖြင့်ရင်း၊ သာရမ္မဏ—အာရုံကို ယူတတ်ခြင်း+အနာရမ္မဏ—အာရုံကို မယူတတ်ခြင်းသဘောအားဖြင့်ရင်း—ဤသို့ စသည်ဖြင့် ဆန့်ကျင်သည်ဟု ဆိုလို၏။ (ဋီကာ)

၆-နို့ရည်သည် ချိုသောအရသာရှိ၏၊ နို့ဓမ်းသည် ချဉ်သော အရသာရှိ၏၊ ဤသို့ စသော သဘောအားဖြင့် ဆန့်ကျင်သည်။ (ဋီကာ)

http://www.dhammadownload.com



သော [၁] (အကြောင်းပေတည်း)၊ တင်လဲစသည်တို့သည်လည်း အရက်စသည်တို့၏ (ကိစ္စအားဖြင့် ဆန့်ကျင်သော [၂] အကြောင်းပေတည်း)၊ မဆန့်ကျင်သော အကြောင်းကား မျက်စိ အဆင်း စသည်တို့သည် စက္ခုဝိညာဏ် စသည်တို့၏ တည်ရှိခြင်းအားဖြင့် မဆန့်ကျင်သော [၃] အကြောင်းတို့ပေတည်း၊ ရှေး၌ဖြစ်သော ဇောစသည်တို့သည် နောက်၌ ဖြစ်သော ဇောစသည်တို့၏ သဘောအားဖြင့်လည်း မဆန့်ကျင်, ကိစ္စအားဖြင့်လည်း မဆန့်ကျင်သော အကြောင်းတို့ပေတည်း။

နောက်တပိုဒ်၏ အကျယ်ကား ဆန့်ကျင် မဆန့်ကျင်ကုန်သော အကြောင်းတို့သည် ပြီးစီးထင်ရှားကြသကဲ့သို့ ဤအတူပင် တူ-မတူ ကုန်သော အကြောင်းတို့သည်လည်း (ပြီးစီးထင်ရှားကုန်၏)။ ခဲ့ဦးအံ့၊ တူသည်သာလျှင် ဖြစ်သော ဥတုနှင့် အာဟာရဟု ဆိုအပ်သော ရုပ်သည် ဥတုဇရုပ်-အာဟာရဇရုပ်၏အကြောင်း(ဖြစ်၏)၊ (တူသည်သာလျှင် ဖြစ်ကုန်သော) သလေးမျိုးစေ့ စသည်တို့သည်လည်း သလေးစပါးစသည်တို့၏ (အကြောင်း ဖြစ်ကုန်၏)။ မတူသော ရုပ်သည်လည်း နာမ်၏ (အကြောင်း ဖြစ်၏)၊ (မတူသော) နာမ်သည်လည်း ရုပ်၏အကြောင်း ဖြစ်၏၊ (မတူကုန်သော) နွားမွေး, သိုးမွေး, သားချို, နို့မေး, နှမ်းမှုန့် စသည်တို့သည်လည်း နေဇာမြက်, မြားမြက်, မြက်နံ့သာ စသည်တို့၏(အကြောင်းဖြစ်ကုန်၏) [၄]။ သို့သော်လည်း အကြင်

---

၁-အလင်းသည် သိခြင်းကိစ္စမရှိ၊ စက္ခုဝိညာဏ်သည် သိခြင်းကိစ္စရှိ၏၊ ဤသို့ ဆန့်ကျင်သည်။ (ဋီကာ)

၂-တင်လဲစသည်တို့မှာ မူးယစ်စေခြင်းကိစ္စမရှိ၊ အရက်မှာ မူးယစ်စေခြင်း ကိစ္စရှိ၏၊ ဤသို့ဆန့်ကျင်သည်။ (ဋီကာ)

၃-အကြောင်းအကျိုး ၂-ပါးလုံးတည်ရှိဆဲချည်းဖြစ်၍ မဆန့်ကျင်–ဟု ဆိုသည်။ (ဋီကာ)

၄-နွားမွေးနှင့် သိုးမွေးတို့သည် နေဇာမြက်၏ အကြောင်းဖြစ်သည်၊ ထိုအမွေးတို့ စုဝေးရာအရပ်၌ နေဇာမြက် ပေါက်တတ်သည်ဟူ၏။ အဝိ–သဒ္ဒါသည် သိုးကို ဟော၏၊ ထို့ကြောင့် အဝိလောမကို သိုးမွေးဟု ပြန်သည်။ သို့သော် အနုဋီကာ၌ အဝိတိ စ ရတ္တာ ဠေကာ–ဟု ဖွင့်သောကြောင့် ဆိတ်ကို ဆိုသည်ဟူ၍လည်း ယူဖွယ်ရှိ၏။ သို့ရာတွင် ဠေကာ–ပုဒ်ကလည်းဆိတ်

http://www.dhammadownload.com



ပစ္စယုပ္ပန်တရားတို့အား ထို ဆန့်ကျင် မဆန့်ကျင်ကုန်သော တူ-မတူ ကုန်သော အကြောင်းတို့သည် ကျေးဇူးပြုကုန်၏။ ထိုကျေးဇူးခံ ပစ္စယုပ္ပန်အကျိုးတရားတို့သည် ထိုကျေးဇူးပြုတတ်သော အကြောင်းတရားတို့၏ (ရင့်ကျက်လာသော) ဝိပါက်တို့သည်သာလျှင် မဟုတ်ကြကုန်။

ဤဆိုခဲ့သည်အတိုင်း အကြောင်းအကျိုး၏ ဖြစ်ခြင်းကြောင့် [၁] ဤအဝိဇ္ဇာသည် [၂] အကျိုးဝိပါက်၏ အစွမ်းအားဖြင့် စင်စစ် မလိုလားအပ်သော အကျိုးရှိသည့်ပြင် ပင်ကိုရင်းသဘော၏ အစွမ်းအားဖြင့် အပြစ်ရှိသည် ဖြစ်ငြားသော်လည်း အလုံးစုံလည်း ဖြစ်ကုန်သော ဤပုညာဘိသင်္ခါရစသည်တို့အား ထိုက်သည်အားလျော်စွာ တည်ရှိခြင်း, ကိစ္စ, သဘောအားဖြင့် ဆန့်ကျင့်,မဆန့်ကျင်သော အကြောင်း၏ အစွမ်းအားဖြင့်၎င်း၊ တူ-မတူသော အကြောင်း၏ အစွမ်းအားဖြင့်၎င်း အကြောင်းဖြစ်သည်ဟု သိအပ်၏။ ဤအဝိဇ္ဇာ၏ ထို အကြောင်းဖြစ်ပုံကိုလည်း "ချဲ့၍ပြအံ့၊ ဒုက္ခစသည်တို့၌ အဝိဇ္ဇာဟု ဆိုအပ်သော မသိမှုကို မပယ်(အပ်)သေးသောပုဂ္ဂိုလ်သည် ရှေးဦးစွာ ဒုက္ခသစ္စာ၌၎င်း၊ ပုဗ္ဗန္တ(ရှေးအဖို့)စသည်တို့၌၎င်း မသိခြင်းကြောင့် သံသရာဆင်းရဲကို ချမ်းသာဟု ထင်သောအမှတ်သညာဖြင့် ယူပြီးလျှင် ထိုဆင်းရဲ၏ပင်လျှင် အကြောင်းဖြစ်သော သုံးပါး အပြားရှိသည်လည်းဖြစ်သော သင်္ခါရတို့ကို အားထုတ်ပြုလုပ်၏" ဤသို့ အစရှိသောနည်းဖြင့် (စာပိုဒ် ၅၉၃-၌) ဆိုအပ်ခဲ့ပြီးသည်သာလျှင်တည်း။

---

ဟော မဟုတ်၊ သိုးဟောပင် ဖြစ်သောကြောင့် ဆိတ်ဟု ပြန်ရန် မသင့်ပေ။ ထို့ ပြင် သားချိုသည် မြားမြက်၏ အကြောင်း၊ နို့ ဓမ်း နှမ်းမှုန့်တို့သည် မြက်နံ့သာ၏အကြောင်း စသည်-အရအားဖြင့် မှော်သည် ဟင်းနုနွယ်၏ အကြောင်း၊ မြည်းနှင့်မြင်းမသည် လားမြင်း၏အကြောင်းဖြစ်သည်၊ ဤသို့ စသည်ကိုယူ။ (ဋီကာ)

၁-ဣတိ-ပုဒ်၏ အနက် ဖြစ်သည်၊ ဆန့်ကျင်-မဆန့်ကျင်-တူ-မတူသော အကြောင်း၏ ဖြစ်ခြင်း၊ ဝိပါက်မဟုတ်သော အကျိုး၏လည်းဖြစ်ခြင်း ကြောင့်ဟု ဆိုလို၏။ ဤပုဒ်ကို သိအပ်၏-နှင့် စပ်ပါ။

၂-ဤအဝိဇ္ဇာသည်....အပြစ်ရှိသည် ဖြစ်ငြားသော်လည်း .... အကြောင်း ဖြစ်သည်ဟု-ဤသို့ စပ်ပါ။

http://www.dhammadownload.com



## စုတိပဋိသန္ဓေစသည်၌ တွေဝေ၍ သင်္ခါရသုံးပါးကိုပြုကြောင်း

၆၁၉။ သို့သော်လည်း ဤဆိုလတ္တံ့သော အခြားနည်းပရိယာယ်ကိုလည်း (သိအပ်သေး၏)—

အကြင်ပုဂ္ဂိုလ်သည် စုတိနှင့်ပဋိသန္ဓေ၌၎င်း၊ သံသရာ၌၎င်း၊ သင်္ခါရတို့၏ လက္ခဏာ၌၎င်း၊ (ပဋိစ္စသမုပ္ပါဒ်) ပဋိစ္စသမုပ္ပန်တရားတို့၌၎င်း တွေဝေ၏-(မှန်စွာမသိ)။ ထိုပုဂ္ဂိုလ်သည် ဤဆိုခဲ့သော သင်္ခါရသုံးပါးတို့ကို အားထုတ် ပြုလုပ်၏၊ ထို့ကြောင့် ဤအဝိဇ္ဇာက သုံးပါးအပြား ရှိသည်လည်း ဖြစ်ကုန်သော ထိုသင်္ခါရတို့အား ကျေးဇူးပြုသည်ဟု သိအပ်ပေ၏။

[၁၇၆] ဤစုတိ ပဋိသန္ဓေစသည်တို့၌ တွေဝေသောသူသည် ထိုဆိုခဲ့သော သင်္ခါရသုံးပါးတို့ကို အဘယ်သို့ ပြုပါသနည်း? ဟု မေးခြားအံ့၊ ရှေးဦးစွာ စုတိ၌ တွေဝေသောသူသည် "အလုံးစုံသော ဘဝ ယောနိ ဂတိ-စသည်တို့၌ (နောက်ဆုံး ရုပ်နာမ်) ခန္ဓာတို့၏ပျက်ခြင်းသည် သေခြင်းမည်၏"ဟု (အမှန်အတိုင်း)မယူမူ၍ "သတ္တဝါသည် (အကောင်လိုက်)သေပျောက်သွားသည်၊ အတ္တကောင် ဟူသော သတ္တဝါ၏ (ဘဝတပါး)ခန္ဓာကိုယ်တပါးသို့ ပြောင်းရွှေ့သွားခြင်း (ဖြစ်သည်)"ဟု ဤသို့ အစရှိသည်တို့ကို မှားယွင်းစွာ ကြံဆယူ၏။

ဘဝသစ်၌ ကပ်ရောက်၍ ဖြစ်ခြင်းဟူသော ပဋိသန္ဓေ၌ တွေဝေသောသူသည် "အလုံးစုံသော ဘဝ ယောနိ ဂတိ-စသည်တို့၌ (ရှေးဦးစွာသော ရုပ်နာမ်)ခန္ဓာတို့၏ ထင်ရှား ဖြစ်ပေါ်ခြင်းသည် ဘဝအသစ်ဖြစ်ခြင်း ပဋိသန္ဓေမည်၏" ဟု ဘဝသစ်၌ ကပ်ရောက်၍ ဖြစ်ခြင်းဟူသော ပဋိသန္ဓေကို(အမှန်အတိုင်း) မယူမူ၍"သတ္တဝါသည် (အကောင်လိုက်ပင်)ကပ်ရောက်၍ ဖြစ်၏၊ အတ္တကောင်ဟူသော သတ္တဝါ၏ ခန္ဓာကိုယ်အသစ် ဖြစ်ပေါ်လာခြင်းပင်"[၁] ဟု ဤသို့စသည်တို့ကို မှားယွင်းစွာ ကြံဆယူ၏။

---

၁-ခန္ဓာကိုယ်အသစ် ဖြစ်ပေါ်လာခြင်း ဟူသည်ကား – ဤလူ့ဘဝ၌ အိုမင်းသော ကိုယ်ကို သေသောအားဖြင့် ပစ်ချရသောအခါ တမလွန်လောက၌ အကျုံးဝင်သော ကိုယ်အသစ်၏ ဖြစ်ပေါ်ခြင်းတည်း၊ အဘယ်ကဲ့သို့ နည်းဟူမူ ? (အောက်ပါဂါထာကို ဘဂဝါဂီတိ စသည်တို့၌) ဆိုကြသကဲ့သို့ပင် တည်း။

http://www.dhammadownload.com



သံသရာ၌ တွေ့ဝေသောသူသည် [၁]

"ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်မစဲ ဖြစ်နေသော အစဉ်ကို သံသရာ ဟု ခေါ်ဆိုအပ်သည်"ဟု

ဤသို့ ဖွင့်ပြအပ်သော ရုပ်နာမ်တို့၏ဖြစ်စဉ်-သံသရာကို ဤသို့ ပြဆိုသည့် အတိုင်း မှန်ကန်စွာ မယူမူ၍ "သတ္တဝါဟု ဆိုအပ်သော ဤအတ္တကောင်သည် ဤမျက်မှောက်လောက (လူ့ဘဝ)မှ တပါးသောလောကသို့ ပြောင်းရွှေ့သွား၏၊ တပါးသောလောကမှ ဤလောကသို့ပြောင်းရွှေ့လာ၏"ဟု[၂] ဤသို့ အစရှိသည်တို့ကို မှားယွင်းစွာ ကြံဆယူ၏။

---

ဝတ္ထာနိ ဇိဏ္ဏာနိ ယထာ ပဟာယ၊ နဝါနိ ဂဏှာတိ နရော ပရာနိ။
နိက္ခိပ္ပ ဒေဟံ ဣဓ ဇိဏ္ဏမေဝံ၊ ဂဏှာတိ အတ္တာဘိနဝံ သုခေသီ။
(ဘဂဝါဂီတိ ၁၁၊၂၂) လူသည် အိုမင်းဟောင်းနွမ်းသော အဝတ်တို့ကို ပယ်စွန့်၍ အခြားအဝတ်သစ်တို့ကို ယူ–ဝတ်သကဲ့သို့ ဤ အတူပင် ချမ်းသာကို အလိုရှိသော အတ္တသည် ဤလောက၌ အိုမင်းသောကိုယ်ကို ပယ်ချစွန့်ပစ်၍ ကိုယ်အသစ်ကို ယူ၏။ (ဋီကာ)

ဤဋီကာအဆိုကိုပင် အကြောင်းပြု၍ အချို့က အထက်ပါ ဂါထာအဆိုကို ဗုဒ္ဓသာသနာဝင်ကျမ်းက လက်ခံသယောင်ယောင် ပြောဆိုကြ၏။ အမှန်စင်စစ် အားဖြင့်မူ ထိုဂါထာအဆိုကို လက်ခံသည် မဟုတ်၊ ပဋိသန္ဓေကို အမှန်အတိုင်း မသိသော အဝိဇ္ဇာကြောင့် မိစ္ဆာအယူဖြစ်ပုံကို သာဓကအဖြစ် ထုတ်ပြခြင်းမျှသာ ဖြစ်သည်။

၁-တွေ့ဝေသော သူသည်....မှားယွင်းစွာ ကြံဆယူ၏–ဟု စပ်ပါ။

၂-ဤအရာ၌ ပြောင်းရွှေ့လာ၏၊ ပြောင်းရွှေ့သွား၏–ဟု ဆိုသင့်သော်လည်း ရှေး၌ ဆိုခဲ့သော စုတိနှင့် ပဋိသန္ဓေ အစဉ်အားလျော်စွာ ဤ၌ ဆိုထားသည်။

http://www.dhammadownload.com



သင်္ခါရတို့၏ လက္ခဏာ၌ တွေဝေသောသူသည် သင်္ခါရတို့၏[၁] သဘာဝ လက္ခဏာကိုဖြစ်စေ၊[၂] သာမညလက္ခဏာကိုဖြစ်စေ[၃] (အမှန်အတိုင်း) မယူမှု-မသိမှု ၍၊ ဝါ၊ မသိသောကြောင့် ရုပ်နာမ်သင်္ခါရတို့ကို အတ္တကောင်ဟူ၍ဖြစ်စေ၊ အတ္တကောင်၏ ဥစ္စာဟူ၍ဖြစ်စေ[၄]၊ မြဲသည်ဟူ၍ဖြစ်စေ၊ တင့်တယ်သည်ဟူ၍ဖြစ်စေ၊ ချမ်းသာသည်- ကောင်းသည်ဟူ၍ဖြစ်စေ မှားယွင်းစွာ ကြံဆယူ၏။

(ပဋိစ္စသမုပ္ပါဒ်နှင့်) ပဋိစ္စသမုပ္ပန်တရားတို့၌ တွေဝေသောသူသည် အ ဝိဇ္ဇာစသည်တို့ကြောင့် သင်္ခါရစသည်တို့၏မပြတ်ဖြစ်ခြင်းကို(အမှန်အတိုင်း)

---

၁-ဤ၌ သင်္ခါရ – ဟူသည်မှာ အကြောင်းတရားတို့က ပေါင်းစုညီညွတ်၍ ပြုအပ် သော သင်္ခတသင်္ခါရတို့ ဖြစ်သည်။

၂-သဘာဝလက္ခဏာဟူသည်မှာ ရုပ်တရား၏ ရုပ္ပန – ဖောက်ပြန်ခြင်းလက္ခဏာ၊ နာမ်တရား၏ နမနအာရုံဆီသို့ ညွတ်သွားခြင်းလက္ခဏာ၊ ပထဝီ၏ကက္ခဠတ္တ- ခက်မာ ကြမ်းတမ်းခြင်း လက္ခဏာ၊ ဖဿ၏ ဖုသန – အာရုံကို တွေ့ခြင်း လက္ခဏာ – ဤသို့ အစရှိသော သဘောတရား အသီးသီး၏ ပင်ကိုဖြစ်စေ သဘောပင် ဖြစ်သည်။ ရုပ်၏လက္ခဏာသည် နာမ်နှင့် မဆိုင်သောကြောင့်၊ နာမ်၏ လက္ခဏာ သည်လည်း ရုပ်နှင့် မဆိုင်သောကြောင့်၊ ပထဝီစသည်တို့ ၏ လက္ခဏာသည်လည်း အာပေါ စသည်တို့နှင့် မဆိုင်သောကြောင့်၊ ဖဿ စသည်တို့၏ လက္ခဏာသည်လည်း ဝေဒနာစသည်တို့နှင့်မဆိုင်သောကြောင့် ယင်း သဘာဝလက္ခဏာကို ဝိသေသလက္ခဏာ ဟူ၍လည်း ခေါ်၏။

၃-သာမညလက္ခဏာ ဟူသည်မှာ ရုပ်နာမ်သဘောတရားအားလုံးနှင့် ဆိုင်သော လက္ခဏာ ဖြစ်သည်၊ အနိစ္စတာဟု ခေါ်သော အနိစ္စလက္ခဏာ၊ ဒုက္ခတာဟု ခေါ်သော ဒုက္ခလက္ခဏာ၊ အနတ္တတာဟုခေါ်သော အနတ္တလက္ခဏာ – ဤ ၃-ပါးသည် ဖြစ်ပျက်သမျှ သင်္ခါရ ရုပ်နာမ် အားလုံးတို့နှင့် သက်ဆိုင်၏၊ ထို့ကြောင့် ယင်းလက္ခဏာ ၃ ပါးကို သာမညလက္ခဏာဟု ခေါ်သည်။

၄-ခန္ဓာ ၅-ပါးတို့တွင် တပါးပါးကို ဖြစ်စေ၊ ၂-ပါး ၃-ပါး ၄-ပါးကို ဖြစ်စေ အတ္တကောင်ဟု စွဲလမ်းလျှင် ကျန်သော ခန္ဓာ ၄-ပါး ၃-ပါး ၂-ပါး ၁-ပါး တို့ကို အတ္တနိယ–အတ္တကောင်၏ အစိတ်အပိုင်း–ဟု စွဲလမ်းသည်။ (ဋီကာ) တကိုယ်လုံးကို အတ္တကောင်ဟု စွဲလမ်းပြီးလျှင် ငါ့လက် ငါ့ခြေ စသည်ဖြင့် စွဲလမ်းခြင်းကိုလည်း အတ္တနိယ–ငါ့ဥစ္စာဟု စွဲလမ်းခြင်းပင် ဟူ၍လည်း ယူသင့်၏။

http://www.dhammadownload.com



မယူမူ၍ "အတ္တကောင်သည် သိမှုလည်းသိတတ်၏၊ဝါ၊သိတတ်သည်ဟူ၍ရင်း[၁]၊ မသိမှုလည်းမသိတတ်၊ ဝါ၊ မသိတတ်ဟူ၍ရင်း[၂]။ (နောင်ဘဝ၌ ချမ်းသာ ဆင်းရဲကို ခံစားရတံ့သော) ထိုအတ္တကောင်သည်ပင်လျှင် (ကောင်းမှု မကောင်းမှုကို) ကိုယ်တိုင်လည်းပြုလုပ်၏၊ သူတပါးကိုလည်း ပြုလုပ်စေ၏၊[၃]

---

၁-အတ္တာ ဇာနာတိ ဝါ-ဟူသော ပါဠိကို ပြန်သော အနက်များ ဖြစ်သည်၊ ပဌမ အနက်သည် ရှိရင်းအတိုင်း ပြန်ချက် ဖြစ်သည်၊ ဒုတိယ အနက်သည် ဣတိ-အပိုထည့်၍ ဇာနာတိ ဣတိ ဝါ-ဟူသော ပါဠိကို ပြန်ချက် ဖြစ်သည်၊ န ဇာနာတိ ဝါ-ဟူသော နောက်အပိုဒ်လည်း နည်းတူပင် ပြန်ထားသည်။ ထိုသို့ ပြန်ခြင်းအကြောင်းမှာ အတ္တဝါဒီပုဂ္ဂိုလ်တို့က အတ္တသည် သိလည်း သိ၏၊ မသိလည်း မသိဟု ဤသို့ နှစ်မျိုးနှစ်ထွေ မစွဲလမ်းကြပဲ အတ္တသည် သိတတ်၏-ဤသို့ဖြစ်စေ၊ အတ္တသည် မသိတတ်-ဤသို့ ဖြစ်စေ တိတိကျကျ စွဲလမ်းကြသောကြောင့် ယင်းတို့၏ စွဲလမ်းပုံနှင့် ကိုက်ညီစေရန် ပြန်ခြင်း ဖြစ်သည်။

၂-အတ္တသည် သိတတ်၏ဟူ၍ ကပိလဂိုဏ်းဝင် (သာချံဝါဒီ) တို့ကဲ့သို့ မှားယွင်းစွာ ကြံဆ၏။ (အတ္တသည်) မသိတတ်ဟူ၍ ကဏာဒဂိုဏ်းဝင် (အဏုဝါဒီ) တို့နှင့် အာဇီဝက ဂိုဏ်းဝင် (ဂျိန်းဝါဒီ) တို့ကဲ့သို့ မှားယွင်းစွာ ကြံဆ၏။ မှန်ပေ၏၊ ကဏာဒဆရာသည်လည်း အတ္တသည် သူ့ပင်ကိုယ်အားဖြင့်၊ ဝါ၊ သူ့ချည်းသက်သက် မသိတတ်၊ မဟာခေါ် ဗုဒ္ဓိဂုဏ်နှင့် ပေါင်းစပ်မိသော အခါ၌သာ သိတတ်သည်ဟု အလိုရှိပေ၏။ (ဋီကာ) ဤကပိလဝါဒ စသည်တို့ကို ဤထက်ကျယ်ပြန့်စွာ လေ့လာလိုလျှင် ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ စတုတ္ထတွဲ နှာ ၂၁၀ စသည်၌ ကြည့်ပါလေ။

၃-ဤစကားဖြင့် ကံကို ပြုသူနှင့် ကံ၏အကျိုးကို ခံစားရသော သူသည် တယောက်တည်းပင် ဖြစ်သည်ဟု စွဲလမ်းပုံကို ပြသည်။ ဗုဒ္ဓတရားတော်နှင့် တူသယောင်ယောင် ထင်မှတ်ဖွယ်ရှိ၏။ သို့သော် စင်စစ်ကား မတူပါ၊ ဤအတ္တစွဲရှိသူမှာ "ကံကို ပြုစဉ်ကလည်း ဤအတ္တ ဤသူပင်ပြုသည်၊ ထိုကံ၏ အကျိုးကို ခံစားရသော အခါ၌လည်း ဤအတ္တ ဤသူပင် ခံစားရသည်၊ ဘဝဟောင်းက အတ္တသည်ပင် ဘဝသစ်သို့ ရောက်၍ ခံစားရသည်၊ တယောက်တည်း-တကိုယ်တည်းပင်"ဟုစွဲလမ်းယူဆလျက် ရှိ၏။ ဗုဒ္ဓတရားတော် အဆိုမှာ "ကံကို ပြုစဉ်ကလည်း အတ္တကောင်မရှိ၊ ပြုလိုသော စိတ်စေတနာစသော နာမ်တရားနှင့် ပြုလုပ်သော ရုပ်တရား အစဉ်သာ ရှိသည်၊ ထိုနာမ်ရုပ်များသည်လည်း ရေစီးကဲ့သို့ ခဏမစဲ အသစ် အဟောင်း

http://www.dhammadownload.com



(ကောင်းမှု မကောင်းမှုကို ပြုခဲ့ ပြုစေခဲ့သော) ထိုအတ္တကောင်သည် ပဋိသန္ဓေခဏ၌ ကပ်ရောက်၍ ဖြစ်၏၊ ထိုအတ္တကောင်၏ ကိုယ်ကို [၁] ပရမာဏုမြူနှင့် ဣဿရခေါ် ဘုရားသခင် စသည်တို့သည် ကလလရေကြည်စသည်တို့၏ အဖြစ်ဖြင့် (ဒွိအဏုက စသည်တို့ကို ဖြစ်စေသောအားဖြင့်၎င်း၊ အလိုတော်၏ အစွမ်းအားဖြင့်၎င်း) ကောင်းစွာတည်ထားကုန်လျက် စက္ခုစသော ဣန္ဒြေတို့ကို ပြည့်စုံစေကုန်၏၊ ထိုအတ္တကောင်သည် စက္ခုစသောဣန္ဒြေတို့နှင့် ပြည့်စုံသည်ဖြစ်၍ [၂] (အာရုံကို) တွေ့ထိ၏၊ ခံစား၏၊ ဆာလောင်တပ်မက်၏၊ စွဲလမ်း၏၊ စေ့ဆော်အားထုတ်၏ [၃]၊ ထိုစေ့ဆော်အားထုတ်သော အတ္တကောင်သည် တဖန် ဘဝတပါး၌ ဖြစ်၏" ဟူ၍သော်၎င်း [၄]၊ "အတ္တကောင် ဟူသော သတ္တဝါအားလုံးတို့သည် ကိန်းသေမြဲခြင်းဖြင့် စုရုံးပေါင်းစပ်သောအားဖြင့် လူ နတ် ငှက် စသည်အဖြစ်တို့၌ ပြောင်းလဲရင့်ကျက်ကုန်၏၊ ဝါ၊ ကိန်းသေမြဲခြင်းဖြင့်၎င်း၊ စုရုံးပေါင်းစပ်ခြင်းဖြင့်၎င်း၊ ပင်ကိုသဘောဖြင့်၎င်း လူ နတ် ငှက် စသော အထူးထူးအပြားပြားကွဲပြားသည်၏ အဖြစ်သို့ ရောက်ကုန်၏" ဟူ၍သော်၎င်း မှားယွင်းစွာ ကြံဆယူ၏။

(မှားယွင်းစွာ ကြံစည်သော) ထိုသူသည် အဝိဇ္ဇာက ဉာဏ်အမြင်ကန်းအောင်ပြုလုပ်အပ်သည်ဖြစ်၍ဤဆိုခဲ့သည်အတိုင်းမှားယွင်းစွာကြံစည်လျက် [၅] ဥပမာအားဖြင့် မျက်မမြင်ဒုက္ခိတသည် မြေပြင်၌ လှည့်လည်သွားလာလတ်

---

ပြောင်းလဲလျက်ရှိ၏၊ ထိုနာမ်ရုပ် အစဉ်ထဲမှာပင် အကြောင်းညီညွတ်သောအခါ ထိုကံ၏ အကျိုး နာမ်ရုပ် အသစ် ဖြစ်ပေါ်လာသည်၊ ထိုသို့ အကျိုးတရားအသစ် ဖြစ်ပေါ်လာသည်ကိုပင် ပုဂ္ဂိုလ်က အကျိုးကို ခံစားသည်ဟု လောကဝေါဟာရအားဖြင့် ပြောရသည်၊ သို့သော် ခံစားတတ်သော ပုဂ္ဂိုလ် သတ္တဝါ အတ္တကောင်ကား စင်စစ်အားဖြင့် မရှိ၊ နာမ်ရုပ်အစဉ်မျှသာ ရှိသည်" ဟုပြဆိုလျက် ရှိသည်။ ထို့ကြောင့် ဗုဒ္ဓတရားတော်နှင့် မတူပါ။

၁-ကိုယ်ကို....ကောင်းစွာတည်ထားကုန်လျက်....ပြည့်စုံစေကုန်၏–ဟု စပ်ပါ။

၂-ဤစကားဖြင့် သဠာယတန ဖြစ်သည်ကို ပြ၏။

၃-ဤစကားဖြင့် ကမ္မဘဝ ဖြစ်သည်ကို ပြ၏။

၄-ဟူ၍သော်၎င်း... မှားယွင်းစွာ ကြံဆယူ၏-ဟု စပ်ပါ။

၅-ကြံစည်လျက်....ထို့အတူပင်....အားထုတ်ပြုလုပ်၏-ဟု စပ်ပါ။

http://www.dhammadownload.com



သော် လမ်းကောင်းလမ်းမှန်သို့ိုင်း၊ လမ်းမဟုတ်သော လမ်းမှားသို့ိုင်း၊ ကုန်းမြင့်သို့ိုင်း၊ ကျင်းချိုင့်သို့ိုင်း၊ ညီညွတ်ရာသို့ိုင်း၊ မညီညွတ်ရာသို့ိုင်း၊ ကပ်ရောက်သွားသကဲ့သို့ ထိုအတူပင် ပုညာဘိသင်္ခါရကိုိုင်း၊ အပုညာဘိသင်္ခါရကိုိုင်း၊ အာနေဥ္စာဘိသင်္ခါရကိုိုင်း အားထုတ်ပြုလုပ်၏-ဟုသိအပ်ပေသည်။

ထို့ကြောင့်-[၁]

[၁၇၇] "ဥပမာဖြင့် ပြရလျှင်-ရှေ့သွား ခရီးလမ်းညွှန်ကင်းသော ဝမ်းတွင်းကန်း မျက်မမြင် ဖြစ်သော သူသည် တရံတခါ လမ်းကောင်း လမ်းမှန်ဖြင့်သွား၍ တရံတခါ လမ်းမဟုတ်သောလမ်းဆိုးလမ်းမှားဖြင့်လည်း သွားသကဲ့သို့၊

ထို့အတူ ခရီးညွှန် လမ်းပြ ဆုံးမသူ မရှိသော မလိမ္မာသော သူသည် သံသရာ၌ ကျင်လည်လတ်သော် တရံတခါ ကောင်းမှုကိုပြု၏၊ တရံတခါ မကောင်းမှုကိုလည်းပြု၏။

အကြင်အခါ၌မူ ထိုမလိမ္မာသော သူသည် ဒေသနာတရားတော်ကို သိ၍ သစ္စာ ၄-ပါးတို့ကို သိလတ့်၊ ဝါ၊ နိဗ္ဗာန်တရားကို (မဂ်ဉာဏ်ဖြင့်) သိလျက် (ကြွင်း)သစ္စာတို့ကို (ကိစ္စပြီးသောအားဖြင့်)သိလတ့်၊ ထိုသို့ သိသောအခါ၌ (ထိုသူသည်) အဝိဇ္ဇာငြိမ်းခြင်းကြောင့် (ကိလေသာ ဆင်းရဲခပ်သိမ်း) ငြိမ်းသည်ဖြစ်၍ သွားလာ နေထိုင်ရပေလတ့်" ဟူသော ဤစကားကိုဆိုအပ်ပေ၏။

ဤဆိုခဲ့သော စကားသည် အဝိဇ္ဇာပစ္စယာ သင်္ခါရာ-ဟူသော ပုဒ်၌ အကျယ် ပြဆိုသော စကားပေတည်း။

## သင်္ခါရပစ္စယာဝိညာဏ်ပုဒ်၌ အကျယ်ပြဆိုချက်

၆၂၀။ သင်္ခါရပစ္စယာ ဝိညာဏံ - ဟူသော ပုဒ်၌ ဝိညာဏ်-ဟူသည်ကား စက္ခုဝိညာဏ် အစရှိသော ၆-ပါးအပြားရှိသော ဝိညာဏ်ပေတည်း။ ထို၆-ပါးတို့တွင် စက္ခုဝိညာဏ်သည် ကုသလဝိပါက် (ကုသိုလ်၏အကျိုး) အကုသလဝိပါက် (အကုသိုလ်၏အကျိုး) ဟူ၍ ၂-ပါးအပြားရှိ၏။ သောတ

---

၁-ထို့ကြောင့်....ဤစကားကို ဆိုအပ်ပေ၏-ဟု စပ်ပါ။

http://www.dhammadownload.com



ဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် တို့သည်လည်း ထိုအတူ ၂-ပါးစီ အပြား ရှိကုန်၏။ မနောဝိညာဏ်သည် [၁] ကုသလဝိပါက် အကုသလဝိပါက် ဖြစ်သော (သမ္ပဋိစ္ဆိုန်းဒွေခေါ်) မနောဓာတ် ၂-ပါး၊ (သန္တီရဏ သုံးခု ဟူသော) အဟိတ် မနော ဝိညာဏဓာတ် ၃-ပါး၊ သဟိတ်-ကာမာဝစရ ဝိပါက်စိတ် ရှစ်ပါး၊ ရူပါဝစရ ဝိပါက်စိတ် ၅-ပါး၊ အရူပါဝစရ ဝိပါက်စိတ် ၄-ပါး -ဤသို့အားဖြင့် ၂၂-ပါးအပြားရှိ၏ [၂]။ ဤသို့လျှင် ဤဆိုခဲ့သော ၆-ပါးသော ဝိညာဏ်တို့ဖြင့် အလုံးစုံလည်း ဖြစ်ကုန်သော ၃၂-ပါးသော လောကီဝိပါက် ဝိညာဏ်တို့ကို သိမ်းယူအပ်ပြီး ဖြစ်ကုန်၏။ လောကုတ္တရာ ဝိပါက်တို့ကိုမူ ဝဋ်ကို ပြရာစကား၌ မသင့်လျော်ကြသောကြောင့် မယူအပ်ကုန်။

(သင်္ခါရကြောင့် ဝိညာဏ် ဖြစ်သည်ဟူသော) ထိုစကားရပ်၌ "ဆိုအပ်ပြီးသော (၃၂-ပါး) အပြားရှိသော ဝိညာဏ်သည် သင်္ခါရဟူသောအကြောင်းကြောင့် ဖြစ်သည်-ဟူသော ဤသဘောကို အဘယ်သို့ သိအပ်ပါသနည်း" ဟူသော စောဒနာ ဖြစ်ရာ၏။ (အဖြေကား) ဆည်းပူးအပ်ပြီးသော ကံမရှိ-လတ်သော် ဝိပါက်၏ မရှိခြင်း-မဖြစ်ခြင်းကြောင့် (သိအပ်ပေသည်)။ မှန်ပေ၏၊ ဤ၃၂-ပါးသော ဝိညာဏ်သည် ဝိပါက် (အကျိုး)ပေတည်း၊ ဝိပါက်ဝိညာဏ်အကျိုးတရားသည်လည်း ဆည်းပူးအပ်ပြီးသော ကံမရှိလျှင် မဖြစ်တတ်ပေ။ အကယ်၍ (ကံမရှိပဲ) ဖြစ်နိုင်ငြားအံ့၊ (သို့ဖြစ်လျှင်) အလုံးစုံသော သတ္တဝါတို့အား အလုံးစုံသော ဝိပါက် ဝိညာဏ်တို့ ဖြစ်ကုန်ရာ၏။ ထိုသို့ကား မဖြစ်ကြကုန်၊ ထို့ကြောင့် "သင်္ခါရ ဟူသော အကြောင်းကြောင့် ဤဝိညာဏ် ဖြစ်သည်"ဟူသော ဤသဘောကို သိအပ်ပေသည်။

အဘယ် သင်္ခါရဟူသော အကြောင်းကြောင့် အဘယ်ဝိညာဏ် ဖြစ်ပါသနည်း ? ဟု မေးငြားအံ့၊ ရှေးဦးစွာ (ပြ ရန်မှာ) ကာမာဝစရ ပုညာဘိသင်္ခါရ ဟူသော အကြောင်းကြောင့် [၃] ကုသလဝိပါက် ဖြစ်ကုန်သော စက္ခု

---

၁-မနောဝိညာဏ်သည်....၂၂-ပါး အပြားရှိ၏-ဟု စပ်ပါ။

၂-ဤဝါကျ၌ သရုပ်ပြစကားများကို နိဿယနည်းမပြန်ပဲ သိလွယ်အောင် မြန်မာစကားပြေ တိုတို့နှင့် ရှင်းရှင်း ပြန်ထားသည်၊ နောက်၌လည်း ဤသို့သော စကားများကို ဤနည်းဖြင့် ပြန်သင့်ရာ၌ ဤနည်းပင် ပြန်သွားမည်။

၃-အကြောင်းကြောင့် .. ၁၆-ပါးသော ဝိညာဏ်တို့သည် ဖြစ်ကုန်၏-ဟု စပ်ပါ။

http://www.dhammadownload.com



ဝိညာဏ် အစရှိကုန်သော ဝိညာဏ် ၅-ပါး၊ မနောဝိညာဏ်တွင်၊ ဝါ၊ မနော-ဝိညာဏ်ထဲမှ (သမ္ပဋိစ္ဆိုန်းခေါ်) မနောဓာတ် ၁-ပါး၊ (သန္တီရဏခေါ်)မနော-ဝိညာဏဓာတ် ၂-ပါး၊ ကာမာဝစရ မဟာဝိပါက်စိတ် ၈-ပါး ဟူသော ၁၆-ပါးသော ဝိညာဏ်တို့သည် ဖြစ်ကုန်၏။ (မြတ်စွာဘုရား)ဟောတော်မူပုံကား —

"ကာမာဝစရ ကုသိုလ်ကံကို ပြုအပ်ပြီးသောကြောင့် ဆည်းပူးအပ်ပြီးသောကြောင့် ဝိပါက် (အကျိုး) ဖြစ်သော စက္ခုဝိညာဏ်သည် ဖြစ်ပေါ်၏(၁)၊ — သောတဝိညာဏ်သည် ဖြစ်ပေါ်၏(၂)၊ —— ဃာနဝိညာဏ်သည် ဖြစ်ပေါ်၏ (၃)၊ —— ဇိဝှါဝိညာဏ်သည်ဖြစ်ပေါ်၏ (၄)၊ —— [၁၇၈]၊ ကာယဝိညာဏ်သည် ဖြစ်ပေါ်၏ (၅)၊ —— ဝိပါက်ဖြစ်သော မနောဓာတ်သည် ဖြစ်ပေါ်၏ (၁၆)၊ —— သောမနဿသဟဂုတ် (ရွှင်လန်းဝမ်းသာမှုနှင့် တကွဖြစ်သော) မနောဝိညာဏဓာတ်သည် ဖြစ်ပေါ်၏ (၁၇)၊ ——ဥပေက္ခာသဟဂုတ် (မရွှင်မညှိုး အညီအမျှ ခံစားမှုနှင့် တကွ ဖြစ်သော) မနောဝိညာဏဓာတ်သည် ဖြစ်ပေါ်၏ (၁၈)၊ —— သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် (ဉာဏ်နှင့် ယှဉ်သော) မနောဝိညာဏ ဓာတ်သည် ဖြစ်ပေါ်၏[၁] (၁၉)၊ —— သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မနောဝိညာဏဓာတ်သည် သသင်္ခါရ (တိုက်တွန်းခြင်း ရှိသော အကြောင်းအပေါင်း)ကြောင့် ဖြစ်ပေါ်၏[၂] (၂၊ ၁၀)၊ —— သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ် (ဉာဏ်နှင့် မယှဉ်သော) မနောဝိညာဏဓာတ်သည် ဖြစ်ပေါ်၏ (၃၊၁၁)၊ —— သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် မနောဝိညာဏဓာတ်သည် သသင်္ခါရကြောင့် ဖြစ်ပေါ်၏(၄၊၁၂)၊—— ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် မနောဝိညာဏ ဓာတ်သည် ဖြစ်ပေါ်၏ (၅၊၁၃)၊ —— ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် မနောဝိညာဏဓာတ်သည် သသင်္ခါရကြောင့် ဖြစ်ပေါ်၏ (၆၊၁၄)၊ —— ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် မနောဝိညာဏဓာတ်သည် ဖြစ်ပေါ်၏

---

၁-ဤစကားဖြင့် တိုက်တွန်းခြင်းမရှိသော အသင်္ခါရိကစိတ်ကိုပြ၏။ နောက်၌လည်း နည်းတူပင်။

၂-ဤစကားဖြင့် တိုက်တွန်းခြင်းရှိသော သသင်္ခါရိကစိတ်ကိုပြ၏။ နောက်၌လည်း နည်းတူပင်။

http://www.dhammadownload.com



(၇၁၇)၊ --- ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် မနောဝိညာဏ ဓာတ်သည် သသင်္ခါရကြောင့် ဖြစ်ပေ၏ (၈၁၆)”ဟူ၍ ပင်တည်း [၁]။

ထိုမှတပါး ရူပါဝစရ ပုညာဘိသင်္ခါရ ဟူသော အကြောင်းကြောင့် ၅-ပါး သော ရူပါဝစရဝိပါက်ဝိညာဏ်တို့သည် ဖြစ်ကုန်၏။ (မြတ်စွာဘုရား)ဟော တော်မူပုံကား—

“ထိုဆိုခဲ့သော ရူပါဝစရ ကုသိုလ်ကံကိုပင်လျှင် ပြုအပ်ပြီးသော ကြောင့် ဆည်းပူးအပ်ပြီးသောကြောင့် ဝိပါက်ဖြစ်သော၊ လိုချင်ဖွယ် ဝတ္ထုကာမနှင့် လိုချင်တတ်သော ကိလေသကာမတို့မှ ကင်းဆိတ်၍ သာလျှင် ပဌမစျာန်သို့ ရောက်လျက် နေ၏(၁)၊....ဒုတိယစျာန်သို့.... (၂)၊....တတိယစျာန်သို့....(၃)၊....စတုတ္ထစျာန်သို့....(၄)၊....ပဉ္စမစျာန် သို့ ရောက်လျက် နေ၏(၅)”ဟူ၍ပင်တည်း။ [၂]

ဤဆိုခဲ့သည့်အတိုင်း ပုညာဘိသင်္ခါရဟူသော အကြောင်းကြောင့်၂၁-ပါး အပြားရှိသော ဝိညာဏ်သည် ဖြစ်၏။

ထိုမှတပါး အပုညာဘိသင်္ခါရ ဟူသော အကြောင်းကြောင့် အကုသလ- ဝိပါက် ဖြစ်ကုန်သော စက္ခုဝိညာဏ် အစရှိကုန်သော ဝိညာဏ် ၅-ပါး၊ မနော ဓာတ် ၁-ပါး၊ မနောဝိညာဏဓာတ် ၁-ပါး ဟူသော ၇-ပါး အပြားရှိသော ဝိညာဏ်သည် ဖြစ်၏။ (မြတ်စွာဘုရား)ဟောတော်မူပုံကား—

“အကုသိုလ်ကံကို ပြုအပ်ပြီးသောကြောင့် ဆည်းပူးအပ်ပြီးသော ကြောင့် ဝိပါက်ဖြစ်သော စက္ခုဝိညာဏ်သည် ဖြစ်ပေ၏(၁)၊....

---

၁-ဓမ္မသင်္ဂဏီပါဠိ နှာ ၁၀၄၊ ၁၀၆-စသည်၌ဝှင်း၊ မြန်မာပြန် ၁၆၆၊ ၁၆၉-စသည် ၌ဝှင်း ရှိသည်။ အဘိဓမ္မာပါဠိကို ဤ၌ အကျဉ်းမျှသာပြထားသောကြောင့် အကျယ်ကို ကြည့်လိုလျှင် အလွယ်တကူ ကြည့်နိုင်ရန် ညွှန်ကြားသည်။ သုတ်ပါဠိများမှာ ကျမ်းရင်း၌ ကြည့်သော်လည်း အကျယ်မရှိသောကြောင့် မညွှန်ကြားပေ။ သို့သော် ကြည့်လိုလျှင် ဝိသုဒ္ဓိမဂ်စာကိုယ်၌ ညွှန်ကြား ချက်ဖြင့် သိနိုင်၏။

၂-ဤဝိသေသနပုဒ်ကို ပဌမစျာန်သို့-စသော ပုဒ်များနှင့် စပ်ပါ။

၃-ဓမ္မသင်္ဂဏီ ၁၁၆၊ မြန်မာ ၁၈၃-၌ ရှိသည်။

http://www.dhammadownload.com



သောတ-(၂)၊ ....ဃာန-(၃)၊ ....ဇိဝှါ-(၄)၊ ....ကာယဝိညာဏ်သည် ဖြစ်ပေါ်၏ (၅)၊....ဝိပါက် ဖြစ်သော မနောဓာတ်သည် ဖြစ်ပေါ်၏ (၁၆)၊....ဝိပါက် မနောဝိညာဏဓာတ်သည် ဖြစ်ပေါ်၏(၁၇)" ဟူ၍ ပင်တည်း။[၁]

ထိုမှတပါး အာနေဉ္စာဘိသင်္ခါရ ဟူသော အကြောင်းကြောင့် ၄-ပါးသော အရူပဝိပါက် ဝိညာဏ်တို့သည် ဖြစ်ကုန်၏။ (မြတ်စွာဘုရား) ဟောတော်မူပုံကား....

"ထိုဆိုခဲ့သော အရူပါဝစရ ကုသိုလ်ကံကိုပင်လျှင် ပွားအပ်ပြီးသောကြောင့် ဆည်းပူးအပ်ပြီးသောကြောင့် ဝိပါက် ဖြစ်သော[၂] အချင်းခပ်သိမ်း၊ ဝါ၊ အလုံးစုံကုန်သော ရူပသညာတို့ကို ကျော်လွန်ခြင်း-ပယ်ခြင်းကြောင့် အာကာသာနဉ္စာယတနသညာနှင့်တကွ ဖြစ်သော....

စတုတ္ထဈာန်သို့ရောက်လျက်နေ၏(၁)၊ ....ဝိညာဏဉ္စာယတနသညာနှင့် တကွ ဖြစ်သော.... (၂) ၊....အာကိဉ္စညာယတနသညာနှင့် တကွ ဖြစ်သော.... (၃)၊ ....နေဝသညာနာသညာယတန သညာနှင့် တကွ ဖြစ်သော[၂] သုခနှင့်ဒုက္ခကို ပယ်ခြင်းကြောင့် စတုတ္ထဈာန်သို့ ရောက်လျက်နေ၏(၄)"ဟူ၍ပင်တည်း။[၃]

[၁၇၉] ၆၂၁။ ဤဆိုခဲ့သည့်အတိုင်း သင်္ခါရဟူသော အကြောင်းကြောင့် ဖြစ်သော ဝိညာဏ်ကို သိနားလည်ပြီးလျှင် ယခုအခါ၌ ထိုဝိညာဏ်၏ ဤဆိုလတံ့သော ဖြစ်ပုံကို သိအပ်၏။ ဖြစ်ပုံကား-(၃၂-ပါးသော) ဤဝိညာဏ် အလုံးစုံသည်လည်း ပဝတ္တိ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် နှစ်မျိုး နှစ်ထွေ ဖြစ်၏။ ထိုတွင် ဒွေပဉ္စဝိညာဏ်(၁၀)၊ မနောဓာတ် ၂-ပါး၊ သောမနဿသဟဂုတ် အဟိတ် မနောဝိညာဏဓာတ် (၁-ပါး)ဟူသော ဤ ၁၃-ပါးသော ဝိညာဏ်တို့သည် ပဉ္စဝေါကာရဘုံ၌[၄] ပဝတ္တိကာလ၌သာလျှင်ဖြစ်ကုန်၏။ ကြွင်းသော

---

၁-ဓမ္မသင်္ဂဏီ ၁၃၆-စသည်၊ မြန်မာ ၂၁၂-စသည်၌ ရှိသည်။

၂-ဤဝိသေသနများကို စတုတ္ထဈာန်သို့-ပုဒ်တို့နှင့် စပ်ပါ။

၃-ဓမ္မသင်္ဂဏီ ၁၃၇၊ မြန်မာ ၁၀၄-၌ ရှိသည်။

၄-ပဉ္စ-ငါးပါး+ဝေါကာရ-ခန္ဓာ=ခန္ဓာငါးပါးရှိသော ကာမ ၁၁-ဘုံ ရူပ ၁၅-ဘုံ ဤ ၂၆-ဘုံကို ပဉ္စဝေါကာရဘုံ-ဟု ခေါ်သည်။

http://www.dhammadownload.com



၁၉-ပါးသော ဝိညာဏ်တို့သည် သုံးပါးသော ဘဝတို့၌ ထိုက်သည်အားလျော်စွာ ပဝတ္တိကာလ၌ရှင်း၊ ပဋိသန္ဓေကာလ၌ရှင်း ဖြစ်ကုန်၏။

အဘယ်သို့နည်းဟူမူ? ရှေးဦးစွာ (ပြရန်မှာ) ကုသလဝိပါက်စက္ခုဝိညာဏ် အစရှိကုန်သော ငါးပါးသော ဝိညာဏ်တို့သည်[၁] ကုသလဝိပါက်ဖြင့်ဖြစ်စေ၊ အကုသလဝိပါက်ဖြင့်ဖြစ်စေ (ပဋိသန္ဓေအားဖြင့်) ဖြစ်ပြီးသော သူအား အစဉ်အတိုင်း ရင့်ကျက်ခြင်းသို့ ရောက်သော (စက္ခုစသော) ဣန္ဒြေရှိလတ်သော် စက္ခုပသာဒ စသည်တို့အား ထင်ခြင်းသို့ရောက်သော ဣဋ္ဌသော်ရှင်း, ဣဋ္ဌမဇ္ဈတ္တသော်ရှင်း ဖြစ်သော[၂] အဆင်းအစရှိသော အာရုံကို အာရုံပြု၍ စက္ခုအစရှိသော ပသာဒရုပ်ကို မှီ၍ မြင်ခြင်းကိစ္စ, ကြားခြင်းကိစ္စ, နံခြင်းကိစ္စ, လျက်ခြင်း(စားခြင်း)ကိစ္စ, ထိခြင်းကိစ္စကို ပြီးစေကုန်လျက် ဖြစ်ကုန်၏။ အကုသလဝိပါက် စက္ခုဝိညာဏ်အစရှိကုန်သော ငါးပါးသောဝိညာဏ်တို့သည်လည်း ထို့အတူပင် ဖြစ်ကုန်၏။ အထူးကား ထိုအကုသလဝိပါက် ဝိညာဏ်တို့၏ အာရုံသည် အနိဋ္ဌသော်ရှင်း, အနိဋ္ဌမဇ္ဈတ္တသော်ရှင်း သက်သက်[၃] ဖြစ်၏၊ ဤမျှသာလျှင်ထူးပေသည်။ ဆက်ဦးအံ့၊ ဤဝိညာဏ်၁၀-ပါးတို့သည်[၄] ကိန်းသေ

---

၁-ငါးပါးသောဝိညာဏ်တို့သည်....အဆင်းအစရှိသော အာရုံကို အာရုံပြု၍ စက္ခုအစရှိသော ပသာဒရုပ်ကို မှီ၍....ပြီးစေကုန်လျက် ဖြစ်ကုန်၏-ဟု စပ်ပါ။

၂-အလွန်ကောင်းမြတ်၍ အလွန် အလိုရှိအပ်သောအာရုံကို ဣဋ္ဌ-ဟု ဆိုသည်၊ အတိဣဋ္ဌာရုံ-ဟုလည်း ခေါ်ရ၏။ အလိုရှိအပ်ကာမျှ သာမန်အာရုံကို ဣဋ္ဌမဇ္ဈတ္တ-ဟု ဆိုသည်၊ ဣဋ္ဌာရုံဟုလည်း ခေါ်ရ၏။

၃-ကုသလဝိပါက်ဝိညာဏ်တို့၏ အာရုံနှင့် မရောပဲ သက်သက်-သီးခြား ဖြစ်သည်၊ ဤအာရုံမျှသာ ထူးခြားသည်ဟု ဆိုလို၏။

၄-ဒသပိ-ကို အတိအကျ ပြန်လျှင် ဆယ်ပါးတို့သည်လည်း-ဟု ပြန်ရ၏၊ ထို၌ အပိ-လည်း-ဟူသော စကားဖြင့် ၉-ပါး ရှစ်ပါး စသောအစိတ်ကို ပေါင်းဆည်း၏။ မြန်မာ၌ကား ၁၀-ပါးဟု ဆိုရုံမျှဖြင့်ပင် အပေါင်းရော အစိတ်ပါ အလုံးစုံကို ယူနိုင်၏။ ထို့ကြောင့် အပိ-၏အနက် "လည်း" ဟူသောစကားဖြင့် အနက်အဓိပ္ပါယ်မထူးခြားသည့်ပြင် ပါဠိနည်းကို မသိသူများမှာ ဘာကိုဆိုလိုသနည်းဟု စဉ်းစားဖွယ်ရှိ၏။ သို့ဖြစ်၍ ဤ၌ ထိုအပိ-ကို မပြန်ပဲ ချန်ထားသည်။ နောက်၌လည်း အကျိုးမများလောက်ရာ၌ ဤနည်းပင် ပြန်သွားမည်။

http://www.dhammadownload.com



မြဲသောဒွါရ အာရုံ ဝတ္ထု ဌာနလည်းရှိကုန်၏၊ ကိစ္စကိန်းသေမြဲသောကိစ္စရှိကြသည်သာလျှင်လည်း ဖြစ်ကုန်၏။ [၁]

ထိုနောင် ကုသလဝိပါက် စက္ခုဝိညာဏ်စသည်တို့၏ အခြားမဲ့၌ ကုသလဝိပါက် မနောဓာတ်(သမ္ပဋိစ္ဆိုန်း)သည် ထိုစက္ခုဝိညာဏ်စသည်တို့၏ပင်လျှင် အာရုံကို (လက်ခံသောအားဖြင့်)အာရုံပြု၍ ဟဒယဝတ္ထုကိုမှီ၍ သမ္ပဋိစ္ဆိုန်း (လက်ခံခြင်း)ကိစ္စကို ပြီးစေလျက် ဖြစ်၏။ အကုသလဝိပါက် ဝိညာဏ်တို့၏ အကုသလဝိပါက် မနောဓာတ်သည် ထို့အတူပင် ဖြစ်၏။ ဆက်ဦးအံ့၊ ဤမနောဓာတ် ၂-ပါးသည်ကား မမြဲသော ဒွါရအာရုံရှိ၏၊ မြဲသောဝတ္ထုဌာနရှိ၏၊ မြဲသောကိစ္စလည်းရှိ၏။ [၂]

ထိုမှတပါး သောမနဿသဟဂုတ် အဟိတ်မနောဝိညာဏဓာတ်သည် ကုသလဝိပါက် မနောဓာတ်၏အခြားမဲ့၌ ထိုမနောဓာတ်၏ပင်လျှင် အာရုံကို အာရုံပြု၍ ဟဒယဝတ္ထုကို မှီ၍ သန္တီရဏ(စုံစမ်းခြင်း) ကိစ္စကို ပြီးစေလျက်ရင်း [၃]၊ ၆-ဒွါရတို့၌ အားကြီးသောအာရုံ၌ ကာမာဝစရသတ္တဝါတို့အား များသောအားဖြင့်[၄] လောဘနှင့်ယှဉ်သော ဇော၏အဆုံး၌ [၅] ဘဝင်အစဉ်ကိုဖြတ်၍

---

၁-စက္ခုဝိညာဏ်သည် စက္ခုဒွါရ၌သာ ဖြစ်၏၊ အဆင်းကိုသာ အာရုံပြု၏၊ စက္ခုဝတ္ထုကိုသာ မှီ၏၊ အာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းတို့၏ အကြားဌာန၌သာ ဖြစ်၏၊ ဒဿန-မြင်ခြင်းကိစ္စသာ ရှိ၏၊ အခြားဒွါရ စသည်တို့နှင့် မဆိုင်။ ထို့အတူ သောတဝိညာဏ် စသည်တို့သည်လည်း သောတဒွါရ စသည်တို့နှင့်သာ အသီးအသီး သက်ဆိုင်ကုန်၏၊ အခြားဒွါရ စသည်တို့နှင့် မသက်ဆိုင်ကုန်၊ ဤသို့ ကိန်းသေမြဲပေသည်။

၂-မနောဓာတ်ခေါ် သမ္ပဋိစ္ဆိုန်းစိတ် ၂-ခုသည် ရံခါ စက္ခုဒွါရ၌ဖြစ်၍ အဆင်းကို အာရုံပြု၏၊ ရံခါ သောတ, ဃာန, ဇိဝှါ, ကာယဒွါရတို့၌ ဖြစ်၍ အသံ, အနံ့, အရသာ, အတွေ့ တို့ကို အာရုံပြု၏၊ ထို့ကြောင့် မမြဲသော ဒွါရအာရုံ ရှိ၏။ ထို့ပြင် ရှေးစိတ်နှင့်အတူ ဖြစ်ခဲ့သော ဟဒယဝတ္ထုကို မှီ၏၊ ပဉ္စဝိညာဏ်နှင့် သန္တီရဏတို့၏ အကြားဌာန၌သာ ဖြစ်၏၊ လက်ခံခြင်း သမ္ပဋိစ္ဆိုန်းကိစ္စသာ ရှိ၏၊ ထို့ကြောင့် မြဲသောဝတ္ထုဌာနကိစ္စ ရှိပေသည်။ နောက်၌လည်း မြဲပုံ မမြဲပုံကို နည်းမှီး၍ ယူရာ၏။

၃-ပြီးစေလျက်ရင်း....ဖြစ်၏-ဟု စပ်ပါ။

၄-၅-များသောအားဖြင့်...ဇော၏ အဆုံး၌....ဖြစ်၏-ဟု စပ်ပါ။ ဤတဒါရုံသည် အများအားဖြင့် လောဘဇော၏အဆုံး၌ ဖြစ်တတ်သည်၊ တနည်းအားဖြင့်မူ

http://www.dhammadownload.com



ဇောသည် ယူအပ်ပြီးသောအာရုံ၌ တဒါရုံ၏အစွမ်းအားဖြင့်ရင်း တကြိမ်သော်ရင်း, ၂-ကြိမ်သော်ရင်း ဖြစ်၏ဟူ၍ မဇ္ဈိမအဋ္ဌကထာ၌ ဆို(အပ်)၏။ အဘိဓမ္မာအဋ္ဌကထာ၌ကား တဒါရုံ(အရာ)၌ ၂-ခုသော စိတ်အကြိမ်တို့သည် လာကုန်၏။ ဤစိတ်သည်ကား တဒါရုံဟူ၍ရင်း, ပိဋ္ဌိဘဝင် ဟူ၍ရင်း ဤသို့အားဖြင့် ၂-ပါးသော အမည်တို့ကို ရ၏။ မမြဲသောဒွါရ အာရုံရှိ၏၊ မြဲသော ဝတ္ထုရှိ၏၊ မမြဲသောဌာနနှင့် ကိစ္စလည်းရှိ၏၊ ဤဆိုခဲ့သည့်အတိုင်း ရှေးဦးစွာ ၁၃-ပါးသော ဝိညာဏ်တို့သည် ပဉ္စဝေါကာရဘုံ၌ ပဝတ္တိကာလ၌ သာလျှင် ဖြစ်ကုန်၏ဟူ၍ သိအပ်(ကုန်)၏။

[၁၀၀] ကြွင်းသော ၁၉-ပါးသော (ဝိပါက်) ဝိညာဏ်တို့တွင် မိမိအားလျော်သော ပဋိသန္ဓေဖြင့် မဖြစ်သော ဝိညာဏ်မည်သည် တစုံတခုမျှ မရှိ။ ပဝတ္တိကာလ၌ကား ရှေးဦးစွာ(ပြရန်မှာ) ကုသလဝိပါက် အကုသလဝိပါက် ဖြစ်ကုန်သော ၂-ပါးသော(ဥပေက္ခာသဟဂုတ် သန္တီရဏဟူသော) အဟိတ်မနော ဝိညာဏဓာတ်တို့သည်[၁] ပဉ္စဒွါရ၌ ကုသလဝိပါက် အကုသလဝိပါက်မနောဓာတ်တို့၏ အခြားမဲ့၌ သန္တီရဏကိစ္စကိုရင်း၊ ၆-ဒွါရတို့၌ ရှေး၌ ဆိုအပ်ခဲ့သောနည်းဖြင့်ပင်လျှင် တဒါရုံကိစ္စကိုရင်း၊ မိမိသည် ယူအပ်သောပဋိသန္ဓေမှ နောက်ကာလ၌[၂] ဘဝင်ကို ဖြတ်တတ်သော ဝီထိစိတ်တို့၏ ဖြစ်ခြင်း မရှိလတ်

---

အခြားသော ဒေါသဇော, မောဟဇော, ကာမကုသိုလ်ဇော, ကြိယာဇောတို့၏ အဆုံး၌လည်း ဖြစ်တတ်သေးသည်-ဟု ဆိုလိုဟန် ရှိ၏။ သို့သော် မူလဋီကာ၌ "ဇောဖြင့် တဒါရုံကို မှတ်ရာ၌ သောမနဿဇော၏ အခြားမဲ့၌ သောမနဿတဒါရုံကို ဆိုထားသောကြောင့် သောမနဿသဟဂုတ် (လောဘဇော)တို့ကိုသာ ရည်၍ ဆိုသည်-ဟု သိအပ်၏။ များသောအားဖြင့်-ဟု ဆိုခြင်း၏အကြောင်းမှာ တိဟိတ်ဇော၏ အဆုံး၌လည်း တခါတရံ အဟိတ်တဒါရုံ ဖြစ်တတ်သောကြောင့်ပင်"ဟု ဖွင့်ပြထား၏။ ထို့ထက် ကျယ်ပြန့်စွာ သိလိုလျှင် ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ စတုတ္ထတွဲ နှာ ၇၅-၇၆-တို့၌ ကြည့်ပါ။

၁-အဟိတ် မနောဝိညာဏဓာတ်တို့သည်....၄-ပါးသောကိစ္စတို့ကို ပြီးစေကုန်လျက် ဖြစ်ကုန်၏-ဟု စပ်ပါ။

၂-နောက်ကာလ၌.. ဘဝင်ကိစ္စကိုရင်း-ဟု စပ်ပါ။

http://www.dhammadownload.com



သော် (မရှိသောအခါမျှား၌) ဘဝင်ကိစ္စကိုရင်း၊ အဆုံး၌ စုတိကိစ္စကိုရင်း၊ ဤသို့အားဖြင့် ၄-ပါးသော ကိစ္စတို့ကို ပြီးစေကုန်လျက် မြဲသောဝတ္ထုရှိကုန်သည်ရင်း၊ မမြဲသော ဒွါရ အာရုံ ဌာန ကိစ္စရှိကုန်သည်ရင်း ဖြစ်၍ ဖြစ်ကုန်၏။[၁]

ရှစ်ပါးသော ကာမာဝစရ သဟိတ်ဝိပါက်စိတ်တို့သည် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် ၆-ဒွါရတို့၌ တဒါရုံကိစ္စကိုရင်း၊ မိမိသည် ယူအပ်သော ပဋိသန္ဓေမှ နောက်ကာလ၌ ဘဝင်ကို ဖြတ်တတ်သော ဝီထိစိတ်တို့၏ ဖြစ်ခြင်း မရှိလတ်သော် ဘဝင်ကိစ္စကိုရင်း၊ အဆုံး၌ စုတိကိစ္စကိုရင်း- ဤသို့အားဖြင့် ၃-ပါးသောကိစ္စတို့ကို ပြီးစေကုန်လျက် မြဲသောဝတ္ထုရှိကုန်သည်ရင်း၊ မမြဲသော ဒွါရ အာရုံ ဌာန ကိစ္စ ရှိကုန်သည်ရင်း ဖြစ်၍ ဖြစ်ကုန်၏။

၅-ပါးသော ရူပါဝစရဝိပါက်စိတ်တို့သည်ရင်း၊ ၄-ပါးသော အရူပါဝစရ ဝိပါက်စိတ်တို့သည်ရင်း၊ မိမိသည် ယူအပ်သော ပဋိသန္ဓေမှ နောက်ကာလ၌ ဘဝင်ကို ဖြတ်တတ်သော ဝီထိစိတ်တို့၏ ဖြစ်ခြင်း မရှိလတ်သော် ဘဝင်ကိစ္စကိုရင်း၊ အဆုံး၌ စုတိကိစ္စကိုရင်း-ဤသို့ အားဖြင့် ကိစ္စ ၂-ပါးကို ပြီးစေကုန်လျက် ဖြစ်ကုန်၏။ ထိုရူပဝိပါက် အရူပဝိပါက်စိတ်တို့တွင် ရူပါဝစရဝိပါက်စိတ်တို့သည် မြဲသော ဝတ္ထု အာရုံရှိကုန်၏၊ မမြဲသော ဌာန ကိစ္စ ရှိကုန်၏။ အရူပါဝစရဝိပါက်စိတ်တို့သည်ကား အမြဲတမ်း မှီရာ ဝတ္ထုမရှိကုန်သည်ရင်း၊ မြဲသော အာရုံရှိကုန်သည်ရင်း၊ မမြဲသော ဌာန ကိစ္စ ရှိကုန်သည်ရင်း ဖြစ်၍ ဖြစ်ကုန်၏။ ဤသို့လျှင် ဤဆိုခဲ့သည့်အတိုင်း ရှေးဦးစွာ ပဝတ္တိကာလ၌ ၃၂-ပါး အပြားရှိသော ဝိပါက်ဝိညာဏ်သည် သင်္ခါရဟူသောအကြောင်းကြောင့် ဖြစ်ပေသည်။ ထိုသို့ ဖြစ်ရာ၌ (ပုညာဘိသင်္ခါရ အစရှိသော) ထိုထိုသင်္ခါရတို့သည် ထို ၃၂-ပါးသော ဝိပါက်ဝိညာဏ်အား (နာနာက္ခဏိက) ကမ္မပစ္စည်းဖြင့်ရင်း၊ ပကတူပနိဿယပစ္စည်းဖြင့်ရင်း ကျေးဇူးပြုကုန်၏။

၆၂၂။ ပဋိသန္ဓေကာလ၌ဖြစ်ပုံကား—"ကြွင်းသော ၁၉-ပါးသော ဝိပါက် ဝိညာဏ်တို့တွင် မိမိအား လျော်သောပဋိသန္ဓေဖြင့် မဖြစ်သော ဝိညာဏ်

---

၁-ဤ၌ အဖြောင့်အားဖြင့်ဆိုလျှင် "၄-ပါးသောကိစ္စတို့ကို ပြီးစေကုန်လျက် ဖြစ်ကုန်၏၊ မြဲသောဝတ္ထု ရှိကုန်၏၊ မမြဲသော ဒွါရ အာရုံ ဌာန ကိစ္စ ရှိကုန်၏" ဟု ဆို၏။

http://www.dhammadownload.com



မည်သည် တစုံတခုမျှ မရှိ”ဟု ဆိုခဲ့သောစကားသည် အလွန်ကျဉ်းသော ကြောင့် သိနားလည်ရန် ခဲယဉ်း၏၊ ထို့ကြောင့် ထိုစကား၏ အကျယ်နည်းကို ပြခြင်းအကျိုးငှါ-

“ပဋိသန္ဓေတို့သည် အဘယ်မျှရှိကုန်သနည်း ? ပဋိသန္ဓေစိတ်တို့သည် အဘယ်မျှရှိကုန်သနည်း? အဘယ်စိတ်ဖြင့် အဘယ်ဘဝ၌ပဋိသန္ဓေသည် ဖြစ်သနည်း? ပဋိသန္ဓေ၏ အာရုံသည် အဘယ်နည်း ? ဟူသော မေးခွန်း အပေါင်းကို ထုတ်ဆိုအပ်၏။

(အဖြေကား) အသညသတ်(ရုပ်)ပဋိသန္ဓေနှင့်တကွ ပဋိသန္ဓေတို့သည် ၂၀-ရှိကုန်၏၊ ပဋိသန္ဓေစိတ်တို့သည် ဆိုအပ်ခဲ့ပြီးသော အပြားရှိကုန်သော ၁၉-ပါးတို့ပင်တည်း။ ထို ၁၉-ပါးတို့တွင် အကုသလဝိပါက် အဟိတ်မနော ဝိညာဏဓာတ်ဖြင့် အပါယ် ၄-ဘုံတို့၌ ပဋိသန္ဓေသည်ဖြစ်၏။ ကုသလဝိပါက် (အဟိတ် မနောဝိညာဏဓာတ်)ဖြင့် လူ့လောက၌ ဝမ်းတွင်းကန်း, ဝမ်းတွင်း နားပင်း, ဝမ်းတွင်းရူး, ဝမ်းတွင်းအ,[၁] နပုန်း အစရှိသော သူတို့၏[၂] (ပဋိသန္ဓေသည် ဖြစ်၏)။ ရှစ်ပါးသော သဟိတ် ကာမာဝစရဝိပါက်စိတ်တို့ ဖြင့် ကာမာဝစရနတ်(ပြည် ၆-ထပ်)တို့၌၎င်း၊ လူတို့၌၎င်း ဘုန်းကံရှိသော သူတို့၏ ပဋိသန္ဓေသည် ဖြစ်၏။ ငါးပါးသော ရူပါဝစရဝိပါက်စိတ်တို့ဖြင့် ရူပ ဗြဟ္မာ့လောက၌ (ပဋိသန္ဓေသည် ဖြစ်၏)။ လေးပါးသော အရူပါဝစရဝိပါက် စိတ်တို့ဖြင့် အရူပလောက၌ (ပဋိသန္ဓေသည် ဖြစ်၏)။ ထိုမှတပါး အကြင်စိတ် ဖြင့် အကြင်ဘုံ၌ ပဋိသန္ဓေသည် [၁၈၁] ဖြစ်၏၊ ထိုဘုံ၌ ထိုပဋိသန္ဓေသည်ပင် လျှင် ထိုစိတ်အားလျော်သော ပဋိသန္ဓေမည်၏။ ထိုမှတပါး ပဋိသန္ဓေ၏အာရုံ တို့သည် အကျဉ်းအားဖြင့် အတိတ် ပစ္စုပ္ပန် နဝတ္တဗ္ဗ-မဆိုအပ်သော အာရုံဟူ၍ သုံးပါးတို့ပင်တည်း။ အသညသတ် ပဋိသန္ဓေမှာ အာရုံမရှိဟု သိအပ်၏။

---

၁-ဇစ္စန္ဓ-ပဋိသန္ဓေကန်းကို ဝမ်းတွင်းကန်းဟူ၍၎င်း၊ ဇာတိဥမ္မတ္တက-ပဋိသန္ဓေ ရူးကို ဝမ်းတွင်းရူး ဟူ၍၎င်း ပြောဆိုကြသကဲ့သို့ ဤ၌ ဇာတိဗဓိရ-ကို ဝမ်းတွင်းနားပင်း ဟူ၍၎င်း၊ ဇာတိမူဂ-ကို ဝမ်းတွင်း အ ဟူ၍၎င်း ပြန်ထားသည်။

၂-ဤ၌ အစရှိ-ဟူသော စကားဖြင့် မမွန-မမ်းစွဲသော-စကားထစ်သောသူ စသည်တို့ကို ယူသည်။ (ဋီကာ)

http://www.dhammadownload.com



ထိုပဋိသန္ဓေတို့တွင်၊ ဝါ၊ ထိုသုံးပါးသော အာရုံတို့တွင် ဝိညာဏဥ္စာယတန ပဋိသန္ဓေ, နေဝသညာနာသညာယတန ပဋိသန္ဓေတို့၏ အာရုံသည် အတိတ်သာ ဖြစ်သည်။ ဆယ်ပါးသော ကာမာဝစရ ပဋိသန္ဓေတို့၏(အာရုံသည်) အတိတ်သော်၎င်း,ပစ္စုပ္ပန်သော်၎င်း ဖြစ်သည်။ ကြွင်းသောပဋိသန္ဓေ ခုနစ်ပါးတို့၏[၁] (အာရုံသည်) (အတိတ်ဟူ၍၎င်း ပစ္စုပ္ပန်ဟူ၍၎င်း) မဆိုအပ်သော နဝတ္တဗ္ဗသာလျှင် ဖြစ်သည်။

## ပဋိသန္ဓေစိတ်ဖြစ်ပုံကို ပြဆိုချက်

ဤဆိုခဲ့သည့်အတိုင်း သုံးပါးသော အာရုံတို့၌ ဖြစ်သော ပဋိသန္ဓေသည် အတိတ်လျှင် အာရုံရှိသည်မူလည်း ဖြစ်သော နဝတ္တဗ္ဗလျှင် အာရုံရှိသည်မူလည်း ဖြစ်သော စုတိစိတ်၏ အခြားမဲ့၌သာလျှင် ဖြစ်၏၊ ပစ္စုပ္ပန်လျှင် အာရုံရှိသော စုတိစိတ် မည်သည်ကား မရှိချေ၊ ထို့ကြောင့် (အတိတ်နှင့် နဝတ္တဗ္ဗဟူသော) အာရုံ ၂-ပါးတို့တွင် တပါးပါးလျှင် အာရုံရှိသော စုတိစိတ်၏ အခြားမဲ့၌ (အတိတ် ပစ္စုပ္ပန် နဝတ္တဗ္ဗ ဟူသော)အာရုံ ၃-ပါးတို့တွင် တပါးပါး လျှင် အာရုံရှိသော ပဋိသန္ဓေ၏ သုဂတိ ဒုဂ္ဂတိတို့၏ အစွမ်းအားဖြင့် ဖြစ်ပုံ အခြင်းအရာကို သိအပ်၏။

၆၂၃။ ဖြစ်ပုံ အခြင်းအရာ အကျယ်ကား—ရှေးဦးစွာ (ပြရန်မှာ) က မာဝစရ သုဂတိဘုံ၌ တည်သော မကောင်းမှုကံ ရှိသော ပုဂ္ဂိုလ်အား[၂] “(ရှေးကပြုဘူးသော)ထိုမကောင်းမှုကံတို့သည် ထိုမကောင်းမှုကို ပြုခဲ့သော သူအား ထိုသေခါနီးဆဲဆဲကာလ၌(ညနေချမ်း၌ တောင်ရိပ်များ တွဲကျလာ ကုန်သကဲ့သို့) ကျလာ-ထင်လာကုန်၏” ဤသို့ အစရှိသည်ကို ဘုရားဟော တော်မူသောကြောင့် သေရအံ့သော ညောင်စောင်း၌ လဲလျောင်းနေစဉ်[၂] ဆည်းပူးအပ်ခဲ့တိုင်းသော မကောင်းမှုကံသည်သော်၎င်း (ထိုကံပြုစဉ်က ရခဲ့ သော အာရုံဖြစ်သော)ကမ္မနိမိတ်သည်သော်၎င်း မနောဒွါရ(ဟူသော စိတ်

---

၁-ရူပဝိပါက် ၅-ပါး နှင့် အာကာသာနဉ္စာယတနဝိပါက် အာကိဉ္စညာယတန ဝိပါက်-ဟူသော ဤ ခုနစ်ပါးကို ဆိုသည်။

၂-မကောင်းမှုကံရှိသော ပုဂ္ဂိုလ်အား.... သေရအံ့သော ညောင်စောင်း၌လဲ လျောင်းနေစဉ်.... ထင်ပေါ်လာခြင်းသို့ ရောက်၏-ဟု စပ်ပါ၊ ထင်ပေါ် လာသည်ဟူ၍ပင် ဆိုလို၏။

ထဲ)၌ ထင်ပေါ်လာခြင်းသို့ရောက်၏။ ထိုထင်ပေါ်လာသည့် ကံကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်သော တဒါရုံအဆုံးရှိသော ဇောဝီထိ၏အခြားမဲ့၌ ဘဝင်၏ အာရုံကို အာရုံပြုလျက် စုတိစိတ်သည် ဖြစ်၏။ ထိုစုတိစိတ် ချုပ်လတ်သော် ထင်ပေါ်ခြင်းသို့ရောက်သော၊ဝါ၊ထင်ပေါ်နေသော ထိုကံကိုသာလျှင်ဖြစ်စေ၊ ထိုကမ္မနိမိတ်ကိုသာလျှင် ဖြစ်စေ အာရုံပြု၍[1] မပြတ်စဲသေးသောကိလေသာ၏ အစွမ်းက အထူးညွတ်စေအပ်သော၊ဝါ၊အထူးညွတ်စေအပ်သောကြောင့်[2] ဒုဂ္ဂတိဘုံ၌ အကျုံးဝင်သော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏။ ဤသည်ကား အတိတ်လျှင် အာရုံရှိသော စုတိစိတ်၏ အခြားမဲ့၌(ဖြစ်သော)အတိတ်လျှင် အာရုံရှိသော ပဋိသန္ဓေပေတည်း။

အခြား တပါးသောပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသောအပြားရှိသော မကောင်းမှုကံ၏ အစွမ်းအားဖြင့်ငရဲစသည်တို့၌ မီးလျှံ မီးတောက်၏အဆင်းအစရှိသော ဒုဂ္ဂတိနိမိတ်သည် မနောဒွါရ၌ ထင်ပေါ်လာခြင်းသို့ ရောက်၏၊ထိုပုဂ္ဂိုလ်အား၊ ဝါ၊ ထိုပုဂ္ဂိုလ်၏ စိတ်အစဉ်သန္တာန်၌[3] ဘဝင် ၂-ကြိမ် ဖြစ်၍ ချုပ်ပြီးလတ်သော် ထိုဂတိနိမိတ်အာရုံကို အာရုံပြု၍ တကြိမ်သောအာဝဇ္ဇန်းရင်း၊ သေခြင်း၏ နီးသည်၏အဖြစ်ကြောင့်[4] နုံ့စွာဖြစ်သောအဟုန်ရှိကြသောကြောင့် ၅-ကြိမ်သော မရဏာသန္နဇောတို့ရင်း၊၂-ကြိမ်သောတဒါရုံတို့ရင်း-ဤသို့ အားဖြင့် သုံးမျိုးသော ဝီထိစိတ်တို့သည် ဖြစ်ကုန်၏။ ထို့နောင် ဘဝင်၏ အာရုံကို

---

၁-အာရုံပြု၍...ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏-ဟု စပ်ပါ။

၂-ပဋိသန္ဓေစိတ်သည်-ဟူသောပုဒ်၏ ဝိသေသန ဖြစ်သည်၊ ဤဝိသေသနသည် ဟိတ်အနက် ပါဝင်နေသောကြောင့် ဟေတုမန္တဝိသေသန မည်၏။ အရိယာမဂ်ဖြင့် မပယ်ရသေး၍ မပြတ်စဲသေး, မကင်းသေးသော အဝိဇ္ဇာ တဏှာ အစရှိသော ကိလေသာ၏ အားအစွမ်းက အထူး ညွတ်စေအပ်သောကြောင့် ပဋိသန္ဓေစိတ် ဆက်စပ်၍ ဖြစ်ပေါ်ပြန်သည်ဟု ဆိုလို၏။

၃-ထိုပုဂ္ဂိုလ်အား၊ ဝါ၊ ထိုပုဂ္ဂိုလ်၏ စိတ်အစဉ်သန္တာန်၌....သုံးမျိုးသော ဝီထိစိတ်တို့သည် ဖြစ်ကုန်၏-ဟု စပ်ပါ။

၄-ဤဟိတ်ကို နုံ့စွာဖြစ်သော နှင့်သာ စပ်ပါ၊ သေခါနီးဖြစ်သောကြောင့် ဇောတို့သည် မသန်စွမ်းကုန်၊ အားနည်းစွာ နုံ့စွာဖြစ်သော အဟုန်ရှိကုန်၏၊ ထို့ကြောင့် ပကတိကာလ၌ကဲ့သို့ ခုနစ်ကြိမ်တိုင်အောင် မဖြစ်နိုင်ကြ၊ ၅-ကြိမ်မျှသာ ဖြစ်ကြသည်ဟု ဆိုလို၏။

http://www.dhammadownload.com



အာရုံပြု၍ တကြိမ်သောစုတိစိတ်သည် ဖြစ်၏။ ဤမျှဖြင့် ၁၁-ခုသော စိတ္တက္ခဏာတို့သည်[၁] လွန်လေကုန်၏။ ထိုအခါ၌ ထိုပုဂ္ဂိုလ်အား ကြွင်းသေးသော စိတ္တက္ခဏာ ၅-ခုမျှ အသက်ရှိသော၊ ဝါ၊ စိတ္တက္ခဏာ ၅-ချက်မျှ အသက်ကြွင်းရှိသေးသော [၂] ထိုဂတိနိမိတ်အာရုံ၌ပင်လျှင် ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏။ ဤသည်ကား အတိတ်လျှင် အာရုံရှိသော စုတိ၏အခြားမဲ့၌ (ဖြစ်သော) ပစ္စုပ္ပန်လျှင် အာရုံရှိသော ပဋိသန္ဓေပေတည်း။

[၁၈၂] အခြားတပါးသော ပုဂ္ဂိုလ်အား သေခါနီးကာလ၌ (စက္ခုဒွါရအစရှိသော) ငါးပါးသောဒွါရတို့တွင် တပါးပါးသော ဒွါရ၌ ရာဂစသည်တို့၏ အကြောင်းဖြစ်သော၊ဝါ၊ရာဂစသည်တို့၏ အာရုံအကြောင်းဖြစ်သောကြောင့် ယုတ်ညံ့သော(အနိဋ္ဌ)အာရုံသည်[၃] ထင်ပေါ်လာခြင်းသို့ရောက်၏။ ထိုပုဂ္ဂိုလ်

---

၁-၁၁-ခုသော စိတ္တက္ခဏာတို့ဟူသည်မှာ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ၅-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ စုတိစိတ် ၁-ကြိမ်-ဤ ၁၁-ကြိမ်တို့ ဖြစ်သည်။

၂-ဤစိတ္တက္ခဏာ ၅-ချက် အကြွင်းနှင့် ရှေးဘဝက ၁၁-ချက်ကို ပေါင်းလိုက်လျှင် စိတ္တက္ခဏာ ၁၆-ချက်သာ ရှိသောကြောင့် ရုပ်၏အသက်သည် စိတ္တက္ခဏာ ၁၇-ချက်ရှိသည်ဟုဆိုသော စကားနှင့် မဆန့်ကျင်ပြီလော-ဟူမူ ? ဤ ၁၆-ချက်မှာ ရုပ်အာရုံ၏ ထင်ပေါ်နိုင်သော ကာလမှစ၍ တွက်ထားသော အရေအတွက် ဖြစ်သည်၊ ဖြစ်ခါစ မထင်ပေါ်နိုင်သေးသော အတီတဘဝင်ခေါ် စိတ္တက္ခဏာ ၁-ချက်ခန့် ရှိသေးသည်၊ ထို အတီတဘဝင် ခဏပါ ဆိုလျှင် စိတ္တက္ခဏာ ၁၇-ချက်ပင် ဖြစ်သောကြောင့် မဆန့်ကျင်ဟု ဋီကာဆရာတို့ မိန့်ဆိုကြ၏။

၃-ဤအာရုံသည် ဘဝသစ် ပဋိသန္ဓေ ဘဝင် စုတိ-ဟူသော အကုသလ ဝိပါက်၏ အာရုံ ဖြစ်သည်၊ အကုသလ ဝိပါက်၏ အာရုံသည် အနိဋ္ဌာရုံသာ ဖြစ်သည်၊ သေခါနီး၌ ဣဋ္ဌာရုံကမ္မနိမိတ်ကိုစွဲ၍ သေလာခဲ့သော် ပဋိသန္ဓေ အစရှိသော အကုသလ ဝိပါက်သည် ဣဋ္ဌာရုံကိုပင် အာရုံပြုရာမရောက်ပြီလော ? ဟု စောဒနာဖွယ်ရှိ၍ ဟီနံအာရမ္မဏံ·ယုတ်ညံ့သော(အနိဋ္ဌ)အာရုံသည်ဟူသော ဤစကားကို ဆိုသည်၊ ပကတိအားဖြင့် လိုချင်နှစ်သက်ဖွယ် ဣဋ္ဌာရုံပင် ဖြစ်သော်လည်း ယုတ်ညံ့သော အနိဋ္ဌာရုံသာ မည်ပါသည်ဟု ဆိုလို၏။ အဘယ့်ကြောင့်နည်း ဟူမူ? အကုသလဝိပါက်ကို ဖြစ်စေတတ်သော ရာဂစသော ယုတ်ညံ့သော ကိလေသာတို့၏ အာရုံ ဖြစ်သောကြောင့် ဖြစ်ပေ

http://www.dhammadownload.com



အား အစဉ်အတိုင်းဝုဋ္ဌောအဆုံးရှိသော ဝီထိစိတ်ဖြစ်ပြီးလတ်သော်¹ သေခြင်း၏ နီးသည်၏အဖြစ်ကြောင့် နုံ့စွာဖြစ်သော အဟုန်ရှိကြသောကြောင့် ၅-ကြိမ်သော ဇောတို့သည်၎င်း၊ ၂-ကြိမ်သော တဒါရုံတို့သည်၎င်းဖြစ်ကုန်၏။ ထို့နောင် ဘဝင်၏ အာရုံကို အာရုံပြု၍ တကြိမ်သော စုတိစိတ်သည် ဖြစ်၏။ ဤမျှဖြင့်လည်း ၂-ကြိမ်သော ဘဝင်တို့၎င်း၊ အာဝဇ္ဇန်း၎င်း၊ ဒဿနခေါ် စက္ခုဝိညာဏ်၎င်း၊ သမ္ပဋိစ္ဆိုန်း၎င်း၊ သန္တီရဏ၎င်း၊ ဝုဋ္ဌော၎င်း၊ ၅-ကြိမ်သော ဇောတို့၎င်း၊ ၂-ကြိမ်သောတဒါရုံတို့၎င်း၊ စုတိစိတ်တကြိမ်၎င်း- ဤသို့အားဖြင့် ၁၅-ခုသော စိတ္တက္ခဏတို့သည် လွန်လေကုန်၏။ ထိုအခါ၌ ထိုပုဂ္ဂိုလ်အား စိတ္တက္ခဏ တချက်မျှ အသက်ကြွင်းရှိသေးသော ထိုကမ္မနိမိတ်အာရုံ၌ပင်လျှင် ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏။ ဤသည်လည်း အတိတ်လျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌(ဖြစ်သော) ပစ္စုပ္ပန်လျှင် အာရုံရှိသော ပဋိသန္ဓေပေတည်း၊ ဤဆိုအပ်ခဲ့သော ဖြစ်ပုံသည် ရှေးဦးစွာ(ပြရန် အစဉ်ရောက်သော)အတိတ်လျှင် အာရုံရှိသော သုဂတိ စုတိ၏ အခြားမဲ့၌ အတိတ်နှင့် ပစ္စုပ္ပန်လျှင် အာရုံရှိသော ဒုဂ္ဂတိပဋိသန္ဓေ၏ ဖြစ်ပုံအခြင်းအရာပေတည်း။

၆၂၄။ ထိုမှတပါး ဒုဂ္ဂတိဘုံ၌ တည်သော ဆည်းပူးထားသည့် အပြစ်ကင်းသော ကုသိုလ်ကံရှိသော ပုဂ္ဂိုလ်အား ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်ပင်လျှင် ထိုအပြစ်ကင်းသော ကုသိုလ်ကံသည်သော်၎င်း၊ (ထိုကံကို ပြုစဉ်က ရခဲ့သော အာရုံဖြစ်သော) ကမ္မနိမိတ်သည်သော်၎င်း မနောဒွါရ၌ ထင်ပေါ်လာခြင်းသို့ ရောက်၏။ ဤသို့ အစရှိသည်ဖြင့် မည်းညစ်သောအဖို့(ကဏှပက္ခ)၌ ဖြူစင်သော အဖို့ (သုက္ကပက္ခ)ကို လဲလှယ်ထား၍ အလုံးစုံကို ရှေးနည်းဖြင့်သာလျှင် သိအပ်၏။ ဤသည်ကား အတိတ်လျှင် အာရုံရှိသော ဒုဂ္ဂတိစုတိ၏ အခြားမဲ့၌ အတိတ်နှင့် ပစ္စုပ္ပန်လျှင် အာရုံရှိသော သုဂတိပဋိသန္ဓေ၏ ဖြစ်ပုံ အခြင်းအရာပေတည်း။

---

သည်။ ဥပမာ-မွှန်မြတ်သောအစာဖြစ်စေကာမူ ခွေးပါးစပ်ထဲသို့ ရောက်နေလျှင် အယုတ်အညံ့ အနိဋ္ဌာရုံသာ ဖြစ်သကဲ့သို့ပင်တည်း။ တနည်း အပါယ် ပဋိသန္ဓေ၏ အာရုံဖြစ်သောကြောင့် အနိဋ္ဌာရုံ မည်၏။

၁-ဝီထိစိတ် ဖြစ်ပြီးလတ်သော်... ဖြစ်ကုန်၏-ဟု စပ်ပါ။

http://www.dhammadownload.com



၆၂၅။ ထိုမှတပါး သုဂတိဘုံ၌ တည်သော ဆည်းပူးထားသည့် အပြစ်ကင်းသော ကုသိုလ်ကံရှိသော ပုဂ္ဂိုလ်အား[၁] "(ရှေးက ပြုဘူးသော)ထို ကောင်းမှုကံတို့သည် ထိုကောင်းမှုကို ပြုခဲ့သောသူအား ထိုသေခါနီးဆဲဆဲကာလ၌ (ညနေချမ်း၌ တောင်ရိပ်များ တွဲကျလာကုန်သကဲ့သို့) ကျလာ ထင်လာကုန်၏" ဤသို့ အစရှိသည်ကို ဘုရားဟောတော်မူသောကြောင့် သေရအံ့သော ညောင်စောင်း၌လဲလျောင်းနေစဉ်[၂] ဆည်းပူးအပ်ခဲ့တိုင်းသော ကုသိုလ်ကံသည်သော်ငြင်း၊ (ထိုကံပြုစဉ်က ရခဲ့သော အာရုံဖြစ်သော) ကမ္မနိမိတ်သည်သော်ငြင်း မနောဒွါရ၌ ထင်ပေါ်လာခြင်းသို့ ရောက်၏၊ (ကုသိုလ်ကံသည် သော်ငြင်း ကမ္မနိမိတ်သည်သော်ငြင်း ဟု ဆိုသော) ထို အနိယမ(ကိန်းသေမဟုတ်သော) စကားကိုလည်း ဆည်းပူးထားသော ကာမာဝစရကုသိုလ်ကံရှိသူနှင့်သာ (ဆိုင်သည်ဟု သိအပ်၏)။ ဆည်းပူးထားသော မဟဂ္ဂုတ်ကံရှိသော ပုဂ္ဂိုလ်အား မူကား ကမ္မနိမိတ်သည်သာလျှင် ထင်ပေါ်လာခြင်းသို့ ရောက်၏။ ထိုထင်ပေါ်လာသော ကံ ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်သော[၃] တဒါရုံအဆုံးရှိသည်မူလည်း ဖြစ်သော တဒါရုံကင်းလျက် သက်သက်မူလည်း ဖြစ်သော[၄] ဇောဝီထိ၏အခြားမဲ့၌ ဘဝင်၏အာရုံကို အာရုံပြု၍ စုတိစိတ်သည် ဖြစ်၏။ ထိုစုတိစိတ် ချုပ်လတ်သော် ထင်ပေါ်ခဲ့သော ထိုကံကိုသာလျှင်ဖြစ်စေ၊ ထိုကမ္မနိမိတ်ကိုသာလျှင်ဖြစ်စေ အာရုံပြု၍ မပြတ်စဲသေးသော ကိလေသာ၏ အစွမ်းက အထူး ညွတ်စေအပ်သော သုဂတိဘုံ၌ အကျုံးဝင်သော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏။ ဤသည်ကား အတိတ်လျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌ အတိတ်လျှင် အာရုံရှိသည်မူလည်းဖြစ်သော နဝတ္တဗ္ဗ-(ကသိုဏ်း စသော ပညတ်)လျှင် အာရုံရှိသည်မူလည်းဖြစ်သော ပဋိသန္ဓေပေတည်း။

---

၁-၂-ဆည်းပူးထားသည့် အပြစ်ကင်းသော ကုသိုလ်ကံရှိသော ပုဂ္ဂိုလ်အား.... လဲလျောင်းနေစဉ် ထင်ပေါ်လာခြင်းသို့ ရောက်၏-ဟု စပ်ပါ။

၃-အာရုံပြု၍ ဖြစ်သော....ဇောဝီထိ၏-ဟု စပ်ပါ။

၄-တဒါရုံကင်းလျက် သက်သက်ဇောဝီထိဟူသည်မှာ မဟဂ္ဂုတ်ကမ္မနိမိတ်လျှင် အာရုံရှိသော ဇောဝီထိပင် ဖြစ်သည်၊ ယင်း ဇောဝီထိကို မဟဂ္ဂုတ်ဝိပါက်၏ ဥပစာကဲ့သို့ မှတ်အပ်၏။ (ဋီကာ)

http://www.dhammadownload.com



အခြား တပါးသော ပုဂ္ဂိုလ်အား သေခါနီးကာလ၌[၁] ကာမာဝစရ ကုသိုလ်ကံ၏ အစွမ်းအားဖြင့် လူ့လောက၌ အမိဝမ်း၏ နီသောအဆင်းဟု ဆိုအပ်သည်မှုလည်းဖြစ်သော နတ်လောက၌ ဥယျာဉ် ဗိမာန် ပဒေသာပင် စသည်တို့၏ အဆင်းဟု ဆိုအပ်သည်မှုလည်းဖြစ်သော သုဂတိနိမိတ်သည် မနောဒွါရ၌ ထင်ပေါ်လာခြင်းသို့ရောက်၏။ ထိုပုဂ္ဂိုလ်အား [၁၇၃] ဒုဂ္ဂတိနိမိတ်၌ ပြအပ်ခဲ့ပြီးသော အစဉ်ဖြင့်သာလျှင် စုတိစိတ်၏ အခြားမဲ့၌ ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏။ ဤသည်ကား အတိတ်လျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌(ဖြစ်သော) ပစ္စုပ္ပန်လျှင် အာရုံရှိသော ပဋိသန္ဓေပေတည်း။

အခြားတပါးသော ပုဂ္ဂိုလ်အား သေခါနီးကာလ၌ ဆွေမျိုးတို့သည်[၂] "ချစ်သား၊ သင်၏ (နတ်ရွာနိဗ္ဗာန်)အကျိုးငှါ ဤဘုရားအား ပူဇော်ခြင်းကို ပြု(အပ်)ပေသည်၊ စိတ်ကို ကြည်လင်ပါစေလော့" ဤသို့ စသည်ဖြင့် ပြောကြားကုန်၍ ပန်းဆိုင်း တံခွန် ကုက္ကားစသည်တို့၏ အစွမ်းအားဖြင့် အဆင်း-ရူပါရုံကိုဖြစ်စေ၊ တရားနာခြင်း, တူရိယာဖြင့် ပူဇော်ခြင်း စသည်တို့၏ အစွမ်းအားဖြင့် အသံ-သဒ္ဒါရုံကိုဖြစ်စေ၊ အခိုး အထုံ နံ့သာ စသည်တို့၏ အစွမ်းအားဖြင့် အနံ့-ဂန္ဓာရုံကိုဖြစ်စေ၊ "ချစ်သား၊ ဤလျက်ဖွယ်ကို လျက်ကြည့်ပါလော့၊ သင်၏အကျိုးငှါ လှူအပ်သော လှူဖွယ်ဖြစ်သည်" ဤသို့ စသည်ဖြင့် ပြောကြားကုန်၍ ပျားရည် တင်လဲ စသည်တို့၏ အစွမ်းအားဖြင့် အရသာ ရသာရုံကို ဖြစ်စေ၊ "ချစ်သား၊ ဤအဝတ်အထည်ကို စမ်းသပ်တွေ့ထိကြည့်ပါလော့၊ သင်၏ အကျိုးငှါ လှူအပ်သော လှူဖွယ် ဖြစ်သည်" ဤသို့ စသည်ဖြင့် ပြောကြားကုန်၍ စိန့်ပြည်ဖြစ် (တရုပ်ပြည်ဖြစ်)အထည် သောမာရပြည်ဖြစ် အထည်စသည်တို့၏ အစွမ်းဖြင့် အတွေ့ - ဖောဋ္ဌဗ္ဗာရုံကိုဖြစ်စေ ငါးဒွါရ၌ ဆောင်ပေးကုန်၏။ ထိုပုဂ္ဂိုလ်အား ထင်ပေါ်ခြင်းသို့ရောက်သော အဆင်း အစရှိသော ထိုအာရုံ၌ အစဉ်အတိုင်းဖြစ်သော ဇဝနော၏အဆုံး၌ ၊ ဝါ၊ဇဝနော အဆုံးရှိသောစိတ် ဖြစ်ပြီးလတ်သော်[၃] သေခြင်း၏ နီးသည်၏ အဖြစ်ကြောင့်

---

၁-သေခါနီးကာလ၌ ...ထင်ပေါ်လာခြင်းသို့ ရောက်၏-ဟု စပ်ပါ။

၂-ဆွေမျိုးတို့သည်....ပြောကြားကုန်၍... ပြောကြားကုန်၍... ပြောကြားကုန်၍-ငါးဒွါရ၌ ဆောင်ပေးကုန်၏-ဟု စပ်ပါ။

၃-ဤ၌ ပဌမအနက်သည် ဥပ္ပန္နဝေါဋ္ဌဗ္ဗနာဝသာနေ-ဟူသော ရှိရင်းပါဌ်၏ အနက် ဖြစ်သည်။ ဒုတိယအနက်သည် ဥပ္ပန္နေ ဝေါဋ္ဌဗ္ဗနာဝသာနေ-ဟု ရှိသင့်သော-ပါဌ်ကို မြွော်၍ ပြန်သောအနက် ဖြစ်သည်။

http://www.dhammadownload.com



နီး စွာ ဖြစ်သော အဟုန်ရှိကြသောကြောင့် ၅-ကြိမ်သော မရဏာသန္နဇောတို့သည်၎င်း၊ ၂-ကြိမ်သော တဒါရုံတို့သည်၎င်း ဖြစ်ကုန်၏။ ထို့နောင် ဘဝင်၏ အာရုံကို အာရုံပြု၍ တကြိမ်သော စုတိစိတ်သည် ဖြစ်၏။ ထိုစုတိစိတ်အဆုံး၌ စိတ္တက္ခဏ ၁-ချက်မျှ တည်ခြင်းရှိသော ထို(မရဏာသန္နဇော၏) အာရုံ၌ပင် ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏၊ ဤသည်လည်း အတိတ်လျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌(ဖြစ်သော)ပစ္စုပ္ပန်လျှင် အာရုံရှိသော ပဋိသန္ဓေပေတည်း။

၆၂၆။ ထိုမှတပါး ပထဝီကသိုဏ်းစျာန် စသည်တို့၏ အစွမ်းအားဖြင့် ရထားသော မဟဂ္ဂုတ်တရား ရှိသည်ဖြစ်၍ (ရူပါဝစရ)သုဂတိ၌ တည်သော တခြားတပါးသောပုဂ္ဂိုလ်အား သေခါနီးကာလ၌ ကာမာဝစရကုသိုလ်ကံနှင့် ကမ္မနိမိတ် ဂတိနိမိတ်တို့တွင် တပါးပါးသည်သော်၎င်း[1]၊ ပထဝီကသိုဏ်း အစရှိသော ကမ္မနိမိတ်သည်သော်၎င်း[2]၊ ပဥ္စမနှင့်တတိယ အရူပ မဟဂ္ဂုတ်စိတ်သည်သော်၎င်း[3] မနောဒွါရ၌ ထင်ပေါ်လာခြင်းသို့ရောက်၏၊ စက္ခုဒွါရနှင့် သောတဒွါရတို့တွင်တပါးပါးသောဒွါရ၌ ကုသိုလ်ဖြစ်ခြင်း၏ အကြောင်း ဖြစ်သော ကောင်းမြတ်သော အာရုံသည်မူလည်း[4] ထင်ပေါ်လာခြင်းသို့ ရောက်၏။ ထိုပုဂ္ဂိုလ်အား အစဉ်အတိုင်း ဖြစ်သော ဝုဋ္ဌော၏ အဆုံး၌ သေခြင်း၏ နီးသည်၏ အဖြစ်ကြောင့် နီး စွာဖြစ်သော အဟုန်ရှိကြသောကြောင့် မရဏာသန္နဇောတို့သည် ၅-ကြိမ်သာ ဖြစ်ကုန်၏။ ရူပ အရူပ မဟဂ္ဂုတ်ဘုံ၌ တည်သောပုဂ္ဂိုလ်တို့အား တဒါရုံ(ဖြစ်ခြင်း)မရှိသောကြောင့် ဇော၏ အခြားမဲ့၌သာလျှင် ဘဝင်၏အာရုံကို အာရုံပြု၍ စုတိစိတ်တကြိမ် ဖြစ်၏။ ထိုစုတိစိတ်၏ အဆုံး၌ ကာမာဝစရသုဂတိ, မဟဂ္ဂုတ်သုဂတိတို့တွင် တပါးပါးသော သုဂတိ၌ အကျုံးဝင်သော[4] ထင်မြဲတိုင်းသော အာရုံတို့တွင် တပါးပါးကို အာရုံပြုသော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏။ ဤသည်ကား နဝတ္တဗ္ဗလျှင် အာရုံ

---

၁-ဤအာရုံသည် ကာမသုဂတိ၌ ဖြစ်မည့်ပုဂ္ဂိုလ်အား ထင်ပေါ်သည်။

၂-ဤအာရုံသည် ရူပဘုံနှင့် ပဥ္စမ တတိယ အရူပဘုံတို့၌ ဖြစ်မည့်ပုဂ္ဂိုလ်အား ထင်ပေါ်သည်။

၃-ဤအာရုံသည် ဒုတိယနှင့် စတုတ္ထ အရူပဘုံတို့၌ ဖြစ်မည့် ပုဂ္ဂိုလ်အား ထင်ပေါ်သည်။

၄-အကျုံးဝင်သော....ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏–ဟု စပ်ပါ။

http://www.dhammadownload.com



ရှိသော (ရူပါဝစရ) သုဂတိစုတိ၏ အခြားမဲ့၌ (ဖြစ်သော) အတိတ် ပစ္စုပ္ပန် နဝတ္တဗ္ဗ အာရုံတို့တွင် တပါးပါးကို အာရုံပြုသော ပဋိသန္ဓေပေတည်း။

ဤဆိုခဲ့ပြီးကို အစဉ်မှီးသဖြင့် အရူပစုတိ၏လည်း အခြားမဲ့၌ (ဖြစ်သော) ပဋိသန္ဓေကို သိအပ်၏[1]။ (၆၂၅-အပိုဒ်မှ စ၍ ဆိုခဲ့သော) ဤဖြစ်ပုံအခြင်းအရာသည် အတိတ်နှင့် နဝတ္တဗ္ဗလျှင် အာရုံရှိသော သုဂတိစုတိ၏[2] အခြားမဲ့၌ အတိတ် နဝတ္တဗ္ဗ ပစ္စုပ္ပန်လျှင် အာရုံရှိသော သုဂတိပဋိသန္ဓေ၏[2] ဖြစ်ပုံအခြင်းအရာပေတည်း။

[၁၀၄] ၆၂၇။ ထိုမှတပါး ဒုဂ္ဂတိဘုံ၌ တည်သော မကောင်းမှုကံရှိသော ပုဂ္ဂိုလ်အား ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်ပင်လျှင် ထိုမကောင်းမှုကံသည်သော်

---

၁-အရူပစုတိနောင် ပဋိသန္ဓေ ဖြစ်ပုံကို သီးခြားခွဲ၍ ဆိုခြင်း၏အကြောင်းကား-အရူပစုတိ၏ အခြားမဲ့၌ ရူပါဝစရပဋိသန္ဓေ မရှိ၊ အထက်အထက် အရူပစုတိ၏ အခြားမဲ့၌ အောက်အောက် အရူပပဋိသန္ဓေလည်း မရှိ၊ ထို့ကြောင့် နေဝသညာစုတိ၏ အခြားမဲ့၌ နဝတ္တဗ္ဗကို အာရုံပြုသော ပဋိသန္ဓေ မရှိ၊ ထိုဘုံ၌ ထပ်ဖြစ်လျက် အတိတ်ကို အာရုံပြုသော ပဋိသန္ဓေ ဖြစ်၏၊ ကာမဘုံ၌ ဖြစ်လျှင် အတိတ်နှင့် ပစ္စုပ္ပန် တပါးပါးကို အာရုံပြုသော ပဋိသန္ဓေ ဖြစ်၏။ အောက် အရူပစုတိ ၃-ခုတို့၏ အခြားမဲ့၌လည်း အတိတ်နှင့် နဝတ္တဗ္ဗ တပါးပါးကို အာရုံပြုသော အရူပပဋိသန္ဓေကို၎င်း၊ အတိတ်နှင့် ပစ္စုပ္ပန် တပါးပါးကို အာရုံပြုသော ကာမပဋိသန္ဓေကို၎င်း ဖြစ်သင့်သည်အားလျော်စွာ ယှဉ်စေအပ်၏။ ဤသို့သော အထူးကို သိစေလိုသောကြောင့် သီးခြားထုတ်၍ ဆိုပေသည်။ (ဋီကာကို ချုံးပြသည်)

၂-စာပိုဒ် ၆၂၅-မှစ၍ ပြခဲ့သော စုတိနှင့် ပဋိသန္ဓေတို့တွင် အတိတ်ကို အာရုံပြုသော စုတိစိတ်သည် ကာမသုဂတိ စုတိ ၉-ပါးနှင့် ဒုတိယ စတုတ္ထ အရူပစုတိ ၂-ပါးအားဖြင့် ဤ ၁၁-ပါးပေတည်း။ နဝတ္တဗ္ဗကို အာရုံပြုသော စုတိစိတ်သည် ရူပစုတိ ၅-ပါးနှင့် ပဌမ တတိယ အရူပစုတိ ၂-ပါးအားဖြင့် ဤ ၇-ပါးပေတည်း။ ထို့ကြောင့် မူလဋီကာ၌ အတီတာရမ္မဏာ ဧကာဒသဝိဓာ နဝတ္တဗ္ဗာရမ္မဏာ သတ္တဝိဓာ-ဟု ဆိုပေသည်။ ဒုတိယ စတုတ္ထ အရူပပဋိသန္ဓေတို့သည် ပဌမ တတိယ အရူပကုသိုလ်စိတ်ဟူသော အတိတ်ကိုသာ အာရုံပြုကုန်၏၊ ကြွင်းသော မဟဂ္ဂုတ်ပဋိသန္ဓေတို့သည် ကသိုဏ်းစသော ပညတ်ဟူသော နဝတ္တဗ္ဗကို အာရုံပြုကုန်၏။ ကာမပဋိသန္ဓေတို့သည် အတိတ်ကိုလည်း အာရုံပြုကုန်၏၊ မချုပ်သေးသော ကမ္မနိမိတ် ဂတိနိမိတ်ကို ရသောအခါ ပစ္စုပ္ပန်ကိုလည်း အာရုံပြုကုန်၏။

http://www.dhammadownload.com



ငှင်း၊ ကမ္မနိမိတ်သည်သော်ငှင်း ဂတိနိမိတ်သည်သော်ငှင်း မနောဒွါရ၌ ထင်ပေါ်လာခြင်းသို့ ရောက်၏၊ သို့မဟုတ် အကုသိုလ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော (ငါးပါးသော) အာရုံသည် ငါးပါးသောဒွါရ၌ ထင်ပေါ်လာခြင်းသို့ ရောက်၏။ ထိုသို့ထင်ပေါ်လာသောအခါ ထိုပုဂ္ဂိုလ်အား အစဉ်အတိုင်း (ဖြစ်သော) စုတိ၏အဆုံး၌[၁] ဒုဂ္ဂတိ၌အကျုံးဝင်သော [၂] ထိုထင်ပေါ်သောအာရုံတို့တွင် တပါးပါးကို အာရုံပြုသော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏။ ဤသည်ကား အတိတ်လျှင် အာရုံရှိသော ဒုဂ္ဂတိစုတိ၏ အခြားမဲ့၌ အတိတ်နှင့် ပစ္စုပ္ပန်လျှင် အာရုံရှိသော (ဒုဂ္ဂတိ)ပဋိသန္ဓေ၏ ဖြစ်ပုံအခြင်းအရာပေတည်း၊ ဤမျှသော စကားအစဉ်ဖြင့် ၁၉-ပါး အပြားရှိသည်လည်း ဖြစ်သော ဝိညာဏ်၏ ပဋိသန္ဓေကိစ္စအားဖြင့် ဖြစ်ခြင်းကို ပြအပ်ပြီး ဖြစ်ပေပြီ။

၆၂၈။ ထို ဆိုခဲ့သော အလုံးစုံလည်း ဖြစ်သော ဤဝိပါက်ဝိညာဏ်သည် ဤဆိုခဲ့သောနည်းဖြင့်-

ပဋိသန္ဓေခဏ၌[၃] ဖြစ်လတ်သော် နှစ်ပါးအပြားအားဖြင့် (ကျေးဇူးပြုသော) ကံကြောင့် ဖြစ်၏။ ထို့ပြင် မိဿ (ရောသောပဋိသန္ဓေ) အစရှိကုန်သော အပြားတို့ဖြင့် ဤ ဝိပါက်ဝိညာဏ်၏ ဒုဝိဓ (၂-ပါး အပြား)အစရှိသော အပြားကို (သိအပ်၏)။

ထိုအကျဉ်းချုပ်(ဂါထာ)စကား၏ အကျယ်ကား - ၁၉-ပါး အပြားရှိသည်လည်း ဖြစ်သော ဤဝိပါက်ဝိညာဏ်သည် ပဋိသန္ဓေခဏ၌[၃] ဖြစ်လတ်သော် နှစ်ပါးအပြားအားဖြင့် (ကျေးဇူးပြုသော)ကံကြောင့် ဖြစ်၏။ မှန်ပေ၏၊ မိမိနှင့်ဆိုင်သော ဇနက(ဖြစ်စေတတ်သော)ကံသည် ဤဝိပါက်ဝိညာဏ်အား နာနာက္ခဏိကကမ္မပစ္စည်းဖြင့်ငှင်း၊ ပကတူပနိဿယပစ္စည်းဖြင့်ငှင်း ကျေးဇူးပြုပေ၏။ (မပြရသေးသော)သာဓကကို ပြရလျှင်[၄]- "ကုသိုလ် အကုသိုလ်

---

၁-စုတိ၏ အဆုံး၌...ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏-ဟု စပ်ပါ။

၂-အကျုံးဝင်သော.... ပဋိသန္ဓေစိတ်သည်-ဟု စပ်ပါ။

၃-သန္ဓိမှိ-ပဋိသန္ဓိမှိ-ဟု ရှိသောပါဌ်နှင့်အညီ ပြန်အပ်သော အနက်ပေတည်း။ ပြည်မူနိဿယ၌ကား ပဋိသန္ဓေအားဖြင့်-ဟု ပြန်၍ တတိယာ အနက်၌ သတ္တမီဝိဘတ်ဟု ဆို၏။

၄-နာနာက္ခဏိကကမ္မပစ္စည်း၏ သာဓကပါဌ်ကို ဝိပါက်ဝိညာဏ်သချပ် ပြရာ၌ ကုသလဿ ကမ္မဿ ကဋတ္တာ အစရှိသည်ဖြင့် ပြခဲ့ပြီးဖြစ်သောကြောင့် မပြရသေးသော ပကတူပနိဿယ ပစ္စည်း၏ သာဓကပါဌ်ကိုသာ ဤအရာ၌ ထုတ်ပြသည်။ (ဋီကာ)

http://www.dhammadownload.com



ကံသည် ဝိပါက်အား ဥပနိဿယပစ္စည်း(သတ္တိ)ဖြင့် ကျေးဇူးပြု၏”ဟူသော ဤစကားကို(မြတ်စွာဘုရား)ဟောတော်မူ(အပ်)ပေ၏။ ထိုမှတပါး ဤသို့ (ကံကြောင့်)ဖြစ်သော ဤဝိညာဏ်၏ မိဿ(ရုပ်နှင့်ရောသောပဋိသန္ဓေ) အစရှိကုန်သော အပြားတို့ဖြင့်.... ဒုဝိဓ(၂-ပါး အပြား)အစရှိသော အပြားကို သိအပ်၏။

ထိုအပြားကား အဘယ်နည်းဟူမူ ? ဤဝိပါက်ဝိညာဏ်သည် ပဋိသန္ဓေ၏ အစွမ်းအားဖြင့် တပါးသာ ဖြစ်ငြားသော်လည်း ရုပ်နှင့်တကွ ရော-မရော (မိဿ-အမိဿ)အပြားအားဖြင့် ၂-ပါး အပြားရှိ၏။ ကာမဘဝ ရူပဘဝ အရူပဘဝတို့၏ အပြားအားဖြင့် ၃-ပါး အပြားရှိ၏။ ဥမှပေါက်ဖွားသော အဏ္ဍဇယောနိ, သူငယ်အိမ်-အချင်းမှ ပေါက်ဖွားသော ဇလာဗုဇယောနိ, အညှိမှ ပေါက်ဖွားသော သံသေဒဇယောနိ, အနီး၌ ကျုလာသကဲ့သို့ ကိုယ်ထင်ရှား အပြည့်အစုံ ဖြစ်သော ဩပပါတိကယောနိတို့၏ အစွမ်းအားဖြင့် ၄-ပါး အပြားရှိ၏၊ (နိရယ-ပေတ-တိရစ္ဆာန-ဒေဝ-မနုဿ)ဂတိတို့၏ အစွမ်းအားဖြင့် ၅-ပါး အပြားရှိ၏။ ဝိညာဏ်၏တည်ရာ - ဝိညာဏဋ္ဌိတိတို့၏ အစွမ်းအားဖြင့် ၇-ပါး အပြားရှိ၏။ သတ္တဝါတို့၏ နေရာ သတ္တာဝါသတို့၏ အစွမ်းအားဖြင့် ၈-ပါး အပြားရှိ၏။

၆၂၉။ ထိုမိဿနှင့် အမိဿပဋိသန္ဓေ ဝိညာဏ် ၂-ပါးတို့တွင်-

> မိဿ(ရုပ်နှင့်ရောသော ပဋိသန္ဓေဝိညာဏ်) သည် ဘာဝရုပ် (ရှိ-မရှိ) အပြားအားဖြင့် ၂-ပါး အပြား ရှိ၏။ ထို ၂-ပါးတို့တွင် သ-ဘာဝ (ဘာဝရုပ်ရှိသော ပဋိသန္ဓေ)ဝိညာဏ်သည်လည်း ၂-ပါး အပြားရှိပြန်၏။ အစ(၌ ဆိုခဲ့သော မိဿ-ပဋိသန္ဓေဝိညာဏ်)နှင့် တကွ အယုတ်အနည်းအားဖြင့် ဒသကကလာပ်တို့သည် ၂-ခု ဖြစ်စေ၊ ၃-ခု ဖြစ်စေ (ဖြစ်ကုန်၏)။

ချဲ့၍ ပြအံ့၊ **မိဿသည် ဘာဝရုပ် အပြားအားဖြင့် ၂ ပါး အပြားရှိ၏** ဟူသည်ကား — ဤဆိုခဲ့သော မိဿ (ရုပ်နှင့်ရောသော) ပဋိသန္ဓေဝိညာဏ်နှင့် အမိဿ(ရုပ်နှင့်မရောသော)ပဋိသန္ဓေဝိညာဏ်တို့တွင် မိဿ-ပဋိသန္ဓေဝိညာဏ်သည် အရူပဘဝကို ကြဉ်၍၊ ဝါ၊ အရူပမှ တပါးသော ဘဝတို့၌ ဖြစ်၏[၁]။

---

၁-အရူပဘဝသည် အမိဿပဋိသန္ဓေ၏ ဖြစ်ရာဌာန ဖြစ်သည်၊ ယင်းအမိဿမှာ အပြားမရှိ။

http://www.dhammadownload.com



ထိုမိဿ-ပဋိသန္ဓေဝိညာဏ်သည် ရူပဘဝ၌ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေဟု ဆိုအပ်သော ဘာဝရုပ်နှင့် ကင်း၍ ဖြစ်ခြင်းကြောင့်၎င်း၊ ကာမဘဝ၌ ဇာတိပဏ္ဍုက်၏[၁] ပဋိသန္ဓေကိုကြဉ်၍၊ဝါ၊ဇာတိပဏ္ဍုက်၏ ပဋိသန္ဓေမှ တပါးဆိုလျှင် ဘာဝရုပ်နှင့် တကွသာ ဖြစ်ခြင်းကြောင့်၎င်း သ-ဘာဝ-ဘာဝရုပ်ရှိသော ပဋိသန္ဓေဝိညာဏ်, အ-ဘာဝ-ဘာဝရုပ်မရှိသော ပဋိသန္ဓေဝိညာဏ်ဟု ၂-ပါး အပြားရှိ၏။

[၁၇၅] ထို ၂ ပါးတို့တွင် သ-ဘာဝဝိညာဏ်သည်လည်း ၂ ပါး အပြား ရှိပြန်၏ ဟူသည်ကား-ထို ၂-ပါးတို့တွင်လည်း သ-ဘာဝပဋိသန္ဓေဝိညာဏ်သည် အမဖြစ်ကြောင်း—ဣတ္ထိဘာဝရုပ်, အထီး ဖြစ်ကြောင်း—ပုမ္ဘာဝရုပ်တို့တွင် တပါးပါးနှင့် တကွ ဖြစ်ခြင်းကြောင့် ၂-ပါး အပြား ရှိသည်ပင်လျှင် ဖြစ်ပြန်၏။

**အစနှင့်တကွအယုတ်-အနည်းအားဖြင့် ဒသကကလာပ်တို့သည် ၂-ခုဖြစ်စေ ၃-ခုဖြစ်စေ** ဟူသည်ကား - မိဿအမိဿဟူသော ဒုက်(တစုံ)၌ အစဖြစ်သော ရူပမိဿ- ရုပ်နှင့် ရောသော အကြင် ပဋိသန္ဓေ ဝိညာဏ်သည်(ရှိ၏)၊ ထိုပဋိသန္ဓေဝိညာဏ်နှင့်တကွ ဝတ္ထုဒသက ကာယဒသကတို့၏ အစွမ်းအားဖြင့် ဒသက ကလာပ် ၂-ခုတို့သည် သော်၎င်း[၂]၊ ဝတ္ထုဒသက ကာယဒသက ဘာဝ-ဒသကတို့၏ အစွမ်းအားဖြင့် ဒသကကလာပ် ၃-ခုတို့သည် သော်၎င်း [၂] အယုတ်ဆုံး အနည်းဆုံး အားဖြင့် ဖြစ်ကုန်၏။ ဤဒသက ကလာပ် ၂-ခု ၃-ခု အောက် ရုပ်တို့၏ ယုတ်လျော့ခြင်းမည်သည် မရှိတော့ပေ။ ဆက်ဦးအံ့၊ ဤဆိုခဲ့သည့် အတိုင်း အယုတ်ဆုံး-အနည်းဆုံးဖြစ်သော ထိုရုပ်ကလာပ် အ

---

၁-ပဋိသန္ဓေကာလကပင် ဘာဝရုပ် မပါခဲ့သော သူကို ဇာတိပဏ္ဍုက်ခေါ်သည်။ မွေးပြီးသည့်နောက်မှ သို့မဟုတ် ဘာဝရုပ် ဖြစ်ပြီးသည့် နောက်မှ သင်းကွပ်ခြင်း စသည်ကြောင့် ဘာဝရုပ်ချို့တဲ့သောသူကိုဩပက္ကမိကပဏ္ဍုက်ဟု ခေါ်သည်။ ထိုဩပက္ကမိကပဏ္ဍုက်ကို စင်စေရန် ဤသို့ ဆိုသည် ဖြစ်ရာ၏။

၂-ဘာဝရုပ် ချို့သူအား ဒသကကလာပ် ၂ ခု၊ မချို့သူအား ၃-ခု ဖြစ်သည်၊ ဂဗ္ဘသေယျကို ရည်၍ဆိုသော စကားဖြစ်သည်။ အခြား ပဋိသန္ဓေတို့၌ ကလာပ် များစွာပင် တပြိုင်နက် ဖြစ်ကြသည်။ ဂါဝုတ်များစွာ ပမာဏ ရှိသော ဗြဟ္မာ့ကိုယ်၌ ကလာပ်ပေါင်းများစွာပင်တပြိုင်နက် ဖြစ်ကုန်၏။

http://www.dhammadownload.com



တိုင်းအရှည်သည် ဖြစ်လတ်သော်[၁] အဏ္ဍဇ ဇလာဗုဇ အမည်ရှိသော ၂-ပါးသော ယောနိတို့၌ ဇာတိဥဏ္ဏာခေါ် သိုးမွေး၏[၂] တခုသောအမျှင်ဖြင့် (နှစ်၍) ထုတ်ယူအပ်သော ထောပတ်ကြည် ပမာဏ ရှိလျက် ကလလ - ရေကြည်ဟု ရအပ်သော အမည်ရှိလျက် ဖြစ်ပေါ်၏[၃]။ (ယောနိတို့၌ ဖြစ်ပေါ်၏-ဟု ဆိုခဲ့သော) ထိုရှေ့စကားရပ်၌ ယောနိတို့၏ ဂတိအစွမ်းအားဖြင့် ဖြစ်သင့်-မဖြစ်သင့် အပြားကို သိအပ်၏။

၆၃၀။ သိအပ်သော ထိုအပြားကား - ထိုယောနိနှင့် ဂတိတို့တွင်

---

၁-ဖြစ်လတ်သော် .... ၂ပါးသောယောနိတို့၌ .... ပမာဏရှိလျက် .... အမည်ရှိလျက် ဖြစ်ပေါ်၏-ဟု စပ်ပါ။

၂-ထိုနေ့၌ မွေးခါစသိုး၏ အမွေးကို ဇာတိဥဏ္ဏာခေါ်သည် (ကေစိဝါဒ)၊ ဟိမဝန္တာအရပ်၌ ဇာတိမန္တ-မျိုးသန့်သိုး၏ အမွေးကို ဇာတိဥဏ္ဏာခေါ်သည် (အပရေဝါဒ)၊ အမိ၏ ဝမ်းဗိုက်ကို ခွဲ၍ ထုတ်ယူအပ်သော သိုးငယ်၏ အမွေးကို ဇာတိဥဏ္ဏာခေါ်သည် (အဋ္ဌေဝါဒ။ ဝိသုဒ္ဓိမဂ်ဋီကာ) ဤဝါဒ ၃-ခုတို့တွင် အပရေဝါဒကို မူလဋီ ဒု၊ ၁၇-၌ တွေ့ရ၏။

၃-ဤဝါကျကို အဖြောင့်အားဖြင့် ဆိုလျှင် "ဤဆိုခဲ့သည့်အတိုင်း ရုပ်ကလာပ် ၂-ခု ၃-ခု အပေါင်းသည် အဏ္ဍဇ ဇလာဗုဇယောနိတို့၌ ဖြစ်၏၊ ဇာတိဥဏ္ဏာ-သိုးမွေးတမျှင်ဖြင့် နှစ်၍ယူအပ်သော ထောပတ်ကြည်ပမာဏရှိ၏၊ ယင်းကို ကလလ-ရေကြည်ဟူ၍လည်းခေါ်၏"ဟု ဆိုနိုင်၏။ ဤကလလ-ရေကြည်၏ ပမာဏကို သမ္မောဟဝိနောဒနီ နှာ ၂၀-၌လည်း အလားတူပင် ပြထားသည်။ အနောက်တိုင်း ဆရာဝန်တို့ကမူ အိုဗာခေါ်သော အမိ၏ သွေးဥနှင့် အဖ၏ သုက်ပိုးတကောင်-သုတ်မှုန့်တခုတို့ ပေါင်းစပ်ရာမှ ပဋိသန္ဓေဖြစ်လာသည်ဟု ဆိုကြ၏။ ယင်းသွေးဥနှင့် သုက်မှုန့်တခု စပ်ပြီးသောဝတ္ထုကိုလည်း ပကတိမျက်စိဖြင့် မမြင်နိုင်အောင် အလွန်သေးငယ်သည်ဟု ဆိုကြ၏။ ထိုဆရာတို့၏ အဆိုနှင့် နှီးနှော၍ ယူလိုလျှင် ယင်းသွေးဥ သုက်မှုန့် ၂-မျိုးစပ်ဝတ္ထုထဲ၌ ဒသကကလာပ် ၂-ခု ၃-ခု ကံကြောင့် ဖြစ်ပေါ်သည်ဟု ယူသင့်၏။ ထိုသို့ယူလျှင် "အယံ ခေါ မေ ကာယော ရူပီ-ငါ၏ ဤရုပ်ကိုယ်သည်၊ စတု-မဟာဘူတိကော-ဓာတ် ၄-ပါးဖြင့် ပြီး၏၊ မာတာပေတ္တိကသမ္ဘဝေါ-မိဘတို့၏ သုက်သွေး၌ ဖြစ်၏"ဟု ဟောထားသော သီလက္ခန်ပါဠိ (၇၂)စသည်နှင့် ညီညွတ်၍ရင်း၊ မိဘတို့၏ ရုပ်ရေ အသွေး အရောင် အသွင်နှင့်တူပုံတို့ကို ထောက်ဆ၍ရင်း သင့်လျော်သည်ဟု ဆိုသင့်ပေ၏။

http://www.dhammadownload.com



နိရယဂတိ၌ ငရဲ၌(၎င်း)၊ ဘုမ္မဇိုဝ်းနတ်မှတပါးသော ဒေဝဂတိ ဆိုင်ရာ နတ်တို့၌၎င်း၊ (အဏ္ဍဇ ဇလာဗုဇ သံသေဒဇ-ဟူသော) ရှေးပိုင်း ယောနိ ၃-ပါးတို့ မရှိကုန်။ (ကြွင်းသော တိရစ္ဆာန ပေတ မနုဿ-ဟူသော) ဂတိ ၃-ပါး၌ ယောနိလေးပါးလုံး တို့သည်လည်း ရှိကုန်၏။

ထိုအကျဉ်းချုပ် (ဂါထာ) စကားရပ်၌ နတ်တို့၌၎င်း ဟူရာဝယ် ၎င်း-ဟူသောသဒ္ဒါဖြင့် [၁] ငရဲ၌၎င်း ဘုမ္မဇိုဝ်းမှတပါးသော နတ်တို့၌၎င်း (မရှိကုန်သ) ကဲ့သို့ ဤအတူပင် အမြဲမီးလောင်ခံရ၍ ဆာလောင်ခြင်း ရှိကြသော (နိဇ္ဈာမတဏှိက) [၂] ပြိတ္တာတို့၌လည်း ရှေးပိုင်း ယောနိ ၃-ပါးတို့ မရှိကြဟု သိအပ်၏။ မှန်ပေ၏၊ ထိုနိဇ္ဈာမတဏှိက ပြိတ္တာတို့သည် ဥပပါတ် တို့သာလျှင် ဖြစ်ကုန်၏။ ကြွင်းသော တိရစ္ဆာန် ပြိတ္တာ လူ-ဟု ဆိုအပ်သော ဂတိ ၃-ပါး၌၎င်း၊ ရှေးဝါကျ၌ ကြဉ်ခဲ့သော ဘုမ္မဇိုဝ်းနတ်တို့၌၎င်း ယောနိ လေးပါးလုံးတို့သည် လည်း ရှိကုန်၏။ ထိုယောနိတို့တွင် -

(ဥပပါတ်ယောနိရှိသော) ရူပဗြဟ္မာတို့၌ သုံးဆယ်သော ရုပ်တို့သည် ၎င်း၊ ကိုးပါးသော ရုပ်တို့သည်၎င်း (ပဋိသန္ဓေစိတ်နှင့် တကွ ဖြစ်ကုန်၏)။ ထိုမှတပါးကုန်သော သံသေဒဇယောနိ ဥပပါတ်ယောနိ ရှိသော သတ္တဝါတို့၌ အလွန်ဆုံး-အများဆုံး အားဖြင့် ခုနစ်ဆယ်သော ရုပ်တို့သည် (ပဋိသန္ဓေစိတ်နှင့် တကွ ဖြစ်ကုန်၏)၊ သို့မဟုတ် [၃] အယုတ်ဆုံး-အနည်းဆုံး အားဖြင့် သုံးဆယ်သော ရုပ်တို့သည် သော်လည်း (ဖြစ်ကုန်၏)။

ရှေးဦးစွာ (ပြသင့်သော) ဥပပါတ် ယောနိရှိသော သတ္တဝါတို့၌ အတွင်းဝင်သော ရူပဗြဟ္မာတို့၌ စက္ခုဒသက သောတဒသက ဝတ္ထုဒသကတို့နှင့် ဇီဝိတနဝက ကလာပ်အားဖြင့် ၄-ပါးသော ကလာပ်တို့၏ အစွမ်းဖြင့် သုံးဆယ်သော ရုပ်တို့သည်၎င်း၊ ကိုးပါးသော ရုပ်တို့သည်၎င်း ပဋိသန္ဓေစိတ်နှင့် အတူ

---

၁-၎င်း-ဟူသောသဒ္ဒါဖြင့်... ပြိတ္တာတို့၌လည်း....မရှိကြဟု သိအပ်၏-ဟု စပ်ပါ။

၂-နိ-အမြဲ+စျာမ - မီးလောင်ခံရသည် + တဏှာ - ဆာလောင်ခြင်း + ဣက- ရှိသည်=နိဇ္ဈာမတဏှိက-အမြဲမီးလောင်ခံနေရလျက် ဆာလောင်ခြင်းလည်း များနေသော ပြိတ္တာ။

၃-အထ ဝါ-မှ အထ-ကို သို့မဟုတ်ဟု ပြန်၍ ဝါ-ကို တိံသ-နှင့် တွဲ၍ တိံသ ဝါ-သုံးဆယ်တို့သည်သော်လည်း-ဟု ပြန်သည်။

http://www.dhammadownload.com



တက္ကဖြစ်ကုန်၏။ ထိုမှတပါး ရူပဗြဟ္မာတို့ကို ထား၍ တပါးကုန်သော[၁] သံသေဒဇယောနိ ဥပပါတ်ယောနိ ရှိကုန်သော သတ္တဝါတို့၌ အလွန်ဆုံး - အများဆုံးအားဖြင့် စက္ခုဒသက သောတဒသက ဃာနဒသက ဇိဝှါဒသက ကာယဒသက ဝတ္ထုဒသက ဘာဝဒသကတို့၏ အစွမ်းအားဖြင့် ခုနစ်ဆယ်သော ရုပ်တို့သည် (ဖြစ်ကုန်၏)၊ ထိုရုပ်ခုနစ်ဆယ်တို့သည်လည်း (ကောင်းကင်တည် ကာမာဝစရ) နတ်တို့၌ အမြဲတမ်းပင် (ဖြစ်ကုန်၏)။ (စက္ခုဒသက အစရှိသော) ထိုဒွေစကားရပ်၌ အဆင်း အနံ့ အရသာ ဩဇာ ဓာတ်ကြီး ၄-ပါး စက္ခုပသာဒ ဇီဝိတရုပ် ဟူသော ရုပ်ဆယ်ခုအတိုင်း အရှည်ရှိသော ဤရုပ်အစု-ရုပ်အပေါင်းသည် စက္ခုဒသက ကလာပ် (မျက်စိနှင့်တကွရုပ်ဆယ်ခု အပေါင်း) မည်၏။ ကြွင်းသော ဒသကကလာပ် နဝကကလာပ် တို့ကို နည်းတူပင် [၁၈၆] သိအပ်ကုန်၏။ အယုတ်ဆုံး-အနည်းဆုံး အားဖြင့် မူကား ပဋိသန္ဓေကန်း ဗဓိရသန္ဓေနားပင်း ဖြစ်လျက် ပဋိသန္ဓေအားဖြင့် ဃာန ပသာဒ ချို့သူ နပုန်းအား (ပဋိသန္ဓေကပင် မျက်စိ နား နှာချို့ခဲ့သော နပုန်းအား) ဇိဝှါဒသက ကာယဒသက ဝတ္ထုဒသကတို့၏ အစွမ်းအားဖြင့် သုံးဆယ်သော ရုပ်တို့သည် ဖြစ်ကုန်၏။ ထိုပြင် အလွန်ဆုံး အယုတ်ဆုံးတို့၏ အလယ်ကြား၌ သင့်လျော်သောအထူး ကြံခြင်းကိုလည်း သိအပ်သေး၏။[၂]

၆၃၁။ ဤဆိုခဲ့သည့်အတိုင်း သိနားလည်ပြီးလျှင် တဖန် -[၃]

---

၁-တပါးကုန်သော... ဥပပါတ်ယောနိရှိကုန်သော-ဟု စပ်ပါ။ ဗြဟ္မာ့လောက၌ သံသေဒဇမရှိ၊ ဥပပါတ်သာရှိသည်၊ ထိုဥပပါတ်ဗြဟ္မာတို့မှ တပါးဆိုလျှင် ဥပပါတ်ယောနိရှိသော သတ္တဝါတို့ကိုသာ ရသည်။

၂-ပဋိသန္ဓေမှ မျက်စိကန်းခဲ့လျှင် ကလာပ် ၆-စည်း၊ ရုပ် ၆၀၊ နားပင်းခဲ့လျှင်၊ ဃာနချို့ခဲ့လျှင်၊ ဘာဝချို့ခဲ့လျှင် ထိုအတူ ကလာပ် ၆-စည်း၊ ရုပ် ၆၀ ဖြစ်သည်ဟူ၍ရင်း၊ စက္ခုသောတ ၂-ပါးချို့ခဲ့လျှင်၊ စက္ခု ဃာန၊ စက္ခု ဘာဝ ၂-ပါးချို့ခဲ့လျှင်၊ သောတ ဃာန၊ သောတ ဘာဝ၊ ဃာန ဘာဝ ၂-ပါး ချို့ခဲ့လျှင် ကလာပ် ၅-စည်း၊ ရုပ် ၅၀ ဖြစ်သည်ဟူ၍ရင်း ဤသို့စသည်ဖြင့် ကြံ၍ ယူရန် ညွှန်ပြသည်။

၃-တဖန်....အထူးကို သိအပ်၏-ဟု စပ်ပါ။

http://www.dhammadownload.com



ခန္ဓာ အာရုံ ဂတိ ဟိတ် ဝေဒနာ ပီတိ ဝိတက် ဝိစာရတို့ဖြင့် စုတိနှင့် ပဋိသန္ဓေတို့၏ အချင်းချင်း ကွဲပြား - မကွဲပြားသော အထူးကို သိအပ်၏[၁]။

ချဲ့ပြအံ့၊ မိဿ အမိဿအားဖြင့် ၂-ပါး အပြားရှိသော ပဋိသန္ဓေနှင့် ယင်း ပဋိသန္ဓေ၏ အတိတ် အခြားမဲ့ဖြစ်သော စုတိတို့၏ ဤဆိုခဲ့သော ခန္ဓာစသည် တို့ဖြင့် ကွဲပြား - မကွဲပြားသော အထူးကို သိအပ်၏။ ဤကား ထိုဂါထာ၏ အနက်ပေတည်း။

အဘယ်သို့ သိအပ်သနည်းဟူမူ? တရံတခါ ခန္ဓာ ၄-ပါး ရှိသော အရူပစုတိ ၏ အခြားမဲ့၌ ခန္ဓာ ၄-ပါးရှိသည်ပင်လျှင်ဖြစ်သော အာရုံအားဖြင့်လည်း မကွဲ ပြားသော ပဋိသန္ဓေသည် ဖြစ်၏[၁]၊ တရံတခါ မဟဂ္ဂုတ် မဟုတ်သည့် ဗဟိဒ္ဓ အာရုံရှိသော(ပဌမအရူပစုတိ၏ အခြားမဲ့၌) မဟဂ္ဂုတ် အဇ္ဈတ္တလျှင် အာရုံ ရှိသော (ဒုတိယ စတုတ္ထ အရူပပဋိသန္ဓေသည် ဖြစ်၏)[၂]။ ဤသည်ကား ရှေးဦးစွာ အရူပဘုံတို့၌သာလျှင် သိကြောင်းဖြစ်သော နည်းပေတည်း[၄]။

ထိုမှတပါး တရံတခါ ခန္ဓာ ၄-ပါးရှိသော အရူပစုတိ၏ အခြားမဲ့၌ ခန္ဓာ ၅-ပါးရှိသော ကာမာဝစရပဋိသန္ဓေသည် (ဖြစ်၏)[၅]။ တရံတခါ ခန္ဓာ ၅-ပါး ရှိသောကာမာဝစရစုတိ၏သော်၎င်း၊ ရူပါဝစရစုတိ၏သော်၎င်း အခြားမဲ့၌

---

၁-နောက် အကျယ်ပြရာ၌ ဉာတဗ္ဗော-ဟု ဖွင့်သောကြောင့် ဤ၌ ပရိညေယျော-ကို သိအပ်၏-ဟူ၍သာ ပြန်သည်။ ပရိ-သဒ္ဒါ အနက်ထူးမရှိဟု ယူသည်။

၂-အရူပ ၄-ဘုံတွင် ထိုထိုဘုံမှ စုတေပြီးလျှင် ထိုထိုဘုံ၌ပင်ပြန်၍ဖြစ်သောပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဆိုသည်။ (ဋီကာ) ဒုတိယဘုံမှ စတုတ္ထဘုံသို့ တက်၍ဖြစ်သော ပုဂ္ဂိုလ်၏ စုတိ ပဋိသန္ဓေကိုလည်း ယူလျှင် သင့်ရာ၏။ ဤဝါကျဖြင့် ခန္ဓာနှင့် အာရုံ ၂-ပါးလုံးတူသည်ကို ပြသည်။

၃-ခန္ဓာသာတူ၍ အာရုံကွဲသည်ကို ပြသည်။

၄-ဤဆိုခဲ့သည့်အတိုင်း နည်းအမြွက်မျှကို ပြပြီးဖြစ်သောကြောင့် ဆိုပြီးကိုရင်း, မဆိုရသေးသည်ကိုရင်း အလုံးစုံကို သိမ်းရုံး၍ ဤဝါကျကို ဆိုသည်။ (ဋီကာ)

၅-ဤစကားဖြင့် ခန္ဓာနှင့် အာရုံ ၂-ပါးလုံး ကွဲသည်ကို ပြသည်။

http://www.dhammadownload.com



ခန္ဓာ ၄-ပါးရှိသော အရူပပဋိသန္ဓေသည် (ဖြစ်၏)[၁]။ ဤအတူပင်[၂] အတိတ်လျှင်အာရုံရှိသော စုတိ၏ (အခြားမဲ့၌) ပစ္စုပ္ပန်လျှင် အာရုံရှိသော[၃] ပဋိသန္ဓေသည်ဖြစ်၏။ အချို့ သုဂတိစုတိ၏(အခြားမဲ့၌) အချို့ ဒုဂ္ဂတိပဋိသန္ဓေသည်[၄] (ဖြစ်၏)။ အဟိတ်စုတိ၏ (အခြားမဲ့၌) သဟိတ်ပဋိသန္ဓေသည် (ဖြစ်၏)။ ဒွိဟိတ်စုတိ၏ (အခြားမဲ့၌) တိဟိတ်ပဋိသန္ဓေသည်(ဖြစ်၏)။ ဥပေက္ခာသဟဂုတ်စုတိ၏(အခြားမဲ့၌)သောမနဿသဟဂုတ် ပဋိသန္ဓေသည်(ဖြစ်၏)။ ပီတိမရှိသော စုတိ၏(အခြားမဲ့၌)ပီတိရှိသော ပဋိသန္ဓေသည် (ဖြစ်၏)။ ဝိတက်မရှိသောစုတိ၏(အခြားမဲ့၌)ဝိတက်ရှိသော ပဋိသန္ဓေသည်(ဖြစ်၏)။ ဝိစာရမရှိသောစုတိ၏(အခြားမဲ့၌)ဝိစာရရှိသောပဋိသန္ဓေသည် (ဖြစ်၏)။ ဝိတက်ဝိစာရ မရှိသော စုတိ၏(အခြားမဲ့၌) ဝိတက် ဝိစာရရှိသော ပဋိသန္ဓေသည်

---

၁-ဤစကားဖြင့်လည်း ခန္ဓာနှင့် အာရုံ ၂-ပါးလုံးကွဲသည်ကိုပင် ပြန်လှန်သောအားဖြင့် ပြသည်။

၂-ဤမှစ၍ ဣဒါနိ-တရံတခါ-ဟု မဆိုတော့ပဲ ရှေးနည်းကို မှီ၍ သိရန် အကျဉ်းချုံးပြသည်၊ ထို့ကြောင့် ဝေ-ကို ဤအတူ-ဟု ပြန်သည်။

၃-ဤစကားဖြင့် အာရုံ ကွဲပုံကို အမြွက်မျှ ပြခြင်းဖြစ်သည်၊ အပြည့်အစုံပြခြင်းကား မဟုတ်ပေ။

၄-ဤ၌ အချို့-ဟု ဆိုခြင်း၏ အကျိုးကို ရှာသင့်၏။ ဤအရာ၌ ဤသို့သော အဓိပ္ပါယ်ဖြစ်ရာ၏-နာနတ္တကာယ-နာနတ္တသညီတို့၌ ဟောထားသော အချို့သော ဝိနိပါတိကတို့သည် တိဟိတ်စသော ပဋိသန္ဓေရှိကုန်၏။ ယင်းတို့၏ ပဋိသန္ဓေကို ဝိနိပါတိက (ချင်းသဘောတူသည်)၏ အဖြစ်ဖြင့် ဒုဂ္ဂတိပဋိသန္ဓေဟု ယူပြီးလျှင် (နစ်စေရန်ဆိုသည်-ဥစပ်) ထိုဝိနိပါတိက ပဋိသန္ဓေသည်လည်း အချို့ သုဂတိစုတိ၏ အခြားမဲ့၌သာ မဟုတ်ပဲ သုဂတိစုတိအားလုံး၏ အခြားမဲ့၌ ဖြစ်သောကြောင့် ထိုဝိနိပါတိကပဋိသန္ဓေကို နစ်စေရန် အချို့ဒုဂ္ဂတိ-ဟု ဆိုသည်။ မှန်ပေ၏၊ အပါယ်ပဋိသန္ဓေသည်သာလျှင် အချို့သုဂတိစုတိ၏ အခြားမဲ့၌ ဖြစ်သည်၊ (ရူပ-အရူပနှင့်တကွ) အလုံးစုံသောသုဂတိစုတိ၏ အခြားမဲ့၌ မဖြစ်နိုင်ပေ။ တနည်းကား ဒုဂ္ဂတိပဋိသန္ဓေသည် အချို့သုဂတိစုတိ၏ အခြားမဲ့၌လည်း ဖြစ်၏၊ ဒုဂ္ဂတိစုတိ၏ အခြားမဲ့၌လည်း ဖြစ်၏၊ ဤသို့ ၂-ပါးအပြားရှိ၏။ ထိုတွင် နောက်ပဋိသန္ဓေကိုကြည့်၍ ရှေးပဋိသန္ဓေကိုသာလျှင် ယူခြင်းငှါ အချို့ဒုဂ္ဂတိပဋိသန္ဓေ-ဟုဆိုအပ်ပေသည်။ (ဋီကာ)

http://www.dhammadownload.com



(ဖြစ်၏)။ ဤသို့အားဖြင့်ရင်း, ထိုထို ပြဆိုခဲ့သော ကွဲပြားခြင်း အထူး၏ ပြန်လှန်ခြင်းအားဖြင့်ရင်း ယှဉ်သင့်သည်အားလျော်စွာ ယှဉ်စေအပ်၏။[၁]

## အတိတ်ဘဝမှပြောင်းရွှေ့မလာကြောင်း

၆၃၂။ ဤဆိုခဲ့သည့်အတိုင်း ဤဝိညာဏ်သည် ရအပ်သော (အဝိဇ္ဇာ အစရှိသော)အကြောင်းရှိသည် ဖြစ်၍ သဘောတရားမျှ (ဖြစ်လတ်သော်) ဘဝတပါးသို့ ကပ်ရောက်သည် ဟူ၍ (ဆိုအပ်၏)[၂]။ ထို ဝိညာဏ်၏ ထိုအတိတ်ဘဝမှ ပြောင်းရွှေ့လာခြင်းမည်သည် မရှိ၊ ထို ရှေးဘဝမှ အကြောင်းနှင့်၊ ဝါ၊ ထိုရှေးဘဝ၌ (ပြီးခဲ့သော)အကြောင်း နှင့် ကင်း၍လည်း မဖြစ်ပေ။

ချဲ၍ပြအံ့၊ ဤဆိုခဲ့သည့်အတိုင်း ဤဝိညာဏ်သည် ရအပ်သော(အဝိဇ္ဇာ စသည်နှင့်တကွ သင်္ခါရ ဟူသော)အကြောင်းရှိသည်ဖြစ်၍၊ ဝါ၊ အကြောင်း ကို ရသည်ဖြစ်၍ ရုပ်နာမ်သဘောတရားမျှ ဖြစ်လတ်သော် ဘဝတပါးသို့ ကပ်

---

၁-အချို့သုဂတိစုတိ၏ အခြားမဲ့၌ အချို့ဒုဂ္ဂတိပဋိသန္ဓေသည် ဖြစ်၏-ဤသို့သော ကွဲပြားခြင်း အထူးတို့၌ အချို့ဒုဂ္ဂတိစုတိ၏ အခြားမဲ့၌ အချို့သုဂတိပဋိသန္ဓေ သည် ဖြစ်၏-ဤသို့စသည်ဖြင့် သင့်လျော်ရာကို ယှဉ်စေအပ်၏။ မဟဂ္ဂုတ် မဟုတ်သည့် ဗဟိဒ္ဓအာရုံရှိသော စုတိ၏ အခြားမဲ့၌ မဟဂ္ဂုတ်အဇ္ဈတ္တအာရုံ ရှိသော ပဋိသန္ဓေသည် ဖြစ်၏-ဤသို့စသည်တို့၌ အပြန်အလှန် ယှဉ်စေခြင်း ကို မပြုအပ်၊ အကြောင်းမူကား–မဟဂ္ဂုတ်အဇ္ဈတ္တအာရုံရှိသော စုတိ၏ အခြားမဲ့၌ မဟဂ္ဂုတ် မဟုတ်သည့် ဗဟိဒ္ဓအာရုံရှိသော ပဋိသန္ဓေသည် အရူပ ဘုံတို့၌ မရှိသောကြောင့်ပေတည်း။ အတိတ်လျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌ ပစ္စုပ္ပန်လျှင် အာရုံရှိသော ပဋိသန္ဓေသည် ဖြစ်၏-ဟူသော ဤ ကွဲပြားခြင်း အထူး၏လည်း အပြန်အလှန် ယှဉ်ဖွယ် မရှိသည်သာ။ (ဋီကာ) အချို့ကို ချန်ထားသည်။ မကွဲပြားခြင်း-တူခြင်း အထူးကိုကား သိလွယ် သောကြောင့် ဤ၌ မပြခြင်း ဖြစ်သည်။

၂-တော် ဝိညာဏံ-ဤဝိညာဏ်သည်၊ အဝိဇ္ဇာဒိသဟကာရိကာရဏာယ သင်္ခါရဿ ဝသေန-အဝိဇ္ဇာအစရှိသော အတူပြုဖော်ပြုဖက်အကြောင်းရှိသော သင်္ခါရ ၏ အစွမ်းအားဖြင့်၊ လဒ္ဓပစ္စယံ-ရအပ်သော အကြောင်းရှိသည်ဖြစ်၍၊ ဗာ- ဟိရကပရိကပ္ပိတဿ အဓိတိဋ္ဌနကဿ-သာသနာပတိတ္ထိတို့ ကြံဆအပ်သော စီမံခန့်ခွဲတတ်သော အတ္တ၏ (ဋီကာပါဌ်၌ အဓိပတိဋ္ဌနကဿ-ဟု ပ-ပိုနေ

http://www.dhammadownload.com



ရောက်သည်ဟု ဆိုအပ်၏၊ သတ္တဝါ ဖြစ်ပေါ်သည်မဟုတ်၊ ဇီဝ ခေါ်သော အသက်ကောင် ဖြစ်ပေါ်သည် မဟုတ်။ သည်မျှသာ မကသေး၊ ထိုဝိညာဏ်၏ အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ ပြောင်းရွှေ့လာခြင်းသည်လည်း မရှိ၊ ထို အတိတ်ဘဝမှ၊ ဝါ၊ ထိုအတိတ်ဘဝ၌ (ပြီးခဲ့သော)အကြောင်းနှင့် ကင်း၍ လည်း ဤပစ္စုပ္ပန်ဘဝ၌ ထင်ရှားဖြစ်ခြင်းမည်သည် မရှိပေ။ ထိုဝိညာဏ်(၏ ဖြစ်ပုံ)ကို ထင်ရှားသော လူ၏ စုတိ ပဋိသန္ဓေ အစဉ်ဖြင့် ပြကုန်အံ့။

[၁၇၇] အတိတ်ဘဝ၌ မိမိ၏ ပင်ကိုသဘောအားဖြင့်သော်၎င်း၊ ဝါ၊ သူ့ အလိုလိုသော်၎င်း၊ (မိမိသူတပါးတို့၏) သေကြောင်းလုံ့လပြုမှုဖြင့်သော်၎င်း

---

သည်)၊ အဘာဝတော-မရှိခြင်းကြောင့်၊ ရူပါရူပဓမ္မမတ္တံ-ရုပ်နာမ်သဘော တရားမျှသည်—ဟု ဤသို့ ဖွင့်ပြသော ဋီကာနှင့်အညီ ပြန်ဆိုထားသော ပြည်မူနိဿယအတိုင်း ဝိညာဏ်ကို ပဓာနပြု၍ ပြန်ဆိုအပ်သော အနက်ဖြစ် သည်။ ထိုပြန်ဆိုချက်မှာ ပဋိသန္ဓေဝိညာဏ်ကို ပြဆိုနေသောအခဏ်းဖြစ် သောကြောင့် သင့်သည်ဟူ၍ပင် ဆိုဖွယ်ရှိပေ၏။ သို့သော်လည်း တေ ဝိညာဏံ-နှင့် ဓမ္မမတ္တံ သည် အရတူဖြစ်သင့်ပါလျက် ရူပါရူပဓမ္မမတ္တံ-ဟု ဖွင့်ပြထားသောကြောင့် အရတူ ဟူ၍လည်း မဆိုနိုင်၊ အရမတူပဲ ကွဲသည်-ဟူ၍လည်း ဆိုရန်ခက်သည်။ ဤအရာ၌ ပဋိသန္ဓေရုပ်နာမ်အားလုံးကိုပင် အဌကထာဆရာ ရည်သည်ဟူ၍လည်း ဆိုသင့်၏။ ထို့ကြောင့် တေ-နှင့် ဓမ္မမတ္တံ-ကို အရတူတွဲ၍ အောက်ပါအတိုင်းပြန်လျှင် သာ၍သင့်လျော်ရာ၏။

ဤဆိုခဲ့သည့်အတိုင်း ရအပ်သော အကြောင်းရှိသည်ဖြစ်၍ (အသစ် ဖြစ်ပေါ်လတ်သော်၊ ဝါ၊ အသစ်ဖြစ်ပေါ်လာသော)**ဤသဘောတရားမျှကို "ဘဝတပါးသို့ ကပ်ရောက်သည်"**ဟု (ဆိုအပ်၏)။

၁-ဤဝါကျ၌လည်း အောက်ပါအတိုင်းပြန်လျှင် သာ၍သင့်လျော်ရာ၏— ချဲ့၍ပြအံ့၊ ဤဆိုခဲ့သည့်အတိုင်း ရအပ်သော (အဝိဇ္ဇာ စသည်နှင့်တကွ သင်္ခါရ-ဟူသော)အကြောင်းရှိသည် ဖြစ်၍၊ ဝါ၊အကြောင်းကို ရသည်ဖြစ်၍ အသစ်ဖြစ်ပေါ်လတ်သော်၊ ဝါ၊ အသစ်ဖြစ်ပေါ်လာသော ဤ ရုပ်နာမ် **သဘောတရားမျှကို "ဘဝတပါးသို့ ကပ်ရောက်သည်"**ဟု ဆိုအပ်၏။

ဤ၌ ဥပ္ပဇ္ဇမာနံ-ဖြစ်ပေါ်သည်-ဟူသော အဖွင့်ဖြင့် ရှေးဘဝမှ ပြောင်း ရွှေ့လာသော အဟောင်းမဟုတ်-အသစ်ဖြစ်ကြောင်း ထင်ရှားသိစေလို၏၊ ထို့ကြောင့် ထိုအနက်ပေါ်စေရန် အသစ်-ဟူသော စကားပါ ထည့်၍ ပြန် ထားသည်။

http://www.dhammadownload.com



နီးသော သေခြင်းရှိသည်ဖြစ်၍၊ ဝါ၊ သေလုနီးဖြစ်၍[1] သည်းမခံနိုင်လောက်အောင် ပြင်းထန်ကုန်သော[2] အလုံးစုံသော အင်္ဂါကြီးငယ် အစပ်တို့၏ အဖွဲ့ တို့ကို ဖြတ်တတ်ကုန်သော သေခါနီး၌ ဖြစ်သော ဝေဒနာတည်းဟူသော ဓားတို့၏ ကျရောက်ခြင်း-ဖြစ်ခြင်းကို သည်းမခံနိုင်သောလူ၏[3] နေပူထဲ၌ ပစ်ချထားအပ်သော ထန်းရွက်စိမ်း ထန်းရွက်စိုကဲ့သို့ အစဉ်အတိုင်း ခြောက်သွေ့ဆဲ ဖြစ်နေသောကိုယ်၌ စက္ခု စသော ဣန္ဒြေတို့ချုပ်ကုန်လတ်သော်၊ ဝါ၊ ချုပ်ကုန်သကဲ့သို့ ဖြစ်လတ်သော်[4] ဟဒယဝတ္ထု၏ တည်ရာအရပ်မျှ၌ ကာယိန္ဒြေ မနိန္ဒြေ ဇီဝိတိန္ဒြေတို့ တည်ကုန်လတ်သော် ထိုခဏ၌ ကြွင်းကျန်လျက် ရှိသော ယဒယဝတ္ထုကို မှီသော ဝိညာဏ်သည်[5] (မာတုဃာတကကံ စသည်နှင့် မဟာဂ္ဂုတ်ကံဟူသော) ဂရုကံ (မပြတ်မှီဝဲအပ်သော) အာစိဏ္ဏကံ (သေခါနီး၌ ပြုအပ်သော) အာသန္နကံ (ရှေးဘဝ၌ ပြုခဲ့သော) ကဋတ္တာကံတို့တွင် တပါးပါးသော[6] ကြွင်းသော အဝိဇ္ဇာစသော အကြောင်းကိုရသည့် သင်္ခါရဟု ဆိုအပ်သော ကံကိုဖြစ်စေ၊ ထိုကံက ထင်စေအပ်သော ကမ္မနိမိတ် ဂတိနိမိတ်(တို့တွင် တပါးပါး)ဟု ဆိုအပ်သော အာရုံကို ဖြစ်စေ အာရုံပြု၍ ဖြစ်၏။ ဤဆိုခဲ့သည့်

---

၁-သေလုနီးဖြစ်၍ ...သည်းမခံနိုင်သော လူ၏-ဟု စပ်ပါ။

၂-ပြင်းထန်ကုန်သော....ဝေဒနာတည်းဟူသော ဓားတို့၏-ဟု စပ်ပါ။

၃-ရှေးပဋိညာဉ်ဝါကျ၌ "လူ၏ စုတိ ပဋိသန္ဓေ"ဟု ဆိုခဲ့သောကြောင့် ဤ၌ အသဟန္တဿ-ကို သည်းမခံနိုင်သော လူ၏-ဟု ဖော်၍ပြန်သည်။ လူ၏- ဟူသော ထိုပုဒ်ကို ကိုယ်၌-ဟူသော ပုဒ်နှင့် စပ်ပါ။

၄-ဤ၌ ပဌမအနက်သည် နိရုဒ္ဓေသု-ဟူသော ပါဠိအရ အတိအကျ ပြန်သော အနက် ဖြစ်သည်၊ လူ့လောက၌ သေခါနီးမှာ အများအားဖြင့် မျက်စိ စသည်က အလျင် ချုပ်ဖွယ်ရှိ၏၊ ထိုအများချုပ်ဟန်ကို ဆိုသည်ဟု ယူလျှင် အတိအကျပြန်သော ထိုအနက် သင့်ရာ၏။ သို့သော် ပဉ္စဒွါရဝီထိနောင် စုတိဖြစ်ပုံကို ပြသောစကားတို့နှင့် မဆန့်ကျင်စေရန် ဋီကာတို့၌ "အလွန်နုံ့စွာဖြစ်ခြင်းသို့ ရောက်သည်ကို ရည်၍ ဆိုသည်"ဟု ဖွင့်ပြထားကြသည်နှင့် ညီစေလိုသောကြောင့် "ချုပ်ကုန်သကဲ့သို့ ဖြစ်လတ်သော်"ဟု ဒုတိယ အနက်ကို ထပ်ဆင့်၍ ပြထားသည်။

၅-ဝိညာဏ်သည်....အာရုံပြု၍ ဖြစ်၏-ဟု စပ်ပါ။

၆-တပါးပါးသော....ကံကို-ဟု စပ်ပါ။

http://www.dhammadownload.com



အတိုင်း ဖြစ်နေသော ထိုဝိညာဏ်ကို[1] တဏှာနှင့် အဝိဇ္ဇာတို့ကို မပယ်ရသေးသောကြောင့်[2] အဝိဇ္ဇာက ဖုံးကွယ်အပ်သော အပြစ်ရှိသော ထို ကံ ကမ္မနိမိတ် ဂတိနိမိတ် ဟူသော အာရုံ၌ တဏှာက ညွတ်စေ၏၊ စုတိ၏ အနီး ဇောဝိညာဏ်နှင့်တကွ ဖြစ်သော သင်္ခါရတို့သည်[3] (ထိုဝိညာဏ်ကို ထိုကံအစရှိသော အာရုံ၌) ပစ်ချကုန်၏။ (မရဏာသန္နဇော စုတိပဋိသန္ဓေ ဟူသော) စိတ်အစဉ်၏ အစွမ်းအားဖြင့်[4] တဏှာက ညွတ်စေအပ်သည် ဖြစ်၍ သင်္ခါရတို့က ပစ်ချအပ်သည်ဖြစ်၍၊ ဝါ၊ ပစ်ချအပ်သော ထိုဝိညာဏ်သည် ဤဘက်ကမ်းသစ်ပင်၌ ဖွဲ့ချည်အပ်သောကြိုးကို ဆွဲကိုင်၍ မြောင်းကိုနင်းကျော်သောသူကဲ့သို့ ရှေးဘဝ၌ ဖြစ်သော မှီရာဝတ္ထုကိုလည်းစွန့်၏၊ ကံက ဖြစ်စေအပ်သော တပါးသော (နောက်ဘဝ) မှီရာဝတ္ထုကို ရောက်သည် ဖြစ်၍ သော်၎င်း[5] မရောက်သည်ဖြစ်၍သော်၎င်း[6] အာရမ္မဏ အစရှိသော၊ ဝါ၊ အာရုံသမ္ပယုတ်

---

၁-ဝိညာဏ်ကို....ညွတ်စေ၏....ပစ်ချကုန်၏-ဟု စပ်ပါ။

၂-ဤဟိတ်ကို အဝိဇ္ဇာက ဖုံးကွယ်-နှင့်၎င်း၊ တဏှာက ညွတ်စေ-နှင့်၎င်း စပ်ပါ။

၃-သဟဇာတသင်္ခါရတို့ဟူသည်ကား စုတိအနီး ဇောဝိညာဏ်နှင့်တကွ ဖြစ်ကုန်သော စေတနာတို့ပေတည်း၊ တနည်း အလုံးစုံလည်း ဖြစ်ကုန်သော ဖဿအစရှိသော တရားတို့ပေတည်း။ (ဋီကာ) ဤဋီကာနှင့်အညီ စုတိ အနီး ဇောဝိညာဏ်နှင့်တကွ ဖြစ်ကုန်သောစေတနာတို့ကိုသို့မဟုတ် ထိုဇောဝိညာဏ်တို့နှင့် တကွဖြစ်သော ဖဿအစရှိသော စေတသိက်တို့ကို သင်္ခါရဟု ဆိုသည်၊ ထိုသင်္ခါရတို့က စိတ်ဝိညာဏ်ကို ပဋိသန္ဓေ၏ တည်ရာဖြစ်သော ကံ အစရှိသော အာရုံ၌ ပစ်ချကြသည်-ပစ်ချကြသကဲ့သို့ ဖြစ်ကြသည်- ဟူ၍ သိအပ်၏။

၄-တဏှာက ညွတ်စေသည်၊ သင်္ခါရတို့က ပစ်ချသည်- ဟူသည်မှာ စိတ်တခု တည်းကို ဆိုသည်မဟုတ်၊ မရဏာသန္နဇော စုတိ ပဋိသန္ဓေဟူသော ဤ စိတ်အစဉ်အလိုအားဖြင့် ညွတ်စေသည်၊ ပစ်ချသည်ဟု ဆိုလို၏။

၅-၆-ဟဒယဝတ္ထုဟု ဆိုအပ်သော မှီရာကို ပဉ္စဝေါကာရဘဝ၌ ရောက်သည်-ရသည်ဖြစ်၍၎င်း၊ စတုဝေါကာရဘဝ၌ မရောက်သည်- မရသည်ဖြစ်၍၎င်း သက်သက် အာရုံ သမ္ပယုတ်တရားနှင့် ကံဟူသော အကြောင်းတရားတို့ ကြောင့်သာလျှင် မပြတ် ဖြစ်သွား၏။ ထိုစကားထဲ၌ အဿာဒယမာနံ-ဟူသည်ကား ပါပုဏန္တံ-ရောက်သည်၊ပဋိလဘမာနံ-ရသည် (ဖြစ်၍)၊ ဤကား အနက်။ (ဋီကာ)

http://www.dhammadownload.com



ကံဟူသော ပစ္စည်း(အကြောင်းတရား)တို့ကြောင့်သာလျှင်(အဆက်မပြတ်) ဖြစ်သွား၏။

ဆက်၍ ရှင်းဦးအံ့၊ ဤစုတိနှင့် ပဋိသန္ဓေဝိညာဏ်တို့တွင် ရှေးဝိညာဏ်ကို ထင်ရှားရှိသော ဘဝမှ ရွေ့လျော-ပျက်စီးသွားခြင်းကြောင့် စုတိစိတ်ဟု ခေါ်ဆိုအပ်၏၊ နောက်ဝိညာဏ်ကို ဘဝတပါး-ဘဝသစ်၏ အစစွာ အစပ် ဖြစ်သောကြောင့်၎င်း၊ ဘဝတပါး ယောနိတပါး ဂတိတပါး စသည်တို့ကို ဆက်စပ်တတ်သောကြောင့် ပဋိသန္ဓေစိတ်ဟု ခေါ်ဆိုအပ်၏။ ထိုသို့ ဘဝသစ်၌ ဖြစ်သော ဤစိတ်ဝိညာဏ်သည် ရှေးဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ လာသည်လည်း မဟုတ်၊ ထိုရှေးဘဝမှ ကံ သင်္ခါရ (တဏှာဖြင့်) ညွတ်ခြင်း ကံစသော အာရုံ အစရှိသောအကြောင်းကို ကြည့်၍၎င်း၊ အကြောင်းနှင့်ကင်း၍ ထင်ရှား ဖြစ်ပေါ်လာသည်လည်း မဟုတ်ဟူ၍ သိအပ်ပေသည်။

## ပဲ့တင်သံစသည်ဥပမာ

၆၃၃။ ဤသို့ (ပဋိသန္ဓေဝိညာဏ်၏ ရှေးဘဝမှ မလာခြင်း, ရှေးဘဝမှ အကြောင်းနှင့်လည်း မကင်းမူ၍) ဖြစ်ခြင်း၌ ပဲ့တင်သံ စသည်တို့သည် ပုံတူ ဥပမာတို့ ဖြစ်ကြပေသည်။ ထို့ပြင် အစဉ်သန္တာန်၏ စပ်ခြင်းကြောင့် တခုတည်း-တယောက်တည်း၏ အဖြစ်သည်လည်း မရှိ၊ ကွဲပြားသည်၏ အဖြစ်သည်လည်း မရှိပေ။

ချဲ့၍ပြအံ့၊ ဤပဋိသန္ဓေဝိညာဏ်၏ ရှေးဘဝမှ ဤဘဝသို့ မလာခြင်းနှင့် အတိတ်ဘဝ၌ အကျုံးဝင်သော အကြောင်းတို့ကြောင့် ဖြစ်ခြင်း ဟူသော ဤအရာ၌ ပဲ့တင်သံ ဆီမီးလျှံ တံဆိပ်ရေး မျက်နှာရိပ်လျှင် အတူရှိကုန်သော သဘောတရား-အရာဝတ္ထုတို့သည် ပုံတူ ဥပမာတို့ ဖြစ်ကြပေသည်၊ ရှင်းဦးအံ့၊ ပဲ့တင်သံ ဆီမီးလျှံ တံဆိပ်ရေး မျက်နှာရိပ်တို့သည် မူလ အသံ စသည်လျှင် အကြောင်းရှိကုန်သည်ဖြစ်၍ ဖြစ်ပေါ်ကုန်၏။[၁] အကြောင်း၏တည်ရာ အရပ်တပါးသို့ မသွားမူ၍၊ ၎င်း၊ အကြောင်း၏တည်ရာမှ တပါးသောအရပ်သို့

---

၁-ဤဥပမာစကားဖြင့် ပဋိသန္ဓေစိတ်သည် ရှေးဘဝက **အကြောင်းနှင့်** မကင်းမူ၍ ဖြစ်သည်ကို နှိုင်းယှဉ်၍ သိစေ၏၊ သိလွယ်၏၊ ထင်ရှား၏။

http://www.dhammadownload.com



မသွားမူ၍ ဖြစ်ပေါ်ကုန်သကဲ့သို့[၁] ဤပဋိသန္ဓေစိတ်ဝိညာဏ်သည်လည်း ဤအတူပင် ဖြစ်ပေသည်။

ထို့ပြင် ဤသို့ ဖြစ်ရာ၌ အစဉ်သန္တာန်၏ စပ်ခြင်းကြောင့် တခုတည်း-တယောက်တည်း အဖြစ်သည်လည်း မရှိ၊ ကွဲပြားသည်၏ အဖြစ်သည်လည်း မရှိပေ။ အစဉ်သန္တာန်ဖြင့် စပ်ခြင်းရှိလျှင် စင်စစ် တခုတည်း-တယောက်တည်း-တူသည်၏ အဖြစ်သည် အကယ်၍ ဖြစ်ငြားအံ့၊ သို့ဖြစ်လျှင် နို့ရည်မှ ဖြစ်သော နို့ဓမ်းမည်သည် မရှိလေရာ။ သို့မဟုတ် စင်စစ် ကွဲပြားသည်၏ အဖြစ်သည်လည်း အကယ်၍ ဖြစ်ငြားအံ့၊ သို့ဖြစ်လျှင် နို့ဓမ်းသည် နို့ရည်နှင့် စပ်သည် မဖြစ်လေရာ။ အလုံးစုံသောအကြောင်းနှင့် အကြောင်းကြောင့် ဖြစ်သော အကျိုးတို့၌ (အပြစ်ရောက်ပုံမှာ) ဤနည်းပင်တည်း။ ဆက်၍

---

၁-ဤဥပမာစကားဖြင့် ရှေးဘဝမှ တရားများ ပြောင်းရွှေ့မလာပုံကို နှိုင်းယှဉ်၍ သိစေ၏၊ သို့သော် ဤစကားကို သဘောပေါက် နားလည်ရန် ခက်၏။ ထို့ကြောင့် ဋီကာဖွင့်ပုံကို ထုတ်ပြဦးအံ့။ ပေါဒ္ဓိ အညတြ အဂန္တွာ-ဟူသည်ကား မူလအသံအစရှိသော အကြောင်း၏ အရပ်သို့ မသွား-မရောက်မူ၍ အသံစသည်လျှင် အကြောင်းရှိကုန်၏၊ (အဘယ့်ကြောင့် ဆိုသော်) ထိုဖြစ်ပေါ်သည်မှ ရှေး၌ မရှိသေးခြင်းကြောင့်ပေတည်း။ ဤအတူပင် ဤပဋိသန္ဓေဝိညာဏ်သည်လည်း အကြောင်း၏ အရပ်သို့ မသွား- မရောက်မူ၍ ထိုအဝိဇ္ဇာအစရှိသော အကြောင်းကြောင့် ဖြစ်၏၊ (အဘယ့်ကြောင့် ဆိုသော်) ထိုဖြစ်ပေါ်သည်မှ ရှေး၌ မရှိသေးခြင်းကြောင့်ပေတည်း။ ထို့ကြောင့် ဤပဋိသန္ဓေဝိညာဏ်သည် အကြောင်း၏ အရပ်ဖြစ်သော ရှေးဘဝမှ ဤဘဝသို့ လာခဲ့သည် မဟုတ်၊ (ဥပမာ) ပဲ့တင်သံစသည်တို့သည် မူလရင်းအသံစသည်၏ အရပ်မှ မလာကုန်သကဲ့သို့ပင်တည်း၊ ထိုရှေးဘဝ၌ (ပြီးခဲ့သော) အကြောင်းနှင့်ကင်း၍ ဖြစ်သည်လည်း မဟုတ်။ (ဥပမာ) မူလရင်းအသံ စသည်နှင့်ကင်း၍ ပဲ့တင်သံ စသည်တို့ မဖြစ်ကြသကဲ့သို့ပင်တည်း။ ဤကားအနက်။ တနည်းကား-ပေါဒ္ဓိ အညတြ အဂန္တွာ-ဟူသည်ကား မဖြစ်သေးမီ ရှေးကာလ၌ အကြောင်း၏အရပ်၌ စုဝေးတည်ရှိနေပြီးလျှင် ထိုအရပ်မှ တပါးသောအရပ်သို့သွား၍ ထိုအကြောင်းကြောင့် ဖြစ်ကြသည် မဟုတ်ကုန်၊ (အဘယ့်ကြောင့်ဆိုသော်)ဖြစ်ပေါ်သည်မှ ရှေးကာလ၌ မရှိသေးခြင်းကြောင့်ပေတည်း။ မူလအသံရင်း စသည်ကြောင့် မဖြစ်ကြသည်လည်း မဟုတ်ကုန်သကဲ့သို့ ဤပဋိသန္ဓေဝိညာဏ်သည် ဤအတူပင်တည်း။ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ယှဉ်စေအပ်၏။ (ဋီကာ)

http://www.dhammadownload.com



အပြစ်ကို ဖော်ပြဦးအံ့၊ ဤဆိုခဲ့သည့်အတိုင်း ၂-စွန်း ၂-ဖက်လုံး အပြစ်ရောက်ခဲ့သော်("သလေးနီ၏မျိုးစေ့၊ သလေးနီ၏အသီး" ဤသို့ အစရှိသော) အလုံးစုံသော လောကဝေါဟာရ၏ ကျေပျက်ခြင်းသည် [၁၈၈]ဖြစ်လေရာ၏။ ထိုသို့ လောကဝေါဟာရ၏ ပျက်ခြင်းကိုလည်း အလိုမရှိအပ်ပေ။ ထို့ကြောင့် (အစဉ်သန္တာန်ဖြင့် စပ်သော အကြောင်းနှင့် အကျိုးဖြစ်သော) ဤဝိညာဏ်တို့၌ စင်စစ် တခုတည်းအဖြစ် တူသည်၏အဖြစ်ကိုရင်း စင်စစ် ကွဲပြားသည်၏ အဖြစ်ကိုရင်း မယူအပ်ပေ။

## အရေးပါသောစောဒနာနှင့်ဖြေရှင်းချက်

၆၃၄။ ဤအရာ၌ (ရပ်တန့်၍ စောဒကသည် စောဒနာကို)ဆို၏၊ (ဆိုပုံကား)-ဘဝဟောင်းမှ ဘဝသစ်သို့ မပြောင်းပဲ ဘဝသစ်၌ ဝိညာဏ်အသစ်၏ ထင်ရှားဖြစ်ခြင်း ဟုတ်ပါမူ ဤလူ့အတ္တဘော၌ ရှိကြသော ခန္ဓာဟောင်းတို့၏ ချုပ်ကုန်ပြီး ဖြစ်ကြသောကြောင့်ရင်း၊ အကျိုး(ဝိညာဏ်)၏ အကြောင်းဖြစ်သောကံ၏ ထို(အကျိုးဝိညာဏ်ဖြစ်ရာ ဘဝသစ်)သို့ မသွားခြင်း-မရောက်ခြင်းကြောင့်ရင်း ထိုဝိညာဏ်သည် (ကံကို ပြုခဲ့သောသူမှ) တပါးသောသူ၏ အကျိုးသည်လည်း ဖြစ်ရာ၏၊ (ပြုအပ်ခဲ့သောကံမှ) တပါးသော အကြောင်းကြောင့် ဖြစ်သည်လည်း ဖြစ်ရာ၏။ သည်မျှသာ မကသေး၊ (သဘောတရားမျှ ဖြစ်လတ်သော် ဘဝတပါးသို့ ကပ်ရောက်သည်-ဟု ဆိုအပ်ကြောင်း ဆရာသည်ပင် ဆိုအပ်ခဲ့သောကြောင့်¹ အကျိုးကို) ခံစားသူ မရှိလျှင် ထိုအကျိုးသည် ဘယ်သူ၏ အကျိုး ဖြစ်ရာသနည်း၊ ထို့ကြောင့် (သဘောတရားမျှသာ ဖြစ်ပေါ်လျက် ဘဝတပါးသို့ ကပ်ရောက်သည်၊ သတ္တဝါ အသက်ကောင် ဖြစ်သည် မဟုတ်၊ ဘဝဟောင်းမှ ဘဝသစ်သို့ ပြောင်းရွှေ့ခြင်း မရှိ-ဟု ဆိုသော) ဤအစီရင်-ဤအဆိုသည် မကောင်းပါ-ဟု ဆို၏။ ထိုစောဒနာ၌ ဤအဖြေကို ဆိုအပ်ပေ၏—

> တခုသော အစဉ်သန္တာန်၌ (ဖြစ်ပေါ်လာသော) အကျိုးသည် တပါးသော သန္တာန်၏ အကျိုး မဟုတ်၊ (ထိုသန္တာန်၌ ဖြစ်ခဲ့သော ပြုမှုကံမှ) တပါးသော အကြောင်းကြောင့်လည်း ဖြစ်သည်မဟုတ်၊ မျိုးစေ့တို့ကို ပြုပြင်စိုက်ပျိုးခြင်းသည် ဤအနက်ကို ပြီးစေနိုင်ပေ၏။

---

၁-စာပိုဒ်နံပါတ် ၆၃၂-၌ ဆိုခဲ့သည်။

http://www.dhammadownload.com



ချဲ့၍ပြအံ့၊ တခုသော အစဉ်သန္တာန်၌ အကျိုးဖြစ်လတ်သော်၊ ဝါ၊ ဖြစ်ပေါ်လာသော အကျိုးသည်[၁] ထို(ကံဖြစ်ရာ တရားအစု အစဉ်သန္တာန်)၌ စင်စစ် တခုတည်း တူသည်၏ အဖြစ်နှင့် ထူးခြား ကွဲပြားသည်၏ အဖြစ်တို့ကို ပယ်မြစ်ထားသောကြောင့် တပါးသောသန္တာန်-တပါးသောသူ၏ (အကျိုး)ဟူ၍ရင်း၊ တပါးသော အကြောင်းကြောင့် (ဖြစ်သည်)ဟူ၍ရင်း (ဆိုအပ်-ဆိုသင့်သည်)မဖြစ်ပေ။ အကြောင်း ယုတ္တိကား-ဤဆိုခဲ့သော အနက်ကို မျိုးစေ့တို့ကို ပြုပြင်စိုက်ပျိုးခြင်းက ပြီးစေနိုင်ပါသည်။ ချဲ့၍ ပြအံ့၊ သရက်စေ့ စသည်တို့ကို ပြုပြင်စိုက်ပျိုးခြင်းတို့ကို ပြုလျှင် ထိုမျိုးစေ့၏ အစဉ်သန္တာန်၌ ရအပ်သော အကြောင်းရှိပါမူ၊ ဝါ၊ အကြောင်းညီညွတ်ပါမူ နောင်အခါတပါး၌ အကျိုးထူး-အသီးထူး ဖြစ်ပေါ်လာလတ်သော်၊ ဝါ၊ ဖြစ်ပေါ်လာသော အကျိုးထူး-အသီးထူးသည် အခြားတပါးသော မျိုးစေ့တို့၏ အကျိုး-အသီး မဟုတ်ပေ၊ အခြားတပါးသော မျိုးစေ့ကို ပြုပြင်စိုက်ပျိုးခြင်းကြောင့် ဖြစ်သည်လည်း မဟုတ်ပေ၊ သို့သော် ထိုမျိုးစေ့များနှင့် ထိုပြုပြင်စိုက်မျိုးမှုတို့သည် အသီး သီးရာဌာနသို့ကား မရောက်ကြကုန်။ ဤဥပမာအတူပင် ဥပမေယျဖြစ်သော ဤအနက်သဘော၏ ပြီးစီးပုံကို သိအပ်ပေသည်။[၂] သည်မျှသာမကသေး၊ သူငယ်၏ ကိုယ်၌ ကပ်ယှဉ် ထည့်သွင်း ပေးအပ်ကုန်သည် ဖြစ်၍ နောင်အခါတပါးဝယ် လူကြီး၏ ကိုယ် စသည်တို့၌ အကျိုးကို ပေးတတ်ကုန်

---

၁-အကျိုးသည်....(ဆိုအပ်-ဆိုသင့်သည်) မဖြစ်ပေ-ဟု စပ်ပါ။

၂-စတုမဓုရခေါ် အချိုလေးမျိုးနှင့် ချိပ်ရည် စသည်ဖြင့် ထုံစေခြင်းသည် သရက်နှင့် မာတုလုင်ခေါ် ရှောက်ပန်း စသော မျိုးစေ့တို့ကို အထူးပြုပြင်စိုက်ပျိုးခြင်း မည်၏။ ဤဥပမာ၌ ကံရှိသော သတ္တဝါသည် အထူးပြုပြင် စိုက်ပျိုးအပ်သော မျိုးစေ့နှင့် တူ၏၊ ကံသည် အထူးပြုပြင် စိုက်ပျိုးခြင်းနှင့် တူ၏၊ သတ္တဝါ၏ ပဋိသန္ဓေဝိညာဏ် အစရှိသော အစဉ်သည် မျိုးစေ့၏အညှောက် အစရှိသော အစဉ်နှင့် တူ၏၊ ထိုမျိုးစေ့၏အညှောက် စသော အစဉ်၌ ဖြစ်သောချိုသောသရက်သီး၏ရင်း၊ နီသောအမွှာရှိသောရှောက်ပန်းသီး၏ရင်း ဖြစ်ခြင်းသည် ထိုသရက်မျိုးစေ့ ရှောက်ပန်းမျိုးစေ့၏သာလျှင် ဖြစ်ခြင်းကဲ့သို့ရင်း၊ ထိုအထူးပြုပြင် စိုက်ပျိုးခြင်းကြောင့်သာလျှင်ဖြစ်ခြင်းကဲ့သို့ရင်း၊ ဝိညာဏ်အစရှိသော အကျိုး၏ဖြစ်ခြင်းကို ကံကိုပြုသော သတ္တဝါ၏သာလျှင် ဖြစ်ခြင်းဟူ၍ရင်း၊ ထိုကံကြောင့်သာလျှင် ဖြစ်ခြင်းဟူ၍ရင်း သိအပ်၏။ (ဋီကာ)

http://www.dhammadownload.com



သော ပညာ အတတ် ဆေးစသည်တို့ဖြင့်လည်း ဤဆိုခဲ့သော အနက်(ပြီးစီးခြင်း)ကို သိအပ်သေး၏။[၁]

ခံစားသူ မရှိလျှင် ထိုအကျိုးသည် အဘယ်အကျိုးဖြစ်ရာသနည်း - ဟု ဆိုသောထိုစကား၌လည်း--

> အကျိုး၏ ဖြစ်ပေါ်ခြင်းဖြင့်ပင်လျှင် သုံးဆောင်သည်ဟုသမုတ်ခြင်း-ခေါ်ဆိုခြင်းသည် ပြီး၏။ သစ်ပင်၏ အသီးဖြစ်ပေါ်ခြင်းဖြင့် သီးသည်ဟု သမုတ်ခြင်း - ခေါ်ဆိုခြင်း ပြီးသကဲ့သို့ပင်တည်း။

ခဲ့ျရှုပြအံ့၊ သစ်ပင်ဟု ဆိုအပ်ကုန်သော ရုပ် သဘော တရားတို့၏ တစိတ်ဖြစ်သော သစ်သီး၏ ဖြစ်ပေါ်ခြင်းဖြင့်ပင်လျှင် သစ်ပင်သီးသည်ဟူ၍ရင်းအသီးရှိသည်ဟူ၍ရင်း ခေါ်ဆိုအပ်သကဲ့သို့ ထို့အတူ နတ်လူဟု ဆိုအပ်ကုန်သော

---

၁-သူငယ်၏ကိုယ်၌ ပြုအပ်သော ဝိဇ္ဇာခေါ် ပညာကိုသင်ခြင်း, သိပ္ပခေါ် အတတ်ကို သင်ယူလေ့လာခြင်း, ဆေးနှင့်ယှဉ်စေခြင်းတို့သည် ကြီးရင့်သော သူ၏ ကိုယ်သို့ မရောက်ကုန်၊ သို့သော်လည်း ထိုသင်ယူလေ့လာခြင်း ယှဉ်စေခြင်း ဟူသော အကြောင်းကြောင့် ပညာ၏ ထက်မြက်ခြင်း, အတတ်ကို တတ်သိနားလည်ခြင်း,အနာရောဂါကင်းခြင်းတို့သည် ကြီးရင့်သော လူကြီး၏ကိုယ်၌ ဖြစ်ကုန်ပြီးစီးကုန်၏။ ထိုပညာတက်မြက်ခြင်း စသည်တို့သည်အခြားသူအား ဖြစ်သည် မဟုတ်ကုန်၊ (အဘယ့်ကြောင့်နည်း?) ထိုသူငယ်၏ရုပ်နာမ်အစဉ် သန္တာန်၌ အတွင်းဝင်သည် သာလျှင် ဖြစ်သော လူကြီး၏ကိုယ်၌ ဖြစ်ခြင်းကြောင့်ပေတည်း။ ထိုပညာ၏ ထက်မြက်ခြင်း စသည်တို့သည် ငယ်စဉ်က ယှဉ်စေခဲ့သော ပညာကိုသင်ခြင်းစသည်နှင့် ကင်း၍ တပါးသောအကြောင်းကြောင့် ဖြစ်ကြသည်လည်း မဟုတ်ပေ၊ (အဘယ့်ကြောင့်နည်း?) ငယ်စဉ်က ပညာသင်ခြင်းစသည် မရှိခဲ့သော် ကြီးသောအခါ ပညာထက်မြက်ခြင်းစသောထိုအကျိုး၏ မရှိခြင်းကြောင့်ပေတည်း။ ဤအတူပင် ဤအရာ၌လည်း (မရဏာသန္နဇော စုတိ ပဋိသန္ဓေ စသော) စိတ်အစဉ်သန္တာန်၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ် စသော အကျိုးသည် (ကံကိုပြုသူမှ) အခြားသူ၏ အကျိုးမဟုတ်၊ အခြားအကြောင်းကြောင့် ဖြစ်သည်လည်း မဟုတ်ဟု ယှဉ်စေအပ်၏။ စေ့ဒနာဖွယ်အချက်ကို ဆက်၍ရှင်းဦးအံ့၊ ဤဥပမာစကားဖြင့် သင်္ခါရမရှိလျှင်အကျိုး၏မရှိခြင်းကိုသာလျှင်ပြပေသည်၊ အခြားအကြောင်းကို ပယ်မြစ်ခြင်းကို ပြသည်ကား မဟုတ်ပေ။ (ဋီကာ)

http://www.dhammadownload.com



ခန္ဓာ ၅-ပါး ၄-ပါး တို့၏ တစိတ်ဖြစ်သော ၁ သုံးဆောင်ခြင်းဟု ဆိုအပ်သော ၁ ချမ်းသာ ဆင်းရဲ ဟူသော အကျိုး၏ ဖြစ်ပေါ်ခြင်းဖြင့်ပင်လျှင် လူသည် သို့မဟုတ် နတ်သည် သုံးဆောင်၏ ဟူ၍ရင်း၊ ချမ်းသာ၏ ဆင်းရဲ၏ ဟူ၍ရင်း ခေါ်ဆိုအပ်၏။ ထို့ကြောင့် ဤအရာ၌ ခန္ဓာတို့မှ တပါးသော သုံးဆောင်တတ်သူမည်သော (အတ္တ) ကတ္တားဖြင့် တစုံတခုသော အကျိုးမရှိဟု ဆိုအပ်၏။

[၁၀၉] ၆၃၅။ ဤသို့ ဘဝဟောင်းမှ ပြောင်းရွှေ့လာခြင်း မရှိပဲ ဘဝသစ်၌ ထင်ရှား ဖြစ်ခြင်းနှင့် ထိုသို့ ဖြစ်ရာဝယ် စောဒနာဖွယ်ကို ဖြေရှင်းခြင်း သင့်လျော်ပြည့်စုံငြားသော်လည်း ဤသင်္ခါရတို့သည် ထင်ရှား ရှိကုန်လျက်မူလည်း အကျိုးအား ကျေးဇူးပြုကုန်သလော၊ သို့မဟုတ် ထင်ရှား မရှိကုန်မူ၍ ကျေးဇူးပြုကုန်သလော။ အကယ်၍ ထင်ရှား ရှိကုန်လျက် ကျေးဇူးပြုကြပါမူ ဖြစ်ဆဲခဏ၌ပင်လျှင် ထိုသင်္ခါရတို့၏ အကျိုးဝိပါက်သည် ဖြစ်ပေါ်ရာ၏၊ သို့မဟုတ် မရှိကုန်မူ၍ ကျေးဇူးပြုကြပါမူ (ထိုသင်္ခါရတို့) ဖြစ်ပေါ်သည်မှ ရှေးကာလ၌ရင်း၊ နောက်ကာလ၌ရင်း အမြဲတမ်း အကျိုးကို ဆောင်ပေးတတ် ဖြစ်ပေါ်စေတတ်သည် ဖြစ်ကုန်ရာ၏ - ဟူ၍ အကြင် တစုံတယောက်သောသူသည် ဆိုရာ၏၊ ထိုသူကိုလည်း ဤသို့ ပြောကြား ဖြေဆိုအပ်၏—

ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့် ဤသင်္ခါရတို့သည် (အကျိုးအား) ကျေးဇူးပြုတတ်ကုန်၏၊ သို့သော် အမြဲတမ်း အကျိုးကို ဆောင်တတ်- ဖြစ်ပေါ်စေတတ်သည်ကား မဟုတ်ကြပေ။ ထိုအရာ၌ အာမခံခြင်း အစ ရှိသော ပုံတူ ဥပမာကို သိအပ်ပေ၏။

ခဲ့ျ၍ပြအံ့၊ သင်္ခါရတို့သည် ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင် မိမိ၏ အကျိုးအား ကျေးဇူးပြုတတ်ကုန်၏၊ ထင်ရှား ရှိသည်၏ အဖြစ်ကြောင့်သော်ရင်း၊ ထင်ရှား မရှိသည်၏ အဖြစ်ကြောင့်သော်ရင်း (ကျေးဇူးပြုတတ်ကြသည်ကား) မဟုတ်ကြပေ။ (မြတ်စွာဘုရား) ဟောတော်မူပုံကား — "ကာမာဝစရ ကုသိုလ်ကို ပြုအပ်ပြီးသည်၏အဖြစ်ကြောင့် ဆည်းပူးအပ်ပြီးသည်၏အဖြစ်ကြောင့် အကျိုး ဝိပါက် ဖြစ်သော စက္ခုဝိညာဏ်သည် ဖြစ်ပေါ်၏" ဤသို့ စသည်ပင်တည်း။ သို့သော်လည်း မိမိ၏ ထိုက်သင့်သော

---

၁-ဤ ဝိသေသနများကို အကျိုး၏-ဟူသော ဝိသေသျပုဒ်နှင့်စပ်ပါ။

http://www.dhammadownload.com



အကျိုးအား ကျေးဇူးပြုကြပြီးလျှင် တဖန် အကျိုးကို ဆောင်တတ် ဖြစ်စေတတ်သည်ကား မဟုတ်ကုန်၊ (အဘယ့်ကြောင့် ဆိုသော်) အကျိုးဝိပါက်ကို ရင့်ကျက်စေကြပြီး - ဖြစ်စေကြပြီးဖြစ်သောကြောင့်ပေတည်း။ ဆိုခဲ့သော ထိုအနက်သဘောကို ထင်ရှားစေရာ၌ အာမခံခြင်း အစရှိသော ဤဆိုလတ္တံ့ ဖြစ်သော ပုံတူဥပမာကို သိအပ်ပေ၏ — လောက၌ အကြင်သူသည် တစုံတခု သော ပစ္စည်းဥစ္စာကို ပြန်လည်ပေးအပ်ရန်အတွက် အာမခံခြင်းကို ပြု၏၊ ဘဏ္ဍာ - အသုံးအဆောင်ကိုမူလည်း ဝယ်ယူ၏ [၁]၊ အကြွေးကိုမူလည်း ချေးယူ၏ [၂]၊ ထိုသူ၏ ထိုအာမခံခြင်း ဝယ်ယူခြင်း ချေးယူခြင်းကို ပြုခြင်းမျှသည် သာလျှင် ထိုသက်ဆိုင်သော ပစ္စည်း ဥစ္စာကို ပေးအပ်ခြင်း စသည်၌ ကျေးဇူး ပြုသော အကြောင်း ဖြစ်ပေသည်၊ အာမခံခြင်း စသော ကြိယာ၏ ထင်ရှား ရှိခြင်း မရှိခြင်းသည် အကြောင်းမဟုတ်ပေ။ ထို့ပြင် ထို သက်ဆိုင်သော ပစ္စည်း ဥစ္စာကို ပေးအပ်ခြင်း စသည်မှ နောက် ကာလ၌လည်း တာဝန်ကို ဆောင်သည် - တာဝန်ရှိသည်သာလျှင် မဖြစ်တော့ပေ။ အဘယ့်ကြောင့် ဆိုသော် - ပြန်လည် ပေးအပ်ခြင်း စသည်တို့ကို ပြုအပ်ပြီး ဖြစ်သောကြောင့် ပေတည်း။ ဤအတူပင် ပြုအပ်ပြီး ဖြစ်သောကြောင့် သာလျှင် သင်္ခါရတို့ သည်လည်း မိမိ၏ အကျိုးအား ကျေးဇူးပြုတတ်ကုန်၏၊ ထိုက်တန်သော အကျိုးကို ပေးသည်မှ နောက်ကာလ၌လည်း အကျိုးကို ဆောင်တတ်-ဖြစ် စေတတ်သည်ကား မဟုတ်ကြပေဟု သိအပ်၏။ ဤမျှသော စကား အစဉ် ဖြင့် မိဿ အမိဿတို့၏ အစွမ်းဖြင့် ၂-ပါး အပြားအားဖြင့်လည်း ဖြစ်သော ပဋိသန္ဓေ ဝိညာဏ်၏ သင်္ခါရ ဟူသော အကြောင်းကြောင့် ဖြစ်ပုံကို ပြအပ် ပြီး ဖြစ်ပေပြီ။

## ဝိညာဏ် ၃၂-ပါးလုံးဖြစ်ပုံကို ပေါင်း၍ပြဆိုခြင်း

၆၃၆။ ယခုအခါ ထို ၃၂-ပါးသော ဝိညာဏ်အလုံးစုံတို့၌ပင်လျှင် ဖြစ်ပေါ် နိုင်သည့် တွေဝေခြင်းကို ပယ်ဖျောက်ခြင်း အကျိုးငှါ-

> ဘဝစသည်တို့၌ ပဋိသန္ဓေ ပဝတ္တိတို့၏ အစွမ်းအားဖြင့် ဤဆိုခဲ့သော သင်္ခါရတို့သည် အကြင်ဝိပါက်ဝိညာဏ်တို့အား ကျေးဇူးပြုကုန်၏၊

---

၁-၂-ဤ စကား ၂-ရပ်ဖြင့် **"အာမခံခြင်း အစရှိသော"**ဟု ဆိုခဲ့ရာတွင် **"အစ ရှိသော"၏ အရကို ပြသည်။**

http://www.dhammadownload.com



(ထိုဝိပါက်ဝိညာဏ်တို့ကို သိအပ်ကုန်၏)၊ ကမ္မပစ္စည်း အစရှိသော အကြောင် အခြင်းအရာအားဖြင့်လည်း ကျေးဇူးပြုကုန်၏၊ (ထိုအခြင်း အရာအားဖြင့်လည်း ထိုသင်္ခါရတို့ကို) သိအပ်ကုန်၏။

ထိုဂါထာ စကားရပ်၌ ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏ ဋ္ဌိတိ ခုနစ်ပါး သတ္တာဝါသ ကိုးပါး ဟူသော ဤအရာတို့သည် **ဘဝစသည်တို့** မည်ကုန်၏။ ဤဘဝစသည်တို့၌ ပဋိသန္ဓေကာလ၌ရှင်း၊ ပဝတ္တိကာလ၌ရှင်း ဤဆိုခဲ့သော သင်္ခါရတို့သည် အကြောင်ဝိပါက်ဝိညာဏ်တို့အား ကျေးဇူးပြု တတ်ကုန်၏၊ (ထိုဝိပါက် ဝိညာဏ်တို့ကို သိအပ်ကုန်၏)၊ ကမ္မပစ္စည်း စသော အကြောင်အခြင်းအရာအားဖြင့်လည်း ကျေးဇူးပြုတတ်ကုန်၏၊ ထိုအခြင်းအရာ အားဖြင့်(ထိုသင်္ခါရတို့ကို)သိအပ်ကုန်၏။ ဤကား ဂါထာ၏အနက်။

[၁၉၀] ထိုသိအပ်သော သင်္ခါရနှင့် ဝိညာဏ်တို့တွင် ရှေးဦးစွာ (မြရန် အစဉ်ရောက်သော) ပုညာဘိသင်္ခါရထဲတွင် ကာမာဝစရ ကုသိုလ်စေတနာ ရှစ်ပါးအပြားရှိသော ပုညာဘိသင်္ခါရသည် သာမညအားဖြင့် ကာမဘဝ၌ သုဂတိဘုံမှာ ၉-ပါးသော ဝိပါက်ဝိညာဏ်တို့အား[၁] ပဋိသန္ဓေ ကာလ၌ နာနာက္ခဏိကကမ္မပစ္စည်းဖြင့်ရှင်း၊ ပကတူပနိဿယပစ္စည်းဖြင့်ရှင်း ဤသို့ ၂-ပါး အပြားအားဖြင့် ကျေးဇူးပြု၏။ ရူပါဝစရကုသိုလ်စေတနာ ငါးပါး အပြား ရှိသော ပုညာဘိသင်္ခါရသည် ရူပဘဝ၌ ၅-ပါးသော ဝိပါက်ဝိညာဏ်တို့အား ပဋိသန္ဓေကာလ၌သာလျှင်[၂] ကျေးဇူးပြု၏။

ထိုမှတပါး ဆိုအပ်ပြီးသော အပြားရှိသော ကာမာဝစရပုညာဘိသင်္ခါရ သည် ကာမဘဝ၌ သုဂတိဘုံမှာ ဥပေက္ခာသဟဂုတ် အဟိတ်မနောဝိညာဏ

---

၁-ဝိပါက်ဝိညာဏ် ၉-ပါးဟူသည်မှာ မဟာဝိပါက် ရှစ်ပါးနှင့် ကုသလဝိပါက် ဥပေက္ခာသန္တီရဏပင် ဖြစ်သည်။

၂-ပဋိသန္ဓိယံ ဝေ-ဟူသောပါဠ်အရ အတိအကျပြန်သော အနက်ဖြစ်သည်၊ ပဋိသန္ဓေအား ကျေးဇူးပြုလျှင် ဘဝင်နှင့် စုတိအားလည်း ကျေးဇူးပြုတော့ သည်သာ ဖြစ်သောကြောင့် ယင်းဘဝင် စုတိတို့ကိုလည်း ဤပဋိသန္ဓေ အရ၌ ထည့်သွင်း၍ ဆိုသည်ဟု ယူလျှင် သင့်ရာ၏။ သို့သော် နောက်၌ ဆိုလတ္တံ့သော အရူပကုသိုလ်အရာ၌ကား....ဘဝင်နှင့် စုတိကို ပဝတ္တိကာလ အဖြစ်ဖြင့် သီးခြားထုတ်၍ ဆိုထားသေး၏။

http://www.dhammadownload.com



ခွတ်သည် ကြဉ်အပ်ကုန်သော၊ဝါ၊ဥပေက္ခာသန္တီရဏမှတပါးကုန်သော ၇-ပါးကုန်သော ကာမ (အဟိတ်ကုသလ) ဝိပါက်ဝိညာဏ်တို့အား ဆိုအပ်ပြီးသော နည်းဖြင့် ပင်လျှင် ၂-ပါးအပြားအားဖြင့် ပဝတ္တိ၌ ကျေးဇူးပြု၏၊ ပဋိသန္ဓေကာလ၌ ကျေးဇူးမပြု။ ထိုကာမပုညာဘိသင်္ခါရ သည်ပင်လျှင် ရူပဘဝ၌ (ကုသလဝိပါက် စက္ခုဝိညာဏ် သောတဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏ ၂-ခု ဟူသော) ၅-ပါးသော ဝိပါက်ဝိညာဏ်တို့အား ထိုအတူပင်လျှင် ပဝတ္တိ၌ ကျေးဇူးပြု၏၊ ပဋိသန္ဓေ၌ မဟုတ်။ ထိုမှတပါး ကာမဘဝ၌ ဒုဂ္ဂတိဘုံမှာ ရှစ်ပါးလည်းဖြစ်ကုန်သော ကာမ (အဟိတ်ကုသလ) ဝိပါက်ဝိညာဏ်တို့အား ထိုအတူပင် ပဝတ္တိ၌ ကျေးဇူးပြု၏၊ ပဋိသန္ဓေ၌ မဟုတ်။ ထိုဒုဂ္ဂတိဘုံတို့တွင် ငရဲ၌ မဟာမောဂ္ဂလ္လာန်ထေရ်၏ ငရဲသို့လှည့်လည်သောအခါစသည်တို့၌ ဣဋ္ဌာရုံနှင့် တွေ့ကြုံခြင်းကြောင့် ထိုပုညာဘိသင်္ခါရက ကျေးဇူးပြုပေသည်၊ ထိုမှတပါး တိရစ္ဆာန်တို့၌ရင်း, တန်ခိုးကြီးသော ပြိတ္တာတို့၌ရင်း ဣဋ္ဌာရုံကို ရအပ်-ရနိုင်သည်သာတည်း။

ထိုကာမပုညာဘိသင်္ခါရသည်ပင်လျှင် ကာမဘဝ၌ သုဂတိဘုံမှာ ၁၆-ပါးလုံးလည်း ဖြစ်ကုန်သော ကုသလဝိပါက်ဝိညာဏ်တို့အား ထိုအတူပင် ပဝတ္တိ၌ရင်း, ပဋိသန္ဓေ၌ရင်း ကျေးဇူးပြု၏။ သာမညအားဖြင့်မူ (ကာမရူပ) ပုညာဘိသင်္ခါရသည် ရူပဘဝ၌ ၁၀-ပါးကုန်သော ဝိပါက်ဝိညာဏ်တို့အား [1] ထိုအတူပင် ပဝတ္တိ၌ရင်း, ပဋိသန္ဓေ၌ရင်း ကျေးဇူးပြု၏။

အကုသိုလ်စေတနာ ၁၂-ပါး အပြားရှိသော အပုညာဘိသင်္ခါရသည် ကာမဘဝ၌ ဒုဂ္ဂတိဘုံမှာ တခုသော (ဥပေက္ခာသန္တီရဏ) ဝိညာဏ်အား ထိုအတူပင် ပဋိသန္ဓေကာလ၌ ကျေးဇူးပြု၏၊ ပဝတ္တိ၌ မဟုတ်။ (ဥပေက္ခာသန္တီရဏမှ တပါးသော) ၆-ပါးသော အကုသလဝိပါက် ဝိညာဏ်တို့အား ပဝတ္တိ၌ ကျေးဇူးပြု၏၊ ပဋိသန္ဓေ၌ မဟုတ်။ ခုနစ်ပါးလုံးလည်းဖြစ်သော အကုသလဝိပါက် ဝိညာဏ်တို့အား ပဝတ္တိ၌ရင်း, ပဋိသန္ဓေ၌ရင်း (ကျေးဇူးပြု၏)။

ထိုမှတပါး ကာမဘဝ၌ သုဂတိဘုံမှာ ခုနစ်ပါးသော ထိုဝိညာဏ်တို့အား ပင်လျှင် ထိုအတူပင် ပဝတ္တိ၌ ကျေးဇူးပြု၏၊ ပဋိသန္ဓေ၌ မဟုတ်။ ရူပဘဝ၌ (အကုသလဝိပါက် စက္ခုဝိညာဏ် သောတဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏ)

---

[1] ၁-ရူပဘုံ၌ ရကောင်းသော အဟိတ်ကုသလဝိပါက် ငါးပါးနှင့် ရူပဝိပါက် ငါးပါးကိုဆိုသည်။

http://www.dhammadownload.com



ဟူသော) ၄-ပါးသော ဝိပါက်ဝိညာဏ်တို့အား ထိုအတူပင် ပဝတ္တိ၌ ကျေးဇူးပြု၏။ ပဋိသန္ဓေ၌ မဟုတ်။ ထိုသို့ကျေးဇူးပြုခြင်းသည်လည်း ကာမာဝစရဘုံ၌ အနိဋ္ဌဖြစ်သော အဆင်းကို မြင်ခြင်း အသံကို ကြားခြင်း၏ အစွမ်းအားဖြင့် ဖြစ်၏၊ ဗြဟ္မာ့လောက၌မူ အနိဋ္ဌဖြစ်သောရူပါရုံစသည်တို့ မရှိကြပေ။ ထို့အတူပင် (ကောင်းကင်ဘုံ) ကာမာဝစရနတ်ပြည်လောက၌လည်း (အနိဋ္ဌရူပါရုံစသည်တို့ မရှိကြပေ)။[၁]

အာနေဉ္ဇာဘိသင်္ခါရသည် အရူပဘဝ၌ ၄-ပါးသော ဝိပါက်ဝိညာဏ်တို့အား ထိုအတူပင် ပဝတ္တိ၌၎င်း, ပဋိသန္ဓေ၌၎င်း[၂] ကျေးဇူးပြု၏။

[၁၈၁] ဤဆိုခဲ့သည့်အတိုင်း ရှေးဦးစွာ ဘဝတို့၌ ပဋိသန္ဓေပဝတ္တိတို့၏ အစွမ်းအားဖြင့် ဤသင်္ခါရတို့သည် အကြင်ဝိပါက်ဝိညာဏ်တို့အား ကျေးဇူးပြုကုန်၏၊ (ထိုဝိပါက်ဝိညာဏ်တို့ကို သိအပ်ကုန်၏)။ ကမ္မပစ္စည်းအစရှိသော အကြင်အခြင်းအရာအားဖြင့်လည်း ကျေးဇူးပြုကုန်၏၊ ထိုအခြင်းအရာအားဖြင့် (ထိုသင်္ခါရတို့ကို) သိအပ်ကုန်၏။ ဤနည်းဖြင့်ပင်လျှင် ယောနိစသည်တို့၌လည်း သိအပ်ကုန်၏။

၆၁၇။ ထိုသိအပ်သော ဝိညာဏ်နှင့် သင်္ခါရတို့၌ ဤဆိုလတံ့သော စကားသည်အစဖြစ်သောဘဝမှစ၍ အမြွက်မျှပြခြင်းပေတည်း—ဤသင်္ခါရတို့တွင် ရှေးဦးစွာ ပုညာဘိသင်္ခါရသည် ၂-ပါးသော (ကာမ-ရူပ) ဘဝတို့၌ ပဋိသန္ဓေကို ပေးပြီးလျှင် အလုံးစုံသော မိမိ၏ အကျိုးဝိပါက်ကို ဖြစ်စေ၏။ ထို့အတူ အဏ္ဍဇ အစရှိသော ၄-ပါးသော ယောနိတို့၌၎င်း၊ နတ်နှင့် လူဟု ဆိုအပ်သော ၂-ပါးသော ဂတိတို့၌၎င်း၊ (၁) ကိုယ်လည်းကွဲပြား ပဋိသန္ဓေ

---

၁-ဤစကားကို အများ၏အစွမ်းအားဖြင့် ဆိုသည်၊ မှန်ပေ၏၊ ထို ကာမာဝစရနတ်တို့အား ဣဋ္ဌသာလျှင် ဖြစ်ကုန်သော ရူပါရုံ စသည်တို့သည် များစွာ ထင်ကုန်၏၊ တရံတခါ၌သာလျှင် အနိဋ္ဌာရုံ ထင်၏။ တရံတခါထင်ပုံမှာ–အချို့နတ်တို့အားသာလျှင် (သေခါနီး) ပုဗ္ဗနိမိတ် ထင်သောကာလ စသည်တို့၌ ပန်ဆင်ထားသော ပန်း၏ညှိုးနွမ်းခြင်းစသော အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံခြင်း ဖြစ်ပေသည်။ (ဋီကာ)

၂-ဤအရာ၌ကား–ဘဝင်စုတိကိုရည်၍ ပဝတ္တိကာလ၌ ကျေးဇူးပြုကြောင်း သီးခြား ဆိုထားသည်။

http://www.dhammadownload.com



သညာလည်း ကွဲပြားသော နာနတ္တကာယနာနတ္တသညီ[၁] (၂) ကိုယ်သာ ကွဲပြား၍ သညာတူသော နာနတ္တကာယဧကတ္တသညီ[၂] (၃) ကိုယ်တူ၍ သညာ ကွဲပြားသော ဧကတ္တကာယနာနတ္တသညီ[၃] (၄) ကိုယ်လည်းတူ သညာလည်း တူသော ဧကတ္တကာယဧကတ္တသညီ[၄] ဟု ဆိုအပ်ကုန်သော ၄-ပါးသော ဝိညာဏ်၏ တည်ရာဘုံ-ဝိညာဏဋ္ဌိတိ တို့၌၎င်း၊ အသညသတ္တာဝါသ၌မူ ဤပုညာဘိသင်္ခါရသည် ရုပ်မျိုးကိုသာလျှင် ပြုပြင်တတ်သောကြောင့် ၄-ပါး သာလျှင် ဖြစ်ကုန်သော (ဝိညာဏဋ္ဌိတိ ၄-ပါးနှင့် အရတူ ဖြစ်သော) သတ္တဝါတို့၏နေရာ- သတ္တာဝါသတို့၌၎င်း ပဋိသန္ဓေကိုပေးပြီးလျှင် အလုံး စုံသော မိမိ၏အကျိုးဝိပါက်ကို ဖြစ်စေ၏၊ ထို့ကြောင့် ဤပုညာဘိသင်္ခါရ သည် ဤဆိုခဲ့သော ၂-ပါးသော ဘဝတို့၌၎င်း၊ ၄-ပါးသော ယောနိတို့၌၎င်း၊ ၂-ပါးသောဂတိတို့၌၎င်း၊ ၄-ပါးသော ဝိညာဏဋ္ဌိတိတို့၌၎င်း၊ ၄-ပါးသော သတ္တာဝါသတို့၌၎င်း ၂၁-ပါးသော ဝိပါက်ဝိညာဏ်တို့ အား[၅]ဆိုအပ်ပြီးသော နည်းဖြင့်ပင်လျှင် ဖြစ်သင့်သည်အားလျော်စွာ ပဋိသန္ဓေ၌၎င်း၊ ပဝတ္တိ၌၎င်း ကျေးဇူးပြု၏။

အပုညာဘိသင်္ခါရသည်ကား တခုသော ကာမဘဝ၌သာလျှင် ၄-ပါးသော ယောနိတို့၌၎င်း၊ နတ်လူမှ ကြွင်းသော ၃-ပါးသော ဂတိတို့၌၎င်း၊ နာနတ္တ

---

၁-ကာမာဝစရ နတ်တို့သည်၎င်း၊ လူတို့သည်၎င်း၊ ဝိနိပါတိကနတ်တို့သည်၎င်း နာနတ္တကာယနာနတ္တသညီ မည်ကုန်၏။

၂-ပဌမစျာန် ၃-ဘုံ၌ ဗြဟ္မာတို့သည်၎င်း၊ အပါယ် ၄-ဘုံ၌ သတ္တဝါတို့သည်၎င်း နာနတ္တကာယဧကတ္တသညီ မည်ကုန်၏။ ထိုတွင် ဗြဟ္မပါရိသဇ္ဇာတို့ထက် ဗြဟ္မပုရောဟိတာတို့၏ ကိုယ်ကာယ ကြီးကုန်၏၊ ဗြဟ္မပုရောဟိတာတို့ထက် မဟာဗြဟ္မာတို့၏ ကိုယ်ကာယ ကြီးကုန်၏။

၃-ဒုတိယစျာန် ဗြဟ္မာတို့သည် ဧကတ္တကာယနာနတ္တသညီ မည်ကုန်၏။ ယင်း တို့မှာ အဝိတက္ကစျာန်သညာ နှင့် အဝိတက္ကအဝိစာရစျာန်သညာ ဤ ၂-ပါးတို့တွင် တပါးပါးသော ပဋိသန္ဓေသညာ ရှိကုန်၏။

၄-တတိယစျာန်ဘုံနှင့် အညသတ်မှ တပါးသော စတုတ္ထစျာန်ဘုံတို့၌ ဗြဟ္မာ တို့သည် ဧကတ္တကာယဧကတ္တသညီ မည်ကုန်၏။

၅-ကာမဝိပါက် ၁၆-ပါးနှင့် ရူပဝိပါက် ၅-ပါးကို ဆိုသည်။

http://www.dhammadownload.com



ကာယကေတ္တသည်ဟုဆိုအပ်သော တပါးသော ဝိညာဏဋ္ဌိတိတို့၌ဎင်း၊ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော တပါးသော သတ္တာဝါသ၌ဎင်း ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ရင့်ကျက်လျက် အကျိုးပေး၏၊ထို့ကြောင့် ဤအပုညာဘိသင်္ခါရသည် တပါးသောဘဝ၌ဎင်း၊ ၄-ပါးသော ယောနိတို့၌ဎင်း၊ ၃-ပါး သောဂတိတို့၌ဎင်း၊ တပါးသောဝိညာဏဋ္ဌိတိ၌ဎင်း၊ တပါးသော သတ္တာဝါ သ၌ဎင်း ခုနစ်ပါးသော ဝိပါက်ဝိညာဏ်တို့အား ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ပင်လျှင် ပဋိသန္ဓေ၌ဎင်း၊ ပဝတ္တိ၌ဎင်း ကျေးဇူးပြု၏။

အာနေဉ္ဇာဘိသင်္ခါရသည်ကား တပါးသာလျှင် ဖြစ်သော အရူပဘဝ၌ ဎင်း၊ တပါးသော ဥပပါတ် ယောနိ၌ဎင်း၊ တပါးသော ဒေဝဂတိ၌ဎင်း၊ အာကာသာနဉ္စာယတန အစရှိကုန်သော ၃-ပါးသော ဝိညာဏဋ္ဌိတိတို့၌ဎင်း[၁] အာကာသာနဉ္စာယတနအစရှိကုန်သော ၄-ပါးသော သတ္တာဝါသတို့၌ဎင်း[၂] ပဋိသန္ဓေ၏အစွမ်းအားဖြင့် ရင့်ကျက်လျက် အကျိုးပေးတတ်၏။ ထို့ကြောင့် ဤအာနေဉ္ဇာဘိသင်္ခါရသည် တပါးသောဘဝ တပါးသောယောနိ တပါး သောဂတိ ၃-ပါးသောဝိညာဏဋ္ဌိတိ ၄-ပါးသောသတ္တာဝါသတို့၌ ၄-ပါး သော အရူပဝိပါက်ဝိညာဏ်တို့အား ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်ပင်လျှင် ပဋိသန္ဓေ၌ဎင်း၊ ပဝတ္တိ၌ဎင်း ကျေးဇူးပြု၏-ဟု သိအပ်၏။ ဤဆိုခဲ့သည့် အတိုင်း....

[၁၉၂] ဘဝစသည်တို့၌ ပဋိသန္ဓေ ပဝတ္တိတို့၏အစွမ်းအားဖြင့် ဤဆိုခဲ့ သော သင်္ခါရတို့သည် အကြင် ဝိပါက်ဝိညာဏ်တို့အား ကျေးဇူးပြု ကုန်၏။ (ထိုဝိပါက်ဝိညာဏ်တို့ကို သိအပ်ကုန်၏)၊ ကမ္မပစ္စည်း အစ ရှိသော အကြောင်းအခြင်းအရာအားဖြင့်လည်း ကျေးဇူးပြုကုန်၏၊ (ထို အခြင်းအရာအားဖြင့်လည်း ထိုသင်္ခါရတို့ကို) သိအပ်ကုန်၏။ ဤတွင် တရပ်ပြီး၏။

ဤဆိုခဲ့သောစကားသည် သင်္ခါရပစ္စယာ ဝိညာဏံ ဟူသောပုဒ်၌ အကျယ် ပြဆိုသော စကားပေတည်း။

---

၁-အောက်အရူပ ၃-ဘုံကို ဆိုသည်။ နေဝသညာမှာ စိတ်ဝိညာဏ် အလွန် သိမ်မွေ့သောကြောင့် ဝိညာဏဋ္ဌိတိ မမည်။

၂-နေဝသညာသည် သတ္တဝါတို့နေရာ သတ္တာဝါသကားမည်၏၊ ထို့ကြောင့် ယင်း နေဝသညာနှင့်တကွ အရူပ ၄-ဘုံကို ဆိုသည်။

http://www.dhammadownload.com



## ဝိညာဏပစ္စယာနာမရူပံ-ပုဒ်၌ အကျယ်ပြဆိုချက်

၆၃၈။ ဝိညာဏပစ္စယာ နာမရူပံ- ဟူသော ပုဒ်၌....

> နာမ်ရုပ်တို့ကို ခွဲခြမ်းဝေဘန်သောအားဖြင့်၎င်း၊ ဘဝစသည်တို့၌ ဖြစ်ခြင်းအားဖြင့်၎င်း၊ ပေါင်းယူခြင်းအားဖြင့်၎င်း၊ ကျေးဇူးပြုပုံ နည်းအားဖြင့်၎င်း အဆုံးအဖြတ်ကို သိအပ်၏။

ချဲ့၍ ပြအံ့၊ **နာမ်ရုပ်တို့ကိုခွဲခြမ်းဝေဘန်သောအားဖြင့်**-ဟူသော ဤစကား၌ **နာမ်** ဟူသည်မှာ အာရုံဆီသို့ ရှေးရှု ညွတ်တတ်သွားတတ်သောကြောင့် ဝေဒနာအစရှိသော ၃-ပါးသော ခန္ဓာတို့ပင် ဖြစ်သည်။ **ရုပ်**-ဟူသည်မှာ ၄-ပါးသော မဟာဘုတ်တို့သည်၎င်း၊ မဟာဘုတ် ၄-ပါးတို့ကို စွဲမှီ၍ ဖြစ်သော ဥပါဒါရုပ်တို့သည်၎င်း ဖြစ်ကြပေသည်။ ထိုနာမ်နှင့် ရုပ်တို့ကို (သုခဝေဒနာ စသည်ဖြင့်၎င်း၊ ပထဝီဓာတ်စသည်ဖြင့်၎င်း) ခွဲခြမ်းဝေဘန်ခြင်းကို ခန္ဓာတို့ကို အကျယ်ပြဆိုရာ ခန္ဓနိဒ္ဒေသ၌ ဆိုအပ်ခဲ့ပြီး ဖြစ်ပေသည်။ ဤဆိုခဲ့သည့် အတိုင်း ဝိညာဏပစ္စယာ နာမရူပံ ဟူသော ဤပုဒ်၌ ရှေးဦးစွာ နာမ်ရုပ် တို့ကို ခွဲခြမ်း ဝေဘန်သောအားဖြင့် အဆုံးအဖြတ်ကို သိအပ်ပေ၏။

**ဘဝစသည်တို့၌ ဖြစ်ခြင်းအားဖြင့်**-ဟူသော ဤစကား၌လည်း (သိရန်မှာ) - နာမ်သည် တခုသော(သညာမဲ့)သတ္တာဝါသကို ချန်ထား၍ အလုံးစုံသော ဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ(ရှစ်ပါးသော)သတ္တာဝါသတို့၌ ဖြစ်၏၊ ရုပ်သည် ၂-ပါးသော (ကာမ-ရူပ) ဘဝ ၄-ပါးသော ယောနိ ၅-ပါးသော ဂတိ ရှေးဖြစ်သော ၄-ပါးသော ဝိညာဏဋ္ဌိတိ[၁] (အသညသတ်နှင့် တကွ) ၅-ပါးသော သတ္တာဝါသတို့၌ ဖြစ်၏။

ဤဆိုခဲ့သည့်အတိုင်း ဖြစ်လျက်ရှိသော ဤနာမ်ရုပ်တွင်၊ဝါ၊ ဤနာမ်ရုပ် ထဲမှ ဘာဝရုပ် မရှိသော ဂဗ္ဘသေယျက[၂]နှင့် အဏ္ဍဇသတ္တဝါတို့အား ပဋိသန္ဓေခဏ၌ ဝတ္ထုဒသက ကာယဒသကတို့၏ အစွမ်းအားဖြင့် ရုပ်ထဲမှ ၂-ခုသော

---

၁-စာပိုဒ်နံပါတ် ၆၃၇-ပဌမပိုဒ်၌ပြခဲ့သော နာနတ္တကာယနာနတ္တသညီ စသည်ကို ဆိုသည်။

၂-ဂဗ္ဘသေယျက-ဟူသော အမည်ဖြင့် ဇလာဗုဇကို ဆိုသည်။

http://www.dhammadownload.com



(သန္တတိသီသ)[၁] ကလာပ်စည်း အစဉ်၏ခေါင်းတို့သည်၊ ဝါ၊ ကလာပ်စည်း အစဉ်၏ မူလရင်း ကလာပ်တို့သည်ရင်း၊ ၃-ပါးသော (စေတသိက်) နာမ်ခန္ဓာတို့သည်ရင်း ထင်ရှားဖြစ်ပေါ်ကုန်၏၊ ထို့ကြောင့် ထိုဘာဝရုပ် ချို့သော ဂဗ္ဘသေယျကနှင့် အဏ္ဍဇတို့အား၊ ဝါ၊ ဂဗ္ဘသေယျကနှင့် အဏ္ဍဇတို့၏[၂] အကျယ်အားဖြင့်[၃] ရူပရုပ် အဖို့မှ၊[၄] ဝါ၊ ရူပရုပ်ထဲမှ နှစ်ဆယ်သော တရားတို့နှင့် သုံးပါးသော နာမ်ခန္ဓာတို့ဟူသော ဤ ၂၃-ပါးသော တရားတို့ကို[၅] "ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ်"ဟူ၍ သိအပ်ကုန်၏။ မယူအပ်သေးသည်ကိုသာယူသော နည်းဖြင့်မူ၊ ဝါ၊ ယူအပ်ပြီးကိုထပ်၍ မယူသော နည်းဖြင့်မူ တခုသော သန္တတိသီသမှ ၉-ပါးသော ရုပ်တို့ကို ပယ်၍ ၁၄-ပါးသော တရားတို့ကို (သိအပ်ကုန်၏)။ ဘာဝရုပ်ရှိသော ဂဗ္ဘသေယျက နှင့် အဏ္ဍဇတို့အား ဘာဝဒသကကို ထည့်၍ ၃၃-ပါးသော တရားတို့ကို (သိအပ်ကုန်၏)။ ၎င်းတို့အားလည်း ယူအပ်ပြီးကို ထပ်၍ မယူသောနည်း ဖြင့်မူ သန္တတိသီသ ၂-ခုမှ ၁၈-ပါးသော ရုပ်တရားတို့ကို ပယ်၍ ၁၅-ပါး သော တရားတို့ကို(ဝိညာဏ်ကြောင့် ဖြစ်သော နာမ်ရုပ်ဟု သိအပ်ကုန်၏)။

ထိုမှတပါး ဥပပါတ် သတ္တဝါတို့တွင် ပဋိမရှာန် ဖြဟ္မာ စသည်တို့အား ပဋိသန္ဓေခဏ၌ စက္ခုဒသက သောတဒသက ဝတ္ထုဒသကနှင့် ဇီဝိတနဝက-

---

၁-သန္တတိသီသတို့ ဟူသည်ကား – ကလာပ်အစဉ်သန္တာန်၏ မူလရင်း ကလာပ်တို့ ပေတည်း။ (ဋီကာ)

၂-အဏ္ဍဇတို့၏....ဤ ၂၃-ပါးသော တရားတို့ကို....နာမ်ရုပ်ဟူ၍ သိအပ်ကုန်၏-ဟု စပ်ပါ။

၃-အကျယ်အားဖြင့်....နှစ်ဆယ်သော....၂၃-ပါးသော-ဟု စပ်ပါ။ ဤ၌ အကျယ် ဟူသည်မှာ အမျိုးတူ ရုပ်တို့ကို မလျှော့ပဲ ယူခြင်းပင် ဖြစ်သည်။

၄-ပဋိသန္ဓေခဏ၌ ဝိကာရရုပ်တို့ မရှိကြသေးသော်လည်း လက္ခဏရုပ်နှင့် အာ-ကာသရုပ်ကား ရှိ၏၊ ထို့ကြောင့် ပရမတ္ထအားဖြင့် မပြီးစီးသော ထို လက္ခဏရုပ်၊ အာကာသရုပ်တို့ကို ကြဉ်လိုသည်ဖြစ်၍ ရူပရုပ်အဖို့ဟု မိန့်ဆို သည်။ (ဋီကာ) ရူပရုပ်ဟူသည်မှာ ပရမတ္ထအားဖြင့် ပြီးစီးသော နိပ္ဖန္န-ရုပ်ပင် ဖြစ်သည်။

၅-ဖဿ စသည်တို့ကို သင်္ခါရက္ခန္ဓာ အဖြစ်ဖြင့် တခုတည်းအဖြစ်သို့ဆောင်၍ ၂၃-ပါးသော တရားတို့ဟူ၍ ဆိုသည်။ (ဋီကာ)

http://www.dhammadownload.com



ကလာပ်တို့၏ အစွမ်းအားဖြင့် ရုပ်အဖို့မှ ၄-ပါးသော သန္တတိသီသတို့သည် ၎င်း၊ ၃-ပါးသော နာမ်ခန္ဓာတို့သည်၎င်း ထင်ရှားဖြစ်ကုန်၏။ ထို့ကြောင့် ထိုပြဟ္မာတို့အား အကျယ်အားဖြင့် ရူပရုပ်ထဲမှ ၃၉-ပါးသော တရားတို့နှင့် ၁-ပါးသော နာမ်ခန္ဓာတို့ဟူသော [၁၉၃] ဤ ၄၂-ပါးသော တရားတို့ကို "ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ်"ဟု သိအပ်ကုန်၏။ ယူအပ်ပြီးကို ထပ်၍ မယူသော နည်းဖြင့်မူ သန္တတိသီသ ၃-ခုမှ ၂၇-ပါး-သော တရားတို့ကို ပယ်၍ ၁၅-ပါးသော တရားတို့ကို (သိအပ်ကုန်၏)။

ထိုမှတပါး ပြဟ္မာတို့မှ ကြွင်းသော ဥပပါတ်တို့အားရင်း ဘာဝရုပ်ရှိသည့် ပြင် စက္ခုစသော အာယတန ပြည့်စုံသော သံသေဒဇတို့အားရင်း၊ ပဋိသန္ဓေ ခဏ၌ ရုပ်အဖို့မှ ၇-ပါးသော သန္တတိသီသတို့သည်ရင်း [၁]၊ ၃-ပါးသော နာမ် ခန္ဓာတို့သည်ရင်း ထင်ရှားဖြစ်ကုန်၏။ ထို့ကြောင့် ကာမဘဝ၌ ထိုဥပပါတ် နှင့် သံသေဒဇတို့အား အကျယ်အားဖြင့် ရူပရုပ်ထဲမှ ၇၀-သော တရားတို့နှင့် ၃-ပါးသော နာမ်ခန္ဓာတို့ဟူသော ဤ ၇၃-ပါးသော တရားတို့ကို "ဝိညာဏ် ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ်"ဟု သိအပ်ကုန်၏။ ယူအပ်ပြီးကို ထပ်၍မယူသော နည်းဖြင့်မူ ရုပ်သန္တတိသီသ ၆-ခုမှ ၅၄-ပါး သော တရားတို့ကို ပယ်၍ ၁၉-ပါးတို့ကို (သိအပ်ကုန်၏)။ ဤဆိုခဲ့သော နာမ်ရုပ် အရေအတွက်သည် အလွန်ဆုံး-အများဆုံးပေတည်း။ အယုတ်-အလျော့-အနည်းအားဖြင့်မူကား ထိုထို ရုပ်သန္တတိသီသကလာပ် ချို့တဲ့ သော သတ္တဝါတို့အား ထိုထိုချို့တဲ့သော ကလာပ်၏ အစွမ်းအားဖြင့် ယုတ် စေ၍ ယုတ်စေ၍၊ ဝါ၊ လျော့၍ လျော့၍ အကျဉ်းအားဖြင့်ရင်း အကျယ် အားဖြင့်ရင်း ပဋိသန္ဓေခဏ၌ ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ် သော နာမ်ရုပ် အရေအတွက်ကို သိအပ်၏။

ထိုမှတပါး အရူပပုဂ္ဂိုလ်တို့အား နာမ်ခန္ဓာ ၃-ပါးတို့ကိုသာလျှင် သိအပ် ကုန်၏ [၂]။ အသညသတ် ပုဂ္ဂိုလ်တို့အား ရုပ်အဖို့မှဇီဝိတနဝကကလာပ်ရုပ်ကို

---

၁-သန္တတိသီသ ၇-ပါး ဟူသည်မှာ စက္ခုဒသက, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဝတ္ထုဒသက ကလာပ်တို့ပင် ဖြစ်သည်။

၂-ဤစကားဖြင့် ဝိညာဏ်ကြောင့် နာမ်သက်သက် ဖြစ်သည်ကို ပြသည်။

http://www.dhammadownload.com



သာလျှင် သိအပ်၏[1]။ ဤဆိုခဲ့သော စကားသည် ပဋိသန္ဓေခဏ၌ သိရန် နည်းပေတည်း။

ပဝတ္တိကာလ၌မူကား ရုပ်ဖြစ်ရာအရပ်ဘုံ အလုံးစုံတို့၌ ပဋိသန္ဓေစိတ်နှင့် တကွဖြစ်သော ကမ္မဇရုပ်တို့တွင် ဥတုမှ၊ဝါ၊ ဥတုခေါ် တေဇောဓာတ်ကြောင့် ဥတုသမုဋ္ဌာန်ရှိသော[2] သုဒ္ဓဋ္ဌက-သက်သက်သော အဋ္ဌကကလာပ်ရုပ်သည်[3] ပဋိသန္ဓေစိတ်၏ ဌီခဏ၌ ထင်ရှား ဖြစ်၏။ ပဋိသန္ဓေစိတ်သည်ကား ရုပ်ကို မဖြစ်စေတတ်၊အကြောင်းမူကား—ကမ်းပါးပြတ်၌ ကျလုနီး-ကျဆဲဖြစ်သော ယောကျ်ားသည် အခြားသော ကျလုနီး-ကျဆဲလူ၏ အထောက်အပံ့ ဖြစ်ရန် မစွမ်းနိုင်သကဲ့သို့ ထိုအတူပင် ထိုပဋိသန္ဓေစိတ်သည် တည်ရာဝတ္ထုရုပ် အားနည်းသောကြောင့် ရုပ်ကို ဖြစ်စေရန် မစွမ်းနိုင်ပေ။ပဋိသန္ဓေ စိတ်မှ အထက် ဖြစ်သော နောက်ကာလ၌မူ ရှေးဦးစွာဖြစ်သော ပဌမဘဝင်မှစ၍ စိတ်လျှင် ဖြစ်ကြောင်းရှိသော သုဒ္ဓဋ္ဌကကလာပ်သည် ဖြစ်၏၊ ပဋိသန္ဓေခဏမှနောက်၌ ဖြစ်ပြီးသောဥတုခေါ် တေဇောဓာတ်ကြောင့်ရင်း၊ စိတ်ကြောင့်ရင်း သဒ္ဒ-နဝကကလာပ်သည်[4] အသံဖြစ်ပေါ်သော ကာလ၌ ဖြစ်၏။ ကဗဠီကာရ-စားမျိုအပ်သော အာဟာရကို မှီ၍ အသက်ရှင်ကုန်သော ဂဗ္ဘသေယျကသတ္တဝါတို့အား မူကား[5] —

အမိဝမ်း၌ တည်သော ထိုသူငယ်၏ မိခင်သည် ထမင်း အဖျော် ဟူသော အကြင် ဘောဇဉ်ကို သုံးဆောင်၏၊ မိခင် သုံးဆောင်သော ထိုဘောဇဉ်ဖြင့် အမိဝမ်း၌ တည်နေသော ထိုသူငယ်သည် ထိုအမိ၏ ဝမ်းထဲ၌ မျှတလျက်ရှိ၏-ဟု

---

၁-ဤစကားဖြင့် အဘိသင်္ခါရ ဝိညာဏ်ကြောင့် ရုပ်သက်သက်ဖြစ်သည်ကိုပြသည်။

၂-ဥတုသမုဋ္ဌာန် ရှိ-ဟူသည်မှာ ဥတုလျှင်ဖြစ်ကြောင်းရှိသော ဝါ-ဥတုကြောင့် ဖြစ်သော ဥတုဇရုပ်ပင် ဖြစ်သည်။

၃-ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ-ဟူသော ဤ ရုပ်ရှစ်ခု အပေါင်းသက်သက်ကို သုဒ္ဓဋ္ဌက ကလာပ်ဟု ခေါ်သည်။

၄-သုဒ္ဓဋ္ဌက ကလာပ်၌ ပါဝင်သော ရုပ် ရှစ်ခုနှင့် အသံရုပ်-ဟူသော ဤ ၉-ခုကို သဒ္ဒနဝက ကလာပ် ခေါ်သည်၊ အသံနှင့်တကွ ရုပ် ၉-ခုအပေါင်းဟု ဆိုလို၏။

၅-သတ္တဝါတို့အားမူကား....ကိုယ်၌....သုဒ္ဓဋ္ဌက ကလာပ်သည် ဖြစ်၏-ဟု စပ်ပါ။ သတ္တဝါတို့၏-ဟု ဆိုမှ သဒ္ဒါနည်းကျသည်၊ သို့သော် မြန်မာလို မချောမော မပြေပြစ်ပေ။

ဆိုသောကြောင့် မိခင် စားမျိုအပ်သော အာဟာရ အစဉ်လျောက်အပ်သော ကိုယ်၌ (အာဟာရလျှင် ဖြစ်ကြောင်းရှိသော သုဒ္ဓဋ္ဌကကလာပ်သည် ဖြစ်၏)၊ ဥပပါတ် ပုဂ္ဂိုလ်တို့အား အလုံးစုံတို့၏ ရှေးဦးစွာ မိမိ၏ခံတွင်း၌ ရှိသော တံထွေးကို မျိုသောအခါ၌ အာဟာရလျှင် ဖြစ်ကြောင်းရှိသော သုဒ္ဓဋ္ဌကကလာပ်သည် (ဖြစ်၏)၊ သို့ဖြစ်၍ အာဟာရဇ သုဒ္ဓဋ္ဌကကလာပ်နှင့် ဥတုဇ စိတ္တဇ ဖြစ်ကုန်သော အလွန်ဆုံးအားဖြင့် (ဖြစ်နိုင်သော) သဒ္ဒနဝက ကလာပ် ၂-ခုတို့၏ အစွမ်းအားဖြင့် ဤ ၂၆-ပါးသောရုပ်[1]နှင့် တခုတခုသော စိတ္တက္ခဏ၌ ၃-ကြိမ်ဖြစ်သော[2]၊၀၊၊၃-ကြိမ် ဖြစ်သည်ကို ရည်၍ ရှေး၌ဆိုအပ်ခဲ့သော ၇၀-အပြားရှိသော ကမ္မဇရုပ်အားဖြင့် ၉၆-ပါး အပြားရှိသောရုပ်သည် ၎င်း[3] ၃-ပါးသော နာမ်ခန္ဓာတို့သည်၎င်း (ဖြစ်ပေါ်ကုန်၏)၊ သို့ဖြစ်သောကြောင့် အကျဉ်းအားဖြင့်[4] ၉၉-ပါးသော တရားတို့ကို (ဝိညာဏ်ကြောင့် ဖြစ်သော နာမ်ရုပ်ဟု သိအပ်ကုန်၏) ။တနည်းကား အသံရုပ်သည် တရံတခါ၌သာ ထင်ရှား ဖြစ်ခြင်းကြောင့် အမြဲတမ်းမရှိ-အနိယတသာတည်း၊ ထို့ကြောင့် ထိုဥတုဇ စိတ္တဇ အသံရုပ် ၂-ခုလုံးကို ပယ်၍ ဤဆိုခဲ့သော ၉၇-ပါးသော တရားတို့ကို ဖြစ်သင့်သည်အားလျော်စွာ အလုံးစုံသော သတ္တဝါတို့၏ "ဝိညာဏ် ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ်"ဟူ၍သိအပ်၏။ မှန်ပေ၏၊ ထိုအလုံးစုံသော သတ္တဝါတို့အား အိပ်ပျော်နေကုန်သော်လည်း မေ့လျော့နေကုန်သော်လည်းခဲစားနေကုန်သော်လည်းသောက်နေကုန်သောလည်း နေ့၌၎င်း, ညဉ့်၌၎င်း ဤဆိုခဲ့သော (၉၇-ပါးသော) တရားတို့သည် ဝိညာဏ် ဟူသော အကြောင်းကြောင့် မပြတ် ဖြစ်ကုန်၏။[5]ထို ၉၇-ပါးသော

---

၁-အာဟာရဇရုပ် ၈-ပါး+ဥတုဇရုပ် ၉-ပါး+စိတ္တဇရုပ် ၉-ပါး-ပေါင်း ၂၆-ပါး ဖြစ်သည်။

၂-သုံးကြိမ်ဖြစ်သော....ကမ္မဇရုပ်-ဟု စပ်ပါ။

၃-၂၆-ပါးနှင့် ၇၀-ပေါင်း ၉၆-ပါး ဖြစ်သည်။

၄-ကာယဒသက ကလာပ်ပေါင်း များစွာရှိသော်လည်း ပေါင်း၍ ရုပ် ၁၀-သာ ရေတွက်သည်၊ အခြား ကလာပ်တို့ကိုလည်း နည်းတူပင် ပေါင်း၍ ရေတွက်သည်၊ ထိုသို့ ပေါင်း၍ ရေတွက်သည်ကိုပင် အကျဉ်းဟု ဆိုသည်။

၅-၉၇-ပါးသော တရားတို့တွင် စိတ္တဇရုပ်တို့သည် ဒွေ ပဉ္စဝိညာဏ် ၁၀-နှင့် အရူပဝိပါက် ၄-ခုတို့မှ တပါးသော စိတ် ၇၅-ပါးတို့၏ ဥပါဒ်ခဏတိုင်း ဖြစ်ကုန်၏။

http://www.dhammadownload.com



တရားတို့၏ ဝိညာဏ်လျှင် အကြောင်းရှိသည်၏ အဖြစ် ဟူသော ထိုအခြင်း အရာကိုမူကား နောက်၌ ဖွင့်ပြကုန်အံ့။

ဆက်ဦးအံ့၊ ကံကြောင့် ဖြစ်သော (ကမ္မဇ)ရုပ်သည် ၃-ပါးသော ဘဝ ၄-ပါးသော ယောနိ ၅-ပါး သောဂတိ ၄-ပါးသော ဝိညာဏဋ္ဌိတိ[၁] ၅-ပါးသော သတ္တာဝါသတို့၌[၂] အလုံးစုံတို့၏ ရှေးဦးစွာ (ဖြစ်လျက်) တည်ငြားသော်လည်း (စိတ် ဥတု အာဟာရ ဟူသော သုံးပါးသော အကြောင်းကြောင့် ဖြစ်သော) တိသမုဋ္ဌာနိကရုပ်က မထောက်ပံ့(အပ်)လျှင် ကောင်းစွာ(အရှည်) တည်ခြင်းငှါ မစွမ်းနိုင်၊ တိသမုဋ္ဌာနိကရုပ်သည်လည်း ထိုကမ္မဇရုပ်က မထောက်ပံ့(အပ်)လျှင် (ကောင်းစွာ တည်ခြင်းငှါ) မစွမ်းနိုင်ပေ။ စင်စစ် သော်ကား အဖျားချင်းယှက်လျက် အရင်းဖက်ဖြင့် အရပ်လေးမျက်နှာတို့၌ အသီးအသီး မြဲမြံစွာ ချထားအပ်ကုန်သော (၄-ခုသော)ကျူစည်းတို့သည် လေတိုက်အပ်ကုန်သော်လည်း ကောင်းစွာ တည်ကုန်သကဲ့သို့ရင်း(အချင်း ချင်း ဖွဲ့တွယ် ပူးကပ်လျက် တည်ကုန်သော)လှေပျက် ဖောင်ပျက်တို့သည် မဟာသမုဒ္ဒရာ၌ လှိုင်းပုတ်ခတ်အပ်ကုန်သော်လည်း တစုံတခုသောအရပ်၌ ရအပ်သော ထောက်တည်ရာ ရှိကုန်သကဲ့သို့ရင်း ဤကမ္မဇနှင့် တိသမုဋ္ဌာနိက ရုပ်တို့သည် အချင်းချင်း ထောက်ပံ့အပ်ကုန်သည်ဖြစ်၍ မပြိုကျ မပျက်စီး ကြပဲ ကောင်းစွာတည်ကုန်လျက် တနှစ်ပတ်လုံးသော်လည်း ၂-နှစ်ပတ်လုံး သော်လည်း။ပ။ အနှစ်တရာပတ်လုံးသော်လည်း ထိုသတ္တဝါတို့၏ အသက် တမ်း ကုန်သည်တိုင်အောင် ဖြစ်စေ, ကောင်းမှုကံကုန်သည်တိုင်အောင်[၃] ဖြစ်

---

ကမ္မဇရုပ်တို့သည် စိတ်တိုင်း၏ ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏတိုင်း ကံကြောင့် ဖြစ်ကုန်၏။ ဥတုဇရုပ်, အာဟာရဇရုပ် တို့သည်လည်း ထိုအတူပင် စိတ်တိုင်း ၏ ဥပါဒ်ခဏတိုင်း, ဌီခဏတိုင်း, ဘင်ခဏတိုင်း ရုပ်၏ ဌီသို့ရောက်သော ဥတုအာဟာရတို့ကြောင့် ဖြစ်ကုန်၏။ ဤသို့ မပြတ်ဖြစ်သည်ကို ဆိုသည်။

၁-ချုပ်ရှိသော ရှေ့ပိုင်း ဝိညာဏဋ္ဌိတိ ၄-ပါးကို ဆိုသည်။

၂-အသညသတ်နှင့်တကွ ရုပ်ရှိသော သတ္တာဝါသတို့ကို ဆိုသည်။

၃-ပုညက္ခယော-ဟူသောပါဠိအရ အတိအကျ ပြန်ချက် ဖြစ်သည်၊ ဝိသုဒ္ဓိမဂ် ပဌမတွဲ မရဏာဿတိအရာ၌လည်း ပုညက္ခယေန မရဏံ-ဟု ဆိုခဲ့၏။ ထိုအရာ၌ လူ၏သေခြင်းကို ပြသောကြောင့် ရှင်း၏။ ထို့အတူပင် လူ၏သေခြင်းကို ပဓာနပြု၍ ဂတိငါးပါးလုံး၌ သတ္တဝါတို့၏ ကမ္မက္ခယ-ကံကုန်၍သေခြင်းကို ပြသည်ဟု ယူရာ၏။

http://www.dhammadownload.com



စေ မပြတ်ဖြစ်လျက် ရှိကြလေသည်။ ဤဆိုခဲ့သည့်အတိုင်း ဝိညာဏပစ္စယာ နာမရူပံ ဟူသော ဤပုဒ်၌ ဘဝစသည်တို့၌ ဖြစ်ခြင်းအားဖြင့်လည်း အဆုံး အဖြတ်ကို သိအပ်ပေ၏။

၆၃၉။ ထိုမှတပါး **ပေါင်းယူခြင်းအားဖြင့်**-ဟူသော ဤစကား၌(သိရန်မှာ) အရူပဘဝ၌ ပဝတ္တိနှင့် ပဋိသန္ဓေတို့၌ရင်း၊ ပဉ္စဝေါကာရဘဝ၌ (ရုပ်ကိုမဖြစ်စေဘတ်သည့် ပဉ္စဝိညာဏ် ဖြစ်ဆဲ)ပဝတ္တိကာလ၌ရင်း [၁] ဝိညာဏ် ဟူသော အကြောင်းကြောင့် အကြင် (စေတသိက်) နာမ်သည်သာလျှင်လည်း [၂] (ဖြစ်၏)၊ အသညသတ် ပုဂ္ဂိုလ်တို့၌ ပဝတ္တိနှင့် ပဋိသန္ဓေအလုံးစုံတို့၌ရင်း [၃] ပဉ္စဝေါကာရဘဝ၌ ပဝတ္တိကာလ၌ရင်း [၄] ဝိညာဏ် ဟူသော အကြောင်း

---

၁-ရုပ်ကို မဖြစ်စေတတ်သော ကံကြောင့်ဖြစ်သော ပဉ္စဝိညာဏ်၏ ဖြစ်ဆဲ ပဝတ္တိကာလကိုရင်း၊ (ထိုအခိုက်၌) သဟဇာတပစ္စည်း ဖြစ်သော ပဉ္စဝိညာဏ်ကိုရင်း ရည်၍ "ပဉ္စဝေါကာရဘဝ၌ ပဝတ္တိကာလ၌ရင်း" ဟူသော စကားကို ဆိုသည်။ မှန်ပေ၏၊ ထိုပဉ္စဝိညာဏ် ဖြစ်ခိုက်၌ ထိုပဉ္စဝိညာဏ်ကြောင့် စေတသိက် နာမ်သည်သာလျှင် ဖြစ်ပေသည်။ ကံနှင့်ယှဉ်သော ကမ္မဝိညာဏ် ပစ္စည်းကြောင့် မူကား ထိုပဉ္စဝိညာဏ် ဖြစ်ခိုက်၌လည်း (ပဉ္စဝိညာဏ်နှင့် ယှဉ်သော စေတသိက်နာမ်နှင့် ကမ္မဇရုပ် ဟူသော) နာမ်ရုပ် ၂-ပါးစုံ ဖြစ်သည်ဟု ဆိုနိုင်သေး၏၊ ထို့ပြင် ပစ္ဆာဇာတ ဝိညာဏ်ပစ္စည်းကြောင့် ရုပ်သည် တောင့်ခိုင်လျက်ရှိပေ၏။ (ဋီကာ)

၂-ဤစကားဖြင့် ဝိညာဏ်ကြောင့် နာမ်သက်သက် ဖြစ်သည်ကို ပြ၏။

၃-ကမ္မဝိညာဏ် ပစ္စည်းကို ရည်၍ အသညသတ်ပုဂ္ဂိုလ်တို့၌ – စသည်ကို ဆိုသည်။ (ဋီကာ) အသညသတ် ပုဂ္ဂိုလ်တို့အား ရူပကုသိုလ်ကံကြောင့် ပဋိသန္ဓေမှစ၍ တသက်ပတ်လုံး ဇီဝိတနဝက ကမ္မဇရုပ်များဖြစ်သည်၊ ထိုရုပ်များသည် ကံနှင့်ယှဉ်သော ဝိညာဏ်ကြောင့်လည်း ဖြစ်သောကြောင့် ယင်းကမ္မဇရုပ်တို့ကို ကမ္မဝိညာဏ်ကြောင့် ဖြစ်သည်ဟူ၍လည်း ဆိုရ၏။

၄-ဘဝင် စသောဝိပါက်ကို ဖြစ်စေတတ်သောကံမှ တပါးသော ကံကြောင့် ရုပ်ဖြစ်သော (ဘဝင် စသည် ဖြစ်ဆဲ) ကာလကိုရင်း၊ နိရောဓ သမာပတ်ကာလကိုရင်း၊ ဘဝင်စသည် ဖြစ်ဆဲ ကာလမှ တပါးသော (ကုသိုလ် အကုသိုလ် ကြိယာ ဖြစ်ဆဲ) ကာလကိုရင်း ရည်၍ "ပဉ္စဝေါကာရဘဝ၌ ပဝတ္တိကာလ၌ရင်း"– ဟူသောစကားကို ဆိုသည်ဟု (ဆိုလျှင်) သင့်၏။ မှန်ပေ၏၊ ဘဝင် အစရှိသော ဝိပါက်၏ ဖြစ်ဆဲကာလ၌ ထိုဘဝင် စသည်ကို ဖြစ်စေ

http://www.dhammadownload.com



ကြောင့် အကြင်ရုပ်သည်သာလျှင်လည်း (ဖြစ်၏) [၁]၊ ပဉ္စဝေါကာရဘဝ၌ ပဝတ္တိနှင့် ပဋိသန္ဓေအလုံးစုံတို့၌ [၂] ဝိညာဏ် ဟူသော အကြောင်းကြောင့် အကြင် နာမ်ရုပ် ၂-ပါးလုံးသည်လည်း (ဖြစ်၏)၊ ထို(နာမ်သက်သက် ရုပ်သက်သက် နာမ်ရုပ် ၂-ပါးစုံ ဟူသော)အလုံးစုံကို[၃] နာမ-နာမ်သည်ငှင်း,ရူပ-ရုပ်သည်ငှင်း, နာမရူပ-နာမ်နှင့်ရုပ် ၂-ပါးစုံသည်ငှင်း နာမရူပ-နာမ်ရုပ်မည်၏ဟု ဤသို့ တစိတ်သုတိတူ တခုကြွင်းပြုသောနည်းဖြင့်[၄] ပေါင်းယူ၍"ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ်"ဟု သိအပ်၏။

အသညသတ်ပုဂ္ဂိုလ်တို့၌ ဝိညာဏ်မရှိခြင်းကြောင့် (ဝိညာဏ်ကြောင့် ရုပ်သက်သက် ဖြစ်သည်-ဟူသော စကားသည်)မသင့်ဟု ဆိုငြားအံ့၊ (အသညသတ် ပုဂ္ဂိုလ်တို့၌ ဝိညာဏ်ကြောင့် ရုပ်သက်သက် ဖြစ်သည်-ဟူသော) ဤစကားသည်လည်းမသင့်သည်မဟုတ်၊(သင့်သည်သာလျှင်ဖြစ်ပေသည်)။

နာမ်ရုပ်၏ အကြောင်းဖြစ်သော ဝိညာဏ်ကို ဝိပါက်ဝိညာဏ်, ဝိပါက်မဟုတ်သောဝိညာဏ်ဟု ၂-ပါး အပြားအားဖြင့် သိအပ်၏၊ ထိုသို့ ၂-ပါး

---

တတ်နိုင်သော ကံကြောင့် ဖြစ်သော ကမ္မဇရုပ်နှင့် ထိုဝိပါက်သည် ကမ္မဝိညာဏ်လျှင် အကြောင်းရှိသည်ဟု ဆိုနိုင်ပေ၏။ ဆက်ဦးအံ့၊ သဟဇာတဝိညာဏ်ပစ္စည်းကို မငဲ့သော်လည်း ပဝတ္တိကာလ၌ ကံကြောင့် ဖြစ်သော ရုပ်သည်ငှင်း၊ ဝိပါက် နာမ်သည်ငှင်း ကမ္မဝိညာဏ်ကို မငဲ့သည်ကား မရှိပေ။(ဋီကာ)

၁-ဤ စကားဖြင့် ဝိညာဏ်ကြောင့် ရုပ်သက်သက် ဖြစ်သည်ကို ပြ၏။

၂-သဟဇာတ ဝိညာဏ် ပစ္စည်းကြောင့် နာမ်ရုပ်ကိုငှင်း၊ ကမ္မဝိညာဏ် ပစ္စည်းကြောင့် နာမ်ရုပ်ကိုငှင်း ဖြစ်သင့်သည် အားလျော်စွာ ယှဉ်စေအပ်၏။ (ဋီကာ)

၃-ထို (........) အလုံးစုံကို....ပေါင်းယူ၍....နာမ်ရုပ်ဟု သိအပ်၏ – ဟု စပ်ပါ။

၄-နာမ – နာမ်သည်ငှင်း၊ ရူပ – ရုပ်သည်ငှင်း နာမရူပ=နာမ်ရုပ်သည်ငှင်း – ဟူသော ၃-ပုဒ်တွင် ပဌမပုဒ်သည် တတိယပုဒ်၏ ရှေ့ပိုင်း တစိတ်နှင့် တူ၏၊ ဒုတိယပုဒ်သည် နောက်ပိုင်း တစိတ်နှင့် တူ၏၊ ထို့ကြောင့် တစိတ်တူသော ပုဒ်တို့ကို ချေဖျောက်၍ နာမရူပ – နာမ်ရုပ် ဟူ၍သာ ဆိုသည်၊ ထိုသို့ ဆိုသည်ကို တစိတ်သုတိတူ – အသံတူ တခုကြွင်း ပြုသည်ဟု သဒ္ဒါကျမ်းတို့၌ ဆိုသည်။

http://www.dhammadownload.com



အပြားအားဖြင့် သိအပ်သောကြောင့် (အသညသတ် ပုဂ္ဂိုလ်တို့၌ ဝိညာဏ်ကြောင့် ရုပ်သက်သက် ဖြစ်သည်-ဟူသော) ဤစကား သင့်သည်သာလျှင် (ဖြစ်ပေသည်)။

ထိုဂါထာကို ချဲ့၍ ပြအံ့၊ နာမ်ရုပ်၏ အကြောင်း ဖြစ်သော ဝိညာဏ်ကို ဝိပါက်ဝိညာဏ်, ဝိပါက် မဟုတ်သော ဝိညာဏ် အပြားအားဖြင့် ၂-ပါးအပြား ရှိသည်ဟု သိအပ်၏။ အသညသတ် ပုဂ္ဂိုလ်တို့၌ ဤရုပ်သည်လည်း ကမ္မဇရုပ် ဖြစ်သောကြောင့် ပဉ္စဝေါကာရဘဝ၌ ဖြစ်ခဲ့သော အဘိသင်္ခါရ(ရူပကုသိုလ် ကံ) ဝိညာဏ် ဟူသော အကြောင်းကြောင့် (ဖြစ်သော) ရုပ်ပေတည်း။ ထို့အတူ ပဉ္စဝေါကာရဘဝ၌ ပဝတ္တိကာလ၀ယ် ကုသိုလ် အစရှိသော၀ါ၊ ကုသိုလ် အကုသိုလ် ကြိယာ ဟူသော စိတ်တို့၏ ဖြစ်ဆဲခဏ၌ ကမ္မဇရုပ်သည် ပဉ္စဝေါကာရဘဝ၌ ဖြစ်ခဲ့သော အဘိသင်္ခါရ(ကာမ-ရူပကုသိုလ် အကုသိုလ် ကံ)ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ်သော ရုပ်ပေတည်း။သို့ဖြစ်၍ (အသညသတ် ပုဂ္ဂိုလ်တို့၌ ဝိညာဏ်ကြောင့် ရုပ်သက်သက် ဖြစ်သည်-ဟူသော) ဤစကား သင့်သည်သာလျှင် (ဖြစ်ပေသည်)။ ဤဆိုခဲ့သည့် အတိုင်း ဝိညာဏပစ္စယာ နာမရူပံ-ဟူသော ဤပုဒ်၌ ပေါင်းယူခြင်းအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်ပေ၏။

[၁၉၅] ၆၄၀။ ထို့မှတပါး ကျေးဇူးပြုပုံ နည်းအားဖြင့်-ဟူသော ဤစကား၌....

ဝိပါက်ဝိညာဏ်သည် (ယှဉ်ဘက်) နာမ်အား ၉-ပါး အပြားအားဖြင့် ကျေးဇူးပြု၏၊ (ပဋိသန္ဓေ ဝိပါက်ဝိညာဏ်သည်) ဝတ္ထုရုပ်အား ၉-ပါး အပြားအားဖြင့် ကျေးဇူးပြု၏၊ ဝတ္ထုမှ ကြွင်းသော ရုပ်အား ရှစ်ပါး အပြားအားဖြင့် ကျေးဇူးပြု၏။

အဘိသင်္ခါရဝိညာဏ်သည် ရုပ်အား တပါးသော အဖို့အားဖြင့် ကျေးဇူးပြု၏၊ ဝိပါက်ဝိညာဏ် အဘိသင်္ခါရဝိညာဏ်တို့မှ တပါးသော ပဌမဘဝင်စသော ဝိညာဏ်သည် ထိုထိုနာမ်ရုပ်အား ထိုက်သည်အား လျော်စွာ ကျေးဇူးပြု၏။

ချဲ့၍ ပြအံ့၊ ပဋိသန္ဓေကာလ၌ ဖြစ်စေ၊ ပဝတ္တိကာလ၌ ဖြစ်စေ ဝိပါက်ဟု ဆိုအပ်သော အကြင် စေတသိက်နာမ်သည် (ရှိ၏)၊ ရုပ်နှင့် ရောသည်မှုလည်း

http://www.dhammadownload.com



ဖြစ်သော မရောသည်မူလည်း ဖြစ်သော ဝိပါက်နာမ်အား ပဋိသန္ဓေ ဝိပါက် ဝိညာဏ်သည်သော်၎င်း၊ အခြား ဝိပါက် ဝိညာဏ်သည်သော်၎င်း သဟဇာတ ပစ္စည်း အညမည နိဿယ သမ္ပယုတ္တ ဝိပါက အာဟာရ ဣန္ဒြိယ အတ္ထိ အဝိဂတပစ္စည်း တို့ဖြင့် ၉-ပါး အပြားအားဖြင့် ကျေးဇူးပြု၏။

ဝတ္ထုရုပ်အား ပဋိသန္ဓေခဏ၌ သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စည်းတို့ဖြင့် ၉-ပါးအပြားအား ဖြင့် ကျေးဇူးပြု၏။ ဝတ္ထုရုပ်ကို ချန်ထား၍ ကြွင်းသောရုပ်အားမူ ဤ ၉-ပါးသော ပစ္စည်းတို့တွင် အညမညပစ္စည်းကိုပယ်၍ ကြွင်းသော ၈-ပါးသော ပစ္စည်းတို့ဖြင့်ကျေးဇူးပြု၏။

ထိုမှတပါး အဘိသင်္ခါရ (ကံနှင့်ယှဉ်သော) ဝိညာဏ်သည် အသညသတ် ကမ္မဇရုပ်အား၎င်း၊ ပဉ္စဝေါကာရဘဝ၌ ကမ္မဇရုပ်အား၎င်း သုတ္တန်နည်း ပရိယာယ်အားဖြင့်[၁] ဥပနိဿယအစွမ်းဖြင့် တပါးသော အဖို့အားဖြင့်သာလျှင် ကျေးဇူးပြု၏။ ပဋိသန္ဓေ ဝိညာဏ်နှင့် အဘိသင်္ခါရ ဝိညာဏ်မှ ကြွင်း သော ပဌမဘဝင်မှစ၍ အလုံးစုံသောဝိညာဏ်သည် ထိုထိုနာမ်ရုပ်အား ထိုက် သည်အားလျော်စွာ ကျေးဇူးပြုသည်ဟု သိအပ်၏။ အကျယ်မပြခြင်း၏ အကြောင်းကား- အကျယ်အားဖြင့် ထိုနာမ်ရုပ်အား ကျေးဇူးပြုပုံနည်းကို ပြနေလျှင် ပဋ္ဌာန်းစကား အလုံးစုံကိုလည်း ချဲ့၍ ပြရပေလိမ့်မည်၊ ထို့ကြောင့် ထိုကျေးဇူးပြုပုံအကျယ်ကို ပြရန် အားမထုတ်ကုန်တော့အံ့။

(ဝိညာဏ်ကြောင့် နာမ်ရုပ်-ဖြစ်သည် ဟူသော) ထိုစကားရပ်၌ "ပဋိသန္ဓေ နာမ်ရုပ်သည် ဝိညာဏ် ဟူသော အကြောင်းကြောင့် ဖြစ်သည်" ဟူသော ဤသဘောကို အဘယ်သို့ သိအပ်ပါသနည်း-ဟု တစုံတယောက်သောသူ၏ စောဒနာသည် ဖြစ်ရာ၏၊ဝါ၊ဖြစ်နိုင်၏။ (အဖြေကား) သုတ္တဟု ခေါ်သော ဘုရား စကားတော်အားဖြင့်၎င်း, အသင့် ယုတ္တိ အားဖြင့်၎င်း (သိအပ် ပေသည်)။ချဲ့၍ ပြအံ့၊ သုတ်ဟု ခေါ်သော ဘုရားစကားတော်၌ "စိတ္တာ-နုပရိဝတ္တိနော ဓမ္မာ-စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်သော တရားတို့သည် ရှိကုန်၏" ဤသို့ အစရှိသောနည်းဖြင့် များသောအပြားအားဖြင့် ဝေဒနာ

---

၁-ပဋ္ဌာန်း၌ ရုပ်တို့အား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုခြင်းကို မဟောသော ကြောင့် သုတ္တန်နည်း ပရိယာယ်အားဖြင့်ဟု ဆိုသည်။ (ဋီကာ)

http://www.dhammadownload.com



စသည်တို့အား ဝိညာဏ်က ကျေးဇူးပြုသည်၏ အဖြစ်သည်၊ ဝါ၊ ဝေဒနာ စသည်တို့၏ ဝိညာဏ်လျှင် အကြောင်းရှိသည်၏ အဖြစ်သည် ပြီးစီးပေ၏။ အသင့်ယုတ္တိအားဖြင့်မူကား-

ဤလောက၌ မျက်မှောက်မြင်ရသော (ရှင်လန်းမှု-မရှင်လန်းမှု-ကွေးဆန့် လှုပ်ရှားမှု-စသော) စိတ္တဇရုပ်ဖြင့် မျက်မှောက်မမြင်ရသော ပဋိသန္ဓေရုပ်အားလည်း [၁] ဝိညာဏ်က ကျေးဇူးပြုသည် - ဟူသော သဘောသည် ပြီးစီးပေ၏။

ထိုဂါထာကို ချဲ့၍ပြအံ့၊ စိတ် ကြည်လင်လတ်သော်ငှငး၊ မကြည်လင် လတ်သော်ငှငး ထိုစိတ်အားလျော်ကုန်သော ကြည်လင်ရှင်လန်းသော ရုပ် မကြည်လင် မရှင်လန်းသော ရုပ်တို့ ဖြစ်ပေါ်လာကြသည်တို့ကို မျက်မှောက် တွေ့မြင် ရကုန်၏၊ မျက်မှောက် တွေ့မြင်ရသော သဘောဖြင့် မျက်မှောက် မမြင်ရ-မမြင်နိုင်သော သဘောကို နှိုင်းဆ၍ သိခြင်း - ဆုံးဖြတ်ခြင်းသည် လည်း ဖြစ်ပေ၏ [၂]။ ထို့ကြောင့် ဤလောက၌ မျက်မှောက်မြင်ရသော (မျက်နှာ၏ ကြည်လင် ရှင်လန်းမှု-မကြည်လင် မရှင်လန်းမှု-လက်ခြေတို့၏ ကွေးဆန့် လှုပ်ရှားမှု-စသော) စိတ္တဇရုပ်ဖြင့် မျက်မှောက် မမြင်ရသော ပဋိသန္ဓေ ရုပ်အားလည်း ပဋိသန္ဓေဝိညာဏ်က ကျေးဇူးပြုသည်၊ဝါ၊ ပဋိသန္ဓေ ရုပ်၏လည်း ပဋိသန္ဓေဝိညာဏ်က အကြောင်းဖြစ်သည်-ဟူသော ဤသဘော

---

၁-ပါဠိ၌ အပိ – သဒ္ဒါကို အဒိဋ္ဌဿ – ပုဒ်နှင့် ယှဉ် ပြထားသည်၊ ယှဉ်သင့်ရာ၌ ယှဉ်သောကြောင့် ဌာနပယုတ်ပင် ဖြစ်သည်။ ထိုပါဠိကို အတိအကျ ပြန်လျှင် မမြင်ရသည်လည်း ဖြစ်သော ရုပ်အား – ဟု ဖြစ်၏၊ မပေါ်လွင် မထင်ရှား၊ ထို့ကြောင့် အပိ – ၏ အနက်ကို ရူပဿ – နှင့် ယှဉ်စေ၍ ပဋိသန္ဓေ ရုပ်အား လည်းဟု အဋ္ဌာန ပယုတ်ပြု၍ ပြန်ထားသည်။ နောက်၌လည်း နည်းတူ ပြန်ချက်များ ရှိလိမ့်မည်။

၂-ဤစကားဖြင့် လောကီကျမ်းဆရာတို့ အသိအမှတ်ပြုထားသော ပမာဏ ၄-ပါးတွင် ဒုတိယပမာဏကိုပြသည်။ မှန်ပေ၏၊ နျာယကျမ်း၌ မှန်စွာသိမြင် ဆုံးဖြတ်နိုင်ခြင်း၏ အကြောင်းဖြစ်သော ပမာဏတို့ကို (၁)ပစ္စက္ခ-မျက်မြင် ကိုယ်တွေ့ဖြစ်ခြင်း၊ (၂) အနုမတိ-အနုမာန-မျက်မြင်နှင့်နှိုင်းဆခြင်း၊ (၃) ဥပမာန-ပုံတူ၊ (၄) သဒ္ဒ-ခိုင်လုံသော ကျမ်းဂန်အဆိုစသောစကား-ဟူ၍ ၄-ပါးပြဆိုထားလေသည်။

http://www.dhammadownload.com



ကို သိအပ်ပေ၏။ မှန်ပေ၏၊ ကံလျှင်ဖြစ်ကြောင်း ရှိသော ကမ္မဇရုပ် ဖြစ်ငြားသော်လည်း ထိုပဋိသန္ဓေရုပ်အား စိတ်လျှင်ဖြစ်ကြောင်း ရှိသော စိတ္တဇရုပ်အားကဲ့သို့ ပဋိသန္ဓေဝိညာဏ်ကကျေးဇူးပြုတတ်သည်အဖြစ်သည်ပဋ္ဌာန်းပါဠိတော်၌ လာပေ၏။ ဤဆိုခဲ့သည့်အတိုင်း ဝိညာဏပစ္စယာ နာမရူပံ-ဟူသော ဤပုဒ်၌ ကျေးဇူးပြုပုံ နည်းအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်ပေ၏။ ဤတွင် တချပ် ပြီး၏။

ဤဆိုခဲ့သော စကားသည် ဝိညာဏပစ္စယာ နာမရူပံ-ဟူသောပုဒ်၌ အကျယ် ပြဆိုသော စကားပေတည်း။

## နာမရူပပစ္စယာ သဠာယတန်-ပုဒ်၌ အကျယ်ပြဆိုချက်

၆၄၁။ နာမရူပပစ္စယာ သဠာယတနံ - ဟူသော ပုဒ်၌—

စေတသိက်ခန္ဓာ ၃-ပါး အပေါင်းကို နာမ်ဟု (သိအပ်၏)၊ ဘူတရုပ် ဝတ္ထုရုပ်စသည်ကို ရုပ်ဟု သိအပ်၏။ပြုအပ်ပြီးသောတချုကြွင်းရှိသော၊ ဝါ၊ တချုကြွင်း ပြုထားသော[1] ထိုနာမ်ရုပ်သည် ထိုကဲ့သို့သော၊ဝါ၊ ထိုအတူပင် တချုကြွင်း ပြုထားသော ထိုသဠာယတနအား ကျေးဇူးပြု၏။

ခဲ့ျ၍ပြအံ့၊ သဠာယတန၏ပင်လျှင် အကြောင်းပစ္စည်း ဖြစ်သော နာမ်နှင့်ရုပ်တို့တွင် ဝေဒနာ အစရှိသော ခန္ဓာ ၃-ပါးအပေါင်းကို နာမ်ဟု(သိအပ်၏)၊ ထို့ပြင် မိမိသန္တာန်၌ အကျုံးဝင်သော အမြဲတမ်း အားဖြင့် ဘူတရုပ် ၄-ပါး ဝတ္ထုရုပ် ၆-ပါး ဇီဝိတိန္ဒြေ-ဟူသော ဤသို့သော၊ ဝါ၊ ဤသို့ စသော[2] ဘူတရုပ် ဝတ္ထုရုပ် စသည်ကို ရုပ်ဟု သိအပ်၏[3]။ ထိုမှတပါး နာမ်သည်ရင်း

---

၁-တချုကြွင်းပြုထားသော နာမရူပ-နာမ်ရုပ်-ဟူသော သဒ္ဒါ၏ အနက်ကိုလည်း ထိုအမည်ဖြင့်ပင် ဆိုထားသည်။

၂-ဣတိ-၏ အနက်ဖြစ်သည်၊ ၎င်းဖြင့် အာဟာရရုပ်ကိုလည်း သိမ်းယူအပ်၏။

၃-မတံ-သိအပ်၏၊ ဣတိ ဝေဒိတဗ္ဗံ-ဤသို့သော အဆုံးအဖြတ်ကို သိအပ်၏-ဟု နိဿယ၌ ပြန်၏။ သို့သော် ဣတိ ဝေဒိတဗ္ဗံ-ဖြင့် မည်သို့မျှ အနက်ထူးမရနိုင်သည့်ပြင် ထပ်တူဖြစ်နေသောကြောင့် မြန်မာပြန်၌ ပိုနေ၏။ ထို့ကြောင့် ထို (ဣတိ ဝေဒိတဗ္ဗံ)ကို ခြွင်းချန်ထားသည်။

http://www.dhammadownload.com



ရုပ်သည်၎င်း နာမ်ရုပ်သည်၎င်း နာမ်ရုပ်မည်၏ဟု ဤသို့ တခုကြွင်းပြုထားသော ထိုနာမ်ရုပ်သည် (မနာယတနဟူသော ၆-ခုမြောက်) ဆဋ္ဌာယတနသည်၎င်း(အာယတန ၆-ပါးဟူသော) သဠာယတနသည်၎င်း သဠာယတနမည်၏ဟု ဤသို့ တခုကြွင်း ပြုထားသည်သာလျှင် ဖြစ်သော သဠာယတနအား ကျေးဇူးပြု၏-ဟူ၍ သိအပ်၏။ အဘယ့်ကြောင့်နည်းဟူမူ ? အရူပဘုံ၌ နာမ်ကသာလျှင် ကျေးဇူးပြု၏(ရုပ်မရှိ၍ ရုပ်က ကျေးဇူးမပြုနိုင်)၊ ထိုနာမ်သည်လည်း ခြောက်ခုမြောက် မနာယတနအားသာလျှင် ကျေးဇူးပြု၏၊ အခြားအာယတနအား ကျေးဇူးမပြု။ မှန်ပေ၏၊ ဝိဘင်းပါဠိတော်၌ "နာမ်ဟူသောအကြောင်းကြောင့် ဆဋ္ဌာယတန (ဖြစ်သည်)"ဟု ဟောတော်မူ (အပ်)ပေ၏၊ ထို့ကြောင့် သိအပ်ပေသည်။

(နာမရူပပစ္စယာ သဠာယတနံ - ဟူသော) ထိုစကားရပ်၌ "နာမ်ရုပ်သည် သဠာယတနအား ကျေးဇူးပြု၏"ဟူသော ဤသဘောကို အဘယ်သို့ သိအပ်ပါသနည်း-ဟု (တစုံတယောက်၏ စောဒနာ) ဖြစ်ရာ၏၊ဝါ၊ ဖြစ်နိုင်၏။ (အဖြေကား) နာမ်ရုပ်ရှိလျှင် ရှိခြင်းကြောင့် (သိအပ်ပေသည်)။ ချဲ့၍ပြအံ့၊ ထိုထိုနာမ် ထိုထိုရုပ် ရှိလျှင် ထိုထိုအာယတန ဖြစ်၏၊ တပါးသော အပြားအားဖြင့် မဖြစ် [၁]။ (ထို့ကြောင့် သိအပ်ပေသည်)။ ဆက်ဦးအံ့၊ ထိုအာယတန၏ ထိုနာမ်ရုပ်ရှိလျှင် ဖြစ်သည်၏ အဖြစ်သည် ကျေးဇူးပြုပုံနည်း၌ သာလျှင် ထင်ရှား ဖြစ်လတ့်၊ ထို့ကြောင့်-

ပဋိသန္ဓေ၌၎င်း ပဝတ္တိ၌၎င်း အကြင်အကြင် နာမ်ရုပ်သည် အကြင်အကြင် အာယတနအား ကျေးဇူးပြု၏၊ (သဟဇာတ အစရှိသော) အကြင်အခြင်းအရာ - အပြားအားဖြင့်လည်း ကျေးဇူးပြု၏၊ ထိုအခြင်းအရာ-အပြားအားဖြင့် ထိုထိုနာမ်ရုပ်နှင့် အာယတနကို ပညာရှိသည် သိအပ်ပေ၏။

ထိုဂါထာ၌ ဤဆိုလတ့်သော စကားသည် အနက်ကို ထင်စွာပြသော စကားပေတည်း။

---

၁-တပါးသောအပြားအားဖြင့် မဖြစ်-ဟူသော ဤစကားဖြင့် ထိုထိုနာမ် ထိုထို ရုပ် မရှိလျှင် ထိုထိုအာယတန မဖြစ်ဟူ၍ ဗျတိရိက်-ပြောင်းပြန်အနက်ကို ပြ၏။

http://www.dhammadownload.com



ပြပုံကား—အရူပဘုံ၌ ပဋိသန္ဓေ ပဝတ္တိတို့၌ နာမ်သည်သာလျှင် ထို အာယတနအား အယုတ် အနည်း အားဖြင့် ၇-ပါးအပြားအားဖြင့် ၎င်း၊ ၆-ပါးအပြားအားဖြင့်၎င်း ကျေးဇူးပြု၏။

အဘယ်သို့နည်းဟူမူ? ရှေးဦးစွာ (ပြရန်မှာ) ပဋိသန္ဓေခဏ၌ အယုတ်-အနည်းအားဖြင့် သဟဇာတ အညမည နိဿယ သမ္ပယုတ္တ ဝိပါက အတ္ထိ အဝိဂတပစ္စည်းတို့ဖြင့် ၇-ပါး အပြားအားဖြင့် နာမ်က ဆဋ္ဌာယတနအား ကျေးဇူးပြု၏။ အလွန်အထူးအားဖြင့်မူ ဤနာမ်ထဲတွင် (အလောဘ အဒေါသ စသော) အချို့နာမ်သည် ဟေတုပစ္စည်းဖြင့်၎င်း၊ (ဖဿ စေတနာ ဟူသော) အချို့နာမ်သည် အာဟာရပစ္စည်းဖြင့်၎င်း-[၁၉၇] ဤသို့သော နည်းဖြင့် တပါးသော အပြားအားဖြင့်လည်း[၁] ကျေးဇူးပြု၏၊ ထိုဟေတု အစ ရှိသော ပစ္စည်း၏ အစွမ်းအားဖြင့် အလွန်-အယုတ်ကို၀ါ၊အတိုး-အဆုတ်ကို သိအပ်၏။[၂]

ပဝတ္တိကာလ၌လည်း ဝိပါက်နာမ်သည် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ပင်လျှင် ကျေးဇူးပြု၏။ ဝိပါက်မှ တပါးသော နာမ်သည်ကား အယုတ်အနည်းအား ဖြင့် ဆိုအပ်ခဲ့ပြီးသော ပစ္စည်းတို့တွင် ဝိပါကပစ္စည်းမှတပါးကုန်သော ၆-ပါး သော ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။ အလွန်အထူးအားဖြင့် မူ ဤဝိပါက် မဟုတ်သောနာမ်ထဲဘွင် အချို့နာမ်သည် ဟေတုပစ္စည်းဖြင့်၎င်း၊ အချို့နာမ် သည် အာဟာရပစ္စည်းဖြင့်၎င်း-ဤသို့သောနည်းဖြင့် တပါးသောအပြားအား ဖြင့်လည်း ကျေးဇူးပြု၏၊ထိုဟေတုစသော ပစ္စည်း၏ အစွမ်းအားဖြင့် အလွန်-အယုတ်ကို သိအပ်၏။

---

၁-ဤစကားဖြင့် သဟဇာတ၌ အတွင်းဝင်သော ကမ္မ ဣန္ဒြိယ ဈာန မဂ္ဂ-တို့ဖြင့် ကျေးဇူးပြုခြင်းကိုလည်း သိမ်းယူအပ်၏။

၂-ဤ၌ ၈-ပါး ၉-ပါး ၁၀-ပါး အပြားတို့ဖြင့် ကျေးဇူးပြုခြင်းကို ၇-ပါးစသည် ဖြင့် ကျေးဇူးပြုခြင်းထက်အလွန်-ဥက္ကံသ-ဟု မှတ်အပ်၏၊ ၉-ပါး ၈-ပါး ၇-ပါးတို့ဖြင့် ကျေးဇူးပြုခြင်းကို ၁၀-ပါးစသည်ဖြင့် ကျေးဇူးပြုခြင်းအောက် အယုတ်-အဝကံသ-ဟု မှတ်အပ်၏။ ၇-ပါးအောက်ကားမရှိ၊ ထို့ကြောင့် ၇-ပါးကို မူတည်၍ အလွန်အယုတ် ၂-ပါးကို မယူရဟူ၏။ (ဋီကာအဆို)

http://www.dhammadownload.com



(အရူပမှ) တပါးသောဘဝ၌လည်း ပဋိသန္ဓေခဏ၌ ထိုနာမ်သည် ဆဋ္ဌအာယတနအား ထို့အတူပင် ၇-ပါး အပြားဖြင့် ကျေးဇူးပြု၏၊ ဆဠာယတနမှ တပါးသော အာယတနတို့အား ထိုနာမ်သည် ၆-ပါး သော အခြင်းအရာတို့ဖြင့် ကျေးဇူးပြု၏။

ချဲ့၍ပြအံ့၊ အရူပဘဝမှ တပါးသော ပဉ္စဝေါကာရ ဘဝ၌လည်း ထိုဝိပါက် နာမ်သည် ဟဒယဝတ္ထု၏ အဖော်သဟဲဖြစ်၍ ၆-ခုမြောက်ဖြစ်သော မနာ ယတနအား အရူပဘဝ၌ ဆိုအပ်ခဲ့သလိုပင် အယုတ်-အနည်းအားဖြင့် ၇-ပါး အပြားအားဖြင့် ကျေးဇူးပြု၏။ ဤမှ တပါးကုန်သော စက္ခာယတန အစရှိ သော ငါးပါးသော အာယတနတို့အားမူ ထိုဝိပါက်နာမ်သည် မဟာဘုတ် ၄- ပါး၏ အဖော်သဟဲ ဖြစ်၍ သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိ ဂတပစ္စည်းတို့၏ အစွမ်းအားဖြင့် ၆-ပါးသောအခြင်းအရာတို့ဖြင့် ကျေးဇူး ပြု၏။အလွန်အထူးအားဖြင့်မူ ဤဝိပါက်နာမ်ထဲတွင် အချို့နာမ်သည်ဟေတု ပစ္စည်းဖြင့်၎င်း၊ အချို့နာမ်သည် အာဟာရပစ္စည်းဖြင့်၎င်း-ဤသို့သောနည်း ဖြင့် တပါးသော အပြားအားဖြင့်လည်း ကျေးဇူးပြု၏။ ထိုဟေတုစသော ပစ္စည်း၏ အစွမ်းအားဖြင့် အလွန်-အယုတ်ကို သိအပ်၏။

ပဝတ္တိကာလ၌လည်း ဝိပါက်နာမ်သည် ဝိပါက် ဆဠာယတနအား ထို့အတူ ၇-ပါး အပြားအားဖြင့် ကျေးဇူးပြု၏၊ ဝိပါက်မဟုတ်သော နာမ်သည် ဝိပါက်မဟုတ်သော ဆဠာယတနအား ထို့အတူ ၆-ပါး အပြားအားဖြင့် ကျေးဇူးပြု၏။

ချဲ့၍ပြအံ့၊ ပဉ္စဝေါကာရဘဝ ပဝတ္တိကာလ၌လည်း ပဋိသန္ဓေခဏ၌ကဲ့သို့ပင် ဝိပါက်နာမ်သည် ဝိပါက် ဆဠာယတနအား အယုတ်-အနည်းအားဖြင့် ၇-ပါး အပြားအားဖြင့် ကျေးဇူးပြု၏။ ဝိပါက်မဟုတ်သော နာမ်သည်ကား ဝိပါက် မဟုတ်သော ဆဠာယတနအား အယုတ်-အနည်း အားဖြင့်ပင်လျှင် ထို ၇-ပါး ထဲမှ ဝိပါကပစ္စည်းကို ပယ်၍ ၆-ပါး အပြားအားဖြင့် ကျေးဇူးပြု၏။ ဤ ဂါထာ၌ဝါ၊ဤပဝတ္တိကာလ ကျေးဇူးပြုပုံ၌ အလွန်-အယုတ်ကိုကား ဆိုအပ်ခဲ့ ပြီးသော နည်းဖြင့်ပင်လျှင် သိအပ်၏။

ထိုပဉ္စဝေါကာရ ပဝတ္တိကာလ၌ပင်လျှင် ဝိပါက်နာမ်သည် ကြွင်း သော ငါးပါးသောအာယတနတို့အား ၄-ပါးအပြားအားဖြင့် ကျေးဇူး ပြု၏၊ ဝိပါက်မဟုတ်သော နာမ်ကိုလည်း ဤအတူပင် ပြအပ်၏။

http://www.dhammadownload.com



ချဲ့၍ပြအံ့၊ ထိုပဥ္စဝေါကာရဘဝ ပဝတ္တိကာလ၌ပင်လျှင် ပဋိသန္ဓေမှတပါး သော စက္ခုပသာဒစသည်လျှင် တည်ရာရှိသော ဝိပါက်နာမ်သည် လည်း မနာယတနမှ ကြွင်းသော စက္ခာယတနအစရှိသော ငါးပါးသော အာယတန တို့အားပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စည်းတို့ဖြင့် ၄-ပါးအပြားအား ဖြင့်ကျေးဇူးပြု၏။ဝိပါက်နာမ်ကိုကဲ့သို့ပင် ဝိပါက်မဟုတ်သောနာမ်ကိုလည်း ထို့အတူပင် ပြအပ်၏။ ထို့ကြောင့်ကုသိုလ် စသည် အပြားရှိသော နာမ်သည် လည်း ထိုစက္ခာယတနစသည်တို့အား ၄-ပါး အပြားအားဖြင့်ကျေးဇူးပြုသည် ဟု သိအပ်၏။ [၁၉၀] ဤဆိုခဲ့သည့်အတိုင်း ရှေးဦးစွာ [၁] နာမ်သည်သာလျှင် ပဋိသန္ဓေ၌ရင်း ပဝတ္တိ၌ရင်း အကြင် အကြင် အာယတနအား ကျေးဇူးပြု၏၊ အကြင် အခြင်းအရာအားဖြင့်လည်း ကျေးဇူးပြု၏၊ ထိုအခြင်းအရာအားဖြင့် ထိုထိုအာယတနကို သိအပ်ပေ၏။

ရုပ်က ကျေးဇူးပြုပုံကား- ဤနာမ်ရုပ် ၂-ပါးတွင် ရုပ်သည် အရူပဘဝ ၌ တခုသော အာယတနအားသော်လည်း ကျေးဇူးမပြုတတ်ပေ။ခန္ဓာ ငါးပါးရှိသော(ပဉ္စဝေါကာရ) ဘဝ၌ မူ ပဋိသန္ဓေခဏ၌ ရုပ်ထဲမှ ဝတ္ထု ရုပ်သည် ဆဋ္ဌာယတနအား ၆-ပါး အပြားအားဖြင့် ကျေးဇူးပြု၏၊ ဘူတရုပ်တို့သည်(ပဋိသန္ဓေ ပဝတ္တိ မခွဲခြားမူ၍)သာမညအားဖြင့် ငါး ပါးသော အာယတနတို့အား ၄-ပါးအပြားအားဖြင့် ကျေးဇူးပြုကုန်၏။

ချဲ့၍ ပြအံ့၊ (ပဥ္စဝေါကာရဘဝ)ပဋိသန္ဓေခဏ၌ ရုပ်ထဲမှ ဝတ္ထုရုပ်သည် ခြောက်ခုမြောက် ဖြစ်သော မနာယတနအား သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စည်းတို့ဖြင့် ၆-ပါးအပြားအားဖြင့် ကျေးဇူး ပြု၏။ ၄-ပါးသော ဘူတရုပ်တို့သည်ကား သာမညအားဖြင့် ပဋိသန္ဓေ၌ရင်း, ပဝတ္တိ၌ရင်း ဖြစ်တိုင်းဖြစ်တိုင်းသော အာယတန၏ အစွမ်းအားဖြင့် စက္ခာ ယတန အစရှိသော ငါးပါးလုံးတို့အားလည်း သဟဇာတ နိဿယ အတ္ထိ အဝိဂတပစ္စည်းတို့ဖြင့် ၄-ပါး အပြားအားဖြင့် ကျေးဇူးပြုကုန်၏ ။

ဇီဝိတရုပ်သည် (စက္ခာယတနအစရှိသော) ဤငါးပါးသော အာယ တနတို့အား ၃-ပါး အပြားအားဖြင့် ကျေးဇူးပြု၏၊ အာဟာရရုပ်သည် လည်း ပဝတ္တိကာလ၌ (ဤငါးပါးသော အာယတနတို့အား ၃-ပါး

---

၁-ရှေးဦးစွာ…သိအပ်၏-ဟု စပ်ပါ။

http://www.dhammadownload.com



အပြားအားဖြင့် ကျေးဇူးပြု၏)။ (စက္ခာယတန အစရှိသော) ထို ငါးပါးသော ရုပ်တို့သည်ပင်လျှင် ၆-ခုမြောက် မနာယတနအား ၆-ပါး အပြားအားဖြင့် ကျေးဇူးပြု၏၊ ဟဒယဝတ္ထုရုပ်သည် ထိုမနာယတန အားပင်လျှင် ၅-ပါး အပြားအားဖြင့် ကျေးဇူးပြု၏။

ချဲ့၍ပြအံ့၊ စက္ခုအစရှိသော ငါးပါးသော ဤအာယတနတို့အား ပဋိသန္ဓေ၌ရင်း, ပဝတ္တိ၌ရင်း အတ္ထိ အဝိဂတ ဣန္ဒြိယပစ္စည်းတို့၏အစွမ်းအားဖြင့် ဇီဝိတ ရုပ်သည် ၃-ပါး အပြားအားဖြင့် ကျေးဇူးပြု၏။ အာဟာရရုပ်သည်လည်း အတ္ထိ အဝိဂတ အာဟာရပစ္စည်းတို့၏ အစွမ်းအားဖြင့် ၃-ပါး အပြားအားဖြင့် ပင်ကျေးဇူးပြု၏၊ ထိုအာဟာရရုပ်၏ ကျေးဇူးပြုခြင်းသည်ကား အာဟာရကို မှီ၍ အသက်ရှင်ကုန်သော သတ္တဝါတို့၏ အာဟာရ အစဉ်လျှောက်အပ်သော ကိုယ်၌ ပဝတ္တိကာလ၌သာလျှင် ဖြစ်ပေသည်၊ ပဋိသန္ဓေကာလ၌ကား မဟုတ် ပေ။စက္ခာယတနအစရှိသော ထိုငါးပါးသော ရုပ်တို့သည်ကား စက္ခုဝိညာဏ် သောတ ဃာန ဇိဝှါ ကာယဝိညာဏ်ဟု ဆိုအပ်သော ၆-ခုမြောက်မနာယတန အား နိဿယ ပုရေဇာတ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စည်းတို့၏အစွမ်း အားဖြင့် ၆-ပါးသော အခြင်းအရာတို့ဖြင့် ပဝတ္တိကာလ၌ ကျေးဇူးပြုကုန်၏၊ ပဋိသန္ဓေကာလ၌ မဟုတ်ပေ၊ ပဉ္စဝိညာဏ်တို့ကို ချန်ထား၍ (ယင်းတို့မှ) ကြွင်းသော ထိုမနာယတနအားပင်လျှင် ဟဒယဝတ္ထုရုပ်သည် နိဿယ ပုရေ ဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတပစ္စည်းတို့၏ အစွမ်းဖြင့် ၅-ပါး အပြားအားဖြင့် ပဝတ္တိကာလ၌သာလျှင် ကျေးဇူးပြု၏၊ ပဋိသန္ဓေကာလ၌ မဟုတ်ပေ။ ဤ ဆိုခဲ့သည့်အတိုင်း ရုပ်သည်သာလျှင် ပဋိသန္ဓေ၌ရင်း, ပဝတ္တိ၌ရင်း အကြင် အကြင် အာယတနအား ကျေးဇူးပြု၏၊ အကြင် အခြင်းအရာအားဖြင့်လည်း ကျေးဇူးပြု၏၊ ထိုအခြင်းအရာအားဖြင့် ထိုထို အာယတနကို သိအပ်ပေ၏။

နာမ်ရုပ် ၂-ပါးလုံးက ကျေးဇူးပြုပုံကား-အကြင် နာမ်ရုပ် ၂-ပါးလုံး သည် အကြင် အာယတနအား ကျေးဇူးပြု၏၊ အကြင် အခြင်းအရာ အားဖြင့်လည်း ကျေးဇူးပြု၏၊ ထိုနာမ်ရုပ်နှင့် ထိုအာယတနကိုလည်း ထိုအခြင်းအရာအားဖြင့် ပဋိသန္ဓေနှင့် ပဝတ္တိအလုံးစုံတို့၌ ပညာရှိသည် သိအပ်၏။

[၁၉၉] ဤသိအပ်သော အရာကား အဘယ်နည်းဟူမူ ? ရှေးဦးစွာ (သိ ရန်မှာ) ပဉ္စဝေါကာရဘဝ၌ ပဋိသန္ဓေခဏ၌ ခန္ဓာ ၃-ပါး အပေါင်း နာမ်နှင့်

http://www.dhammadownload.com



ဝတ္ထုရုပ်-ဟု ဆိုအပ်သော နာမ်ရုပ်သည် ၆-ခုမြောက် ဖြစ်သော မနာယတန အား သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ပစ္စည်း အစရှိသည်တို့ဖြင့် ကျေးဇူးပြု၏။ ဤသို့ စသည်ဖြင့် သိအပ်ပေသည်။ ဤဆိုခဲ့သော စကားသည် (နာမ်ရုပ်နှစ်ပါးလုံးက ကျေးဇူးပြုပုံကို ပြသော) ဤအရာ၌ အရိပ်အမြွက်မျှ မျက်နှာပြမျှ ဖြစ်သည်။ သို့သော်လည်း ဆိုအပ်ခဲ့သောနည်းကို အစဉ်လျှောက်သဖြင့် အလုံးစုံကို ယှဉ်စေခြင်းငှါ စွမ်းနိုင်လောက်ပေပြီ၊ ထို့ကြောင့် ဤအရာ၌ အကျယ်ကို မပြအပ်ပေသတည်း။ ဤတွင် တရပ်ပြီး၏။

ဤဆိုခဲ့သော စကားသည် နာမရူပပစ္စယာ သဠာယတနံ-ဟူသော ပုဒ်၌ အကျယ်ပြဆိုသော စကားပေတည်း။

### သဠာယတနပစ္စယာဖဿောပုဒ်၌ အကျယ်ပြဆိုချက်

၆၄၂။ သဠာယတနပစ္စယာ ဖဿော-ဟူသော ပုဒ်၌-

> ဖဿတို့သည် အကျဉ်းအားဖြင့် စက္ခုသမ္ဖဿ အစရှိကုန်သော ၆-ပါးတို့သည်သာလျှင် ဖြစ်ကုန်၏၊ အကျယ်အားဖြင့် ထိုဖဿတို့သည် (သင်္ခါရကြောင့် ဖြစ်သော) ဝိညာဏ်ကဲ့သို့ ၃၂-ပါး ဖြစ်ကြလေသည်။

ခြောက်ပြအံ့၊အာယတန ၆-ပါး ဟူသော အကြောင်းကြောင့် ဖဿ ဖြစ်သည် ဟူသော စကား၌ ဖဿ တို့သည် အကျဉ်းအားဖြင့် စက္ခုသမ္ဖဿ-မြင်တွေ့မှု၊ သောတသမ္ဖဿ-ကြားတွေ့မှု၊ ဃာနသမ္ဖဿ-နံတွေ့မှု၊ ဇိဝှါသမ္ဖဿ-လျက်တွေ့မှု၊ ကာယသမ္ဖဿ-ထိတွေ့မှု၊ မနောသမ္ဖဿ-ကြံသိတွေ့မှု-ဟူသော ဤစက္ခုသမ္ဖဿ စသော ၆-ပါးတို့သည်သာလျှင် ဖြစ်ကုန်၏။အကျယ်အားဖြင့်မူကား စက္ခုသမ္ဖဿစသည်တို့သည်၊ ဝါ၊ စက္ခုသမ္ဖဿ၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယသမ္ဖဿတို့သည် ကုသလဝိပါက် ၅-ပါး အကုသလ ဝိပါက် ၅-ပါး ဤသို့ အားဖြင့် ၁၀-ပါး ဖြစ်ကုန်၏၊ကြွင်းသော မနောသမ္ဖဿတို့သည်လည်း ၂၂-ပါး သော လောကီဝိပါက် ဝိညာဏ်တို့နှင့် ယှဉ်ကုန်သည် ဖြစ်၍ ၂၂-ပါး ဖြစ်ကုန်၏။ဤသို့သော အပြားအားဖြင့် အလုံးစုံလည်း ဖြစ်ကုန်သော(ထို) ဖဿတို့သည် သင်္ခါရ ဟူသော အကြောင်းကြောင့် (ဖြစ်သည်ဟု) ဟောအပ်သော ဝိညာဏ်ကဲ့သို့ ၃၂-ပါး ဖြစ်ကြလေသည်။

http://www.dhammadownload.com



ဆက်၍ပြဆိုအံ့၊ ၃၂-ပါး အပြားရှိသည်လည်း ဖြစ်သော ဤဖဿ၏ အကြောင်း ပစ္စည်း ဖြစ်သော သဠာယတန ခေါ်သော ထို ၆-ပါးသော အာယတနတို့တွင်....

> ၆-ခုမြောက် မနာယတနနှင့် တကွ အဇ္ဈတ္တ (အတွင်း) သန္တာန်၌ ဖြစ်သော စက္ခာယတန-စသည်ကို သဠာယတန-ဟု (အချို့)ပညာရှိတို့ အလိုရှိကုန်၏။ ဗာဟိရအာယတန ၆-ပါးတို့နှင့် တကွလည်း သဠာယတနဟု (အချို့)ပညာရှိတို့ အလိုရှိကုန်၏။

(သဠာယတနပစ္စယာ ဖဿော-ဟူသော) ထိုပုဒ်၌ ရှေးဦးစွာ အကြင်ဆရာတို့သည် "ဤစကားသည် ဥပါဒိန္နကခေါ်[1] လောကီကံ၏ အကျိုးဖြစ်ပုံကို ဆိုသောစကားဖြစ်သည်"ဟု နှလုံးသွင်း၍ မိမိသန္တာန်၌ အကျုံးဝင်သည် သာလျှင် ဖြစ်သော ပစ္စည်းနှင့် ပစ္စယုပ္ပန်ကို ပြကုန်၏၊ ထိုဆရာတို့သည် "ဆဠာယတန ဟူသော အကြောင်းကြောင့် ဖဿ ဖြစ်သည်" ဟူသော ဝိဘင်းပါဠိတော်စကားကို အစဉ်လျှောက်သော အားဖြင့် "အရူပဘဝ၌ ဆဠာယတနသည်ငှင်း၊ (ထိုမှ)တပါးသော ပဉ္စဝေါကာရဘဝ၌ အလုံးစုံကို သိမ်းယူသောအားဖြင့် သဠာယတနသည်ငှင်း ဖဿအား ကျေးဇူးပြု၏"-ဟု နှလုံးသွင်း၍ တစိတ် သုတ်တူ တခုကြွင်းပြုပြီးလျှင် ဆဠာယတနနှင့် တကွ အဇ္ဈတ္တဖြစ်သော စက္ခုစသည်ကို သဠာယတန-ဟူ၍ အလိုရှိကုန်၏။ မှန်ပေ၏၊ ထိုဆဠာယတနသည်ငှင်း, ထိုသဠာယတန(စက္ခုစသော ၆-ပါးသော အာယတန)သည်ငှင်း သဠာယတနဟူ၍သာလျှင် ခေါ်ဆိုအပ်ခြင်းသို့ ရောက်ပေ၏။

အကြင်ဆရာတို့သည်ကား ပစ္စယုပ္ပန်-အကျိုးတရားကိုသာလျှင် တခုသော သန္တာန်၌ အတွင်းဝင်သည်ကိုပြု၍ ပြကုန်၏၊ အကြောင်းပစ္စည်းကိုမူ ကွဲသော သန္တာန်၌ အတွင်းဝင်သည်ကိုလည်းပြု၍ ပြကုန်၏။ ထိုဆရာတို့သည် အကြင် အကြင်အာယတနသည် ဖဿအား ကျေးဇူးပြု၏၊ ထိုအာယတန အလုံးစုံကိုလည်း [၂၀၀] ပြလိုကုန်သည်ဖြစ်၍ အပြင်ပ-ဗာဟိရာယတနတို့ကိုလည်း

---

၁-ဥပ-တဏှာနှင့် ဒိဋ္ဌိတို့ ကပ်အပ်-ကပ်နိုင်သော၊ ဝါ၊ အာရုံပြုနိုင်သော လောကီကုသိုလ်,အကုသိုလ်ကံက+အာဒိန္နက-မိမိ၏ ဥစ္စာဟု ယူအပ်သော အကျိုးတရား=ဥပါဒိန္နက-လောကီကံ၏ အကျိုးတရား။

http://www.dhammadownload.com



သိမ်းယူပြီးလျှင် ဆဠာယတနနှင့် တကွ ထို စက္ခုစသော အဇ္ဈတ္တိကာယတန ၆-ပါးကိုပင်လျှင် ရူပါယတန အစရှိကုန်သော ဗာဟိရာယတနတို့နှင့်လည်း အတူတကွပေါင်း၍ သဠာယတနဟု အလိုရှိကုန်၏။မှန်ပေ၏၊ထိုဆဠာယတန နှင့်အဇ္ဈတ္တိကာယတန ၆-ပါး ဗာဟိရာယတန ၆-ပါးသည်လည်း"ဆဠာယတန လည်း သဠာယတနလည်း သဠာယတနလည်း"ဟူသော ဒွန်သမာသ်ဝါကျဖြင့် ဤ ၃-ပုဒ်တို့၏ တခုကြွင်းကို ပြုအပ်ပြီးလတ်သော်သဠာယတနဟူ၍သာလျှင် ခေါ်ဆိုအပ်ခြင်းသို့ ရောက်ပေ၏။

ဤအရာ၌ (ရပ်တန့်၍ စောဒကသည်) "အလုံးစုံသော အာယတနတို့ ကြောင့် တခုသော ဖဿဖြစ်သည် မဟုတ်၊ တခုသော အာယတနကြောင့် လည်း အလုံးစုံသော ဖဿတို့ဖြစ်ကြသည်မှုမဟုတ်၊သို့သော်လည်း ဤဖဿကို 'သဠာယတနဟူသော အကြောင်းကြောင့် ဖဿ ဖြစ်သည်'ဟု တခုတည်း ကိုသာ ဟောထား၏၊ ထိုသို့ ဟောခြင်းသည် အဘယ့်ကြောင့်ပါနည်း"-ဟူ သော စောဒနာကို ဆို၏။ ထိုစောဒနာ၌ ဤဆိုလတ္တံ့သည်ကား အဖြေ ပေတည်း -"အလုံးစုံသော အာယတနတို့ကြောင့် တခုသော ဖဿ မဖြစ်၊ တခုသော အာယတနကြောင့်လည်း အလုံးစုံသော ဖဿတို့ မဖြစ်ကြ"-ဟူ သော ဤစကားသည် မှန်ပေ၏၊ သို့သော်လည်း များစွာသော အာယတန တို့ကြောင့် တခုသော ဖဿ ဖြစ်ပေ၏၊ ဖြစ်ပုံကား - စက္ခုသမ္ဖဿသည် စက္ခာ-ယတနကြောင့်ရင်း, ရူပါယတနကြောင့်ရင်း, စက္ခုဝိညာဏ်ဟု ဆိုအပ်သော မနာယတနကြောင့်ရင်း, (ဖဿမှ) ကြွင်းသော သမ္ပယုတ်တရားဟူသော ဓမ္မာယတနကြောင့်ရင်း ဖြစ်သကဲ့သို့ပင်တည်း။ ဤအတူပင် အလုံးစုံသော သောတသမ္ဖဿစသည်တို့၌ ထိုက်သည်အားလျော်စွာ ယှဉ်စေအပ်၏။ ထို့ ကြောင့်ပင်လျှင် -

တာဒိဂုဏ်နှင့်[၁] ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် (သဠာယတန ပစ္စယာ ဖဿော - ဟူသော) ဧကဝုစ်ဖြင့် ညွှန်ပြသော စကားဖြင့်၊ ဝါ၊ ဧကဝုစ်ပြုစကားဖြင့် ဤဖဿကို တခုတည်းဖြစ်သော်လည်း "များစွာ

---

၁-ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံတို့ကို အတူပြု၍ ရှုနိုင်သော ဘုရားရဟန္တာကို တာဒီ-ဟု ခေါ်သည်။ ထို အကောင်းအဆိုး အာရုံ ၂-မျိုးကြောင့် ဖောက်ပြန် ပြောင်းလဲခြင်းမရှိပဲ ညီတူရှုနိုင်သည်ကို တာဒိဂုဏ်-ဟု ဆိုသည်။

http://www.dhammadownload.com



သော အာယတနတို့ကြောင့် ဖြစ်သည်”ဟု ဤအရာ၌ ပြတော်မူ (အပ်) ပေသည်။

ကေဝုစ်ပြစကားဖြင့်-ဟူရာ၌ သဠာယတန ဟူသော အကြောင်းကြောင့် ဖဿဖြစ်သည်-ဟူသော ဤကေဝုစ်ဖြင့် ညွှန်ပြသောစကားဖြင့် များစွာသော အာယတနတို့ကြောင့် တခုသော ဖဿ ဖြစ်သည်ဟု တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ပြတော်မူ(အပ်)၏၊ ဤကား အနက်။ ကျေးဇူးပြုပုံကား- အာယတနတို့တွင် -

> (စက္ခုစသော) ငါးပါးသော အာယတနတို့ကို (ဤဖဿအား) ၆-ပါး အပြားအားဖြင့် (ကျေးဇူးပြုသည်၏ အဖြစ်၌ ထင်စွာပြရာ၏) ထိုအာယတနငါးပါးမှ နောက်ဖြစ်သောတခုသောမနာယတနကို ၉-ပါး အပြားအားဖြင့် (ကျေးဇူးပြုသည်၏အဖြစ်၌ ထင်စွာ ပြရာ၏)၊ ၆-ပါးသော ဗာဟိရာယတနတို့ကို ဤဖဿအား ဖြစ်သင့်သည်အားလျော်စွာ ကျေးဇူးပြုသည်၏အဖြစ်၌ ထင်စွာ ပြရာ၏။

ထိုဂါထာ၌ ဤဆိုလတ္တံ့သည်ကား ထင်စွာ ပြပုံပေတည်း-ရှေးဦးစွာ စက္ခာယတန အစရှိသော ငါးပါးသော အာယတနတို့သည် စက္ခုသမ္ဖဿ စသော အပြားအားဖြင့် ငါးပါးအပြားရှိသော ဖဿအား နိဿယ ပုရေဇာတ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ပစ္စည်းတို့၏ အစွမ်းအားဖြင့် ၆-ပါး အပြားအားဖြင့် ကျေးဇူးပြုကုန်၏။ ထိုအာယတန ငါးပါးမှ နောက်ဖြစ်သော တခုသော ဝိပါက်မနာယတနသည် များသောအပြားရှိသော [၁] ဝိပါက် မနောသမ္ဖဿအား သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ ဣန္ဒြိယ သမ္ပယုတ္တ အတ္ထိ အဝိဂတပစ္စည်းတို့၏ အစွမ်းဖြင့် ၉-ပါး အပြားအားဖြင့် ကျေးဇူးပြု၏၊ ထိုမှတပါး ဗာဟိရာယတနတို့တွင် ရူပါယတနသည် စက္ခုသမ္ဖဿအား အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတပစ္စည်းတို့၏ အစွမ်းဖြင့် ၄-ပါး အပြားအားဖြင့် ကျေးဇူးပြု၏။ ထို့အတူ သဒ္ဒါယတနစသည်တို့သည် သောတသမ္ဖဿစသည်တို့အား ၄-ပါးအပြားအားဖြင့် ကျေးဇူးပြုကုန်၏။ အထူးကား မနော

---

၁-များသောအပြားရှိသောဟူသည်မှာ ကုသလဝိပါက်စသည် ပဥ္စဒွါရ (၌ဖြစ်သော ဖဿ) စသည်တို့၏ အစွမ်းအားဖြင့် များသော အပြားရှိသော ဒွေပဉ္စဝိညာဏ်ဖဿမှ တပါးသော ဖဿအား (ဟုဆိုလို၏)။ (ဋီကာ)

http://www.dhammadownload.com



သမ္ဖဿအား ထိုရူပစသော ငါးပါးသော အာယတနတို့သည်ရင်း,ဓမ္မာယတန သည်ရင်း, ထိုအတူ ၄-ပါး အပြားအားဖြင့်ရင်း[၂၀၁] အာရမ္မဏ ပစ္စည်းမျှ ဖြင့်သာလျှင်ရင်း ကျေးဇူးပြု၏။ ဤဆိုခဲ့သောနည်းဖြင့် ၆-ပါးသော ဗာဟိရာ ယတနတို့ကို ဤဖဿအား ဖြစ်သင့်သည် အားလျော်စွာ ကျေးဇူးပြုသည်၏ အဖြစ်၌ ထင်စွာပြုရာ၏။ ဤတွင် တရပ်ပြီး၏။

ဤဆိုခဲ့သော စကားသည် သဠာယတနပစ္စယာ ဖဿော-ဟူသော ပုဒ်၌ အကျယ်ပြဆိုသော စကားပေတည်း။

**ဖဿပစ္စယာဝေဒနာပုဒ်၌ အကျယ်ပြဆိုချက်**

၆၄၃။ ဖဿပစ္စယာ ဝေဒနာ-ဟူသော ပုဒ်၌-

စက္ခုသမ္ဖဿဇာ အစရှိကုန်သော[၁] ဒွါရအားဖြင့် ၆-ပါးသာလျှင်ဖြစ် ကုန်သော ဝေဒနာတို့ကို(မြတ်စွာဘုရား)ဟောတော်မူ(အပ်ကုန်)၏၊ ထိုဝေဒနာတို့ကို အကျယ်အပြားအားဖြင့် ၈၉-ပါးဟူ၍ သိအပ်ကုန်၏။

(ဖဿပစ္စယာ ဝေဒနာ-ဟူသော)ဤပုဒ်၏ အဖွင့်ဝိဘင်း၌လည်း "စက္ခု သမ္ဖဿဇာ-မြင်တွေ့မှုကြောင့် ဖြစ်သော ဝေဒနာ၊ သောတ....၊ ဃာန....၊ ဇိဝှါ....၊ကာယ....၊ မနောသမ္ဖဿဇာ ကြံသိတွေ့မှုကြောင့် ဖြစ်သောဝေဒနာ" ဟူ၍ ဒွါရ အားဖြင့် ၆-ပါးသာလျှင် ဖြစ်ကုန်သော ဝေဒနာတို့ကို(မြတ်စွာ ဘုရား) ဟောတော်မူ(အပ်ကုန်)၏။ထိုဝေဒနာတို့ကို အကျယ်အပြားအား ဖြင့်မူ ၈၉-ပါးသောစိတ်တို့နှင့် ယှဉ်ကြသောကြောင့် ၈၉-ပါး ဟူ၍ သိအပ် ကုန်၏။

သို့သော်လည်း ဤ ၈၉-ပါးသော ဝေဒနာတို့တွင် ဝိပါက်စိတ်နှင့် ယှဉ်သည်သာလျှင် ဖြစ်ကုန်သော ၃၂-ပါးသော ဝေဒနာတို့ကို ဖဿ ပစ္စယာ ဝေဒနာ ဟူသော ဤပုဒ်၌(မြတ်စွာဘုရား)အလိုရှိ(အပ်ကုန်) သည်ဟု (ပညာရှိတို့) ဆို(အပ်ကုန်)၏။

---

၁-အစရှိကုန်သော....ဝေဒနာတို့ကို-ဟု စပ်ပါ။

http://www.dhammadownload.com



ထို ၃၂-ပါးသော ဝေဒနာတို့တွင် ပဉ္စဒွါရ၌ ပဉ္စဝိညာဏ်နှင့် ယှဉ်သော ငါးပါးသော ဝေဒနာတို့အား စက္ခုသမ္ဖဿ စသော ဖဿသည် ၈-ပါး အပြားအားဖြင့် ကျေးဇူးပြု၏၊ ကြွင်းသော (သမ္ပဋိစ္ဆိုန်း သန္တီရဏ တဒါရုံ) ဝေဒနာတို့အား တပါး အပြားအားဖြင့် ကျေးဇူးပြု၏၊ မနောဒွါရ၌လည်း (တဒါရုံ ဝေဒနာတို့အား)ထိုသဟဇာတ မနောသမ္ဖဿသည် ထို့အတူ ၈-ပါး အပြားအားဖြင့်ပင်လျှင် ကျေးဇူးပြု၏။

ချဲ့၍ပြအံ့၊ ထို ၃၂-ပါးသော ဝေဒနာတို့တွင် ပဉ္စဒွါရ၌ စက္ခုပသာဒစသည်လျှင် မှီရာရှိကုန်သော ငါးပါးသောဝေဒနာတို့အား စက္ခုသမ္ဖဿအစရှိသော ဖဿသည် သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ သမ္ပယုတ္တ အတ္ထိ အဝိဂတပစ္စည်းတို့၏ အစွမ်းအားဖြင့် ၈-ပါး အပြားအားဖြင့် ကျေးဇူးပြု၏။ ကြွင်းကုန်သော တပါးတပါးသော ဒွါရ၌ သမ္ပဋိစ္ဆိုန်း သန္တီရဏ တဒါရုံတို့၏ အစွမ်းအားဖြင့် ဖြစ်ကုန်သော ကာမာဝစရ ဝိပါက်ဝေဒနာတို့အား စက္ခုသမ္ဖဿ အစရှိသော ထိုဖဿသည် ပကတူပနိဿယပစ္စည်း၏ အစွမ်းအားဖြင့် တပါးအပြားအားဖြင့်သာလျှင် ကျေးဇူးပြု၏။

**မနောဒွါရ၌လည်း ထို(....) သည် ထို့အတူ** - ဟူရာ၌ အကျယ်ကား-မနောဒွါရ၌လည်း တဒါရုံ၏ အစွမ်းအားဖြင့် ဖြစ်ကုန်သော ကာမာဝစရဝိပါက်ဝေဒနာတို့အား သဟဇာတမနောသမ္ဖဿဟု ဆိုအပ်သော ထို ဖဿသည် ထို့အတူပင်လျှင် ၈-ပါး အပြားအားဖြင့် ကျေးဇူးပြု၏၊ ပဋိသန္ဓေဘဝင် စုတိ၏ အစွမ်းအားဖြင့် ဖြစ်ကုန်သော ဘုံသုံးပါး၌ ဖြစ်သော ဝိပါက်ဝေဒနာတို့အားလည်း (ထို့အတူပင် ၈-ပါး အပြားအားဖြင့် ကျေးဇူးပြု၏)။ အထူးကား မနောဒွါရ၌ [၂၀၂] တဒါရုံ၏ အစွမ်းဖြင့် ဖြစ်သော ကာမာဝစရ ဝေဒနာတို့အား မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော မနောသမ္ဖဿသည် ပကတူပနိဿယပစ္စည်း၏ အစွမ်းဖြင့် တပါးအပြားအားဖြင့်သာလျှင် ကျေးဇူးပြု၏[၁]။ ဤတွင် တရပ် ပြီး၏။

ဤဆိုခဲ့သော စကားသည် ဖဿပစ္စယာ ဝေဒနာ-ဟူသော ပုဒ်၌ အကျယ်ပြဆိုသော စကားပေတည်း။

---

၁-အကြောင်းပစ္စည်းကိုမူ ကံ၏အကျိုးဝိပါက် မဟုတ်သည်ကိုလည်း အချို့ဆရာတို့ အလိုရှိကုန်၏။ ထို့ကြောင့် “(ယာ ပန) အထူးကား မနောဒွါရ၌”

http://www.dhammadownload.com



## ဝေဒနာပစ္စယာတဏှာပုဒ်၌ အကျယ်ပြဆိုချက်

၆၄၄။ ဝေဒနာပစ္စယာ တဏှာ-ဟူသော ပုဒ်၌-

ဤလောက၌ ရူပတဏှာ စသော အပြားအားဖြင့် ၆-ပါးသော တဏှာတို့ကို (မြတ်စွာဘုရား) ပြတော်မူ(အပ်ကုန်)၏။ ထို ၆-ပါးတို့တွင် တပါးတပါးကို ဖြစ်ပုံအခြင်းအရာအားဖြင့် သုံးပါး အပြားရှိ၏ဟု သိအပ်၏။

ချဲ့၍ပြအံ့၊ ဝေဒနာပစ္စယာ တဏှာ- ဟူသော ဤပုဒ်၌ "သေဋ္ဌေးသား, ပုဏ္ဏားသား" ဤသို့ စသည်ဖြင့် အဖမှ လာသော အမည်၏ အစွမ်းအားဖြင့် သားကို ပြအပ်-ခေါ်ဆိုအပ်သကဲ့သို့ ရူပတဏှာ-အဆင်း၌ ဆာလောင်တပ်မက်မှု၊ သဒ္ဒတဏှာ-အသံ၌ ဆာလောင်တပ်မက်မှု၊ ဂန္ဓတဏှာ-အနံ့၌ ဆာလောင်တပ်မက်မှု၊ရသတဏှာ-အရသာ၌ဆာလောင်တပ်မက်မှု၊ဖောဋ္ဌဗ္ဗတဏှာ-အတွေ့၌ ဆာလောင်တပ်မက်မှု၊ ဓမ္မတဏှာ-သဘောအာရုံ၌ ဆာလောင်တပ်မက်မှု ဟူ၍ အာရုံမှ လာသော အမည်၏အစွမ်းအားဖြင့် အဘိဓမ္မာ ဝိဘင်းပါဠိတော်၌ ၆-ပါးသော တဏှာတို့ကိုပြတော်မူ(အပ်ကုန်) ၏။

ထို ၆-ပါးသောတဏှာတို့တွင် တပါးတပါးသောတဏှာသည် ဖြစ်ပုံအခြင်းအရာအားဖြင့် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ဟူ၍ သုံးပါးအပြားရှိ၏ဟု သိအပ်၏။ ချဲ့၍ပြအံ့၊ ရူပတဏှာသည်ပင်လျှင် အကြင်အခါ၌ မျက်စိအား ထင်ခြင်းသို့ရောက်သောရူပါရုံကို ကာမဂုဏ်၌ သာယာသည်၏အစွမ်းအားဖြင့် သာယာလျက် ဖြစ်၏။ ထိုအခါ၌ ကာမတဏှာ မည်၏။ အကြင်အခါ၌ ထိုရူပါရုံကိုပင်လျှင် "ခိုင်သည် မြဲသည်"ဟု စွဲလမ်းလျက် ဖြစ်သော သဿတဒိဋ္ဌိနှင့်တကွ ဖြစ်၏၊ ထိုအခါ၌ ဘဝတဏှာ မည်၏။ မှန်ပေ၏၊ သဿတဒိဋ္ဌိနှင့်တကွ ဖြစ်သော ရာဂကို ဘဝတဏှာဟု ခေါ်ဆိုအပ်၏။ အကြင်အခါ၌မူကား ထိုရူပါရုံကိုပင်လျှင် "ပြတ်လတံ့ ပျက်လတံ့"ဟု

---

စသည်ဖြင့် မနောဒွါရဇဝနဓနှင့် ယှဉ်သော ဖဿ၏ ပစ္စည်းအဖြစ်ကိုဆိုသည်။ ထိုစကားကိုလည်း အမြွက်မျှပြသောစကားဟု မှတ်အပ်၏။ ဤပြဆိုခဲ့သောနည်းဖြင့် အခြားမဲ့ ဟုတ်မဟုတ်သော အလုံးစုံသော ဖဿ၏ ထိုထိုဝိပါက်ဝေဒနာအား ဥပနိဿယဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်ကို ယှဉ်စေအပ်၏။ (ဋီကာ)

http://www.dhammadownload.com



စွဲလမ်းလျက် ဖြစ်သော [၁] ဥစ္ဆေဒဒိဋ္ဌိနှင့် တကွ ဖြစ်၏။ ထိုအခါ၌ဝိဘဝတဏှာ မည်၏။ မှန်ပေ၏၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွ ဖြစ်သော ရာဂကို ဝိဘဝတဏှာဟု ခေါ်ဆိုအပ်၏။ သဒ္ဒတဏှာစသည်တို့၌လည်း ဤနည်းပင်တည်း၊ထိုကြောင့် ဤ ၆-ပါးသော တဏှာတို့သည် ၁၈-ပါး ဖြစ်ကုန်၏။

ထို ၁၈-ပါးသော တဏှာတို့သည် အဇ္ဈတ္တရူပါရုံစသည်တို့၌ ၁၈-ပါး ဗဟိဒ္ဓ ရူပါရုံ စသည်တို့၌ ၁၈-ပါး ဤသို့ အားဖြင့် ၃၆-ပါး ဖြစ်ကုန်၏။ဤသို့လျှင် အတိတ်တဏှာတို့သည် ၃၆-ပါး၊ အနာဂတ် တဏှာ ၃၆-ပါး၊ ပစ္စုပ္ပန်တဏှာ ၃၆-ပါး ဤသို့အားဖြင့် ၁၀၈-ပါးသော တဏှာတို့ ဖြစ်ကုန်၏။ ထို ၁၀၈-ပါး တို့ကို တဖန် ချုံးအပ်ကုန်သည်ရှိသော် အဆင်းအစရှိသောအာရုံတို့၏ အစွမ်း အားဖြင့် တဏှာ ၆-ပါးသာလျှင် ဖြစ်ကုန်၏၊ ကာမတဏှာစသည်တို့၏ အစွမ်း အားဖြင့် တဏှာ ၃-ပါးသာလျှင် ဖြစ်ကုန်၏ဟု သိအပ်၏။

ဝေဒနာကြောင့် တဏှာ ဖြစ်ပုံကား- ဤသတ္တဝါတို့သည် သားကိုသာယာ ကုန်၍ သား၌ သာယာမြတ်နိုးခြင်းဖြင့် နို့ထိန်းအား ပေးကမ်းချီးမြှောက် ကုန်သကဲ့သို့ အဆင်း စသော အာရုံတို့၏ အစွမ်းအားဖြင့် ဖြစ်ပေါ်သော ဝေဒနာကို သာယာကုန်၍ ဝေဒနာ၌[၂၀၃]သာယာမြတ်နိုးခြင်းဖြင့် အဆင်း အစရှိသော အာရုံကို ပေးတတ်ကုန်သော ပန်းချီဆရာ,စောင်းသမား, နံ့သာ သည်, စဖိုသည်, ရက္ကန်းသည်, ရသာယနဆေးကို စီရင်သော ဆေးဆရာ[၂]

---

၁-ဤဥစ္ဆေဒဒိဋ္ဌိဖြင့် စွဲလမ်းပုံနှင့် ဝိဘဝတဏှာ ဖြစ်ပုံကို ကျယ်ပြန့်စွာ လေ့လာ လိုလျှင် ငါတို့ဟောကြားရေးသားထားသော ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး ဒုတိယတွဲ နှာ ၆၅-၌ရင်း၊ ဘာရသုတ္တန်တရားတော်ကြီး နှာ ၁၃၅-၌ရင်း ကြည့်ပါ။

၂-ထိုဥပမာ၌ ဝေဒနာကို သားကဲ့သို့ မှတ်အပ်၏၊ ဝေဒနာ၏အကြောင်းဖြစ် သော ရူပါရုံစသည်တို့ကို နို့ရည်စသည်တို့ကဲ့သို့ (မှတ်အပ်ကုန်၏)၊ အဆင်း စသော အာရုံ ၆-ပါးကို ပေးတတ်ကုန်သော ပန်းချီဆရာစသော ၆-ဦးတို့ကို နို့ရည် စသည်ကို ပေးတတ်သော နို့ထိန်းကဲ့သို့ (မှတ်အပ်ကုန်၏)။ ထို ၆-ဦးတို့တွင် ရက္ကန်းသည်က နူးညံ့သော အတွေ့ရှိသောအဝတ်ကို ပေးတတ် သည်၊ ဆေးဆရာက ရသာယန၌ ပါဝင်သော ဩဇာ၏အစွမ်းအားဖြင့်ရင်း၊ ထိုဩဇာက ထောက်ပံ့အပ်သော အသက်ရုပ်၏ အစွမ်းအားဖြင့်ရင်း ဓမ္မာရုံ ကို ပေးတတ်သည်ဟု မှတ်အပ်၏။ (ဋီကာ)

http://www.dhammadownload.com



စသည်တို့အား ကြီးကျယ်သော ပေးကမ်းချီးမြှောက်ခြင်းကို ပြုကုန်၏။ ထို့ကြောင့် အလုံးစုံလည်းဖြစ်သော ဤတဏှာကို ဝေဒနာ ဟူသော အကြောင်းကြောင့် ဖြစ်သည်ဟု သိအပ်၏။

ဆက်ဦးအံ့။ (ဝေဒနာပစ္စယာ တဏှာဟူသော) ဤပုဒ်၌ ဝိပါက်ဖြစ်သောသုခဝေဒနာတပါးတည်းကိုသာလျှင်အလိုရှိအပ်၏၊ထို့ကြောင့် ဤဝေဒနာသည် တဏှာအား တပါးအပြားအားဖြင့်သာလျှင်ကျေးဇူးပြု၏။

**တပါး အပြားအားဖြင့်**- ဟူသည်ကား ပကတူပနိဿယပစ္စည်း၏ အစွမ်းအားဖြင့် ကျေးဇူးပြု၏(ဟုဆိုလို၏)။ တနည်းကား[၁]....

ဆင်းရဲရှိသောသူ-ဆင်းရဲသောသူသည် ချမ်းသာကို တောင့်တ၏၊ ချမ်းသာရှိသောသူ-ချမ်းသာသူသည် တိုး၍(ချမ်းသာကို) အလိုရှိ၏၊ ဥပေက္ခာကိုမူ ငြိမ်သက်သည်၏ အဖြစ်ကြောင့် ချမ်းသာသုခ ဟူ၍သာလျှင် ဆိုအပ်၏။

သုံးပါးလည်း ဖြစ်ကုန်သော ဝေဒနာတို့သည် တဏှာအား ကျေးဇူးပြုကုန်၏၊ ထို့ကြောင့် ''ဝေဒနာပစ္စယာ တဏှာ''ဟူ၍ မြတ်စွာဘုရား ဟောတော်မူ(အပ်)ပေ၏။

---

၁-''တနည်းကား''-အစရှိသော စကားဖြင့် ဝိပါက်သုခဝေဒနာ သက်သက်သာလျှင် (အကြောင်းပစ္စည်းဖြစ်သည်) မဟုတ်သေး၊ စင်စစ်သော်ကား ဝိပါက်ဝေဒနာ ၃-ပါးလုံးသည်လည်း အထူးအားဖြင့် တဏှာ၏ ဥပနိဿယပစ္စည်းဖြစ်သေး၏၊ သာမညအားဖြင့်မူ ဝိပါက်မဟုတ်သော ဝေဒနာသည်လည်း (ဥပနိဿယ ပစ္စည်းဖြစ်သေး၏)ဟု ပြ၏။ ဥပေက္ခာကိုမူ ငြိမ်သက်သည်၏ အဖြစ်ကြောင့် ချမ်းသာသုခဟူ၍သာလျှင် ဆိုအပ်၏၊ ထိုသို့ ချမ်းသာသုခဟု ဆိုအပ်သောကြောင့် ထိုဥပေက္ခာသည်လည်း သာ၍ အလိုရှိသည်၏ အစွမ်းအားဖြင့် တဏှာ၏ ဥပနိဿယပစ္စည်းဖြစ်၏ဟု ဆိုလို၏။ သို့သော်လည်း အကုသိုလ်၏ အကျိုးဝိပါက်ဖြစ်သော ဥပေက္ခာကို အလိုမရှိအပ်သော အနိဋ္ဌ ဖြစ်သောကြောင့် ဒုက္ခ၌ သက်ဝင်စေအပ်၏၊ ဤမှတပါးသော ကုသလဝိပါက် ဥပေက္ခာကို ဣဋ္ဌ ဖြစ်သောကြောင့် သုခ၌ သက်ဝင်စေအပ်၏၊ ထို့ကြောင့် ထိုဥပေက္ခာသည် ဒုက္ခကဲ့သို့ရင်း သုခကဲ့သို့ရင်း ဥပနိဿယပစ္စည်းဖြစ်သည်ဟု ဆိုရန်ဖြစ်နိုင်ပေ၏။ (ဋီကာ)

http://www.dhammadownload.com



ဆက်ဦးအံ့။ ဝေဒနာ ဟူသော အကြောင်းကြောင့် တဏှာ ဖြစ်ငြားသော်လည်း အနုသယနှင့် ကင်း၍ မဖြစ်နိုင်၊ ထို့ကြောင့် (မဂ္ဂဗြဟ္မစရိယခေါ်)အကျင့်မြတ်ကို ကျင့်သုံးပြီးသော မကောင်းမှုကို အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်အား ထိုတဏှာ မဖြစ်တော့ပေ၊ ဤတွင် တရပ်ပြီး၏။

ဤဆိုခဲ့သော စကားသည် ဝေဒနာပစ္စယာ တဏှာ-ဟူသော ပုဒ်၌ အကျယ်ပြဆိုသော စကားပေတည်း။

## တဏှာပစ္စယာဥပါဒါနံပုဒ်၌ အကျယ်ပြဆိုချက်

၆၄၅။ တဏှာပစ္စယာ ဥပါဒါနံ-ဟူသော ပုဒ်၌-

ဥပါဒါန်တို့သည် လေးပါးတို့တည်း၊ ထို(လေးပါးသော ဥပါဒါန်တို့၏) အနက်ကို ဝေဘန်သော အားဖြင့်သော်၎င်း၊ ဥပါဒါန်တရားတို့၏ အကျဉ်းအကျယ်အားဖြင့်၎င်း၊ အစဉ်အားဖြင့်၎င်း ထိုဥပါဒါန်တို့ကို ထင်စွာပြရာ၏။

ထိုဂါထာ၌ ဤဆိုလတံ့သည်ကား ထင်စွာပြခြင်းပေတည်း-ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် ဟူသော ဤ ၄-ပါးတို့သည် (တဏှာပစ္စယာ ဥပါဒါနံ-ဟူသော) ဤပုဒ်၌ရှေးဦးစွာ ၄-ပါးသောဥပါဒါန်တို့မည်ကုန်၏။ ဤဆိုလတံ့သည်ကား ထို ၄-ပါးသော ဥပါဒါန်တို့၏ အနက်ကို ဝေဘန်ခြင်းပေတည်း- ဝတ္ထုဟု ဆိုအပ်သော လိုချင်ဘွယ်ကာမဂုဏ်ကို မြဲမြံစွာ စွဲလမ်းတတ်သောကြောင့် ကာမုပါဒါန်မည်၏၊ (တနည်း) နှစ်သက်လိုချင်တတ်သောကြောင့် ကာမလည်းမည်၏၊ ထိုကာမသည် မြဲမြံစွာ စွဲလမ်းတတ်သောကြောင့် **ဥပါဒါန်** လည်း မည်၏၊ ထို ၂-ပါးသော အကြောင်းကြောင့်လည်းကာမုပါဒါန်မည်၏။ **ဥပါဒါန်** ဟူသည်မှာ မြဲမြံစွာယူခြင်း-စွဲလမ်းခြင်းပေတည်း။ မှန်ပေ၏၊ ဤပုဒ်၌ ဥပ-သဒ္ဒါသည် ဥပါယာသ-ပြင်းစွာပူပန်ခြင်း,ဥပကဋ္ဌ-အလွန်ကဲ့ရဲ့ အပ်သည် အစရှိသောပုဒ်တို့၌ကဲ့သို့မြဲမြံခြင်း အနက်ရှိ၏။ ထို့ပြင်တပါး မှားယွင်းစွာ မြင်သောကြောင့် ဒိဋ္ဌိလည်း မည်၏၊ ထိုဒိဋ္ဌိသည် ဥပါဒါန်လည်းမည်၏၊ ဤ၂-ပါးသော အကြောင်းကြောင့် ဒိဋ္ဌုပါဒါန်မည်၏၊ တနည်းကား မှားယွင်းသော အယူကို စွဲလမ်းတတ်သောကြောင့်

http://www.dhammadownload.com



ဒိဋ္ဌုပါဒါန် မည်၏။ မှန်ပေ၏၊ "အတ္တာသည်ရင်း, လောကသည်ရင်း, အမြဲ တည်ရှိ၏" ဤသို့ အစရှိသည်တို့၌ ရှေးဖြစ်သော မိစ္ဆာအယူကို နောက်ဖြစ် သော မိစ္ဆာအယူက မြဲမြံစွာ စွဲလမ်းတတ်၏၊ ထိုမှတပါး အလေ့အကျင့်ကို မြဲမြံစွာ စွဲလမ်းတတ်သောကြောင့် သီလဗ္ဗတုပါဒါန်မည်၏။ (တနည်း)ထို သဘောသည် သီလဗ္ဗတလည်းဟုတ်၏၊ဥပါဒါန်လည်းဟုတ်၏၊ ဤ၂-ပါးသော အကြောင်းကြောင့်လည်း သီလဗ္ဗတုပါဒါန် မည်၏။ မှန်ပေ၏၊ နွား၏အလေ့ နွား၏အကျင့် စသည်တို့သည်"ဤသို့ ကျင့်ခြင်းဖြင့် သံသရာမှ စင်ကြယ်ခြင်း ဖြစ်သည်"ဟုမြဲမြံစွာ နှလုံးသွင်းခြင်းကြောင့် မိမိတို့ကိုယ်တိုင်ပင်လျှင်ဥပါဒါန် မည်ကုန်၏၊ ထိုမှတပါး ဆိုကြောင်း ဖြစ်သောကြောင့် ဝါဒ မည်၏၊ [၂၀၄] မြဲမြံစွာ စွဲလမ်းကြောင်း ဖြစ်သောကြောင့် ဥပါဒါန်မည်၏၊ အဘယ်ကို ဆို ကုန်သနည်း၊ အဘယ်ကိုလည်း မြဲမြံစွာ စွဲလမ်းကုန်သနည်းဟူမူ? အတ္တကို ဆိုကုန်-စွဲလမ်းကုန်၏။ (ထို့ကြောင့်) အတ္တကိုဆိုကြောင်း စွဲလမ်းကြောင်း သဘောသည် အတ္တဝါဒုပါဒါန်မည်၏။တနည်းကား အတ္တဟု ဆိုသော ဝါဒ မျှသည်ပင် အတ္တဟု မြဲမြံစွာ စွဲလမ်းကြောင်း ဖြစ်သောကြောင့် အတ္တဝါဒု ပါဒါန် မည်၏။ ဤသည်ကား ရှေးဦးစွာ ထိုလေးပါးသော ဥပါဒါန်တို့၏ အနက်ကို ဝေဘန်ခြင်းပေတည်း။

ထိုမှတပါး ဥပါဒါန်တရားတို့၏ အကျဉ်းအကျယ်၌ ရှေးဦးစွာ ကာမုပါဒါန် ဟူသည်မှာ[၁] "ထို ၄-ပါးသော ဥပါဒါန်တို့တွင် ကာမုပါဒါန်ဟူသည် အဘယ် နည်း? ကာမဂုဏ်တို့၌ အကြင်သို့သော ကာမစ္ဆန္ဒသည် ကာမရာဂသည် ကာမနန္ဒီသည် ကာမတဏှာသည် ကာမအစေးသည် ကာမအပူသည် ကာမ ဟူသော တွေဝေခြင်းသည် ကာမဟူသော မျိုသိမ်းခြင်းသည်(ရှိ၏)၊ ဤ သဘောကို ကာမုပါဒါန်ဟု ဆိုအပ်၏"ဟူ၍[၁] (အဘိဓမ္မာပါဠိတော်၌) လာ သောကြောင့် အကျဉ်းအားဖြင့် တဏှာ၏ မြဲမြံသည်၏ အဖြစ်ကို ဆိုအပ်၏။ တဏှာ၏ မြဲမြံသည်၏အဖြစ် မည်သည်ကား ရှေးတဏှာ ဟူသော ဥပနိဿယ ပစ္စည်းကြောင့် မြဲမြံစွာ ဖြစ်သော နောက်တဏှာပင်တည်း၊ အချို့ဆရာတို့ သည်ကား "မရောက်သေး မရသေးသော အာရုံကို တောင့်တခြင်းသည် တဏှာမည်၏။ (ဥပမာ) မှောင်မိုက်ထဲ၌ ခိုးသူ၏ (ခိုးယူရန်)လက်ကို ဆန့်

---

၁-ကာမုပါဒါန်ဟူသည်မှာ... တဏှာ၏ မြဲမြံသည်၏အဖြစ်ကို ဆိုအပ်၏-ဟု စပ်ပါ။

http://www.dhammadownload.com



တန်းခြင်းနှင့်တူ၏၊ ရောက်အပ် ရအပ်ပြီးသော အာရုံကို ဆုပ်ကိုင်ခြင်း စွဲလမ်းခြင်းသည် ဥပါဒါန် မည်၏၊ (ဥပမာ)ထိုခိုးသူ၏ပင်လျှင် ဥစ္စာကို ယူခြင်းနှင့်တူ၏၊ တဏှာ ဥပါဒါန် ဟူသော ထိုတရားတို့သည် အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်းတို့၏ ဆန့်ကျင်ဘက်တို့ပေတည်း[၁]။ ထိုအတူ ရှာမှီးခြင်းကြောင့်ဖြစ်သော ဆင်းရဲ, စောင့်ရှောက်ရခြင်းကြောင့် ဖြစ်သော ဆင်းရဲတို့၏ အကြောင်းရင်း ဖြစ်ကုန်၏''ဟု ဆိုကုန်၏။ ကြွင်းသော ဥပါဒါန် ၃-ပါးသည်ကား အကျဉ်းအားဖြင့် ဒိဋ္ဌိမျှသာလျှင်တည်း။

အကျယ်အားဖြင့်မူကား ရှေး၌ ရူပါရုံ စသည်တို့၌ ဆိုအပ်ခဲ့သော ၁၀၈-ပါး အပြားရှိသည်လည်းဖြစ်သော တဏှာ၏မြဲမြံသည်၏အဖြစ်သည် ကာမုပါဒါန် မည်၏၊ ၁၀-ပါးသော အကြောင်းဝတ္ထုရှိသော မိစ္ဆာဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန် မည်၏၊ (မြတ်စွာဘုရား) ဟောတော်မူပုံကား-

“ထို ၄-ပါးသောဥပါဒါန်တို့တွင် ဒိဋ္ဌုပါဒါန်ဟူသည် အဘယ်နည်း? ပေးလှူခြင်း (အကျိုး)သည် မရှိ၊ ယဇ်ပူဇော်ခြင်း - အကြီးအကျယ် ပေးလှူခြင်း (အကျိုး)သည် မရှိ၊ ဟုန်းပူဇော်ခြင်း - အနည်းငယ် ကျွေးမွေးပေးကမ်းခြင်း (အကျိုး)သည် မရှိ၊ ကောင်းမှုကံ မကောင်းမှုကံ တို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤမျက်မှောက်လောကသည် မရှိ၊ တပါးသော မျက်ကွယ်လောကသည် မရှိ၊ အမိ(၌ ပြုစုခြင်း ပြစ်မှားခြင်း၏အကျိုး)သည် မရှိ၊အဖ(၌ ပြုစုခြင်း ပြစ်မှားခြင်း၏အကျိုး)သည် မရှိ၊ ကပ်ရောက်၍ ဖြစ်သော (ဩပပါတိက) သတ္တဝါတို့သည် မရှိကြ၊ ဤမျက်မှောက်လောကကိုရင်း၊ တပါးသော မျက်ကွယ်လောကကိုရင်း ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြု၍ဟောကြားနိုင်ကုန်သော ဖြောင့်မှန်စွာ သွားကုန်သော ဖြောင့်မှန်စွာ ကျင့်ကုန်သော ရဟန်းသူမြတ်တို့သည် လောက၌မရှိကြဟူ၍ (ဖြစ်သော)ဤသို့သဘောရှိသောအကြင်

---

၁-တဏှာသည် အလိုနည်းခြင်း၏ ဆန့်ကျင်ဘက်၊ ဥပါဒါန်သည် ရောင့်ရဲလွယ်ခြင်း၏ ဆန့်ကျင်ဘက်ဟု အစဉ်အတိုင်းဟပ်၍ ယူပါ၊ ဆင်းရဲ၏ အကြောင်းရင်းဟူရာ၌လည်း နည်းတူပင်။

http://www.dhammadownload.com



အယူသည်။ပ။ ဖောက်ပြန် မှားယွင်းသော အားဖြင့် ယူခြင်းသည် (ရှိ၏) [၁]၊ ဤသဘောကို ဒိဋ္ဌုပါဒါန်ဟု ဆိုအပ်၏" ဟူ၍ပင်တည်း။

ထိုမှတပါး အလေ့အကျင့်တို့ဖြင့် စင်ကြယ်ခြင်းဖြစ်သည်ဟု မှားယွင်းစွာ သုံးသပ်ခြင်းသည် သီလဗ္ဗတုပါဒါန်မည်၏ [၂]။ (မြတ်စွာဘုရား) ဟောတော်မူပုံကား –

"ထို ၄-ပါးသော ဥပါဒါန်တို့တွင် သီလဗ္ဗတုပါဒါန်သည် အဘယ်နည်း ? သီလ - အလေ့ဖြင့် စင်ကြယ်၏၊ ဝတ-အကျင့်ဖြင့် စင်ကြယ်၏၊ သီလဗ္ဗတ-အလေ့အကျင့်ဖြင့် စင်ကြယ်၏ ဟူ၍ (ဖြစ်သော) ဤသို့ သဘောရှိသော အကြင်အယူသည်။ပ။ဖောက်ပြန်မှားယွင်းသော အားဖြင့် ယူခြင်းသည် (ရှိ၏)၊ ဤသဘောကို သီလဗ္ဗတုပါဒါန်ဟု ဆိုအပ်၏" ဟူ၍ပင်တည်း။ ၂၀-သော အကြောင်းဝတ္ထုရှိသော သက္ကာယဒိဋ္ဌိသည် အတ္တဝါဒုပါဒါန် မည်၏၊ (မြတ်စွာဘုရား)ဟောတော်မူပုံကား -

"ထို ၄-ပါးသော ဥပါဒါန်တို့တွင် အတ္တဝါဒုပါဒါန်ဟူသည် အဘယ်နည်း ? ဤလောက၌ အကြားအမြင် မရှိသော ပုထုဇဉ်သည်။ပ။ သူတော်ကောင်းတို့၏ တရား၌ (စောင့်စည်းခြင်း ပယ်ရှားခြင်းဖြင့်)မဆုံးမအပ်သေးသည်ဖြစ်၍ ရုပ်ကို အတ္တဟု ရှု၏၊ သို့မဟုတ် အတ္တမှာရုပ်ရှိသည်ဟု ရှု၏၊ သို့မဟုတ် အတ္တ၌ ရုပ်တည်သည်ဟု ရှု၏၊ သို့မဟုတ်ရုပ်၌ အတ္တတည်သည်ဟု ရှု၏၊ ဝေဒနာကို --- ။ သညာကို --- ။ သင်္ခါရတို့ကို --- ။ ဝိညာဏ်ကို အတ္တဟု ရှု၏၊ သို့မဟုတ် အတ္တမှာ ဝိညာဏ်ရှိသည်ဟု ရှု၏၊ သို့မဟုတ် အတ္တ၌ ဝိညာဏ်တည်သည်ဟု ရှု၏၊ သို့မဟုတ် ဝိညာဏ်၌ အတ္တတည်သည်ဟု ရှု၏။ဤသို့သဘောရှိသော အကြင်အယူသည်။ပ။ ဖောက်ပြန်မှားယွင်းသော အားဖြင့် ယူခြင်းသည် (ရှိ၏)၊ ဤသဘောကို အတ္တဝါဒုပါဒါန်ဟု ဆိုအပ်၏" ဟူ၍ပင်တည်း။

ဤသည်ကား (တဏှာပစ္စယာ ဥပါဒါနံ-ဟူသော) ဤပုဒ်၌ ဥပါဒါန်တရားတို့၏ အကျဉ်းအကျယ်ပေတည်း။

---

၁-၂-ဤဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန်တို့ကို အကျယ်လေ့လာလိုလျှင် ငါတို့၏ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး ဒုတိယတွဲ နှာ ၇၈-စသည်မှာ ကြည့်ပါ။

http://www.dhammadownload.com



ထိုမှတပါး အစဉ်အားဖြင့် ဟူသော ဤစကား၌ အစဉ်သည် ဖြစ်စဉ် ပယ်စဉ် ဟောစဉ် ဟူ၍ ၃-ပါးအပြားရှိ၏၊ ထို ၃-ပါးတို့တွင် ဉာဏ်ဖြင့် အစဉ်လိုက်သော်လည်း မသိအပ်သော အစရှိသော၊ဝါ၊ အစမထင်သော သံသရာ၌ "ဤဥပါဒါန်က ရှေးဦးစွာဖြစ်သည်"[၁] ဟု (ဆိုနိုင်ဖွယ်) မရှိခြင်းကြောင့် ကိလေသာတို့၏ မုချအားဖြင့် ဖြစ်စဉ်ကို မဆိုအပ်ပေ၊ ပရိယာယ်အားဖြင့်မူကား အများအားဖြင့် တခုသော ဘဝ၌ အတ္တဟု စွဲလမ်းခြင်းလျှင် ရှေ့သွားရှိသော "မြဲသည်ဟူ၍သော်၎င်း ပြတ်စဲသည်ဟူ၍သော်၎င်း" မြဲမြံစွာနှလုံးသွင်းခြင်းသည် ဖြစ်၏၊ ထို့နောင် "ဤအတ္တသည် တည်မြဲ၏"ဟု ယူသောသူအား အတ္တ၏ စင်ကြယ်ခြင်း(ချမ်းသာခြင်း)အကျိုးငှါ သီလဗ္ဗတုပါဒါန်သည် ဖြစ်၏။ (ဤအတ္တသည်) ပြတ်စဲ၏ဟု ယူသောသူအား တမလွန်လောကကို ငဲ့ခြင်းမရှိသည်ဖြစ်၍ [၂၀၅] ကာမုပါဒါန်သည် ဖြစ်၏။ ဤသို့အားဖြင့် ရှေးဦးစွာ အတ္တဝါဒုပါဒါန်သည် ဖြစ်၏။ ထို့နောင် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် ကာမုပါဒါန်တို့သည် ဖြစ်ကုန်၏။ ဤသည်ကား ဤဥပါဒါန် ၄-ပါးတို့၏ တခုသော ဘဝ၌ ဖြစ်စဉ်ပေတည်း။

ထိုမှတပါး ဤ ၄-ပါးသော ဥပါဒါန်တို့တွင် ဒိဋ္ဌုပါဒါန်စသည်တို့ကို ရှေးဦးစွာပယ်အပ်ကုန်၏၊ (အကြောင်းကား) သောတာပတ္တိမဂ်က ပယ်သတ်အပ်သော တရားများဖြစ်သောကြောင့် ပေတည်း။ ကာမုပါဒါန်ကို နောက်မှ (ပယ်အပ်၏)၊(အကြောင်းကား)အရဟတ္တမဂ်က ပယ်သတ်အပ်သော တရားဖြစ်သောကြောင့်ပေတည်း။ဤသည်ကား ဤဥပါဒါန် လေးပါးတို့၏ ပယ်စဉ်ပေတည်း။

ထိုမှတပါး ကျယ်သောဖြစ်ရာ နယ်ပယ်ရှိသောကြောင့်၎င်း၊ ထင်ရှားသောကြောင့်၎င်း ဤ ၄-ပါးသောဥပါဒါန်တို့တွင် ကာမုပါဒါန်ကို ရှေးဦးစွာ ဟောတော်မူ(အပ်)၏။ နယ်ပယ်ကျယ်ပုံကား ထိုကာမုပါဒါန်သည် ၈-ပါးသော လောဘမူစိတ်တို့နှင့် ယှဉ်ခြင်းကြောင့် ကျယ်သော ဖြစ်ရာ နယ်ပယ်ရှိ၏။ ဤမှတပါးသော ဥပါဒါန်တို့သည် ၄-ပါးသော ဒိဋ္ဌိသမ္ပယုတ်စိတ်တို့နှင့်သာ ယှဉ်ခြင်းကြောင့် ကျဉ်းသော ဖြစ်ရာ နယ်ပယ်ရှိကုန်၏။ ထင်ရှားပုံကား

---

၁-ဣမဿ ပဌမံ ဥပ္ပတ္တိ-ဟူသောပါဌ်ကို မြန်မာစကားချောအောင် ပြန်ထားချက် ဖြစ်သည်၊ ပါဠိအရ အတိအကျ ပြန်လျှင် (ဤဥပါဒါန်၏ ရှေးဦးစွာ ဖြစ်ခြင်းဖြစ်သည်)ဟု ဖြစ်၏၊ မချော။

http://www.dhammadownload.com



အများအားဖြင့် သတ္တဝါအပေါင်းသည် ( ပါဒါနက္ခန္ဓာ ငါးပါး ဟူသော) တွယ်တာစရာ အာရုံတို့၌ မွေ့လျော်သောကြောင့်[၁] ကာမုပါဒါန်သည် ထင်ရှား၏၊ ဤမှတပါးသော ဥပါဒါန်တို့သည် မထင်ရှားကုန်။ ကာမုပါဒါန်ရှိသော ပုဂ္ဂိုလ်သည် ကာမဂုဏ်တို့ကို ရခြင်းအကျိုးငှါ ကောတူဟလမင်္ဂလာစသည်၌ လေ့လာခြင်းများ၏၊[၂] ထိုကာမုပါဒါန် ရှိသူ၏ ထိုကောတူဟလမင်္ဂလာ စသည်၌ လေ့လာခြင်းသည် မှားသောအယူပေတည်း၊[၃] ထို့ကြောင့် ထိုကာမုပါဒါန်၏အခြားမဲ့၌ ဒိဋ္ဌုပါဒါန်ကို (ဟောတော်မူအပ်၏)။ ထိုဒိဋ္ဌုပါဒါန်သည် ကွဲပြားသည်ရှိသော် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် တို့၏ အစွမ်းအားဖြင့် ၂-ပါးအပြားရှိသည် ဖြစ်လေသည်။ ထို ၂-ပါးတို့တွင် နွား၏ အမူအရာကိုသော်၎င်း၊ ခွေး၏အမူအရာကိုသော်၎င်း မြင်၍သော်လည်းသိအပ် သိနိုင်သောကြောင့် (သီလဗ္ဗတုပါဒါန်သည်) ရုန့်ရင်းပေါ်လွင်၏၊ ထို့ကြောင့် သီလဗ္ဗတုပါဒါန်ကို ရှေးဦးစွာ ဟောတော်မူ(အပ်)၏။ သိမ်မွေ့သည်၏အဖြစ်ကြောင့် အဆုံး၌ အတ္တဝါဒုပါဒါန်ကို ဟောတော်မူ(အပ်)၏။ ဤသည်ကား ဤ ဥပါဒါန် ၄-ပါးတို့၏ ဟောစဉ်ပေတည်း။

ကျေးဇူးပြုပုံကား- တဏှာသည် ဤ ၄-ပါးသော ဥပါဒါန်တို့တွင် ရှေးဖြစ်သော ကာမုပါဒါန်အား တပါးအပြားအားဖြင့် ကျေးဇူးပြု၏၊

---

၁-ဋီကာနှင့်အညီ ပြန်အပ်သောအနက်ဖြစ်သည်။ ဝိ-ဋ္ဌ ၂-၅၅-စသည်တို့၌ ပြသော အဋ္ဌကထာနှင့်အညီ ပြန်လျှင် (ကာမဂုဏ်ငါးပါးဟူသော) တွယ်တာစရာအာရုံတို့ဖြင့် မွေ့လျော်သောကြောင့်၊ ဝါ၊ တွယ်တာတတ်သော တဏှာတို့ဖြင့် မွေ့လျော်သောကြောင့်-ဟု ဖြစ်၏။

၂-"ချမ်းသာ ဆင်းရဲသည် ကံကြောင့် ဖြစ်သည်"ဟု မယူပဲ အသစ်အဆန်းကို မြင်တွေ့ခြင်း ဒိဋ္ဌမင်္ဂလာ-စသည်၌ လေ့လာခြင်းများသည်-ဟု ဆိုလို၏။

၃-သာဿ ဒိဋ္ဌိတိ-ဟု ရှိရင်းပါဠ်အတိုင်း ပြန်အပ်သောအနက်ဖြစ်သည်။ ပြည်မူနိဿယ၌ကား သာဿ တဒ္ဒိ-ဟု ရှိသော ပါဌ်ကို ယူ၍ (ထိုကာမုပါဒါန်ရှိသောသူ၏ ထိုကောတူဟလမင်္ဂလာစသည်၌ လေ့လာများသည်၏အဖြစ်သည် ထိုဒိဋ္ဌုပါဒါန် ဖြစ်၏)ဟု ပြန်ထား၏။ ထိုပြန်ချက်သည် တဒ္ဒိ ဒိဋ္ဌုပါဒါန်-ဟုရှိသော ဋီကာနှင့် ညီပေ၏။ သို့သော် သာ-နှင့် တံ လိင်မတူသောကြောင့် စဉ်းစားသင့်၏။

http://www.dhammadownload.com



ထိုတဏှာသည် ကြွင်းသော ဥပါဒါန် ၃-ပါးအား ၇-ပါး အပြားအားဖြင့် သော်၎င်း၊ ၈-ပါး အပြားအားဖြင့်သော်၎င်း ကျေးဇူးပြု၏။

ခွဲ၍ပြအံ့၊ ဤဆိုခဲ့သော အစဉ်ဖြင့် ဟောအပ်သော ဤဥပါဒါန် ၄-ပါး အပေါင်းတွင် ရှေးဖြစ်သော ကာမုပါဒါန်အား ကာမတဏှာသည် ပကတူပ နိဿယပစ္စည်း၏အစွမ်းအားဖြင့် တပါးအပြားအားဖြင့်သာ ကျေးဇူးပြု၏။ (အကြောင်းကား) တဏှာဖြင့် နှစ်သက်အပ်ကုန်သော အာရုံတို့၌ ဖြစ်ခြင်း ကြောင့်တည်း။ ကြွင်းသော ဥပါဒါန် သုံးပါးအပေါင်းအားမူ သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ ဟေတုပစ္စည်းတို့၏ အစွမ်းအား ဖြင့် ၇-ပါး အပြားအားဖြင့်သော်၎င်း၊ ဥပနိဿယပစ္စည်းနှင့် တကွ ၈-ပါး အပြားအားဖြင့်သော်၎င်း ကျေးဇူးပြု၏၊ ဆက်၍ ရှင်းဦးအံ့၊ ဥပနိဿယ၏ အစွမ်းအားဖြင့် ကျေးဇူးပြုသောအခါ၌ သဟဇာတပစ္စည်း မဟုတ်သည်သာ လျှင်ဖြစ်ပေသည်။ ဤတွင် တရပ်ပြီး၏။

ဤဆိုခဲ့သောစကားသည် တဏှာပစ္စယာ ဥပါဒါနံ-ဟူသော ပုဒ်၌ အကျယ် ပြဆိုသော စကားပေတည်း။

## ဥပါဒါနပစ္စယာဘဝေါပုဒ်၌ အကျယ်ပြဆိုချက်

၆၄၆။ ဥပါဒါနပစ္စယာ ဘဝေါ-ဟူသော ပုဒ်၌-

သဒ္ဒါနက်အားဖြင့်၎င်း၊ သဘောတရားအားဖြင့်၎င်း၊ (တဖန် ထပ်၍ ဟောခြင်း၏) အကျိုးရှိသောအားဖြင့်၎င်း၊ ဝေဘန်ခွဲခြမ်းခြင်းနှင့် အကျဉ်းချုံးခြင်းအားဖြင့်၎င်း၊ အကြင် ဥပါဒါန်သည် အကြင်ဘဝ၏ အကြောင်းပစ္စည်းဖြစ်၏၊ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်သော ထိုဥပါဒါန် ထိုဘဝအားဖြင့်၎င်း အဆုံးအဖြတ်ကို သိအပ်၏။

[၂၀၆] ထိုဂါထာ၌ (အကျယ်ကား)-ဖြစ်တတ်သောကြောင့် ဘဝမည်၏၊ ထိုဘဝသည် ကမ္မဘဝ ဥပပတ္တိဘဝ ဟူ၍ ၂-ပါး အပြားရှိ၏၊ (မြတ်စွာဘုရား) ဟောတော်မူပုံကား "ဘဝသည် ကမ္မဘဝရှိ၏ ဥပပတ္တိဘဝရှိ၏-ဤသို့ ၂-ပါး အပြားရှိ၏"ဟူ၍ပင်တည်း။ ထို ၂-ပါးတို့တွင် ကံသည်ပင်လျှင် ဘဝမည်၏၊ (ထိုကြောင့်) ကမ္မဘဝ မည်၏။ ထို့အတူ (ဥပပတ္တိ)ကပ်၍ဖြစ်ခြင်းသည်ပင် လျှင် ဘဝမည်၏၊ (ထိုကြောင့်) ဥပပတ္တိဘဝမည်၏၊ ဆက်ဦးအံ့၊ ဤ ၂-ပါး

http://www.dhammadownload.com



သောဘဝတို့တွင် ဥပပတ္တိဘဝသည် ဖြစ်တတ်သောကြောင့် ဘဝမည်၏၊ ကံသည်ကား[1] သုခ၏အကြောင်းဖြစ်သောကြောင့် "ဘုရားရှင်တို့ ပွင့်တော်မူခြင်းသည် ချမ်းသာသုခပေတည်း"ဟု ဟော(အပ်)သကဲ့သို့ ဤအတူပင် ဘဝ၏ အကြောင်းဖြစ်သောကြောင့် အကျိုး၏အမည် ဝေါဟာရဖြင့် ဘဝမည်၏ဟု သိအပ်၏၊ ဤဆိုခဲ့သည့်အတိုင်း (ဘဝေါ-ဟူသော)ဤပုဒ်၌ ရှေးဦးစွာ သဒ္ဒါအနက်အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၆၄၇။ ထိုမှတပါး သဘောတရားအားဖြင့် ရှေးဦးစွာ ကမ္မဘဝ ဟူသည်မှာ အကျဉ်းအားဖြင့် စေတနာသည်၎င်း၊ စေတနာနှင့်ယှဉ်ကုန်သော အဘိဇ္ဈာ အစရှိကုန်သော ကံဟု ဆိုအပ်ကုန်သော (လောဘ ဒေါသ ဒိဋ္ဌိ-ဟူသော) တရားတို့သည်၎င်း ကမ္မဘဝမည်၏၊ (မြတ်စွာဘုရား) ဟောတော်မူပုံကား "ထို ၂-ပါးသော ဘဝတို့တွင် ကမ္မဘဝ ဟူသည် အဘယ်နည်း? ကာမဘုံ၌မူလည်း အကျုံးဝင်သော မဟဂ္ဂုတ် ဘုံ၌မူလည်း အကျုံးဝင်သော ပုညာဘိသင်္ခါရသည်၎င်း၊ အပုညာဘိသင်္ခါရသည်၎င်း၊ အာနေဉ္ဇာဘိသင်္ခါရသည်၎င်း (ရှိ၏)၊ ဤ ၃-ပါးသော သင်္ခါရကို ကမ္မဘဝဟူ၍ ခေါ်ဆိုအပ်၏။ အလုံးစုံလည်း ဖြစ်သော ဘဝသို့ (ပြီးစေသောအားဖြင့်) ရောက်တတ် ရောက်စေတတ်သောကံကို ၊ဝါ၊ ဘဝကို ဖြစ်စေတတ်သောကံကို ကမ္မဘဝ ဟူ၍(ဆိုအပ်၏)" ဟူ၍ပင်တည်း။ ထူးရာကို ဖွင့်ပြအံ့၊ ဤဘုရားစကားတော်၌ ပုညာဘိသင်္ခါရ ဟူသည်မှာ ၁၃-ပါးသော ကာမ-ရူပ ကုသိုလ်စေတနာတို့ပေတည်း။ အပုညာဘိသင်္ခါရ ဟူသည်မှာ ၁၂ ပါးသောအကုသိုလ် စေတနာတို့ပေတည်း၊ အာနေဉ္ဇာဘိသင်္ခါရ ဟူသည်မှာ ၄-ပါးသော အရူပကုသိုလ် စေတနာတို့ပေတည်း။( )[2] "ကာမဘုံ၌မူလည်း အကျုံးဝင်သော မဟဂ္ဂုတ်ဘုံ၌မူလည်း အကျုံးဝင်သော" ဟူသော ဤ ၂-ပုဒ်ဖြင့် ဆိုနဲ့ပြီးသော ထိုစေတနာ၏ပင လျှင် နည်းသောအကျိုးဝိပါက်ရှိသည်၏ အဖြစ်နှင့် များသောအကျိုးဝိပါက်

---

၁-ကံသည်ကား....ဘဝ၏အကြောင်းဖြစ်သောကြောင့် ...ဘဝမည်၏-ဟု စပ်ပါ။ ဖလူပစာဟု ဆိုလို၏။ တနည်းကား ဥပပတ္တိဘဝ၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ကံသည် ဘဝမည်၏။

၂-( )ဤအရာ၌ ဝေံ-ပုဒ်ရှိသည်၊ ဤသို့-ဟု ပြန်သည်ဖြစ်စေ၊ ဤအတူ-ဟု ပြန်သည်ဖြစ်စေ အနက်ထူး မရသောကြောင့် ယင်းပုဒ် အနက်ကိုချန်ထားသည်။

http://www.dhammadownload.com



ရှိသည်၏အဖြစ်ကို ဟောတော်မူ (အပ်)ပေ၏။ **အလုံးစုံလည်း ဖြစ်သော ဘဝကို ဖြစ်စေတတ်သောကံကို** ဟူသော ဤစကားဖြင့်မူ စေတနာနှင့်ယှဉ်ကုန်သော အဘိဇ္ဈာအစရှိသော တရားတို့ကို ဟောတော်မူ(အပ်ကုန်)၏။

ထိုမှတပါး ဥပပတ္တိဘဝသည် အကျဉ်းအားဖြင့် ကံကြောင့် ဖြစ်ကုန်သော (ဝိပါက်နှင့်ကမ္မဇရုပ်) ခန္ဓာတို့ပေတည်း၊ အကျယ်အပြားအားဖြင့် ၉-ပါး အပြားရှိ၏၊ (မြတ်စွာဘုရား)ဟောတော်မူပုံကား....

"ထို ၂-ပါးသော ဘဝတို့တွင် ဥပပတ္တိဘဝသည် အဘယ်နည်း? ကမ္မဘဝ ရူပဘဝ အရူပဘဝ သညာဘဝ အသညာဘဝ နေဝသညာနာသညာဘဝ ဧကဝေါကာရဘဝ စတုဝေါကာရဘဝ ပဉ္စဝေါကာရဘဝ(ဟူသော)ဤ ၉-ပါးကို ဥပပတ္တိဘဝဟုဆိုအပ်၏"ဟူ၍ပင်တည်း။

ထို ၉-ပါးသောဘဝတို့တွင် ကာမဟု ဆိုအပ်သော ဘဝသည် ကာမဘဝ မည်၏။ ရူပဘဝ အရူပဘဝတို့၌ ဤနည်းပင်တည်း။ သညာရှိသောသူတို့၏ ဘဝသည် (သညာဘဝ မည်၏)၊ တနည်း ဤဘဝ၌ သညာရှိ၏၊ ထို့ကြောင့် သညာဘဝမည်၏၊ (ထိုမှ)ပြန်သောအားဖြင့် အသညာဘဝမည်၏။ ရုန့်ရင်းသော သညာ၏ မရှိခြင်းကြောင့်၎င်း၊ သိမ်မွေ့သောသညာ၏ရှိခြင်းကြောင့်၎င်း ဤဘဝ၌ ရုန့်ရင်းသောသညာကားမရှိ၊ သိမ်မွေ့သညာ မရှိသည်ကား မဟုတ်၊ ထို့ကြောင့် နေဝသညာနာသညာဘဝမည်၏၊ တခုသော ရူပက္ခန္ဓာဖြင့် ကျယ်ပြန့်စေအပ်သောဘဝသည် ဧကဝေါကာရဘဝမည်၏၊ တနည်း ဤဘဝအား တခုသော ကျယ်ပြန့်စေအပ်သောခန္ဓာသည်(ရှိ၏)၊ ထို့ကြောင့် ဧကဝေါကာရဘဝမည်၏။ စတုဝေါကာရဘဝ ပဉ္စဝေါကာရဘဝတို့၌ဤနည်းပင်တည်း။ ထို ၉-ပါးသော ဘဝတို့တွင် ကာမဘဝသည် ၅-ပါးသော ဥပါဒိန္နာ (လောကီကံ၏အကျိုး)ခန္ဓာတို့ပင်တည်း။ ရူပဘဝသည် ထို့အတူပင်တည်း။ အရူပဘဝသည် [၂၀၇]၄-ပါးသော လောကီကံ၏အကျိုး ခန္ဓာတို့ပင်တည်း။ သညာဘဝသည် ၄-ပါး၅-ပါးသော လောကီကံ၏ အကျိုးခန္ဓာတို့ပင်တည်း။ အသညာဘဝသည် တပါးသော လောကီကံ၏ အကျိုးခန္ဓာပင်တည်း။ နေဝသညာနာသညာဘဝသည် ၄-ပါးသော လောကီကံ၏ အကျိုးခန္ဓာတို့ပင်တည်း။ ဧကဝေါကာရဘဝ စသည်တို့သည် လောကီကံ၏ အကျိုးခန္ဓာတို့ဖြင့် ၁-ပါး ၄-ပါး ၅-ပါးသော ခန္ဓာတို့ပင်တည်း။ ဤဆိုခဲ့သည့်အတိုင်း

http://www.dhammadownload.com



(ဘဝေါဟူသော) ဤပုဒ်၌ သဘောတရား (တရားကိုယ်) အားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။

၆၄၇။ အကျိုးရှိသောအားဖြင့် ဟူရာ၌ (သိရန်မှာ)ဘဝကို အကျယ်ပြုရာ၌ ဟော(အပ်)သကဲ့သို့ ထိုအတူပင် သင်္ခါရကို အကျယ်ပြုရာ၌လည်း ပုညာဘိသင်္ခါရ စသည်ကိုသာလျှင် ဟော(အပ်)ခဲ့၏၊ သို့သော်လည်း ရှေးဖြစ်သော သင်္ခါရတို့ကို ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၏အကြောင်းဖြစ်သော ကြောင့် အတိတ်ကံ၏ အစွမ်းအားဖြင့် (ဟောအပ်ကုန်၏)၊ ဤနောက် သင်္ခါရတို့ကိုမူ နောင်အနာဂတ်ဘဝ၌ ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ကြောင့် ပစ္စုပ္ပန်ကံ၏ အစွမ်းအားဖြင့် (ဟောအပ်ကုန်၏)၊ ထို့ကြောင့် (သင်္ခါရကို ဟောပြီးဖြစ်ပါလျက် ဘဝကို)တဖန် ထပ်၍ ဟောခြင်းသည် အကျိုးရှိသည်သာတည်း၊ တနည်းကား ရှေးသင်္ခါရတို့ကို အကျယ်ပြုရာ၌ "ထို ၃-ပါးသောသင်္ခါရတို့တွင် ပုညာဘိသင်္ခါရသည်အဘယ်နည်း? ကာမာ ဝစရဖြစ်သော ကုသိုလ်စေတနာတည်း"ဤသို့ အစရှိသောနည်းဖြင့်စေတနာ ကိုသာလျှင် သင်္ခါရဟူ၍ ဟော(အပ်)ခဲ့၏၊ ဤဘဝကို အကျယ်ပြုရာ၌ကား "အလုံးစုံလည်း ဖြစ်သော ဘဝကို ဖြစ်စေတတ်သောကံကို (ကမ္မဘဝဟု ဆိုအပ်၏)" ဟု ဟောတော်မူခြင်းကြောင့် စေတနာနှင့်ယှဉ်သော တရား တို့ကိုလည်း(ကမ္မဘဝဟု ဟောအပ်၏)၊ ဤမျှသာ မကသေး၊ ရှေးသင်္ခါရ တို့ကို အကျယ်ပြုရာ၌ ဝိညာဏ်၏အကြောင်းသာလျှင် ဖြစ်သော ကံကို သင်္ခါရဟု ဟော(အပ်)ခဲ့၏၊ (ဘဝကိုအကျယ်ပြုရာ)ယခုအခါ၌ အသညာ ဘဝကို ဖြစ်စေတတ်သောကံကိုလည်း (ဟောအပ်၏)၊ တနည်းဖြေရလျှင် များစွာ ပြောဆိုခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဟူသော ဤပုဒ်၌ ပုညာဘိသင်္ခါရ စသည်သာလျှင် ဖြစ်ကုန်သော ကုသိုလ် အကုသိုလ်တရားတို့ကိုဟောအပ်ခဲ့ကုန်၏။ "ဥပါဒါနပစ္စယာ ဘဝေါ" ဟူသော ဤပုဒ်၌မူ ဥပပတ္တိဘဝကိုလည်း သိမ်းယူသောကြောင့် ကုသိုလ် အကုသိုလ်နှင့် အဗျာကတတရားတို့ကို ဟောအပ်ကုန်၏။ ထို့ကြောင့် တဖန် ထပ်၍ ဟောသော ဤစကားသည် ခပ်သိမ်းသောအပြားအားဖြင့်လည်း အကျိုးရှိသည်သာတည်း။ ဤဆိုခဲ့သည့်အတိုင်း (ဘဝေါ-ဟူသော)ဤပုဒ်၌ (သင်္ခါရကို ဟောပြီးပါလျက် ဘဝကို တဖန်ထပ်၍ ဟောခြင်း၏)အကျိုးရှိ သောအားဖြင့် အဆုံးအဖြတ်ကို သိ(အပ်)၏။

http://www.dhammadownload.com



၆၄၉။ ဝေဘန်ခွဲခြမ်းခြင်းနှင့် အကျဉ်းချုံးခြင်းအားဖြင့် ဟူရာ၌(သိရန်မှာ) ဥပါဒါန် ဟူသော အကြောင်းကြောင့် (ဖြစ်သော) ဘဝကို ဝေဘန်ခွဲခြမ်းခြင်းအားဖြင့်ငှင်း၊ အကျဉ်းချုံးခြင်းအားဖြင့်ငှင်း (သိအပ်၏ဟုဆိုလို၏)။ ခွဲ၍ပြအံ့၊ ကာမုပါဒါန် ဟူသော အကြောင်းကြောင့် ကာမဘဝကို ဖြစ်စေတတ်သော ကံကို ပြု(အပ်)၏၊ ထိုကံသည် ကမ္မဘဝမည်၏။ ထိုကမ္မဘဝကြောင့် ဖြစ်ကုန်သော(ဝိပါက်နှင့်ကမ္မဇရုပ်)ခန္ဓာတို့သည် ဥပပတ္တိဘဝမည်၏။ ရူပဘဝ အရူပဘဝတို့၌ ဤနည်းပင်တည်း။ ဤသို့လျှင် ကာမုပါဒါန် ဟူသော အကြောင်းကြောင့် ၂-ပါးသော ကာမဘဝတို့သည်(ဖြစ်ကုန်၏)၊ သညာဘဝ ပဉ္စဝေါကာရဘဝတို့သည်လည်း ထို ၂-ပါးသော ကာမဘဝတို့၌ အတွင်းဝင်ကုန်၏၊ ၂-ပါးသော ရူပဘဝတို့သည် (ဖြစ်ကုန်၏)၊ သညာဘဝ အသညာဘဝ ဧကဝေါကာရဘဝ ပဉ္စဝေါကာရဘဝတို့သည်လည်း ထိုရူပဘဝတို့၌ အတွင်းဝင်ကုန်၏၊ ၂-ပါးသော အရူပဘဝတို့သည် (ဖြစ်ကုန်၏)၊သညာဘဝ နေဝသညာနာသညာဘဝ စတုဝေါကာရဘဝတို့သည်လည်း ထိုအရူပဘဝတို့၌ အတွင်းဝင်ကုန်၏။ ဤသို့အားဖြင့် ဘဝတို့သည် အတွင်းဝင်သော ဘဝတို့နှင့်တကွ ၆-ပါး ဖြစ်ကုန်၏။ ထိုမှတပါး ကာမုပါဒါန် ဟူသော အကြောင်းကြောင့်(ဖြစ်သော) ဘဝတို့သည် အတွင်းဝင်သော ဘဝတို့နှင့်တကွ ၆-ပါး ဖြစ်ကုန်သကဲ့သို့ ထို့အတူ ကြွင်းသော ဥပါဒါန် ၃-ပါးဟူသော အကြောင်းကြောင့် လည်း ၆-ပါးစီ ဖြစ်ကုန်၏။ ဤဆိုခဲ့သည့်အတိုင်းဥပါဒါန် ဟူသော အကြောင်းကြောင့် ဖြစ်သော ဘဝတို့သည် ဝေဘန်ခွဲခြမ်းခြင်းအားဖြင့် အတွင်းဝင်သောဘဝတို့နှင့်တကွ ၂၄-ပါး ဖြစ်ကုန်၏။

ထိုမှတပါး အကျဉ်းချုံးသောအားဖြင့် (ဤသို့သိအပ်၏) -ကမ္မဘဝကိုငှင်း၊ ဥပပတ္တိဘဝကိုငှင်း တပေါင်းတည်း တခုတည်းပြု၍ ကာမုပါဒါန် ဟူသော အကြောင်းကြောင့် အတွင်းဝင်သော ဘဝတို့နှင့်တကွ တပါးသောဘဝသည် (ဖြစ်၏)။ ရူပဘဝ အရူပဘဝတို့သည် ထို့အတူပင်တည်း။ ဤသို့ အားဖြင့် ၃-ပါးသောဘဝတို့သည် (ဖြစ်ကုန်၏)။ကြွင်းသော ဥပါဒါန် ၃-ပါး ဟူသော အကြောင်းကြောင့်လည်း ထို့အတူပင် ၃-ပါးစီ ဖြစ်ကုန်၏။ ဤဆိုခဲ့သည့် အတိုင်း ဥပါဒါန် ဟူသော အကြောင်းကြောင့် အကျဉ်းချုံးသောအားဖြင့် အတွင်းဝင်သောဘဝတို့နှင့် တကွ ၁၂-ပါးသော ဘဝတို့သည် (ဖြစ်ကုန်၏)။
[၂၀၇] တနည်းသော်ကား (ဥပါဒါန် ၄-ပါး မခွဲပဲ) သာမည အားဖြင့်

http://www.dhammadownload.com



ဥပါဒါန် ဟူသော အကြောင်းကြောင့် (ဖြစ်သော) ကာမဘဝသို့ လားစေတတ်သော ကံသည် ကမ္မဘဝမည်၏၊ ထိုကမ္မဘဝကြောင့် ဖြစ်သော ခန္ဓာတို့သည် ဥပပတ္တိဘဝမည်၏။ ရူပဘဝ အရူပဘဝတို့၌ ဤနည်းပင်တည်း။ ဤသို့လျှင် ဥပါဒါန် ဟူသော အကြောင်းကြောင့် အတွင်းဝင်သော ဘဝတို့နှင့်တကွ ၂-ပါးသော ကာမဘဝတို့ရင်း၊ ၂-ပါးသော ရူပဘဝတို့ရင်း၊ ၂-ပါးသောအရူပဘဝတို့ရင်း ဤသို့ အခြားတပါးသော နည်းပရိယာယ်အရ အကျဉ်းချုံးသောအားဖြင့် ဘဝတို့သည် ၆-ပါး ဖြစ်ကုန်၏။ တနည်းကား ကမ္မဘဝဥပပတ္တိ ဘဝအပြားသို့မကပ်မူ၍သာလျှင်၊ ဝါ၊ ကမ္မဘဝ ဥပပတ္တိဘဝ ဟု မခွဲမူ၍ အတွင်းဝင်သောဘဝတို့နှင့်တကွ ကာမဘဝစသည်တို့၏အစွမ်းအားဖြင့် ဘဝတို့သည် ၃-ပါး ဖြစ်ကုန်၏။ ကာမဘဝစသော အပြားသို့လည်း မကပ်မူ၍ ကမ္မဘဝ ဥပပတ္တိဘဝတို့၏ အစွမ်းအားဖြင့် ဘဝတို့သည် ၂-ပါးဖြစ်ကုန်၏၊ ကမ္မဘဝဥပပတ္တိဘဝ အပြားသို့လည်းမကပ်မူ၍ ဥပါဒါန် ဟူသော အကြောင်းကြောင့်(ဖြစ်သော) ဘဝဟူသော ဘဝ၏အစွမ်းအားဖြင့် ဘဝသည် တပါးတည်းသာလျှင် ဖြစ်၏၊ ဤဆိုခဲ့သည့်အတိုင်း (ဘဝ-ဟူသော) ပုဒ်၌ ဥပါဒါန်လျှင် အကြောင်းရှိသော ဘဝကို ဝေဘန်ခွဲခြမ်းခြင်း အကျဉ်းချုံးခြင်းအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။

၆၅၀။ အကြင် (ဥပါဒါန်)သည် အကြင် (ဘဝ)၏ အကြောင်းပစ္စည်း ဖြစ်၏၊ (ထိုအားဖြင့်ရင်း) ဟူရာ၌ (သိရန်မှာ)ဤ ၄-ပါးသော ဥပါဒါန်တို့တွင် အကြင် ဥပါဒါန်သည် အကြင်ဘဝ၏ အကြောင်းပစ္စည်း ဖြစ်၏၊ ထိုဥပါဒါန် ထိုဘဝအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏၊ ဤကား အနက်။ ဤ ၄-ပါးသော ဥပါဒါန်တို့တွင် အဘယ်ဥပါဒါန်သည် အဘယ်ဘဝ၏ အကြောင်းဖြစ်သနည်းဟူမူ? အမှတ်မရှိ တစုံတခုသော ဥပါဒါန်သည် အမှတ်မရှိ တစုံတခုသောဘဝ၏အကြောင်းဖြစ်သည်သာလျှင်တည်း။ မှန်ပေ၏၊ ပုထုဇဉ်ပုဂ္ဂိုလ်သည် အရူးနှင့်တူ၏၊ ထိုပုထုဇဉ် ပုဂ္ဂိုလ်သည် "ဤအမှုသည်သင့်၏၊ဤအမှုသည်မသင့်"ဟု မစူးစမ်း မဆင်ခြင်မူ၍ အမှတ်မရှိ တစုံတခုသောဥပါဒါန်၏ အစွမ်းအားဖြင့် အမှတ်မရှိ တစုံတခုသော ဘဝကို တောင့်တ၍ အမှတ်မရှိ တစုံတခုသောအမှုကို ပြုတတ်သည်သာလျှင် တည်း။ ထို့ကြောင့် [၁] အချို့သော ဆရာတို့သည် "သီလဗ္ဗတုပါဒါန်ကြောင့်

---

၁-ထို့ကြောင့်....ထိုစကားကို မယူအပ်....ဖြစ်နိုင်သည်ဟု ယူအပ်၏-ဟု စပ်ပါ။

http://www.dhammadownload.com



ရူပဘဝ အရူပဘဝတို့ မဖြစ်ကုန်”ဟုဆိုကုန်၏။ ထိုစကားကို မယူအပ်-မယုံကြည်အပ်၊ အမှန်အားဖြင့်မူ“အလုံးစုံသော ဥပါဒါန်ကြောင့် အလုံးစုံသော ဘဝ ဖြစ်နိုင်သည်”ဟု ယူအပ်၏။

ဖြစ်နိုင်ပုံအကျယ်ကား-ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် တဆင့်ကြား၏ အစွမ်းအားဖြင့် သော်၎င်း၊ တွေ့မြင်ဘူးသည်ကို အစဉ်လိုက်ခြင်း အားဖြင့်သော်၎င်း “ဤကာမဂုဏ်တို့ မည်သည် လူ့လောကဝယ် ခတ္တိယ မဟာသာလခေါ် အလွန်ပေါများကြွယ်ဝသော မင်းမျိုးစသည်တို့၌၎င်း, ၆-ပါးသော ကာမာဝစရ နတ်ပြည်တို့၌၎င်း ပြည့်စုံကုန်၏”ဟု ကြံစည်ပြီးလျှင် ထိုကာမဂုဏ်တို့ကိုရခြင်းအကျိုးငှါ[၁] မသူတော်တရားကို ကြားနာခြင်းစသည်တို့က လှည့်စားအပ်သည်ဖြစ်၍ “ဤအမှုဖြင့် ကာမဂုဏ်တို့သည် ပြည့်စုံကုန်၏”ဟု ထင်မှတ်သည်ဖြစ်၍ ကာမုပါဒါန်၏အစွမ်းအားဖြင့် ကာယဒုစရိုက် စသည်တို့ကိုသော်လည်း ပြု၏၊ ထိုပုဂ္ဂိုလ်သည် ဒုစရိုက်၏ ပြည့်ခြင်းကြောင့် အပါယ်ဘုံ၌ဖြစ်၏၊ တနည်းအားဖြင့်မူ မျက်မှောက်တွေ့မြင်အပ်သော ကာမဂုဏ်တို့ကို တောင့်တသည်ဖြစ်၍သော်၎င်း၊ ရအပ်ပြီးသော ကာမဂုဏ်တို့ကို စောင့်ရှောက်သည်ဖြစ်၍သော်၎င်း ကာမုပါဒါန်၏ အစွမ်းအားဖြင့် ကာယဒုစရိုက် စသည်တို့ကို ပြု၏၊ ထိုပုဂ္ဂိုလ်သည် ဒုစရိုက်၏ ပြည့်ခြင်းကြောင့် အပါယ်ဘုံ၌ ဖြစ်၏။ ထိုပုဂ္ဂိုလ်၏ ထိုအပါယ်ဘုံ၌ ဖြစ်ခြင်း၏အကြောင်းဖြစ်သော ဒုစရိုက်အကုသိုလ်ကံသည် ကမ္မဘဝမည်၏၊ ကံကြောင့် ဖြစ်ကုန်သော ခန္ဓာတို့သည် ဥပပတ္တိဘဝမည်၏၊ သညာဘဝ ပဉ္စဝေါကာရဘဝတို့သည်ကား ထို(ဒုစရိုက်ကြောင့် ဖြစ်သော အပါယ်ကာမဘဝ)၌ အတွင်းဝင်ကုန်သည်သာလျှင်တည်း။[၂]

[၂၀၉] အခြားတပါးသော ပုဂ္ဂိုလ်သည်ကား သူတော်ကောင်းတရားကို ကြားနာခြင်း စသည်တို့က ပွါးစေအပ်သော အသိဉာဏ်ရှိသည်ဖြစ်၍

---

၁-ထိုကာမဂုဏ်တို့ကို ရခြင်းအကျိုးငှါ....ကာယဒုစရိုက်စသည်တို့ကိုသော်လည်း ပြု၏-ဟု စပ်ပါ။

၂-ထို၌ အတွင်းဝင်ကုန်သည်သာလျှင်တည်းဟူရာ၌ ဒုစရိုက်ကြောင့်လည်း ဖြစ်သော သုစရိုက်ကြောင့်လည်း ဖြစ်သော ထိုကာမဘဝ၌ အတွင်းဝင်ကုန်သည်သာလျှင်တည်း။ ဤကားအနက်။ အတွင်းဝင်ကုန်၏-ဟူသော စကားကိုလည်း သညာဘဝနှင့် ပဉ္စဝေါကာရ ဘဝတို့သည် တစိတ်အားဖြင့် အတွင်းဝင်ကြသောကြောင့် ဆို(အပ်)ပေသည်။ (ဋီကာ)

http://www.dhammadownload.com



"ဤအမှုဖြင့် ကာမဂုဏ်တို့သည် ပြည့်စုံကုန်၏"ဟု ထင်မှတ်လျက် ကာမုပါဒါန်၏အစွမ်းအားဖြင့် ကာယသုစရိုက် စသည်တို့ကို ပြု၏၊ ထိုပုဂ္ဂိုလ်သည် သုစရိုက်၏ ပြည့်ခြင်းကြောင့် နတ်တို့၌သော်၎င်း, လူတို့၌သော်၎င်း ဖြစ်၏။ ထိုပုဂ္ဂိုလ်၏ ထိုနတ်လူတို့၌ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော သုစရိုက် ကုသိုလ်ကံသည် ကမ္မဘဝမည်၏၊ ကံကြောင့် ဖြစ်ကုန်သော ခန္ဓာတို့သည် ဥပပတ္တိဘဝမည်၏၊ သညာဘဝ ပဉ္စဝေါကာရဘဝတို့သည်ကား ထို(သုစရိုက်ကြောင့် ဖြစ်သောသုဂတိကာမဘဝ)၌ အတွင်းဝင်ကုန်သည်သာလျှင်တည်း[၁]။ ဤသို့လျှင် ကာမုပါဒါန်သည် (ဒုဂ္ဂတိ သုဂတိ ဒေဝ မနုဿ စသော) အပြားရှိသည့်ပြင်[၂] အတွင်းဝင်သော (သညာ ပဉ္စဝေါကာရ) ဘဝ တို့နှင့်လည်း တကွဖြစ်သော ကာမဘဝ၏ အကြောင်း ဖြစ်ပေ၏။

အခြားတပါးသော ပုဂ္ဂိုလ်သည် "ကာမဂုဏ်တို့သည် ရူပဘဝ အရူပဘဝ တို့၌ ထိုကာမဘဝထက်သာ၍ ပြည့်စုံကုန်၏" ဟု ကြားဘူး၍သော်၎င်း ကြံဆ၍သော်၎င်း ကာမုပါဒါန်၏အစွမ်းဖြင့်သာလျှင် ရူပ အရူပသမာပတ်တို့ကို ဖြစ်စေ၍ (ထို)သမာပတ်၏အစွမ်းဖြင့် ရူပ အရူပ ဗြဟ္မလောက၌ ဖြစ်၏။ ထိုပုဂ္ဂိုလ်၏ ထိုဗြဟ္မလောက၌ ဖြစ်ခြင်း၏အကြောင်း ဖြစ်သော သမာပတ် ကံသည် ကမ္မဘဝမည်၏၊ ကံကြောင့် ဖြစ်ကုန်သော ခန္ဓာ တို့သည် ဥပပတ္တိဘဝမည်၏။ သညာဘဝ အသညာဘဝ နေဝသညာ

---

၁-ထို၌ အတွင်းဝင်ကုန်သည်သာလျှင်တည်းဟူရာ၌ ဒုစရိုက်ကြောင့်လည်း ဖြစ်သော သုစရိုက်ကြောင့်လည်း ဖြစ်သော ထိုကာမဘဝ၌ အတွင်းဝင်ကုန်သည်သာလျှင်တည်း။ ဤကားအနက်။ အတွင်းဝင်ကုန်၏-ဟူသော စကားကိုလည်း သညာဘဝနှင့် ပဉ္စဝေါကာရ ဘဝတို့သည် တစိတ်အားဖြင့် အတွင်းဝင်ကြသောကြောင့် ဆို(အပ်)ပေသည်။ (ဋီကာ)

၂-သပ္ပဘေဒဿ- အပြားနှင့် တကွဖြစ်-အပြားရှိ- ဟူသည်ကား သုဂတိ ဒုဂ္ဂတိ မနုဿဘဝအစရှိသော အပြားရှိသော။ (ဋီကာ) မြန်မာစကား မထပ်ပဲ ချောစေရန် အပြားရှိသည့်ပြင် ဟု ပြန်ထားသည်။ ၆၄၉-စာပိုဒ်၌ ဝေဘန် ခွဲခြမ်းခြင်း-ဘေဒ-ကို ပြရာဝယ် ကမ္မဘဝနှင့် ဥပပတ္တိဘဝအပြားကိုသာ ပြခဲ့သောကြောင့် ဤအရာ၌လည်း (ကမ္မဘဝ ဥပပတ္တိဘဝ- ဟူသော) အပြားရှိသည့်ပြင်-ဟု ပြန်လျှင် အဋ္ဌကထာအလို ကျရာ၏။ နောက်အပိုင် တို့၌လည်း နည်းတူပင်။

http://www.dhammadownload.com



နာသညာဘဝ ဧကဝေါကာရဘဝ စတုဝေါကာရဘဝ ပဉ္စဝေါကာရဘဝတို့သည်ကား ထို (သမာပတ် ကံကြောင့် ဖြစ်သော ရူပ-အရူပဘဝ) ၌ အတွင်းဝင်ကုန်သည်သာလျှင်တည်း။ ဤသို့လျှင် ကာမုပါဒါန်သည် (ပဌမစျာန် ဒုတိယစျာန်စသော) အပြားရှိသည့်ပြင် အတွင်းဝင်သော (သညာဘဝစသော) ဘဝတို့နှင့်လည်း တကွဖြစ်ကုန်သော ရူပဘဝ အရူပဘဝတို့၏လည်း အကြောင်းဖြစ်ပေ၏။

အခြားတပါးသော ပုဂ္ဂိုလ်သည်"ဤအတ္တမည်သည်ပြည့်စုံချမ်းသာသော ကာမသုဂတိဘဝ၌သော်၎င်း၊ ရူပ အရူပဘဝတို့တွင် တပါးပါး၌သော်၎င်း (သေ၍)ပြတ်လျှင် ကောင်းစွာ ပြတ်သည်" ဟု ဥစ္ဆေဒဒိဋ္ဌိကို စွဲယူ၍ ထိုကာမသုဂတိဘဝ ရူပ အရူပဘဝသို့ ရောက်စေတတ်သော ကံကို ပြု၏၊ ထိုပုဂ္ဂိုလ်၏ ထိုကံသည် ကမ္မဘဝမည်၏၊ ကံကြောင့်ဖြစ်ကုန်သော ခန္ဓာတို့သည် ဥပပတ္တိဘဝမည်၏။သညာဘဝစသည်တို့သည်ကား ထို(ကံကြောင့် ဖြစ်သော ကာမဘဝ ရူပဘဝ အရူပဘဝ)တို့၌ အတွင်းဝင်ကုန် သည်သာလျှင်တည်း။ ဤသို့လျှင် ဒိဋ္ဌုပါဒါန်သည် (မနုဿ ဒေဝစသော) အပြားရှိသည့်ပြင် အတွင်းဝင်သော (သညာစသော) ဘဝတို့နှင့်လည်း တကွဖြစ်ကုန်သော သုံးပါးလည်း ဖြစ်ကုန်သော ကာမဘဝ ရူပဘဝ အရူပဘဝတို့၏ အကြောင်းဖြစ်ပေ၏။[၁]

အခြားတပါးသော ပုဂ္ဂိုလ်သည် "ဤအတ္တမည်သည် ပြည့်စုံ ချမ်းသာသော ကာမသုဂတိဘဝ၌သော်၎င်း၊ ရူပ အရူပဘဝတို့တွင် တပါးပါး၌သော်၎င်း ချမ်းသာနှင့် ပြည့်စုံသည် ပူပန်မှုကင်းသည်"ဟု (ယူသော) အတ္တဝါဒုပါဒါန်ဖြင့် ထိုကာမ ရူပ အရူပဘဝသို့ ရောက်စေတတ်သော ကံကို ပြု၏၊ ထိုပုဂ္ဂိုလ်၏ ထိုကံသည် ကမ္မဘဝမည်၏၊ ထိုကံကြောင့် ဖြစ်ကုန်သော ခန္ဓာတို့သည် ဥပပတ္တိဘဝမည်၏။သညာဘဝစသည်တို့သည်ကား ထို(ကံကြောင့် ဖြစ်သော ကာမ ရူပ အရူပဘဝ)တို့၌ အတွင်းဝင်ကုန်သည်သာလျှင်တည်း။ ဤသို့လျှင် အတ္တဝါဒုပါဒါန်သည် (မနုဿ ဒေဝစသော) အပြားရှိသည့်ပြင်

---

၁-ဤအရာ၌ ဒိဋ္ဌုပါဒါန်ကြောင့် အကုသိုလ်ကမ္မဘဝနှင့် အပါယ်ဥပပတ္တိဘဝ ဖြစ်ပုံတို့ကို မပြခြင်းမှာ ထင်ရှား၍ သိလွယ်သောကြောင့်ဟု မှတ်အပ်၏။ ဤဒိဋ္ဌုပါဒါန်ကြောင့် ကမ္မဘဝစသည်ဖြစ်ပုံကို အကျယ် သိလိုလျှင် ငါတို့၏ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး ဒုတိယတွဲ နှာ ၂၁၈-စသည်၌ ကြည့်ပါ။

http://www.dhammadownload.com



အတွင်းဝင်သော (သညာ-စသော) ဘဝတို့နှင့်လည်း တကွဖြစ်ကုန်သော ၃-ပါးသော ဘဝတို့၏ အကြောင်း ဖြစ်ပေ၏[၁]။

တခြားတပါးသော ပုဂ္ဂိုလ်သည် "ဤအလေ့အကျင့် မည်သည်[၂] ပြည့်စုံသော ကာမဘဝ၌သော်၎င်း၊ ရူပ အရူပဘဝတို့တွင် တပါးပါးသော ဘဝ၌ သော်၎င်း ဖြည့်ကျင့်သောသူအား ချမ်းသာလွယ်ကူစွာ ပြည့်စုံခြင်းသို့ ရောက်၏"ဟု(ယူသော)သီလဗ္ဗတုပါဒါန်၏ အစွမ်းအားဖြင့် ထိုကာမ ရူပ အရူပဘဝသို့ရောက်စေတတ်သော ကံကို ပြု၏၊ ထိုပုဂ္ဂိုလ်၏ ထိုကံသည် ကမ္မ ဘဝမည်၏။ ထိုကံကြောင့် ဖြစ်ကုန်သော ခန္ဓာတို့သည် ဥပပတ္တိ ဘဝမည် ၏။ သညာဘဝစသည်တို့သည်ကား ထို(ကံကြောင့်ဖြစ်သော ကာမ ရူပ အရူပဘဝ)တို့၌ အတွင်းဝင်ကုန်သည်သာလျှင်တည်း။ ဤသို့လျှင် သီလဗ္ဗ တုပါဒါန်သည် အပြားနှင့်တကွဖြစ်သည့်ပြင် အတွင်းဝင်သော ဘဝတို့နှင့် လည်း တကွ ဖြစ်ကုန်သော ၃-ပါးသော ဘဝတို့၏ အကြောင်းဖြစ်ပေ၏။ ဤဆိုခဲ့သည့်အတိုင်း (ဘဝေါ-ဟူသော) ဤပုဒ်၌ အကြင်ဥပါဒါန်သည် အကြင်ဘဝ၏ အကြောင်း ဖြစ်၏၊ ထိုဥပါဒါန် ထိုဘဝအားဖြင့်လည်း အဆုံး အဖြတ်ကို သိအပ်၏[၃]။

[၂၁၀] ဤ ၄-ပါးသော ဥပါဒါန်တို့တွင် အဘယ်ဥပါဒါန်သည် အဘယ် ဘဝအား အဘယ်သို့ ကျေးဇူးပြုသနည်း ဟု မေးငြားအံ့။

ဥပါဒါန်သည် ရူပဘဝ အရူပဘဝတို့အား ဥပနိဿယသတ္တိဖြင့် ကျေးဇူး ပြု၏၊ ထိုဥပါဒါန်သည် ကာမဘဝအား သဟဇာတ စသည်တို့ဖြင့်လည်း ကျေးဇူးပြု၏ဟု သိအပ်၏။

---

၁-အတ္တဝါဒုပါဒါန်ကြောင့် ကမ္မဘဝစသည်ဖြစ်ပုံကို အကျယ်သိလိုလျှင် ငါတို့၏ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး ဒုတိယတွဲ နှာ ၂၄၅-စသည်၌ ကြည့်ပါ။

၂-သံသရာမှ စင်ကြယ်ကြောင်း- နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်လမ်းဟု သုံးသပ်သည်၏အစွမ်းဖြင့် ဖြစ်စေအပ်သော အမှတ်မရှိ တစုံတခုသော လောကီသီလကိုရင်း လောကီဈာန်ကိုရင်း သီလဗ္ဗတဟူ၍သာလျှင် ဤ အရာ၌ အလိုရှိအပ်၏၊ ထို့ကြောင့် "ဤအလေ့အကျင့်မည်သည်"စသည်ကို မိန့်ဆိုတော်မူ၏။ (ဋီကာ)

၃-သီလဗ္ဗတုပါဒါန်ကြောင့် ကမ္မဘဝစသည် ဖြစ်ပုံကို အကျယ်သိလိုလျှင် ငါတို့၏ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး ဒုတိယတွဲ နှာ ၂၄၈-စသည်၌ ကြည့်ပါ။

http://www.dhammadownload.com



ခွဲ၍ပြအံ့၊ ရူပ အရူပဘဝတို့အားရင်း၊ ကာမဘဝ၌ အကျုံးဝင်သော ကာမဘဝတွင်၊ ငါ၊ ကုသိုလ် အကုသိုလ် ကံ ၂-ပါးထဲက ကုသိုလ်ကံအား သာလျှင်ရင်း၊ ဥပပတ္တိဘဝအားရင်း ၄-ပါးသော အပြားရှိသည်လည်း ဖြစ်သော ဤဥပါဒါန်သည် ဥပနိဿယပစ္စည်း၏ အစွမ်းအားဖြင့် တပါး အပြားအားဖြင့်သာလျှင် ကျေးဇူးပြု၏၊ ကာမဘဝ၌ မိမိနှင့်ယှဉ်သော အကုသိုလ်ကမ္မဘဝအား သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ ဟေတုပစ္စည်း အပြားရှိကုန်သော[1] သဟဇာတ စသည်တို့ဖြင့် ကျေးဇူးပြု၏၊ (မိမိနှင့်)မယှဉ်သော အကုသိုလ် ကမ္မဘဝအားမူ ဥပနိဿယ ပစ္စည်းဖြင့်သာလျှင် (ကျေးဇူးပြု၏)။ ဤတွင် တရပ်ပြီး၏။

ဤဆိုခဲ့သော စကားသည် "ဥပါဒါနပစ္စယာ ဘဝေါ" ဟူသော ပုဒ်၌ အကျယ်ပြဆိုသော စကားပေတည်း။

## ဘဝပစ္စယာဇာတိစသည်၌ အကျယ်ပြဆိုချက်

၆၅၁။ ဘဝပစ္စယာ ဇာတိ အစရှိသော ပုဒ်တို့၌ ဇာတိအစရှိသည်တို့၏ အဆုံးအဖြတ်ကို သစ္စနိဒ္ဒေသ၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် သိအပ်၏။ အထူးကား ဘဝဟူသော ဤပုဒ်၌ ကမ္မဘဝကိုသာလျှင် အလိုရှိအပ်၏။ မှန်ပေ၏၊ ထိုကမ္မဘဝသည် ဘဝအသစ်ဖြစ်ခြင်း-ဇာတိအား ကျေးဇူးပြုတတ်ပေ၏။ ဥပပတ္တိဘဝသည် ကျေးဇူးမပြုတတ်ပေ။ ကျေးဇူးပြုပုံကား ထိုကမ္မဘဝသည် ကမ္မပစ္စည်း ဥပနိဿယပစ္စည်းတို့၏ အစွမ်းအားဖြင့် ၂-ပါး အပြား အားဖြင့် ကျေးဇူးပြုတတ်ပေ၏။

(ဘဝပစ္စယာ ဇာတိ-ဟူသော) ထိုစကား၌"ဘဝသည် ဇာတိအား ကျေးဇူးပြုတတ်၏-ဟူသော ဤသဘောကို အဘယ်သို့ သိအပ်ပါသနည်း"ဟု(တစုံ တယောက်သော စောဒက၏ စောဒနာသည်)ဖြစ်ရာ၏-ဖြစ်နိုင်၏။ (အဖြေ

---

၁-ဟေတုပစ္စည်း အပြားရှိကုန်သော-ဟူသော ဤစကား၌ မဂ္ဂပစ္စည်းကိုလည်း ဆိုသင့်၏။ မှန်ပေ၏၊ ဒိဋ္ဌုပါဒါန်စသည်တို့သည် တကဖြစ်သော ကမ္မဘဝ ၏ မဂ္ဂပစ္စည်း ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုဒိဋ္ဌုပါဒါန်စသည်တို့သည် သဟ-ဇာတစသည်တို့တွင် ဟေတုပစ္စည်းကို ပယ်၍ မဂ္ဂပစ္စည်းကို ထည့်ပြီးလျှင် ၇-ပါးအပြားအားဖြင့် ကျေးဇူးပြုကုန်သည်ဟု သိအပ်(ကုန်)၏။ (ဋီကာ)

http://www.dhammadownload.com



ကား) အပြင်ပ အကြောင်းတို့၏ တူညီခြင်း ရှိငြားသော်လည်း ယုတ်သည်၏ အဖြစ် မြတ်သည်၏အဖြစ်အစရှိသော ထူးခြားခြင်းကိုတွေ့မြင်ရခြင်းကြောင့် (သိအပ်ပေသည်)။ ခဲ့ချဲ့ပြအံ့၊ အမိအဘ သုက်သွေး အစာ အာဟာရ အစ ရှိကုန်သော အပြင်ပ အကြောင်းတို့၏တူညီသည်၏အဖြစ် ရှိငြားသော်လည်း အမွှာညီနောင်တို့ဖြစ်ကုန်ငြားသော်လည်း သတ္တဝါတို့၏ ယုတ်သည်၏ အဖြစ် မြတ်သည်၏အဖြစ် အစရှိသော ထူးခြားခြင်းကို တွေ့မြင်ရပေ၏။ ထိုထူးခြား ခြင်းသည်လည်း အကြောင်းမဲ့ မဟုတ်ပေ၊ (အဘယ့်ကြောင့်နည်းဟူမူ?) အခါခပ်သိမ်းရင်း, ခပ်သိမ်းသော သတ္တဝါတို့အားရင်း မရှိခြင်းကြောင့် ပေတည်း။ ကမ္မဘဝမှ တပါးသော အကြောင်းရှိသည်လည်း မဟုတ်ပေ၊ (အဘယ်ကြောင့်နည်းဟူမူ?) ထိုကမ္မဘဝကြောင့် ဖြစ်သော သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ (မိမိသန္တာန်၌ ဖြစ်သည်မှ)တပါးသော ထူးခြားခြင်းကို ပြုတတ်သော အကြောင်း၏မရှိခြင်းကြောင့်ပေတည်း။ ထို့ကြောင့် ကမ္မ ဘဝလျှင်အကြောင်းရှိသည်သာလျှင်တည်း။ မှန်ပေ၏။ ကံသည် သတ္တဝါ တို့၏ ယုတ်သည်၏အဖြစ် မြတ်သည်၏အဖြစ် အစရှိသော ထူးခြားခြင်း၏ အကြောင်းပေတည်း။ ထို့ကြောင့် မြတ်စွာဘုရားသည် "ကံသည် သတ္တဝါ တို့ကို ယုတ်သည်၏အဖြစ် မြတ်သည်၏အဖြစ်ဖြင့် ခွဲခြမ်းဝေဘန်၏"ဟု ဟောတော်မူ၏။ ထို့ကြောင့် (ကံဟူသော) ဘဝက ဘဝအသစ်ဖြစ်ခြင်း-ဇာတိအား ကျေးဇူးပြုသည်ဟူသော ဤသဘောကို သိအပ်ပေ၏။

ထိုမှတပါး ဘဝအသစ်ဖြစ်ခြင်း-ဇာတိမရှိလတ်သော် ဇရာမရဏမည်သည် မရှိနိုင်၊သောကအစရှိကုန်သော တရားတို့သည်မူလည်း မရှိနိုင်ကုန်။ စင်စစ် သော်ကား ဘဝအသစ်ဖြစ်ခြင်း-ဇာတိရှိလတ်သော် အိုခြင်း သေခြင်းသည် လည်း ဖြစ်၏၊ အိုခြင်း သေခြင်းဟုဆိုအပ်သော ဆင်းရဲကြောင်း တရားက တွေ့ထိနှိပ်စက်သော မသိမလိမ္မာသောလူအား အိုခြင်း သေခြင်းနှင့် စပ်သည် မူလည်း ဖြစ်ကုန်သော၁ ထိုထို(ဆွေမျိုးတို့၏ ပျက်စီးခြင်း အစရှိသော) ဆင်းရဲကြောင်းတရားက [၂၁၁] တွေ့ထိနှိပ်စက်သော မသိ မလိမ္မာသော လူအား အိုခြင်းသေခြင်းနှင့် မစပ်သည်မူလည်း ဖြစ်ကုန်သော စိုးရိမ်ပူဆွေး ခြင်းအစရှိကုန်သော တရားတို့သည်လည်း ဖြစ်ကုန်၏။ ထို့ကြောင့် ဤဘဝ

---

၁-စပ်သည်မူလည်းဖြစ်ကုန်သော—မစပ်သည်မူလည်းဖြစ်ကုန်သော စိုးရိမ်ပူဆွေး ခြင်း အစရှိကုန်သော တရားတို့သည်လည်း ဖြစ်ကုန်၏-ဟု စပ်ပါ။

http://www.dhammadownload.com



အသစ်ဖြစ်ခြင်း-ဇာတိသည်လည်း ဇရာမရဏအားရင်း စိုးရိမ်ပူဆွေးခြင်းအစ ရှိသော တရားတို့အားရင်း ကျေးဇူးပြုတတ်၏ဟု သိအပ်၏။ ကျေးဇူးပြုပုံကား ထိုဘဝအသစ်ဖြစ်ခြင်း-ဇာတိသည် ဥပနိဿယ အစွန်းအဖို့အားဖြင့် ¹ ဇပါးသော အပြားအားဖြင့်သာလျှင် ကျေးဇူးပြုတတ်ပေ၏။ ဤတွင် တရပ်ပြီး၏။

ဤဆိုခဲ့သော စကားသည် ဘဝပစ္စယာ ဇာတိ အစရှိသော ပုဒ်တို့၌ အကျယ် ပြဆိုသော စကားပေတည်း။

## ဘဝစက်ကိုပြဆိုခြင်း

၆၁၂။ ဘဝစက်လည်ပုံကို ပြဦးအံ့၊ ဤပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ စိုးရိမ်ပူဆွေးခြင်း စသည်တို့ကို အဆုံး၌ ဟောထားသောကြောင့် "အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကြသည်"ဟု ဤသို့ ဘဝစက်၏ အစ၌ အကြင်အဝိဇ္ဇာကို ဟောတော်မူ(အပ်)၏။

> ထိုအဝိဇ္ဇာသည် စိုးရိမ်ပူဆွေးခြင်း စသည်တို့ကြောင့် ပြီးစီး၏၊ မသိအပ်သော အစရှိသော² ပြုတတ်သောသူ ခံစားတတ်သောသူမှ ကင်းသော² ၁၂-ပါး အပြားရှိသော အင်္ဂါတို့၏ ဆိတ်သုဉ်းခြင်းဖြင့် ဆိတ်သုဉ်းသော ဤဘဝစက်သည်....

အမြဲမပြတ် ဖြစ်လျက်လည်နေသည်ဟု သိအပ်၏။

---

၁-ဥပနိဿယကောဋိယာ-ဥပနိဿယအစွန်းအားဖြင့် ဟူသည်ကား ဥပနိဿယ အဖို့အားဖြင့်၊ ဥပနိဿယအမြွက်အားဖြင့်၊ ဤကား အနက်။ မှန်ပေ၏၊ အကြင်ပစ္စည်းသည် ပဋ္ဌာန်းပါဠိ၌ မလာ—(သို့သော် သူ) ရှိလျှင် (သူ့) အကျိုးဖြစ်ခြင်း ကြောင့်ရင်း၊ (သူ) မရှိလျှင် (သူ) အကျိုးမဖြစ်ခြင်း ကြောင့်ရင်း၊ သုတ္တန်နည်းအားဖြင့် (ယင်း ပစ္စည်းသည်)ဥပနိဿယမည်၏၊ ထိုပစ္စည်းကို ဥပနိဿယကောဋိ–ဥပနိဿယအစွန်း– အဖို့–ဟု ဆိုအပ်၏။ ဥပနိဿယ မည်သော ဤပစ္စည်းသည် ပစ္စည်း မဟာပဒေသ– အရာကျယ်သော ပစ္စည်းဖြစ်ပါသတဲ့။ (ဋီကာ)

၂-အစရှိသော ...ကင်းသော....ဤဘဝစက်သည်–ဟု စပ်ပါ။

http://www.dhammadownload.com



ဤပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ စိုးရိမ်ပူဆွေးခြင်း စသည်တို့ကြောင့် အဝိဇ္ဇာသည် အဘယ်သို့ ပြီးစီးပါသနည်း? ဘဝစက်သည် အဘယ်သို့ မသိအပ်သော အစရှိပါသနည်း? ပြုတတ်သောသူ ခံစားတတ်သောသူမှ အဘယ်သို့ ကင်းပါသနည်း? ၁၂-ပါး အပြားရှိသော ဆိတ်သုဉ်းခြင်းဖြင့် အဘယ်သို့ ဆိတ်သုဉ်းပါသနည်း? ဟု အကယ်၍ မေးငြားအံ့၊ (အဖြေကား) ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ စိုးရိမ်ပူဆွေးခြင်း နှလုံးမသာခြင်း ပြင်းစွာပူပန်ခြင်းတို့သည် အဝိဇ္ဇာနှင့် မကွေမကွာ ယှဉ်လေ့ရှိကုန်၏။ ငိုကြွေးခြင်း မည်သည်မှာလည်း (အဝိဇ္ဇာဖြင့်)မိုက်မဲ တွေဝေသောသူအား ဖြစ်၏။ ထို့ကြောင့် စိုးရိမ်ပူဆွေးခြင်း စသည်တို့သည် ပြီးကုန်လတ်သော် ရှေးဦးစွာ အဝိဇ္ဇာသည်ပြီးလေတော့၏[၁]။ တနည်းသော်ကား "အာသဝ၏ ဖြစ်ခြင်းကြောင့်အဝိဇ္ဇာ၏ဖြစ်ခြင်းရှိ၏"ဟု(မြတ်စွာဘုရား)ဟောတော်မူ(အပ်)၏။ ဤစိုးရိမ်ခြင်း စသည်တို့သည်လည်း အာသဝ၏ ဖြစ်ခြင်း-ရှိခြင်းကြောင့်၊ ဝါ၊ အာသဝ ဟူသောအကြောင်းကြောင့်[၂] ဖြစ်ကုန်၏။

အဘယ်သို့ နည်းဟူမူ? ဝတ္ထုအာရုံ ကာမဂုဏ်နှင့် ကင်းကွာလတ်သော် ရှေးဦးစွာ ကာမာသဝ ဟူသော အကြောင်းကြောင့် စိုးရိမ် ပူဆွေးခြင်း ဖြစ်၏။ (မြတ်စွာဘုရား)ဟောတော်မူပုံကား-

---

၁-ဤ၌ ပြီး – ဟူသည်မှာ ရှိသည်၏အဖြစ်ဖြင့် ပြီးသည် – ထင်ရှားသည်ကို ဆိုလိုသည်။ ထို့ကြောင့် ဤအပိုဒ်ကို မြန်မာစကားချောချော ပြန်ရလျှင် "စိုးရိမ်ပူဆွေးခြင်း စသည်တို့ ရှိနေခြင်း ထင်ရှားလျှင် အဝိဇ္ဇာရှိနေခြင်းလည်း ထင်ရှားတော့သည်သာ"—ဟူ၍ ဖြစ်၏။

၂-ဤအနက်သည် အာသဝသမုဒယာ – ပုဒ်၏ ဘာသာပြန်ဖြစ်သည်၊ သမုဒယသဒ္ဒါသည် ဖြစ်ခြင်း ရှိခြင်း အနက်ကို ဟောသောကြောင့် ယင်းကို ပဌမအနက်ဖြင့် ပြသည်၊ ထို့ပြင် အကြောင်းဟူသော အနက်ကိုလည်း ဟောသောကြောင့် ယင်းကို တနည်း ဒုတိယအနက်ဖြင့် ပြသည်။ "ထိုအာသဝဟူသော အကြောင်းကြောင့်" ဟူသော ဤဒုတိယအနက်သည် ပေါ်လွင်၏၊ နားလည်လွယ်၏။ ထို့ကြောင့် အလားတူဖြစ်သော နောက်အပိုဒ်တို့၌ သမုဒယကို အကြောင်းဟူ၍သာ ပြန်သွားမည်။

http://www.dhammadownload.com



"ဝတ္ထုကာမ၌ လိုချင်တပ်မက်နေသော ၁၊ ဝါ၊ ကိလေသာကာမ ဟူသော သွားကြောင်းယာဉ်ရှိသော ၁ နှစ်သက်လိုချင်မှု-ဆန္ဒဖြစ်နေသော ထိုသတ္တဝါအား ရအပ်ပြီးသော ထိုဝတ္ထုအာရုံကာမဂုဏ်တို့သည် အကယ်၍ ကင်းကွာပျက်စီးကုန်ငြားအံ့၊ သို့ဖြစ်လတ်သော် ထိုသတ္တဝါသည် မြားမှန်သောသမင်ကဲ့သို့ (စိုးရိမ်ခြင်း စသော မြားငြောင့်ဖြင့်)ဖောက်ပြန် ပျက်စီး၏"ဟူ၍ပင်တည်း။

ထို့ပြင် တမျိုးဟောတော်မူပုံကား"လိုချင်နှစ်သက် တပ်မက်သောကာမကြောင့် စိုးရိမ်ပူဆွေးခြင်း ဖြစ်၏"ဟူ၍ပင်တည်း။

ထိုမှတပါး အလုံးစုံလည်း ဖြစ်ကုန်သော ဤသောက-စိုးရိမ်ပူဆွေးခြင်းစသည်တို့သည် ဒိဋ္ဌာသဝ ဟူသော အကြောင်းကြောင့်လည်း ဖြစ်ကုန်၏။ (မြတ်စွာဘုရား)ဟောတော်မူပုံကား-

"ရုပ်သည် ငါ၊ ရုပ်သည် ငါ၏ဥစ္စာ-ဟုထက်ဝန်းကျင်ထကြွဖြစ်ပေါ်သော ဒိဋ္ဌိဖြင့် တည်လေ့ရှိသော ၂ ထိုပုထုဇဉ်ပုဂ္ဂိုလ်အား ရုပ်၏ပြောင်းလဲ ဖောက်ပြန်ခြင်း - တမျိုးတမည် ဖြစ်ခြင်းကြောင့် စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်နှလုံးမသာခြင်း ပြင်းစွာ ပူပန်ခြင်းတို့သည် ဖြစ်ကုန်၏" ဟူ၍ပင်တည်း။

ထိုမှတပါး ဒိဋ္ဌာသဝ ဟူသော အကြောင်းကြောင့် ကဲ့သို့ ထို့အတူပင် ဘဝါသဝ ဟူသော အကြောင်းကြောင့်လည်း (သောကစသည်တို့ ဖြစ်ကုန်၏။) (မြတ်စွာဘုရား)ဟောတော်မူပုံကား-

[၂၁၂] "ရှည်သော အသက်ရှိကုန်သော အဆင်းလှပကုန်သော ချမ်းသာများကုန်သော အကြင် ဗြဟ္မာ နတ်တို့သည် မြင့်စွာသော ဗိမာန်တို့၌ အလွန်ရှည်မြင့်စွာ တည်လျက်ရှိကုန်၏၊ ထိုဗြဟ္မာနတ်တို့

---

၁-ဤဝိသေသနပုဒ်ကို ထိုသတ္တဝါအား ဟူသော ပုဒ်နှင့်စပ်ပါ။

၂-ပရိယုဋ္ဌဋ္ဌာယိနော – ဟူသော ပုဒ်၏ အနက်ဖြစ်သည်။ ပရိ – ထက်ဝန်းကျင် + ဥဋ္ဌ – ထကြွဖြစ်ပေါ်လာသော ဒိဋ္ဌိဖြင့် + ဌာယိနော – တည်လေ့ရှိသည် = ပရိယုဋ္ဌဋ္ဌာယိနော – ထက်ဝန်းကျင် ထကြွဖြစ်ပေါ်သော ဒိဋ္ဌိဖြင့် တည်လေ့ရှိသော၊ "စိတ်သန္တာန်၌ ထကြွဖြစ်ပေါ်သည့် ဒိဋ္ဌိရှိနေသောသူ" – ဟု ဆိုလို၏။

http://www.dhammadownload.com



သည်လည်း မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ကြားနာကုန်၍ ကြောက်ခြင်း ပင်ပန်းခြင်း ထိတ်လန့်ခြင်းသို့ ရောက်ကုန်၏”ဟူ၍ပင် တည်း။

(ဥပမာ) ငါးပါးသောပုဗ္ဗနိမိတ်တို့ကို [၁] မြင်၍ သေဘေးဖြင့် ခြိမ်းချောက် အပ်ကုန်သော နတ်တို့အား (စိုးရိမ်ခြင်း စသည်တို့ ဖြစ်ကုန်သ)ကဲ့သို့တည်း။

ထိုမှတပါး ဘဝါသဝ ဟူသော အကြောင်းကြောင့်ကဲ့သို့ ထို့အတူပင် အဝိဇ္ဇာသဝဟူသော အကြောင်းကြောင့်လည်း (သောကစသည်တို့ ဖြစ်ကုန်၏)။ (မြတ်စွာဘုရား)ဟောတော်မူပုံကား-

“ရဟန်းတို့ ထိုသို့သောဤသူမိုက်သည် [၂] ၃-ပါးအပြားရှိသော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မျက်မှောက်အတ္တဘော-မျက်မှောက် ဘဝ၌ပင်လျှင် ခံစားရ၏”ဟူ၍ပင်တည်း။

ဤဆိုခဲ့သောနည်းဖြင့် အာသဝ ဟူသော အကြောင်းကြောင့် စိုးရိမ် ပူဆွေးခြင်း အစရှိသော တရားတို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် စိုးရိမ် ပူဆွေးခြင်း စသော ဤတရားတို့ ပြီးကုန်လတ်သော် အဝိဇ္ဇာ၏ အကြောင်း ဖြစ်ကုန်သော အာသဝတို့သည် ပြီးကုန်၏။ အာသဝတို့ ပြီးကုန်လတ်သော်

---

၁-ငါးပါးသော ပုဗ္ဗနိမိတ်တို့ ဟူသည်ကား “ပန်ဆင်ထားသော ပန်းတို့သည် ညှိုးကုန်၏၊ အဝတ်တို့သည် ညစ်နွမ်းကုန်၏၊ လက်ကတီးကြားတို့မှ ချွေးတို့ သည် ထွက်ကုန်၏၊ ကိုယ်၌ (အိုမင်းရုပ် ဟူသော) အဆင်းပျက်ခြင်းသည် သက်ရောက်၏၊ နတ်သည် နတ်၏နေရာ၌ မပျော်မွေ့”ဟူ၍ ဟောတော်မူ (အပ်ကုန်)သော (နတ်တို့အား) သေခါနီး၌ ထင်သော ၅-ပါးသော ပုဗ္ဗ နိမိတ်တို့တည်း၊ ဤကား အနက်။ မှန်ပေ၏၊ ထိုနိမိတ်တို့ကို မြင်၍ ကံ ကြောင့် ဖြစ်သော ခန္ဓာဟု ဆိုအပ်ကုန်သော ဥပပတ္တိဘဝ၌ ဘဝဆန္ဒ (ဘဝ ရာဂ) ၏ အစွမ်းအားဖြင့် နတ်တို့အား အားကြီးသော စိုးရိမ်ပူဆွေးခြင်း သည် ဖြစ်ပေါ်၏။ (ဋီကာ)

၂-ဗာလ–ဟူသည်ကား မသိမလိမ္မာသော သူမိုက်တည်း၊ (သူမိုက်ဟူသော) ထိုပုဒ်ဖြင့် အဝိဇ္ဇာ၏ အကြောင်းအဖြစ်ကို ပြ၏။ (ဋီကာ) အဝိဇ္ဇာဖြင့် မိုက်မဲ တွေဝေ နေသောကြောင့် သောက စသော ဆင်းရဲသို့ ရောက်ရသည်– ဟု ဆိုလိုသည်။

http://www.dhammadownload.com



အကြောင်းရှိလျှင် (အကျိုး၏) ရှိခြင်းကြောင့် အဝိဇ္ဇာသည်လည်း ပြီးတော့သည်သာလျှင်တည်း။ ဤဆိုခဲ့သည့်အတိုင်း ဤပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ သောကစသည်တို့ဖြင့် အဝိဇ္ဇာ ပြီးသည်ဟု ရှေးဦးစွာ သိအပ်၏။

ထိုမှတပါး ဤဆိုခဲ့သည့်အတိုင်း အကြောင်းရှိလျှင် (အကျိုး၏) ရှိခြင်းကြောင့် အဝိဇ္ဇာပြီးလတ်သော် "တဖန် အဝိဇ္ဇာ ဟူသောအကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏၊ သင်္ခါရ ဟူသော အကြောင်းကြောင့် ဝိညာဏ်သည် ဖြစ်၏" ဤသို့သော နည်းဖြင့် အကြောင်းအကျိုးအဆက်ဆက်၏ အဆုံးမည်သည် မရှိတော့ပေ။ ထို့ကြောင့် အကြောင်းအကျိုးတို့၏ စပ်သည်၏အစွမ်းအားဖြင့် မပြတ်ဖြစ်လျက်လည်သော[၁] အင်္ဂါ ၁၂-ပါးရှိသောထိုဘဝစက်သည် မသိအပ်သော အစရှိ၏ ဟူ၍ ပြီးလေတော့သည်။

ဤသို့ ဘဝစက်သည် အစမရှိလတ်သော် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဟု (အဝိဇ္ဇာဖြင့်) အစရှိသည်၏ အဖြစ်ကို ဆိုသော ဤစကားသည်၊ဝါ၊ (အဝိဇ္ဇာဟူသော) အစမျှကို ဆိုသော ဤစကားသည် ဆန့်ကျင်၏ဟု ဆိုငြားအံ့။ (အဖြေကား) ဤစကားသည် အစရှိသည်အဖြစ်ကိုဆိုသော၊ဝါ၊အစမျှကို ဆိုသော စကား မဟုတ်ပေ။ စင်စစ်သော်ကား ဤစကားသည် ပြဓာန်းသော တရားကို ဆိုသော စကားပေတည်း၊ ချဲ့၍ပြအံ့၊ အဝိဇ္ဇာသည် ၃-ပါးသော ဝဋ်တို့၏ ပြဓာန်းသောတရားဖြစ်သည်။မှန်ပေ၏။အဝိဇ္ဇာကိုယူခြင်းကြောင့် ကြွင်းသောကိလေသဝဋ်သည်၎င်း, ကမ္မဝဋ်နှင့် ဝိပါကဝဋ်တို့သည်၎င်း မသိမလိမ္မာသောပုဂ္ဂိုလ်ကို (အမျိုးမျိုးသော ဆင်းရဲဒုက္ခတို့ ပေါင်းစုရာဖြစ်သော သံသရာနှောင်အိမ်၌) ချုပ်ကိုင်တားမြစ်ကုန်၏[၂]၊ (ဥပမာ) မြွေ၏ ဦးခေါင်း

---

၁-မပြတ်ဖြစ်လျက် လည်သော.... ထိုဘဝစက်သည်-ဟု စပ်ပါ။

၂-ပလိဗောဓေန္တိတိ နာနာဒုက္ခပရိဗျူဠှေ သံသာရစာရကေ နိရောဓေန္တိ-ဟူသော ဋီကာနှင့်အညီ ပြန်ထားသော အနက်ဖြစ်သည်။ ပလိဗောဓေန္တိ –၏ အရာ၌ ပလိဝေဌေန္တိ-ဟု ရှိသော သမ္မောဟဝိနောဒနီ အဋ္ဌကထာအရဆိုလျှင်"မသိမလိမ္မာသော ပုဂ္ဂိုလ်ကို ရစ်ပတ်ကုန်၏"ဟု ပြန်ရာ၏။ ထိုသို့ ပြန်ခြင်းသည် ဥပမာ စကားရပ်၌ မြွေ၏ ခေါင်းကို ဆုပ်ကိုင်လျှင် ဆုပ်ကိုင်သောသူ၏ လက်မောင်းကို မြွေ၏ကိုယ်ဖြင့် ရစ်ပတ်ခြင်းနှင့် ဆီလျော်သောကြောင့် သာ၍ သင့်လျော်ပေ၏။

http://www.dhammadownload.com



ကို ဆုပ်ကိုင်ခြင်းကြောင့် ခေါင်းမှ ကြွင်းသော မြွေ၏ကိုယ်သည်(ဆုပ်ကိုင်သူ၏) လက်မောင်းကို ရစ်ပတ်ချုပ်ကိုင်သကဲ့သို့ပေတည်း။ အဝိဇ္ဇာ၏အကြွင်းမဲ့ ပြတ်ခြင်းကို ပြုအပ်ပြီးလတ်သော်ကား ထိုကြွင်းသော ကိလေသဝဋ်နှင့် ကမ္မဝဋ် ဝိပါကဝဋ်တို့မှ လွတ်မြောက်ခြင်းသည် ဖြစ်ပေ၏၊ (ဥပမာ)မြွေ၏ ဦးခေါင်းပြတ်ခြင်းကို ပြုအပ်ပြီးလတ်သော် ရစ်ပတ် ချုပ်ကိုင်အပ်သော လက်မောင်း၏ လွတ်မြောက်ခြင်းကဲ့သို့ ပေတည်း။ (မြတ်စွာဘုရား) ဟောတော်မူပုံကား—"အဝိဇ္ဇာ၏သာလျှင် အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ခြင်းသည် (ဖြစ်၏)"ဤသို့ အစရှိသည် ပင်တည်း။ ဤသို့လျှင် အကြင် ပြခန်းသော တရားကို ယူသောသူအား နှောင်ဖွဲ့ခြင်းဖြစ်၍ လွတ်သောသူအား လွတ်မြောက်ခြင်းဖြစ်၏။ (အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟူသော) ဤစကားသည် ထိုပြခန်းသော တရားကို ဆိုသောစကားပေတည်း၊ အစရှိသည်၏အဖြစ်ကို ဆိုသောစကား၊ ဝါ၊ အစမျှကိုသာ ဆိုသောစကား မဟုတ်ပေ၊ ဤဆိုခဲ့သည့်အတိုင်း ဤဘဝစက်သည် မသိအပ်သောအစရှိသည်ဟု သိအပ်ပေ၏။

[၂၁၃] ထိုဘဝစက်သည်[၁] အဝိဇ္ဇာ အစရှိသော အကြောင်းတို့ကြောင့် သင်္ခါရစသည်တို့၏ မပြတ်ဖြစ်ပေါ်ခြင်း (ဖြစ်ပေသည်)။ ထို့ကြောင့် ထိုအဝိဇ္ဇာအစရှိသော အကြောင်းတို့မှ တပါးသော[၂] "(ဤအရှင်သခင်ကြီးသည်)ဗြဟ္မာပေတည်း၊ မဟာဗြဟ္မာပေတည်း၊ အမြတ်ဆုံးဘုရားသခင်ပေတည်း၊ ကမ္ဘာလောကကို စီရင်ဖန်ဆင်းတတ်သူပေတည်း"ဟု ဤသို့ ကြံဆအပ်သော ဗြဟ္မာအစရှိသော သံသရာကို ပြုတတ်သောသူမှလည်း ကင်း၏၊[၃]" ငါ၏ ထိုသို့သော ဤအတ္တသည် ပြောဆိုတတ်ပေ၏၊ (အကောင်း

---

၁-ထိုဘဝစက်သည် .... ပြုတတ်သောသူမှလည်း ကင်း၏၊ ....ခံစားတတ်သော အတ္တမှလည်း ကင်း၏-ဟု စပ်ပါ။

၂-တပါးသော....ပြုတတ်သောသူမှလည်း ကင်း၏၊ ....ခံစားတတ်သော အတ္တမှလည်း ကင်း၏-ဟု စပ်ပါ။

၃-ဤ စကားဖြင့် သာသနာပပုဂ္ဂိုလ်တို့ ကြံဆ ယုံကြည်ထားသော ဇီဝအတ္တ ပရမအတ္တ ဟူသော ဤ ၂-မျိုးတွင် ပရမအတ္တမှ ကင်းသည်ကို ပြ၏။ ဆိုလိုသည်မှာ ကမ္ဘာလောကကို စီရင် ဖန်ဆင်းသည်-ဟု ယူဆ ယုံကြည်အပ်သော ထို ပုဂ္ဂိုလ်မှာလည်း အဝိဇ္ဇာ အစရှိသော အကြောင်းတို့ကြောင့် သင်္ခါရ

http://www.dhammadownload.com



အဆိုးကို)ခံစားတတ်ပေ၏၊ ဝါ၊ သိတတ်ပေ၏"ဟု ဤသို့ ကြံဆအပ်သော ချမ်းသာဆင်းရဲတို့ကို ခံစားတတ်သော အတ္တမှလည်းကင်း၏၊[၁] ဤသို့လျှင် (ဘဝစက်သည်)ပြုတတ်သူ ခံစားတတ်သူမှ ကင်းသည်ဟု သိအပ်ပေသည်။

ထိုမှတပါး ဤဘဝစက်၌ အဝိဇ္ဇာသည် ဖြစ်ခြင်းပျက်ခြင်း သဘောရှိသည်၏ အဖြစ်ကြောင့်[၂]ခိုင်မြဲသည်၏အဖြစ်မှ ဆိတ်သုဉ်း၏[၃]။ (ကိလေသာတို့က) ညစ်နွမ်းစေအပ်သည်၏ အဖြစ်ကြောင့်၎င်း[၄] ညစ်နွမ်းစေတတ်သော ကိလေသာတို့၏ (အသုံးခံ)အာရုံဖြစ်သောကြောင့်၎င်း တင့်တယ်သည်၏ အဖြစ်မှလည်း ဆိတ်သုဉ်း၏။ ဖြစ်ခြင်း ပျက်ခြင်းက အမြဲမပြတ် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် ချမ်းသာအဖြစ်မှလည်း ဆိတ်သုဉ်း၏။ အကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသောကြောင့် အလိုအတိုင်း ဖြစ်နိုင်-ဖြစ်စေနိုင်သော အတ္တအဖြစ်မှလည်း ဆိတ်သုဉ်း၏။ သင်္ခါရအစရှိသော အင်္ဂါတို့သည်လည်း ထို့အတူပင် ၄-ပါး ၄-ပါး အပြားအားဖြင့် ဆိတ်သုဉ်းကုန်၏။ တနည်း ဆိတ်သုဉ်းပုံကား အဝိဇ္ဇာသည် အတ္တမဟုတ် အတ္တ၏ဥစ္စာမဟုတ် အတ္တ၌ (တည်သည်) မဟုတ် အတ္တရှိသည်မဟုတ်။ သင်္ခါရ အစရှိသော အင်္ဂါတို့သည်လည်း ထို့အတူပင်တည်း။ ထို့ကြောင့် ဤဘဝစက်သည် ၁၂-ပါး အပြားရှိသော ဆိတ်သုဉ်းခြင်းဖြင့် ဆိတ်သုဉ်းသည်ဟု သိအပ်ပေ၏။

---

အစရှိသော အကျိုးတို့၏ အဆက်မပြတ် ဖြစ်ပေါ်နေသော ဘဝစက်မျှသာ ရှိသည်၊ ဖန်ဆင်းတတ်သော အတ္တကောင်ဟူ၍ကား မရှိ-ဟု ဆိုလို၏။

၁-ဤစကားဖြင့် "ပုဂ္ဂိုလ်တိုင်းသည် အတ္တဘာခုစီ အသီးအသီး ဖြစ်သည်"ဟု ယူဆယုံကြည်အပ်သော ဇီဝအတ္တမှ ကင်းသည်ကို ပြ၏။

၂-သဘောရှိသည်၏ အဖြစ်ကြောင့်-ဟူသော ရှေးကျမ်းဂန်စကားသည် သဘောရှိခြင်းကြောင့် သဘောရှိသောကြောင့်-ဟူသော ယခုခေတ်သုံး စကားတို့နှင့် တူညီသော အနက်အဓိပ္ပါယ် ရှိ၏။

၃-ခိုင်မြဲခြင်းမှ ဆိတ်သုဉ်းသည် ခိုင်မြဲခြင်းမရှိ-ဟု ဆိုလို၏၊

၄-ကိလေသာတို့က ယင်းတို့နှင့် ယှဉ်သော တရားတို့ကို ညစ်နွမ်းစေတတ်၏၊ အဝိဇ္ဇာသည်လည်း အခြား ကိလေသာတို့နှင့် ယှဉ်လျက် ဖြစ်၏။ သို့ဖြစ်၍ ယှဉ်ဘက် ကိလေသာတို့က လူးလဲ ပေရေ ညစ်နွမ်းစေသဖြင့် ထိုသို့ ညစ်နွမ်းစေခြင်းကို ခံရသောကြောင့် ညစ်နွမ်းသည်၊ ထို့ကြောင့်-ဟု ဆိုလို၏။

http://www.dhammadownload.com



၆၅၃။ ဤမျှသာမကသေး၊ ဤဆိုခဲ့သည့်အတိုင်း တဖန်-

အဝိဇ္ဇာနှင့်တဏှာတို့သည် ထိုဘဝစက်၏ မူလပေတည်း၊ အတိတ်စသည်တို့သည် (ထိုဘဝစက်၏) ၃-ပါးသော ကာလတို့ပေတည်း။ ထို ၃-ပါးသော ကာလတို့တွင် သရုပ်အားဖြင့် (ဟောထားသော) ၂-ပါးသော အင်္ဂါတို့သည်ဂင်း၊ ၈-ပါးသော အင်္ဂါတို့သည်ဂင်း၊ ၂-ပါးသောအင်္ဂါတို့သည်ငုင်း (ထိုဘဝစက်၏ အတိတ်ကာလ ပစ္စုပ္ပန်ကာလ အနာဂတ်ကာလတို့ မည်ကြသည်ဟု သိအပ်၏)။

## မူလ ၂-ပါး

ချဲ့၍ပြအံ့၊ အဝိဇ္ဇာနှင့် တဏှာဟူသော ၂-ပါးသော တရားတို့ကို ထိုဆိုအပ်ခဲ့သော ဤဘဝစက်၏ မူလဟု သိအပ်(ကုန်)၏။ ထိုဆိုခဲ့သော ဤဘဝစက်သည် ရှေးအတိတ်အဖို့မှ ပစ္စုပ္ပန်အကျိုးကို ဆောင်သောအားဖြင့် အဝိဇ္ဇာလျှင် အရင်းရှိသော ဝေဒနာလျှင် အဆုံးရှိသော ဘဝစက်တခု၊ နောက်အနာဂတ်အဖို့ကို ဆက်စပ်ကျယ်ပြန့်စေသော အားဖြင့် တဏှာလျှင် အရင်းရှိသော ဇရာမရဏလျှင် အဆုံးရှိသော ဘဝစက် တခု ဤသို့အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးသော ဘဝစက်တို့တွင် ရှေးဖြစ်သော ဘဝစက်ကို ဒိဋ္ဌိစရိုက်ရှိသူ၏ အစွမ်းအားဖြင့် ဟောတော်မူ(အပ်)၏။ နောက်ဖြစ်သော ဘဝစက်ကို တဏှာစရိုက်ရှိသူ၏ အစွမ်းအားဖြင့် (ဟောတော်မူ၏)။ မှန်ပေ၏၊ အဝိဇ္ဇာသည် ဒိဋ္ဌိစရိုက်ရှိသော သူတို့၏(မပြတ်ဖြစ်သော ခန္ဓာအစဉ်ဟုဆိုအပ်သော) သံသရာကို ဆောင်တတ်-ဖြစ်စေတတ်၏။ တဏှာသည် တဏှာစရိုက်ရှိသောသူတို့၏ သံသရာကို ဆောင်တတ်-ဖြစ်စေတတ်၏။ တနည်းကား ဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ ပယ်သတ်ခြင်းငှါ ပဌမစက်ကို (ဟောတော်မူ၏၊ အဘယ့်ကြောင့်နည်း?) အကျိုး၏ဖြစ်ခြင်းဖြင့်အကြောင်းတို့၏မပြတ်စဲခြင်းကို ပြခြင်းကြောင့်တည်း။ သဿတဒိဋ္ဌိကို အကြွင်းမဲ့ပယ်ဖြတ်ခြင်းငှါ ဒုတိယစက်ကို (ဟောတော်မူ၏၊ အဘယ့်ကြောင့်နည်း?) ဖြစ်ပေါ် ကုန်သော (ဝိညာဏ်စသော) အကျိုးတရားတို့၏ အိုခြင်း သေခြင်းကို ပြခြင်းကြောင့်တည်း။ တနည်းကား ဂဗ္ဘသေယျကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ရှေးဘဝစက်ကို (ဟောတော်မူ၏၊ အဘယ်ကြောင့်နည်း?) အစဉ်အတိုင်း ဖြစ်ခြင်းကို ပြခြင်းကြောင့်တည်း။ ဥပပါတ် ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် နောက်စက်ကို

http://www.dhammadownload.com



(ဟောတော်မူ၏၊ အဘယ့်ကြောင့်နည်း?) တပေါင်းတည်းဖြစ်ခြင်း-တပြိုင်နက် ဖြစ်ခြင်းကို ပြခြင်းကြောင့်တည်း။

## ကာလ ၃-ပါး

ထိုမှတပါး အတိတ် ပစ္စုပ္ပန် အနာဂတ် တို့သည် ထိုဘဝစက်၏ ၃-ပါးသော **ကာလ**တို့ပေတည်း။ ထို ၃-ပါးသော ကာလတို့တွင် ပဋိစ္စသမုပ္ပါဒ် ဒေသနာပါဠိ၌ သရုပ်အားဖြင့်လာသော အင်္ဂါတို့၏အစွမ်းအားဖြင့် အဝိဇ္ဇာနှင့် သင်္ခါရဟူသော ၂-ပါးသော အင်္ဂါတို့သည် အတိတ်ကာလမည်ကုန်၏။ ဝိညာဏ်လျှင် အစရှိကုန်သော ဘဝလျှင် အဆုံးရှိကုန်သော ၈-ပါးသော အင်္ဂါတို့သည် ပစ္စုပ္ပန်ကာလမည်ကုန်၏။ ဇာတိနှင့်ဇရာ မရဏဟူသော ၂-ပါးသော အင်္ဂါတို့သည် အနာဂတ်ကာလ မည်ကုန်၏ ဟူ၍ သိအပ်(ကုန်)၏။

[၂၁၄] ၆၅၄။ တဖန် —

"အကြောင်းရှေးရှိသောအစပ်, အကျိုးရှေးရှိသောအစပ်, အကြောင်းရှေးရှိသော အစပ် အားဖြင့် အစပ် ၃-ပါးရှိသော, ၄-ပါးအပြားရှိသော (အင်္ဂါ)အပေါင်းအစု အလွှာလည်း ရှိသော, ၂၀-သော အခြင်းအရာဟူသော ထောက်အကန့်လည်း ရှိသော,ဝဋ္ဋ ၃-ပါးလည်း ရှိသော ဤဘဝစက်သည် ရပ်တန့်ခြင်း မရှိပဲ အမြဲလည်လျက် ရှိသည်" -

ဟူ၍လည်း သိအပ်၏။

## အစပ် ၃-ပါး

ထိုဂါထာ၌ သင်္ခါရတို့နှင့် ပဋိသန္ဓေဝိညာဏ်၏ အကြား၌ အကြောင်းနှင့် အကျိုး အစပ်မည်သော အစပ်တခု၊ဝေဒနာနှင့် တဏှာ၏အကြား၌ အကျိုးနှင့် အကြောင်း အစပ် မည်သော အစပ်တခု၊ ဘဝနှင့် ဇာတိ၏ အကြား၌ အကြောင်းနှင့် အကျိုး အစပ်မည်သော အစပ်တခု၊ ဤသို့အားဖြင့် ဤဘဝစက်မှာ "အကြောင်းရှေးရှိသော အစပ်, အကျိုးရှေးရှိသော အစပ်, အကြောင်းရှေးရှိသော အစပ်အားဖြင့် ၃-ပါးသော **အစပ်**ရှိသည်"ဟု သိအပ်၏။

http://www.dhammadownload.com



## အလ္ဒာ ၄-ပါး

ထိုမှတပါး အစပ်တို့၏ အစအဆုံးဖြင့် ပိုင်းခြားအပ်ကုန်သော ထိုဘဝစက်၏ ၄-ပါးကုန်သော အပေါင်းအစု အလ္ဒာတို့သည် ဖြစ်ကုန်၏။ ဤအလ္ဒာတို့သည် အဘယ်နည်းဟူမူ ? အဝိဇ္ဇာနှင့် သင်္ခါရတို့သည် တခုသော အလ္ဒာပေတည်း။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့သည် ဒုတိယအလ္ဒာပေတည်း။ တဏှာ ဥပါဒါန် ဘဝတို့သည် တတိယအလ္ဒာပေတည်း။ ဇာတိနှင့် ဇရာမရဏတို့သည် စတုတ္ထအလ္ဒာပေတည်း။ ဤသို့အားဖြင့် ဤဘဝစက်မှာ "၄-ပါးအပြားရှိသော အပေါင်း အစု **အလ္ဒာ**ရှိသည်"ဟု သိအပ်၏။

## အခြင်းအရာ ၂၀

ထိုမှတပါး—

အတိတ်ဘဝ၌ အကြောင်း ၅-ပါး၊ ယခုပစ္စုပ္ပန်ဘဝ၌ အကျိုး ၅-ပါး၊ ယခုပစ္စုပ္ပန်ဘဝ၌ အကြောင်း ၅-ပါး၊ နောင် အနာဂတ် ဘဝ၌ အကျိုး ၅-ပါး-ဟူသော—

၂၀-သော အခြင်းအရာဟု ဆိုအပ်သော ဤထောက်အကန့်တို့ဖြင့် **၂၀-သော အခြင်းအရာ**ဟူသော ထောက်အကန့်ရှိသည်ဟု သိအပ်၏။

## အတိတ်အကြောင်း ၅-ပါး

ထိုဂါထာ၌ (အကျယ်ကား) **အတိတ်ဘဝ၌ အကြောင်း ၅-ပါး**ဟူသည်ကား ရှေးဦးစွာ အဝိဇ္ဇာနှင့် သင်္ခါရတို့ဟူသော ဤ၂-ပါးတို့သည် (ပဋိစ္စသမုပ္ပါဒ်ဒေသနာ ပါဠိ၌ သရုပ်အားဖြင့်)ဟောအပ်ပြီးသာလျှင် ဖြစ်ကုန်၏။ ထို့ပြင်(ဝိပဿနာပညာမရှိ)မသိ မလိမ္မာသော သူသည် ဆာလောင်တောင့်တ၏၊ ဆာလောင် တောင့်တသည် ဖြစ်၍ စွဲလမ်း၏၊စွဲလမ်းသော ထိုသူအား စွဲလမ်းမှု ဥပါဒါန်ဟူသော အကြောင်းကြောင့် (ဖြစ်ကြောင်းကံဟူသော) ဘဝသည် ဖြစ်၏။ထို့ကြောင့် တဏှာ ဥပါဒါန် ဘဝတို့သည်လည်း (အဝိဇ္ဇာ တဏှာကိုယူခြင်းဖြင့်) ယူအပ်ပြီးဖြစ်ကုန်၏။ ထို့ကြောင့်—

"ရှေးဘဝဝယ် ကမ္မဘဝကို ပြုစဉ်၌(ရှိခဲ့သော) မောဟသည် အဝိဇ္ဇာပေတည်း၊ အားထုတ်မှုတို့သည် သင်္ခါရတို့ပေတည်း၊လိုချင်နှစ်သက်ခြင်းသည် တဏှာပေတည်း၊ ကပ်ငြိခြင်းသည် ဥပါဒါန်ပေတည်း၊ စေတနာ

http://www.dhammadownload.com



သည် (ဖြစ်ကြောင်း ကမ္မ) ဘဝပေတည်း။ ဤသို့လျှင် ရှေးဘဝဝယ် ကမ္မဘဝကို ပြုစဉ်၌ ပြီးစီးကုန်သော ဤ ၅-ပါးသော တရားတို့သည် ဤယခု ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၏ အကြောင်းတို့ပေတည်း”ဟု (ပဋိသမ္ဘိဒါမဂ်ပါဠိ၌) ဟောတော်မူပေ၏။

ထိုပဋိသမ္ဘိဒါမဂ်ပါဠိ၌ **ရှေးကမ္မဘဝကို** ဟူရာ၌ ရှေးဘဝ၌ဖြစ်သော ကမ္မဘဝကို၊ အတိတ်ဘဝ၌ ကမ္မဘဝကို ပြုအပ်သည်ရှိသော်၊ ဝါ၊ ပြုစဉ်၌။ဤကား အနက်။ **မောဟသည် အဝိဇ္ဇာပေတည်း**-ဟူသည်ကား ထိုကမ္မဘဝကို ပြုစဉ်အခါ၌ ဒုက္ခစသည်တို့၌ (တွေဝေခြင်း မသိခြင်း ဟူသော)အကြင် မောဟသည်ဖြစ်၏၊ ယင်း မောဟဖြင့် တွေဝေသည်ဖြစ်၍(ကုသိုလ် အကုသိုလ်) ကံကို ပြု၏၊ ထိုမောဟသည် အဝိဇ္ဇာမည်၏။ **အားထုတ်မှုတို့သည် သင်္ခါရတို့ပေတည်း**-ဟူသည်ကား ထိုကံကို ပြုသောသူ၏ အကြင်ရှေးအဖို့၌ ဖြစ်သော စေတနာတို့သည်(ရှိကုန်၏)။ ဥပမာ အလှူကိုပေးအံ့ဟု စိတ်ကိုဖြစ်စေပြီးလျှင် တလလုံးသော်လည်း တနှစ်လုံးသော်လည်း ပေးလှူဘွယ် အဆောက်အဦပစ္စည်းတို့ကို ရှာကြံ စီမံခန့်ခွဲနေသောသူအား ဖြစ်ကုန်သော ရှေးအဖို့ စေတနာတို့ကဲ့သို့ပင်တည်း။ (ထိုရှေးအဖို့ စေတနာတို့သည် အားထုတ်မှု-သင်္ခါရတို့မည်ကုန်၏)။အလှူခံပုဂ္ဂိုလ်တို့၏ လက်၌ လှူဘွယ်ဝတ္ထုကို တည်စေဆဲ လှူဆဲဖြစ်သောသူ၏ စေတနာကိုမူ ဘဝဟူ၍ ဆိုအပ်၏။ တနည်းကား တခုသောအာဝဇ္ဇန်းရှိကုန်သော ၆-ကြိမ်သော ဇောတို့၌ စေတနာတို့သည် အားထုတ်မှု-သင်္ခါရတို့ မည်ကုန်၏။ [၂၁၅] သတ္တမဇော၌ (စေတနာသည်) ဘဝမည်၏။ တနည်းကား အမှတ်မရှိ တစုံတခုသော စေတနာသည် ဘဝမည်၏။(စေတနာနှင့်) ယှဉ်သောတရားတို့သည် အားထုတ်မှု သင်္ခါရတို့ မည်ကုန်၏။**လိုချင်နှစ်သက်ခြင်းသည် တဏှာပေတည်း**-ဟူသည်ကား အမှုကံကို ပြုသောသူ၏ (ဖြစ်မည့်)အကျိုးဖြစ်သော ဥပပတ္တိဘဝ၌ အလိုရှိခြင်း တောင့်တခြင်းသည် [၁] တဏှာမည်၏။ **ကပ်ငြိခြင်းသည် ဥပါဒါန်ပေတည်း**ဟူသည်ကား ကမ္မဘဝ၏ အကြောင်းဖြစ်သော “ဤအမှုကိုပြု၍ ဤမည်သော ဌာန၌ ကာမဂုဏ်တို့ကို မှီဝဲအံ့၊ (သေသောအခါ)ပြတ်စဲအံ့”ဤသို့ အစရှိ

---

၁-ဤစကားဖြင့် ကုသိုလ်ကံကို ပြုသောသူအား သုဂတိဘဝအကျိုး၌ အလိုရှိခြင်း တောင့်တခြင်းကို ပြ၏၊ အကုသိုလ်ကံကို ပြုသောသူအားမူ “မျက်မှောက်အကျိုး၌ တောင့်တခြင်းသည် တဏှာမည်၏”ဟု ယူရာ၏။

http://www.dhammadownload.com



သောနည်းဖြင့် ဖြစ်သော ကပ်ငြိခြင်း ဆုပ်ကိုင်ခြင်း မှားယွင်းစွာ သုံးသပ်ခြင်းသည် ဥပါဒါန်မည်၏။ **စေတနာသည် ဘဝပေတည်း** ဟူသည်ကား အားထုတ်မှု၏အဆုံး၌ ဖွင့်ဆိုအပ်ခဲ့သော စေတနာသည် ဘဝမည်၏။ ဤသို့ အနက်ကို သိအပ်၏။

## ပစ္စုပ္ပန်အကျိုး ၅-ပါး

**ယခု ပစ္စုပ္ပန်ဘဝ၌ အကျိုး ၅-ပါး** ဟူသည်ကား ဝိညာဏ်အစ ဝေဒနာအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်ဒေသနာပါဠိ၌ သရုပ်အားဖြင့်လာသော အကျိုး ၅-ပါးပင်တည်း။ ဟောတော်မူပုံကား....

> "ဤပစ္စုပ္ပန်ဘဝ၌ (ရှေးဘဝနှင့်) ဆက်စပ်သော သဘောသည် ဝိညာဏ်ပေတည်း၊ သက်ဝင်ခြင်းသဘောသည် နာမ်ရုပ်ပေတည်း၊ ကြည်လင်သောသဘောသည် အာယတနပေတည်း၊ တွေ့ထိသောသဘောသည် ဖဿပေတည်း၊ ခံစားခြင်းသဘောသည် ဝေဒနာပေတည်း၊ဤ ၅-ပါးသော တရားတို့သည် ဤပစ္စုပ္ပန်ဘဝဝယ် ဥပပတ္တိဘဝ၌ ရှေးဘဝက ပြုခဲ့သောကံ ဟူသော အကြောင်းကြောင့် (ဖြစ်ကုန်၏)"ဟူ၍ပင်တည်း။

ထိုပါဠိ၌ **ဆက်စပ်သောသဘောသည် ဝိညာဏ်ပေတည်း** ဟူသည်ကား ဘဝတပါးနှင့် ဆက်စပ်သည်၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့် အကြင်စိတ်ကို ပဋိသန္ဓေဟူ၍ ဆိုအပ်၏၊ ထိုဆက်စပ်သော ပဋိသန္ဓေစိတ်သည် ဝိညာဏ်မည်၏။ **သက်ဝင်ခြင်း သဘောသည် နာမ်ရုပ်ပေတည်း** ဟူသည်ကား အမိဝမ်းတိုက်၌ နာမ်ရုပ်တရားတို့၏အကြင်သက်ဝင်ခြင်းသဘောသည်လာ၍ ဝင်သကဲ့သို့ဖြစ်ခြင်းသဘောသည် (ရှိ၏)၊ ဤသဘောသည် နာမ်ရုပ်မည်၏။ **ကြည်လင်သောသဘောသည် အာယတနပေတည်း**-ဟူသော ဤစကားကို စက္ခုအစရှိသော ၅-ပါးသော အာယတနတို့၏ အစွမ်းအားဖြင့် ဟောအပ်ပေ၏။ **တွေ့ထိသောသဘောသည် ဖဿပေတည်း**-ဟူသည်ကား အကြင်သဘောသည် အာရုံကိုတွေ့ထိလျက် ဖြစ်ပေါ်၏၊ ဤသဘောသည် ဖဿမည်၏။ **ခံစားခြင်းသဘောသည် ဝေဒနာပေတည်း**- ဟူသည်ကား ပဋိသန္ဓေဝိညာဏ်နှင့်သော်၎င်း, သဠာယတနလျှင် အကြောင်းရှိသော ဖဿနှင့်သော်

http://www.dhammadownload.com



၎င်း တကွဖြစ်သော အကြင်ဝိပါက်ဖြစ်သောခံစားခြင်းသဘောသည်(ရှိ၏)၊ ထိုခံစားခြင်းသဘောသည် ဝေဒနာမည်၏၊ ဤသို့အနက်ကို သိအပ်၏။

## ပစ္စုပ္ပန်အကြောင်း ၅-ပါး

**ယခုပစ္စုပ္ပန်ဘဝ၌အကြောင်း ၅-ပါး** ဟူသည်ကား တဏှာအစရှိကုန်သော (ငါးပါးသော)တရားတို့ပေတည်း။ ပဋိစ္စသမုပ္ပါဒ် ဒေသနာပါဠိ၌ တဏှာ ဥပါဒါန် ဘဝတို့သည်(သာလျှင်)လာကုန်၏။သို့သော်လည်း ဘဝကို ယူအပ်သည်ရှိသော် ထိုဘဝ၏ ရှေးအဖို့ဖြစ်ကုန်သော သို့မဟုတ် ထိုဘဝနှင့် ယှဉ်ကုန်သော သင်္ခါရတို့ကို ယူအပ်ပြီး ဖြစ်ကုန်၏။ တဏှာ ဥပါဒါန်တို့ကို ယူခြင်းဖြင့်လည်း ၎င်းတို့နှင့် ယှဉ်သော အဝိဇ္ဇာကို (ယူအပ်ပြီးဖြစ်၏)၊ သို့မဟုတ် အကြင်အဝိဇ္ဇာဖြင့် တွေဝေသည်ဖြစ်၍ ကံကိုပြု၏၊ ထိုအဝိဇ္ဇာကို ယူအပ်ပြီး ဖြစ်၏။ဤသို့အားဖြင့်(အကြောင်းတို့သည်)၅-ပါးတို့ပေတည်း။ ထို့ကြောင့်

"ဤယခု ပစ္စုပ္ပန်ဘဝ၌ အာယတနတို့၏ ရင့်ကျက်ခြင်းကြောင့် မောဟသည် အဝိဇ္ဇာပေတည်း၊ အားထုတ်မှုတို့သည် သင်္ခါရတို့ပေတည်း၊ လိုချင်နှစ်သက်ခြင်းသည် တဏှာပေတည်း၊ ကပ်ငြိခြင်းသည် ဥပါဒါန်ပေတည်း၊ စေတနာသည်(ဖြစ်ကြောင်း ကမ္မ)ဘဝပေတည်း၊ ဤသို့လျှင် ယခုပစ္စုပ္ပန်ဘဝဝယ်ကမ္မဘဝ၌(ပါဝင်ကုန်သော)ဤ၅-ပါးသောတရားတို့သည် နောင်အနာဂတ်ဘဝ၌ပဋိသန္ဓေ၏အကြောင်းတို့ပေတည်း"ဟု ဟောတော်မူ၏။

ထိုပါဠိ၌ "ဤယခုပစ္စုပ္ပန်ဘဝ၌ အာယတနတို့၏ ရင့်ကျက်ခြင်းကြောင့်" ဟူသော စကားဖြင့် ရင့်ကျက်သော အာယတနရှိသော ပုဂ္ဂိုလ်၏ ကံကိုပြုသော ကာလ၌ တွေဝေခြင်းကိုပြ၏။ ကြွင်းသော စကားသည် ပေါ်လွင်သော အနက်ရှိသည်သာတည်း။

## အနာဂတ်အကျိုး ၅-ပါး

**နောင်အနာဂတ်ဘဝ၌ အကျိုး ၅-ပါး** ဟူသည်ကား ဝိညာဏ်အစရှိကုန်သော ၅-ပါးသော တရားတို့ပေတည်း။ ဇာတိကို ယူခြင်းဖြင့် ထို ၅-ပါးသော တရားတို့ကိုဟောတော်မူ(အပ်ကုန်)၏။ဇရာမရဏသည်ကား ထို၅-ပါးသော တရားတို့၏ ဇရာမရဏပေတည်း။ ထို့ကြောင့်

http://www.dhammadownload.com



"နောင် အနာဂတ်ဘဝ၌ (ရှေးဘဝနှင့်) ဆက်စပ်သော သဘောသည် [၂၁၆] ဝိညာဏ်ပေတည်း။ သက်ဝင်ခြင်းသဘောသည် နာမ်ရုပ်ပေတည်း၊ ကြည်လင်သော သဘောသည် အာယတနပေတည်း။ တွေ့ထိသောသဘောသည် ဖဿပေတည်း၊ ခံစားခြင်း သဘောသည် ဝေဒနာပေတည်း၊ ဤ ၅-ပါးသော တရားတို့သည် နောင်အနာဂတ် ဘဝဝယ် ဥပပတ္တိဘဝ၌ ဤပစ္စုပ္ပန်ဘဝ၌ ပြုအပ်သော ကံဟူသော အကြောင်းကြောင့် (ဖြစ်ကုန်)၏" ဟု ဟောတော်မူ၏။

ဤသို့လျှင် ဤဘဝစက်သည် ၂၀-သော အခြင်းအရာဟူသော ထောက်အကန့်ရှိ၏။

## ဝဋ်၃-ပါး

**ဝဋ် ၃-ပါးရှိသော (ဤဘဝစက်သည်) ရပ်တန့်ခြင်းမရှိပဲ အမြဲလည်လျက်ရှိ၏**-ဟူသော ဤစကား၌ သင်္ခါရနှင့် ဘဝတို့သည် ကမ္မဝဋ်မည်၏။ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည် ကိလေသဝဋ်မည်၏။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့သည် ဝိပါကဝဋ်မည်၏။ ဤသို့လျှင် ဤ၃-ပါးသော ဝဋ်တို့ဖြင့် ဝဋ် ၃-ပါးရှိသော ဘဝစက်သည် ကိလေသဝဋ် မပြတ်စဲသေးသမျှ ကာလပတ်လုံး မပြတ်စဲသော အကြောင်း ရှိသည်၏ အဖြစ်ကြောင့် ရပ်တန့်ခြင်းမရှိပဲ အဖန်တလဲလဲ လည်တတ်သောကြောင့် လည်လျက်ရှိသည်သာလျှင်တည်း ဟု သိအပ်၏။

၆၅၅။ ဤဆိုခဲ့သည့်အတိုင်း လည်လျက်ရှိသော ထိုဘဝစက်ကို —

သစ္စာအမှန်ရှိသော သစ္စာအားဖြင့်ငှင်း [၁] ကိစ္စအားဖြင့်ငှင်း တားမြစ်ခြင်းအားဖြင့်ငှင်း ဥပမာတို့ဖြင့်ငှင်း နက်နဲခြင်း အပြား နည်းအပြားအားဖြင့်ငှင်း ထိုက်သည်အားလျော်စွာသိအပ်၏။

---

၁-ဤအနက်သည် သစ္စပ္ပဘဝတော-ဟူသောပုဒ်၏ အနက်ဖြစ်သည်။ သစ္စပ္ပဘဝ-သစ္စတော-ဟု ဆိုလိုလျက် ဂါထာဖြစ်သောကြောင့် သစ္စ-တပုဒ် ကြေနေသည်-ဟု ယူရာ၏။ ထိုသို့ ယူမှ နောက်၌ ဖွင့်လတ့်သော အကျယ်စကားနှင့် အံကျ ကိုက်ညီမည်။

http://www.dhammadownload.com



ထိုဂါထာ၌ (အကျယ်ကား-လောကီ)ကုသိုလ် အကုသိုလ်ကံကို သာမညအားဖြင့် ¹ သမုဒယသစ္စာဟူ၍ သစ္စဝိဘင်းပါဠိ၌ ဟောတော်မူ(အပ်)၏၊ ထိုကြောင့်"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အစရှိသောစကား၌ အဝိဇ္ဇာကြောင့် (ဖြစ်ကုန်သော)သင်္ခါရတို့သည် ဒုတိယ သစ္စာလျှင် အမှန်ရှိသော ဒုတိယသစ္စာပေတည်း၊သင်္ခါရတို့ကြောင့် (ဖြစ်သော)ဝိညာဏ်သည် ဒုတိယသစ္စာ-အမှန်ရှိသော ပဌမသစ္စာပေတည်း။ [၂၁၇] ဝိညာဏ်စသည်တို့ကြောင့် (ဖြစ်ကုန်သော) နာမ်ရုပ်အစရှိကုန်သော ဝိပါက် ဝေဒနာအဆုံးရှိကုန်သော တရားတို့သည် ပဌမသစ္စာအမှန်ရှိသော ပဌမသစ္စာပေတည်း။ ဝေဒနာကြောင့် (ဖြစ်သော) တဏှာသည် ပဌမသစ္စာအမှန်ရှိသောဒုတိယသစ္စာပေတည်း။ တဏှာကြောင့် (ဖြစ်သော) ဥပါဒါန်သည် ဒုတိယ သစ္စာအမှန်ရှိသော ဒုတိယသစ္စာပေတည်း။ ဥပါဒါန်ကြောင့် (ဖြစ်သော) ဘဝသည် ဒုတိယသစ္စာအမှန်ရှိသော ပဌမ ဒုတိယ သစ္စာ ၂-ခုအပေါင်းပေတည်း။ ဘဝကြောင့် (ဖြစ်သော) ဇာတိသည် ဒုတိယ သစ္စာအမှန်ရှိသော ပဌမသစ္စာပေတည်း။ ဇာတိကြောင့် (ဖြစ်သော) ဇရာမရဏသည် ပဌမသစ္စာအမှန်ရှိသော ပဌမသစ္စာ ပေတည်း။ ဤဆိုခဲ့သည့်အတိုင်း ဤဘဝစက်ကို သစ္စာအမှန်ရှိသော သစ္စာအားဖြင့် ထိုက်သည် အားလျော်စွာ သိအပ်၏။

၆၅၆။ ကိစ္စအားဖြင့် သိပုံမှာ ဤဘဝစက်၌ အဝိဇ္ဇာသည် ဝတ္ထုအာရုံတို့၌ သတ္တဝါတို့ကို တွေဝေစေတတ်၏။ သင်္ခါရတို့၏ ထင်ရှား ဖြစ်ခြင်းငှါလည်း

---

၁-သာမညအားဖြင့်-ဟူသည်ကား စေတနာဟူ၍၎င်း စေတနာနှင့်ယှဉ်သော တရားတို့ဟူ၍၎င်း အထူးမပြုမူ၍ (မခွဲခြားမူ၍) အလုံးစုံလည်းဖြစ်သော ထိုကုသိုလ် အကုသိုလ်ကံကို သမုဒယသစ္စာ-ဟု ဟောတော်မူ (အပ်)၏။ ဤကား အနက်။ မှန်ပေ၏၊ တဏှာသည်၎င်း၊ တဏှာမှ ကြွင်းသော ကိလေသာတို့သည်၎င်း၊ ယင်းတို့မှကြွင်းသောအကုသိုလ်တရားတို့သည်၎င်း၊ လောကီကုသိုလ်မူလတို့သည်၎င်း၊ ကုသိုလ်မူလတို့မှကြွင်းသော လောကီကုသိုလ်တရားတို့သည်၎င်း(ရှိကုန်၏၊ ဤတရားအပေါင်းကို ဒုက္ခသမုဒယ-ဟု ဆိုအပ်၏။)-ဟူ၍ စေတနာနှင့် စေတနာ သမ္ပယုတ်တရားဟူသော အထူးကို မပြုမူ၍ (ဝိဘင်းပါဠိတော်၌) ဟောတော်မူ (အပ်) ပေ၏။ တနည်းကား အရိယသစ္စာဟူသောအထူးကို မပြုမူ၍ သမုဒယသစ္စာဟူ၍ ဟောတော်မူ (အပ်)၏၊ ဤကား အနက်။ (ဋီကာ)

http://www.dhammadownload.com



ကျေးဇူးပြုတတ်၏။ ထိုအတူ သင်္ခါရတို့သည်လည်း [1] ပြုပြင်အပ်သော ဘဝကိုလည်း[2] ပြုပြင်တတ်ကုန်၏၊ ဝိညာဏ်၏(ဖြစ်ခြင်းငှါ)လည်း[3] ကျေးဇူးပြုတတ်ကုန်၏။ ဝိညာဏ်သည်လည်း အာရုံကိုလည်း သိတတ်၏၊နာမ်ရုပ်၏ဖြစ်ခြင်းငှါလည်း ကျေးဇူးပြုတတ်၏။နာမ်ရုပ်သည်လည်း အချင်းချင်းကိုလည်း ကျေးဇူးပြုတတ်၏၊ သဠာယတန၏ ဖြစ်ခြင်းငှါလည်း ကျေးဇူးပြုတတ်၏။ သဠာယတနသည်လည်း မိမိနှင့်ဆိုင်သောအဆင်းအစရှိသော အာရုံ၌လည်း ဖြစ်တတ်၏၊ ဖဿ၏ဖြစ်ခြင်းငှါလည်း ကျေးဇူးပြုတတ်၏။ ဖဿသည်လည်း အာရုံကိုလည်း တွေ့ထိတတ်၏၊ ဝေဒနာ၏ဖြစ်ခြင်းငှါလည်း ကျေးဇူးပြုတတ်၏။ ဝေဒနာသည်လည်း အာရုံ၏အရသာကိုလည်း ခံစားတတ်၏၊ တဏှာ၏ဖြစ်ခြင်းငှါလည်း ကျေးဇူးပြုတတ်၏။ တဏှာသည်လည်း တပ်မက်ဖွယ်အာရုံ၌လည်း တပ်စွဲတတ်၏၊ ဥပါဒါန်၏ဖြစ်ခြင်းငှါလည်း ကျေးဇူးပြုတတ်၏။ ဥပါဒါန်သည်လည်း စွဲလမ်းဖွယ်အာရုံတို့ကိုလည်း စွဲလမ်းတတ်၏၊ ဘဝ၏ ဖြစ်ခြင်းငှါလည်း ကျေးဇူးပြုတတ်၏။ ဘဝသည်လည်း အထူးထူးအပြားပြား ၅-ပါးသော ဂတိတို့၌လည်း ပစ်ချတတ်၏၊ ဇာတိ၏ဖြစ်ခြင်းငှါလည်း ကျေးဇူးပြုတတ်၏။ ဇာတိသည်လည်း ထိုဖြစ်ဆဲခန္ဓာတို့၏ အသစ်ဖြစ်စ၏ အဖြစ်ဖြင့် ဖြစ်ခြင်းကြောင့် ခန္ဓာတို့ကိုလည်း ဖြစ်ပေါ်စေတတ်၏၊ ဇရာမရဏ၏ ဖြစ်ခြင်းငှါလည်း ကျေးဇူးပြုတတ်၏။ ဇရာမရဏသည်လည်း

---

၁-ဝိသုဒ္ဓိမဂ်စာကိုယ်၌ ဤအရာတွင် သင်္ခါရာပိ-ရှိသင့်လျက် အပိ-မရှိပဲလိုနေ၏၊ သင်္ခါရာပိ-ဟု ရှိပါမှ နောက်၌ဆိုလတ္တံ့သော ဝိညာဏမ္ပိ-စသည်နှင့် ညီသည်။ ထို့ကြောင့် သင်္ခါရာပိ-ကို ရည်၍ ဤ၌ သင်္ခါရတို့သည်လည်း-ဟု ပြန်သည်။ ထိုပုဒ်၌ အပိ-၏အနက်ဖြစ်သော လည်း-ဟူသော စကားဖြင့် ဆိုခဲ့ပြီးသော အဝိဇ္ဇာနှင့် ပေါင်း၍ပြသည်၊ ပါဠိဝေါဟာရအားဖြင့် ၎င်းကို သမ္ပိဏ္ဍန-ဟု ခေါ်သည်။

၂-သင်္ခတဥ္စ-ပုဒ်၏ အနက်ဖြစ်သည်။ ဘဝကိုလည်း-ဟူရာ၌ စ-၏ အနက်ဖြစ်သော လည်း-ဟူသော စကားဖြင့် ဆိုလတ္တံ့သော ဒုတိယကိစ္စကို ဆည်းသည်၊ ပါဠိဝေါဟာရအားဖြင့် ၎င်းကို သမုစ္စည်း-ဟု ခေါ်သည်။ နောက်၌လည်း ဤအနည်းအတူပင်။

၃-ဤ၌ လက်သည်းကွင်းအတွင်းရှိ စကားသည် ပါတုဘာဝါယ-ဟူသော လိုက်ပုဒ်၏ အနက်ဖြစ်သည်၊ နောက်အပိုဒ်တို့၌မူ ဤစကားကို လက်သည်းကွင်းမပါပဲ ပြဆိုသွားမည်။

http://www.dhammadownload.com



ခန္ဓာတို့၏ ရင့်တတ် ပျက်တတ်သည်၏အဖြစ်ကိုလည်း စီမံခန့်ခွဲတတ်၏၊ ဝါ၊ ပြီးစေတတ်၏၊ သောကစသည်တို့၏ တည်ရာ မှီရာဖြစ်သောကြောင့် တပါးသောဘဝအသစ်ထင်ရှားဖြစ်ခြင်းငှါလည်း ကျေးဇူးပြုတတ်၏။ ထိုသို့ ၂-ပါး ၂-ပါးသော ကိစ္စကို ပြီးစေတတ်သောကြောင့် အလုံးစုံသော (အဝိဇ္ဇာအစရှိသော) ပုဒ်တို့၌ ၂-ပါး အပြားအားဖြင့် ဖြစ်သောကိစ္စအားဖြင့် ဤဘဝစက်ကို ထိုက်သည်အားလျော်စွာ သိအပ်၏။

၆၅၇။ တားမြစ်ခြင်းအားဖြင့် သိပုံမှာ ဤဘဝစက်၌ "အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြသည်"ဟူသော ဤစကားသည် "ပြုလုပ်ဖန်ဆင်းတတ်သောသူ ရှိသည်"ဟူသော မိစ္ဆာအမြင်ကို တားမြစ်သောစကားတည်း။ "သင်္ခါရ ဟူသော အကြောင်းကြောင့် ဝိညာဏ် ဖြစ်သည်"ဟူသော ဤစကားသည် "အတ္တသည် ဘဝသစ်သို့ ပြောင်းသွားသည်" ဟူသော မိစ္ဆာအမြင်ကို တားမြစ်သောစကားတည်း။ "ဝိညာဏ် ဟူသော အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်"ဟူသော ဤစကားသည် အတ္တဟု ကြံဆအပ်သော ခန္ဓာ ၅-ပါး ဟူသော ဝတ္ထု၏ အသီးအသီး ကွဲပြားခြင်းကို ပြခြင်းကြောင့် "တလုံးတခဲတည်း တယောက်တည်း"ဟု ထင်မှတ်သော ဃနသညာကို တားမြစ်သော စကားတည်း။ "နာမ်ရုပ် ဟူသော အကြောင်းကြောင့် သဠာယတန (ဖြစ်သည်)" ဤသို့ အစ ရှိသောစကားသည် "အတ္တသည် မြင်တတ်၏၊ ကြားတတ်၏၊ နံတတ်၏၊ စားတတ်၏၊ထိတတ်၏၊သိတတ်၏၊တွေ့ထိတတ်၏၊ခံစားတတ်၏၊ဆာလောင် တပ်မက်တတ်၏၊ စွဲလမ်းတတ်၏၊ ဖြစ်စေတတ်၏၊ ရင့်တတ် အိုတတ်၏၊ သေတတ် ပျက်တတ်၏" ဤသို့ အစရှိသောမိစ္ဆာအမြင်ကို တားမြစ်သော စကားတည်း။ ထိုသို့ တားမြစ်တတ်သောကြောင့် မိစ္ဆာအမြင်ကို တား မြစ်သောအားဖြင့်လည်း ဤဘဝစက်ကို ထိုက်သည် အားလျော်စွာ သိအပ်၏။

## ဥပမာတို့ဖြင့်သိပုံ

[၂၁၀] ၆၅၈။ ဥပမာတို့ဖြင့် သိပုံကား ဤဘဝစက်၌ အဝိဇ္ဇာသည် သဘောတရားတို့ကို သဘာဝလက္ခဏာ သာမညလက္ခဏာတို့၏ အလို

http://www.dhammadownload.com



အားဖြင့်မမြင်ခြင်းကြောင့် သူကန်းနှင့်တူ၏[၁]။အဝိဇ္ဇာကြောင့်(ဖြစ်သော) သင်္ခါရတို့-သည် သူကန်း၏ ခြေချော်ခြင်းနှင့်တူ၏။ သင်္ခါရကြောင့် (ဖြစ်သော)ဝိညာဏ်သည် ခြေချော်သော သူကန်း၏ လဲကျခြင်းနှင့်တူ၏။ ဝိညာဏ်ကြောင့်(ဖြစ်သော) နာမ်ရုပ်သည် လဲကျသော သူကန်းအား အိုင်းအမာဖြစ်ပေါ်ခြင်းနှင့်တူ၏။ နာမ်ရုပ်ကြောင့် (ဖြစ်သော) သဠာယတနသည် အိုင်းအမာ ပေါက်ကွဲရန် ဖြစ်ပေါ်သော သွေးပုပ် ပြည်စု အဖုလုံးနှင့်တူ၏။သဠာယတနကြောင့်(ဖြစ်သော)ဖဿသည် အိုင်းအမာ၏ အဖုလုံးကို တိုက်ခိုက်မိခြင်းနှင့်တူ၏။ ဖဿကြောင့်(ဖြစ်သော) ဝေဒနာသည် တိုက်ခိုက်မိခြင်းကြောင့် ဖြစ်သော ဆင်းရဲနှင့်တူ၏။ ဝေဒနာကြောင့် (ဖြစ်သော) တဏှာသည် ဆင်းရဲကိုကုစားရန် ပယ်ဖျောက်ရန် လိုလားတောင့်တခြင်းနှင့်တူ၏။ တဏှာကြောင့် (ဖြစ်သော)ဥပါဒါန်သည် ဆင်းရဲကို ကုစားလိုသဖြင့် မသင့်လျော်သောဆေးကို စွဲယူခြင်းနှင့် တူ၏။ ဥပါဒါန်ကြောင့် (ဖြစ်သော) ဘဝသည် စွဲယူအပ်ပြီးသော မသင့်လျော်သော ဆေးကို လူးလိမ်းခြင်းနှင့်တူ၏။ ဘဝကြောင့် (ဖြစ်သော) ဇာတိသည် မသင့်လျော်သော ဆေးကို လူးလိမ်းခြင်းကြောင့် အိုင်းအမာ၏ ဖောက်ပြန်မှု ဖြစ်ပေါ်ခြင်းနှင့် တူ၏။ ဇာတိကြောင့် (ဖြစ်သော)ဇရာမရဏသည် အိုင်းအမာ၏ ဖောက်ပြန်ခြင်းကြောင့် အိုင်းအမာ၏ပေါက်ကွဲခြင်းနှင့် တူ၏။

တနည်း သိပုံကား တိမ်လွှာသည် မျက်စိတို့ကို(လွှမ်းမိုးဖုံးကွယ်သ)ကဲ့သို့ ဤဘဝစက်၌ အဝိဇ္ဇာသည် အမှန်ကို မသိခြင်း မှားယွင်းစွာ သိခြင်း အားဖြင့် သတ္တဝါတို့ကို လွှမ်းမိုးဖုံးကွယ်တတ်၏၊ ထိုမှတပါး အအိမ်ကို လုပ်တတ်သောပိုးကောင်သည် အအိမ်၏အစိတ်အပိုင်းတို့ဖြင့်(မိမိကိုယ်ကို

---

၁-ဤစကားသည် အန္ဓော ဝိယ-ဟူသောပါဠိ၏ ဘာသာပြန်ဖြစ်သည်။ ထိုပါဠိ၌ ဒဋ္ဌဗ္ဗာ-ဟူသောပုဒ်ကို ထည့်၍ "အဝိဇ္ဇာကို သူကန်းကဲ့သို့ မှတ်အပ်၏"-ဟူ၍လည်း ပြန်ဆိုကြ၏။ သို့သော် ဒဋ္ဌဗ္ဗာ ပုဒ်ကိုမထည့်ပဲ "အဝိဇ္ဇာသည် သူကန်းနှင့် တူ၏"ဟူသော ဤအနက်သည်လည်း အင်္ဂပွါယ်အားဖြင့် တူညီသည့်ပြင် စကားကျဉ်း၍ နားလည်လွယ်ခြင်း အကျိုးလည်းရှိ၏။ ထို့ကြောင့် ကျမ်းရင်း၌ မရှိသောပါဠိကို မဆောင်တော့ပဲ ရှိရင်းအတိုင်းကိုသာ အတိအကျ ပြန်ထားသည်။ နောက်၌လည်း နည်းတူပင်။

http://www.dhammadownload.com



ရစ်ပတ်သ)ကဲ့သို့ ထိုအဝိဇ္ဇာ လွှမ်းမိုးဖုံးကွယ်အပ်သော မသိမလိမ္မာသော သူသည် တဖန် ဘဝသစ်ကို ဖြစ်စေတတ်ကုန်သော ပိုးအိမ်၏အစိတ်အပိုင်းနှင့်တူသော သင်္ခါရတို့ဖြင့် မိမိကိုယ်ကို ရစ်ပတ်၏။ ရွှေဆောင် မှူးကြီး မတ်ကြီးတို့က သိမ်းပိုက် စောင့်ရှောက်ထားသော မင်းသားသည် မင်းအဖြစ် မင်းစည်းစိမ်၌ (တည်ရာကိုရသ)ကဲ့သို့ သင်္ခါရတို့က သိမ်းဆည်း ထောက်ပံ့အပ်သော ဝိညာဏ်သည် ၅-ပါးသော ဂတိတို့၌ တည်ရာကိုရ၏။ ဝိညာဏ်သည် (ကံ ကမ္မနိမိတ် ဂတိနိမိတ် ဟူသော) ပဋိသန္ဓေအာရုံကို အာရုံပြုခြင်းကြောင့်[၁] မျက်လှည့်ဆရာသည် မျက်လှည့်အမှုကို (ဖြစ်စေသ)ကဲ့သို့ ပဋိသန္ဓေခဏ၌ (နတ် လူ သားကောင် ငှက် စသည်အားဖြင့်) များသောအပြားရှိသော နာမ်ရုပ်ကို ဖြစ်စေတတ်၏။ ကောင်းသောမြေ၌ တည်သော တောအုပ်သည် (ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်သ)ကဲ့သို့ နာမ်ရုပ်၌ တည်အော သဠာယတနသည် ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်၏။ ပွတ်ခုံ ပွတ်တံအစုံ၏ အချင်းချင်း ပွတ်ခြင်း ကြိတ်ခြင်းကြောင့်[၂] မီးသည်(ဖြစ်ပေါ်သ) ကဲ့သို့ အတွင်းအပြင် အာယတနတို့၏ အချင်းချင်း ထိပါးတိုက်ခိုက်ခြင်းကြောင့် ဖဿသည်ဖြစ်ပေါ်၏။ မီးဖြင့် တွေ့ထိအပ်သောသူအား ပူလောင်ခြင်းဖြစ်သကဲ့သို့ ဖဿဖြင့် တွေ့ထိအပ်သောသူအား ဝေဒနာသည် ဖြစ်ပေါ်၏။ ဆားငန်ရေကို သောက်သောသူအား ရေငတ်ခြင်းသည် (တိုးပွါးသ)ကဲ့သို့ ဝေဒနာကို ခံစားသောသူအား တဏှာသည် တိုးပွါး၏။ ရေငတ်သောသူသည် သောက်ရေ၌ (မြှော်လင့်တောင့်တခြင်းကိုပြုသ)ကဲ့သို့ အာရုံကို ဆာငတ်သော

---

၁-အာရုံပြုခြင်းကြောင့်-ဟူသော ဤအနက်သည် "ပရိကပ္ပနတော‌တိ အာရမ္မဏကရဏတော"-ဟူသော ဋီကာပဌမအဖွင့်နှင့်အညီ ပြန်သောအနက်ဖြစ်သည်။ "သမ္ဘယုတ္တေန ဝါ ဝိတက္ကေန ဝိတက္ကနတော"-ဟူသော ဋီကာ ဒုတိယအဖွင့်အလိုအားဖြင့် "ယှဉ်ဘက်ဝိတက်ဖြင့် ကြံခြင်းကြောင့်"-ဟူ၍လည်း ပြန်ဆိုနိုင်၏။

၂-ဤအနက်သည် အရဏိသဟိတာဘိမန္ထနတော-ဟူသော ပုဒ်၏ မြန်မာပြန်ဖြစ်သည်။ ထိုတွင် အရဏိသဟိတ ပုဒ်ကို သုတ်မဟာဝါအဋ္ဌကထာ နှာ ၄၀၀-၌ အရဏိသဟိတန္တိ အရဏိယုဂဠံ-ဟု ဖွင့်သည်နှင့်အညီ ဤ၌ ယင်းပုဒ်ကို "ပွတ်ခုံပွတ်တံအစုံ"-ဟု ပြန်ဆိုသည်။

http://www.dhammadownload.com



သူသည် ဘဝတို့၌ လိုချင်တောင့်တခြင်းကို ပြု၏၊ ထိုဘဝတို့၌ လိုချင်တောင့်တခြင်းသည် ထိုလိုချင်တောင့်တသောပုဂ္ဂိုလ်၏ စွဲလမ်းမှု ဥပါဒါန် ပေတည်း။အစာကိုတပ်မက်ခြင်းကြောင့် ငါးသည် ငါးမျှားချိပ်ကိုဟပ်သကဲ့သို့ စွဲလမ်းမှု ဥပါဒါန်ဖြင့် ဘဝကို စွဲယူ၏၊ ဝါ၊ ဖြစ်စေ၏။ မျိုးစေ့ရှိလျှင် အညှောက် (ပေါက်သ)ကဲ့သို့ ကမ္မဘဝရှိလျှင် ဇာတိသည် ဖြစ်ပေါ်၏။ ဖြစ်ပြီးသော သစ်ပင်၏ လဲခြင်းကဲ့သို့ ဖြစ်ပြီးသောသူ၏၊ ဝါ၊ ဖြစ်ပြီးသော ခန္ဓာ၏အိုခြင်း သေခြင်းသည် မချွတ်ကေန် ဖြစ်ပေါ်၏။ ထို့ကြောင့် ဤဆိုခဲ့သည့်အတိုင်း ဥပမာတို့ဖြင့်လည်း ဤဘဝစက်ကို ထိုက်သည်အားလျော်စွာ သိအပ်၏။

## နက်နဲခြင်း(ဂမ္ဘီရတာ)၄-ပါး

၆၅၉။ နက်နဲခြင်း အပြားအားဖြင့် သိပုံကား အကျိုး-(အတ္ထ)အားဖြင့် ၎င်း၊ အကြောင်း-(ဓမ္မ)အားဖြင့်၎င်း၊(ဟောစဉ်) ဒေသနာအားဖြင့်၎င်း၊ ထိုးထွင်း၍ သိသော (ပဋိဝေဓ) သဘောအားဖြင့်၎င်း (ပဋိစ္စသမုပ္ပါဒ်၏) နက်နဲသည်၏ အဖြစ် (နက်နဲခြင်း)ကို ရည်ရွယ်၍ မြတ်စွာဘုရားသည် "အာနန္ဒာ ပဋိစ္စသမုပ္ပါဒ်သည် နက်လည်း နက်နဲ၏၊ နက်ယောင်လည်းထင်၏"ဟု ဟောတော်မူ၏။ ထို့ကြောင့် နက်နဲခြင်းအပြားအားဖြင့်လည်း ဤဘဝစက်ကို ထိုက်သည်အားလျော်စွာ သိအပ်၏။

[၂၁၉] ထိုနက်နဲခြင်း ၄-ပါးတို့တွင် ဇာတိကြောင့် ဇရာမရဏသည် မဖြစ်သည် မဟုတ်၊ (ဖြစ်သည်သာလျှင်တည်း)၊ ဇာတိနှင့်ကင်း၍ တပါးသော အကြောင်းကြောင့် ဖြစ်သည်လည်းမဟုတ်၊ (ဇာတိကြောင့် ဇရာမရဏ ဖြစ်ခြင်းဟူသော) ဤအခြင်းအရာအားဖြင့်လည်း ဇာတိကြောင့် တပေါင်းတည်းဖြစ်ပေါ်လာ၏[၁]။ ဤသို့ ဇာတိ ဟူသော အကြောင်းကြောင့်

---

၁-တပေါင်းတည်းဖြစ်ပေါ်လာ၏-ဟူသောအနက်သည်သမုဒါဂစ္ဆတိ-ပုဒ်၏အနက်ဖြစ်သည်။ သံ-သဟ-တကွ တပေါင်းတည်း+ဥ-ဥဒ္ဓံ-အထက်သို့+အာဂစ္ဆတိ-လာ၏=သမုဒါဂစ္ဆတိ-တပေါင်းတည်း အဘက်သို့လာ၏။ ဤ၌ အထက်သို့လာ၏-ဟူသည်မှာ တက်လာ၏-ဟူသောစကားနှင့် ညီမျှ၏။ တက်လာ၏-ဟူသည်မှာလည်း ရုပ်နာမ်တရားတို့၏ မရှိသေးသည့် အခိုက် အတန့်မှ ရှိသည့်အခိုက်အတန့်သို့ တက်လာခြင်းပင် ဖြစ်သည်၊ ထိုသို့ တက်လာခြင်း

http://www.dhammadownload.com



ဘပေါင်းတည်း ဖြစ်ပေါ်လာခြင်းသဘော၏ သိနိုင်ခဲသည်၏အဖြစ်ကြောင့် ဇရာမရဏ၏ ဇာတိဟူသော အကြောင်းကြောင့် ဖြစ်၍ တပေါင်းတည်း ဖြစ်ပေါ်လာခြင်းသဘောသည်၊ ဝါ၊ ဇာတိဟူသော အကြောင်းကြောင့် ဖြစ်ခြင်းသဘောနှင့် (ဇာတိဟူသော အကြောင်းကြောင့်) တပေါင်းတည်း ဖြစ်ပေါ်လာခြင်း သဘောသည် [၁] နက်နဲ၏။ ထို့အတူ ဇာတိ၏ ဘဝဟူသော အကြောင်းကြောင့်ဖြစ်၍ တပေါင်းတည်း ဖြစ်ပေါ်လာခြင်း သဘောသည်နက်နဲ၏။ပ။သင်္ခါရတို့၏ အဝိဇ္ဇာဟူသောအကြောင်းကြောင့် ဖြစ်၍ တပေါင်းတည်း ဖြစ်ပေါ်လာခြင်း သဘောသည်နက်နဲ၏။ ထို့ကြောင့် ဤဘဝစက်သည် အကျိုး(အတ္ထ)အားဖြင့်နက်နဲ၏။ ဤသည်ကား ဤဘဝစက်၌ ရှေးဦးစွာ အတ္ထဂမ္ဘီရတာ ခေါ်သော အကျိုး(အတ္ထ) အားဖြင့် နက်နဲခြင်းပေတည်း။ မှန်ပေ၏၊ အကြောင်း၏အကျိုးကို အတ္ထဟူ၍ ခေါ်အပ်၏။ ဟောတော်မူပုံကား "အကြောင်း၏အကျိုး၌(ဖြစ်သော) ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏" ဟူ၍ပင်တည်း။

ထို့မှတပါး အဝိဇ္ဇာသည် အကြင်ဖြစ်ပုံ အခြင်းအရာအားဖြင့်ရင်း အကြင် အခိုက်အတန့် ရှိသည်ဖြစ်၍ရင်း ထိုထိုသင်္ခါရတို့အား ကျေးဇူးပြုတတ်၏။ ထိုအခြင်းအရာနှင့် အခိုက်အတန့်၏ သိနိုင်ခဲသည်၏ အဖြစ်ကြောင့် [၂]

---

ကိုပင် ဖြစ်ပေါ်လာသည်ဟု ဆိုရသည်။ ထို့ကြောင့် ဤ၌ သမုဒါဂစ္ဆတိ-ပုဒ်ကို တပေါင်းတည်း ဖြစ်ပေါ်လာ၏-ဟု ပြန်ထားခြင်း ဖြစ်သည်။

၁-ဤ**အနက်** ၂-ခုသည် ဇာတိပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော- ဟူသော ပုဒ်၏ အနက်ဖြစ်သည်။ ဇာတိပစ္စယသမ္ဘူတ-ဇာတိဟူသောအကြောင်းကြောင့် ဖြစ်၍+သမုဒါဂတဋ္ဌော-တပေါင်းတည်း ဖြစ်ပေါ်လာခြင်းသဘော=ဇာတိ. ပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော- ဇာတိ ဟူသောအကြောင်းကြောင့် ဖြစ်၍ တပေါင်းတည်း ဖြစ်ပေါ်လာခြင်းသဘော၊ ဤကား ပဌမအနက်၌ ဆိုင်ရာ ပါဠိနှင့် ယှဉ်၍ သိရန်ဖြစ်သည်။ ဒုတိယနောက်အနက်၌ သိရန်မှာ ဇာတိ-ပစ္စယသမ္ဘူတဋ္ဌော-ဇာတိဟူသော အကြောင်းကြောင့် ဖြစ်ခြင်းသဘော နှင့် သမုဒါဂတဋ္ဌော- (ဇာတိ ဟူသော အကြောင်းကြောင့်)တပေါင်းတည်း ဖြစ်ပေါ်လာခြင်းသဘောဟု ဤသို့ ယှဉ်၍ သိအပ်၏။

၂-ထိုအခြင်းအရာနှင့် အခိုက်အတန့်ကို သိနိုင်ခဲသောကြောင့်-ဟု ဆိုလို၏။

http://www.dhammadownload.com



အဝိဇ္ဇာ၏ သင်္ခါရတို့အား ကျေးဇူးပြုတတ်သော သဘောသည် နက်နဲ၏။ ထို့အတူ သင်္ခါရတို့၏။ပ။ဇာတိ၏ ဇရာမရဏအား ကျေးဇူးပြုတတ်သော သဘောသည် နက်နဲ၏။ ထို့ကြောင့် ဤဘဝစက်သည် အကြောင်း(ဓမ္မ) အားဖြင့်နက်နဲ၏။ ဤသည်ကား ဤဘဝစက်၌ ဓမ္မဂမ္ဘီရတာခေါ်သော အကြောင်း(ဓမ္မ)အားဖြင့် နက်နဲခြင်းပေတည်း။ မှန်ပေ၏၊ ဓမ္မဟူသော ဤအမည်သည် အကြောင်း၏ အမည်ပေတည်း။ ဟောတော်မူပုံကား "အကြောင်း၌ (ဖြစ်သော) ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါမည်၏" ဟူ၍ ပင်တည်း။

ထိုမှတပါး ဤပဋိစ္စသမုပ္ပါဒ်ကို ထိုထိုအကြောင်းဖြင့် ထိုထိုအခြင်းအရာ အားဖြင့် ဖြစ်စေအပ်-ဟောအပ်သည်၏ အဖြစ်ကြောင့် ဟောခြင်းသည် လည်း နက်နဲ၏။ ထိုဟောသင့်သော အခြင်းအရာ၌ သဗ္ဗညုတညာဏ်တော်မှ တပါးသော ဉာဏ်သည် ထောက်တည်ရာကို မရနိုင်။ ထို့ကြောင့် ပင်လျှင် ဤဘဝစက်ကို အချို့သုတ်၌ အနုလုံအားဖြင့်၊ (ဟောတော်မူ၏)၊ အချို့ သုတ်၌ ပဋိလုံအားဖြင့်၊ အချို့သုတ်၌ အနုလုံ ပဋိလုံအားဖြင့်၊ အချို့ သုတ်၌ အလယ်မှစ၍ အနုလုံအားဖြင့်သော်၎င်း၊ ပဋိလုံအားဖြင့်သော်၎င်း (ဟောတော်မူ၏။)အချို့သုတ်၌ အစပ် ၃-ခု အလွှာ ၄-ခု ရှိသည်ကို ပြု၍၊ (ဟောတော်မူ၏။)အချို့သုတ်၌ အစပ် ၂-ခု အလွှာ ၃-ခု ရှိသည်ကို ပြု၍၊ အချို့သုတ်၌ အစပ်၁-ခု အလွှာ ၂-ခု ရှိသည်ကို ပြု၍ ဟောတော်မူ(အပ်) ၏။ ထို့ကြောင့် ဤဘဝစက်သည် ဒေသနာအားဖြင့် နက်နဲ၏။ ဤသည် ကား ဒေသနာဂမ္ဘီရတာ ခေါ်သော ဒေသနာအားဖြင့် နက်နဲခြင်း ပေတည်း။

ထိုမှတပါး ဤဘဝစက်၌ အဝိဇ္ဇာစသည်တို့၏ အသီးအသီးသော သဘောသည် (ရှိ၏)၊ ယင်းသဘောကိုသိလျှင် အဝိဇ္ဇာစသည်တို့ကို မိမိသဘောလက္ခဏာအားဖြင့် မှန်စွာသိအပ်ပြီး ဖြစ်(ကုန်)၏။ (အဝိဇ္ဇာ စသည်တို့၏) ထို(အသီးအသီးသော) သဘောသည် သက်ဝင်နိုင်ခဲသော ကြောင့် နက်နဲ၏။ ထို့ကြောင့် ဤဘဝစက်သည် ထိုးထွင်း၍ သိအပ်သော ပဋိဝေဓသဘောအားဖြင့် နက်နဲ၏။ ထိုနက်နဲပုံကို ချဲ့၍ပြအံ့။ ဤဘဝစက်၌ အဝိဇ္ဇာ၏ မသိခြင်းသဘော, မမြင်ခြင်းသဘော, သစ္စာကို ထိုးထွင်း၍ မသိခြင်း သဘောသည် နက်နဲ၏။ သင်္ခါရတို့၏ ပြုပြင်ခြင်းသဘော,

http://www.dhammadownload.com



အားထုတ်ခြင်းသဘော, တပ်မက်မှုနှင့်တကွ ဖြစ်ခြင်းသဘော, တပ်မက်မှု ကင်းခြင်းသဘောသည် (နက်နဲ၏)။ ဝိညာဏ်၏ အတ္တမှ ဆိတ်သော သဘော, ကြောင့်ကြ ဗျာပါရကင်းသော သဘော, ဘဝဟောင်းမှ ပြောင်းရွှေ့ခြင်းမရှိမူ၍ ဘဝသစ်၌ ပဋိသန္ဓေ၏ ထင်ရှားဖြစ်ခြင်းသဘောသည် (နက်နဲ၏)။ နာမ်ရုပ်၏ တပေါင်းတည်းဖြစ်ခြင်း သဘော, အသီးအသီး ခွဲခြမ်းအပ်သော သဘော, မခွဲခြမ်းအပ်သော သဘော, ညွတ်ခြင်းသဘော, ဖောက်ပြန်ခြင်းသဘောသည်(နက်နဲ၏)။ သဠာယတန၏ အစိုးရခြင်းသဘော, လောက၏အဖြစ်, ဒွါရအဖြစ်, ခေတ္တအဖြစ်, အာရုံ၏ထင်ရာဝိသယီ၏အဖြစ် ဟူသော သဘောသည် (နက်နဲ၏)။ ဖဿ၏ [၂၂၀] တွေ့ထိခြင်း, တိုက်ခိုက်ခြင်း, ပေါင်းဆုံခြင်း, စုဝေးခြင်း သဘောသည် (နက်နဲ၏)။ ဝေဒနာ၏ အာရုံ၏အရသာကိုခံစားခြင်းသဘော, ချမ်းသာ, ဆင်းရဲ, အလယ်အလတ်သဘော, အသက်ကောင်မဟုတ်သော သဘော, ခံစားခြင်းသဘောသည် (နက်နဲ၏)။ တဏှာ၏ နှစ်သက် ပျော်မွေ့ခြင်းသဘော, မျိုသိမ်းခြင်းသဘော, စီးသွားခြင်းသဘော, နွယ်နှင့်တူသော, မြစ်နှင့်တူသော သဘော, ဆာလောင်ခြင်းသဘော, သမုဒ္ဒရာကဲ့သို့ ပြည့်စေနိုင်ခဲသော သဘောသည် (နက်နဲ၏)။ ဥပါဒါန်၏ ယူခြင်း, စွဲလမ်းခြင်းသဘော, မြဲမြံစွာ နှလုံးသွင်းခြင်း သဘော, မှားသောအားဖြင့် သုံးသပ်ခြင်းသဘော, ကျော်လွန်နိုင်ခဲသော သဘောသည် (နက်နဲ၏)။ ဘဝ၏ အားထုတ်ခြင်း, ပြုပြင်ခြင်းသဘော, ယောနိ ဂတိ ဋ္ဌိတိ နိဝါသတို့၌ ပစ်ချခြင်း သဘောသည် (နက်နဲ၏)။ ဇာတိ၏ ဖြစ်ခြင်းသဘော, ကောင်းစွာဖြစ်ခြင်း, သက်ဝင်ခြင်း, အသစ်ဖြစ်ခြင်း, ထင်ရှားဖြစ်ပေါ်ခြင်းသဘောသည် (နက်နဲ၏)။ ဇရာမရဏ၏ ကုန်ခြင်း, ပျက်ခြင်းသဘော, ပျက်စီးခြင်း, ဖောက်ပြန်ခြင်းသဘောသည်(နက်နဲ၏)။ ဤသည်ကား ဤဘဝစက်၌ ပဋိဝေဓဂမ္ဘီရတာခေါ်သော ထိုးထွင်း၍သိအပ်သောသဘောဖြင့် နက်နဲခြင်းပေတည်း။

## ကေတ္တစသောနည်း ၄-ပါး

၆၆၀။ နည်းအပြားအားဖြင့် သိပုံကား ဤဘဝစက်၌ ကေတ္တနည်း နာနတ္တနည်း အဗျာပါရနည်း ဧဝံဓမ္မတာနည်း ဟူသော ၄-ပါးသော အနက်ကို သိကြောင်းနည်းတို့သည်၊ ဝါ၊ သိအပ်သော အနက်တို့သည် ရှိကုန်၏။

http://www.dhammadownload.com



ထို့ကြောင့် နည်းအပြားအားဖြင့်လည်း ဤဘဝစက်ကို ထိုက်သည်အား လျော်စွာ သိအပ်၏။

ထို ၄-ပါးသော နည်းတို့တွင် "အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကြသည်၊ သင်္ခါရ ဟူသော အကြောင်းကြောင့် ဝိညာဏ် ဖြစ်သည်" ဤသို့ အစရှိသောနည်းဖြင့် အညှောက် စသည်၏ အဖြစ်ဖြင့် မျိုးစေ့၏၊ ဝါ၊ မျိုးစေ့မှ အပင်အဖြစ်သို့ ရောက်ခြင်းကဲ့သို့ ရုပ်နာမ်အစဉ် သန္တာန်၏ မပြတ်စဲခြင်းသည် ဧကတ္တနည်း မည်၏။ ယင်းဧကတ္တနည်းကို မှန်စွာ မြင်သောပုဂ္ဂိုလ်သည် အကြောင်းနှင့်အကျိုး၏ ဆက်စပ်ခြင်းအား ဖြင့် ရုပ်နာမ်အစဉ်သန္တာန်၏ မပြတ်စဲခြင်းကို သိခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်၏[၁]။ (ယင်းနည်းကို)မှားယွင်းစွာ မြင်သောပုဂ္ဂိုလ်သည် အကြောင်း နှင့် အကျိုးစပ်သောအားဖြင့် မပြတ်ဖြစ်နေသော ရုပ်နာမ်အစဉ်သန္တာန်၏ မပြတ်စဲခြင်းကို တခုတည်း တယောက်တည်းဟု ယူခြင်းကြောင့်သဿတဒိဋ္ဌိ ကို စွဲယူ၏[၂]။

ထိုမှတပါး အဝိဇ္ဇာ စသည်တို့၏ မိမိ မိမိနှင့်ဆိုင်သော သဘောလက္ခဏာ ကို ပိုင်းခြားခြင်းသည် နာနတ္တနည်း မည်၏။ ယင်းနာနတ္တနည်းကို မှန်စွာ မြင်သောပုဂ္ဂိုလ်သည် အသစ်အသစ် ဖြစ်သော တရားတို့၏ ဖြစ်ခြင်းကို မြင်ခြင်းကြောင့် သဿတဒိဋ္ဌိကို ပယ်၏[၃]။ မှားယွင်းစွာ မြင်သော ပုဂ္ဂိုလ်

---

၁-သတ္တဝါသည် သေလျှင် ပြတ်စဲသွားသည်၊ ဘဝမျှ မရှိတော့ဟု ယူဆခြင်း သည် ဥစ္ဆေဒဒိဋ္ဌိမည်၏၊ ဧကတ္တနည်းကို မှန်စွာသိသော ပုဂ္ဂိုလ်မှာ အဝိဇ္ဇာ အစရှိသော အကြောင်းရှိနေလျှင် သေသည်၏အခြားမဲ့၌ ဝိညာဏ်စသော အကျိုးတရားများ ဖြစ်သွားသည်၊ ပြတ်စဲခြင်းမရှိဟု မှန်စွာသိခြင်းကြောင့် ယင်းဥစ္ဆေဒဒိဋ္ဌိ ကင်း၏။ ထိုသို့ ကင်းသည်ကိုပင် ဤ၌ ပယ်၏ဟု ဆိုသည်။

၂-ဘဝဟောင်းက သတ္တဝါသည်ပင် ဘဝသစ်၌ ပြောင်းရွှေ့၍ ဖြစ်သည်ဟု ယူဆ ခြင်းသည် သဿတဒိဋ္ဌိမည်၏၊ ဧကတ္တနည်းကို မှားယွင်းစွာ မြင်သောသူ မှာ အကြောင်းအကျိုးဆက်စပ်လျက် မပြတ်ဖြစ်နေသော ရုပ်နာမ်အစဉ် ကိုပင်လျှင် တယောက်တည်းဟု ထင်မြင်ယူဆသောကြောင့် ယင်း သဿတ ဒိဋ္ဌိ ဖြစ်၏။ ထိုသို့ ဖြစ်သည်ကိုပင် ဤ၌ စွဲယူ၏ဟု ဆိုသည်။

၃-လက္ခဏာကို ပိုင်းခြားခြင်းဟူသည်ကား သဘောတရားကို ပိုင်းခြားခြင်း တည်း၊ အကြောင်း၏ရင်း, အကျိုး၏ရင်း ကွဲပြားသော သဘောရှိသည်

http://www.dhammadownload.com



သည်ကွဲပြားသောသန္တာန်၏ အသီးအသီး ကွဲပြားသည်၏အဖြစ်ကို ယူခြင်းကဲ့သို့ ကခုတည်းသောသန္တာန်၌ ကျရောက်သောအကြောင်းအကျိုး ရုပ်နာမ်တရားအပေါင်း၏ အသီးအသီး ကွဲပြားသည်၏ အဖြစ်ကို ယူခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိကို စွဲယူ၏ ¹။

ထိုမှတပါး အဝိဇ္ဇာအား "သင်္ခါရတို့ကို ငါသည် ဖြစ်စေအပ်ကုန်၏-(ဖြစ်စေရမည်)"ဟူ၍၎င်း၊ သင်္ခါရတို့အားလည်း "ဝိညာဏ်ကို ငါတို့သည် ဖြစ်စေအပ်၏-(ဖြစ်စေရမည်)" ဟူ၍၎င်း-ဤသို့ အစရှိသော ကြောင့်ကြပြုခြင်း ဗျာပါရ၏မရှိခြင်းသည် အဗျာပါရနည်းမည်၏။ ယင်း အဗျာပါရနည်းကို မှန်စွာ မြင်သောပုဂ္ဂိုလ်သည် ပြုတတ်သောအတ္တ၏ မရှိခြင်းကို ယူခြင်းကြောင့် အတ္တဒိဋ္ဌိကိုပယ်၏။ မှားယွင်းစွာ မြင်သောပုဂ္ဂိုလ်သည် ဗျာပါရ

---

၏ အဖြစ်ကို သိခြင်းတည်း–ဟူသော ဤဋီကာအဖွင့်နှင့်အညီ ပြန်ဆိုသော အနက် ဖြစ်သည်၊ ထိုအလိုအားဖြင့် ပိုင်းခြား၍ သိသောဉာဏ်ကို နာနတ္တနည်းဟု ဆိုရပေလိမ့်မည်။ သို့သော် ကေတ္တနည်းအရာ၌ "သန္တာနာနု-ပစ္ဆေဒ-ရုပ်နာမ်အစဉ်သန္တာန်၏ မပြတ်စဲခြင်းသည် ကေတ္တနည်း မည်၏"ဟု ဆိုခဲ့၏၊ မပြတ်စဲခြင်းကို သိသောဉာဏ်ကို ကေတ္တနည်းဟု မဆိုခဲ့။ ထို့ကြောင့် ထိုကေတ္တနည်း၌ကဲ့သို့ပင် ဤအရာ၌လည်း ဝဝတ္ထာနပုဒ်ကို အသီးအသီး တည်ခြင်း- ကွဲပြားခြင်းဟု အနက်ပြန်ပြီးလျှင် "အဝိဇ္ဇာစသည်တို့၏ မိမိ မိမိနှင့် ဆိုင်သော သဘောလက္ခဏာ၏ အသီးအသီး ကွဲပြားခြင်းသည် နာနတ္တနည်း မည်၏"ဟု ပြန်ဆိုလျှင် သာ၍ သင့်လျော်ရာ၏။

၁-နာနတ္တနည်းကို မှားယွင်းစွာ မြင်သောသူသည် သတ္တဝါတဦး၏ သန္တာန်နှင့် အခြားတဦး၏ သန္တာန်ကို ကွဲပြားသည်ဟု ယူသကဲ့သို့ ရှေးဘဝက ဖြစ်ခဲ့သော အဝိဇ္ဇာအစရှိသော အကြောင်းတရားနှင့် နောက်ဘဝ၌ဖြစ်သော ဝိညာဏ်အစရှိသော အကျိုးတရားသည် တဦးတည်း၏ သန္တာန်၌ပင် ဖြစ်ငြားသော်လည်း တယောက်စီ တခြားစီဟု ယူဆသည်၊ ထို့ကြောင့် "အဝိဇ္ဇာအစရှိသောအကြောင်းတရား ဖြစ်ခဲ့ရာ ရှေးဘဝက ရုပ်နာမ်အစဉ် သန္တာန် မရှိတော့ပြီ၊ ရှေးဘဝက သတ္တဝါ ပြတ်စဲသွားပြီ၊ နောက်ဘဝ၌ သတ္တဝါအသစ် ဖြစ်ပေါ်လာသည်" ဟု ယူဆသည်၊ ထိုသို့ယူလျှင် သေတိုင်း သေတိုင်း ပြတ်စဲသွားသည်ဟု ယူဆသောကြောင့် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။

http://www.dhammadownload.com



မရှိငြားသော်လည်း အဝိဇ္ဇာစသည်တို့၏ သဘာဝနိယာမဖြင့် [၁] ပြီးသော အကြောင်း၏ အဖြစ်သည် (ရှိ၏)၊ ထိုအကြောင်း၏အဖြစ်ကို မယူခြင်းကြောင့် အကိရိယဒိဋ္ဌိကို စွဲယူ၏ [၂]။

ထိုမှတပါး နို့ရည်စသည်တို့မှ နို့ဓမ်းစသည်တို့၏ ဖြစ်ခြင်းကဲ့သို့ အဝိဇ္ဇာ အစရှိသော အကြောင်းတို့မှ၊ ဝါ၊ အကြောင်းတို့ကြောင့် သင်္ခါရစသည်တို့၏ သာလျှင် ဖြစ်ခြင်းပေတည်း။ တပါးသောတရားတို့၏ ဖြစ်ခြင်းမဟုတ်ဟု (သိအပ်သော ဤသဘော-ဤနည်းသည်) ဧဝံဓမ္မတာနည်းမည်၏။ ယင်း ဧဝံဓမ္မတာနည်းကို မှန်စွာမြင်သောပုဂ္ဂိုလ်သည် အကြောင်းအားလျော်စွာ အကျိုးကို သိခြင်းကြောင့် အဟေတုကဒိဋ္ဌိကိုရှင်း၊ အကိရိယဒိဋ္ဌိကိုရှင်း ပယ်၏။ မှားယွင်းစွာ မြင်သောပုဂ္ဂိုလ်သည် အကြောင်းအားလျော်စွာ အကျိုး၏ ဖြစ်ခြင်းကို မယူမူ၍ အမှတ်မရှိ တစုံတခုသော အကြောင်းကြောင့် [၂၂၁] အမှတ်မရှိ တစုံတခုသော အကျိုး၏ မဖြစ်သင့်ခြင်း မဖြစ်

---

၁-သဘာဝနိယာမဟူသည်မှာ ဓမ္မနိယာမပင်ဖြစ်သည်၊ ဤပဋိစ္စသမုပ္ပါဒ်အရာ၌ အဝိဇ္ဇာ အစရှိသောအကြောင်းကြောင့် သင်္ခါရ အစရှိသောအကျိုးတရား တို့၏ ကိန်းသေမုချဖြစ်ခြင်းကိုပင် သဘာဝနိယာမဟု ဆိုသည်။

၂-ကုသိုလ် အကုသိုလ်ကံကို ပြု၍မဖြစ်၊ ပြုသော်လည်း ကုသိုလ် အကုသိုလ် မဖြစ်ဟု ယူဆခြင်းသည် အကိရိယဒိဋ္ဌိမည်၏။ အဗျာပါရနည်းကို မှားယွင်း စွာမြင်သောသူမှာ တစုံတခုဖြစ်ပေါ်အောင် ကြောင့်ကြပြုတတ်သောတရား မရှိဟု ယူခြင်းကြောင့် ဤအကိရိယဒိဋ္ဌိ ဖြစ်သည်။

၃-ဧဝံဓမ္မတာနည်းကို မှန်စွာမြင်သောသူသည် အဝိဇ္ဇာသင်္ခါရ အစရှိသော အကြောင်းကြောင့် ထိုအကြောင်းနှင့်လျော်သော သင်္ခါရ ဝိညာဏ်အစရှိ သော အကျိုး ဖြစ်သည်၊ ကုသိုလ်ကံကြောင့် ကောင်းကျိုးချမ်းသာ ဖြစ်သည်၊ အကုသိုလ်ကံကြောင့် မကောင်းကျိုးဆင်းရဲ ဖြစ်သည်—ဤသို့ စသည်ဖြင့် မှန်စွာသိမြင်သဘောကျလျက်ရှိ၏။ ထို့ကြောင့် ထိုသို့မှန်စွာ သိမြင်သူမှာ "သတ္တဝါတို့အား ညစ်နွမ်းဆင်းရဲရန် အကုသိုလ်ကံအကြောင်း မရှိ၊ စင်ကြယ်ချမ်းသာရန် ကုသိုလ်ကံအကြောင်းမရှိ၊ ဆင်းရဲခြင်း ချမ်းသာ ခြင်းသည် အကြောင်းမဲ့ မတော်တဆ သူ့အလိုလိုပင် ဖြစ်သည်"ဟု ယူသော အဟေတုကဒိဋ္ဌိ ကင်းပေသည်။

http://www.dhammadownload.com



နိုင်ခြင်းကို ယူခြင်းကြောင့် အဟေတုကဒိဋ္ဌိကိုရင်း နိယတိဝါဒကိုရင်း [၁] စွဲယူ၏။ ဤဆိုခဲ့သည့်အတိုင်း ဤဘဝစက်ကို-

> သစ္စာအမှန်ရှိသော သစ္စာအားဖြင့်ရင်း ကိစ္စအားဖြင့်ရင်း တားမြစ်ခြင်းအားဖြင့်ရင်း ဥပမာတို့ဖြင့်ရင်း နက်နဲခြင်းအပြား,နည်းအပြားအားဖြင့်ရင်း ထိုက်သည်အားလျော်စွာ သိအပ်၏။

---

၁-အမှတ်မရှိ တစုံတခုသောအကြောင်းကြောင့်-စသည်၌ဆိုလိုသည်မှာ – တပါးသောအကြောင်းကြောင့် တပါးသောအကျိုး၏ ဖြစ်ခြင်းသည် အကယ်၍ ရှိငြားအံ့၊ သံမှ (သံကြောင့်)ဆီ၏ဖြစ်ခြင်းရှိရာ၏၊ ကြံမှ နို့ ရည်၏ ဖြစ်ခြင်းရှိရာ၏၊ အဘယ့်ကြောင့် ထိုသို့မဖြစ်ပဲရှိရာအံ့နည်း၊ (စင်စစ်သော်ကား ထိုသို့ဖြစ်ခြင်းမရှိပေ၊) ထို့ကြောင့် တစုံတခု၏ အကြောင်းဖြစ်သော တစုံတခုမည်သည် မရှိဟူ၍ယူသော အဟေတုကဒိဋ္ဌိကိုရင်း၊ အကြောင်းမရှိငြားသော်လည်း ကိန်းသေသတ်မှတ်ခြင်း—ကိန်းသေမြဲခြင်း ရှိသည်၏အဖြစ်ကြောင့် နှမ်းစေ့ နွားမနှင့် သုက်သွေးစသည်တို့မှ ဆီ နို့ ရည်နှင့် ကိုယ် စသည်တို့သည် ဖြစ်ကြ၏-ဟု ယူသော နိယတိဝါဒကိုရင်း (မှားယွင်းစွာ မြင်သောသူသည်) စွဲယူ၏။ (ဋီကာ) ဤ၌ အဟေတုကဒိဋ္ဌိနှင့် နိယတိဝါဒတို့သည် ဗုဒ္ဓလက်ထက်တော်က မက္ခလိဂေါသာလ၏ အယူဝါဒဖြစ်သည်။ သုတ်သီလက္ခန်ပါဠိ နှာ ၅၀-မှာရှိသည်။ ထိုတွင် အဟေတုကဒိဋ္ဌိကို ရှေးမှတ်ချက်၌ ပြခဲ့ပြီ။ နိယတိဝါဒဟူသည်မှာ "သတ္တဝါအသီးအသီးမှာ ချမ်းသာရန်ရင်း ဆင်းရဲရန်ရင်း အယုတ်အမြတ်ဘဝအမျိုးမျိုး၌ ဖြစ်ရန်ရင်း ဘဝပေါင်း ကမ္ဘာပေါင်းမည်၍ မည်မျှကြာအောင် ကျင်လည်ရန်ရင်း လွတ်မြောက်ရန်ရင်း မုချကိန်းသေသတ်မှတ်ချက် ကန့်သတ်ချက်ရှိ၏၊ ထိုမုချကိန်းသေသတ်မှတ်ချက် ကန့်သတ်ချက် ရှိသည့်အတိုင်းသာလျှင် သတ္တဝါတို့သည် ချမ်းသာကြရသည်၊ ဆင်းရဲကြရသည်၊ ဘဝအမျိုးမျိုး၌ ဖြစ်လျက် ကျင်လည်နေကြရသည်၊ ဆင်းရဲမှလွတ်ချိန်တန်သောအခါ ထိုမုချကိန်းသေသတ်မှတ်ချက် ကန့်သတ်ချက်အရဖြင့်သာလျှင် သံသရာမှ လွတ်မြောက်ကြရသည်။ ပညာရှိပင်ဖြစ်သော်လည်း ချမ်းသာအောင် သံသရာတိုအောင် မပြုကျင့်နိုင်၊ သူမိုက်မှာလည်း မိုက်မဲစွာပြုမှုကြောင့် သံသရာရှည်ခြင်း ဆင်းရဲခြင်းမဖြစ်နိုင်၊ ကိန်းသေကန့်သတ်ချက်အရဖြင့်သာလျှင် အချိန်တန်သောအခါ သံသရာမှ လွတ်မြောက်ကြရသည်" ဟု ယူဆပြောဆိုသော ဝါဒပင်ဖြစ်သည်။

http://www.dhammadownload.com



၆၆၁။ သိသင့်ခြင်း၏အကြောင်းကား ဤဘဝစက်သည် အလွန်နက်နဲသည်၏ အဖြစ်ကြောင့် ထောက်တည်ရာမရှိ၊ အထူးထူးသောနည်းတို့ဖြင့် ချုံရှုပ်ကဲ့သို့ အရှုပ်အထွေးရှိသည်၏ အဖြစ်ကြောင့် ကျော်လွန်နိုင်ခဲ၏။ သမာဓိဟူသော မြတ်သောကျောက်၌ ကောင်းစွာ သွေးအပ်ပြီးသော ဉာဏ်တည်းဟူသောသန်လျက်ဖြင့်—

> ဤဘဝစက်ကို မဖောက်ခွဲမူ၍ မိုးကြိုးစက်ကဲ့သို့ အမြဲနှိပ်စက်တတ်သော သံသရာဘေးကို ကျော်လွန်သောသူသည် အိပ်မက်၌ သော်လည်း တစုံတယောက်မျှ မရှိ။ မှန်ပေ၏၊ မြတ်စွာဘုရားသည်-

"အာနန္ဒာ ဤပဋိစ္စသမုပ္ပါဒ်သည် နက်လည်း နက်နဲ၏၊ နက်ယောင်လည်းထင်၏။ အာနန္ဒာ ဤပဋိစ္စသမုပ္ပါဒ် တရားကိုပင်လျှင် လျော်စွာ မသိခြင်း ထိုးထွင်း၍ မသိခြင်းကြောင့် ဤသတ္တဝါအပေါင်းသည် ဤသို့ ချည်ခင်ရှုပ်ကဲ့သို့ဖြစ်လျက် စာပေါင်းသိုက်ကဲ့သို့ ဖြစ်လျက် ဖြူဆံမြက် ဖြိတ်မြက်ကဲ့သို့ ဖြစ်လျက် ကြီးပွါးခြင်း၏ ကင်းရာဖြစ်သော(အပါယ်ဘုံကို) ဆင်းရဲ၏ ဖြစ်ရာဖြစ်သော (ဒုဂ္ဂတိဘုံကို) ချမ်းသာမှ ပျက်စီး၍ ကျရာဖြစ်သော အပါယ် ၄-ဘုံကိုရင်း (ရုပ်နာမ်ခန္ဓာအစဉ်) သံသရာကိုရင်း မကျော်လွန်နိုင်ပဲ ရှိချေသည်"ဟူသော—

ဤစကားကို ဟောတော်မူ (အပ်) ပေသည်။ (ထိုသို့ ဘဝစက်ကို မသိလျှင် မဖောက်ခွဲနိုင်လျှင် သံသရာဘေးကို မကျော်လွန်နိုင်သောကြောင့်ဘဝစက်ကို သိအပ်ပေသည်)။ ထို(သို့ ဘဝစက်ကို သိအပ်-သိထိုက်လှသော) ကြောင့် မိမိ၏ရင်း သူတပါးတို့၏ရင်း စီးပွါးချမ်းသာအလို့ငှါ ကျင့်သော-

> ဤသာသနာတော်၌ ပညာရှိသည် ကြွင်းသော(အခြား)ကိစ္စတို့ကို ပယ်၍ နက်နဲသောကျေးဇူးပြုပုံ အပြားကို ဟောသော ပဋိစ္စသမုပ္ပါဒ်၌ ထောက်တည်ရာရအောင် အခါခပ်သိမ်း အမှတ်ရလျက်ဝါ၊ အမှတ်ရသော သတိရှိသည်ဖြစ်၍ အားထုတ်ရာသတည်း။ ဤတွင် တခဏ်း ပြီး၏။

http://www.dhammadownload.com



ဤသည်ကား သူတော်ကောင်းတို့ နှစ်သိမ့်ဝမ်းမြောက်ခြင်းအကျိုးငှါ စီရင်(အပ်)သော ဝိသုဒ္ဓိမဂ်ကျမ်းဝယ် ပညာဘာဝနာအရာ၌ ပညာ၏ဖြစ်ရာဘုံကို အကျယ်ပြချက် (ပညာဘူမိနိဒ္ဒေသ)မည်သော ၁၇-ခုမြောက်သော အပိုင်းအခဏ်းပေတည်း။

ပညာ၏ဖြစ်ရာဘုံကို အကျယ်ပြချက် ပြီး၏။

http://www.dhammadownload.com

## ၁၈-ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ-ဒိဋ္ဌိဝိသုဒ္ဓိကို အကျယ်ပြချက်

[၂၂၂] ၆၆၂။ ယခုအခါ[၁] (ဝိပဿနာပညာ၏)ဘုံအာရုံဖြစ်ကုန်သော ဤ(ပြဆိုခဲ့ပြီးသော ခန္ဓာအစရှိသော) တရားတို့၌ သင်ယူခြင်း, မေးမြန်းခြင်းတို့၏ အစွမ်းအားဖြင့်[၂] ဉာဏ်အလေ့အကျက်ကို ပြုပြီးလျှင်"သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိဟူသော နှစ်ပါးသော မူလအခြေအမြစ်ဖြစ်သော အကြင်ဝိသုဒ္ဓိတို့ကို ပြည့်စုံစေအပ်ကုန်၏"ဟူ၍ ရှေး၌ ဆိုခဲ့ပြီ၊ ထို(နှစ်ပါးသော ဝိသုဒ္ဓိတို့)တွင် **သီလဝိသုဒ္ဓိ**မည်သည်ကား ကောင်းစွာ ထက်ဝန်းကျင် စင်ကြယ်သော ပါတိမောက္ခသံဝရစသည် ၄-ပါး အပြားရှိသော သီလပေတည်း၊ ထိုသီလကိုလည်း သီလကို အကျယ်ပြရာ (သီလနိဒ္ဒေသ)၌ အကျယ်ချဲ့၍ ပြခဲ့ပြီးသာလျှင် ဖြစ်ပေသည်။ **စိတ္တဝိသုဒ္ဓိ** မည်သည်ကား ဥပစာရ သမာဓိနှင့်တကွ ရှစ်ပါးသော သမာပတ်တို့ပေတည်း၊ ထိုသမာပတ်တို့ကိုလည်း စိတ်ကို ပဓာနပြု၍ ဟောထားသော သမာဓိကို အကျယ်ပြရာ(သမာဓိနိဒ္ဒေသ)၌[၃]ခပ်သိမ်းသော အခြင်းအရာအားဖြင့် အကျယ်ချဲ့၍ ပြခဲ့ပြီးသာလျှင် ဖြစ်ပေသည်။ ထိုသို့ သီလ, သမာဓိ နှစ်ပါးလုံးကို အကျယ်ပြခဲ့ပြီး ဖြစ်သောကြောင့် ထို(နှစ်ပါးသော ဝိသုဒ္ဓိ)တို့ကို ထို(သီလနိဒ္ဒေသ သမာဓိနိဒ္ဒေသ)တို့၌[၄]

---

၁-ယခုအခါ....ဉာဏ်အလေ့အကျက်ကိုပြုပြီးလျှင် ...သိ (နားလည်၍ ပြည့်စုံစေ) အပ်ကုန်၏-ဟု စပ်ပါ။

၂-ဤပုဒ်ဖြင့် "ဉာဏ်၏ အလေ့အကျက်ကို ပြုခြင်းဟူသည်မှာ သင်ယူခြင်း၊ မေးမြန်းခြင်းပင်" ဟု သိစေ၏။ ထိုတွင် မေးမြန်းခြင်းဟူရာ၌ မေးရုံမျှဖြင့်ကား ဉာဏ်၏အလေ့အကျက် မဖြစ်နိုင်သေး၊ ထိုမေးအပ်သော အနက်ကို ဖြေရှင်းပြသောအခါ နာကြားခြင်း ဆင်ခြင်ခြင်း စသော နှလုံးသွင်းခြင်းဖြင့်သာလျှင် ဉာဏ်၏အလေ့အကျက်ဖြစ်နိုင်သည်။ ထိုသို့သော နှလုံးသွင်းလေ့လာခြင်းကိုရည်၍ "မေးမြန်းခြင်း" ဟု ဆိုပေသည်။

၃-သမာဓိနိဒ္ဒေသ-ဟူရာ၌ ၃-ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသမှ စ၍ ၁၃-အဘိညာနိဒ္ဒေသ အထိ ၁၁-ပါးသောနိဒ္ဒေသတို့ကို ယူအပ်၏။

၄-ထို (သို့ သမာပတ်တို့ကို အကျယ်ပြခဲ့ပြီးသော) ကြောင့် ထို (သမာပတ်) တို့ကို ထို (သမာဓိနိဒ္ဒေသ) ၌-ဟူ၍လည်း ပြန်ဆိုကြ၏။ ထိုသို့ပြန်ဆိုရာ၌

http://www.dhammadownload.com



အကျယ်ခဲ့၍ ပြခဲ့သော နည်းဖြင့်သာလျှင် သိ(နားလည်၍ ပြည့်စုံစေ)အပ်ကုန်၏[၁]။

ထိုမှတပါး "ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ ဟူသော ငါးပါးသော ဝိသုဒ္ဓိတို့သည် (ပညာ၏) ကိုယ်ထည်ဖြစ်သည်"ဟူ၍ ဆိုခဲ့ပြီးသော ထိုစကားရပ်၌-နာမ်နှင့်ရုပ်တို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းသည် **ဒိဋ္ဌိဝိသုဒ္ဓိမည်၏**။

## (၁) နာမ်မှစ၍ရှုနည်း

၆၆၃။ ထို ဒိဋ္ဌိဝိသုဒ္ဓိကို ပြည့်စုံစေလိုသော **သမထယာနိက** (သမထယာဉ်ရှိသော၊ ဝါ-သမထကို အခြေခံပြု၍ ဝိပဿနာ ရှုလိုသော)ပုဂ္ဂိုလ်သည်

---

သီလကိုပြည့်စုံစေရန် ညွှန်ကြားချက်မပါဘဲ လိုနေသောကြောင့်ရင်း, ဝိသုဒ္ဓိမဂ်စကား ဝါကျအစဉ်အားဖြင့် သီလလည်း ပါဝင်နိုင်သည့်ပြင် ပါဝင်လည်း ပါဝင်သင့်သောကြောင့်ရင်း ထိုပြန်ဆိုချက်ကို ဆင်ခြင်သင့်၏။

၁-ဋီကာ၌ နိပ္ဖာဒေတဗ္ဗာ-ဟု ဖွင့်ပြ၏၊ ထိုအလိုအားဖြင့် "ဖြစ်စေသည်၏အစွမ်းအားဖြင့် သိအပ်ကုန်၏" ဟု ပြန်ရာ၏။ သို့သော် ၎င်းဋီကာ၌ပင် "ဝေဒိတဗ္ဗာ သမ္ပာဒေတဗ္ဗာတိ ဝုတ္တံ ဟောတိ-သိအပ်ကုန်၏ ပြည့်စုံစေအပ်ကုန်၏ ဟု ဆိုလိုသည်" ဟူ၍ ထပ်မံရှင်းပြပြန်၏။ ထိုတွင် သိအပ်ကုန်၏-ဟူသောအနက်သည် ဝေဒိတဗ္ဗာ-ပုဒ်၏သဒ္ဒါနက်ပေတည်း၊ ပြည့်စုံစေအပ်ကုန်၏-ဟူသောအနက်သည်ကား ဤအရာ၌ ဆိုလိုအပ်သော အနက်ပေတည်း။ ထိုအနက်နှစ်ပါးလုံး ပြည့်စုံစေရန် ဤ၌ သိ(နားလည်၍ ပြည့်စုံစေ) အပ်ကုန်၏-ဟု ပြန်သည်။ ၎င်းပြန်ချက်သည် တတိယပါရာဇိက သိက္ခာပုဒ်ဝယ် သတ္ထဟာရကံ ဝါဿ ပရိယေသေယျ-ဟူသောပါဌ်၌ ပရိယေသေယျ-ရှာမှီး၍ အနီး၌ ထားငြားအံ့-ဟု ရှေးဆရာတို့ ပြန်ဆိုချက်နှင့်လည်း နှီးနှောမိ၏။ ထိုတွင်လည်း ရှာမှီးငြားအံ့-ဟူသော အနက်သည် ပရိယေသေယျ-ပုဒ်၏သဒ္ဒါနက် ဖြစ်သည်၊ အနီး၌ထားငြားအံ့-ဟူသော အနက်သည်ကား ထိုသိက္ခာပုဒ်၌ ဆိုလိုအပ်သောအနက်ဖြစ်သည်၊ ထို့ကြောင့် ထိုအနက် ၂-ခုလုံးပါဝင်အောင် "ရှာမှီး၍ အနီး၌ ထားငြားအံ့" ဟူ၍ ရှေးဆရာတို့က ပြန်ဆိုတော်မူကြပေသည်။ ဤ၌လည်း ထိုနည်းအတူပင် ပြန်ထားသည်ဟု မှတ်ယူပါလေ။

http://www.dhammadownload.com



နေဝသညာ နာသညာယတနစျာန်ကို ချန်ထား၍ [၁] (ထိုမှ)ကြွင်းသော ရူပါဝစရစျာန် (၄-ပါး), အရူပါဝစရစျာန် (၃-ပါး)တို့တွင် တပါးပါးသော (စျာန်ကို ဝင်စားပြီးလျှင်ထို)စျာန်မှထ၍ ဝိတက်အစရှိကုန်သော စျာနင် [၂] တရားတို့ကိုငင်း၊ ထိုစျာနင်တို့နှင့် ယှဉ်ကုန်သော (ဖဿစသော နာမ်)တရားတို့ကိုငင်း လက္ခဏာ, ရသ စသည်တို့၏ [၃] အစွမ်းအားဖြင့် သိမ်းဆည်းအပ်(ရှုအပ်)ကုန်၏။ သိမ်းဆည်းပြီးလျှင် ဤတရားအလုံးစုံကိုလည်း [၄] အာရုံဆီသို့ ရှေးရှုညွတ်တတ်သည်ဖြစ်၍ ညွတ်ခြင်း အနက်သဘောကြောင့် **နာမ်** ဟု ပိုင်းခြားအပ်၏။

ထိုမှနောက်၌ (ထို့နောင်)[၅] ဥပမာအားဖြင့် (တစုံတယောက်သော) ယောကျ်ားသည် အိမ်တွင်း၌ မြွေကိုမြင်ပြီးလျှင် ထိုမြွေကို အစဉ်လိုက်၍

---

၁-နေဝသညာနာသညာစျာန်သည် အလွန်သိမ်မွေ့သောကြောင့် ၎င်းစျာန်ကို သာဝကတို့သည် အားထုတ်စ၌ မရှုနိုင်ကုန်၊ ထို့ကြောင့် ၎င်းကို ခြွင်းချန်ထားရန် ပြဆိုပေသည်။

၂-စျာနင်-စျာနင်-စျာန်၏အင်္ဂါအစိတ်အပိုင်းတရားဟု ဆိုလို၏။

၃-စသည်-ဟူသောစကားဖြင့် ပစ္စုပဋ္ဌာန်နှင့်ပဒဋ္ဌာန်ကို ယူအပ်၏။ ဤရှုပုံ၌ မိမိသန္တာန်မှာ လောလောဆယ် ဖြစ်ပေါ်သွားသော စျာန်စိတ္တုပ္ပါဒ်တရားတို့ကို ရှုရကြောင်း, ထိုသို့ရှုရာ၌လည်း ထိုတရားတို့ကို လက္ခဏာစသည်ဖြင့် ရှုရကြောင်းကို ပြထားသောကြောင့် နာမ်ကိုရှုလျှင် ဤနည်းအတိုင်းပင် မိမိသန္တာန်မှာ လောလောဆယ် ဖြစ်ပေါ်သော စိတ်စေတသိက်တို့ကို ရှုရမည်၊ ရုပ်ကိုရှုလျှင်လည်း ဒွါရ ၆-ပါး၌ လောလောဆယ် ထင်ပေါ်သောရုပ်ကို ရှုရမည်၊ ထိုသို့ရှုသောအခါမှာလည်း ထိုနာမ်ရုပ်တို့ကို အမည်အားဖြင့်ငင်း, ပုံသဏ္ဌာန်အားဖြင့်ငင်း, အရေအတွက် အားဖြင့်ငင်း ရှုရမည်မဟုတ်၊ လက္ခဏာစသည်ဖြင့်သာလျှင် ရှုရမည်၊ ထိုသို့ရှုပါမှ ဤဝိသုဒ္ဓိမဂ်နှင့် ညီမည်ကို အထူးသတိပြုအပ်၏။

၄-အလုံးစုံကိုလည်း-ဟူသောပုဒ်သည် သဗ္ဗမ္ပိ-ဟူသော ပါဠိ၏ ဘာသာပြန်ဖြစ်သည်။ ဤတရားအလုံးစုံကိုလည်း ပိုင်းခြားအပ်၏၊ ဤတရား တစိတ်တဒေသကိုလည်း ပိုင်းခြားအပ်၏-ဟု ဆိုလို၏၊ နောက်၌လည်း ဤပုဒ်မျိုးတွေ့လျှင် ဤနည်းပင်မှတ်ပါ။

၅-ထိုမှနောက်၌ .... ထိုနာမ်ကို ကပ်၍ရှုလျက် .... ရှာလတ်သော် .... နှလုံးရုပ်ကို တွေ့မြင်၏-ဟု စပ်ပါ။

ကြည့်လတ်သော် ထိုမြွေ၏ ဝပ်နေရာ အရပ်ကို တွေ့မြင်သကဲ့သို့ ထို့အတူပင် ဤယောဂါဝစရ (ယောဂီ) ပုဂ္ဂိုလ်သည်လည်း ထိုနာမ်ကို ကပ်၍ရှုလျက် "ဤနာမ်သည် အဘယ်ကို မှီ၍ ဖြစ်သနည်း"ဟု ရှာလတ်သော် ထိုနာမ်၏ မှီရာဖြစ်သော (ဟဒယဝတ္ထုခေါ်) နှလုံးရုပ်ကို တွေ့မြင်၏။ ထို့နောင် နှလုံးရုပ်၏မှီရာ ဘူတရုပ်တို့ကိုလည်းကောင်း, ဘူတရုပ်တို့ကို မှီသော (နှလုံးရုပ်မှ) ကြွင်းသော ဥပါဒါရုပ်တို့ကိုလည်းကောင်း တွေ့မြင်၏။ ဤသို့ ရုပ်ကို သိမ်းဆည်း၏။ ထိုယောဂီသည် ဤတရားအလုံးစုံကိုလည်း ဖောက်ပြန်တတ်သောကြောင့် **ရုပ်**ဟု ပိုင်းခြား၏။ ထို့နောင် နာမ်သည် အာရုံဆီသို့ ညွတ်ခြင်းသဘောလက္ခဏာ ရှိ၏၊ ရုပ်သည် ဖောက်ပြန်ခြင်း သဘောလက္ခဏာရှိ၏၊ (အာရုံဆီသို့ ညွတ်ခြင်းသဘောရှိသော တရားကား **နာမ်**တည်း၊ ဖောက်ပြန်ခြင်းသဘောရှိသော တရားကား **ရုပ်**တည်း)ဟု နာမ်နှင့် ရုပ်ကို အကျဉ်းအားဖြင့် ပိုင်းခြား၏။

## (၂) ဓာတ်လေးပါးမှစ၍ ရှုနည်း

၆၆၄။ ရုပ်မှစ၍ သိမ်းဆည်းပုံကား- **သုဒ္ဓဝိပဿနာယာနိက** (ဝိပဿနာယာဉ်သက်သက်ရှိသော)[၁] ပုဂ္ဂိုလ်ဖြစ်စေ၊ ဤ (ဆိုခဲ့သော) **သမထယာနိက** ပုဂ္ဂိုလ်ပင် ဖြစ်စေ **စတုဓာတုဝဝတ္ထာနကမ္မဋ္ဌာန်း** (ကိုပြရာ) ၌ ပြဆိုခဲ့ကုန်သော ထိုထို[၂] ဓာတ်ကို သိမ်းဆည်းကြောင်း နည်းအမြွက်တို့တွင် တပါးပါးသော နည်းအမြွက်၏ အစွမ်းဖြင့် အကျဉ်းအားဖြင့် ဖြစ်စေ၊ အကျယ်အားဖြင့်ဖြစ်စေ ဓာတ်လေးပါးတို့ကို သိမ်းဆည်း၏။ ထိုသို့ သိမ်းဆည်းသော

---

၁-ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့ကို မပွါးစေဘဲ အစမှစ၍ ဝိပဿနာကိုသာ ပွါးစေသောပုဂ္ဂိုလ်သည် ဝိပဿနာသက်သက်ဟူသော မဂ်-ဖိုလ်-နိဗ္ဗာန်သို့ ရောက်ကြောင်းယာဉ် ရှိသောကြောင့် သုဒ္ဓဝိပဿနာယာနိကမည်၏။ သုဒ္ဓ-သက်သက်သော + ဝိပဿနာယာန-ဝိပဿနာယာဉ် + ဣက-ရှိသောသူ = သုဒ္ဓဝိပဿနာယာနိက-သက်သက် ဝိပဿနာယာဉ်မျှရှိသောသူ။ သမထအခြေခံမပါပဲ ဝိပဿနာသက်သက်ရှုသူ-ဟု ဆိုလို၏။

၂-ထိုထို... နည်းအမြွက်တို့တွင်-ဟု စပ်ပါ။

http://www.dhammadownload.com



အခါ၌ ဓာတ်တို့သည် ထိုယောဂီအား မှန်ကန်သော မိမိ၏ သဘောလက္ခဏာ အားဖြင့်[၁]....ထင်ပေါ်ကုန်လတ်သော်[၂] [၂၂၃] "ကမ္မသမုဋ္ဌာန်(ကံကြောင့် ဖြစ်သော) ဆံပင်၌[၃] ဓာတ်လေးပါး, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဇီဝိတ, ကာယပသာဒ[၄] ဟူသော ကာယပသာဒနှင့်တကွ ရုပ် ၁၀-ခု အပေါင်း (ကာယဒသကကလာပ်)၏ အစွမ်းအားဖြင့် ရုပ် ၁၀-ပါး၊ ထို(ကမ္မသမုဋ္ဌာန် ဆံပင်)၌ပင်လျှင် ဘာဝရုပ်ရှိသောကြောင့်[၅] ဘာဝရုပ်နှင့်တကွ ရုပ် ၁၀-ခု အပေါင်း (ဘာဝဒသက ကလာပ်)၏ အစွမ်းအားဖြင့် ရုပ် ၁၀-ပါး၊ ထို(ဆံပင်)၌ပင်လျှင် အာဟာရသမုဋ္ဌာန် (အာဟာရကြောင့် ဖြစ်သော) ဩဇဋ္ဌမက (ဩဇာလျှင် ရှစ်ခုမြောက် ရှိသော) ရုပ်အပေါင်း[၆]၊ ဥတု

---

၁-မှန်ကန်သော မိမိ၏ သဘောလက္ခဏာအားဖြင့်-ဟူသော ဤအနက်သည် မဟာဋီကာ ဒုတိယ ၂၅၇-၌ ဖွင့်ပြခဲ့သော အဖွင့်နှင့်အညီ တိတိကျကျ ပြန်ဆို အပ်သောအနက် ဖြစ်သည်။ ယင်းဋီကာအဖွင့်ကို (ဤစာအုပ်တွင်) နှာ ၄၇ မှတ်ချက် ၁-၌ ထုတ်ပြခဲ့ပြီ၊ ပြန်ကြည့်ပါ။

၂-ထင်ပေါ်ကုန်လတ်သော်...၄၄-ပါးသော ရုပ်တို့သည် ထင်ရှားကုန်၏-စသည် ဖြင့် စပ်ပါ။

၃-ကံကြောင့်ဖြစ်သောဆံပင် ဟူသည်မှာ ဦးခေါင်းအသားထဲ၌ တည်ရှိသော အမြစ်အရင်းပိုင်း ဆံပင်ဖြစ်သည်။

၄-ပထဝီ အာပေါ တေဇော ဝါယော-ဤကားဓာတ်လေးပါးဖြစ်သည်။ ဝဏ္ဏ-အဆင်းရုပ်၊ ဂန္ဓ-အနံ့ရုပ်၊ ရသ-အရသာရုပ်၊ ဩဇာ-အဆီအနှစ်-အာဟာရ-ဓာတ်ရုပ်၊ ဇီဝိတ-အသက်ရုပ်၊ ကာယပသာဒ-အတွေ့အထိ ထင်လောက် အောင် ကြည်သော ကိုယ်အကြည်ရုပ်။

၅-မိန်းမ၏ သန္တာန်၌ ဣတ္ထိဘာဝရုပ် ရှိသည်၊ ယောကျ်ား၏ သန္တာန်၌ ပုမ္ဘာဝ ရုပ် ရှိသည်။

၆-ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ-ဟူသော ဤရုပ် ရှစ်ပါး အပေါင်းကို ဩဇဋ္ဌမက-ဟုခေါ်သည်၊ အဋ္ဌကကလာပ်, အဋ္ဌကလာပ် ဟူ၍လည်း ခေါ်သည်။ ၎င်းရုပ်ရှစ်ပါးသည် တပေါင်းတည်းသာ ဖြစ်လေ့ ရှိ၏၊ အသီးအခြားခွဲ၍မရနိုင်၊ ထို့ကြောင့် ၎င်းတို့ကို အဝိနိဗ္ဗောဂရုပ် ဟူ၍ လည်း ခေါ်သည်။

http://www.dhammadownload.com



သမုဋ္ဌာန် (ဥတုကြောင့် ဖြစ်သော) ဩဇဋ္ဌမကရုပ်အပေါင်း၊ စိတ္တသမုဋ္ဌာန် (စိတ်ကြောင့်ဖြစ်သော) ဩဇဋ္ဌမက ရုပ်အပေါင်း အားဖြင့် (ဆိုခဲ့ပြီး ရုပ် ၂၀-တို့မှ)တပါးသော ရုပ် ၂၄-ပါး” -ဤသို့အားဖြင့် ၄၄-ပါးသော ရုပ်တို့ သည်ထင်ရှားကုန်၏[၁]။ ဤအတူပင် (မွေးညှင်း စသော ၂၃-ပါးသော စတု သမုဋ္ဌာန် ကောဋ္ဌာသတို့၌လည်း ထင်ရှားကုန်၏၊ ထို့ကြောင့်) စတုသမုဋ္ဌာန် (အကြောင်း ၄-ပါးကြောင့်ဖြစ်သော) ကောဋ္ဌာသ ၂၄-ပါးတို့၌[၂] ၄၄-ပါး စီသော ရုပ်တို့သည်ထင်ရှားကုန်၏။ ချွေး, မျက်ရည်, တံထွေး, နှပ် ဟူသော ဥတုစိတ္တသမုဋ္ဌာန်(ဥတုနှင့် စိတ်တို့ကြောင့် ဖြစ်သော)ကောဋ္ဌာသ ၄-ပါးတို့၌ ဩဇဋ္ဌမကကလာပ် ၂-ခုတို့၏ အစွမ်းအားဖြင့် ၁၆-ပါးစီသော ရုပ်တို့သည် ထင်ရှားကုန်၏။ အစာသစ်, အစာဟောင်း, ပြည်, ကျင်ငယ် ဟူသော ဥတုသမုဋ္ဌာန်သာလျှင် ဖြစ်သော ကောဋ္ဌာသ ၄-ပါးတို့၌ ဩဇဋ္ဌမက ကလာပ်၏ အစွမ်းအားဖြင့် ရှစ်ပါးစီသော ရုပ်တို့သည် ထင်ရှား

---

၁-၄၄-ပါးသော ရုပ်တို့ထင်ရှား ကုန်၏-ဟူရာ၌ ထိုရုပ် ၄၄-ပါးလုံးတပြိုင်နက် ထင်ပေါ်ကြသည်ကိုလည်း ဆိုလိုသည် မဟုတ်၊ တခုပြီးတခု အစဉ်အတိုင်း ထင်ပေါ်ကြသည်ကိုလည်း ဆိုလိုသည် မဟုတ်၊ ထို ၄၄-ပါးတို့ကို ဆင်ခြင်၍ ရှုရန်လည်း ညွှန်ပြသည်မဟုတ်၊ အမှန်အားဖြင့်သော်ကား ဆံပင်၌ ပထဝီ ခေတ်ဖောဋ္ဌဗ္ဗရုပ်ကို ရှုမိ၍ ထိုပထဝီခေတ်တခု ထင်ရှားလျှင် ၎င်းနှင့်တကွ ဆံပင်ထဲ၌ ရှိသော ရုပ်ပေါင်း ၄၄-ပါးလုံး ထင်ရှားသည်သာ မည်လေတော့ သည်၊ ထို ၄၄-ပါးလုံးကို ရှုခြင်းကိစ္စ ပြီးလေတော့သည်-ဟု ဤသို့သာ သိစေ လိုပေသည်။ ကိစ္စပြီးပုံကား....ပထဝီခေတ် တခုကို မှန်စွာသိလျှင် တပေါင်း တည်းဖြစ်သော ထိုရုပ် ၄၄-ပါးလုံးတို့၌လည်း ပုဂ္ဂိုလ်သတ္တဝါ-ဟု စွဲလမ်း မည့် ကိလေသာ ဖြစ်ခွင့်မရှိပြီ၊ ဤသို့ ကိလေသာ ဖြစ်ခွင့်မရှိပဲ ငြိမ်းသော ကြောင့် ရှုမြင်ခြင်းကိစ္စ ပြီးပေသည်။ ထို့ကြောင့်ပင် “ဓာတ်တို့သည် ထင်ပေါ် ကုန်လတ်သော်....၄၄-ပါးသော ရုပ်တို့သည် ထင်ရှားကုန်၏”-ဟု မိန့်ဆိုပေသည်။ ထင်ရှားပုံကို ပြသော နောက်နောက် စာပိုဒ်တို့၌လည်း နည်းတူပင် သိအပ်၏။

၂-ကောဋ္ဌာသ ၂၄-ပါး ဟူသည်မှာ ၃၂-ပါးသော ကောဋ္ဌာသတို့မှ ချွေး မျက်ရည် တံထွေး နှပ် အစာသစ် အစာဟောင်း ပြည် ကျင်ငယ်-ဟူသော ကောဋ္ဌာသ ရှစ်ပါးကို နုတ်၍ ကြွင်းသော ကောဋ္ဌာသ ၂၄-ပါးကို ဆိုသည်။

http://www.dhammadownload.com



ကုန်၏။ ဤသည်ကား ၃၂-ပါးသော ကောဋ္ဌာသ၌ (ရုပ်တို့၏ ထင်ရှားပုံကို သိရန်) နည်းပေတည်း[1]။

ဤ ၃၂-ပါးသော ကောဋ္ဌာသ(ရုပ်အပေါင်း) ထင်ပေါ်လတ်သော်(ထိုမှ) တပါးကုန်သော ၁၀-ပါးသော ကောဋ္ဌာသ (ရုပ်အပေါင်း)တို့သည်လည်း ထင်ပေါ်ကုန်၏။ ထိုတွင် စား(အပ်)သော အစာစသည်ကို ကြေကျက်စေသော ကံကြောင့်ဖြစ်သော (ကမ္မဇပါစက) တေဇော ကောဋ္ဌာသ၌ ဩဇဋ္ဌမက ရုပ်အပေါင်းနှင့် ဇီဝိတ ရုပ်အားဖြင့် ၉-ပါးသော ရုပ်တို့သည် ထင်ရှားကုန်၏။ ထိုအတူ စိတ်ကြောင့်ဖြစ်သော (စိတ္တဇ) ထွက်သက် ဝင်သက် ကောဋ္ဌာသ၌လည်း ဩဇဋ္ဌမက ရုပ်အပေါင်းနှင့် သဒ္ဒ (အသံ)ရုပ်အားဖြင့် ၉-ပါးသော ရုပ်တို့သည် ထင်ရှားကုန်၏။ကြွင်းသော စတုသမုဋ္ဌာန် (အကြောင်း ၄-ပါးကြောင့် ဖြစ်သော)ကောဋ္ဌာသ ရှစ်ပါးတို့၌[2] ဇီဝိတလျှင် ကိုးခုမြောက်ရှိသော ရုပ်အပေါင်း (ဇီဝိတနဝက ကလာပ်) နှင့် (အာဟာရဇ, ဥတုဇ, စိတ္တဇ အားဖြင့်) ၃-ခုသော ဩဇဋ္ဌမက ကလာပ်တို့၏ အစွမ်းအားဖြင့် ၃၃-ပါးစီသော ရုပ်တို့သည် ထင်ရှားကုန်၏[3]။

---

၁-ကောဋ္ဌာသ ၂၄-ပါး၌ (၂၄×၅) ကလာပ်ပေါင်း ၁၂၀၊ (၂၄×၄၄) ရုပ်ပေါင်း ၁၀၅၆။
ဒွိဇ ကောဋ္ဌာသ ၄-ပါး၌ (၄×၂) ကလာပ်ပေါင်း ၈၊ (၄×၁၆) ရုပ်ပေါင်း ၆၄။
ဥတုဇကောဋ္ဌာသ ၄-ပါး၌ ကလာပ်ပေါင်း ၄၊ (၄×၈) ရုပ်ပေါင်း၃၂။
၃၂ပါးသော ကောဋ္ဌာသတို့၌ ကလာပ်ပေါင်း ၁၃၂၊ ရုပ်ပေါင်း ၁၁၅၂။

၂-ကောဋ္ဌာသ ရှစ်ပါးဟူသည်မှာ သန္တပ္ပန-အဖျားရှိန် အပူငွေ့၊ ဇီရဏ-ရင့်ရော်စေသော ပကတိအပူငွေ့၊ ပရိဒါဟ-အလွန်ပြင်းထန်သော အပူငွေ့ ဟူသော တေဇော ကောဋ္ဌာသသုံးပါးနှင့် ဥဒ္ဒင်္ဂမ-ဆန်တက်သောလေ၊ အဓောဂမ-စုန်ဆင်းသောလေ၊ ကုစ္ဆိသယ-ဝမ်းဗိုက်တွင်း၌လေ၊ ကောဋ္ဌာသယ-အူအတွင်း၌လေ၊ အင်္ဂမင်္ဂါနုသာရီ- အင်္ဂါကြီးငယ်သို့ လျှောက်သောလေ ဟူသော ဝါယော ကောဋ္ဌာသ ၅-ပါးတို့ပင်တည်း။

၃-ပါစက တေဇော၌ ဇီဝိတနဝကကလာပ် ၁-ခု၊ ရုပ်ပေါင်း ၉-ခု။ ထွက်သက် ဝင်သက်၌ သဒ္ဒနဝကကလာပ် ၁-ခု၊ ရုပ်ပေါင်း ၉-ခု။ ကျန်ကောဋ္ဌာသ ရှစ်ပါး၌ (၈×၄)ကလာပ် ၃၂-ခု၊ (၈ ×၃၃)ရုပ် ၂၆၄။ ကောဋ္ဌာသ ၁၀-ပါး၌ ကလာပ် ၃၄-ခု၊ ရုပ်ပေါင်း ၂၈၂-ခု။

http://www.dhammadownload.com



ဤ ဆိုခဲ့သည့်အတိုင်း ထိုယောဂီအား အကျယ်အားဖြင့် **၄၂-ပါးသော ကောဋ္ဌာသ** တို့၏ အစွမ်းအားဖြင့် ဤဘူတရုပ်, ဥပါဒါရုပ်တို့ ထင်ရှားကုန်လတ်သော် **ဝတ္ထုနှင့် ဒွါရတို့၏** အစွမ်းအားဖြင့်[၁] စက္ခုဒသက အစရှိသော ဒသက ကလာပ် (ရုပ် ၁၀-ခုအပေါင်း) ငါးခုနှင့် ဟဒယဝတ္ထု ဒသကကလာပ် အားဖြင့် (ဆိုခဲ့ပြီး ရုပ်တို့မှ) တပါးကုန်သော ၆၀-သော ရုပ်တို့သည်လည်း ထင်ရှားကုန်၏[၂]။ ထိုယောဂီသည် (၁၄၉၄-ခု အရေအတွက်ရှိသော)[၃] ထိုရုပ် အလုံးစုံတို့ကိုလည်း ဖောက်ပြန်ခြင်းသဘော လက္ခဏာအားဖြင့် တပေါင်း တည်းပြု၍ "ဤတရားသည် ရုပ်တည်း"ဟု ရှု၏။

---

၁-စက္ခုစသော ဝတ္ထုဒွါရ ၅-ပါးတို့ ထင်ရှားသဖြင့် စက္ခုဒသကစသော ကလာပ် ၅-ခု၊ ရုပ်ပေါင်း ၅၀/ထင်ရှားသည်၊ ဟဒယဝတ္ထုရုပ် ထင်ရှားသဖြင့် ဟဒယ ဝတ္ထုဒသက ကလာပ် ၁၊ ရုပ်ပေါင်း ၁၀/ထင်ရှားသည်-ဟု ဆိုလို၏။

၂-ဒွါရ ၆-ပါး၌ ကလာပ် ၆-ခု၊ ရုပ်ပေါင်း ၆၀-ရသည်။

၃-၃၂-ကောဋ္ဌာသ၌ ကလာပ်ပေါင်း　　၁၃၂၊ ရုပ်ပေါင်း ၁၁၅၂။
　၁၀-ကောဋ္ဌာသ၌ ကလာပ်ပေါင်း　　၃၄၊ ရုပ်ပေါင်း ၂၈၂။
　၆-ဒွါရ၌ ကလာပ်ပေါင်း　　၆၊ ရုပ်ပေါင်း ၆၀။
　တကိုယ်လုံး၌ စုစုပေါင်း ကလာပ်　　၁၇၂၊ ရုပ်ပေါင်း ၁၄၉၄-ခု ရသည်။

　မဟာဋီကာ ပဌမတွဲ စာမျက်နှာ ၄၆၆-နှင့် သစ္စာသံခေပကျမ်းတို့၌ကား ဒွါရ ၆-ပါးမှ ကလာပ် ၆-ခု ရုပ်ပေါင်း ၆၀-အရာတွင် ကာယဒသကကို ပယ်၍ ကလာပ်၅-ခု ရုပ်ပေါင်း ၅၀-သာ ရေတွက်သည်၊ ထွက်သက်ဝင် သက်၌လည်း သဒ္ဒရုပ်ကို ပယ်၍ အဋ္ဌကလာပ်, ရုပ်ပေါင်း ၈-ခုသာရေတွက် သည်။ ထို့ကြောင့် အထက်ပါ အရေ အတွက်မှ ကလာပ် ၁-ခုနှင့်ရုပ် ၁၁-ခု လျော့သွားသည်။ သို့သော်လည်း ဥတုဇ စိတ္တဇ သဒ္ဒနဝကကလာပ်၂-ခု၊ ရုပ်ပေါင်း ၁၈-ခု ထပ်၍ ထည့်ပြန်သောကြောင့် ထိုကျမ်းတို့ အလိုအား ဖြင့် ကလာပ်ပေါင်း ၁၇၃-ခု၊ ရုပ်ပေါင်း ၁၅၀၁-ခု ဖြစ်လေသည်။

http://www.dhammadownload.com



ဤဆိုခဲ့သည့်အတိုင်း ရုပ်ကို သိမ်းဆည်းပြီးသော ထိုယောဂီအား **ဒွါရ၏အစွမ်း** အားဖြင့် နာမ်တရားတို့သည် ထင်ရှားကုန်၏[၁]။ ထင်ရှားပုံကား .... "ဒွေးပဥ္စဝိညာဏ် ၁၀-ပါး,မနောဓာတ် ၃-ပါး,မနောဝိညာဏ်ဓာတ် ၆၈-ပါး" ဟူသော ၈၁-ပါးသော လောကီစိတ်တို့သည်ရင်း၊ သာမညအားဖြင့် ထို (၈၁-ပါးသော) စိတ်တို့နှင့် တကွ ဖြစ်ကုန်သော "ဖဿ, ဝေဒနာ, သညာ, စေတနာ, ဇီဝိတ, စေကဂ္ဂတာ, မနသိကာရ" ဟူသော ဤ ၇-ပါးစီသော စေတသိက်တို့သည်ရင်း ထင်ရှားကုန်၏[၁]။ လောကုတ္တရာစိတ်တို့သည်ကား သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်အားရင်း သမထယာနိက ပုဂ္ဂိုလ်အားရင်း မသိဘူးမရဘူးသော တရားဖြစ်သောကြောင့် သိမ်းဆည်းအပ်ခြင်း (ရှုအပ်ခြင်းသို့) မရောက်ကုန်သည်သာတည်း[၂]။ ထိုယောဂီသည် ထို(နာမ်တရား) အလုံးစုံတို့ကိုလည်း အာရုံဆီသို့ ညွတ်ခြင်း သဘောလက္ခဏာအားဖြင့် တပေါင်းတည်း ပြု၍ "ဤတရားသည် နာမ်တည်း"ဟု ရှု၏၊ ဤသို့လျှင် တဦးသော ယောဂီသည် ဓာတ်လေးပါး ပိုင်းခြားခြင်းကို ပဓာနပြုသဖြင့် အကျယ်အားဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြား၏။

## (၃) ဓာတ် ၁၈-ပါးအလိုအားဖြင့်ရှုနည်း

[၂၂၄] ၆၆၅။ တပါးသော ယောဂီသည်ကား **၁၈-ပါးသော ဓာတ်တို့၏** အစွမ်းဖြင့် (နာမ်နှင့်ရုပ်ကို ပိုင်းခြား၏)။ အဘယ်သို့နည်း ဟူမူ ? .... ဤသာသနာ၌ ရဟန်းသည်[၃] "ဤအတ္တဘော(ခန္ဓာကိုယ်ထဲ)၌ စက္ခုဓာတ်သည် ရှိ၏။ပ။ မနောဝိညာဏဓာတ်သည် ရှိ၏"ဟု ဤသို့ ဓာတ်တို့ကို ဆင်ခြင်ပြီးလျှင်[၄] လောက(လူအပေါင်း)သည်[၅] မျက်ဖြူဝန်း မျက်နက်ဝန်း

---

၁-မြင်ဆဲခဏ၌ စက္ခုဒွါရကို အကြောင်းပြု၍ ထိုဒွါရ၌ ဖြစ်သော အာဝဇ္ဇန်း အစ တဒါရုံအဆုံးရှိသော စက္ခုဒွါရိကစိတ် စေတသိက် အပေါင်းတို့ ထင်ရှားကြသည်၊ ထို့အတူ ကြားဆဲစသည်၌လည်း သောတဒွါရ စသည်ကိုအကြောင်းပြု၍ ထိုဒွါရတို့၌ဖြစ်သော သောတဒွါရိက စသော စိတ်စေတသိက် အပေါင်းတို့ ထင်ရှားကြသည် ဟု ဆိုလို၏။

၂-ရှုလည်းမရှုနိုင်၊ ရှုလည်းမရှုအပ်-မရှုကောင်း ဟု ဆိုလို၏။

၃-၄-ရဟန်းသည်....ဆင်ခြင်ပြီးလျှင်....မယူမူ၍....စက္ခုဓာတ် ဟူ၍ ပိုင်းခြား၏-ဟု စပ်ပါ။

၅-လောက (လူအပေါင်း)သည်....အသိအမှတ်ပြု၏-ဟုစပ်ပါ။

http://www.dhammadownload.com



တို့ဖြင့် ဆန်းကြယ်သောအလျားရှည်သွယ် အနံကျယ်ပြန့်သော မျက်တွင်း၌ မျက်ကြောတည်းဟူသော ကြိုးငယ်ဖြင့် ဖွဲ့ အပ်သော အကြင်အသားဆိုင်ကို မျက်စိဟူ၍ အသိအမှတ်ပြု၏၊ ထိုအသားဆိုင် မျက်စိကို မယူမူ၍ ခန္ဓနိဒ္ဒေသ (ခန္ဓာကို အကျယ်ပြချက်)ဝယ် ဥပါဒါရုပ်တို့ အရာ၌ ဆိုခဲ့သော အပြား ရှိသော စက္ခုပသာဒ(မျက်စိအကြည်ရုပ်)ကို စက္ခုခေတ် (မျက်စိခေတ်) ဟူ၍ ပိုင်းခြား၏။

ထိုစက္ခုပသာဒ၏ မှီရာဖြစ်သော ဓာတ်လေးပါး, အခြံအရံဖြစ်သော ဝဏ္ဏ ဂန္ဓ ရသ ဩဇာဟူသော ရုပ် ၄-ပါး, အစောင့်အရှောက်ဖြစ်သော ဇီဝိတိန္ဒြေ ရုပ် ၁-ပါး အားဖြင့် အတူတကွဖြစ်သော ရုပ် ၉-ပါး၊ ထို(သသမ္ဘာရစက္ခု၏[1] အရပ်)၌ပင်လျှင် တည်သော[2] ကာယဒသက ဘာဝဒသက ကလာပ်တို့၏ အစွမ်းအားဖြင့် ကမ္မဇရုပ်-၂၀၊ အာဟာရ သမုဋ္ဌာန် အစရှိသော ၃-ခုသော ဩဇဋ္ဌမက ကလာပ်တို့၏ အစွမ်းအားဖြင့် အနုပါဒိန္န (ကံ၏အကျိုး မဟုတ်သော) ရုပ် ၂၄-ပါး - ဤသို့အားဖြင့် (စက္ခုပသာဒမှ)ကြွင်းသော ၅၃-ပါး သော အကြင်ရုပ်တို့သည် ရှိကုန်၏၊ ထို ၅၃-ပါးသော ရုပ်တို့ကိုလည်း စက္ခု ခေတ်ဟု မပိုင်းခြားပေ။သောတခေတ်စသည်တို့၌လည်း ဤနည်းပင်တည်း။ အထူးမှာ ကာယခေတ်၌ (ကာယခေတ်မှ) ကြွင်းသောရုပ်တို့သည် ၄၃-ပါး ဖြစ်ကုန်၏။ အချို့ဆရာတို့သည်ကား ဥတုသမုဋ္ဌာန် စိတ္တသမုဋ္ဌာန် ရုပ်တို့ကို သဒ္ဒနှင့်တကွ ၉-ပါးစီ ရေတွက်၍ (ကာယခေတ်မှ ကြွင်းသော ရုပ်တို့ကို) ၄၅-ပါးဟု ဆိုကုန်၏။

ဤသို့ ပြဆိုခဲ့သည့်အတိုင်း ဤပသာဒရုပ် ၅-ပါး,ၡင်းတို့၏ အာရုံဖြစ်သော ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဟူသော အာရုံရုပ် ၅-ပါး-ဤသို့ အားဖြင့် ၁၀-ပါး သော ရုပ်တို့သည် ၁၀-ပါးသော ခေတ်တို့ ဖြစ်ကုန်၏။ ကြွင်းသော ရုပ်တို့ သည် ဓမ္မခေတ်သာလျှင် ဖြစ်ကုန်၏။ ထို့မှတပါး စက္ခုပသာဒကို မှီလျက် ရူပါရုံကို အာရုံပြု၍ဖြစ်သော(စက္ခုဝိညာဏ်)စိတ်သည် စက္ခုဝိညာဏခေတ် မည်၏၊ ဤနည်းဖြင့် ဒွေးပဉ္စဝိညာဏ်(ဝိညာဏ် ၅-ခု ၂-လီ)တို့သည် ငါးပါး

---

[1] သ-တကွ ဖြစ်သည်+သမ္ဘာရ - အဆောက်အဦ+စက္ခု- မျက်စိ=သသမ္ဘာရ-စက္ခု-ရုပ်ပေါင်း ၅၄-ပါးဟူသော အဆောက်အဦနှင့် တကွဖြစ်သော ပကတိ အသားဆိုင်မျက်စိ။

[2] တည်သော ...ကမ္မဇရုပ် ၂၀,....အနုပါဒိန္နရုပ် ၂၄-ပါး-ဟု စပ်ပါ။

http://www.dhammadownload.com



သော ဝိညာဏဓာတ် ဖြစ်ကုန်၏။ သုံးပါးသော မနောဓာတ် စိတ်တို့သည် တခုသော မနောဓာတ် ဖြစ်၏၊ ၆၈-ပါးသော မနောဝိညာဏဓာတ် စိတ်တို့သည် (တခုသော) မနောဝိညာဏဓာတ်ဖြစ်၏။ သို့ဖြစ်၍ ၈၁-ပါးသော လောကီစိတ်တို့သည် ၇-ပါးသော ဝိညာဏဓာတ်တို့ဖြစ်ကုန်၏။ ၎င်းဝိညာဏဓာတ်တို့နှင့် ယှဉ်ကုန်သော ဖဿအစရှိသော စေတသိက်တို့သည် ဓမ္မဓာတ် ဖြစ်ကုန်၏။ ဤဆိုခဲ့သော အပြားအားဖြင့် ဤဓာတ် ၁၈-ပါး တို့တွင် ဆယ်ခုခွဲသော ဓာတ်တို့သည် ရုပ်တည်း။ ခုနစ်ခုခွဲသော ဓာတ်တို့သည် နာမ်တည်းဟူ၍ ဤသို့လျှင် တဦးသော ယောဂီသည် ၁၈-ပါးသော ဓာတ်တို့၏ အစွမ်းအားဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြား၏။

## (၄) အာယတန ၁၂-ပါးအလိုအားဖြင့်ရှုနည်း

၆၆၆။ တပါးသော ယောဂီသည်ကား **၁၂-ပါးသော အာယတန** တို့၏ အစွမ်းအားဖြင့် (နာမ်ရုပ်ကို ပိုင်းခြား၏)။ အဘယ်သို့နည်း ဟူမူ **?** စက္ခုဓာတ်၌ ဆိုခဲ့သော နည်းဖြင့်ပင်လျှင် ၅၃-ပါးသော ရုပ်တို့ကို ဖယ်ထား၍ စက္ခုပသာဒကိုသာလျှင် စက္ခာယတနဟု ပိုင်းခြား၏။ ထိုစက္ခုဓာတ်၌ ဆိုခဲ့သော နည်းဖြင့်ပင်လျှင် သောတဓာတ်,ဃာနဓာတ်,ဇိဝှါဓာတ်,ကာယဓာတ်တို့ကို သောတာယတန,ဃာနာယတန,ဇိဝှါယတန, ကာယာယတနတို့ ဟူ၍ ပိုင်းခြား၏။ ၎င်း(အာယတန)တို့၏ အာရုံဖြစ်သော တရား ငါးပါးတို့ကို ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန တို့ဟူ၍ ပိုင်းခြား၏။ လောကီဝိညာဏဓာတ် ၇-ပါးတို့ကို မနာယတနဟူ၍ ပိုင်းခြား၏။ ၎င်း မနာယတနနှင့် ယှဉ်ကုန်သော ဖဿအစရှိကုန်သော စေတသိက်တို့ကိုရင်း, (စက္ခာယတန စသည်တို့မှ) ကြွင်းသော ရုပ်အပေါင်းကိုရင်း ဓမ္မာယတနဟု ပိုင်းခြား၏။ [၂၂၅] ဤဆိုခဲ့သော အပြားအားဖြင့် ဤအာယတန ၁၂-ပါးတို့တွင် ဆယ်ခုခွဲသော အာယတနတို့သည်ရုပ်တည်း။ တခုခွဲသော အာယတနတို့သည် နာမ်တည်းဟူ၍ ဤသို့လျှင် တဦးသော ယောဂီသည် ၁၂-ပါးသော အာယတနတို့၏ အစွမ်းအားဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြား၏။

## (၅) ခန္ဓာအလိုအားဖြင့်ရှုနည်း

၆၆၇။ တပါးသော ယောဂီသည်ကား ထို(အာယတန) ထက်သာ၍ ကျဉ်းစွာ **ခန္ဓာ**တို့၏ အစွမ်းဖြင့် (နာမ်နှင့်ရုပ်ကို) ပိုင်းခြား၏။အဘယ်သို့

http://www.dhammadownload.com



နည်းဟူမူ ? .... ဤသာသနာ၌ ရဟန်းသည်[1] ဤ(မိမိ)ကိုယ်၌ အကြောင်း ၄-ပါးကြောင့် ဖြစ်သော ဓာတ် ၄-ပါး,ထိုင်းတို့ကိုမှီသော ဝဏ္ဏ ဂန္ဓ ရသ သြဇာ (ဟူသော ရုပ် ၄-ပါး), စက္ခုပသာဒ စသော ပသာဒရုပ် ၅-ပါး, ဟဒယဝတ္ထု ရုပ်, ဘာဝရုပ်, ဇီဝိတိန္ဒြေ, (စိတ်နှင့်ဥတု ဟူသော) အကြောင်း နှစ်ပါး ကြောင့် ဖြစ်သော သဒ္ဒရုပ်အားဖြင့် ဤ ၁၇-ပါးသော ရုပ်တို့သည် **သမ္မသနုပဂ** (သုံးသပ်နိုင်သော) ရုပ်မည်ကုန်၏၊ **နိပ္ဖန္န** (အကြောင်းတို့ဖြင့် တိုက်ရိုက်ပြီးစီးသော) ရုပ်မည်ကုန်၏။ **ရူပရုပ်** (ရုပ်အစစ်ဖြစ်သောရုပ်) မည်ကုန်၏။ ကာယဝိညတ် ဝစီဝိညတ် အာကာသဓာတ် ရူပဿလဟုတာ ရူပဿမုဒုတာ ရူပဿကမ္မညတာ ဥပစယ သန္တတိ ဇရတာ အနိစ္စတာ[2] ဟူသော ဤ ၁၀-ပါးသော ရုပ်တို့သည်ကား သမ္မသနုပဂရုပ် မဟုတ်ကုန်၊ ရုပ် အစစ်တို့၏ အခြင်းအရာမျှ,[3] ထူးခြားသော အမူအရာမျှ,[4] အကြား

---

၁-ရဟန်းသည်　ဤသို့ပိုင်းခြား၏-ဟု စပ်ပါ။

၂-ကာယဝိညတ္တိ-ကာယဝိညတ်-မိမိအလိုကို သူတပါးအား သိစေသော ကိုယ်အမူ အရာအထူး။ ဝစီဝိညတ္တိ-ဝစီဝိညတ်-မိမိအလိုကို သူတပါးအား သိစေသော နှုတ်အမူအရာအထူး။ အာကာသဓာတ်-ရုပ်ကလာပ်တို့၏ ပတ်ဝန်းကျင်မှ အပိုင်းအခြား။ ရူပဿ လဟုတာ-နိပ္ဖန္နရုပ်အပေါင်း၏ ပေါ့ပါးခြင်း၊ ရူပဿ မုဒုတာ-နိပ္ဖန္နရုပ်အပေါင်း၏ နူးညံ့ခြင်း၊ ရူပဿ ကမ္မညတာ-နိပ္ဖန္နရုပ်အပေါင်း ကွေးခြင်း ဆန့်ခြင်း လှုပ်ရှားခြင်း စသောအမှုကိုပြုရန် စွမ်းနိုင်ခြင်း၊ ဤလဟုတာ မုဒုတာ ကမ္မညတာရုပ်တို့သည် ကွေးခြင်း ဆန့်ခြင်း လှုပ်ရှား ခြင်း ပြောဆိုခြင်း စသည်တို့ကို အလိုရှိတိုင်း လွယ်ကူစွာ ပြုနိုင်သောအခါ တို့၌ အထူးထင်ရှားကုန်၏။ ဥပစယ-နိပ္ဖန္နရုပ်တို့၏ ရှေးဦးစွာ ဖြစ်ပေါ် ခြင်း၊ သန္တတိ-နိပ္ဖန္နရုပ်တို့၏ အစဉ်မပြတ် ဆက်ကာဆက်ကာ ဖြစ်ပေါ်ခြင်း၊ ၎င်း ဥပစယ သန္တတိတို့မှာ နိပ္ဖန္နရုပ်တို့၏ ဥပါဒ်ခဏပင်ဖြစ်သည်။ ဇရတာ- နိပ္ဖန္နရုပ်တို့၏ ရင့်ရော်အိုမင်းခြင်း - နိပ္ဖန္နရုပ်တို့၏ ဌီခဏပင် ဖြစ်သည်။ အနိစ္စတာ-နိပ္ဖန္နရုပ်တို့၏ မမြဲခြင်း-ပျက်စီးခြင်း-နိပ္ဖန္နရုပ်တို့၏ ဘင်ခဏပင် ဖြစ်သည်။

၃-ရုပ်အစစ်တို့၏ အခြင်းအရာဟူသည်မှာ ကာယဝိညတ် ဝစီဝိညတ် ဥပစယ သန္တတိ ဇရတာ အနိစ္စတာတို့ပင် ဖြစ်သည်။

၄-ရုပ်အစစ်တို့၏ ထူးခြားသော အမူအရာဟူသည်မှာ လဟုတာ မုဒုတာ ကမ္မည တာတို့ပင်ဖြစ်သည်။

http://www.dhammadownload.com



ဖြစ်သော ပိုင်းခြားကြောင်းမျှ[1] ဖြစ်ကုန်၏၊ နိပ္ဖန္နရုပ်လည်း မဟုတ်ကုန်၊ ရူပရုပ်လည်း မဟုတ်ကုန်။ သို့သော်လည်း ရုပ်အစစ်တို့၏ အခြင်းအရာမျှ, ထူးခြားသော အမူအရာမျှ,အကြားဖြစ်သောပိုင်းခြားကြောင်းမျှဖြစ်သော ကြောင့် ရုပ်ဟူသော ရေတွက်ခြင်းသို့ ရောက်ကုန်၏။ ဤဆိုခဲ့သော အပြားအားဖြင့် ၂၈-ပါးသော ဤရုပ် အလုံးစုံတို့သည်လည်း[2] ရူပက္ခန္ဓာတည်း၊ ၈၁-ပါးသောလောကီစိတ်တို့နှင့် တကွဖြစ်သော[3] ဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း၊ ၎င်း(ဝေဒနာ)နှင့် ယှဉ်သော[4] သညာသည် သညာက္ခန္ဓာတည်း၊ သင်္ခါရတို့သည် သင်္ခါရက္ခန္ဓာတည်း၊ ဝိညာဏ်သည် ဝိညာဏက္ခန္ဓာတည်း-ဟူ၍ ဤသို့ ပိုင်းခြား၏။ ဤဆိုခဲ့သော အပြားအားဖြင့် ရူပက္ခန္ဓာသည် ရုပ်တည်း၊ လေးပါးသော နာမ်ခန္ဓာတို့သည် နာမ်တည်း - ဟူ၍ ဤသို့လျှင် တဦးသော ယောဂီသည် ခန္ဓာငါးပါးတို့၏ အစွမ်းအားဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြား၏။

## (၆) နာမ်ရုပ်အလိုအားဖြင့်ရှုနည်း

၆၆၈။ တပါးသော ယောဂီသည်ကား "အမှတ်မရှိ တစုံတခုသောရုပ်သည် ရှိ၏၊ ထိုရှိသမျှ အလုံးစုံသော ရုပ်သည် မဟာဘုတ် ၄-ပါးနှင့် (ယင်း)

---

၁-ရုပ်အစစ်တို့၏ အကြားဖြစ်သော ပိုင်းခြားကြောင်း ဟူသည်မှာ အာကာသ ဓာတ်ပင်ဖြစ်သည်။

၂-ဤ ရုပ်အလုံးစုံဘို့သည်လည်း ရူပက္ခန္ဓာတည်း၊ ဤရုပ်များထဲမှ တခု နှစ်ခု စသည် တစိတ်တဒေသသည်လည်း ရူပက္ခန္ဓာတည်း-ဟူသော အနက်ကို "လည်း"-ဟူသော သဒ္ဒါဖြင့် ပြသည်။

၃-လောကုတ္တရာစိတ် စေတသိက်တို့မှာ ဝိပဿနာ မရှုအပ်သောကြောင့် "လောကီစိတ်တို့နှင့်တကွ ဖြစ်သော"-ဟု ဆိုသည်။

၄-"၎င်း(ဝေဒနာ)နှင့် ယှဉ်သော"-ဟူသော ဤဝိသေသနပုဒ်ကို ဤအရာ၌ မဆိုလျှင် ဝိညာဏ်အရာ၌ "၈၁-ပါးသော လောကီစိတ်ဟု ဆိုအပ်သော ဝိညာဏ်သည်"-ဟု အဘူးထုတ်ဖော်၍ ဆိုရပေလိမ့်မည်။ ထိုသို့မဆိုရပဲ သညာ သင်္ခါရ ဝိညာဏ်တို့ကို တန်းတူပြု၍ ပြလိုသောကြောင့် ဤအရာ၌ ဤပုဒ်ကို ဆိုသည်။

http://www.dhammadownload.com



မဟာဘုတ် ၄-ပါးတို့ကို မှီ၍ ဖြစ်သော ဥပါဒါရုပ်သာလျှင်တည်း" ဟူ၍ ဤသို့ အကျဉ်းအားဖြင့် သာလျှင် ဤ(မိမိ၏) အတ္တဘော (ခန္ဓာကိုယ်)၌ ရုပ်ကို သိမ်းဆည်း၍,ထို့ပြင် မနာယတနနှင့် ဓမ္မာယတန တစိတ်တဒေသကို နာမ်ဟု သိမ်းဆည်းပြီးလျှင်, ဤဆိုခဲ့သည့် အတိုင်း ဤနာမ်သည်ငှင်း ဤရုပ်သည်ငှင်း (ရှိ၏)၊ ဤနှစ်ပါးကို နာမ်ရုပ်ဟု ဆိုအပ်သည်ဟူ၍ အကျဉ်းအားဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြား၏။

## နာမ်တရားထင်ရှားအောင်ရှုနည်း

၆၆၉။ ထိုထို (ဓာတ် ၄-ပါးကို ပိုင်းခြားခြင်း အစရှိသော) ရှုနည်း အမြွက်ဖြင့် ရုပ်ကို သိမ်းဆည်းပြီးလျှင် နာမ်ကို သိမ်းဆည်းသော ထိုယောဂီအား နာမ်သည် သိမ်မွေ့သောကြောင့် အကယ်၍ မထင်ပေါ်ပဲ ရှိငြားအံ့၊ ထိုယောဂီသည် ဝန်ချခြင်း (လက်လျှော့ခြင်း)ကို မပြုမူ၍ ရုပ်ကိုသာလျှင် အဖန်ဖန် သုံးသပ်အပ်၏၊ နှလုံးသွင်းအပ်၏၊ သိမ်းဆည်းအပ်၏၊ ပိုင်းခြားအပ်၏။ မှန်ပေ၏၊ ထို(ယောဂီ)အား ရုပ်သည် အကြင်အကြင် အခြင်းအရာဖြင့် (ရှုလျက်)ကောင်းစွာဆေးကြော (သုတ်သင်အပ်)ပြီး ဖြစ်၏၊ အရှုပ်အထွေးမရှိ၊ ကောင်းစွာ ထက်ဝန်းကျင် စင်ကြယ်၏[၁]၊ ထိုထို (ရုပ်၌ အသိဉာဏ် သန့်ရှင်းစင်ကြယ်တိုင်းသော) အခြင်းအရာဖြင့် ထိုရုပ်ကို အာရုံပြုသော(ရှုမှု)နာမ်တရားတို့သည်အလိုလိုပင်ထင်ရှားပေါ်လာကုန်၏။

ဥပမာဖြင့် ထင်စွာ ပြရလျှင် မျက်စိမြင်သော ယောကျ်ားသည် မစင်ကြယ်သော မှန်၌ မျက်နှာအရိပ်ကို ကြည့်လျှင် မျက်နှာအရိပ်သည်(ထိုသူ

---

၁-အားထုတ်ခါစ ပုဂ္ဂိုလ်အား ကောင်းစွာ မထင်ပေါ်သေးသော ရုပ်တို့သည် မစင်ကြယ်သည်မည်ကုန်၏။ ရုပ်အမျိုးတူအချင်းချင်းငှင်း, အမျိုးကွဲရုပ်တို့နှင့်ငှင်း တစပ်တည်း တဆက်တည်း ဖြစ်လျက် ရောယှက်နေသောကြောင့် ရှုပ်ထွေးနေသည် မည်ကုန်၏။ ဉာဏ်ရင့်သောအခါ၌ ကောင်းစွာ ရှင်းရှင်းလင်းလင်း ထင်ပေါ်လာသော ရုပ်တို့သည် သန့်ရှင်းစင်ကြယ်သည်မည်ကုန်၏။ အချင်းချင်းငှင်း, အမျိုးကွဲရုပ်တို့နှင့်ငှင်း မရောယှက်သောကြောင့် အရှုပ်အထွေးကင်းသည် မည်ကုန်၏။ တင်စား၍ ဆိုသောစကားပေတည်း။ အမှန်အားဖြင့်မူကား အသိဉာဏ်၏ သန့်ရှင်းစင်ကြယ်ခြင်း, အရှုပ်အထွေးမရှိခြင်းသာတည်း။

http://www.dhammadownload.com



အား) မထင်ရှားပဲ ရှိ၏၊ သို့သော် ထိုယောက်ျားသည် မျက်နှာအရိပ် မထင် ဟု (စိတ်ပျက်၍) [၂၂၆] မှန်ကို မစွန့်လွှတ်ပေ၊ အမှန်အားဖြင့်သော်ကား ထိုမှန်ကို အဖန်ဖန်ပွတ်တိုက်၏၊မှန်စင်ကြယ်သောအခါ ထိုယောက်ျား၏ မျက်နှာအရိပ်သည် အလိုလိုပင် ထင်ရှားပေါ်လာသကဲ့သို့ရင်း။

တနည်းအားဖြင့် ဆီကို အလိုရှိသောသူသည် နှမ်း မုန့်ညက် (နှမ်းမှုန့်) ကို [၁] ဆီဆုံ၌ ထည့်ပြီးလျှင် ရေဖြင့် ဖြန်း၍ တကြိမ် နှစ်ကြိမ်ကြိတ်ကာမျှဖြင့် ဆီမထွက်လာသော်လည်း နှမ်း မုန့်ညက်ကိုကား မစွန့်လွှတ်ပေ၊ အမှန်အားဖြင့်သော်ကား ထို နှမ်း မုန့်ညက်ကို ရေနွေးဖြင့် အဖန်ဖန် ဖြန်း၍ ဖြန်း၍ နယ်၏၊ ကြိတ်၏၊ ဤသို့ ကြိတ်ခြင်းကို ပြုလတ်သော် ထိုသူအား ကြည်လင်သော နှမ်းဆီသည် ထွက်လာသကဲ့သို့ရင်း။

တနည်းအားဖြင့် ရေကို ကြည်စေလိုသော သူသည် ခပေါင်းရေကြည်စေ့ကို ကိုင်၍ ရေအိုးထဲ၌ လက်ကိုချ၍ တကြိမ် နှစ်ကြိမ် (အိုး၌)ပွတ်တိုက်သွေးကာမျှဖြင့် ရေမကြည်သေးသော်လည်း ခပေါင်းရေကြည်စေ့ကို မစွန့်လွှတ်ပေ၊ အမှန်အားဖြင့်သော်ကား ထိုခပေါင်းရေကြည်စေ့ကို အဖန်ဖန် (အိုး၌) ပွတ်တိုက်သွေး၏၊ ဤသို့ ပွတ်တိုက်သွေးခြင်းကို ပြုလတ်သော် ထိုသူအား ညွန်-အနည်(အနယ်)သည် ကောင်းစွာထိုင်၏၊ရေသည် သန့်ရှင်းကြည်လင်သွားသကဲ့သို့ရင်း။

ထို့အတူပင် ထိုယောဂီရဟန်းသည် ဝန်ချခြင်း (လက်လျှော့ခြင်း) ကို မပြုမူ၍ ရုပ်ကိုသာလျှင် အဖန်ဖန် သုံးသပ်အပ်၏၊ နှလုံးသွင်းအပ်၏၊ သိမ်းဆည်းအပ်၏၊ ပိုင်းခြားအပ်၏။

---

၁-တိလ-နှမ်း+ပိဋ္ဌ-မုန့်ညက်-တိလပိဋ္ဌ-နှမ်းမုန့်ညက်။ ထိုပုဒ်ကို ဋီကာ၌ "တိလပိဋ္ဌန္တိ တိလစုဏ္ဏံ-နှမ်း မုန့်ညက်ဟူသည်ကား နှမ်းမှုန့်ပေတည်း" ဟု ဖွင့်ဦးမည်။ ထို့ကြောင့် ဤ၌ ပုဒ်ရင်း၏ အနက်အတိုင်း နှမ်းမုန့်ညက်ဟူ၍သာ ပြန်ဆို၍ (နှမ်းမှုန့်) ဟူသော ဋီကာအနက်ကိုလည်း သိနိုင်ရန် လက်သည်းကွင်းနှင့် ပြထားသည်။ ဆီပွတ်သောသူသည် ဆီဆုံထဲသို့ နှမ်းလုံးတို့ကိုသာ ထည့်ရသည်၊ နှမ်းမုန့်ညက်-နှမ်းမှုန့်တို့ကို ထည့်ရသည်ကား မဟုတ်ပေ၊ သို့သော် ကြိတ်ချေလိုက်သောအခါ မုန့်ညက်-အမှုန့်ဖြစ်လတ့်ဖြစ်သောကြောင့် ထိုသို့ ဆိုသည်ဟု မှတ်ရာ၏။

http://www.dhammadownload.com



မှန်ပေ၏၊ ထိုယောဂီအား ရုပ်သည် အကြင်အကြင် အခြင်းအရာဖြင့် (ရှုလျက်)ကောင်းစွာဆေးကြော သုတ်သင်(အပ်)ပြီးဖြစ်၏၊ အရှုပ်အထွေး မရှိ ကောင်းစွာ ထက်ဝန်းကျင် စင်ကြယ်၏၊ ထိုထို(ရုပ်၌အသိဉာဏ် သန့်ရှင်း စင်ကြယ်တိုင်းသော) အခြင်းအရာဖြင့် ထိုဉာဏ်၏ ဆန့်ကျင်ဘက် ဖြစ်သော ကိလေသာတို့သည် အနည်(အနယ်)ထိုင်သကဲ့သို့ငြိမ်ဝပ်ကုန်၏၊ညွှန်-အနည် (အနယ်)၏ အထက်၌ ရေကဲ့သို့ စိတ်သည် ကြည်လင်၏၊ ထိုရုပ်ကို အာရုံပြု သော (ရှုမှု)နာမ်တရားတို့သည် အလိုလိုပင် ထင်ရှားပေါ်လာကုန်၏။

ဤဆိုခဲ့ပြီးသော ဥပမာတို့နှင့် အတူပင် (ၚင်းတို့မှ) တပါးကုန်သော ကြံ(ရည်ညှစ်ခြင်း) ခိုးသူ(ကို အမှုစစ်ခြင်း) နွား(ကို ထမ်းပိုးကျင့်ခြင်း) နို့ ့ဓမ်း(မှ ဆီဦးထုတ်ခြင်း) ငါး(ကို ဟင်းချက်ခြင်း) အစရှိကုန်သော[၁] ဥပမာတို့ဖြင့်လည်း ဤဆိုခဲ့သော အနက်ကို ပြအပ်(ပြနိုင်)သေး၏။

## နာမ်တရားထင်ပေါ်ပုံ အခြင်းအရာကို ပြဆိုချက်

၆၇၀။ ဤဆိုခဲ့သည့်အတိုင်း ရုပ်ကို သိမ်းဆည်းမှု ကောင်းစွာ စင်ကြယ် ပြီးသော ထိုယောဂီအား နာမ်တရားတို့သည် **ဖဿ**၏ အစွမ်းအားဖြင့်သော် ၚင်း[၂], **ဝေဒနာ**၏ အစွမ်းအားဖြင့်သော်ၚင်း, **ဝိညာဏ်**၏ အစွမ်းအားဖြင့် သော်ၚင်း (ဤ) သုံးပါးသော အခြင်းအရာတို့ (တွင် တပါးပါးသော အခြင်းအရာ)ဖြင့် ထင်ပေါ်ကုန်၏။ အဘယ်သို့နည်းဟူမူ?.... တဦးသော ယောဂီအား "ပထဝီဓာတ်သည် ခက်မာ ကြမ်းတမ်းခြင်း လက္ခဏာ ရှိ၏ (ခက်မာကြမ်းတမ်းသော သဘောသည် ပထဝီဓာတ်တည်း)"ဟု ဤသို့အစ

---

၁-ဥစ္ဆု-စောရ-ဂေါဏ-ဒဓိ-မစ္ဆာဒီဟိ-ဟူသော ပါဠိပုဒ်ရင်းအတိုင်း အတိအကျ ပြန်လျှင် ကြံ ခိုးသူ-နွား-နို့ ့ဓမ်း-ငါးအစရှိကုန်သော-ဟူ၍ ဖြစ်ကုန်၏၊ ထို အတိုင်းဆိုလျှင် နားလည်ရန်ခက်သည်၊ ထို့ကြောင့် အတော်အတန်နား လည်နိုင်စေရန် လက်သည်းကွင်းပိုများဖြင့် အနက်များကိုလည်း ထည့်၍ ပြန်ဆိုထားသည်။

၂-ဖဿ၏အစွမ်း-ဖဿအလိုအားဖြင့် ထင်သည်-ဟု ဆိုသည်မှာ ဖဿထင်ပေါ် လျှင် ၚင်းနှင့်တပေါင်းတည်းဖြစ်သော နာမ်ခန္ဓာတရား အလုံးစုံပင်ထင်သည် မည်၏၊ ထိုအလုံးစုံကို ရှုခြင်းကိစ္စပြီး၏ဟု ဆိုလိုသည်။ ဝေဒနာဝိညာဏ်တို့၏ အစွမ်းအားဖြင့် ထင်သည်-ဟူရာတို့၌လည်း နည်းတူပင်တည်း။

http://www.dhammadownload.com



ရှိသော[၁]နည်းဖြင့် ဓာတ်တို့ကို သိမ်းဆည်းလတ်(ရှုလတ်)သော်(ပထဝီဓာတ်စသော အာရုံသို့) ရှေးဦးစွာ ကျရောက်တတ်သော ဖဿ (တွေ့ထိမှု) သည် ထင်ပေါ်၏၊ (ဖဿ ထင်လျှင်) ထိုဖဿနှင့် ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း၊ သညာသည် သညာက္ခန္ဓာတည်း၊ ဖဿနှင့်တကွ စေတနာသည် သင်္ခါရက္ခန္ဓာတည်း၊ စိတ်သည် ဝိညာဏက္ခန္ဓာတည်း၊ ဤသို့ ထင်ပေါ်၏[၂]။ ထိုအတူ ဆံပင်၌ "ပထဝီဓာတ်သည် ခက်မာ ကြမ်းတမ်းခြင်း လက္ခဏာရှိ၏။ပ။[၃] ထွက်သက် ဝင်သက်၌ ပထဝီဓာတ်သည် ခက်မာကြမ်းတမ်းခြင်း လက္ခဏာရှိ၏"ဟု ဤသို့စသည်ဖြင့် သိမ်းဆည်းလတ် (ရှုလတ်) သော် (ပထဝီဓာတ်စသောအာရုံသို့)ရှေးဦးစွာ ကျရောက်တတ်သော ဖဿ (တွေ့ထိမှု)သည် ထင်ပေါ်၏။(ဖဿထင်လျှင်)ထိုဖဿနှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း။ပ။ စိတ်သည် ဝိညာဏက္ခန္ဓာတည်း။ဤသို့ ထင်ပေါ်၏။ ဤဆိုခဲ့သောနည်းဖြင့် နာမ်တရားတို့သည် ဖဿ၏ အစွမ်းအားဖြင့် ထင်ပေါ်ကုန်၏။

တဦးသောယောဂီအား "ပထဝီဓာတ်သည် ခက်မာ ကြမ်းတမ်းခြင်း လက္ခဏာရှိ၏-"ဟု ဤသို့ အစရှိသောနည်းဖြင့် ဓာတ်တို့ကို သိမ်းဆည်းလတ်(ရှုလတ်)သော် ထို(ပထဝီဓာတ်စသော) အာရုံ၏ အရသာကို ခံစားတတ်သော ဝေဒနာ ဟူသော ဝေဒနာက္ခန္ဓာသည် ထင်ပေါ်၏။ (ဝေဒနာထင်လျှင်)ထိုဝေဒနာနှင့်ယှဉ်သော သညာသည် သညာက္ခန္ဓာတည်း၊ထိုဝေဒ

---

၁-"အစရှိသော"-ဟူသောစကားဖြင့် "အာပေါဓာတ်သည် ယိုစီးခြင်းလက္ခဏာရှိ၏၊ တေဇောဓာတ်သည် ပူခြင်းလက္ခဏာ ရှိ၏၊ ဝါယောဓာတ်သည် ထောက်ကန်ခြင်း လက္ခဏာရှိ၏"-ဟူသော အကြွင်းဓာတ်သုံးပါး၌ ရှုနည်း ၃-ပါးကို ညွှန်ပြသည်။

၂-ဤသို့သောနည်းဖြင့် တပါးသောနာမ်ခန္ဓာအပေါင်းလည်း ထင်သည်သာမည်၏ဟု ဆိုလိုသည်။ သို့သော် ထိုတပါးသောနာမ်ခန္ဓာတို့ကို ဆင်ခြင်၍ရှုရန် ညွှန်ပြသည်ကားမဟုတ်။ ထို့ကြောင့်ပင် "မနသိကရောတိ-နှလုံးသွင်း၏၊ ဥပပရိက္ခတိ-ရှုဆင်ခြင်၏"ဟု ဤသို့စသည်ဖြင့် မဆိုမူ၍ "ဥပဋ္ဌာတိ-ထင်ပေါ်၏"ဟူ၍သာ ဆိုပေသည်။

၃-ဤ ပေယျာလအရာ၌ ၄၂-ပါးသော ကောဋ္ဌာသတို့တွင် လောမာ-မွေးညှင်း အစရှိသော ကြွင်းသော ကောဋ္ဌာသ ၄၀-ကို မြှုပ်ထားသည်။

http://www.dhammadownload.com



နာနှင့်ယှဉ်သော [၂၂၇] ဖဿသည်၎င်း စေတနာသည်၎င်း သင်္ခါရက္ခန္ဓာ တည်း၊ ထိုဝေဒနာနှင့်ယှဉ်သော စိတ်သည် ဝိညာဏက္ခန္ဓာတည်း၊ ဤသို့ ထင်ပေါ်၏။ ထို့အတူ ဆံပင်၌ "ပထဝီဓာတ်သည် ခက်မာကြမ်းတမ်းခြင်း လက္ခဏာရှိ၏။ပ။ထွက်သက်ဝင်သက်၌ ပထဝီဓာတ်သည် ခက်မာ ကြမ်းတမ်း ခြင်းလက္ခဏာရှိ၏"ဟု ဤသို့ စသည်ဖြင့် သိမ်းဆည်းလတ် (ရှုလတ်)သော် ထို(ပထဝီဓာတ်စသော) အာရုံ၏ အရသာကို ခံစားတတ်သော ဝေဒနာ ဟူသောဝေဒနာက္ခန္ဓာသည် ထင်၏။ပ။ ထိုဝေဒနာနှင့် ယှဉ်သောစိတ်သည် ဝိညာဏက္ခန္ဓာတည်း၊ ဤသို့ ထင်ပေါ်၏၊ ဤဆိုခဲ့သောနည်းဖြင့် နာမ်တရား တို့သည် ဝေဒနာ၏အစွမ်းအားဖြင့် ထင်ပေါ်ကုန်၏။

(ထိုမှ) တပါးသော ယောဂီအား "ပထဝီဓာတ်သည် ခက်မာ ကြမ်း တမ်းခြင်း လက္ခဏာရှိ၏"ဟု ဤသို့ အစရှိသော နည်းဖြင့် ဓာတ်ကိုကို သိမ်းဆည်းလတ် (ရှုလတ်) သော်(ပထဝီဓာတ် စသော) အာရုံကို သိတတ် သော ဝိညာဏ် ဟူသော ဝိညာဏက္ခန္ဓာသည် ထင်ပေါ်၏၊ (ဝိညာဏ်ထင် လျှင်) ထိုဝိညာဏ်နှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း၊ သညာ သည် သညာက္ခန္ဓာတည်း၊ ဖဿသည်၎င်း စေတနာသည်၎င်း သင်္ခါရက္ခန္ဓာ တည်း၊ ဤသို့ ထင်ပေါ်၏။ ထို့အတူ ဆံပင်၌ "ပထဝီဓာတ်သည် ခက်မာ ကြမ်းတမ်းခြင်း လက္ခဏာ ရှိ၏။ပ။ ထွက်သက်ဝင်သက်၌ ပထဝီဓာတ်သည် ခက်မာကြမ်းတမ်းခြင်း လက္ခဏာရှိ၏"ဟု ဤသို့ စသည်ဖြင့်သိမ်းဆည်းလတ် (ရှုလတ်)သော် (ပထဝီဓာတ်စသော) အာရုံကို သိတတ်သော ဝိညာဏ် ဟူသော ဝိညာဏက္ခန္ဓာသည် ထင်ပေါ်၏၊ (ဝိညာဏ်ထင်လျှင်)ထိုဝိညာဏ် နှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း၊ သညာသည် သညာက္ခန္ဓာ တည်း၊ ဖဿသည်၎င်း စေတနာသည်၎င်း သင်္ခါရက္ခန္ဓာတည်း၊ ဤသို့ ထင် ပေါ်၏။ ဤဆိုခဲ့သောနည်းဖြင့် နာမ်တရားတို့သည် ဝိညာဏ်၏ အစွမ်းအား ဖြင့် ထင်ပေါ်ကုန်၏။

ဤနည်း (ဥပါယ်)[၁] ဖြင့်ပင်လျှင် "ကံကြောင့် ဖြစ်သော ဆံပင်၌ ပထဝီဓာတ်သည် ခက်မာကြမ်းတမ်းခြင်းလက္ခဏာရှိ၏"ဟုဤသို့အစရှိသော

---

၁-ဥပါယ-ဥပါယ်-တစုံတခုသောကိစ္စ အကျိုးစီးပွါး ပြီးစီးကြောင်း ဖြစ်မြောက် ကြောင်း နည်းလမ်း။ ဤ၌ကား ဖဿစသည်ကို ပဓာနပြုသဖြင့် ကြွင်းသော နာမ်တရားတို့ကို သိမ်းဆည်းမှုပြီးကြောင်း နည်းကို ဆိုသည်။

http://www.dhammadownload.com



နည်းဖြင့် ၄၂-ပါးသော ဓာတ်အဖွဲ့(ကောဋ္ဌာသ)တို့၌ ဓာတ် ၄-ပါးတို့၏ အစွမ်းအားဖြင့်၎င်း, (ထိုမှ)ကြွင်းသော စက္ခုဓာတ်အစရှိကုန်သော ရုပ်ကို သိမ်းဆည်းကြောင်း မုခ[၁] (ပဓာနအာရုံ)တို့၌၎င်း အလုံးစုံသောနည်းအပြားကို အစဥ်လိုက်၍ ယှဥ်ခြင်းကို ပြုအပ်၏။

၆၇၁။ ဆက်၍ မှာထားဦးအံ့၊ ဤဆိုခဲ့သည့်အတိုင်း ရုပ်ကို သိမ်းဆည်းမှု ကောင်းစွာ စင်ကြယ်ပြီးသော ယောဂီအားသာလျှင် နာမ်တရားတို့သည် သုံးပါးသော အခြင်းအရာတို့ဖြင့် ထင်ရှား ပေါ်တတ်သော ကြောင့် ရုပ်ကိုသိမ်းဆည်းမှု ကောင်းစွာ စင်ကြယ်ပြီးသော ယောဂီသည် သာလျှင် နာမ်ကို သိမ်းဆည်းခြင်းငှါ အားထုတ်အပ်ပေသည်။ ဤမှတပါး သော (ရုပ်ကို သိမ်းဆည်းမှု ကောင်းစွာ မစင်ကြယ်သေးသော)ယောဂီ သည်ကား (နာမ်ကို သိမ်းဆည်းခြင်းငှါ) အားမထုတ်အပ်သေးပေ။အပြစ် ကား- အကယ်၍[၂] ရုပ်တရား တခု နှစ်ခု ထင်လျှင် ရုပ်ကို စွန့်လွှတ်၍ နာမ်ကို သိမ်းဆည်းရန် အားထုတ်ငြားအံ့၊ (ထိုသို့ အားထုတ်လျှင်)ပထဝီကသိုဏ်း ဘာဝနာအရာ၌ ဆိုခဲ့ပြီးသော အပြားရှိသော တောင်၌ ကျက်စားသော (မကျွမ်းကျင်သော) နွားမကဲ့သို့ပင်[၃] (ထိုယောဂီသည်)ကမ္မဋ္ဌာန်းမှ လက် လွှတ် ဆုံးရှုံးသွားတတ်၏။ အသင့်အလျော်မှာမူ ရုပ်ကို သိမ်းဆည်းမှု ကောင်းစွာ စင်ကြယ်ပြီးသည်ဖြစ်၍ နာမ်ကို သိမ်းဆည်းရန်အားထုတ်သော ယောဂီအား ကမ္မဋ္ဌာန်းသည် တိုးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်တတ်ပေ၏။

---

၁-စက္ခုဓာတ်ကို ပဓာနပြု၍ သိမ်းဆည်းခြင်းဖြင့် ၎င်းနှင့်တကွ ဖြစ်သော ရုပ်ပေါင်း ၅၃-ပါးတို့ကို သိမ်းဆည်းပြီး ဖြစ်၏။ ထို့ကြောင့် စက္ခုဓာတ်သည် ရုပ်ပေါင်း ၅၃-ပါးကို သိမ်းဆည်းရာတွင် ပဓာနဖြစ်၍ ရုပ်တို့ကို သိမ်းဆည်း ကြောင်း မုခ မည်၏၊ သောတဓာတ် စသည်တို့၌လည်း နည်းတူပင်သိပါ။

၂-အကယ်၍ ...အားထုတ်ငြားအံ့-ဟု စပ်ပါ။

၃-ရွှေခြေ မမြဲသေးမီ နောက်ခြေကို ကြွမိ၍ တောင်မှ လျှောကျကာ သေရ သော နွားမသည် မရောက်ဘူးသေးသော အရပ်သို့လည်း မရောက်ရ၊ မိမိ၏ မူလနေရာဟောင်းသို့လည်း ပြန်၍ မရောက်နိုင်၊ နှစ်ဖက်လုံးမှ လက်လွှတ် ဆုံးရှုံးသွားသကဲ့သို့ ဖြစ်တတ်သည်-ဟု ဆိုလို၏။

http://www.dhammadownload.com



ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း ဖဿစသည်တို့၏ အစွမ်းအားဖြင့် ထင်ပေါ်ကုန်သော လေးပါးသော နာမ်ခန္ဓာတို့ကို **နာမ်**ဟု ပိုင်းခြား၏။ ထိုနာမ်ခန္ဓာတို့၏ အာရုံဖြစ်ကုန်သော လေးပါးသော မဟာဘုတ် ရုပ်တို့ကိုရင်း, ထိုမဟာဘုတ် ၄-ပါးကို မှီ၍ဖြစ်သော ဥပါဒါရုပ်တို့ကိုရင်း **ရုပ်**ဟု ပိုင်းခြား၏။ ဤဆိုခဲ့သောနည်းဖြင့် ဓာတ် ၁၈-ပါး, အာယတန ၁၂-ပါး, ခန္ဓာငါးပါးဟူသော တေဘူမက (ဘုံသုံးပါး၌ ဖြစ်သော) တရား အလုံးစုံတို့ကိုလည်း သန်လျက် (ထားဦး)ဖြင့် (သေတ္တာနှင့်တူသော) ကြုတ် (အစ်)ကို [၂၂၈] ဖွင့်လှစ်ဘိသကဲ့သို့ရင်း[၁], အစုံသော

---

၁·ကြုတ်, အစ် ဟူသော အမည်များသည် သမုဂ္ဂပုဒ်မှ ဘာသာပြန်ဖြစ်သည်၊ အဖုံးနှင့်အမ အံကျလျက် စေ့နေသော ကြုတ်ဖြစ်စေ, အစ်ဖြစ်စေ တခုတည်းဟု ထင်ရ၏၊ ၎င်းကို ထားဦးဖြင့်ကလပ်၍ ဖွင့်လိုက်သောအခါ အဖုံးနှင့်အမ တခြားစီ ကွဲသွားသကဲ့သို့ နာမ်နှင့်ရုပ် ကွဲပုံကို ဥပမာပြသည်။ နိဿယနှင့် မြန်မာပြန်အဟောင်းတို့၌ ယင်းသမုဂ္ဂ-ပုဒ်ကို ပန်းကပ် ဟု ပြန်ဆိုကြ၏။ ယခုကာလ၌ ပန်းကပ်ကို ပုံသဏ္ဌာန်နှင့်တကွ သိသူ အလွန်ပင်ရှားလိမ့်မည်၊ ယင်းပန်းကပ်မှာ ရှေးမင်း မှူးမတ်တို့ ကွမ်းပန်းပေါက်ပေါက် ထည့်၍ သုံးဆောင်သော အသုံးအဆောင်ဖြစ်သည်၊ ၎င်းကို ကွမ်းကလပ်, ပန်းကလပ်, ကွမ်းသိုဟူ၍လည်း ခေါ်သည်ဟု ကဝိမျက်မှန်သတ်ပုံကျမ်း၌ ဖော်ပြထား၏။ ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ သမုဂ္ဂန္တိ မဉ္ဇူသာသဒိသံ မဟာ-သမုဂ္ဂံ-သမုဂ္ဂံဟူသည်ကား သေတ္တာနှင့်တူသော ကြီးစွာသော သမုဂ္ဂကို-ဟု ဖွင့်၏၊ ဤအဖွင့်ဖြင့် သေတ္တာနှင့်တူကြောင်း ကြီးကြောင်းမျှသာ ထင်ရှား၏၊ သေတ္တာမှာလည်း ပုံစံအမျိုးမျိုးရှိသောကြောင့် သမုဂ္ဂ၏ ပုံသဏ္ဌာန်ကိုကား ဆုံးဖြတ်ရန် ခဲယဉ်း၏၊ အဘိဓာန် နိဿယတို့၌ကား—သမုဂ္ဂ-ပုဒ်ကို ဖာပခြုပ် ပလုံးဟူ၍ရင်း၊ ပန်းကပ် ပန်းတောင်း ကြုတ်ဟူ၍ရင်း ပြန်ဆိုကြ၏။ မူလပဏ္ဏာသ မဟာဟတ္ထိပဒေါပမသုတ်အဖွင့် အဋ္ဌကထာ၌ ပေဋ္ဌာခေါ် သေတ္တာကြီးထဲ၌ သမုဂ္ဂမည်သော အစ်-သေတ္တာငယ် ၅-လုံးထည့်ထားပုံ၊ ၎င်းသမုဂ္ဂ သေတ္တာငယ်တလုံးထဲ၌ ကရဏ္ဍခေါ် ကြုတ် ၄-လုံးထည့်ထားပုံ၊ ၎င်းကရဏ္ဍ-ကြုတ် တလုံးတလုံးထဲ၌ အဝတ်အဆင်တန်းဆာ အမျိုးစုံသည့်ထားပုံကို ဥပမာပြ၏။ နဝနိပါတ် သမုဂ္ဂဇာတ်အဖွင့် အဋ္ဌကထာ၌ သမုဂ္ဂ-ပုဒ်ကို ကရဏ္ဍ ကြုတ်ဟု ဖွင့်၏၊ ဒါနဝဘီလူးသည် သမုဂ္ဂခေါ် ကြုတ်ထဲ၌ မိမိ၏မယားလူမိန်းမကိုထည့်၍ ၎င်းကြုတ်ကိုမျို၍ သွားလေရာ၌ ဆောင်သွားကြောင်း ဖွင့်ပြထား၏။ သို့ဖြစ်၍ သမုဂ္ဂ-ပုဒ်ကို ပန်းကပ် ပန်းတောင်း ကြုတ် အစ်

http://www.dhammadownload.com



ထန်းပင်ပေါက်-ထန်းမြစ်ကို ခွဲဘိသကဲ့ရှင်း နာမ်နှင့်ရုပ်ဟူ၍ (သာလျှင်) ၂-ပါးအပြားအားဖြင့် ပိုင်းခြား ဆုံးဖြတ်၏။ နာမ်နှင့်ရုပ်မျှထက် အပိုအလွန် ဖြစ်သော (နာမ်ရုပ်မှ) တပါးသောသတ္တဝါသည်ရှင်း, ပုဂ္ဂိုလ်သည်ရှင်း,နတ်သည်ရှင်း, ဗြဟ္မာသည်ရှင်း မရှိဟူ၍ဆုံးဖြတ်ခြင်းသို့ ရောက်လေတော့၏။

## များစွာသောသုတ္တန်တို့နှင့်နှီးနှော၍ချက်

၆၇၂။ ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း မဖောက်မပြန်မှန်ကန်သော မိမိ၏သဘောအားဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြားပြီးလျှင် "သတ္တဝါ, ပုဂ္ဂိုလ်" ဟူသော ဤလောကဝေါဟာရ အမည် ပညတ်ကိုလည်း သာ၍ ကောင်းစွာ ပယ်ခြင်းအကျိုးငှါရှင်း, သတ္တဝါ-ဟု တွေဝေသိမှားသော မောဟကို ကျော်လွန်ခြင်းအကျိုးငှါရှင်း, မတွေ မဝေ သိသော ဉာဏ်အဆင့်၌ စိတ်ကိုထားခြင်းအကျိုးငှါရှင်း များစွာသော သုတ္တန်တို့၏ အစွမ်းအားဖြင့် "ဤအရာသည်ကား (အာရုံဆီသို့ ညွတ်တတ်သော)နာမ်နှင့် (ဖောက်ပြန်တတ်သော အာရုံကို မသိတတ်သော) ရုပ်မျှသာလျှင်တည်း၊ သတ္တဝါမည်သည် မရှိ၊ ပုဂ္ဂိုလ်မည်သည် မရှိ" ဟူသော ဤအနက်ကို နှီးနှော၍ ပိုင်းခြားဆုံးဖြတ်၏။ မှန်ပေ၏၊....

---

စသည်ဖြင့် ပြန်ဆိုသော အနက်အားလုံးပင် အသင့်ချည်းဟု မှတ်ယူသင့်၏။ သို့သော်လည်း ပန်းကပ်-ခေါ်သော ဝတ္ထုကို ယခုကာလ၌ အသိခက်သော ကြောင့်ရှင်း, ကြုတ်နှင့် အစ်သည် မဖွင့်မီက တခုတည်း ကဲ့သို့ ထင်ရ၍ ဖွင့်လိုက်သောအခါ ၂-ခုကွဲသွားပုံအားဖြင့် ထင်ရှားသိလွယ်သော ဥပမာ ဖြစ်နိုင်သောကြောင့်ရှင်း ဤ၌ ကြုတ်, အစ်ဟု ၂-မျိုး ပြန်ဆိုလိုက်ပေသည်။

၁-ဘာလ-ထန်းပင်+ကန္ဒ-အဉအဖု=တာလကန္ဒ-ထန်းဉ ထန်းဖု။ ထန်းပင်ကြီးများမှာ အဉအဖု ဟူ၍ မရှိ၊ ယခု လူတို့ မီးဖုတ်၍ ပြုတ်၍ စားနေကြသော ထန်းပင်ပေါက်စ ထန်းမြစ်သည်သာလျှင် ထန်းပင်၏ အဉအဖု ဖြစ်သည်၊ ရှင်းမှာလည်း မခွဲမီက တခုတည်းကဲ့သို့ ဖြစ်နေပေသည်၊ ခွဲလိုက်သောအခါ ၂-ခြမ်းကွဲသွားသည်။ ထို့ကြောင့် ရှင်းတာလကန္ဒပုဒ်ကို ထန်းပင်ပေါက် ထန်းမြစ်-ဟု ဤ၌ ပြန်ဆိုသည်၊ ယခုကာလရှိ နိဿယနှင့် ဘာသာပြန်တို့၌ ထန်းဖူးညှောက်ဟု ရှိ၏။ ကန္ဒ-ပုဒ်ကို အဖုအညှောက်-ဟု ယူဆပြီးလျှင် ထန်းဖုညှောက်-ဟု မူလက ရေးခဲ့ဟန်ရှိပေသည်။ ကန္ဒသဒ္ဒါသည် အဖူးကိုကား မဟောနိုင်။

http://www.dhammadownload.com



"(ဝင်ရိုး ရထားဘီး အစရှိသော) အစိတ်အပိုင်း အဆောက်အဦအပေါင်း ရှိသောကြောင့် ရထား ဟူသော အမည် ဝေါဟာရသည် ဖြစ်သကဲ့သို့ ဤအတူပင် (ငါးပါးသော) ခန္ဓာတို့ ရှိလျှင် သတ္တဝါ ဟူသောအမည်ပညတ်သည် ဖြစ်၏" -ဟူသော ....

ဤစကားကို (**ဝဇိရာ** အမည်ရှိသော ထေရီမသည်) ဟောခဲ့ပေ၏။

ထိုမှတပါးလည်း ....

"ငါ့ရှင်တို့၊ ဥပမာအားဖြင့် သစ်သားကိုလည်း စွဲမှီ၍ နွယ်ကိုလည်း စွဲမှီ၍ မြေညက်ကိုလည်း စွဲမှီ၍ သက်ကယ် မြက်ကိုလည်း စွဲမှီ၍ (၎င်းတို့ကို အတွင်းအပမှ) ဝန်းရံလျက် တည်သော ဟင်းလင်းပြင် အာကာသသည် အိမ်ဟူ၍သာလျှင် ရေတွက် (ခေါ်ဝေါ်)အပ်သည်၏ အဖြစ်သို့ ရောက်၏၊ ငါ့ရှင်တို့၊ ဤအတူပင်လျှင် အရိုးကိုလည်း စွဲမှီ၍ အကြောကိုလည်း စွဲမှီ၍ အသားကိုလည်း စွဲမှီ၍ အရေကိုလည်း စွဲမှီ၍ (၎င်းတို့ကို အတွင်းအပမှ) ဝန်းရံလျက် တည်သော ဟင်းလင်းပြင် အာကာသသည် ရုပ်ကိုယ်ဟူ၍ ရေတွက် (ခေါ်ဝေါ်)အပ်သည်၏ အဖြစ်သို့ ရောက်၏" -ဟူသော ....

ဤစကားကို (**အရှင်သာရိပုတြာ** မထေရ်သည်) ဟောတော်မူခဲ့ပေ၏။

ထိုမှတပါးလည်း ....

"ဆင်းရဲသည်သာလျှင် ဖြစ်ပေါ်လာ၏၊ ဆင်းရဲသည် သာလျှင် တည်လျက် ရှိ၏၊ ဆင်းရဲသည်သာလျှင် ပျက်စီး ကွယ်ပျောက်၏၊ ဆင်းရဲမှ တပါး (တစုံတခုမျှ) မဖြစ်ပေါ်လာချေ၊ ဆင်းရဲမှတပါး (တစုံတခုမျှ)မချုပ်မပျက်ချေ" -ဟူသော ....

ဤစကားကို (**ဝဇိရာ** အမည်ရှိသော ထေရီမပင်) ဟောခဲ့ပေ၏။

## နာမ်ရုပ်ကို ဥပမာတို့ဖြင့်ပြခြင်း

၆၇၃။ ဤသို့လျှင် အရာမကသော သုတ်တို့ဖြင့် နာမ်နှင့် ရုပ်ကိုသာလျှင် ပြ၏၊ သတ္တဝါကိုကား မပြ၊ ပုဂ္ဂိုလ်ကိုလည်း မပြ။ ထို့ကြောင့် ဥပမာအားဖြင့် - ဝင်ရိုး ရထားဘီး ရထားအိမ် ရထားသံ အစရှိကုန်သော အစိတ်အပိုင်း အဆောက်အဦတို့သည် တခုတည်း တပေါင်းတည်းသော အခြင်း

http://www.dhammadownload.com



အရာဖြင့် ကောင်းစွာ တည်နေကုန်လတ်သော် **ရထား** ဟူသော အမည် ဝေါဟာရမျှသည် ဖြစ်၏၊ စင်စစ် ဟုတ်မှန်သော အနက်သဘောအားဖြင့် မူကား တခုစီ တခုစီသော အစိတ်အပိုင်းကို ကြည့်ရှုဆင်ခြင်လျှင် ရထား မည်သည် မရှိသကဲ့သို့ရင်း။

သစ်သား အစရှိကုန်သော အိမ်၏ အဆောက်အဦတို့သည် တခုတည်း တပေါင်းတည်းသော အခြင်းအရာဖြင့် ဟင်းလင်းပြင် အရပ်ကို ကာရံ၍ တည်ကုန်လတ်သော် **အိမ်** ဟူသော အမည်ဝေါဟာရမျှသည် ဖြစ်၏၊ စင်စစ် ဟုတ်မှန်သော အနက်သဘောအားဖြင့် မူကား (တခုစီ တခုစီသော အစိတ် အပိုင်းကို ကြည့်ရှုဆင်ခြင်လျှင်) အိမ်မည်သည် မရှိသကဲ့သို့ရင်း။

လက်ချောင်း လက်မ စသည်တို့သည် တခုတည်း တပေါင်းတည်းသော အခြင်းအရာဖြင့် တည်ကုန်လတ်သော် **လက်သီးဆုပ်** ဟူသော အမည် ဝေါဟာရမျှသည် ဖြစ်၏။ စောင်းခွက် စောင်းညှို့ စသည်တို့သည် (တခု တည်းသော အခြင်းအရာဖြင့် တည်ကုန်လတ်သော်) **စောင်း** ဟူသော အမည် ဝေါဟာရမျှသည် ဖြစ်၏။ ဆင်တပ် မြင်းတပ် စသည်တို့သည်(တခု တည်းသော အခြင်းအရာဖြင့် တည်ကုန်လတ်သော်) **စစ်တပ်** -ဟူသော အမည် ဝေါဟာရမျှသည် ဖြစ်၏။ [၂၂၉] မြို့ရိုးတံတိုင်း အိမ် တံခါးမုခ် စသည်တို့သည် (တခုတည်းသော အခြင်းအရာဖြင့် တည်ကုန်လတ်သော်) **မြို့** ဟူသော အမည်ဝေါဟာရမျှသည် ဖြစ်၏။ ပင်လုံး အကိုင်း အခက် အရွက်တို့သည် တခုတည်းသော အခြင်းအရာဖြင့် တည်ကုန်လတ်သော် **သစ်ပင်** ဟူသော အမည် ဝေါဟာရမျှသည် ဖြစ်၏။ စင်စစ် ဟုတ်မှန်သော အနက်သဘောအားဖြင့်မူကား တခုစီ တခုစီသော အစိတ်အပိုင်းကို ကြည့်ရှု ဆင်ခြင်လျှင် သစ်ပင်မည်သည် မရှိသကဲ့သို့ရင်း၊ ဤအတူပင် ဥပါဒါနက္ခန္ဓာ တို့ ရှိလျှင် **သတ္တဝါ,ပုဂ္ဂိုလ်** ဟူသော အမည်ဝေါဟာရမျှသည် ဖြစ်၏၊ စင်စစ် ဟုတ်မှန်သော အနက်သဘော အားဖြင့်မူကား တခုစီ တခုစီသော သဘော တရားကို ရှုဆင်ခြင်လျှင် အသ္မိ-(ငါ)ဖြစ်သည်-ဟူ၍ရင်း, အဟံ-ငါဟူ၍ရင်း[၁]

---

၁-အသ္မိ–ဖြစ်သည်-ဟူသောစကားဖြင့် မာနစွဲကို ပြ၏၊ ငါဖြစ်သည်-ဟု ဆိုရာ၌ ဖြစ်သည်ဟူသောစကားဖြင့် တတ်သည် သိသည် မြတ်သည် ပြည့်စုံသည် စသည်ဖြင့် ဂုဏ်ယူ၍ မာနထောင်လွှားသော ကြိယာပုဒ် **အားလုံးကို**

http://www.dhammadownload.com



စွဲလမ်းခြင်း(ဂါဟ)၏ တည်ရာဖြစ်သော သတ္တဝါမည်သည် မရှိချေ၊ စင်စစ် ဟုတ်မှန်သော အနက်သဘောအားဖြင့်မူကား နာမ်နှင့် ရုပ်မျှသာလျှင် ရှိသည်ဟု မြင်၏။ ဤသို့ မြင်သော ယောဂီ၏ အမြင်သည် **ဟုတ်တိုင်းမှန်စွာမြင်သောဉာဏ်အမြင်** (အမြင်မှန်)မည်၏။

၆၃၄။ အကြင်သူသည်ကား ဤဆိုခဲ့သော ဟုတ်တိုင်း မှန်စွာ မြင်သော ဉာဏ်အမြင်ကို ပယ်၍ "သတ္တဝါသည် စင်စစ်ရှိ၏" ဟု ယူ၏၊ ထိုသူသည် ထို(သတ္တဝါဟူသော အတ္တကောင်)၏ ပျက်စီးခြင်းကို သော်ငြား, မပျက်စီးခြင်းကို သော်ငြား (တခုခုကို) ခွင့်ပြု(လက်ခံ)ရာ၏[၁]။ မပျက်စီးခြင်းကို လက်ခံလျှင် **သဿတ - တည်မြဲအယူ၌** ကျရောက်၏[၂]၊ ပျက်စီးခြင်းကို လက်ခံလျှင် **ဥစ္ဆေဒ - ပြတ်စဲအယူ၌** ကျရောက်၏။ အဘယ်ကြောင့်နည်း ဟူမူ? နို့ရည်၏ နောက်လိုက်(အကျိုး)ဖြစ်သော နို့ဓမ်းသည် (နို့ရည် ပျက်သွားသောအခါ)ကျန်ရှိနေသကဲ့သို့ ထိုအတ္တ၏ နောက်လိုက်(အကျိုး) ဖြစ်သော တခြားတပါးသော ဝတ္ထုသည် (ငြင်းအတ္တပျက်စီးသွားသော အခါ)ကျန်လျက်မရှိရစ်သောကြောင့်တည်း[၃]။ ထိုသူသည် "သတ္တဝါတည်မြဲ

---

သိမ်းယူအပ်၏။ အဟံ-ငါဟူသော **စကားဖြင့်ကား** ဒိဋ္ဌိစွဲ တဏှာစွဲကို ပြသည်ဟု ယူအပ်၏။

၁-တခုခုကို ခွင့်ပြုရပေလိမ့်မည်၊ လက်ခံရပေလိမ့်မည်၊ ခွင့်မပြုဘဲ လက်မခံဘဲ ငြင်းပယ်နေရန် မဖြစ်နိုင်ဟု ဆိုလို၏။

၂-သတ္တဝါဟုခေါ်သော အတ္တကောင်သည် ပျက်စီးခြင်းမရှိဘဲ တဘဝမှ တဘဝသို့ ပြောင်းရွှေ့ ကျင်လည်နေသည်ဟု ယူလျှင် သဿတဒိဋ္ဌိ—တည်မြဲပင် တည်ရှိနေသည်ဟူသော အယူ၌ ကျရောက်၏။

၃-သတ္တဝါသည် သေသောအခါ လုံးလုံး ပျက်စီးသွားသည်ဟု ယူလျှင် ဥစ္ဆေဒ-ဒိဋ္ဌိ—အကြွင်းမဲ့ ပြတ်စဲသွားသည်ဟူသောအယူ၌ ကျရောက်၏၊အကြောင်းမူကား ထိုအယူ၌ သေသွားသောအခါ အတ္တ၏ အရှိန်အဝါ တစုံတရာမျှ မကျန်ပဲ လုံးလုံးလျားလျား ပျောက်ပျက်သွားသည်ဟု ယူဆသောကြောင့်တည်း။ သမ္မာဒိဋ္ဌိအယူ၌ကား သတ္တဝါဟုခေါ်သော လက်ရှိ ရုပ်နာမ် အစဉ် ပျက်စီး၍ သေသွားသောအခါ အတ္တကောင်မရှိသော်လည်း တဏှာ မကင်းသေးလျှင် မိမိပြုထားသောကံ၏ အစွမ်းကြောင့် ရုပ်နာမ်အသစ် ဖြစ်ပေါ်လျက် ဘဝသစ် ဆက်၍ဖြစ်သွားသည်ဟု ယူဆ၏၊ ထို့ကြောင့် ဥစ္ဆေဒအယူ

http://www.dhammadownload.com



တည်ရှိနေသည်”ဟု ယူလျှင် တွန့်ဆုတ်နေသည်မည်၏၊ “ပြတ်စဲသွားသည်” ဟု ယူလျှင် ကျော်လွန်၍သွားသည် မည်၏[၁]။ ထို့ကြောင့် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်-

ရဟန်းတို့၊ နတ်နှင့်လူတို့သည် နှစ်ပါးသော မိစ္ဆာအယူတို့ဖြင့် လွှမ်းမိုး နှိပ်စက် ခံရကုန်သည် ဖြစ်၍ အချို့က တွန့်ဆုတ်နေကုန်၏၊ အချို့က ကျော်လွန်၍ သွားကုန်၏၊ (ဉာဏ်) မျက်စိရှိသော သူတို့သည် သာလျှင် မြင်ကုန်၏။

ရဟန်းတို့၊ အချို့က အဘယ်သို့တွန့်ဆုတ်နေကုန်သနည်း ဟူမူ? ရဟန်းတို့၊ နတ်နှင့် လူတို့သည် ဘဝလျှင် မွေ့လျော်ရာရှိကုန်၏၊ ဘဝ၌ ပျော်မွေ့ကုန်၏၊ ဘဝ၌(ဘဝဖြင့်)ဝမ်းမြောက် ကျေနပ် နေကုန်၏။ ထိုနတ်လူတို့အား ဘဝချုပ်ရန် အလို့ငှါ တရားကို ဟောသည်ရှိသော် (ငှင်းနတ်လူတို့၏) စိတ်သည် (တရား၌) မဝင်စား, မကြည်လင်

၌လည်း မကျရောက်၊ဤဘဝမှ အတ္တကောင် အသက်ကောင်သည်ပင်တခြားဘဝသို့ ပြောင်းသွားသည်ဟု မယူမူ၍“ကံ၏ အစွမ်းကြောင့် ရုပ်နာမ်အသစ်ဖြစ်သွားသည်”ဟူ၍သာ ယူသောကြောင့် သဿတအယူ၌လည်း မကျရောက်၊ မျက်မှောက်ဘဝတွင် အသက်ရှင်စဉ်၌လည်း ရုပ်နာမ်အစဉ်မျှသာရှိသည်၊ ပုဂ္ဂိုလ်သတ္တဝါ အတ္တကောင်ဟူ၍ စင်စစ်အားဖြင့်မရှိ၊ သေသောအခါ၌လည်း တဏှာ မကင်းသေးလျှင် အကြောင်းကံကြောင့် ရုပ်နာမ်အသစ်ဖြစ်လျက် ရုပ်နာမ်အစဉ်မျှသာ ဆက်လက်၍ ဖြစ်သွားသည်၊ ပုဂ္ဂိုလ်သတ္တဝါ အတ္တကောင် ရွှေ့ပြောင်းသွားသည် မဟုတ်၊ တဏှာကင်းသော ဘုရားရဟန္တာမှာလည်း ပရိနိဗ္ဗာန်ပြုသောအခါ အကြောင်း မရှိသောကြောင့် ရုပ်နာမ်အသစ် မဖြစ်ပေါ်လာပဲ ရုပ်နာမ်အစဉ် ပြတ်စဲသွားရုံမျှသာ ဖြစ်သည်၊ ပုဂ္ဂိုလ်သတ္တဝါအတ္တကောင် ပျောက်ပျက်သွားသည် မဟုတ်ဟု မှန်ကန်စွာ ယူဆသောကြောင့် မဇ္ဈိမပဋိပဒါ သမ္မာဒိဋ္ဌိ၌ တည်ပေသည်။

၁-ကိလေသာ ကင်းလျှင် ကံက အကျိုးမပေးနိုင်သောကြောင့် ဘဝသစ် ရုပ်နာမ် မဖြစ်ပေါ်ရတော့ပဲ ရုပ်နာမ်အစဉ်ဟူသော ဆင်းရဲမျှသာ ငြိမ်းသွားသည်ဟု ဤသို့သာလျှင် ယူသင့်ပါလျက် ထိုယူသင့်သည်ကို ကျော်လွန်၍ ကိလေသာ မကင်းသေးပါပဲ ထိုထိုဘဝမှ သေရုံမျှဖြင့် ဘဝချုပ်ငြိမ်းသည်ဟု ယူသောကြောင့် အတိဓာဝန-ကျော်လွန်သွားသည်မည်၏။

http://www.dhammadownload.com



(မယုံကြည်), ကောင်းစွာမတည်, နှလုံးမသွင်း။ ရဟန်းတို့၊ ဤသို့ ပင်လျှင် အချို့က တွန့်ဆုတ်နေကုန်၏။

ရဟန်းတို့၊ အချို့က အဘယ်သို့ ကျော်လွန်၍ သွားကုန်သနည်း ဟူမူ? အချို့သော နတ်လူတို့သည် ဘဝဖြင့်ပင်လျှင် နှိပ်စက် ခံရကုန် သကဲ့သို့ (ဆင်းရဲကုန်သည်) ဖြစ်၍, ရှက်ကုန်သည် စက်ဆုပ် ရွံရှာ ကုန်သည် ဖြစ်၍ ဘဝကင်းပြတ်ခြင်းကို နှစ်သက် လိုလား ကုန်၏၊ "အချင်းတို့၊ အကြင်အခါ၌ ဤအတ္တကောင်သည် ခန္ဓာကိုယ် ပျက်စီး ခြင်းကြောင့် (ပျက်စီးလျှင်) ပြတ်စဲသွား၏၊ ပျက်စီးသွား၏၊ သေသည် မှ နောက်၌ မရှိတော့ချေ၊ ဤပြတ်စဲခြင်း ပျက်စီးခြင်း မရှိခြင်းသည် ငြိမ်းအေးပေ၏၊ ဤ ပြတ်စဲခြင်း ပျက်စီးခြင်း မရှိခြင်းသည် ကောင်း မြတ်ပေ၏၊ ဤ ပြတ်စဲခြင်း ပျက်စီးခြင်း မရှိခြင်းသည် မဖောက် မပြန် မှန်ကန်ပေ၏" -ဟု ဤသို့ နှစ်သက်လိုလားကုန်၏။ ရဟန်းတို့၊ ဤသို့ ပင်လျှင် အချို့က ကျော်လွန်သွားကုန်၏။

ရဟန်းတို့၊ အဘယ်သို့လျှင် (ဉာဏ်) မျက်စိရှိသော သူတို့သည် မြင်ကုန်သနည်း ဟူမူ ? ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပေါ်သော (ခန္ဓာငါးပါး) တရားကို ဖြစ်ပေါ်သော တရားဟု မြင်၏၊ ဖြစ်ပေါ်သော တရားကို ဖြစ်ပေါ်သော တရားဟု မြင်ပြီး၍ ဖြစ်ပေါ်သော (ခန္ဓာငါးပါး) တရား၌ ငြီးငွေ့ခြင်းငှါ တပ်မက် ကင်းခြင်းငှါ (ထိုတရား၏) ချုပ်ငြိမ်းခြင်းငှါ ကျင့်၏။ ရဟန်းတို့ ဤသို့ပင်လျှင် (ဉာဏ်) မျက်စိ ရှိသော သူတို့သည် မြင်ကုန်၏ -ဟု

ဟောတော်မူပေ၏။

[၂၃၀] ၆၇၅။ ထို့ကြောင့် ဥပမာအားဖြင့် - **သစ်သားစက်** (ယန္တရား) **ရုပ်** သည် အတ္တမှ ဆိတ်သုဉ်း၏ အသက်မရှိ အားထုတ်မှု ဗျာပါရမရှိ၊ သို့သော်လည်း သစ်သားနှင့် ကြိုးတို့၏ စပ်ယှဉ် ဆက်သွယ်သည်၏ အစွမ်း အားဖြင့် သွားလည်း သွား၏၊ ရပ်လည်း ရပ်၏၊ အားထုတ်မှု ရှိသကဲ့သို့ ကြောင့်ကြ စိုက်မှု ဗျာပါရ ရှိသကဲ့သို့ပင် ထင်ရ၏၊ ထို့အတူပင် ဤနာမ်နှင့် ရုပ်သည်လည်း အတ္တမှ ဆိတ်သုဉ်း၏ အသက်မရှိ အားထုတ်မှု ဗျာပါရမရှိ၊ သို့သော်လည်း နာမ်နှင့်ရုပ် အချင်းချင်း စပ်ယှဉ် ဆက်သွယ်သည်၏ အစွမ်း

http://www.dhammadownload.com



အားဖြင့် သွားလည်း သွား၏၊ ရပ်လည်း ရပ်၏၊ အားထုတ်မှု ရှိသကဲ့သို့ ကြောင့်ကြစိုက်မှု ဗျာပါရ ရှိသကဲ့သို့ပင် ထင်ရ၏-ဟူ၍ မှတ်အပ်ပေ၏။ ထို့ကြောင့် ရှေးဆရာတို့သည် -

> "နာမ်သည်၎င်း, ရုပ်သည်၎င်း ဤလောက၌ အမှန်အားဖြင့် ရှိပေ၏၊ ဤနာမ်ရုပ် နှစ်ပါးထဲ၌ သတ္တဝါသည်၎င်း, လူသည်၎င်း မရှိပေ။ ဤနာမ်ရုပ်သည် သစ်သားနှင့် ကြိုးတို့ဖြင့် ပြုလုပ်ထားသော စက်ရုပ်ကဲ့သို့ပင် အတ္တမှ ဆိတ်သုဉ်း၏၊ ဆင်းရဲ၏ အစုအပုံ မျှသာတည်း၊ (အတ္တမှ ဆိတ်သုဉ်းသော အားဖြင့်) မြက်ပင် သစ်သားတို့နှင့်သာ တူပေ၏"-ဟု

မိန့်ဆိုကုန်၏။

ဤ(နာမ်နှင့်ရုပ်)ကို သစ်သားစက်ရုပ် ဥပမာ သက်သက်ဖြင့်သာလျှင် ထင်ရှား ပြအပ်သည် မဟုတ်သေး၊ ထိုမှတပါးသော **ကျူစည်း** အစရှိသော ဥပမာတို့ဖြင့်လည်း ပြအပ်သေး၏၊ပြပုံကား.... နှစ်ခုသော ကျူစည်းတို့သည် အချင်းချင်း မှီကုန်၍ ထောင်လျက် တည်တံ့လတ်သော် တခု(သော ကျူစည်း)သည် (အခြား) တခု(သောကျူစည်း)၏ အထောက်အပံ့ဖြစ်၏၊ တခုသော ကျူစည်း လဲကျလတ်သော် အခြားကျူစည်းသည်လည်း လဲကျလေတော့သကဲ့သို့ ထို့အတူပင် ပဉ္စဝေါကာရ (ခန္ဓာငါးပါးရှိသော) ဘဝ၌ နာမ်နှင့်ရုပ်သည် အချင်းချင်း မှီ၍ဖြစ်နေ၏၊ တခုသည် တခု၏အထောက်အပံ့ဖြစ်၏၊ သေသည်၏ အစွမ်းအားဖြင့် တခုပျက်ကျလတ်သော် အခြား တခုသည်လည်း ပျက်ကျလေတော့၏။ ထို့ကြောင့် ရှေးဆရာတို့သည်—

> "နာမ်နှင့် ရုပ်သည် စုံတွဲတည်း၊ ၎င်း နှစ်ပါးတို့သည် အချင်းချင်းကို မှီကုန်၏။ တပါးပျက်လတ်သော် (အချင်းချင်း၏) အကြောင်း ဖြစ်ကုန်သောကြောင့်[၁] နှစ်ပါးလုံးပင် ပျက်ကုန်၏" -ဟု

မိန့်ဆိုကုန်၏။

---

၁-အကြောင်းဖြစ်ကုန်သောကြောင့် ဟူသော ဤပုဒ်သည် ပစ္စယာ-ဟူသော ပုဒ်၏ ဘာသာပြန် ဖြစ်သည်။ ယခုဋီကာစာအုပ်တို့၌ ပစ္စယာ ပေါတ္ထာပိ ဟု ရှိ၏၊ ထိုအလိုအားဖြင့် အချင်းချင်း၏အကြောင်း ဖြစ်ကုန်သော်လည်း

http://www.dhammadownload.com



၆၇၆။ တနည်း ဥပမာကား .... လက်ခတ် ဒုတ်ဖြင့် တီးခေါက်(အပ်) သော စည်ကို မှီ၍ အသံသည်ဖြစ်လတ်သော် စည်ကားတခြား, အသံကား တခြား, စည်နှင့် အသံတို့သည် မရောနှောကုန်၊ စည်သည် အသံမှ ဆိတ်သုဉ်း၏၊ အသံသည်လည်း စည်မှ ဆိတ်သုဉ်း၏၊ ထို့အတူပင် "ဝတ္ထုဒွါရနှင့် အာရုံ"ဟုဆိုအပ်သော ရုပ်ကိုမှီ၍ နာမ်သည်ဖြစ်လတ်သော်ရုပ်ကားတခြား, နာမ်ကားတခြား, နာမ်နှင့်ရုပ်တို့သည် မရောနှောကုန်၊ နာမ်သည် ရုပ်မှ ဆိတ်သုဉ်း၏၊ ရုပ်သည်လည်း နာမ်မှ ဆိတ်သုဉ်း၏။ သို့သော်လည်း စည်ကို မှီ၍ အသံသည် ဖြစ်ပေါ်လာသကဲ့သို့ ရုပ်ကိုမှီ၍ နာမ်သည် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် ရှေးဆရာတို့သည် -

"(မြင်တွေ့မှု) ဖဿလျှင် ငါးခုမြောက် ရှိသော မြင်သိမှုဆိုင်ရာ နာမ်တရားတို့သည်[၁] မျက်စိမှ ဖြစ်ပေါ်လာသည်မဟုတ်ကုန်၊ အဆင်းမှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်၊ မျက်စိနှင့် အဆင်း နှစ်ပါးတို့၏ အကြားမှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်၊ အညီအညွတ် ပေါင်းစု၍ ပြုအပ်သော (မြင်သိမှုဆိုင်ရာ) သင်္ခတ တရားတို့သည် (မျက်စိ, အဆင်း, အရောင် အလင်း, နှလုံးသွင်းမှု အစရှိသော) အကြောင်းတရားကို စွဲမှီ၍ ဖြစ်ပေါ်ကုန်၏၊ ဥပမာအားဖြင့် တီးခေါက်(အပ်) သော စည်၏ အသံ ဖြစ်ပေါ်လာပုံနှင့် တူပေ၏။

[၂၃၁] (ကြားတွေ့မှု) ဖဿလျှင် ငါးခုမြောက်ရှိသော ကြားသိမှု ဆိုင်ရာ နာမ်တရားတို့သည် နားမှ ဖြစ်ပေါ်လာသည် မဟုတ်ကုန်၊

---

နာမ်နှင့်ရုပ်တို့တွင် တခုပျက်လျှင် ၂-ပါးလုံးပျက်ကုန်၏ဟု ပြန်ရလိမ့်မည်။ အနက်အဓိပ္ပါယ်မရှင်း။ အချင်းချင်းအကြောင်းဖြစ်၍ အချင်းချင်း မှီနေရသော တရားတခု ပျက်လျှင် အခြားတခုလည်း မှီရာအကြောင်းမရှိသော ကြောင့် ပျက်လေတော့သည် ဟူသော အနက်သာလျှင် ထင်ရှားပေသည်။ ထို့ကြောင့် ပစ္စယာ-ပုဒ်ကို ဟေတုမန္တ ဝိသေသနယူ၍ အချင်းချင်း၏ အကြောင်း ဖြစ်ကုန်သောကြောင့် ဟု ပြန်ဆိုထားသည်။ ဋီကာ၌လည်း ပိ-သဒ္ဒါမပါပဲ ပစ္စယာ ဟောန္တာ-ဟူ၍သာ ရှိသင့်သည်။

၁-ဖဿသာလျှင် ငါးခုမြောက်ရှိသော နာမ်တရားတို့ဟူသည်မှာ-ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်-ဟူသော ဤတရားတို့ပင် ဖြစ်သည်။

http://www.dhammadownload.com



အသံမှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်၊ နားနှင့်အသံ နှစ်ပါးတို့၏ အကြားမှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်။ပ။[၁]

(နံတွေ့မှု) ဖဿလျှင် ငါးခု မြောက် ရှိသော နံသိမှုဆိုင်ရာ နာမ်တရားတို့သည် နှာခေါင်းမှ ဖြစ်ပေါ်လာသည် မဟုတ်ကုန်၊ အနံ့မှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်၊ နှာခေါင်းနှင့် အနံ့နှစ်ပါးတို့၏ အကြားမှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်။ပ။[၁]

(လျက်တွေ့မှု) ဖဿလျှင် ငါးခုမြောက်ရှိသော လျက်သိမှုဆိုင်ရာ နာမ်တရားတို့သည် လျှာမှ ဖြစ်ပေါ်လာသည် မဟုတ်ကုန်၊ အရသာမှဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်၊ လျှာနှင့် အရသာ နှစ်ပါးတို့၏အကြားမှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်။ပ။[၁]

(ထိတွေ့မှု) ဖဿလျှင် ငါးခုမြောက်ရှိသော ထိသိမှုဆိုင်ရာ နာမ်တရားတို့သည် ကိုယ်မှ ဖြစ်ပေါ်လာသည် မဟုတ်ကုန်၊ အတွေ့မှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်၊ ကိုယ်နှင့် အတွေ့ နှစ်ပါးတို့၏ အကြားမှဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်။ပ။[၁]

အညီအညွတ် ပေါင်းစု၍ ပြုအပ်သော (ကြံသိမှုဆိုင်ရာ) သင်္ခတတရားတို့သည် နှလုံးရုပ်မှ ဖြစ်ပေါ်လာသည် မဟုတ်ကုန်၊ သဘောအာရုံဟူသော ဓမ္မာယတနတို့မှ ထွက်ပေါ်လာသည်လည်းမဟုတ်ကုန်၊ အညီအညွတ် ပေါင်းစု၍ ပြုအပ်သော (ကြံသိမှုဆိုင်ရာ)သင်္ခတတရားတို့သည် (နှလုံး, သဘောအာရုံ, နှလုံးသွင်းမှု စသော)အကြောင်းကို စွဲမှီ၍ ဖြစ်ပေါ်လာကုန်၏၊ ဥပမာ အားဖြင့် တီးခေါက်အပ်သော စည်၏ အသံဖြစ်ပေါ်လာပုံနှင့် တူပေ၏"-ဟု

မိန့်ဆိုကုန်၏။

၆၇၇။ တနည်းအားဖြင့် ဤနာမ်ရုပ်နှစ်ပါးတို့တွင် နာမ်သည် တန်ခိုးအစွမ်းသတ္တိမရှိ၊ မိမိ၏ တန်ခိုးအစွမ်းဖြင့် ဖြစ်ခြင်းငှါ မစွမ်းနိုင်၊ မစားတတ် မသောက်တတ် မပြောဆိုတတ် သွားခြင်းစသော ဣရိယာပုထ်ကို

၁-ဤပေယျာလများကို မြင်သိမှုဆိုင်ရာအပိုဒ်၌ကဲ့သို့ ဖော်ပါ၊ မြင်သိမှုအရာ၌ ကြားသိမှုစသည်ကို ပြောင်းလဲထည့်ရုံမျှသာ ထူးသည်။

http://www.dhammadownload.com



မပြုတတ်။ ရုပ်သည်လည်း တန်ခိုးအစွမ်း သတ္တိမရှိ၊မိမိ၏တန်ခိုးအစွမ်းဖြင့် ဖြစ်ခြင်းငှါ မစွမ်းနိုင်၊ ၎င်းရုပ်မှာ စားလိုခြင်းမရှိ၊ သောက်လိုခြင်း မရှိ၊ ပြောဆိုလိုခြင်းမရှိ၊ သွားခြင်းစသော ဣရိယာပုထ်ကို ပြုလိုခြင်း မရှိ။ စင်စစ်သော်ကား နာမ်ကိုမှီ၍ ရုပ်သည် ဖြစ်နေ၏။ ရုပ်ကိုမှီ၍ နာမ်သည် ဖြစ်နေ၏။ နာမ်၏စားလိုခြင်းသည်၎င်း သောက်လိုခြင်းသည်၎င်း ပြောဆိုလိုခြင်းသည်၎င်း ဣရိယာပုထ်ကို ပြုလိုခြင်းသည်၎င်း ဖြစ်လတ်သော် ရုပ်သည် စား၏ သောက်၏ ပြောဆို၏ ဣရိယာပုထ်ကို ပြု၏။

ဤအနက်ကို ထင်ရှားပြရန်အတွက် ဤဆိုလတ့်သော ဥပမာကို ထုတ်ဆောင်ပြကုန်၏၊ ပြပုံကား- **သူကန်း**နှင့် **သူဆွံ့**တို့သည် တစုံတခုသော အရပ်သို့ ခရီးသွားလိုလျက် ရှိကုန်ရာ၏၊ သူကန်းသည် သူဆွံ့ကို ဤသို့ ပြော၏။ "အချင်း မောင်ဆွံ့၊ ငါသည် ခြေဖြင့် ပြုအပ်သော သွားခြင်းကိစ္စကို ခြေတို့ဖြင့် ပြုနိုင်ပါ၏၊ သို့သော် ညီညွတ်သောအရာ မညီညွတ်သောအရာကို မြင်နိုင်သော မျက်စိတို့ကား ငါ့မှာ မရှိပါ"ဟု ပြော၏၊ သူဆွံ့သည်လည်း သူကန်းကို ဤသို့ ပြန်ပြော၏၊ "အချင်း မောင်ကန်း၊ ငါသည် မျက်စိဖြင့် ပြုအပ်သော ကြည့်ရှုခြင်း မြင်ခြင်းကိစ္စကို မျက်စိဖြင့် ပြုနိုင်ပါ၏၊ သို့သော် သွားနိုင် ပြန်နိုင်သော ခြေတို့ကား ငါ့မှာ မရှိပါ"ဟု ပြန်ပြော၏။ ထိုသူကန်းသည် ဝမ်းမြောက်ရွှင်လန်းလျက် သူဆွံ့ကို ပခုံးပေါ် သို့ တင်လိုက်၏။ သူဆွံ့သည် သူကန်း၏ ပခုံးထက်၌ တည်နေလျက် "လက်ဝဲဘက်ကို လွှတ်လော့၊ လက်ျာဘက်ကို ယူလော့၊ လက်ျာဘက်ကို လွှတ်လော့၊ လက်ဝဲဘက်ကို ယူလော့"ဟု ညွှန်ကြားပြောဆို၏။ ထိုသူနှစ်ယောက်တို့တွင် သူကန်းသည်လည်း [၂၃၂]တန်ခိုးအစွမ်းသတ္တိမရှိ၊ ခွန်အားမရှိ၊ မိမိ၏တန်ခိုးအစွမ်းဖြင့် မိမိ၏ ခွန်အားဖြင့် မသွားနိုင်။ သူဆွံ့သည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ၊ ခွန်အားမရှိ၊ မိမိ တန်ခိုးအစွမ်းဖြင့် မိမိ၏ ခွန်အားဖြင့် မသွားနိုင်။ သို့သော်လည်း ထိုသူကန်း သူဆွံ့တို့မှာ အချင်းချင်းကို အမှီပြု၍ ခရီးသွားခြင်းသည် မဖြစ်သည်မဟုတ် ဖြစ်လည်းဖြစ်သကဲ့သို့ ထို့အတူပင် နာမ်သည် လည်း တန်ခိုးအစွမ်းသတ္တိမရှိ၊ မိမိ၏ တန်ခိုးအစွမ်းဖြင့် မဖြစ်ပေါ်နိုင်၊ ထိုထို သွားခြင်း စသော ကြိယာတို့၌ မဖြစ်နိုင်၊ ရုပ်သည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ၊ မိမိ၏ တန်ခိုးအစွမ်းဖြင့် မဖြစ်ပေါ်နိုင်၊ ထိုထို မြင်ခြင်း စသော ကြိယာတို့၌ မဖြစ်နိုင်၊ထိုနာမ်ရုပ်နှစ်ပါးတို့မှာ အချင်းချင်းကို မှီ၍ ဖြစ်ပေါ်ခြင်းသည်၎င်း

http://www.dhammadownload.com



မပြတ်ဖြစ်နေခြင်းသည်ငှး မရှိသည်မဟုတ်၊ရှိလည်း ရှိသည်သာလျှင်တည်း။ ထို့ကြောင့် အောက်ဂါထာအပေါင်းကို ဆိုအပ်ပေ၏။

အညီအညွတ် ပေါင်းစု၍ ပြုအပ်သော သင်္ခတတရားတို့သည် မိမိ၏ အားအစွမ်းဖြင့် မဖြစ်ပေါ် နိုင်ကုန်၊ မိမိ၏အားအစွမ်းဖြင့်(မပြတ်ဖြစ်လျက်) မတည်တံ့နိုင်ကုန်။ မိမိကိုယ်တိုင် အားနည်း ကုန်သည်ဖြစ်၍ မိမိမှ တပါးသော အကြောင်းတို့၏ အလိုသို့ အစဉ်လိုက်ကုန်လျက် ဖြစ်ပေါ် ရကုန်၏။

ဤသင်္ခတတရားတို့သည် တပါးသောတရားတို့၏ ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ် ကုန်၏၊[၁] တပါးသော တရားတို့ကို ဆွဲကိုင်ရ အာရုံပြုရသောကြောင့် ဖြစ်ပေါ် ကုန်၏၊[၂] ဤသင်္ခတ တရားတို့ကို တပါးသော တရားဖြစ်ကုန်သောအာရုံနှင့် အကြောင်းပစ္စည်းတို့က ဖြစ်ပေါ် စေ(အပ်)ကုန်၏။

ပင်လယ်ရေကြောင်းခရီး၌ လူတို့သည် လှေကိုမှီ၍ သွားကုန်သကဲ့သို့ ထို့အတူပင်လျှင် ရုပ်ကို မှီ၍ နာမ်အပေါင်းသည် ဖြစ်၏။

ပင်လယ်ရေကြောင်းခရီး၌ လှေသည်လည်း လူတို့ကိုမှီ၍ သွားသကဲ့သို့ ထို့အတူပင်လျှင် နာမ်ကိုမှီ၍ ရုပ်အပေါင်းသည် ဖြစ်၏။

ပင်လယ်ရေကြောင်းခရီး၌ လူတို့သည်ငှး လှေသည်ငှး နှစ်ဦးလုံးတို့သည် အချင်းချင်းကို မှီ၍ သွားကုန်သကဲ့သို့ ထို့အတူပင်လျှင် နာမ်သည်ငှး ရုပ်သည်ငှး နှစ်ပါးတို့သည် အချင်းချင်းကို မှီကုန်၏။

---

၁-ဤဝါကျဖြင့် ရုပ်ကိုရည်သည်ဟု ဋီကာ၌ ဆို၏။

၂-ဤဝါကျဖြင့် နာမ်ကိုရည်သည်ဟု ဋီကာ၌ပင် ဆို၏။ ပရအာရမ္မဏတော- တပါးသော တရားတို့၏ အာရမ္မဏသတ္တိကြောင့်၊ ဝါ၊ အာရုံဖြစ်သော တရားတို့ကြောင့်ဟု ပြန်သင့်သော်လည်း သုတနည်းသော သူတို့လည်း သိလွယ်စေရန် တပါးသော တရားတို့ကို ဆွဲကိုင်ရ အာရုံပြုရသောကြောင့် ဟု အဓိပ္ပါယ်နက် ပြန်ဆိုထားသည်။

http://www.dhammadownload.com



ဤဆိုခဲ့သော အပြားအားဖြင့် နည်းအမျိုးမျိုးတို့ဖြင့် နာမ်ရုပ်ကို ပိုင်းခြားဆုံးဖြတ်သော ယောဂီပုဂ္ဂိုလ်၏[၁] သတ္တဝါဟူသော အမှတ်သညာကို လွှမ်းမိုးကျော်လွန်၍ **မတွေမဝေသိသော** (အသမ္မောဟ) **ဉာဏ်အဆင့်၌** တည်သော[၂] နာမ်နှင့်ရုပ်တို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းကို "**ဒိဋ္ဌိဝိသုဒ္ဓိ**-ဉာဏ်အမြင်၏ စင်ကြယ်ခြင်း, စင်ကြယ်သောဉာဏ်အမြင်"ဟူ၍ သိအပ်၏။ **နာမရူပဝဝတ္ထာန** (နာမ်ရုပ်ကို ပိုင်းခြားဆုံးဖြတ်သောဉာဏ်) ဟူသော အမည်သည်ငှင်း, **သင်္ခါရပရိစ္ဆေဒ** (သင်္ခါရတို့ကို ပိုင်းခြားဆုံးဖြတ်သော ဉာဏ်)ဟူသော အမည်သည်ငှင်း ဤဒိဋ္ဌိဝိသုဒ္ဓိ၏ အမည်ပင် ဖြစ်သည်။

ဤသည်ကား သူတော်ကောင်းတို့၏ နှစ်သိမ့်ဝမ်းမြောက်ခြင်းငှါ စီရင် (အပ်)သော **ဝိသုဒ္ဓိမဂ်ကျမ်းဝယ်** ပညာဘာဝနာအရာ၌ **ဒိဋ္ဌိဝိသုဒ္ဓိကို အကျယ်ပြချက်** (ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ) မည်သော ၁၈-ခု မြောက်ဖြစ်သော အပိုင်းအခဏ်းပေတည်း။

ဒိဋ္ဌိဝိသုဒ္ဓိကို အကျယ်ပြချက်ပြီး၏။

---

၁-ယောဂီပုဂ္ဂိုလ်၏ ...ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းကို-ဟု စပ်ပါ။
၂-ဉာဏ်အဆင့်၌ တည်သော....သိမြင်ခြင်းကို-ဟု စပ်ပါ။

http://www.dhammadownload.com

## ၁၉-ကင်္ခါဝိတရဏဝိသုဒ္ဓိကို အကျယ်ပြဆိုချက်
## ပစ္စယပရိဂ္ဂဟကထာ-အကြောင်းသိမ်းဆည်းပုံကို ပြဆိုချက်

[၂၃၃] ၆၇၈။ **ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ပုံကား....** (သိမြင်ပြီးဖြစ်သော) ဤနာမ်ရုပ်၏ပင်လျှင် အကြောင်းကို သိမ်းဆည်းခြင်းဖြင့်သုံးပါးသောအဓွန့်ကာလတို့၌ ယုံမှားကို လွန်မြောက်၍ တည်သောဉာဏ်သည် **ကင်္ခါဝိတရဏဝိသုဒ္ဓိ**-(ယုံမှားကို လွန်မြောက်လျက် စင်ကြယ်သောဉာဏ်) မည်၏။

ထို (ကင်္ခါဝိတရဏဝိသုဒ္ဓိ)ကို ပြည့်စုံစေလိုသော ယောဂီရဟန်းသည်[၁] ဥပမာအားဖြင့် တတ်ကျွမ်းလိမ္မာသော ဆေးဆရာသည် ရောဂါကို မြင်ပြီးလျှင် ထိုရောဂါ၏ဖြစ်ကြောင်း သမုဋ္ဌာန်ကို ရှာမှီးသကဲ့သို့၎င်း၊ တနည်းအားဖြင့် သနားတတ်သော ယောကျ်ားသည် နုံ့သော (မသိတတ်သေးသော) ပက်လက် အိပ်တတ်ကာမျှဖြစ်သော ခလေး သူငယ်တယောက် လမ်းမ၌ လဲလျောင်းနေသည်ကို တွေ့မြင်လျှင် "ဤသူငယ်သည် မည်သူ၏သားဖြစ်လေသနည်း"ဟု ထိုသူငယ်၏ အမိအဘတို့ကို ဆင်ခြင်သကဲ့သို့၎င်း ထို့အတူပင် ထိုနာမ်ရုပ်၏ မူလအကြောင်း, အထောက်အပံ့အကြောင်းတို့ကို ရှာမှီးခြင်းသို့ ရောက်၏။

ထိုယောဂီသည် အစပဌမ၌ပင်လျှင် ဤသို့ ဆင်ခြင်၏—နာမ်ရုပ်သည် အကြောင်းမရှိသည်မဟုတ်၊ (ကေန်ပင် အကြောင်းရှိရမည်၊ အဘယ့်ကြောင့်ဆိုသော် အကြောင်းမရှိလျှင်) အလုံးစုံသော ဌာနတို့၌၎င်း[၂] အခါ ခပ်သိမ်း

---

၁-ယောဂီရဟန်းသည် ..ရှာမှီးခြင်းသို့ ရောက်၏-ဟု စပ်ပါ။

၂-အကြောင်းမရှိပဲ ဖြစ်ပါမူ အလုံးစုံသော တရားတို့သည် အကြောင်းမရှိပဲချည်း ဖြစ်ကုန်ရာ၏၊ ဤသို့ အလုံးစုံပင် တူညီလျက် ရှိရာ၏။ ထိုသို့ဖြစ်လျှင် သောတပသာဒစသည်တို့၌၎င်း, သစ်ပင် မြေ ရေစသော ဗဟိဒ္ဓသန္တာန်၌၎င်း စက္ခုဝိညာဏ်စသည်တို့၏ တည်ရာမှီရာ အကြောင်း မရှိသော်လည်း ထိုအလုံးစုံသော ဌာနတို့၌ စက္ခုဝိညာဏ်စသည်တို့ ဖြစ်လေကုန်ရာ၏၊ ဤသို့ အလုံးစုံသော ဌာနတို့၌ အကြောင်းမရှိပဲ စက္ခုဝိညာဏ်စသည်တို့ ဖြစ်ပေါ်သောအားဖြင့် တမျိုးတည်း တူညီသည်၏ အဖြစ်သို့ ရောက်ရာသည်ဟု ဆိုလို၏။

http://www.dhammadownload.com



၎င်း[၁]၊ အလုံးစုံသော ပုဂ္ဂိုလ်တို့အား၎င်း[၂] တမျိုးတည်း တူသည်၏ အဖြစ်သို့ ရောက်ရာသောကြောင့်ပေတည်း။ "**ဣဿရ**-အစိုးရသူပိုင်ရှင်"ဟုခေါ်သော ထာဝရဘုရားစသည်လျှင်[၃] အကြောင်းရှိသည်လည်းမဟုတ်၊ (အဘယ့်ကြောင့်ဆိုသော်) နာမ်နှင့်ရုပ်ထက် အပိုအလွန်ဖြစ်သော ဣဿရခေါ် ထာဝရ ဘုရားစသည်တို့ မရှိသောကြောင့်ပေတည်း[၄]။ "**ဣဿရ**ခေါ် ထာဝရ ဘုရား စသည်တို့သည်လည်း နာမ်နှင့်ရုပ်မျှပင်"ဟု ဆိုသော ဆရာတို့၏ အယူ၌လည်း **ဣဿရ**ခေါ် ထာဝရဘုရားစသည်ဟု ဆိုအပ်သော နာမ်နှင့်ရုပ်သည်

---

၁-စက္ခုပသာဒစသည်တို့ မဖြစ်မီ ရှေးကာလ၌၎င်း, စက္ခုပသာဒစသည်တို့ ချုပ်ပြီးသော နောက်ကာလ၌၎င်း စက္ခုဝိညာဏ်စသည်တို့၏ တည်ရာမှီရာ အကြောင်းမရှိ၊ သို့သော်လည်း အကြောင်းမရှိပဲ ဖြစ်နိုင်ပါမူ ထိုအလုံးစုံသော ကာလတို့၌လည်း အကြောင်းမရှိပဲ စက္ခုဝိညာဏ်စသည်တို့ ဖြစ်ပေါ်သေကုန်ရာ၏။ ဤသို့ အခါခပ်သိမ်း အကြောင်းမရှိပဲ စက္ခုဝိညာဏ်စသည်တို့ ဖြစ်ပေါ်သောအားဖြင့် တမျိုးတည်း တူညီသည်၏ အဖြစ်သို့ ရောက်ရာသည်ဟု ဆိုလို၏။

၂-မျက်စိစုံလုံးကန်းသောသူစသည်တို့အား၎င်း, ရုပ်မရှိသော ဗြဟ္မာတို့အား၎င်း, အသညသတ်ဗြဟ္မာတို့အား၎င်း စက္ခုဝိညာဏ်စသည်တို့၏ တည်ရာ မှီရာ အကြောင်းမရှိ၊ သို့သော်လည်း အကြောင်းမရှိပဲ ဖြစ်ပေါ်နိုင်ပါမူ ထိုသို့သော ပုဂ္ဂိုလ်တို့အားလည်း အကြောင်းမရှိပဲ စက္ခုဝိညာဏ်စသည်တို့ ဖြစ်ပေါ်လေကုန်ရာ၏၊ ဤသို့အလုံးစုံသော ပုဂ္ဂိုလ်တို့အား အကြောင်းမရှိပဲ စက္ခုဝိညာဏ်စသည်တို့ ဖြစ်ပေါ်သောအားဖြင့် တမျိုးတည်း တူညီသည်၏ အဖြစ်သို့ ရောက်ရာသည်ဟု ဆိုလို၏။ ဤ၌ စက္ခုဝိညာဏ်စသည်ကို ပြဆိုခြင်းမှာ နည်းပြမျှသာ ဖြစ်သည်၊ အမှန်အားဖြင့်သော်ကား အကြောင်းမရှိပဲ ဖြစ်နိုင်ပါမူ လောက၌ အထူးဟူသမျှသည် အရပ်ဌာနတိုင်း၌ သူခပ်သိမ်းတို့အား အခါခပ်သိမ်းပင် ဖြစ်ပေါ်လေရာ၏-ဟု ဆိုလိုသည်။

၃-စသည်-ဟူသော စကားဖြင့် ပကတိ ပုရိသ ပဇာပတိ ကာလစသည်တို့ကို ယူ။

၄-ဣဿရစသည်တို့သည် တကယ်ရှိပါမူ ၎င်းတို့သည်လည်း နာမ်နှင့်ရုပ်မျှသာ ဖြစ်ရမည်၊ နာမ်ရုပ်မှ အလွတ်ဖြစ်သော ဣဿရစသည်တို့ မရှိကုန်သည်သာ တည်း၊ အကယ်၍ ၎င်းတို့ကို နာမ်ရုပ်မှ အလွတ်ဟု ယူဆလျှင် ၎င်းတို့သည် ဘာမျှမရှိသော အမည်ပညတ်မျှ ခေါ်ဝေါ်ရုံမျှသာ ဖြစ်ရာသည်၊ အမှန်အားဖြင့် ထင်ရှားမရှိကုန်သည်သာတည်း။ ထို့ကြောင့် ထိုသို့ ထင်ရှားမရှိသော ဣဿရစသည်တို့မှာ အသုံးမကျ တရားမဝင်ဟု ဆိုလိုသည်။

http://www.dhammadownload.com



အကြောင်းမရှိသည်၏အဖြစ်သို့ ရောက်သောကြောင့်ပေတည်း၊ ထို့ကြောင့် ထိုနာမ်ရုပ်၏ မူလအကြောင်း, အထောက်အပံ့အကြောင်းတို့သည် ရှိကုန်ရာ၏၊ ထိုအကြောင်းတို့ကား အဘယ်သည်တို့နည်းဟု ဆင်ခြင်၏။

## ၁-အကြောင်းသိမ်းဆည်းပုံ ပဌမနည်း

၆၇၉။ ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း နာမ်ရုပ်၏ မူလအကြောင်း, အထောက်အပံ့ အကြောင်းတို့ကို ဆင်ခြင်ပြီးလျှင် ဤ(ရူပကာယ)ရုပ်အပေါင်း ကိုယ်၏မူလအကြောင်း,အထောက်အပံ့အကြောင်းတို့ကို ဤသို့သိမ်းဆည်း၏- ဤရုပ်ကိုယ်သည် ဖြစ်ပေါ်လတ်သော် ဥပ္ပလကြာ ပဒုမ္မာကြာ ပုဏ္ဍရိက်ကြာ သောဂန္ဓိကကြာ[၁] စသည်တို့၏ အတွင်း၌ ဖြစ်ပေါ်သည် မဟုတ်၊ ပတ္တမြား ပုလဲသွယ် စသည်တို့၏ အတွင်း၌လည်း ဖြစ်ပေါ်သည် မဟုတ်၊ စင်စစ်သော်ကား အစာသစ်အိမ် အစာဟောင်းအိမ်တို့၏ အကြား၌ (အမိ၏)ဝမ်းရေလွှာကို နောက်မှီပြု၍ (အမိ၏) ကျောက်ကုန်းရိုးကို ရှေ့မျက်နှာစာပြု၍ အူမ အူသိမ်တို့ဖြင့် ဝန်းရံ(အပ်)သည်ဖြစ်၍ မိမိကိုယ်တိုင်လည်း မကောင်းသော အနံ့ရှိလျက် စက်ဆုပ်ရွံရှာဖွယ် ရှိသည်ဖြစ်၍ မကောင်းသော အနံ့ရှိလျက် စက်ဆုပ်ဖွယ်ရှိသော အလွန်ကျဉ်းမြောင်းသော သားအိမ်အရပ်၌ ငါးပုပ် မယောမုံ့ပုပ် တံစီးတွင်း တံစီးမြောင်း[၂]စသည်တို့၌ ဖြစ်သော ပိုးလောက်ကဲ့သို့ ဖြစ်ပေါ်ရ၏။

---

၁-နီလုပ္ပလ-ကြာညိုဟူသော ပုဒ်ကိုထောက်၍ ထိုကြာညိုနှင့် အမျိုးတူသော ကြာကို ဥပ္ပလကြာဟု ယူအပ်၏။ ပဒုမ္မာကြာနှင့် ပုဏ္ဍရိက်ကြာတို့ကို အဋ္ဌကထာတို့၌ "ပွင့်ချပ်တရာ မပြည့်သောကြာသည်,တနည်း ကြာနီသည် ပုဏ္ဍရိက် မည်၏၊ ပွင့်ချပ်တရာပြည့်သော ကြာသည်,တနည်း ကြာဖြူသည် ပဒုမ္မာ မည်၏"-ဟု ဆုံးဖြတ်၏။ အဘိဓာန်၌ကား "ကြာသာမန်ကို ပဒုမ္မာကြာ ဟူ၍ရင်း၊ ကြာဖြူကို ပုဏ္ဍရိက်ကြာ ဟူ၍ရင်း၊ ကြာသိမ်, ကြာတံဆိပ်, ညနေချမ်း၌ပွင့်သော ကြာဖြူကို သောဂန္ဓိကကြာ ဟူ၍ရင်း"ဆို၏။

၂-တံစီးတွင်း ဟူသည်ကား ဆေးကြောသောရေ ကိုယ်ဝန် အညစ်အကြေး စသည်တို့ကို စွန့်သွန်ရာ ဌာနတည်း။ တံစီးမြောင်းဟူသည်ကား ရွံ့ညွန်နှင့် တကွသော ထိုဆေးကြောသောရေ ကိုယ်ဝန် အညစ်အကြေး စသည်တို့၏ စီးသွားရာ အရပ်တည်းဟု ဖွင့်ပြသော မူလပဏ္ဏာသ အဋ္ဌကထာ (၁-၇၃) နှင့် အညီပင် တံစီးတွင်း တံစီးမြောင်းတို့ကို မှတ်ရာ၏။

http://www.dhammadownload.com



ဤသို့သော အခြင်းအရာဖြင့် ဖြစ်ပေါ်ရသော ထိုရုပ်ကိုယ်၏[၁] "အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ"ဟူသော ဤ ၄-ပါးသော တရားတို့သည် (၎င်းရုပ်ကို) ဖြစ်စေတတ်သောကြောင့် (**ဟေတု**) **မူလအကြောင်း**ပေတည်း[၂]၊ အစာ အာဟာရသည် ထောက်ပံ့တတ်သောကြောင့် (**ပစ္စယ**) **အထောက်အပံ့ အကြောင်း**ပေတည်း၊ ဤသို့ အားဖြင့် ငါးပါးသော တရားတို့သည် မူလ အကြောင်း, အထောက်အပံ့အကြောင်းတို့ပေတည်း။

ထိုငါးပါးတို့တွင်လည်း အဝိဇ္ဇာစသော ၃-ပါးသော အကြောင်းတို့သည် "အမိသည် သားသူငယ်၏ မှီရာဖြစ်သကဲ့သို့" ဤရုပ် ကိုယ်၏ မှီရာ ဥပ-နိဿယ ဖြစ်ကုန်၏၊ အဘသည် သားကို ဖြစ်စေသကဲ့သို့ ကံသည် (ဤရုပ် ကိုယ်ကို) [၂၃၄] ဖြစ်စေတတ်၏၊ နို့ထိန်းသည် သူငယ်ကို (ကျွေးမွေးပြုစု လျက်) ကောင်းစွာဆောင်သကဲ့သို့ အာဟာရသည် (ဤရုပ်ကိုယ်ကို ကျွေး မွေး ပြုစုလျက်) ကောင်းစွာ ဆောင်တတ်၏ဟူ၍ အကြောင်းအထောက် အပံ့တို့ကို သိမ်းဆည်း၏။

ဤဆိုခဲ့သောနည်းဖြင့် ရုပ်အပေါင်း ကိုယ်၏အကြောင်း သိမ်းဆည်းခြင်း ကို ပြုပြီးလျှင်[၃] တဖန် "မျက်စိ (စက္ခုပသာဒရုပ်)ကိုငင်း, အဆင်း (ရူပါရုံ) တို့ကိုငင်း စွဲမှီ၍ စက္ခုဝိညာဏ်စိတ်သည် ဖြစ်ပေါ်၏" ဤသို့ အစရှိသော နည်းဖြင့် (နာမကာယ)နာမ်အပေါင်း၏ အကြောင်းကို သိမ်းဆည်းခြင်းကို ပြု၏။

ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း အကြောင်းကြောင့် နာမ်ရုပ်၏ (ယခုပစ္စုပ္ပန်၌) ဖြစ်ပေါ်ခြင်းကို ရှုမြင်ပြီးလျှင် "ဤနာမ်ရုပ်သည် ယခု ပစ္စုပ္ပန် ဘဝကာလ၌ အကြောင်းကြောင့် ဖြစ်ပေါ်သကဲ့သို့ ထို့အတူပင် အတိတ်ကာလ၌လည်း အကြောင်းကြောင့် ဖြစ်ပေါ်ခဲ့လေပြီ၊ အနာဂတ် ကာလ၌လည်း အကြောင်းကြောင့် ဖြစ်ပေါ်လတံ့"ဟု ရှုမြင်၏။

---

၁-ဤ ရုပ်ကိုယ်၏....မူလအကြောင်းပေတည်း၊....အထောက်အပံ့ အကြောင်းပေ တည်း၊....မူလအကြောင်း အထောက်အပံ့ အကြောင်းတို့ ပေတည်း-ဟု စပ်ပါ။

၂-ဤ မူလအကြောင်းကို "ဇနက(ဖြစ်စေတတ်သော)အကြောင်း"ဟူ၍လည်း ခေါ်သည်။

၃-သိမ်းဆည်းခြင်းကို ပြုပြီးလျှင်....သိမ်းဆည်းခြင်းကို ပြု၏-ဟု စပ်ပါ။

http://www.dhammadownload.com



## ယုံမှား ၁၆-ပါးကိုပယ်ခြင်း

၆၀၀။ ဤ ဆိုခဲ့သည့်အတိုင်း ရှုမြင်သော ထိုယောဂီသည်[၁] "ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ ဖြစ်ခဲ့ (ရှိခဲ့) လေသလော[၂]၊ ငါသည် လွန်လေပြီးသောကာလ၌ မဖြစ်ခဲ့(မရှိခဲ့) သေးဘူးလေလော[၂]၊ ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ အဘယ်သို့သော အမျိုးအစားဖြစ်ခဲ့လေသနည်း[၃]၊ ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်ခဲ့လေသနည်း[၄]၊ ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ အဘယ်သို့သော အမျိုးအစား ဖြစ်ပြီးလျှင် အဘယ်သို့သော အမျိုးအစား (အဆက်ဆက်) ဖြစ်ခဲ့လေသနည်း[၅]"ဟု (လွန်လေပြီးသော ခန္ဓာအစဉ် ဟူသော) ရှေးအဖို့ကို အကြောင်းပြု၍ (ဖြစ်သော) အကြင် ငါးပါး အပြားရှိသော ယုံမှားကို ဟောတော်မူ(အပ်)၏။

---

၁-ထိုယောဂီသည်....ပယ် (အပ်) ၏-ဟု နှာ-၂၅၇ ပဌမ စာပိုဒ်က အဆုံးစွန် ပုဒ်နှင့်လှမ်းစပ်ပါ။

၂-သဿတ-တည်မြဲ တည်နေပုံ အခြင်းအရာနှင့် အဓိစ္စသမုပ္ပတ္တိ - အကြောင်းမဲ့ အလိုလိုဖြစ်လာပုံ အခြင်းအရာတို့ကို စွဲမှီ၍ဖြစ်သော ယုံမှားပုံ အခြင်းအရာ ၂-ခု ဖြစ်သည်။

၃-ဤဝါကျဖြင့် "မင်းမျိုးဖြစ်ခဲ့လေသလော၊ ပုဏ္ဏားမျိုး စသည်တို့တွင်, လူဝတ်ကြောင် စသည်တို့တွင်, နတ်စသည်တို့တွင် တပါးပါး ဖြစ်ခဲ့လေသလော" ဟု ယုံမှားဖြစ်သည်ကို ပြကြောင်း အဋ္ဌကထာ ဋီကာတို့၌ ဖွင့်ကြ၏။ ထို အတိတ်ကာလတုန်းက အတ္တသည် ရုပ်ရှိခဲ့လေသလော၊ ဝေဒနာစသည် ရှိခဲ့လေသလော၊ ဤသို့ စသည်ဖြင့် ယုံမှားခြင်းလည်း ဖြစ်သင့်၏။

၄-ရှည်လေ-မြင့်လေသလော၊ တိုလေ-ပုလေသလော၊ ဖြူလေသလော၊ မည်းလေသလော စသည်ဖြင့် သဏ္ဌာန် အခြင်းအရာကိုစွဲ၍ ယုံမှားသည်ဟု မူလ အဖွင့်အဖြစ်ဖြင့် ပြဆိုပြီးလျှင် "အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်ခဲ့လေသနည်းဟု ဖြစ်ပုံအခြင်းအရာအားဖြင့် ယုံမှားသည်"ဟု ဆရာတို့က ဆိုကြောင်းလည်း ဋီကာ၌ ပြ၏။ ဤ၌ ဆရာတို့၏ ဝါဒအရအားဖြင့် ဖန်ဆင်း၍ ဖြစ်လာခဲ့သလော၊ အကြောင်းမဲ့ ဖြစ်လာခဲ့သလော စသည်ဖြင့် ယုံမှားသည်ကို ယူအပ်၏။

၅-ဤယုံမှားပုံမှာ တတိယယုံမှားပုံနှင့် တူ၏၊ ဤ၌ အဆက်ဆက် ဖြစ်လာပုံကို ယုံမှားခြင်းမျှသာ ထူးသည်။

http://www.dhammadownload.com



"ငါသည် ဤဘဝမှ နောက် အနာဂတ်ကာလ၌ ဖြစ်ရဦးမည်လေလော၊ ငါသည် အနာဂတ်ကာလ၌ မဖြစ်ရတော့ဘူးလေလော၊ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့သော အမျိုးအစား ဖြစ်ရမည်နည်း၊ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်ရမည်နည်း၊ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့သော အမျိုးအစားဖြစ်ပြီးလျှင် အဘယ်သို့သော အမျိုးအစား (အဆက်ဆက်)ဖြစ်သွားရမည်နည်း"ဟု (အနာဂတ် ခန္ဓာအစဉ်ဟူသော) နောက်အဖို့ကို အကြောင်းပြု၍ (ဖြစ်သော)အကြင်ငါးပါး အပြားရှိသော ယုံမှားကိုလည်း ဟောတော်မူ(အပ်)၏။

"ယခုအခါ၌ ပစ္စုပ္ပန် အဓ္ဓန်ကာလကို အကြောင်းပြု၍မူလည်း မိမိ၏ ခန္ဓာတို့၌ သို့လော သို့လော တွေးတောခြင်းရှိ၏— ငါသည် ဟုတ်လေသလော (ရှိလေသလော)၊ငါသည် မဟုတ်လေသလော (မရှိလေသလော)[၁] ငါသည် အဘယ်သို့သော အမျိုးအစား ဖြစ်သနည်း[၂]၊ ငါသည် အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်သနည်း[၃]၊(ငါဟူသော) ဤသတ္တဝါသည် အဘယ်ဘဝမှ လာခဲ့သနည်း၊ ထို ငါ-သတ္တဝါသည် အဘယ်ဘဝသို့ သွားရောက်လတ္တံ့နည်း- ဟု ပစ္စုပ္ပန်ခန္ဓာကို အကြောင်းပြု၍ (ဖြစ်သော)အကြင် ၆-ပါး

---

၁-မိမိဟု သိမှတ်ထားသော အတ္တဟူသည်မှာ တကယ် ရှိလေသလော၊ မရှိလေသလောဟု ယုံမှားသည်။

၂-မင်းမျိုး ဖြစ်ပါလျက် ဟုတ်လေသလော၊ မဟုတ်လေသလောဟု ယုံမှားသည်ဟု အဋ္ဌကထာ ဋီကာတို့၌ ဖွင့်ပြကြ၏။ မင်းမျိုးစသည် ဟုတ် မဟုတ် ယုံမှားခြင်းသည် ပဋိပတ်အရာ၌, အထူးအားဖြင့် ရုပ် နာမ်ကို ရှုသော ဝိပဿနာအရာ၌ ဆန့်ကျင်ဘက်လည်း မဖြစ်၊ ရုပ် နာမ်ကို သိခြင်းကြောင့်လည်း ထိုသို့သော ယုံမှားကို လွန်မြောက်မည် မဟုတ်၊ ထို့ကြောင့် ဆင်ခြင်သင့်၏။ မိမိ၏ အတ္တကောင်သည် ရုပ်ရှိလေသလော၊ ဝေဒနာစသည် ရှိလေသလော စသည်ဖြင့် ယုံမှားခြင်းကိုယူလျှင် သင့်ရာ၏၊ ယခုကာလ၌ပင် အတ္တစွဲရှိသူတို့မှာ ထိုသို့သော ယုံမှားဖြစ်လျက် ရှိကြ၏။

၃-ကိုယ်တွင်းက ဇီဝအတ္တ၏ အရှည် အတို စသော သဏ္ဌာန်ပမာဏကို စွဲ၍ ယုံမှားဖြစ်ပုံကို ဋီကာ၌ ပြ၏။ ဤ၌ ရုပ်ရှိလေသလော စသည်ဖြင့် ယုံမှားခြင်းလည်း အတွင်းဝင်သည်ဟု မှတ်အပ်၏။

http://www.dhammadownload.com



အပြားရှိသော ယုံမှားကိုလည်း ပယ်တော်မူ(အပ်)၏။ အလုံးစုံသော ထို ၁၆-ပါးသော ယုံမှားကို ပယ်(အပ်)၏ ၁။

## ၂-အကြောင်းသိမ်းဆည်းပုံ ဒုတိယနည်း

၆၇၁။ တပါးသော ယောဂီသည် ဆက်ဆံသောအကြောင်း မဆက်ဆံသော အကြောင်း အားဖြင့် ၂-ပါး အပြားရှိသော ၂ နာမ်၏ အကြောင်းကို ရှုမြင်၏၊ ကံ စသည်၏ အစွမ်းအားဖြင့် ၄-ပါး အပြားရှိသော ၂ ရုပ်၏ အကြောင်းကို ရှုမြင်၏။ ခွဲ၍ ပြရလျှင်....နာမ်၏ အကြောင်းသည် ဆက်ဆံသော အကြောင်း မဆက်ဆံသော အကြောင်း ဟူ၍ ၂-ပါး အပြား ရှိ၏၊ ထိုတွင် စက္ခုဒွါရ အစရှိသော ၆-ပါးသော ဒွါရတို့နှင့် ရူပါရုံ အစ ရှိသော ၆-ပါးသော အာရုံတို့သည် နာမ်၏ ဆက်ဆံသော (သာဓာရဏ) အကြောင်းမည်၏၊ အဘယ့်ကြောင့်နည်းဟူမူ ? ကုသိုလ် အစရှိသော အပြား အားဖြင့်၃ အလုံးစုံသော အပြားရှိသော နာမ်ဟူသမျှသည် ထိုဒွါရနှင့်အာရုံ တို့ကြောင့် ဖြစ်ပေါ်ရသောကြောင့်ပေတည်း။ နှလုံးသွင်းမှု(မနသိကာရ) အစရှိသော အကြောင်းသည် နာမ်၏ မဆက်ဆံသော (အသာဓာရဏ) အကြောင်း မည်၏၊ အကြောင်းမူကား သင့်လျော်စွာ နှလုံးသွင်းခြင်း (ယောနိသောမနသိကာရ)၊ သူတော်ကောင်းတို့၏ တရားကိုကြားနာရခြင်း

---

၁-"ပယ်(အပ်)၏" ဟူသောပုဒ်သည် ပဟီယတိ-ပုဒ်၏ ဘာသာပြန် ဖြစ်သည်။ ဤအရာ၌ ပယ်-ဟူသည်မှာ ပျောက်စေခြင်း ဝိက္ခမ္ဘနပဟာန်ဖြင့် ဝေးကွာခြင်း ကွယ်ပျောက်ခြင်းပင်တည်း။ သို့ဖြစ်၍ ထိုယောဂီသည် ယုံမှားကို ပယ်(အပ်)၏-ဟူရာ၌ ထိုယောဂီ၏ သန္တာန်၌ ယုံမှားပျောက်ကင်း၏-ဟု ဆိုလိုပေသည်။ အဘယ်ကဲ့သို့နည်းဟူမူ ? ဓေဂ္ဂသုတ်ဝယ် "ပဟီယိဿတိ-ပယ် အပ်လတ့်"ဟူရာ၌ ပျောက်ကင်းလတ့်-ဟု အနက် ယူရသကဲ့သို့ပင်တည်း။

၂-အပြားရှိသော....အကြောင်းကို-ဟု စပ်ပါ။

၃-ကုသိုလ် အကုသိုလ် ဝိပါက် ကိရိယာ အပြား အားဖြင့်ရင်း, ကုသိုလ် စသည် ၌လည်း သောမနဿသဟဂုတ် အစရှိသည်တို့တွင် တပါးပါးသော အပြား အားဖြင့်ရင်း အလုံးစုံသော အပြားရှိသောဟု ဆိုလို၏။ အချုပ်အားဖြင့် မူကား လောကီစိတ် ၈၁-ပါး, ထိုစိတ်တို့နှင့်ယှဉ်သော စေတသိက် ၅၂-ပါး ဤသို့သော အပြားရှိသော နာမ်ဟူသမျှကို ဆိုလိုသည်။

http://www.dhammadownload.com



အစရှိသော အကြောင်းသည် ကုသိုလ် နာမ်နှင့်သာ ဆက်ဆံ၏ [၁]၊ ထိုမှပြန်သော (အားဖြင့် မသင့်စွာ နှလုံးသွင်းခြင်း, သူယုတ်တို့၏ တရားကို ကြားနာရခြင်း အစရှိသော) အကြောင်းသည် အကုသိုလ်နာမ်နှင့်သာ ဆက်ဆံ၏ [၂]၊ ကံ အစရှိသော အကြောင်းသည် အကျိုးဝိပါက်နာမ်နှင့်သာ ဆက်ဆံ၏ [၃]၊ ဘဝင်အစရှိသော အကြောင်းသည် ကိရိယာနာမ်နှင့်သာ ဆက်ဆံ၏ [၄]၊ ဤကား အသာဓာရဏ မည်ခြင်း၏ အကြောင်းတည်း။

ရုပ်၏ အကြောင်းမှာမူ ကံ စိတ် ဥတု အာဟာရ ဟူသော ဤ ၄-ပါးသော အကြောင်း ပေတည်း၊ ထိုတွင် အတိတ်သာလျှင် ဖြစ်သောကံသည် ကမ္မဇရုပ်အား ကျေးဇူးပြု၏[၅]၊ [၂၃၅] ဖြစ်ဆဲသော စိတ်သည် စိတ္တဇရုပ်အား ကျေးဇူးပြု၏၊ ဥတုနှင့် အာဟာရတို့သည် ဥတုဇရုပ် အာဟာရဇရုပ်တို့အား တည်ဆဲ ဌီခဏ၌ ကျေးဇူးပြုကုန်၏။ ဤဆိုခဲ့သောနည်းဖြင့် တဦးသော ယောဂီသည် နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းခြင်းကို ပြု၏။

ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း အကြောင်းကြောင့် နာမ်ရုပ်၏ (ယခုပစ္စုပ္ပန်၌) ဖြစ်ပေါ်ခြင်းကို ရှုမြင်ပြီးလျှင် "ဤနာမ်ရုပ်သည် ယခုပစ္စုပ္ပန် ဘဝကာလ၌ အကြောင်းကြောင့် ဖြစ်ပေါ်သကဲ့သို့ ထို့အတူပင် အတိတ်ကာလ၌လည်း အကြောင်းကြောင့် ဖြစ်ပေါ်ခဲ့လေပြီ၊ အနာဂတ်ကာလ၌လည်း အကြောင်းကြောင့် ဖြစ်ပေါ်လတ့်"ဟု ရှုမြင်၏။ ဤဆိုခဲ့သည့်အတိုင်း ရှုမြင်သောယောဂီသည် (စာပိုဒ် ၆၈၀-၌) ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် အဓွန့်ကာလ ၃-ပါးတို့၌လည်း ၁၆-ပါးသော ယုံမှားကိုပယ်(အပ်)၏။

---

၁-ကုသိုလ်နာမ်၏ အကြောင်းသာ ဖြစ်သည်-ဟု ဆိုလို၏။

၂-အကုသိုလ်နာမ်၏ အကြောင်းသာ ဖြစ်သည်-ဟု ဆိုလို၏။

၃-ဝိပါက်နာမ်၏ အကြောင်းသာ ဖြစ်သည်-ဟု ဆိုလို၏။

၄-ကိရိယာနာမ်၏ အကြောင်းသာ ဖြစ်သည်-ဟု ဆိုလို၏။

၅-ကမ္မဇရုပ်ကို ဖြစ်စေသည်-ဟု ဆိုလို၏။

http://www.dhammadownload.com



## ၃-အကြောင်းသိမ်းဆည်းပုံ တတိယနည်း

၆၇၂။ တပါးသော ယောဂီသည်[၁] နာမ်ရုပ်ဟု ဆိုအပ်သော ထိုသင်္ခါရတို့၏ပင်လျှင် အိုခြင်းသို့ရောက်သည်ကိုရင့် ၊အိုပြီးသောသင်္ခါရတို့၏သေပျက်ခြင်းကိုရင့် ရှုမြင်ပြီးလျှင်[၂] (သင်္ခတဖြစ်သော) သင်္ခါရတို့၏ ဤအိုခြင်း သေခြင်းမည်သည်မှာ ဘဝအသစ်ဖြစ်ခြင်းရှိလျှင် ရှိ၏၊ ဘဝအသစ်ဖြစ်ခြင်းသည်လည်း ဖြစ်ကြောင်း ကမ္မဘဝ ရှိလျှင် ရှိ၏၊ ကမ္မဘဝသည်လည်း စွဲလမ်းမှုဥပါဒါန်ရှိလျှင် ဖြစ်၏၊ ဥပါဒါန်သည်လည်း တဏှာရှိလျှင် ဖြစ်၏၊ တဏှာသည်လည်း ဝေဒနာရှိလျှင် ဖြစ်၏၊ ဝေဒနာသည်လည်း ဖဿရှိလျှင် ဖြစ်၏၊ ဖဿသည်လည်း (သဠာယတန) အာယတန ၆-ပါးရှိလျှင် ဖြစ်၏၊ အာယတန ၆-ပါးသည်လည်း နာမ်ရုပ်ရှိလျှင် ဖြစ်၏၊ နာမ်ရုပ်သည်လည်း ဝိညာဏ်ရှိလျှင် ဖြစ်၏၊ ဝိညာဏ်သည်လည်း သင်္ခါရတို့ရှိလျှင် ဖြစ်၏၊သင်္ခါရတို့သည်လည်း အဝိဇ္ဇာရှိလျှင် ဖြစ်ကုန်၏ဟု ဤသို့ ပဋိလုံ ပဋိစ္စသမုပ္ပါဒ်၏ အစွမ်းအားဖြင့် နာမ်ရုပ်၏ အကြောင်း သိမ်းဆည်းခြင်းကို ပြု၏။ ထိုသို့ သိမ်းဆည်းသောအခါ၌ ထိုယောဂီသည် ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် ၁၆-ပါးသော ယုံမှားကို ပယ်(အပ်)၏။

## ၄-အကြောင်းသိမ်းဆည်းပုံ စတုတ္ထနည်း

၆၇၃။ တပါးသော ယောဂီသည် "ဤသို့လျှင် အဝိဇ္ဇာကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏" ဤသို့ စသည်ဖြင့် ရှေး၌ အကျယ်ချဲ့၍ ပြခဲ့ပြီးသော **အနုလုံ ပဋိစ္စသမုပ္ပါဒ်**၏ အစွမ်းအားဖြင့်သာလျှင် နာမ်ရုပ်၏ အကြောင်း သိမ်းဆည်းခြင်းကိုပြု၏။ ထိုသို့ သိမ်းဆည်းသောအခါ၌ ထိုယောဂီသည် ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် ၁၆-ပါးသော ယုံမှားကို ပယ်(အပ်)၏။

## ၅-အကြောင်းသိမ်းဆည်းပုံ ပဉ္စမနည်း

၆၇၄။ တပါးသော ယောဂီသည်[၃] "ရှေးဘဝ၌ ပြီးခဲ့သော ကမ္မဘဝ (ဖြစ်ကြောင်းကံ)ကိုပြုစဉ်၌ တွေဝေခြင်း(ဒုက္ခစသည်ကိုမသိခြင်း)သဘော

---

၁-၂-ယောဂီသည်....ရှုမြင်ပြီးလျှင်....ယုံမှားကို ပယ်(အပ်)၏-ဟု စပ်ပါ။ ဤ၌လည်း ထိုယောဂီ၏ သန္တာန်၌ ဝိက္ခမ္ဘနပဟာန်အားဖြင့် ဝေးကွာလျက် ယုံမှားပျောက်ကင်း၏-ဟု ဆိုလိုသည်။ နောက်၌လည်း နည်းတူပင်မှတ်။

၃-ယောဂီသည်....နာမ်ရုပ်၏အကြောင်း သိမ်းဆည်းခြင်းကို ပြု၏-ဟု စပ်ပါ။

http://www.dhammadownload.com



သည် အဝိဇ္ဇာတည်း၊အားထုတ်မှုတို့သည် သင်္ခါရတို့တည်း၊ လိုချင်တောင့်တခြင်းသည် တဏှာတည်း၊ချဉ်းကပ်စွဲလမ်းခြင်းသည် ဥပါဒါန်တည်း၊ စေ့ဆော်တိုက်တွန်းခြင်း (စေတနာ)သည် ကမ္မဘဝတည်း၊ ဤသို့ အားဖြင့် "ရှေးဘဝ၌ ပြီးခဲ့သော ကမ္မဘဝကို ပြုစဉ်၌ ပြီးစီးခဲ့ကုန်သော ဤငါးပါးသော တရားတို့သည် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၏ အကြောင်းတို့ပေတည်း။ ဤပစ္စုပ္ပန်ဘဝ၌ ရှေးဘဝနှင့် ဆက်စပ်၍ ဖြစ်သော ပဋိသန္ဓေစိတ်သည် ဝိညာဏ်တည်း၊ သက်ဝင်ခြင်း (သက်ဝင်သော တရားအပေါင်း)သည် နာမ်ရုပ်တည်း၊ ကြည်လင်ခြင်းသည် အာယတနတည်း၊ တွေ့ထိခြင်းသည် ဖဿတည်း၊ ခံစားခြင်းသည် ဝေဒနာတည်း၊ ဤသို့အားဖြင့် ဤငါးပါးသောတရားတို့သည် ရှေးဘဝ၌ ပြုခဲ့သော ကံ ဟူသော အကြောင်းကြောင့် ဤပစ္စုပ္ပန် ဥပပတ္တိဘဝ၌ ဖြစ်ပေါ်သော အကျိုးတရားတို့တည်း။ဤပစ္စုပ္ပန်ဘဝ၌ အာယတနတို့၏ ရင့်ကျက်သည်၏ အဖြစ်ကြောင့် (မျက်စိ နားစသော အာယတနတို့ ရင့်ကျက်သောအခါ၌) တွေဝေခြင်းသည် အဝိဇ္ဇာတည်း။ပ။ စေ့ဆော် တိုက်တွန်းခြင်းသည် ကမ္မဘဝတည်း၊ ဤသို့ အားဖြင့် ဤပစ္စုပ္ပန်ဘဝဝယ် ကမ္မဘဝကို ပြုစဉ်၌ ပြီးစီးကုန်သော ဤငါးပါးသော တရားတို့သည် နောင်ဘဝ၌ ပဋိသန္ဓေ၏ အကြောင်းတို့တည်း" ဟူ၍ ဟောထားသော ဤသို့သော ဒေသနာနည်းဖြင့် ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းအားဖြင့် နာမ်ရုပ်၏အကြောင်းသိမ်းဆည်းခြင်းကိုပြု၏။

## ကံအပြားကို ပြဆိုချက်

၆၇၅။ ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းအားဖြင့် ဟူသော ထိုစကား၌ ကံသည်-

(၁) မျက်မှောက် ဘဝ၌ ခံစားအပ်သော အကျိုး ရှိသော **ဒိဋ္ဌဓမ္မဝေဒနီယကံ**[၁]၊

(၂) အခြားမဲ့ ဒုတိယဘဝ၌ ခံစားအပ်သော အကျိုးရှိသော **ဥပပဇ္ဇဝေဒနီယကံ**[၂]၊

---

၁-ဒိဋ္ဌဓမ္မ — မျက်မှောက်အတ္တဘော—မျက်မှောက်ဘဝ + ဝေဒနီယ — ခံစားအပ်သော အကျိုးရှိသောကံ။

၂-ဥပပဇ္ဇ—ဤဘဝ၏ **အနီး၌** ဖြစ်၍—အခြားမဲ့ ဒုတိယဘဝ၌+ဝေဒနီယ—ခံစားအပ်သော အကျိုးရှိသောကံ။

http://www.dhammadownload.com



(၃) တတိယဘဝ စသည်တို့၌ ခံစားအပ်သောအကျိုးရှိသော **အပရာပရိယဝေဒနီယကံ**[၁]၊

(၄) ကံသာဖြစ်ပြီး၍ အကျိုးမပေးနိုင်သော **အဟောသိကံ** ဟူ၍ ၄-ပါးအပြားရှိ၏။

ထို ကံ ၄-ပါးတို့တွင် တခုသော ဇောဝီထိ၌ ခုနစ်ကြိမ်သော ဇောတို့တွင် [၂၃၆] ကုသိုလ်ဖြစ်စေ,အကုသိုလ် ဖြစ်စေ, ပဌမဇော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏၊ ထိုကံသည် ဤအတ္တဘော(ယခုဘဝ)၌ပင်လျှင် အကျိုးပေးတတ်၏။ ထိုသို့ အကျိုးမပေးနိုင်လျှင်မူကား "ကံသည်ကား ဖြစ်ခဲ့ပြီ၊ ကံ၏အကျိုးကား ဖြစ်ခဲ့ပြီးလည်းမဟုတ်၊ ကံ၏အကျိုးကား ဖြစ်လတ္တံ့လည်း မဟုတ်၊ ကံ၏ အကျိုးကား ဖြစ်ဆဲလည်း မဟုတ်"ဟူ၍ ဟောထားသော ဤတိက်ဒေသနာ၏ အစွမ်းဖြင့် အဟောသိကံ ဖြစ်လေ၏။

ဒါနစသော ကုသိုလ်ကိစ္စ, ပါဏာတိပါတ စသော အကုသိုလ်ကိစ္စကို ပြီးစေသော သတ္တမဇော စေတနာသည်ကား ဥပပဇ္ဇဝေဒနီယကံ မည်၏၊ ထိုကံသည် အခြားမဲ့ အတ္တဘော ဒုတိယဘဝ၌ အကျိုး ပေးတတ်၏၊ ထိုသို့ အကျိုးမပေးနိုင်လျှင် ဆိုခဲ့ပြီးသော နည်းဖြင့် ပင်လျှင် အဟောသိကံ ဖြစ်လေ၏။

ပဌမဇော သတ္တမဇော ၂-ပါးတို့၏ အကြား၌ ငါးကြိမ်သော အလယ်ဇော စေတနာတို့သည် အပရာပရိယ ဝေဒနီယကံ မည်၏၊ ထိုကံသည် တတိယဘဝ စသော အနာဂတ်ကာလ၌ အခွင့်ရသောအခါ အကျိုး ပေးတတ်၏။ ရုပ်နာမ် ခန္ဓာ အစဉ် ဟူသော သံသရာ၏ မပြတ်ဖြစ်ခြင်း ရှိနေလျှင် (ရှိနေသမျှ ကာလပတ်လုံး ဤကံသည်) အဟောသိကံ မည်သည်မဖြစ်။

၆၈၆။ ထိုမှတပါးလည်း ကံသည်....

(၁) အလွန် အပြစ်ကြီးသော အကုသိုလ်, အလွန် အာနုဘော်ကြီးသော ကုသိုလ် ဟူသော လေးသော **ဂရုကံ**၊

---

၁-အပရ–မျက်မှောက် အတ္တဘော, အခြားမဲ့ အတ္တဘောတို့မှ တပါးသော+ပရိယာယ–အတ္တဘော၏ အလှည့်၌–တတိယဘဝ စသည်၌+ဝေဒနီယ–ခံစားအပ်သော အကျိုးရှိသောကံ။

http://www.dhammadownload.com



(၂) အကြိမ်များစွာ ပြုအပ် ကောင်းစွာ မှီဝဲအပ်သော **ဗဟုလကံ**[၁]၊

(၃) သေခါနီးကာလ၌ ပြုအပ် အောက်မေ့အပ်သော **အာသန္နကံ**၊

(၄) ပြုဘူးကာမျှ ဖြစ်သော **ကဋတ္တာကံ** ဟူ၍ ၄-ပါး အပြားရှိ၏။

ထိုကံ ၄-ပါးတို့တွင် ကုသိုလ်ကံဖြစ်စေ, အကုသိုလ်ကံဖြစ်စေ၊ လေးသော ဂရုကံ, ပေါ့သော လဟုကံ တို့တွင် အမိကိုသတ်သော မာတုဃာတကံ အစရှိသော[၂] အကုသိုလ် ဂရုကံ ဖြစ်စေ, မဟဂ္ဂုတ် ကုသိုလ် ဂရုကံ ဖြစ်စေ ရှိလျှင် ထို ဂရုကံသည် သာလျှင် ရှေးဦးစွာ ရင့်ကျက်လျက် အကျိုးကို ဖြစ်စေ၏။

ထို့အတူ အကြိမ်များစွာ ပြုအပ်သော ဗဟုလကံ, အကြိမ်များစွာ မပြုအပ်သော အဗဟုလကံတို့တွင်လည်း သီလစင်ကြယ်သည်၏ အဖြစ် သုသီလျကံဖြစ်စေ, သီလပျက်စီးသည်၏ အဖြစ် ဒုဿီလျကံဖြစ်စေ အကြိမ်များစွာ ပြုအပ် မှီဝဲအပ်သော ဗဟုလကံ ရှိလျှင် ထိုဗဟုလကံသည်သာလျှင် ရှေးဦးစွာ ရင့်ကျက်လျက် အကျိုးကို ဖြစ်စေ၏။

အာသန္နကံ မည်သည်ကား သေခါနီးကာလ၌ အောက်မေ့အပ်သော ကံတည်း၊ မှန်ပေ၏၊ သေခါနီးသောသူသည် အကြင်ကံကို အောက်မေ့နိုင်၏၊ ထိုကံဖြင့်သာလျှင် ဘဝသစ်၌ ဖြစ်ရ၏။

ဤဆိုခဲ့ပြီးသော ကံ ၃-ပါးတို့မှ လွတ်သော အဖန်ဖန် မှီဝဲမှုကို ရသော[၃] ကံသည် ကဋတ္တာကံ မည်၏၊ ဆိုခဲ့ပြီးသော ထိုကံ ၃-ပါးတို့မရှိလျှင် ဤကဋတ္တာကံက ပဋိသန္ဓေကို ငင်၏ (ဖြစ်စေ၏)။

---

၁-ဤကံကို အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ အာစိဏ္ဏကံ- (မပြတ်လေ့ကျက်အပ်သော ကံ)ဟု ခေါ်၏။

၂-"အစရှိသော"-ဟူသောစကားဖြင့် ပိတုဃာတ-အဘကိုသတ်ခြင်း၊ အရဟန္တဃာတ-ရဟန္တာကို သတ်ခြင်း၊ လောဟိတုပ္ပါဒ-မြတ်စွာဘုရား၌ သွေးစိမ်းတည်စေခြင်း၊ သံဃဘေဒ-သံဃာကိုခွဲခြင်း၊ နိယတမိစ္ဆာဒိဋ္ဌိ-ကံနှင့်ကံ၏ အကျိုးမရှိဟု မြဲမြံစွာ ဖြစ်သော မိစ္ဆာအယူတို့ကို ယူရာ၏။

၃-ဝိသုဒ္ဓိမဂ်ပါဠိ၌ အလဒ္ဓါသေဝနံ-ဟု ရှိလျှင် မှီဝဲမှုကို မရသော-ဟု ပြန်အပ်၏၊ ထိုသို့ရှိမှ ဗဟုလကံနှင့် ကွဲမည်။

http://www.dhammadownload.com



၆၈၇။ ထို့မှတပါးလည်း ကံသည် -

(၁) ဝိပါက် ကမ္မဇရုပ်ကို ဖြစ်စေတတ်သော **ဇနကကံ**၊

(၂) ထောက်ပံ့တတ်သော **ဥပတ္ထမ္ဘကကံ**၊

(၃) ကပ်၍ နှိပ်စက်တတ်သော **ဥပပီဠကကံ**၊

(၄) ကပ်၍ ဖြတ်တတ် သတ်တတ်သော **ဥပဃာတကကံ** ဟူ၍ ၄-ပါး အပြားရှိ၏။

ထိုကံ ၄-ပါးတို့တွင် ဇနကကံမည်သည်မှာ ကုသိုလ်လည်း ရှိ၏၊ အကုသိုလ်လည်း ရှိ၏၊ ထိုဇနကကံသည် ပဋိသန္ဓေအခါ၌၎င်း ပဝတ္တိအခါ၌၎င်း ကမ္မဇရုပ်နှင့် ဝိပါက် နာမ်ခန္ဓာတို့ကို ဖြစ်စေ၏။

ဥပတ္ထမ္ဘကကံသည်ကား အကျိုးဝိပါက်ကို မဖြစ်စေနိုင်၊ တပါးသော ကံက အကျိုးပေးထားသော ပဋိသန္ဓေ၌ (တပါးသော ကံက) ဖြစ်စေအပ်ပြီးသော အကျိုး ဝိပါက်၌ ဖြစ်ဆဲဖြစ်သော ချမ်းသာ ဆင်းရဲကို ထောက်ပံ့တတ်၏၊ အစွန့်ရှည်စွာသော ကာလပတ်လုံး မပြတ်ဖြစ်စေတတ်၏။

ဥပပီဠကကံသည်ကား တပါးသော ကံက အကျိုးပေးထားသော ပဋိသန္ဓေ၌, (တပါးသောကံက)ဖြစ်စေအပ်ပြီးသော အကျိုး ဝိပါက်၌ ဖြစ်ဆဲ ဖြစ်သော ချမ်းသာ ဆင်းရဲကို နှိပ်စက်တတ်၏၊ ညှဉ်းဆဲတတ်၏၊ အစွန့်ရှည်စွာသော ကာလပတ်လုံး မပြတ်ဖြစ်ရန် အခွင့်မပေး။

ဥပဃာတကကံသည်ကား မိမိကိုယ်တိုင် ကုသိုလ်သော်၎င်း အကုသိုလ်သော်၎င်း ဖြစ်လျက် တပါးသော အားနည်းသော(အကုသိုလ်ကံ ကုသိုလ်)ကံကို သတ်၍ ထိုကံ၏ အကျိုးဝိပါက်ကို တားမြစ်၍ မိမိ၏ အကျိုးဝိပါက်အား (ဖြစ်စေရန်) အခွင့်ပြု၏၊ ဤသို့ ကံကအခွင့်ပြုလတ်သော် ထိုအကျိုးဝိပါက်သည် ဖြစ်ပြီမည်၏ ဟူ၍ ဆိုအပ်၏။

[၂၇၇] ဤဆိုခဲ့သော အပြားအားဖြင့် ၁၂-ပါးသော ဤကံတို့၏ (အားရှိသည်၏ အဖြစ် အားမရှိသည်၏ အဖြစ် ဟူသော) ကံ အထူးသည်၎င်း, (ယုတ်သည်၏ အဖြစ် မြတ်သည်၏အဖြစ် စသော) ဝိပါက် အထူးသည်၎င်း မြတ်စွာဘုရားတို့၏(ကံ၏အကျိုးပေးပုံကို သိသော) ကမ္မဝိပါကဉာဏ်တော်အား သာလျှင် မှန်ကန်သော မိမိ၏ သဘောအားဖြင့် အပြည့်အစုံ

http://www.dhammadownload.com



ထင်ရှားပေသည်၊ သာဝကတို့နှင့် မဆိုင်ပေ။ သို့သော်လည်း ဝိပဿနာ ရှုသော ယောဂီသည် ကံအထူးနှင့် ဝိပါက်အထူးကို တစိတ်တဒေသ အားဖြင့် သိအပ် သိထိုက်၏။ ထို့ကြောင့် ဤကံအထူးကို အရိပ်အမြွက်မျှ ပြသော အားဖြင့် (ဤအရာ၌) ပြလိုက်ပေသည်။

၆ဂဂ။ ဤဆိုခဲ့သော အပြားအားဖြင့် ၁၂-ပါး အပြားရှိသော (ဖြစ်ဆဲ ပစ္စုပ္ပန် ဝိပါက်အစဉ်၏ အကြောင်းမျှသာလျှင် ဖြစ်သော အစိတ်)ကံကို (အပေါင်းဖြစ်သော)ကမ္မဝဋ္ဋ၌ ထည့်၍ ဤသို့လျှင် တဦးသော ယောဂီသည် ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ၏ အစွမ်းအားဖြင့် နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်း ခြင်းကိုပြု၏။

## ကံနှင့်ဝိပါက်မျှသာတွေ့မြင်ပုံ

ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ၏ အစွမ်းအား ဖြင့် အကြောင်းကြောင့်[၁] နာမ်ရုပ်၏(ယခုပစ္စုပ္ပန်၌) ဖြစ်ပေါ်ခြင်းကိုရှုမြင် ပြီးလျှင် "ဤနာမ်ရုပ်သည် ယခုပစ္စုပ္ပန် ဘဝကာလ၌(ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ၏ အစွမ်းအားဖြင့် သာလျှင်) (အကြောင်းကြောင့် ဖြစ်ပေါ်သ)ကဲ့သို့ ထို့ အတူပင် အတိတ်ကာလ၌လည်း ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ၏ အစွမ်းအားဖြင့် (သာလျှင်)အကြောင်းကြောင့်ဖြစ်ပေါ်ခဲ့လေပြီ၊ အနာဂတ်ကာလ၌လည်း ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ၏ အစွမ်းအားဖြင့်သာလျှင် အကြောင်းကြောင့် ဖြစ်ပေါ် လတ္တံ့"ဟု ရှုမြင်၏။

*၏ ဤဆိုခဲ့သောအပြားအားဖြင့် ကံနှင့် ကံ၏အကျိုး ဝိပါက်သာလျှင် ရှိ၏၊ ကမ္မဝဋ္ဋနှင့် ဝိပါကဝဋ္ဋသာလျှင် ရှိ၏၊ ကံအယဉ်နှင့် ဝိပါက်အယဉ်သာလျှင် ရှိ၏၊ ကံအစဉ်နှင့် ဝိပါက်အစဉ်သာလျှင် ရှိ၏၊ (ပြုခြင်း)- ပြုမှုနှင့် ပြုမှု၏ အကျိုးသာလျှင်ရှိ၏။

> ကံကြောင့် အကျိုးဝိပါက်တို့သည် ဖြစ်ကုန်၏၊ အကျိုးဝိပါက်သည် ကံလျှင် ဖြစ်ကြောင်း ရှိ၏ (တနည်းကား - အကျိုး ဝိပါက်သည် ကံ၏ဖြစ်ကြောင်း ပေတည်း[၂])။ကံကြောင့် တဖန် ဘဝသစ် ဖြစ်ပြန်၏၊

---

၁-ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋဟူသော အကြောင်းကြောင့်-ဟု ဆိုလို၏။

၂-ပစ္စုပ္ပန်ဘဝ၌ "ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ" ဟူသော

http://www.dhammadownload.com



ဤနည်းဖြင့် လောက(ဟု ခေါ်သော ရုပ်နာမ် အစဉ်)သည် အဆက်ဆက် မပြတ် ဖြစ်နေသည်- ဟူ၍

ရှုမြင်၏။

ဤဆိုခဲ့သည့်အတိုင်း ရှုမြင်သော ယောဂီသည်[၁] ရှေးအဖို့ စသည်ကို အကြောင်းပြု၍ "ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ ဖြစ်ခဲ့(ရှိခဲ့)လေသလော" ဤသို့ အစရှိသောနည်းဖြင့် ၁၆-ပါး အပြားရှိသော အကြောင်ယုံမှားကို ပယ်တော်မူ(အပ်)၏။ အလုံးစုံသော ထိုယုံမှားကို ပယ်(အပ်)၏။ အလုံးစုံသော ဘဝ ၃-ပါး၊ ယောနိ ၄-ပါး၊ ဂတိ ၅-ပါး၊ ဝိညာဏဋ္ဌိတိ ၇-ပါး၊ သတ္တာဝါသ ၉-ပါးတို့၌[၂] အကြောင်းအကျိုး ဆက်စပ်သည်၏ အစွမ်း

အကျိုးကိုမှီ၍ တဏှာ,ဥပါဒါန်, ကမ္မဘဝဖြစ်သည်ကို ဆိုလို၏။ ဤသို့အနက်ပြန်မှ ကံကြောင့် ဝိပါက်ဖြစ်သည်၊ ထိုဝိပါက်ကြောင့်ပင် တဖန်ကံဖြစ်သည်၊ ထိုကံကြောင့် တဖန် ဝိပါက်ဖြစ်ပြန်သည်-ဤသို့စသည်ဖြင့် တပြန်စီ မပြတ် လည်သွားနိုင်ပေသည်။

၁-ယောဂီသည်....အလုံးစုံသော ထိုယုံမှားကို ပယ် (အပ်)၏ဟု စပ်ပါ။

၂-ဘဝသုံးပါးဟူသည်ကား ကာမဘဝ, ရူပဘဝ, အရူပဘဝ တို့ပေတည်း။ ယောနိလေးပါးဟူသည်ကား အဏ္ဍဇ-ဥမှပေါက်ဖွားသော သတ္တဝါမျိုး၊ ဇလာဗုဇ-သူငယ်အိမ်မှ ပေါက်ဖွားသော သတ္တဝါမျိုး၊ သံသေဒဇ- အညှိ၌ဖြစ်ပွါးသောသတ္တဝါမျိုး၊ ဩပပါတိက-အနီး၌ရုတ်တရက် ကျလာသကဲ့သို့ ကိုယ်ထင်ရှား အပြည့်အစုံဘွားကနဲ ဖြစ်ပေါ်သော သတ္တဝါမျိုး၊ ဤလေးမျိုးတို့ပေတည်း။

ဂတိငါးပါး ဟူသည်ကား ငရဲ,တိရစ္ဆာန်, ပြိတ္တာ, လူ, နတ်- ဤငါးပါးတို့ပေတည်း။

ဝိညာဏဋ္ဌိတိ ခုနစ်ပါးဟူသည်ကား လူတို့သည် လူအချင်းချင်းရင်း,ကာမာဝစရ နတ်တို့သည် နတ်အချင်းချင်းရင်း, ကိုယ်နှင့် ပဋိသန္ဓေသညာ ၂-မျိုးလုံး ထူးခြားသောကြောင့် နာနတ္တကာယ နာနတ္တသညီမည်ကုန်၏ (၁)။ ပဌမစျာန် ဗြဟ္မာတို့သည် အချင်းချင်းရင်း, အပါယ်သတ္တဝါတို့သည် အချင်းချင်းရင်း ကိုယ်ထူးခြား၍ သညာတူသောကြောင့် နာနတ္တကာယ ဧကတ္တသညီမည်ကုန်၏(၂)။ဒုတိယစျာန်ဗြဟ္မာတို့သည်အချင်းချင်းကိုယ်တူ၍ သညာထူးခြားသောကြောင့် ဧကတ္တကာယနာနတ္တသညီမည်ကုန်၏(၃)။

http://www.dhammadownload.com



အားဖြင့် အဆက်ဆက် မပြတ်ဖြစ်နေသောနာမ်ရုပ်မျှသည်သာလျှင် (ထို ယောဂီအား) ထင်၏။ ထိုယောဂီသည် အကြောင်းတရားထက်အလွန် (အကြောင်းတရားမှလွဲ၍) ပြုတတ်သူကိုမမြင်၊ အကျိုးဝိပါက် အဆက်ဆက် မပြတ် ဖြစ်ခြင်းထက် အလွန် အကျိုးကို ခံစားတတ်သောသူကို မမြင်၊ အမှန် အားဖြင့် သော်ကား အကြောင်းတရားရှိလျှင် (**ကာရက**) ပြုတတ်သောသူ ဟူ၍ရင်း၊ အကျိုးဝိပါက် အဆက်ဆက် မပြတ်ဖြစ်ခြင်းရှိလျှင် (**ဝေဒက**) ခံစားတတ်သောသူ ဟူ၍ရင်း အမည်ပညတ်မျှဖြင့် ပညာရှိတို့ ခေါ်ဝေါ် ပြောဆိုကြသည်ဟူ၍သာလျှင် မှန်စွာသိသော ဝိပဿနာပညာဖြင့် ကောင်း စွာ မြင်(အပ်)ပြီးဖြစ်လေတော့၏။

၆၇၉။ ထို့ကြောင့် ရှေးဆရာတို့သည် ....

"အမှုကံကို ပြုတတ်သော ပုဂ္ဂိုလ်သည် မရှိချေ၊ အကျိုးကို ခံစား တတ်သော ပုဂ္ဂိုလ်သည်လည်း မရှိချေ၊ သက်သက်သော အကြောင်း နှင့် အကျိုးတရားတို့သည်သာလျှင် အဆက်ဆက် မပြတ် ဖြစ်လျက် ရှိကုန်၏၊ ဤသို့သော ဤ(အသိ အမြင်)သည် (မဖောက် မပြန်) မှန်ကန်စွာ သိမြင်ခြင်း ပေတည်း။

ဤဆိုခဲ့သော နည်းဖြင့် အမှုကံနှင့် အကျိုးဝိပါက်သည် အကြောင်းနှင့် တကွ တပြန်စီ လည်ပတ်လျက် မပြတ်ဖြစ်နေလျှင် သစ်စေ့နှင့် သစ်ပင်

---

တတိယဈာန် ဖြဟ္မာတို့သည် အချင်းချင်းရင်း, ဝေဟပ္ဖိုလ် ဖြဟ္မာတို့ သည် အချင်းချင်းရင်း ကိုယ်နှင့် သညာ ၂-မျိုး တူသောကြောင့် ကေတ္တ- ကာယ ကေတ္တသညီ မည်ကုန်၏ (၄)။ သုဒ္ဓါဝါသ ဖြဟ္မာတို့သည်လည်း ဤစတုတ္ထ ဝိညာဏဋ္ဌိတိ၌ ဝင်သင့်ကုန်၏။ ။အာကာသာနဉ္စာယတန ဖြဟ္မာ တို့သည် အာကာသာနဉ္စာယတနသညီ မည်ကုန်၏ (၅)။ ဝိညာဏဉ္စာယတန ဖြဟ္မာတို့သည် ဝိညာဏဉ္စာယတနသညီ မည်ကုန်၏ (၆)။ အာကိဉ္စညာယတန ဖြဟ္မာတို့သည် အာကိဉ္စညာယတနသညီ မည်ကုန်၏ (၇)။ ဤခုနစ်ပါးတို့ ပေတည်း။

သတ္တာဝါသ ၉-ပါးတို့ ဟူသည်ကား အထက်ပါဝိညာဏဋ္ဌိတိ ခုနစ်ပါးတို့၌ အသညသတ်ဘုံနှင့် နေဝသညာ နာသညာယတနဘုံတို့ကိုထည့်၍ ဤ ၉-ပါး တို့သည် သတ္တဝါတို့၏ နေရာဖြစ်သောကြောင့် သတ္တာဝါသ ၉-ပါးမည် ကုန်၏။

http://www.dhammadownload.com



တို့၏ ရှေးအစွန်းအစကို မသိအပ် မသိနိုင် သကဲ့သို့ (အမှုကံနှင့် အကျိုးဝိပါက်တို့၏) ရှေးအစွန်းအစကို မသိအပ် မသိနိုင်ပေ။ နောင် အနာဂတ်ကာလ၌လည်း (ရုပ်နာမ် ခန္ဓာတို့၏ မပြတ် ဖြစ်စဉ် ဟူသော)သံသရာရှိနေလျှင် (အမှုကံနှင့် အကျိုး ဝိပါက်တို့၏) မဖြစ် ခြင်း ပြတ်စဲခြင်းကို မတွေ့မြင်အပ် မတွေ့မြင်နိုင်ပေ။

[၂၃ဂ] (အမှုကံကို ပြုတတ်သော ပုဂ္ဂိုလ်သည် မရှိချေ စသည်ဖြင့် ဆိုခဲ့သော) ဤအနက်သဘောကို မသိကြသောကြောင့် တိတ္ထိတို့ သည် အမြင်မှန်ဟူသော ကိုယ်ပိုင် အလိုနှင့် မပြည့်စုံကုန်သည် ဖြစ်၍ သတ္တဝါဟူသော အမှတ်သညာကို စွဲလမ်းကုန်လျက် သဿတဒိဋ္ဌိ-တည်မြဲအယူ, ဥစ္ဆေဒဒိဋ္ဌိ-ပြတ်စဲ အယူရှိကုန်သည်ဖြစ်၍ အချင်းချင်း ဆန့်ကျင်ကုန်လျက် ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ယူကြကုန်၏။

ထိုတိတ္ထိတို့သည် ဒိဋ္ဌိဟူသော နှောင်ကြိုးဖြင့် နှောင်ဖွဲ့ ခံရကုန်သည် ဖြစ်၍ တဏှာဟူသော ရေယဉ်ဖြင့် မျောကုန်၏၊ ထို တိတ္ထိတို့သည် တဏှာရေယဉ်ဖြင့် မျောကုန်သည်ဖြစ်၍ ဆင်းရဲမှ မလွတ်နိုင်ကုန်။

မြတ်စွာဘုရား၏ တပည့်ဖြစ်သော ရဟန်းသည်ကား ဤ ဆိုခဲ့သော နည်းဖြင့် (အမှုကံကို ပြုတတ်သော ပုဂ္ဂိုလ်သည် မရှိချေ စသည်ဖြင့် ဆိုခဲ့သော) ဤအနက်သဘောကို သိပြီးလျှင် နက်နဲ သိမ်မွေ့သော (သတ္တဝါမှုရင်း အကျိုးမှုရင်း) ဆိတ်သုဉ်းသော အကြောင်း တရားကို ထိုးထွင်း၍ သိ၏။

အကျိုးဝိပါက်ထဲ၌ အကြောင်းကံသည် မရှိ[၁]၊ အကြောင်းကံ ထဲ၌ လည်း အကျိုး ဝိပါက်သည် မရှိ[၂]၊ ကံနှင့် ဝိပါက် ၂-ပါးတို့သည်

---

၁-အကြောင်းဖြစ်သော ချည်မျှင်များသည် အကျိုးဖြစ်သော အဝတ်အထည် ထဲ၌ မပျက်မစီးဘဲ တည်ရှိနေကြသလို ကံသည်ကား အကျိုးဝိပါက်ထဲ၌ တည်ရှိနေတော့သည်မဟုတ်၊ ကံကပင် မပျက်စီးဘဲ အကျိုးဝိပါက်ဖြစ်လာ သည်မဟုတ်ဟု ဆိုလို၏။

၂-စပါးနှံသည် အကြောင်းဖြစ်သော စပါးပင်ထဲ၌ အဖုံးအလုံးအဖြစ်ဖြင့် တည်ရှိနေနှင့်သလို အကျိုးဝိပါက်သည်ကား ကံဖြစ်စဉ်ကာလက ထိုကံထဲ၌ ကိန်းအောင်းလျက် ရှိနေခဲ့သည်မဟုတ်၊ သူ ဖြစ်ပေါ်ခိုက်ကျမှသာလျှင် အသစ်စက်စက် ဖြစ်ပေါ်လာသည်ဟု ဆိုလို၏။

http://www.dhammadownload.com



အချင်းချင်းမှ ဆိတ်သုဉ်းကုန်၏၊ (သို့သော်) အကြောင်းကံနှင့် ကင်း၍လည်း အကျိုးသည် မဖြစ်နိုင်။

ဥပမာအားဖြင့် မီးသည် နေရောင်ထဲ၌လည်းရှိသည်မဟုတ်၊ သူရိယ ကန်ကျောက် ခေါ် မှန်ဘီလူးထဲ၌လည်း ရှိသည်မဟုတ်၊ နွားချေး ခြောက်ထဲ၌လည်း ရှိသည် မဟုတ်၊ ၎င်း(နေရောင်စသည်) တို့၏ အပြင်ပ၌လည်း ထို (မီး) သည် ရှိသည်မဟုတ်၊ နေရောင်စသော အဆောက်အဦတို့ကြောင့် မီးသည် ဖြစ်လည်း ဖြစ်ပေါ်သကဲ့သို့။

ထို့အတူ အကျိုးဝိပါက်သည် ကံ၏အတွင်း၌လည်း (ရအပ်သည်) ရှိသည် မဟုတ်၊ ကံ၏ အပြင်ပ၌လည်း ရှိသည်မဟုတ်၊ ကံသည်လည်း ထိုအကျိုးဝိပါက်ထဲ၌ ရှိသည် မဟုတ်။

ကံသည် အကျိုးမှ ဆိတ်၏၊ အကျိုးသည် ကံထဲ၌ မရှိ၊ အမှန်အားဖြင့် မူကား ကံကိုသာလျှင် စွဲမှီ၍ ထိုကံမှ အကျိုးသည် ဖြစ်ပေါ်၏။

မှန်ပေ၏၊ ဤလောက၌ ခန္ဓာတို့၏ ဖြစ်စဉ် ဟူသော သံသရာကို ပြုတတ်-ဖန်ဆင်းတတ်သော နတ်သည်၎င်း ဗြဟ္မာသည်၎င်း မရှိချေ၊ အကြောင်းအပေါင်းဟူသော အကြောင်းကြောင့် နာမ်ရုပ်တရား သက်သက်တို့သည်သာလျှင် အဆက်ဆက် မပြတ်ဖြစ်လျက် ရှိကုန် ၏-" ဟု

မိန့်ဆိုကုန်၏။

## တရားအလုံးစုံကို ထင်ရှားသိခြင်း

၆၉၀။ ဤဆိုခဲ့သော နည်းဖြင့် ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းအားဖြင့် နာမ်ရုပ်၏အကြောင်း သိမ်းဆည်းခြင်းကို ပြုပြီး၍ ၃-ပါးသော အဓွန့် ကာလတို့၌ ယုံမှားမှုကိုပယ်ပြီးသော ထိုယောဂီအား အလုံးစုံသော အတိတ် အနာဂတ် ပစ္စုပ္ပန်တရားတို့သည် စုတိနှင့် ပဋိသန္ဓေ ၏ အစွမ်း အားဖြင့် ထင်ရှား သိအပ်ပြီးတို့ ဖြစ်ကုန်၏[၁]၊ထိုယောဂီ၏ အကြောင်းနှင့်တကွနာမ်ရုပ်

၁-ဘဝ၏အဆုံးနှင့် အစဖြစ်သော စုတိနှင့် ပဋိသန္ဓေတို့၏ ချုပ်ပျက်ပုံ ဖြစ်ပေါ် ပုံကို သိမြင် သဘောကျလျှင် ထိုဘဝ၌ အတွင်းဝင်သော တရားအလုံး

http://www.dhammadownload.com



ကို သိသော ထိုဉာဏ်ပညာသည် (ဉာတပရိညာ) သိအပ် သိထိုက်သော တရားတို့ကို ပိုင်းခြား၍ သိသော ဉာဏ်ပညာ မည်၏။

ထိုယောဂီသည် ဤသို့သိ၏—အတိတ်ဘဝ၌ ကံဟူသော အကြောင်းကြောင့် ဖြစ်သော အကြင် ခန္ဓာတို့သည် ရှိခဲ့ကုန်၏၊ ထို ခန္ဓာတို့သည် ထိုအတိတ်ဘဝ၌သာလျှင် ချုပ်ခဲ့ကုန်ပြီ၊ ဤပစ္စုပ္ပန်ဘဝ၌မူကား အတိတ်ကံဟူသော အကြောင်းကြောင့် အခြားတပါးသော ခန္ဓာတို့သည် ဖြစ်ပေါ်လာကုန်၏၊ အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ လိုက်ပါလာသော တရားမည်သည် တခုမျှသော်လည်း မရှိချေ။

ဤပစ္စုပ္ပန် ဘဝ၌လည်း ကံဟူသော အကြောင်းကြောင့် ဖြစ်သော ခန္ဓာတို့သည် (ဤဘဝ၌သာလျှင်) ချုပ်ကုန်လတ္တံ့၊ နောင်ဘဝသစ်၌ အခြားတပါးသော ခန္ဓာတို့သည် ဖြစ်ပေါ်ကုန်လတ္တံ့၊ ဤဘဝမှ နောင်ဘဝသစ်သို့ တခုသော တရားမျှသော်လည်း လိုက်ပါမသွားလတ္တံ့။

## ဘဝနှစ်ရပ်စပ်ပုံဥပမာပြချက်

စင်စစ်သော်ကား ဆရာ၏ ခံတွင်းမှ ရွတ်ဆိုသော အသံသည် တပည့်၏ ခံတွင်းသို့ ဝင်သည်မဟုတ်၊ ဆရာ၏ ရွတ်ဆိုသံဟူသော အကြောင်းကြောင့် [၂၃၉] ထိုတပည့်၏ ခံတွင်း၌ ရွတ်ဆိုခြင်းသည် မဖြစ်သည်လည်း မဟုတ်၊ ဖြစ်သည်သာ ဖြစ်သကဲ့သို့ရင်း၊

တမန် (ကိုယ်စားလှယ်) ဖြစ်သူ သောက်သော ရေမန်းသည် ရောဂါရှိသူ၏ ဝမ်းသို့ ဝင်သည်မဟုတ်၊ ထိုတမန်ဖြစ်သူ သောက်သော ရေမန်းဟူသော အကြောင်းကြောင့် ထိုရောဂါရှိသူ၏ ရောဂါသည် မပျောက်သည်လည်း မဟုတ်၊ ပျောက်သည်သာလျှင် ဖြစ်သကဲ့သို့ရင်း၊

မျက်နှာ၌ လိမ်းချယ် ဆင်ယင်လိုက်သော အစီအရင်သည် မှန်ပြင် စသည်တို့၌ (ထင်နေသော) မျက်နှာ အရိပ်သို့ ရောက်သွားသည် မဟုတ်၊ ထိုမျက်နှာ

---

စုံကို သိပြီးဖြစ်လေတော့သည်၊ သိသည် မည်လေတော့သည်၊ သိရာရောက်တော့သည်ဟူ၍သာ ဆိုလို၏။ ထိုတရားအလုံးစုံကို သဗ္ဗညုတဉာဏ်ဖြင့် သိသကဲ့သို့ရင်း, ပစ္စက္ခဝိပဿနာဉာဏ်ဖြင့် သိသကဲ့သို့ရင်း တိတိကျကျ ရှင်းရှင်းလင်းလင်း သိသည်ဟူ၍ကား မဆိုလို။

http://www.dhammadownload.com



၌ လိမ်းချယ် ဆင်ယင်လိုက်ခြင်း ဟူသော အကြောင်းကြောင့် ထိုမှန်ပြင် စသည်တို့၌ ထင်နေသော မျက်နှာအရိပ်၌ လိမ်းချယ် ဆင်ယင်လိုက်သော အစီအရင်သည် မထင်ပေါ်သည်လည်း မဟုတ်၊ ထင်ပေါ်သည်သာလျှင် ဖြစ်သကဲ့သို့ရှင်း၊

တခုသော ဆီမီးစာမှ ဆီမီးလျှံသည် တပါးသော ဆီမီးစာသို့ ပြောင်းရွှေ့သွားသည်လည်း မဟုတ်၊ ထိုမူလ ဆီမီးစာမှ မီးလျှံဟူသော အကြောင်းကြောင့် ထိုတပါးသော ဆီမီးစာ၌ ဆီမီးလျှံသည် မဖြစ်သည်လည်း မဟုတ်၊ ဖြစ်သည်သာလျှင် ဖြစ်သကဲ့သို့ရှင်း၊

ဤဥပမာတို့နှင့်တူစွာပင် အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ တစုံတခုသော တရားမျှ ပြောင်းရွှေ့လာခဲ့သည် မဟုတ်၊ ယခုဘဝမှလည်း နောင် ဘဝသစ်သို့ တစုံတခုသော တရားမျှ ပြောင်းရွှေ့သွားမည် မဟုတ်၊ အတိတ်ဘဝ၌(မှ) ခန္ဓာ အာယတန ဓာတ်ဟူသော အကြောင်းကြောင့် ယခု ပစ္စုပ္ပန်ဘဝ၌ ခန္ဓာ အာယတနဓာတ်တို့သည် မဖြစ်သည်လည်း မဟုတ်ကုန်၊ ဖြစ်ကုန်သည်သာလျှင်တည်း၊ ယခုပစ္စုပ္ပန် ဘဝ၌ ခန္ဓာ အာယတန ဓာတ်ဟူသော အကြောင်းကြောင့်လည်း နောင်ဘဝ၌ ခန္ဓာ အာယတန ဓာတ်တို့သည် မဖြစ်မည်လည်း မဟုတ်ကုန်၊ ဖြစ်ကုန်မည်သာလျှင်တည်း ဟူ၍ သိ၏။

> မနောဓာတ်၏ အခြားမဲ့၌ ဖြစ်သော စက္ခုဝိညာဏ် စိတ်သည် ထို မနောဓာတ်မှ လာသည်လည်း မဟုတ်၊ ထိုမနောဓာတ်၏ အခြားမဲ့၌ မဖြစ်သည်လည်း မဟုတ်၊ ဖြစ်သည်သာလျှင် ဖြစ်သကဲ့သို့[၁] ထိုအတူ

---

၁-စက္ခုဒွါရ၌ ရူပါရုံထင်ပေါ်လာသောအခါ ထိုရူပါရုံကို ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏၊ ထို့နောင် ထိုရူပါရုံကို မြင်သောစက္ခုဝိညာဏ်စိတ်ဖြစ်၏၊ ထို့နောင် ထိုရူပါရုံကို လက်ခံသောသမ္ပဋိစ္ဆိုန်းစိတ်၊ စုံစမ်းသော သန္တီရဏစိတ်၊ ဆုံးဖြတ်သော ဝုဋ္ဌောစိတ်တို့ တကြိမ်စီဖြစ်ပေါ်ကြပြီးလျှင် ဇောစိတ် ၇-ကြိမ် တဒါရုံစိတ် ၂-ကြိမ်ဖြစ်ပြီးနောက် အိပ်ပျော်သကဲ့သို့ ဘဝင်စိတ်များဖြစ်ပေါ်သွား၏။ ဤမျှဖြင့် ရူပါရုံကိုမြင်သော စက္ခုဒွါရ ဝီထိစိတ်အစဉ်တခုပြီးဆုံး၏။ ဤစိတ်အစဉ်ထဲ၌ ပဌမဆုံးစ၍ ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကို ဤ၌ မနောဓာတ်ဟု ဆိုသည်။ ထိုစိတ်ချုပ်သွားသည်၏ အခြားမဲ့၌ စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ်လာသည်။ ဤသို့ဖြစ်ရာ၌ ပဉ္စဒွါရာဝဇ္ဇန်းမည်သော မနောဓာတ်စိတ်ကပင် စက္ခုဝိညာဏ်စိတ် အဖြစ်သို့

http://www.dhammadownload.com



ပင် ပဋိသန္ဓေကာလ၌ စိတ်အစဉ်သည် ဖြစ်ပေါ်၏၊ ရှေးဖြစ်သော စုတိစိတ်သည် ချုပ်ပျက်သွား၏၊ ထိုမှ နောက်၌ နောက်ဖြစ်သော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏။

ထို စုတိစိတ် ပဋိသန္ဓေစိတ်တို့၏ ခြားခြင်းကို ပြုတတ်သော (အကြား၌ဖြစ်သော)တရား မည်သည် မရှိ၊ ထို စုတိစိတ် ပဋိသန္ဓေ စိတ်တို့၏ အကြားမည်သည် မရှိ၊ ဤစုတိစိတ်မှ တစုံတခုသော တရားမျှ သွားသည်လည်း မဟုတ်၊ ပဋိသန္ဓေစိတ် သည်လည်း ဖြစ်ပေါ်လာ၏- ဟူ၍လည်း သိ၏။

၆၉၁။ ဤဆိုခဲ့သည့် အတိုင်း စုတိနှင့် ပဋိသန္ဓေ၏ အစွမ်းအားဖြင့် အလုံးစုံသော နာမ်ရုပ်တရားကိုထင်ရှားသိပြီးသော ယောဂီအား နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းသော ဉာဏ်သည် ခပ်သိမ်းသော အခြင်းအရာ အားဖြင့် သန်မာလျင်မြန်သော အားစွမ်းနှင့် ပြည့်စုံ၏၊၁၆-ပါးသော ယုံမှား ကို သာ၍ ကောင်းစွာ ပယ်(အပ်)၏ [၁]။

သက်သက် ထို ၁၆-ပါးသော ယုံမှားကိုသာလျှင် ပယ်သည်မဟုတ်သေး၊ "ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၌ ယုံမှား၏" ဤသို့ အစရှိသော[၂] နည်းဖြင့် ဖြစ်သော ရှစ်ပါးအပြားရှိသော ယုံမှားကိုလည်း ပယ်(အပ်)သည် သာလျှင်တည်း။ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့သည် ဝေးကွာကုန်၏။

---

ပြောင်းလဲလာသည်မဟုတ်၊ ၎င်းမနောဓာတ်စိတ်သည်ကား ဖြစ်ပေါ်ပြီး လျှင် အကြွင်းမဲ့ချုပ်ပျောက်သွားသည်၊ သို့သော်လည်း ၎င်းမနောဓာတ်၏ အနန္တရပစ္စယသတ္တိကြောင့် ၎င်း၏အခြားမဲ့၌ စက္ခုဝိညာဏ်စိတ်သည် အသစ်စက်စက် ဖြစ်လည်းဖြစ်ပေါ်လာ၏၊ မဖြစ်ပေါ်ဘဲ မနေဟု ဆိုလို၏။

၁-ဤ၌လည်း "ထိုယောဂီ၏သန္တာန်၌ ဝိက္ခမ္ဘနပဟာန်အားဖြင့် ယုံမှား ၁၆-ပါး သာ၍ ဝေးကွာသွားသည် သာ၍ ကင်းပျောက်သွားသည်" ဟု ဆိုလို၏။

၂-အစရှိသော-ပုဒ်ဖြင့် "တရား၌ယုံမှား၏၊ သံဃာ၌၊ မိမိ၏အကျင့်သိက္ခာ၌ သံသရာ၏ ရှေးအဖို့၌၊ နောက်အဖို့၌၊ ရှေးနောက်အဖို့၌၊ ပဋိစ္စသမုပ္ပါဒ်၌ ယုံမှား၏" ဟူသော ဤခုနစ်ပါးကိုညွှန်းသည်။

http://www.dhammadownload.com



## ဓမ္မဋ္ဌိတိဉာဏ် စသည်မည်ကြောင်း

ဤဆိုခဲ့သည့်အတိုင်း အထူးထူးအပြားပြားသော နည်းတို့ဖြင့် နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်းဖြင့် ၃-ပါးသော အဓွန့်ကာလတို့၌ ယုံမှားကို လွန်မြောက်၍ တည်သောဉာဏ်ကို **ကင်္ခါဝိတရဏဝိသုဒ္ဓိ**- (ယုံမှားကို လွန်မြောက်လျက် စင်ကြယ်သော ဉာဏ်) ဟူ၍ သိအပ်၏။ **ဓမ္မဋ္ဌိတိဉာဏ်**- (နာမ်ရုပ်တို့၏ တည်ကြောင်းတရားကို သိသောဉာဏ်) ဟူသော အမည်သည်ရင်း, **ယထာဘူတဉာဏ်** (ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်) ဟူသော အမည်သည်ရင်း, **သမ္မာဒဿန** - (မဖောက်မပြန် မှန်စွာ မြင်သောဉာဏ်) ဟူသော အမည်သည်ရင်း ဤ **ကင်္ခါဝိတရဏဝိသုဒ္ဓိ**၏ အမည်ချည်းသာလျှင် တည်း။ ထိုစကား မှန်ပေ၏။

"အဝိဇ္ဇာသည် အကြောင်းတည်း၊ သင်္ခါရတို့သည် အကြောင်းကြောင့်ဖြစ်သော အကျိုးတို့တည်း၊ ဤအဝိဇ္ဇာနှင့် သင်္ခါရဟူသော နှစ်ပါးသော တရားတို့သည်လည်း အကြောင်းကြောင့် ဖြစ်သော အကျိုးတို့တည်း-ဟု အကြောင်းကို သိမ်းဆည်းခြင်း၌ ပညာသည် ဓမ္မဋ္ဌိတိဉာဏ် မည်၏"ဟူ၍ရင်း၊

မမြဲဟု နှလုံးသွင်းသောသူသည် အဘယ်တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိသနည်း မြင်သနည်း၊ အဘယ်သို့လျှင် သမ္မာဒဿန- မှန်စွာ မြင်သော ဉာဏ်ဖြစ်သနည်း၊ ထိုမြင်ပြီးသို့ အစဉ် လိုက်သဖြင့် အဘယ်သို့လျှင် အလုံးစုံသော သင်္ခါရတို့ကို မမြဲကုန်ဟု ကောင်းစွာ မြင်အပ်ကုန်သနည်း၊ အဘယ်တရားတို့၌ ယုံမှားကို ပယ်အပ်သနည်း၊ ဆင်းရဲဟု နှလုံးသွင်းသောသူသည် ။ပ။ အတ္တမဟုတ်ဟု နှလုံးသွင်းသောသူသည် အဘယ်တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိသနည်း မြင်သနည်း။ပ။ အဘယ်တရားတို့၌ ယုံမှားကို ပယ်အပ်သနည်း ဟု မေးမြန်းအပ်သည်။

[၂၄၀] မမြဲဟု နှလုံးသွင်းသောသူသည် သင်္ခါရနိမိတ်ကို ဟုတ်တိုင်းမှန်စွာ သိ၏ မြင်၏၊ ထို့ကြောင့် သမ္မာဒဿန- မှန်စွာသိမြင်သော ဉာဏ်ဟု ဆိုအပ်၏၊ ဤသို့ မြင်လတ်သော် ထို(မျက်မှောက်မြင်ပြီး)သို့ အစဉ် လိုက်သဖြင့် အလုံးစုံသော သင်္ခါရ တို့ကို မမြဲကုန်ဟု ကောင်းစွာ

http://www.dhammadownload.com



မြင်(အပ်ကုန်)၏၊ ဤကောင်းစွာ မြင်(အပ်)သော တရားအပေါင်း၌ ယုံမှားကို ပယ်(အပ်)၏။ ဆင်းရဲဟု နှလုံးသွင်းသော သူသည် မပြတ်ဖြစ်သော ရုပ်နာမ်အယဉ် (ဥပါဒိန္နက ပဝတ္တ)ကို ဟုတ်တိုင်း မှန်စွာ သိ၏ မြင်၏။ပ။ အတ္တ မဟုတ်ဟု နှလုံးသွင်းသော သူသည် သင်္ခါရ နိမိတ်ကိုရင်း, ရုပ်နာမ်အယဉ်ကိုရင်း ဟုတ်တိုင်း မှန်စွာ သိ၏ မြင်၏၊ ထို့ကြောင့် သမ္မာဒဿန- မှန်စွာမြင်သော ဉာဏ်ဟု ဆိုအပ်၏၊ ဤသို့ မြင်လတ်သော် ထို(မျက်မှောက် မြင်ပြီး) သို့ အစဉ် လိုက်သဖြင့် အလုံးစုံသော သင်္ခါရတို့ကို အတ္တမဟုတ်ဟု ကောင်းစွာမြင်(အပ်ကုန်)၏၊ ဤကောင်းစွာ မြင်(အပ်)သော တရားတို့၌ ယုံမှားကို ပယ်(အပ်)၏ဟု ဖြေအပ်ပေသည်။

ယထာဘူတဉာဏ်, သမ္မာဒဿနဉာဏ်, ကင်္ခါဝိတရဏဉာဏ် ဟူသော ဤ တရားတို့သည် အနက်အားဖြင့်လည်း ထူးကုန်၍ သဒ္ဒါအားဖြင့်လည်း ထူးကုန်သလော၊ သို့မဟုတ် အနက်အားဖြင့် တူကုန်၍ သဒ္ဒါမျှသာ ထူးကုန်သလောဟု မေးငြားအံ့၊ ယထာဘူတဉာဏ်, သမ္မာ-ဒဿနဉာဏ်, ကင်္ခါဝိတရဏဉာဏ် ဟူသော ဤတရားတို့သည် အနက်အားဖြင့် တူကုန်၍ သဒ္ဒါမျှသာ ထူး၏ဟု ဖြေအပ်ပေသည်-ဟူ၍ရင်း-

ဤစကားကို ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူ၏။

**စူဠသောတာပန်မည်ကြောင်း**

အကျိုးကား ....ဤယထာဘူတမည်သော **ကင်္ခါဝိတရဏဉာဏ်** နှင့် ပြည့်စုံသော ဝိပဿနာ ( ရှုသူ ) ယောဂီသည် မြတ်စွာဘုရား၏ သာသနာတော်၌ ရအပ်ပြီးသော သက်သာရာရှိသည်ဖြစ်၍[၁]"ရအပ်ပြီးသော ထောက်

---

၁-ပရမတ္ထ - မြတ်သောအနက် - မှန်သောအနက်အားဖြင့် သာသနာတော်၌ သက်သာရာမည်သည် အရိယာဖိုလ်ပေတည်း၊ ထောက်တည်ရာမည်သည် အရိယာမဂ်ပေတည်း၊ ဤယောဂီသည်ကား ထိုအရိယာမဂ်ဖိုလ်ကို မရသေးပေ၊ သို့သော်လည်း ထိုအရိယာမဂ်ဖိုလ်ကို ရကြောင်းဖြစ်သော အကျင့်၌ တည်သောကြောင့် ရအပ်ပြီးသော သက်သာရာရှိသကဲ့သို့ရင်း, ရအပ်ပြီးသော ထောက်တည်ရာရှိသကဲ့သို့ရင်း ဖြစ်ပေ၏၊ ထို့ကြောင့် "ရအပ်ပြီး

http://www.dhammadownload.com



တည်ရာ ရှိသည်ဖြစ်၍[1] မြဲသော ဂတိရှိသည် ဖြစ်၍[2] **စူဠသောတာပန်** (သောတာပန်ငယ်) မည်ပေ၏။

ထို့ကြောင့် ရဟန်းသည် ယုံမှားကို လွန်မြောက်သော ကင်္ခါ ဝိတရဏဉာဏ်ကို လိုလားခြင်း ရှိသည်ဖြစ်၍ အခါခပ်သိမ်း အမှတ်ရမှု သတိနှင့်ပြည့်စုံလျက် နာမ်ရုပ်၏ အကြောင်းတို့ကို ခပ်သိမ်းသော အပြားအားဖြင့် သိမ်းဆည်းရာ၏။ ဤတွင် ပြီး၏။

ဤသည်ကား သူတော်ကောင်းတို့၏ နှစ်သိမ့် ဝမ်းမြောက်ခြင်းငှါ စီရင် အပ်သော **ဝိသုဒ္ဓိမဂ်** ကျမ်းဝယ် ပညာဘာဝနာ အရာ၌ **ကင်္ခါဝိတရဏ ဝိသုဒ္ဓိကို အကျယ်ပြချက်** (ကင်္ခါဝိတရဏ ဝိသုဒ္ဓိနိဒ္ဒေသ)မည်သော ၁၉-ခု မြောက် ဖြစ်သော အပိုင်းအခဏ်းပေတည်း။

ကင်္ခါဝိတရဏဝိသုဒ္ဓိကို အကျယ်ပြချက် ပြီး၏။

---

သော သက်သာရာရှိသည်ဖြစ်၍ ရအပ်ပြီးသော ထောက်တည်ရာရှိသည် ဖြစ်၍" ဟု မိန့်ဆိုပေသည်။ (ဋီကာအဖွင့်)

၁-ရှေးနှာ(၂၇၄)မှတ်ချက် ၁-ကိုပြန်ကြည့်ပါ။

၂-မဆုတ်ယုတ်သော ကင်္ခါဝိတရဏဝိသုဒ္ဓိရှိသော (ဝါ-ရှိလျှင်) ဝိပဿနာယောဂီ သည် လောကီဖြစ်ကုန်သော သီလပြည့်စုံစင်ကြယ်ခြင်း သမာဓိပြည့်စုံစင် ကြယ်ခြင်း ပညာပြည့်စုံစင်ကြယ်ခြင်းတို့နှင့် ပြည့်စုံနေသောကြောင့် ထိုကင်္ခါ ဝိတရဏ ဝိသုဒ္ဓိထက် အလွန် မသိသေး မရသေးသော်လည်း သုဂတိလျှင် လားရာ ရှိပေသည်၊ ထို့ကြောင့်ပင်လျှင် စူဠသောတာပန် မည်ပေသည်။ (ဋီကာအဖွင့်ပင်) ဤဋီကာ၌ "မဆုတ်ယုတ်သော ကင်္ခါဝိတရဏဝိသုဒ္ဓိရှိ သော"ဟူသော ဝိသေသနပုဒ်ကိုရင်း၊ "သီလပြည့်စုံ စင်ကြယ်ခြင်း စသည် တို့နှင့်ပြည့်စုံသောကြောင့်"ဟူသော အကြောင်းပြပုဒ်ကိုရင်း အထူးသတိပြု အပ်၏၊ ထိုသို့သော ယောဂီသည် ကင်္ခါဝိတရဏဝိသုဒ္ဓိ မဆုတ်ယုတ်ပါမှ ဂတိမြဲနိုင်သည်၊ ဆုတ်ယုတ်လျှင်ကား မမြဲနိုင်-ဟူ၍ရင်း၊ သီလစသည် ပြည့်စုံမြဲ ပြည့်စုံနေမှ ဂတိ မြဲနိုင်သည်၊ သီလစသည် ပျက်စီးနေလျှင်ကား မမြဲနိုင်ဟူ၍ရင်း ဤ အနက်ကိုလည်း ပြောင်းပြန်နည်းဖြင့် ထိုပုဒ်များက ပြလျက်ရှိ၏။

http://www.dhammadownload.com

## ၂၀-မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို အကျယ်ပြချက်

### သမ္မသနကထာ—သမ္မသနဉာဏ်ကိုပြဆိုချက်

[၂၄၁] ၆၉၂။ ဤ (ရှုမြဲ ရှုလျက် လမ်းမှန်သွားသော ရှုသိမှုပညာ) သည်ကား (ပဋိပဒါဂမဂ်)လမ်းမှန်တည်း၊ ဤ(အရောင် အလင်းစသည်) သည်ကား လမ်းမှန်မဟုတ်ဟု ဤသို့ လမ်းမှန်နှင့် လမ်းမှားကို (ပိုင်းခြား) သိမြင်၍ တည်သော ဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ[၁] (လမ်းမှန်နှင့် လမ်းမှားကို အသိအမြင် စင်ကြယ်သော ဉာဏ်ပညာ) မည်၏။

ထိုမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ပြည့်စုံစေလိုသောယောဂီသည် ကလာပ သမ္မသန(အပေါင်းအစုလိုက် သုံးသပ်ခြင်း[၂])ဟု ဆိုအပ်သော နယဝိပဿနာ

---

၁-မဂ္ဂ–လမ်းရိုးလမ်းမှန် + အမဂ္ဂ – လမ်းရိုးမဟုတ် – လမ်းမှား+ဉာဏ–အသိဉာဏ် + ဒဿန–အမြင် + ဝိသုဒ္ဓိ–စင်ကြယ်ခြင်း–စင်ကြယ်သည်၊ ဤကား တပုဒ်စီ၏ အနက်။

၂-တေ ဓမ္မေ သမနုပဿတိ–ထို တရားတို့ကို ရှု၏ဟူသည်ကား နေဝသညာနာသညာယတနစျာန်၌ ပုဒ်စဉ်အတိုင်း တရားတို့ကို အသီးအသီးရှုသော ဝိပဿနာသည် မြတ်စွာဘုရားတို့အားသာလျှင် ဖြစ်၏၊ သာဝကတို့အား မဖြစ်၊ ထို့ကြောင့် ဤ နေဝသညာနာသညာယတနစျာန်၌ အပေါင်းလိုက် အားဖြင့် ရှုသော ကလာပဝိပဿနာကို ပြတော်မူလိုသည် ဖြစ်၍ ဤသို့ ဟောတော်မူပေသည်။ (ဥပရိပဏ္ဏာသ အနုပဒသုတ်အဖွင့် အဋ္ဌကထာ၏ မြန်မာပြန်)

ထိုသုတ်၌ အရှင်သာရိပုတြာ၏ ဝိပဿနာရှုပုံကို ပြသည်။ ရှုပစျာန် ၄–ပါးနှင့် အောက်အရူပစျာန် ၃–ပါးတို့၌ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဖဿ အစရှိသော စျာန်စိတ္တုပ္ပါဒ် တရားတို့ကို ရှုပုံ အသီးအသီး ထုတ်ပြ၏၊ နေဝသညာစျာန်၌ကား ထိုသို့ အသီးအသီးရှုပုံကို မပြပဲ တေ ဓမ္မေ–ထို တရားတို့ကို-ဟု အပေါင်းလိုက်အလုံးရိုက် ရှုပုံကို ပြ၏၊ ထိုသို့ ပြခြင်းမှာ သာဝကတို့အား နေဝသညာစျာန်၌ အသီးအသီး ရှုသော အနုပဒဝိပဿနာ မဖြစ်၊ ကလာပဝိပဿနာ–အပေါင်းလိုက် ရှုခြင်းသာ ဖြစ်သောကြောင့် ထိုသို့"တေ ဓမ္မေ"-ဟု ဟောတော်မူကြောင်း အဋ္ဌကထာ၌ ပြဆိုသည်၊ ထို့ကြောင့် ဤ၌ ကလာပသမ္မသနကိုလည်း ထိုကလာပ

http://www.dhammadownload.com



(နည်းမှီး၍ရှုခြင်း)၌ အားထုတ်ခြင်းကိုရှေးဦးစွာပြုအပ်၏။အဘယ်ကြောင့် နည်းဟူမူကား ? အားထုတ်စ ပြုပြီးသော (အာရဒ္ဓဝိပဿက) ဝိပဿနာ ယောဂီအား² အရောင် အလင်းစသည်တို့ ဖြစ်ပေါ်ကုန်လတ်သော် လမ်းမှန် နှင့် လမ်းမှားကို ပိုင်းခြားသော (မဂ္ဂါမဂ္ဂ) ဉာဏ်သည် ဖြစ်ပေါ်လာ၏၊ ကလာပသမ္မသနဉာဏ်သည်လည်း ဝိပဿနာ၏ အစ(စွာ အားထုတ်အပ် သော ဉာဏ်)ပေတည်း၊ ထို့ကြောင့် ဤ(ကလာပသမ္မသနဉာဏ်)ကို ကင်္ခါ- ဝိတရဏာဉာဏ်၏ အခြားမဲ့၌ ညွှန်ပြထားပေသည်။

တနည်း (အကြောင်းပြရလျှင်) လည်း တီရဏပရိညာ ဖြစ်လတ်သော် လမ်းမှန်နှင့် လမ်းမှားကို ပိုင်းခြားသော (မဂ္ဂါမဂ္ဂ)ဉာဏ်သည် ဖြစ်ပေါ်၏၊ (ထို) တီရဏပရိညာသည်လည်း ဉာတပရိညာ၏အခြားမဲ့၌ ဖြစ်၏၊ ထို့ ကြောင့်လည်း ထိုမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ပြည့်စုံစေလိုသော ယောဂီ

---

ဝိပဿနာမျိုးပင်-ဟု မှတ်အပ်၏။ ပထဝီ ဖဿ အစရှိသော တရားတခုခုကို လက္ခဏာစသည်ဖြင့် အသီးအခြား ထင်ရှားရှုသည် မဟုတ်ပဲ ရှေးက ရှုလာ ခဲ့သော တရားတို့နှင့် နည်းမှီး၍ အပေါင်းလိုက်အားဖြင့် မမြဲ ဆင်းရဲ အတ္တ မဟုတ်-ဟု ရှုခြင်းကို ဆိုလိုသည်။

၁-တခုသော သင်္ခါရ၏သော်လည်း မမြဲသည်၏ အဖြစ်ကို မြင်ပြီးလျှင် "အလုံး စုံသော သင်္ခါရတို့သည် မမြဲကုန်"ဟု ကြွင်းသော သင်္ခါရတို့၌ နည်းမှီး၍ နှလုံးသွင်းမှု နယမနသိကာရသည် ဖြစ်၏။ "အလုံးစုံသော သင်္ခါရတို့ မမြဲကုန်" ဤသို့ အစရှိသောစကားမှာ နည်းမှီး၍ ရှုခြင်း–နယဒဿနကို ရည်၍ ဆိုထားသော စကားဖြစ်သည်၊ တခုတည်းသော ခဏ၌(သင်္ခါရ အလုံးစုံကို) အာရုံပြုသောအားဖြင့် ရှုခြင်းကိုရည်၍ ဆိုသော စကားမဟုတ် (ကထာဝတ္ထု အဋ္ဌကထာ နံပါတ် ၂၅၁)။ ထို ကထာဝတ္ထု အဋ္ဌကထာ၌ နယတော မနသိကာရ–နယမနသိကာရ–ဟူ၍၎င်း၊ နယတော ဒဿန– နယဒဿန–ဟူ၍၎င်း ပြဆိုထားသော ရှုပုံနှင့် ဤ၌ ပြဆိုထားသော နယဝိပဿနာတို့ကို တူသည်-ဟု မှတ်ယူအပ်၏။

၂-အာရဒ္ဓ–အားထုတ်စပြုပြီးသော+ဝိပဿက–ဝိပဿနာရှုသူ၊ ဤ ယောဂီမှာ အားတုတ်ခါစ မဟုတ်၊ အားထုတ်စပြုခဲ့ပြီး၍ အဖြစ်အပျက်ကို မြင်နိုင်သော ဥဒယဗ္ဗယဉာဏ်သို့ ရောက်ခါစ ယောဂီ ဖြစ်သည်။ ထို့ကြောင့် "အားထုတ်စ ပြုသော"ဟု မဆိုမူ၍ "အားထုတ်စ ပြုပြီးသော"-ဟု ပြီးနှင့်တကွ ဆိုထား သည်။

http://www.dhammadownload.com



သည် အပေါင်းအစုလိုက် သုံးသပ်သော (ကလာပသမ္မသန)ဉာဏ်၌ အား ထုတ်ခြင်းကို ရှေးဦးစွာ ပြုအပ်ပေ၏။

၆၉၃။ (တီရဏပရိညာသည် ဉာတပရိညာ၏ အခြားမဲ့၌ ဖြစ်သည်- ဟူ သော) ထိုစကားရပ်၌ ဤ ဆိုလတ္တံ့သည်ကား အဆုံးအဖြတ်ပေတည်း — လောကီပရိညာ[၁](ပိုင်းခြား၍ သိသော ဉာဏ်ပညာ)တို့သည် ဉာတပရိညာ[၂] (သိအပ် သိထိုက်သော နာမ်ရုပ်နှင့် အကြောင်းတရားကို ပိုင်းခြား၍ သိ သော ဉာဏ်ပညာ), တီရဏပရိညာ[၃] (စုံစမ်း သုံးသပ်လျက် ပိုင်းခြား၍ သိသောဉာဏ်ပညာ), ပဟာနပရိညာ[၄] (ပယ်လျက် ပိုင်းခြား၍ သိသော ဉာဏ်ပညာ) အားဖြင့် ၃-ပါး အပြားရှိကုန်၏။ ၎င်းတို့ကို ရည်၍

"ရှေးရှုပြု၍သိသော (အဘိညာ[၅]) ပညာသည် သိခြင်း အနက် သဘော (သိသည်၏ အဖြစ်) ကြောင့် ဉာဏ်မည်၏၊ ပိုင်းခြား၍ သိ သော (ပရိညာ) ပညာသည် စုံစမ်းခြင်း အနက်သဘော (သုံးသပ်

---

၁-ပရိ – ပိုင်းခြား၍ + ညာ – သိသောဉာဏ် – ပရိညာ–ပိုင်းခြား၍ သိသော ဉာဏ်ပညာ။

၂-ဉာတ–သိအပ် သိထိုက်သောတရား (ဤ အရာ၌ ရုပ်,နာမ်နှင့် ၎င်းတို့၏ အကြောင်းပင် ဖြစ်သည်) + ပရိညာ–ပိုင်းခြား၍ သိသောဉာဏ်ပညာ။

၃-တီရဏ – စုံစမ်း သုံးသပ်ဆင်ခြင်သော + ပရိညာ – ပိုင်းခြား၍ သိသော ဉာဏ်ပညာ။

၄-ပဟာန–ပယ်တတ်သော+ပရိညာ–ပိုင်းခြား၍ သိသော ဉာဏ်ပညာ။

၅-အဘိ–ရှေးရှုပြု၍+ညာ–သိသောပညာ။ ဤ အနက်မှာ "သဘောတရား တို့၏ သဘာဝလက္ခဏာကို ကောင်းစွာ မှတ်သောအားဖြင့် သိအပ် သိထိုက် သော တရားသို့ ရှေးရှုပြုလျက် သိသောပညာသည် အဘိညာပညာမည်၏"ဟု ပြဆိုသော မဟာဋီကာ (၂-၃၈၇) အဖွင့်ကို မှီသည်။ တနည်းအားဖြင့် "သုတမယပညာ စိန္တာမယပညာ အချို့သော ဘာဝနာမယပညာတို့ထက် ထူးသော (အဘိညာ) ပညာဖြင့် သိအပ်သောတရားတို့သည် အဘိညာတ မည်ကုန်၏"ဟု ဖွင့်သော မဟာဋီကာ (၂-၅၀၇) အဖွင့်နှင့်အညီ ပြန်ဆို လျှင် "သုတမယ စိန္တာမယဉာဏ် စသည်တို့ထက် ထူးခြားစွာသိသော ပညာ"-ဟူ၍လည်း ပြန်နိုင်သေး၏။

http://www.dhammadownload.com



သည်၏ အဖြစ်)ကြောင့် ဉာဏ်မည်၏၊ ပယ်သော (ပဟာန)ပညာ
သည် စွန့်ခြင်း အနက်သဘောကြောင့် ဉာဏ်မည်၏-”ဟု

ဟောတော်မူအပ်ပေသည်။

ထိုသုံးပါးသော ပရိညာတို့တွင် “ဖောက်ပြန်ခြင်း လက္ခဏာ ရှိသော တရားသည် ရုပ်တည်း၊ ခံစားခြင်း လက္ခဏာ ရှိသော တရားသည် ဝေဒနာတည်း”ဟု ဤသို့သော နည်းဖြင့် ထိုထို ရုပ်နာမ်တရားတို့၏ အသီးအသီးသော သဘာဝလက္ခဏာကို ကောင်းစွာမှတ်သည်၏ အစွမ်းအားဖြင့် ဖြစ်သော ပညာသည်[၁] ဉာတပရိညာ မည်၏။

“ရုပ်သည်မမြဲ၊ ဝေဒနာသည် မမြဲ”ဤသို့ အစရှိသောနည်းဖြင့်[၂](သဘာဝလက္ခဏာကို ကောင်းစွာ မှတ်သည်၏ အစွမ်းအားဖြင့် ယူပြီး ရှုသိပြီး ဖြစ်ကုန်သော) ထို ရုပ်နာမ်တရားတို့အားပင်လျှင်,[၃] သာမညလက္ခဏာကို[၄]

---

၁-ဤ အပိုဒ်ကို အထူး သတိပြုအပ်၏၊ ရုပ် နာမ် သဘောတရား အရေအတွက် ဖြစ်ပုံ ပျက်ပုံ စသည်တို့ကို သုတအားလျော်စွာ တွေးဆ ကြံစည်ရုံမျှဖြင့် ဉာတပရိညာခေါ်သော နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်တို့ မဖြစ်နိုင်ကုန်၊ တကယ် ဖြစ်ပေါ်လာသော ရုပ် နာမ်တို့၏ သဘာဝလက္ခဏာ စသည်တို့ကို ကောင်းစွာမှတ်၍ သိပါမှ ထိုဉာတပရိညာခေါ်သော နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်တို့ ဖြစ်နိုင်ကုန်၏-ဟူသော အနက်ကို ဤစာပိုဒ်က အထင်အရှားပြလျက် ရှိ၏။

၂-နည်းဖြင့်....လက္ခဏာကို တင်၍-ဟု စပ်ပါ။

၃-၄-ထိုရုပ်နာမ်တို့ အပေါ်သို့ သာမညလက္ခဏာကို တင်၍-ဟု ဆိုလို၏။ ဤ၌ တင်-ဟူသော စကားမှာ မူလကဉာဏ်၌ မထင်သေးသော အနိစ္စလက္ခဏာ စသည်တို့ကို ဉာဏ်ရင့်သောအခါ ထင်ရှားတွေ့ရ၍ ၎င်းတို့ကိုလည်း ရှုရပြန်သောကြောင့် မူလက ရှုနေသော သဘာဝလက္ခဏာပေါ်မှာ ထပ်ဆင့်၍ တင်ရသကဲ့သို့ ဖြစ်သည်ကိုရည်၍ တင်စားဆိုသော စကား ဖြစ်သည်။ မထင်သေးသော လက္ခဏာတို့ကို မှန်းဆ၍ တင်သည်ကိုကား ဆိုလိုသည် မဟုတ်။ အောက်ပါမျှားမှာ ဋီကာအဖွင့်များ ဖြစ်သည်။

ရုပ်တရား၌ တက်လှူက် ထင်လျက်ရှိသော ရှေးက မိမိ မမှတ်ဘူးသေးသော လက္ခဏာသုံးပါးကို ယခု မှတ်လျက် သုံးသပ်သော ယောဂီကို “ထို ရုပ်တရားအပေါ်၌ ထို လက္ခဏာ ၃-ပါးကို တင်သည်” ဟူ၍ ဆိုအပ်၏။ (မဟာဋီကာ ၂-၄၀၇)။

http://www.dhammadownload.com



တင်၍ ဖြစ်သော လက္ခဏာလျှင် အာရုံရှိသော^၁ ဝိပဿနာ ပညာသည် တီရဏပရိညာ မည်၏။

(သာမညလက္ခဏာကို ရှုသည်၏ အစွမ်းအားဖြင့် ယူပြီး ရှုသိပြီးဖြစ်ကုန်သော) ထိုရုပ်နာမ်တရားတို့၌ပင်လျှင် နိစ္စသညာစသည်ကို ပယ်သည်၏ အစွမ်းအားဖြင့် ဖြစ်သော လက္ခဏာလျှင် အာရုံရှိသော^၁ ဝိပဿနာ ပညာသည် ပဟာနပရိညာ မည်၏။

ထို ၃-ပါးသော ပရိညာတို့တွင် နာမ်ရုပ် သင်္ခါရတို့ကို ပိုင်းခြားသော (နာမရူပပရိစ္ဆေဒ) ဉာဏ်မှစ၍ ပစ္စယပရိဂ္ဂဟဉာဏ်တိုင်အောင်ဉာတပရိညာ၏ ဖြစ်ရာဘုံ-နယ်ပယ်တည်း၊ မှန်ပေ၏၊ ဤကာလအတွင်း၌ နာမ်ရုပ်တရား

---

ပထဝီ ဖဿအစရှိသော ရုပ်တရား နာမ်တရားတို့၏ ကြမ်းတမ်းခြင်း တွေ့ထိခြင်း အစရှိသော သဘာဝလက္ခဏာတို့ကို ဥပါဒ် ဋ္ဌီ ဘင် ခဏ ၃-ပါး လုံးမှာပင် မှတ်သိနိုင်ကုန်၏၊ (၎င်းတို့သည်) ရုပ် နာမ် တရားတို့၏ အသီးအသီး ကိန်းသေမြဲသော အထည်ကိုယ်၏အဖြစ်ဖြင့် ပင်ကို သဘောအားဖြင့် ပြီးစီး ထင်ရှားကုန်သည်လျှင် ဖြစ်ကုန်၍ (ဤသို့သော အခြင်းအရာဖြင့် ၎င်းတို့ကို) ယူအပ်ကုန်သကဲ့သို့ အနိစ္စစသော သာမညလက္ခဏာတို့ကိုကား ထို့အတူ မယူအပ်ကုန်၊ ၎င်းသာမညလက္ခဏာတို့ကိုကား ပျက်သွားခြင်း အဖြစ်အပျက်က နှိပ်စက်ခြင်း အလိုအတိုင်း မဖြစ်ခြင်းဟူသော အခြင်းအရာတို့ကို ပဓာနရှေ့သွားပြုသဖြင့် (သိပြီးမှ)သာလျှင် ယူနိုင် သိနိုင်သောကြောင့် သဘာဝလက္ခဏာပေါ်၌ တင်အပ်သော သဘောတို့ကဲ့သို့ ဖြစ်လျက် ယူအပ် သိအပ်ကုန်၏၊ ထို့ကြောင့် "သာမညလက္ခဏာ ၃-ပါးကို တင်၍"ဟူသော စကားကို အဋ္ဌကထာဆရာ ဆိုပေသည်။ (၂-၃၇၇)

ပထဝီ ဖဿ အစရှိသော ရုပ်တခုခု နာမ်တခုခုနှင့်သာ ဆိုင်သော ကြမ်းတမ်းခြင်း တွေ့ထိခြင်း အစရှိသော အသီးအသီးသော လက္ခဏာတို့ကို သဘာဝလက္ခဏာ, ဝိသေသလက္ခဏာ-ဟု ခေါ်သည်။ ရုပ် နာမ်တရားတိုင်း အားလုံးတို့နှင့် ညီတူညီမျှဆိုင်သော အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ကို သာမညလက္ခဏာ-ဟု ခေါ်သည်။

၁-လက္ခဏာလျှင်အာရုံရှိသော-ဟူသည်မှာ လက္ခဏာကို အာရုံပြုသော-ဟုဆိုလို၏။

http://www.dhammadownload.com



တို့၏ အသီးအသီးသော သဘာဝလက္ခဏာကို သိခြင်းသည်သာလျှင် အကြီးအမှူး[၁] ဖြစ်ပေသည်။

ကလာပသမ္မသနဉာဏ်မှ စ၍ ဥဒယဗ္ဗယဉာဏ် တိုင်အောင်မှာ မူကား တီရဏပရိညာ၏ ဖြစ်ရာဘုံ-နယ်ပယ်ပေတည်း၊ မှန်ပေ၏၊ဤ ကာလအတွင်း ၌ သာမညလက္ခဏာကို သိခြင်း သည်သာလျှင် အကြီးအမှူးဖြစ်ပေသည်။

ဘင်္ဂဉာဏ်မှစ၍ အထက်၌ ပဟာနပရိညာ၏ [၂၄၂] ဖြစ်ရာဘုံ-နယ်ပယ် ပေတည်း၊ မှန်ပေ၏၊ ထိုဘင်္ဂဉာဏ်မှစ၍ "မမြဲဟု ရှုလတ်သော် (ရှုသောသူ သည်) မြဲသည်ဟု ထင်မှတ်သော နိစ္စသညာကို ပယ်၏၊ ဆင်းရဲဟု ရှုလတ် သော် (ရှုသော သူသည်) ချမ်းသာဟု ထင်မှတ်သော သုခသညာကို ပယ်၏၊ အတ္တမဟုတ်ဟု ရှုလတ်သော် (ရှုသောသူသည်) အတ္တကောင်ဟု ထင်မှတ်သော အတ္တသညာကို ပယ်၏၊ ငြီးငွေ့လတ်သော် (ငြီးငွေ့သော သူသည်)အားရ ပျော်မွေ့ခြင်းကိုပယ်၏၊တပ်မက် ကင်းလတ်သော်(တပ်မက် ကင်းသောသူသည်) တပ်မက်သော ရာဂကို ပယ်၏၊ ချုပ်စေလတ်သော် (ချုပ်သည်ဟု ရှုလတ်သော်)ဖြစ်ခြင်းကို ပယ်၏၊ တဖန် စွန့်လွှတ်လတ်သော် စွဲယူခြင်းကို ပယ်၏"ဟု ဟောထားသော ဤသို့သောနည်းဖြင့် နိစ္စသညာ စသည်ကို ပယ်ခြင်းကို ပြီးစေတတ်ကုန်သော ၇-ပါးသော အနုပဿနာ တို့သည်[၂] အကြီးအမှူး ဖြစ်ကြပေသည်။

ဤဆိုခဲ့သော အပြားအားဖြင့် ၃-ပါးသော ဤပရိညာတို့တွင် သင်္ခါရ ပရိစ္ဆေဒခေါ် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို သာလျှင် ပြီးစေရသေးသောကြောင့် ဤယောဂီသည် ဉာတပရိညာကိုသာလျှင် ရထားသေးသည်၊ ဤမှတပါးသော တီရဏပရိညာ ပဟာနပရိညာတို့ကို လည်း ရအပ် (ရသင့် ရထိုက်) ကုန်၏ (ရအောင် အားထုတ်ထိုက်၏)၊ ထို့ကြောင့် တီရဏပရိညာ ဖြစ်လတ်သော် လမ်းမှန်နှင့် လမ်းမှားကို ပိုင်း ခြားဆုံးဖြတ်သော (မဂ္ဂါမဂ္ဂ)ဉာဏ်သည် ဖြစ်ပေါ်၏၊ (ထို) တီရဏပရိညာ

---

၁-သဘာဝလက္ခဏာကို သိခြင်းသည်သာလျှင် အကြီးအမှူးဖြစ်သည် အလွန် အမြတ်ဆုံးဖြစ်သည်-ဟု ဆိုလို၏။ တနည်းအားဖြင့် ထို အသိကသာ အစိုး ရသည်၊ ထိုအသိ၏ နယ်ပယ်ဖြစ်သည်-ဟု ဆိုလို၏။

၂-ဤ အနုပဿနာ ၇-ပါးတို့ကို ဘင်္ဂဉာဏ်အရာ၌ အကျယ်ပြထားသည်။

http://www.dhammadownload.com



သည်လည်း ဉာတပရိညာ၏ အခြားမဲ့၌ဖြစ်၏၊ ထို့ကြောင့်လည်း "ထိုမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ပြည့်စုံစေလိုသော ယောဂီသည် အပေါင်းအစုလိုက် သုံးသပ်သော (ကလာပသမ္မသန) ဉာဏ်၌ အားထုတ်ခြင်းကို ရှေးဦးစွာ ပြုအပ်၏"ဟု ငါ ဆိုခဲ့ပေသည်။

၆၉၄။ ထို (ကလာပသမ္မသနဉာဏ်)၌ ဤ (ဆိုလတ္တံ့)သည်ကား (ပဋိသမ္ဘိဒါမဂ်) ပါဠိပေတည်း —

အတိတ် အနာဂတ် ပစ္စုပ္ပန် တရားတို့ကိုအဘယ်သို့ အကျဉ်းချုံး၍ပိုင်းခြား ဆုံးဖြတ်သော (ဝါ - ပိုင်းခြား ဆုံးဖြတ်ရာ၌)[၁] ပညာသည် သုံးသပ်ဆင်ခြင်သော သမ္မသန (သုံးသပ်ဆင်ခြင်ရာ၌)[၂] ဉာဏ်မည်သနည်း?

အတိတ်ဖြစ်စေ အနာဂတ်ဖြစ်စေ ပစ္စုပ္ပန်ဖြစ်စေ၊ ကိုယ်တွင်း၌ဖြစ်စေ ကိုယ်ပ၌ဖြစ်စေ၊ အကြမ်းဖြစ်စေ အနုဖြစ်စေ၊ အယုတ်ဖြစ်စေ အမြတ်ဖြစ်စေ၊ အဝေး၌ဖြစ်စေ အနီး၌ဖြစ်စေ အကြင်တစုံတခုသော ရုပ်သည်ရှိ၏၊ အလုံးစုံသော ထိုရုပ်ကို မမြဲဟု ပိုင်းခြားဆုံးဖြတ်၏၊ သုံးသပ်ဆင်ခြင်သော သမ္မသန ဉာဏ်တခုပေတည်း။ ဆင်းရဲဟု ပိုင်းခြားဆုံးဖြတ်၏၊ သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ်တခုပေတည်း။ အတ္တမဟုတ်ဟု ပိုင်းခြားဆုံးဖြတ်၏၊ သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ်တခုပေတည်း။

---

၁-ဝဝတ္ထာနေ-ဟူသော ပုဒ်၌ သတ္တမီ ဝိဘတ်-ဟု ယူလျှင် "ပိုင်းခြား ဆုံးဖြတ်ရာ၌"-ဟု ပြန်အပ်၏၊ သို့သော် ပိုင်းခြား ဆုံးဖြတ်ရာ၌ ပါဝင်သော ပညာကိုပင် ဆိုလိုသောကြောင့်၎င်း၊ ပဌမာဝိဘတ်ဖြင့် ပြီးသောပုဒ်လည်း ဖြစ်သင့်သောကြောင့်၎င်း ဤ၌ အနက်အဓိပ္ပါယ် ချောစေရန် "ပိုင်းခြား ဆုံးဖြတ်သော" ဟူသော အနက်ကို မှုရင်းပြု၍ ပြန်ထားသည်။

၂-သမ္မသနေ-ပုဒ် သတ္တမီဖြင့် ပြီးလျှင် "သုံးသပ်ဆင်ခြင်ရာ၌"ဟု ပြန်ရာ၏၊ ဤ၌ကား မှတ်ချက် ၁-၌ကဲ့သို့ပင် အနက်အဓိပ္ပါယ်ချောရာသို့လိုက်၍ မူရင်းပြုထားသည်။

http://www.dhammadownload.com



(အတိတ်ဖြစ်စေ။ပ။ အနီး၌ဖြစ်စေ အကြင်တစုံတခုသောဝေဒနာသည် ရှိ၏)[၁] အလုံးစုံသော ထိုဝေဒနာကို (မမြဲဟု ပိုင်းခြားဆုံးဖြတ်၏၊ သမ္မသနဉာဏ်တခုပေတည်း။ပ။ အတိတ်ဖြစ်စေ။ပ။ အလုံးစုံသောထိုသညာကို။ပ။ အတိတ်ဖြစ်စေ။ပ။အလုံးစုံသော ထိုသင်္ခါရတို့ကို မမြဲကုန်ဟု ပိုင်းခြားဆုံးဖြတ်၏။ပ။ အတိတ်ဖြစ်စေ။ပ။)[၂] အလုံးစုံသော ထိုဝိညာဏ်ကို မမြဲဟု။ပ။ အတ္တ မဟုတ်ဟု ပိုင်းခြားဆုံးဖြတ်၏၊ သမ္မသနဉာဏ်တခုပေတည်း။

အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော စက္ခု (မျက်စိ)ကို။ပ။ ဇရာမရဏ (အိုခြင်း သေခြင်း)ကို မမြဲဟု ပိုင်းခြားဆုံးဖြတ်၏၊ သမ္မသနဉာဏ်တခုပေတည်း။ ဆင်းရဲဟု ။ပ။ အတ္တမဟုတ်ဟု ပိုင်းခြားဆုံးဖြတ်၏၊ သမ္မသနဉာဏ်တခုပေတည်း။

အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော ရုပ်သည် ကုန်ဆုံးသွားသော အနက်သဘောကြောင့် မမြဲ၊ ကြောက်ဖွယ် ကောင်းသော (ဘေးဟူသော) အနက်သဘောကြောင့် ဆင်းရဲ၊ အနှစ်သာရမရှိသော အနက်သဘောကြောင့် အတ္တမဟုတ်ဟု အကျဉ်းချုံး၍ ပိုင်းခြားဆုံးဖြတ်သောပညာသည် သမ္မသနဉာဏ်မည်၏၊အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဝေဒနာသည်။ပ။သညာသည်။ပ။သင်္ခါရတို့သည်[၃]။ ဝိညာဏ်သည်။[၃] စက္ခု(မျက်စိ)သည်။ပ။ ဇရာမရဏ (အိုခြင်း သေခြင်း)သည်။ပ။ သမ္မသနဉာဏ် မည်၏။

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရုပ်သည် မမြဲ၊ ပေါင်းစု၍ ပြုအပ်သော သင်္ခတတရားတည်း၊ အကြောင်းကို စွဲမှီ၍ ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ပျောက်ပြယ်ခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏-ဟု အကျဉ်းချုံး၍ ပိုင်းခြား ဆုံးဖြတ်သောပညာသည် သမ္မသနဉာဏ်မည်၏၊ ဝေဒနာသည်။ (သညာ

---

၁-၂-လက်သည်းကွင်းအတွင်း စာပိုဒ်များမှာ သုတနည်းသူတို့အား သိလွယ်စေရန် ပါဠိပေယျာလမှ အနည်းငယ် ဖော်ပြထားသော စကားများဖြစ်သည်။

၃-စကားဝါကျ မပြည့်စုံသေးဘဲ ဤသို့သော ပုဒ်မကြီးများကို တွေ့လျှင် ၎င်းတို့ကိုလည်း ပေယျာလ-ဟု မှတ်ပါ။

http://www.dhammadownload.com



သည်။ သင်္ခါရတို့သည်။) ဝိညာဏ်သည်။ စက္ခုသည်။ပ။ ဇရာမရဏ သည် မမြဲ၊ ပေါင်းစု၍ ပြုအပ်သော သခင်တတရားတည်း။ပ။ ချုပ်ခြင်းသဘောရှိ၏ဟု အကျဉ်းချုံး၍ ပိုင်းခြားဆုံးဖြတ်သော ပညာသည် သမ္မသနဉာဏ်မည်၏။

[၂၄၃] ဇာတိ (ဘဝအသစ်ဖြစ်ခြင်း) ဟူသော အကြောင်းကြောင့် ဇရာမရဏ (အိုခြင်း သေခြင်း)ရှိသည်၊ ဇာတိမရှိလျှင် ဇရာမရဏ မရှိဟု အကျဉ်းချုံး၍ ပိုင်းခြားဆုံးဖြတ်သော ပညာသည် သမ္မသနဉာဏ်မည်၏၊ အတိတ်အခွန့်ကာလ၌လည်း။ အနာဂတ်အခွန့် ကာလ၌လည်း ဇာတိဟူသော အကြောင်းကြောင့် ဇရာမရဏ ရှိသည်၊ ဇာတိမရှိလျှင် ဇရာမရဏ မရှိဟု အကျဉ်းချုံး၍ ပိုင်းခြား ဆုံးဖြတ်သော ပညာသည် သမ္မသနဉာဏ် မည်၏။ ဘဝဟူသော အကြောင်းကြောင့် ဇာတိ ရှိသည်။ပ။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ ရှိကြသည်၊ အဝိဇ္ဇာမရှိလျှင် သင်္ခါရတို့ မရှိကုန်ဟု အကျဉ်းချုံး၍ ပိုင်းခြားဆုံးဖြတ်သော ပညာသည် သမ္မသနဉာဏ်မည်၏။ အတိတ် အခွန့်ကာလ၌လည်း။ အနာဂတ် အခွန့်ကာလ၌လည်း အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရတို့ ရှိကြသည်၊ အဝိဇ္ဇာ မရှိလျှင် သင်္ခါရတို့ မရှိကုန်ဟု ပိုင်းခြား ဆုံးဖြတ်သော ပညာသည် သမ္မသနဉာဏ် မည်၏။

ထို သုံးသပ် ဆင်ခြင်မှုသည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့် ပညာမည်၏။ ထို့ကြောင့် "အတိတ် အနာဂတ် ပစ္စုပ္ပန် တရားတို့ကို အကျဉ်းချုံး၍ ပိုင်းခြား ဆုံးဖြတ်သော ပညာသည် သုံးသပ် ဆင်ခြင်သော သမ္မသန ဉာဏ်မည်၏"ဟု ဆိုအပ်၏။ ဤတွင် ပါဠိ ပြီးဆုံးသည်။

ဤပါဠိ၌ "စက္ခုကို။ပ။ ဇရာမရဏကို" ဟု မြှုပ်၍ ပြထားသော ပေယျာလဖြင့်[၁] "ဒွါရ ၆-ပါး, အာရုံ ၆-ပါး တို့နှင့်တကွ ဒွါရတို့၌ ဖြစ်သော

---

၁-ပါ-စောင့်ရှောက်ခြင်းငှါ + အလ-စွမ်းနိုင်သည် ... ပေယျာလ-မြှုပ်ထားသော စကားစုကို မပျောက်မပျက်ရအောင် ဉာဏ်ရှိသူတို့ ထုတ်ဖော်လျက် စောင့်ရှောက်ရန် စွမ်းနိုင်သောအရာဟု ဆိုလို၏။

http://www.dhammadownload.com



(ဝိညာဏ် ၆-ပါး, ဖဿ ၆-ပါး, ဝေဒနာ ၆-ပါး, ဟူသော) တရားများ, ခန္ဓာ-၄ါးပါး, ဒွါရ ၆-ပါး, အာရုံ ၆-ပါး,ဝိညာဏ် ၆-ပါး, ဖဿ ၆-ပါး,ဝေဒနာ ၆-ပါး, သညာ ၆-ပါး, စေတနာ ၆-ပါး, တဏှာ ၆-ပါး, ဝိတက် ၆-ပါး, ဝိစာရ ၆-ပါး, ဓာတ် ၆-ပါး, ကသိုဏ်း(စျာန်) ၁၀ -ပါး, ၃၂-ပါးသော ကောဋ္ဌာသ, အာယတန ၁၂-ပါး,ဓာတ် ၁၈-ပါး, ဣန္ဒြေ ၂၂-ပါး,ဓာတ် ၃-ပါး, ဘဝ ၉-ပါး, (ရူပါဝစရ)စျာန် ၄-ပါး, အပ္ပမညာ ၄-ပါး, အရူပသမာပတ် ၄-ပါး, ပဋိစ္စ-သမုပ္ပါဒ်အင်္ဂါ ၁၂-ပါး-ဟူသော ဤတရားစုတို့ကို ချုံးထားသည်" ဟု သိအပ်၏။

မှန်ပေ၏၊ ပဋိသမ္ဘိဒါမဂ် အဘိညေယျနိဒ္ဒေသ၌——

ရဟန်းတို့၊ အလုံးစုံကို ရှေးရှုပြု၍သိအပ်၏(ထူးခြားစွာသိအပ်၏)။ ရဟန်းတို့၊ အဘယ်အလုံးစုံကို ရှေးရှုပြု၍ သိအပ်သနည်း? မျက်စိကို ရှေးရှုပြု၍ သိအပ်၏၊ အဆင်းကို။ မြင်မှု- စက္ခုဝိညာဏ်ကို။ မြင်တွေ့မှု စက္ခုသမ္ဖဿကို။ မြင်တွေ့မှု စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့် ချမ်းသာဖြစ်စေ,ဆင်းရဲဖြစ်စေ, မဆင်းရဲ မချမ်းသာအလယ်အလတ်ဖြစ်စေ အကြင် ခံစားမှု ဝေဒနာသည် ဖြစ်ပေါ်၏၊ ထို ခံစားမှု ဝေဒနာကိုလည်း ရှေးရှုပြု၍ သိအပ်၏။ နားကို။ပ။ ကြံတွေ့မှု-မနောသမ္ဖဿဟူသောအကြောင်းကြောင့် ချမ်းသာဖြစ်စေ, ဆင်းရဲဖြစ်စေ, မဆင်းရဲ မချမ်းသာ အလယ်အလတ် ဖြစ်စေ အကြင် ခံစားမှု-ဝေဒနာသည် ဖြစ်ပေါ်၏၊ ထိုခံစားမှု ဝေဒနာကိုလည်း ရှေးရှု ပြု၍ သိအပ်၏။

ရုပ်ကို။ပ။ ဝိညာဏ်ကို။ မျက်စိကို။စိတ်ကို။ပ။အဆင်းတို့ကို။ပ။ သဘောတို့ကို။စက္ခုဝိညာဏ်ကို။ပ။ မနောဝိညာဏ်ကို။စက္ခုသမ္ဖဿကို။ပ။ မနောသမ္ဖဿကို။ [၂၄၄] စက္ခုသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာကို။ပ။မနောသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာကို။ အဆင်းမှတ်-ရူပသညာကို။ပ။သဘောမှတ်-ဓမ္မသညာကို။အဆင်း၌ စေ့ဆော်မှု- ရူပသဉ္စေတနာကို။ပ။ သဘော၌ စေ့ဆော်မှု-ဓမ္မသဉ္စေတနာကို။ အဆင်းဆာမှု- ရူပတဏှာကို။ပ။ သဘောဆာမှု- ဓမ္မတဏှာကို။ အဆင်းကြံမှု- ရူပဝိတက်ကို။ပ။သဘောကြံမှု- ဓမ္မဝိတက်ကို။အဆင်း

http://www.dhammadownload.com



စဉ်းစားမှု-ရူပဝိစာရကို။ပ။ သဘောစဉ်းစားမှု-ဓမ္မဝိစာရကို (ရှေးရှုပြု၍ သိအပ်၏)။

ပထဝီဓာတ်ကို။ပ။[1] ဝိညာဏဓာတ်ကို။ ပထဝီကသိုဏ်း (စျာန်)ကို။ပ။[2] ဝိညာဏကသိုဏ်း (စျာန်)ကို။ ဆံပင်တို့ကို။ပ။ကျင်ငယ်ကို။ ဦးနှောက်ကို (ရှေးရှုပြု၍ သိအပ်၏)။

စက္ခာယတနကို။ပ။[3] ဓမ္မာယတနကို။ စက္ခုဓာတ်ကို။ပ။[4] မနောဓာတ်ကို။ ဓမ္မဓာတ်ကို။ မနောဝိညာဏဓာတ်ကို။ စက္ခုန္ဒြေကို။ပ။[5] အညာတာဝိန္ဒြေကို (ရှေးရှုပြု၍ သိအပ်၏)။

ကာမဓာတ်ကို။ ရူပဓာတ်ကို။ အရူပဓာတ်ကို။ ကာမဘဝကို။ ရူပဘဝကို။ အရူပဘဝကို။ သညာဘဝကို။ အသညာဘဝကို။ နေဝသညာနာသညာဘဝကို။ ဧကဝေါကာရဘဝကို။ စတုဝေါကာရဘဝကို။ ပဉ္စဝေါကာရဘဝကို (ရှေးရှုပြု၍ သိအပ်၏)။

ပဌမစျာန်ကို ။ပ။ စတုတ္ထစျာန်ကို။ မေတ္တာစေတောဝိမုတ္တိကို။ပ။ ဥပေက္ခာစေတောဝိမုတ္တိကို။ အာကာသာနဉ္စာယတနစျာန် သမာ

---

၁-ဤ၌ ပ-ဖြင့် အာပေါ တေဇော ဝါယော အာကာသ ဟူသော ဓာတ် ၄-ပါးကို မြှုပ်ထားသည်။

၂-ဤ၌ ပ-ဖြင့် အာပေါ တေဇော ဝါယော နီလ ပီတ လောဟိတ ဩဒါတ အာကာသ ဟူသော ကသိုဏ်း ၈-ပါးကို မြှုပ်ထားသည်။

၃-ဤ၌ ပ-ဖြင့် ရူပ၊ သောတ, သဒ္ဒ၊ ဃာန, ဂန္ဓ၊ ဇိဝှါ, ရသ၊ ကာယ, ဖောဋ္ဌဗ္ဗ၊ မနာယတနတို့ကို မြှုပ်ထားသည်။

၄-ဤ၌ ပ-ဖြင့် ရူပ, စက္ခုဝိညာဏ၊ သောတ, သဒ္ဒ, သောတဝိညာဏ၊ ဃာန, ဂန္ဓ, ဃာနဝိညာဏ၊ ဇိဝှါ, ရသ, ဇိဝှါဝိညာဏ၊ ကာယ, ဖောဋ္ဌဗ္ဗ, ကာယဝိညာဏဓာတ်တို့ကို မြှုပ်ထားသည်။

၅-ဤ၌ ပ-ဖြင့် သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ၊ မနိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ၊ သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ၊ အနညာတညဿာမီတိန္ဒြေ အညိန္ဒြေတို့ကို မြှုပ်ထားသည်။

http://www.dhammadownload.com



ပတ်ကို။ပ။ နေဝသညာနာသညာယတနစျာန်သမာပတ်ကို။ အဝိဇ္ဇာကို ရှေးရှုပြု၍ သိအပ်၏။ပ။ ဇရာမရဏကို ရှေးရှုပြု၍ သိအပ်၏”ဟု ဟောတော်မူ(အပ်)၏။

ထိုအလုံးစုံ (သော အဘိညေယျတရားအပေါင်း)ကို ထို အဘိညေယျနိဒ္ဒေသ၌ ဤဆိုခဲ့သည့်အတိုင်း အကျယ်အားဖြင့် ဟောထားသောကြောင့် ဤ၌ ပေယျာလဖြင့် ချုံးထားသည်။ အထူးမှာ ဤသို့ ချုံးထားသော ဤ (အဘိညေယျနိဒ္ဒေသ) ၌ လာသော လောကုတ္တရာတရားတို့ကိုကား မသုံးသပ်ထိုက်သောကြောင့် ဤဝိပဿနာအရာ၌ မယူအပ်ကုန်။ ဆက်၍ ညွှန်ကြားဦးအံ့- သုံးသပ်ထိုက်ကုန်သော အကြောင်(ရုပ်နာမ်တရား)တို့သည် ရှိကုန်၏၊ ထိုသုံးသပ်ထိုက်သော ရုပ်နာမ်တရားတို့တွင်လည်း အကြောင် ရုပ်နာမ်တရားတို့သည် အကြောင်ပုဂ္ဂိုလ်အား ထင်ရှားကုန်၏၊ ချမ်းသာလွယ်ကူစွာ သိမ်းဆည်းနိုင်- ရှုနိုင်ကုန်၏၊ ထို(ထင်ရှား၍ လွယ်ကူစွာ ရှုနိုင်သော) တရားတို့၌ ထိုပုဂ္ဂိုလ်သည် သုံးသပ်ခြင်း -ရှုခြင်းကို အားထုတ်အပ် ပြုအပ်၏။

၆၉၅။ ထိုသုံးသပ်ထိုက်သော တရားအပေါင်းတို့တွင် ဤ ဆိုလတ္တံ့သည်ကား ခန္ဓာတို့၏ အစွမ်းအားဖြင့် အားထုတ်ပုံ အစီအရင်ကို ယှဉ်စေခြင်းတည်း—

“အတိတ်ဖြစ်စေ။ပ။ အကြောင်တစုံတခုသော ရုပ်သည် ရှိ၏၊ အလုံးစုံသော ထိုရုပ်ကို မမြဲ-ဟု ပိုင်းခြား ဆုံးဖြတ်၏၊ သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ် တခုပေတည်း။ ဆင်းရဲဟု၊ အတ္တ မဟုတ်-ဟု ပိုင်းခြား ဆုံးဖြတ်၏၊ သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ် တခုပေတည်း” -ဟူသော ဤမျှသော အစီအရင်ဖြင့်[၁] ဤရဟန်းသည်[၁] “အကြောင် တစုံတခုသောရုပ်” ဟူ၍ ဤသို့ အမှတ်မရှိသော အားဖြင့် ညွှန်ပြအပ်သော ရုပ်အလုံးစုံကိုလည်း “အတီတတိက်နှင့် အဇ္ဈတ္တဒုက်စသော လေးခုသော ဒုက်တို့”[၁] ဟူသော ၁၁-ပါးသော ဌာနတို့ဖြင့် ပိုင်းခြား၍ အလုံးစုံသော ရုပ်ကို မမြဲ-ဟု ပိုင်းခြားဆုံးဖြတ်၏၊ မမြဲ-ဟု သုံးသပ် ဆင်ခြင်၏။

---

၁-ဤမျှသော အစီအရင်ဖြင့် ရဟန်းသည်...ဌာနတို့ဖြင့် ပိုင်းခြား၍....ပိုင်းခြားဆုံးဖြတ်၏-ဟု စပ်ပါ။

http://www.dhammadownload.com



အဘယ်သို့ နည်းဟူမူ? နောက်၌ ဟောထားသော နည်းဖြင့်ပင်တည်း။ မှန်ပေ၏၊ "အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သောရုပ်သည် ကုန်ဆုံးသွားသော အနက်သဘောကြောင့် မမြဲ"-ဟူသော ဤစကားကို (နောက်၌) ဟောတော်မူ(အပ်)ပေ၏။

ထိုကြောင့် ဤယောဂီရဟန်းသည် အတိတ်ဘဝ၌ ဖြစ်သော အကြင်ရုပ်သည် ရှိခဲ့၏၊ ထိုရုပ်သည် အတိတ်ဘဝ၌သာလျှင် ကုန်ဆုံးသွားခဲ့၏၊ ဤပစ္စုပ္ပန်ဘဝသို့ မရောက်လာချေ၊ ဤသို့ ကုန်ဆုံးသွားသောအနက် သဘောကြောင့် မမြဲဟု သုံးသပ် ဆင်ခြင်၏။

အနာဂတ်ဖြစ်သော အကြင်ရုပ်သည် အခြားမဲ့ဘဝ၌ ဖြစ်လတ္တံ့၊ ထိုရုပ်သည်လည်း ထိုအနာဂတ်ဘဝ၌သာလျှင် ကုန်ဆုံးသွားလတ္တံ့၊ ထိုမှတပါးသော နောက်ဘဝသို့ မသွားရောက်လတ္တံ့၊ ဤသို့ ကုန်ဆုံးသွားသော အနက်သဘောကြောင့် မမြဲဟု သုံးသပ် ဆင်ခြင်၏။

ပစ္စုပ္ပန်ဖြစ်သော အကြင်ရုပ်သည် ရှိ၏၊ ထိုရုပ်သည်လည်း ဤဘဝ၌ သာလျှင် ကုန်ဆုံးသွားလတ္တံ့၊ ဤဘဝမှ (နောက်ဘဝသို့) မသွားရောက်လတ္တံ့၊ ဤသို့ ကုန်ဆုံးသွားသော အနက်သဘောကြောင့် မမြဲဟု သုံးသပ်ဆင်ခြင်၏။

ကိုယ်တွင်း၌ဖြစ်သော အကြင်ရုပ်သည် ရှိ၏၊ ထိုရုပ်သည်လည်း ကိုယ်တွင်း၌သာလျှင် ကုန်ဆုံးသွား၏၊ အပြင်ပရုပ်အဖြစ်သို့ မရောက်ချေ၊ ဤသို့ ကုန်ဆုံးသွားသော အနက်သဘောကြောင့် မမြဲဟု သုံးသပ် ဆင်ခြင်၏။

ကိုယ်ပ၌ဖြစ်သော အကြင်ရုပ်သည်။ပ။ ကြမ်းတမ်းသော။ပ။ နူးညံ့သိမ်မွေ့သော။ပ။ ယုတ်ညံ့သော။ပ။ ကောင်းမြတ်သော။ပ။ ဝေးသော။ပ။ နီးသော အကြင်ရုပ်သည် ရှိ၏၊ ထိုရုပ်သည်လည်း ထိုအနီး၌သာလျှင် ကုန်ဆုံးသွား၏၊ အဝေးရုပ်အဖြစ်သို့ မရောက်ချေ၊ ဤသို့ ကုန်ဆုံးသွားသော အနက်သဘောကြောင့် မမြဲဟု သုံးသပ် ဆင်ခြင်၏။

ဤဆိုခဲ့သော သုံးသပ်ဆင်ခြင်မှု အလုံးစုံသည် "ကုန်ဆုံးသွားသောအနက်သဘောကြောင့် မမြဲ"ဟူသော ဤရှုပုံ၏ အစွမ်းအားဖြင့် တခုသော သမ္မသနဉာဏ် မည်၏၊ အပြားအားဖြင့်မူကား ၁၁-ပါး အပြားရှိ၏။

ထိုမှတပါး.... အတိတ်စသော အလုံးစုံသာလျှင် ဖြစ်သော ထိုရုပ်သည် ဘေး ဟူသော အနက်သဘောကြောင့် ဆင်းရဲတည်း။ **"ဘေး ဟူသော**

http://www.dhammadownload.com



**အနက်သဘောကြောင့်**" ဟူသည်ကား ကြောက်မက်ဖွယ် ကောင်းသော ဘေးရှိသည်၏ အဖြစ်ကြောင့်(ဟု ဆိုလို၏)။ မှန်ပေ၏၊ မမြဲသောတရားသည် သီဟောပမသုတ်၌ နတ်ပြဟ္မာတို့မှာကဲ့သို့ ကြောက်ဖွယ်ဘေးကို ဆောင်တတ် ဖြစ်စေတတ်၏။ ဤသို့လျှင် ဤဆင်းရဲဟု သုံးသပ်မှုသည်လည်း "ဘေးဟူသော အနက်သဘောကြောင့် ဆင်းရဲ" ဟူသော ဤရှုပုံ၏ အစွမ်းအားဖြင့် တခုသော သမ္မသနဉာဏ် မည်၏၊ အပြားအားဖြင့်မူကား ၁၁-ပါး အပြား ရှိ၏။

ထိုမှတပါး.... ဆင်းရဲမည်သကဲ့သို့ ထို့အတူပင် ထိုရုပ် အလုံးစုံသည်လည်း အနှစ်သာရ မရှိသော အနက်သဘောကြောင့် အနတ္တ - အတ္တ မဟုတ်။ "**အနှစ်သာရ မရှိသော အနက်သဘောကြောင့်**" ဟူသည်ကား "အတ္တဟူသည် (**သာမီ** - ခန္ဓာအိမ်၏ ပိုင်ရှင်တည်း) **နိဝါသီ** - ခန္ဓာအိမ်က ပျက်စီးသွားသော်လည်း သူကပျက်စီးခြင်း မရှိဘဲ ခန္ဓာအိမ်တခုခုထဲ၌ အမြဲတည်နေသူတည်း၊ **ကာရက** - သွားခြင်းစသည် မြင်ခြင်းစသည် အလုံးစုံသော အမှုအရာကို ပြုတတ်သောသူတည်း၊ **ဝေဒက** - အကောင်း အဆိုးကို ခံစားတတ်သူတည်း၊ **သယံဝသီ** - မိမိ၏ အလိုအတိုင်း ပြီးစေနိုင်သူတည်း" ဟူ၍ ဤသို့ သာသနာတော်မှ အပြင်ပဖြစ်သော တိတ္ထိတို့ ကြံဆထားသော အတ္တကောင် ဟူသော အနှစ်သာရ မရှိခြင်းကြောင့် (ဟု ဆိုလို၏)။ မှန်ပေ၏၊ အကြင်တရားသည် မမြဲ ဆင်းရဲ၏၊ ထို မမြဲ ဆင်းရဲသော တရားသည် မိမိ၏ သော်လည်း မမြဲခြင်းကိုသော်၎င်း, အဖြစ်အပျက်က နှိပ်စက်ခြင်းကို သော်၎င်း တားမြစ်ခြင်းငှါ မစွမ်းနိုင်၊ ထိုတရားမှာ ပြုတတ်သူ စသည်၏ အဖြစ်သည် အဘယ်မှာ ရှိပါအံ့နည်း။ ထို့ကြောင့် မြတ်စွာဘုရားသည်——

"ရဟန်းတို့၊ ဤရုပ်သည် အစိုးရသော အတ္တကောင် ဟုတ်ငြားအံ့၊ သို့ဖြစ်လျှင် ဤရုပ်သည် နှိပ်စက်ပြင်းငှါ[၁] မဖြစ်တန်လေရာ" ဟု ဤသို့ စသည်ကိုဟောတော်မူ၏။ ဤသို့လျှင် ဤ အတ္တမဟုတ်ဟု သုံးသပ်

---

၁-အာဗာဓာယ-ပုဒ်ကို "နာကျင်ခြင်းငှါ"ဟူ၍ မြန်မာပြန်ကြ၏။ ရုပ်သည်လည်း မနာကျင်တတ်၊ သညာ သင်္ခါရ ဝိညာဏ်တို့သည်လည်း မနာကျင်တတ်ကုန်၊ ဗာဓ-ဓာတ်သည်လည်း နာကျင်ခြင်းအနက်ကို မဟော၊ နှိပ်စက်ခြင်း အနက်ကိုသာ ဟော၏၊ ခန္ဓာငါးပါးသည် အိုခြင်း နာခြင်း စသည်တို့ဖြင့် နှိပ်စက်တတ်၏။ ထို့ကြောင့် ဤ၌ နှိပ်စက်ခြင်းငှါ-ဟု ပြန်ထားသည်။

**ဝိသုဒ္ဓိ မြန်** ၁၉—ပ-မ-ဗ-သ-စ

http://www.dhammadownload.com



မှုသည်လည်း[၂၄၆] "အနှစ်သာရမရှိသော အနက်သဘောကြောင့် အတ္တ မဟုတ်"ဟူသော ဤရှုပုံ၏ အစွမ်းအားဖြင့် တခုသော သမ္မသနဉာဏ် မည်၏၊ အပြားအားဖြင့်မူကား ၁၁-ပါး အပြားရှိ၏။ ဝေဒနာအစရှိသည် တို့၌လည်း ဤနည်းပင်တည်း။

၆၉၆။ ထပ်၍ဟောခြင်း၏ အကြောင်းကား.... **အနိစ္စ-မမြဲသောတရား** သည် ကိန်းသေမုချအားဖြင့် **သင်္ခတစသည်အပြားရှိ၏**[၁]၊ ထို့ကြောင့် **ထို အနိစ္စ-မမြဲ**ဟူသော ပုဒ်၏ ဝေဝုစ်ပရိယာယ် စကားလှယ်တို့ကို ပြခြင်းအကျိုး ငှါလည်း[၂] အထူးထူးသော အခြင်းအရာတို့ဖြင့် နှလုံးသွင်းမှုဖြစ်ပုံကို ပြခြင်း အကျိုးငှါလည်း[၂] "အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော ရုပ်သည်မမြဲ၊ ပေါင်းစု၍ ပြုအပ်သော သင်္ခတတရားတည်း၊ အကြောင်းကို စွဲမှီ၍ ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ပျောက်ပြယ်ခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏"ဟူသော ပါဠိကို တဖန်ထပ်၍ ဟောတော်မူ(အပ်) ၏။ ဝေဒနာစသည်တို့၌လည်း ဤနည်းပင်တည်း။

## အခြင်းအရာ ၄၀-တို့ဖြင့်ရှုပုံ

၆၉၇။ ထိုယောဂီသည်[၃] ၅-ပါးသော ခန္ဓာတို့၌ မမြဲ, ဆင်းရဲ, အတ္တမဟုတ် ဟု သုံးသပ်သော ထိုသမ္မသနဉာဏ်၏ပင်လျှင် မြဲမြံခိုင်ခံ့ခြင်း အကျိုးငှါ[၄] ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်[၅]—

"အဘယ်လေးဆယ်သော အခြင်းအရာတို့ဖြင့် (အနုလောမိကခန္တီ မည်သော)အရိယာမဂ်အားလျော်သောအနုလောမဉာဏ်ကိုရသနည်း၊

---

၁-အနိစ္စ-မမြဲသောတရားသည် ဧကန်မုချပင် သင်္ခတ-ပေါင်းစု၍ ပြုအပ်သော တရားလည်း ဖြစ်၏၊ ပဋိစ္စသမုပ္ပန္န-အကြောင်းကိုစွဲမှီ၍ဖြစ်သော တရားလည်း ဖြစ်၏ စသည်ဖြင့် သိစေ၏။

၂-အကျိုးငှါလည်း....အကျိုးငှါလည်း.... တဖန်ထပ်၍ဟောတော်(မူ)၏-ဟု စပ်ပါ။

၃-၄-ထိုယောဂီသည်.... မြဲမြံခိုင်ခံ့ခြင်းအကျိုးငှါ....ထိုအနိစ္စ စသည်ဖြင့် သုံးသပ် ခြင်း၏ အစွမ်းအားဖြင့် ဤငါးပါးသော ခန္ဓာတို့ကို သုံးသပ်၏-ဟု စပ်ပါ။

၅-မြတ်စွာဘုရားသည်....ဝေဘန်ချက်၌....လေးဆယ်သော အခြင်းအရာတို့ဖြင့်.... ဤသို့ အစရှိသောနည်းဖြင့်....ဝေဘန်တော်မူလျက်....ဟောတော်မူ(အပ်)၏- ဟု စပ်ပါ။

http://www.dhammadownload.com



အဘယ် လေးဆယ်သော အခြင်းအရာတို့ဖြင့် ကိန်းသေ မြဲသော သဘောမှန် (သမ္မတ္တနိယာမမည်သော အရိယာမဂ်)သို့ သက်ရောက်သနည်း”ဟူသော

ဤမေးခွန်း၏အဖြေဖြစ်သော ဝေဘန်ချက်၌[၁]-

ငါးပါးသော ခန္ဓာတို့ကို မမြဲဟု (ရှုမြင်လတ်သော်),ဆင်းရဲဟု, ရောဂါဟု, အိုင်းအမာဟု, ငြောင့်ဟု, မကောင်းမှုဟု, ဖျားနာဟု, အပြင်ပသူစိမ်းဟု, အလွန်ပျက်သည်ဟု, ဘေးရန်ဟု, ဥပဒ္ဒဝေါဟု, ကြောက်ဖွယ်ဘေးဟု, ကပ်ငြိသော အနှောက်အယှက်ဟု, တုန်လှုပ်သည်ဟု, ပျက်လွယ်သည်ဟု, မခိုင်ခံ့ဟု, မစောင့်ရှောက်တတ်ဟု, ပုန်းအောင်းရာမဟုတ်ဟု, ကိုးကွယ်ရာမဟုတ်ဟု, ကင်းသည်ဟု, အချည်းနှီးဟု,ဆိတ်သုဉ်းသည်ဟု, အတ္တမဟုတ်ဟု, အပြစ်ဟု, ဖောက်ပြန်ခြင်းသဘောရှိသည်ဟု,အနှစ်မရှိဟု, မကောင်းမှု၏ အမြစ်အရင်းဟု, သူသတ်သမားဟု, ကြီးပွါးစည်ပင်ခြင်း ကင်းသည်ဟု, အာသဝေါနှင့်တကွဖြစ်သည်ဟု,ပေါင်းစု၍ ပြုအပ်သည်ဟု,သူသတ်သမား-မာရ်တို့၏ သတ်စရာအစာဟု,ဖြစ်ခြင်းသဘောရှိသည်ဟု,အိုခြင်းသဘောရှိသည်ဟု, နာခြင်းသဘောရှိသည်ဟု, သေခြင်းသဘောရှိသည်ဟု, စိုးရိမ်ဖွယ်သဘောဟု, ငိုကြွေးဖွယ်သဘောဟု, ပြင်းစွာပူပန်ဖွယ်သဘောဟု, ကိလေသာတို့၏ စွဲရာမှီရာ အာရုံသဘောဟု (ရှုမြင်လတ်သော်)ဤသို့လျှင် လေးဆယ်သော အခြင်းအရာတို့ဖြင့်-

> “ငါးပါးသော ခန္ဓာတို့ကို မမြဲ-ဟု ရှုမြင်လတ်သော် (ရှုမြင်လျက်) အရိယာမဂ်အားလျော်သော အနုလောမဉာဏ်ကို ရ၏၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် မြဲသော နိဗ္ဗာန်တည်းဟု ရှုမြင်လတ်သော်(ရှုမြင်လျက်)ကိန်းသေမြဲသော သဘောမှန်(သမ္မတ္တနိယာမမည်သော အရိယာမဂ်)သို့ သက်ရောက်၏”ဟု....

ဤသို့ အစရှိသော နည်းဖြင့် အနုလောမဉာဏ်ကို ဝေဘန်တော်မူလျက် အသေးစိတ် အကျယ်အပြားအားဖြင့် အကြင် အနိစ္စ စသည်ဖြင့် သုံးသပ်ခြင်းကို ဟောတော်မူ(အပ်)၏၊ ထိုအနိစ္စစသည်ဖြင့် သုံးသပ်ခြင်း၏ အစွမ်းအားဖြင့်လည်း ဤ ငါးပါးသော ခန္ဓာတို့ကို သုံးသပ်၏။

---

[၁] ရှေးနှာ ၂၉၀-မှတ်ချက် ၅-ကိုပြန်ကြည့်ပါ။

http://www.dhammadownload.com



[၂၄၇] ၆၉၈။ အဘယ်သို့ နည်းဟူမူ? ထိုယောဂီသည်[၁] တပါးတပါးသော ခန္ဓာကို[၂] ပျက်ခြင်းဟူသော အဆုံးကို မလွန်သောကြောင့်ရင်း, အစနှင့် အဆုံးရှိသောကြောင့်ရင်း အနိစ္စ-မမြဲဟု သုံးသပ်၏(၁)။ ဖြစ်ခြင်း ပျက်ခြင်း တို့က မပြတ်နှိပ်စက်သောကြောင့်ရင်း, ဆင်းရဲ၏တည်ရာ ဝတ္ထု ဖြစ်သော ကြောင့်ရင်း ဒုက္ခ-**ဆင်းရဲ**ဟု သုံးသပ်၏ (၂)။ အစာ အဝတ် စသော ပစ္စည်း တို့ဖြင့် မျှတစေရသောကြောင့်ရင်း, ရောဂါတို့၏ မူလရင်းဖြစ်သောကြောင့် ရင်း(စွဲကပ်နေသော)**ရောဂါ(နှင့်တူသည်)**ဟု သုံးသပ်၏(၃)။ ဒုက္ခ ၃-မျိုး[၃] ဟူသော နာကျင်ကိုက်ခဲခြင်းနှင့် ယှဉ်သောကြောင့်ရင်း, ကိလေသာ ဟူသော သနံရည် ပြည်ပုပ်တို့ကို ယိုထွက်စေသောကြောင့်ရင်း, ဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်းတို့ဖြင့် ဖူးဖူးယောင်၍ မှည့်ရင့်ပြီးလျှင် ပေါက်ကွဲတတ် သောကြောင့်ရင်း **အိုင်းအမာ(နှင့်တူသည်)**ဟု သုံးသပ်၏ (၄)။ နှိပ်စက် ခြင်းကိုဖြစ်စေတတ်သောကြောင့်ရင်း, အတွင်း၌ ထိုးဆွတတ်သောကြောင့် ရင်း,နှုတ်ပယ်နိုင်ခဲသောကြောင့်ရင်း (စူးဝင်နေသော)**ငြောင့်(နှင့်တူသည်)** ဟု သုံးသပ်၏(၅)။ကဲ့ရဲ့အပ် ကဲ့ရဲ့ထိုက်သောကြောင့်ရင်း, အကျိုးမဲ့ ပျက်စီး ခြင်းကို ဆောင်တတ်-ဖြစ်စေတတ်သောကြောင့်ရင်း, မကောင်းမှု၏ တည်ရာ ဝတ္ထုဖြစ်သောကြောင့်ရင်း **မကောင်းမှု(နှင့်တူသည်)**ဟု သုံးသပ်၏ (၆)။ ကိုယ့်အလိုအတိုင်းမဖြစ်ခြင်းကို ဖြစ်စေတတ်သောကြောင့်ရင်း[၄]ဖျားနာခြင်း ၏ နီးသော အကြောင်းဖြစ်သောကြောင့်ရင်း **ဖျားနာမှု (နှင့်တူသည်)**ဟု သုံးသပ်၏ (၇)။ အလိုအတိုင်း မဖြစ်သောကြောင့်ရင်း, မစိမ်မခန့်ခွဲနိုင်

---

၁-၂-ထိုယောဂီသည် တပါးတပါးသော ခန္ဓာကို...သုံးသပ်၏-ဟု စပ်ပါ။

၃-ဒုက္ခ-ဆင်းရဲသုံးမျိုး ဟူသည်ကား (၁) ဒုက္ခဒုက္ခ ခေါ်သော ဒုက္ခနှင့် ဒေါမနဿ-ကိုယ်ဆင်းရဲနှင့် စိတ်ဆင်းရဲ၊ (၂) ဝိပရိဏာမဒုက္ခခေါ်သော သုခနှင့် သောမနဿ-ကိုယ်ချမ်းသာနှင့် စိတ်ချမ်းသာ၊ (၃) သင်္ခါရဒုက္ခ ခေါ်သော သင်္ခါရတရားအပေါင်း ဟူသော ဆင်းရဲတို့ပင် ဖြစ်သည်။

၄-မကျန်းမာသောသူသည် သူတပါးက ထူပေးရခြင်း စသည်ဖြင့် သူတပါးနှင့် စပ်၍ မျှတနေထိုင်ရ၏၊ မိမိ၏အလိုအတိုင်း မဖြစ်၊ ထို့အတူပင် ခန္ဓာရှိသော သူတို့သည် သူတပါးတို့နှင့်ရင်း တပါးသော အကြောင်းပစ္စည်းတို့နှင့်ရင်း စပ်၍ မျှတ နေထိုင်ရသောကြောင့် မိမိ၏ အလိုအတိုင်း မဖြစ်၊ ထိုသို့ မိမိအလိုအတိုင်း မဖြစ်ပဲ သူတပါးတို့ကို မှီရခြင်း, တပါးသော ပစ္စည်းတို့ကို မှီရခြင်းတို့ကို ဖြစ်စေသည်ဟု ဆိုလို၏။

http://www.dhammadownload.com



သောကြောင့်ရင်း **အပြင်ပသူစိမ်း(နှင့်တူသည်)**ဟု သုံးသပ်၏ (၈)။ နာခြင်း အိုခြင်း သေခြင်းတို့ဖြင့် အကြီးအကျယ် ပျက်စီးတတ်သောကြောင့် **အလွန်ပျက်စီးတတ်သည်**-ဟု သုံးသပ်၏ (၉)။ များစွာသော ပျက်စီးခြင်း (ဗျသန)တို့ကိုဆောင်တတ်-ဖြစ်စေတတ်သောကြောင့် **ဘေးရန်**-ဟု သုံးသပ်၏(၁၀)။

ကြိုတင်၍ မသိရသည်သာ ဖြစ်ကုန်သော ပြန့်ပြောကြီးကျယ်ကုန်သော အကျိုးမဲ့တို့ကို ဆောင်တတ်-ဖြစ်စေတတ်သောကြောင့်ရင်း, အလုံးစုံသော ဥပဒ္ဒဝေါတို့၏ တည်ရာဝတ္ထု ဖြစ်သောကြောင့်ရင်း **ဥပဒ္ဒဝေါ**-ဟု[၁] သုံးသပ်၏(၁၁)။ အလုံးစုံသော ဘေးတို့၏ ဖြစ်ပေါ်ရာ ဘေးတွင်းသဖွယ် ဖြစ်သောကြောင့်ရင်း, ဆင်းရဲငြိမ်းခြင်းဟု ဆိုအပ်သော မြတ်သော သက်သာရာ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်ရင်း **ကြောက်ဖွယ်ဘေး**-ဟု သုံးသပ်၏ (၁၂)။ များစွာသော အကျိုးမဲ့တို့ အစဉ်လိုက်ပါလာသောကြောင့်ရင်း, ရာဂ အစရှိသော အပြစ်ဒေါသတို့နှင့် ကပ်ငြိလူးလဲသောကြောင့်ရင်း,ပူးကပ်သော အမှောင့်ပယောဂကဲ့သို့ပင် လက်ခံရန် မထိုက်တန်သောကြောင့်ရင်း **ကပ်ငြိသော အနှောင့်အယှက်**-ဟု သုံးသပ်၏ (၁၃)။နာခြင်း အိုခြင်း သေခြင်းတို့ဖြင့်ရင်း, လာဘ်ရခြင်း လာဘ်မရခြင်း အစရှိသော[၂] လောကဓံတရားတို့ဖြင့်ရင်း တုန်လှုပ်သောကြောင့် **တုန်လှုပ်သည်**-ဟု သုံးသပ်၏ (၁၄)။ ပျက်စီးအောင် ပြုလုပ် အားထုတ်ခြင်းဖြင့်ရင်း, မိမိ၏ သဘောအတိုင်းအလို အလျောက်အားဖြင့်ရင်း ပျက်စီးခြင်းသို့ ရောက်တတ်သောကြောင့် **ပျက်လွယ်သည်**ဟု သုံးသပ်၏ (၁၅)။ ခပ်သိမ်းသော အခိုက်အတန့်တို့၌ လဲပြိုကျတတ်-ပျက်စီးတတ်သောကြောင့်ရင်း, ခိုင်ခံ့သည်၏ အဖြစ် မရှိသောကြောင့်ရင်း **မခိုင်ခံ့**ဟု သုံးသပ်၏ (၁၆)။ မစောင့်ရှောက်တတ်သောကြောင့်ရင်း, ဘေးငြိမ်းခြင်းကို ရနိုင်ရာ မဟုတ်သောကြောင့်ရင်း **မစောင့်ရှောက်တတ်**-ဟု သုံးသပ်၏ (၁၇)။ မှီကပ်ပုန်းအောင်းခြင်းငှါ မထိုက်တန်

---

၁ မင်းဘေးမင်းဒဏ် စသည်ကို ဥပဒ္ဒဝေါ-ဟုခေါ်သည်။

၂-အစရှိသော-ဟူသောပုဒ်ဖြင့် ယသ-အခြံအရံ အကျော်အစောနှင့် ပြည့်စုံခြင်း၊ အယသ-အခြံအရံ အကျော်အစောမဲ့ခြင်း-ပျက်ခြင်း၊ နိန္ဒာ-ကဲ့ရဲ့ခြင်း၊ ပသံသာ-ချီးမွမ်းခြင်း၊ သုခ-ချမ်းသာခြင်း၊ ဒုက္ခ-ဆင်းရဲခြင်းတို့ကို ပြသည်။

http://www.dhammadownload.com



သောကြောင့်ငှင်း,မှိုကပ် ပုန်းအောင်းသောသူတို့အားလည်း ပုန်းအောင်းရာ ကိစ္စကို မပြုတတ်သောကြောင့်ငှင်း **ပုန်းအောင်းရာမဟုတ်**ဟု သုံးသပ်၏ (၁၈)။ မှီခိုလာသောသူတို့အား ဘေးကို ပယ်ဖျောက်တတ်သည်၏ အဖြစ် မရှိသောကြောင့် **ကိုးကွယ်ရာမဟုတ်**ဟု သုံးသပ်၏(၁၉)။ ဗာလပုထုဇဉ်တို့ ကြံစည်ယူဆထားသည့်အတိုင်း ခိုင်မြဲသည်၏အဖြစ် တင့်တယ်သည်၏ အဖြစ် ချမ်းသာသည်၏အဖြစ် အတ္တ၏အဖြစ်တို့မှ ကင်းသောကြောင့် ကင်းသည်ဟု သုံးသပ်၏ (၂၀)။

ကင်းသည်၏ အဖြစ်ကြောင့်ပင်လျှင် **အချည်းနှီး**ဟု သုံးသပ်၏၊ တနည်းကား သေးနုပ်သောကြောင့် **အချည်းနှီး**ဟု သုံးသပ်၏။ မှန်ပေ၏၊ အသေးအနုပ်ကိုလည်း လောက၌ အချည်းနှီးဟူ၍ဆိုအပ်၏ (၂၁)။ **သာမီ**-ခန္ဓာအိမ်၏ပိုင်ရှင်, **နိဝါသီ**-ခန္ဓာအိမ်ထဲ၌ အမြဲတည်နေသူ, **ကာရက**-ပြုလုပ်တတ်သောသူ, **ဝေဒက**-ခံစားတတ်သောသူ, **အဓိဋ္ဌာယက**-စီမံခန့်ခွဲတတ်သောသူ (ဟု ထင်မှတ်ရသောအတ္တ) မှ ကင်းသောကြောင့် **ဆိတ်သုဉ်းသည်** ဟု သုံးသပ်၏ (၂၂)။ မိမိကိုယ်တိုင်လည်း သာမီ-ခန္ဓာအိမ်၏ ပိုင်ရှင်အဖြစ် စသည် မရှိသောကြောင့် **အနတ္တ-အတ္တကောင်မဟုတ်**ဟု သုံးသပ်၏ (၂၃)။ မပြတ်ဖြစ်ခြင်း-ဆင်းရဲ ဖြစ်သောကြောင့်ငှင်း, (ထို) ဆင်းရဲသည် အပြစ်ဒေါသဖြစ်သောကြောင့်ငှင်း **အပြစ်**ဟု သုံးသပ်၏။ တနည်းကား-အလွန်အထီးကျန်လျက် ဆင်းရဲနွမ်းပါးစွာ သွားတတ် ဖြစ်တတ်၏၊ ထို့ကြောင့် **အာဒီနဝ** မည်၏၊ ဤအမည်သည် အထီးကျန်သော သူ၏ အမည်တည်း၊ ခန္ဓာတို့သည်လည်း အထီးကျန်လျက် ဆင်းရဲနွမ်းပါးကုန်သည်သာတည်း၊ ဤသို့ အထီးကျန်လျက် ဆင်းရဲနွမ်းပါးသောသူနှင့် တူသောကြောင့် **ဆင်းရဲနွမ်းပါးသည်** ဟု သုံးသပ်၏ (၂၄)။အိုခြင်းနှင့် သေခြင်းဟူသော နှစ်မျိုးနှစ်ထွေ အားဖြင့် ပြောင်းလဲဖောက်ပြန်ခြင်းသဘောရှိသောကြောင့် **ဖောက်ပြန်ခြင်းသဘောရှိသည်**ဟု **သုံးသပ်၏**(၂၅)။အားနည်းသည်၏ အဖြစ်ကြောင့်ငှင်း, အကာကွဲသို့လွယ်ကူစွာ ချိုးဖျက်နိုင်သည်၏အဖြစ်ကြောင့်ငှင်း **အနှစ်မရှိ**ဟု သုံးသပ်၏ (၂၆)။ မကောင်းမှု၏ အကြောင်းရင်းဖြစ်သောကြောင့် **မကောင်းမှု၏အမြစ် အရင်း**ဟု သုံးသပ်၏ (၂၇)။ [၂၄၇] မိတ်ဆွေယောင်ဆောင်သောရန်သူကဲ့သို့ အကျွမ်းဝင်သူကို (အယုံသွင်း၍) သတ်တတ်သောကြောင့် **သူသတ်သမား(နှင့်တူသည်)**ဟု သုံးသပ်၏ (၂၈)။ ကြီးပွါးစည်ပင်ခြင်း

http://www.dhammadownload.com



ကင်းသောကြောင့်၎င်း[၁], သဘောတူအကြောင်း ပျက်စီးပြီးမှ ဖြစ်သောကြောင့်၎င်း[၂] **ကြီးပွါးစည်ပင်ခြင်းကင်းသည်**ဟု သုံးသပ်၏(၂၉)။ အာသဝေါတရားတို့၏ နီးသော အကြောင်းဖြစ်သောကြောင့် **အာသဝေါနှင့်တကွဖြစ်သည်**ဟု သုံးသပ်၏ (၃၀)။

မူလ အကြောင်းနှင့် အထောက်အပံ့အကြောင်းတို့က ပေါင်းစု၍ ပြုအပ်သောကြောင့် **ပေါင်းစု၍ ပြုအပ်သည်**ဟု သုံးသပ်၏ (၃၁)။ သေခြင်းတရားဟူသော မစ္စုမာရ်, ကိလေသာဟူသော ကိလေသမာရ်တို့၏ သတ်စရာအစာဖြစ်သောကြောင့် **သူသတ်သမား-မာရ်တို့၏ သတ်စရာ အစာ** ဟု သုံးသပ်၏ (၃၂)။ ဖြစ်ခြင်း အိုခြင်း နာခြင်း သေခြင်း သဘောရှိသောကြောင့် **ဖြစ်ခြင်းသဘောရှိသည်**ဟု , **အိုခြင်းသဘောရှိသည်**ဟု, **နာခြင်းသဘောသည်**ဟု, **သေခြင်းသဘောရှိသည်**ဟု သုံးသပ်၏ (၃၃-၃၄-၃၅-၃၆)။ စိုးရိမ်ခြင်း ငိုကြွေးခြင်း ပြင်းစွာပူပန်ခြင်းတို့၏ အကြောင်းဖြစ်သောကြောင့်**စိုးရိမ်ဖွယ်သဘော**ဟု **ငိုကြွေးဖွယ်သဘော**ဟု **ပြင်းစွာပူပန်ဖွယ်သဘော**ဟု သုံးသပ်၏ (၃၇-၃၈-၃၉)။ တဏှာ (ဆာလောင်မှု), ဒိဋ္ဌိ-(မှားသောအယူ), ဒုစရိုက်-(မကောင်းသောအကျင့်)ဟူသောညစ်ညူးကြောင်း ကိလေသာတို့၏အာရုံသဘောဖြစ်သောကြောင့် **ကိလေသာတို့၏စွဲမှီရာ အာရုံသဘော**ဟု သုံးသပ်၏ (၄၀)။ ဤသို့လျှင် အသေးစိတ် အကျယ်အပြားအားဖြင့် ဟောတော်မူ(အပ်)သော[၃]အနိစ္စ စသည် သုံးသပ်ခြင်း၏ အစွမ်းအားဖြင့် သုံးသပ်၏။

ဤ ၄၀-သော သုံးသပ်ခြင်းတို့တွင် မမြဲဟု(သုံးသပ်၏), အလွန် ပျက်စီးသည်ဟု, တုန်လှုပ်သည်ဟု, ပျက်လွယ်သည်ဟု, မခိုင်ခံ့ဟု, ဖောက်ပြန်ခြင်း

---

၁-သစ်စေ့မှ အညှောက်အပင်ဖြစ်လျက် ကြီးပွါးလာသကဲ့သို့ ကလေးဘဝရုပ်နာမ်ကပင် လူကြီးဘဝရုပ်နာမ်ဖြစ်ပြီး ကြီးပွါး စည်ပင်လာသည်-ဟု လူအများကထင်ကြ၏။ ထိုကဲ့သို့ ကြီးပွါးစည်ပင်ခြင်းမရှိပဲ ဖြစ်ပေါ်လာသမျှ တရားတို့သည် ချက်ခြင်းပင် အကြွင်းမဲ့ ပျက်စီးပျောက်ကွယ်သွားကြသည်-ဟု ဆိုလို၏။

၂-နောက်စိတ်နှင့် သဘောတူသော ရှေးစိတ်ပျက်ပြီးမှ ထိုစိတ်၏ အနန္တရပစ္စယသတ္တိကြောင့် နောက်စိတ်အသစ်ဖြစ်ပေါ်လာသည်၊ ရှေးစိတ်ကပင် မပျက်ပဲ ကြီးပွါးလာသည်မဟုတ်-ဟု ဆိုလို၏။

၃-ဟောတော်မူ (အပ်) သော ...သုံးသပ်ခြင်း၏-ဟု စပ်ပါ။

http://www.dhammadownload.com



သဘောရှိသည်ဟု, အနှစ်မရှိဟု, ကြီးပွါးစည်ပင်ခြင်းကင်းသည်ဟု, ပေါင်း၍ပြုအပ်သည်ဟု, သေခြင်းသဘောရှိသည်ဟု (သုံးသပ်၏) ဟူ၍ တပါးတပါးသော ခန္ဓာ၌ ၁၀-ပါးစီပြု၍ ၅၀-သော အနိစ္စာနုပဿနာတို့ ဖြစ်ကုန်၏။

အပြင်ပသူစိမ်းဟု (သုံးသပ်၏), ကင်းသည်ဟု, အချည်းနှီးဟု, ဆိတ်သုဉ်းသည်ဟု, အတ္တမဟုတ်ဟု (သုံးသပ်၏) ဟူ၍ တပါးတပါးသော ခန္ဓာ၌ ၅-ပါးစီ ပြု၍ ၂၅-ပါးသော အနတ္တာနုဿနာတို့ ဖြစ်ကုန်၏၊

ကြွင်းကုန်သော "ဆင်းရဲဟု (သုံးသပ်၏) ရောဂါဟု (သုံးသပ်၏)" ဤသို့အစရှိသော သုံးသပ်မှုတို့ကို တပါးတပါးသော ခန္ဓာ၌ ၂၅-ပါးစီပြု၍ ၁၂၅-ပါးသော ဒုက္ခာနုပဿနာတို့ ဖြစ်ကုန်၏။

ဤဆိုခဲ့သောနည်းဖြင့် ၂၀၀-အပြားရှိသော[၁] ဤအနိစ္စစသည်ဖြင့်သုံးသပ်ခြင်းဖြင့်[၁] ၅-ပါးသော ခန္ဓာတို့ကို သုံးသပ်ဆင်ခြင်သော ထိုယောဂီ၏[၂] နယဝိပဿနာဟု ဆိုအပ်သော[၃] အနိစ္စ ဒုက္ခ အနတ္တအားဖြင့် သုံးသပ်သော ထိုသမ္မသနဉာဏ်သည် မြဲမြံခိုင်ခံ့သွားပေ၏။ ဤဆိုခဲ့ပြီးသည်ကား ဤအရာ၌ ပါဠိနည်းကို အစဉ်လျှောက်၍ သုံးသပ်အားထုတ်ပုံ အစီအရင်တည်း။

## ဣန္ဒြေထက်ကြောင်း ၉-ပါး

၆၉၉။ အကြင်ပုဂ္ဂိုလ်မှာမူကား ဤဆိုခဲ့သည့် အတိုင်း နယဝိပဿနာဖြင့် အားထုတ်ခြင်းကိုပြုသော်လည်း နယဝိပဿနာသည် မပြည့်စုံပဲ ရှိငြားအံ့၊ ထိုယောဂီသည်[၄] "၉-ပါးသော အကြောင်းတို့ဖြင့် ဣန္ဒြေတို့သည် ထက်မြက်တတ်ကုန်၏-ဖြစ်တိုင်း ဖြစ်တိုင်းသော (ရုပ်ဆဲရုပ်နာမ်) သင်္ခါရတို့၏ ကုန်ခြင်း (ပျက်ခြင်း) ကိုသာလျှင် ရှု၏ (၁)၊ ထိုသို့ရှုရာ၌လည်း ရိုသေစွာပြုခြင်းဖြင့်လည်း (ဝိပဿနာဉာဏ်ကို) ပြီးစေ၏ (၂)၊ မပြတ်ပြုခြင်းဖြင့်လည်း

---

၁-၂၀၀-အပြားရှိသော...သုံးသပ်ခြင်းဖြင့်....သုံးသပ်ဆင်ခြင်သော ထိုယောဂီ၏-ဟု စပ်ပါ။

၂-ထိုယောဂီ၏....ထိုသမ္မသနဉာဏ်သည်-ဟု စပ်ပါ။

၃-နယဝိပဿနာဟု-ဆိုအပ်သော....ထိုသမ္မသနဉာဏ်သည်-ဟူ၍လည်းစပ်ပါ။

၄-ယောဂီသည် .... ထက်မြက်အောင် ပြုပြီးလျှင် .... ကြည်ရွှင်၍မှီဝဲလျက် ... သုံးသပ်အပ်၏-ဟု စပ်ပါ။

http://www.dhammadownload.com



ပြီးစေ၏(၃)၊ လျော့ပတ်သည်ကို ပြုခြင်းဖြင့်လည်း ပြီးစေ၏(၄)၊သမာဓိ၏ အကြောင်းနိမိတ်ကို(မှတ်၍) ယူခြင်းဖြင့်လည်း ပြီးစေ၏ (၅)၊ ဗောဇ္ဈင်တို့ကို လျော်စွာဖြစ်စေခြင်းဖြင့်လည်း ပြီးစေ၏(၆)၊ ကိုယ်၌ရှင်း အသက်၌ ငှင်း မငဲ့မကွက်(အားထုတ်)ခြင်းကို ဖြစ်စေ၏(၇)၊ ထို(သို့ကိုယ်နှင့်အသက်၌ မငဲ့မကွက်ပဲ ဣန္ဒြေတို့ကို ထက်မြက်သည်၏အဖြစ်သို့ ရောက်စေရာ) ၌လည်း (ဖြစ်ပေါ်လာသော ဆင်းရဲကို)ပျင်းရိမှုမှ ထွက်မြောက်သော လုံ့လဖြင့် လွှမ်းမိုး၍ ပြီးစေ၏(၈)၊ (တရားမပြည့်စုံမီ) အကြားကာလ၌ အဆုံးမသတ် မရပ်မနားခြင်းဖြင့်လည်း ပြီးစေ၏(၉)"-ဟူ၍ ဤသို့ မိန့်ဆိုထားသော ၉-ပါးသော အကြောင်းတို့၏အစွမ်းအားဖြင့် ဣန္ဒြေတို့ကို ထက်မြက်အောင် ပြုပြီးလျှင် ပထဝီကသိုဏ်းကို အကျယ်ပြရာ (ပထဝီကသိဏ နိဒ္ဒေသ)၌ ဆိုခဲ့သောနည်းဖြင့် ၇-ပါးသော အသပ္ပါယ (မလျော့ပတ်သည်)တို့ကို [၁] ကြဉ်ရှောင်၍ ၇-ပါးသော သပ္ပါယ (လျော့ပတ်သည်)တို့ကို [၁] မှီဝဲလျက် ရံခါ ရုပ်ကို သုံးသပ်အပ်၏၊ ရံခါ နာမ်ကိုသုံးသပ်အပ်၏။ ရုပ်ကိုသုံးသပ်လျှင် ရုပ်၏ ဖြစ်ခြင်းကို ရှုအပ်၏။

## ရုပ်၏ ဖြစ်ခြင်းကို ရှုပုံအခြင်းအရာ

[၂၄၉] ၇၀၀။ ရုပ်၏ဖြစ်ပုံကား....ဤရုပ်မည်သည်ကား ကံစသည်တို့၏ အစွမ်းအားဖြင့် ၄-ပါးသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်၏။ ထိုတွင် အလုံးစုံသော သတ္တဝါတို့အား ရုပ်ဖြစ်ပေါ်လျှင် ရှေးဦးစွာကံကြောင့် ဖြစ်ပေါ်၏။ချဲ့၍ပြရလျှင်....ပဋိသန္ဓေခဏ၌ပင်လျှင်[၂] အမိဝမ်း၌ ကိန်းသော ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား [၂] ၃-ခုသော ရုပ်ကလာပ်အစဉ်၏ အစွမ်းအားဖြင့်

---

၁-သတိ သမာဓိ ပညာတို့ကို ပျက်ပြား ဆုတ်ယုတ် စေတတ်သော (၁) အာဝါသ–ကျောင်းနေရာ၊ (၂) ဂေါစရ–ဆွမ်းခံရာ ကျက်စားသွားလာရာ၊ (၃) ဘဿ-ပြောဆိုသောစကား၊ (၄) အတူနေပုဂ္ဂိုလ်၊ (၅) ဘောဇနအစာ၊ (၆) ဥတု၊ (၇) ဣရိယာပထ-သွား ရပ် ထိုင် လျောင်း ဟူသော ဣရိယာပုထ်တို့သည် အသပ္ပါယတို့မည်ကုန်၏၊ သတိ သမာဓိ ပညာတို့ကို တိုးတက်စေတတ်သော အာဝါသ စသော ငှင်း ၇-မျိုးတို့သည် သပ္ပါယတို့ မည်ကုန်၏။

၂-ပဋိသန္ဓေခဏ၌ပင်လျှင်.... ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား....၃၀-သောရုပ်တို့သည် ဖြစ်ပေါ်ကုန်၏-ဟု စပ်ပါ။

http://www.dhammadownload.com



ဝတ္ထုဒသက ကာယဒသက ဘာဝဒသကဟုခေါ်သော ၃၀-သော ရုပ်တို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုရုပ်တို့သည်လည်း ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ပင်လျှင် ဖြစ်ပေါ်ကုန်၏၊ ဥပါဒ်ခဏ၌ကဲ့သို့ ထို့အတူပင် ဌီခဏ၌လည်း ဖြစ်ပေါ်ကုန်၏၊ ဘင်ခဏ၌လည်း ဖြစ်ပေါ်ကုန်၏။

ထိုတွင် ရုပ်သည် နှေးသော ချုပ်ခြင်းရှိ၏[၁]၊ လေးသော အလှည့် အပြန် ရှိ၏[၂]၊ စိတ်သည် လျင်သော ချုပ်ခြင်းရှိ၏၊ ပေါ့သော အလှည့်အပြန်ရှိ၏။ ထို့ကြောင့်-

"ရဟန်းတို့၊ ဤစိတ်သည် ပေါ့သော အလှည့်အပြန် ရှိသကဲ့သို့ ဤအတူ ပေါ့သော အလှည့်အပြန်ရှိသော အခြားတပါးသော တရား တခုကိုမျှသော်လည်း ငါ မမြင်ပေ"ဟု ဟောတော်မူ၏။

မှန်ပေ၏၊ ရုပ်သည် တည်မြဲ တည်ရှိနေစဉ် ပင်လျှင် ဘဝင်စိတ်သည် ၁၆-ကြိမ်တိုင်တိုင် ဖြစ်ပေါ်ပြီး၍ ချုပ်၏။ စိတ်၏ ဥပါဒ်ခဏသည်၎င်း ဌီခဏသည်၎င်း ဘင်ခဏသည်၎င်း တထပ်တည်းတူ၏။ ရုပ်မှာမူကား ဥပါဒ် ခဏ ဘင်ခဏတို့သည်သာလျှင် ပေါ့ပါးလျှင်မြန်ကုန်၏(တိုကုန်၏)။ ထိုစိတ် ၏ ဥပါဒ်ခဏ ဘင်ခဏတို့နှင့် တူကုန်၏၊ (၎င်း၏)ဌီခဏသည်ကား ကြီး၏ (ရှည်၏)၊ အကြင်မျှလောက် ကာလပတ်လုံး ၁၆-ကြိမ်သော စိတ်တို့သည် ဖြစ်ပေါ်ပြီး၍ ချုပ်ကုန်၏၊ ထိုမျှလောက်ကာလပတ်လုံး (ရုပ်၏ ဌီခဏသည်) ဖြစ်လျက် တည်လျက်ရှိ၏။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ဖြစ်၍ ဌီသို့ရောက် သော ရှေးဦးဖြစ်နှင့်သော ဟဒယဝတ္ထုရုပ်ကိုမှီ၍ နှစ်ခုမြောက် (စိတ်)ဖြစ် သော[၃] (ပဌမ)ဘဝင်စိတ်သည်[၄] ဖြစ်ပေါ်၏။ ထိုဘဝင်စိတ်နှင့် အတူတကွ

---

၁-နာမ်ကဲ့သို့ ဖြစ်ပြီးလျှင် လျင်မြန်စွာမချုပ်၊ အတန်ကြာမှ ချုပ်သည်-ဟု ဆိုလို၏။

၂-ဖြစ်သည်မှ ပျက်သည်အထိ ရုပ်သက်တန်းတခုကို အပြန်တခု-ဟု ယူ၍ ထိုသို့ သောရုပ်၏ အပြန်မှာ နာမ်ကဲ့သို့ မလျင်မြန် မပေါ့ပါးသောကြောင့် လေးသည်ဟု ဆိုသည်၊ ခြေလှမ်းနှေးသည်ကို လေးသည်-ဟု ဆိုသကဲ့သို့ ပင်တည်း။

၃-၄-ပဋိသန္ဓေစိတ်မှ ထောက်၍ စိတ်အကြိမ်အားဖြင့် ၂-ကြိမ်မြောက်ဖြစ်သော ကြောင့် နှစ်ခုမြောက်ဖြစ်သော ဘဝင်စိတ်-ဟု ဆိုသည်၊ နှစ်ခုမြောက်စိတ်

http://www.dhammadownload.com



ဖြစ်ပေါ်၍ ဌီသို့ ရောက်သော ရှေးဦးဖြစ်နှင့်သော ဟဒယဝတ္ထုရုပ်ကိုမှီ၍ ၃-ခုမြောက် (စိတ်)ဖြစ်သော (ဒုတိယ) ဘဝင်စိတ်သည်[3] ဖြစ်ပေါ်၏။ ဤနည်းဖြင့် အသက်ထက်ဆုံး စိတ်၏အဆက်ဆက် မပြတ်ဖြစ်ခြင်းကို သိအပ်၏။ အထူးကား သေခါနီးသောသူအား ဌီသို့ရောက်သော ရှေးဦးဖြစ်နှင့်သော ဟဒယဝတ္ထုရုပ် တခုတည်းကိုသာလျှင်မှီ၍ ၁၆-ကြိမ်သော စိတ်တို့သည် ဖြစ်ပေါ်ကုန်၏[2]။

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ပေါ်သော ရုပ်သည် ပဋိသန္ဓေစိတ်မှ နောက်ကာလ၌ ၁၆-ခုမြောက်ဖြစ်သောစိတ်နှင့်တကွ (ပြိုင်တူ)ချုပ်၏၊ (ပဋိသန္ဓေစိတ်၏)ဌီခဏ၌ ဖြစ်ပေါ်သော ရုပ်သည် ၁၇-ခုမြောက် စိတ်၏ ဥပါဒ်ခဏနှင့်တကွ[3] ချုပ်၏၊ (ပဋိသန္ဓေစိတ်၏)ဘင်ခဏ၌ ဖြစ်ပေါ်သော ရုပ်သည် ၁၇-ခုမြောက် စိတ်၏ ဌီခဏသို့ရောက်၍ ချုပ်၏။ အကြင်မျှလောက် ကာလပတ်လုံး (ရုပ်နာမ်ခန္ဓာအစဉ် သံသရာ၏) အဆက်ဆက် မပြတ်ဖြစ်ခြင်း မည်သည် ရှိ၏၊ ထိုမျှလောက် ကာလပတ်လုံး ဤအတူပင်လျှင် အဆက်ဆက် မပြတ် ဖြစ်သွား၏။ ဥပပါတ်ပုဂ္ဂိုလ်တို့အားလည်း ၇-ခုသော ရုပ်ကလာပ်

---

ဖြစ်သောဘဝင်ဟု ဆိုလို၏။ ဘဝင်အကြိမ်အားဖြင့်မူကား ပဌမဘဝင်စိတ် ဖြစ်သည်။

၁-ဤ၌လည်း ပဋိသန္ဓေစိတ်မှ ထောက်၍ သုံးခုမြောက်-ဟု ဆိုသည်၊ ဘဝင် အကြိမ်အားဖြင့်မူ ဒုတိယအကြိမ်ပင်ဖြစ်သည်။

၂-သေခါနီးကာလ၌ စုတိစိတ်မှ ရှေး ၁၆-ခုမြောက် စိတ်မှစ၍ ဟဒယဝတ္ထုနှင့်တကွ အလုံးစုံသော ကမ္မဇရုပ်တို့သည် မဖြစ်ပေါ်လာကြကုန်ပြီ။ ထို့ကြောင့် ထို ၁၆-ခုမြောက်စိတ်မှစ၍ နောက်စိတ်တို့သည် ရှေးအခြားမဲ့ စိတ်နှင့်အတူဖြစ်သော ဟဒယဝတ္ထုရုပ်မရှိသောကြောင့် ၁၇-ခုမြောက်စိတ်နှင့်ပြိုင်၍ ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကိုသာ မှီ၍ဖြစ်ကြရကုန်၏၊ ထို့ကြောင့် "ဟဒယဝတ္ထုရုပ် တခုတည်းကိုသာလျှင် မှီ၍ ၁၆-ကြိမ်သောစိတ်တို့သည် ဖြစ်ပေါ်ကုန်၏" -ဟု ဆိုပေသည်။

၃-စိတ်၏ ဥပါဒ်ခဏ၌ ချုပ်သည်ကိုပင် စိတ်၏ဥပါဒ်ခဏသည် အလွန်လျှင်မြန် တိုတောင်းသောကြောင့် "ဥပါဒ်ခဏနှင့်တကွ ချုပ်၏"-ဟု ဆိုသည်။

http://www.dhammadownload.com



အစဉ်တို့၏ အစွမ်းအားဖြင့် ၇၀-သောရုပ်တို့သည်[1] ဤအတူပင်လျှင်အဆက် ဆက် မပြတ် ဖြစ်ကုန်၏။

၇၀၁။ ထို(သို့ ကံကြောင့် ရုပ်ဖြစ်ရာ)၌ (၁)ကံ၊ (၂)ကမ္မသမုဋ္ဌာန်-(ကံကြောင့်ဖြစ်သောတရား)၊ (၃) ကမ္မပစ္စယ-(ကံအထောက်အပံ့ရှိသော တရား)၊(၄) ကမ္မပစ္စယ စိတ္တသမုဋ္ဌာန်-ကံအထောက်အပံ့ရှိသည့်စိတ်ကြောင့် ဖြစ်သောတရား)[2]၊ (၅) ကမ္မပစ္စယ အာဟာရသမုဋ္ဌာန်-(ကံအထောက်အပံ့ ရှိသည့် အာဟာရကြောင့် ဖြစ်သောတရား)၊ (၆) ကမ္မပစ္စယဥတုသမုဋ္ဌာန်-(ကံအထောက်အပံ့ရှိသည့် ဥတုကြောင့်ဖြစ်သော တရား) ဟူသော ဤ ခွဲခြမ်းဝေဘန်ခြင်းကို သိအပ်၏။ ထိုတွင် **ကံ** မည်သည်ကား ကုသိုလ် အကု သိုလ်စေတနာတည်း။ **ကမ္မသမုဋ္ဌာန်** မည်သည်ကား ဝိပါက်ခန္ဓာ နာမ်တရား တို့နှင့် စက္ခုဒသကအစရှိသော ၇၀-တိတိရုပ်အပေါင်းတည်း။ **ကမ္မပစ္စယ** မည်သည်ကား ၎င်း(ကမ္မသမုဋ္ဌာန်နာမ်ရုပ်)ပင်တည်း။ မှန်ပေ၏၊ ကံသည် ကံကြောင့်ဖြစ်သော နာမ်ရုပ်၏ အထောက်အပံ့အကြောင်းလည်း ဖြစ်ပေ ၏။ **ကမ္မပစ္စယစိတ္တသမုဋ္ဌာန်** မည်သည်ကား ဝိပါက်စိတ်ကြောင့် ဖြစ်သော ရုပ်တည်း။ **ကမ္မပစ္စယအာဟာရသမုဋ္ဌာန်** မည်သည်ကား [၂၅၀] ကံကြောင့် ဖြစ်သော ရုပ်တို့တွင် ဌီသို့ရောက်သော ဩဇာရုပ်သည် တပါးသော ဩဇ ဋ္ဌမက (ဩဇလျှင် ရှစ်ခုမြောက်ရှိသော) ရုပ်အပေါင်းကို ဖြစ်ပေါ်စေ၏၊ ထို ဩဇဋ္ဌမက ရုပ်အပေါင်း၌လည်း ဩဇာရုပ်သည်ဌီသို့ရောက်လတ်သော် တပါး သော ဩဇဋ္ဌမကရုပ်အပေါင်းကို ဖြစ်စေပြန်၏၊ ဤသို့သော နည်းဖြင့် လေးဆက် ငါးဆက်သော ဖြစ်စဉ်တို့ကို ဆက်စပ်စေ၏ ။ **ကမ္မပစ္စယ ဥတု သမုဋ္ဌာန်** မည်သည်ကား ကမ္မဇတေဇောဓာတ်သည် ဌီသို့ရောက်လတ်သော် ဥတုကြောင့်ဖြစ်သော ဩဇဋ္ဌမက ရုပ်အပေါင်းကို ဖြစ်ပေါ်စေ၏၊ ထိုဩဇ ဋ္ဌမကရုပ်အပေါင်း၌လည်း ဥတုသည် တပါးသော ဩဇဋ္ဌမက ရုပ်အ ပေါင်းကို ဖြစ်စေပြန်၏၊ ဤသို့သောနည်းဖြင့် လေးဆက် ငါးဆက်သော

---

၁-စက္ခုဒသက သောတဒသက ဃာနဒသက ဇိဝှါဒသက ကာယဒသက ဘာဝ-ဒသက ဟဒယဝတ္ထုဒသကဟူသော ၁၀-ခုအပေါင်း ရုပ်ကလာပ်၇-ခုတို့အရ အားဖြင့် ရုပ်ပေါင်း ၇၀-ဖြစ်သည်။

၂-ကံအထောက်အပံ့ရှိသောစိတ်၊ထိုစိတ်ကြောင့်ဖြစ်သောတရား-ဟု အနက်ယူပါ၊ နောက်၌လည်း နည်းတူပင်။

http://www.dhammadownload.com



ဖြစ်စဉ်တို့ကို ဆက်စပ်စေ၍၊ ဤသို့လျှင် ကမ္မဇရုပ်၏ ဖြစ်ပေါ်ခြင်းကို ရှုအပ်၏။

၇၀၂။ စိတ္တဇ-စိတ်ကြောင့် ဖြစ်သော တရားတို့၌လည်း(၁)စိတ်၊ (၂) စိတ္တသမုဋ္ဌာန်-(စိတ်ကြောင့်ဖြစ်သောတရား)၊ (၃) စိတ္တပစ္စယ- (စိတ်အထောက်အပံ့ရှိသောတရား)၊ (၄) စိတ္တပစ္စယအာဟာရသမုဋ္ဌာန်- (စိတ်အထောက်အပံ့ရှိသည့် အာဟာရကြောင့်ဖြစ်သောတရား)၊(၅) စိတ္တပစ္စယဥတုသမုဋ္ဌာန်-(စိတ်အထောက်အပံ့ရှိသည့် ဥတုကြောင့် ဖြစ်သောတရား)-ဟူသော ဤခွဲခြမ်းဝေဘန်ခြင်းကို သိအပ်၏။ ထိုတွင် **စိတ်**မည်သည်ကား ၈၉-ပါးသော စိတ်တို့တည်း[၁]။

---

၁-ဝိညာဏက္ခန္ဓာအရာ၌ ပြခဲ့ပြီးဖြစ်သော်လည်း ဤအရာ၌ပင် အလွယ်တကူ ကြည့်ရှုနားလည်နိုင်စေရန်အတွက် စိတ် ၈၉-ပါးကို အကျဉ်းချုပ် ရေတွက်ပြဦးအံ့။

အကုသိုလ်စိတ် ၁၂၊ အဟိတ်စိတ် ၁၈၊ ကာမာဝစရသောဘနစိတ် ၂၄၊ ရူပါဝစရစိတ် ၁၅၊ အရူပါဝစရစိတ် ၁၂၊ လောကုတ္တရာစိတ် ၈၊ ပေါင်း စိတ် ၈၉-ပါးဖြစ်၏။

ထိုတွင် **အကုသိုလ်စိတ် ၁၂-ပါး**ဟူသည်မှာ သောမနဿသဟဂုတ် (ရွှင်လန်းဝမ်းသာမှုနှင့် တကွဖြစ်သော) ဒိဋ္ဌိဂတသမ္ပယုတ် (အယူမှားနှင့် ယှဉ်သော)အသင်္ခါရိကစိတ် (တိုက်တွန်းအားပေးရခြင်းမရှိပဲ ထက်သန်စွာဖြစ်သောစိတ်)တခု၊ သသင်္ခါရိကစိတ် (တိုက်တွန်းအားပေးရသောစိတ်) တခု၊ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် (အယူမှားနှင့် မယှဉ်သော) အသင်္ခါရိကစိတ် တခု၊ သသင်္ခါရိကစိတ် တခု၊ ပေါင်း သောမနဿသဟဂုတ် စိတ် ၄-ခု၊ ထို့အတူပင် ဥပေက္ခာသဟဂုတ်(လျစ်လျူရှုမှုနှင့်တကွဖြစ်သော) စိတ် ၄-ခု-ဟူသော **လောဘမူစိတ် ၈-ခု**၊

ဒေါမနဿသဟဂုတ် (နှလုံးမသာမှုနှင့်တကွ ဖြစ်သော) အသင်္ခါရိကစိတ်တခု၊ သသင်္ခါရိကစိတ် တခု-ဟူသော **ဒေါသမူစိတ် ၂-ခု**၊

ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် (ယုံမှားနှင့် ယှဉ်သော)စိတ် တခု၊ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်(ပျံ့လွင့်မှုနှင့် ယှဉ်သော)စိတ် တခု ဟူသော **မောဟမူစိတ် ၂-ခု**တို့ပင် ဖြစ်သည်။

http://www.dhammadownload.com



**အဟိတ်စိတ် ၁၈-ပါး**ဟူသည်မှာ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်၊ ထို့အတူ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ဒုက္ခသဟဂုတ် (ကိုယ်ဆင်းရဲနှင့် တကွ ဖြစ်သော) ကာယဝိညာဏ်၊ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ်၊ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်-ဟူသော **အကုသလဝိပါက် ၇-ခု၊**

ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်၊ ထို့အတူ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ သုခသဟဂုတ်(ကိုယ်ချမ်းသာနှင့်တကွ ဖြစ်သော) ကာယဝိညာဏ်၊ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ်၊ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်၊ သောမနဿသဟဂုတ်သန္တီရဏစိတ်-ဟူသော **ကုသလဝိပါက်စိတ် ၈-ခု၊**

ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်၊ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်-ဟူသော **ကိရိယာစိတ် ၃-ခု** တို့ပင် ဖြစ်သည်။

**ကာမာဝစရသောဘနစိတ် ၂၄-ပါး**ဟူသည်မှာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်(ဉာဏ်နှင့်ယှဉ်သော)အသင်္ခါရိကစိတ် တခု၊ သသင်္ခါရိကစိတ် တခု၊ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်(ဉာဏ်နှင့် မယှဉ်သော)အသင်္ခါရိကစိတ် တခု၊ သသင်္ခါရိကစိတ် တခု၊ ပေါင်း သောမနဿသဟဂုတ် စိတ် ၄-ခု၊ ထို့အတူ ဥပေက္ခာသဟဂုတ်စိတ် ၄-ခု-ဟူသော **မဟာကုသိုလ်စိတ် ၈-ခု၊** ထို့အတူ **မဟာဝိပါက်စိတ် ၈-ခု၊ မဟာကိရိယာစိတ် ၈-ခု**တို့ပင် ဖြစ်သည်။

**ရူပါဝစရစိတ် ၁၅-ပါး**ဟူသည်မှာ ပဌမဈာန်စိတ်၊ ဒုတိယဈာန် စိတ်၊ တတိယဈာန်စိတ်၊ စတုတ္ထဈာန်စိတ်၊ ပဉ္စမဈာန်စိတ် ဟူသော **ရူပါဝစရကုသိုလ်စိတ် ၅-ခု၊** ထို့အတူ **ဝိပါက်စိတ် ၅-ခု၊ ကိရိယာစိတ် ၅-ခု** တို့ပင် ဖြစ်သည်။

**အရူပါဝစရစိတ် ၁၂-ပါး**ဟူသည်မှာ အာကာသာနဉ္စာယတနစိတ်၊ ဝိညာဏဉ္စာယတနစိတ်၊ အာကိဉ္စညာယတနစိတ်၊ နေဝသညာနာသညာယတနစိတ် ဟူသော **ကုသိုလ်စိတ် ၄-ခု၊** ထို့အတူ **ဝိပါက်စိတ် ၄-ခု၊ ကိရိယာစိတ် ၄-ခု** တို့ပင် ဖြစ်သည။

**လောကုတ္တရာစိတ် ၈-ပါး**ဟူသည်မှာ သောတာပတ္တိမဂ်စိတ်၊ သကဒါဂါမိမဂ်စိတ်၊ အနာဂါမိမဂ်စိတ်၊ အရဟတ္တမဂ်စိတ် ဟူသော **ကုသိုလ်စိတ် ၄-ခု၊** သောတာပတ္တိဖိုလ်စိတ်၊ သကဒါဂါမိဖိုလ်စိတ်၊ အနာဂါမိဖိုလ်စိတ်၊ အရဟတ္တဖိုလ်စိတ် ဟူသော **ဝိပါက်စိတ် ၄-ခု**တို့ပင် ဖြစ်သည်။

http://www.dhammadownload.com



ထိုစိတ်တို့တွင် ၃၂-ပါးသော စိတ်တို့သည် ရုပ်,ဣရိယာပုထ်, ဝိညတ်ကို ဖြစ်စေကုန်၏။ ၂၆-ပါးသော စိတ်တို့သည် ရုပ်, ဣရိယာပုထ်ကိုသာ ဖြစ်စေတတ်ကုန်၏၊ ၁၉-ပါးသော စိတ်တို့သည် ရုပ်ကိုသာ ဖြစ်စေကုန်၏၊ ၁၆-ပါးသော စိတ်တို့သည် ရုပ်, ဣရိယာပုထ်, ဝိညတ်ကို မဖြစ်စေတတ်ကုန်ဟူ၍ သိအပ်၏[၁]။

ခွဲ၍ပြရလျှင်....ကာမာဝစရစိတ် ၅၄-ခုထဲမှ ကုသိုလ်စိတ် ၈-ခု, အကုသိုလ်စိတ် ၁၂-ခု, မနောဓာတ်မှ တပါးသော[၂] ကိရိယာစိတ် ၁၀-ခု, ကုသိုလ်ကိရိယာ အဘိညာဉ်စိတ် ၂-ခုဟူသော ၃၂-ပါးသော စိတ်တို့သည် ရုပ်ကိုရင်း ဣရိယာပုထ်ကိုရင်း ဝိညတ်ကိုရင်း ဖြစ်စေတတ်ကုန်၏။

ဝိပါက်(နှင့် အဘိညာဉ်) ကြဉ်သော ကြွင်းသော[၃] ရူပါဝစရ (ကုသိုလ်ကိရိယာ)စိတ် ၁၀-ခု, အရူပါဝစရ(ကုသိုလ်ကိရိယာ)စိတ် ၈-ခု, လောကုတ္တရာစိတ် ၈-ခု ဟူသော ၂၆-ပါးသော (အပ္ပနာဇော)စိတ်တို့သည် ရုပ်ကိုရင်း ဣရိယာပုထ်ကိုရင်း ဖြစ်စေတတ်ကုန်၏၊ ဝိညတ်ကိုကား မဖြစ်စေတတ်ကုန်။

---

၁-စာဖတ်သူတို့ ရှင်းရှင်းလင်းလင်း သိလွယ်စေရန်အတွက် ဂါထာမှ အဓိပ္ပါယ်မျှကိုသာယူ၍ သိလွယ်သော နည်းဖြင့် ပြန်ဆိုထားသည်။ သဒ္ဒါနည်းအရ တိတိကျကျ ပြန်လျှင်ကား အောက်ပါအတိုင်း ဖြစ်၏။

ထိုစိတ်တို့တွင် ၃၂-ပါးသောစိတ်တို့ကိုရင်း၊ ၂၆-ပါးသောစိတ်တို့ကိုရင်း၊ ၁၉-ပါးသော စိတ်တို့ကိုရင်း၊ ၁၆-ပါးသောစိတ်တို့ကိုရင်း ရုပ် ဣရိယာပုထ် ဝိညတ်ကို ဖြစ်စေတတ်သောစိတ် မဖြစ်စေသောစိတ်တို့ဟု သိအပ်ကုန်၏။

၂-ပဉ္စဒွါရာဝဇ္ဇန်းစိတ်မှ တပါးသော-ဟုဆိုလိုသည်။

၃-''ဝိပါက်ကြဉ်သော''ဟူသည်မှာ ဝိပါက်စိတ်ကို ဖယ်ထား၍ ထိုမှတပါးသော ဟု ဆိုလိုသည်။ အဘိညာဉ် စိတ်မှာ ရူပကုသိုလ် ကိရိယာပဉ္စမဈာန်စိတ်၌ အတွင်းဝင်သောကြောင့်ရင်း, ရှေး ၃၂-ပါးသောစိတ် အစု၌ ပါဝင်ခဲ့ပြီး ဖြစ်သောကြောင့်ရင်း ထိုအဘိညာဉ်ကိုလည်း ကြဉ်ရာ၌ ထည့်သွင်းသင့်သည် ဟူ၍ရင်း၊ တနည်းအားဖြင့် ''ကြွင်းသော''ဟု ဆိုထားရာ၌ ဆိုပြီးမှ ကြွင်းသော ဟု အဓိပ္ပါယ်ရသောကြောင့် ထည့်သွင်းရန် မလို-ဟူ၍ရင်း၊ ဋီကာ၌ ၂-နည်းပြဆို၏။

http://www.dhammadownload.com



ကာမာဝစရ ဘဝင်စိတ် ၁၀-ခု, ရူပါဝစရဘဝင်စိတ် ၅-ခု, မနောဓာတ် ၃-ခု[1] အဟိတ်ဝိပါက် သောမနဿသဟဂုတ် မနောဝိညာဏဓာတ် ၁-ခု,[2] ဟူသော ၁၉-ပါးသော စိတ်တို့သည် ရုပ်ကိုသာလျှင် ဖြစ်စေတတ်ကုန်၏၊ဣရိယာပုထ်ကိုငြင်း ဝိညတ်ကိုငြင်း မဖြစ်စေတတ်ကုန်။

ဒွေးပဥ္စဝိညာဏ် ၁၀-ခု, ခပ်သိမ်းသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်, ရဟန္တာတို့၏ စုတိစိတ်, အရူပဝိပါက်စိတ် ၄-ခု ဟူသော ၁၆-ပါးသော စိတ်တို့သည် ရုပ်ကိုငြင်း, ဣရိယာပုထ်ကိုငြင်း, ဝိညတ်ကိုငြင်း မဖြစ်စေတတ်ကုန်။

ဤစိတ်တို့တွင် ရုပ်ကိုဖြစ်စေတတ်သော စိတ်တို့သည် ဌီခဏ၌ငြင်း ဘင်ခဏ၌ငြင်း မဖြစ်စေတတ်ကုန်၊ အကြောင်းမူကား....ထိုဌီခဏ ဘင်ခဏတို့၌ စိတ်သည် အားနည်းသောကြောင့်ပေတည်း။ ဥပါဒ်ခဏ၌မူကား စိတ်သည် အားကြီး၏၊ ထို့ကြောင့် စိတ်သည် ထိုဥပါဒ်ခဏ၌သာလျှင် ရှေးဦးဖြစ်နှင့်သော ဟဒယဝတ္ထုရုပ်ကို မှီ၍ ရုပ်ကို ဖြစ်ပေါ်စေတတ်၏။

**စိတ္တသမုဋ္ဌာန်** မည်သည်ကား ၃-ပါးသော နာမ်ခန္ဓာတို့နှင့်[3] ''သဒ္ဒနဝက-အသံလျှင် ၉-ခုမြောက်ရှိသော ရုပ်အပေါင်း, ကာယဝိညတ်, ဝစီဝိညတ်, အာကာသဓာတ်, လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ'' ဟူသော ၁၇-ပါး အပြားရှိသော ရုပ်ပေတည်း။ **စိတ္တပစ္စယ**မည်သည်ကား ''နောက်မှ ဖြစ်ကုန်သော စိတ်စေတသိက်တရားတို့သည် ရှေးဦးဖြစ်နှင့်သော ဤရုပ်ကိုယ်အား (ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြု၏)''ဟု ဤသို့ဟော ထားသော အကြောင်း ၄-ပါးကြောင့် ဖြစ်သော ရုပ်ပေတည်း။ **စိတ္တပစ္စယ အာဟာရသမုဋ္ဌာန်** မည်သည်ကား စိတ္တဇရုပ်တို့တွင် [၂၅၁] ဌီသို့ရောက်သော သြဇာသည် တပါးသော သြဇဋ္ဌမက ရုပ်အပေါင်းကို ဖြစ်ပေါ်စေ၏၊

---

၁-ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းစိတ် ၂-ခုတို့ကို မနောဓာတ်-ဟု ခေါ်သည်။

၂-ဒွေးပဥ္စဝိညာဏ် ၁၀-နှင့် မနောဓာတ် ၃-ခုမှ တပါးသော စိတ် ၇၆-ပါးကို မနောဝိညာဏဓာတ် ခေါ်သည်။ ထိုတွင် သောမနဿသဟဂုတ် သန္တီရဏ စိတ်သည် အဟိတ်ဝိပါက်လည်း ဖြစ်သောကြောင့် ၎င်းကို ''အဟိတ်ဝိပါက် သောမနဿသဟဂုတ် မနောဝိညာဏဓာတ်''ဟု ဆိုသည်။

၃-စိတ်နှင့်ယှဉ်သော ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဤ ၃-ပါးကို ဆိုသည်။

http://www.dhammadownload.com



ဤသို့သောနည်းဖြင့် နှစ်ဆက် သုံးဆက်သော ဖြစ်စဉ်တို့ကို ဆက်စပ်စေ၏။ **စိတ္တပစ္စယဥတုသမုဋ္ဌာန်** မည်သည်ကား စိတ်ကြောင့် ဖြစ်သော ဥတုသည် ဌီသို့ ရောက်လတ်သော် တပါးသော ဩဇဋ္ဌမကရုပ် အပေါင်းကို ဖြစ်ပေါ်စေ၏၊ ဤသို့သောနည်းဖြင့် နှစ်ဆက်သုံးဆက်သော ဖြစ်စဉ်တို့ကို ဆက်စပ်စေ၏။ ဤသို့လျှင် စိတ္တဇရုပ်၏ ဖြစ်ခြင်းကို ရှုအပ်၏။

၇၀၃။ အာဟာရဇ - အာဟာရကြောင့် ဖြစ်သော တရားတို့၌လည်း (၁) အာဟာရ၊ (၂)အာဟာရသမုဋ္ဌာန်-(အာဟာရကြောင့်ဖြစ်သောရုပ်)၊ (၃)အာဟာရပစ္စယ- (အာဟာရ အထောက်အပံ့ရှိသောရုပ်၊) (၄) အာဟာရပစ္စယ အာဟာရသမုဋ္ဌာန်-(အာဟာရ အထောက်အပံ့ရှိသည့် အာဟာရကြောင့် ဖြစ်သောရုပ်)၊ (၅)အာဟာရပစ္စယဥတုသမုဋ္ဌာန်-(အာဟာရ အထောက်အပံ့ရှိသည့်ဥတုကြောင့်ဖြစ်သောရုပ်)ဟူသော ဤခွဲခြမ်း ဝေဘန်ခြင်းကို သိအပ်၏။ ထိုတွင် **အာဟာရ** မည်သည်ကား အလုပ်အလွေးပြုအပ်သော (အဆီအနှစ် ဩဇာအစာ) အာဟာရတည်း။ **အာဟာရသမုဋ္ဌာန်** မည်သည်ကား ဥပါဒိန္န(လောကီကံ၏အကျိုး)ဖြစ်သော[၁] ကမ္မဇ(ဘူတ)ရုပ်ဟူသော အထောက်အပံ့ကို ရ၍ ထို(ကမ္မဇဘူတရုပ်)၌ တည်၍ ဌီသို့ရောက်သော ဩဇာက ဖြစ်ပေါ်စေအပ်သော ဩဇဋ္ဌမက ရုပ်အပေါင်း, အာကာသဓာတ်, လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိဟူသော ၁၄-ပါး အပြားရှိသော အာဟာရဇရုပ်တည်း။ **အာဟာရပစ္စယ** မည်သည်ကား "အလုပ်အလွေးပြုအပ်သော အာဟာရသည် ဤရုပ်ကိုယ်အား အာဟာရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏"ဟု ဤသို့ ဟောထားသော အကြောင်း ၄-ပါးကြောင့်ဖြစ်သော (စတုသမုဋ္ဌာန်)ရုပ်တည်း။ **အာဟာရပစ္စယ အာဟာရသမုဋ္ဌာန်** မည်သည်ကား အာဟာရဇရုပ် တို့တွင် ဌီသို့ရောက်သော ဩဇာသည် တပါးသော ဩဇဋ္ဌမက ရုပ်အပေါင်းကို ဖြစ်ပေါ်စေ၏၊ ထိုဩဇဋ္ဌမက ရုပ်အပေါင်း၌လည်း ဩဇာသည် တပါးသော ဩဇဋ္ဌ-

---

၁-ဥပ-တဏှာဒိဋ္ဌိတို့ ကပ်ရောက်နိုင်သော လောကီကံက+အာဒိန္န—အကျိုးအဖြစ်ဖြင့် ယူအပ်သော တရား= ဥပါဒိန္န-လောကီကံ၏ အကျိုးတရား။ ကမ္မပစ္စယစိတ္တသမုဋ္ဌာန်စသော ရုပ်သည်လည်း ကံလျှင် အကြောင်းရင်းရှိသောကြောင့် ကမ္မဇဟူသော အမည်ရှိသည်လည်း ဖြစ်နိုင်၏၊ ထို့ကြောင့် ဤဥပါဒိန္န-ပုဒ်ဖြင့် ထပ်၍ အထူးပြုသည်ဟု ဋီကာ၌ ဆို၏။

http://www.dhammadownload.com



မက ရုပ်အပေါင်းကို ဖြစ်ပေါ်စေပြန်၏၊ ဤသို့သော နည်းဖြင့် ၁၀-ကြိမ် ၁၂-ကြိမ် တိုင်တိုင် ဖြစ်စဉ်ကို ဆက်စပ်စေ၏။ တနေ့၌(တကြိမ်) သုံးဆောင် စားသောက်ထားသော အာဟာရသည် ၇-ရက်ပတ်လုံးသော်လည်း ထောက် ပံ့တတ်၏၊ နတ်ဩဇာသည်ကား တလ နှစ်လ ပတ်လုံးသော်လည်း ထောက်ပံ့ တတ်၏။ မိခင် သုံးဆောင် စားသောက်သော အာဟာရသည်လည်း သူငယ် ၏ ကိုယ်၌ ပျံ့နှံ့စေလျက် ရုပ်ကို ဖြစ်ပေါ်စေ၏၊ ကိုယ်၌ လူးလိမ်းအပ်သော အာဟာရသည်လည်း အာဟာရဇရုပ်ကို ဖြစ်ပေါ်စေတတ်၏၊ ကံကြောင့် ဖြစ်သော ကမ္မဇအာဟာရသည် **ဥပါဒိန္နက**-(ကံ၏အကျိုး) ဖြစ်သော အာဟာရ မည်၏၊ ထိုကမ္မဇ အာဟာရသည်လည်း ဌီသို့ ရောက်လတ်သော် **အာဟာရဇ**ရုပ်ကိုဖြစ်ပေါ်စေတတ်၏။ (ကမ္မဇ အာဟာရကြောင့်ဖြစ်သော) ထိုအာဟာရဇ ရုပ်တို့၌လည်း ဩဇာသည် တပါးသော အာဟာရဇရုပ်ကို ဖြစ်ပေါ်စေတတ်၏- ဤသို့သောနည်းဖြင့် လေးဆက် ငါးဆက်သော ဖြစ်စဉ် တို့ကို ဆက်စပ်စေ၏။ **အာဟာရပစ္စယဥတုသမုဋ္ဌာန်** မည်သည်ကား အာဟာရကြောင့် ဖြစ်သော တေဇောဓာတ်သည် ဌီသို့ ရောက်လတ်သော် ဥတုသမုဋ္ဌာန် ဥတုဇဟုခေါ်သော ဩဇဋ္ဌမကရုပ်အပေါင်းကို ဖြစ်ပေါ်စေ၏။ ထိုအာဟာရသမုဋ္ဌာန် အာဟာရပစ္စယ စသည်တို့၌ ဤအာဟာရ ရုပ်သည် အာဟာရဇ ရုပ်တို့အား ဖြစ်စေတတ်သော အကြောင်းဖြစ်၍ ကျေးဇူးပြု တတ်၏၊ ကြွင်းသော (ကမ္မဇ စိတ္တဇ ဥတုဇ)ရုပ်တို့အား နိဿယသတ္တိ အာဟာရသတ္တိ အတ္ထိသတ္တိ အဝိဂတသတ္တိတို့၏အစွမ်းအားဖြင့်ကျေးဇူးပြု၏။ ဤသို့လျှင် အာဟာရဇရုပ်၏ ဖြစ်ခြင်းကို ရှုအပ်၏။

၇၀၄။ ဥတုဇ- ဥတုကြောင့် ဖြစ်သော တရားတို့၌လည်း (၁) ဥတု၊ (၂) ဥတုသမုဋ္ဌာန်- (ဥတုကြောင့် ဖြစ်သော ရုပ်)၊ (၃) ဥတုပစ္စယ- (ဥတု အထောက်အပံ့ရှိသော ရုပ်)၊ (၄) ဥတုပစ္စယ ဥတုသမုဋ္ဌာန်-(ဥတုအထောက် အပံ့ရှိသည့် ဥတုကြောင့်ဖြစ်သော ရုပ်)၊ (၅) ဥတုပစ္စယ အာဟာရသမုဋ္ဌာန် (ဥတုအထောက်အပံ့ရှိသည့် အာဟာရကြောင့် ဖြစ်သော ရုပ်) ဟူသော ဤခွဲခြမ်း ဝေဘန်ခြင်းကို သိအပ်၏။ ထိုတွင် **ဥတု** မည်သည်ကား အကြောင်း လေးပါးကြောင့်ဖြစ်သော တေဇောဓာတ်တည်း၊ ဤဥတုသည် ပူသော ဥတု အေးသော ဥတု ဟူ၍ ဤသို့အားဖြင့် နှစ်ပါးအပြားရှိ၏။ **ဥတုသမုဋ္ဌာန်** မည်သည်ကား အကြောင်း ၄-ပါးကြောင့်ဖြစ်သော ဥတုသည် ဥပါဒိန္နက ရုပ်

http://www.dhammadownload.com



ဟူသောအထောက်အပံ့ကို ရ၍ ဥဒ္ဒိသို့ရောက်လတ်သော် ကိုယ်၌ ဥတုဇရုပ်ကို ဖြစ်ပေါ်စေ၏၊ ထိုဥတုဇရုပ်သည် "အသံလျှင် ၉-ခုမြောက် ရှိသော (သဒ္ဒ-နဝက) ရုပ်အပေါင်း၊ [၂၅၂] အာကာသဓာတ်၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ" ဟူ၍ ၁၅-ပါး အပြားရှိ၏။ **ဥတုပစ္စယ** မည်သည်ကား ဥတုသည် အကြောင်းလေးပါးကြောင့် ဖြစ်သော ရုပ်တို့ အဆက်ဆက် မပြတ် ဖြစ်ခြင်း၏၎င်း ပျက်စီးခြင်း၏၎င်း အထောက်အပံ့ အကြောင်းဖြစ်၏၊ **ဥတုပစ္စယဥတုသမုဋ္ဌာန်** မည်သည်ကား ဥတုကြောင့် ဖြစ်သောတေဇောဓာတ်သည် ဥဒ္ဒိသို့ရောက်လတ်သော် တပါးသောဩဇဋ္ဌမက ရုပ်အပေါင်းကို ဖြစ်ပေါ်စေ၏၊ ထိုဩဇဋ္ဌမက ရုပ်အပေါင်း၌လည်း ဥတုသည် တပါးသော ဩဇဋ္ဌမက ရုပ်အပေါင်းကို ဖြစ်ပေါ်စေပြန်၏-ဤသို့သော နည်းဖြင့် အစွန်ရှည်စွာ ကာလပတ်လုံးသော်လည်း အနုပါဒိန္န မည်သော အသက်မဲ့ ဗဟိဒ္ဓသန္တာန် အဖို့၌ တည်၍သော်လည်း ဥတုဇရုပ်သည် အဆက်ဆက် မပြတ် ဖြစ်သွားသည် သာတည်း။ **ဥတုပစ္စယ အာဟာရ သမုဋ္ဌာန်** မည်သည်ကား ဥတုကြောင့်ဖြစ်သော ဩဇာသည် ဥဒ္ဒိသို့ရောက်လတ်သော် တပါးသော ဩဇဋ္ဌမက ရုပ်အပေါင်းကို ဖြစ်ပေါ်စေ၏၊ ထို ဩဇဋ္ဌမက ရုပ်အပေါင်း၌လည်း ဩဇာသည် တပါးသော ဩဇဋ္ဌမကရုပ် အပေါင်းကို ဖြစ်ပေါ်စေပြန်၏- ဤသို့သော နည်းဖြင့် ၁၀-ကြိမ် ၁၂-ကြိမ်တိုင်တိုင် ဖြစ်စဉ်ကို ဆက်စပ်စေ၏။ ထိုဥတုသမုဋ္ဌာန် ဥတုပစ္စယ စသည်တို့၌ ဤဥတုသည် ဥတုဇရုပ်တို့အား ဖြစ်စေတတ်သော အကြောင်း ဖြစ်၍ ကျေးဇူးပြု၏၊ ကြွင်းသော (ကမ္မဇ စိတ္တဇ အာဟာရဇ) ရုပ်တို့အား နိဿယသတ္တိ အတ္ထိသတ္တိ အဝိဂတသတ္တိတို့၏ အစွမ်းအားဖြင့် ကျေးဇူးပြု၏။ ဤသို့လျှင် ဥတုဇရုပ်၏ ဖြစ်ခြင်းကို ရှုအပ်၏။ ဤ ဆိုခဲ့သော နည်းဖြင့် ရုပ်၏ ဖြစ်ခြင်းကို ရှုသည်ရှိသော် ရံခါ ရုပ်ကို ရှုသည်မည်၏။

## နာမ်၏ဖြစ်ခြင်းကိုရှုပုံအခြင်းအရာ

၇၀၅။ ရုပ်ကို သုံးသပ်လျှင် ရုပ်၏ဖြစ်ခြင်းကို ရှုအပ်သကဲ့သို့ ဤအတူပင် နာမ်ကိုသုံးသပ်လျှင်လည်း နာမ်၏ ဖြစ်ခြင်းကို ရှုအပ်၏၊ ထိုနာမ်၏ ဖြစ်ခြင်းကိုလည်း ၈၁-ပါးသော လောကီ စိတ္တုပ္ပါဒ်တို့၏ အစွမ်းအားဖြင့် သာလျှင် ရှုအပ်၏။

http://www.dhammadownload.com



နာမ်၏ ဖြစ်ပုံကား .... ဤ နာမ်မည်သည်ကား ရှေးဘဝ၌ အားထုတ်ခဲ့သော ကံ၏အစွမ်းအားဖြင့် ပဋိသန္ဓေကာလ၌ စိတ္တုပ္ပါဒ် ၁၉-ပါး ဟူသော[1] နာမ်သည် ဖြစ်ပေါ်၏၊ ထိုနာမ်၏ ဖြစ်ပေါ်ပုံ အခြင်းအရာကိုကား ပဋိစ္စသမုပ္ပါဒ်ကို အကျယ်ပြရာ (ပဋိစ္စသမုပ္ပါဒနိဒ္ဒေသ)၌ ဆိုခဲ့ပြီးသော နည်းဖြင့် သိအပ်၏။ ထို စိတ္တုပ္ပါဒ် ၁၉-ပါးဟူသော နာမ်သည် ပင်လျှင် ပဋိသန္ဓေစိတ်၏ အခြားမဲ့စိတ်မှစ၍ ဘဝင်၏အစွမ်းအားဖြင့်ဖြစ်၏[2]၊အသက်၏ အဆုံး၌လည်း စုတိ၏အစွမ်းအားဖြင့် ဖြစ်၏[3]။ ထိုစိတ္တုပ္ပါဒ် ၁၉-ပါးဟူသော နာမ်တို့တွင် ကာမာဝစရဖြစ်သော စိတ္တုပ္ပါဒ် နာမ်သည် ၆-ပါးသော ဒွါရတို့ဝယ် အားကြီးသော အာရုံ၌ တဒါရုံ၏ အစွမ်းအားဖြင့် ဖြစ်၏[4]။

ပဝတ္တိကာလ၌ကား[5] စက္ခုပသာဒ၏ မပျက်စီးခြင်းကြောင့်၎င်း, ရူပါရုံတို့၏ ထင်ပေါ်ခြင်းကြောင့်၎င်း, အရောင်အလင်းကို မှီလျက်, နှလုံးသွင်းမှု-မနသိကာရလျှင် အကြောင်းရှိသော[6] စက္ခုဝိညာဏ် စိတ်သည် ယှဉ်ဘက်

---

၁-ဥပေက္ခာသဟဂုတ် သန္တီရဏ ၂-ခုဟူသော အဟိတ်ပဋိသန္ဓေ ၂-ခု၊ မဟာ-ဝိပါက်ဉာဏဝိပ္ပယုတ် ၄-ခုဟူသော ဒွိဟိတ်ပဋိသန္ဓေ ၄-ခု၊ မဟာဝိပါက်-ဉာဏသမ္ပယုတ် ၄-ခုဟူသော ကာမတိဟိတ် ပဋိသန္ဓေ ၄-ခု၊ ရူပဝိပါက် ၅-ခု၊ အရူပဝိပါက် ၄-ခု၊ ဤ ၁၉-ပါးသော ပဋိသန္ဓေစိတ္တုပ္ပါဒ်တို့ကို ဆိုသည်။ ဘဝင်နှင့် စုတိစိတ်တို့မှာလည်း ဤ ၁၉-ပါးပင် ဖြစ်သည်။

၂-တဘဝလုံး၏ အစိတ်အပိုင်းဖြစ်သော (ဘဝ+အင်္ဂ=ဘဝင်္ဂ) ဘဝင်အဖြစ်ဖြင့် ဖြစ်သွားသည်-ဟု ဆိုလို၏။

၃-စုတိစိတ် ဖြစ်သွားသည်-ဟု ဆိုလို၏။

၄-မဟာဝိပါက်စိတ် ၈-ခုနှင့် ဥပေက္ခာသန္တီရဏစိတ် ၂-ခုကို ရည်၍ ကာမာဝ-စရဖြစ်သော စိတ္တုပ္ပါဒ်-ဟု ဆိုသည်၊ အပြည့်အစုံအားဖြင့်မူကား သော-မနဿသဟဂုတ် သန္တီရဏနှင့်တကွ ၁၁-ပါးသောစိတ်ကို တဒါရုံစိတ်ဟု မှတ်အပ်၏။

၅-ပဋိသန္ဓေစိတ် စ၍ဖြစ်သည်နောက် ပဌမဘဝင်မှစ၍ စုတိတိုင်အောင် အဆက်မပြတ်ဖြစ်နေသော ကာလကို ပဝတ္တိကာလ-ဟု ခေါ်သည်။

၆-ဤစကားရပ်ဖြင့် အကြောင်း ၄-ပါးလုံး ညီညွတ်မှ စက္ခုဝိညာဏ် ဖြစ်နိုင်သည်ကို ပြ၏။ ထိုအကြောင်း ၄-ပါးမှာ စက္ခုပသာဒရုပ် မပျက်ခြင်း၊ အဆင်းရူပါရုံ ထင်ပေါ်ခြင်း၊အလင်းရောင်ရှိခြင်း၊ နှလုံးသွင်းမိခြင်းတို့ပင် ဖြစ်သည်။

http://www.dhammadownload.com



ဖြစ်သော သမ္ပယုတ်တရားတို့နှင့် တကွ ဖြစ်ပေါ်၏။ ချဲ့၍ ပြရလျှင်.... စက္ခုပသာဒရုပ်၏ ဌီခဏ၌ [၁] ဌီခဏသို့ရောက်သည်သာလျှင် ဖြစ်သော [၂] ရူပါရုံ

---

ထိုအတူ သောတဝိညာဏ်သည်လည်း သောတပသာဒ မပျက်ခြင်း၊ အသံအာရုံ ထင်ပေါ်ခြင်း၊ အာကာသရှိခြင်း၊ နှလုံးသွင်းမိခြင်း ဤအကြောင်း ၄-ပါး ညီညွတ်မှ ဖြစ်သည်၊ ထိုတွင် အာကာသရှိခြင်းဟူသည်မှာ အသံဖြစ်ပေါ်ရာအရပ်မှ နားပေါက်ထဲအထိ အပိတ်အဆို့မရှိပဲ ဟင်းလင်းပွင့်လျက်ရှိခြင်းကို ဆိုသည်။

ဃာနဝိညာဏ်သည်လည်း ဃာနပသာဒ မပျက်ခြင်း၊ အနံ့အာရုံ ထင်ပေါ်ခြင်း၊ လေရုပ်ကို မှီရခြင်း၊ နှလုံးသွင်းမိခြင်း ဤအကြောင်း ၄-ပါး ညီညွတ်မှ ဖြစ်သည်၊ ထိုတွင် လေရုပ်ကို မှီရခြင်းဟူသည်မှာ အနံ့ကို သယ်ယူလာသော လေ၏ နှာခေါင်းအတွင်းသို့ ဝင်ရောက်ခြင်းကို ဆိုသည်။

ဇိဝှါဝိညာဏ်သည်လည်း ဇိဝှါပသာဒ မပျက်ခြင်း၊ ရသာရုံ ထင်ပေါ်ခြင်း၊ အာပေါ အစိုဓာတ်ကို မှီရခြင်း၊ နှလုံးသွင်းမိခြင်း ဤအကြောင်း ၄-ပါး ညီညွတ်မှ ဖြစ်သည်၊ထိုတွင် အာပေါအစိုဓာတ်ကို မှီရခြင်းဟူသည်မှာ လျှာကိုစိုစွတ်စေသော အာပေါဓာတ် အစိုဓာတ်ကို ရခြင်းပင် ဖြစ်သည်။

ကာယဝိညာဏ်သည်လည်း ကာယပသာဒ မပျက်ခြင်း၊ တွေ့ထိစရာ ဖောဋ္ဌဗ္ဗာရုံ ထင်ပေါ်ခြင်း၊ ပထဝီဓာတ်ကို မှီရခြင်း၊ နှလုံးသွင်းမိခြင်း ဤအကြောင်း ၄-ပါး ညီညွတ်မှ ဖြစ်သည်၊ ထိုတွင် ပထဝီဓာတ်ကို မှီရခြင်းဟူသည်မှာ ကာယပသာဒ၏ မှီရာဖြစ်သော ပထဝီဓာတ်ကို ရခြင်းပင်တည်း။

မနောဝိညာဏ်သည်လည်း စိတ်နှလုံးဟု ခေါ်သော ဘဝင်၏ မပျက်ခြင်း၊ သဘောအာရုံ ထင်ပေါ်ခြင်း၊ ဝတ္ထုရုပ်ကို မှီရခြင်း၊ နှလုံးသွင်းမိခြင်း ဤအကြောင်း ၄-ပါး ညီညွတ်မှ ဖြစ်သည်။ ဘဝင်စိတ်သည် မိမိ၏ အခြားမဲ့၌ နှလုံးသွင်းဆင်ခြင်မှု အာဝဇ္ဇန်းစိတ်ကို မဖြစ်စေနိုင်လျှင် ပျက်သည် မည်၏၊ ဖြစ်စေနိုင်လျှင် မပျက်သည် မည်၏။ ဝတ္ထုရုပ်ကို မှီရခြင်းဟူသည်မှာ နှလုံးသား အတွင်း၌ တည်ရှိသော ဟဒယဝတ္ထုခေါ်သော ရုပ်ကို မှီရခြင်းပင် ဖြစ်သည်။

၁-ဌီခဏ၌....တိုက်ခိုက်၏-ဟုစပ်ပါ။ ဖြစ်ပေါ်ဆဲဖြစ်သော စက္ခုပသာဒ၌ ရူပါရုံ မထင်နိုင်၊ တည်ဆဲဌီခဏသို့ ရောက်မှ ထင်သည်ဟု ဆိုလို၏။

၂-ဖြစ်ဆဲရူပါရုံသည်လည်း စက္ခုဒွါရ၌ မထင်နိုင်သေး၊ ဌီသို့ ရောက်မှသာလျှင် ထင်နိုင်သည်၊ ထို့ကြောင့် "ဌီခဏသို့ ရောက်သည်သာလျှင် ဖြစ်သော"-ဟု အထူးကန့်သတ်၍ ပြဆိုသည်။

http://www.dhammadownload.com



သည် စက္ခုပသာဒကို တိုက်ခိုက်၏[1]၊ ထိုရူပါရုံ တိုက်ခိုက် ထင်ပေါ်လျှင် ဘဝင် ၂-ကြိမ်ဖြစ်၍ ချုပ်၏၊ ထို့နောင် ထိုရူပါရုံ၌ ပင်လျှင် ကိရိယာ မနောဓာတ်ခေါ် ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် ဆင်ခြင်ခြင်း ကိစ္စကို ပြီးစေလျက် ဖြစ်ပေါ်၏၊ ထိုစိတ်၏ အခြားမဲ့၌ ထို ရူပါရုံကို ပင်လျှင် မြင်လျက် ကုသလဝိပါက် စက္ခုဝိညာဏ်သည် သော်၎င်း အကုသလဝိပါက် စက္ခုဝိညာဏ်သည်သော်၎င်း (တခုခု)[2] ဖြစ်ပေါ်၏။ ထို့နောင် ထိုရူပါရုံကိုပင်လျှင် လက်ခံလျက် ဝိပါက် မနောဓာတ်ခေါ် သမ္ပဋိစ္ဆိုန်းစိတ်သည်[3] ဖြစ်ပေါ်၏၊ ထို့နောင် ထို ရူပါရုံကိုပင်လျှင် စုံစမ်းလျက် ဝိပါက် အဟိတ် မနော ဝိညာဏဓာတ်ခေါ် သန္တီရဏစိတ်သည်[4] ဖြစ်ပေါ်၏၊ ထို့နောင် ထိုရူပါရုံကိုပင် ပိုင်းခြား ဆုံးဖြတ်လျက်[၂၅၃]ဥပေက္ခာ သဟဂုတ် ကိရိယာ အဟိတ်မနောဝိညာဏဓာတ်ခေါ် ဝုဋ္ဌော မည်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် ဖြစ်ပေါ်၏၊ ထို့နောင် ကာမာဝစရ ကုသိုလ် အကုသိုလ် ကိရိယာစိတ် တို့တွင် တခုသော စိတ်သည် ဇော ၅-ကြိမ်သော်၎င်း ဇော ၇-ကြိမ်သော်၎င်း ဖြစ်လျက် ဖြစ်ပေါ်၏[5]၊

---

၁-တိုက်ခိုက်-ဟူသည်မှာ ထင်ပေါ်ခြင်းပင် ဖြစ်သည်။

၂-အလိုမရှိအပ်သော အနိဋ္ဌာရုံ မကောင်းသော အာရုံဖြစ်လျှင် အကုသိုလ်၏ အကျိုး အကုသလဝိပါက် စက္ခုဝိညာဏ် ဖြစ်ပေါ်၏၊ အလိုရှိအပ်သော ဣဋ္ဌာရုံ ကောင်းသောအာရုံဖြစ်လျှင် ကုသိုလ်၏အကျိုး ကုသလဝိပါက် စက္ခုဝိညာဏ် ဖြစ်ပေါ်၏၊ ဤသို့အာရုံ အဆိုး အကောင်း အားလျော်စွာ တခုခုဖြစ်သည်၊ ထို့ကြောင့် "သော်၎င်း"-ဟု ဝိကပ်နှင့် ပြဆိုပေသည်။

၃-ဤ၌လည်း အာရုံ အဆိုး အကောင်း အားလျော်စွာ အကုသလဝိပါက် သမ္ပဋိစ္ဆိုန်း ကုသလဝိပါက် သမ္ပဋိစ္ဆိုန်း တခုခုဖြစ်သည်-ဟု မှတ်အပ်၏၊ တနည်းကား အကုသလဝိပါက် စက္ခုဝိညာဏ်၏နောက်၌ အကုသလဝိပါက် သမ္ပဋိစ္ဆိုန်း ဖြစ်သည်။ ကုသလဝိပါက် စက္ခုဝိညာဏ်၏နောက်၌ ကုသလဝိပါက် သမ္ပဋိစ္ဆိုန်း ဖြစ်သည်-ဟု ဤသို့လည်း မှတ်ယူနိုင်၏။ သန္တီရဏ ဖြစ်ပုံ၌လည်း နည်းတူပင်တည်း။

၄-သာမန်ဣဋ္ဌာရုံ၌ ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ဖြစ်သည်၊ အလွန်ကောင်းသော ဘုရားအစရှိသော အတိဣဋ္ဌာရုံ၌ သောမနဿ သဟဂုတ် သန္တီရဏ ဖြစ်သည်-ဟု ဤအထူးကိုလည်း မှတ်အပ်၏။

၅-ကာမာဝစရ ကုသိုလ်စိတ် ၈-ခု၊ အကုသိုလ်စိတ် ၁၂-ခု၊ ဟသိတုပ္ပါဒ်နှင့် မဟာကိရိယာစိတ်ဟူသော ကိရိယာစိတ် ၉-ခု၊ ဤစိတ် ၂၉-ပါးကို ကာမဇော

http://www.dhammadownload.com



သို့မဟုတ် ဥပေက္ခာသဟဂုတ် အဟိတ်စိတ်သည် မူလည်း ဖြစ်ပေါ်၏[၁]၊ ထိုနောင် ကာမာဝစရ သတ္တဝါတို့အား ၁၁-ပါးသော တဒါရုံစိတ် တို့တွင်[၂] ဇောနှင့် အာရုံတို့အားလျော်စွာ တစုံတခုသော တဒါရုံစိတ်သည်[၃] ဖြစ်

---

၂၉-ဟု- ခေါ်သည်။ သေခါနီးကာလ, တွေဝေမိန်းမောနေသောကာလတို့၌ ဇော ၅-ကြိမ်သာဖြစ်သည်၊ ကြွင်းသောကာလတို့၌ ၇-ကြိမ်ဖြစ်သည်။

၁-ဝုဋ္ဌောကိစ္စတတ်သော မနောဒွါရာဝဇ္ဇန်းစိတ်ကိုရည်၍ "ဥပေက္ခာသဟဂုတ် အဟိတ်စိတ်" ဟု ဆိုသည်၊ ၎င်းစိတ်သည် အာရုံမထင်ရှားသဖြင့် ဇောကျ နိုင်လောက်အောင် မဆုံးဖြတ်နိုင်သောအခါ ၎င်းဝုဋ္ဌောစိတ်သည်ပင် ၂-ကြိမ် ၃-ကြိမ်ဖြစ်ပြီးလျှင် ဘဝင်ကျသွားသည်၊ ဤသို့သော ဝီထိဝါရကို ဒုတိယ မောဃဝါရဟု ခေါ်သည်၊ ဤဝါရကိုရည်၍ဆိုသည်ဟု ဋီကာ၌ပြဆို၏။

၂-နှာ ၃၀၀-မှတ်ချက် ၄-၌ပြခဲ့သော တဒါရုံစိတ် ၁၁-ပါးပင်ဖြစ်သည်။

၃-ဇောနှင့်အာရုံတို့အား လျော်စွာဟူသည်ကား တိဟိတ်ဇော ဖြစ်လျှင် တိဟိတ် တဒါရုံသော်၎င်း ဒွိဟိတ်တဒါရုံသော်၎င်း ဖြစ်၏-ဤသို့စသည်ဖြင့် ဇောအား လျော်စွာ၎င်း၊ ဣဋ္ဌာရုံဖြစ်လျှင် သောမနဿ သဟဂုတ် တဒါရုံဖြစ်၏- ဤသို့စသည်ဖြင့် အာရုံအားလျော်စွာ၎င်း (ဤသို့ဆိုလို၏)- (မဟာဋီကာ အဖွင့်)။ ဤဋီကာအဖွင့်၌ ဣဋ္ဌာရုံ၌ သောမနဿတဒါရုံ ၅-ခု၊ ဣဋ္ဌ- မဇ္ဈတ္တာရုံ၌ ကုသလဝိပါက် ဥပေက္ခာတဒါရုံ ၅-ခု၊ အနိဋ္ဌာရုံ၌ ကုသလဝိပါက် ဥပေက္ခာသန္တီရဏတဒါရုံ ဖြစ်သည်-ဟု ဆိုလိုကြောင်းထင်ရှား၏။ ဇောအား လျော်စွာ တဒါရုံဖြစ်ပုံကား မထင်ရှားသေးပေ။ ဤဋီကာတွင်ပင် ခန္ဓနိဒ္ဒေသ ဝိညာဏက္ခန္ဓာ အဖွင့်၌ အောက်ပါအတိုင်း ပြဆိုခဲ့၏။

တဒါရုံဖြစ်ပုံ၌ ဤဆိုလတံ့သည်ကား ကိန်းသေ သတ်မှတ်ချက်တည်း ... ကာမကုသိုလ်ဇော, လောဘမူ မောဟမူဇော, သောမနဿ သဟဂုတ် ကိရိ- ယာဇောတို့တွင် တပါးပါး၏ အခြားမဲ့၌ အတိမဟန္တာရုံဝယ် သောမနဿ- တဒါရုံ ၅-ခုတို့တွင် တခုခုသော တဒါရုံဖြစ်၏၊ ထို့အတူကာမကုသိုလ်ဇော, အကုသိုလ်ဇော,ဥပေက္ခာသဟဂုတ်ကိရိယာဇောတို့တွင် တပါးပါး၏ အခြား မဲ့၌ ဥပေက္ခာတဒါရုံ ၆-ခု တို့တွင် တခုခုသော တဒါရုံဖြစ်၏။(မဟာဋီကာ)။

အထက်ပါဋီကာဖြင့် သောမနဿ ကိရိယာဇောနောင် သောမနဿ- တဒါရုံသာ ဖြစ်သည်၊ ဥပေက္ခာ ကိရိယာဇောနှင့် ဒေါမနဿ ဇောနောင် ဥပေက္ခာတဒါရုံသာ ဖြစ်သည်-ဟု ကိန်းသေ မှတ်အပ်၏၊ သို့သော် ကာမ- ကုသိုလ်ဇော, လောဘမူ မောဟမူ ဇောတို့နောင်မှာမူကား ကန့်သတ်ချက်

http://www.dhammadownload.com



ပေါ်၏။ ကြွင်းသော ဒွါရတို့၌လည်း ဤနည်းပင်တည်း[၁]။ အထူးကား မနော

---

မရှိသောကြောင့် တဒါရုံ ၁၁-ခုတို့တွင် အမှတ်မရှိ တခုခုဖြစ်သည်ဟူ၍သာ သိရ၏။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌လည်း ဤအတိုင်းပင် ပြဆိုထား၏။

ဓမ္မသင်္ဂဏီပါဠိတော်၏ အဖွင့် အဋ္ဌသာလိနီမည်သော အဘိဓမ္မာ အဋ္ဌကထာကြီး၌ ဇောဖြင့် တဒါရုံကို သတ်မှတ်၍ ပြဆိုထားသည်မှာ....ဣဋ္ဌာရုံ၌ မဟာကုသိုလ် ပဌမစိတ်ဇောနောင် ထိုနှင့်အလားတူသော မဟာဝိပါက် ပဌမစိတ်တဒါရုံ၊ ထို့အတူ မဟာကုသိုလ် ဒုတိယ တတိယ စတုတ္ထစိတ်ဇော တို့နောင်အစဉ်အတိုင်း မဟာဝိပါက် ဒုတိယ တတိယ စတုတ္ထစိတ် တဒါရုံများ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌ မဟာကုသိုလ် ဥပေက္ခာဇော ၄-ခုနောင် အစဉ်အတိုင်း မဟာဝိပါက် ဥပေက္ခာတဒါရုံ ၄-ခု ဖြစ်သည်-ဟူ၍၎င်း၊ အဟိတ်ပုဂ္ဂိုလ်အား ဣဋ္ဌာရုံ၌ ဉာဏဝိပ္ပယုတ် သောမနဿဇော ၂-ခုနောင် သောမနဿသန္တီ-ရဏတဒါရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဉာဏဝိပ္ပယုတ် ဥပေက္ခာဇော ၂-ခုနောင် ကုသလဝိပါက် ဥပေက္ခာသန္တီရဏတဒါရုံ ဖြစ်သည် ဟူ၍၎င်း၊ ဣဋ္ဌာရုံ၌ လောဘမူ သောမနဿဇော ၄-ခုနောင် သောမနဿ သန္တီရဏတဒါရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌ လောဘမူဥပေက္ခာဇော ၄-ခုနှင့် ဒေါသမူဇော ၂-ခုနောင် ကုသလဝိပါက် ဥပေက္ခာသန္တီရဏတဒါရုံ ဖြစ်သည်-ဟူ၍၎င်း၊ ဣဋ္ဌာရုံ၌ ဒေါသဇောကျလျှင် တဒါရုံမဖြစ်-ဟူ၍၎င်း၊ မောဟမူဇော ၂-ခုနောင် ဣဋ္ဌာရုံ၌ သောမနဿသန္တီရဏ တဒါရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ကုသလ ဝိပါက် ဥပေက္ခာ-သန္တီရဏ တဒါရုံ ဖြစ်သည်-ဟူ၍၎င်း ပြဆိုပြီးလျှင် ကုသိုလ် ဇောနောင်မှာ ကဲ့သို့ပင် ကိရိယာ ဇောတို့ နောင်၌လည်း တဒါရုံဖြစ်သင့်သည်-ဟူ၍၎င်း၊ ကုသိုလ်ဇော ဝီထိတို့၏ အကြား၌ အကုသိုလ်ဇော ဝီထိကျလျှင် ထို အကုသိုလ်ဇော၏ အခြားမဲ့၌လည်း တိဟိတ် တဒါရုံ ဖြစ်တတ်သေးသည်-ဟူ၍၎င်း ပြဆို၏။ ဤအရာ၌ "**ဇောအားလျော်စွာ**" ဟူသော စကား တစိတ်ဖြင့် **အဋ္ဌသာလိနီ၌** ပြဆိုချက်ကို ရည်ညွှန်းဟန်ရှိ၏။ မူလဋီကာ၌ ကား ကိရိယာဇောနောင်တဒါရုံ မဖြစ်သင့်-ဟု ဆို၏။

၁-သောတဒွါရ၌ စက္ခုဝိညာဏ်အရာတွင် သောတဝိညာဏ်ကိုင်၎င်း၊ ဃာနဒွါရ၌ ဃာနဝိညာဏ်ကိုင်၎င်း၊ ဇိဝှါဒွါရ၌ ဇိဝှါဝိညာဏ်ကိုင်၎င်း၊ ကာယဒွါရ၌ ကာယ ဝိညာဏ်ကိုင်၎င်း လဲလှယ်ထည့်သွင်းယူရုံမျှသာထူးသည်၊ ထို့ကြောင့် "ကြွင်း သောဒွါရတို့၌လည်း ဤနည်းပင်တည်း" ဟု ဆိုလေသည်။ သို့သော် မနော ဒွါရ၌မူကား ထင်ပေါ်လာသော အာရုံ ၆-ပါးကို ရှေးဦးစွာဆင်ခြင်လျက် မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပြီးလျှင် ထိုစိတ်၏ အခြားမဲ့၌ ဇောစိတ်များ ဖြစ် လေသည်၊ ဤသို့ စိတ်အစဉ်ဖြစ်ပုံလည်း ထူးခြားသေး၏။

http://www.dhammadownload.com



ဒွါရ၌ မဟာဂ္ဂုတ်စိတ်တို့သည်လည်း ဖြစ်ကုန်၏[၁]။ ဤသို့လျှင် ၆-ပါးသော ဒွါရတို့၌ နာမ်၏ ဖြစ်ခြင်းကို ရှုအပ်၏။ ဤဆိုခဲ့သော နည်းဖြင့် နာမ်၏ ဖြစ်ခြင်းကို ရှုသည်ရှိသော် ရံခါ နာမ်ကို သုံးသပ်သည် မည်၏။

ဤဆိုခဲ့သည့်အတိုင်း ရံခါ ရုပ်ကို ရံခါ နာမ်ကို သုံးသပ်၍လည်း လက္ခဏာ သုံးပါးကို တင်၍ (ဥဒယဗ္ဗယဉာဏ်စသော) အစဉ် အားဖြင့် ကျင့်လျက် တဦးသော ယောဂီသည် ပညာဘာဝနာကို ပြည့်စုံစေ၏။

## ရူပသတ္တကသမ္မသနကထာ-ရုပ်သုံးသပ်ပုံ ၇-မျိုးကို ပြဆိုချက်

၇၀၆။ တပါးသော ယောဂီသည် ရုပ် သုံးသပ်ပုံ ၇-မျိုး, နာမ်သုံးသပ်ပုံ ၇-မျိုးတို့၏ အစွမ်းအားဖြင့် လက္ခဏာသုံးပါးကိုတင်၍ သင်္ခါရတို့ကို သုံးသပ်၏၊ ထိုတွင် (၁) အာဒါနနိက္ခေပန-ယူခြင်း ပစ်ချခြင်းအားဖြင့်ရင်း (၂) ဝယောဝုဍ္ဎတ္ထင်္ဂမ-အယွယ်ရင့်ချုပ်ခြင်းအားဖြင့်ရင်း (၃) အာဟာရမယ-အာဟာရဖြင့်ပြီးသော ရုပ်အားဖြင့်ရင်း (၄) ဥတုမယ-ဥတုဖြင့် ပြီးသော ရုပ်အားဖြင့်ရင်း (၅) ကမ္မဇ-ကံကြောင့်ဖြစ်သောရုပ်အားဖြင့်ရင်း(၆)စိတ္တသမုဋ္ဌာန-စိတ်ကြောင့် ဖြစ်သော ရုပ်အားဖြင့်ရင်း (၇) ဓမ္မတာ ရုပ်အားဖြင့်ရင်း-ဤ ၇-ပါးသော အခြင်းအရာတို့ဖြင့် လက္ခဏာတင်၍ သုံးသပ်သည် ရှိသော် **ရူပသတ္တက-ရုပ်ကို သုံးသပ်ပုံ ၇-မျိုး**၏ အစွမ်း အားဖြင့် လက္ခဏာ တင်၍ သုံးသပ်သည် မည်၏။

ထို့ကြောင့် ရှေးဆရာတို့သည်-

> "အာဒါနနိက္ခေပနအားဖြင့်ရင်း, ဝယောဝုဍ္ဎတ္ထဂါမိအားဖြင့်ရင်း, အာဟာရအားဖြင့်ရင်း, ဥတုအားဖြင့်ရင်း, ကံအားဖြင့်ရင်း, စိတ်အားဖြင့်ရင်း,ဓမ္မတာရုပ်အားဖြင့်ရင်း ၇-ပါးသော အခြင်းအရာတို့ဖြင့် အကျယ်ရှု၏"ဟု-

မိန့်ဆိုကုန်၏။

---

၁-ရူပါဝစရကုသိုလ် ကိရိယာဇောစိတ် ၁၀-ခု၊ အရူပါဝစရကုသိုလ် ကိရိယာဇော စိတ် ၈-ခုဟူသော ဤမဟဂ္ဂုတ်ဇောစိတ် ၁၈-ခုတို့ကို ရည်၍ "မဟဂ္ဂုတ် စိတ်တို့သည်လည်း ဖြစ်ကုန်၏"ဟု ဆိုသည်။ ဤမနောဒွါရ၌ လောကုတ္တရာ ဇော ၈-ခုတို့သည်လည်း ဖြစ်ကြသေး၏။ သို့သော် ဝိပဿနာရှုအပ်သော တရားမဟုတ်သောကြောင့် ၎င်းတို့ကို မပြပဲ ချန်ထားသည် ဖြစ်ရာ၏။

http://www.dhammadownload.com



ထို ၇-ပါးတို့တွင် **အာဒါန-ယူခြင်း**-ဟူသည်ကား ပဋိသန္ဓေတည်း။ **နိက္ခေပန ပစ်ချခြင်း** ဟူသည်ကား စုတိတည်း။ သို့ဖြစ်၍ ယောဂီသည် အနုစ်တရာကို ဤပဋိသန္ဓေစုတိတို့ဖြင့် ပိုင်းခြား၍ သင်္ခါရတို့၌ လက္ခဏာ ၃-ပါးကို တင်၏။ အဘယ်သို့နည်းဟူမူ? ဤ (ပဋိသန္ဓေနှင့် စုတိနှစ်ပါးတို့၏) အကြား၌အလုံးစုံသော သင်္ခါရတို့သည် မမြဲကုန်၊ အဘယ့်ကြောင့်နည်းဟူမူ ? ဖြစ်ခြင်း ပျက်ခြင်းအားဖြင့်မပြတ်ဖြစ်နေသောကြောင့်၎င်း, ဖောက်ပြန်သောကြောင့်၎င်း, အခိုက်အတန့်မျှဖြစ်သောကြောင့်၎င်း, မြဲသည်၏ အဖြစ်ကို ငြင်းပယ်ခြင်းကြောင့်၎င်း[၁] ဖြစ်ပေသည်။

ထိုပြင် ဖြစ်ပြီးသော သင်္ခါရတို့သည် တည်ဆဲ ဌီခဏသို့ ရောက်ကုန်၏၊ တည်ဆဲ ဌီခဏ၌ အိုမင်းရင့်ရော်ခြင်းဖြင့် ပင်ပန်းကုန်၏၊ အိုမင်း ရင့်ရော်ခြင်းသို့ ရောက်ပြီးလျှင် မချွတ်ကေန် ပျက်စီးလေကုန်၏၊ ထို့ကြောင့် ဖြစ်ခြင်း ပျက်ခြင်းက မပြတ်နှိပ်စက်သောကြောင့်၎င်း, မခံသာသောကြောင့်၎င်း, ဆင်းရဲ၏ တည်ရာဝတ္ထုဖြစ်သောကြောင့်၎င်း, ချမ်းသာ၏ အဖြစ်ကို ငြင်းပယ်သောကြောင့်၎င်း ဆင်းရဲကုန်၏။

ထို့ပြင် ဖြစ်ပြီးသော သင်္ခါရတို့သည် တည်ဆဲ ဌီခဏသို့ မရောက်ပါစေကုန်လင့်ဟူ၍၎င်း, ဌီခဏသို့ ရောက်သော သင်္ခါရတို့သည် မအိုမရင့်ပါစေကုန်လင့်ဟူ၍၎င်း, အိုရင့်ပြီးသော သင်္ခါရတို့သည် မပျက်စီးပါစေကုန်လင့် ဟူ၍၎င်း-ဤ ၃-ပါးသောဌာနတို့၌ [၂၅၄] တစုံတယောက်သော သူအားမျှ အလိုအတိုင်း ဖြစ်ခြင်းမည်သည် မရှိချေ၊ ထိုအလိုအတိုင်း ဖြစ်သော အခြင်းအရာမှ ဆိတ်သုဉ်းကုန်၏၊ ထို့ကြောင့် [ နိဝါသီ-ခန္ဓာအိမ်၌ အမြဲ တည်နေသူ, ကာရက-ပြုလုပ်တတ်သောသူ, ဝေဒက-ခံစားတတ်သူ, အဓိဋ္ဌာယက-စီမံ ခန့်ခွဲ

---

၁ မြဲသောသဘော မရှိခြင်းသည်သာလျှင် မြဲသည်အဖြစ်ကို ငြင်းပယ်ခြင်းမည်၏၊ မှန်ပေ၏၊မမြဲသော တရားတို့သည် ထိုမမြဲသော မိမိ၏ သဘောဖြင့် ပင်လျှင် သိသော ပုဂ္ဂိုလ်တို့အား မြဲသည် အဖြစ်ကို ငြင်းပယ်သည်မည်ကုန်၏ (ဋီကာဘာသာပြန်)။မမြဲသော သဘောကို သိမြင်သော ပုဂ္ဂိုလ်တို့အား ထိုမမြဲသော တရားတို့က "ကျွန်ုပ်တို့ကို မြဲသည်ဟု အများက ထင်နေကြသော်လည်း သင်တို့ သိမြင်သည့် အတိုင်းပင် ကျွန်ုပ်တို့ကတော့ မမြဲကြပါ" ဟု ဝန်ခံလျက် မြဲသည့်အဖြစ်ကို ငြင်းပယ်ကြသကဲ့သို့ ဖြစ်သည်ဟု ဆိုလိုသည်။

http://www.dhammadownload.com



တတ်သူ (ဟု ထင်ရသော အတ္တ) မှ] ဆိတ်သုဉ်းသောကြောင့်ရင်း, ပိုင်ရှင်မရှိသောကြောင့်ရင်း, အလိုအတိုင်း မဖြစ်သောကြောင့်ရင်း, အတ္တအဖြစ်ကို ငြင်းပယ်သောကြောင့်ရင်း အနတ္တ-အတ္တ မဟုတ်ကုန်, အတ္တ မရှိကုန်ဟု လက္ခဏာ ၃-ပါးကို တင်၏။ (၁)

၇၀၇။ ဤဆိုခဲ့သည့်အတိုင်း အာဒါနနိက္ခေပန၏ အစွမ်းအားဖြင့် အနှစ်တရာဖြင့် ပိုင်းခြားအပ်သော ရုပ်၌ လက္ခဏာ သုံးပါးကို တင်ပြီးလျှင် ထိုမှနောက်၌ ဝယောဝုဍ္ဎတ္ထင်္ဂမ အားဖြင့် လက္ခဏာ တင်၏။ ထိုစကား၌ **ဝယောဝုဍ္ဎတ္ထင်္ဂမ-အယွယ်ရင့်ချုပ်ခြင်း** မည်သည်ကား အယွယ်၏ အစွမ်းအားဖြင့် ကြီးရင့်ပြီးသော ရုပ်၏ ချုပ်ခြင်းတည်း၊ ထို အယွယ်အားဖြင့် ရင့်ပြီးသော ရုပ်၏ ချုပ်ခြင်း၏ အစွမ်းအားဖြင့် လက္ခဏာ သုံးပါးကိုတင်၏-ဤသည်ကား (အယွယ်ရင့်ချုပ်ခြင်း အားဖြင့် တင်၏ ဟူသော စကား၏) အနက်တည်း။

အဘယ်သို့နည်းဟူမူ? ထို ယောဂီသည် ထို အနှစ်တရာကိုပင်လျှင် ပဌမအယွယ်, မဇ္ဈိမ အလယ်ပိုင်း အယွယ်, ပစ္ဆိမ-နောက်ဆုံးပိုင်း အယွယ် ဟူသော ၃-ပါးသော အယွယ်တို့ဖြင့် ပိုင်းခြား၏။ ထိုအယွယ် ၃-ပါးတို့တွင် အစမှ ၃၃-နှစ်တို့သည် ပဌမ အယွယ်မည်၏၊ ထိုမှ နောက်၌ ၃၄-နှစ် တို့သည် မဇ္ဈိမ အယွယ်မည်၏၊ ထိုမှ နောက်၌ ၃၃-နှစ်တို့သည် ပစ္ဆိမအယွယ် မည်၏၊ ဤသို့လျှင် ဤ၃-ပါးသော အယွယ်တို့ဖြင့် ပိုင်းခြားပြီးလျှင် ပဌမအယွယ်၌ ဖြစ်သော ရုပ်သည် မဇ္ဈိမအယွယ်သို့ မရောက်မူ၍ ထိုပဌမအယွယ်၌သာလျှင် ချုပ်၏၊ ထို့ကြောင့် ထိုပဌမအယွယ်၌ ဖြစ်သော ရုပ်သည် မမြဲ၊ ထို မမြဲသော ရုပ်သည် ဆင်းရဲတည်း၊ ထိုဆင်းရဲသော ရုပ်သည် အတ္တမဟုတ် (ဟူ၍ရင်း)၊ မဇ္ဈိမအယွယ်၌ ဖြစ်သော ရုပ်သည်လည်း ပစ္ဆိမအယွယ်သို့ မရောက်မူ၍ ထို မဇ္ဈိမအယွယ်၌သာလျှင် ချုပ်၏၊ ထို့ကြောင့် ထိုမဇ္ဈိမအယွယ်၌ ဖြစ်သော ရုပ်သည်လည်း မမြဲ ဆင်းရဲ အတ္တမဟုတ် (ဟူ၍ရင်း)၊ ပစ္ဆိမအယွယ်၌ ၃၃-နှစ်ပတ်လုံး ဖြစ်သော ရုပ်သည်လည်း သေသည်မှ နောက်၌ သွားရန် စွမ်းနိုင်သော ရုပ်မည်သည် မရှိချေ၊ ထို့ကြောင့် ထိုပစ္ဆိမအယွယ်၌ ဖြစ်သော ရုပ်သည်လည်း မမြဲ ဆင်းရဲ အတ္တမဟုတ် ဟူ၍ရင်း လက္ခဏာ သုံးပါးကို တင်၏။

၇၀၈။ ဤဆိုခဲ့သည့်အတိုင်း ပဌမအယွယ် စသည်၏ အစွမ်းအားဖြင့် အယွယ်ရင့်ချုပ်ခြင်းအားဖြင့် လက္ခဏာ သုံးပါးကို တင်ပြီးလျှင် တဖန်-

http://www.dhammadownload.com



(၁) မန္ဒဒသက-နုံ့ထိုင်း ဆယ်နှစ်စု၊
(၂) ခိဍ္ဍာဒသက-ပျော်ရွှင် ဆယ်နှစ်စု၊
(၃) ဝဏ္ဏဒသက-အဆင်း ဆယ်နှစ်စု၊
(၄) ဗလဒသက-ခွန်အား ဆယ်နှစ်စု၊
(၅) ပညာဒသက-ပညာ ဆယ်နှစ်စု၊
(၆) ဟာနိဒသက-ဆုတ်ယုတ် ဆယ်နှစ်စု၊
(၇) ပဗ္ဘာရဒသက-ကိုင်းရှိုင်း ဆယ်နှစ်စု၊
(၈) ဝင်္ကဒသက-ကောက်ကုံး ဆယ်နှစ်စု၊
(၉) မောမူဟဒသက-တွေဝေ ဆယ်နှစ်စု၊
(၁၀) သယနဒသက-လဲလျောင်း ဆယ်နှစ်စု-ဟူသော

ဤ ၁၀-ပါးသော ဒသကတို့၏ အစွမ်းအားဖြင့် **အယွယ်ရင့်ချုပ်ခြင်း** အားဖြင့် လက္ခဏာသုံးပါးကို တင်၏။ ထို ၁၀-ပါးသော ဒသကတို့တွင် အနှစ်တရာ အသက်ရှင်သော ပုဂ္ဂိုလ်၏ ပဌမဆယ်နှစ်တို့သည် မန္ဒဒသက မည်၏၊ ထိုအခါ၌ ထို(ပုဂ္ဂိုလ်)သည် နုံ့ထိုင်း၏၊ လျှပ်ပေါ်၏၊ သူငယ်မျှသာ ဖြစ်၏။ ထိုမှနောက်ဆယ်နှစ်တို့သည် ခိဍ္ဍာဒသကမည်၏၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်သည် ကစားပျော်ရွှင်ခြင်းများ၏။ ထိုမှ နောက်ဆယ်နှစ်တို့သည် ဝဏ္ဏဒသက မည်၏၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ ရုပ်ရေအဆင်းသည် ပြန့်ပြောပြည့်ဝခြင်းသို့ ရောက်၏။ ထိုမှ နောက်ဆယ်နှစ်တို့သည် ဗလဒသကမည်၏၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ ခွန်အားသည်၎င်း အစွမ်းသည်၎င်း ပြန့်ပြော ပြည့်ဝခြင်းသို့ ရောက်၏။ ထိုမှ နောက်နှစ်ဆယ်တို့သည် ပညာဒသက မည်၏၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ပညာသည် ကောင်းစွာ တည်၏၊ ပကတိအားဖြင့်[၂၅၅]ပညာမဲ့သောသူအားသော်လည်း ထိုပညာဒသကကာလ၌ အနည်းငယ်မျှသော်လည်း ပညာသည် ဖြစ်တတ်သည်သာလျှင် ဟု ဆိုကြ၏[၁]။ ထိုမှ နောက်ဆယ်နှစ်တို့သည် ဟာနိဒသကမည်၏၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ ကစားပျော်ရွှင်ခြင်း ရုပ်ရေအဆင်း ခွန်အားနှင့် ပညာတို့သည် ဆုတ်ယုတ်ကုန်၏။ ထိုမှ

---

၁-ကိရ-ပုဒ်ကို သတတ်-သတ့်-တဆင့်ကြားရသည်ကားဟု ပြန်ကြသည်မှာလည်း "ဆိုကြ၏" ဟူသော စကားနှင့် ညီမျှ၏။ ထို့ကြောင့် ဤ၌ ကိရ-ပုဒ်ကို ဆိုကြ၏-ဟု ပြန်ထားသည်။

http://www.dhammadownload.com



 နောက် ဆယ်နှစ်တို့သည် ပဗ္ဘာရဒသကမည်၏၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ အတ္တဘောသည် ရှေ့ဘက်သို့ ကိုင်းရှိုင်း၏။ ထိုမှ နောက်ဆယ်နှစ်တို့သည် ဝင်္ကဒသကမည်၏၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏အတ္တဘောသည် ထယ်၏ လက်ကိုင် ကိုင်းကဲ့သို့ ကောက်ကုံး၏။ ထိုမှ နောက်ဆယ်နှစ်တို့သည် မောမူဟဒသက မည်၏၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်သည်အလွန်တွေဝေ၏၊ ပြုတိုင်းပြုတိုင်းကိုမေ့၏။ ထိုမှ နောက်ဆယ်နှစ်တို့သည် သယနဒသကမည်၏၊ အနှစ်တရာရှိသော ပုဂ္ဂိုလ်သည် လဲလျောင်းနေရခြင်းသာလျှင် များလေတော့သည်။

ထို (အနှစ်တရာရုပ်) ၌ ဤယောဂီသည် ဤ (ဆယ်ပါးသော)ဒသက တို့၏ အစွမ်းအားဖြင့် **အယ္ဗယ်ရင့်ချုပ်ခြင်း** အားဖြင့် လက္ခဏာသုံးပါးကို တင်ခြင်းငှါ ဤသို့ ရှုဆင်ခြင်၏-ပဌမဆယ်နှစ်စု၌ မပြတ်ဖြစ်သော ရုပ်သည် ဒုတိယ (နှစ်ခုမြောက်) ဆယ်နှစ်စုသို့ မရောက်မူ၍ ထိုပဌမ ဆယ်နှစ်စု၌ သာလျှင် ချုပ်၏၊ ထို့ကြောင့် ထိုပဌမဆယ်နှစ်စုရုပ်သည် မမြဲ ဆင်းရဲ အတ္တ မဟုတ် (ဟူ၍ လက္ခဏာသုံးပါးကို တင်၏)။ ဒုတိယ ဆယ်နှစ်စု၌။ပ။ နဝမ (ကိုးခုမြောက်)ဆယ်နှစ်စု၌ မပြတ်ဖြစ်သော ရုပ်သည် ဒသမ(ဆယ် ခုမြောက်)ဆယ်နှစ်စုသို့ မရောက်မူ၍ ထိုနဝမဆယ်နှစ်စု၌သာလျှင် ချုပ်၏။ ဒသမ ဆယ်နှစ်စု၌ မပြတ်ဖြစ်သောရုပ်သည် တဖန်ဘဝသစ်သို့ မရောက်မူ၍ ဤဘဝ၌သာလျှင် ချုပ်၏၊ ထို့ကြောင့် ထိုဒသမဆယ်နှစ်စုရုပ်သည်လည်းမမြဲ ဆင်းရဲ အတ္တမဟုတ်ဟူ၍ လက္ခဏာသုံးပါးကို တင်၏။

၇၀၉။ ဤဆိုခဲ့သည့် အတိုင်း(ဆယ်ပါးသော) ဒသက တို့၏ အစွမ်း အားဖြင့် **အယ္ဗယ်ရင့်ချုပ်ခြင်း**အားဖြင့် လက္ခဏာသုံးပါးကို တင်ပြီးလျှင် တဖန် ထိုအနှစ်တရာကိုပင်လျှင် ၅-နှစ်စီ၏ အစွမ်းအားဖြင့် နှစ်ဆယ်သော အဖို့(အပိုင်း)တို့ကို ပြု၍ **အယ္ဗယ်ရင့်ချုပ်ခြင်း**အားဖြင့် လက္ခဏာ သုံးပါးကို တင်၏။ အဘယ်သို့နည်းဟူမူ ? ထိုယောဂီသည် ဤသို့ ရှုဆင်ခြင်၏၊ ပဌမ ၅-နှစ်စု ၅-နှစ်ပိုင်း၌ မပြတ်ဖြစ်သော ရုပ်သည် ဒုတိယ ၅-နှစ်ပိုင်းသို့ မရောက် မူ၍ ထို ပဌမ ၅-နှစ်ပိုင်း၌သာလျှင် ချုပ်၏၊ ထို့ကြောင့် ထိုပဌမ ၅-နှစ်ပိုင်း ရုပ်သည် မမြဲ ဆင်းရဲ အတ္တမဟုတ်(ဟူ၍ လက္ခဏာသုံးပါးကို တင်၏)။ ဒုတိယ ၅-နှစ်ပိုင်း၌ မပြတ်ဖြစ်သော ရုပ်သည် တတိယ ၅-နှစ်ပိုင်းသို့။ပ။ ဆယ့်ကိုးခုမြောက် ၅-နှစ်ပိုင်း၌ မပြတ်ဖြစ်သော ရုပ်သည် နှစ်ဆယ်မြောက် ၅-နှစ်ပိုင်းသို့ မရောက်မူ၍ ထိုဆယ့်ကိုးခုမြောက် ၅-နှစ်ပိုင်း၌သာလျှင် ချုပ်

http://www.dhammadownload.com



၏။ နှစ်ဆယ်မြောက် ၅-နှစ်ပိုင်း၌ မပြတ်ဖြစ်သော ရုပ်သည် သေသည်မှ နောက်၌သွားနိုင်သော ရုပ်မည်သည်မရှိ၊ ထို့ကြောင့် ထိုနှစ်ဆယ်မြောက် ၅-နှစ်ပိုင်း ရုပ်သည်လည်း မမြဲ ဆင်းရဲ အတ္တမဟုတ်ဟူ၍ (လက္ခဏာ ၃-ပါးကို တင်၏)။

ဤဆိုခဲ့သည့် အတိုင်း အဖို့ အပိုင်း ၂၀-တို့၏ အစွမ်းအားဖြင့် **အယ္ဒယ်ရင့်ချုပ်ခြင်း**အားဖြင့် လက္ခဏာသုံးပါးကို တင်ပြီးလျှင် တဖန် ၂၅-ပါးသော အဖို့အပိုင်းတို့ကို ပြု၍ ၄-နှစ်စီ၏ အစွမ်းအားဖြင့် လက္ခဏာ သုံးပါးကို တင်၏။ ထို့နောင် ၃၃-ပါးသော အဖို့အပိုင်းတို့ကို ပြု၍ ၃-နှစ်စီ၏ အစွမ်းအားဖြင့်၎င်း, ငါးဆယ်သော အဖို့အပိုင်းတို့ကိုပြု၍ ၂-နှစ်စီ၏အစွမ်းအားဖြင့်၎င်း, တရာသော အဖို့အပိုင်းတို့ကိုပြု၍ ၁-နှစ်စီ၏ အစွမ်းအားဖြင့်၎င်း (လက္ခဏာသုံးပါးကို တင်၏)။

ထို့နောင် တနှစ်ကို [၂၅၆] ၃-ခုသော အဖို့အပိုင်းတို့ကို ပြု၍ မိုးဥတု ဆောင်းဥတု နွေဥတု ဟူသော ဥတု ၃-ပါးတို့တွင် တဥတု တဥတု၏ အစွမ်းအားဖြင့် ထို**အယ္ဒယ်ရင့်ချုပ်** ရုပ်၌ လက္ခဏာ ၃-ပါးကို တင်၏။ အဘယ်သို့နည်းဟူမူ? မိုးဥတု ၄-လအတွင်း၌ မပြတ်ဖြစ်သောရုပ်သည် ဆောင်းဥတုသို့ မရောက်မူ၍ ထိုမိုးဥတု၌သာလျှင် ချုပ်လေ၏။ ဆောင်းဥတု၌ မပြတ်ဖြစ်သော ရုပ်သည် နွေဥတုသို့ မရောက်မူ၍ ထိုဆောင်းဥတု၌သာလျှင် ချုပ်လေ၏။ နွေဥတု၌ မပြတ်ဖြစ်သောရုပ်သည် တဖန် မိုးဥတုသို့ မရောက်မူ၍ ထိုနွေဥတု၌သာလျှင် ချုပ်လေ၏၊ ထို့ကြောင့် ထိုဥတု ၃-ပါး၌ ဖြစ်သော ရုပ်သည် မမြဲ ဆင်းရဲ အတ္တမဟုတ် ဟူ၍ (လက္ခဏာသုံးပါးကို တင်၏)။

ဤသို့ (ဥတု ၃-ပါး၏အစွမ်းအားဖြင့် လက္ခဏာသုံးပါးကို) တင်ပြီးလျှင် တဖန် တနှစ်ကို ၆-ခုသော အဖို့အပိုင်းတို့ကိုပြု၍ ဝဿာနရတု (တော်သလင်းလပြည့်အထိ) နှစ်လအတွင်း၌[၁] မပြတ်ဖြစ်သော ရုပ်သည် သရဒရတုသို့ မရောက်မူ၍ ထိုဝဿာနရတု၌သာလျှင် ချုပ်လေ၏။ သရဒရတု (တန်ဆောင်မုန်း လပြည့်အထိ နှစ်လအတွင်း) ၌ မပြတ်ဖြစ်သော ရုပ်သည် ဟေမန္တရတု

၁-"(တော်သလင်းလပြည့်အထိ) နှစ်လအတွင်း၌" ဟု ဆိုထားသောကြောင့် ဤဝဿာနရတုကို ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှစ၍ ရေတွက်အပ်၏။ ကြွင်းသောရတုတို့၌လည်း နည်းတူပင် ဖြစ်သည်။

http://www.dhammadownload.com



သို့။ပ။ဟေမန္တရတု(ပြာသိုလပြည့်အထိ နှစ်လအတွင်း)၌ မပြတ်ဖြစ်သော ရုပ်သည် သိသိရရတုသို့။သိသိရရတု (တပေါင်းလပြည့်အထိ နှစ်လအတွင်း) ၌ မပြတ်ဖြစ်သော ရုပ်သည် ဝသန္တရတုသို့။ ဝသန္တရတု (ကဆုန်လပြည့် အထိ နှစ်လအတွင်း)၌ မပြတ်ဖြစ်သော ရုပ်သည် ဂိမှရတုသို့။ ဂိမှရတု (ဝါဆိုလပြည့်အထိ နှစ်လအတွင်း)၌ မပြတ်ဖြစ်သော ရုပ်သည် တဖန် ဝဿာနရတုသို့ မရောက်မူ၍ ထိုဂိမှရတု၌ပင်လျှင် ချုပ်လေ၏၊ ထို့ကြောင့် (ထိုရတု ၆-ပါး၌ ဖြစ်သော ရုပ်သည်) မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု ဤသို့ **ထိုအယှဉ်ရင့်ချုပ်** ရုပ်၌ လက္ခဏာသုံးပါးကို တင်၏။

ဤဆိုခဲ့သည့်အတိုင်း တင်ပြီးလျှင် ထို့နောင် လဆုတ် လဆန်း ပက္ခတို့၏ အစွမ်းအားဖြင့် (တင်၏)၊လဆုတ်၌ မပြတ်ဖြစ်သော ရုပ်သည် လဆန်းသို့ မရောက်မူ၍ ထိုလဆုတ်၌သာလျှင် ချုပ်လေ၏။ လဆန်း၌ မပြတ် ဖြစ်သော ရုပ်သည် လဆုတ်သို့ မရောက်မူ၍ ထိုလဆန်း၌သာလျှင် ချုပ်လေ၏။ ထို့ကြောင့် မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု လက္ခဏာ ၃-ပါးကို တင်၏။

ထို့နောင် ညဉ့်နေ့တို့၏ အစွမ်းအားဖြင့်- "ညဉ့်၌ မပြတ် ဖြစ်သော ရုပ်သည် နေ့သို့မရောက်မူ၍ ထိုညဉ့်၌သာလျှင် ချုပ်လေ၏။ နေ့၌ မပြတ် ဖြစ်သောရုပ်သည်လည်း ညဉ့်သို့မရောက်မူ၍ ထိုနေ့၌သာလျှင် ချုပ်လေ၏။ ထို့ကြောင့် မမြဲ ဆင်းရဲ အတ္တမဟုတ်-"ဟု လက္ခဏာ ၃-ပါးကို တင်၏။ ထို့နောင် ထိုညဉ့်နှင့် နေ့ကိုပင်လျှင် နံနက်စသည်တို့၏ အစွမ်းအားဖြင့် ၆-ခုသော အဖို့အပိုင်းတို့ကို ပြု၍.... "နံနက်ပိုင်း၌ မပြတ်ဖြစ်သော ရုပ်သည် နေ့လယ်ပိုင်းသို့ မရောက်မူ၍ ထိုနံနက်ပိုင်း၌သာလျှင် ချုပ်လေ၏။ နေ့လယ်ပိုင်း၌ မပြတ်ဖြစ်သော ရုပ်သည် ညနေပိုင်းသို့။ ညနေပိုင်း၌ မပြတ်ဖြစ်သော ရုပ်သည် ညဉ့်ဦးယာမ်သို့။ ညဉ့်ဦးယာမ်၌ မပြတ်ဖြစ်သော ရုပ်သည် သန်းခေါင်ယာမ်သို့။ သန်းခေါင်ယာမ်၌ မပြတ်ဖြစ်သော ရုပ်သည် မိုးသောက်ယာမ်သို့ မရောက်မူ၍ ထိုသန်းခေါင်ယာမ်၌သာလျှင် ချုပ်လေ၏။ မိုးသောက် ယာမ်၌ မပြတ်ဖြစ်သော ရုပ်သည် တဖန် နံနက်ပိုင်းသို့ မရောက်မူ၍ ထိုမိုးသောက်ယာမ်၌သာလျှင် ချုပ်လေ၏၊ ထို့ကြောင့် မမြဲ ဆင်းရဲ အတ္တမဟုတ်-" ဟု လက္ခဏာ ၃-ပါးကို တင်၏။

၇၁၀။ ဤဆိုခဲ့သည့်အတိုင်း တင်ပြီးလျှင် တဖန် ထိုရုပ်၌ပင်လျှင် သွားခြင်း ပြန်ခြင်း တည့်တည့်ကြည့်ခြင်း စောင်းငဲ့ကြည့်ခြင်း ကွေးခြင်း

http://www.dhammadownload.com



ဆန့်ခြင်းတို့၏ အစွမ်းအားဖြင့် ''သွားဆဲ၌ မပြတ် ဖြစ်သော ရုပ်သည် ပြန်ဆဲသို့မရောက်မူ၍ ထိုသွားဆဲ၌သာလျှင် ချုပ်၏။ ပြန်ဆဲ၌ ဖြစ်သော ရုပ်သည် တည့်တည့်ကြည့်ဆဲသို့။ တည့်တည့်ကြည့်ဆဲ၌ ဖြစ်သော ရုပ်သည် စောင်းငဲ့ကြည့်ဆဲသို့။ စောင်းငဲ့ကြည့်ဆဲ၌ ဖြစ်သော ရုပ်သည် ကွေးဆဲသို့။ ကွေးဆဲ၌ ဖြစ်သော ရုပ်သည် ဆန့်ဆဲသို့ မရောက်မူ၍ ထိုကွေးဆဲ၌သာလျှင် ချုပ်၏[၁]။ ထို့ကြောင့် မမြဲ ဆင်းရဲ အတ္တမဟုတ်-'' ဟု လက္ခဏာ ၃-ပါးကို တင်၏။

ထို့နောင် ခြေတလှမ်းကို ကြွခြင်း ဆောင်ခြင်း ရှောင်ဖယ်ခြင်း အရှိန်လွှတ်ခြင်း ချထားခြင်း ဖိနင်းခြင်းတို့၏ အစွမ်းအားဖြင့် ၆-ခုသော အဖို့အပိုင်းတို့ကို ပြု၏။ [၂၅၇] ထိုတွင် ဥဒ္ဓရဏ-ကြွခြင်း မည်သည်ကား ခြေကို မြေမှကြွချီခြင်းတည်း။ အတိဟရဏ-ဆောင်ခြင်း မည်သည်ကား ရှေ့သို့ ဆောင်ခြင်းတည်း။ ဝီတိဟရဏ- ရှောင်ဖယ်ခြင်း မည်သည်ကား သစ်ငုတ် ဆူးငြောင့် မြွေ စသည်တို့တွင် တခုခုကိုပင်လျှင် တွေ့မြင်၍ ထိုမှဤမှ ခြေကို ရွေ့ရှားစေခြင်းတည်း[၂]။ ဝေါဿဇ္ဇန-အရှိန်လွှတ်ခြင်း မည်သည်ကား ခြေကို အောက်သို့ ချခြင်းတည်း။ သန္နိက္ခေပန-ချထားခြင်းမည်သည်ကား မြေပြင်၌ ခြေကို ချထားခြင်းတည်း။ သန္နိရုမ္ဘန- ဖိနင်းခြင်း မည်သည်ကား တဖန် တဖက်ခြေကို ကြွသော ကာလ၌ ပဌမခြေကို မြေကြီးနှင့် တကွ ဖိနှိပ်ခြင်း (နင်းခြင်း) တည်း။ ထို ၆-ပါးတို့တွင် ကြွဆဲ၌ ပထဝီဓာတ်နှင့် အာပေါဓာတ် ဟူသော ဤဓာတ်နှစ်ပါးတို့သည် ယုတ်ညံ့သော အတိုင်းအရှည်ရှိကုန်၏၊ နုံ့ကုန်၏၊ ဤမှတပါးသော တေဇော ဝါယော ဟူသော ဓာတ်နှစ်ပါးတို့သည်

---

၁-ဤ၌ သွားဆဲ ပြန်ဆဲ တည့်တည့်ကြည့်ဆဲ စသော အစဉ်မှာ ဒေသနာအစဉ်မျှသာ ဖြစ်သည်၊ ဝိပဿနာ ရှုသောကာလ၌ကား ဖြစ်ပေါ်စဉ်အတိုင်းသာလျှင် ရှုအပ်၏၊ ရှုပုံအကျယ်ကို ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ (ဆဋ္ဌမှိပ်) ၁၁ဂ-(သတ္တမမှိပ်)၁၂၆-၌ ကြည့်ပါ။

၂-ဤအရာ၌ ''ရပ်တည်လျက်ရှိသော တဖက်ခြေဆီသို့ ဆွဲဆောင်လာခြင်းကို အတိဟရဏ-ဆောင်ခြင်းဟူ၍ရင်း၊ တဖက်ခြေကို ကျော်လွန်၍ ရှေ့သို့ လှမ်းခြင်းကို ဝီတိဟရဏ – ကျော်လွန်၍ ဆောင်ခြင်းဟူ၍ရင်း'' မူလဋီကာ၌ ခွဲခြားဖွင့်ပြသေး၏၊ ထို ဖွင့်ပြချက်အရဆိုလျှင် ဝီတိဟရဏ-ကျော်လွန်၍ လှမ်းခြင်းကို ခြေလှမ်းတိုင်း၌ ရနိုင်ကောင်းသောကြောင့် ထိုအဖွင့်ကသာ၍ သင့်လျော်သကဲ့သို့ ရှိ၏။

http://www.dhammadownload.com



လှန်ကဲသောအတိုင်းအရှည် ရှိကုန်၏၊အားကြီးကုန်၏၊ဆောင်ဆဲ ရှောင်ဖယ်ဆဲ တို့၌ ထိုအတူပင်တည်း။ အရှိန်လွှတ်ဆဲ၌ တေဇောနှင့် ဝါယောဟူသော ဓာတ်နှစ်ပါးတို့သည် ယုတ်ညံ့သော အတိုင်းအရှည်ရှိကုန်၏၊ နုံ့ကုန်၏၊ဤမှ တပါးသော ပထဝီ, အာပေါ ဟူသော ဓာတ်နှစ်ပါးတို့သည် လှန်ကဲသော အတိုင်းအရှည် ရှိကုန်၏၊ အားကြီးကုန်၏၊ ချထားဆဲ ဖိနင်းဆဲတို့၌ ထိုအတူပင်တည်း။ ဤသို့လျှင် ၆-ခုသော အဖို့အပိုင်းတို့ကို ပြု၍ ထို ၆-ပိုင်းတို့၏ အစွမ်းအားဖြင့် ထို **အယွယ်ရင့်ချုပ်** ရုပ်၌ လက္ခဏာသုံးပါးကို တင်၏။

အဘယ်သို့နည်းဟူမူ ? ထိုယောဂီသည် ဤသို့ ရှုဆင်ခြင်၏-ကြွဆဲ၌ ဖြစ်သော ဓာတ်တို့သည်၎င်း, ထိုဓာတ်တို့ကို မှီ၍ ဖြစ်သော ဥပါဒါရုပ်တို့သည်၎င်း ဤအလုံးစုံသော တရားတို့သည် ဆောင်ဆဲသို့ မရောက်မူ၍ ထိုကြွဆဲ၌ပင်လျှင် ချုပ်ကုန်၏၊ ထို့ကြောင့် မမြဲကုန်၊ ဆင်းရဲကုန်၏၊ အတ္တမဟုတ်ကုန်။ထို့အတူ ဆောင်ဆဲ၌ ဖြစ်သော တရားတို့သည် ရှောင်ဖယ်ဆဲသို့ မရောက်မူ၍။ ရှောင်ဖယ်ဆဲ၌ ဖြစ်သော တရားတို့သည် အရှိန်လွှတ်ဆဲသို့ မရောက်မူ၍။ အရှိန်လွှတ်ဆဲ၌ ဖြစ်သော တရားတို့သည် ချထားဆဲသို့ မရောက်မူ၍။ ချထားဆဲ၌ ဖြစ်သော တရားတို့သည် ဖိနင်းဆဲသို့ မရောက်မူ၍ ထိုချထားဆဲ၌သာလျှင် ချုပ်ကုန်၏၊ ဤသို့ ပြဆိုခဲ့သည့်အတိုင်း ထိုထို အဖို့အပိုင်း၌ ဖြစ်သော သင်္ခါရတရားတို့သည် ထိုမှ တပါးတပါးသော အဖို့အပိုင်းသို့ မရောက်မူ၍ ထိုထိုဖြစ်ရင်းဌာန မူလအဖို့ အပိုင်း၌ပင်လျှင် တပိုင်းစီ တပိုင်းစီ တစပ်စီ တစပ်စီ တကန့်စီ တကန့်စီ ဖြစ်ကုန်၍ "လောလောပူသော အိုးခင်းထဲ၌ ထည့်လိုက်သော နှမ်းတို့သည် တဖျတ်ဖျတ် မြည်ကုန်လျက် ပေါက်ကွဲ ကုန်သကဲ့သို့" ပျက်စီး သွားကုန်၏၊ ထို့ကြောင့် မမြဲကုန် ဆင်းရဲကုန်၏ အတ္တမဟုတ်ကုန်ဟု (လက္ခဏာ သုံးပါးကို တင်၏)။ ဤဆိုခဲ့သည့်အတိုင်း အပိုင်းအပိုင်း ဖြစ်ကုန်သော သင်္ခါရ တို့ကို ရှုမြင်သော ထိုယောဂီ၏ ရုပ်ကို သုံးသပ်ခြင်းသည် သိမ်မွေ့သည်၏ အဖြစ်သို့ ရောက်၏။

၇၁၁။ ထိုရုပ်ကို သုံးသပ်ခြင်း သိမ်မွေ့ပုံ၌ ဤ ဆိုလတံ့သည်ကား ဥပမာတည်း....သစ်သား မီးရှူး မြက်မီးရှူး စသည်တို့၌သာ သုံးစွဲဘူးသော အလေ့အကျင့် ရှိ၍ ဆီမီးကို မမြင်ဘူးသော ပစ္စန္တရစ် တောရွာသား တယောက်သည် မြို့သို့ရောက်လာပြီးလျှင် ဈေးအတွင်း၌ ညှိထွန်းထားသော

http://www.dhammadownload.com



ဆီမီးကိုမြင်၍ လူတယောက်ကို“အမောင် ဤသို့နှစ်လိုဘွယ်ရှိသော ဤအရာသည် အဘယ်မည်ပါသနည်း (အဘယ်သို့ ခေါ်ပါသနည်း)”ဟု မေး၏။ ထိုလူက ထိုတောရွာသားအား“ဤဆီမီး၌ နှစ်လိုဘွယ် အဘယ်မှာ ရှိပါအံ့နည်း၊ ဤဆီမီးမည်သည်မှာ ဆီကုန်ခြင်းကြောင့်ဎင်း,မီးစာကုန်ခြင်းကြောင့်ဎင်း ထိုဆီမီး၏သွားရာလမ်းသော်လည်း မထင်ရှားပဲ ဖြစ်သွားမည်”ဟု ပြန်ကြားပြောဆို၏။ထိုလူကို အခြားသော သူတယောက်က ဤသို့ဆိုပြန်၏“(မီးစာကုန် ဆီခန်းသဖြင့် ဆီမီးပျောက်ကွယ်ခြင်းဟူသော)ဤအရာသည် ရုန့်ရင်းကြမ်းတမ်းလှ၏။ ဤဆီမီးစာကို အစဉ်အတိုင်း လောင်ကျွမ်းသွားလျှင် သုံးပုံတပုံတိုင်း သုံးပုံတပုံတိုင်း၌ မီးလျှံသည် ထိုမှ တပါးတပါးသော အရပ်သို့ မရောက်မူ၍သာလျှင် ချုပ်ပျောက်သွားမည်”ဟု ဆို၏[၁]၊ ထိုလူကို အခြားသူတယောက်က ဤသို့ဆိုပြန်၏“(သုံးပုံတပုံတိုင်းမှ အခြားအရပ်သို့ မရောက်ခြင်း ဟူသော)ဤအရာသည်လည်း ရုန့်ရင်း ကြမ်းတမ်းလှသေး၏၊ ဤဆီမီးစာ၏ လက်တသစ် လက်တသစ်အရပ်၌, [၂၅၇] လက်သစ်ဝက် လက်သစ်ဝက်အရပ်၌, ချည်ချောင်းတိုင်း ချည်ချောင်းတိုင်း၌, အမျှင်တိုင်း အမျှင်တိုင်း၌ မီးလျှံသည် ထိုမှ တပါးတပါးသောအမျှင်သို့ မရောက်မူ၍သာလျှင် ချုပ်ပျောက်သွားမည်”ဟု ဆို၏[၂]။ သိမ်မွေ့သော ချည်မျှင်ကိုမူကား လွတ်၍ မီးလျှံကို ဖော်ပြပြောဆိုခြင်းငှါ မစွမ်းနိုင်တော့ချေ။ ဤကား ဥပမာတည်း။

ထိုဥပမာ၌“ဆီကုန်ခြင်းကြောင့်ဎင်း,မီးစာကုန်ခြင်းကြောင့်ဎင်း ဆီမီး၏ သွားရာလမ်းသော်လည်း မထင်ရှားပဲ ဖြစ်သွားမည်”ဟု (ဖြစ်သော)ပဌမလူ၏ အသိဉာဏ်ကဲ့သို့ အနှစ်တရာဖြင့် ပိုင်းခြားအပ်သော ရုပ်၌ အာဒါနနိက္ခေပန-ပဋိသန္ဓေစုတိဖြင့် ယောဂီ၏ လက္ခဏာသုံးပါးတင်ခြင်းကို မှတ်အပ်၏။“မီးစာ၏ သုံးပုံတပုံတိုင်း သုံးပုံတပုံတိုင်း၌ မီးလျှံသည် ထိုမှတပါးသော အရပ်သို့ မရောက်မူ၍ ချုပ်ပျောက်သွားမည်”ဟု (ဖြစ်သော)ဒုတိယလူ၏

---

၁-ဤ ဥပမာ၌ မီးစာကို သုံးပိုင်းပိုင်း၍ တပိုင်းမှ အခြားတပိုင်းသို့ မရောက်သည်ကို ဆိုလိုသည်။

၂-ဤဝါကျ၌ လူလေးယောက်တို့က ရှေးရှေးလူ၏ ဥပမာကို ပယ်ပြီးလျှင် သာ၍ သိမ်မွေ့သော ဥပမာတို့ကို အသီးအသီး ပြောဆိုပုံ အကျဉ်းချုံး၍ ပြထားသည်။

http://www.dhammadownload.com



အသိဉာဏ်ကဲ့သို့ အနှစ်တရာ၏ သုံးပုံတပုံ(၃၃-နှစ်)ဖြင့် ပိုင်းခြားအပ်သော ဝယောဝုဍ္ဎတ္ထင်္ဂမ - အယွယ်ရင့်ချုပ်ရုပ်၌ ယောဂီ၏ လက္ခဏာသုံးပါး တင်ခြင်းကို မှတ်အပ်၏။ "လက်တသစ် လက်တသစ် အရပ်၌ မီးလျှံသည် ထိုမှတပါးတပါးသော အရပ်သို့ မရောက်မူ၍သာလျှင် ချုပ်ပျောက်သွားမည်"ဟု (ဖြစ်သော)တတိယလူ၏ အသိဉာဏ်ကဲ့သို့ ၁၀-နှစ် ၅-နှစ် ၄-နှစ် ၃-နှစ် ၂-နှစ် ၁-နှစ်တို့ဖြင့် ပိုင်းခြားအပ်သောရုပ်၌ ယောဂီ၏လက္ခဏာသုံးပါး တင်ခြင်းကို မှတ်အပ်၏။ "လက်သစ်ဝက် လက်သစ်ဝက်အရပ်၌ မီးလျှံသည် ထိုမှ တပါးတပါးသော အရပ်သို့ မရောက်မူ၍သာလျှင် ချုပ်ပျောက်သွားမည်"ဟု (ဖြစ်သော)စတုတ္ထလူ၏ အသိဉာဏ်ကဲ့သို့ တဥတုတဥတု၏ အစွမ်းအားဖြင့် တနှစ်ကို သုံးပါးအပြားအားဖြင့်၎င်း, ၆-ပါး အပြားအားဖြင့်၎င်း ခွဲခြမ်းဝေဘန်၍ ၄-လ ၂-လတို့ဖြင့် ပိုင်းခြားအပ်သော ရုပ်၌ ယောဂီ၏ လက္ခဏာသုံးပါးတင်ခြင်းကို မှတ်အပ်၏။ "ချည်ချောင်းတိုင်း ချည်ချောင်းတိုင်း၌ မီးလျှံသည် ထိုမှ တပါးတပါးသော ချည်ချောင်းသို့ မရောက်မူ၍သာလျှင် ချုပ်ပျောက်သွားမည်"ဟု (ဖြစ်သော)ပဉ္စမလူ၏ အသိဉာဏ်ကဲ့သို့ လဆုတ်လဆန်း ပက္ခတို့၏ အစွမ်းအားဖြင့်၎င်း, ညဥ့်နေ့တို့၏ အစွမ်းအားဖြင့်၎င်း, တညဥ့်နှင့် တနေ့ကို ၆-ဖို့ ၆-ပိုင်းပြု၍ နံနက်ပိုင်း စသည်တို့၏ အစွမ်းအားဖြင့်၎င်း ပိုင်းခြားအပ်သော ရုပ်၌ ယောဂီ၏ လက္ခဏာသုံးပါး တင်ခြင်းကို မှတ်အပ်၏။ "အမျှင်တိုင်း အမျှင်တိုင်း၌ မီးလျှံသည် ထိုမှတပါးတပါးသော အမျှင်သို့မရောက်မူ၍သာလျှင် ချုပ်ပျောက်သွားမည်"ဟု (ဖြစ်သော)ဆဋ္ဌမလူ၏အသိဉာဏ်ကဲ့သို့ ရှေ့သို့သွားခြင်းစသည်တို့၏ အစွမ်းအားဖြင့်၎င်း, ခြေကိုကြွခြင်း စသည်တို့တွင် တခုတခုသော အဖို့အပိုင်း၏ အစွမ်းအားဖြင့်၎င်း ပိုင်းခြားအပ်သော ရုပ်၌ ယောဂီ၏ လက္ခဏာသုံးပါး တင်ခြင်းကို မှတ်အပ်၏။ ဤကား ဥပမာ ဥပမေယျ နှီးနှောပုံတည်း။ (၂)

၇၁၂။ ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း အထူးထူးသော အခြင်းအရာတို့ဖြင့် **အယွယ်ရင့်ချုပ်ရုပ်** ၌ လက္ခဏာသုံးပါးကို တင်ပြီးလျှင် တဖန် ထိုရုပ်ကိုပင်လျှင် ခွဲခြမ်း၍ **အာဟာရမယရုပ်** စသည်တို့၏ အစွမ်းအားဖြင့် လေးဖို့ပြု၍ တခုတခုသောအဖို့၌ လက္ခဏာသုံးပါးကို တင်၏၊ ထိုလေးပါးသော ရုပ်တို့တွင် **အာဟာရဖြင့် ဖြစ်သောရုပ်**သည် ထိုယောဂီအား ဆာလောင်ခြင်း အစာဝခြင်းတို့၏ အစွမ်းအားဖြင့် ထင်ရှား၏။ ထင်ရှားပုံကား-

http://www.dhammadownload.com



ဆာလောင်သောကာလ၌ ဖြစ်သောရုပ်သည် ညှိုးနွမ်း၏၊ ပင်ပန်း၏၊ မီးလောင်ငုတ်ကဲ့သို့ရင်း, မီးသွေးတောင်းထဲ၌ ဝပ်နေသော ကျီးကန်းကဲ့သို့ရင်း အဆင်းမလှ မကောင်းသော သဏ္ဌာန်ရှိ၏၊ အစာဝသော ကာလ၌ ဖြစ်သော ရုပ်သည် ပြည့်ဝ၏ စိုပြည်၏ နူးညံ့၏ ချောညက်၏ ကောင်းသော အတွေ့ရှိ၏၊ ထိုယောဂီသည် (ဆာလောင်သောကာလ, ဝသောကာလ၌ ဖြစ်သော)ထိုရုပ်ကို သိမ်းဆည်းပြီးလျှင် [၂၅၉] ဆာသောကာလ၌ ဖြစ်သောရုပ်သည် အစာဝသော ကာလသို့ မရောက်မူ၍ ဤဆာသော ကာလ၌ သာလျှင် ချုပ်၏၊ အစာဝသောကာလ၌ ဖြစ်သောရုပ်သည်လည်း ဆာသောကာလသို့ မရောက်မူ၍ ဤအစာဝသော ကာလ၌သာလျှင် ချုပ်၏၊ ထို့ကြောင့် အာဟာရဖြင့်ပြီးသော ထိုရုပ်သည် မမြဲ ဆင်းရဲ အတ္တ မဟုတ်ဟု ဤသို့ အာဟာရဖြင့် ပြီးသော ထိုရုပ်၌ လက္ခဏာသုံးပါးကို တင်၏။ (၃)

၇၁၃။ **ဥတုသမယ-ဥတုဖြင့်ပြီးသောရုပ်**သည် အအေး အပူတို့၏ အစွမ်းအားဖြင့် ထင်ရှား၏၊ ထင်ရှားပုံကား....ပူသောကာလ၌ ဖြစ်သောရုပ်သည် ညှိုးနွမ်း၏ ပင်ပန်း၏ အဆင်းမလှ၊ အေးသောဥတုကြောင့် ဖြစ်သောရုပ်သည် ပြည့်ဝ၏ စိုပြည်၏(နူးညံ့၏ ကောင်းသောအတွေ့ရှိ၏)ချောညက်၏၊ ထိုယောဂီသည်(ပူသောကာလ, အေးသောကာလတို့၌ ဖြစ်သော)ထိုရုပ်ကို သိမ်းဆည်းပြီးလျှင် ပူသောကာလ၌ ဖြစ်သောရုပ်သည် အေးသောကာလသို့မရောက်မူ၍ ဤပူသောကာလ၌သာလျှင် ချုပ်၏၊ အေးသောကာလ၌ ဖြစ်သောရုပ်သည်လည်း ပူသောကာလသို့ မရောက်မူ၍ ဤအေးသောကာလ၌သာလျှင် ချုပ်၏၊ထို့ကြောင့် ဥတုဖြင့် ပြီးသော ထိုရုပ်သည် မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု ဤသို့ ဥတုဖြင့် ပြီးသော ထိုရုပ်၌ လက္ခဏာသုံးပါးကို တင်၏။ (၄)

၇၁၄။ **ကမ္မဇ-ကံကြောင့်ဖြစ်သောရုပ်**သည် ဖဿ ဖြစ်ကြောင်း ဒွါရတို့၏ အစွမ်းအားဖြင့် ထင်ရှား၏[၁]၊ ထင်ရှားပုံကား....စက္ခုဒွါရ၌ "စက္ခုဒသက ကာယဒသက ဘာဝဒသက ကလာပ်တို့၏ အစွမ်းအားဖြင့် ကမ္မဇရုပ် ၃၀၊ ထိုကမ္မဇရုပ်တို့ကို ထောက်ပံ့သော ဥတုဇ စိတ္တဇ အာဟာရဇ

---

၁-မြင်ဆဲခဏ စသည်တို့၌ စက္ခုဒွါရစသည် ထင်ရှားသဖြင့် ထိုဒွါရတို့၌ပါဝင်သော ကမ္မဇရုပ်အပေါင်း ထင်ရှားသည်-ဟု ဆိုလိုသည်။

http://www.dhammadownload.com



ရုပ်ပေါင်း ၂၄-ပါး" ဟူသော ၅၄-ပါးသော ရုပ်တို့သည် ထင်ရှားကုန်၏၊ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရတို့၌လည်း ထို့အတူပင် ရုပ်ပေါင်း ၅၄-ပါးစီ ထင်ရှားကုန်၏။ ကာယဒွါရ၌ကား ကာယဒသက ဘာဝဒသက ကလာပ်တို့၏ အစွမ်းအားဖြင့်၎င်း, ဥတုဇအဋ္ဌက ကလာပ်စသည်တို့၏ အစွမ်းအားဖြင့်၎င်း ၄၄-ပါးသော ရုပ်တို့သည် ထင်ရှားကုန်၏။ မနောဒွါရ၌ ဟဒယဝတ္ထုဒသက ကာယဒသက ဘာဝဒသက ကလာပ်တို့၏ အစွမ်းအားဖြင့်၎င်း, ဥတုဇအဋ္ဌက ကလာပ်စသည်တို့၏ အစွမ်းအားဖြင့်၎င်း ရုပ်ပေါင်း ၅၄-ပါး ပင်လျှင် ထင်ရှားကုန်၏။

ထိုယောဂီသည် ဒွါရ ၆-ပါး၌ ထင်ရှားသော ထိုရုပ် အလုံးစုံကိုလည်း သိမ်းဆည်းပြီးလျှင် စက္ခုဒွါရ၌ ဖြစ်သောရုပ်သည် သောတဒွါရသို့ မရောက်မူ၍ ဤစက္ခုဒွါရ၌သာလျှင် ချုပ်၏ [၁]။ သောတဒွါရ၌ ဖြစ်သော ရုပ်သည် ဃာနဒွါရသို့ မရောက်မူ၍။ ဃာနဒွါရ၌ဖြစ်သော ရုပ်သည် ဇိဝှါဒွါရသို့ မရောက်မူ၍။ ဇိဝှါဒွါရ၌ ဖြစ်သော ရုပ်သည် ကာယဒွါရသို့ မရောက်မူ၍။ ကာယဒွါရ၌ ဖြစ်သော ရုပ်သည် မနောဒွါရသို့ မရောက်မူ၍ ဤကာယဒွါရ၌သာလျှင် ချုပ်၏၊ ထို့ကြောင့် ထိုကြောင့် ဖြစ်သော ထိုရုပ်သည် မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု ဤသို့ ထိုကြောင့်ဖြစ်သော ထိုရုပ်၌ လက္ခဏာ သုံးပါးကိုတင်၏။ (၅)

၇၁၅။ **စိတ္တသမုဋ္ဌာန-စိတ်ကြောင့် ဖြစ်သောရုပ်** သည် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ အစွမ်းဖြင့် ထင်ရှား၏၊ထင်ရှားပုံကား....ဝမ်းသာသော

---

၁-**စက္ခုဒွါရ၌ ဖြစ်သော ရုပ်သည်**-ဟု ဆိုသည်မှာ "မြင်ဆဲခဏ၌ ဖြစ်သော ရုပ်သည်"ဟု ဆိုလို၏၊ "**သောတဒွါရသို့ မရောက်မူ၍**"ဟု ဆိုသည်မှာ "ကြားဆဲခဏသို့ မရောက်မူ၍"ဟု ဆိုလို၏။ ပကတိပုဂ္ဂိုလ်တို့မှာ မြင်ပြီးလျှင် ကြားသောအခါ၌ မြင်စဉ်ကရုပ်သည် ကြားဆဲတိုင်အောင် ရှိမြဲ ရှိနေသည်-ဟု ထင်ကြ၏၊ ယောဂီမှာမူကား မြင်စဉ်ကရုပ်သည် ကြားဆဲသို့ မရောက်မူ၍ ထိုမြင်စဉ်၌ပင်လျှင် ချုပ်သွားသည်-ဟု ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် သိ၍ ရှု၏၊ ဤသို့ ရှုပုံကို ပြသည်။ နောက်ပုဒ်တို့၌လည်း နည်းတူပင်တည်း။ ဤ၌လည်း အစဉ်မှာ ဒေသနာအစဉ်မျှသာ ဖြစ်သည်၊ ဝိပဿနာရှုသော ယောဂီ သည်ကား ဖြစ်စဉ်အတိုင်း အပြည့်အစုံပင် ရှုအပ်၏။ ရှုပုံအကျယ်ကို ဝိပဿနာ ရှုနည်းကျမ်း ဒုတိယတွဲ (ဆဋ္ဌနိပ်) ၁၂၃(သတ္တမနိပ်)၁၃၄-၌ ကြည့်ပါ။

http://www.dhammadownload.com



အခါ၌ ဖြစ်သော ရုပ်သည် ချောညက်၏ နူးညံ့၏ စိုပြည်၏ ကောင်းသော အတွေ့ရှိ၏၊နှလုံးမသာဖြစ်သောအခါ၌ဖြစ်သောရုပ်သည် ညှိုးနွမ်း၏ပင်ပန်း၏ အဆင်းမလှ၊ ထိုယောဂီသည်(ဝမ်းသာသောအခါ,နှလုံးမသာသောအခါတို့၌ ဖြစ်သော) ထိုရုပ်ကို သိမ်းဆည်းပြီးလျှင် ဝမ်းသာသောအခါ၌ဖြစ်သော ရုပ်သည် နှလုံးမသာသော အခါသို့ မရောက်မူ၍ ဤဝမ်းသာသော အခါ၌သာလျှင်ချုပ်၏၊ နှလုံးမသာသောအခါ၌ ဖြစ်သောရုပ်သည် ဝမ်းသာသောအခါသို့ မရောက်မူ၍ ဤနှလုံးမသာသောအခါ၌ သာလျှင် ချုပ်၏၊ ထိုကြောင့်(စိတ်ကြောင့် ဖြစ်သော)ထိုရုပ်သည် မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု ဤသို့ စိတ်ကြောင့် ဖြစ်သော ထိုရုပ်၌ လက္ခဏာသုံးပါးကိုတင်၏။

[၂၆၀] ဤဆိုခဲ့သောနည်းဖြင့် စိတ္တဇရုပ်ကို သိမ်းဆည်း၍ ထိုစိတ္တဇရုပ်၌ လက္ခဏာသုံးပါးကို တင်သော ထိုယောဂီအား ဤဆိုလတ္တံ့သောအနက်သည် ထင်ရှားလေတော့၏။—

> အသက်သည်၎င်း, အတ္တဘောသည်၎င်း [၁], ချမ်းသာ ဆင်းရဲတို့သည်၎င်း(အတ္တကောင်နှင့်မစပ်ယှက်) သက်သက်သီးခြားသဘောတရားတို့သည်သာတည်း၊ စိတ်တခု တခုနှင့်သာ ယှဉ်ကုန်၏၊(၎င်းတို့၏) ဖြစ်ရာခဏသည် လျင်မြန် တိုတောင်းလှ၏။
>
> အကြင် နေဝသညာနာသညာယတန ပြဟ္မာတို့သည် ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင်ပတ်လုံး အသက်ရှင်လျက်တည်နေကုန်၏၊ ထိုပြဟ္မာတို့သည်လည်း စိတ် ၂-ခုတို့နှင့်တကွ ဖြစ်ကုန်၍ (စိတ် ၂-ကြိမ်ခန့်ကြာအောင် အသက်ရှင်ကုန်သည်ဖြစ်၍) တည်နေကြသည် မဟုတ်ကုန်။
>
> သေသောသူ၏ ချုပ်သွားလေသော ခန္ဓာတို့သည်၎င်း, ဤလောက၌ အသက်ရှင်လျက် တည်ဆဲပုဂ္ဂိုလ်၏ ချုပ်သွားသော ခန္ဓာတို့သည်၎င်း အလုံးစုံသော ထိုခန္ဓာ ၂-မျိုးတို့သည် (ချုပ်ပျက်ပုံချင်း) တူညီကုန်၏၊ တဖန် ပြန်၍စပ်ခြင်း မရှိကုန်ပဲ ချုပ်ပျောက်သွားလေကုန်သည်ချည်းသာတည်း။

---

၁-အသက် ချမ်းသာ ဆင်းရဲနှင့် စိတ်တို့မှကြွင်းသော ရုပ် နာမ် တရားအပေါင်းကို အတ္တဘော-ဟု ဆိုသည်။

http://www.dhammadownload.com



အတိတ်အခြားမဲ့၌ ပျက်သွား ပြီးသောခန္ဓာတို့၏ရင်း [၁], အနာဂတ် အခြားမဲ့၌ ပျက်လတံ့သော ခန္ဓာတို့၏ရင်း [၁] ထိုအတိတ် အနာဂတ် ခန္ဓာတို့၏ အလယ်ကြား၌ ချုပ်ပျက်ဆဲ ပစ္စုပ္ပန်ခန္ဓာတို့၏ရင်း ချုပ်ခြင်းလက္ခဏာအားဖြင့် မတူညီခြင်း ကွဲပြားခြင်း မည်သည် မရှိချေ။

သတ္တဝါသည် မဖြစ်ပေါ်လာသေးသော အနာဂတ်စိတ်ဖြင့် ဖြစ်နေသည် (အသက်ရှင်နေသည်) မဟုတ်ပေ၊ ဖြစ်ဆဲ ပစ္စုပ္ပန် စိတ်ဖြင့် သာလျှင် အသက်ရှင်လျက် ရှိပေ၏၊ စိတ်၏ ချုပ်ပျက်ခြင်းကြောင့် (စိတ်ချုပ်ပျက်လျှင်) သတ္တဝါသည် သေသည်သာမည်၏၊ (သို့သော် တိဿသည် အသက်ရှင်လျက်ရှိ၏-ဤသို့ စသည်ဖြင့် ပြောဆိုအပ်သော) သန္တာန်ပညတ်သည် (ဖြစ်ဆဲစိတ်ကို စွဲ၍ ပြောဆိုသောကြောင့်) ပရမတ္ထသဖွယ် ဖြစ်ပေ၏။

ချုပ်ပျက်လေပြီးသော ခန္ဓာတို့သည် သိုမှီးသိမ်းဆည်း အပ်သည်၏ အဖြစ်သို့ မရောက်ကုန်၊ (မည်သည့် အရပ်၌မျှ စုဝေးလျက် တည်ရှိနေကြသည် မဟုတ်ကုန်)၊ အနာဂတ်အဖို့၌ (ဖြစ်လတံ့ ခန္ဓာတို့၏)ဖြစ်ရန် အသင့် အစုအပုံ မည်သည် မရှိချေ၊ ဖြစ်ဆဲ ခန္ဓာတို့သည်လည်း အပ်နဖားတွင်း စူးချွန်ဖျား၌ (တင်ထားလိုက်သော) မုန်ညင်းစေ့ပမာ (ပျက်လုနီးဖြစ်လျက်) တည်ရှာကုန်၏။

ဖြစ်ပြီးသော ထိုတရားတို့သည် [၂] ပျက်ခြင်းကို ရှေးရှုပြုလျက်ရှိကုန်၏၊ ထိုပစ္စုပ္ပန်တရားတို့သည် အဟောင်း အတိတ်တရားတို့နှင့် မရောနှောကုန်ပဲ ပျက်ခြင်းသဘောရှိကုန်လျက် တည်ကြကုန်၏။

---

၁-ဤ၌မြန်မာစကား အနက်အဓိပ္ပါယ် ချောစေရန် ပါဠိဝိဘတ်နောက်သို့ မလိုက်မူ၍ အတိုချုပ် ပြန်ထားသည်။ ဝိဘတ်နောက်သို့ လိုက်၍ ပြန်လျှင် "အတိတ် အခြားမဲ့၌ ပျက်လေကုန်ပြီးသော အကြင် ခန္ဓာတို့သည် ရှိကုန်၏၊ ထိုခန္ဓာတို့၏ရင်း, အနာဂတ်အခြားမဲ့၌ ပျက်ကုန်လတံ့သော အကြင် ခန္ဓာတို့သည် ရှိကုန်၏၊ ထို ခန္ဓာတို့၏ရင်း"ဟူ၍ ဖြစ်သည်။

၂-"ဖြစ်ပြီးသော ထိုတရားတို့"ဟူသည်ကား ဌီခဏသို့ ရောက်ဆဲဖြစ်သော တရားတို့ပင် ဖြစ်သည်။

http://www.dhammadownload.com



သင်္ခါရတရားတို့သည် မမြင်ရသည့် (မရှိသေးသည့်) အဖို့မှ ဖြစ်ပေါ်လာကုန်၏၊ ချုပ်ပျက် သွားသော သင်္ခါရတို့သည်လည်း မမြင်ရခြင်း (မရှိခြင်း)သို့ ရောက်သွားကုန်၏၊ သင်္ခါရ တရားတို့သည် ကောင်းကင်၌ (ဖြစ်ပေါ်ပြီးလျှင် ပျောက်သွားသော) လျှပ်စစ်ရောင်ကဲ့သို့ အသစ်လည်း ဖြစ်ပေါ်လာကုန်၏၊ ကွယ်ပျောက်လည်း ကွယ်ပျောက်သွားကုန်၏-ဟူသော—

ဤအနက် ထင်ရှားလေတော့၏။

၇၁၆။ ဤဆိုခဲ့သည့် အတိုင်း **အာဟာရမယရုပ်** စသည်တို့၌ လက္ခဏာသုံးပါးကို တင်ပြီးလျှင် တဖန် **ဓမ္မတာရုပ်**၌ လက္ခဏာသုံးပါးကို တင်၏။ **ဓမ္မတာရုပ်** မည်သည်ကား (သတ္တဝါ၏ သန္တာန်မှ) အပဖြစ်သော ဣန္ဒြေတို့နှင့် မစပ်သော (ရုပ်တည်း) သံ ကြေး သလွဲဖြူ (ဗင်) သလွဲမည်း (ခဲ) ရွှေ ငွေ ပုလဲ ပတ္တမြား ကြောင်မျက်ရွဲ ခရုသင်း သလင်း သန္တာ ပတ္တမြားနီ ပတ္တမြားပြောက် မြေ ကျောက် တောင် မြက်ပင် သစ်ပင် နွယ်ပင် စသည် အပြားရှိသော ကမ္ဘာဦးမှစ၍ ဖြစ်ပေါ်လျက် ရှိသော ရုပ်တည်း။ ထိုဓမ္မတာရုပ်သည် ထိုယောဂီအား သော်ကညွန့် စသည်တို့၏ အစွမ်းအားဖြင့် ထင်ရှား၏။

ထင်ရှားပုံကား.... သော်ကညွန့်သည် အစပဌမကပင်လျှင် အနီနုရောင် အဆင်းရှိ၏၊ ထို့နောင် ၂-ရက် ၃-ရက် လွန်သောအခါ တခဲနက် နီသော အဆင်းရှိ၏၊ တဖန် ၂-ရက် ၃-ရက် လွန်သောအခါ အနီရောင်ပြော့၏၊ ထို့နောင် နုသော ရွက်နု အဆင်းရှိ၏၊ [၂၆၁] ထို့နောင် ရင့်သော ရွက်နုအဆင်းရှိ၏၊ ထို့နောင် စိမ်းသော သစ်ရွက် အဆင်းရှိ၏၊ ထို့နောင် ညိုသော သစ်ရွက် အဆင်းရှိ၏၊ ထိုညိုသော သစ်ရွက် အဆင်းရှိသော ကာလမှစ၍ သဘောတူသော ရုပ်အစဉ်ကို မပြတ်ဆက်စပ်စေလျက် တနှစ်မျှဖြင့် ဖက်ရွက်ရော်ဖြစ်ပြီးလျှင် အညှာမှ ပြုတ်၍ ကြွေကျ၏။

ထိုယောဂီသည် ထိုသော်ကညွန့်ရုပ်ကို သိမ်းဆည်းပြီးလျှင် အနီနုရောင် အဆင်းရှိသော ကာလ၌ ဖြစ်သောရုပ်သည် တခဲနက် အနီရောင် အဆင်းရှိသော ကာလသို့ မရောက်မူ၍ ချုပ်၏၊ တခဲနက် အနီရောင်အဆင်းရှိသော ကာလ၌ ဖြစ်သော ရုပ်သည် အနီရောင်ပြော့သော ကာလသို့။ အနီရောင်

http://www.dhammadownload.com



ပြေ့သောကာလ၌ ဖြစ်သော ရုပ်သည် နုသောရွက်နုအဆင်းရှိသောကာလသို့။ နုသောရွက်နုအဆင်းရှိသော ကာလ၌ဖြစ်သော ရုပ်သည် ရင့်သော ရွက်နုအဆင်းရှိသော ကာလသို့။ ရင့်သော ရွက်နုအဆင်းရှိသော ကာလ၌ ဖြစ်သောရုပ်သည် စိမ်းသော သစ်ရွက်အဆင်းရှိသော ကာလသို့။စိမ်းသော သစ်ရွက်အဆင်း ရှိသော ကာလ၌ ဖြစ်သော ရုပ်သည် ညိုသော သစ်ရွက် အဆင်းရှိသော ကာလသို့။ ညိုသောသစ်ရွက် အဆင်းရှိသော ကာလ၌ ဖြစ်သော ရုပ်သည် ဖက်ရွက်ရော်ကာလသို့။ ဖက်ရွက်ရော်ကာလ၌ ဖြစ်သော ရုပ်သည် အညှာမှပြုတ်၍ ကြွေကျသော ကာလသို့ မရောက်မူ၍သာလျှင် ချုပ်၏၊ ထို့ကြောင့် ထိုသော်ကညွန့်ရုပ်သည် မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု လက္ခဏာသုံးပါးကို တင်၏။ ဤသို့ ထိုသော်ကညွန့်ရုပ်၌ လက္ခဏာသုံးပါးကို တင်ပြီးလျှင် ဤနည်းဖြင့် အလုံးစုံသော ဓမ္မတာရုပ်ကိုလည်း သုံးသပ်ဆင်ခြင်၏။ (၇)

ဤသို့လျှင် **ရူပသတ္တက–ရုပ် ၇-မျိုး၏** အစွမ်းအားဖြင့် လက္ခဏာသုံးပါးကို တင်၍ သင်္ခါရတို့ကို သုံးသပ်၏။

## နာမ်သုံးသပ်ပုံ ၇-မျိုးကို ပြဆိုချက်

၇၁၇။ **အရူပသတ္တက နာမ် ၇-မျိုး၏** အစွမ်းအားဖြင့် (သုံးသပ်၏) ဟူ၍ ဆိုခဲ့သော စကား၌ ဤဆိုလတ္တံ့သည်ကား ခေါင်းစဉ်မာတိကာတည်း။ (၁) **ကလာပ**- အပေါင်းလိုက် အားဖြင့်၎င်း၊ (၂) **ယမက** - အစုံအားဖြင့်၎င်း၊ (၃) **ခဏိက** - ခဏမျှတည်သော အားဖြင့်၎င်း၊ (၄) **ပဋိပါဋိ**- အစဉ်အတန်းအားဖြင့်၎င်း၊ (၅) **ဒိဋ္ဌိဥဂ္ဃါဋန** - ဒိဋ္ဌိကို ခွါသောအားဖြင့်၎င်း၊ (၆) **မာနသမုဂ္ဃါဋန** - မာနကို အကြွင်းမဲ့ ခွါသော အားဖြင့်၎င်း၊ (၇) **နိကန္တိပရိယာဒါန** - ငြိကပ်သော တဏှာကို ကုန်စေသောအားဖြင့်၎င်း၊ ဤကား မာတိကာတည်း။

ထို ၇-ပါးတို့တွင် **ကလာပ - အပေါင်းလိုက်အားဖြင့်** - ဟူရာ၌ (အပေါင်း ဟူသည်မှာ) ဖဿပဉ္စမက - ဖဿလျှင် ၅-ခုမြောက်ရှိသော တရားတို့တည်း။ အပေါင်းလိုက်အားဖြင့် အဘယ်သို့ သုံးသပ်သနည်း ဟူမူ? ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ရှုဆင်ခြင်၏....“ဆံပင်တို့သည် မမြဲကုန် ဆင်းရဲကုန်၏ အတ္တမဟုတ်ကုန်”ဟု သုံးသပ်ရာ၌ ဖြစ်ပေါ်ကုန်သော ဖဿလျှင်

http://www.dhammadownload.com



၅-ခုမြောက်ရှိသော တရားတို့သည်ငှင်း၊မွေးညှင်းတို့သည်။ ပ ။ဦးနှောက်သည် မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု သုံးသပ်ရာ၌ ဖြစ်ပေါ် ကုန်သော ဖဿလျှင် ၅-ခု မြောက် ရှိသော တရားတို့သည်ငှင်း ထိုအလုံးစုံသော သုံးသပ်မှု (ဖဿ ပဥ္စမက) နာမ် တရားတို့သည် ထိုမှ တပါးတပါးသော အဖို့သို့ မရောက် ကုန်မူ၍[၁] အပိုင်းအပိုင်း အကန့်အကန့် ဖြစ်ကုန်လျက် "လောလောပူသော အိုးကင်းထဲ၌ ထည့်လိုက်သောနှမ်းတို့သည် တဖျတ်ဖျတ် မြည်ကုန်လျက် ကွဲပျက်သွားကုန်သကဲ့သို့" ပျက်လေကုန်၏၊ ထို့ကြောင့် မမြဲကုန် ဆင်းရဲ ကုန်၏ အတ္တမဟုတ်ကုန်ဟု သုံးသပ်၏၊ ဤသည်ကား **ဝိသုဒ္ဓိကထာ**၌ ပြဆို ထားသော နည်းတည်း။

**အရိယဝံသကထာ** ၌ကား "**ရူပသတ္တက** ဝယ် ၇-ပါးသော ဌာနတို့၌ ရုပ်သည် မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု သုံးသပ်လျက် ဖြစ်သော စိတ်ကို တပါး သော နောက်စိတ်ဖြင့် မမြဲ ဆင်းရဲ အတ္တမဟုတ်ဟု သုံးသပ်သည်ရှိသော် [၂၆၂] **ကလာပ**- အပေါင်းလိုက် အားဖြင့် သုံးသပ်သည်မည်၏" ဟု မိန့်ဆို လေသည်၊ ထိုစကားသည် သာ၍သင့်မြတ်ပေ၏။ ထို့ကြောင့် ကြွင်းသော သုံးသပ်ပုံတို့ကိုလည်း ထိုအရိယဝံသကထာ နည်းဖြင့်ပင်လျှင် ဝေဘန်၍ ပြကုန်အံ့။ (၁)

၇၁၈။ **ယမက-အစုံအားဖြင့်**ဟူသည်ကား ဤသာသနာတော်၌ ရဟန်း သည် အာဒါနနိက္ခေပ-ပဋိသန္ဓေစုတိဖြင့် ပိုင်းခြားသော ရုပ်ကို "မမြဲ ဆင်းရဲ အတ္တမဟုတ်" ဟု သုံးသပ်ပြီးလျှင် ထိုသုံးသပ်သော စိတ်ကိုလည်း တပါးသော နောက်စိတ်ဖြင့် "မမြဲ ဆင်းရဲ အတ္တမဟုတ်" ဟု သုံးသပ်၏၊ **ဝယောဝုဍ္ဎတ္ထင်္ဂမ**- အယွယ်ရင့်ချုပ်ရုပ်ကို။ **အာဟာရမယ** - အာဟာရဖြင့် ပြီးသော ရုပ်ကို။ **ဥတုမယ**- ဥတုဖြင့်ပြီးသောရုပ်ကို။ **ကမ္မဇ**- ကံကြောင့်ဖြစ်သော ရုပ်ကို။ **စိတ္တသမုဋ္ဌာန်** - စိတ်ကြောင့်ဖြစ်သော ရုပ်ကို။ **ဓမ္မတာ**ရုပ်ကို "မမြဲ ဆင်းရဲ အတ္တမဟုတ်" ဟု သုံးသပ်ပြီးလျှင် ထိုသုံးသပ်သော စိတ်ကိုလည်း တပါးသော

---

၁-ဆံပင်ကိုရှုသော နာမ်တရားတို့သည် မွေးညှင်းကို ရှုဆဲသို့ မရောက်၊ မွေးညှင်း ကို ရှုသော နာမ်တရားတို့သည် ခြေသည်း လက်သည်းကို ရှုဆဲသို့ မရောက်- ဤသို့ စသည်ဖြင့် တပါးတပါးသော အဖို့မှ အခြား တပါးတပါးသော အဖို့သို့ မရောက်ကုန်မူ၍-ဟု ဆိုလိုသည်။

http://www.dhammadownload.com



နောက်စိတ်ဖြင့် "မမြဲ ဆင်းရဲ အတ္တမဟုတ်"ဟု သုံးသပ်၏၊ ဤသို့ သုံးသပ်သည်ရှိသော် **အစုံအားဖြင့်သုံးသပ်သည်**မည်၏။ [၁] (၂)

၇၁၉။ **ခဏိက-ခဏမျှတည်သောအားဖြင့်** ဟူသည်ကား ဤသာသနာတော်၌ ရဟန်းသည် ပဋိသန္ဓေစုတိဖြင့် ပိုင်းခြားသော ရုပ်ကို "မမြဲ ဆင်းရဲ အတ္တမဟုတ်"ဟု သုံးသပ်ပြီးလျှင် ထိုသုံးသပ်သော ပဌမစိတ်ကို ဒုတိယစိတ်ဖြင့်, ဒုတိယစိတ်ကို တတိယစိတ်ဖြင့်, တတိယစိတ်ကို စတုတ္ထစိတ်ဖြင့်, စတုတ္ထစိတ်ကို ပဥ္စမစိတ်ဖြင့် "ဤစိတ်သည်လည်း မမြဲ ဆင်းရဲ အတ္တမဟုတ်" ဟု သုံးသပ်၏။ အယ္ယယ်ရင့်ချုပ် ရုပ်ကို။ အာဟာရဖြင့် ပြီးသော ရုပ်ကို။ ဥတုဖြင့် ပြီးသော ရုပ်ကို။ ကံကြောင့် ဖြစ်သောရုပ်ကို။ စိတ်ကြောင့် ဖြစ်သောရုပ်ကို။ ဓမ္မတာရုပ်ကို "မမြဲ ဆင်းရဲ အတ္တမဟုတ်"ဟု သုံးသပ်ပြီးလျှင် ထိုသုံးသပ်သော ပဌမစိတ်ကို ဒုတိယစိတ်ဖြင့်, ဒုတိယစိတ်ကို တတိယစိတ်ဖြင့်, တတိယစိတ်ကို စတုတ္ထစိတ်ဖြင့်, စတုတ္ထစိတ်ကို ပဥ္စမစိတ်ဖြင့် "ဤစိတ်သည်လည်း မမြဲ ဆင်းရဲ အတ္တမဟုတ်"ဟု သုံးသပ်၏။ ဤသို့ ရုပ်ကို သိမ်းဆည်းသော စိတ်မှစ၍ လေးကြိမ် လေးကြိမ်သော စိတ်တို့ကို သုံးသပ်သည်ရှိသော် (ဝါ-သုံးသပ်သောသူသည်) **ခဏမျှတည်သောအားဖြင့် သုံးသပ်သည်** မည်၏။ (၃)

၇၂၀။ **ပဋိပါဋိ-အစဉ်အတန်းအားဖြင့်** ဟူသည်ကား ပဋိသန္ဓေ စုတိဖြင့် ပိုင်းခြားသောရုပ်ကို "မမြဲ ဆင်းရဲ အတ္တမဟုတ်"ဟု သုံးသပ် ပြီးလျှင် ထိုသုံးသပ်သော ပဌမစိတ်ကို ဒုတိယစိတ်ဖြင့်, ဒုတိယစိတ်ကို တတိယစိတ်ဖြင့်, တတိယစိတ်ကို စတုတ္ထစိတ်ဖြင့်။ပ။ ဒသမ - ဆယ်ခုမြောက် စိတ်ကို

---

၁-**ကလာပ**—အပေါင်းလိုက် **အားဖြင့်** သုံးသပ်ပုံနှင့် **ယမက**—အစုံအားဖြင့် သုံးသပ်ပုံ—ဤ နှစ်မျိုးတို့သည် တူသကဲ့သို့ ရှိကုန်၏။ ဖဿ ဝေဒနာ အစရှိသော တခုခုသော **တရားကို**မျှ ထင်ရှားစွာ မရှုမိပဲ ဖဿပဥ္စမကတရားအပေါင်းကို အပေါင်းလိုက်အားဖြင့် ရှုခြင်းသည် **ကလာပ** အားဖြင့် သုံးသပ်သည် မည်၏။ ဖဿ ဝေဒနာ အစရှိသော တခုခုသော တရားကို ထင်ရှားသိ၍ ၎င်းကို ပဓာနပြုသဖြင့် ရှုခြင်းသည် **ယမက** အားဖြင့် သုံးသပ်သည် မည်၏-ဟု ဤသို့ ခွဲခြားယူသင့်၏။ ထို့ကြောင့်ပင် ယမက အားဖြင့် သုံးသပ်ပုံကို ပြရာ၌ "ထိုသုံးသပ်သော စိတ်ကိုလည်း တပါးသော နောက်စိတ်ဖြင့် သုံးသပ်၏"-ဟု စိတ်ကို ပဓာနပြု၍ ပြဆိုထားပေသည်။

http://www.dhammadownload.com



ကောဒသမ တဆယ့် တခုမြောက် စိတ်ဖြင့် "ဤစိတ်သည်လည်း မမြဲ ဆင်းရဲ အတ္တမဟုတ်" ဟု သုံးသပ်၏။ အယ္ယယ်ရင့်ချုပ်ရုပ်ကို။ အာဟာရဖြင့် ပြီးသောရုပ်ကို။ ဥတုဖြင့် ပြီးသောရုပ်ကို။ ကံကြောင့်ဖြစ်သောရုပ်ကို။ စိတ်ကြောင့် ဖြစ်သောရုပ်ကို။ ဓမ္မတာရုပ်ကို "မမြဲ ဆင်းရဲ အတ္တမဟုတ်" ဟု သုံးသပ်ပြီးလျှင် ထိုသုံးသပ်သော ပဌမစိတ်ကို ဒုတိယစိတ်ဖြင့်, ဒုတိယစိတ်ကို တတိယစိတ်ဖြင့်, တတိယစိတ်ကို စတုတ္ထစိတ်ဖြင့်။ပ။ ဒသမစိတ်ကို ကောဒသမစိတ်ဖြင့် "ဤစိတ်သည်လည်း မမြဲ ဆင်းရဲ အတ္တမဟုတ်" ဟုသုံးသပ်၏။ ဤသို့ ဝိပဿနာ အဆက်ဆက်ဖြင့် တနေ့လုံးသော်လည်း သုံးသပ်ခြင်းငှါ ဖြစ်နိုင်ပေ၏၊ သို့သော်လည်း ဆယ်ခုမြောက်စိတ်ကို သုံးသပ်သည်တိုင်အောင် (သုံးသပ်ခြင်းဖြင့်) ရုပ်ကမ္မဋ္ဌာန်းသည်လည်း ကျေပြွန်စွာဖြစ်၏၊ နာမ်ကမ္မဋ္ဌာန်းသည်လည်း ကျေပြွန်စွာဖြစ်၏၊ ထို့ကြောင့် ဆယ်ခုမြောက်စိတ်၌ သာလျှင် (သုံးသပ်မှုကို) ရပ်တန့်ထားအပ်၏ ဟူ၍ (အရိယဝံသကထာ၌) မိန့်ဆိုလေသည်။ ဤသို့ သုံးသပ်သည်ရှိသော် (ဝါ-သုံးသပ်သောသူသည်) **အစဉ်အတန်းအားဖြင့် သုံးသပ်သည်** မည်၏။

၇၂၁။ ဒိဋ္ဌိဥဂ္ဃါဋနအားဖြင့်, မာနသမုဂ္ဃါဋနအားဖြင့်, နိကန္တိပရိယာဒါန အားဖြင့်-ဟူသော ဤသုံးမျိုးသော ခေါင်းစဉ်တို့၌ အသီးအခြား သုံးသပ်နည်းမည်သည် မရှိပေ။ [၂၆၃] အောက်ပိုင်း ရူပသတ္တက၌ အကြင်ရုပ်ကို သိမ်းဆည်းခဲ့၏၊ ဤနာမသတ္တက၌လည်း အကြင်နာမ်ကို သိမ်းဆည်းခဲ့၏၊ ထိုရုပ်နာမ်နှစ်ပါးကို ရှုမြင်သော ယောဂီသည် ရုပ်နာမ်ထက်အလွန် (ရုပ်နာမ်မှလွဲ၍)အခြားတပါးသော သတ္တဝါမည်သည်ကို မမြင်တော့ချေ၊ သတ္တဝါကို မမြင်သည်မှ စ၍ သတ္တဝါ ဟူသော အမှတ်သညာကို ပယ်ခွါပြီး ဖြစ်လေ၏၊ သတ္တဝါ ဟူသော အမှတ်သညာကို ပယ်ခွါသော စိတ်ဖြင့် သင်္ခါရတို့ကို သိမ်းဆည်းသော ယောဂီအား (သတ္တဝါဟု ယူဆသော) ဒိဋ္ဌိသည် မဖြစ်၊ ဒိဋ္ဌိမဖြစ်လျှင် ဒိဋ္ဌိကို ပယ်ခွါ(အပ်)ပြီးသည် မည်၏။ ဒိဋ္ဌိကို ပယ်ခွါသောစိတ်ဖြင့် သင်္ခါရတို့ကို သိမ်းဆည်းသော ယောဂီအား မာနသည် မဖြစ်၊ မာနမဖြစ်လျှင် မာနကို အကြွင်းမဲ့ ပယ်ခွါ(အပ်)ပြီးသည်မည်၏။ မာနကို အကြွင်းမဲ့ပယ်ခွါသောစိတ်ဖြင့် သင်္ခါရတို့ကို သိမ်းဆည်းသော ယောဂီအား တဏှာသည် မဖြစ်၊ တဏှာ မဖြစ်လျှင် ငြိကပ်သော တဏှာကို ကုန်စေပြီးသည် မည်၏-ဟူ၍ ဤစကားကို **ဝိသုဒ္ဓိကထာ**၌ မိန့်ဆိုလေသည်။

http://www.dhammadownload.com



**အရိယဝံသကထာ၌** ကား "ဒိဋ္ဌိဥဂ္ဃါဋနအားဖြင့်, မာနသမုဂ္ဃါဋနအားဖြင့်, နိကန္တိပရိယာဒါနအားဖြင့်" ဟူ၍ မာတိကာကို ထားပြီးလျှင် ဤဆိုလတ္တံ့သော နည်းကို ပြထားလေသည်။

"ငါ ဝိပဿနာရှု၏၊ငါ၏ ဝိပဿနာရှုမှု (ငါ၏ ဝိပဿနာ)" ဟူ၍ ယူသော ယောဂီအား ဒိဋ္ဌိကို ပယ်ခွါခြင်း မည်သည် မဖြစ်သေး၊ စင်စစ်သော်ကား "သင်္ခါရတို့သည်သာလျှင် သင်္ခါရတို့ကို ရှုကုန်၏ သုံးသပ်ကုန်၏ ဆုံးဖြတ်ကုန်၏ သိမ်းဆည်းကုန်၏ ပိုင်းခြားကုန်၏" ဟူ၍ယူသော ယောဂီအား ဒိဋ္ဌိကို ပယ်ခွါခြင်းမည်သည် ဖြစ်ပေ၏။

"ငါ ကောင်းစွာ ရှု၏၊ နှစ်လိုဖွယ် ရှု၏" ဟူ၍ ယူသော ယောဂီအား မာနကို အကြွင်းမဲ့ပယ်ခွါခြင်းမည်သည်မဖြစ်သေး၊ စင်စစ်သော်ကား "သင်္ခါရတို့သည်သာလျှင် သင်္ခါရတို့ကို ရှုကုန်၏ သုံးသပ်ကုန်၏ ဆုံးဖြတ်ကုန်၏ သိမ်းဆည်းကုန်၏ ပိုင်းခြားကုန်၏" ဟူ၍ ယူသော ယောဂီအား မာနကို အကြွင်းမဲ့ ပယ်ခွါခြင်း မည်သည် ဖြစ်ပေ၏။

"(ငါသည်)ဝိပဿနာ ရှုခြင်းငှါ စွမ်းနိုင်၏" ဟု ဝိပဿနာရှုခြင်းကို သာယာသော ယောဂီအား ငြိကပ်သောတဏှာကို ကုန်စေခြင်း မည်သည် မဖြစ်သေး၊ စင်စစ်သော်ကား "သင်္ခါရတို့သည်သာလျှင် သင်္ခါရတို့ကို ရှုကုန်၏ သုံးသပ်ကုန်၏ ဆုံးဖြတ်ကုန်၏ သိမ်းဆည်းကုန်၏ ပိုင်းခြားကုန်၏" ဟူ၍ ယူသော ယောဂီအား ငြိကပ်သောတဏှာကို ကုန်စေခြင်းမည်သည် ဖြစ်ပေ၏။

အကယ်၍ သင်္ခါရတို့သည် အတ္တကောင် ဟုတ်ကုန်ငြားအံ့၊အတ္တကောင်ဟု ယူရန် သင့်ကုန်ရာ၏၊စင်စစ်သော်ကား အတ္တကောင်မဟုတ်ပါပဲ အတ္တကောင်ဟု ယူထား(အပ်)ကုန်၏၊ ထို့ကြောင့် ထိုသင်္ခါရတို့သည် အလိုအတိုင်း မဖြစ်ခြင်း အနက်သဘောကြောင့် အတ္တမဟုတ်ကုန်၊ ဖြစ်ပေါ်လာပြီးလျှင် မရှိခြင်း-ကွယ်ပျောက်သွားခြင်း အနက်သဘောကြောင့် မမြဲကုန်၊ ဖြစ်ခြင်း ပျက်ခြင်းက မပြတ်နှိပ်စက်ခြင်း အနက်သဘောကြောင့် ဆင်းရဲကုန်၏-ဟု ရှုမြင်သော ယောဂီအား ဒိဋ္ဌိကို ပယ်ခွါခြင်းမည်သည် ဖြစ်ပေ၏။

အကယ်၍ သင်္ခါရတို့သည် မြဲသည် ဟုတ်ကုန်ငြားအံ့၊ မြဲသည်ဟူ၍ယူရန် သင့်ကုန်ရာ၏၊ စင်စစ်သော်ကား မမြဲပါပဲ မြဲသည်ဟု ယူထား(အပ်)ကုန်၏၊ ထို့ကြောင့် ထိုသင်္ခါရတို့သည် ဖြစ်ပေါ်ပြီးလျှင် မရှိခြင်းအနက်သဘော

http://www.dhammadownload.com



ကြောင့် မမြဲကုန်၊ ဖြစ်ခြင်း ပျက်ခြင်းက မပြတ်နှိပ်စက်ခြင်း အနက်သဘော ကြောင့် ဆင်းရဲကုန်၏၊ အလိုအတိုင်း မဖြစ်ခြင်း အနက်သဘောကြောင့် အတ္တမဟုတ်ကုန်ဟု ရှုမြင်သောယောဂီအား မာနကို အကြွင်းမဲ့ ခွါခြင်း မည်သည် ဖြစ်ပေ၏။

[၂၆၄] အကယ်၍ သင်္ခါရတို့သည် ချမ်းသာတို့ ဟုတ်ကုန်ငြားအံ့၊ ချမ်းသာတို့ ဟူ၍ ယူရန် သင့်ကုန်ရာ၏၊ စင်စစ်သော်ကား ဆင်းရဲတို့သာ ဖြစ်ပါကုန်လျက် ချမ်းသာတို့ ဟူ၍ ယူထား (အပ်)ကုန်၏။ ထို့ကြောင့် ထိုသင်္ခါရတို့သည် ဖြစ်ခြင်းပျက်ခြင်းက မပြတ်နှိပ်စက်ခြင်း အနက်သဘော ကြောင့် ဆင်းရဲကုန်၏၊ဖြစ်ပေါ်လာပြီးလျှင် မရှိခြင်းအနက်သဘောကြောင့် မမြဲကုန်၊ အလိုအတိုင်း မဖြစ်ခြင်း အနက်သဘောကြောင့် အတ္တ မဟုတ်ကုန် ဟု ရှုမြင်သော ယောဂီအား ငြိကပ်သောတဏှာကို ကုန်စေခြင်းမည်သည် ဖြစ်ပေ၏။

ဤဆိုခဲ့သည့်အတိုင်း သင်္ခါရတို့ကို အတ္တမဟုတ်ဟု ရှုမြင်သော ယောဂီ အား ဒိဋ္ဌိကို ပယ်ခွါခြင်းမည်သည် ဖြစ်ပေ၏၊မမြဲဟု ရှုမြင်သော ယောဂီအား မာနကို အကြွင်းမဲ့ ပယ်ခွါခြင်း မည်သည် ဖြစ်ပေ၏၊ ဆင်းရဲဟု ရှုမြင်သော ယောဂီအား ငြိကပ်သောတဏှာဟူသော နိကန္တိကို ကုန်စေခြင်းမည်သည် ဖြစ်ပေ၏။ ဤသို့လျှင် ဤဝိပဿနာသည် မိမိ မိမိ၏ အရာဌာန၌ သာလျှင် တည်ပေ၏-ဟု (အရိယဝံသကထာ၌) ပြဆိုလေသည်။ (၅-၆-၇)

ဤသို့ **နာမ်သုံးသပ်ပုံ ၇-မျိုး**၏အစွမ်းအားဖြင့် လက္ခဏာသုံးပါးကို တင်၍ သင်္ခါရတို့ကို သုံးသပ်၏။ ဤမျှသော သုံးသပ်ခြင်းဖြင့် ထိုယောဂီအား ရုပ်ကမ္မဋ္ဌာန်းသည်လည်း ကျေပြွန်စွာဖြစ်၏၊ နာမ်ကမ္မဋ္ဌာန်းသည်လည်း ကျေပြွန်စွာ ဖြစ်၏။

## မဟာဝိပဿနာတစိတ်တဒေသရပုံကို ပြဆိုချက်

၇၂၂။ ဤဆိုခဲ့သည့်အတိုင်း လေ့လာကျေပြွန်သော ရုပ်ကမ္မဋ္ဌာန်း နာမ် ကမ္မဋ္ဌာန်းရှိသော ထိုယောဂီသည် အထက် ဘင်္ဂါနုပဿနာ (ဘင်ဉာဏ်) မှစ၍ ပဟာနပရိညာ၏အစွမ်းအားဖြင့် ခပ်သိမ်းသောအခြင်းအရာအားဖြင့်

http://www.dhammadownload.com



ရောက်အပ်ရအပ်ကုန်သော တဆယ့်ရှစ်ပါးသော မဟာဝိပဿနာ[၁]တို့တွင် တစိတ်တပိုင်းကို ဤတီရဏပရိညာ၌ပင်လျှင် ထိုးထွင်းလျက် ရသည်ဖြစ်၍ ထို(ရသော)ဝိပဿနာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့ကို ပယ်၏။

တဆယ့် ရှစ်ပါးသော **မဟာဝိပဿနာ**တို့ မည်သည်ကား[၁] အနိစ္စာနုပဿနာ အစရှိသော ပညာတို့တည်း၊ ယင်းပညာတို့တွင်-

(၁) မမြဲဟု ရှုသော **အနိစ္စာနုပဿနာ**ဉာဏ်ကို ပွါးစေသည်ရှိသော် (ပွါးစေသောသူသည်) မြဲသည်ဟု ထင်မှတ်သော နိစ္စသညာကို ပယ်၏။

(၂) ဆင်းရဲဟုရှုသော **ဒုက္ခာနုပဿနာ**ကိုပွါးစေသည်ရှိသော် ချမ်းသာဟု ထင်မှတ်သော သုခသညာကို ပယ်၏။

(၃) အတ္တ မဟုတ်ဟုရှုသော **အနတ္တာနုပဿနာ**ကို ပွါးစေသည်ရှိသော် အတ္တကောင်ဟု ထင်မှတ်သော အတ္တသညာကို ပယ်၏။

(၄) ငြီးငွေ့လျက် ရှုသော **နိဗ္ဗိဒါနုပဿနာ**ကို ပွါးစေသည်ရှိသော် အားရနှစ်သက်ခြင်းကို ပယ်၏။

(၅) တပ်မက်ကင်းလျက်ရှုသော **ဝိရာဂါနုပဿနာ**ကို ပွါးစေသည်ရှိသော် တပ်မက်သောရာဂကို ပယ်၏။

(၆) ချုပ်ခြင်းကို ရှုသော **နိရောဓာနုပဿနာ**ကို ပွါးစေသည်ရှိသော် ဖြစ်ခြင်းကို ပယ်၏။

(၇) တဖန် စွန့်လျက် ရှုသော **ပဋိနိဿဂ္ဂါနုပဿနာ**ကို ပွါးစေသည်ရှိသော် ယူခြင်း လက်ခံခြင်းကို ပယ်၏။

(၈) ကုန်ခြင်းကိုရှုသော **ခယာနုပဿနာ**ကို ပွါးစေသည်ရှိသော် တလုံးတခဲတည်းဟု ထင်မှတ်သော ဃနသညာကို ပယ်၏။

(၉) ပျက်ခြင်းကို ရှုသော **ဝယာနုပဿနာ**ကို ပွါးစေသည်ရှိသော် အားထုတ်ခြင်းကို ပယ်၏။

---

၁-မဟာဝိပဿနာ ၁၈-ပါးတို့၏ အနက်အဓိပ္ပါယ် အကျယ်ကို သိလိုလျှင် ဝိပဿနာရှုနည်းကျမ်း အခဏ်း(၇)၌ ကြည့်ပါ။

http://www.dhammadownload.com



(၁၀) ပြောင်းလဲ ဖောက်ပြန်ခြင်းကို ရှုသော **ဝိပရိဏာမာနုပဿနာ**ကို ပွါးစေသည်ရှိသော် ခိုင်မြဲသည်ဟု ထင်သော ဓုဝသညာကို ပယ်၏။

(၁၁) မြဲသည့် အရိပ် နိမိတ်ပုံဟန် ကင်းသည်ကို ရှုသော **အနိမိတ္တာနုပဿနာ**ကို ပွါးစေသည်ရှိသော် မြဲသည့်အရိပ် နိမိတ်ထင်ခြင်းကို ပယ်၏။

(၁၂) တောင့်တဖွယ်ကင်းသည်ကိုရှုသော **အပ္ပဏိဟိတာနုပဿနာ**ကို ပွါးစေသည်ရှိသော် တောင့်တသော တဏှာကို ပယ်၏။

(၁၃) အတ္တမှ ဆိတ်သုဉ်းသည်ကို ရှုသော **သုညတာနုပဿနာ**ကို ပွါးစေသည်ရှိသော် အတ္တကောင်ဟု သက်ဝင်နှလုံးသွင်းခြင်းကို ပယ်၏။

(၁၄) တရားတို့၌ ပျက်သည်ဟု ရှုသော လွန်ကဲသော ပညာဟူသော **အဓိပညာဓမ္မဝိပဿနာ**ကို ပွါးစေသည်ရှိသော် အနှစ်ရှိသည်ဟု ယူလျက် သက်ဝင်နှလုံးသွင်းခြင်းကို ပယ်၏။

(၁၅) ဟုတ်တိုင်းမှန်စွာ သိမြင်သော **ယထာဘူတဉာဏ်အမြင်**ကို ပွါးစေသည်ရှိသော် ပြင်းစွာတွေဝေလျက် သက်ဝင်နှလုံးသွင်းခြင်းကို ပယ်၏။

(၁၆) အပြစ်ကိုရှုသော **အာဒီနဝါနုပဿနာ**ကို ပွါးစေသည်ရှိသော် ပုန်းအောင်းမှီခိုစရာဟု သက်ဝင်နှလုံးသွင်းခြင်းကိုပယ်၏။

(၁၇) တဖန် ရှုသော **ပဋိသင်္ခါနုပဿနာ**ကို ပွါးစေသည်ရှိသော် တဖန် ရှုမှု၏ ဆန့်ကျင်ဘက်(တဖန် မရှုခြင်း)ကို ပယ်၏။

(၁၈) သင်္ခါရတို့မှ ဆုတ်နစ်လျက်ရှုသော **ဝိဝဋ္ဋာနုပဿနာ**ကို ပွါးစေသည်ရှိသော် (ပွါးစေသောသူသည်)သင်္ခါရတို့နှင့် ယှဉ်တွဲလျက် သက်ဝင်နှလုံးသွင်းခြင်းကို ပယ်၏။

[၂၆၅] ထို တဆယ့် ရှစ်ပါးသော မဟာဝိပဿနာတို့တွင် ဤယောဂီသည် အနိစ္စ အစရှိသော လက္ခဏာသုံးပါး၏ အစွမ်းအားဖြင့် သင်္ခါရတို့ကို မြင်အပ်ကုန်ပြီ၊ (ထိုသို့ မြင်ပြီး ဖြစ်သော)ကြောင့် အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာတို့ကို သိပြီး ရပြီး ဖြစ်ပေ၏၊ ထို့ပြင် "အနိစ္စာနုပဿနာနှင့် အနိမိတ္တာနုပဿနာဟူသော ဤနှစ်ပါးသော တရားတို့သည် တူသောအနက်ရှိကုန်၏၊ သဒ္ဒါမျှသာထူး၏"ဟူ၍ငင်း၊ထို့ပြင်"ဒုက္ခာနုပဿနာနှင့် အပ္ပဏိဟိတာနုပဿနာဟူသော ဤ နှစ်ပါးသော တရားတို့

http://www.dhammadownload.com



သည် တူသော အနက်ရှိကုန်၏၊ သဒ္ဒါမျှသာ ထူး၏”ဟူ၍ရင်း၊ အနုတ္တာနုပဿနာနှင့် သုညတာနုပဿနာ ဟူသော ဤ နှစ်ပါးသော တရားတို့သည် တူသောအနက်ရှိကုန်၏၊ သဒ္ဒါမျှသာ ထူး၏ဟူ၍ရင်း (ပဋိသမ္ဘိဒါမဂ်၌) ဟောထားသောကြောင့် ထိုအနက်တူသော အနုပဿနာ သုံးပါးတို့ကိုလည်း သိပြီး ရပြီး ဖြစ်ပေ၏။

ထို့ပြင် **အဓိပညာဓမ္မဝိပဿနာ** ဟူသည်မှာ အလုံးစုံ(လည်းဖြစ်)[၁]သော ဝိပဿနာပေတည်း။ ယထာဘူတဉာဏ်အမြင်ကို ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြင့် ပင်လျှင် ရေတွက်အပ် သိမ်းယူအပ်၏၊ သို့ဖြစ်၍ ဤဉာဏ်နှစ်ပါးကိုလည်း သိပြီး ရပြီးသာလျှင် ဖြစ်ပေ၏။ ကြွင်းသောဝိပဿနာဉာဏ်တို့တွင် အချို့ကို သိအပ် ရအပ်ပြီ၊ အချို့ကို မသိအပ် မရအပ်သေး။ ထိုမဟာဝိပဿနာတို့ကို ဝေဘန်ခြင်းကို နောက်၌ ထင်စွာ ပြကုန်အံ့။

ရှေ့စကား မှန်ကန်ကြောင်း ရှင်းပြရလျှင် ဤ ယောဂီ သိပြီး ရပြီး ဖြစ်သော ဉာဏ်ကိုသာရည်၍ “ဤဆိုခဲ့သည့်အတိုင်း လေ့လာကျေပြွန်သော ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်း ရှိသော ယောဂီသည် အထက် ဘင်္ဂါနုပဿနာ (ဘင်ဉာဏ်)မှစ၍ ပဟာနပရိညာ၏ အစွမ်းအားဖြင့် ခပ်သိမ်းသောအခြင်းအရာအားဖြင့် ရောက်အပ် ရအပ်ကုန်သော တဆယ့်ရှစ်ပါးသော မဟာဝိပဿနာတို့တွင် တစိတ်တပိုင်းကို ဤ တီရဏ ပရိညာ၌ပင်လျှင် ထိုးထွင်း သိလျက် ရသည်ဖြစ်၍ ထိုရသော ဝိပဿနာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့ကို ပယ်၏”-ဟူသော ဤစကားကို ငါ ဆိုခဲ့ပေသည်။

## ဥဒယဗ္ဗယဉာဏ်ကို ပြဆိုချက်

၇၂၃။ ဤဆိုခဲ့သည့်အတိုင်း အနိစ္စာနုပဿနာ စသည်တို့၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော နိစ္စသညာ စသည်တို့ကို ပယ်သဖြင့် စင်ကြယ်သော

---

၁-ပါဠိ၌ သဗ္ဗာပိ-ဟူသော ပုဒ်အရ အလုံးစုံလည်း ဖြစ်သော-ဟု အတိအကျ ပြန်ထားသည်၊ ထိုတွင် ပိသဒ္ဒါဖြင့် “ဝိပဿနာအလုံးစုံ အပေါင်းလိုက်အားဖြင့်သာလျှင် အဓိပညာဓမ္မဝိပဿနာမည်သည် မဟုတ်သေး၊ ဝိပဿနာ တစိတ်တပိုင်းလည်း အဓိပညာဓမ္မ ဝိပဿနာ မည်သေးသည်”ဟု ပြ၏။ မြန်မာဘာသာ စကား၌ကား ဤသို့သော အသုံးမရှိပေ၊ အလုံးစုံသော-ဟု သာမညဆိုရုံမျှဖြင့်ပင် “အလုံးစုံလည်း မည်သည်၊ တစိတ်တပိုင်းလည်း မည်

http://www.dhammadownload.com



ဉာဏ်ရှိသော ထိုယောဂီသည်[၁] သမ္မသနဉာဏ်၏ တဖက်ကမ်း (အပြီး အဆုံး)သို့ ရောက်၍[၁] သမ္မသနဉာဏ်၏ အခြားမဲ့၌[၂] "အကြောင်းကို စွဲ၍ ဖြစ်ဆဲ ပစ္စုပ္ပန်ဖြစ်ကုန်သော ရုပ်နာမ်တရားတို့၏ ဖောက်ပြန်ခြင်းကို ရှုသော (ရှုရာ၌) ပညာသည် အဖြစ်အပျက်ကို ရှုသော (ရှုရာ၌)ဥဒယဗ္ဗယဉာဏ် မည်၏" ဟူ၍ အကြင် ဥဒယဗ္ဗယဉာဏ်ကို ဟောတော်မူ(အပ်)၏၊ ထို ဥဒယဗ္ဗယဉာဏ်ကို ရခြင်းငှါ အားထုတ်ခြင်းကို ပြု၏၊ အားထုတ်လတ်သော် ရှေးဦးစွာ အကျဉ်းအားဖြင့် အားထုတ်၏၊ ထို (သို့ အကျဉ်းအားဖြင့် အားထုတ်ရာ)၌ အောက်ပါမှာ ပဠိသမ္ဘိဒါမဂ် ပါဠိတော်ပေတည်း။

အဘယ်သို့လျှင် ဖြစ်ဆဲ ပစ္စုပ္ပန် ဖြစ်ကုန်သော တရားတို့၏ ဖောက်ပြန်ခြင်းကို ရှုသော ပညာသည် အဖြစ်အပျက်ကို ရှုသော ဥဒယဗ္ဗယဉာဏ်မည်သနည်း?....

ဖြစ်ပေါ်ဆဲ ဖြစ်သော ရုပ်သည် ပစ္စုပ္ပန်မည်၏၊ ထို ဖြစ်ပေါ်ဆဲ ပစ္စုပ္ပန်ရုပ်၏ ဖြစ်ပေါ်ခြင်း လက္ခဏာသည် ဥဒယ- ဖြစ်ခြင်း မည်၏၊ ဖောက်ပြန်ခြင်း လက္ခဏာသည် ဝယ- ပျက်ခြင်း မည်၏၊ (အဖြစ် အပျက်ကို) ရှုမြင်ခြင်းသည် ဉာဏ်မည်၏။ ဖြစ်ပေါ်ဆဲဖြစ်သော ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည်။ ဖြစ်ပေါ်ဆဲဖြစ်သော စက္ခု-မျက်စိသည်။ပ[၃]။ ဖြစ်ပေါ်ဆဲဖြစ်သော ဘဝသည် ပစ္စုပ္ပန်မည်၏၊ ထိုဖြစ်ပေါ်ဆဲ ပစ္စုပ္ပန်ဘဝ၏ ဖြစ်ပေါ်ခြင်း လက္ခဏာ

---

သည်"ဟူသော ထိုအနက်ကိုရ၏၊ထို့ကြောင့် ပါဠိနည်းကို မလိုက်လိုသူများ၊ သို့မဟုတ် မလိုက်နိုင်သူများမှာ လက်သည်းကွင်းအတွင်းက စာလုံးများကို ကျော်ပြီးလျှင် "အလုံးစုံသော"-ဟူ၍ ဖတ်သွားနိုင်ရန် ပါဠိနည်းအရ အတိအကျ ပြန်ချက်ကို လက်သည်းကွင်းဖြင့် ပိုင်းခြားထားသည်။

၁-ထိုယောဂီသည်....တဖက်ကမ်းသို့ရောက်၍... အားထုတ်ခြင်းကို ပြု၏-ဟုစပ်ပါ။

၂-အခြားမဲ့၌....ဟောတော်မူ(အပ်)၏-ဟု စပ်ပါ။

၃-ဤ၌ ပေယျာလကို စာမျက်နှာ ၂၈၄-၌ ဖော်ပြသည့် နည်းအတိုင်းဖော်ရမည်၊ ဤ၌ ဥဒယဗ္ဗယဉာဏ်၏အရာ ဖြစ်သောကြောင့် အဖြစ်အပျက်သီးခြားမရနိုင်သော ဇာတိ ဇရာ မရဏ ထိအောင် မဖော်ပဲ ဘဝအထိသာဖော်ပြထားသည်၊ ဤမျှသာ ထူးသည်။

http://www.dhammadownload.com



သည် ဥဒယ-ဖြစ်ခြင်းမည်၏၊ ဖောက်ပြန်ခြင်း လက္ခဏာသည် ဝယ-ပျက်ခြင်းမည်၏။ (အဖြစ်အပျက်ကို) ရှုမြင်ခြင်းသည် ဉာဏ်မည်၏။ ဤကား ပါဠိတည်း။

[၂၆၆] ထိုယောဂီသည် ဤ ပါဠိနည်းဖြင့် ဖြစ်ပေါ်ဆဲဖြစ်သော နာမ်ရုပ်၏ ဖြစ်ပေါ်ခြင်း လက္ခဏာဟူသော ဖြစ်ခြင်း, ပေါ်ခြင်းကို အသစ်ဖြစ်သောအခြင်းအရာကို "ဥဒယ-ဖြစ်ခြင်း" ဟူ၍၎င်း၊ ဖောက်ပြန်ခြင်း လက္ခဏာဟူသော ကုန်ခြင်း ပျက်ခြင်းကို "ဝယ-ပျက်ခြင်း" ဟူ၍၎င်း ရှုမြင်၏။ ထိုယောဂီသည် ဤသို့ အပြားအားဖြင့် သိ၏- "ဖြစ်ပေါ်သည်မှ ရှေး၌ မဖြစ်ပေါ်လာသေးသော ဤနာမ်ရုပ်၏ အစုအပုံသည်၎င်း, အပေါင်းသည်၎င်း ရှိနှင့်သည်မဟုတ်ချေ၊ ဖြစ်ပေါ်ဆဲ ဖြစ်သော ဤနာမ်ရုပ်၏လည်း[၁] (ရှိပြီးသော) အစုအပုံမှ၎င်း အပေါင်းမှ၎င်း လာခြင်း မည်သည် မရှိချေ၊ ချုပ်ဆဲဖြစ်သော ဤနာမ်ရုပ်၏လည်း[၂] တူရူအရပ် အထောင့်အရပ်သို့ သွားခြင်းမည်သည် မရှိချေ၊ ချုပ်ပြီးသော ဤနာမ်ရုပ်၏လည်း[၃] တစုံတခုသော အရပ်၌ အစုအပုံအားဖြင့်၎င်း အပေါင်းအားဖြင့်၎င်း သိုမှီးသိမ်းဆည်းသည့် အနေအားဖြင့် တည်ရှိနေခြင်းမည်သည် မရှိချေ။ ဥပမာအားဖြင့် တီးအပ်သောစောင်းမှ ဖြစ်ပေါ်လာသော အသံမှာ ဖြစ်သည်မှ ရှေး၌ (မဖြစ်မီက) အစုအဝေးမည်သည် မရှိချေ၊ ဖြစ်ပေါ်ဆဲ အသံသည်လည်း စုဝေးနေရာမှ လာခဲ့သည် မဟုတ်ချေ၊ ချုပ်ဆဲဖြစ်သော စောင်းသံ၏လည်း တူရူအရပ် အထောင့်အရပ်သို့ သွားခြင်းမည်သည် မရှိချေ၊ ချုပ်လေပြီးသော စောင်းသံသည်လည်း တစုံတခုသော အရပ်၌မျှ စုဝေးလျက်တည်ရှိနေသည် မဟုတ်ချေ၊ စင်စစ်သော်ကား စောင်းကို၎င်း လက်ခတ်ကို၎င်း[၄] တီးသော သူ၏ ထိုအသံအားလျော်သော အားထုတ်ခြင်းကို၎င်း

၁-ဤနာမ်ရုပ်၏လည်း....လာခြင်းမည်သည် မရှိချေ၊-ဟု စပ်ပါ။

၂-ဤနာမ်ရုပ်၏လည်း ...သွားခြင်းမည်သည် မရှိချေ၊-ဟု စပ်ပါ။

၃-ဤနာမ်ရုပ်၏လည်း....တည်ရှိနေခြင်း မည်သည် မရှိချေ၊-ဟု စပ်ပါ။

၄-ဥပဝီဏ-ပုဒ်ကို အဘိဓာန်ကျမ်းတို့၌ စောင်းလည်တိုင်၊ စောင်းကြိုးရစ်ရာငုတ်တိုင်-ဟူ၍ ပြန်ဆို၏၊ ဤ၌ကား "ဝီဏာခေါ် စောင်းကို၎င်း ဥပဝီဏာခေါ်သောအရာကို၎င်း စွဲမှီ၍ စောင်းသံ ဖြစ်ပေါ်လာသည်"-ဟု ဆိုထားသောကြောင့်၎င်း, စောင်းလည်တိုင်နှင့် စောင်းကြိုးရစ်ရာငုတ်တိုင်တို့သည်

http://www.dhammadownload.com



စွဲမှီ၍ (အစပဋ္ဌမက) မရှိသေးမူ၍သာလျှင် ဖြစ်ပေါ်လာ၏၊ ဖြစ်ပေါ်ပြီး လျှင် တဖန် ပျောက်ကွယ်သွား၏။ ဤအတူပင် အလုံးစုံသော ရုပ်နာမ် တရားတို့သည်လည်း (အစပဋ္ဌမက) မရှိကုန်မူ၍ သာလျှင် ဖြစ်ပေါ်လာ ကုန်၏၊ ဖြစ်ပေါ်ပြီးလျှင် တဖန် ပျောက်ကွယ်သွားကုန်၏" ဟူ၍ အပြား အားဖြင့် သိ၏။

၇၂၄။ ဤဆိုခဲ့သည့်အတိုင်း အကျဉ်းအားဖြင့် အဖြစ်အပျက် နှလုံး သွင်းခြင်း (ရှုခြင်း)ကို ပြုပြီးလျှင် တဖန် [၁] ဤဥဒယဗ္ဗယဉာဏ်ကိုပင်လျှင် အကျယ် ဝေဘန်ရာ၌ [၂]....

''အဝိဇ္ဇာ၏ ဖြစ်ခြင်း(ရှိခြင်း)ကြောင့် ရုပ်၏ ဖြစ်ခြင်းသည် ရှိ၏ဟု အကြောင်း၏ ဖြစ်ခြင်း(ရှိခြင်း)သဘောကြောင့် ရူပက္ခန္ဓာ၏ဖြစ်ခြင်း ကို ရှုမြင်၏၊ တဏှာ၏ဖြစ်ခြင်း (ရှိခြင်း)ကြောင့်။ ကံ၏ဖြစ်ခြင်း (ရှိခြင်း)ကြောင့်။ အာဟာရ၏ ဖြစ်ခြင်း (ရှိခြင်း)ကြောင့် ရုပ်၏ ဖြစ်ခြင်း ရှိ၏ဟု အကြောင်း၏ဖြစ်ခြင်း (ရှိခြင်း) သဘောကြောင့် ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကို ရှုမြင်၏၊ ဖြစ်ပေါ်ခြင်း လက္ခဏာကို ရှုမြင် သည် ဖြစ်၍လည်း ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကို ရှုမြင်၏၊ ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကို ရှုမြင်သည်ရှိသော် (ရှုမြင်သောသူသည်) ဤငါးပါးသော လက္ခဏာတို့ကို ရှုမြင်၏။

အဝိဇ္ဇာ၏ ချုပ်ခြင်းကြောင့် ရုပ်၏ချုပ်ခြင်းသည် ဖြစ်၏ဟု အကြောင်း၏ ချုပ်ခြင်း သဘောကြောင့် ရူပက္ခန္ဓာ၏ ပျက်ခြင်းကို ရှုမြင်၏။ တဏှာ၏ ချုပ်ခြင်းကြောင့်။ ကံ၏ချုပ်ခြင်းကြောင့်။

---

ပိဋကာခေါ် စောင်းအရထဲ၌သာ ပါဝင်သင့်သောကြောင့်ရင်း ထိုအနက်များ မသင့်ပေ၊ ဋီကာ၌ ဝိဏ္ဏာဝါဒန–စောင်းတီးစရာ လက်ခတ်-ဟု ဖွင့်ပြထား ၏၊ ထိုဖွင့်ပြချက်သာလျှင် သင့်လျော်ပေသည်။ သို့ဖြစ်၍ "ဤ၌ လက်ခတ် ကိုရင်း"ဟူ၍ ပြန်ဆိုလိုက်သည်။

၁-ပြုပြီးလျှင်တဖန်.... ငါးဆယ်သောလက္ခဏာတို့၏ အစွမ်းအားဖြင့်....အကျယ် အားဖြင့် နှလုံးသွင်းခြင်းပြု၏-ဟု စပ်ပါ။

၂-အကျယ် ဝေဘန်ရာ၌....အကြင် ငါးဆယ်သော လက္ခဏာတို့ကို ဟောတော်မူ (အပ်ကုန်)၏-ဟု စပ်ပါ။

http://www.dhammadownload.com



အာဟာရ၏ ချုပ်ခြင်းကြောင့် ရုပ်၏ချုပ်ခြင်းသည် ဖြစ်၏ဟု အကြောင်း၏ ချုပ်ခြင်း သဘောကြောင့် ရူပက္ခန္ဓာ၏ ပျက်ခြင်းကို ရှုမြင်၏။ ဖောက်ပြန်ခြင်း လက္ခဏာကို ရှုမြင်သည် ဖြစ်၍လည်း ရူပက္ခန္ဓာ၏ ပျက်ခြင်းကို ရှုမြင်၏၊ ရူပက္ခန္ဓာ၏ ပျက်ခြင်းကို ရှုမြင်သည် ရှိသော် ဤငါးပါးသောလက္ခဏာတို့ကို ရှုမြင်၏"။

ထို့အတူ "အဝိဇ္ဇာ၏ဖြစ်ခြင်း (ရှိခြင်း) ကြောင့် ဝေဒနာ၏ ဖြစ်ခြင်းသည် ရှိ၏ဟု အကြောင်း၏ ဖြစ်ခြင်း (ရှိခြင်း) သဘော ကြောင့် ဝေဒနာက္ခန္ဓာ၏ ဖြစ်ခြင်းကို ရှုမြင်၏၊ တဏှာ၏ ဖြစ်ခြင်း (ရှိခြင်း) ကြောင့်။ ကံ၏ ဖြစ်ခြင်း (ရှိခြင်း) ကြောင့်။ ဖဿ၏ဖြစ်ခြင်း (ရှိခြင်း) ကြောင့် ဝေဒနာ၏ ဖြစ်ခြင်းသည် ရှိ၏ဟု အကြောင်း၏ ဖြစ်ခြင်း (ရှိခြင်း) သဘောကြောင့် ဝေဒနာက္ခန္ဓာ၏ ဖြစ်ခြင်းကို ရှုမြင်၏၊ ဖြစ်ပေါ်ခြင်း လက္ခဏာကို ရှုမြင်သည် ဖြစ်၍လည်း [၂၆၇] ဝေဒနာက္ခန္ဓာ၏ ဖြစ်ခြင်းကို ရှုမြင်၏၊ ဝေဒနာက္ခန္ဓာ၏ ဖြစ်ခြင်းကို ရှုမြင်သည်ရှိသော် ဤငါးပါးသော လက္ခဏာတို့ကို ရှုမြင်၏။

အဝိဇ္ဇာ၏ ချုပ်ခြင်းကြောင့်။ တဏှာ၏ ချုပ်ခြင်းကြောင့်။ ကံ၏ ချုပ် ခြင်းကြောင့်။ ဖဿ၏ ချုပ်ခြင်းကြောင့် ဝေဒနာ၏ ချုပ်ခြင်း သည် ဖြစ်၏ဟု အကြောင်း၏ ချုပ်ခြင်း သဘောကြောင့် ဝေဒ-နာက္ခန္ဓာ၏ ပျက်ခြင်းကို ရှုမြင်၏၊ ဖောက်ပြန်ခြင်း လက္ခဏာကို ရှုမြင်သည် ဖြစ်၍လည်း ဝေဒနာက္ခန္ဓာ၏ ပျက်ခြင်းကို ရှုမြင်၏၊ ဝေဒနာက္ခန္ဓာ၏ ပျက်ခြင်းကို ရှုမြင်သည် ရှိသော် ဤငါးပါးသော လက္ခဏာတို့ကို ရှုမြင်၏"။

ဝေဒနာက္ခန္ဓာ၏ (အဖြစ်အပျက်ကို ရှုမြင်သ) ကဲ့သို့ သညာက္ခန္ဓာ သင်္ခါ-ရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့၏ အဖြစ်အပျက်ကိုလည်း ရှုမြင်၏၊ ဤဆိုလတ္တံ့သော ရှုပုံမျှသာ ထူးသည်၊ ဝိညာဏက္ခန္ဓာ၏ (အဖြစ် အပျက်ကိုရှုရာ၌) ဖဿအရာတွင် "နာမ်ရုပ်၏ ဖြစ်ခြင်းကြောင့်၊ နာမ်ရုပ်၏ ချုပ်ခြင်းကြောင့်" ဟု (ဆိုရုံမျှသာ ထူးသည်)။

ဤသို့လျှင် တပါးတပါးသော ခန္ဓာ၏ အဖြစ်အပျက်ကို ရှုရာ၌ လက္ခဏာ ဆယ်ပါးစီ ပြု၍ အကြင် ငါးဆယ်သော လက္ခဏာ တို့ကို ဟောတော်မူ

http://www.dhammadownload.com



(အပ်ကုန်)၏၊ ထို ငါးဆယ်သော လက္ခဏာတို့၏ အစွမ်းအားဖြင့် "ဤသို့လည်း ရုပ်၏ဖြစ်ခြင်းသည် ဖြစ်၏၊ ဤသို့လည်း ရုပ်၏ပျက်ခြင်းသည် ဖြစ်၏၊ ရုပ်သည် ဤသို့လည်း ဖြစ်ပေါ်၏၊ ရုပ်သည် ဤသို့လည်း ပျက်၏" ဟု အကြောင်းအားဖြင့်ရင်း၊ ခဏအားဖြင့်ရင်း အကျယ်အားဖြင့် နှလုံးသွင်းခြင်းကို ပြု၏။

၇၂၅။ ဤဆိုခဲ့သောနည်းဖြင့် နှလုံးသွင်းသော ထိုယောဂီအား "ဤသို့သော အခြင်းအရာအားဖြင့် ဤရုပ်နာမ်တရားတို့သည် အစပဌမက မရှိကုန်မူ၍ ဖြစ်ပေါ်လာကုန်သတတ်၊ ဖြစ်ပေါ်ပြီးလျှင် တဖန် ပျောက်ကွယ်သွားကုန်သတတ်"ဟူ၍ (ဖြစ်သော) အသိဉာဏ်သည် အထူးသဖြင့် သန့်ရှင်းထက်မြက်လာပေ၏။ ဤဆိုခဲ့သည့်အတိုင်း အကြောင်းအားဖြင့်ရင်း, ခဏအားဖြင့်ရင်း နှစ်ပါးအပြားအားဖြင့်[၁] အဖြစ်အပျက်ကို ရှုမြင်သော ထိုယောဂီအား သစ္စာအပြား, ပဋိစ္စသမုပ္ပါဒ်အပြား, နည်းအပြား, လက္ခဏာအပြားတို့သည် ထင်ရှားပေါ်ကုန်၏။

၇၂၆။ ထိုယောဂီသည် အဝိဇ္ဇာ စသည်တို့၏ ဖြစ်ခြင်းကြောင့် ခန္ဓာတို့၏ ဖြစ်ခြင်းကိုရင်း, အဝိဇ္ဇာစသည်တို့၏ ချုပ်ခြင်းကြောင့် ခန္ဓာတို့၏ ချုပ်ခြင်းကိုရင်း ရှုမြင်၏၊ ဤ ရှုမြင်ခြင်းသည် ထိုယောဂီ၏[၂] အကြောင်းအားဖြင့်[၃] အဖြစ်အပျက်ကို မြင်ခြင်းပေတည်း။ ထို့ပြင် ဖြစ်ပေါ်ခြင်း လက္ခဏာ ပျောက်ပြန်ခြင်း လက္ခဏာတို့ကို ရှုမြင်သည်ဖြစ်၍ ခန္ဓာတို့၏ အဖြစ်အပျက်ကို ရှုမြင်၏၊ ဤရှုမြင်ခြင်းသည် ထိုယောဂီ၏[၂] ခဏအားဖြင့်[၄] အဖြစ်အပျက်ကို မြင်ခြင်းပေတည်း။ မှန်ပေ၏၊ ဖြစ်ပေါ်ခြင်း လက္ခဏာသည် ဖြစ်ဆဲဥပါဒ်ခဏ၌သာလျှင်ရှိ၏၊ ပျောက်ပြန်ခြင်း လက္ခဏာသည်လည်း ပျက်ဆဲဘင်ခဏ၌သာလျှင် ရှိ၏။

---

၁-နှစ်ပါးအပြားအားဖြင့်....ရှုမြင်သော-ဟု စပ်ပါ။

၂-ထိုယောဂီ၏....မြင်ခြင်းပေတည်း-ဟု စပ်ပါ။

၃-အကြောင်းအားဖြင့်....မြင်ခြင်းပေတည်း-ဟု စပ်ပါ။ နောက်၌လည်း နည်းတူပင်။

၄-ခဏအားဖြင့်....မြင်ခြင်းပေတည်း-ဟု စပ်ပါ၊ နောက်၌လည်း နည်းတူပင်။

http://www.dhammadownload.com



၇၂၃။ သို့ဖြစ်၍[၁] ဤဆိုခဲ့သည့်အတိုင်း[၂] အကြောင်းအားဖြင့်၎င်း ခဏအားဖြင့်၎င်း နှစ်ပါးအပြားအားဖြင့် အဖြစ်အပျက်ကို ရှုမြင်သော ထို(ယောဂီ)အား အကြောင်းအားဖြင့်[၃] ဖြစ်ခြင်းကို ရှုမြင်ခြင်းဖြင့် **သမုဒယသစ္စာ** ထင်ရှား၏၊ (အဘယ့်ကြောင့်နည်းဟူမူ ?) ဖြစ်စေတတ်သော ဇနကအကြောင်းကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း[၄]။ ခဏအားဖြင့် ဖြစ်ခြင်းကို ရှုမြင်ခြင်းဖြင့် **ဒုက္ခသစ္စာ** ထင်ရှား၏၊ (အဘယ့်ကြောင့်နည်းဟူမူ ?) ဖြစ်ခြင်းဆင်းရဲ(ဇာတိဒုက္ခ)ကိုထိုးထွင်း၍သိခြင်းကြောင့်တည်း။အကြောင်းအားဖြင့် ပျက်ခြင်းကို ရှုမြင်ခြင်းဖြင့် **နိရောဓသစ္စာ** ထင်ရှား၏၊ (အဘယ့်ကြောင့်နည်းဟူမူ ?) အကြောင်းမဖြစ်လျှင် (မရှိလျှင်) အကြောင်းနှင့်စပ်သော အကျိုးတရားတို့၏[၅] မဖြစ်ခြင်းကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း။ ခဏအားဖြင့် ပျက်ခြင်းကို ရှုမြင်ခြင်းဖြင့် **ဒုက္ခသစ္စာ** ပင်လျှင် ထင်ရှား၏။ (အဘယ့်ကြောင့်နည်းဟူမူ ?) သေခြင်းဆင်းရဲ (မရဏဒုက္ခ)ကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း။ [၂၆၀] ထို့ပြင် ထို(ယောဂီ)အား အကြောင်းအဖြစ်အပျက်ကို ရှုမြင်သော ဉာဏ်သည်ရှိ၏၊ဤ(ဥဒယဗ္ဗယဝိပဿနာ) ဉာဏ်သည် လောကီမဂ်ပေတည်း၊ သို့ဖြစ်၍ **မဂ္ဂသစ္စာ** ထင်ရှား၏၊ (အဘယ့်ကြောင့်နည်းဟူမူ ?)ထိုလောကီမဂ်၌ "ကိုယ်တိုင်တွေ့ မသိမှု" ဟူသော တွေဝေခြင်းကို ပယ်သတ်ခြင်းကြောင့်တည်း။

---

၁-**သို့ဖြစ်၍**....**ထိုယောဂီအား**....**ရှုမြင်ခြင်းဖြင့်**....**ထင်ရှား၏**-ဟု စပ်ပါ။

၂-**ဤဆိုခဲ့သည့်အတိုင်း**....**နှစ်ပါးအပြားအားဖြင့်**-**ရှုမြင်သော**-ဟု စပ်ပါ။

၃-အကြောင်းအားဖြင့်....ရှုမြင်ခြင်း-ဟု စပ်ပါ။ ထိုသို့ ရှုမြင်ခြင်းဖြင့် သမုဒယသစ္စာ ထင်ရှားသည်ဟု ဆိုလိုသည်။ နောက်၌ "ခဏအားဖြင့်" ဟူရာ၌လည်း နည်းတူပင် စပ်၍ အနက်အဓိပ္ပါယ်ယူပါ။

၄-ရှေးကမသိရသေးသော အနက်အဓိပ္ပါယ်ကို ယခုကိုယ်ပိုင်ဉာဏ်ဖြင့် သဘောပေါက်၍ သိသည်ကိုပင် "ထိုးထွင်း၍ သိသည်" ဟု ဆိုသည်။

၅-ပါဠိ၌ရင်း-**ပစ္စယဝတံ**-အရ-**အကြောင်းရှိသောတရားတို့** ဟူသည်မှာ အကြောင်းနှင့်စပ်သော (အကြောင်းကြောင့်ဖြစ်သော) အကျိုးတရားတို့ပင်ဖြစ်သည်။

http://www.dhammadownload.com



၇၂၈။ ထိုမှတပါး အကြောင်းအားဖြင့် ဖြစ်ခြင်းကို ရှုမြင်ခြင်းဖြင့် ထိုယောဂီအား **အနုလုံ ပဋိစ္စသမုပ္ပါဒ်**[၁] ထင်ရှား၏၊ (အဘယ့်ကြောင့်နည်းဟူမူ ?) ဤအကြောင်းရှိလျှင် ဤ အကျိုးဖြစ်သည်ဟု ထိုးထွင်း၍ သိခြင်းကြောင့်တည်း။ အကြောင်းအားဖြင့် ပျက်ခြင်းကို ရှုမြင်ခြင်းအားဖြင့် ပဋိလုံ ပဋိစ္စသမုပ္ပါဒ်[၂] ထင်ရှား၏၊ (အဘယ့်ကြောင့်နည်းဟူမူ ?) ဤအကြောင်း ချုပ်ခြင်းကြောင့် ဤအကျိုးချုပ်သည်ဟု ထိုးထွင်း၍သိခြင်းကြောင့်တည်း။ ခဏအားဖြင့် အဖြစ်အပျက်ကို ရှုမြင်ခြင်းဖြင့် အကြောင်းကို စွဲ၍ဖြစ်သော (**ပဋိစ္စသမုပ္ပန္န**)အကျိုးတရားတို့ ထင်ရှားကုန်၏၊ (အဘယ့်ကြောင့် နည်းဟူမူ ?) သင်္ခတလက္ခဏာကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း၊ မှန်ပေ၏၊ ဖြစ်ခြင်းပျက်ခြင်းရှိသော တရားတို့သည် သင်္ခတတရားတို့ပေတည်း၊ ထို သင်္ခတ တရားတို့သည်လည်း အကြောင်းကိုစွဲ၍ ဖြစ်သော တရားတို့ ပေတည်း။

၇၂၉။ ထိုမှတပါး အကြောင်းအားဖြင့် ဖြစ်ခြင်းကို ရှုမြင်ခြင်းဖြင့် ထိုယောဂီအား တခုတည်း တယောက်တည်းဟု ယူရသော **ဧကတ္တနည်း**[၃] ထင်ရှား၏၊ (အဘယ့်ကြောင့်နည်းဟူမူ?) အကြောင်းနှင့်အကျိုး ဆက်စပ်ခြင်းဖြင့် ရုပ်နာမ်အစဉ်သန္တာန်၏ မပြတ်စဲခြင်းကိုထိုးထွင်း၍သိခြင်းကြောင့်

---

၁-"အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ကုန်၏၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏" ဤသို့ စသည်ဖြင့် ဖြစ်စဉ်အတိုင်း ဟောထားသော အကြောင်းအကျိုးဆက် တရားကို အနုလုံ ပဋိစ္စသမုပ္ပါဒ်ခေါ်သည်။

၂-"အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရတို့ချုပ်ကုန်၏၊ သင်္ခါရတို့ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏" ဤသို့ စသည်ဖြင့် ဟောထားသောအကြောင်းအကျိုး အဆက်ဆက် ချုပ်ပြတ်ပုံတရားကို ပဋိလုံ ပဋိစ္စသမုပ္ပါဒ်ခေါ်သည်။

၃-ရှေးဘဝက အကြောင်းကံကြောင့် နောက်ဘဝ၌ ရုပ်နာမ်အစဉ်သည် ဖြစ်ရ၏၊ ဤသို့ဖြစ်ရာ၌ ရှေးဘဝနှင့် နောက်ဘဝသည် အကြောင်းအကျိုးဆက်စပ်လျက် ရုပ်နာမ်အစဉ် **သန္တာန်** တခုတည်းဖြစ်သောကြောင့် ရှေးဘဝ အကြောင်း ကံကိုပြုသူနှင့် နောက်ဘဝ၌ ထိုကံ၏အကျိုးကို ခံစားရသောသူကို တယောက်တည်းပင်ဟု ယူရ၏၊ ဤသို့ယူရကြောင်းဖြစ်သောနည်းကို ဧကတ္တနည်းဟု ခေါ်သည်။

http://www.dhammadownload.com



တည်း၊ ထိုအခါ၌ ပြတ်စဲအယူ-ဥစ္ဆေဒဒိဋ္ဌိကို သာ၍ ကောင်းစွာ ပယ်၏[၁]။ ခဏအားဖြင့်ဖြစ်ခြင်းကို ရှုမြင်ခြင်းဖြင့် တခြားစီဟုယူရသော **နာနတ္တနည်း**[၂] ထင်ရှား၏၊ (အဘယ့်ကြောင့်နည်းဟူမူ?) အသစ်အသစ် ဖြစ်သော ရုပ်နာမ် တို့၏ ဖြစ်ပေါ်ခြင်းကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း၊ ထိုအခါ၌ တည်မြဲ အယူ-သဿတဒိဋ္ဌိကို သာ၍ကောင်းစွာ ပယ်၏။ ထို့ပြင် အကြောင်းအားဖြင့် ဖြစ်ခြင်းပျက်ခြင်းကိုရှုမြင်ခြင်းကြောင့် ကြောင့်ကြဗျာပါရမရှိဟု ယူရသော **အဗျာပါရနည်း**[၃] ထင်ရှား၏၊ (အဘယ့်ကြောင့်နည်းဟူမူ?) သဘောတရား တို့၏ အလိုအတိုင်း မဖြစ်စေနိုင်ခြင်းကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း၊ ထိုအခါ၌ ငါကောင်ဟု ယူဆသော အတ္တဒိဋ္ဌိကို သာ၍ ကောင်းစွာ ပယ်၏။ ထို့ပြင် အကြောင်းအားဖြင့် ဖြစ်ခြင်းကို ရှုမြင်ခြင်းဖြင့် ဤသို့ ဖြစ်ရိုးအတိုင်း ဖြစ်သည်ဟု ယူရသော **ဧဝံဓမ္မတာနည်း**[၄] ထင်ရှား၏၊ (အဘယ့်ကြောင့် နည်းဟူမူ?) အကြောင်းအားလျော်စွာ အကျိုး၏ ဖြစ်ခြင်းကို ထိုးထွင်း၍

---

၁-ဒိဋ္ဌိဝိသုဒ္ဓိဖြစ်စဉ်ကပင်လျှင် ဒိဋ္ဌိကို အကြမ်းအားဖြင့် ပယ်ခွါခဲ့ပြီးဖြစ်သော်လည်း ဤဉာဏ်အဆင့်၌ ထို့ထက်သိမ်မွေ့သော ဒိဋ္ဌိကိုပယ်ခွါပြန်သောကြောင့် "သာ၍ကောင်းစွာပယ်၏" ဟု ဆိုသည်။

၂-ဘဝဟောင်းက ရုပ်နာမ်သည် ထိုဘဝဟောင်း၌ပင်လျှင် အလုံးစုံချုပ်ခဲ့၏၊ ဘဝသစ်၌ရှိသော ရုပ်နာမ်အစဉ်သည် ထိုဘဝသစ်၌သာလျှင် အသစ်ဖြစ်ပေါ်လာသော ရုပ်နာမ်အစဉ်ဖြစ်၏၊ ထို့ကြောင့် ဘဝဟောင်းက ရုပ်နာမ် အစဉ် သန္တာန်က တခြား, ဘဝသစ်က ရုပ်နာမ်အစဉ်သန္တာန်က တခြား ဟူ၍လည်း ခွဲခြား၍ ယူရ၏၊ ဤသို့တခြားစီဟု ခွဲခြား၍ ယူရကြောင်း ဖြစ်သော နည်းကို နာနတ္တနည်းဟု ခေါ်သည်။

၃-သင်္ခါရတို့ဖြစ်အောင် ငါပြုမည်ဟု အဝိဇ္ဇာအား ကြောင့်ကြဗျာပါရမရှိ၊ ပဋိသန္ဓေဝိညာဏ်ဖြစ်အောင် ငါတို့ပြုမည်ဟု ကံသင်္ခါရတို့အား ကြောင့်ကြဗျာပါရမရှိ၊ ဤသို့စသည်ဖြင့် အကျိုးတရားတို့ ဖြစ်ပေါ်အောင် အကြောင်းတရားတို့၌ ကြောင့်ကြဗျာပါရမရှိဟု ယူရ သိရကြောင်းဖြစ်သော နည်းကို အဗျာပါရနည်းဟု ခေါ်သည်။

၄-အဝိဇ္ဇာ အစရှိသော ဆိုင်ရာဆိုင်ရာ အကြောင်းတရားတို့ကြောင့် သင်္ခါရအစရှိသော ဆိုင်ရာဆိုင်ရာ အကျိုးတရားတို့သည်သာလျှင် ဖြစ်ပေါ်ကုန်၏၊ မဆိုင်သော အကြောင်းတရားတို့ကြောင့် မဆိုင်သော အကျိုးတရားတို့ မဖြစ်ကုန်ဟု ယူရသိရသောနည်းကို ဧဝံဓမ္မတာနည်း-ဟု ခေါ်သည်။

http://www.dhammadownload.com



သိခြင်းကြောင့်တည်း၊ထိုအခါ၌ ကောင်းမှုမကောင်းမှုကို မပြုအပ် မပြုနိုင်ဟု ယူသော အကိရိယဒိဋ္ဌိကို သာ၍ ကောင်းစွာ ပယ်၏။

၇၃၀။ ထိုမှတပါး ထိုယောဂီအား အကြောင်းအားဖြင့်ဖြစ်ခြင်းကို ရှုမြင်ခြင်းဖြင့် **အနတ္တလက္ခဏာ** ထင်ရှား၏၊ (အဘယ့်ကြောင့်နည်းဟူမူ?) ရုပ်နာမ်တရားတို့၏ အားမထုတ်တတ်သည်၏အဖြစ်, အကြောင်းနှင့် စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်တို့ကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း။ ခဏအားဖြင့် အဖြစ်အပျက်ကို ရှုမြင်ခြင်းဖြင့် **အနိစ္စလက္ခဏာ** ထင်ရှား၏၊ (အဘယ့်ကြောင့်နည်းဟူမူ?) ဖြစ်ပေါ်ပြီးလျှင် မရှိခြင်းကွယ်ပျောက်သွားခြင်းကို ထိုးထွင်း၍ သိခြင်းကြောင့်ရင်း, ရှေ့အဖို့ နောက်အဖို့၌ ကင်းဆိတ်သည်၏အဖြစ်ကို ထိုးထွင်း၍ သိခြင်းကြောင့်ရင်းပေတည်း။ **ဒုက္ခလက္ခဏာ**လည်း ထင်ရှား၏၊ (အဘယ့်ကြောင့်နည်းဟူမူ?) ဖြစ်ခြင်း ပျက်ခြင်းတို့က မပြတ်နှိပ်စက်ခြင်းကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း။ **သဘာဝလက္ခဏာ**လည်း ထင်ရှား၏၊ (အဘယ့်ကြောင့်နည်းဟူမူ?) ဖြစ်ခြင်းပျက်ခြင်းဖြင့် ပိုင်းခြားအပ်သော သဘောကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း။သဘာဝလက္ခဏာ၌ **သင်္ခတလက္ခဏာ**[၁]၏ အခိုက်အတန့်မျှ တည်သည်၏ အဖြစ်သည်လည်း ထင်ရှား၏။(အဘယ့်ကြောင့်နည်းဟူမူ?)ဖြစ်ဆဲခဏ၌ပျက်ခြင်း၏ရင်း,ပျက်ဆဲခဏ၌ ဖြစ်ခြင်း၏ရင်း မရှိသည်အဖြစ်ကိုထိုးထွင်း၍သိခြင်းကြောင့်တည်း။

၇၃၁။ ဤဆိုခဲ့သည့်အတိုင်း သစ္စာအပြား ပဋိစ္စသမုပ္ပါဒ်အပြား နည်းအပြား လက္ခဏာအပြား ထင်ရှားပေါ်လျက်ရှိသော ထိုယောဂီအား[၂] "ဤရုပ်နာမ်တရားတို့သည် ရှေးကမဖြစ်ဘူးကုန်သေးပဲ ဤပုံဤနည်းဖြင့် ဖြစ်ပေါ်လာကုန်သတတ်၊ဖြစ်ပေါ်လာကုန်ပြီးလျှင်လည်း ဤပုံဤနည်းဖြင့် ချုပ်လေကုန်သတတ်"ဟူ၍ [၂၆၇] သင်္ခါရတရားတို့သည် အမြဲတန်း အသစ်တို့ချည်းသာလျှင် ဖြစ်ကုန်လျက် ထင်ပေါ်ကုန်၏။ သက်သက် အမြဲတန်း အသစ်တို့ချည်းသာဖြစ်လျက် ထင်ပေါ်ကုန်သည် မဟုတ်သေး၊ အမှန်အားဖြင့်သော်ကားနေထွက်သောအခါ၌ နှင်းပေါက်ကဲ့သို့ရင်း,ရေပွက်ကဲ့သို့ရင်း, ရေ၌ ဒုတ်

---

၁-သင်္ခတတရားတို့၏ ဖြစ်ခြင်း, အခိုက်အတန့်မျှတည်ခြင်း, ပျက်ခြင်းဟူသော ဥပါဒ် ဌီ ဘင် - ဤသုံးပါးသည် သင်္ခတတရားဟု မှတ်ရကြောင်းဖြစ်သောကြောင့် သင်္ခတလက္ခဏာမည်၏။

၂-ထိုယောဂီအား....ထင်ပေါ်ကုန်၏-ဟု စပ်ပါ။

http://www.dhammadownload.com



ဖြင့်ရေးသော အရေးအကြောင်းကဲ့သို့ရင်း, အပ်နဖားထွင်းစူးဖျား၌ တင်လိုက်သော မုန်ညင်းစေ့ကဲ့သို့ရင်း, လျှပ်ပြက်သကဲ့သို့ရင်း, လျင်မြန်တိုတောင်းသော ကာလမျှ တည်ကုန်သည်ဟူ၍လည်း ထင်ပေါ်ကုန်၏။ မျက်လှည့်, တံလှပ်, အိပ်မက်, ညဉ့်မှောင်ထဲ၌ မြင်ရသော မီးစစက်ဝိုင်း, ဂန္ဓဗ္ဗနတ်ကျတ်သူရဲတို့ ဖန်ဆင်းပြသောမြို့, ရေမြုပ်စိုင်, ငှက်ပျောတုံး စသည်တို့ကဲ့သို့ အနှစ်မရှိကုန် အနှစ်ကင်းကုန်၏ ဟူ၍လည်း ထင်ပေါ်ကုန်၏။

ဤမျှ (အားထုတ်ခဲ့သော ဘာဝနာ အစီအရင်) ဖြင့်[၁] ဤယောဂီသည် "ပျက်ခြင်းသဘောရှိသော တရားသည်သာလျှင် ဖြစ်ပေါ်လာ၏၊ ဖြစ်ပေါ်လာပြီးသော တရားသည်လည်း ပျက်ခြင်း ကွယ်ပျောက်ခြင်းသို့ ရောက်လေ၏" ဟူသော အခြင်းအရာဖြင့် ငါးဆယ်တိတိသော လက္ခဏာတို့ကို ထိုးထွင်းသိလျက် တည်သော (အဖြစ်အပျက်ကို ရှုမြင်သောကြောင့်) ဥဒယဗ္ဗယာနုပဿနာမည်သော နုသော ဝိပဿနာဉာဏ်ကို ရပြီး ဖြစ်ပေ၏၊ ယင်း နုသော ဝိပဿနာဉာဏ်ကို ရခြင်းကြောင့် အားထုတ်စ ပြုပြီးသော ဝိပဿနာရှုသူ (အာရဒ္ဓဝိပဿကပုဂ္ဂိုလ်) ဟူသော အရေအတွက်သို့ ရောက်၏။

## ဝိပဿနာညစ်ညူးကြောင်းဥပက္ကိလေသတို့ကို ပြဆိုချက်

၇၃၂။ ထိုအခါ၌ ဤနုသော ဝိပဿနာဖြင့် အားထုတ်စ ပြုပြီးသော ဝိပဿနာ ရှုသူ (အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်) ဖြစ်သော ဤယောဂီအား ဆယ်ပါးသော ဝိပဿနာ ညစ်ညူးကြောင်း ဥပက္ကိလေသတို့သည် ဖြစ်ပေါ်လာကုန်၏၊ မှန်ပေ၏၊ ဝိပဿနာ ညစ်ညူးကြောင်း ဥပက္ကိလေသတို့သည် မဂ်ဖိုလ် နိဗ္ဗာန် ဟူသော ပဋိဝေဓသို့ ရောက်ပြီးသော အရိယာ သာဝကအားရင်း, ဖောက်ပြန် မှားယွင်းစွာ ကျင့်သော ပုဂ္ဂိုလ်အားရင်း, ကမ္မဋ္ဌာန်းကို

---

၁-ဤမျှ (အားထုတ်ခဲ့သော ဘာဝနာ အစီအရင်) ဖြင့် ဟူရာ၌ ဘာဝနာ အစီအရင်ဟူသည်မှာ "ဖြစ်ပေါ်ဆဲဖြစ်သော ရုပ်သည် ပစ္စုပ္ပန်မည်၏" ဤသို့ အစရှိသော ပါဠိနည်းကို အစဉ်လိုက်၍သော်ရင်း "အတိတ်ဖြစ်စေ အနာဂတ်ဖြစ်စေ ပစ္စုပ္ပန်ဖြစ်စေ အကြင်တစုံတခုသော ရုပ်သည်ရှိ၏" ဤသို့ အစရှိသော ပါဠိနည်းကို အစဉ်လိုက်၍သော်ရင်း အဖြစ်အပျက်ကို ထိုးထွင်း၍ သိသည်တိုင်အောင် အားထုတ်ခဲ့သော ဘာဝနာအစီအရင်ပေတည်း။

http://www.dhammadownload.com



ချထား၍ ရပ်နားနေသော ပုဂ္ဂိုလ်အားရင်း, ပျင်းရိ (စွာအားထုတ်နေ) သော ပုဂ္ဂိုလ်အားရင်း မဖြစ်ပေါ်ကုန်၊ အမှန်အားဖြင့်သော်ကား နည်းလမ်း မှန်စွာ ကျင့်သည် ဖြစ်၍ မပြတ်မစဲ အားထုတ်နေသော (ဥဒယဗ္ဗယ-ဉာဏ် ဖြစ်ပေါ်သည်တိုင်အောင်)အားထုတ်စပြုပြီးသော ဝိပဿနာ ရှုသူဖြစ်သော အမျိုးကောင်းသားအား ဖြစ်ပေါ်ကုန်သည် သာလျှင်တည်း[၁]။

ထိုဆယ်ပါးသော ဥပက္ကိလေသတို့သည် အဘယ်သည်တို့ နည်းဟူမူ? (၁) ဩဘာသ-အရောင်အလင်း၊ (၂) ဉာဏ-ဉာဏ်၊ (၃) ပီတိ - နှစ်သိမ့်ဝမ်းမြောက်ခြင်း၊ (၄) ပဿဒ္ဓိ - ငြိမ်းအေးခြင်း၊ (၅) သုခ-ချမ်းသာခြင်း၊ (၆)အဓိမောက္ခ-ယုံကြည်ဆုံးဖြတ်ခြင်း၊ (၇)ပဂ္ဂဟ-ချီးမြှောက် အားထုတ်ခြင်း၊ (၈) ဥပဋ္ဌာန-သတိထင်ခြင်း၊ (၉) ဥပေက္ခာ-အညီအမျှ လျစ်လျူရှုခြင်း၊ (၁၀) နိကန္တိ- ငြိကပ် တွယ်တာခြင်း၊ ဤ ဆယ်ပါး တို့ပင်တည်း။မှန်ပေ၏၊

၁၁၅။ "တရားထူးဟု ထင်မှတ်သော ပျံ့လွင့်မှုက ဖောက်ပြန်စွာ ယူအပ်ဖြစ်စေအပ်သော စိတ်သည် အဘယ်သို့ ဖြစ်သနည်းဟူမူ? မမြဲဟု နှလုံးသွင်းသော ပုဂ္ဂိုလ်အား အရောင်အလင်းသည် ဖြစ်ပေါ်လာ၏၊ "အရောင်အလင်းသည် တရားထူးတည်း"ဟု အရောင်အလင်းကို နှလုံးသွင်းဆင်ခြင်၏၊ ထိုသို့ နှလုံးသွင်း ဆင်ခြင်ခြင်းကြောင့် ပျံ့လွင့်ခြင်းသည် ဥဒ္ဓစ္စမည်၏၊ ထိုပျံ့လွင့်သော ဥဒ္ဓစ္စက မှားယွင်းစွာ ယူအပ် ဖြစ်စေအပ်သည့် စိတ်ရှိသောပုဂ္ဂိုလ်သည် မမြဲသော အခြင်းအရာအားဖြင့် ထင်ခြင်းကို ဟုတ်တိုင်းမှန်စွာ မသိ။ ဆင်းရဲသော အခြင်းအရာအားဖြင့်။ အတ္တမဟုတ်သော အခြင်းအရာ အားဖြင့် ထင်ခြင်းကို ဟုတ်တိုင်းမှန်စွာ မသိ"။

ထိုအတူ"မမြဲဟု နှလုံးသွင်းသော ပုဂ္ဂိုလ်အား ဉာဏ်သည် ဖြစ်ပေါ် လာ၏။ပ။ ပီတိသည်။ ပဿဒ္ဓိသည်။ သုခသည်။ အဓိမောက္ခသည်။

---

၁-ဖြစ်ပေါ်ကုန်သည်သာလျှင်တည်း၊ မဖြစ်ပေါ်ကုန်သည် မဟုတ်–မဖြစ်ပေါ်ပဲ နေကြသည်ဟူ၍မရှိ၊ အဘယ့်ကြောင့်နည်းဟူမူ? ဩဘာသစသော ဥပက္ကိလေသတို့မဖြစ်လျှင် ထိုယောဂီပုဂ္ဂိုလ်အား မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ခွင့် မရှိသောကြောင့်ပေတည်း။ (ဋီကာအဖွင့်)

http://www.dhammadownload.com



ပဂ္ဂဟသည်။ ဥပဋ္ဌာနသည်။ ဥပေက္ခာသည်။ နိကန္တိသည် ဖြစ်ပေါ်လာ၏။ "နိကန္တိသည် တရားထူးတည်း" ဟု နိကန္တိကို နှလုံးသွင်း ဆင်ခြင်၏။ ထိုသို့ နှလုံးသွင်း ဆင်ခြင်ခြင်းကြောင့် ပျံ့လွင့်ခြင်းသည် ဥဒ္ဓစ္စမည်၏၊ ထိုပျံ့လွင့်သော ဥဒ္ဓစ္စက ဖောက်ပြန်စွာ ယူအပ် ဖြစ်စေအပ်သည့် စိတ်ရှိသော ပုဂ္ဂိုလ်သည် မမြဲသော အခြင်းအရာအားဖြင့် ထင်ခြင်းကို ဟုတ်တိုင်းမှန်စွာ မသိ။ ဆင်းရဲသော အခြင်းအရာ အားဖြင့်။ အတ္တမဟုတ်သော အခြင်းအရာအားဖြင့် ထင်ခြင်းကို ဟုတ်တိုင်းမှန်စွာ မသိ"ဟူသော --

ဤစကားကို (ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌) ဟောတော်မူ (အပ်)၏။

[၂၇၀] ၇၃၃။ ထိုဩဘာသ စသော ဆယ်ပါးသော ဥပက္ကိလေသ တို့တို့တွင် **ဩဘာသ အရောင် အလင်း** ဟူသည်ကား ဝိပဿနာ (စိတ်ကြောင့် ဖြစ်သော)အရောင်အလင်းတည်း။ ထို အရောင်အလင်း ဖြစ်လတ်သော် ယောဂီပုဂ္ဂိုလ်သည် "ဤမှ ရှေးကာလ၌ ငါ့အား ဤသို့ သဘောရှိသော အရောင်အလင်းသည် စင်စစ်အားဖြင့် မဖြစ်ပေါ်ခဲ့ဘူးသေး၊ မချွတ်ကေန်ပင် ငါသည် မဂ်သို့ ရောက်ပြီ ဖိုလ်သို့ ရောက်ပြီ"ဟု မဂ် မဟုတ်သည်ကို ပင်လျှင် မဂ်ဟူ၍ရင်း, ဖိုလ်မဟုတ်သည်ကိုပင်လျှင် ဖိုလ်ဟူ၍ရင်း ယူ၏၊ မဂ် မဟုတ်သည်ကို မဂ်ဟူ၍ရင်း, ဖိုလ် မဟုတ်သည်ကို ဖိုလ်ဟူ၍ရင်း ယူလျှင် ထို ယောဂီ၏ ဝိပဿနာလမ်းသည် ဘေးသို့ ဖဲ့သွားသည် မည်၏၊ထိုယောဂီသည် မိမိ၏ မူလကမ္မဋ္ဌာန်းကို စွန့်လွှတ် ပြီးလျှင် အရောင် အလင်းကို သာလျှင် သာယာလျက် နေလေတော့၏။

ထိုသို့ (ဖြစ်ပေါ်လာ)သော ဤအလင်းရောင်သည် အချို့သော ရဟန်းအား တင်ပလ္လင်ခွေ အရပ် ဌာနကိုသာလျှင် လင်းစေလျက် ဖြစ်ပေါ်၏၊ အချို့သော ရဟန်းအား တိုက်ခန်းတွင်း အရပ်ကို။ အချို့သော ရဟန်းအား တိုက်ခန်း အပြင်ဘက်ကိုသော်လည်း။ အချို့သော ရဟန်းအား တကျောင်းလုံးကို။ တဂါဝုတ် အရပ်ကို။ ယူဇနာခွဲ အရပ်ကို။ တယူဇနာ အရပ်ကို။ နှစ်ယူဇနာ အရပ်ကို။ သုံးယူဇနာ အရပ်ကို။ပ။အချို့သော ရဟန်းအား မြေပြင်မှ အကနိဋ္ဌ ဗြဟ္မာပြည် တိုင်အောင် တခုတည်းသော အရောင် အလင်း ရှိသည်ကို ပြုလျက် ဖြစ်ပေါ်၏၊ မြတ်စွာဘုရားမှာ မူကား တသောင်းသော လောကဓာတ်ကို လင်းစေလျက် ဖြစ်ပေါ်လေ၏။

http://www.dhammadownload.com



ထိုအရောင်အလင်း၏ ဤသို့ ထူးခြားသော အတိုင်းအရှည် ရှိရာ၌ အောက်ပါမှာ သာဓက ဝတ္ထုတည်း -

တဆင့်စကား ကြားရသည်မှာ-စိတ္တလတောင်တွင် နံရံ နှစ်ထပ် ရှိသော[၁] ကျောင်းဆောင်၏ အတွင်း၌ ၂-ပါးသောမထေရ်တို့သည် ထိုင်လျက် နေကုန်၏။ ထိုနေ့သည်လည်း လကွယ် ဥပုသ်နေ့ ဖြစ်၏၊ အရပ် မျက်နှာတို့ကို မိုးသည်းတိမ်လွှာ ဖုံးအုပ်လျက် ရှိ၏၊ ညဥ့် အချိန်၌ အင်္ဂါလေးပါး ရှိသော အမှောင်သည်[၂] ဖြစ်လျက် ရှိ၏၊ ထိုအခါ တပါးသော မထေရ်က "အရှင်ဘုရား၊ ယခုအခါ အကျွန်ုပ်မှာ စေတီယင်ပြင်က သီဟာသနခေါ် မြတ်သော နေရာ၌[၃] ငါးပါးသော အဆင်းရှိသော ပန်းတို့သည် ထင်ပေါ်နေပါကုန်၏"ဟု ဆို၏။ ထိုမထေရ်ကို အခြားမထေရ်က "ငါ့ရှင်၊အံ့ဘွယ် မဟုတ်သည်ကို ပြောဘိ၏၊ ငါ့မှာမူ ယခုအခါ မဟာသမုဒ္ဒရာထဲက တယူဇနာခန့် ကျယ်သော အရပ်၌ ငါးနှင့်လိပ်တို့သည် ထင်ပေါ်နေကုန်၏"ဟု ဆို၏။

---

၁-အပြင်နံရံ၏ အတွင်း၌လည်း အလယ်ခန်းအဖြစ်ဖြင့် ပတ်လည်လှည့်လျက် ကာရံထားသောအတွင်းနံရံ ၁-ခုရှိသောကြောင့် ထိုနံရံ ၂-ခုတို့၏ အကြား၌ လှည့်လည်သွားနိုင်သော ပတ်လည်စင်္ကြံခန်းဖြစ်လျက်ရှိသည်၊ သို့ဖြစ်၍ အတွင်းနံရံ၏ အတွင်း အလယ်ဗဟို အခန်းထဲ၌ ထိုင်နေကြသော မထေရ် ၂-ပါးမှာ ပကတိအလင်းရောင်မရှိကြောင်း သိစေရန် "နံရံ၂-ထပ်ရှိသော"ဟု အထူးဖော်ပြသည်။

၂-အင်္ဂါလေးပါးရှိသော အမှောင်ဟူရာ၌ အင်္ဂါလေးပါး ဟူသည်မှာ (၁) ၁၄-ရက်မြောက် လကွယ်ဥပုသ်နေ့ဖြစ်ခြင်း၊ (၂) ညဥ့်သန်းခေါင်အချိန်ဖြစ်ခြင်း၊ (၃) ထူထပ်သော တောအုပ်အလယ်ဖြစ်ခြင်း၊ (၄) မိုးသည်းတိမ်ဖုံးအုပ်လျက် ရှိခြင်း-ဤအင်္ဂါလေးပါးဖြစ်ကြောင်း ပါရာဇိကကဏ္ဍ အဋ္ဌကထာစသည်၌ ဆို၏။ မဟာနိဒ္ဒေသပါဠိ၌ကား ထို ၄-ပါးတို့တွင် သန်းခေါင်အချိန်အစား သူရိယော ဝါ အတ္ထင်္ဂတော နေဝင်ပြီးသောအချိန်-ဟု သာမန် ညဥ့်အချိန်ကို ပြထား၏။

၃-သီဟာသန-မြတ်သောနေရာဟူသည်ကား စေတီယင်ပြင်၌ ပူဇော်သောပန်းတို့ တင်ထားရာဖြစ်သော ပလ္လင် ခုံနေရာဖြစ်သည်။ ၎င်းခုံ၏ အခြေအောက်စဉ်၌ ခြင်္သေ့၏ လက်သည်း ခြေသည်းများနှင့်တကွ လက်ခြေပုံသဏ္ဌာန်ပြုထားသည်-ဟူ၏။

http://www.dhammadownload.com



ဤ ဝိပဿနာညစ်ညူးကြောင်း ဥပက္ကိလေသသည် များသောအားဖြင့် သမထနှင့် ဝိပဿနာ နှစ်ပါးလုံးကို ရသောသူအား ဖြစ်တတ်၏၊ သမထနှင့် ဝိပဿနာ နှစ်ပါးလုံးကို ရသော ထိုယောဂီသည် သမာပတ်ဖြင့် ခွါအပ်ပြီးသော ကိလေသာတို့၏ မဖြစ်ပေါ်လာခြင်းကြောင့် "ငါသည် ရဟန္တာတည်း"ဟု ထင်သော စိတ်ကို ဖြစ်စေ၏၊ (အဘယ်ကဲ့သို့နည်းဟူမူ ? ) ဥစ္စဝါလိကအရပ်၌ သီတင်း သုံးသော မဟာနာဂမထေရ်ကဲ့သို့ရင်း,ဟံကန အရပ်၌ သီတင်းသုံးသော မဟာဒတ္တ မထေရ်ကဲ့သို့ရင်း, စိတ္တလတောင် နိကပေန္နကကမ္မဋ္ဌာန်း ကျောင်း၌ သီတင်း သုံးသော စူဠသုမန မထေရ် ကဲ့သို့ရင်းပင် ဖြစ်ပေသည်။ ထိုတွင် အောက်ပါမှာ တခုသော ဝတ္ထုကို ပြဆိုချက်တည်း—

တလင်္ဂရအရပ်၌ သီတင်းသုံးသော ဓမ္မဒိန္န မထေရ်အမည်ရှိသော ကဲ့ပြားထူးခြားသော ပဋိသမ္ဘိဒါနှင့်ပြည့်စုံသော ရဟန္တာမထေရ်ကြီး တပါးသည် များစွာသောရဟန်းသံဃာအား [၂၇၁] အဆုံးအမဩဝါဒပေးသောမထေရ် ဖြစ်သတတ်၊ ထိုဓမ္မဒိန္နမထေရ်သည် တနေ့သောအခါ မိမိ၏နေ့သန့်စင်ရာအရပ်၌ ထိုင်နေလျက်"ငါတို့၏ ဆရာဖြစ်သော ဥစ္စဝါလိကအရပ်၌ သီတင်းသုံးသော မဟာနာဂမထေရ်ကြီးအား ရဟန်းအဖြစ် ကိစ္စသည် အပြီးအဆုံးသို့ရောက်ပြီလေလော၊ မရောက်သေးဘူးလေလော"ဟု ဆင်ခြင်လတ်သော် ထိုမထေရ်ကြီး၏ ပုထုဇဉ် အဖြစ်ကိုသာလျှင် တွေ့မြင်၍ "ငါမသွားသည်ရှိသော် ပုထုဇဉ်၏သေခြင်းကိုသာလျှင် ပြုရရှာလိမ့်မည်"ဟုသိသောကြောင့် တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်သွားပြီးလျှင် နေ့သန့်စင်ရာ အရပ်၌ ထိုင်နေသော မဟာနာဂမထေရ်ကြီး၏ အနီး၌ သက်ဆင်း၍ ရှိခိုးလျက်အရိုအသေပေးမှုဝတ်ကိုပြုပြီးလျှင် တခုသောနေရာ၌ ထိုင်နေလေ၏၊ "ငါ့ရှင်ဓမ္မဒိန္န၊ အခါမဟုတ်ပဲ အဘယ့်ကြောင့် လာသနည်း"ဟု မေးလတ်သော် "ပြဿနာကို မေးခြင်းငှါ လာခဲ့ပါသည် အရှင်ဘုရား"ဟု လျှောက်၏၊ ထိုအခါ "ငါ့ရှင်၊ မေးပေတော့၊ သိလျှင် ဖြေကုန်အံ့"ဟု ဆိုလတ်သော် ပြဿနာပေါင်း တထောင်ကို မေးလျှောက်လေ၏။

မဟာနာဂ မထေရ်သည် မေးတိုင်း မေးတိုင်းကို ငြိတွယ် ဖင့်နွှေးခြင်း မရှိမူ၍သာလျှင် ဖြေကြားလေ၏။ ထိုအခါ"အရှင်ဘုရား၊ အရှင်ဘုရားတို့၏ ဉာဏ်သည် အလွန်ပင် ထက်မြက်ပါပေသည်၊ အရှင်ဘုရားတို့သည် ဤတရားကို ဘယ်အခါက ရထားပါသနည်းဟု" လျှောက်ထားလတ်သော် "ယခု

http://www.dhammadownload.com



အခါမှ အနှစ်ခြောက်ဆယ်ကာလက ရခဲ့သည် ငါ့ရှင်”ဟု ဆို၏။ “အရှင်ဘုရား၊ သမာဓိကိုလည်း အသုံးပြုပါကုန်သေးသလော”ဟု မေးလတ်သော် “ငါ့ရှင်၊ ဤသမာဓိကို အသုံးပြုခြင်းသည် ဝန်မလေး”ဟုဆို၏။“သို့ဖြစ်လျှင် အရှင်ဘုရား၊ ဆင်တကောင်ကို ဖန်ဆင်းပါကုန်လော့”ဟု လျှောက်၏။မဟာနာဂမထေရ်သည် အလုံးစုံ ဖြူသော ဆင်ကို (အဘိညာဉ်ဖြင့်) ဖန်ဆင်း၏။ “အရှင်ဘုရား၊ ယခုအခါ ဤဆင်သည် နားရွက်ကုပ်လျက် အမြီးကို ထောင်၍ နှာမောင်းကို ခံတွင်း၌ ထည့်ပြီးလျှင် ကြောက်မက်ဖွယ်ကောင်းသော ဆင်အော်သံကို ပြုလျက် အရှင်ဘုရားတို့ဆီသို့ ရှေးရှု ပြုလျက် လာအောင် ထိုဆင်ကို ပြုပါကုန်ဦးလော့”ဟု လျှောက်၏။ မဟာနာဂမထေရ်သည် ထိုသို့ လျှောက်သည့်အတိုင်း ပြုပြီးလျှင် လျင်သော အဟုန်ဖြင့် ပြေးလာသောဆင်၏ ကြောက်မက်ဖွယ်ကောင်းသော အခြင်းအရာကို မြင်လတ်သော် ထ၍ ပြေးရန် အားထုတ်လေ၏။ ထိုသို့ (ပြေးရန်အားထုတ်)သော ဤမဟာနာဂမထေရ်ကို ဓမ္မဒိန္န ရဟန္တာ-ထေရ်သည် လက်ကိုဆန့်၍ သင်္ကန်းစွန်၌ ဆွဲကိုင်လျက်“အရှင်ဘုရား၊ ရဟန္တာပုဂ္ဂိုလ်အား ကြောက်ရွံ့ခြင်း မည်သည် ရှိပါသေးသလော”ဟု လျှောက်၏။

ထိုမဟာနာဂမထေရ်သည် ထိုအခါ၌ မိမိ၏ ပုထုဇဉ်အဖြစ်ကိုသိ၍“ငါ့ရှင် ဓမ္မဒိန္န၊ ငါ၏ အားထားမှီခိုရာ ဖြစ်ပါလော့”ဟု ဆိုလျက် ခြေရင်း(ခြေအနီး)၌ ဆောင့်ကြောင့် ထိုင်နေ၏။ “အရှင်ဘုရား၊ အကျွန်ုပ်သည် အရှင်ဘုရားတို့၏ အားထားမှီခိုရာ ဖြစ်စေမည်ဟု ရည်ရွယ်၍ လာခဲ့ပါသည်၊ မစိုးရိမ်ပါကုန်လင့်”ဟု ဆို၍ ကမ္မဋ္ဌာန်းကို ဟောကြား၏။ မဟာနာဂ မထေရ်သည် ကမ္မဋ္ဌာန်းကို ယူပြီးလျှင် စင်္ကြံသို့ တက်၍ (အားထုတ်လတ်သော်) တတိယခြေလှမ်း၌ ရဟန္တာ၏ အဖြစ်ဟူသောအမြတ်ဆုံးဖိုလ်သို့ ရောက်တော်မူလေ၏။ မဟာနာဂမထေရ်သည် ဒေါသပြောသော ဒေါသစရိုက် ရှိသတတ်။ ဤသို့ သဘောရှိသော ရဟန်းတို့သည် အရောင်အလင်းကြောင့် တုန်လှုပ်ကုန်၏။ (၁)

၇၃၄။ **ဉာဏ-ဉာဏ်** ဟူသည်ကား ဝိပဿနာဉာဏ်တည်း။ ရုပ်နာမ်တရားတို့ကို နှိုင်းချိန်စူးစမ်းသော ထိုယောဂီအား ပစ်လွှတ်လိုက်သော သကြားမင်း၏ ဝဇိရ်လက်နက် ကဲ့သို့ မပျက်သော အဟုန်ရှိသည်ဖြစ်၍ ထက်မြက် ရဲရင့်သော အလွန်သန့်ရှင်းသော အသိဉာဏ်သည် ဖြစ်ပေါ် လာသတတ်။ (၂)

http://www.dhammadownload.com



[၂၇၂] **ပီတိ**-ဟူသည်ကား ဝိပဿနာဉာဏ်နှင့် ယှဉ်သော ပီတိတည်း။ ထိုယောဂီအား ထိုအခါ၌ အနည်းငယ် နှစ်သိမ့် ဝမ်းမြောက်မှု ဟူသော **ခုဒ္ဒိကာပီတိ**, ခဏခဏဆင့်၍ ဖြစ်သော နှစ်သိမ့် ဝမ်းမြောက်မှု ဟူသော **ခဏိကာပီတိ**, လှိုက်လှိုက်လှဲလှဲ သက်ဝင်လျက် နှစ်သိမ့်ဝမ်းမြောက်မှု ဟူသော **ဩက္ကန္တိကာပီတိ**, ခုန်ကြွတက်စေတတ်သော နှစ်သိမ့်ဝမ်းမြောက်မှု ဟူသော **ဥဗ္ဗေဂါပီတိ**, တကိုယ်လုံး၌ နှံ့စေလျက် နှစ်သိမ့်ဝမ်းမြောက်မှု ဟူသော **ဖရဏာပီတိ** ဟူ၍ ငါးပါးအပြားရှိသော ဤနှစ်သိမ့်ဝမ်းမြောက်မှု-ပီတိသည်လည်း တကိုယ်လုံးကို ပြည့်စေလျက် ဖြစ်ပေါ်လာသတတ်။[၁] (၃)

**ပဿဒ္ဓိ-ငြိမ်းအေးခြင်း** ဟူသည်ကား ဝိပဿနာဉာဏ်နှင့် ယှဉ်သော ကိုယ်စိတ်၏ ငြိမ်းအေးမှု-ပဿဒ္ဓိပေတည်း။ ထိုအခါ၌ ညဥ့်သန့်စင်ရာ အရပ်၌ဖြစ်စေ နေ့သန့်စင်ရာအရပ်၌ဖြစ်စေ ထိုင် (လျက်အားထုတ်) နေသော ထိုယောဂီအား ကိုယ်စိတ်တို့၏ ပူပန်ခြင်းမည်သည် မရှိ၊ လေးလံခြင်းမည်သည် မရှိ၊ ကြမ်းတမ်းခက်ထန်ခြင်း မည်သည် မရှိ၊ အမှု၌ မခံ့ခြင်း-မပြုစွမ်းနိုင်ခြင်းမည်သည် မရှိ၊ မကျန်းမာခြင်းမည်သည် မရှိ၊ ကောက်ကျစ်ခြင်း မည်သည် မရှိ၊ စင်စစ်အားဖြင့်သော်ကား ကိုယ်နှင့်စိတ်တို့သည် ငြိမ်းအေးကုန်သည်သာလျှင် ဖြစ်ကုန်၏၊ ပေါ့ပါးကုန်သည် နူးညံ့ကုန်သည် အမှု၌ ခံ့ကုန်သည် ကောင်းစွာ သန့်ရှင်းသန်စွမ်းကုန်သည် ဖြောင့်မတ်ကုန်သည်သာလျှင် ဖြစ်ကုန်၏။ ထိုယောဂီသည် ဤငြိမ်းအေးခြင်း စသည်တို့ဖြင့် ချီးမြှောက်ထောက်ပံ့အပ်သော ကိုယ်စိတ်ရှိသည်ဖြစ်၍ ထိုအခါ၌ လူတို့နှင့်မဆိုင်သော[၂] ပျော်မွေ့ခြင်း မည်သည်ကို ခံစားရ၏၊ ယင်းသို့သော ပျော်မွေ့ခြင်းကို ရည်၍-

---

၁-ပီတိ ငါးမျိုးဖြစ်ပုံကို အကျယ်အားဖြင့် သိလိုလျှင် ဝိပဿနာ ရှုနည်းကျမ်း ဒုတိယတွဲ စာမျက်နှာ (ဆဋ္ဌနိပ်) ၁၆၇-(သတ္တမနိပ်) ၁၇၄-၌ ကြည့်ပါ။ အခြား ဥပက္ကိလေသတို့၏ အနက်အဓိပ္ပါယ် အကျယ်ကိုလည်း ၎င်းကျမ်း၌ပင် ကြည့်ပါလေ။

၂-လူတို့နှင့် မဆိုင်သော-ဟူသည်မှာ ထိုသို့သော ဘာဝနာဖြင့် ပျော်မွေ့ခြင်းကို သာမန်လူသားတို့ မရောက်နိုင် မရနိုင်၊ ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်တို့ သည်သာလျှင် ရနိုင်ကောင်းသောကြောင့် ထိုသို့ဆိုပေသည်။

http://www.dhammadownload.com



"ဆိတ်ငြိမ်သော ကမ္မဋ္ဌာန်းကျောင်းသို့ဝင်လျက် ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ ရုပ်နာမ်တရားကို မှန်ကန်စွာ မြင်သော ရဟန်းအား လူတို့နှင့်မဆိုင်သောပျော်မွေ့ခြင်းသည် ဖြစ်ပေါ်၏။

အကြင် အကြင် ရုပ်အဖို့ နာမ်အဖို့မှ ခန္ဓာတို့၏ အဖြစ်အပျက်ကို သုံးသပ်၏၊ထိုထိုသုံးသပ်တိုင်းသော ရုပ်အဖို့ နာမ်အဖို့မှဝမ်းမြောက်ခြင်း-ပီတိ, နှစ်သိမ့်အားရခြင်း-ပါမောဇ္ဇကို ရ၏။ ထိုပီတိပါမောဇ္ဇသည် အဖြစ်အပျက်ကို သိမြင်သော ယောဂီတို့၏ အမြိုက်နိဗ္ဗာန်ပေတည်း"ဟု....

မြတ်စွာဘုရားဟောကြားတော်မူပေသည်။ ဤဆိုခဲ့သည့်အတိုင်း ထိုယောဂီအား လူတို့နှင့် မဆိုင်သော ဤပျော်မွေ့ခြင်းကို ပြီးစေလျက် ပေါ့ပါးခြင်း-လဟုတာ စသည်တို့နှင့် ယှဉ်သော ငြိမ်းအေးမှု-ပဿဒ္ဓိသည် ဖြစ်ပေါ်လာ၏။ (၄)

**သုခ** ဟူသည်ကား ဝိပဿနာဉာဏ်နှင့်ယှဉ်သော ချမ်းသာ-သုခတည်း။ ထိုယောဂီအား ထိုအခါ၌ တကိုယ်လုံးကို စိုပျံ့စေလျက် အလွန်ကောင်းမြတ်သော ချမ်းသာသည် ဖြစ်ပေါ်လာသတတ်။ (၅)

**အဓိမောက္ခ-ဆုံးဖြတ်ခြင်း** ဟူသည်ကား ယုံကြည်မှု ကြည်လင်မှု သဒ္ဓါတရားတည်း။ ထိုယောဂီအား ဝိပဿနာနှင့် ယှဉ်သည်သာလျှင် ဖြစ်သော စိတ် စေတသိက်တို့ကို အလွန်အကဲ ကြည်လင်စေတတ်သော အားကြီးသော ယုံကြည်မှု-သဒ္ဓါတရားသည် ဖြစ်ပေါ်လာ၏။ (၆)

**ပဂ္ဂဟ-ချီးမြှောက်ခြင်း** ဟူသည်ကား အားထုတ်မှု လုံ့လ-ဝီရိယတည်း။ ထိုယောဂီအား ဝိပဿနာနှင့် ယှဉ်သည်သာလျှင် ဖြစ်သော မလျော့လွန်း မတင်းလွန်းသော ကောင်းစွာ ချီးမြှောက်အပ်သောအားထုတ်မှု-ဝီရိယသည် ဖြစ်ပေါ်လာ၏။ (၇)

**ဥပဋ္ဌာန-ထင်ခြင်း** ဟူသည်ကား အမှတ်ရမှု- သတိတည်း။ ထိုယောဂီအား ဝိပဿနာနှင့် ယှဉ်သည်သာလျှင် ဖြစ်သော ကောင်းစွာ ထင်သော ကောင်းစွာ တည်တံ့သော မြေဝင်မျှားသော တိုင်ကဲ့သို့ မလှုပ်ရှားသော, တောင်မင်းနှင့်တူသော အမှတ်ရမှု-သတိသည် ဖြစ်ပေါ်လာ၏။ ထိုယောဂီသည် အကြင် အကြင် အရာဌာနကို ဆင်ခြင်ငြားအံ့ စဉ်းစားငြားအံ့ နှလုံး

http://www.dhammadownload.com



သွင်းငြားအံ့ ရှေးရှုသက်ဝင်၍ ရှုငြားအံ့၊ ထိုထိုဆင်ခြင်တိုင်းသော အရာဌာနသည် ဒိဗ္ဗစက္ခုအဘိညာဉ်ရသော ပုဂ္ဂိုလ်အား တပါးသော လောကသည် ထင်ပေါ်လာသကဲ့သို့ ထိုယောဂီ၏ အမှတ်ရမှု-သတိ၌ သက်ဝင်၍ ပြေးဝင်၍ ထင်ပေါ်လာ၏။ (၈)

[၂၇၃] **ဥပေက္ခာ** ဟူသည်ကား ဝိပဿနုပေက္ခာနှင့် အာဝဇ္ဇန်းဥပေက္ခာပေတည်း။ ထိုယောဂီအား ထိုအခါ၌ အလုံးစုံသော သင်္ခါရတို့၌ အလယ်အလတ် သဘောဖြစ်သော ဝိပဿနုပေက္ခာသည်လည်း အားကြီးစွာ ဖြစ်ပေါ်၏၊ မနောဒွါရ၌ ဆင်ခြင်မှု-အာဝဇ္ဇန်း ဥပေက္ခာသည်လည်း အားကြီးစွာ ဖြစ်၏၊ မှန်ပေ၏၊ ထိုအာဝဇ္ဇန်းဥပေက္ခာသည် ထိုထိုအရာဌာနကို ဆင်ခြင်သော ထိုယောဂီအား ပစ်လွှတ်လိုက်သော သိကြားမင်း၏ ဝရဇိန်လက်နက်ကဲ့သို့ရင်း, ဖက်ခွက်၌ ပြေးဝင်သော ထက်မြက်သောစင်းသွားမြားကဲ့သို့ရင်း ရဲရင့် ထက်မြက်သည်ဖြစ်၍ ဆောင်သွား၏။ (၉)

**နိကန္တိ-ငြိကပ်တွယ်တာခြင်း** ဟူသည်ကား ဝိပဿနာ၌ ငြိကပ်တွယ်တာခြင်းတည်း။ ထိုယောဂီအား ဤဆိုခဲ့သည့်အတိုင်း အရောင်အလင်း စသည်တို့ဖြင့် တန်းဆာဆင်အပ်သော ဝိပဿနာ၌ ငြိကပ်တွယ်တာခြင်းကို ပြုလျက် သိမ်မွေ့သော ငြိမ်သက်သော အခြင်းအရာရှိသော နှစ်သက်ပျော်မွေ့မှု-နိကန္တိသည် ဖြစ်ပေါ်လာ၏၊ ယင်းသို့သော နိကန္တိကို ကိလေသာဟု သိမ်းဆည်းရန်သိရန်ပင် မစွမ်းနိုင်ပဲ ရှိတတ်၏။ (၁၀)

အရောင်အလင်း ဖြစ်ပေါ်လာရာ၌ကဲ့သို့ ထို့အတူပင် ဤဉာဏ် စသည်တို့တွင်လည်း တပါးပါး ဖြစ်ပေါ်လာလတ်သော် ယောဂီပုဂ္ဂိုလ်သည် "ဤမှရှေးကာလ၌ ငါအား ဤသို့ သဘောရှိသောဉာဏ်သည် စင်စစ်အားဖြင့် မဖြစ်ပေါ်ခဲ့ဘူးသေး၊ ဤသို့ သဘောရှိသော ဝမ်းမြောက်မှုသည်၊ ငြိမ်းအေးမှုသည်၊ ချမ်းသာသည်၊ ယုံကြည်မှုစိတ်ကြည်လင်မှုသည်၊ လုံ့လသည်၊ သတိသည်၊ညီမျှမှု ဥပေက္ခာသည်၊ပျော်မွေ့မှု-(နိကန္တိ)သည် စင်စစ်အားဖြင့် မဖြစ်ပေါ်ခဲ့ဘူးသေး၊ မချတ်ကေန်ပင် ငါသည် မဂ်သို့ရောက်ပြီ ဖိုလ်သို့ရောက်ပြီ"ဟု မဂ်မဟုတ်သည်ကိုပင်လျှင် မဂ်ဟူ၍ရင်း ဖိုလ်မဟုတ်သည်ကိုပင်လျှင် ဖိုလ်ဟူ၍ရင်း ယူ၏။ မဂ်မဟုတ်သည်ကိုပင်လျှင် မဂ်ဟူ၍ရင်း ဖိုလ်မဟုတ်သည်ကိုပင်လျှင် ဖိုလ်ဟူ၍ရင်း ယူလျှင် ထိုယောဂီ၏ ဝိပဿနာလမ်းသည်

http://www.dhammadownload.com



ဘေးသို့ ဖဲ့သွားသည် မည်၏၊ ထိုယောဂီသည် မိမိ၏ မူလကမ္မဋ္ဌာန်းကို စွန့်လွှတ်ပြီးလျှင် ပျော်မွေ့မှု-နိကန္တိကိုသာလျှင် သာယာလျက် နေလေတော့၏။

၇၃၅။ ဤဆယ်ပါးတို့တွင် ဩဘာသ အစရှိသော ၉-ပါးတို့သည် ဥပက္ကိလေသ၏ အာရုံဝတ္ထုဖြစ်သောကြောင့် (၎င်းတို့ကို) ဥပက္ကိလေသတို့ဟု ဆိုထားလေသည်၊ အကုသိုလ်ဖြစ်သောကြောင့် ဆိုသည်ကားမဟုတ်။ နိကန္တိသည်ကား ဥပက္ကိလေသလည်း ဖြစ်၏၊ ဥပက္ကိလေသ၏ အာရုံဝတ္ထုလည်း ဖြစ်၏။ ဤဥပက္ကိလေသတို့သည် အာရုံဝတ္ထုအလိုအားဖြင့်သာလျှင်ဆယ်ပါး ဖြစ်ကုန်၏၊ စွဲလမ်းမှု(ဂါဟ) အလိုအားဖြင့်မူကား သုံးဆယ် ဖြစ်ကုန်၏။ အဘယ်သို့နည်းဟူမူ? "ငါ့အား အရောင်အလင်း ဖြစ်ပေါ်သည်"ဟု ယူသောသူအား ဒိဋ္ဌိစွဲ(ဒိဋ္ဌိဂါဟ) ဖြစ်၏၊ "နှစ်လိုဘွယ်ကောင်းသော အရောင်အလင်းသည် ဖြစ်ပေါ်လာပေပြီတကား"ဟု ယူသောသူအား မာနစွဲ (မာနဂါဟ) ဖြစ်၏၊ အရောင်အလင်းကို သာယာသော သူအား တဏှာစွဲ(တဏှာဂါဟ) ဖြစ်၏၊ ဤသို့လျှင် ဒိဋ္ဌိ မာန တဏှာတို့အလိုအားဖြင့် သုံးပါးသော စွဲလမ်းမှု (ဂါဟ)တို့ ဖြစ်ကုန်၏၊ ကြွင်းသော ဥပက္ကိလေသဝတ္ထုတို့၌လည်း ထို့အတူပင်တည်း။ ဤသို့လျှင် စွဲလမ်းမှု (ဂါဟ)တို့ အလိုအားဖြင့် ဥပက္ကိလေသ သုံးဆယ်ဖြစ်ကုန်၏။ မကျွမ်းကျင် မလိမ္မာသော ယောဂီသည် ထိုသုံးဆယ်သော ဥပက္ကိလေသတို့၏ အစွမ်းအားဖြင့် ဩဘာသ စသည်တို့ကြောင့် တုန်လှုပ် ပျံ့လွင့်၏။ တုန်လှုပ် ပျံ့လွင့်ပုံကား-ဩဘာသ စသည်တို့တွင် တခုခုကို "ဤအရာသည် ငါ၏ ဥစ္စာတည်း၊ ဤအရာသည် ငါဖြစ်သည်၊ ဤအရာသည် ငါ၏ အတ္တတည်း"ဟု ရှု၏ (ထင်မှတ်၏)။ ထို့ကြောင့် ရှေးဆရာတို့သည်-

> "အရောင်အလင်းကြောင့်၎င်း ဉာဏ်ကြောင့်၎င်း ဝမ်းမြောက်မှု ပီတိကြောင့်၎င်း တုန်လှုပ်၏၊ ငြိမ်းအေးမှု-ပဿဒ္ဓိကြောင့်၎င်း ချမ်းသာမှု-သုခကြောင့်၎င်း ယင်း ဥပက္ကိလေသတို့ကြောင့် စိတ်သည် တုန်လှုပ်၏။
>
> [၂၇၄] ယုံကြည်ဆုံးဖြတ်မှု- အဓိမောက္ခကြောင့်၎င်း အားထုတ်မှု-ပဂ္ဂါဟကြောင့်၎င်း သတိထင်မှု-ဥပဋ္ဌာနကြောင့်၎င်း နှလုံးသွင်း ဆင်ခြင်မှု အာဝဇ္ဇန်း ဥပေက္ခာကြောင့်၎င်း လျစ်လျူရှုမှု-ဝိပဿနု-

http://www.dhammadownload.com



ပေက္ခာကြောင့်ရှင်း နှစ်သက် ပျော်မွေ့မှု-နိကန္တိ ကြောင့်ရှင်း တုန်လှုပ်၏”ဟု-

မိန့်ဆိုကုန်၏။

## မဂ်မှန်နှင့် မဂ်မှား ပိုင်းခြားခြင်းကို ပြဆိုချက်

၇၃၆။ တတ်သိလိမ္မာ ပညာရှိသော အသိဉာဏ်နှင့်ပြည့်စုံသော[၁] ယောဂီပုဂ္ဂိုလ်သည်ကား ဩဘာသစသည်တို့ ဖြစ်ပေါ်လာကုန်လတ်သော်“ငါ့အား ဤအရောင်အလင်းသည် ဖြစ်ပေါ်လာ၏၊ ထိုသို့ ဖြစ်ပေါ်လာသော ဤအရောင်အလင်းသည် မမြဲသောတရားတည်း ပေါင်းစု၍ ပြုအပ်သော သင်္ခတတရားတည်း အကြောင်းကိုစွဲ၍ ဖြစ်သောတရားတည်း ကုန်ခြင်း သဘောရှိ၏ ပျက်ခြင်းသဘောရှိ၏ ပျောက်ပြယ်ခြင်းသဘောရှိ၏ ချုပ်ခြင်းသဘောရှိ၏”ဟု ဤသို့မှုလည်း ထိုအရောင်အလင်းကို ပညာဖြင့် ပိုင်းခြားဆုံးဖြတ်၏၊ စူးစိုက်၍ ရှုဆင်ခြင်၏၊ သို့မဟုတ် ထို ယောဂီအား ဤသို့မှုလည်း ရှုဆင်ခြင်မှု ဖြစ်၏- “အရောင်အလင်းသည် အကယ်၍ အတ္တ ဟုတ်ငြားအံ့၊ အတ္တဟု ယူရန် သင့်ရာ၏၊ သို့သော် အတ္တမဟုတ်ပါပဲလျက် ဤအရောင်အလင်းကို အတ္တဟု ယူထား၏၊ ထို့ကြောင့် ထိုအရောင်အလင်းသည် အလိုအတိုင်း မဖြစ်ခြင်း အနက်သဘောကြောင့် အတ္တမဟုတ်၊ ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း-ပျောက်ကွယ်သွားခြင်း အနက်သဘောကြောင့် မမြဲ၊ ဖြစ်ခြင်း ပျက်ခြင်းက မပြတ်နှိပ်စက်ခြင်း အနက်သဘောကြောင့် ဆင်းရဲတည်း”ဟု ဤသို့ စသည်ဖြင့် အလုံးစုံကို(နာမသတ္တက) နာမ်သုံးသပ်ပုံ ၇-မျိုး၌ဆိုခဲ့ပြီးသောနည်းဖြင့် ချဲ့၍ သိအပ်၏။ အရောင်အလင်း၌ကဲ့သို့ ထို့အတူ ကြွင်းသော ဥပက္ကိလေသဝတ္ထုတို့၌လည်း သိအပ်၏။

---

၁-ကုသလော-ကမ္မဋ္ဌာန်း၌ ကျွမ်းကျင်လိမ္မာသော၊ ပဏ္ဍိတော - ရင့်ကျက်သော ဉာဏ်ပညာရှိသော၊ ဗျတ္တော - ကျမ်းဂန် တတ်သိသော၊ ဗုဒ္ဓိသမ္ပန္နော-ဥပက္ကိလေသနှင့် ထိုဥပက္ကိလေသကို သုတ်သင်မှုတို့၌ အပြစ်အကျိုးတို့ကို သိသောဉာဏ်နှင့် ပြည့်စုံသော-ဟု ဤသို့အစဉ်အတိုင်း ဝိသုဒ္ဓိမဂ်၌ ဆိုထားသော်လည်း မြန်မာစကားချောမော ပြေပြစ်စေရန် “တတ်သိ လိမ္မာ ပညာရှိသော အသိဉာဏ်နှင့်ပြည့်စုံသော”ဟု အတိုချုံး၍ ပြန်ဆိုထားသည်။

http://www.dhammadownload.com



ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း စူးစိုက်၍ရှုဆင်ခြင်ပြီးလျှင် အရောင်အလင်းကို"ဤအရောင်အလင်းသည် ငါ၏ဥစ္စာ မဟုတ်၊ ဤအရောင်အလင်းသည် ငါ မဟုတ်၊ ဤအရောင်အလင်းသည် ငါ၏ အတ္တမဟုတ်"ဟု ရှု၏။ ဉာဏ်ကို။ပ။ နိကန္တိကို "ဤနိကန္တိသည် ငါ၏ ဥစ္စာမဟုတ်၊ ဤနိကန္တိသည် ငါ မဟုတ်၊ ဤနိကန္တိသည် ငါ၏ အတ္တမဟုတ်"ဟု ရှု၏။ ဤသို့ ရှုမြင်သော ယောဂီသည် ဩဘာသ စသည်တို့ကြောင့် မတုန်မလှုပ်။ ထို့ကြောင့် ရှေးဆရာတို့သည်—

> "အကြင် ယောဂီအား ဤဆယ်ပါးသော ဌာနတို့ကို သိမ်းဆည်း၍ ဆင်ခြင်သော ဉာဏ်ပညာရှိ၏၊ ထိုယောဂီသည် တရားထူးဟု ခြင်ဆင်လျက် ပျံ့လွင့်သော ဓမ္မုဒ္ဓစ္စ၌ ကျွမ်းကျင်လိမ္မာ၏၊ ပျံ့လွင့်ခြင်းသို့လည်း မရောက်"ဟု-

မိန့်ဆိုကုန်၏။

ဤဆိုခဲ့သည့်အတိုင်း ပျံ့လွင့်ခြင်းသို့ မရောက်သော ထိုယောဂီသည် သုံးဆယ်အပြားရှိသော ထိုဥပက္ကိလေသ အရှုပ်အထွေးကို ဖြေရှင်း၍"ဩဘာသ အစရှိသော တရားတို့သည်(ဝိပဿနာလမ်းရိုး) လမ်းမှန်မဟုတ်၊ဥပက္ကိလေသမှ လွတ်သော ရှုမြဲ ရှုလျက် လမ်းမှန်သွားသော ရှုသိမှု-ဝိပဿနာ ဉာဏ်သည်သာလျှင် လမ်းမှန်တည်း"ဟု လမ်းမှန်ကိုငင်း လမ်းမှားကိုငင်း ပိုင်းခြားဆုံးဖြတ်၏။ဤသို့လျှင်"ဤ(ရှုမြဲရှုလျက် လမ်းမှန်သွားသော ရှုသိမှုပညာ) သည်ကား (ပဋိပဒါဂမဂ်)လမ်းမှန်တည်း၊ ဤ(အရောင်အလင်း စသည်) သည်ကား လမ်းမှန်မဟုတ်"ဟု လမ်းမှန်နှင့် လမ်းမှားကို(ပိုင်းခြား) သိမြင်၍ တည်သောဉာဏ်ကို **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**(လမ်းမှန်နှင့် လမ်းမှားကို အသိအမြင် စင်ကြယ်သောဉာဏ်ပညာ)ဟူ၍ သိအပ်၏။

ဤမျှ(အားထုတ်ခဲ့သောဘာဝနာအစီအရင်)ဖြင့် ထိုယောဂီသည် သစ္စာသုံးပါးပိုင်းခြားခြင်းကိုပြု(အပ်)ပြီး ဖြစ်လေတော့၏၊ အဘယ်သို့နည်းဟူမူ? (ရခဲ့ပြီးသော)ဒိဋ္ဌိဝိသုဒ္ဓိအရာ၌ နာမ်နှင့် ရုပ်ကို ပိုင်းခြားခြင်းဖြင့် ဒုက္ခသစ္စာ ပိုင်းခြားခြင်းကိုပြု(အပ်)ပြီး ဖြစ်ပေသည်။ (ရခဲ့သော)ကင်္ခါဝိတရဏဝိသုဒ္ဓိအရာ၌ အကြောင်းကို သိမ်းဆည်းခြင်းဖြင့် သမုဒယသစ္စာ ပိုင်းခြားခြင်းကို

http://www.dhammadownload.com



ပြု(အပ်)ပြီး ဖြစ်ပေသည်၊ ဤ(ရဆဲသော)မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအရာ၌ လမ်းမှန်ကို ကန့်သတ်ပိုင်းခြားခြင်းဖြင့် မဂ္ဂသစ္စာပိုင်းခြားခြင်းကို ပြု(အပ်) ပြီးဖြစ်ပေသည်၊ ဤသို့လျှင် လောကီဝိပဿနာဉာဏ်ဖြင့်ပင်လျှင် သစ္စာသုံးပါးကိုပိုင်းခြားခြင်းကို ပြု(အပ်)ပြီးဖြစ်လေတော့၏။

ဤသည်ကား သူတော်ကောင်းတို့၏ နှစ်သိမ့်ဝမ်းမြောက်ခြင်းငှါ စီရင်သော ဝိသုဒ္ဓိမဂ်ကျမ်းဝယ် ပညာဘာဝနာအရာ၌ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို အကျယ်ပြချက် (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ)မည်သော နှစ်ဆယ်မြောက်ဖြစ်သော အပိုင်းအခဏ်းတည်း။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို အကျယ်ပြချက်ပြီး၏။

http://www.dhammadownload.com

## ၂၁-ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို အကျယ်ပြဆိုချက်

## ဥပက္ကိလေသမှလွတ်သောဥဒယဗ္ဗယဉာဏ်ကို ပြဆိုချက်

[၂၇၆] ၇၇၇။ ရှစ်ပါးသော ဉာဏ်တို့၏ အစွမ်းအားဖြင့် ခေါင်ထိပ်သို့ ရောက်သော ဝိပဿနာနှင့် ၉-ခုမြောက်ဖြစ်သော သစ္စာနုလောမိကဉာဏ် ဟူသော ဤဝိပဿနာဉာဏ်အပေါင်းသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ (အရိယာမဂ်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော စင်ကြယ်သော ဉာဏ်အမြင်) မည်၏။ **ရှစ်ပါး** ဟူရာ၌ (၁) ဥပက္ကိလေသမှ လွတ်သော "ရှုမြဲရှုလျက် လမ်းမှန်သွားသော ဝိပဿနာ"ဟုဆိုအပ်သော ဥဒယဗ္ဗယဉာဏ်၊ (၂) ဘင်္ဂါနုပဿနာဉာဏ်၊ (၃) ဘယတုပဋ္ဌာနဉာဏ်၊ (၄) အာဒီနဝါနုပဿနာဉာဏ်၊ (၅) နိဗ္ဗိဒါနုပဿနာဉာဏ်၊ (၆) မုဉ္စိတုကမျတာဉာဏ်၊ (၇) ပဋိသင်္ခါနုပဿနာဉာဏ်၊ (၈) သင်္ခါရုပေက္ခာဉာဏ် ဟူသော ဤရှစ်ပါးသောဉာဏ်တို့ကို သိအပ်ကုန်၏။ **၉-ခုမြောက် ဖြစ်သော သစ္စာနုလောမိကဉာဏ်** ဟူသည်မှာ အနုလောမဉာဏ်၏ အမည်တည်း။ ထို့ကြောင့် ထို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို ပြည့်စုံစေခြင်းငှါ အလိုရှိသော ယောဂီသည် ဥပက္ကိလေသမှ လွတ်သော ဥဒယဗ္ဗယဉာဏ်ကို အစပြု၍ အဆိုပါဉာဏ်တို့၌ အားထုတ်ခြင်းကို ပြုအပ်၏။

၇၇၈။ ဥဒယဗ္ဗယဉာဏ်၌ တဖန် အားထုတ်ခြင်းသည် အဘယ်အကျိုး ရှိသနည်းဟူမူ? သာမညလက္ခဏာကို ကောင်းစွာ မှတ်ခြင်း အကျိုးရှိ၏။ မှန်ပေ၏၊ ဥဒယဗ္ဗယဉာဏ်သည် ရှေး၌ ဆယ်ပါးသော ဥပက္ကိလေသတို့ဖြင့် ညစ်ညူးသည်ဖြစ်၍ သုံးပါးသော သာမညလက္ခဏာကို ဟုတ်တိုင်းမှန်သော မိမိ၏သဘောအားဖြင့် ကောင်းစွာ မှတ်ခြင်းငှါ မစွမ်းနိုင်ခဲ့သေး၊ ဥပက္ကိလေသမှ လွတ်သော ဥဒယဗ္ဗယဉာဏ်သည်ကား စွမ်းနိုင်ပေ၏၊ ထို့ကြောင့် သာမညလက္ခဏာကို ကောင်းစွာမှတ်ခြင်းအကျိုးငှါ ဤအရာ၌ တဖန် အားထုတ်ခြင်းကို ပြုအပ်ပေ၏။

၇၇၉။ သာမညလက္ခဏာတို့သည်ကား အဘယ်တရားကို နှလုံးမသွင်းခြင်းကြောင့် အဘယ်တရားက ဖုံးလွှမ်းထားသောကြောင့် မထင်ပေါ်ကုန်သနည်း? **အနိစ္စလက္ခဏာ**သည် ဖြစ်ခြင်းပျက်ခြင်းတို့ကို နှလုံးမသွင်းခြင်းကြောင့် အဆက်မပြတ် ဖြစ်နေသော ရုပ်နာမ်အစဉ် **သန္တတိပညတ်**က ဖုံး

http://www.dhammadownload.com



လွှမ်းထားသောကြောင့် မထင်ပေါ်ပဲရှိ၏။ **ဒုက္ခလက္ခဏာ**သည် မပြတ်နှိပ်စက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့် **ဣရိယာပုထ်**တို့က ဖုံးလွှမ်းထားသောကြောင့် မထင်ပေါ်ပဲရှိ၏။ အနတ္တလက္ခဏာသည် အထူးထူးသော ဓာတ်တို့၏ အသီးအသီး ကွဲပြားခြင်းကို နှလုံးမသွင်းခြင်းကြောင့် တလုံးတခဲတည်းဟု ထင်ရသော အစိုင်အခဲ **ဃနပညတ်**က ဖုံးလွှမ်း ထားသောကြောင့် မထင်ပေါ်ပဲရှိ၏။ ဖြစ်ခြင်းပျက်ခြင်းကို သိမ်းဆည်း၍ (အဆက်မပြတ်ဖြစ်နေသောရုပ်နာမ်အစဉ်) သန္တတိပညတ်ကို ဖျက်ဆီးအပ်သည်ရှိသော်(ဖျက်ဆီးလိုက်လျှင်)မမြဲဟုမှတ်ရကြောင်း-**အနိစ္စလက္ခဏာ**သည်ဟုတ်တိုင်းမှန်သော မိမိ၏ သဘောအားဖြင့် ထင်ပေါ်၏။ မပြတ်နှိပ်စက်ခြင်းကို နှလုံးသွင်း၍ ဣရိယာပုထ်ကိုဖွင့်လှစ်အပ်ပြီးသည်ရှိသော်(ဖွင့်လှစ်လိုက်လျှင်) ဆင်းရဲဟု မှတ်ရကြောင်း- **ဒုက္ခလက္ခဏာ**သည် ဟုတ်တိုင်းမှန်သော မိမိ၏ **သဘောအားဖြင့်** ထင်ပေါ်၏။ အထူးထူးသော ဓာတ်တို့ကို အသီးအသီး ခွဲခြား၍(တလုံးတခဲတည်းဟု ထင်ရသော)အစိုင်အခဲ ဃနပညတ်၏ အသီးအသီး ကွဲပြားခြင်းကိုပြုအပ်ပြီးသည်ရှိသော် (ပြုလိုက်လျှင်) အတ္တကောင်မဟုတ်ဟု မှတ်ရကြောင်း **အနတ္တလက္ခဏာ**သည် ဟုတ်တိုင်းမှန်သော မိမိ၏ သဘောအားဖြင့် ထင်ပေါ်၏။

၇၄၀။ ဤအရာ၌ အနိစ္စနှင့် အနိစ္စလက္ခဏာ, ဒုက္ခနှင့် ဒုက္ခလက္ခဏာ, အနတ္တနှင့် အနတ္တလက္ခဏာ ဟူသော ဤ ခွဲခြမ်း ဝေဘန်ခြင်းကို သိအပ်၏၊ ထိုတွင် **အနိစ္စ - မမြဲသော တရား** ဟူသည်ကား ခန္ဓာငါးပါးတည်း၊ အဘယ့်ကြောင့်နည်းဟူမူ? [၂၇၇] ဖြစ်ခြင်း ပျက်ခြင်းနှင့် ထိုမှ တပါးသော (ရင့်ရော်ခြင်း)သဘော ရှိသည်၏ အဖြစ်ကြောင့်တည်း[၁]၊ တနည်းကားဖြစ်ပေါ်ပြီးလျှင် မရှိခြင်း ကွယ်ပျောက်သွားခြင်းကြောင့်တည်း။ ဖြစ်ခြင်းပျက်ခြင်း

---

၁။ ဖြစ်ခြင်း သဘောရှိခြင်း ပျက်ခြင်းသဘောရှိခြင်း ထိုမှတပါးသော သဘောရှိခြင်းကြောင့်ဟု ဆိုလို၏၊ ထိုတွင် "ထိုမှတပါးသော သဘောရှိခြင်း" ဟူသည်မှာ အစပိုင်း-ဖြစ်ခြင်းနှင့် အဆုံးပိုင်း ပျက်ခြင်းတို့မှ တပါးသော အလယ်ပိုင်းဌီဟု ခေါ်သော ရင့်ရော်ခြင်းသဘောပင် ဖြစ်သည်၊ ၎င်းကို ပါဠိ၌ အညထတ္တဟု ဆို၏၊ ထိုပါဠိအားလျော်စွာ ဤ၌ "ထိုမှတပါးသော သဘော"ဟု ပြန်ဆိုသည်။ အတိုချုပ်အားဖြင့် ဆိုလျှင် "ဥပါဒ် ဌီ ဘင် ခဏသုံးပါး ရှိသောကြောင့် မမြဲ"-ဟု ဆိုလိုသည်။

http://www.dhammadownload.com



နှင့် ထိုမှတပါးသော(ရင့်ရော်ခြင်း)သဘောသည် မမြဲဟု မှတ်ရကြောင်း - **အနိစ္စလက္ခဏာ** မည်၏။ တနည်းကား ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း-ကွယ်ပျောက်သွားခြင်း ဟူသော အခြင်းအရာ အထူးသည် **အနိစ္စလက္ခဏာ** မည်၏။

"အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ"ဟု ဟောတော်မူသောကြောင့် ထို ခန္ဓာငါးပါးသည်ပင်လျှင် **ဒုက္ခ-ဆင်းရဲ** မည်၏၊ အဘယ့်ကြောင့်နည်း ဟူမူ ? ဖြစ်ခြင်း ပျက်ခြင်းက မပြတ် နှိပ်စက်ခြင်းကြောင့်တည်း၊ မပြတ် နှိပ်စက်သော အခြင်းအရာသည် ဆင်းရဲဟု မှတ်ရကြောင်း- **ဒုက္ခလက္ခဏာ** မည်၏။

"အကြင်တရားသည် ဆင်းရဲတည်း၊ ထိုတရားသည် အတ္တမဟုတ်"ဟု ဟောတော်မူသောကြောင့် ထိုခန္ဓာငါးပါးသည် ပင်လျှင် **အနတ္တ** မည်၏၊ အဘယ့်ကြောင့်နည်း ဟူမူ? အလိုအတိုင်း မဖြစ်ခြင်းကြောင့် တည်း၊ အလိုအတိုင်း မဖြစ်သော အခြင်းအရာသည် အတ္တမဟုတ်ဟု မှတ်ရကြောင်း - **အနတ္တလက္ခဏာ** မည်၏။

ဤယောဂီသည် ဥပက္ကိလေသမှ လွတ်သော "လမ်းမှန် သွားသော ဝိပဿနာ"ဟု ဆိုအပ်သော ဥဒယဗ္ဗယာနုပဿနာ ဉာဏ်ဖြင့် ထို (အနိစ္စနှင့် အနိစ္စလက္ခဏာစသော) အလုံးစုံကိုလည်း ဟုတ်တိုင်း မှန်သော မိမိ၏ သဘော အားဖြင့် ကောင်းစွာ မှတ်၏။

## ဘင်္ဂါနုပဿနာဉာဏ်ကို ပြဆိုချက်

၇၄၁။ ဤ ဆိုခဲ့သည့်အတိုင်း ကောင်းစွာ မှတ်၍ ရုပ်နာမ် တရား တို့ကို "မမြဲ ဆင်းရဲ အတ္တမဟုတ်"ဟု အဖန်တလဲလဲ နှိုင်းချိန် စူးစမ်းသော ထို ယောဂီ၏ ထိုနှိုင်းချိန် စူးစမ်းသော ရှုသိမှု ဉာဏ်သည် ထက်မြက်သည် ဖြစ်၍ ဆောင်သွား၏၊ သင်္ခါရတို့သည် လျင်စွာ ထင်ပေါ်ကုန်၏၊ ရှုသိမှုဉာဏ်သည် ထက်မြက်သည် ဖြစ်၍ ဆောင်သွားလတ်သော်, သင်္ခါရတို့သည် လျင်စွာ ထင်ပေါ်ကုန်လတ်သော် ဖြစ်ခြင်းသို့ရင်း,တည်ခြင်းသို့ရင်း,မပြတ် ဖြစ်သော ရုပ်နာမ် အယဉ်သို့ရင်း, ပုံသဏ္ဌာန် နိမိတ်သို့ရင်း မရောက်တော့ပြီ၊ ကုန်ခြင်း

http://www.dhammadownload.com



ပျောက်ခြင်း ပျက်ခြင်း ဟူသော ချုပ်ခြင်း၌သာလျှင် အမှတ်ရမှု သတိသည် တည်လျက် ရှိ၏[၁]။ "ရုပ်နာမ် သင်္ခါရတရားအပေါင်းသည် ဤသို့ ဖြစ်ပေါ်ပြီးလျှင် ဤသို့ပင်ချုပ်သွားသည်"ဟု ရှုမြင်သော ထိုယောဂီအား ဤသို့ ရှုမြင်သော အရာ ဌာန၌ **ဘင်္ဂါနုပဿနာ** မည်သော ဝိပဿနာ ဉာဏ်သည် ဖြစ်ပေါ်၏၊ ယင်း ဘင်္ဂါနုပဿနာဉာဏ်ကို ရည်၍ ........

"အဘယ်သို့လျှင် အာရုံကို သိပြီး၍ ပျက်ခြင်းကို တဖန်ရှုသော ပညာသည် ဝိပဿနာမည်သနည်း? ရုပ်လျှင် အာရုံရှိသော စိတ်သည် ဖြစ်ပေါ်ပြီးလျှင် ပျက်သွား၏၊ ထိုရုပ်အာရုံကို (ကုန်သည်ပျက်သည်ဟု) သိပြီး၍ ထိုသိသော စိတ်၏ ပျက်ခြင်းကို တဖန် ရှု၏။ **တဖန်ရှု၏** ဟူရာ၌ အဘယ်သို့ တဖန် ရှုသနည်း ဟူမူ? မမြဲဟု တဖန်ရှု၏ မြဲသည်ဟု မရှု၊ ဆင်းရဲဟု တဖန်ရှု၏ ချမ်းသာဟု မရှု၊ အတ္တ မဟုတ်ဟု တဖန် ရှု၏ အတ္တဟု မရှု၊ ငြီးငွေ့၏, မနှစ်သက် မပျော်မွေ့၊ စက်ဆုပ်၏, မတပ်မက်၊ ချုပ်စေ၏, မဖြစ်စေ၊ တဖန် စွန့်၏, မယူ။

မမြဲဟု ရှုလတ်သော် မြဲသည်ဟု ထင်မှတ်သော နိစ္စသညာကို ပယ်၏၊ ဆင်းရဲဟု ရှုလတ်သော် ချမ်းသာဟု ထင်မှတ်သော သုခ သညာကို ပယ်၏၊ အတ္တမဟုတ်ဟု ရှုလတ်သော် အတ္တဟု ထင်မှတ် သော အတ္တသညာကို ပယ်၏၊ [၂၇၈] ငြီးငွေ့လတ်သော် နှစ်သက် ပျော်မွေ့ခြင်းကို ပယ်၏၊ စက်ဆုပ်လတ်သော် တပ်မက်ခြင်းကို ပယ် ၏၊ ချုပ်စေလတ်သော် ဖြစ်ခြင်းကို ပယ်၏၊ တဖန် စွန့်လတ်သော် ယူခြင်းကို ပယ်၏။

ဝေဒနာလျှင် အာရုံ ရှိသော။ပ။ သညာလျှင် အာရုံရှိသော။ သင်္ခါရလျှင် အာရုံရှိသော။ ဝိညာဏ်လျှင် အာရုံရှိသော။ မျက်စိ

---

၁-ဉာဏ်ထက်မြက်သည်ဖြစ်၍ ဆောင်သွားပုံ, သင်္ခါရတရားတို့ လျင်စွာ ထင်ပုံ, ရှုသိမှု ဉာဏ်၏ဖြစ်ခြင်း တည်ခြင်းစသည်သို့ မရောက်မူ၍ ကုန်ဆုံးသွားခြင်း ပျောက်ကွယ်သွားခြင်းဟု ခေါ်ဆိုအပ်သော ချုပ်ခြင်း ပျက်ခြင်း၌သာလျှင် တည်ပုံတို့ကိုပြသော ဤစကားစုသည် ဥဒယဗ္ဗယဉာဏ် မှ ဘင်္ဂဉာဏ်သို့ ပြောင်းပုံကို ပြသောစကားဖြစ်သည်။ အနက်အဓိပ္ပါယ်အကျယ်ကို သိလို လျှင် ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ (ဆဋ္ဌနိပ်) ၁၇၁-(သတ္တမနိပ်) ၁၉၆ ၌ကြည့်ပါ။

http://www.dhammadownload.com



လျှင် အာရုံရှိသော။ပ။ [၁] အိုခြင်း သေခြင်းလျှင် အာရုံရှိသော စိတ်သည် ဖြစ်ပေါ်ပြီးလျှင် ပျက်သွား၏။ပ။ တဖန် စွန့်လွှတ်သည် ရှိသော် ယူခြင်းကို ပယ်၏။

(အာရုံ၏ အပျက်ဝတ္ထုမှရှုသောစိတ်၏ အပျက်ဝတ္ထုသို့ရွှေ့ခြင်း ဟူသော)ဝတ္ထုရွှေ့ခြင်းရင်း,(အဖြစ်မှ ဆုတ်နစ်၍ အပျက်၌ တည် ခြင်းဟူသော) ပညာ၏ဆုတ်နစ်ခြင်းရင်း, နှလုံးသွင်းဆင်ခြင်မှု- အာဝဇ္ဇန်းအားရင်း-(ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသောပညာသည်) အာရုံ၏အပျက်ကို ရှုပြီး၍ ရှုသောစိတ်၏ အပျက်ကို တဖန်ရှုသော ပဋိသင်္ခါဝိပဿနာမည်၏။

(မြင်ပြီးသော) အာရုံသို့ အစဉ်လိုက်သဖြင့် (မြင်ရမမြင်ရအား ဖြင့်)နှစ်ပါးသော အာရုံတို့ကို တမျိုးတည်းသော သဘောအား ဖြင့် ပိုင်းခြားခြင်းရင်း, ချုပ်ခြင်း၌ နှလုံးသွင်း ညွတ်ကိုင်းခြင်းရင်း (ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပညာသည်)အပျက်လက္ခဏာကို ရှုသော ဝယလက္ခဏဝိပဿနာမည်၏။

အာရုံကိုလည်း (ပျက်သည်ဟု)သိပြီး၍ (ရှုသောစိတ်၏)အပျက် ကိုလည်း တဖန် ရှု၏၊ အတ္တမှ ဆိတ်သုဉ်းသော အားဖြင့်လည်း ထင်၏၊(ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံသော ပညာသည်)လွန်ကဲသော ဝိပဿနာ ပညာဖြစ်သောကြောင့် အဓိပညာဝိပဿနာမည်၏။

သုံးပါးသောအနုပဿနာတို့၌ ကျွမ်းကျင်လိမ္မာသော သူသည် လေးပါးသော ဝိပဿနာတို့၌ရင်း, သုံးပါးသော ထင်ခြင်းတို့၌ရင်း ကျွမ်းကျင်လိမ္မာသည်၏ အဖြစ်ကြောင့် အမျိုးမျိုးသော မိစ္ဆာ အယူတို့ကြောင့် မတုန်လှုပ်တော့ပြီ။

ထိုရှုသိမှုသည် သိတတ်သော အနက်ကြောင့် ဉာဏ်မည်၏၊ အပြားအားဖြင့် သိတတ်သော အနက်ကြောင့် ပညာမည်၏၊ ထို

---

၁-ဤ၌ ပေယျာလကို စာမျက်နှာ ၂၀၄-စတုတ္ထ စာပိုဒ်၌ ဖော်ပြသည့် နည်း အတိုင်း ဖော်ရမည်။

http://www.dhammadownload.com



ကြောင့် 'အာရုံကို သိပြီး၍ အပျက်ကို တဖန်ရှုသော ပညာသည် ဝိပဿနာဉာဏ်မည်၏'ဟု ဆိုအပ်၏''ဟူ၍-

(ပဋိသမ္ဘိဒါမဂ်၌) ဟောတော်မူ(အပ်)၏။

၇၄၂။ ထိုပဋိသမ္ဘိဒါမဂ်ပါဠိ၌ **အာရုံကို သိပြီး၍** ဟူသည်ကား အမှတ်မရှိ တစုံတခုသော အာရုံကို သိပြီး၍၊ ''ကုန်သွားသည် ပျက်သွားသည်''ဟု မြင်ပြီး၍၊ဤကား (သိပြီး၍-ဟူသောပုဒ်၏)အနက်။ **ပျက်ခြင်းကို တဖန်ရှုသောပညာ** ဟူသည်ကား အာရုံကို ''ကုန်သွားသည် ပျက်သွားသည်''ဟု သိလျက်ဖြစ်သော ထိုဉာဏ်၏ ပျက်ခြင်းကို ရှုရာ၌ အကြင် ပညာသည် ရှိ၏၊ ဤပညာကို ''ဝိပဿနာဉာဏ်မည်၏''ဟုဆိုအပ်၏၊ ထိုပညာဉာဏ်သည် အဘယ်သို့ ဖြစ်သနည်းဟု ဤသည်ကား[၁] ဖြေဆိုလို၍ မေးသော(ကထေတုကမျတာ) ပုစ္ဆာ၏အနက်တည်း။ ထို့နောင်ထိုဉာဏ်၏ဖြစ်ပုံ အခြင်းအရာကို ပြခြင်းငှါ''ရုပ်လျှင် အာရုံရှိသော'' ဤသို့ စသည်ကို မိန့်ဆိုလေသည်။

ထိုစကားရပ်၌ **ရုပ်လျှင် အာရုံရှိသောစိတ်သည် ဖြစ်ပေါ်ပြီးလျှင် ပျက်သွား၏** ဟူသည်ကား ရုပ်ကိုအာရုံပြုသော စိတ်သည်ဖြစ်ပေါ်ပြီးလျှင် ပျက်သွား၏၊ တနည်းကား ရုပ်လျှင် အာရုံရှိသည်၏အဖြစ်၌[၂] စိတ်သည် ဖြစ်ပေါ်ပြီးလျှင် ပျက်သွား၏၊ ဤကား အနက်။ **ထိုအာရုံကို သိပြီး၍** ဟူသည်ကား ထိုရုပ်အာရုံကို သိပြီး၍၊ ''ကုန်သွားသည် ပျက်သွားသည်''ဟု မြင်ပြီး၍၊ ဤကား အနက်။ **ထိုသိသောစိတ်၏ ပျက်ခြင်းကိုတဖန်ရှု၏** ဟူသည်ကား အကြင်စိတ်ဖြင့် ထိုရုပ်အာရုံကို ''ကုန်သွားသည် ပျက်သွားသည်''ဟု သိမြင်အပ်ပြီ၊ ထိုသိမြင်သောစိတ်၏ ပျက်ခြင်းကို တပါးသော နောက်စိတ်ဖြင့် တဖန်ရှု၏၊ ဤကား အနက်။ ထို့ကြောင့် ရှေးဆရာတို့သည်—

---

၁-ဤသည်ကား.... အနက်တည်း=ဟု စပ်ပါ။ ဤတိုင်အောင် အဖွင့်မှာ ပုစ္ဆာ၏ အနက်အဖွင့် ဖြစ်သည်—ဟု ဆိုလို၏။

၂-''ရူပါရမ္မဏတာ''ဟူသော ပုဒ်၌ ရုပ်လျှင်အာရုံရှိသော ဟူ၍၎င်း ရုပ်လျှင် အာရုံရှိသည်၏ အဖြစ်၌ ဟူ၍၎င်း အနက်နှစ်မျိုး ရနိုင်၏၊ ထို့ကြောင့် ဤသို့ တနည်းထပ်၍ ဖွင့်ပြသည်။ သို့သော်လည်း ရုပ်လျှင် အာရုံရှိသည်၏ အဖြစ်၌ ပါဝင်သောစိတ်သည် ရုပ်လျှင် အာရုံရှိသော စိတ်-ရုပ်ကို အာရုံပြုသောစိတ်ပင် ဖြစ်သည်၊ ထို့ကြောင့် ပါဠိ၏မြန်မာပြန်၌ ပဌမအဖွင့်ကိုသာ မူတည်၍ ''ရုပ်လျှင် အာရုံရှိသော'' ဟု ပြန်ဆိုလိုက်သည်။

http://www.dhammadownload.com



"သိအပ်သော အာရုံကိုင်း, သိသော ဝိပဿနာဉာဏ်ကိုင်း နှစ်ပါးလုံးတို့ကိုလည်း ရှု၏"ဟု မိန့်ဆိုကုန်၏။

[၂၇၉] (ထိုသိသောစိတ်၏ ပျက်ခြင်းကို တဖန်ရှု၏-ဟူသော) ဤပါဠိ၌လည်း **အနုပဿတိ-တဖန်ရှု၏** ဟူသည်ကား အဖန်ဖန် ရှု၏၊ များစွာသော အခြင်းအရာတို့ဖြင့် အဖန်တလဲလဲရှု၏၊ဤကား အနက်။ထို့ကြောင့် "တဖန်ရှု၏ ဟူရာ၌ အဘယ်သို့ တဖန်ရှုသနည်းဟူမူ? မမြဲဟု တဖန် ရှု၏" ဤသို့ အစရှိသည်ကို ဟောတော်မူ၏။

ထိုစကားရပ်၌ ပျက်ခြင်း (ဘင်) မည်သည်ကား မမြဲသည့် အဖြစ် (အနိစ္စလက္ခဏာ)၏ မြတ်သော (အဆုံးဖြစ်သော )အဖို့ပေတည်း၊ ထို့ကြောင့် ပျက်ခြင်းကို ရှုသော ထိုယောဂီသည် အလုံးစုံသော သင်္ခါရ တရားအပေါင်းကို မမြဲဟု ရှု၏ မြဲသည်ဟု မရှု။ ထို့နောင် မမြဲသော တရားသည် ဆင်းရဲပင် ဖြစ်သောကြောင့်ငှင်း, ဆင်းရဲသည် အတ္တမဟုတ်- အနတ္တ ဖြစ်သောကြောင့်ငှင်း, ထိုမမြဲသော တရားကိုပင်လျှင် ဆင်းရဲဟု ရှု၏ ချမ်းသာဟု မရှု၊ အတ္တမဟုတ်ဟု ရှု၏ အတ္တဟု မရှု။

ထိုမှတပါး အကြင်တရားသည် မမြဲ ဆင်းရဲ အတ္တမဟုတ်၊ ထို တရားကို မနှစ်သက်အပ် မနှစ်သက်သင့်။ အကြင်တရားကို မနှစ်သက်အပ်၊ ထိုတရား၌ မတပ်မက်အပ် မတပ်မက်သင့်။ ထို့ကြောင့် ပျက်ခြင်းကို ရှုသော ဘင်္ဂါနုပဿနာသို့ အစဉ်လိုက်သဖြင့် "မမြဲ ဆင်းရဲ အတ္တမဟုတ်"ဟု မြင်အပ်ပြီးသော ဤ သင်္ခါရ တရားအပေါင်း၌ ငြီးငွေ့၏, မနှစ်သက် မပျော်မွေ့၊ စက်ဆုပ်၏, မတပ်မက်။

ဤသို့ မတပ်မက်သော ထိုယောဂီသည် (လောကုတ္တရာဉာဏ်မှ) ရှေးဦးစွာ လောကီဉာဏ်ဖြင့်ပင်လျှင် တပ်မက်သော ရာဂကို ချုပ်စေ၏, မဖြစ်စေ၊ (ရာဂ၏) ဖြစ်ခြင်းကို မပြု၊ ဤကား အနက်။ တနည်းကား ဤသို့ စက်ဆုပ်သော ထိုယောဂီသည် မြင်အပ်ပြီးသော (ပစ္စုပ္ပန်) သင်္ခါရ အပေါင်းကို ချုပ်သည်ဟု ရှုသကဲ့သို့ ထို့အတူ မမြင်ရသော အတိတ် အနာဂတ် သင်္ခါရကိုလည်း (မြင်ပြီးသို့) အစဉ်လိုက်၍ မှန်းဆ၍ သိသော အန္ဝယဉာဏ်၏ အစွမ်းအားဖြင့် ချုပ်သည်ဟု ရှု၏, ဖြစ်သည်ဟု မရှု၊ ချုပ်သည်ဟုသာလျှင် နှလုံးသွင်း၏၊ ထိုအတိတ် အနာဂတ် သင်္ခါရ၏ ချုပ်ခြင်းကိုသာလျှင် ရှု၏, ဖြစ်ခြင်းကို မရှု ၊ ဤကား အနက်။

http://www.dhammadownload.com



ထိုယောဂီသည် ဤ ဆိုခဲ့သည့်အတိုင်း ကျင့်သည်ဖြစ်၍ တဖန် စွန့်လွှတ်၏, မယူ၊ အဘယ်သို့ ဆိုလိုသနည်း ဟူမူ? မမြဲအစရှိသောအခြင်းအရာအားဖြင့် ရှုသော ဤ ဝိပဿနာသည်လည်း[၁] ဖြစ်ထိုက်သော အကျိုးဟူသော ဘဝသစ်ခန္ဓာ, ကံဟူသော အဘိသင်္ခါရတို့နှင့် တကွ ကိလေသာတို့ကို တဒင်္ဂပဟာန်၏ အစွမ်းအားဖြင့် စွန့်ပယ်ခြင်းကြောင့်၎င်း, သင်္ခတတရားတို့၏ အပြစ်ကို မြင်သဖြင့် ၎င်းတို့မှ ပြောင်းပြန်ဖြစ်သော နိဗ္ဗာန်၌ ညွတ်ကိုင်းသည်၏ အဖြစ်ဖြင့် ပြေးဝင်ခြင်းကြောင့်၎င်း **ပရိစ္စာဂပဋိနိဿဂ္ဂ** (စွန့်လွှတ်ခြင်း ဟူသောတဖန်လွှတ်ခြင်း) မည်၏ ဟူ၍၎င်း, **ပက္ခန္ဒနပဋိနိဿဂ္ဂ**(ပြေးဝင်ခြင်းဟူသော တဖန်လွှတ်ခြင်း) မည်၏ ဟူ၍၎င်း ခေါ်ဆိုအပ်၏၊ ထို့ကြောင့် ထိုမမြဲ အစရှိသော အခြင်းအရာအားဖြင့် ရှုသော ဝိပဿနာနှင့် ပြည့်စုံသော ရဟန်းသည် ဆိုခဲ့တိုင်းသော နည်းဖြင့် ကိလေသာတို့ကိုလည်း စွန့်ပယ်၏၊ နိဗ္ဗာန်၌လည်း ပြေးဝင်၏၊ ဖြစ်စေသည်၏ အစွမ်းအားဖြင့် ကိလေသာတို့ကိုလည်း မယူ၊ အပြစ်မမြင်သည်၏ အစွမ်းအားဖြင့် သင်္ခတအာရုံကိုလည်း မယူ။ ထို့ကြောင့် "တဖန်စွန့်၏, မယူ" ဟူ၍ ဆိုအပ်၏[၂]။

၇၄၃။ ယခုအခါ ထိုအနိစ္စာနုပဿနာ အစရှိသော ဉာဏ်တို့ဖြင့် ထိုယောဂီသည် အကြင်တရားတို့ကို ပယ်၏၊ ထိုတရားတို့ကို ထိုသို့ပယ်ခြင်းကို ပြခြင်းငှါ "မမြဲဟု ရှုသည်ရှိသော် မြဲသည်ဟု ထင်မှတ်သော နိစ္စသညာကို ပယ်၏" ဤသို့ အစရှိသည်ကို မိန့်ဆိုလေသည်။ ထိုစကားရပ်၌ **နှစ်သက် ပျော်မွေ့ခြင်း** ဟူသည်ကား ဝမ်းမြောက်မှု - ပီတိနှင့်တကွ ဖြစ်သော တဏှာတည်း၊ အကြွင်းမှာ ဆိုခဲ့ပြီးသောနည်း ရှိသည် သာလျှင်တည်း။

[၂၈၀] ၇၄၄။ ဂါထာ တို့၌ကား **ဝတ္ထု သင်္ကမနခြင်း** ဟူသည်ကား ရုပ်၏ ပျက်ခြင်းကို မြင်ပြီးလျှင် အကြင် စိတ်ဖြင့် ရုပ်၏ ပျက်ခြင်းကို

---

၁-ဤဝိပဿနာသည်လည်း .... ပရိစ္စာဂပဋိနိဿဂ္ဂမည်၏ .... ပက္ခန္ဒနပဋိနိဿဂ္ဂမည်၏ ဟု စပ်ပါ။ "ဤဝိပဿနာကိုလည်း" ဟု ကံအနက် ပြန်ပြီးလျှင် "ခေါ်ဆိုအပ်၏"ဟူသော ကြိယာပုဒ်နှင့်လည်း စပ်နိုင်၏။

၂-ဤ၌ အနက်အဓိပ္ပါယ် အကျယ်ကိုသိလိုလျှင် ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ (ဆဋ္ဌနိပ်)နှာ ၄၂၄-(သတ္တမနိပ်)၄၅၂-စသည်တို့၌ ကြည့်ပါ။

http://www.dhammadownload.com



မြင်၏၊ ထိုစိတ်၏ ပျက်ခြင်းကိုလည်း တဖန် ရှုမြင်သည်၏ အစွမ်း အားဖြင့် (ရုပ်၏ ပျက်ခြင်း ဟူသော) ရှေးဝတ္ထုမှ (စိတ်၏ ပျက်ခြင်း ဟူသော) တပါးသော ဝတ္ထုသို့ ရွှေ့ခြင်းတည်း။ **ပညာ၏ ဆုတ်နစ်ခြင်း** ဟူသည်ကား ဖြစ်ခြင်းကိုပယ်၍ ပျက်ခြင်း၌ တည်ခြင်းတည်း။ **အာဝဇ္ဇန်း အား** ဟူသည် ကား ရုပ်၏ ပျက်ခြင်းကို မြင်ပြီးနောက်, ပျက်ခြင်းလျှင် အာရုံရှိသော ဝိပဿနာစိတ်၏ ပျက်ခြင်းကို တဖန် ရှုမြင်ခြင်းငှါ အခြားမဲ့၌ပင်လျှင် နှလုံးသွင်း ဆင်ခြင် စွမ်းနိုင်သည်၏ အဖြစ်တည်း။ **ပဋိသင်္ခါဝိပဿနာ** ဟူသည်ကား ဤ(အင်္ဂါ သုံးပါးနှင့် ပြည့်စုံသော ပညာ)သည် အာရုံ၏ အပျက်ကို သိပြီး၍ ဝိပဿနာစိတ်၏ အပျက်ကို တဖန် ရှုသော ဘင်္ဂါနုပဿနာ မည်၏။

၇၄၅။ **အာရုံသို့ အစဉ် လိုက်သဖြင့် နှစ်ပါးတို့ကို တမျိုးတည်း ပိုင်းခြားခြင်း** ဟူသည်ကား မျက်မှောက်အားဖြင့် မြင်အပ်ပြီးသော (ပစ္စုပ္ပန်) အာရုံသို့ အစဉ်လိုက်သဖြင့် "ဤ(ပစ္စုပ္ပန်သင်္ခါရ)ကဲ့သို့ ထို့အတူ အတိတ် ကာလ၌လည်း သင်္ခါရတရား အပေါင်းသည် ပျက်ခဲ့လေပြီ၊ အနာဂတ်ကာလ၌လည်း ပျက်လတံ့"ဟု ဤသို့ (မျက်မှောက်မြင်ရ,မမြင်ရသော) နှစ်ပါးသော အာရုံတို့ကို (ပျက်ခြင်း ဟူသော) တမျိုးတည်းသော သဘော ဖြင့် သာလျှင် ပိုင်းခြား ဆုံးဖြတ်ခြင်းတည်း၊ ဤကား အနက်။ မှန်ပေ၏၊ ရှေးဆရာတို့သည် ---

> "ထင်ရှား ရှိဆဲ (ဖြစ်သော ပစ္စုပ္ပန်သင်္ခါရ) ၌ စင်ကြယ်သော ဉာဏ်အမြင်ရှိသော ယောဂီသည် ထို(ပစ္စုပ္ပန် သင်္ခါရ၏ အပျက်ကို မြင်သောဉာဏ်) သို့ အစဉ်လိုက်သော အနုမာနဉာဏ်ကို အတိတ် အနာဂတ်သင်္ခါရ၌ (ဆောင်၏၊ ဆောင်ပုံကား) 'အလုံးစုံသော သင်္ခါရ တရားတို့သည် နေထွက်လျှင် နှင်းပေါက်တို့ ကဲ့သို့ ပျက်ခြင်း သဘော ရှိကုန်၏'ဟု ဆောင်၏" ဟူသော ---

ဤဂါထာကို မိန့်ဆိုထားပေ၏။

**ချုပ်ခြင်း၌ နှလုံးသွင်းခြင်း** ဟူသည်ကား ဤ ဆိုခဲ့သည့်အတိုင်း မျက်မှောက် မြင်ရ, မမြင်ရသော အာရုံ နှစ်မျိုးတို့ကို ပျက်ခြင်း၏ အစွမ်း အားဖြင့် တမျိုးတည်း ပိုင်းခြားပြီးလျှင်, ပျက်ခြင်းဟု ဆိုအပ်သော ထို

http://www.dhammadownload.com



ချုပ်ခြင်း၌ သာလျှင် နှလုံးသွင်းခြင်းတည်း၊ ထို ချုပ်ခြင်း၌ သာလျှင် အလေးပြုခြင်း ညွတ်ခြင်း ကိုင်းခြင်း ရှိုင်းခြင်းတည်း ၊ ဤကား အနက်။ **ဝယလက္ခဏ ဝိပဿနာ** ဟူသည်ကား ဤ (အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပညာ)သည် ပျက်ခြင်း လက္ခဏာကို ရှုသောကြောင့် ဝယလက္ခဏာ ဝိပဿနာ မည်၏ ဟုဆိုလို၏။

၇၄၆။ **အာရုံကိုလည်း သိပြီး၍** ဟူသည်ကား ရှေးဖြစ်သော ရုပ်အစ ရှိသော အာရုံကိုလည်း သိပြီး၍။ **ပျက်ခြင်းကိုလည်း ရှုမြင်၏** ဟူသည်ကား ထို(ရုပ် အစရှိသော)အာရုံ၏ ပျက်ခြင်းကို ရှုမြင်ပြီးလျှင်, ထိုပျက်ခြင်းလျှင် အာရုံရှိသော ဝိပဿနာစိတ်၏ ပျက်ခြင်းကို တဖန် ရှုမြင်၏။ **ဆိတ်သုဉ်းသောအားဖြင့် ထင်ခြင်း** ဟူသည်ကား ဤ ဆိုခဲ့သည့် အတိုင်း ပျက်ခြင်းကို တဖန် ရှုသော ထိုယောဂီအား "သင်္ခါရတို့သည် သာလျှင် ပျက်ကုန်၏၊ ထိုသင်္ခါရတို့၏ ပျက်ခြင်း သည်ပင် သေခြင်း မည်၏၊ သင်္ခါရတို့မှ တပါးသော သေတတ် ပျက်တတ်သော တစုံတယောက်သော သူသည် မရှိ"ဟူ၍ အတ္တမှ ဆိတ်သုဉ်းသော အားဖြင့် ထင်ခြင်းသည် ပြီးစီး၏။ [၂၀၁] ထို့ကြောင့် ရှေးဆရာတို့သည် ---

> "ခန္ဓာတို့သည်သာလျှင် ချုပ်ကုန်၏၊ ခန္ဓာတို့မှ တပါးသော အတ္တကောင် မည်သည် မရှိ၊ ခန္ဓာတို့၏ ပျက်ခြင်းကိုပင် သေခြင်းဟု ခေါ်ဆိုအပ်၏။ စိန်ဖြင့် ကျောက်ပတ္တမြားကို ဖောက်ထွင်းသော သူကဲ့သို့ မမေ့ မလျော့သော ယောဂီသည် သင့်လျော်သော အကြောင်းဖြင့် ထို သင်္ခါရတို့၏ ကုန်ခြင်း ပျက်ခြင်းကို ရှုမြင်၏" ဟု --

မိန့်ဆိုကုန်၏။

**အဓိပညာဝိပဿနာ** ဟူသည်ကား အာရုံ၏ အပျက်ကို သိမြင်ခြင်း, ရှုသိသော စိတ်၏ အပျက်ကို တဖန် ရှုမြင်ခြင်း, အတ္တမှ ဆိတ်သော အားဖြင့် ထင်ခြင်း ဟူသော ဤ (အင်္ဂါသုံးပါးနှင့် ပြည့်စုံသောပညာ)သည် လွန်ကဲသော ဝိပဿနာဖြစ်သောကြောင့် အဓိပညာဝိပဿနာမည်၏ ဟု ဆိုလို၏။

၇၄၇။ **သုံးပါးသော အနုပဿနာတို့၌ ကျွမ်းကျင် လိမ္မာသောသူ** ဟူသည်ကား အနိစ္စာနုပဿနာ အစရှိကုန်သော သုံးပါးသော အနုပဿ-

http://www.dhammadownload.com



နာတို့၌ ကျမ်းကျင် လိမ္မာသော ရဟန်းတည်း။ **လေးပါးသောဝိပဿနာတို့၌** ဟူသည်ကား နိဗ္ဗိဒါနုပဿနာ အစရှိကုန်သော[၁] လေးပါးသော အနုပဿနာတို့၌။ **သုံးပါးသောထင်ခြင်းတို့၌ ကျမ်းကျင်လိမ္မာသည်၏အဖြစ်ကြောင့်** ဟူသည်ကား ကုန်သောအားဖြင့်၎င်း, ပျက်သောအားဖြင့်၎င်း, ဆိတ်သုဉ်းသော အားဖြင့်၎င်း သုံးပါးအပြား ရှိသော ဤထင်ခြင်း၌ ကျမ်းကျင်လိမ္မာသည်၏ အဖြစ်ကြောင့်။ **အမျိုးမျိုးသော မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်** ဟူသည်ကား သဿတဒိဋ္ဌိ-တည်မြဲ အယူ အစရှိကုန်သော အထူးထူးအပြားပြားကုန်သော မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်။

၇၄၈။ ဤသို့ မတုန်လှုပ်သော ထိုယောဂီသည်[၂]"မချုပ်ဘူးသေးသော တရားအသစ်သည်သာလျှင် ချုပ်၏၊ မပျက်ဘူးသေးသောတရား အသစ်သည် သာလျှင် ပျက်၏"ဟု ဖြစ်သော နှလုံးသွင်းခြင်း ရှိသည်ဖြစ်၍[၂] ကွဲပျက်ဆဲဖြစ်သော မခိုင်မာသော အိုးခွက်၏ ကွဲပျက်ခြင်းကို မြင်သကဲ့သို့၎င်း,[၃] ဖရိုဖရဲ ပြန့်ကြဲအပ်ဆဲဖြစ်သော သိမ်မွေ့သော မှုန့်အပေါင်း၏ ဖရိုဖရဲ ပြန့်ကြဲခြင်းကို မြင်သကဲ့သို့၎င်း,[၃] လှော်အပ်ဆဲ ဖြစ်သော နှမ်းတို့၏ ပေါက်ကွဲ ပျက်စီးခြင်းကို မြင်သကဲ့သို့၎င်း,[၃] အလုံးစုံသော သင်္ခါရတို့၏ ဖြစ်ခြင်း,တည်ခြင်း,အဆက်မပြတ်ဖြစ်သော အယဉ်နှင့် ပုံသဏ္ဌာန် နိမိတ်ကို-စွန့်၍[၄] ပျက်ခြင်းကိုသာလျှင် ရှုမြင်၏။ ထို ယောဂီသည်[၅] ဥပမာအားဖြင့် မျက်စိမြင်သော ယောကျ်ားသည် ရေကန်၏ကမ်း၌ဖြစ်စေ, မြစ်ကမ်း၌ ဖြစ်စေ ရပ်တည်လျက် မိုဃ်းပေါက်ကြီးစွာ မိုဃ်းရွာလတ်သော် ရေမျက်နှာ

---

၁-အစရှိ—ဟူသော စကားဖြင့် ဝိရာဂါနုပဿနာ နိရောဓာနုပဿနာ ပဋိနိဿဂ္ဂါနုပဿနာတို့ကို ညွှန်ပြသည်။

၂-ထိုယောဂီသည်.... နှလုံးသွင်းခြင်း ရှိသည်ဖြစ်၍.... စွန့်၍ ပျက်ခြင်းကိုသာလျှင် ရှုမြင်၏—ဟု စပ်ပါ။

၃-မြင်သကဲ့သို့၎င်း ....... ရှုမြင်၏-ဟု စပ်ပါ။

၄-ဖြစ်ခြင်းကို၎င်း တည်ခြင်းကို၎င်း အဆက်မပြတ်ဖြစ်သော ရုပ်နာမ် အယဉ်ကို၎င်း ပုံသဏ္ဌာန်နိမိတ်ကို၎င်း မမြင်ရ မတွေ့ရ သည်ကိုပင် "စွန့်၍" ဟု ဆိုထားသည်၊ တမင်တကာ စွန့်ရသည်ကားမဟုတ်၊ "၎င်းတို့ကို မတွေ့မမြင်တော့ပဲ ရှုတိုင်း ရှုတိုင်း ပျက်ခြင်းကိုသာလျှင် တွေ့မြင်နေသည်"ဟု ဆိုလို၏။

၅-ထိုယောဂီသည် ... ဤအတူပင်လျှင်.... ရှုမြင်၏-ဟု စပ်ပါ။

http://www.dhammadownload.com



ပြင်၌ ကြီးစွာ ကြီးစွာသော ရေပွက်တို့သည် ဖြစ်ပေါ်ကုန် ဖြစ်ပေါ်ကုန် ပြီးလျှင် လျင်စွာ လျင်စွာ ပျက်သွားသည်တို့ကို မြင်ရာသကဲ့သို့ ဤအတူ ပင်လျှင် အလုံးစုံသော သင်္ခါရတို့သည် ပျက်ကုန်၏ ပျက်ကုန်၏ဟု ရှုမြင်၏။ မှန်ပေ၏၊ ဤသို့ သဘောရှိသော ယောဂီပုဂ္ဂိုလ်ကိုရည်၍ အောက်ပါ ဂါထာကို မြတ်စွာဘုရား ဟောကြားတော်မူသည်။

> "ရေပွက်ကို ရှုမြင်သကဲ့သို့ရင်း, တံလှပ်ကို ရှုမြင်သကဲ့သို့ရင်း ဤအတူပင် (ခန္ဓာငါးပါးဟူသော) လောကကို ရှုမြင်သောသူကို သေမင်းသည် မမြင်နိုင်တော့ပေ"။

၇၄၉။ ဤဆိုခဲ့သည့်အတိုင်း "အလုံးစုံသော သင်္ခါရတို့သည် ပျက်ကုန်၏ ပျက်ကုန်၏"ဟု မပြတ်ရှုမြင်သော ယောဂီ၏ ဘင်္ဂါနုပဿနာဉာဏ်သည် ရှစ်ပါးသော အကျိုးအာနိသင်ဟူသော အခြံအရံရှိသည်ဖြစ်၍ ခွန်အားနှင့် ပြည့်စုံပေ၏။ ထိုဘင်္ဂါနုပဿနာဉာဏ်၌ အောက်ပါတို့မှာ ရှစ်ပါးသော အကျိုးအာနိသင်တို့ ဖြစ်သည်။

(၁) ဘဝဒိဋ္ဌိ(ခေါ် သဿတဒိဋ္ဌိ)ကို ပယ်ခွါခြင်း၊

(၂) အသက်၌ ငဲ့ကွက်တွယ်တာမှုကို စွန့်ခြင်း၊

(၃) (နေ့ရောညဉ့်ပါ)အခါခပ်သိမ်း(ဘာဝနာ၌)လွန်စွာ အားထုတ်ခြင်း၊

(၄) စင်ကြယ်သော အသက်မွေးမှုရှိခြင်း၊

(၅) (ကိုစ္စကြီးငယ်၌ တို့၌) ကြောင့်ကြဗျာပါရကို ပယ်ခြင်း၊

(၆) ကြောက်ရွံ့မှု ကင်းခြင်း၊

(၇) သည်းခံခြင်းနှင့် သူတော်ကောင်းတရား၌ မွေ့လျော်ခြင်းတို့ကို ရခြင်း၊

(၈) တောကျောင်းနှင့် ဘာဝနာအမှုတို့၌ မပျော်မွေ့ခြင်း, ကာမဂုဏ်၌ ပျော်မွေ့ခြင်းတို့ကို နှိမ်နင်းပယ်ဖျောက်နိုင်ခြင်းတို့ပင်တည်း။

[၂၀၂] ထို့ကြောင့် ရှေးဆရာတို့သည် အောက်ပါဂါထာကို မိန့်ဆိုကုန်၏။

http://www.dhammadownload.com



"ယောဂီ ရဟန်းသည် ထိုဘင်္ဂါနုပဿနာဉာဏ်၌ မြတ်သော ဤဂုဏ်ကျေးဇူး ရှစ်ပါးတို့ကို မြင်၍ သေခြင်း ကင်းသော အမြိုက်နိဗ္ဗာန်သို့ ရောက်ခြင်းငှါ ရုပ်နာမ်သင်္ခါရတို့၏ အပျက်ကို အဖန်ဖန်ရှုလျက် အဝတ်ကို မီးလောင်သောသူ ဦးခေါင်းကို မီးလောင်သောသူတို့နှင့် တူစွာ[၁] အဖန်ဖန်မပြတ် သုံးသပ်လေတော့သတည်း။"

ဘင်္ဂါနုပဿနာဉာဏ်ပြီး၏။

## ဘယတုပဋ္ဌာနဉာဏ်ကို ပြဆိုချက်

၇၅၀။ ဤဆိုခဲ့သည့်အတိုင်း အလုံးစုံသော (တေဘူမက)သင်္ခါရတို့၏ ကုန်ခြင်း ပျောက်ခြင်း ပျက်ခြင်း ဟူသော ချုပ်ခြင်းလျှင် အာရုံရှိသော[၂] **ဘင်္ဂါနုပဿနာ** ခေါ် **ဘင်္ဂဉာဏ်**ကို မှီဝဲလျက် ပွါးစေလျက် အကြိမ်များစွာ ပြုသော ထိုယောဂီအား[၃] အလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဋ္ဌိတိခုနစ်ပါး သတ္တာဝါသကိုးပါးတို့၌ (ခဏတိုင်း ခဏတိုင်း) မပြတ်ပျက်စီးကုန်သော သင်္ခါရတို့သည်[၄] "ချမ်းသာစွာ အသက်ရှင်နေလိုသော ကြောက်တတ်သော ယောကျ်ားအား[၅]ခြင်္သေ့ ကျား သစ် ဝံ ဝံပုလွေ ဘီလူး ရက္ခိုသ် နွားကြမ်း ခွေးဆိုး အမုန်ယိုသော ဆင်ကြမ်း အဆိပ်ထန်သော မြွေဆိုး မိုးကြိုးစက် သုသာန် စစ်မြေပြင် ရဲရဲတောက်သော

---

၁-ကိုယ်၌ဝတ်ထားသော အဝတ်ကိုမီးလောင်လျှင် ဦးခေါင်းကို မီးလောင်လျှင် အခြားကိစ္စများကို ဂရုမစိုက်နိုင်ပဲ ထိုမီးကိုသာလျှင် အလျှင်အမြန် ငြိမ်းသတ်ရာသကဲ့သို့ ထို့အတူပင် ဘင်္ဂဉာဏ်နှင့်ပြည့်စုံသော ယောဂီသည် အခြားကိစ္စများကို ဂရုမစိုက်နိုင်ပဲ သင်္ခါရတို့၏ အပျက်ကိုသာလျှင် အဖန်တလဲလဲ မပြတ်မစဲ သုံးသပ်နေသည်-ဟု ဆိုလို၏။

၂-ကုန်ဆုံးသွားခြင်း ပျောက်ကွယ်သွားခြင်း ပျက်သွားခြင်းဟု- ခေါ်ဆိုအပ်သော ချုပ်ခြင်းကို ရှုမြင်လျက် အာရုံပြုသော ဘင်္ဂဉာဏ်-ဟု ဆိုလို၏။

၃-၄-ထိုယောဂီအား.... သင်္ခါရတို့သည်.... ကြီးစွာသော ကြောက်ဖွယ် ဖြစ်၍ ထင်ကုန်၏-ဟု စပ်ပါ။

၅-ယောကျ်ားအား.... ထင်ကုန်သကဲ့သို့-ဟု စပ်ပါ။

http://www.dhammadownload.com



မီးကျီးတွင်းစသည်တို့သည် ကြီးစွာသော ကြောက်ဖွယ်ဖြစ်၍ ထင်ကုန်သကဲ့သို့" ကြီးစွာသော ကြောက်ဖွယ် ဖြစ်၍ ထင်ကုန်၏။"အတိတ်သင်္ခါရတို့သည် ချုပ်လေကုန်ပြီ၊ ပစ္စုပ္ပန် သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော သင်္ခါရတို့သည်လည်း ဤအတူပင် ချုပ်ကုန်လတ္တံ့"ဟု ရှုမြင်သော ထိုယောဂီအား ဤသို့ ရှုမြင်သော အရာဌာန၌ (ကြောက်ဖွယ်ဘေးဟု ထင်သောကြောင့်) **ဘယတုပဋ္ဌာနဉာဏ်** မည်သော **ဘယဉာဏ်သည်** ဖြစ်ပေ၏။

ထိုဘယဉာဏ်၌ ဤဆိုလတ္တံ့သည်ကား ဥပမာတည်း.... တယောက်သော မိန်းမအား မင်းပြစ် မင်းဒဏ်သင့်သော သားသုံးယောက်တို့ ရှိကုန်သတတ်၊ မင်းသည် ထို သားသုံးယောက်တို့အား ဦးခေါင်းကို ဖြတ်ရန် အမိန့်ပေး၏၊ ထိုမိန်းမသည် သားတို့နှင့် အတူတကွ သူသတ်ကုန်းသို့သွားလေ၏၊ ထိုအခါ ထိုမိန်းမ၏ သားကြီး၏ ဦးခေါင်းကို ဖြတ်ကုန်ပြီးလျှင် သားလတ်၏ဦးခေါင်းကို ဖြတ်ရန်အားထုတ်ကုန်၏၊ ထိုသားတို့၏ မိခင်ဖြစ်သောမိန်းမသည် သားကြီး၏ ဦးခေါင်းဖြတ်ပြီးသည်ကိုရင်း,သားလတ်၏ ဦးခေါင်းဖြတ်နေသည်ကိုရင်း မြင်၍ "ဤသားငယ်သည်လည်း ထိုသားကြီးသားလတ်တို့နှင့် တူသည်သာလျှင် ဖြစ်ရှာလတ္တံ့"ဟု သားငယ်၌ တွယ်တာခြင်း မြော်လင့်ခြင်းကို စွန့်လွှတ်လေ၏။ ထိုဥပမာ၌ ထိုမိန်းမသည် သားကြီး၏ ဖြတ်ပြီးသော ဦးခေါင်းကို မြင်သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် အတိတ် သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏၊ သားလတ်၏ ဖြတ်ဆဲ ဖြစ်သော ဦးခေါင်းကို မြင်သကဲ့သို့ ပစ္စုပ္ပန်သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏၊ "ဤသားငယ်သည်လည်း ထိုသားကြီး သားလတ်တို့နှင့် တူသည်သာလျှင် ဖြစ်ရှာလတ္တံ့"ဟု သားငယ်၌ တွယ်တာခြင်း မြော်လင့်ခြင်းကို စွန့်လွှတ်သကဲ့သို့ "နောင် အနာဂတ် ကာလ၌ ဖြစ်လတ္တံ့သော သင်္ခါရတို့သည်လည်း ပျက်ကုန်လတ္တံ့"ဟု အနာဂတ် သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏။ ဤသို့ ရှုမြင်သော ထိုယောဂီအား ဤသို့ ရှုမြင်သော အရာဌာန၌ **ဘယတုပဋ္ဌာနဉာဏ်** သည် ဖြစ်ပေ၏။

တပါးသော ဥပမာကား....ပုပ်သောသားရှိသော (သားသမီး အဖတ်မတင်သော) တယောက်သော မိန်းမသည် ဆယ်ယောက်သော ကလေးသူငယ်တို့ကို ဖွားမြင်သတတ်။ ထိုဆယ်ယောက်တို့တွင် ကိုးယောက်တို့သည်

http://www.dhammadownload.com



သေလေကုန်ပြီ၊ တယောက်သော သူငယ်သည် လက်၌တည်ရှိစဉ် သေရှာ၏၊ အခြား တယောက်သောသူငယ်သည် ဝမ်းထဲ၌ ရှိ၏။ ထိုမိန်းမသည် သေလေပြီးသော ကိုးယောက်သော [၂၇၃] သူငယ်တို့ကိုရှင်း, သေဆဲဖြစ်သော ဆယ်ယောက်မြောက် သူငယ်ကိုရှင်း မြင်ပြီးလျှင်"ဝမ်းထဲ၌ တည်ရှိနေသော ဤသူငယ်သည်လည်း ထိုဆယ်ယောက်သော သူငယ်တို့နှင့် တူသည်သာလျှင် ဖြစ်ရှာလတ့်"ဟု ဝမ်းထဲတွင် တည်ရှိနေသော သူငယ်၌ တွယ်တာခြင်း မြှော်လင့်ခြင်းကို စွန့်လွှတ်လေ၏။ ထိုဥပမာ၌ သားသမီး အဖတ်မတင်သော ထိုမိန်းမသည် ကိုးယောက်သော သူငယ်တို့၏ သေခြင်းကို အောက်မေ့သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် အတိတ်သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏၊ လက်၌ တည်ရှိနေသော သူငယ်၏ သေနေသည်၏အဖြစ်ကို မြင်သကဲ့သို့ ယောဂီသည် ပစ္စုပ္ပန်သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏၊ ဝမ်းထဲတွင် တည်ရှိနေသော သူငယ်၌ တွယ်တာခြင်း မြှော်လင့်ခြင်းကို စွန့်လွှတ်သကဲ့သို့ အနာဂတ် သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏။ ဤသို့ ရှုမြင်သော ထိုယောဂီအား ဤသို့ ရှုမြင်သော ခဏ၌[1] **ဘယတုပဋ္ဌာနဉာဏ်**သည် ဖြစ်ပေါ်၏။

၇၅၁။ ဘယတုပဋ္ဌာနဉာဏ်သည် ကြောက်တတ်သလော၊ မကြောက်တတ်သလောဟူမူ? မကြောက်တတ်ပေ။ မှန်ပေ၏၊ ထိုဘယတုပဋ္ဌာနဉာဏ်သည် "အတိတ် သင်္ခါရတို့သည် ချုပ်လေကုန်ပြီ၊ ပစ္စုပ္ပန် သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ် သင်္ခါရတို့သည် ချုပ်ကုန်လတ့်"ဟု စူးစမ်းဆင်ခြင်ခြင်းမျှသာလျှင် ဖြစ်ပေသည်။ ထို့ကြောင့်[2] ဥပမာအားဖြင့်.... မျက်စိ မြင်သော ယောကျ်ားသည် မြို့တံခါးအနီး၌ မီးကျီးတွင်း သုံးခုတို့ကို ကြည့်ရှုလတ်သော် ကိုယ်တိုင်ကား မကြောက်ပေ၊ စင်စစ်သော်ကား ထို

---

၁-ပါဠိ၌ ဤအရာတွင် "တေသ္မိံ ခဏေ"ဟု ရှိသောကြောင့် "ဤသို့ရှုမြင်သော ခဏ၌"ဟု ပြန်ဆိုသည်၊ အလားတူရှေးစာပိုဒ် ၃-ခုတို့၌ကား "တေသ္မိံ ဌာနေ"ဟု ရှိသောကြောင့် "ဤသို့ ရှုမြင်သော အရာဌာန၌"ဟု ပြန်ဆိုခဲ့သည်။ ခဏ၌–ဟူသော ပြန်ဆိုချက်က သာ၍ ချောမောပြေပြစ်သည်။

၂-ထို့ကြောင့်.... ထိုဉာဏ်အား....စူးစမ်း ဆင်ခြင်ခြင်းမျှသာလျှင် ဖြစ်ပေ၏–ဟု စပ်ပါ။

http://www.dhammadownload.com



ယောကျ်ားအား[၁] "ဤ မီးကျီးတွင်းတို့၌ ကျတိုင်းကျတိုင်းသော သူခပ်သိမ်းတို့သည် ကြီးစွာသော ဆင်းရဲကို ခံစားရကုန်လတ့်"ဟု သက်သက် စူးစမ်းဆင်ခြင်ခြင်းမျှသာလျှင် ဖြစ်၏။ တနည်း ဥပမာ အားဖြင့်.... မျက်စိမြင်သော ယောကျ်ားသည် ရှားနှစ်တံကျင် သံတံကျင် ရွှေတံကျင် ဟူသော အစဉ်အတိုင်း ထားသော တံကျင်သုံးခုကို ကြည့်ရှုလတ်သော် ကိုယ်တိုင်ကား မကြောက်ပေ၊ စင်စစ်သော်ကား ထိုယောကျ်ားအား[၁] "ဤတံကျင်တို့၌ ကျတိုင်း ကျတိုင်းသော သူခပ်သိမ်းတို့သည် ကြီးစွာသော ဆင်းရဲကို ခံစားရကုန်လတ့်"ဟု သက်သက် စူးစမ်း ဆင်ခြင်ခြင်းမျှ သာလျှင် ဖြစ်၏။ ဤအတူပင် ဘယတုပဋ္ဌာနခေါ် ဘယဉာဏ်သည် ကိုယ်တိုင်ကား မကြောက်တတ်ပေ၊ စင်စစ်သော်ကား ထိုဉာဏ်အား[၁] "မီးကျီးတွင်း သုံးခုနှင့်လည်း တူကုန်သော တံကျင် သုံးချောင်းနှင့်လည်း တူကုန်သော ဘဝသုံးပါးတို့၌ အတိတ် သင်္ခါရတို့သည် ချုပ်လေကုန်ပြီ၊ ပစ္စုပ္ပန် သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ် သင်္ခါရတို့သည် ချုပ်ကုန်လတ့်"ဟု သက်သက် စူးစမ်း ဆင်ခြင်ခြင်းမျှသာလျှင် ဖြစ်ပေ၏။ ဘယတုပဋ္ဌာနမည်ခြင်း၏ အကြောင်းကား....ထိုဉာဏ်အား အလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဋ္ဌိတိ ခုနစ်ပါး သတ္တာဝါသ ကိုးပါးတို့၌ တည်ကုန်သော သင်္ခါရတို့သည် ပျက်စီးခြင်းသို့ ရောက်ကုန်လျက် ကြောက်ဖွယ်ဘေးရှိကုန်သည်ဖြစ်၍ သက်သက် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ပေါ်ကုန်၏၊ ထို့ကြောင့် **ဘယတုပဋ္ဌာန** ဟူ၍ [၂] ခေါ်ဆိုအပ်၏။ ထိုဉာဏ်အား ဤဆိုခဲ့သည့်အတိုင်း ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ပေါ်ရာ၌ အောက်ပါမှာ ပဋိသမ္ဘိဒါမဂ် ပါဠိပေတည်း။

> မမြဲဟု နှလုံးသွင်းသောသူအား အဘယ်သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်သနည်း၊ ဆင်းရဲဟု၊ အတ္တမဟုတ်ဟု နှလုံးသွင်းသော သူအား အဘယ်သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်သနည်းဟူမူ? မမြဲဟု နှလုံးသွင်းသော သူအား နိမိတ်သည်

---

၁·ထိုယောကျ်ားအား.... စူးစမ်း ဆင်ခြင်ခြင်း မျှသာလျှင် ဖြစ်၏–ဟု စပ်ပါ။

၂·ဘယတော – ကြောက်ဖွယ် ဘေးအားဖြင့် + ဥပဋ္ဌာန – ထင်ပေါ်သော ဉာဏ်=ဘယတုပဋ္ဌာန– ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ပေါ် လာသောဉာဏ်။

http://www.dhammadownload.com



ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်၏။ ဆင်းရဲဟု နှလုံးသွင်းသောသူအား မပြတ်ဖြစ်သော အယဉ်သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်၏။ အတ္တမဟုတ်ဟု နှလုံးသွင်းသော သူအား နိမိတ်သည်ရင်း မပြတ်ဖြစ်သော အယဉ်သည်ရင်း ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်၏၊ ဤကား ပါဠိ။

[ ၂၀၄ ] ထိုပါဠိ၌ **နိမိတ်** ဟူသည်ကား သင်္ခါရ နိမိတ်တည်း၊ ဤ နိမိတ်ဟူသော အမည်သည် အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော သင်္ခါရ တို့၏ သာလျှင် အမည်ပေတည်း။ မှန်ပေ၏၊ မမြဲဟု နှလုံးသွင်းသော သူသည် သင်္ခါရတို့၏ သေခြင်း ပျက်ခြင်းကိုသာလျှင် မြင်၏၊ ထို့ကြောင့် ထိုယောဂီအား သင်္ခါရနိမိတ်သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်၏။ **ပဝတ္တ - မပြတ်ဖြစ်သော အယဉ်** ဟူသည်ကား ရူပဘဝ အရူပဘဝ အယဉ်တည်း။ မှန်ပေ၏၊ ဆင်းရဲဟု နှလုံးသွင်းသော သူသည် ချမ်းသာဟု သမုတ်အပ်သော ဘဝအယဉ်၌သော်လည်း မပြတ် နှိပ်စက်(အပ်)သည်၏ အဖြစ်ကိုသာလျှင် မြင်၏၊ ထို့ကြောင့် ထိုယောဂီအား ဘဝအယဉ်သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်၏။ အတ္တမဟုတ်ဟု နှလုံးသွင်းသောသူသည် ဤနိမိတ်နှင့် အယဉ်နှစ်ပါးလုံးကိုလည်း ရွာပျက်ကဲ့သို့ရင်း တံလှပ် ဂန္ဓဗ္ဗနတ် ကျတ်သူရဲတို့၏ မြို့စသည်တို့ကဲ့သို့ရင်း အနှစ်ကင်းသည်ဟု အချည်းနှီးဟု အတ္တမှ ဆိတ်သုဉ်းသည်ဟု ပိုင်ရှင်မရှိဟု ရှေ့ဆောင် အကြီးအကဲ မရှိဟု မြင်၏၊ ထို့ကြောင့် ထိုယောဂီအား သင်္ခါရနိမိတ်သည်ရင်း မပြတ်ဖြစ်သော ဘဝ အယဉ်သည်ရင်း နှစ်ပါးလုံးသည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်၏၊ ဤသို့ သိအပ်၏။

ဘယတုပဋ္ဌာနဉာဏ် ပြီး၏။

## အာဒီနဝါနုပဿနာဉာဏ်ကို ပြဆိုချက်

၇၅၂။ ထိုဘယတုပဋ္ဌာနဉာဏ်ကို မှီဝဲလျက် ပွါးစေလျက် အကြိမ်များစွာ ပြုသော ထိုယောဂီအား အလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဋ္ဌိတိ ခုနစ်ပါး သတ္တာဝါသ ကိုးပါးတို့၌ အကျိုးမဲ့မှု

http://www.dhammadownload.com



စောင့်ရှောက်တတ်သော အရာ မထင်သည်သာတည်း[၁]၊ ပုန်းအောင်းရာလည်း မထင်သည်သာတည်း[၁]၊ ရှောင်တိမ်း သွားရန် အရပ်လည်း မထင်သည်သာတည်း၊ ကိုးကွယ်ရာလည်း မထင်သည်သာတည်း၊ အလုံးစုံသော ဘဝ ယောနိ ဂတိ ဌိတိ နိဝါသတို့၌ တည်ကုန်သော သင်္ခါရတို့တွင် တခုသောသင်္ခါရ၌သော်လည်း တောင့်တခြင်းသော်ငြား ငါဟု မှားယွင်းစွာ သုံးသပ်ခြင်းသော်ငြား မရှိတော့ပေ။ သုံးပါးသော ဘဝတို့သည် မီးလျှံကင်းသော မီးကျီးတို့ဖြင့် ပြည့်သော မီးကျီးတွင်းတို့ ကဲ့သို့ငြား၊ လေးပါးသော မဟာဘုတ်တို့သည် ပြင်းထန်သော အဆိပ်ရှိသော မြွေဆိုးကြီးတို့ ကဲ့သို့ငြား၊ ငါးပါးသော ခန္ဓာတို့သည် သန်လျက်ထားကို ချီမိုးနေသော သူသတ်ယောကျ်ားတို့ ကဲ့သို့ငြား၊ ခြောက်ပါးသော အဇ္ဈတ္တိကာယတနတို့သည် လူမရှိသော ရွာပျက်ကဲ့သို့ငြား၊ ခြောက်ပါးသော ဗာဟိရာယတနတို့သည် ရွာဖျက် ဒမြကြီးတို့ကဲ့သို့ငြား၊ ခုနစ်ပါးသော ဝိညာဏဋ္ဌိတိတို့နှင့် ကိုးပါးသော သတ္တာဝါသတို့သည် တဆယ့်တပါးသော မီးတို့ဖြင့် ရဲရဲတောက်ကုန်သကဲ့သို့ငြား၊ ထက်ဝန်းကျင်မှ တောက်ပကုန်သကဲ့သို့ငြား၊ တခဲနက် မီးလျှံသဖွယ် ဖြစ်ကုန်သကဲ့သို့ငြား ထင်ပေါ်ကုန်၏။ အလုံးစုံသော သင်္ခါရတို့သည် အိုင်းအမာကဲ့သို့ ဖြစ်ကုန်၍ငြား၊ စွဲကပ်နေသော ရောဂါတို့ကဲ့သို့ ဖြစ်ကုန်၍ငြား၊ စူးဝင်နေသောငြောင့်တို့ကဲ့သို့ ဖြစ်ကုန်၍ငြား မကောင်းမှုတို့ကဲ့သို့ ဖြစ်ကုန်၍ငြား၊ အဖျားအနာကဲ့သို့ ဖြစ်ကုန်၍ငြား သာယာဖွယ် ကင်းကုန်သည်ဖြစ်၍ ထင်ကုန်၏၊ အရသာကင်းကုန်သည်ဖြစ်၍ ထင်ကုန်၏၊ ကြီးစွာသော အပြစ်အစုသဖွယ်ဖြစ်၍ ထင်ကုန်၏။

အဘယ်သို့ နည်းဟူမူ? ချမ်းသာစွာ အသက်ရှင်နေလိုသော ကြောက်တတ်သော ယောကျ်ားအား မွေ့လျော်ဖွယ် အခြင်းအရာအားဖြင့်

---

၁-ဗာလပုထုဇဉ် ပုဂ္ဂိုလ်တို့သည် နတ်လောက ဗြဟ္မာလောက ကောင်းကင်ဘုံ စသည်တို့၌ အိုခြင်း နာခြင်း သေခြင်းမှ ကင်းသည်ဟု ထင်ကြ၏။ ထို့ကြောင့် ထိုနတ်လောက စသည်တို့သည် ထိုသူတို့အား စောင့်ရှောက်တတ်သောအရာ ပုန်းအောင်းရာ ကိုးကွယ်ရာ အနေအားဖြင့်ငြား၊ ရှောင်တိမ်းသွားရန် အရပ်အနေ အားဖြင့်ငြား ထင်ပေါ်လျက် ရှိကုန်၏၊ ဤယောဂီအားမူကား ထိုကဲ့သို့ မထင်ဟု ဆိုလို၏။

http://www.dhammadownload.com



ကောင်းစွာ တည်သော်လည်း[၁] သားရဲရှိသော တောအုပ်ကဲ့သို့ရင်း၊ ကျားရှိသော လိုဏ်ဂူကဲ့သို့ရင်း၊ ဖမ်းစားတတ်သော မိကျောင်း စသည်နှင့် ရေစောင့်ရက္ခိုသ် ဘီလူးရှိသော ရေကဲ့သို့ရင်း၊ ချီမိုးထားသော သန်လျက်ရှိသော ရန်သူကဲ့သို့ရင်း၊ အဆိပ်နှင့်တကွသော အစာကဲ့သို့ရင်း၊ ခိုးသူ ဒမြရှိသော လမ်းခရီးကဲ့သို့ရင်း၊ မီးစွဲလောင်နေသော အိမ်ကဲ့သို့ရင်း၊ ချီတက် တိုက်ခိုက်သော စစ်တပ်ရှိသော စစ်မြေပြင်ကဲ့သို့ရင်း ထင်၏။ ခဲ့ပြုရလျှင်.... ထိုယောကျ်ားသည် ဤဆိုခဲ့သော သားရဲရှိသော တောအုပ်စသည်တို့ကို ရောက်သွားလတ်သော် ကြောက်ရွံ့ ထိတ်လန့်လျက် ကြက်သီးမွေးညင်း ထသည်ဖြစ်၍ ထက်ဝန်းကျင်မှ အပြစ်ကိုသာလျှင် မြင်သကဲ့သို့ ထို့အတူပင်လျှင် [၂၇၅] ဤယောဂီ ပုဂ္ဂိုလ်သည် ပျက်ခြင်းကို ရှုသော ဘင်္ဂါနုပဿနာ၏ အစွမ်းအားဖြင့် အလုံးစုံသော သင်္ခါရတို့သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ကုန်လတ်သော် ထက်ဝန်းကျင်မှအရသာကင်းသည် သာယာဖွယ် ကင်းသည်ကိုသာလျှင် အပြစ်ကိုသာလျှင် မြင်၏။ ဤသို့ အပြစ်ကိုမြင်သော ထိုယောဂီအား **အာဒီနဝဉာဏ်** မည်သော[၂] **အာဒီနဝါနုပဿနာဉာဏ်**သည်[၂] ဖြစ်ပေါ်၏။ ယင်းအာဒီနဝဉာဏ်ကို ရည်၍အောက်ပါ စကားကို ပဋိသမ္ဘိဒါမဂ်၌ ဟောအပ်ပေ၏----

အဘယ်သို့လျှင် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ရာ၌ ပညာသည် အပြစ်၌ ဖြစ်သော[၃] အာဒီနဝဉာဏ် မည်သနည်း? ရှေးဦးစွာ

---

၁-''တောအုပ်စသည်သည် မွေ့လျော်ဖွယ် အခြင်းအရာအားဖြင့် ကောင်းစွာ တည်သော်လည်း သားရဲစသည်ရှိနေလျှင် ထိုတောအုပ် အစရှိသည်သည် အပြစ်အနေအားဖြင့်သာ ထင်၏၊ ပျော်မွေ့ဖွယ်အနေအားဖြင့် မထင်။ မွေ့လျော်ဖွယ်အခြင်းအရာအားဖြင့် ကောင်းစွာမတည်သော တောအုပ်စသည်မှာ ဆိုဖွယ်ပင်မရှိပြီ'' ဟူသော ဤအနက်ကို **''သော်လည်း''** ဟူသောစကားဖြင့် ဖော်ပြ၏။

၂ အာဒီနဝ-အပြစ်+ဉာဏ-သိမြင်သောဉာဏ်=**အာဒီနဝဉာဏ်**-အပြစ် မြင်သော ဉာဏ်။ အာဒီနဝ-အပြစ်+အနုပဿနာ- ရှုမြင်သော+ဉာဏ-ဉာဏ်-အာဒီနဝါနုပဿနာဉာဏ်- အပြစ်ကိုရှုမြင်သော ဉာဏ်။

၃-**''အပြစ်၌ဖြစ်သော''**ဟူသည်မှာ ''ထိုအပြစ်ကို မြင်လျက် သိလျက်ဖြစ်သော'' ဟု ဆိုလို၏။

http://www.dhammadownload.com



ဖြစ်ပေါ်ခြင်းသည် ကြောက်ဖွယ်ဘေးဟု ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ရာ၌ ပညာသည် အပြစ်၌ ဖြစ်သော အာဒီနဝဉာဏ် မည်၏၊ ဖြစ်ပွါးခြင်းသည် ဘေးဟု။ နိမိတ်သည် ဘေးဟု။ အားထုတ်ခြင်းသည် ဘေးဟု။ တဖန်စပ်သော ပဋိသန္ဓေသည် ဘေးဟု။ လားရာဂတိသည် ဘေးဟု။ ဖြစ်ခြင်းသည် ဘေးဟု။ ကပ်ရောက်၍ ဖြစ်ခြင်းသည် ဘေးဟု။ ဘဝအသစ်ဖြစ်ခြင်း ဇာတိသည် ဘေးဟု။ အိုခြင်းသည် ဘေးဟု။ နာခြင်းသည် ဘေးဟု။ သေခြင်းသည် ဘေးဟု။ စိုးရိမ်ခြင်းသည် ဘေးဟု။ ငိုကြွေးခြင်းသည် ဘေးဟု။ ပြင်းစွာပူပန်ခြင်းသည် ဘေးဟု ကြောက်ဖွယ် ဘေး အနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ် မည်၏။ (၁)

မဖြစ်ပေါ်ခြင်းသည် (ဖြစ်ပေါ်မှုကင်းသော နိဗ္ဗာန်သည်) ဘေးငြိမ်းရာတည်းဟု သိသော ပညာသည် ငြိမ်းအေးရာနိဗ္ဗာန်၌ ဖြစ်သော သန္တိပဒဉာဏ်[၁] မည်၏။ မဖြစ်ပွါးခြင်းသည် (ဖြစ်ပွါးမှုကင်းသော နိဗ္ဗာန်သည်)။ပ။ ပြင်းစွာ မပူပန်ခြင်းသည် (ပြင်းစွာပူပန်မှု ကင်းသော နိဗ္ဗာန်သည်) ဘေးငြိမ်းရာတည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ (၂)

ဖြစ်ပေါ်ခြင်းသည် ကြောက်ဖွယ်ဘေးတည်း၊ မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။ ဖြစ်ပွါးခြင်းသည်။ပ။ ပြင်းစွာပူပန်ခြင်းသည် ကြောက်ဖွယ်ဘေးတည်း၊ ပြင်းစွာ မပူပန်ခြင်းသည် ဘေးငြိမ်းရာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ် မည်၏ (၃)

ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။ဖြစ်ပွါးခြင်းသည်။ပ။ ပြင်းစွာ ပူပန်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ် မည်၏။ (၄)

---

၁-သန္တိ – ငြိမ်းအေးရာ+ပဒ – ရောက်အပ်– ရောက်သင့်– ရောက်ထိုက်သော နိဗ္ဗာန်+ဉာဏ – ဉာဏ်= သန္တိပဒဉာဏ်– ငြိမ်းအေးရာ နိဗ္ဗာန်ကို သိသော ဉာဏ်။

http://www.dhammadownload.com



မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ မဖြစ်ပွါးခြင်းသည်။ပ။ ပြင်းစွာ မပူပန်ခြင်းသည် ချမ်းသာတည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ (၅)

ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်း၊ မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ ဖြစ်ပွါးခြင်းသည်။ပ။ ပြင်းစွာ ပူပန်ခြင်းသည် ဆင်းရဲတည်း၊ ပြင်းစွာ မပူပန်ခြင်းသည် ချမ်းသာတည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ (၆)

ဖြစ်ပေါ်ခြင်းသည် (ဝဋ္ဋကာမဂုဏ်, ကိလေသာဟူသော) အစာနှင့်တကွ ဖြစ်သည်ဟု ကြောက်ဖွယ် ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။ဖြစ်ပွါးခြင်းသည်။ပ။ပြင်းစွာ ပူပန်ခြင်းသည် အစာနှင့်တကွ ဖြစ်သည်ဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။ (၇)

မဖြစ်ပေါ်ခြင်းသည် အစာကင်းသည်ဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ မဖြစ်ပွါးခြင်းသည်။ပ။ ပြင်းစွာ မပူပန်ခြင်းသည် အစာကင်းသည်ဟု သိသော ပညာသည် သန္တိပဒဉာဏ် မည်၏။ (၈)

ဖြစ်ပေါ်ခြင်းသည် အစာနှင့်တကွ ဖြစ်သည်၊ မဖြစ်ပေါ်ခြင်းသည် အစာကင်းသည်ဟု သိသော ပညာသည် သန္တိပဒဉာဏ် မည်၏။ ဖြစ်ပွါးခြင်းသည်။ပ။ ပြင်းစွာ ပူပန်ခြင်းသည် အစာနှင့်တကွ ဖြစ်သည်၊ ပြင်းစွာ မပူပန်ခြင်းသည် အစာကင်းသည်ဟု သိသော ပညာသည် သန္တိပဒဉာဏ် မည်၏။ (၉)

[၂၈၆] ဖြစ်ပေါ်ခြင်းသည် သင်္ခါရတို့တည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ သိသော ပညာသည် အာဒီနဝဉာဏ်မည်၏။ ဖြစ်ပွါးခြင်းသည်။ပ။ ပြင်းစွာ ပူပန်ခြင်းသည် သင်္ခါရတို့တည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။ (၁၀)

http://www.dhammadownload.com



မဖြစ်ပေါ်ခြင်းသည် ငြိမ်းသောနိဗ္ဗာန်တည်းဟုသိသောပညာသည် သန္တိပဒဉာဏ်မည်၏။ မဖြစ်ပွါးခြင်းသည်။ပ။ ပြင်းစွာ မပူပန်ခြင်းသည် ငြိမ်းသောနိဗ္ဗာန်တည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ (၁၁)

ဖြစ်ပေါ်ခြင်းသည် သင်္ခါရတို့တည်း၊ မဖြစ်ပေါ်ခြင်းသည်ငြိမ်းအေးသော နိဗ္ဗာန်တည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။ ဖြစ်ပွါးခြင်းသည်။ပ။ပြင်းစွာပူပန်ခြင်းသည် သင်္ခါရတို့တည်း၊ပြင်းစွာ မပူပန်ခြင်းသည် ငြိမ်းအေးသော နိဗ္ဗာန်တည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။ (၁၂)

ဖြစ်ပေါ်ခြင်းကိုရင်း ဖြစ်ပွါးခြင်းကိုရင်း နိမိတ်ကိုရင်း အားထုတ်ခြင်းကိုရင်း တဖန် စပ်သော ပဋိသန္ဓေကိုရင်း ဆင်းရဲဟု ရှုမြင်၏၊ ဤရှုမြင်သော ဉာဏ်ငါးပါးသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်၏။

မဖြစ်ပေါ်ခြင်းကိုရင်း မဖြစ်ပွါးခြင်းကိုရင်း နိမိတ်ကင်းခြင်းကိုရင်း အားမထုတ်ခြင်းကိုရင်း ပဋိသန္ဓေကင်းခြင်းကိုရင်း ချမ်းသာဟု ရှုမြင်၏၊ ဤရှုမြင်သော ဉာဏ်ငါးပါးသည် ငြိမ်းအေးရာနိဗ္ဗာန်၌ဖြစ်သော သန္တိပဒဉာဏ်မည်၏။

ဤအာဒီနဝဉာဏ်သည် ငါးပါးသောဌာနတို့၌ ဖြစ်၏၊သန္တိပဒဉာဏ်သည် ငါးပါးသော ဌာန၌ ဖြစ်၏၊ (ယောဂီသည်)ဆယ်ပါးသော ဉာဏ်တို့ကို သိ၏။ နှစ်ပါးသော (အာဒီနဝဉာဏ် သန္တိပဒ) ဉာဏ်တို့၌ ကျွမ်းကျင်လိမ္မာသည်၏အဖြစ်ကြောင့် အမျိုးမျိုးသော မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ။

ထိုရှုမြင်မှုသည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် ''ကြောက်ဖွယ် ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်၏''ဟူ၍ ဆိုအပ်၏၊ ဤကား ပါဠိ။

၇၃၃။ ထိုပါဠိ၌ **ဥပ္ပါဒ-ဖြစ်ပေါ်ခြင်း** ဟူသည်ကား ရှေးကံ ဟူသော အကြောင်းကြောင့် ဤဘဝ၌ (ရှေးဦးစွာ) ဖြစ်ပေါ်ခြင်းတည်း။ **ပဝတ္တ-**

http://www.dhammadownload.com



**ဖြစ်ပွါးခြင်း** ဟူသည်ကား ထိုသို့ဖြစ်ပေါ်ပြီးသော ရုပ်နာမ်၏ မပြတ်ဖြစ်ခြင်း တည်း။ **နိမိတ္တ - နိမိတ်** ဟူသည်ကား အလုံးစုံသော သင်္ခါရတရား ဟူသော သင်္ခါရနိမိတ်တည်း။ **အာယူဟနာ-အားထုတ်ခြင်း** ဟူသည်ကား နောင်ဘဝ ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ကံတည်း။ **ပဋိသန္ဓိ-တဖန်စပ်သော ပဋိသန္ဓေ** ဟူသည်ကား နောင်ဘဝ၌ ဖြစ်ပေါ်ခြင်းတည်း။ **ဂတိ-လားရာ**ဟူသည် ကား အကြင် လားရောက်အပ်သော ငါးပါးသောဂတိဖြင့် ထိုပဋိသန္ဓေသည် ဖြစ်၏၊ ထိုလားရာ ဂတိငါးပါးပင်တည်း။ **နိဗ္ဗတ္တိ-ဖြစ်ခြင်း** ဟူသည်ကား ခန္ဓာ တို့၏ ဖြစ်ခြင်းတည်း။ **ဥပပတ္တိ-ကပ်ရောက်၍ဖြစ်ခြင်း** ဟူသည်ကား "သမာ ပတ်သို့ ဝင်ရောက်သူ၏ရင်း ကပ်ရောက်၍ ဖြစ်သောသူ၏ရင်း" ဟူ၍ ဤသို့ ဟောအပ်သော မဟဂ္ဂုတ်ဝိပါက်၏ မပြတ်ဖြစ်ခြင်းတည်း။ **ဇာတိ-ဘဝအသစ် ဖြစ်ခြင်း** ဟူသည်ကား အိုခြင်းစသည်တို့၏ အကြောင်းဖြစ်သော ကမ္မဘဝ ကြောင့် ဖြစ်သော ဇာတိပေတည်း။ ဇရာမရဏ-အိုခြင်း, သေခြင်း စသည် တို့ကား ထင်ရှားကုန်သည်သာတည်း။ ဤဥပ္ပါဒစသော တဆယ့်ငါးပုဒ်တို့ တွင် ဥပ္ပါဒစသော မူလ ငါးပုဒ်တို့ကိုသာလျှင် အာဒီနဝဉာဏ်၏ဖြစ်ရာ အာရုံ ဝတ္ထုအဖြစ်ဖြင့် ဟော(အပ်ကုန်)၏။ ကြွင်းသောဆယ်ပုဒ်တို့ကို ထိုမူလ ငါး ပုဒ်တို့၏ ဝေဝုစ် ပရိယာယ် စကားလှယ်အဖြစ်ဖြင့် ဟော(အပ်ကုန်)၏။ မှန်ပေ၏၊နိဗ္ဗတ္တိ ဇာတိ ဟူသော ဤနှစ်ပုဒ်သည် ဥပ္ပါဒပုဒ်နှင့် ပဋိသန္ဓိပုဒ် တို့၏ ဝေဝုစ် ပရိယာယ် စကားလှယ်တည်း။ ဂတိ ဥပပတ္တိ ဟူသော ဤနှစ် ပုဒ်သည် ပဝတ္တပုဒ်၏ ဝေဝုစ် ပရိယာယ် စကားလှယ်တည်း။ အိုခြင်း စသည် တို့သည် နိမိတ္တပုဒ်၏ ဝေဝုစ်ပရိယာယ် စကားလှယ်တည်း။ ထို့ကြောင့်-

> "ဖြစ်ပေါ်ခြင်းကိုရင်း ဖြစ်ပွါးခြင်းကိုရင်း နိမိတ်ကိုရင်း အားထုတ် ခြင်းကိုရင်း တဖန်စပ်သော ပဋိသန္ဓေကိုရင်း ဆင်းရဲဟု ရှုမြင်၏၊ ဤရှုမြင်သောဉာဏ်ငါးပါးသည် အပြစ်၌ ဖြစ်သော အာဒီနဝဉာဏ် မည်၏"ဟူ၍ရင်း၊

"ဤအာဒီနဝဉာဏ်သည် ငါးပါးသော ဌာနတို့၌ ဖြစ်၏"ဟူ၍ရင်း- မိန့်ဆိုလေသည်။

[၂၈၇] "မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်းဟု သိသော ပညာ သည် ငြိမ်းအေးရာ နိဗ္ဗာန်၌ ဖြစ်သော သန္တိပဒဉာဏ်မည်၏" ဤသို့ အစ ရှိသော စကားကိုမူကား အာဒီနဝဉာဏ်၏ ဆန့်ကျင်ဘက်ဖြစ်သော ဉာဏ်ကို

http://www.dhammadownload.com



ပြခြင်း အကျိုးငှါ ဟော(အပ်)ပေသည်။ တနည်းကား ဘယဉာဏ်ဖြင့် အပြစ်ကို မြင်၍ ထိတ်လန့်သော စိတ်နှလုံးရှိသောပုဂ္ဂိုလ်တို့အား ဘေးငြိမ်း၍ အပြစ်ကင်းသော ဘေးမဲ့အရပ်သည်လည်း ရှိသေး၏ဟု သက်သာရာ ရစေခြင်း အကျိုးငှါလည်း ထိုစကားကို ဟော(အပ်)ပေသည်။တနည်းကား ထိုယောဂီအား ဖြစ်ပေါ်ခြင်း စသည်တို့သည် ကြောက်ဖွယ်ဘေးအနေအား ဖြင့် ကောင်းစွာ ထင်ကုန်၏၊ ထိုသို့ ထင်သောယောဂီ၏ စိတ်သည် ထို ဖြစ်ပေါ်ခြင်း စသည်တို့၏ ဆန့်ကျင်ဘက်၌ ညွတ်ကိုင်းလျက်ရှိ၏၊ထို့ကြောင့် ဘယဉာဏ်၏ အစွမ်းအားဖြင့်ပြီးသော အာဒီနဝဉာဏ်၏ အကျိုးအာနိသင်ကို ပြခြင်းအကျိုးငှါလည်း ထိုစကားကို ဟော(အပ်)ပေသည်ဟု သိအပ်၏။

ဆက်၍ ရှင်းလင်းပြဦးအံ့၊ ဤပါဠိ၌ ကြောက်ဖွယ်ဘေးမည်သော တရား သည် ကိန်းသေမုချအားဖြင့် ဆင်းရဲဒုက္ခပေတည်း၊ထိုဆင်းရဲဒုက္ခသည်လည်း ဝဋ်သုံးပါးဟူသောအစာ ကာမဂုဏ်ဟူသောအစာ ကိလေသာဟူသောအစာ တို့မှ မလွတ်ကင်းသောကြောင့် အစာနှင့်တကွ ဖြစ်သည်သာတည်း၊ အစာ နှင့်တကွဖြစ်သော ထိုတရားသည်လည်း သင်္ခါရမျှသာလျှင် ဖြစ်ပေသည်၊ ထို့ကြောင့် ''ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်ဖွယ်ဘေးအနေ အားဖြင့် ထင်ရာ၌ ပညာသည် အပြစ်၌ ဖြစ်သော အာဒီနဝဉာဏ်မည်၏'' ဤသို့အစရှိသောစကားကို ဟောအပ်ပေသည်၊ ဤသို့ပင် ဟောအပ်သော်လည်း ကြောက်ဖွယ်ဘေးအခြင်းအရာအားဖြင့်၎င်း, ဆင်းရဲအခြင်းအရာ အားဖြင့်၎င်း, အစာနှင့်တကွ ဖြစ်သော အခြင်းအရာအားဖြင့်၎င်း- ဤသို့ အခြင်းအရာ ထူးခြားသောအားဖြင့် ဖြစ်ပုံ၏ အစွမ်းအားဖြင့် သာလျှင် [၁] ဤပုဒ်တို့၌ ထူးသည်၏အဖြစ်ကို သိအပ်၏။

**ဆယ်ပါးသော ဉာဏ်တို့ကို သိ၏** ဟူသည်ကား အာဒီနဝဉာဏ်ကို သိသည် ရှိသော် ဖြစ်ပေါ်ခြင်း စသည်လျှင် တည်ရာ အာရုံ ဝတ္ထုရှိသော ဉာဏ်ငါးပါး,

---

၁-''အခြင်းအရာ ထူးသောအားဖြင့် ဉာဏ်ဖြစ်ပုံ'' ဟူ၍၎င်း၊ ''ထိုဉာဏ်ဖြစ်ပုံ၏ အစွမ်းအားဖြင့်သာလျှင် ဤပုဒ်တို့၌ ဉာဏ်ထူးသည်၏ အဖြစ်ကို သိအပ်၏'' ဟူ၍၎င်း ဆက်စပ်၍ အနက်အဓိပ္ပါယ်ယူပါ။ ယူပုံကား.... ဘေးအခြင်းအရာ အားဖြင့် ဖြစ်သောဉာဏ်ကို ဘယတုပဋ္ဌာနဉာဏ် ဟူ၍၎င်း၊ ကြွင်းသော ဆင်းရဲအခြင်းအရာ စသည်အားဖြင့် ဖြစ်သောဉာဏ်ကို အာဒီနဝဉာဏ် ဟူ၍ ၎င်း ယူအပ်၏။

http://www.dhammadownload.com



မဖြစ်ပေါ်ခြင်း စသည်လျှင် တည်ရာ အာရုံ ဝတ္ထုရှိသော ဉာဏ်ငါးပါးဟူသော ဆယ်ပါးသောဉာဏ်တို့ကို သိ၏၊ ထိုးထွင်း၍ သိ၏၊ မျက်မှောက်ပြု၏။ **နှစ်ပါးသောဉာဏ်တို့၌ ကျွမ်းကျင်လိမ္မာသည်၏ အဖြစ်ကြောင့်** ဟူသည်ကား အာဒီနဝဉာဏ်, သန္တိပဒဉာဏ် ဟူသော ဤဉာဏ်နှစ်ပါးတို့၌ ကျွမ်းကျင်လိမ္မာသည်၏အဖြစ်ကြောင့်။ **အမျိုးမျိုးသော မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ**ဟူသည်ကား မြတ်သော မျက်မှောက်လောကနိဗ္ဗာန် အယူ[၁] စသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သော မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ။ ဤပါဠိ၌ ကြွင်းသော စကားရပ်သည် ပေါ်လွင်ထင်ရှားသည်သာတည်း။

အာဒီနဝါနုပဿနာဉာဏ်ပြီး၏။

## နိဗ္ဗိဒါနုပဿနာဉာဏ်ကို ပြဆိုချက်

၇၃၄။ ဤဆိုခဲ့သည့်အတိုင်း အလုံးစုံသော သင်္ခါရတို့ကို အပြစ်အနေအားဖြင့် ရှုမြင်လျက်ရှိသော ထိုယောဂီသည် အလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဋ္ဌိတိခုနစ်ပါး သတ္တာဝါသကိုးပါးတို့၌ တည်သော (ခဏတိုင်း ခဏတိုင်း) မပြတ်ပျက်စီးတတ်သော သင်္ခါရတရားအပေါင်း၌ ငြီးငွေ့၏ ပျင်းရိ၏ မပျော်မွေ့။

ဥပမာအားဖြင့် စိတ္တကူဋ်တောင်ခြေ၌[၂] ပျော်မွေ့သော ရွှေဟသ်ာမင်းသည် မစင်ကြယ်သော ဒွန်းစဏ္ဍားရွာ တံခါးအနီး ရေအိုင်ငယ်၌ မပျော်မွေ့၊

---

၁-"အချင်း၊ ဤအတ္တကောင်သည် ငါးပါးသော ကာမဂုဏ်တို့ဖြင့် ကုံလုံပြည့်စုံစွာ ပျော်ရွှင်ခံစားရ၏၊ အချင်း၊ ဤမျှဖြင့် ဤအတ္တကောင်သည် မြတ်သော၊ မျက်မှောက် လောကနိဗ္ဗာန်သို့ ရောက်၏၊ (ကာမဂုဏ်ကို ခံစားရခြင်းထက် ကောင်းသော အရသာ မရှိတော့ပြီဟု ဆိုလို၏)"။ (ဒီ ၁-၃၃၊ မြန်မာပြန်-၃၆) ဤသို့ စသည်ဖြင့် ဗြဟ္မဇာလသုတ်၌ ပြထားသော အယူကို "မြတ်သော မျက်မှောက် လောကနိဗ္ဗာန် အယူ" ဟု ဆိုသည်။ ဤ၌ "စသည်" ဟူသောစကားဖြင့် ထိုဗြဟ္မဇာလသုတ်၌လာသော အခြားသော မိစ္ဆာအယူတို့ကို ညွှန်းသည်။

၂-ဤ၌ **စိတ္တကူဋ်တောင်** – ဟူသည်ကား အနဝတတ်အိုင်ကို ခြံရံလျက် တည်ကုန်သော ဂန္ဓမာဒနတောင်, ကာဠကူဋတောင်, ကေလာသတောင်, သုဒဿနတောင်, စိတ္တကူဋတောင် ဟူသော ဟိမဝန္တာတောင်၏ အထွဋ်များ ဖြစ်သော တောင်ငါးလုံးတို့တွင် နောက်ဆုံးတောင်ထွဋ် ဖြစ်သည်။

http://www.dhammadownload.com



စင်စစ်သော်ကား ခုနစ်ပါးသော ရေအိုင်ကြီးတို့၌သာလျှင်[၁] ပျော်မွေ့သကဲ့သို့ ထို့အတူပင် ဤယောဂီတည်းဟူသော ဟင်္သာမင်းသည်လည်း ကောင်းစွာ ထက်ဝန်းကျင် မြင်အပ်ပြီးသော အပြစ်ရှိသော မပြတ်ပျက်စီးတတ်သော သင်္ခါရတရားအပေါင်း၌ မပျော်မွေ့၊ စင်စစ်သော်ကား ဘာဝနာလျှင် ပျော်မွေ့ရာရှိသည်၏ အဖြစ်ဟူသော[၂] ဘာဝနာ၌ ပျော်မွေ့ခြင်းနှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့် ခုနစ်ပါးသော အနုပဿနာတို့၌သာလျှင် ပျော်မွေ့၏။

[၂၈၈] တနည်း ဥပမာအားဖြင့် ရွှေချိုင့်၌ ထည့်ထားသော သားတို့၏ မင်းဖြစ်သော ခြင်္သေ့သည် (ထိုရွှေချိုင့်၌) မပျော်မွေ့၊ စင်စစ်သော်ကား ယူဇနာ သုံးထောင် ကျယ်ပြန့်သော ဟိမဝန္တာ တော၌သာလျှင် ပျော်မွေ့ သကဲ့သို့ ထို့အတူပင် ဤယောဂီတည်းဟူသော ခြင်္သေ့သည်လည်း သုံးပါး အပြားရှိသော သုဂတိဘဝ၌သော်လည်း မပျော်မွေ့၊ စင်စစ်သော်ကား သုံးပါးသော အနုပဿနာတို့၌ သာလျှင် ပျော်မွေ့၏။

တနည်း ဥပမာအားဖြင့် ကိုယ်လုံးဖြူသော ခုနစ်ပါးသော အင်္ဂါတို့ဖြင့် မြေ၌တည်သော[၃] တန်ခိုးနှင့် ပြည့်စုံသော ကောင်းကင်သို့ ပျံသွားနိုင်သော ဆဒ္ဒန်ဆင်မင်းသည် မြို့အလယ်၌ မပျော်မွေ့၊ စင်စစ်သော်ကား ဟိမဝန္တာ တောဝယ် ဆဒ္ဒန်အိုင် တောအုပ်၌သာလျှင် ပျော်မွေ့သကဲ့သို့ ထို့အတူပင်

---

၁-**ခုနစ်ပါးသော ရေအိုင်ကြီးတို့** ဟူသည်မှာ (၁) အနဝတတ်အိုင်၊ (၂) ကဏ္ဏမုဏ္ဍအိုင်၊ (၃) ရထကာရအိုင်၊ (၄) ဆဒ္ဒန်အိုင်၊ (၅) ကုဏာလအိုင်၊ (၆) မန္ဒာကိနီအိုင်၊ (၇) သီဟပပါတ အိုင်တို့ပင် ဖြစ်သည်။ ၎င်းတို့မှာ ဟိမဝန္တာတောင်ပေါ်၌ တည်ရှိကြသည်။

၂-“ဘာဝနာလျှင် ပျော်မွေ့ရာရှိသည်၏အဖြစ်”ဟူသော စကားနှင့် “ဘာဝနာ၌ ပျော်မွေ့ခြင်း” ဟူသော စကားသည် အရတူ၏၊ ထို့ကြောင့် “အဖြစ်ဟူသော”– ဤပုဒ်ကို “ပျော်မွေ့ခြင်း”–ပုဒ်နှင့် စပ်၍ အနက်ယူပါ။

၃-**ခုနစ်ပါးသော အင်္ဂါတို့** ဟူသည်မှာ (၁) နှာမောင်း၊ (၂၊ ၃၊ ၄၊ ၅) အခြေလေးချောင်း၊ (၆) **အမြီး**၊ (၇) သိုအိမ်–ဟူသော ခုနစ်ပါးတို့ပင် ဖြစ်သည်။ ဆင်မင်းသည် ဤခုနစ်ပါးသော အင်္ဂါတို့ဖြင့် မြေ၌ထိလျက် တည်သောကြောင့် ၎င်းကို သတ္တပတိဋ္ဌောဟု ချီးကျူး၍ ပြဆိုသည်၊ ထိုပုဒ်ကို “ခုနစ်ပါးသော အင်္ဂါတို့ဖြင့် မြေ၌တည်သော” ဟု သဒ္ဒါနည်းအရ အတိအကျ ပြန်ဆိုထားသည်။

http://www.dhammadownload.com



ဤယောဂီတည်းဟူသော မြတ်သော ဆင်မင်းသည်လည်း အလုံးစုံသော သင်္ခါရတရားအပေါင်း၌ မပျော်မွေ့စင်စစ်သော်ကား"မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်း"- ဤသို့အစရှိသောနည်းဖြင့် မြင်အပ်ပြီးသောငြိမ်းအေးရာ နိဗ္ဗာန်၌သာလျှင် ပျော်မွေ့၏၊ ထိုနိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းသော စိတ်ရှိသည်သာလျှင် ဖြစ်ပေ၏၊ ဤသို့ သိအပ်၏။

နိဗ္ဗိဒါနုပဿနာဉာဏ် ပြီး၏။

၇၅၅။ ထိုနိဗ္ဗိဒါနုပဿနာ မည်သော ဤဉာဏ်သည် ရှေးဉာဏ် နှစ်ပါးနှင့် အနက်တရားကိုယ်အရ အားဖြင့် တူ၏။ ထို့ကြောင့် ရှေးဆရာတို့သည် -

"ဘယတုပဋ္ဌာနဉာဏ် တခုတည်းပင်လျှင် သုံးပါးသော အမည်ႇ့ကို ရ၏၊ အလုံးစုံသော သင်္ခါရတို့ကို ကြောက်ဖွယ်ဘေး အနေအားဖြင့် မြင်သောကြောင့် **ဘယတုပဋ္ဌာနဉာဏ်** မည်လေသည်၊ ထိုသင်္ခါရတို့၌ပင်လျှင် အပြစ်ကို ဖြစ်စေ- ထင်ပေါ်စေသောကြောင့် **အာဒီနဝါနုပဿနာဉာဏ်** မည်လေသည်၊ ထိုသင်္ခါရတို့၌ ပင်လျှင် ငြီးငွေ့လျက် ဖြစ်ပေါ်သောကြောင့် **နိဗ္ဗိဒါနုပဿနာဉာဏ်** မည်လေသည်"ဟု-

မိန့်ဆိုကုန်၏။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌လည်း —

"ဘယတုပဋ္ဌာနပညာ,အာဒီနဝဉာဏ်,နိဗ္ဗိဒါဉာဏ်ဟူသောဤဉာဏ် သုံးပါးတို့သည် တူသော အနက် တရားကိုယ် ရှိကုန်၏၊ သဒ္ဒါမျှသာ ထူး၏"ဟု-

ဟောတော်မူ(အပ်)၏။

## မုဉ္စိတုကမျတာဉာဏ်ကို ပြဆိုချက်

၇၅၆။ ထိုမှ တပါးသော ဉာဏ် ဖြစ်ပုံကား - ဤနိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့လျက် ပျင်းရိလျက် မပျော်မွေ့သော ဤအမျိုးသား၏ စိတ်သည် အလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိ ငါးပါး ဝိညာဏဋ္ဌိတိ ခုနစ်ပါး သတ္တာဝါသကိုးပါးတို့၌ တည်ကုန်သော(ခဏတိုင်း ခဏတိုင်း)မပြတ်ပျက်စီးတတ်ကုန်သော သင်္ခါရတို့တွင် တခုသော သင်္ခါရ၌ သော်လည်း မကပ်

http://www.dhammadownload.com



မငြိ မတွယ်၊ အလုံးစုံသော သင်္ခါရတရား အပေါင်းမှ လွတ်မြောက်ခြင်းငှါ အလိုရှိ၏၊ ထွက်မြောက် ခြင်းငှါ အလိုရှိ၏။ အဘယ် ကဲ့သို့နည်းဟူမူ....? ဥပမာအားဖြင့် ပိုက်ကွန်အတွင်း၌ မိနေသော ငါး၊ မြွေ၏ ခံတွင်းသို့ရောက်နေသော ဖား၊လှောင်အိမ်ချိုင့်၌ ထည့်ထားသော တောကြက်၊ ခိုင်မြဲသော ကျော့ကွင်းဖြင့် ဖွဲ့မိနေသော သမင်၊မြွေအလမ္ပာယ်ဆရာ၏ လက်သို့ရောက်နေသော မြွေ၊ ကြီးစွာသော ညွန်အိုင်၌ ကျရောက်နေသောဆင်၊ [၂၀၉] ဂဠုန်၏ ခံတွင်းသို့ ရောက်နေသော နဂါးမင်း၊ ရာဟုခံတွင်းသို့ ဝင်ရောက်နေသောလ၊ ရန်သူတို့ ဝန်းရံထားသော ယောကျ်ား-ဤသို့ အစရှိသော ပုဂ္ဂိုလ်တို့သည် ထိုထို အနှောင်အဖွဲ့ ဘေးရန်မှ လွတ်မြောက် လိုကုန်သည်သာလျှင် ထွက်မြောက်လိုကုန်သည်သာလျှင် ဖြစ်ကုန်သကဲ့သို့ ဤအတူပင် ထိုယောဂီ၏ စိတ်သည် အလုံးစုံသော သင်္ခါရတရားအပေါင်းမှ လွတ်မြောက်ခြင်းငှါ အလိုရှိ၏၊ ထွက်မြောက်ခြင်းငှါ အလိုရှိ၏။ ထိုအခါ၌ ဤဆိုခဲ့သည့်အတိုင်း အလုံးစုံသောသင်္ခါရတို့၌ တွယ်တာခြင်းကင်းလျက် အလုံးစုံသော သင်္ခါရတရားအပေါင်းမှ လွတ်ခြင်းငှါ အလိုရှိသော ထိုယောဂီအား **မုဉ္စိတုကမျတာဉာဏ်**သည် ဖြစ်ပေါ်၏။

မုဉ္စိတုကမျတာဉာဏ် ပြီး၏။

## ပဋိသင်္ခါနုပဿနာဉာဏ်ကို ပြဆိုချက်

၇၅၇။ ဤဆိုခဲ့သည့်အတိုင်း အလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဋ္ဌိတိခုနစ်ပါး သတ္တာဝါသကိုးပါး၌ တည်ကုန်သော (ခဏတိုင်း ခဏတိုင်း) မပြတ်ပျက်စီးတတ်ကုန်သော သင်္ခါရတို့မှ လွတ်မြောက်ခြင်းငှါ အလိုရှိသော ထိုယောဂီသည် အလုံးစုံသော သင်္ခါရတရားအပေါင်းမှ လွတ်မြောက်ခြင်းငှါ ထိုသင်္ခါရတရားတို့ကိုပင်လျှင် **ပဋိသင်္ခါနုပဿနာဉာဏ်** ဖြင့် လက္ခဏာသုံးပါးတင်၍ ဤဆိုလတ္တံ့သော အခြင်းအရာဖြင့် တဖန်သိမ်းဆည်း၏။

ထိုယောဂီသည် အလုံးစုံသော သင်္ခါရတို့ကို (၁) ပျက်ခြင်းဟူသော အဆုံးကို မလွန်နိုင်သောကြောင့်၎င်း၊ (၂) အခိုက်အတန့်မျှ တည်သောကြောင့်၎င်း၊ (၃) ဖြစ်ခြင်း ပျက်ခြင်းဖြင့် ပိုင်းခြားအပ်သောကြောင့်၎င်း၊

http://www.dhammadownload.com



(၄) အလွန် ပျက်သောကြောင့်ရင်း၊ (၅) တုန်လှုပ်သောကြောင့်ရင်း၊ (၆) ပျက်လွယ် သောကြောင့်ရင်း၊ (၇) မခိုင်ခံ့သောကြောင့်ရင်း၊ (၈) ဖောက်ပြန်ခြင်းသဘောရှိသောကြောင့်ရင်း၊ (၉) အနှစ်မရှိသော ကြောင့်ရင်း၊ (၁၀) ကြီးပွါးစည်ပင်ခြင်း ကင်းသောကြောင့်ရင်း၊ (၁၁) ပေါင်းစု၍ ပြုအပ်သောကြောင့်ရင်း၊ (၁၂) သေခြင်းသဘောရှိသော ကြောင့်ရင်း-ဤသို့ အစရှိသော အကြောင်းတို့ကြောင့် **မမြဲ** ဟု ရှု၏။

(၁) မပြတ်နှိပ်စက်သောကြောင့်ရင်း၊ (၂) မခံသာသောကြောင့်ရင်း၊ (၃) ဆင်းရဲ၏ တည်ရာ ဝတ္ထုဖြစ်သောကြောင့်ရင်း၊ (၄) စွဲကပ်နေသော ရောဂါနှင့်တူသောကြောင့်ရင်း၊ (၅) အိုင်းအမာနှင့်တူသောကြောင့်ရင်း၊ (၆) စူးဝင်နေသော ငြောင့်နှင့်တူသောကြောင့်ရင်း (၇) မကောင်းမှုနှင့် တူသောကြောင့်ရင်း၊ (၈) ဖျားနာမှုနှင့်တူသောကြောင့်ရင်း၊ (၉) ဘေးရန် နှင့်တူသောကြောင့်ရင်း၊ (၁၀) ဥပဒ္ဒဝေါနှင့်တူသောကြောင့်ရင်း၊ (၁၁) ဘေးနှင့်တူသောကြောင့်ရင်း၊ (၁၂) ကပ်ငြိသော အန္တရာယ်အယှက်နှင့် တူသောကြောင့်ရင်း၊ (၁၃) မစောင့်ရှောက်တတ်သောကြောင့်ရင်း၊ (၁၄) ပုန်းအောင်းရာ မဟုတ်သောကြောင့်ရင်း၊ (၁၅) ကိုးကွယ်ရာ မဟုတ်သော ကြောင့်ရင်း၊ (၁၆) အပြစ်အာဒီနဝဖြစ်သောကြောင့်ရင်း၊ (၁၇) မကောင်း မှု၏ အမြစ်အရင်းဖြစ်သောကြောင့်ရင်း၊ (၁၈) သူသတ်ယောကျ်ားနှင့် တူသောကြောင့်ရင်း၊ (၁၉) အာသဝေါ၏ အာရုံ ဖြစ်သောကြောင့်ရင်း၊ (၂၀) သူသတ်သမား-မာရ်တို့၏ သတ်စရာ အစာ ဖြစ်သောကြောင့်ရင်း၊ (၂၁) ဖြစ်ခြင်းသဘောရှိသောကြောင့်ရင်း၊ (၂၂) အိုခြင်းသဘောရှိသော ကြောင့်ရင်း၊ (၂၃) နာခြင်းသဘောရှိသောကြောင့်ရင်း၊ (၂၄) စိုးရိမ်ဖွယ် သဘောဖြစ်သောကြောင့်ရင်း၊ (၂၅) ငိုကြွေးဖွယ်သဘော ဖြစ်သော ကြောင့်ရင်း၊ (၂၆) ပြင်းစွာ ပူပန်ဖွယ် သဘောဖြစ်သောကြောင့်ရင်း၊ (၂၇) ကိလေသာတို့၏ စွဲမှီရာ အာရုံသဘော ဖြစ်သောကြောင့်ရင်း-ဤသို့ အစ ရှိသောအကြောင်းတို့ကြောင့် **ဆင်းရဲ** ဟု ရှု၏။

(၁) မနှစ်မြို့ဖွယ် ဖြစ်သောကြောင့်ရင်း၊ (၂) မကောင်းသော အနံ့ ရှိသောကြောင့်ရင်း၊ (၃) စက်ဆုပ်ဖွယ် ဖြစ်သောကြောင့်ရင်း၊ (၄) ရွံရှာ ဖွယ် ဖြစ်သောကြောင့်ရင်း၊ (၅) တန်းဆာမဆင်ခြင်းဖြင့် တင့်တယ်မှု ပျက်စီးသောကြောင့်ရင်း၊ (၆) အဆင်းမလှသောကြောင့်ရင်း၊ (၇)

http://www.dhammadownload.com



အလွန်အမြင်ဆိုးသောကြောင့်ငှင်း ¹-ဤသို့ အစရှိသော အကြောင်းတို့ကြောင့် ဒုက္ခလက္ခဏာ၏ အခြံအရံ ဖြစ်သော **အသုဘ-မတင့်တယ်သော** အနေအားဖြင့် ရှု၏။

(၁) ပြင်ပ သူစိမ်းဖြစ်သောကြောင့်ငှင်း၊ (၂) အတ္တမှ ကင်းသောကြောင့်ငှင်း၊ (၃) အချည်းနှီး ဖြစ်သောကြောင့်ငှင်း၊ (၄) အတ္တမှ ဆိတ်သုဉ်းသောကြောင့်ငှင်း၊ (၅) ပိုင်ရှင်မရှိသောကြောင့်ငှင်း၊ (၆) အစိုးမရသောကြောင့်ငှင်း၊ (၇) အလိုအတိုင်း မဖြစ်သောကြောင့်ငှင်း-ဤသို့ အစရှိသော အကြောင်းတို့ကြောင့် **အတ္တမဟုတ် အတ္တမရှိ** ဟု ရှု၏။

[၂၉၀] ၇၅၀။ ဤဆိုခဲ့သည့်အတိုင်း ရှုမြင်သော ဤယောဂီသည် လက္ခဏာသုံးပါးတင်၍ သင်္ခါရတို့ကို ရှုအပ်ပြီးဖြစ်လေတော့၏။ ဤယောဂီသည် ထိုသင်္ခါရတို့ကို အဘယ့်ကြောင့် ဤသို့ သိမ်းဆည်းသနည်းဟူမူ....? သင်္ခါရတို့ကို စွန့်လွှတ်ခြင်း၏ ပြီးစီးကြောင်းနည်းလမ်းကို ပြည့်စုံစေခြင်းအကျိုးငှါ သိမ်းဆည်းပေသည်။ ထိုသို့ သိမ်းဆည်းရာ၌ အောက်ပါမှာ ဥပမာပေတည်း—

ယောကျ်ားတယောက်သည် "ငါးဖမ်းအံ့"ဟု ကြံ၍ ငါးမြှုံးကို ယူ၍ ရေထဲ၌ ချလျက် ထောင်ထားသတတ်၊ ထိုယောကျ်ားသည် မြှုံးဝဖြင့် လက်ကို ချသွင်း၍ ရေထဲ၌ မြွေကို လည်ပင်း၌ ကိုင်၍ "ငါသည် ငါးကို ဖမ်းမိပြီ"ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏၊ ထိုယောကျ်ားသည် "ကြီးစွာသောငါးကို ငါ ရပေစွတကား"ဟု ရေပေါ်သို့ မြှောက်တင်၍ ကြည့်လတ်သော် လည်ရေးသုံးဆင့်ကို မြင်သဖြင့် မြွေဟု သိရသောကြောင့် ကြောက်လန့်လျက် အပြစ်မြင်၍ ဆုပ်ကိုင်ထားခြင်း၌ ငြီးငွေ့လျက် လွှတ်လိုသည်ဖြစ်၍ လွှတ်ခြင်း၏ ပြီးစီးကြောင်းနည်းလမ်းကို ပြုလျက် (မြွေရစ်ပတ်ထားသော) လက်ကို အမြီးမှ စ၍ ဖြေပြီးလျှင် လက်ရုံးကို မြှောက်၍ ခေါင်းပေါ်၌ နှစ်ကြိမ် သုံးကြိမ်(နှစ်ပတ် သုံးပတ်) ဝှေ့ရမ်းလှည့်ပတ်လျက် မြွေကို အား

---

၁-ဗီဘစ္ဆ—ပုဒ်သည် "စက်ဆုပ်ဖွယ် ဟူသော အနက် အရုပ်ဆိုးသည် ဟူသော အနက် အကြည့်တန်သည် ဟူသော အနက်" ဤသို့သော အနက်တို့ကို ဟော၏၊ ဤ၌ကား ရှေးအနက်များနှင့်လည်း မထပ်စေရန် "အလွန်အမြင်ဆိုးသော"ဟု ပြန်လိုက်သည်။

http://www.dhammadownload.com



နည်းအောင်ပြု၍ "သွားရောဟဲ့ မြွေဆိုး"ဟု စွန့်လွှတ်လိုက်ပြီးလျှင် လျင်မြန်သော အဟုန်ဖြင့် ကန်ဘောင်ရိုးပေါ်သို့တက်၍ "အချင်းတို့ ကြီးစွာသော မြွေခံတွင်းမှ လွတ်မြောက်ပေပြီတကား" ဟု လာခဲ့ရာလမ်းကိုမျှော်ကြည့်လျက် ရပ်တည်နေလေ၏။

ထိုဥပမာ၌ ငါးဟုထင်မှတ်၍ မြွေကို လည်ပင်း၌ ဆုပ်ကိုင်လျက် ထိုယောကျ်ား၏ အားရဝမ်းမြောက်သော ကာလကဲ့သို့ အတ္တဘော ခန္ဓာကိုယ်ကိုရ၍ အစကတည်းကပင်လျှင် ဤယောဂီ၏ အားရဝမ်းမြောက်ခဲ့သောကာလကို မှတ်အပ်၏။ မြုံးဝမှ မြွေခေါင်းကို ထုတ်ဆောင်၍ လည်ရေး သုံးဆင့်ကို ထိုယောကျ်ား၏ မြင်ခြင်းကဲ့သို့ ဤယောဂီ၏ ဃနပညတ်ကို ခွဲဖျက်ပြီးလျှင် သင်္ခါရတို့၌ လက္ခဏာသုံးပါး ရှုမြင်ခြင်းကို မှတ်အပ်၏။ ထိုယောကျ်ား၏ ကြောက်ရွံ့သော ကာလကဲ့သို့ ဤယောဂီ၏ ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်သော ဘယတုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏၊ ထို့နောင် (ထိုယောကျ်ား၏) အပြစ်မြင်ခြင်းကဲ့သို့ (ဤယောဂီ၏) အပြစ်မြင်သော အာဒီနဝါနုပဿနာဉာဏ်ကို မှတ်အပ်၏၊ (ထိုယောကျ်ား၏) မြွေကို ဆုပ်ကိုင်ထားခြင်း၌ ငြီးငွေ့ခြင်းကဲ့သို့ (ဤယောဂီ၏) ငြီးငွေ့လျက် ရှုသော နိဗ္ဗိဒါနုပဿနာဉာဏ်ကို မှတ်အပ်၏၊ (ထိုယောကျ်ား၏) မြွေကို လွှတ်လိုခြင်းကဲ့သို့ (ဤယောဂီ၏) သင်္ခါရတို့ကို လွှတ်လိုလျက်ဖြစ်သော မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏၊ လွှတ်ခြင်း၏ ပြီးစီးကြောင်းနည်းလမ်းကို (ထိုယောကျ်ား၏) ပြုခြင်းကဲ့သို့ (ဤယောဂီ၏) တဖန်သိလျက် ရှုသော ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် သင်္ခါရတို့၌ လက္ခဏာသုံးပါးတင်ခြင်းကို မှတ်အပ်၏၊ ထိုယောကျ်ားသည် မြွေကို ဝှေ့ရမ်းလှည့်ပတ်လျက် အားနည်းအောင်ပြုကာ ပြန်လှည့်မကိုက်နိုင်သည်၏အဖြစ်သို့ ရောက်စေ၍ ကောင်းစွာ လွှတ်ခြင်းဖြင့် လွှတ်လိုက်သကဲ့သို့ ထိုအတူ ဤယောဂီသည် လက္ခဏာသုံးပါးတင်ခြင်းဖြင့် သင်္ခါရတို့ကို ဝှေ့ရမ်းလှည့်ပတ် (သကဲ့သို့ပြု) လျက် အားနည်းအောင်ပြုကာ မြဲသောအခြင်းအရာ ချမ်းသာသောအခြင်းအရာ တင့်တယ်သောအခြင်းအရာ အတ္တကောင် အခြင်းအရာအားဖြင့် တဖန် မထင်ပေါ်နိုင်သည်၏ အဖြစ်သို့ ရောက်စေ၍ ကောင်းစွာ လွှတ်ခြင်းဖြင့် လွှတ်၏။ ထို့ကြောင့် "လွှတ်ခြင်း၏ ပြီးစီးကြောင်း နည်းလမ်းကို ပြည့်စုံစေခြင်းငှါ ဤသို့ သိမ်းဆည်းသည်"ဟု ငါဆိုခဲ့ပေသည်။

http://www.dhammadownload.com



၇၅၉။ ဤမျှ (အားထုတ်ခဲ့သော ဘာဝနာအစီအရင်)ဖြင့် ထိုယောဂီအား ပဋိသင်္ခါဉာဏ် ဖြစ်ပေါ်ပြီဟု မှတ်အပ်၏။ ယင်းပဋိသင်္ခါဉာဏ်ကို ရည်၍-

[၂၉၁] "မမြဲဟု နှလုံးသွင်းသော သူအား အဘယ်ကို တဖန် သိ၍[၁] ဉာဏ်သည် ဖြစ်ပေါ်သနည်း ? ဆင်းရဲဟု။ အတ္တမဟုတ်ဟု နှလုံးသွင်းသော သူအား အဘယ်ကို တဖန်သိ၍ ဉာဏ်သည် ဖြစ်ပေါ်သနည်း ဟူမူ ....? မမြဲဟု နှလုံးသွင်းသော သူအား (သင်္ခါရ) နိမိတ်ကို တဖန်သိ၍ ဉာဏ်သည် ဖြစ်ပေါ်၏၊ဆင်းရဲဟု နှလုံးသွင်းသောသူအား မပြတ်ဖြစ်သော ဘဝအေယဉ်ကို တဖန်သိ၍ ဉာဏ်သည် ဖြစ်ပေါ်၏၊ အတ္တ မဟုတ်ဟု နှလုံးသွင်းသောသူအား သင်္ခါရနိမိတ်ကိုရင်း မပြတ်ဖြစ်သော ဘဝအယဉ်ကိုရင်း တဖန်သိ၍ ဉာဏ်သည် ဖြစ်ပေါ်၏"ဟု ---

ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူ(အပ်)၏။

ဤပါဠိ၌ **နိမိတ်ကို တဖန်သိ၍**[၁] ဟူသည်ကား သင်္ခါရနိမိတ်ကို "မခိုင်မြဲ, အခိုက်အတန့်မျှသာ တည်သည်"ဟု အနိစ္စလက္ခဏာ၏ အစွမ်းအားဖြင့် သိပြီး၍။ ဆက်၍ ရှင်းပြဦးအံ့၊ ရှေးဦးစွာ သိပြီး၍ ဉာဏ်သည် နောက်မှ ဖြစ်ပေါ်သည်ကား မဟုတ်ပေ၊သို့သော်လည်း "မနောဒွါရကိုရင်း သဘောအာရုံတို့ကိုရင်း စွဲမှီ၍ မနောဝိညာဏ်သည် ဖြစ်ပေါ်၏" ဤသို့ အစရှိသော စကားတို့ကဲ့သို့ ထို့အတူ ပြောရိုးပြောစဉ်၏ အစွမ်းအားဖြင့် ဆိုအပ်ပေသည်[၂]။ တနည်းကား ဧကတ္တနည်း အရအားဖြင့် ရှေးပဋိသင်္ခါ ဉာဏ်၏

---

၁-ပဋိ-တဖန်+သင်္ခါ-သိ၍=ပဋိသင်္ခါ-တဖန်သိ၍-ဟု သဒ္ဒါအစေ့ အတိအကျ ပြန်ထားသည်။ ထိုအတိအကျ အနက်သည် ရှေးဉာဏ်တို့ဖြင့် သိခဲ့ပြီးဖြစ်သော်လည်း ဤဉာဏ်ဖြင့် သိပြန်ခြင်းမှာ တဖန်သိခြင်းဖြစ်၍ သင့်လျော်သည်သာတည်း။ သို့သော် ဤဉာဏ်တခုတည်းအရာ၌သာ အနက်အဓိပ္ပါယ် ယူလျှင် တဖန်ဟူသော အနက်သည် အကျိုးမရှိတော့ပေ၊ ထို့ကြောင့် အဋ္ဌကထာအဖွင့်၌ ပဋိ-တဖန်ဟူသောအနက်ကို ပယ်၍ ဇာနိတွာ-သိပြီး၍ ဟုသာလျှင် ဖွင့်ပြပေသည်။

၂-"မနောဒွါရနှင့် သဘောအာရုံတို့ကိုစွဲမှီ၍ မနောဝိညာဏ်သည် ဖြစ်ပေါ်၏" ဟူရာ၌ စွဲမှီခြင်းဟူသော ရှေးကိရိယာနှင့် ဖြစ်ပေါ်ခြင်း-ဟူသော နောက်ကိရိယာသည် တချိန်တည်း တကာလတည်း ပြိုင်တူပင် ဖြစ်၏၊ သို့သော်

http://www.dhammadownload.com



သိခြင်းကိုလည်း နောက်ဉာဏ်၏ ဖြစ်ခြင်းကိုလည်း တပေါင်းတည်း ပြု၍ ဤသို့ ဆိုသည်ဟု သိအပ်၏။ ဤနည်းဖြင့် ဤမှတပါးသော ပုဒ် ၂-ခု၌ [1] လည်း အနက်ကို သိအပ်၏။

ပဋိသင်္ခါနုပဿနာဉာဏ် ပြီး၏။

## သင်္ခါရုပေက္ခာဉာဏ်ကို ပြဆိုချက်

၇၆၀။ ထိုယောဂီသည် ဤ ဆိုခဲ့သည့်အတိုင်း ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် "အလုံးစုံသော သင်္ခါရတို့သည်(အတ္တမှ)ဆိတ်သုဉ်းကုန်၏" ဟု သိမ်းဆည်းပြီးလျှင် [2] တဖန်[3] "ဤသင်္ခါရတရား အပေါင်းသည် အတ္တ(အဖြစ်)မှ လည်း အတ္တ၏ဥစ္စာ(အဖြစ်)မှလည်း ဆိတ်သုဉ်း၏"[4]ဟု အပ္ပိ နှစ်ပါးနှင့် စပ်ဆိုင်သော ဆိတ်သုဉ်းခြင်းကို သိမ်းဆည်း ပြန်၏။ ထိုယောဂီသည် ဤသို့ သိမ်း

---

လောကဝေါဟာရအားဖြင့် "စွဲမှီ၍ ဖြစ်ပေါ်၏"ဟု ရှေးနောက်ကာလ ကွဲသကဲ့သို့ပင် ပြောဆိုရ၏။ "နိမိတ်ကိုတဖန်သိ၍ ဉာဏ်သည် ဖြစ်ပေါ်၏" ဟူသော ဤဒေသနာ၌လည်း သိခြင်းဟူသော ရှေးကိရိယာနှင့် ဖြစ်ပေါ်ခြင်းဟူသော နောက်ကိရိယာသည် တချိန်တည်း တကာလတည်း ပြိုင်တူပင်ဖြစ်၏၊ သို့သော် လောကဝေါဟာရအားဖြင့် "သိ၍ ဖြစ်ပေါ်၏"ဟု ရှေးနောက်ကာလ ကွဲသကဲ့သို့ပင် ဟောထားသည်-ဟု ဆိုလိုသည်။

၁-တပါးသောပုဒ် ၂-ခုဟူသည်မှာ "ဘဝအယဉ်ကို တဖန်သိ၍ ဉာဏ်သည် ဖြစ်ပေါ်၏"ဟူသော ဝါကျနှင့် "သင်္ခါရနိမိတ်ကိုလည်း ဘဝအယဉ်ကိုလည်း တဖန်သိ၍ ဉာဏ်သည်ဖြစ်ပေါ်၏"ဟူသော ဝါကျ ဤ ၂-ခုတို့ပင်ဖြစ်သည်။

၂-၃-သိမ်းဆည်းပြီးလျှင် တဖန်....သိမ်းဆည်းပြန်၏-ဟု စပ်ပါ။

၄-သင်္ခါရတရားအပေါင်းသည် "သာမိ-ခန္ဓာအိမ်၏ပိုင်ရှင်၊ နိဝါသီ-ခန္ဓာအိမ်ထဲ၌ အမြဲတည်ရှိနေသူ၊ ကာရက-ပြုလုပ်တတ်သူ၊ ဝေဒက-ခံစားတတ်သူ"-ဤသို့ စသည်ဖြင့် ဗာလပုထုဇဉ်တို့ စွဲလမ်းထားသော အတ္တ၏ စွမ်းရည်သတ္တိဂုဏ်အင်္ဂါမှ ဆိတ်သုဉ်းသောကြောင့် အတ္တကောင်လည်းမဟုတ်၊ ထိုသို့သော အတ္တ၏ အစိတ်အပိုင်း အစွမ်းသတ္တိမဟုတ်သောကြောင့် အတ္တ၏ ဥစ္စာလည်းမဟုတ်၊ နှစ်ပါးစုံမှ ဆိတ်သုဉ်းသည်-ဟု ဆိုလို၏။

http://www.dhammadownload.com



ဆည်းခြင်းဖြင့် မိမိဟူသော အတ္တကိုလည်း မမြင်မူ၍ သာလျှင်[၁]၊ မိမိ၏ အသုံးအဆောင် အခြံအရံအဖြစ်၌ တည်သော တစုံတခုသော သူတပါးကို လည်း မမြင်မူ၍ သာလျှင်[၁] တဖန်[၁] "အတ္တကောင်ဟု ခေါ်သော ငါသည် အဘယ်မှာမျှ မရှိ၊ တစုံတယောက်၏မျှ ကြောင့်ကြဖွယ်၏ အဖြစ်၌မရှိ[၂]၊ (တစုံတယောက်၏မျှ တစုံတရာမျှ စပ်ဆိုင်သူမဟုတ်)[၃]၊ (သူတပါး ဟူသော အတ္တကောင်သည်) အဘယ်မှာမျှမရှိ၊ (ထိုသူ တပါးသည်) တစုံတခုသော အကြောင်းကြောင့်မျှ ငါ၏ကြောင့်ကြဖွယ်၏ အဖြစ်၌ မရှိ[၄]၊ (ငါ၏ တစုံ တရာမျှ စပ်ဆိုင်သူမဟုတ်)[၅]" ဟူ၍ ဤ (သုညတာနုပဿနာအရာ)၌ ဟောထားသော အဖို့လေးပါးနှင့် စပ်ဆိုင်သော (အတ္တမှ) ဆိတ်သုဉ်းခြင်း ကို[၆] သိမ်းဆည်းပြန်၏။

အဘယ်သို့ နည်းဟူမူ? ဤယောဂီသည် "**နာဟံ ကွစနိ-ငါသည် အဘယ် မှာမျှ မရှိ**"ဟူသော ပါဌ်အရ တစုံတခုသော အရပ်၌မျှ မိမိကိုယ်(အတ္တ)ကို မမြင်[၇]။ "**ကဿစိ ကိဉ္စနတသ္မိ-တစုံတယောက်၏မျှ ကြောင်ကြဖွယ်၏**

---

၁-မမြင်မူ၍သာလျှင် တဖန်....သိမ်းဆည်းပြန်၏-ဟု စပ်ပါ။

၂-ငါသည် တစုံတယောက်၏မျှ ကြောင့်ကြဖွယ်မဟုတ်၊ တစုံတယောက်၏မျှ ကြောင့်ကြဖွယ်ဖြစ်သော ငါကောင်မရှိ-ဟု ဆိုလို၏။

၃-ဤလက်သည်းကွင်းအတွင်းက ပြန်ဆိုချက်မှာ ကိဉ္စနတသ္မိ-၌ တ-အာဂုံယူ၍ ကိဉ္စန+အသ္မိ-ဟု ပုဒ်ဖြတ်ပြီးလျှင် တနည်းပြန်ဆိုသော အနက်ဖြစ်သည်။

၄-ငါ၏ ကြောင့်ကြဖွယ်မဟုတ်၊ ငါ၏ ကြောင့်ကြဖွယ်ဖြစ်သော သူတပါး မည်သည်မရှိ-ဟု ဆိုလို၏။

၅-ဤ၌လည်း လက်သည်းကွင်းအတွင်းက ပြန်ဆိုချက်မှာ ကိဉ္စနတတ္ထိ-၌ တ- အာဂုံယူ၍ ကိဉ္စန+အတ္ထိ-ဟု ပုဒ်ဖြတ်ပြီးလျှင် တနည်း ပြန်ဆိုချက်ပင် ဖြစ်သည်။

၆-အဖို့လေးပါးနှင့် စပ်ဆိုင်သော (အတ္တမှ) ဆိတ်သုဉ်းပုံကို ဝိပဿနာ ရှုနည်း ကျမ်း ဒုတိယတွဲ(ဆဌနှိပ်)စာမျက်နှာ ၂၁၄-(သတ္တမနှိပ်)၂၃၂-၌ ကြည့်ပါ။

၇-ငါသည် အဘယ်မှာမျှ မရှိ-ဟု မြင်လျှင် မိမိကိုယ်ဟု ခေါ်သော အတ္တကောင် ကို တစုံတခုသောအရပ် တစုံတခုသောကာလ တစုံတခုသောတရားထဲ၌မျှ မမြင်တော့သည်သာ၊ သို့ဖြစ်၍ ဤ၌ ဆိုလိုသောအနက်ကို ဖွင့်ပြထားသည်၊ သဒ္ဒါနက်အဖွင့်မဟုတ်။

http://www.dhammadownload.com



**အဖြစ်၌မရှိ**”ဟူသော ပါဠိအရ မိမိ၏ကိုယ်ကို တစုံတယောက်သောသူတပါး၏ ကြောင့်ကြဖွယ်၏ အဖြစ်၌ ဆောင်ထားသင့်သည်ကို မမြင်[၁]၊ညီအစ်ကိုဟု ထင်မှတ်၍ ညီအစ်ကို၏အရာ၌သော်၎င်း သူငယ်ချင်းမိတ်ဆွေဟုထင်မှတ်၍ သူငယ်ချင်း မိတ်ဆွေ၏ အရာ၌သော်၎င်း အသုံးအဆောင်ဟု ထင်မှတ်၍ အသုံးအဆောင် အရာ၌သော်၎င်း ဆောင်ထားသင့်သည်ကို မမြင်၊ ဤကား ဆိုလိုသော အနက်[၂]။ “**န စ မမ ကွစနိ-ငါ၏ အဘယ်မှာမျှ မရှိ**” ဟူသော ပါဠိ၌ “မမ - ငါ၏”ဟူသော ပုဒ်ကို ဖယ်ထား၍ “**န စ ကွစနိ - အဘယ်မှာမျှ မရှိ**” ဟူသော ပါဠိအရ သူတပါး၏ အတ္တကိုလည်း အဘယ်မှာမျှ [၂၉၂] မမြင်၊ ဤကား ဆိုလိုသော အနက်။ ယခုအခါ ဖယ်ထားခဲ့သော “မမ-ငါ၏”ဟူသော ပုဒ်ကို ဆောင်ယူ၍ “**မမ ကိသ္မိဉ္စိ ကိဉ္စနတတ္ထိ**” -ဟူသော ပါဠိအရ သူတပါး၏ ထိုအတ္တသည် ငါ၏ တစုံတခုသော ကြောင့်ကြဖွယ်၏ အဖြစ်၌ ရှိသည်ဟု မမြင်၊ ညီအစ်ကိုဟု ထင်မှတ်၍ မိမိ၏ ညီအစ်ကို အရာ၌

---

၁-တစုံတယောက်၏မျှ ကြောင့်ကြဖွယ်၏အဖြစ်၌ မရှိ-ကြောင့်ကြဖွယ် မဟုတ်-ဟု မြင်လျှင် တစုံတယောက်သောသူတပါး၏ ကြောင့်ကြဖွယ် အဖြစ်၌ ဆောင်ထားသင့် မှတ်ယူသင့်သည်ကို မမြင်တော့သည်သာ၊ သို့ဖြစ်၍ ဤ၌လည်း ဆိုလိုသော အနက်ကိုသာ ဖွင့်ပြထားသည်၊ သဒ္ဒါနက်အဖွင့်မဟုတ်။

၂-မိမိကိုယ်သည် သူတပါး၏ ကြောင့်ကြဖွယ် မဟုတ်ပုံကို ဋီကာ၌ အောက်ပါအတိုင်း အနုသန္ဓေစပ်လျက် ဖွင့်ပြ၏။

“ဤ ဖန်ဆင်းသူသည် ဗြဟ္မာပေတည်း မဟာဗြဟ္မာပေတည်း လွှမ်းမိုးနိုင်သူပေတည်း အလွှမ်းမိုးမခံရသူပေတည်း စင်စစ်မြင်သူပေတည်း အလိုအတိုင်း ဖြစ်စေနိုင်သူပေတည်း အစိုးရသူပေတည်း ပြုသူပေတည်း ဖန်ဆင်းသူပေတည်း အကြီးဆုံးအမြတ်ဆုံးပေတည်း စီရင်တတ်သူပေတည်း လေ့လာနိုင်နင်းသူပေတည်း ဖြစ်ပြီးဖြစ်ဆဲသတ္တဝါတို့၏ ဖခင်ကြီးပေတည်း” ဤသို့စသည်ဖြင့် သာသနာအပြင်ပ တပါးသောသူတို့ ကြံဆထားသည့်အတိုင်း ဗြဟ္မာ ထာဝရဘုရားစသော တစုံတယောက်၏ ကြောင့်ကြဖွယ်ဖြစ်သော မိမိဟူသော အတ္တကောင်ကို မမြင်-ဟု ပြလိုသောကြောင့် “တစုံတယောက်မျှ၏”စသည်ကို မိန့်ဆို၏။

အထက်ပါဋီကာဖြင့် “ဤ၌ သူတပါးဟူသည်မှာ ညီအစ်ကိုစသည်မျှသာ မဟုတ်၊ ဖန်ဆင်းတတ်သည်-ဟု သာသနာအပြင်ပ ပုဂ္ဂိုလ်တို့ ယူဆထားသော ကမ္ဘာ့ပိုင်ရှင် ဘုရားသခင်လည်း ပါဝင်သည်”ဟု သိစေ၏။

http://www.dhammadownload.com



သော်၎င်း, သူငယ်ချင်း မိတ်ဆွေဟု ထင်မှတ်၍ သူငယ်ချင်း မိတ်ဆွေအရာ၌ သော်၎င်း,အသုံးအဆောင်ဟုထင်မှတ်၍ အသုံးအဆောင် အရာ၌သော်၎င်း ဤသို့ တစုံတခုသော အရာ၌ သူတပါး၏ အတ္တကို ဤ(မိမိ၏)ကြောင့်ကြ ဖွယ်၏အဖြစ်ဖြင့် ဆောင်သင့် ဆောင်ထိုက်သည်ကို မမြင်၊ ဤကား ဆိုလို သောအနက်။ ဤသို့လျှင် ဤယောဂီသည် တစုံတခုသော အရပ်,ကာလ, တရားထဲ၌ မိမိကိုယ်ဟူသော အတ္တကို မမြင်သည်သာတည်း။ ထိုမိမိကိုယ်ကို သူတပါး၏ ကြောင့်ကြဖွယ် အဖြစ်၌ ဆောင်သင့် ဆောင်ထိုက်သည်ကို လည်း မမြင်သည်သာတည်း၊ သူတပါး၏ အတ္တကိုလည်း မမြင်သည်သာ တည်း၊ သူတပါး၏ အတ္တကို မိမိ၏ ကြောင့်ကြဖွယ် အဖြစ်၌ ဆောင်သင့် ဆောင်ထိုက်သည်ကိုလည်း မမြင်သည်သာတည်း။ ထို့ကြောင့်ဤယောဂီ သည် **အဖို့လေးပါးနှင့် စပ်ဆိုင်သော (အတ္တမှ)ဆိတ်သုဉ်းခြင်းကို** သိမ်း ဆည်း(အပ်)ပြီး ဖြစ်လေ၏။

၇၆၁။ ဤ ဆိုခဲ့သည့် အတိုင်း အဖို့ လေးပါးနှင့် စပ်ဆိုင်သော (အတ္တမှ) ဆိတ်သုဉ်းခြင်းကို သိမ်းဆည်း ပြီးလျှင် **တဖန် ခြောက်ပါးသော အခြင်း အရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို** သိမ်းဆည်းပြန်၏။ အဘယ်သို့နည်းဟူမူ....? မျက်စိသည် အတ္တ(အဖြစ်)မှသော်၎င်း,အတ္တ၏ဥစ္စာ(အဖြစ်)မှ သော်၎င်း, မြဲခြင်းမှ သော်၎င်း,ခိုင်ခံ့ခြင်းမှ သော်၎င်း,ထာဝရ တည်ရှိခြင်းမှ သော်၎င်း, မဖောက်ပြန်ခြင်း သဘောမှ သော်၎င်း ဆိတ်သုဉ်း၏။ပ။ စိတ်နှလုံးသည် အတ္တ(အဖြစ်)မှသော်၎င်း....ဆိတ်သုဉ်း၏၊အဆင်းတို့သည် အတ္တ(အဖြစ်)မှ သော်၎င်း.... ဆိတ်သုဉ်းကုန်၏။ပ။သဘော အာရုံတို့သည် အတ္တ(အဖြစ်)မှ သော်၎င်း.... ဆိတ်သုဉ်းကုန်၏။ မြင်သိမှု-စက္ခုဝိညာဏ်သည်။ပ။ ကြံသိမှု-မနောဝိညာဏ်သည်။ မြင်တွေ့မှု-စက္ခုသမ္ဖဿသည်-ဤသို့ အစရှိသော နည်းဖြင့် အိုခြင်း သေခြင်း-ဇရာမရဏတိုင်အောင် သိမ်းဆည်းပုံ နည်းကို ဆောင်၍ သိအပ်၏။

၇၆၂။ ဤ ဆိုခဲ့သည့်အတိုင်း ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြီးလျှင် တဖန် **ရှစ်ပါးသော အခြင်းအရာ တို့ဖြင့်** သိမ်းဆည်း ပြန်၏။ သိမ်းဆည်းပုံကား ....ရုပ်သည် မြဲသော အနှစ် ဟူသော အနှစ်အားဖြင့်၎င်း,ခိုင်ခံ့သောအနှစ်ဟူသော အနှစ် အားဖြင့်၎င်း, ချမ်းသာသော အနှစ်ဟူသော အနှစ်အားဖြင့်၎င်း, အတ္တကောင် အနှစ်

http://www.dhammadownload.com



ဟူသော အနှစ်အားဖြင့်၎င်း, မြဲခြင်းဖြင့်၎င်း, ခိုင်ခံ့ခြင်းဖြင့်၎င်း, အမြဲတန်း တည်ရှိခြင်းဖြင့်၎င်း, မဖောက်ပြန်ခြင်းသဘောအားဖြင့်၎င်း အနှစ် မဟုတ် အနှစ်မရှိ အနှစ်ကင်း၏။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည်။ မျက်စိသည်။ပ။ အိုခြင်း သေခြင်းသည် မြဲသောအနှစ် ဟူသောအနှစ်အားဖြင့်၎င်း။ပ။ မဖောက်ပြန်ခြင်းသဘောအားဖြင့်၎င်း အနှစ် မဟုတ် အနှစ်မရှိ အနှစ်ကင်း၏။ ဥပမာအားဖြင့် ကျူသည် အနှစ်မဟုတ် အနှစ်မရှိ အနှစ်ကင်းသကဲ့သို့၎င်း၊ ကြက်ဆူသည်။ ရေသဖန်းသည်။ ရေခတက်ဖြူသည်။ ပေါက်ပင်သည်။ ရေမြှုပ်စိုင်သည်။ ရေပွက်သည်။ တံလျှပ်သ ည်။ ငှက်ပျောတုံးသည်။ မျက်လှည့်(ပြအပ်သော အရာ)သည် အနှစ်မဟုတ် အနှစ်မရှိ အနှစ်ကင်းသကဲ့သို့၎င်း ဤအတူပင် ရုပ်သည်။ပ။ အိုခြင်း သေခြင်းသည် မြဲသော အနှစ်ဟူသော အနှစ်အားဖြင့်၎င်း။ပ။ မဖောက်ပြန်ခြင်း သဘောအားဖြင့်၎င်း အနှစ်မဟုတ် အနှစ်မရှိ အနှစ်ကင်း၏ဟု သိမ်းဆည်း၏။

[၂၉၃] ၇၆၃။ ထိုယောဂီသည် ဤ ဆိုခဲ့သည့် အတိုင်း ရှစ်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြီးလျှင် တဖန် **ဆယ်ပါးသော အခြင်းအရာတို့ဖြင့်** သိမ်းဆည်းပြန်၏။ (သိမ်းဆည်းပုံကား—) ရုပ်ကို (အနှစ်မှ) ကင်းသည်ဟု ရှု၏။ အချည်းနှီးဟု။ ဆိတ်သုဉ်းသည်ဟု။ အတ္တမဟုတ်ဟု။ အစိုးမရဟု[၁]။ အလိုရှိတိုင်း မပြုနိုင်ဟု[၂]။ တောင့်တတိုင်း မရနိုင်ဟု[၃]။ အလိုအတိုင်း မဖြစ်ဟု။ ပြင်ပသူစိမ်းဟု။ ကင်းဆိတ်သည်ဟု[၄]

၁-ရုပ်သည် မိမိက အစိုးမရဟူ၍၎င်း မိမိကိုသူတပါးက အစိုးမရဟူ၍၎င်း ဆိုလိုသည်။

၂-ရေမြှုပ်စိုင်ဖြင့် အိုးခွက်စသည်ကို ပြုလိုသူအား ထိုကိစ္စမပြီးသကဲ့သို့ ရုပ်ကို မြဲစေရန် စသည်ကိုပြုလိုသူအား ထိုကိစ္စမပြီးစီးနိုင်၊ ထို့ကြောင့် အလိုရှိတိုင်း မပြုနိုင်-ဟု ဆိုသည်။ တနည်းကား မိမိအလိုမျှဖြင့် တစုံတခုသော ပြုလုပ်ခြင်းမျှ မပြီးစီးနိုင်၊ အကြောင်းညီညွတ်မှသာလျှင် ပြုလုပ်ခြင်းပြီးစီးနိုင်သည်၊ ထို့ကြောင့်လည်း အလိုရှိတိုင်းမပြုနိုင်ဟု ဆို၏။

၃-"ငါ၏ရုပ်သည် ဤသို့ ကောင်းကောင်းချည်းဖြစ်ပါစေ၊ ဤသို့ ဆိုးဆိုးကား မဖြစ်ပါစေလင့်"ဟု တောင့်တ၍ မရနိုင်ဟု ဆိုလို၏။

၄-စာမျက်နှာ ၂၆၇-ပဌမစာပိုဒ်၌-"အကျိုးဝိပါက်ထဲ၌ အကြောင်းကံသည် မရှိ၊ အကြောင်းကံထဲ၌လည်း အကျိုးဝိပါက်သည်မရှိ၊ ကံနှင့် ဝိပါက်နှစ်ပါးတို့

http://www.dhammadownload.com



ရှု၏။ ဝေဒနာကို။ပ။ ဝိညာဏ်ကို (အနှစ်မှ)ကင်းသည်ဟု။ပ။ ကင်းဆိတ်သည်ဟု ရှု၏။

၇၆၄။ ဤဆိုခဲ့သည့်အတိုင်း ဆယ်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြီးလျှင် တဖန် **တဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့်** သိမ်းဆည်းပြန်၏။ သိမ်းဆည်းပုံကား.... ရုပ်သည် သတ္တဝါ မဟုတ်[၁]၊ အသက် မဟုတ်၊ လူမဟုတ်၊ လုလင်မဟုတ်၊ မိန်းမ မဟုတ်၊ ယောကျ်ားမဟုတ်၊ အတ္တမဟုတ်၊ အတ္တ၏ ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါ၏ ဥစ္စာမဟုတ်၊ သူတပါး၏ ဥစ္စာမဟုတ်[၂]၊ တစုံတယောက်၏မျှ ဥစ္စာမဟုတ်။

---

သည် အချင်းချင်းမှ ဆိတ်သုဉ်းကုန်၏၊ သို့သော် အကြောင်းကံနှင့် ကင်းၡ လည်း အကျိုးသည် မဖြစ်နိုင်''-ဟု ပြဆိုခဲ့သည့်အတိုင်း ကံနှင့် ဝိပါက်သည် အချင်းချင်းမှ ကင်းဆိတ်နေသကဲ့သို့ (ကမ္မာဒိ ဝိယ-ဟုရှိသင့်သောပါဌ်ကို ရည်သည်) ရုပ်သည် [ပြုတတ်သောအတ္တစသည်မှ ကင်းဆိတ်သကဲ့သို့ (ကာရကာဒီဟိ ဝိယ-ဟူသော သီမူကိုရည်သည်) ] မိမိ၏အကြောင်းမှုရင်း မိမိ၏အကျိုးမှုရင်း ကင်းဆိတ်နေသည်-ဟု ဆိုလို၏၊ မှန်ပေ၏၊အကျိုးတရားသည် အကြောင်းတရားနှင့်တကွ ကိုယ်ဝန်ဆောင်လျက် မြုံအောင်းလျက် တည်သည်မဟုတ်၊ အကြောင်းတရားသည်လည်း အကျိုးတရားနှင့်တကွ ကိုယ်ဝန်ဆောင်လျက် မြုံအောင်းလျက် တည်နေသည်လည်း မဟုတ်ပေ။ (ဋီကာ)

၁-ရုပ်သည် လောကဝေါဟာရ ပြောရိုးဆိုစဉ်အားဖြင့် ခေါ်ဝေါ်နေသော သတ္တဝါမဟုတ်ဟူ၍ကား မဆိုလို၊ အဘယ့်ကြောင့်နည်းဟူမူ ? ရုပ်သည် ထိုပြောရိုးဆိုစဉ်ဖြစ်သော သတ္တဝါမဟုတ် ဟူသော အနက်သည် အလိုလိုပင် ပြီးစီးထင်ရှားသောကြောင့်ပေတည်း။ မှန်ပေ၏၊ ရုပ်မျှကို သတ္တဝါ-ဟု လူများက ခေါ်ဝေါ်သည်မဟုတ်ပေ။ အမှန်အားဖြင့်မူကား ရုပ်သည် သာသနာပပုဂ္ဂိုလ်တို့ကြံဆထားသောအတ္တဟုခေါ်သောသတ္တဝါမဟုတ်ဟူ၍သာ ဆိုလိုပေသည်။ လူမဟုတ် လုလင်မဟုတ် မိန်းမမဟုတ် ယောကျ်ားမဟုတ် ငါမဟုတ်ဟု ရှုရာတို့၌လည်း နည်းတူပင် အတ္တကောင်မဟုတ်သည်ကိုသာ ဆိုလိုသည်ဟု မှတ်ပါ။ (ဋီကာ)

၂-ဤအရာတွင် ဝိသုဒ္ဓိမဂ်၏မှီရာ မူလကျမ်းရင်းဖြစ်သော စူဠနိဒ္ဒေသပါဠိတော်၌ ''န ကောစိ-တစုံတယောက်မျှမဟုတ်'' ဟု ပါဌ်ရှိ၏၊ သတိပဋ္ဌာနသုတ် အဖွင့် အဋ္ဌကထာတို့၌လည်း ထိုအတူပင် ဤအရာ၌ ''န ကောစိ-တစုံ

http://www.dhammadownload.com



ဝေဒနာသည်။ပ ။ ဝိညာဏ်သည် သတ္တဝါမဟုတ်။ပ။ တစုံတယောက်၏မျှ ဥစ္စာမဟုတ်ဟု ရှု၏။

၇၆၅။ ဤဆိုခဲ့သည့်အတိုင်း တဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြီးလျှင် တဖန် တီရဏပရိညာ၏ အစွမ်းအားဖြင့် **လေးဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုဉ်းခြင်းကို** သိမ်းဆည်းပြန်၏။ သိမ်းဆည်းပုံကား....ရုပ်ကို မမြဲဟု[၁] ရှု၏။ ဆင်းရဲဟု။ ရောဂါဟု။ အိုင်းအမာဟု။ ငြောင့်ဟု။ မကောင်းမှုဟု။ အဖျားအနာဟု။ ပြင်ပသူစိမ်းဟု။ အလွန်ပျက်သည်ဟု။ (၁၀) ဘေးရန်ဟု။ ဥပဒ္ဒဝေါဟု။ ကြောက်ဖွယ်ဘေးဟု။ ငြိကပ်သော အနှောက်အယှက်ဟု။ တုန်လှုပ်သည်ဟု။ ပျက်လွယ်သည်ဟု။ မခိုင်မာဟု။ မစောင့်ရှောက်တတ်ဟု။ ပုန်းအောင်းရာမဟုတ်ဟု။ ဘေးကို မပယ်သတ်တတ်ဟု။ (၂၀) ကိုးကွယ်ရာမဟုတ်ဟု။ အတ္တမှ ကင်းသည်ဟု။ အချည်းနှီးဟု။ ဆိတ်သုဉ်းသည်ဟု။ အတ္တမဟုတ်ဟု။ သာယာဖွယ်မဟုတ်ဟု[၂]။ အပြစ်ဟု။ ဖောက်ပြန်ခြင်းသဘောရှိသည်ဟု။ အနှစ်မရှိဟု။ မကောင်းမှု၏ အမြစ်အရင်းဟု။ (၃၀) သတ်တတ်သည်ဟု။ ကြီးပွါးစည်ပင်ခြင်း ကင်းသည်ဟု။ အာသဝေါ တရားတို့၏ အာရုံဟု။ ပေါင်းစု၍ ပြုအပ်သော သင်္ခတတရားဟု။ သူသတ်သမားမာရ်တို့၏ သတ်စရာအစာဟု။ ဖြစ်ခြင်းသဘောရှိသည်ဟု။အိုခြင်း သဘောရှိသည်ဟု။ နာခြင်းသဘောရှိသည်ဟု။ သေခြင်းသဘောရှိသည်ဟု။ စိုး

---

တယောက်မျှ မဟုတ်"ဟု ရှိ၏။ ဤ၌ရှိသော "သူတပါး၏ ဥစ္စာမဟုတ်" ဟူသော အနက်သည် အခြားမဲ့၌ ဆိုလတ့်သော "တစုံတယောက်မျှ၏ ဥစ္စာမဟုတ်"ဟူသော ရှုပုံ၌ အတွင်းဝင်နေသောကြောင့် "န ကောစိ-တစုံ တယောက်မျှမဟုတ်"ဟူသော ပါဠိသာလျှင် သာ၍သင့်ပေ၏။

၁-အနိစ္စတော-ပုဒ်ကို မမြဲသောအားဖြင့် ဟူ၍ရင်း မမြဲသည့်အနေအားဖြင့် ဟူ၍ရင်း မမြဲသောအခြင်းအရာအားဖြင့် ဟူ၍ရင်း-ဤသို့လည်း ပြန်ဆိုသင့်၏၊ သို့သော်လည်း ဤ၌ကား စကားတိုတို့နှင့် ပြီးစေရန် "မမြဲ"ဟူ၍ ပြန်ဆိုလိုက်၏။ ဆင်းရဲဟု ရောဂါဟု စသည်တို့၌လည်း ဤနည်းပင်မှတ်ပါ။

၂-"အနဿာဒတော သာယာဖွယ်မဟုတ်"ဟူသော ဤပုဒ်သည် ပါဠိတော်၌မရှိ၊ ဤပုဒ်နှင့်တကွဆိုလျှင် အခြင်းအရာ လေးဆယ့်နှစ်ပါးမဟုတ်ပဲ လေးဆယ့်သုံးပါးဖြစ်ရာ၏ဟု ဋီကာ၌ ဆို၏၊ ထို့ကြောင့် ဤပုဒ်ကို အပိုဟု မှတ်ရာ၏။

http://www.dhammadownload.com



ရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပူပန်ခြင်း သဘောရှိသည်ဟု။ (၄၀) ဖြစ်ခြင်းအားဖြင့်။ချုပ်ခြင်းအားဖြင့်။သာယာဖွယ် အဿာဒအားဖြင့်။ အပြစ် အာဒီနဝအားဖြင့်[၁]။ ထွက်မြောက်ခြင်း အားဖြင့် ရှု၏။ ဝေဒနာကို။ပ။ ဝိညာဏ်ကို မမြဲသောအားဖြင့်။ပ။ ထွက် မြောက်ခြင်းအားဖြင့် ရှု၏။

မှန်ပေ၏၊ရုပ်ကို မမြဲသောအားဖြင့်[၂]။ပ။ ထွက်မြောက်ခြင်းအားဖြင့် ရှုသော သူသည် ခန္ဓာ ငါးပါးဟူသော လောကကို ဆိတ်သုဉ်းသောအား ဖြင့် ရှုသည်မည်၏။ ဝေဒနာကို။ပ။ ဝိညာဏ်ကို မမြဲသောအားဖြင့်။ပ။ ထွက်မြောက်ခြင်းအားဖြင့် ရှုသော သူသည် ခန္ဓာငါးပါးဟူသော လောကကို ဆိတ်သုဉ်းသောအားဖြင့် ရှုသည်မည်၏။

> "မောဃရာဇရသေ့၊ သင်သည် အခါခပ်သိမ်း အမှတ်ရသည်ဖြစ်၍ (ခန္ဓာအစရှိသော)လောကကို (အတ္တမှ) ဆိတ်သုဉ်းသောအား ဖြင့်ရှုလော့၊ ဤသို့ ရှုလျှင် အတ္တသို့အစဉ်လိုက်သော အမြင်မှား ကို[၃] ပယ်နုတ်၍ သေခြင်းကို ကျော်လွန်နိုင်၏၊ လောကကို ဤသို့ (ဆိတ်သုဉ်းသောအားဖြင့်) ရှုမြင်သောသူကို သေမင်းသည် မတွေ့မမြင်တော့ပြီ"ဟူသော-

ဤစကားကို ဟောတော်မူ၏။

[၂၉၄] ၇၆၆။ ဤဆိုခဲ့သည့်အတိုင်း ဆိတ်သုဉ်းသောအားဖြင့် ရှုလျက် လက္ခဏာသုံးပါးတင်၍ သင်္ခါရတို့ကို သိမ်းဆည်းသော ယောဂီသည်

---

၁-ဤအာဒီနဝအခြင်းအရာမှာ ရှေး၌ဆိုခဲ့ပြီးဖြစ်သော်လည်း (၁) သမုဒယ- ဖြစ်ခြင်း၊ (၂) အတ္ထင်္ဂမ-ချုပ်ခြင်း၊ (၃) အဿာဒ-သာယာဖွယ်၊ (၄) အာဒီနဝ-အပြစ်၊ (၅) နိဿရဏ-ထွက်မြောက်ခြင်းဟူသော ဤဒေသနာ အစဉ်အရ ထပ်၍ဆိုထားသည်။ ထို့ကြောင့် ၎င်းအာဒီနဝကို ရှေးအာဒီ နဝနှင့် ပေါင်း၍ လေးဆယ့်နှစ်ပါးသော အခြင်းအရာတို့ကို ရေတွက်ရာ၏။

၂-ဤ၌လည်း အနိစ္စတော ပုဒ်ကို မမြဲသည့်အနေအားဖြင့်, မမြဲသော အခြင်း အရာအားဖြင့် မမြဲဟု ဤသို့လည်း ပြန်ဆိုနိုင်၏။

၃-အတ္တာနုဒိဋ္ဌိ-အတ္တသို့အစဉ်လိုက်သော အမြင်မှားဟူသည်မှာ သက္ကာယဒိဋ္ဌိပင် တည်း။

http://www.dhammadownload.com



ကြောက်ခြင်းကိုင်း, နှစ်သက်ခြင်းကိုင်း ပယ်၍ သင်္ခါရတို့၌ လျစ်လျူ ရှုလျက် အလယ်အလတ်သဘောရှိသည်သာလျှင် ဖြစ်လေ၏၊ ငါဟူ၍ငင်း ငါ၏ဥစ္စာဟူ၍ငင်း မစွဲလမ်းတော့ပြီ၊ အဘယ်ကဲ့သို့နည်းဟူမူ ? မယားကို စွန့်လွှတ်ပြီးသော ယောကျ်ားကဲ့သို့တည်း။

ဥပမာအားဖြင့် ယောကျ်ားတယောက်အား လိုလားနှစ်သက်အပ် မြတ်နိုးအပ်သော မယားသည် ရှိရာ၏၊ ထိုယောကျ်ားသည် ထိုမယားဖြစ်သူနှင့် ခွဲခွါ၍ တမုဟုတ်မျှသော်လည်း[၁] နေခြင်းငှါ မစွမ်းနိုင်ရာ၊ ထိုမယားဖြစ်သူကို အလွန်ပင် မြတ်နိုးရာ၏၊ ထိုယောကျ်ားသည် မယားဖြစ်သော ထိုမိန်းမကို တပါးသောယောကျ်ားနှင့် အတူတကွ ရပ်နေသည်ကိုဖြစ်စေ ထိုင်နေသည်ကိုဖြစ်စေ ပြောဆိုနေသည်ကိုဖြစ်စေ ရယ်ရွှင်နေသည်ကိုဖြစ်စေ မြင်လျှင် အမျက်ထွက်လျက် နှလုံးမသာဖြစ်ရာ၏၊ အတိုင်းထက်အလွန် နှလုံးမသာခြင်း စိတ်ဆင်းရဲကို ခံစားရရာ၏။ ထိုယောကျ်ားသည် အခါတပါး၌ မယားဖြစ်သော ထိုမိန်းမ၏ အပြစ်ဒေါသကိုမြင်သောကြောင့် (ထိုမိန်းမမှ) ကင်းလွတ်လိုသည်ဖြစ်၍ ထိုမိန်းမကို ကွာရှင်းစွန့်လွှတ်လိုက်ရာ၏၊ ထိုမိန်းမကို ငါ၏မယားဟူ၍ မမှတ်ယူတော့ဘဲ ရှိလေရာ၏၊ ထိုအခါမှစ၍ ထိုမိန်းမသည် တစုံတယောက်သော ယောကျ်ားနှင့် အတူတကွ တစုံတခုသော အမှုကို ပြုလုပ်နေသည်ကို တွေ့မြင်ရသော်လည်း အမျက်မထွက်တော့လေရာ၊ နှလုံးမသာခြင်းသို့ မရောက်တော့လေရာ၊ စင်စစ်အားဖြင့် လျစ်လျူရှုလျက် အလယ်အလတ် သဘော ရှိသည်သာလျှင် ဖြစ်လေရာ၏၊ ထို့အတူပင် ဤယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရတို့မှ လွတ်မြောက်လိုသည်ဖြစ်၍ ပဋိသင်္ခါနုပဿနာဖြင့် သင်္ခါရတို့ကို သိမ်းဆည်းလျက် ငါဟူ၍ငင်း, ငါ၏ဥစ္စာဟူ၍ငင်း မှတ်ယူဖွယ်ကိုမမြင်သောကြောင့် ကြောက်ခြင်းကိုင်း, နှစ်သက်ခြင်းကိုင်း ပယ်စွန့်၍ အလုံးစုံသော သင်္ခါရတို့၌ လျစ်လျူရှုလျက် အလယ်အလတ်သဘောရှိသည်သာလျှင် ဖြစ်လေတော့၏။

---

၁-လက်ဖျစ် ၁၀-တွက်သည် ၁-ခဏမည်၏၊ ၁၀-ခဏသည် ၁-လယမည်၏၊ ၁၀-လယသည် ၁-ခဏလယမည်၏၊ ၁၀-ခဏလယသည် ၁-မုဟုတ်မည်၏။ မြန်မာဝေါဟာရအားဖြင့် တအောင့်လောက်, တခဏလောက် ဟု ပြောဆိုလေ့ရှိ၏။

http://www.dhammadownload.com



ဤသို့ သိလျက် ဤသို့မြင်သော ထိုယောဂီ၏စိတ်သည် သုံးပါးသော ဘဝတို့၌ရှင်း၊ လေးပါးသော ယောနိတို့၌ရှင်း၊ ငါးပါးသော ဂတိတို့၌ရှင်း၊ ခုနစ်ပါးသောဝိညာဏဋ္ဌိတိတို့၌ရှင်း၊ကိုးပါးသောသတ္တာဝါသတို့၌ရှင်းတွန့်၏ ရှုံ့၏ ပြန်နစ်၏ ပြန့်၍မသွား[၁]၊ လျစ်လျူရှုခြင်းသည်သော်ရှင်း၊ စက်ဆုပ်သည်၏အဖြစ်(စက်ဆုပ်ခြင်း)သည်သော်ရှင်း ကောင်းစွာ တည်၏ ။

ဥပမာအားဖြင့် စဉ်းငယ် ကိုင်းရှိုင်းသော ကြာဖက်ပေါ်၌ ရေပေါက်တို့သည် တွန့်ကုန် ရှုံ့ကုန် ပြန်နစ်ကုန်လျက် ပြန့်၍ မသွားကုန်သကဲ့သို့ ထို့အတူပင်လျှင်။ပ။ တနည်း ဥပမာအားဖြင့် မီးထဲ၌ ထည့်လိုက်သော ကြက်တောင်သည်ရှင်း, အကြောတုံးသည်ရှင်း တွန့်လျက် ရှုံ့လျက် ပြန်နစ်လျက် ပြန့်၍ မသွားသကဲ့သို့ ထို့အတူပင်လျှင် ထိုယောဂီ၏စိတ်သည် သုံးပါးသော ဘဝတို့၌ရှင်း။ပ။ပြန့်၍မသွား၊ လျစ်လျူရှုခြင်းသည်သော်ရှင်း, စက်ဆုပ်သည်၏ အဖြစ်သည်သော်ရှင်း ကောင်းစွာ တည်၏။ ဤသို့ ဖြစ်လျှင် ထိုယောဂီအား သင်္ခါရတို့၌ လျစ်လျူရှုသောကြောင့် **သင်္ခါရုပေက္ခာ** မည်သော **ဉာဏ်**သည် ဖြစ်ပြီဟု သိအပ်၏။

၇၆၇။ ထိုသင်္ခါရုပေက္ခာမည်သော ဤဉာဏ်သည် ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်-အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် အကယ်၍ မြင်ငြားအံ့၊[၂] (ထိုသို့မြင်လျှင်)အလုံးစုံသော သင်္ခါရအယဉ်ကို စွန့်လွှတ်၍ နိဗ္ဗာန်-အငြိမ်းဓာတ်သို့သာလျှင် ပြေးဝင်သွား၏။ နိဗ္ဗာန်-အငြိမ်းဓာတ်ကို [၂၉၅] ငြိမ်းအေးသောအားဖြင့် အကယ်၍ မမြင်သေးငြားအံ့၊(ထိုသို့ မမြင်သေးလျှင်) သင်္ခါရကိုသာ အာရုံပြုလျက် (ရှုလျက်) အဖန်တလဲလဲ ဖြစ်ပေါ်နေ၏။ (အဘယ်ကဲ့သို့နည်းဟူမူ?) ပင်လယ်ခရီးသည်တို့၏ အရပ်မျက်နှာ ထောက်လှမ်းရေး ကျီးကဲ့သို့တည်း။ တဆင့်စကား ကြားရသည်မှာ....ပင်လယ်ခရီးသည်ဖြစ်သော ကုန်သည်တို့သည် ပင်လယ်ကူးသင်္ဘောကို တက်စီး(၍ ပင်လယ်ခရီးသွား)ကုန်လတ်သော် ဒိသာကာကခေါ် အရပ်မျက်နှာ ထောက်

---

၁-ထိုထိုသင်္ခါရအာရုံတို့၌ ပျော်မွေ့သည်၏ အစွမ်းအားဖြင့် နှစ်နှစ်ခြိုက်ခြိုက် ပြေးဝင်မသွားဟူ၍ ဆိုလိုသည်။

၂-အနုလောမဉာဏ်ကို ဖြစ်စေနိုင်လောက်အောင် ရင့်ကျက်သော သင်္ခါရုပေက္ခာဉာဏ်ကိုပင်လျှင် "နိဗ္ဗာန်-အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် မြင်သည်"ဟု ဆိုလို၏။

http://www.dhammadownload.com



လှမ်းရေးကြိုးကို ယူဆောင်သွားကုန်သတတ်၊ ထိုပင်လယ်ခရီးသည်တို့သည် လေမုန်တိုင်း တိုက်လှင့်သောကြောင့် သင်္ဘောသည် မရောက်ဘူးသော အရပ်တပါးသို့ ပြေးသွားသဖြင့် ကမ်းကို မမြင်ရ မမှန်းဆနိုင်သောအခါ (ယူဆောင်လာခဲ့သော) အရပ်မျက်နှာ ထောက်လှမ်းရေး ကြိုးကို လွှတ်ကုန်၏။ ထိုကြိုးသည် လင်းယဉ်တိုင်ဖျားမှ ကောင်းကင်သို့ ပျံတက်ပြီးလျှင် အလုံးစုံသော တူရူအရပ်မျက်နှာတို့ကိုရင်း, အထောင့်အရပ် မျက်နှာတို့ကိုရင်း အစဉ်အတိုင်းလှည့်လည်ပျံသွား၍ ကမ်းကို အကယ်၍ မြင်ငြားအံ့၊ ထိုကမ်းဆီသို့သာ ရှေးရှုလျက် ပျံသွားလေ၏။ ကမ်းကို မမြင်ရလျှင်မူကား အဖန်တလဲလဲ ပြန်လာပြီးလျှင် လင်းယဉ်တိုင်ဖျား၌သာလျှင် နားနေ၏၊ ထို့အတူပင် သင်္ခါရုပေက္ခာဉာဏ်သည် ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်-အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် အကယ်၍ မြင်ငြားအံ့၊ (ထိုသို့မြင်လျှင်) အလုံးစုံသော သင်္ခါရအယဉ်ကို စွန့်လွှတ်၍ နိဗ္ဗာန် အငြိမ်းဓာတ်သို့သာလျှင် ပြေးဝင်သွား၏။ အကယ်၍ မမြင်သေးငြားအံ့၊ (ထိုသို့ မမြင်သေးလျှင်) သင်္ခါရကိုသာ အာရုံပြုလျက် (ရှုလျက်) အဖန်တလဲလဲ ဖြစ်ပေါ်နေ၏။

ထိုသို့ ဖြစ်ပေါ်နေသော ဤသင်္ခါရုပေက္ခာဉာဏ်သည် ဗန်းပေါ်၌ လိမ့်အပ် ဆင့်အပ်သော မုန့်ညက်ကဲ့သို့ရင်း[၁], ဖတ်အပ်သော အစေ့ထုတ်ပြီး ဝါဂွမ်းကဲ့သို့ရင်း[၂]၊ နူးညံ့သိမ်မွေ့စွာဖြစ်၍ အထူးထူး အပြားပြားအားဖြင့် သင်္ခါရတို့ကို သိမ်းဆည်းပြီးလျှင် ကြောက်ခြင်းကိုရင်း,နှစ်သက်ခြင်းကိုရင်း ပယ်စွန့်၍ သင်္ခါရတရားတို့ကို စူးစမ်းခြင်း၌ အလယ်အလတ် လျစ်လျူသဘောရှိသည်ဖြစ်၍ သုံးပါးအပြားရှိသော အနုပဿနာ၏ အစွမ်းအားဖြင့် တည်၏[၃]။ ဤသို့ တည်သော သင်္ခါရုပေက္ခာဉာဏ်သည် **သုံးပါးအပြားရှိ**

---

၁-မုန့်ညက်ကို ဗန်းဖြင့်ဆင့်သောအခါ ဆင့်လေဆင့်လေ မုန့်ညက်မှုန့်သည် သာ၍ နူးညံ့သိမ်မွေ့သွားလေလေ ဖြစ်သကဲ့သို့ သင်္ခါရုပေက္ခာသည် ကြာလေ ကြာလေ သာ၍ သာ၍ သိမ်မွေ့ သိမ်မွေ့သွားသည်ဟု ဆိုလိုသည်။

၂-ဝါကိုဖတ်သောအခါ ဖတ်လေဖတ်လေ ဝါဂွမ်းသည် သာ၍ သိမ်မွေ့သွားလေလေ ဖြစ်သကဲ့သို့ သင်္ခါရုပေက္ခာသည် ကြာလေ ကြာလေ သာ၍ သာ၍ သိမ်မွေ့သိမ်မွေ့သွားသည်ဟု ဆိုလိုသည်။

၃-အနုပဿနာခုနစ်ပါး မဟာဝိပဿနာ တဆယ့်ရှစ်ပါး-ဤသို့စသည်ဖြင့် အကျယ် ဝေဘန်၍ ပြထားသော်လည်း ၎င်းတို့သည် အနိစ္စာနုပဿနာ အစရှိသော

http://www.dhammadownload.com



**သော ဝိမောက္ခမုခ** အဖြစ်သို့ရောက်၍ **ခုနစ်မျိုးသော အရိယာပုဂ္ဂိုလ်တို့ကို** ခွဲခြမ်းဝေဘန်ရန် အကြောင်းဖြစ်ပေ၏။

၇၆၈။ ထို(ဝိမောက္ခမုခအဖြစ်သို့ ရောက်ခြင်း, အကြောင်းဖြစ်ခြင်းတို့)၌ ဤသင်္ခါရုပေက္ခာဉာဏ်သည် သုံးပါးအပြားရှိသော အနုပဿနာ၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကြောင့် သုံးပါးသော ဣန္ဒြေတို့၏ အကြီးအမှူး ဖြစ်ခြင်း(အစိုးရခြင်း)၏ အစွမ်းအားဖြင့် သုံးပါးအပြားရှိသော ဝိမောက္ခမုခအဖြစ်သို့ ရောက်သည်မည်၏။ ချဲ့၍ ပြရလျှင် သုံးပါးသောအနုပဿနာတို့ကို သုံးပါးသော ဝိမောက္ခမုခတို့ဟူ၍ ဆိုအပ်ကုန်၏။ အဘယ်ကဲ့သို့ ဟောထားသနည်းဟူမူ ?

"သုံးပါးကုန်သော ဤဝိမောက္ခမုခတို့သည် လောကမှ ထွက်မြောက်ရန် အလို့ငှါ ဖြစ်ကုန်၏၊ အလုံးစုံသော သင်္ခါရတို့ကို (ဖြစ်ခြင်း ပျက်ခြင်း ဟူသော) အပိုင်းအခြားနှင့် နယ်ဆုံး အကန့်အသတ်အားဖြင့် ရှုခြင်းငှါ (ရှုရန် အလို့ငှါ)၎င်း, အနိမိတ္တ မည်သော နိဗ္ဗာန်ဓာတ်၌ စိတ်၏ ပြေးဝင်ရန် အလို့ငှါ၎င်း ဖြစ်ကုန်၏၊ အလုံးစုံသော သင်္ခါရတို့၌ စိတ်ကို ကောင်းစွာ ထက်စေခြင်းငှါ (ထက်စေရန် အလို့ငှါ)၎င်း, အပ္ပဏိဟိတမည်သော နိဗ္ဗာန်ဓာတ်၌ စိတ်၏ ပြေးဝင်ရန်အလို့ငှါ၎င်း ဖြစ်ကုန်၏၊ အလုံးစုံသော တရားတို့ကို ပြင်ပသူစိမ်းအနေအားဖြင့် ကောင်းစွာ အဖန်တလဲလဲ ရှုရန် အလို့ငှါ၎င်း, သုညတမည်သော နိဗ္ဗာန်ဓာတ်၌ စိတ်၏ပြေးဝင်ရန် အလို့ငှါ၎င်း ဖြစ်ကုန်၏၊ ဤသုံးပါးသော ဝိမောက္ခမုခတို့သည် လောကမှထွက်မြောက်ရန် အလို့ငှါ ဖြစ်ကုန်၏"ဟု---

(ပဋိသမ္ဘိဒါမဂ်၌)ဟောထားပေ၏။

---

သုံးပါးသော အနုပဿနာတို့၌သာလျှင် အတွင်းဝင်၏၊ ထို့ကြောင့် ခေါင်ထိပ်သို့ရောက်သော ဝိပဿနာသည် ထိုအနိစ္စာနုပဿနာ အစရှိသော သုံးပါးသော အနုပဿနာတို့၏ အစွမ်းအားဖြင့်သာလျှင် တည်သည်ဟု ဋီကာ၌ ဆို၏။

http://www.dhammadownload.com



ထိုပါဠိ၌ **ပရိစ္ဆေဒပရိဝဋုမတော - အပိုင်း အခြားနှင့် နယ်ဆုံး အကန့် အသတ် အားဖြင့်** ဟူသည်ကား ဖြစ်ခြင်း ပျက်ခြင်း၏ အစွမ်း အားဖြင့်[၁] အပိုင်းအခြားအားဖြင့်၎င်း, နယ်ဆုံးအကန့်အသတ်အားဖြင့်၎င်း။မှန်ပေ၏၊ အနိစ္စာနုပဿနာသည် "ဖြစ်ခြင်းမှ ရှေး၌ (မဖြစ်မီကာလက) သင်္ခါရတို့သည် မရှိကုန်သေး"ဟု ပိုင်းခြား၍ ထိုသင်္ခါရတို့၏ (ပြီးစီးခြင်း ဟူသော) အလားအလာကို အစဉ်လိုက်၍ ဆင်ခြင်လျက် "ပျက်ခြင်းမှ နောက်သို့ မသွားကုန်၊ ဤပျက်ခြင်း၌သာလျှင် ကွယ်ပျောက်ကုန်၏"ဟု နယ်ဆုံး အကန့်အသတ်အားဖြင့်[၂] အဖန်တလဲလဲ ရှု၏။ **မနောသမုတ္တေဇနတာယ- စိတ်နှလုံးကို ကောင်းစွာ ထက်စေခြင်းငှါ** ဟူသည်ကား [၂၉၆] စိတ်ကို ထိတ်လန့်စေသည်၏ အဖြစ် (ထိတ်လန့်စေရန်) အလို့ငှါ။ မှန်ပေ၏၊ ဒုက္ခာနုပဿနာဖြင့် သင်္ခါရတို့၌ စိတ်ကို ထိတ်လန့်စေ၏။ **ပြင်ပသူစိမ်းအနေ အားဖြင့် ကောင်းစွာ အဖန် တလဲလဲ ရှုရန် အလို့ငှါ** ဟူသည်ကား ငါမဟုတ် ငါ၏ဥစ္စာမဟုတ်ဟု ဤသို့ အတ္တမဟုတ်သော အားဖြင့် ကောင်းစွာ အဖန် တလဲလဲရှုရန် အလို့ငှါ။ ဤသို့လျှင် ဤသုံးပါးသော ပုဒ်တို့ကို အနိစ္စာနုပဿနာစသည်တို့၏ အစွမ်း အားဖြင့် ဟောထားသည်ဟု သိအပ်ကုန်၏။ ထို့ကြောင့်ပင်လျှင် ထိုပါဠိ၏ အခြားမဲ့၌ ပြဿနာတို့ကို ဖြေရာတွင်—

"မမြဲသောအခြင်းအရာအားဖြင့် နှလုံးသွင်းသော သူအား သင်္ခါရတို့သည် ကုန်သောအားဖြင့် ထင်ကုန်၏။ ဆင်းရဲသောအခြင်းအရာအားဖြင့် နှလုံးသွင်းသော သူအား သင်္ခါရတို့သည် ကြောက်ဖွယ်ဘေးအားဖြင့် ထင်ကုန်၏။ အတ္တမဟုတ်သော အခြင်းအရာ

---

၁-အစွမ်းအားဖြင့်-ဟူသော ဝိသေသနဖြင့် အပိုင်းအခြား ဟူသည်မှာ ဖြစ်ခြင်း ပျက်ခြင်းပင် ဖြစ်သည်-ဟူ၍၎င်း, နယ်ဆုံး အကန့်အသတ်-ဟူသည်မှာလည်း ဖြစ်ခြင်းပျက်ခြင်းပင် ဖြစ်သည်ဟူ၍၎င်း သိစေ၏။

၂-ဤဝါကျတွင် "ဖြစ်ခြင်းမှရှေး၌ မရှိကုန်သေးဟု ပိုင်းခြား၍"ဟူသော စကားဖြင့် "အပိုင်းအခြား ဟူသည်မှာ ဖြစ်ခြင်းပင်"ဟူ၍၎င်း, "ပျက်ခြင်းမှ နောက်သို့ မသွားကုန်" ဤသို့ အစရှိသော စကားဖြင့် "နယ်ဆုံး အကန့်အသတ်ဟူသည်မှာ ပျက်ခြင်းပင်ဖြစ်သည်"ဟူ၍၎င်း ယူရာ၏။

http://www.dhammadownload.com



အားဖြင့် နှလုံးသွင်းသောသူအား သင်္ခါရတို့သည် ဆိတ်သုဉ်းသော အားဖြင့် ထင်ကုန်၏”ဟု –

ဟော(အပ်)ပေ၏။

၇၆၉။ (အနိစ္စာနုပဿနာ အစရှိသော) ဤအနုပဿနာ တို့သည် အကြင်ဝိမောက္ခတို့၏ အဝင်ဝ မုခ် မည်ကုန်၏၊ ထိုဝိမောက္ခတို့ကား အဘယ်သည်တို့နည်း ဟူမူ ? အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ, သုညတဝိမောက္ခဟူသော ဤသုံးပါးတို့ပေတည်း။ မှန်ပေ၏။

“မမြဲသော အခြင်းအရာအားဖြင့် နှလုံးသွင်းသော သူသည် ယုံကြည် ဆုံးဖြတ်မှု-အဓိမောက္ခ အဖြစ်များသည်ဖြစ်၍ အနိမိတ္တမည် သော ဝိမောက္ခကို ရ၏။ ဆင်းရဲသော အခြင်းအရာအားဖြင့် နှလုံး သွင်းသော သူသည် ငြိမ်းအေးခြင်း-ပဿဒ္ဓိ အဖြစ်များသည် ဖြစ်၍ အပ္ပဏိဟိတဝိမောက္ခကို ရ၏။ အတ္တမဟုတ်သော အခြင်းအရာအား ဖြင့် နှလုံးသွင်းသော သူသည် ဉာဏ်ပညာ အဖြစ်များသည် ဖြစ်၍ သုညတဝိမောက္ခကို ရ၏”ဟူသော—

ဤစကားကို ဟောတော်မူ(အပ်)၏။

ဤပါဠိ၌ **အနိမိတ္တဝိမောက္ခ** ဟူသည်ကား နိမိတ်ကင်းသော အခြင်းအရာ အားဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက်ဖြစ်သော အရိယာမဂ်တည်း။ ထိုအရိယာ မဂ်သည် အနိမိတ္တ မည်သော နိဗ္ဗာန်ဓာတ်၌ ဖြစ်သောကြောင့် **အနိမိတ္တ** မည်၏၊ ကိလေသာတို့မှလွတ်မြောက်သောကြောင့် **ဝိမောက္ခ**လည်း မည်၏။ ဤနည်းဖြင့်ပင်လျှင် တောင့်တမှု တဏှာကင်းသော အခြင်းအရာအားဖြင့်[၁] နိဗ္ဗာန်ကို အာရုံပြုလျက်ဖြစ်သော အရိယာမဂ်သည် **အပ္ပဏိဟိတ** မည်၏။ အတ္တမှ ဆိတ်သုဉ်းသော အခြင်းအရာအားဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက် ဖြစ်သော အရိယာမဂ်သည် **သုညတ** မည်၏ ဟူ၍ သိအပ်၏။

---

၁-တောင့်တမှု တဏှာကင်းသော အခြင်းအရာ ဟူသည်မှာ နိဗ္ဗာန်၌ တောင့်တ ဖွယ် တဏှာဖြစ်ဖွယ် မရှိသော အခြင်းအရာကို ဆိုလိုသည်။

http://www.dhammadownload.com



၇၇၀။ အဘိဓမ္မာ၌ကား[၁]"အကြင်အခါ၌[၂] မိစ္ဆာအယူတို့ကို ပယ်ခြင်းငှါ[၃] ပဌမဘုံအဆင့်သို့ရောက်ခြင်းငှါ[၄] ဝဋ္ဋဆင်းရဲမှ ထွက်သွားသော ဝဋ္ဋဆင်းရဲကို ဖျက်ဆီးလျက် နိဗ္ဗာန်သို့သွားသော လောကုတ္တရာဈာန်ကို ဖြစ်စေ၏၊ ဝတ္ထုကာမ ကိလေသကာမတို့မှ ကင်းဆိတ်၍သာလျှင် အပ္ပဏိဟိတ မည်သော ပဌမဈာန်သို့ ဆိုက်ရောက်၍ နေ၏။ပ။ သုညတမည်သော ပဌမဈာန်သို့ ဆိုက်ရောက်၍နေ၏"ဟု ဤသို့ ဝိမောက္ခနှစ်ပါးကိုသာလျှင် ဟော(အပ်)၏၊ ထိုဝိမောက္ခ နှစ်ပါးကိုသာ ဟောသည်မှာ မုချအားဖြင့် ဝိပဿနာဟူသော မဂ်၏လာခဲ့ရာ အကြောင်းကို ရည်၍ ဟောခြင်းဖြစ်ပေသည်။

မှန်ပေ၏၊ ပဋိသမ္ဘိဒါမဂ်၌ ဝိပဿနာဉာဏ်ကို-[၅]

"**အနိစ္စာနုပဿနာဉာဏ်သည်** မြဲသောအခြင်းအရာ အားဖြင့် နှလုံးသွင်းခြင်းကို စွန့်လွှတ်သောကြောင့် **သုညတဝိမောက္ခ**မည်၏။ **ဒုက္ခာနုပဿနာဉာဏ်သည်** ချမ်းသာသော အခြင်းအရာအားဖြင့် နှလုံးသွင်းခြင်းကိုစွန့်လွှတ်သောကြောင့် **သုညတဝိမောက္ခ**မည်၏။ **အနတ္တာနုပဿနာဉာဏ်သည်** အတ္တအခြင်းအရာအားဖြင့် နှလုံးသွင်းခြင်းကို စွန့်လွှတ်သောကြောင့် [၂၉၇] **သုညတဝိမောက္ခ** မည်၏"ဟု ဤသို့ မြဲမြံစွာ နှလုံးသွင်းခြင်းကို စွန့်လွှတ်သည်၏ အစွမ်းအားဖြင့် "**သုညတဝိမောက္ခ**"ဟူ၍ရင်း,

"**အနိစ္စာနုပဿနာဉာဏ်သည်** မြဲသော အခြင်းအရာ အားဖြင့် (ထင်သော) သင်္ခါရနိမိတ်ကို စွန့်လွှတ်သောကြောင့် **အနိမိတ္တဝိမောက္ခ** မည်၏။ **ဒုက္ခာနုပဿနာဉာဏ်သည်** ချမ်းသာအားဖြင့် (ထင်သော) သင်္ခါရနိမိတ်ကို စွန့်လွှတ်သောကြောင့်။ **အနတ္တာနုပဿနာဉာဏ်သည်** အတ္တအားဖြင့် (ထင်သော)သင်္ခါရနိမိတ်ကို

---

၁-အဘိဓမ္မာ၌ကား ... ...ဝိမောက္ခနှစ်ပါးကိုသာလျှင် ဟောအပ်၏-ဟု စပ်ပါ။

၂-အကြင်အခါ၌.... ဖြစ်စေ၏-ဟု စပ်ပါ။

၃-၄-ပယ်ခြင်းငှါရင်း.... ရောက်ခြင်းငှါရင်း.... လောကုတ္တရာ ဈာန်ကိုဖြစ်စေ၏-ဟု စပ်ပါ။

၅-ဝိပဿနာဉာဏ်ကို....သုညတဝိမောက္ခဟူ၍ရင်း....အနိမိတ္တဝိမောက္ခဟူ၍ရင်း.... အပ္ပဏိဟိတဝိမောက္ခဟူ၍ရင်း ဟောထားသည်ကား မှန်ပေ၏-ဟု စပ်ပါ။

http://www.dhammadownload.com



စွန့်လွှတ်သောကြောင့် **အနိမိတ္တဝိမောက္ခ**မည်၏”ဟု ဤသို့ သင်္ခါရ နိမိတ်ကို စွန့်လွှတ်သည်၏ အစွမ်းအားဖြင့် “**အနိမိတ္တဝိမောက္ခ**” ဟူ၍၎င်း,

“**အနိစ္စာနုပဿနာဉာဏ်သည်** မြဲသော အခြင်းအရာအားဖြင့် တောင့်တမှု-တဏှာကို စွန့်လွှတ် သောကြောင့် **အပ္ပဏိဟိတ ဝိမောက္ခ** မည်၏။ **ဒုက္ခာနုပဿနာဉာဏ်သည်** ချမ်းသာသော အခြင်းအရာ အားဖြင့် တောင့်တမှုကို စွန့်လွှတ်သောကြောင့်။ **အနတ္တာနုပဿနာဉာဏ်သည်** အတ္တအခြင်းအရာအားဖြင့်တောင့်တ မှုကို စွန့်လွှတ်သောကြောင့် **အပ္ပဏိဟိတဝိမောက္ခ** မည်၏”ဟု ဤသို့ တောင့်တမှုတဏှာကို စွန့်လွှတ်သည်၏ အစွမ်းအားဖြင့် “**အပ္ပဏိဟိတဝိမောက္ခ**”ဟူ၍၎င်း

ဟောထားသည်ကား မှန်ပေ၏၊ သို့သော်လည်း ထိုဝိပဿနာဉာဏ်သည် သင်္ခါရနိမိတ်ကို မပယ်စွန့်သောကြောင့်[၁] မုချအားဖြင့် အနိမိတ္တ မမည်ပေ။ မုချအားဖြင့်မူကား သုညတနှင့် အပ္ပဏိဟိတသာလျှင် မည်ပေ၏။ လာခဲ့ရာ အကြောင်းဖြစ်သော ဝိပဿနာ၏အစွမ်းအားဖြင့် အရိယာမဂ်ဓဏ၌ ထို သုညတ အပ္ပဏိဟိတ မည်သော ဝိပဿနာ၏ ဝိမောက္ခအမည်ကို ထုတ် ပြထားလေသည်။ ထို့ကြောင့် အပ္ပဏိဟိတနှင့် သုညတဟုသော ဝိမောက္ခ နှစ်ပါးကိုသာလျှင် အဘိဓမ္မာ၌ ဟောထားသည်ဟု သိအပ်၏။ဤသည်ကား ဤအရာ၌ ဝိမောက္ခကို ပြဆိုချက်တည်း။

၇၇၁။ “ခုနစ်မျိုးသော အရိယာ ပုဂ္ဂိုလ်တို့ကို ခွဲခြမ်း ဝေဘန်ရန် အကြောင်းဖြစ်၏”ဟု ဆိုခဲ့သော စကား၌ (၁) သဒ္ဓါနုသာရီပုဂ္ဂိုလ်၊ (၂) သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်၊ (၃) ကာယသက္ခိပုဂ္ဂိုလ်၊ (၄) ဥဘတောဘာဂ ဝိမုတ္တပုဂ္ဂိုလ်၊ (၅) ဓမ္မာနုသာရီပုဂ္ဂိုလ်၊ (၆) ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်၊ (၇) ပညာ ဝိမုတ္တပုဂ္ဂိုလ် ဟူသော ဤခုနစ်ပါးတို့သည် ခုနစ်မျိုးသော အရိယာပုဂ္ဂိုလ်တို့ မည်ကုန်၏။ ထိုခုနစ်မျိုးသော အရိယာပုဂ္ဂိုလ်တို့ကို ခွဲခြမ်းဝေဘန်ရန် ဤသင်္ခါရုပေက္ခာဉာဏ်သည် အကြောင်းဖြစ်ပေ၏။

---

၁-ဝိပဿနာဉာဏ်သည် သင်္ခါရတရားကို အာရုံပြုလျက် ရှုလျက်သာလျှင် ဖြစ်၏၊ ထို့ကြောင့် သင်္ခါရနိမိတ်ကို မပယ်စွန့်ဟု ဆိုသည်။

http://www.dhammadownload.com



၇၇၂။ ချဲ့၍ ပြရလျှင် အကြင်ပုဂ္ဂိုလ်သည် မမြဲသော အခြင်းအရာအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ယုံကြည်ဆုံးဖြတ်ခြင်း အဓိမောက္ခ အဖြစ်များလျက် လွန်ကဲသော သဒ္ဓိန္ဒြေကို ရ၏၊ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ခဏ၌ (ယုံကြည်မှုသဒ္ဓါသို့ အစဉ်လိုက်သော) **သဒ္ဓါနုသာရီပုဂ္ဂိုလ်** မည်၏၊ ကြွင်းသော မဂ်ဖိုလ်ခဏ ခုနစ်ဌာနတို့၌ (ယုံကြည်မှုသဒ္ဓါဖြင့် လွတ်မြောက်သော) **သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်** မည်၏။

၇၇၃။ အကြင်ပုဂ္ဂိုလ်သည်ကား ဆင်းရဲ အခြင်းအရာအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ငြိမ်းအေးခြင်း-ပဿဒ္ဓိ အဖြစ်များလျက် လွန်ကဲသော သမာဓိန္ဒြေကို ရ၏၊ ထိုပုဂ္ဂိုလ်သည် အလုံးစုံ(သော မဂ်ဖိုလ်ခဏ ရှစ်ဌာန) တို့၌ (နာမကာယဖြင့် မျက်မှောက်ပြုသော) **ကာယသက္ခိပုဂ္ဂိုလ်** မည်၏။

အရူပစျာန်ကို ရောက်ပြီး၍ အရဟတ္တဖိုလ်သို့ ရောက်ပါမူကား (ထိုပုဂ္ဂိုလ်သည် နှစ်ပါးသော အဖို့ဖြင့် လွတ်မြောက်သော) **ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်** မည်၏။

[၂၉၈] ၇၇၄။ အကြင်ပုဂ္ဂိုလ်သည်ကား အနတ္တအခြင်းအရာအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ဉာဏ်ပညာအဖြစ်များလျက် လွန်ကဲသော ပညိန္ဒြေကိုရ၏၊ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ခဏ၌ (ပညာသို့ အစဉ်လိုက်သော) **ဓမ္မာနုသာရီပုဂ္ဂိုလ်** မည်၏။ (အလယ်ပိုင်းဖိုလ်မဂ်) ခြောက်ချက်သော ဌာနတို့၌ (နိဗ္ဗာန်ကို မြင်သည်၏အဆုံး အခြားမဲ့၌ရောက်သော) **ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်** မည်၏။အရဟတ္တဖိုလ်ခဏ၌(ပညာဖြင့် လွတ်မြောက်သော) **ပညာဝိမုတ္တပုဂ္ဂိုလ်** မည်၏။

၇၇၅။ မှန်ပေ၏၊ "မမြဲသော အခြင်းအရာအားဖြင့် နှလုံးသွင်းသော သူအား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊ သဒ္ဓိန္ဒြေလွန်ကဲသောကြောင့် သောတာပတ္တိမဂ်ကိုရ၏၊ ထို့ကြောင့် သဒ္ဓါနုသာရီပုဂ္ဂိုလ်ဟု ဆိုအပ်၏" ဟူသော စကားကိုင်ငြင်း၊

ထိုမှတပါး "မမြဲသောအခြင်းအရာအားဖြင့် နှလုံးသွင်းသော သူအား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊ သဒ္ဓိန္ဒြေလွန်ကဲသောကြောင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြု(အပ်)၏၊ ထို့ကြောင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဟု ဆိုအပ်၏" ဤသို့ အစရှိသောစကားကိုင်ငြင်း ဟောတော်မူ(အပ်)၏။

http://www.dhammadownload.com



၇၇၆။ ထိုမှတပါး ပဋိသမ္ဘိဒါမဂ်၌ ဟောထားသေးသည်မှာလည်း အောက်ပါအတိုင်းပင် တည်း—

"ယုံကြည်လျက် လွတ်မြောက်၏၊ ထို့ကြောင့် သဒ္ဓါဝိမုတ္တ မည်၏၊ တွေ့ထိရသော အရှုပစျာန်တို့၏ အခြားမဲ့၌ မျက်မှောက် ပြု၏၊ ထို့ကြောင့် ကာယသက္ခိမည်၏။ နိဗ္ဗာန်ကို မြင်သည်၏ အခြားမဲ့၌ ရောက်၏၊ ထို့ကြောင့် ဒိဋ္ဌိပ္ပတ္တမည်၏။ ယုံကြည်လျက် လွတ်မြောက်၏၊ ထို့ကြောင့် သဒ္ဓါဝိမုတ္တမည်၏။ ဈာန်အတွေ့ကို ရှေးဦးစွာတွေ့၏၊ ထိုမှနောက်၌ ချုပ်ရာနိဗ္ဗာန်ကို မျက်မှောက် ပြု၏၊ ထို့ကြောင့် ကာယသက္ခိမည်၏။ 'သင်္ခါရတို့သည် ဆင်းရဲတို့ တည်း, သင်္ခါရတို့၏ ချုပ်ခြင်းသည် ချမ်းသာတည်း'ဟု ပညာဖြင့် သိအပ် မြင်အပ် ထင်ရှားသိအပ် မျက်မှောက်ပြုအပ် တွေ့ထိအပ်၏၊ ထို့ကြောင့် ဒိဋ္ဌိပ္ပတ္တမည်၏"။ ဤကား ပါဠိ။

၇၇၇။ ဆိုခဲ့ပြီးသည်မှတပါးသော လေးပုဒ်တို့၌ ယုံကြည်မှု သဒ္ဓါသို့ အစဉ်လိုက်၏၊ တနည်းကား ယုံကြည်မှုသဒ္ဓါတရားဖြင့် (သစ္စာကိုသိခြင်း အား) လျှော်စွာသွားတတ်၏၊ ထို့ကြောင့် **သဒ္ဓါနုသာရီ** မည်၏။ ထိုအတူ ပညာဟုဆိုအပ်သော တရားသို့ အစဉ်လိုက်၏၊ တနည်းကား ပညာဟူသော တရားဖြင့်လျှော်စွာ သွားတတ်၏၊ ထို့ကြောင့် **ဓမ္မာနုသာရီ**မည်၏။ အရူပ ဈာန်နှင့် အရိယာမဂ်ဟူသော နှစ်ပါးသော အဖို့ဖြင့် လွတ်မြောက်၏၊ ထို့ကြောင့် **ဥဘတောဘာဂဝိမုတ္တ** မည်၏။ သိလျက် လွတ်မြောက်၏၊ ထို့ကြောင့် **ပညာဝိမုတ္တ** မည်၏ဟု ဤသို့ သဒ္ဓါ၏ (ဖြစ်ပေါ်လာကြောင်း) အနက်ကို သိအပ်၏။

သင်္ခါရုပေက္ခာဉာဏ်တည်း။

၇၇၈။ ထိုသို့သဘောရှိသော သင်္ခါရုပေက္ခာဉာဏ်သည် ရှေ့ဉာဏ်နှစ်ပါး နှင့် အနက်တရားကိုယ် အရအားဖြင့် တူ၏။ ထို့ကြောင့် ရှေးဆရာတို့သည်-

"ဤသင်္ခါရုပေက္ခာဉာဏ်သည် တပါးတည်းဖြစ်လျက် သုံးပါး သော အမည်တို့ကို ရ၏။ [၂၉၉] အောက်ပိုင်း၌ မုဉ္စိတုကမျတာ ဉာဏ်မည်ခဲ့၏၊ အလယ်ပိုင်း၌ ပဋိသင်္ခါနုပဿနာဉာဏ် မည်ခဲ့၏၊

http://www.dhammadownload.com



အဆုံးပိုင်း၌ ခေါင်ထိပ်သို့ ရောက်သော သင်္ခါရုပေက္ခာဉာဏ် မည်၏”ဟု-

မိန့်ဆိုကုန်၏။

၇၇၉။ ပဋိသမ္ဘိဒါမဂ် ပါဠိ၌လည်း အောက်ပါအတိုင်း ဟောတော်မူ၏—

“အဘယ်သို့လျှင် စွန့်လွှတ်လို၍ တဖန် ရှုသိ၍ ကောင်းစွာ တည်သော ပညာသည် သင်္ခါရုပေက္ခာဉာဏ် မည်သနည်း ? ဖြစ်ပေါ်ခြင်းကို စွန့်လွှတ်လို၍ တဖန် ရှုသိ၍ ကောင်းစွာ တည်သော ပညာသည် သင်္ခါရတို့ကို လျစ်လျူရှုသော သင်္ခါရုပေက္ခာဉာဏ် မည်၏။ ဖြစ်ပွါးခြင်းကို။ပ။ သင်္ခါရနိမိတ်ကို။ပ။ ပြင်းစွာပူပန်ခြင်းကို စွန့်လွှတ်လို၍ တဖန် ရှုသိ၍ ကောင်းစွာ တည်သော ပညာသည် သင်္ခါရုပေက္ခာ ဉာဏ် မည်၏။

ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟု။ပ။ ကြောက်ဖွယ်ဘေး ဟု ။ပ။ အစာနှင့်တကွ ဖြစ်သည်ဟု။ပ။ ဖြစ်ပေါ်ခြင်းသည် သင်္ခါရတို့ဟု ။ပ။ ပြင်းစွာ ပူပန်ခြင်းသည် သင်္ခါရတို့ဟု (ထင်မြင်လျက်) စွန့်လွှတ် လို၍ တဖန်ရှုသိ၍ ကောင်းစွာ တည်သောပညာသည် သင်္ခါရုပေက္ခာ ဉာဏ် မည်၏”ဟု-

ဟောတော်မူ(အပ်)၏။

၇၈၀။ ထိုပါဠိ၌[၁] စွန့်လွှတ်လိုသည်လည်း ဟုတ်၏၊ ၎င်းသည် တဖန် ရှုသိသည်လည်း ဟုတ်၏၊ ကောင်းစွာ တည်သည်လည်း ဟုတ်၏၊ ဤသုံးပါးသော အကြောင်းကြောင့် **စွန့်လွှတ်လို၍ တဖန် ရှုသိ၍ ကောင်းစွာ တည်သည်** မည်၏။ ဤသို့လျှင် ရှေးအဖို့၌ နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့သော ယောဂီ၏[၂] ဖြစ်ပေါ်ခြင်း စသည်တို့ကို စွန့်လွှတ်လိုခြင်းသည် **မုဥ္စိတုကမျတာ**- စွန့်လွှတ် လိုသည်၏အဖြစ် မည်၏။ စွန့်လွှတ်ခြင်း၏ ပြီးစီးကြောင်း နည်းလမ်းကို

---

၁-ထိုပါဠိ၌....ကောင်းစွာ တည်သည်မည်၏....စွန့်လွှတ်လိုသည်၏ အဖြစ်မည်၏.... တဖန်ရှုသိသည်မည်၏၊ ကောင်းစွာတည်သောပညာမည်၏-ဟု စပ်ပါ။

၂-ငြီးငွေ့သောယောဂီ၏.... စွန့်လွှတ်လိုခြင်းသည်.... တဖန်ရှုသိခြင်းသည်.... လျစ် လျူရှုခြင်းသည်-ဟု စပ်ပါ။

http://www.dhammadownload.com



ပုံခြင်း၄ါ အလယ်၌ တဖန် ရှုသိခြင်းသည် **ပဋိသင်္ခါ** - တဖန် ရှုသိသည် မည်၏။ စွန့်လွှတ်ပြီး၍ အဆုံး၌ လျစ်လျူရှုခြင်းသည် **သန္တိဋ္ဌနာ** -ကောင်းစွာ တည်သော ပညာမည်၏။ ယင်းသို့ ကောင်းစွာတည်သော ပညာကို ရည်၍ "ဖြစ်ပေါ်ခြင်းသည် သင်္ခါရတို့တည်း၊ ထိုသင်္ခါရတို့ကို လျစ်လျူရှုသော ကြောင့် သင်္ခါရုပေက္ခာမည်၏" ဤသို့ စသည်ကို မိန့်ဆိုအပ်ပေသည်။ ဤသို့လျှင် ဤဉာဏ်သုံးပါးသည် တပါးတည်းသော ဉာဏ်သာဖြစ်ပေ၏။

၇၈၁။ တနည်းသော်ကား ဤ ဆိုလာတံ့သော ပါဠိဖြင့်လည်း ဤဉာဏ် သုံးပါးကို တပါးတည်းသာဟူ၍ သိအပ်၏။ ထိုသာဓက ပါဠိကား အောက်ပါ အတိုင်းပင်တည်း --

"မုဉ္စိတုကမျတာဉာဏ်,ပဋိသင်္ခါနုပဿနာ, သင်္ခါရုပေက္ခာဟူသော ဤတရားတို့သည် အနက် တရားကိုယ် အရအားဖြင့် တူကုန်၏၊ အမည် သဒ္ဒါမျှသာလျှင် ထူး၏"၊ ဤကား ပါဠိ။

၇၈၂။ ဤ ဆိုခဲ့သည့် အတိုင်း သင်္ခါရုပေက္ခာဉာဏ်ကို ရပြီးသော ဤအမျိုးသား၏ ဝိပဿနာသည် ခေါင်ထိပ်သို့ ရောက်သည်ဖြစ်၍ **ဝုဋ္ဌာန ဂါမိနီ** မည်ပေ၏။ ခေါင်ထိပ်သို့ ရောက်သော ဝိပဿနာ ဟူ၍ရင်း, ဝုဋ္ဌာန ဂါမိနီ ဟူ၍ရင်း (ခေါ်သော) ဤအမည်သည် သင်္ခါရုပေက္ခာ အစရှိသော ဉာဏ်သုံးပါး၏[၁] အမည်ပေတည်း။ ထိုသုံးပါးသော ဉာဏ်သည် ခေါင်ထိပ် ဟူသော မြတ်သည်၏အဖြစ်သို့ ရောက်သောကြောင့် **သိခါပတ္တ-ခေါင်ထိပ်သို့ ရောက်သည်** မည်၏။ထသော မဂ်သို့ သွားရောက်တတ်သောကြောင့် **ဝုဋ္ဌာန နဂါမိနီ-ထသော မဂ်သို့သွားရောက်သည်** မည်၏။ ဗဟိဒ္ဓနိမိတ်ခေါ် အပြင်ပ အာရုံဖြစ်သော နှလုံးသွင်းအပ် ရှုအပ်သော အာရုံဝတ္ထုမှရင်း အဇ္ဈတ္တပဝတ္တ ခေါ် ကိလေသာအယဉ် ခန္ဓာအယဉ်မှရင်း ထမြောက်သွားသောကြောင့်[၂]

---

၁-ဉာဏ်သုံးပါးဟူသည်ကား (၁)ခေါင်ထိပ်သို့ ရောက်သောသင်္ခါရုပေက္ခာဉာဏ်၊ (၂) အနုလောမဉာဏ်၊ (၃) ဂေါတြဘူဉာဏ်တို့ပင် ဖြစ်သည်။ (ဋီကာ)

၂-သင်္ခါရအာရုံဝတ္ထုကို မရှုတော့ဘဲ နိဗ္ဗာန်ကို အာရုံပြုသွားခြင်းသည် ဗဟိဒ္ဓ နိမိတ်ခေါ် အပြင်ပ **အာရုံမှ ထသည်မည်၏**။ ကိလေသာ အယဉ် ဝိပါက် ခန္ဓာအယဉ်တို့ မဖြစ်နိုင်သောအခြေအနေသို့ ရောက်သွားခြင်းသည် အဇ္ဈတ္တ ပဝတ္တမှ ထသည်မည်၏။ ရောဂါပျောက်ကင်းသည်ကို ရောဂါမှ ထသည်-ဟု ပြောဆိုခြင်းမျိုးပင် ဖြစ်သည်။

http://www.dhammadownload.com



အရိယာမဂ်ကို **ဝုဋ္ဌာန-ထသည်** ဟုခေါ် ဆိုအပ်၏၊ ထိုထသော အရိယာမဂ်သို့ သွားရောက်တတ်သောကြောင့် **ဝုဋ္ဌာနဂါမိနီ-ထသော အရိယာမဂ်သို့သွားရောက်သော ဝိပဿနာ** မည်၏၊ အရိယာမဂ်နှင့်တကွ ဆက်စပ်၏၊ ဤသည်ကား (အရိယာမဂ်သို့ သွားရောက်သည် ဟူသော စကား၏) ဆိုလိုရင်း အနက်တည်း။

၇၈၃။ ထိုစကားရပ်၌ ဤဆိုလတံ့သည်ကား နှလုံးသွင်းခြင်းနှင့် ထခြင်းတို့ကို ထင်ရှားစေခြင်းငှါ ခေါင်းစဉ် မာတိကာတည်း....အဇ္ဈတ္တ-ကိုယ်တွင်းတရား၌ ရှေးဦးစွာ နှလုံးသွင်း၍(ရှု၍)[၁] အဇ္ဈတ္တ-ကိုယ်တွင်း တရားမှ ထ၏၊ အဇ္ဈတ္တ-ကိုယ်တွင်း တရား၌ ရှေးဦးစွာ နှလုံးသွင်း၍ (ရှု၍) ဗဟိဒ္ဓ-အပြင်ပ-တရားမှ [၃၀၀] ထ၏။ ဗဟိဒ္ဓ-အပြင်ပ တရား၌ ရှေးဦးစွာ နှလုံးသွင်း၍ (ရှု၍) ဗဟိဒ္ဓ-အပြင်ပ တရားမှ ထ၏။ ဗဟိဒ္ဓ-အပြင်ပတရား၌ ရှေးဦးစွာ နှလုံးသွင်း၍ (ရှု၍) အဇ္ဈတ္တ-ကိုယ်တွင်းတရားမှ ထ၏။ ရုပ်၌ ရှေးဦးစွာ ရှု၍ ရုပ်မှ ထ၏၊ ရုပ်၌ ရှေးဦးစွာ ရှု၍ နာမ်မှ ထ၏၊ နာမ်၌ ရှေးဦးစွာ ရှု၍ နာမ်မှ ထ၏၊ နာမ်၌ ရှေးဦးစွာရှု၍ ရုပ်မှ ထ၏။ ခန္ဓာငါးပါးတို့မှ တပြိုင်နက် ထ၏။ အနိစ္စအခြင်းအရာအားဖြင့် ရှေးဦးစွာ ရှု၍[၂] အနိစ္စအခြင်းအရာအားဖြင့် ထ၏၊ အနိစ္စအခြင်းအရာအားဖြင့် ရှေးဦးစွာ ရှု၍ ဒုက္ခအခြင်းအရာအားဖြင့် ထ၏၊ အနတ္တအခြင်းအရာအားဖြင့် ထ၏၊ ဒုက္ခအခြင်းအရာအားဖြင့် ရှေးဦးစွာ ရှု၍ ဒုက္ခအခြင်းအရာအားဖြင့်။ အနိစ္စ အခြင်းအရာအားဖြင့်။ အနတ္တအခြင်းအရာအားဖြင့် ထ၏။ အနတ္တအခြင်းအရာအား

---

၁-ဝိပဿနာစ၍ရှုခြင်းကို “အဘိနိဝေသ ရှေးဦးစွာ နှလုံးသွင်းခြင်း” ဟု ခေါ်သည်၊ ထို့ကြောင့် “အဘိနိဝိသိတွာ-ရှေးဦးစွာ နှလုံးသွင်း၍”ဟူသည်မှာ “ရှေးဦးစွာရှု၍”ဟူသောစကားနှင့် အရတူ၏။ ထို့ကြောင့် “နှလုံးသွင်း၍” ဟူသောပုဒ်အစား “ရှု၍”ဟူသောပုဒ်ကို လဲလှယ်၍ သုံးနိုင်ကြောင်း သိစေရန် ဤ၌ လက်သည်းကွင်းနှင့် (ရှု၍)ဟု ပြထားသည်။ ဤ၌ အဘိနိဝေသ- ရှေးဦးစွာ နှလုံးသွင်းခြင်း- ရှေးဦးစွာရှုခြင်း ဟူသည်မှာလည်း နာမရူပပရိစ္ဆေဒအရာ၌ ရှုခြင်းပင် ဖြစ်သည်ဟု ဋီကာ၌ ပြဆိုထား၏။

၂-ဤအရာ၌ကား အနိစ္စအခြင်းအရာအားဖြင့်-ဟု ဆိုထားသောကြောင့် “အဘိ-နိဝိသိတွာ- ရှေးဦးစွာ နှလုံးသွင်း၍- ရှေးဦးစွာရှု၍” ဟူသော စကားဖြင့် သမ္မသနဉာဏ်အရာစသည်၌ ရှုခြင်းကိုပင် “အဘိနိဝေသ- ရှေးဦးစွာ နှလုံးသွင်းခြင်း ရှေးဦးစွာရှုခြင်း”ဟု ယူအပ်၏။

http://www.dhammadownload.com



ဖြင့် ရှေးဦးစွာ ရှု၍ အနတ္တအခြင်းအရာအားဖြင့်။ အနိစ္စအခြင်းအရာအားဖြင့်။ ဒုက္ခအခြင်းအရာအားဖြင့် ထ၏။

၇၇၄။ အဘယ်သို့ နည်းဟူမူ? ဤသာသနာ၌ အချို့သော ယောဂီသည် အစပဌမကပင်လျှင် အဇ္ဈတ္တ-ကိုယ်တွင်းသင်္ခါရတို့၌ နှလုံးသွင်း၏(ရှု၏)၊ နှလုံးသွင်းပြီးလျှင် ထိုသင်္ခါရတို့ကို (မှန်စွာ) ရှုမြင်၏။ သို့သော်လည်း သက်သက်ကိုယ်တွင်းတရားကို ရှုမြင်ရုံမျှဖြင့်သာလျှင် မဂ်(ဟူသော)ထခြင်းသည် မဖြစ်သေး၊ ဗဟိဒ္ဓ-အပြင်ပ တရားကိုလည်း ရှုမြင်အပ်သည်သာတည်း၊ ထို့ကြောင့် သူတပါး၏ ခန္ဓာတို့ကိုငှင်း အနုပါဒိန္နခေါ်သော[၁] သက်မဲ့သင်္ခါရတို့ကိုငှင်း အနိစ္စ ဒုက္ခ အနတ္တဟု ရှု၏၊ ထိုယောဂီသည် ရံခါ၌ အဇ္ဈတ္တကို ရှု၏၊ ရံခါ၌ ဗဟိဒ္ဓကို ရှု၏၊ ဤသို့ ရှုမြင်သော ထိုယောဂီ၏ ဝိပဿနာသည် အဇ္ဈတ္တကို သုံးသပ်ခိုက်၌ အရိယာမဂ်နှင့်တကွ ဆက်စပ်သွား၏။ ဤယောဂီသည် အဇ္ဈတ္တ-ကိုယ်တွင်းတရား၌ ရှေးဦးစွာ ရှု၍ အဇ္ဈတ္တ-ကိုယ်တွင်းတရားမှ ထသည် မည်၏။

အကယ်၍ ထိုယောဂီ၏ ဝိပဿနာသည် ဗဟိဒ္ဓတရားကို သုံးသပ်ခိုက်၌ အရိယာမဂ်နှင့်တကွ ဆက်စပ်သွားငြားအံ့၊ ဤယောဂီသည် အဇ္ဈတ္တ-ကိုယ်တွင်းတရား၌ ရှေးဦးစွာ ရှု၍ ဗဟိဒ္ဓ-အပြင်ပတရားမှ ထသည် မည်၏။ ဗဟိဒ္ဓ-၌ ရှေးဦးစွာ ရှု၍ ဗဟိဒ္ဓမှငှင်း အဇ္ဈတ္တမှငှင်း ထရာ၌လည်း ဤနည်းပင်တည်း။

၇၇၅။ ထိုမှတပါးသောယောဂီသည် အစပဌမကပင်လျှင် ရုပ်၌ နှလုံးသွင်း၏၊ နှလုံးသွင်းပြီး၍ ဘူတရုပ်အပေါင်းကိုငှင်း ဥပါဒါရုပ်အပေါင်းကိုငှင်း အပေါင်းအစုပြု၍ရှု၏။ သို့သော်လည်း ရုပ်သက်သက်ကို ရှုမြင်ရုံမျှဖြင့်သာလျှင် (မဂ်ဟူသော) ထခြင်းသည် မဖြစ်သေး၊ နာမ်ကိုလည်း ရှုအပ်သည်သာတည်း။ ထို့ကြောင့် ထိုရုပ်ကို အာရုံပြုလျက် ဖြစ်သော ဝေဒနာကိုငှင်း သညာကိုငှင်း သင်္ခါရကိုငှင်း ဝိညာဏ်ကိုငှင်း "ဤသည်ကား နာမ်တည်း"ဟု နာမ်ကိုရှု၏။ ထိုယောဂီသည် ရံခါ၌ ရုပ်ကို သုံးသပ်၏၊ ရံခါ၌

---

၁-အနု-မဟုတ်+ဥပါဒိန္န-ငါကောင် သတ္တဝါကောင်ဟု ထင်မှတ်စွဲလမ်းအပ်သော ရုပ်နာမ် သင်္ခါရအပေါင်း=အနုပါဒိန္န-ငါကောင် သတ္တဝါကောင်ဟု မထင်မှတ် မစွဲလမ်းအပ်သော အသက်မဲ့ ဗဟိဒ္ဓရုပ် သင်္ခါရ အပေါင်း။

http://www.dhammadownload.com



နာမ်ကိုသုံးသပ်၏။ ဤသို့ သုံးသပ်သော ထိုယောဂီ၏ ဝိပဿနာသည် ရုပ်ကိုသုံးသပ်ခိုက်၌ အရိယာမဂ်နှင့်တကွ ဆက်စပ်သွား၏၊ ဤယောဂီသည် ရုပ်၌ ရှေးဦးစွာ ရှု၍ ရုပ်မှ ထသည် မည်၏။

အကယ်၍ ထိုယောဂီ၏ ဝိပဿနာသည် နာမ်ကိုသုံးသပ်ခိုက်၌ အရိယာမဂ်နှင့်တကွ ဆက်စပ်သွားငြားအံ့၊ ဤယောဂီသည် ရုပ်၌ ရှေးဦးစွာ ရှု၍ နာမ်မှ ထသည် မည်၏။ နာမ်၌ ရှေးဦးစွာရှု၍ နာမ်မှုငြင်း ရုပ်မှုငြင်း ထရာ၌လည်း ဤနည်းပင်တည်း။

၇၈၆။ "အမှတ်မရှိ တစုံတခုသော အကြောင်တရားသည် ဖြစ်ခြင်း သဘောရှိ၏၊ ထိုတရားအလုံးစုံသည် ချုပ်ခြင်း သဘောရှိ၏"ဟု ဤသို့ ရှေးဦးစွာ နှလုံးသွင်းပြီးလျှင် ဤအတူပင်(မဂ်ဖြင့်) ထသော ကာလ၌မူကား ခန္ဓာငါးပါးတို့မှ တပြိုင်နက် ထသည် မည်၏။

[၃၀၁] ၇၈၇။ တဦးသော ယောဂီသည် အစပဌမက ပင်လျှင် သင်္ခါရတရားတို့ကို အနိစ္စ အခြင်းအရာ အားဖြင့် သုံးသပ်၏။ သို့သော်လည်း အနိစ္စအခြင်းအရာအားဖြင့် သုံးသပ်ရုံမျှဖြင့် သာလျှင်(မဂ်ဟူသော)ထခြင်းသည် မဖြစ်သေး၊ ဒုက္ခအခြင်းအရာအားဖြင့်ငြင်း အနတ္တအခြင်းအရာအားဖြင့်ငြင်း သုံးသပ်အပ်သည်သာတည်း။ ထို့ကြောင့် ဒုက္ခအခြင်းအရာအားဖြင့်ငြင်း အနတ္တ အခြင်းအရာအားဖြင့်ငြင်း သုံးသပ်၏။ ဤသို့ ကျင့်သော ထိုယောဂီအား အနိစ္စအခြင်းအရာအားဖြင့် သုံးသပ်ခိုက်၌ (မဂ်ဟူသော) ထခြင်းသည် ဖြစ်၏၊ ဤယောဂီသည် အနိစ္စအခြင်းအရာအားဖြင့် ရှေးဦးစွာ နှလုံးသွင်း၍ အနိစ္စအခြင်းအရာအားဖြင့် ထသည် မည်၏။

အကယ်၍ ထိုယောဂီအား ဒုက္ခအခြင်းအရာအားဖြင့်၊ အနတ္တအခြင်းအရာအားဖြင့် သုံးသပ်ခိုက်၌ (မဂ်ဟူသော) ထခြင်းသည် ဖြစ်ငြားအံ့၊ ဤယောဂီသည် အနိစ္စအခြင်းအရာအားဖြင့် ရှေးဦးစွာ နှလုံးသွင်း၍ ဒုက္ခအခြင်းအရာအားဖြင့်။ အနတ္တအခြင်းအရာအားဖြင့် ထသည် မည်၏။ ဒုက္ခအခြင်းအရာအားဖြင့် အနတ္တအခြင်းအရာအားဖြင့် ရှေးဦးစွာ နှလုံးသွင်း၍ ကြွင်းသော အခြင်းအရာအားဖြင့် ထခြင်းတို့၌လည်း ဤနည်းပင်တည်း။

http://www.dhammadownload.com



၇၈၈။ ဤပုဂ္ဂိုလ်တို့တွင် အကြင် ပုဂ္ဂိုလ်သည်လည်း အနိစ္စ အခြင်းအရာအားဖြင့် ရှေးဦးစွာ နှလုံးသွင်းခဲ့၏၊ အကြင် ပုဂ္ဂိုလ်သည်လည်း ဒုက္ခ အခြင်းအရာအားဖြင့် ရှေးဦးစွာ နှလုံးသွင်းခဲ့၏၊ အကြင် ပုဂ္ဂိုလ်သည်လည်း အနတ္တအခြင်းအရာအားဖြင့် ရှေးဦးစွာ နှလုံးသွင်းခဲ့၏၊ (မဂ်ဖြင့်)ထသော ကာလ၌မူကား အနိစ္စအခြင်းအရာအားဖြင့် ထခြင်းသည် ဖြစ်ငြားအံ့၊ သုံးဦးလုံးသော ထိုပုဂ္ဂိုလ်တို့သည် အဓိမောက္ခ အဖြစ်များကုန်၏၊ လွန်ကဲသော သဒ္ဓိန္ဒြေကို ရကုန်၏၊ အနိမိတ္တဝိမောက္ခဖြင့် လွတ်မြောက်ကုန်၏၊ တောတာပတ္တိမဂ် ခဏ၌ သဒ္ဓါနုသာရီ မည်ကုန်၏၊ ခုနစ်ပါးသော (အထက်မဂ်ဖိုလ်ခဏ) အရာဌာနတို့၌ သဒ္ဓါဝိမုတ္တ မည်ကုန်၏။

အကယ်၍ ဒုက္ခအခြင်းအရာအားဖြင့် ထခြင်းသည် ဖြစ်ငြားအံ့၊ သုံးဦးလုံးသော ထိုပုဂ္ဂိုလ်တို့သည် ပဿဒ္ဓိ အဖြစ်များကုန်၏၊ လွန်ကဲသော သမာဓိန္ဒြေကို ရကုန်၏၊ အပ္ပဏိဟိတဝိမောက္ခဖြင့် လွတ်မြောက်ကုန်၏၊ အလုံးစုံ(သော မဂ်ဖိုလ် ခဏ ရှစ်ဌာန)တို့၌ ကာယသက္ခိမည်ကုန်၏။ အထူးကား ဒုက္ခ အခြင်းအရာအားဖြင့် ထသော ဤပုဂ္ဂိုလ်တို့တွင် အကြင် ပုဂ္ဂိုလ်အား အရူပဈာန်ဟူသော အခြေခံ ပါဒကဈာန် ရှိ၏၊ ထိုပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ခဏ၌ ဥဘတောဘာဂဝိမုတ္တ မည်၏။

သို့မဟုတ် ထိုသုံးဦးသော ပုဂ္ဂိုလ်တို့အား အနတ္တအခြင်းအရာအားဖြင့် ထခြင်းသည် အကယ်၍ ဖြစ်ငြားအံ့၊ သုံးဦးလုံးသော ထိုပုဂ္ဂိုလ်တို့သည် ပညာအဖြစ်များကုန်၏၊ လွန်ကဲသော ပညိန္ဒြေကို ရကုန်၏၊ သုညတဝိမောက္ခဖြင့် လွတ်မြောက်ကုန်၏၊ သောတာပတ္တိမဂ်ခဏ၌ ဓမ္မာနုသာရီ မည်ကုန်၏၊ (အလယ်ဖိုလ် မဂ်) ခြောက်ချက်သော ဌာနတို့၌ ဒိဋ္ဌိပ္ပတ္တမည်ကုန်၏၊ အရဟတ္တဖိုလ်ခဏ၌ ပညာဝိမုတ္တ မည်ကုန်၏။

၇၈၉။ ယခုအခါ ရှေးဉာဏ် နောက်ဉာဏ်တို့နှင့် တကွ ဤ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ထင်ရှားပေါ်စေရန် တဆယ့်နှစ်ခုသော ဥပမာတို့ကို သိအပ်ကုန်၏။ အောက်ပါ ဂါထာမှာ ၎င်းဥပမာတို့၏ အကျဉ်းချုပ် ခေါင်းစဉ်တည်း--

http://www.dhammadownload.com



လင်းနို့ မြွေဟောက် (မီးတောက်)[၁] ဒိမ်ဝယ်၊
နွား ဘီလူးမ (လမ်းမှ)[၁] သူငယ်၊
ဆာလောင် ရေငတ် အေးလတ် ပူဘယ်၊
အမှောင် (ဖုံး နောက်ဆုံး)[၂] အဆိပ်နှယ်။

ဤ ဥပမာ တို့ကို ဘယဉာဏ်မှ စ၍ အမှတ်မရှိ တပါးပါးသော ဉာဏ်၌ တည်၍ ဆောင်ပြခြင်းငှါ သင့်လျော်၏။ သို့သော် ဤ(ဝုဋ္ဌာနဂါမိနီ)အရာ၌ ဆောင်ပြလိုက်လျှင် ဘယဉာဏ်မှစ၍ ဖိုလ်ဉာဏ် တိုင်အောင် အလုံးစုံပင် ထင်ရှား ပေါ်၏၊ ထို့ကြောင့် ဤအရာ၌သာလျှင် ဆောင်ပြသင့်သည်ဟု (ဝိသုဒ္ဓိကထာ၌) မိန့်ဆိုထား၏။

[၃၀၂] လင်းနို့ဟူရာ၌ လင်းနို့တကောင်သည် "ဤသစ်ပင်၌ ပန်းဖြစ်စေ အသီးဖြစ်စေ ရလိမ့်မည်"ဟု မြော်လင့်၍ ကိုင်းငါးခုရှိသော သစ်မည်စည်ပင်၌ နား၍ ကိုင်းတခုကို သုံးသပ်စူးစမ်း၍ ထိုကိုင်း၌ ယူလောက် သုံးလောက်သော တစုံတခုသောပန်းကိုရင်း အသီးကိုရင်း မတွေ့မမြင်ပဲ ရှိသတတ်၊ ပဌမကိုင်းကိုကဲ့သို့ ဒုတိယကိုင်းကိုရင်း တတိယကိုင်းကိုရင်း စတုတ္ထကိုင်းကိုရင်း ပဉ္စမကိုင်းကိုရင်း သုံးသပ်စူးစမ်း၍ မတွေ့မမြင်ပဲ ရှိသတတ်။ ထိုလင်းနို့သည် "ဤသစ်ပင်ကား အသီးမရှိစွတကား၊ ဤအပင်၌ ယူလောက် သုံးလောက်သော တစုံတခုသော အသီးအပွင့်မျှ မရှိ"ဟု ဆင်ခြင်၍ ထိုသစ်ပင်၌ တွယ်တာခြင်းကို စွန့်လွှတ်၍ ဖြောင့်မတ်သော ခေါင်ကိုင်းဖြင့် တက်၍ သစ်ခက်ခွကြားဖြင့် ဦးခေါင်းကို ထုတ်ဖော်၍ အထက်သို့ မျှော်ကြည့်လျက် ကောင်းကင်၌ ပျံတက်သွားပြီးလျှင် အခြားတပါးသော အသီးရှိသော သစ်ပင်၌ နားလေ၏။

---

၁-(မီးတောက်) (လမ်းမှ) ဤပုဒ်များမှာ နောက်၌ပြလတ္တံ့သော အကျယ်အဖွင့်မှယူ၍ ရှစ်လုံးဘွဲ့ အပိုဒ်ပြည့်စေရန် ဖြည့်စွက်ပြထားသော ပုဒ်များဖြစ်သည်။

၂-(ဖုံးနောက်ဆုံး) ဤကွင်းအတွင်းရှိ စားလုံးများမှာလည်း ရှစ်လုံးပိုဒ် ပြည့်စေရန် အလျော်အားဖြင့် ဖြည့်စွက်ချက် ဖြစ်သည်။

ထိုဥပမာ၌ လင်းနို့ကဲ့သို့ ယောဂီပုဂ္ဂိုလ်ကို မှတ်အပ်၏၊ ကိုင်းငါးခုရှိသော သစ်မည်စည်ပင်ကဲ့သို့ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို မှတ်အပ်ကုန်၏၊ ထိုသစ်ပင်၌ လင်းနို့၏နားခြင်းကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ခန္ဓာငါးပါး၌ နှလုံးသွင်းခြင်းကိုမှတ်အပ်၏၊ ထိုလင်းနို့၏ တခုတခုသောကိုင်းကို သုံးသပ်စူးစမ်း၍ ယူလောက်သုံးလောက်သော တစုံတခုကိုမျှ မမြင်မူ၍ ကြွင်းသောကိုင်းကို သုံးသပ်စူးစမ်းခြင်းကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ရူပက္ခန္ဓာကို သုံးသပ်၍ ထိုရူပက္ခန္ဓာ၌ ယူလောက်သော တစုံတခုကိုမျှ မမြင်မူ၍ ကြွင်းသောခန္ဓာသုံးသပ်ခြင်းကို မှတ်အပ်၏၊ ထိုလင်းနို့၏ "ဤသစ်ပင်သည် အသီးမရှိစွတကား"ဟု ဆင်ခြင်၍ ထိုသစ်ပင်၌ တွယ်တာခြင်းကို စွန့်လွှတ်ခြင်းကဲ့သို့ ငါးပါးသောခန္ဓာတို့၌ အနိစ္စလက္ခဏာစသည်ကို မြင်သည်၏ အစွမ်းအားဖြင့် ငြီးငွေ့သော ယောဂီပုဂ္ဂိုလ်၏ စွန့်လွှတ်လိုသော မုဉ္စိတုကမျတာ အစရှိသော ဉာဏ်သုံးပါးကို မှတ်အပ်၏၊ ထိုလင်းနို့၏ ဖြောင့်မတ်သော ခေါင်ကိုင်းဖြင့် အထက်သို့ တက်ခြင်းကဲ့သို့ ယောဂီ၏ အနုလောမဉာဏ်ကို မှတ်အပ်၏၊ ဦးခေါင်းကို ထုတ်ဖော်၍ အထက်ကို မျှော်ကြည့်ခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ ကောင်းကင်၌ ပျံသွားခြင်းကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏၊ အခြားတပါးသော အသီးရှိသော သစ်ပင်၌ နားခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

၇၉၁။ **မြွေဟောက်ဥပမာ** ကို ပဋိသင်္ခါဉာဏ်၌ ဆိုခဲ့ပြီးသာလျှင် ဖြစ်၏။ အထူးကား ဥပမာနှီးနှောရာတွင် ဤအရာ၌ မြွေကိုလွှတ်ခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ လွှတ်ပြီး၍ လာခဲ့ရာလမ်းကို ကြည့်ရှုလျက် ရပ်တည်ခြင်းကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏၊ သွားပြီး၍ ဘေးကင်းရာအရပ်၌ တည်ခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏၊ ဤသည်ကား အထူးတည်း။

၇၉၂။ **အိမ်** ဟူရာ၌ အိမ့်ရှင်သည် ညနေချမ်း၌ အစာစားပြီးလျှင် အိပ်ရာသို့ဝင်၍ အိပ်ပျော်နေလတ်သော် အိမ်ကို မီးလောင်သတတ်၊ ထိုအိမ့်ရှင်သည် နိုးလတ်သော် မီးကိုမြင်၍ ကြောက်လန့်လျက် "မီးအလောင်မခံရဘဲ ထွက်သွားနိုင်လျှင် ကောင်းလေစွတကား"ဟု ကြည့်ရှုလတ်သော် ထွက်ပေါက်လမ်းကို မြင်၍ ထွက်သွားပြီးလျှင် ဘေးမဲ့ရာအရပ်သို့ လျင်သောအဟုန်ဖြင့်ပြေးသွား၍ တည်နေလေသတတ်။ ထိုဥပမာ၌ အစာစားပြီးလျှင်

http://www.dhammadownload.com



အိပ်ရာသို့ဝင်၍ အိမ့်ရှင်၏ အိပ်ပျော်နေခြင်းကဲ့သို့ ဗာလပုထုဇဉ်၏ ခန္ဓာငါးပါး၌ "ငါ ငါ့ဥစ္စာ"ဟု ယူခြင်းကို မှတ်အပ်၏။ အိပ်ရာမှ နိုးလတ်သော် မီးကိုမြင်၍ ကြောက်လန့်သောကာလကဲ့သို့ မှန်ကန်သောအကျင့်ကို ကျင့်လျက် လက္ခဏာသုံးပါးကိုမြင်၍ ဘေးအားဖြင့်ထင်သော ဘယဉာဏ်ကို မှတ်အပ်၏၊ ထွက်ပေါက်လမ်းကို ကြည့်ရှုခြင်းကဲ့သို့ [၃၀၃] မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏၊ ထွက်ပေါက်လမ်းကို မြင်ခြင်းကဲ့သို့ အနုလောမဉာဏ်ကို မှတ်အပ်၏၊ ထွက်သွားခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ လျင်သောအဟုန်ဖြင့် ပြေးသွားခြင်းကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏၊ ဘေးမဲ့ရာ အရပ်၌ တည်နေခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

၇၉၃။ **နွား** ဟူရာ၌ ညဉ့်အဖို့၌ အိပ်ပျော်နေစဉ် လယ်သမား တယောက်၏ နွားတို့သည် ခြံကို ချိုးဖောက်၍ ပြေးလေကုန်သတတ်၊ ထို လယ်သမားသည် မိုးသောက်ချိန်၌ ထိုခြံသို့ သွား၍ ကြည့်ရှုလတ်သော် ထိုနွားတို့၏ ထွက်ပြေးသည်၏ အဖြစ်ကို သိ၍ ခြေရာခံလျက် လိုက်လတ်သော် မင်း၏ နွားတို့ကို တွေ့မြင်လေသတတ်၊ ထို မင်း၏နွားတို့ကို "ငါ၏နွားတို့"ဟု ထင်မှတ်၍ ဆောင်ယူ လာလတ်သော် မိုးလင်းသောအခါ၌ "ဤနွားတို့သည် ငါ၏နွား မဟုတ်ကုန်၊ မင်း၏ နွားတို့တည်း"ဟု သိ၍ "ဤသူသည် ခိုးသူတည်း"ဟု ငါ့ကို ဖမ်းယူ၍ မင်းချင်း ယောကျ်ားတို့သည် အကျိုးမဲ့ ပျက်စီးအောင် မပြုကြသေးမီ ထွက်ပြေးအံ့"ဟု ကြောက်လန့်လျက် နွားတို့ကို စွန့်ပစ်ထားခဲ့၍ လျင်သော အဟုန်ဖြင့် ပြေး၍ ဘေးမဲ့ရာအရပ်၌ တည်နေလေသတ်၊ ထိုဥပမာ၌ မင်း၏ နွားတို့ကို "ငါ၏ နွား တို့"ဟု မှတ်ယူခြင်းကဲ့သို့ ဗာလပုထုဇဉ်၏ ခန္ဓာတို့ကို "ငါ ငါ့ဥစ္စာ"ဟု မှတ်ယူခြင်းကို မှတ်အပ်၏၊ မိုးလင်းသော အခါ၌ "မင်း၏နွားတို့"ဟု သိခြင်းကဲ့သို့ လက္ခဏာသုံးပါး၏ အစွမ်းအားဖြင့် ခန္ဓာတို့ကို "အနိစ္စ ဒုက္ခ အနတ္တ တရားတို့"ဟု ယောဂီ၏ သိခြင်းကို မှတ်အပ်၏၊ ကြောက်လန့်သော ကာလကဲ့သို့ ဘယတုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏၊ နွားတို့ကို စွန့်လွှတ်၍ သွားလိုသည်၏ အဖြစ်ကဲ့သို့ မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏၊ နွားတို့ကို စွန့်လွှတ်ခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ ပြေးခြင်းကဲ့သို့ မဂ်ကို မှတ်အပ်၏၊ ပြေး၍ ဘေးမဲ့ရာအရပ်၌ တည်နေခြင်းကဲ့သို့ ဖိုလ်ကိုမှတ်အပ်၏။

http://www.dhammadownload.com



၇၉၄။ **ဘီလူးမ** ဟူရာ၌ ယောကျ်ားတယောက်သည် ဘီလူးမနှင့်တကွ ပေါင်းသင်းနေထိုင်ခြင်းကို ပြုသတတ်၊ ထိုဘီလူးမသည် ညဉ့်အချိန်၌ "ဤ လူသားသည် အိပ်ပျော်လေပြီ"ဟု ထင်၍ သူသေကောင် စွန့်ရာ သုသာန်သို့ သွား၍ လူသားကို စား၏၊ ထိုယောကျ်ားသည် "ဤမိန်းမ အဘယ်သို့ သွားသနည်း"ဟု အစဉ်လိုက်၍ စူးစမ်းလတ်သော် လူသားစားနေသည်ကို မြင်၍ ထိုဘီလူးမ၏ လူမဟုတ်သည်၏ အဖြစ်ကို သိ၍ "ငါ့ကို မစား သေးမီပြေးအံ့"ဟု ကြောက်လန့်လျက် လျင်သောအဟုန်ဖြင့် ပြေး၍ ဘေးမဲ့ ရာအရပ်၌ တည်နေလေသတတ်။ ထိုဥပမာ၌ ဘီလူးမနှင့်တကွ ပေါင်းသင်း နေထိုင်ခြင်းကဲ့သို့ ခန္ဓာတို့ကို "ငါ ငါ့ဥစ္စာ"ဟု ယူခြင်းကို မှတ်အပ်၏၊ သုသာန်၌ လူသားစားနေသည်ကို မြင်၍ "ဤမိန်းမကား ဘီလူးမတည်း"ဟု သိခြင်းကဲ့သို့ ခန္ဓာတို့၏ လက္ခဏာသုံးပါးကို မြင်၍ အနိစ္စ စသည်၏ အဖြစ်ကို သိခြင်းကို မှတ်အပ်၏၊ ကြောက်လန့်သော ကာလကဲ့သို့ ဘေးအားဖြင့် ထင်သော ဘယတုပဋ္ဌာနညာဏ်ကို မှတ်အပ်၏၊ ပြေးခြင်းငှါ အလိုရှိသည်၏ အဖြစ်ကဲ့သို့ မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏၊ သုသာန် အရပ်ကို စွန့်ခြင်း ကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ လျင်သော အဟုန် ဖြင့် ပြေးခြင်း ကဲ့သို့ မဂ်ကို မှတ်အပ်၏၊ ဘေးမဲ့ရာအရပ်၌ တည်နေခြင်းကဲ့ သို့ ဖိုလ်ကို မှတ်အပ်၏။

၇၉၅။ **သူငယ်** ဟူရာ၌ သား၌ အချစ်ကြီးသော မိန်းမ တယောက်သည် ရှိသတတ်၊ ထို မိန်းမသည် ပြာသာဒ်ထက်၌ ထိုင်နေလျက်ပင်လျှင် လမ်းမ ထဲ၌ ကလေးငိုသံကို ကြားရ၍ "ငါ၏သားကို တစုံတယောက်သောသူက နှိပ်စက်လေသလော"ဟု ထင်၍ လျင်သော အဟုန်ဖြင့် သွားပြီးလျှင် "မိမိ၏သား" ဟူသော အမှတ်ဖြင့် သူတပါး၏သားကို ကောက်ယူလေ သတတ်။ ထို မိန်းမသည် "ဤသူငယ်ကား သူတပါး၏သားတည်း"ဟု သိ၍ ထိတ်လန့်လျက် ထိုမှ ဤမှ[၃၀၄] ကြည့်ရှုပြီးလျှင် "ဤ မိန်းမသည် ကလေး သူခိုးမတည်းဟု ငါ့ကို တစုံတယောက်သောသူသည် မစွပ်စွဲမပြော ဆိုပါစေလင့်"ဟု (ရည်ရွယ်ကာ) သူငယ်ကို ထိုအရပ်၌သာလျှင် ချထားခဲ့၍ တဖန်လျင်သော အဟုန်ဖြင့် ပြာသာဒ်သို့ တက်၍ထိုင်နေလေသတတ်။ ထို ဥပမာ၌"မိမိ၏သား" ဟူသောအမှတ်ဖြင့် သူတပါး၏သားကို ယူခြင်းကဲ့သို့ "ငါ ငါ့ ဥစ္စာ"ဟု ခန္ဓာငါးပါးကို ယူခြင်းကို မှတ်အပ်၏၊ "ဤသူငယ်ကား

http://www.dhammadownload.com



သူတပါး၏ သားတည်း” ဟု သိခြင်းကဲ့သို့ လက္ခဏာသုံးပါး၏ အစွမ်းအား ဖြင့် “ငါမဟုတ်၊ ငါ့ဥစ္စာ မဟုတ်”ဟု သိခြင်းကို မှတ်အပ်၏၊ ထိတ်လန့် ခြင်းကဲ့သို့ ဘယတုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏၊ ထိုမှ ဤမှ ကြည့်ရှုခြင်းကဲ့ သို့ မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏၊ ထိုလမ်းမဖြ သာလျှင် သူငယ်ကို ချထားခြင်းကဲ့သို့ အနုလောမဉာဏ်ကို မှတ်အပ်၏၊ ချထားပြီး၍ လမ်းမ ထဲ၌ တည်သော ကာလကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ ပြာသာဒ်သို့ တက်ခြင်းကဲ့သို့ ဂ်ကို မှတ်အပ်၏၊ တက်ပြီး၍ ထိုင်နေခြင်းကဲ့သို့ ဖိုလ်ကို မှတ်အပ်၏။

၇၉၆။ **“ဆာလောင် ရေငတ် အေးလတ် ပူတယ်၊ အမှောင်(ဖုံး နောက်ဆုံး) အဆိပ်နှယ်”** ဟူသော ဤဥပမာ ခြောက်ခုတို့ကိုကား ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၌ တည်သောယောဂီ၏ လောကုတ္တရာတရားသို့ ရှေးရှုညွတ်ကိုင်း ရှိုင်းသည်၏ အဖြစ်ကို ပြခြင်းငှါ ဆိုထားပေ၏။ ခွဲ၍ပြရလျှင်.... **ဆာလောင် ခြင်းဖြင့်** နှိပ်စက်(အပ်)သည်ဖြစ်၍ အလွန်ဆာသော ယောကျ်ားသည် ကောင်းသော အရသာရှိသော ဘောဇဉ်ကို တောင့်တသကဲ့သို့ ထို့အတူပင် သံသရာဝဋ်ဆင်းရဲကည်းဟူသော ဆာလောင်ခြင်းဖြင့် နှိပ်စက်(အပ်)သော ဤယောဂီသည် သေခြင်းကင်းသည့် အမြိုက်အရသာရှိသော ကာယဂတာ သတိဟူသော ဘောဇဉ်ကို တောင့်တ၏။

**ရေငတ်သော** ယောကျ်ားသည် အလွန်ခြောက်ကပ်သော လည်ချောင်း ခံတွင်းရှိသည်ဖြစ်၍ များစွာသော အစိတ်အပိုင်း အဆောက်အဦ(အဆာ) ရှိသော ဖျော်ရေကိုတောင့်တသကဲ့သို့ ထို့အတူပင် သံသရာဝဋ်ဆင်းရဲ ဟူ သော ရေငတ်ခြင်းဖြင့် နှိပ်စက်(အပ်)သော ဤယောဂီသည် အင်္ဂါရှစ်ပါး ရှိသော အရိယာမဂ်ဖျော်ရေကို တောင့်တ၏။

**အအေး** ဖြင့် ထိပါးနှိပ်စက်(အပ်)သော ပုဂ္ဂိုလ်သည် အပူကို တောင့်တ သကဲ့သို့ ထို့အတူပင်လျှင် သံသရာဝဋ်ဆင်းရဲ၌ တဏှာအစေး တည်းဟူသော အစေးဖြင့် ထိပါးနှိပ်စက်(အပ်)သော ဤယောဂီသည် ကိလေသာကို ပူလောင်စေတတ်သော အရိယာမဂ်တည်းဟူသော မီးကို တောင့်တ၏။ **အပူ** ဖြင့် ထိပါးနှိပ်စက်(အပ်)သော ပုဂ္ဂိုလ်သည် အအေးကို တောင့်တ သကဲ့သို့ ထို့အတူပင်လျှင် သံသရာဝဋ်ဆင်းရဲ၌ တဆယ့်တပါးသော မီးအပူ

http://www.dhammadownload.com



ဖြင့် ပူလောင်(အပ်)သော ဤယောဂီသည် တဆယ့်တပါးသော မီးတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို တောင့်တ၏။

**အမိုက်မှောင်** ဖြင့် ဖုံးလွှမ်းနှိပ်စက်(အပ်)သော ပုဂ္ဂိုလ်သည် အရောင်အလင်းကို တောင့်တသကဲ့သို့ ထို့အတူပင်လျှင် အဝိဇ္ဇာ တည်းဟူသော အမိုက်မှောင်ဖြင့် မြှေးယှက်ဖုံးလွှမ်း(အပ်)သော ဤယောဂီသည် ဉာဏ်အရောင်အလင်းရှိသော အရိယာမဂ်ဘာဝနာကို တောင့်တ၏။

**အဆိပ်** ဖြင့်ထိပါးနှိပ်စက်(အပ်)သောပုဂ္ဂိုလ်သည် အဆိပ်ကိုပယ်ဖျောက်တတ်သောဆေးကို တောင့်တသကဲ့သို့ ထို့အတူပင်လျှင် ကိလေသာအဆိပ်ဖြင့် ထိပါးနှိပ်စက်(အပ်)သော ဤယောဂီသည် ကိလေသာအဆိပ်ကို ချေဖျောက်ပယ်ဖျက်တတ်သော အမြိုက်ဆေးဖြစ်သော နိဗ္ဗာန်ကိုတောင့်တ၏။

ထို့ကြောင့် "ဤသို့သိလျက် ဤသို့မြင်သော [၃၀၅] ထိုယောဂီ၏စိတ်သည် သုံးပါးသောဘဝတို့၌၎င်း။ ပ။ ကိုးပါးသောသတ္တာဝါသတို့၌၎င်းတွန့်၏ ရှုံ့၏ ပြန်နစ်၏ ပြန့်၍မသွား၊ လျစ်လျူရှုခြင်းသည်သော်၎င်း စက်ဆုပ်သည့်အဖြစ်သည်သော်၎င်း ကောင်းစွာ တည်၏။ ဥပမာအားဖြင့် စဉ်းငယ်ကိုင်းသော ပဒုမ္မာကြာဖက်ပေါ်၌" ဤသို့ အစရှိသည့်ကို ငါဆိုခဲ့ပေသည်။ ဆိုပုံအလုံးစုံကို ရှေး၌ ဆိုထားသော နည်းဖြင့်ပင်လျှင် သိအပ်၏။

၇၉၇။ ဤမျှ (အားထုတ်ခဲ့သော ဘာဝနာအစီအရင်)ဖြင့် ဤယောဂီသည် စိတ်ကို တွန့်ဆုတ်အောင်ပြုလျက် ကျင့်သော **ပတိလီနစရပုဂ္ဂိုလ်** မည်ပေ၏။ ယင်း ပတိလီနစရပုဂ္ဂိုလ်ကို ရည်၍ အောက်ပါဂါထာကို ဟောတော်မူ၏——

> "အကြင်ရဟန်းသည် (ဆိတ်ငြိမ်သော နေရာသို့ ချဉ်းကပ်လျက် စိတ်ကို တွန့်ဆုတ်အောင် ပြုလျက် ကျင့်သည်ဖြစ်၍)[၁] မိမိ၏ ကိုယ်

---

၁-ဤလက်သည်းကွင်းအတွင်းရှိ စာသားမှာ မြန်မာစကား အနက်အဓိပ္ပါယ် ချောမောပြေပြစ်စေရန် နိယတ်ဝါကျမှ ယူ၍ ဖော်ပြထားသော စကားဖြစ်သည်။

http://www.dhammadownload.com



ဟူသော အတ္တဘောကို သုံးပါးသောဘဝ၌(တဖန် ဖြစ်သောအား ဖြင့်)[၁] မပြရ၊ ဆိတ်ငြိမ်သောနေရာကို ချဉ်းကပ်မှီဝဲလျက် (ထိုထို အာရုံမှ စိတ်ကို)[၂] တွန့်ဆုတ်အောင်ပြုလျက် ကျင့်သော ထိုရဟန်း ၏ ထိုသို့ တဖန် ဖြစ်သောအားဖြင့် မပြခြင်းကို သင့်လျော်ပေ သည်ဟု မိန့်ဆိုကုန်၏"။

ဤဆိုခဲ့သည့်အတိုင်း ဤသင်္ခါရုပေက္ခာဉာဏ်သည် ယောဂီ၏ ပတိလီန စရပုဂ္ဂိုလ်၏အဖြစ်ကို ကိန်းသေသတ်မှတ်ပြီးလျှင် ထို့ပြင်အရိယာမဂ်၏လည်း ဗောဇ္ဈင်အထူး မဂ္ဂင်အထူး ဈာနင်အထူး ပဋိပဒါအထူး ဝိမောက္ခအထူးကို ကိန်းသေသတ်မှတ်၏၊ ခွဲ၍ပြရလျှင်....အချို့မထေရ်တို့သည်"ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့၏အထူးကို ပါဒကဈာန်က ကိန်းသေသတ်မှတ်သည်"ဟုဆိုကုန်၏၊ အချို့မထေရ်တို့သည်"ဝိပဿနာ၏အာရုံဖြစ်ကုန်သောခန္ဓာတို့က ကိန်းသေ သတ်မှတ်ကြသည်"ဟု ဆိုကုန်၏။ အချို့မထေရ်တို့သည် "ပုဂ္ဂိုလ်၏ အလို အဇ္ဈာသယက ကိန်းသေသတ်မှတ်သည်"ဟု ဆိုကုန်၏။ ထိုသုံးပါးလုံးသော မထေရ်တို့၏ ဝါဒတို့၌ ဤပုဗ္ဗဘာဂဝိပဿနာက ကိန်းသေသတ်မှတ်သည်သာ ဟု သိအပ်၏။

၇၉၈။ ထို(သို့ သတ်မှတ်ရာ)၌ ဤ ဆိုလတ္တံ့သည်ကား အစဉ်အတိုင်း ပြဆိုချက်တည်း....သုက္ခဝိပဿက ပုဂ္ဂိုလ်အား ဖြစ်ပေါ်လာသော မဂ်သည် ၎င်း, ဈာန်သမာပတ်ရသော ပုဂ္ဂိုလ်အား ဈာန်ကို အခြေခံမပြုမူ၍ ဖြစ် ပေါ်သော မဂ်သည်၎င်း, ပဌမဈာန်ကို အခြေခံပြု၍ ပြိုးပြွမ်းသော(ပကိဏ္ဏက)သင်္ခါရတို့ကို[၃] သုံးသပ်၍ ဖြစ်စေ(အပ်)သော မဂ်သည်၎င်း ဝိပဿနာ ဟူသော ကိန်းသေ သတ်မှတ်ကြောင်း နိယမဖြင့် ပဌမဈာန်နှင့် ယှဉ်ကုန်

---

၁-ဤလက်သည်းကွင်းအတွင်းရှိ စကားမှာ ဋီကာအဖွင့် ဖြစ်သည်။

၂-ဤလက်သည်းကွင်းအတွင်းရှိ စကားမှာ သုတ္တနိပါတ်အဋ္ဌကထာ အဖွင့် ဖြစ် သည်။

၃-"ပြိုးပြွမ်းသော (ပကိဏ္ဏက) သင်္ခါရတို့ကို ဟူသည်ကား အခြေခံပြု၍ ဝင်စား သောဈာန်မှ တပါးသော ရုပ်နာမ်သင်္ခါရတို့ကို-ဟု ဆိုလို၏၊ ဤသို့ မဟာ ဋီကာ၌ ဖွင့်ပြသောကြောင့် ပါဒကဈာန်ရှိသော ပုဂ္ဂိုလ်မှာ ပါဒကဈာန်မှ တပါးသော ရုပ်နာမ်သင်္ခါရတို့ကို ရှုလျှင် ပြိုးပြွမ်းသော(ပကိဏ္ဏက) သင်္ခါရ တို့ကို ရှုသည်မည်၏၊ ထို့အတူပင် ဈာန်မရှိသော ပုဂ္ဂိုလ်မှာ မိမိသန္တာန်၌

http://www.dhammadownload.com



သည် သာလျှင် ဖြစ်ကုန်၏။ အလုံးစုံသော မဂ်တို့၌ ဗောဇ္ဈင်ခုနစ်ပါး မဂ္ဂင်ရှစ်ပါး ဈာနင် ငါးပါးတို့ ဖြစ်ကုန်၏။ မှန်ပေ၏၊ ထိုမဂ်တို့၏ ရှေး အဖို့ဖြစ်သော ဝိပဿနာသည် သောမနဿသဟဂုတ်သည်ငှင်း၊ ဥပေက္ခာသဟဂုတ်သည်ငှင်း ဖြစ်ခဲ့၍ (မဂ်ဖြင့်) ထသောကာလ၌ သင်္ခါရုပေက္ခာ အဖြစ်သို့ ရောက်လတ်သော် သောမနဿသဟဂုတ်သာလျှင် ဖြစ်၏။

ပဉ္စကနည်း၌ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် တို့ကို အခြေခံပြု၍ ဖြစ်စေ(အပ်)သောမဂ်တို့၌ ဈာန်သည် အစဉ်အတိုင်း အင်္ဂါလေးပါးရှိသည်ငှင်း၊ အင်္ဂါသုံးပါး ရှိသည်ငှင်း၊ အင်္ဂါနှစ်ပါး ရှိသည်ငှင်း ဖြစ်၏။ အလုံးစုံသောမဂ်တို့၌ ခုနစ်ပါးသောမဂ္ဂင်တို့ ဖြစ်ကုန်၏။ စတုတ္ထဈာန်မဂ်၌ ခြောက်ပါးသော ဗောဇ္ဈင်တို့ဖြစ်ကုန်၏။ ဤအထူးသည် ပါဒကဈာန်ဟူသောကိန်းသေ သတ်မှတ်ကြောင်း နိယမဖြင့်ငှင်း၊ ဝိပဿနာဟူသော ကိန်းသေ သတ်မှတ်ကြောင်း နိယမဖြင့်ငှင်း ဖြစ်ပေသည်။ မှန်ပေ၏၊ ထိုမဂ်တို့၏ ရှေးအဖို့ဖြစ်သော ဝိပဿနာသည်လည်း သောမနဿသဟဂုတ်သည်ငှင်း၊ ဥပေက္ခာသဟဂုတ်သည်ငှင်း ဖြစ်၏၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်ကား သောမနဿသဟဂုတ်သည်သာလျှင် ဖြစ်၏။

[၃၀၆] ပဉ္စမဈာန်ကို အခြေခံပြု၍ ဖြစ်စေ (အပ်) သော မဂ်၌ကား ဥပေက္ခာနှင့် ဧကဂ္ဂတာ၏ အစွမ်းအားဖြင့် ဈာနင်နှစ်ပါး ဗောဇ္ဈင်ခြောက်ပါး မဂ္ဂင်ခုနစ်ပါးတို့ ဖြစ်ကုန်၏။ ဤအထူးသည်လည်း နိယမနှစ်ပါးလုံး၏ အစွမ်းအားဖြင့် ဖြစ်၏။ မှန်ပေ၏၊ ဤနည်း၌ ရှေးအဖို့ဖြစ်သော ဝိပဿနာသည် သောမနဿသဟဂုတ်သော်ငှင်း၊ ဥပေက္ခာသဟဂုတ် သော်ငှင်း ဖြစ်၏၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်ကား ဥပေက္ခာသဟဂုတ် သာလျှင် ဖြစ်၏။ အရူပဈာန်တို့ကို အခြေခံပြု၍ ဖြစ်စေ(အပ်)သော မဂ်၌လည်း ဤနည်းပင်တည်း၊ ဤသို့လျှင် ပါဒကဈာန်မှထ၍ အမှတ်မရှိတစုံတခုသော သင်္ခါရတို့ကို သုံးသပ်၍ ဖြစ်စေ(အပ်)သော မဂ်အား [၁] နီးသောအရပ်၌

ဖြစ်ပေါ်သောမြင်မှု-ကြားမှုစသော သင်္ခါရတို့ကို ရှုခြင်းသည် ပြိုးပြွမ်းသော (ပကိဏ္ဏက)သင်္ခါရတို့ကို ရှုခြင်းပင် မည်၏ဟု မှတ်အပ်၏။

၁-မဂ်၏-ဟု သမ္ဗန်အနက်ပင် ဖြစ်သော်လည်း မြန်မာစကား ချောစေရန် မဂ်အား-ဟု ပြန်ဆိုထားသည်၊ ထိုမဂ်ကို အနီးဖြစ်သော ပါဒကဈာန် သမာပတ်က မိမိနှင့် ဈာန်အင်္ဂါတူစေသည်-ဟု ဆိုလို၏။

http://www.dhammadownload.com



ထခဲ့သောသမာပတ်က[၁] မိမိနှင့်တူသည်၏ အဖြစ်ကို ပြု၏၊ အဘယ်ကဲ့သို့ နည်းဟူမူ?မြေ၏ အဆင်းက ဖွတ်၏ အဆင်းအား မိမိနှင့် တူသည်၏အဖြစ်ကို ပြုသကဲ့သို့တည်း။

၇၉၉။ ဒုတိယမထေရ်၏ ဝါဒ၌ကား အကြင် အကြင်သမာပတ်မှ ထပြီးလျှင် အကြင်အကြင် သမာပတ်တရားတို့ကို သုံးသပ်၍ မဂ်ကိုဖြစ်စေဌြားအံ့၊ ထိုမဂ်သည် ထိုထို သုံးသပ်(အပ်) သော ဈာန်နှင့် တူသည်သာလျှင် ဖြစ်၏၊ ထိုမထေရ်၏ ဝါဒ၌လည်း ဝိပဿနာဖြင့် ကိန်းသေမှတ်ခြင်းကို ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် သိအပ်၏။

၈၀၀။ တတိယမထေရ်၏ ဝါဒ၌ကား မိမိ မိမိ၏ အလိုအဇ္ဈာသယ အားလျော်စွာ အကြင်အကြင် ဈာန်ကို အခြေခံပြုပြီးလျှင် အကြင်အကြင် ဈာန်တရားတို့ကို သုံးသပ်၍ မဂ်ကို ဖြစ်စေဌြားအံ့၊ ထိုမဂ်သည် ထိုထို အလိုရှိအပ်သောဈာန်နှင့် တူသည်သာလျှင် ဖြစ်၏။ သို့သော် အခြေခံပါဒကဈာန်နှင့်သော်ငြား သုံးသပ်သော သမ္မသိတဈာန်နှင့်သော်ငြား ကင်း၍ အလို အဇ္ဈာသယမျှဖြင့်သာလျှင် ထိုအလိုရှိသော ဈာန်နှင့် တူသည်၏ အဖြစ်သည် မပြီးစီးပေ။ ထိုအလိုအဇ္ဈာသယ အားလျော်စွာ ဖြစ်သည်ဟူသော ဤအနက်ကို **နန္ဒကောဝါဒ သုတ်ဖြင့်** ပြအပ်၏။ဤမထေရ်၏ ဝါဒ၌လည်း ဝိပဿနာဖြင့် ကိန်းသေ သတ်မှတ်ခြင်းကို ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် သိအပ်၏။ ဤသို့လျှင် သင်္ခါရုပေက္ခာက ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့ကို ကိန်းသေသတ်မှတ်သည်ဟု သိအပ်၏။

၈၀၁။ ထိုမှတပါး အကယ်၍ ဤ (သင်္ခါရုပေက္ခာ)သည် အစပိုင်း၌ ကိလေသာတို့ကို ပယ်ခွါသည်ရှိသော်[၂] ဆင်းရဲပင်ပန်းစွာ လုံ့လနှင့်တကွ ဖြစ်လျက် အားထုတ်မှုနှင့် တကွဖြစ်လျက် ပယ်ခွါခြင်းငှါ စွမ်းနိုင်ခဲ့ဌြားအံ့၊

၁-အနီးကာလ၌ ထခဲ့သော ဈာန်သမာပတ်ကို "နီးသောအရပ်၌ ထခဲ့သော သမာပတ်"ဟု ဆိုထားသည်၊ အရိယာမဂ်သို့ ရောက်ခါနီး ရှေးအဖို့က နောက်ဆုံး ဝင်စားခဲ့သော ပါဒကဈာန်သမာပတ်ကို ဆိုသည်။

၂ ကလာပသမ္မသနဉာဏ်၏အဆုံး၌ ဥဒယဗ္ဗယဉာဏ်ဖြစ်သောအခါ ဖြစ်ပေါ်လာသော ဝိပဿနာ၏ ညစ်ညူးကြောင်း ဥပက္ကိလေသကို သုံးကြိမ်တိုင်တိုင်

http://www.dhammadownload.com



(ဒုက္ခပဋိပဒါ) ခဲယဉ်းသော အကျင့်မည်၏။ (ထိုမှ) ပြန်သောအားဖြင့် (သုခပဋိပဒါ) လွယ်ကူသော အကျင့်မည်၏။ ထိုမှတပါး ကိလေသာတို့ကို ပယ်ခွါပြီးလျှင် ဝိပဿနာဟူသော ပရိဝါသ်ရှိသော[၁] မဂ်၏ ဖြစ်ပေါ်ခြင်းကို ဖြည်းဖြည်းပြုသည်ရှိသော် (ဒန္ဓာဘိညာ) နှေးသော အဘိညာမည်၏။ (ထိုမှ)ပြန်သောအားဖြင့် (ခိပ္ပာဘိညာ)လျင်သော အဘိညာမည်၏။ ဤသို့လျှင် သင်္ခါရုပေက္ခာသည်(မဂ်၏)လာခဲ့ရာအကြောင်း၏ အရာ၌ တည်၍ မိမိနှင့်ဆိုင်သော မဂ်အား အမည်ကို ပေး၏။ ထိုကြောင့် မဂ်သည် လေးပါးသောအမည်တို့ကို ရ၏[၂]။

---

ရှု၍ပယ်ခွါရခြင်းဖြင့် ဆင်းရဲပင်ပန်းသည်ဟု ဆိုသော ဝါရကို ဒုက္ခပဋိပဒါဟု ရှေးဆရာတို့ နှစ်သက်ကြကြောင်းကို ဆရာတို့က ဆိုကုန်၏၊ သို့သော်လည်း အဋ္ဌကထာ၌ "ဝိပဿနာဉာဏ်သည် ထက်မြက်ရဲရင့် ကြည်လင်လျက် ဆောင်သွားလတ်သော် ဖြစ်ပေါ်လာသော ဝိပဿနာ၌ ငြိကပ်တွယ်တာမှု နိကန္တိကို ဆင်းရဲငြိုငြင်စွာနှင့် ပင်ပန်းလျက် ကုန်စေသည်" ဟူ၍ ဆိုထားသောကြောင့် ရှေးအဖို့၌ မူဋီကာတို့မျှ စသည်၏ အဖြစ်ဖြင့် ဖြစ်သော သင်္ခါရုပေက္ခာသည် မိမိ၏ ဆန့်ကျင်ဘက် ကိလေသာတို့ကို ခဲယဉ်းငြိုငြင်စွာဖြင့် ပယ်ခွါရသည်ရှိသော် ဒုက္ခပဋိပဒါအဖို့၌သာလျှင် တည်၏-ဟု မဟာဋီကာ၌ မိန့်ဆိုသောကြောင့် မူဋီကာတို့မျှဉာဏ် ပဋိသင်္ခါဉာဏ်အခိုက်အတန့်၌ ခဲခဲယဉ်းယဉ်း ရှုမှတ်ခဲ့ရလျှင် ထိုသို့သော သင်္ခါရုပေက္ခာကိုလည်း ဒုက္ခပဋိပဒါဟူ၍သာ မှတ်အပ်၏။

၁-အလိုရှိအပ်သော မဂ်ဟူသောဌာနသို့ မကပ်ရောက်သေးမူ၍ ဤဝိပဿနာ၌သာလျှင် ကြိုတင်၍နေ၏။ မဂ်နှင့်ကင်းလျက်နေ၏၊ ဤသို့ကြိုတင်၍ မဂ်နှင့်ကင်းလျက်နေရာဖြစ်သောကြောင့် ဝိပဿနာသည် ပရိဝါသ-ပရိဝါသ်မည်၏ဟု ပြဆိုသော ဋီကာနှင့်အညီ သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်နေပါလျက် မဂ်ဉာဏ်သို့ မဆိုက်ရောက်သေးပဲ သင်္ခါရုပေက္ခာသာလျှင် ကြာမြင့်စွာဖြစ်နေသည်ကို ဝိပဿနာပရိဝါသ်နေသည်ဟု မှတ်အပ်၏။

၂-သင်္ခါရုပေက္ခာဖြစ်ပြီးမှ အရိယာမဂ်ဖြစ်ပေါ်ရသောကြောင့် ယင်းအရိယာမဂ်ကို သင်္ခါရုပေက္ခာမှလာသည်ဖြစ်သည်ဟု ဆိုရ၏၊ သင်္ခါရုပေက္ခာကိုလည်း ထိုမဂ်၏ လာခဲ့ရာအကြောင်းဟု ဆိုရ၏။ ထိုသင်္ခါရုပေက္ခာသည် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာဖြစ်လျှင် မိမိမှဆက်၍ဖြစ်သော အရိယာမဂ်အား ဒုက္ခပဋိပဒါ ဒန္ဓာဘိညာဟူသော မိမိအမည်ကို ပေး၏၊ ထိုသင်္ခါရုပေက္ခာသည် ဒုက္ခ

http://www.dhammadownload.com



[၁၀၇] ထိုသို့ သဘောရှိသော (ရောက်ကြောင်း အကျင့် ဖြစ်သော) ဤ ပဋိပဒါသည်[၁] အချို့သော ရဟန်းအား အသီးအသီး ကွဲပြား၏၊ အချို့သော ရဟန်းအား မဂ်လေးပါးလုံးတို့၌လည်း မကွဲမပြား တပါးတည်း သာလျှင် ဖြစ်၏။ မြတ်စွာဘုရားတို့မှာမူကား မဂ်လေးပါးလုံးပင် သုခ ပဋိပဒါ- ချမ်းသာသော အကျင့်ရှိကုန်၍ ခိပ္ပါဘိညာ-လျင်သော အဘိညာရှိ ကုန်သည်သာလျှင် ဖြစ်လေကုန်၏။ အရှင်သာရိပုတြာမှာလည်း ထို့အတူ ပင်တည်း။ အရှင်မဟာမောဂ္ဂလ္လာန်မှာမူကား ပဌမမဂ်သည် သုခပဋိပဒါ- လွယ်ကူသောအကျင့်ရှိ၍ ခိပ္ပါဘိညာ-လျင်သော အဘိညာရှိ၏။ အထက် မဂ်သုံးပါးတို့သည် ဒုက္ခပဋိပဒါ-ခဲယဉ်းသော အကျင့်ရှိကုန်၍ ခိပ္ပါဘိညာ- လျင်သော အဘိညာရှိကုန်၏။ ပဋိပဒါ ကဲ့သို့ပင် ထို့အတူ အဓိပတိတို့ သည်လည်း အချို့သော ရဟန်းမှာ လေးပါးသော မဂ်တို့၌ အသီးအသီး ကွဲပြားကုန်၏၊ အချို့သော ရဟန်းမှာ မဂ်လေးပါးလုံးတို့၌ မကွဲမပြား တပါးတည်းသာ ဖြစ်၏။ ဤသို့လျှင် သင်္ခါရုပေက္ခာသည် ပဋိပဒါ အထူးကို ကိန်းသေ သတ်မှတ်၏။ ထိုမှတပါး ဝိမောက္ခ အထူးကို ကိန်းသေ သတ်မှတ် ပုံမှာ ရှေး၌ဆိုခဲ့ပြီးသာလျှင် ဖြစ်၏။

၁၀၂။ တနည်းအားဖြင့်လည်း မဂ်မည်သည်ကား မိမိ၏ သဘော (သရသ) အားဖြင့်၎င်း, ဆန့်ကျင်ဘက်အားဖြင့်၎င်း, မိမိ၏ ဂုဏ်အားဖြင့်

---

ပဋိပဒါခိပ္ပါဘိညာဖြစ်လျှင်လည်း မိမိမှဆက်၍ဖြစ်သောမဂ်အား ထိုမိမိ အမည်ကို ပေး၏၊ ထိုသင်္ခါရုပေက္ခာသည် သုခပဋိပဒါဒန္ဓာဘိညာဖြစ်လျှင် လည်း မိမိမှဆက်၍ဖြစ်သောမဂ်အား ထိုမိမိ၏အမည်ကို ပေး၏၊ ထိုသင်္ခါ- ရုပေက္ခာသည် သုခပဋိပဒါခိပ္ပါဘိညာဖြစ်လျှင် မိမိမှဆက်၍ဖြစ်သောမဂ် အား သုခပဋိပဒါခိပ္ပါဘိညာဟူသော မိမိ၏အမည်ကို ပေး၏၊ ထို့ကြောင့် "မဂ်သည် လေးပါးသော အမည်တို့ကို ရ၏" ဟု ဆိုသည်။ သင်္ခါရုပေက္ခာ ဟူသော မိမိမှဆက်၍ဖြစ်သောမဂ်ကို ဝိသုဒ္ဓိမဂ်စာကိုယ်၌ "မိမိ၏မဂ်" ဟု ဆိုထား၏၊ ဤမြန်မာပြန်၌ကား နားလည်လွယ်စေရန် "မိမိနှင့် ဆိုင်သော မဂ်"ဟု ပြန်ဆိုထားသည်။

၁-"ဤပဋိပဒါသည်" ဟူသောစကားဖြင့် ပဋိပဒါနှင့် အဘိညာ နှစ်ပါးလုံးကို ယူအပ်၏၊ အဘိညာသည်လည်း အချို့ရဟန်းအား ကွဲပြား၍ အချို့ရဟန်း အား မကွဲပြားဟု ဆိုလို၏။

ဂုဏ်း,အာရုံအားဖြင့်ဂုဏ်း,လာခဲ့ရာအကြောင်း(အာဂုံ)အားဖြင့်ဂုဏ်း- ဤသို့ ငါးပါးသော အကြောင်းတို့ဖြင့် အမည်ကို ရ၏။ ချဲ၍ ပြရလျှင်- သင်္ခါရုပေက္ခာသည် သင်္ခါရတို့ကို အနိစ္စ အခြင်းအရာအားဖြင့် သုံးသပ်၍ ထငြားအံ့[1]၊ **အနိမိတ္တဝိမောက္ခ** ဖြင့် လွတ်မြောက်၏။ [2] ဒုက္ခအခြင်းအရာအား ဖြင့် သုံးသပ်၍ ထငြားအံ့၊ **အပ္ပဏိဟိတဝိမောက္ခ** ဖြင့် လွတ်မြောက်၏။ အနတ္တအခြင်းအရာအားဖြင့် သုံးသပ်၍ ထငြားအံ့၊ **သုညတဝိမောက္ခ** ဖြင့် လွတ်မြောက်၏။ ဤသည်ကား (နိမိတ် စသည် ကင်းသော) မိမိ၏ သဘောအားဖြင့် ရသောအမည်တည်း။

ထိုမှတပါး ဤမဂ်သည်[3] အနိစ္စာနုပဿနာဖြင့် သင်္ခါရတို့၏ ဃနပညတ် အစိုင်အခဲကို ဖျက်ခွဲ၍ မြဲသည့်ပုံဟန်-နိစ္စနိမိတ်, ခိုင်ခံ့သည့် ပုံဟန်-ဓုဝနိမိတ်, အမြဲတန်း တည်ရှိသည့်ပုံဟန် - သဿတနိမိတ်တို့ကို ပယ်စွန့်၍ လာခဲ့၏၊ ထို့ကြောင့် **အနိမိတ္တ** မည်၏။ ဒုက္ခာနုပဿနာဖြင့် သုခသညာကို ပယ်ခွါ၍ စိတ်ညွတ်ထားခြင်း တောင့်တခြင်းကို ခြောက်သွေ့စေ၍ လာခဲ့သော ကြောင့် **အပ္ပဏိဟိတ** မည်၏။ အနတ္တာနုပဿနာဖြင့် အတ္တကောင် ဟူသော အမှတ် သတ္တဝါ ဟူသော အမှတ် ပုဂ္ဂိုလ်ဟူသော အမှတ်သညာ ကို ပယ်စွန့်၍ သင်္ခါရတို့ကို ဆိတ်သုဉ်းသောအားဖြင့် မြင်သောကြောင့် **သုညတ** မည်၏။ ဤသည်ကား (နိမိတ်စသည်တို့၏) ဆန့်ကျင်ဘက် အားဖြင့် ရသောအမည်တည်း။

ထိုမှတပါး ဤမဂ်သည် ရာဂစသည်တို့မှ ဆိတ်သုဉ်းသောကြောင့် **သုညတ** မည်၏။ ရူပနိမိတ်စသည်တို့၏ဂုဏ်း ရာဂနိမိတ်စသည်တို့၏ဂုဏ်း မရှိခြင်းကြောင့် **အနိမိတ္တ** မည်၏။ ရာဂပဏိဓိ စသည်တို့၏[4]မရှိခြင်းကြောင့်

---

၁-သင်္ခါရုပေက္ခာက အနိစ္စအခြင်းအရာအားဖြင့် သုံးသပ်သည်၏ အခြားမဲ့၌ အရိယာမဂ် ဖြစ်ပေါ်ငြားအံ့-ဟု ဆိုလို၏။

၂-အနိမိတ္တဝိမောက္ခမည်သော မဂ်ဖြင့် လွတ်မြောက်၏၊ ထိုမဂ်သည် အနိမိတ္တ ဝိမောက္ခမည်၏-ဟု ဆိုလို၏။ နောက်အပိုဒ်တို့၌လည်းနည်းတူပင်။

၃-ဤ မဂ်သည်....ဖျက်ခွဲ၍....ပယ်စွန့်၍လာခဲ့၏၊ ထို့ကြောင့် အနိမိတ္တမည်၏ဟု စပ်ပါ။ နောက်နှစ်ပိုဒ်၌လည်း နည်းတူပင် စပ်ပါ။

၄-ရာဂပဏိဓိ-တပ်မက်သော ရာဂကို ထားခြင်း-ဖြစ်စေခြင်း။ "စသည်" ဟူသော စကားဖြင့် ဒေါသပဏိဓိ, မောဟပဏိဓိတို့ကို ယူအပ်၏။

http://www.dhammadownload.com



**အပ္ပဏိဟိတ** မည်၏။ ဤသည်ကား မိမိ၏ ဂုဏ်အားဖြင့် ရသော အမည်တည်း။

ထိုသို့ သဘောရှိသော ဤမဂ်သည် ဆိတ်လည်း ဆိတ်သုဉ်းသော နိမိတ်လည်း ကင်းသော တောင့်တမှုလည်း ကင်းသော နိဗ္ဗာန်ကို အာရုံပြုတတ်၏၊ ထိုကြောင့်လည်း ၎င်းမဂ်ကို **သုညတ** ဟူ၍၎င်း,**အနိမိတ္တ** ဟူ၍၎င်း, **အပ္ပဏိဟိတ** ဟူ၍၎င်း ခေါ်ဆိုအပ်၏။ ဤသည်ကား ထိုမဂ်၏ အာရုံအားဖြင့် ရသောအမည်တည်း။

၈၀၃။ ထိုမှတပါး လာခဲ့ရာအကြောင်း(အာဂုံ)သည် ဝိပဿနာဟူသော လာခဲ့ရာအကြောင်း, မဂ်ဟူသောလာခဲ့ရာအကြောင်း ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် မဂ်၌ ဝိပဿနာဟူသော လာခဲ့ရာအကြောင်းကိုရ၏။ ဖိုလ်၌ မဂ်ဟူသော လာခဲ့ရာအကြောင်းကို ရ၏။ ရပုံကား.... အနတ္တာနုပဿနာသည် သုညတဝိပဿနာ မည်၏၊ သုညတဝိပဿနာ၏ မဂ်သည်[၁] **သုညတမဂ်** မည်၏။ (သုညတမဂ်၏ ဖိုလ်သည် **သုညတဖိုလ်** မည်၏။)[၂] အနိစ္စာနုပဿနာသည် အနိမိတ္တဝိပဿနာမည်၏၊ [၃၀၈] အနိမိတ္တဝိပဿနာ၏ မဂ်သည် **အနိမိတ္တမဂ်** မည်၏။ ဤအနိမိတ္တ ဟူသော အမည်ကိုကား အဘိဓမ္မာနည်းအားဖြင့် မရအပ်ပေ။ သုတ္တန်နည်းအားဖြင့် သာလျှင် ရအပ်ပေ၏။ မှန်ပေ၏၊ ထိုသုတ္တန်၌ ဂေါတြဘုဉာဏ်သည် နိမိတ်ကင်းသော နိဗ္ဗာန်ကို အာရုံပြုသောကြောင့် အနိမိတ္တ အမည်ရှိသည်ဖြစ်၍ မိမိက မဂ်၏လာခဲ့ရာ အကြောင်း၏ အရာ၌ တည်၍ မဂ်အား (အနိမိတ္တ ဟူသော) အမည်ကို ပေး၏ဟု ဆိုကုန်၏။ ထို့ကြောင့် မဂ်ကို **အနိမိတ္တ**ဟု ဆိုအပ်၏။ ''မဂ်ဟူသောလာခဲ့ရာအကြောင်းအားဖြင့် ဖိုလ်သည် **အနိမိတ္တ** မည်၏''ဟူသော အနက်သည်ကား သင့်သည် သာလျှင်တည်း။ ဒုက္ခာနုပဿနာသည် သင်္ခါရတို့၌ တပ်မက်မှု တဏှာကို ခြောက်စေ၍ လာသောကြောင့် အပ္ပဏိဟိတဝိပဿနာမည်၏။ အပ္ပဏိဟိတဝိပဿနာ၏ မဂ်သည်

---

၂-သုညတဝိပဿနာ၏ မဂ်ဟူသည်မှာ သုညတဝိပဿနာ၏ အခြားမဲ့၌ ဆက်၍ ဖြစ်ပေါ်သောမဂ်တည်း၊ ၎င်းကို သုညတဝိပဿနာနှင့် စပ်ဆိုင်သော မဂ်ဟူ၍လည်း ခေါ်အပ်၏။

၃-ဤ လက်သည်းကွင်းအတွင်းရှိ စာပိုဒ်မှာ ယခုလက်ရှိ ဝိသုဒ္ဓိမဂ်စာအုပ်တို့၌ မရှိငြားသော်လည်း စင်စစ်ရှိသင့်သောကြောင့် ဖော်ပြထားသည်။

http://www.dhammadownload.com



**အပ္ပဏိဟိတမဂ်**မည်၏။ အပ္ပဏိဟိတမဂ်၏ဖိုလ်သည် **အပ္ပဏိဟိတဖိုလ်**မည်၏။ ဤသို့လျှင် ဝိပဿနာသည် မိမိ၏ အမည်ကို မဂ်အား ပေး၏၊ မဂ်သည် ဖိုလ်အား ပေး၏။ ဤသည်ကား လာခဲ့ရာအကြောင်း (အာဂုံ) အားဖြင့် ရသောအမည်တည်း။ ဤသို့လျှင် ဤသင်္ခါရုပေက္ခာသည် ဝိမောက္ခအထူးကို ကိန်းသေသတ်မှတ်၏။

သင်္ခါရုပေက္ခာညာဏ် ပြီး၏။

## အနုလောမညာဏ်ကို ပြဆိုချက်

၈၀၄။ ထိုသင်္ခါရုပေက္ခာညာဏ်ကိုမှီဝဲလျက် ပွါးစေလျက် အကြိမ်များစွာ ပြုသော ထိုယောဂီအား ယုံကြည် ဆုံးဖြတ်မှု-အဓိမောက္ခ သဒ္ဓါသည် အားကြီးစွာဖြစ်၏။ ကောင်းစွာ ချီးမြှောက်ထောက်ပံ့အပ်သော (ထက်သန်သော)ဝီရိယသည် ဖြစ်၏။ သတိသည် ကောင်းစွာထင်၏။ စိတ်သည် ကောင်းစွာ တည်ကြည်၏။ အထူးသဖြင့် ထက်မြက်သော သင်္ခါရုပေက္ခာသည် ဖြစ်၏။ ထိုယောဂီအား "ယခုအခါ မဂ်ဖြစ်လတ့်"ဟု ဆိုသင့်သော ခဏ၌ [၁] -သင်္ခါရုပေက္ခာသည် သင်္ခါရတို့ကို အနိစ္စ-မမြဲဟူ၍သော်၎င်း၊ ဒုက္ခ-ဆင်းရဲဟူ၍သော်၎င်း၊ အနတ္တ-အတ္တမဟုတ်-အတ္တမရှိ-သဘောတရားမျှဟူ၍သော်၎င်း သုံးသပ်ပြီးလျှင် ဘဝင်သို့ သက်၏။

ဘဝင်၏ အခြားမဲ့၌ သင်္ခါရုပေက္ခာက ပြုသော(ရှုသော)နည်းဖြင့်သာလျှင် [၂] သင်္ခါရတို့ကို အနိစ္စဟူ၍သော်၎င်း၊ ဒုက္ခဟူ၍သော်၎င်း၊ အနတ္တဟူ၍

---

၁-ယခုပင် မဂ်ဖြစ်တော့မည်ဟု ဆိုသင့်သော နောက်ဆုံး ဝိပဿနာဝီထိဖြစ်ဆဲခဏ၌-ဟု ဆိုလို၏။

၂-ရှေးအခြားမဲ့ဖြစ်သော ဝိပဿနာဝီထိ၌ သင်္ခါရုပေက္ခာက အာရုံပြုခဲ့သော နည်းအတိုင်းသာလျှင်ဟု ဆိုလို၏။ ဖြစ်ပုံကား....အကယ်၍ ထိုသင်္ခါရုပေက္ခာက သင်္ခါရတို့ကို အနိစ္စဟု ရှုခဲ့လျှင် မဂ်ဝီထိ၏ အစဖြစ်သော ဤမနောဒွါရာဝဇ္ဇန်းကလည်း သင်္ခါရတို့ကို အနိစ္စဟု အာရုံပြုလျက် ဖြစ်သည်၊ ထို့အတူ ထိုသင်္ခါရုပေက္ခာက ဒုက္ခဟု ရှုခဲ့လျှင် ဤမနောဒွါရာဝဇ္ဇန်းကလည်း ဒုက္ခဟု အာရုံပြုလျက် ဖြစ်သည်၊ ထိုသင်္ခါရုပေက္ခာက အနတ္တဟု ရှုခဲ့လျှင် ဤမနော-ဒွါရာဝဇ္ဇန်းကလည်း အနတ္တဟု အာရုံပြုလျက် ဖြစ်သည်ဟု ဆိုလို၏။

http://www.dhammadownload.com



သော်၎င်း အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းသည် ဖြစ်ပေါ်၏။ထိုမှနောက်၌[၁] ဘဝင်ကိုနှစ်စေ၍ ဖြစ်သော ထိုမနောဒွါရာဝဇ္ဇန်းစိတ်၏ အခြားမဲ့၌[၂] အခြား အပြတ်မရှိသော စိတ်အစဉ်ကို ဆက်စပ်စေလျက် ထို(သင်္ခါရုပေက္ခာ) အတူပင်လျှင်[၃] သင်္ခါရတို့ကို အာရုံပြုလျက် ပဌမဇောစိတ်သည် ဖြစ်ပေါ်၏၊ ယင်းပဌမဇောစိတ်ကို **ပရိကံ**[၄]ဟူ၍ ခေါ်ဆိုအပ်၏။ ထိုပဌမဇော၏ အခြားမဲ့၌ ထိုအတူပင်လျှင် သင်္ခါရတို့ကို အာရုံပြုလျက် ဒုတိယဇောစိတ်သည် ဖြစ်ပေါ်၏၊ ယင်းဒုတိယဇောစိတ်ကို **ဥပစာရ-ဥပစာ**[၅] ဟူ၍ ခေါ်ဆိုအပ်၏။ ထိုဒုတိယဇောစိတ်၏ အခြားမဲ့၌လည်း ထိုအတူပင်လျှင် သင်္ခါရတို့ကို အာရုံပြုလျက် တတိယဇောစိတ်သည် ဖြစ်ပေါ်၏၊ ယင်းတတိယဇောစိတ်ကို **အနုလောမ-အနုလုံ**ဟု ခေါ်ဆိုအပ်၏။ ဤ အမည်သုံးခုသည်ကား ထိုဇော သုံးခုတို့၏ အသီးအသီးအမည်ပေတည်း။

သာမညအားဖြင့်မူကား ဤဇောသုံးခုလုံးကို **အာသေဝနဇော** ဟူ၍၎င်း၊ **ပရိကံဇော**ဟူ၍၎င်း၊ **ဥပစာဇော** ဟူ၍၎င်း၊ **အနုလုံဇော**ဟူ၍၎င်း ခေါ်ဆိုရန် သင့်ပေ၏။ အဘယ်အားလျော်သနည်းဟူမူကား? ရှေးအဖို့နောက်အဖို့

---

၁-ထိုမှနောက်၌....ပဌမဇောစိတ်သည် ဖြစ်ပေါ်၏-ဟု စပ်ပါ။

၂- "အခြားမဲ့၌" ဟူသော ပုဒ်ကို "ဆက်စပ်စေလျက်" ဟူသော ပုဒ်နှင့်သာ စပ်ပါ။

၃-ရှေးအခြားမဲ့ နှစ်ဝီထိ သုံးဝီထိတို့၌ ပါဝင်သော သင်္ခါရုပေက္ခာက ရှုခဲ့သည့် နည်းအတိုင်းပင်ဟု ဆိုလို၏၊ အကျယ်ဖြစ်ပုံမှာ နှာ ၄၂၉-မှတ်ချက် ၂-၌ ပြခဲ့သည့်အတိုင်းပင် ဖြစ်သည်။ အထူးသတိပြုရန်မှာ မြန်မာမူ ဋီကာ စာအုပ်တို့၌ ဒွတ္တိ- (၂-ခု ၃-ခု)-အရာဝယ် ဒွတ္တိံသ (၃၂-ခု)-ဟု မှားယွင်း လျက် ရှိ၏၊ ဒွတ္တိ-ဟု ရှိသော သီဟိုဠ်မူသည်သာလျှင် မဟာဋီကာ ပဌမတွဲ နှာ ၁၉၁ ကြောင်းရေ ၃-၄-၅-တို့နှင့် ညီသောကြောင့် မူလပါဌ်မှန် ဖြစ်ပေ သည်။

၄-ပရိကမ္မ-ပရိကံ- မဂ်ဖြစ်ပေါ်ရန် ကြိုတင်၍ ပြုမှု-အဆင်သင့်ဖြစ်အောင် ကြို တင်၍ ပြုမှုဟု ဆိုလို၏။

၅-ဥပ-အနီး၌+စာရ ဖြစ်သည်=ဥပစာရ-မဂ်၏အနီး၌ ကပ်၍ ဖြစ်သော ဇော။

http://www.dhammadownload.com



ဖြစ်သော တရားအဖို့အစုတို့အား လျော်ပေ၏။ မှန်ပေ၏၊ ထိုအနုလောမဉာဏ်သည် ရှေး၌ဖြစ်ကုန်သော (ဥဒယဗ္ဗယဉာဏ် အစရှိကုန်သော) ရှစ်ပါးသော ဝိပဿနာဉာဏ်တို့၏ မှန်သောကိစ္စရှိသည်၏အဖြစ်အား လျော်၏၊ အထက်(မဂ်)၌[၁] (ပါဝင်သော) သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့(၏ မှန်သောကိစ္စရှိသည်၏အဖြစ်)အားလည်း[၂] လျော်၏။

လျော်ပုံကား....ထိုအနုလောမဉာဏ်သည်[၃] အနိစ္စလက္ခဏာ စသည်၏အစွမ်းအားဖြင့် သင်္ခါရတရားတို့ကို [၃၀၉] အာရုံပြု၍ ဖြစ်သောကြောင့်[၄] "ဥဒယဗ္ဗယဉာဏ်သည် ဖြစ်ခြင်း ပျက်ခြင်းရှိသောရုပ်နာမ်တရားတို့၏ သာလျှင် ဖြစ်ခြင်းပျက်ခြင်းကို ရှုမြင်ခဲ့ပေစွတကား"ဟူ၍၎င်း "ဘင်္ဂါနုပဿနာဉာဏ်သည် ပျက်ခြင်းရှိသော ရုပ်နာမ်တရားတို့၏သာလျှင် ပျက်ခြင်းကို ရှုမြင်ခဲ့ပေစွတကား"ဟူ၍၎င်း "ကြောက်ဖွယ်ဘေးရှိသော သင်္ခါရတရားအပေါင်းသည်သာလျှင် ဘယတုပဋ္ဌာနဉာဏ်အား ကြောက်ဖွယ်ဘေးအနေ

---

၁-ဥပရိ-ဟူသော ပါဠိအရ အထက်(မဂ်)၌-ဟု ပြန်ဆိုထားသည်။ အနုလောမဉာဏ်မှ အထက်မည်သော နောက်ကာလ၌ဖြစ်သော လေးပါးသော အရိယာမဂ်၌-ဟု ဆိုလို၏။

၂-ဤ၌ လက်သည်းကွင်းအတွင်းရှိ စာသားမှာ ဋီကာနှင့်၎င်း ရှေးဆရာတို့၏ နိဿယနှင့်၎င်း ညီစေရန် "တထကိစ္စတာယ" ဟူသောပုဒ်ကို လိုက်စေ၍ ပြန်ဆိုထားချက် ဖြစ်သည်။ သို့သော် နောက်၌ ပြလတ့်သော ဥပမာ ဥပမေယျ နှီးနှောပုံနှင့် တိုက်ဆိုင်ကြည့်လျှင် ထို "တထကိစ္စတာယ"ပုဒ်ကို ဤအရာ၌ လိုက်၍ ယှဉ်ရန်မသင့်ဟု ထင်သည်။ အကြောင်းမူကား ဗောဓိပက္ခိယတရားတို့၏ မှန်သောကိစ္စရှိသည်၏ အဖြစ်ကို ဤအနုလောမဉာဏ်က လျော်စေရန် မလို၊ အမှန်အားဖြင့်မူကား ဤအနုလောမဉာဏ် ဖြစ်ပြီးမှသာလျှင် အရိယာမဂ် ဖြစ်ပေါ်ရသောကြောင့် ထိုမဂ်၌ ပါဝင်သော ဗောဓိပက္ခိယတရားတို့ ဖြစ်ပေါ်ရန် ဤအနုလောမဉာဏ်က လျော်စွာ ဖြစ်နိုင့်ရ၏၊ ထို့ကြောင့် ဗောဓိပက္ခိယတရားတို့အားသာလျှင် လျော်စွာ ဖြစ်သည်ဟု ဆိုသင့်ပေသည်။

၃-ထိုအနုလောမဉာဏ်သည်.... မှန်သော ကိစ္စရှိသည်၏အဖြစ်အားလည်း လျော်၏....ဗောဓိပက္ခိယတရားတို့အားလည်း လျော်၏-ဟု စပ်ပါ။

၄-အာရုံပြု၍ဖြစ်သောကြောင့်....မှန်သောကိစ္စရှိသည်၏အဖြစ်အားလည်း လျော်၏-ဟု ဤတွင်စပ်ပါ။

http://www.dhammadownload.com



အားဖြင့် ထင်ခဲ့ပေစွတကား”ဟူ၍ငင်း “အာဒီနဝါနုပဿနာဉာဏ်သည် အပြစ်ရှိသော သင်္ခါရတရားအပေါင်း၌သာလျှင် အပြစ်ကို မြင်ခဲ့ပေစွတကား”ဟူ၍ရင်း“နိဗ္ဗိဒါဉာဏ်သည် ငြီးငွေ့သင့် ငြီးငွေ့ထိုက်သော သင်္ခါရတရားအပေါင်း၌သာလျှင် ငြီးငွေ့ခဲ့ပေစွတကား”ဟူ၍ရင်း “မုဉ္စိတုကမျတာဉာဏ်သည် စွန့်လွှတ်သင့်သော သင်္ခါရတရားအပေါင်းတို့၌သာလျှင်စွန့်လွှတ်လိုသည် ဖြစ်ခဲ့ပေစွတကား”ဟူ၍ရင်း “ပဋိသင်္ခါဉာဏ်ဖြင့် တဖန်ရှုသိသင့်သော သင်္ခါရတရား အပေါင်းကိုသာလျှင် တဖန် ရှုသိခဲ့ပေစွတကား” ဟူ၍ရင်း “သင်္ခါရုပေက္ခာဉာဏ်ဖြင့် လျစ်လျူရှုသင့်သော သင်္ခါရတရားအပေါင်းကိုသာလျှင် လျစ်လျူရှုခဲ့ပေစွတကား”ဟူ၍ရင်း မဆိုသော်လည်း ကျရောက်သော အနက်သဘောအားဖြင့် ဆိုဘိသကဲ့သို့ ဤဉာဏ်ရှစ်ပါးတို့၏ မှန်သော ကိစ္စရှိသည်၏အဖြစ်အားလည်း လျော်၏၊ အထက်(မဂ်)၌ (ပါဝင်သော) သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့(၏ မှန်သော ကိစ္စ ရှိသည်၏ အဖြစ်)အားလည်း လျော်၏၊ (အဘယ့်ကြောင့်နည်း ဟူမူ?) ထို အနုလောမဉာဏ် ဟူသော အကျင့်ဖြင့်သာလျှင် (မဂ်၌ ပါဝင်သော ဗောဓိပက္ခိယတရားတို့ကို) ရောက်အပ်-ရောက်နိုင်သောကြောင့်ပေတည်း[၁]။

ဥပမာအားဖြင့်....တရားစောင့်သော ဘုရင်မင်းမြတ်သည် တရားဆုံးဖြတ်ရာဌာန၌ ထိုင်နေလျက် တရားဆုံးဖြတ်သော အမတ်ကြီး ဝန်ကြီးတို့၏ အဆုံးအဖြတ်ကို ကြားနာပြီးလျှင် အဂတိလိုက်ခြင်းကို ပယ်၍ အလယ်အလတ် တည့်မတ်ညီမျှသော သဘောရှိသည်ဖြစ်၍“ဤအတိုင်းပင်ဖြစ်စေ” ဟု ဝမ်းမြောက်ကြည်ဖြူ သဘောတူသည်ရှိသော် ထိုတရား ဆုံးဖြတ်သော အမတ်ကြီး ဝန်ကြီးတို့၏ အဆုံးအဖြတ်အားလည်း လျော်၏၊ ရှေးဟောင်းဖြစ်သော မင်းကျင့်တရားအားလည်း လျော်၏၊ ဤ အနုလောမဉာဏ်၏ လျော်ပုံကို ဤဥပမာအတူပင် ပြီးစီးသည်ဟု သိအပ်၏၊ ပြီးစီးပုံကား.... ဘုရင်မင်းမြတ်ကဲ့သို့ အနုလောမဉာဏ်ကို မှတ်အပ်၏၊ ရှစ်ယောက်သော တရား ဆုံးဖြတ်သော အမတ်ကြီး ဝန်ကြီးတို့ကဲ့သို့ ရှစ်ပါးသော ဉာဏ်တို့ကို မှတ်အပ်ကုန်၏၊ ရှေးဟောင်းဖြစ်သော မင်းကျင့်တရားကဲ့သို့ ၃၇-ပါးသော

---

၁-ဤအကြောင်းပြစကားဖြင့်လည်း အနုလောမသည် ဗောဓိပက္ခိယတရားတို့အား လျော်စွာ ဖြစ်သည်ဟူ၍သာ ဆိုလိုကြောင်း, ၎င်းတို့၏ မှန်သောကိစ္စအားလျော်စွာ ဖြစ်သည်ဟု မဆိုလိုကြောင်း ထင်ရှား၏။

http://www.dhammadownload.com



ဗောဓိပက္ခိယ တရားတို့ကို မှတ်အပ်ကုန်၏။ ထိုဥပမာ၌ "ဤအတိုင်းပင် ဖြစ်စေ"ဟုဆိုသော ဘုရင်မင်းမြတ်သည် တရား ဆုံးဖြတ်သော အမတ်ကြီး ဝန်ကြီးတို့၏ အဆုံးအဖြတ်အားရင်း မင်းကျင့်တရားအားရင်း[၁] လျော်သကဲ့သို့ ထိုအတူပင် နိစ္စ စသည်တို့၏ အစွမ်းအားဖြင့် သင်္ခါရတို့ကို အာရုံပြုလျက် ဖြစ်ပေါ်သော ဤအနုလောမဉာဏ်သည် ရှစ်ပါးသော ဉာဏ်တို့၏ မှန်သော ကိစ္စရှိသည်၏အဖြစ်အားလည်း လျော်၏၊ အထက်အရိယာမဂ်၌ (ပါဝင်သော)၃၇-ပါးသော ဗောဓိပက္ခိယ တရားတို့ (၏ မှန်သော ကိစ္စရှိသည်၏ အဖြစ်)အားလည်း[၂] လျော်၏။ ထို့ကြောင့်ပင်လျှင်(၎င်းကို) သစ္စာနုလောမိက (မဂ္ဂသစ္စာအား[၃] လျော်သော)ဉာဏ်ဟူ၍ ဆိုအပ်ပေ၏။

အနုလောမဉာဏ် ပြီး၏။

## ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ကို ပြဆိုချက်

၈၀၅။ ဤအနုလောမ ဉာဏ်သည်ကား သင်္ခါရလျှင် အာရုံရှိသော ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အဆုံးစွန် ဖြစ်ပေ၏။ ခပ်သိမ်းသော အခြင်းအရာအားဖြင့်မူကား ဂေါတြဘူဉာဏ်သည် ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အဆုံးစွန် ဖြစ်ပေ၏။ ယခုအခါ ထိုဝုဋ္ဌာနဂါမိနီဝိပဿနာ၌ပင်လျှင် မတွေမဝေသိနားလည်ခြင်းအကျိုးငှါ[၄] ဤဆိုလတ္တံ့သော သုတ္တန်နှီးနှောချက်ကိုသိအပ်၏—

---

၁-ဤ၌ မင်းကျင့်တရားအား လျော်သည်ဟူ၍သာ ဆို၏၊ မင်းကျင့်တရား၏ အဆုံးအဖြတ်အား လျော်သည်ဟူ၍ မဆို၊ ထို့ကြောင့် ဥပမေယျအရာ၌လည်း"ဗောဓိပက္ခိယတရားတို့အား လျော်၏" ဟူသော အနက်သာလျှင် ဤဥပမာနှင့် နှီးနှောမိသည်။

၂-ဤ၌ ကွင်းအတွင်းရှိစာသား လို-မလို သင့်-မသင့်ကို မှတ်ချက် ၁-နှင့် တိုက်ဆိုင်ကြည့်ပါ။

၃-ဗောဓိပက္ခိယတရားအပေါင်းသည် ယေဘုယျအားဖြင့် မဂ္ဂင်ရှစ်ပါး၌ အတွင်းဝင်သောကြောင့် "ဗောဓိပက္ခိယတရားတို့အား လျော်သည်"ဟူသော ရှေးစကားနှင့် "မဂ္ဂသစ္စာအား လျော်သည်"ဟူသော ဤစကားမှာ သဘောအားဖြင့် တူညီ၏။

၄-ထိုထိုသုတ္တန်တို့၌ ဤဝုဋ္ဌာနဂါမိနီဝိပဿနာကို အမျိုးမျိုးသော အမည်တို့ဖြင့် ဟောထားသောကြောင့် ထိုအမည်တို့နှင့်စပ်၍ မတွေမဝေ သိနားလည်စေခြင်းအကျိုးငှါ-ဟု ဆိုလို၏။

http://www.dhammadownload.com



[၁၁၀] နှီးနှောပုံကား .... ဤ ဝုဋ္ဌာနဂါမိနီဝိပဿနာကို[၁] **သဠာယတန ဝိဘင်္ဂသုတ်၌** -"ရဟန်းတို့၊ (ထိုသခါရတို့ဖြင့် ပြီးသော တဏှာ၏ ဆန့်ကျင် ဘက်ဖြစ်သောကြောင့်) **အတမ္မယတာ** မည်သော ဝုဋ္ဌာနဂါမိနီဝိပဿနာကို အမှီပြု၍[၂] **အတမ္မယတာ** မည်သော ဝုဋ္ဌာနဂါမိနီဝိပဿနာကို ရောက်၍[၂] (အရူပစျာန်နှင့် ယှဉ်သော ဝေဒနာနှင့် အရူပစျာန်ကို ရှုသော ဝိပဿနာ ဉာဏ်ဟု ဆိုအပ်သော) အကြင် ဥပေက္ခာသည် တမျိုးတည်း သဘောရှိ၏၊ တမျိုးတည်းသဘောရှိသော အာရုံကို မှီ၏၊ ထိုဥပေက္ခာကို ပယ်ကုန်လော့၊ ထိုဥပေက္ခာကို ကျော်လွန်ကုန်လော့"ဟု **အတမ္မယတာ**ဟူသော အမည်ဖြင့် ဟောတော်မူ(အပ်)၏။

**အလဂဒ္ဒသုတ္တန်** ၌- "ငြီးငွေ့သည်ရှိသော် တပ်မက်ကင်း၏၊ တပ်မက်ကင်း ခြင်းကြောင့် လွတ်မြောက်၏"ဟု ဤသို့ **နိဗ္ဗိဒါ - ငြီးငွေ့** ဟူသော အမည်ဖြင့် ဟောတော်မူ(အပ်)၏။

**သုသိမသုတ္တန်** ၌ "သုသိမ ရဟန်း၊ တရားတို့၏ တည်ကြောင်း ပဋိစ္စ သမုပ္ပါဒ်၌ သိသော ဓမ္မဋ္ဌိတိဉာဏ်သည် ရှေး၌ဖြစ်၏၊ နိဗ္ဗာန်၌ ဉာဏ်သည် နောက်မှဖြစ်၏"ဟု ဤသို့ **ဓမ္မဋ္ဌိတိဉာဏ်** ဟူသော အမည်ဖြင့် ဟောတော် မူ(အပ်)၏။

**ပေါဋ္ဌပါဒသုတ္တန်** ၌- "ပေါဋ္ဌပါဒပရိဗိုဇ်၊ သညာသည် ရှေးဦးစွာဖြစ်၏၊ ဉာဏ်သည် နောက်မှဖြစ်၏"ဟု ဤသို့ **သညဂ္ဂ - အမြတ်ဆုံးသညာ** ဟူသော အမည်ဖြင့်[၁] ဟောတော် မူ(အပ်)၏။

---

၂-ဤပုဒ်ကို **"ဟောတော်မူ(အပ်)၏"**ဟူသော ကြိယာပုဒ်တို့နှင့် စပ်ပါ။

၃-အမှီပြု၍....ရောက်၍....ပယ်ကုန်လော့....ကျော်လွန်ကုန်လော့-ဟု စပ်ပါ။

၁-ဤအရာ၌ ပေါဋ္ဌပါဒသုတ်အဖွင့်အဋ္ဌကထာတွင်-**"သညာ**-ဟူသည်ကား စျာန် သညာတည်း၊ **ဉာဏ်**-ဟူသည်ကား ဝိပဿနာဉာဏ်တည်း။ တနည်းကား **သညာ**-ဟူသည်ကား ဝိပဿနာသညာတည်း။ **ဉာဏ်**-ဟူသည်ကား မဂ်ဉာဏ် တည်း။ တနည်းကား **သညာ**-ဟူသည်ကား မဂ်သညာတည်း၊ **ဉာဏ်**-ဟူ သည်ကား ဖိုလ်ဉာဏ်တည်း"ဟူ၍ သုံးနည်းဖွင့်ပြထား၏၊ ထိုသုံးနည်းတို့ တွင် ဒုတိယနည်းအရ ဝိပဿနာသညာတို့တွင် အမြတ်ဆုံးသော သညာကို ဤ၌ သညဂ္ဂဟု ဆိုသည်။ မဟာသီဝမထေရ်ကမူ "နိရောဓသမာပတ်မှ

http://www.dhammadownload.com



**ဒသုတ္တရသုတ္တန်** ၌ "ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ-မဂ်ရောက်ကြောင်းအကျင့် ဉာဏ်အမြင် စင်ကြယ်ခြင်း ဟူသော ပါရိသုဒ္ဓိပဓာနိယင်္ဂ - ထက်ဝန်းကျင် စင်ကြယ်ခြင်း၏ ပြဓာန်းသော အကြောင်းအင်္ဂါ"ဟု ဤသို့ **ပါရိသုဒ္ဓိ-ပဓာနိယင်္ဂ -ထက်ဝန်းကျင် စင်ကြယ်ခြင်း၏ ပြဓာန်းသော အကြောင်းအင်္ဂါ** ဟူသော အမည်ဖြင့် ဟောတော်မူ (အပ်)၏။

**ပဋိသမ္ဘိဒါမဂ်** ၌-"**မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါနုပဿနာ သင်္ခါရုပေက္ခာ ဉာဏ်** ဟူသော ဤ ဉာဏ်တရားတို့သည် အနက်တရားကိုယ် အရတူကုန်၏၊ အမည် သဒ္ဒါမျှသာလျှင် ထူး၏"ဟု ဤသို့ သုံးပါးသော အမည်တို့ဖြင့် ဟောတော်မူ(အပ်)၏။

**ပဋ္ဌာန်း** ၌ - "**အနုလုံသည် ဂေါတြဘူအား**, အနုလုံသည် **ဝေါဒါန်အား**[၁] (ကျေးဇူးပြု၏)"ဟု ဤသို့ သုံးပါးသော အမည်တို့ဖြင့် ဟောတော်မူ (အပ်)၏။

**ရထဝိနီတသုတ္တန်** ၌ - "ငါ့ရှင်၊ အသျှင်နည်း၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အကျိုးငှါ ဘုန်းတော်ကြီးသော မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသလော"ဟု ဤသို့ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟူသော အမည်ဖြင့် ဟောတော်မူ(အပ်)၏။

> ဤသို့ ပြဆိုခဲ့သည့် အတိုင်း တပါးမက များလှသော အမည်တို့ ဖြင့်[၂] ကိလေသာကို ငြိမ်းစေတတ်သော ထက်ဝန်းကျင် စင်ကြယ် သော အကြင် ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို မြတ်သော ဂုဏ် ကျေးဇူးကို ရှာတော်မူပြီးသော မြတ်စွာဘုရားသည် ဟောကြား ချီးကျူးတော် မူ(အပ်)၏။

---

ထသော ပုဂ္ဂိုလ်အား ရှေးဦးစွာဖြစ်သော အရဟတ္တဖိုလ်သညာနှင့် ပစ္စ-ဝေက္ခဏာဉာဏ်ကို ရည်၍ 'သညာသည် ရှေးဦးစွာ ဖြစ်၏၊ ဉာဏ်သည် နောက် မှဖြစ်၏'ဟု ဟောတော်မူသည်"ဟု ဖွင့်ပြမိန့်ဆိုကြောင်း ထိုသုတ်အဖွင့် အဋ္ဌကထာ၌ပင် ပြဆိုထားသေး၏။

၁-မဂ်လေးပါး၏ ရှေးအခြားမဲ့၌ဖြစ်သောဇောကို ဂေါတြဘူဟု ပဋိသမ္ဘိဒါမဂ်၌ ဟော၏၊ ဤပဋ္ဌာန်းဒေသနာတော်၌ကား အထက်မဂ်သုံးပါး၏ ရှေးအခြား မဲ့၌ဖြစ်သောဇောကို ဝေါဒါန်ဟု ဟော၏။

၂-အမည်တို့ဖြင့်....ဟောကြားချီးကျူးတော်မူ(အပ်)၏-ဟု စပ်ပါ။

http://www.dhammadownload.com



ကြီးစွာသော ကြောက်ဖွယ်ဘေးရှိသော သံသရာဆင်းရဲ ဟူသော ညွန်မှ ထမြောက် ကျော်လွှန်ခြင်းငှါ အလိုရှိသော ပညာရှိသဘော ရှိသော အမျိုးကောင်းသားသည် ထိုဝုဋ္ဌာနဂါမိနီဝိပဿနာ၌ [၁] အမြဲမပြတ် အားထုတ်ခြင်းကို ပြုရာတော့သတည်း။

ဤသည်ကား သူတော်ကောင်းတို့၏ နှစ်သိမ့် ဝမ်းမြောက်ခြင်း အကျိုးငှါ စီရင်သော ဝိသုဒ္ဓိမဂ်ကျမ်းဝယ် ပညာဘာဝနာအရာ၌ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိကို အကျယ်ပြချက် (ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ) မည်သော နှစ်ဆယ့်တခုမြောက်ဖြစ်သော အပိုင်းအခဏ်းပေတည်း။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အကျယ်ပြချက် ပြီး၏။

---

၁-ဝုဋ္ဌာနဂါမိနီဝိပဿနာမည်သည်မှာ နှစ်ဝီထိ သုံးဝီထိစသည်ဖြင့် အချိန်အနည်းငယ်မျှသာဖြစ်သောကြောင့် ထိုဝိပဿနာ၌ အမြဲမပြတ်အားထုတ်ရန် တိုက်တွန်းဖွယ် မရှိပေ၊ ထို့ကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာ၌ စိတ်ကို ညွှတ်ထား၍ ၎င်းကို ရည်ရွယ်မျှော်လင့်၍ ဝိပဿနာအလုပ်၌ အမြဲမပြတ် အားထုတ်ခြင်းကို ပြုရာတော့သတည်း-ဟု ဆိုလိုသည်ဟူ၍ မှတ်ရာ၏။

http://www.dhammadownload.com

## ၂၂-ဉာဏဒဿနဝိသုဒ္ဓိကို အကျယ်ပြဆိုချက်

### ပဌမမဂ်ဉာဏ်ကို ပြဆိုချက်

[၃၁၂] ၈၀၆။ ဤ(အနုလုံ)မှ နောက်၌ ဂေါတြဘုဉာဏ် ဖြစ်ပေါ်၏၊ ထိုဂေါတြဘုဉာဏ်သည် မဂ်၏ အာဝဇ္ဇန်းအရာ၌ တည်သောကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့လည်းမဝင်[၁]၊ ဉာဏဒဿနဝိသုဒ္ဓိသို့လည်းမဝင်[၂]၊ (ထိုဝိသုဒ္ဓိနှစ်ပါးတို့၏)အကြား၌ ဝိသုဒ္ဓိဟု မခေါ်ဝေါ်လောက်သော ဉာဏ်သာလျှင် ဖြစ်ပေ၏။ သို့သော်လည်း ဝိပဿနာအယဉ်၌ ကျသောကြောင့် ဝိပဿနာဟု ရေတွက်ခြင်းသို့ ရောက်၏။

သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ် ဟူသော ဤလေးပါးသောမဂ်တို့၌ ဉာဏ်သည် **ဉာဏဒဿနဝိသုဒ္ဓိ**(ဉာဏ်အမြင်၏ စင်ကြယ်ခြင်း-စင်ကြယ်သော ဉာဏ်အမြင်)မည်၏။

ထိုတွင် ပဌမမဂ်ဉာဏ်ကို ပြည့်စုံစေခြင်းငှါ အလိုရှိသော ဤယောဂီမှာ အခြားတပါးသော ပြုဖွယ်ကိစ္စ မည်သည် တစုံတခုမျှ မရှိတော့ပြီ၊ မှန်ပေ၏၊ ဤယောဂီသည် အနုလောမဉာဏ်အဆုံးရှိသော ဝိပဿနာဉာဏ်ကို ဖြစ်စေလျက် ပြုဖွယ်ကိစ္စဟူသမျှကို ပြုပြီးသည်သာလျှင် ဖြစ်ပေ၏။ ဤဆိုခဲ့သည့်အတိုင်း ဖြစ်ပြီးသော အနုလောမဉာဏ်ရှိသော ဤယောဂီ၏စိတ်သည်[၃] ထိုပြခဲ့ပြီးသော အနုလောမဉာဏ် သုံးပါးတို့ဖြင့်လည်း[၄] မိမိ၏အစွမ်းအာနုဘော်

---

၁-အနိစ္စစသည်တို့၏ အစွမ်းအားဖြင့် သင်္ခါရတို့ကို မရှုသောကြောင့် ပဋိပဒါ-ဉာဏဒဿနဝိသုဒ္ဓိသို့ မဝင်-ဟု ဋီကာ၌ ဆို၏။

၂-နိဗ္ဗာန်ကို အာရုံပြုသော်လည်း ကိလေသာတို့ကို မကုန်စေတတ်သောကြောင့် ဉာဏဒဿနဝိသုဒ္ဓိသို့ မဝင်ဟု ဋီကာ၌ ဆို၏။

၃-ယောဂီ၏စိတ်သည်....သင်္ခါရတရားအပေါင်း၌ မပြေးသွား မတည်တံ့- ဤသို့စသည်ဖြင့် စပ်ပါ။

၄-သုံးပါးတို့ဖြင့်လည်း-ဟူသောစကားမှာ တီဟိပိ-ဟူသောပါဠိအရ အတိအကျပြန်ဆိုချက် ဖြစ်သည်၊ ဤ၌ **အပိ-လည်း-ဟူသော** သဒ္ဒါဖြင့် အနုလောမဉာဏ်နှစ်ပါးတို့ဖြင့်လည်း ကိလေသာအမှောင်ကို ကွယ်ပျောက်စေခြင်း ရှိသေးသည်ဟု သိစေ၏။

http://www.dhammadownload.com



အားလျော်စွာ သစ္စာကို ဖုံးလွှမ်းတတ်သော ရှုန့်ရင်းရှုန့်ရင်းသော ကိလေသာ အမှောင်ကို ကွယ်ပျောက်စေပြီးလတ်သော် အလုံးစုံသော သင်္ခါရတရား အပေါင်း၌ မပြေးသွားမတည်တံ့ နှလုံးမသွင်း မကပ် မငြိ မတွယ်၊ ပဒုမ္မာကြာဖက်မှ ရေကဲ့သို့ တွန့်၏ ရှုံ့၏ ပြန်နစ်၏၊ အလုံးစုံသော သင်္ခါရနိမိတ်အာရုံ သည်ရင်း[၁] အလုံးစုံသော(အဇ္ဈတ္တသန္တာန်၌) မပြတ်ဖြစ်သော ခန္ဓာအယဉ် အာရုံသည်ရင်း[၂] အနှောင့်အရှက် ပလိဗောဓအနေအားဖြင့် ထင်ပေါ်၏။ ထိုအခါ၌ ထိုယောဂီအား အလုံးစုံသော သင်္ခါရနိမိတ်အာရုံနှင့် ခန္ဓာအယဉ် အာရုံသည် အနှောင့်အရှက် ပလိဗောဓ အနေအားဖြင့် ထင်လတ်သော် အနုလောမဉာဏ် မှီဝဲသည်၏ အဆုံး၌[၃] သင်္ခါရနိမိတ်မရှိသော မပြတ်ဖြစ်နေသည့် ခန္ဓာအယဉ်မရှိသော သင်္ခါရကင်းသော သင်္ခါရချုပ်ရာဖြစ်သော နိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇဉ်အနွယ်, ပုထုဇဉ်ဟူသော အမည်ဝေါဟာရ ပုထုဇဉ်၏ ဘုံအဆင့်ကို ကျော်လွန်လျက် အရိယာအနွယ် အရိယာဟူသော အမည်ဝေါဟာရ အရိယာ၏ ဘုံအဆင့်သို့ ဆိုက်ရောက်လျက် နိဗ္ဗာန်အာရုံ၌ ရှေးဦးစွာ လည်ခြင်း ရှေးဦးစွာ နှလုံးသွင်းခြင်း ရှေးဦးစွာ ဆင်ခြင်ခြင်း သဘောဖြစ်သော[၄] ခေါင်ထိပ်သို့ရောက်သော[၄] ဝိပဿနာ၏ ဦးခေါင်းသဖွယ် ဖြစ်သော[၄] တဖန်ပြန်လည်ခြင်းမရှိသော ဂေါတြဘုဉာဏ်သည် အရိယာမဂ်အား အနန္တရသတ္တိ သမနန္တရသတ္တိ အာသေဝနသတ္တိ ဥပနိဿယသတ္တိ နတ္ထိသတ္တိ ဝိဂတသတ္တိတို့၏အစွမ်းအားဖြင့် ခြောက်ပါးသောအခြင်းအရာတို့ဖြင့် ကျေးဇူးပြုသည်၏အဖြစ်ကို ပြီးစေလျက် ဖြစ်ပေါ်၏။ ယင်းဂေါတြဘုဉာဏ်ကို ရည်၍ ပဋိသမ္ဘိဒါမဂ်၌ အောက်ပါစကားကို ဟောတော်မူ၏—

> အဘယ်သို့လျှင် အပြင်ပ(သင်္ခါရ)မှထခြင်း ပြန်လည်ခြင်း ပြီးစီးလတ်သော် ဖြစ်သော ပညာသည် ဂေါတြဘုဉာဏ်မည်သနည်း ?

---

၁-၂-အာရုံသည်ရင်း....အာရုံသည်ရင်း-ထင်ပေါ်၏-ဟု စပ်ပါ။

၃-မှီဝဲသည်၏အဆုံး၌- ဟူသော စကားဖြင့် ဒုတိယအနုလုံ၏ အခြားမဲ့၌ ဖြစ်စေ တတိယအနုလုံ၏ အခြားမဲ့၌ဖြစ်စေ ဂေါတြဘုဉာဏ် ဖြစ်ပေါ်သည်။ ပဌမ အနုလုံ၏ အခြားမဲ့၌ကား မှီဝဲခြင်း ထုံခြင်းကို မရသေးသောကြောင့် မဖြစ်နိုင်-ဟုပြ၏။ မှန်ပေ၏၊ မှီဝဲခြင်း ထုံခြင်းကို မရသော အနုလောမဉာဏ်သည် ဂေါတြဘုဉာဏ်ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်။ (ဋီကာ)

၄-ဖြစ်သော-ရောက်သော-ဖြစ်သော- ဤဝိသေသနသုံးပုဒ်ကို ဂေါတြဘုဉာဏ်၌ စပ်ပါ။

http://www.dhammadownload.com



ရှေးဦးစွာ ဖြစ်ပေါ်ခြင်းကို လွှမ်းမိုးကျော်လွန်တတ်သောကြောင့် ဂေါတြဘူမည်၏။ ဖြစ်ပွါးခြင်းကို။ပ။ ပြင်းစွာ ပူပန်ခြင်းကို လွှမ်းမိုးကျော်လွန်တတ်သောကြောင့် ဂေါတြဘူမည်၏။အပြင်ပဖြစ်သော သင်္ခါရနိမိတ်ကို လွှမ်းမိုးကျော်လွန်တတ်သောကြောင့် ဂေါတြဘူမည်၏။ မဖြစ်ပေါ်ခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘူမည်၏။ မဖြစ်ပွါးခြင်းသို့။ပ။ ပြင်းစွာ မပူပန်ခြင်းသို့။ သင်္ခါရချုပ်ရာ နိဗ္ဗာန်သို့ [၃၁၃] ပြေးဝင်တတ်သောကြောင့် ဂေါတြဘူမည်၏။ ဖြစ်ပေါ်ခြင်းကို လွှမ်းမိုးကျော်လွန်၍ မဖြစ်ပေါ်ခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘူ မည်၏။ ဤသို့ စသည်ဖြင့် အလုံးစုံကို ချဲ့၍ သိအပ်၏။

၈၀၇။ ထိုစကားရပ်၌ ဤဆိုလတ့်သည်ကား[၁] တခုတည်းသောအာဝဇ္ဇန်းဖြင့် (ဖြစ်သော)တခုတည်းသော စိတ်အစဉ် (ဝီထိ)၌ တဆက်တည်း ဖြစ်ကုန်သော်လည်း[၂] (ထိုသို့ ဖြစ်ကြသော) အနုလောမဉာဏ်နှင့် ဂေါတြဘူဉာဏ်တို့၏ အသီးအသီးသော အာရုံ၌ ဖြစ်ပုံ အခြင်းအရာကို ပြသောဥပမာတည်း....ကြီးသော ရေမြောင်းကို ခုန်ကျော်၍ တဖက်ကမ်း၌ တည်ခြင်းငှါ အလိုရှိသော ယောကျာ်းသည် လျင်သော အဟုန်ဖြင့် ပြေးသွားပြီးလျှင် ရေမြောင်း၏ ဤဖက်ကမ်း၌(ရှိသော) သစ်ပင်၏ကိုင်း၌ ဖွဲ့ချည်၍ တွဲလျားချထားသော ကြိုးကို ဖြစ်စေ ဒုတ်ချောင်းကိုဖြစ်စေ ဆွဲကိုင်၍ ခုန်လွှားပြီးလျှင် တဖက်ကမ်းဆီသို့ ညွှတ်ကိုင်းရှိုင်းသော ကိုယ်ရှိသည်ဖြစ်၍ တဖက်ကမ်း၏ အထက်အဖို့သို့ ရောက်လတ်သော် ဆွဲကိုင်ထားသော ထိုကြိုး ထိုဒုတ်ချောင်းကို လွှတ်လိုက်၍ တုန်လှုပ်လျက် တဖက်ကမ်း၌ ကျပြီးလျှင် ဖြည်းဖြည်း တည်တံ့သွားလေသကဲ့သို့ ထို့အတူပင်လျှင် ဤ ယောဂီသည်

---

၁-ဤဆိုလတ့်သည်ကား....ပြသောဥပမာတည်း-ဟု စပ်ပါ။

၂-တခုတည်းသော ဝီထိ၌ တဆက်တည်းဖြစ်သော ရှေးစိတ် နောက်စိတ်တို့သည် တခုတည်းသော အာရုံ၌ ဖြစ်မြဲပေတည်း၊ ဤအနုလောမဉာဏ်နှင့် ဂေါတြဘူဉာဏ်တို့သည်ကား တခုတည်းသောဝီထိ၌ တဆက်တည်း ဖြစ်ကုန်သော်လည်း တခုတည်းသော အာရုံ၌ မဖြစ်မူ၍ အသီးအသီး ကွဲပြားသော အာရုံ၌ဖြစ်ကြသည် ဟူသောအနက်ကို "သော်လည်း" ဟူသော စကားဖြင့် ဖော်ပြ၏။

http://www.dhammadownload.com



လည်း ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဋ္ဌိတိ ခုနစ်ပါး သတ္တာဝါသကိုးပါးတို့၏ တဖက်ကမ်းဖြစ်သော နိဗ္ဗာန်၌ တည်ခြင်းငှါ အလိုရှိသည် ဖြစ်၍ ဥဒယဗ္ဗယဉာဏ်အစရှိသော လျင်သောအဟုန်ဖြင့် ပြေးသွားပြီးလျှင်[၁] အတ္တဘောတည်းဟူသောသစ်ပင်၏ကိုင်း၌ ဖွဲ့ချည်၍ တွဲလျားချထား (သကဲ့သို့)သော ရုပ်တည်းဟူသော ကြိုးကိုဖြစ်စေ[၂] ဝေဒနာ စသည်တို့တွင် တပါးပါးသော နာမ်ခန္ဓာတည်းဟူသော ဒုတ်ချောင်းကို ဖြစ်စေ[၂] အနိစ္စဟူ၍သော်၎င်း[၃] ဒုက္ခဟူ၍သော်၎င်း[၃] အနတ္တဟူ၍သော်၎င်း[၃] အနုလောမဉာဏ်၏အာဝဇ္ဇန်းဖြင့် ဆွဲကိုင်ပြီးလျှင်[၁] ထိုဆွဲကိုင်အပ်သော အာရုံကို မလွှတ်မူ၍သာလျှင်[၁] ပဌမအနုလုံစိတ်ဖြင့် ခုန်လွှား၍[၁] ဒုတိယအနုလုံစိတ်ဖြင့်[၄] တဖက်ကမ်းဆီသို့ ညွတ်ကိုင်းရှိုင်းသော ကိုယ်ရှိသော ထိုယောကျ်ားကဲ့သို့ နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းသော စိတ်ရှိသည်ဖြစ်၍[၁] တတိယအနုလုံစိတ်ဖြင့်[၅] တဖက်ကမ်း၏ အထက်အဖို့သို့ရောက်သော ထိုယောကျ်ားကဲ့သို့ ယခုပင် ရောက်အပ်လတံ့သော နိဗ္ဗာန်နှင့် နီးသည်ဖြစ်၍[၁] ထိုတတိယအနုလုံစိတ်၏ ချုပ်ခြင်းဖြင့် ထိုသင်္ခါရအာရုံကို စွန့်လွှတ်ပြီးလျှင်[၁] သင်္ခါရကင်း၍ တဖက်ကမ်းဖြစ်သော နိဗ္ဗာန်၌ ဂေါတြဘူစိတ်ဖြင့် ကျသွား၏။ သို့သော်လည်း တူသော အာရုံ၌ အာသေဝနပစ္စည်းကို မရသောကြောင့် တုန်လှုပ်နေသော ထိုယောကျ်ားကဲ့သို့ပင် ကောင်းစွာ တည်တံ့သည်ကား မဖြစ်သေး၊ ထို ဂေါတြဘူမှ နောက်၌ မဂ်ဉာဏ်ဖြင့် တည်တံ့သွားလေ၏။

၈၀၈။ ထိုအနုလောမဉာဏ် ဂေါတြဘူဉာဏ် နှစ်ပါးတို့တွင် အနုလောမဉာဏ်သည် သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာအမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်၏၊ နိဗ္ဗာန်ကို အာရုံပြုခြင်းငှါကား မစွမ်းနိုင်။ ဂေါတြ

---

၁-ပြေးသွားပြီးလျှင် .... ဆွဲကိုင်ပြီးလျှင် .... မလွှတ်မူ၍သာလျှင် .... ခုန်လွှား၍.... ကိုင်းရှိုင်းသော စိတ်ရှိသည်ဖြစ်၍.... နီးသည်ဖြစ်၍....စွန့်လွှတ်ပြီးလျှင် .... ကျသွား၏-ဟု စပ်ပါ။

၂-ကြိုးကိုဖြစ်စေ....ထုတ်ချောင်းကိုဖြစ်စေ....ဆွဲကိုင်ပြီးလျှင်-ဟု စပ်ပါ။

၃-သော်၎င်း-ဟူသော ဤပုဒ်တို့ကို ဆွဲကိုင်ပြီးလျှင်-ဟူသောပုဒ်နှင့်စပ်ပါ။

၄-ဒုတိယအနုလုံစိတ်ဖြင့်.... နိဗ္ဗာန်သို့ညွတ်ကိုင်းရှိုင်းသော စိတ်ရှိသည်ဖြစ်၍-ဟု စပ်ပါ။

၅-တတိယအနုလုံစိတ်ဖြင့်....နိဗ္ဗာန်နှင့်နီးသည်ဖြစ်၍-ဟု စပ်ပါ။

http://www.dhammadownload.com



ဘူဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုခြင်းငှါသာလျှင် စွမ်းနိုင်၏၊ သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာအမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှါကား မစွမ်းနိုင်။ ထိုသို့ စွမ်းနိုင်, မစွမ်းနိုင်ရာ၌ ဤဆိုလတ္တံ့သည်ကား ဥပမာတည်း.... မျက်စိမြင်သော ယောကျ်ားတယောက်သည် နက္ခတ်နှင့် လ အယှဉ်ကို သိအောင်ကြည့်အံ့ဟု ကြံ၍ ညဉ့်အဖို့၌ အပြင်သို့ ထွက်၍ လကိုကြည့်ခြင်းငှါ အထက် ကောင်းကင်သို့ မော်ကြည့်လေသတတ်၊ တိမ်တိုက်တို့ ဖုံးလွှမ်းထား သောကြောင့် လသည် ထိုယောကျ်ားအား မထင်ပေါ်ပဲ ရှိလေသတတ်၊ ထိုအခါ၌ တခုသောလေသည် တက်၍ ရုန့်ရင်းရုန့်ရင်းကုန်သော တိမ်တိုက်တို့ကို တိုက်လွှင့်ဖျက်ဆီး၏၊ ထိုမှတပါးသောလေသည် မထူ မပါး အလတ်စား ဖြစ်သော တိမ်တိုက်တို့ကို တိုက်လွှင့်ဖျက်ဆီး၏၊ ထိုမှ တပါးသော လေသည် သိမ်မွေ့သော တိမ်တို့ကို တိုက်လွှင့်ဖျက်ဆီး၏။ ထိုမှနောက်၌ ထိုယောကျ်ား သည် တိမ်တိုက်ကင်းစင်သော ကောင်းကင်၌ လကိုမြင်၍ နက္ခတ်အယှဉ်ကို သိလေသတတ်။

[၁၁၄] ထိုဥပမာ၌ သုံးခုသော တိမ်တိုက်တို့ကဲ့သို့ သစ္စာကို ဖုံးလွှမ်း တတ်သော ရုန့်ရင်း, အလတ်စား, သိမ်မွေ့အားဖြင့် ၃-ပါးသော ကိလေသာ အမှောင်ကို မှတ်အပ်၏၊ သုံးခုသောလေတို့ကဲ့သို့ သုံးပါးသောအနုလုံစိတ်တို့ ကို မှတ်အပ်ကုန်၏၊ မျက်စိမြင်သော ယောကျ်ားကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ လကဲ့သို့ နိဗ္ဗာန်ကို မှတ်အပ်၏၊ တခုတခုသော လေသည် အစဉ် အတိုင်း တခုတခုသော တိမ်တိုက်ကို ဖျက်ဆီးခြင်းကဲ့သို့ တပါးတပါးသော အနုလုံစိတ်သည် သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာ အမှောင်ကို ဖျက် ဆီးခြင်းကို မှတ်အပ်၏၊ တိမ်တိုက်ကင်းသောကောင်းကင်၌ စင်ကြယ်သော လကို ထိုယောကျ်ား၏ မြင်ခြင်းကဲ့သို့ သစ္စာကိုဖုံးလွှမ်းတတ်သော ကိလေသာ အမှောင်ကင်းသောအခါ စင်ကြယ်သော နိဗ္ဗာန်ကို ဂေါတြဘူဉာဏ်၏ မြင် ခြင်းကို မှတ်အပ်၏။

မှန်ပေ၏၊ သုံးခုသော လေတို့သည် လကို ဖုံးလွှမ်းတတ်သော တိမ်တိုက်တို့ ကို ဖျက်ဆီးခြင်းငှါသာလျှင် စွမ်းနိုင်ကုန်၏၊ လကို မြင်ခြင်းငှါကား မစွမ်း နိုင်ကုန်သကဲ့သို့ ဤအတူပင် အနုလောမဉာဏ်တို့သည် သစ္စာကို ဖုံးလွှမ်း တတ်သော ကိလေသာအမှောင်ကို ပယ်ဖျောက်ခြင်းငှါသာလျှင် စွမ်းနိုင် ကုန်၏၊ နိဗ္ဗာန်ကို မြင်ခြင်းငှါကား မစွမ်းနိုင်ကုန်။ ထိုယောကျ်ားသည်

http://www.dhammadownload.com



လကို မြင်ခြင်းငှါသာလျှင် စွမ်းနိုင်၏၊ တိမ်တိုက်တို့ကို ဖျက်ဆီးခြင်းငှါကား မစွမ်းနိုင်သကဲ့သို့ ဤအတူပင် ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကို မြင်ခြင်းငှါ သာလျှင် စွမ်းနိုင်၏၊ ကိလေသာ အမှောင်ကို ပယ်ဖျောက်ခြင်းငှါကား မစွမ်းနိုင်။ ထို့ကြောင့်ပင်လျှင် ဤဂေါတြဘူဉာဏ်ကို''မဂ်၏အာဝဇ္ဇန်း''ဟူ၍ ဆိုအပ်ပေသည်။ မှန်ပေ၏၊ ထိုဂေါတြဘူဉာဏ်သည် အာဝဇ္ဇန်း မဟုတ်ငြားသော်လည်း အာဝဇ္ဇန်း၏အရာ၌တည်၍ မဂ်အား ''ဤသို့ ဖြစ်ရစ်လော့''ဟု အမှတ်သညာပေးသကဲ့သို့ (ဖြစ်ပြီးလျှင်) ချုပ်လေ၏၊ မဂ်သည်လည်း ထိုဂေါတြဘူကပေးသော အမှတ်သညာကို မလွှတ်မူ၍သာလျှင် အခြားအပြတ်မရှိသော စိတ်အစဉ်၏ အစွမ်းအားဖြင့် ထိုဂေါတြဘူဉာဏ်သို့ အစဉ်လိုက်လျက် မဖောက်ထွင်းဘူး မခွဲဖျက်ဘူးသေးသော လောဘတုံး ဒေါသတုံး မောဟတုံးတို့ကို ဖောက်ထွင်းလျက် ခွဲဖျက်လျက်သာလျှင် ဖြစ်ပေါ်၏။

၁၀၉။ ထိုသို့ ဖောက်ထွင်း ခွဲဖျက်ရာ၌ ဤဆိုလတ့ံသည်ကား ဥပမာတည်း....လေးသမား တယောက်သည် ရှစ်ဥသဘမျှ ရှိသော အရပ်၌ ပျဉ်ချပ်တရာကို ထားစေပြီးလျှင် မျက်နှာကို အဝတ်ဖြင့် ရစ်ပတ်၍ မြှားကို တပ်ဆင်လျက် စက်ယန္တရား (ဆုံလည်ခုံဝိုင်း)၌ ရပ်တည် နေသတတ်၊ အခြားတပါးသော ယောကျ်ားသည် စက်ယန္တရား (ဆုံလည်ခုံဝိုင်း)ကို လှည့်၍ ပျဉ်ချပ်သည် လေးသမား၏ ရှေးရှုဖြစ်သောအခါ ထိုပျဉ်ချပ်၌ ဒုတ်ဖြင့် အမှတ်သညာကိုပေး၏၊ လေးသမားသည် ဒုတ်(သံ) အမှတ် သညာကို မလွှတ်မူ၍သာလျှင် မြှားကိုပစ်လျက် ပျဉ်ချပ်တရာကို ဖောက်ထွင်းသတတ်။ ထိုဥပမာ၌ ဒုတ်(သံ) အမှတ်သညာကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။ လေးသမားကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏၊ဒုတ်(သံ)အမှတ်သညာကို မလွှတ်မူ၍သာလျှင် ပျဉ်ချပ်တရာကို လေးသမား၏ ဖောက်ထွင်းခြင်း ကဲ့သို့ ဂေါတြဘူဉာဏ်က ပေးသော အမှတ်သညာကို မလွှတ်မူ၍သာလျှင် မဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုလျက် မဖောက်ထွင်းဘူး မခွဲဖျက်ဘူးသေးသော လောဘတုံး ဒေါသတုံး မောဟတုံးတို့ကို ဖောက်ထွင်းခြင်း ခွဲဖျက်ခြင်းကို မှတ်အပ်၏။

၁၁၀။ ဤမဂ်သည် လောဘတုံး စသည်တို့ကို ဖောက်ခွဲခြင်းကိုသာလျှင် သက်သက် ပြုသည် မဟုတ်သေး၊ စင်စစ်သော်ကား (အနမတဂ္ဂ) အစမထင်သော သံသရာဝဋ်၌ ဆင်းရဲဟူသော သမုဒြာကိုလည်း ခြောက်ခန်း

http://www.dhammadownload.com



စေသေး၏။ အလုံးစုံသော အပါယ်တံခါးတို့ကိုလည်း ပိတ်သေး၏၊ ခုနစ်ပါးသော အရိယာ ဥစ္စာတို့၏ [၁] မျက်မှောက် ဖြစ်ခြင်းကို (၎င်းတို့ကို ရခြင်းကို) လည်း ပြုသေး၏။ အင်္ဂါရှစ်ပါးရှိသော မိစ္ဆာမဂ်ခေါ် [၂] လမ်းမှားကိုလည်း ပယ်သေး၏၊ အလုံးစုံသော ဘေးရန်တို့ကိုလည်း[၃] ငြိမ်းစေသေး၏၊ မြတ်စွာဘုရား၏ ရှေ့ရင်တော်နှစ် သားတော်စစ် အဖြစ်သို့လည်း [၃၁၅] ရောက်စေသေး၏၊ ထိုမှတပါး အရာမက များစွာကုန်သော အကျိုးအာနိသင်တို့ကို ရခြင်းငှါလည်း ဖြစ်သေး၏။ ဤသို့လျှင် များစွာသော အကျိုးအာနိသင်တို့ကို ပေးတတ်သော သောတာပတ္တိမဂ်နှင့်ယှဉ်သော ဉာဏ်သည် သောတာပတ္တိမဂ်ဉာဏ် မည်၏။

ပဉ္စမမဂ်ဉာဏ် ပြီး၏။

---

၁-အရိယာဥစ္စာခုနစ်ပါးတို့ဟူသည်ကား သဒ္ဓါ သီလ ဟိရိ ဩတ္တပ္ပ သုတ စာဂ ပညာတို့ဖြစ်သည်။

၂-မိစ္ဆာမဂ်ဟူသည်ကား မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝ မိစ္ဆာဝါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိ-ဟူသော ဤရှစ်ပါးအပေါင်းပင်တည်း။

၃-ပါဠိ၌ ဝေရဘယ-ရန်-ဘေး-ဟု ရှိ၏၊ ဤ၌ကား မြန်မာစကားချောမောစေရန် ဘေးရန်ဟု ပြန်ထားသည်။ ထိုတွင် ဝေရ-ရန် ဟူသည်မှာ ပါဏာတိပါတ အစရှိသော ငါးပါးသော သီလပျက်မှု အကုသိုလ်ရန်ပင်ဖြစ်သည်။ ဘေးဟူသည်မှာ (၁) ဆွေမျိုးတို့၏ ပျက်စီးခြင်း၊ (၂) ရောဂါနှိပ်စက်ခြင်း (၃) ဥစ္စာပျက်စီးခြင်း၊ (၄) သီလပျက်စီးခြင်း၊ (၅) အယူပျက်စီးခြင်း၊ (၆) မင်းဘေး၊ (၇) ခိုးသူဘေး၊ (၈) ရန်သူဘေး၊ (၉) ငတ်မွတ်သောဘေး၊ (၁၀) မီးဘေး၊ (၁၁) ရေဘေး၊ (၁၂) လှိုင်းတံပိုးဘေး၊ (၁၃) ရေဝဲဘေး၊ (၁၄) မိကျောင်းဘေး၊ (၁၅) မကန်းငါးရဲဘေး၊ (၁၆) မိမိကိုယ်တိုင် စွပ်စွဲ၍ နောင်တ ပူပန်ခြင်းဘေး၊ (၁၇) သူတပါးက စွပ်စွဲခြင်းဘေး၊ (၁၈) မင်းဒဏ်သင့်သောဘေး၊ (၁၉) အပါယ်ဒုဂ္ဂတိဘေး၊ (၂၀) ပရိသတ်အလယ်၌ ရှက်ရွံ့သောဘေး၊ (၂၁) သူတပါးကိုအမှီပြု၍ အသက်မွေးရသောဘေး၊ (၂၂) ပဋိသန္ဓေနေရခြင်းဘေး၊ (၂၃) အိုခြင်းဘေး၊ (၂၄) နာခြင်းဘေး၊ (၂၅) သေခြင်းဘေး ဟူသော ဤနှစ်ဆယ့်ငါးပါးသော ဘေးကြီးတို့ဖြစ်သည်။ (မဟာနိဒ္ဒေသ ၂၀၉-နှင့် မိလိန္ဒပဉှာ ၁၉၄-တို့၌လာသည်။ အတိအကျကားမဟုတ်ပေ။)

http://www.dhammadownload.com



## သောတာပန်ပုဂ္ဂိုလ်ကို ပြဆိုချက်

၈၁၁။ ထိုမှတပါး ဤပဌမမဂ်ဉာဏ်၏ အခြားမဲ့၌ ထိုဉာဏ်၏ ပင်လျှင် အကျိုးဝိပါက်ဖြစ်ကုန်သော နှစ်ကြိမ် သုံးကြိမ်သော[၁] ဖိုလ်စိတ်တို့သည်ဖြစ်ပေါ်ကုန်၏။ မှန်ပေ၏၊ လောကုတ္တရာ ကုသိုလ်တို့သည် အခြားမဲ့၌ အကျိုးပေးတတ်သည်၏အဖြစ်ကြောင့် သာလျှင် "အကြင် မဂ် သမာဓိကို **အခြားမဲ့၌ အကျိုးပေးတတ်သည်** ဟု မိန့်ဆိုကုန်၏" ဟူ၍၎င်း, "အာသဝေါတရားတို့၏ ကုန်ခြင်းငှါ **အခြားမဲ့၌ အကျိုးပေးတတ်သောအရိယာမဂ်ကို** နှေးနှေးဆိုက်ရောက်၏" ဟူ၍၎င်း ဤသို့ အစရှိသည်ကို ဟောတော်မူ (အပ်) ၏။ အချို့ဆရာတို့သည်ကား "တကြိမ်ဖြစ်စေ နှစ်ကြိမ်ဖြစ်စေ သုံးကြိမ်ဖြစ်စေ လေးကြိမ်ဖြစ်စေ ဖိုလ်စိတ်တို့သည် ဖြစ်ကုန်၏"ဟု ဆိုကုန်၏၊ ထိုစကားကိုကား မယူအပ် မမှတ်အပ်။

မှန်ပေ၏၊ အနုလောမဉာဏ် (၂-ကြိမ် ၃-ကြိမ် ဖြစ်လျက်) မှီဝဲသည်မှ အဆုံး၌ ဂေါတြဘူဉာဏ်သည် ဖြစ်ပေါ်၏၊ထို့ကြောင့် အလုံးစုံတို့၏ အောက်ထစ်ဆုံး အပိုင်းအခြားအားဖြင့် အနုလုံစိတ် ၂-ကြိမ်ဖြစ်သင့်၏။ တကြိမ်မျှဖြစ်သော အနုလုံစိတ်သည် အာသေဝနပစ္စည်းကို မရချေ၊ တခုသော အာဝဇ္ဇန်းရှိသော စိတ်အစဉ် (ဝီထိ) သည်လည်း ဇောစိတ်ခုနစ်ကြိမ် အတိုင်းအရှည်ရှိ၏၊ ထို့ကြောင့်[၂] အနုလုံစိတ် နှစ်ကြိမ်ဖြစ်သောပုဂ္ဂိုလ်အား သုံးကြိမ်မြောက် ဂေါတြဘူစိတ် ဖြစ်၏၊ လေးကြိမ်မြောက် မဂ်စိတ် ဖြစ်၏၊ သုံးကြိမ်သော ဖိုလ်စိတ်တို့ ဖြစ်ကုန်၏။ အနုလုံစိတ် သုံးကြိမ်ဖြစ်သော ပုဂ္ဂိုလ်အား

---

၁-ဝိသုဒ္ဓိမဂ်စာကိုယ် ပါဠိ၌ "ဒွေ တီဏိ ဝါ ဖလစိတ္တာနိ"-ဟု ရှိသောကြောင့် "နှစ်ခု သုံးခုသောဖိုလ်စိတ်တို့" ဟု အတိအကျပြန်ဆိုသင့်သော်လည်း သိနားလည်လွယ်စေရန်အလို့ငှါ "နှစ်ကြိမ် သုံးကြိမ်သော" ဟု ပြန်ဆိုထားသည်၊ အနုလောမဉာဏ်က သုံးကြိမ်ဖြစ်ခဲ့လျှင် ဖိုလ်စိတ် နှစ်ကြိမ်ဖြစ်သည်၊ အနုလောမဉာဏ်က နှစ်ကြိမ်ဖြစ်ခဲ့လျှင် ဖိုလ်စိတ် သုံးကြိမ်ဖြစ်သည်-ဟု ဆိုလို၏။

၂-မဂ္ဂဝီထိ၌ အနုလုံဇော ဂေါတြဘူဇော မဂ်ဇော ဖိုလ်ဇော အားလုံးစုစုပေါင်း ခုနစ်ကြိမ်သာလျှင် ဖြစ်ရိုးရှိခြင်း, အနုလုံဇောမှာလည်း အောက်ထစ်ဆုံး နှစ်ကြိမ်သာလျှင် ဖြစ်ရိုးရှိခြင်းဟူသော ထိုအကြောင်းနှစ်ပါးကြောင့်ဟု ဆိုလို၏။

http://www.dhammadownload.com



လေးကြိမ်မြောက် ဂေါတြဘုစိတ ဖြစ်၏၊ ငါးကြိမ်မြောက် မဂ်စိတ် ဖြစ်၏၊ နှစ်ကြိမ်သော ဖိုလ်စိတ်သို့ ဖြစ်ကုန်၏၊ ထို့ကြောင့် "နှစ်ကြိမ်သုံးကြိမ်သော ဖိုလ်စိတ်ဘို့သည် ဖြစ်ပေါ်ကုန်၏"ဟု ဆိုခဲ့ပေသည်။

အချို့သော ဆရာတို့သည်ကား "အနုလုံစိတ် လေးကြိမ်ဖြစ်သော ပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဂေါတြဘုစိတ် ဖြစ်၏၊ ခြောက်ကြိမ်မြောက် မဂ်စိတ် ဖြစ်၏၊ တကြိမ်သော ဖိုလ်စိတ် ဖြစ်၏"ဟု ဆိုကုန်၏၊ ထို စကားကို မူကား "လေးကြိမ်မြောက် ဖြစ်စေ ငါးကြိမ်မြောက်ဖြစ်စေ အပ္ပနာဇော ဖြစ်၏၊ ထိုငါးကြိမ်မှ နောက်၌ နီးကပ်သော ဘဝင်ရှိသောကြောင့် (ဘဝင်ကျချိန် နီးကပ်နေသောကြောင့်)[၁] အပ္ပနာဇော မဖြစ်"ဟူ၍ (အဋ္ဌကထာ၌) ပယ်အပ်ပြီး ဖြစ်သည်။ ထို့ကြောင့် အနှစ်သာရအဖြစ်ဖြင့် မယုံကြည် မယူဆအပ်။

၈၁၂။ ဤ (သောတာပတ္တိဖိုလ် ဖြစ်ကာ)မျှဖြင့် ဤ ယောဂီသည် သောတာပန်[၂] မည်သော ဒုတိယအရိယာပုဂ္ဂိုလ် ဖြစ်၏၊ အလွန်မေ့လျော့နေငြားသော်လည်း နတ်တို့၌၎င်း လူတို့၌၎င်း ခုနစ်ကြိမ် ပြေး သွား ကျင်လည်ပြီးလျှင် ဆင်းရဲ၏ အဆုံး(အရဟတ္တဖိုလ်)ကို ပြုခြင်းငှါ စွမ်းနိုင်ပေ၏။ ဖိုလ်ဇော၏အဆုံး၌ ထိုသောတာပန်ပုဂ္ဂိုလ်၏ စိတ်သည် ဘဝင်သို့ သက်၏။ ထိုမှ နောက်၌ ဘဝင်ကို ဖြတ်၍ မဂ်ကို ဆင်ခြင်ခြင်း အကျိုးငှါ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်၏၊ ထိုစိတ်ချုပ်လတ်သော် မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇောတို့သည် အစဉ်အတိုင်း ခုနစ်ကြိမ်ဖြစ်ကုန်၏။ တဖန် ဘဝင်သို့

---

၁-တဝီထိအတွင်း၌ ဇောခုနစ်ကြိမ် ဖြစ်ပြီးနောက် ဘဝင်ကျရိုးရှိရာတွင် ခြောက်ကြိမ်မြောက် ခုနစ်ကြိမ်မြောက်သည် ဘဝင်ကျရန်အချိန် နီးကပ်နေသောကြောင့် "နီးကပ်သောဘဝင်ရှိသည်" ဟု ဆိုသည်။ ကာမဇောဝီထိ၌ ပဌမဇောထက် ဒုတိယဇောသည် အားကောင်း၏၊ ဒုတိယထက် တတိယသည်၊ တတိယထက် စတုတ္ထသည် အားကောင်း၏။ ပဥ္စမဇောသည် စတုတ္ထဇောထက် အားလျော့သွား၏၊ ဆဋ္ဌဇောသည် ပဥ္စမထက် အားလျော့၏၊ သတ္တမသည် ဆဋ္ဌထက် အားလျော့၏၊ ထိုသတ္တမနောင် ဇောပင်မဖြစ်နိုင်မူ၍ တဒါရုံသော်၎င်း ဘဝင်သော်၎င်း ဖြစ်သည်၊ ဤသို့ ကာမဇောသက်သက်ကျသောဝီထိတို့၌ ဖြစ်ရိုးဖြစ်စဉ်နှင့်လည်း နှိုင်းယှဉ်၍ သိအပ်၏။

၂-သောတ-ရေယဉ် + အာပန္န-ရောက်သည် = သောတာပန္န-သောတာပန်-မဂ္ဂင်ရှစ်ပါးဟူသော တရားရေယဉ်သို့ ရောက်သောပုဂ္ဂိုလ်။

http://www.dhammadownload.com



သက်၍ ထိုနည်းဖြင့်ပင်လျှင် [၁၁၆] ဖိုလ်စသည်တို့ကို ဆင်ခြင်ခြင်း အကျိုးငှါ အာဝဇ္ဇန်း အစရှိသော စိတ်တို့သည် ဖြစ်ပေါ်ကုန်၏။ ယင်း ဆင်ခြင်မှု ပစ္စဝေက္ခဏာစိတ်ဘို့၏ ဖြစ်ခြင်းကြောင့် ဤသောတာပန်ပုဂ္ဂိုလ်သည် မဂ်ကို ဆင်ခြင်သည် မည်၏၊ဖိုလ်ကို ဆင်ခြင်သည် မည်၏၊ ပယ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်သည် မည်၏၊ (မပယ်ရသေးသော) ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်သည် မည်၏၊ နိဗ္ဗာန်ကို ဆင်ခြင်သည် မည်၏။

ချဲ့၍ပြရလျှင်····ထိုသောတာပန်ပုဂ္ဂိုလ်သည် "ဤလမ်းဖြင့် ငါလာခဲ့ပါတကား"ဟု လာခဲ့ရာလမ်း ဟူသော မဂ်ကို ဆင်ခြင်၏၊ ထိုမှနောက်၌ "ဤအကျိုးကို ငါရပေပြီ"ဟု ဖိုလ်ကိုဆင်ခြင်၏၊ ထိုမှနောက်၌"ဤမည်သော ကိလေသာတို့ကို ငါပယ်ပြီးပြီ"ဟု ပယ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်၏၊ ထိုမှနောက်၌ "ဤမည်သော ကိလေသာတို့သည် ငါ့အား ကြွင်းကျန်လျက် ရှိကုန်သေး၏"ဟု အထက်မဂ်သုံးပါးဖြင့် ပယ်သတ်အပ်သော ကိလေသာတို့ကို ဆင်ခြင်၏၊နောက်ဆုံး၌ "ငါသည် ဤတရားကို အာရုံပြုသောအားဖြင့် ထိုးထွင်း သိရပေပြီ"ဟု အမြိုက်နိဗ္ဗာန်ကို ဆင်ခြင်၏။ ဤသို့လျှင် သောတာပန်အရိယာသာဝကအား ငါးပါးသော ပစ္စဝေက္ခဏာတို့သည် ဖြစ်ကုန်၏။ သောတာပန်မှာ ဖြစ်ကုန်သကဲ့သို့ ဤအတူပင် သကဒါဂါမ်ပုဂ္ဂိုလ် အနာဂါမ်ပုဂ္ဂိုလ်တို့အားလည်း ပစ္စဝေက္ခဏာ ငါးပါးစီ ဖြစ်ကုန်၏၊ ရဟန္တာ ပုဂ္ဂိုလ်မှာမူကား (မပယ်ရသေးသော) ကြွင်းသော ကိလေသာကို ဆင်ခြင်ခြင်း မည်သည် မရှိပြီ။ ဤသို့ ပြဆိုခဲ့သည့်အတိုင်း ဆင်ခြင်မှု အလုံးစုံတို့သည် တဆယ့်ကိုးပါးသော ပစ္စဝေက္ခဏာတို့ မည်ကုန်၏။

ဤဆိုခဲ့ပြီးသော စကားသည် အလွန်ဆုံး အပိုင်းအခြားသာလျှင်တည်း၊ ပယ်ပြီးသော ကိလေသာ, ကြွင်းသော ကိလေသာ တို့ကို ဆင်ခြင်ခြင်းသည် သေက္ခပုဂ္ဂိုလ်အား သော်လည်း[၁] ဖြစ်သည်လည်း ရှိ၏၊ မဖြစ်သည်လည်း ရှိ၏၊ မှန်ပေ၏၊ ထိုထိုသို့သော ဆင်ခြင်မှုမရှိခြင်းကြောင့်ပင်လျှင် သကဒါဂါမ်ဖြစ်သော မဟာနာမ်မင်းသည် မြတ်စွာဘုရားကို အောက်ပါအတိုင်း မေးလျှောက်ဘူးလေပြီ --

---

၁-သေက္ခပုဂ္ဂိုလ်အားသော်လည်း မဖြစ်သည်လည်း ရှိ၏ဟူသော စကားဖြင့် အသေက္ခရဟန္တာပုဂ္ဂိုလ်အား ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်ခြင်း မဖြစ်သည်မှာ အထူးပြောပြဖွယ် မရှိတော့ပြီဟု ဆိုလို၏။

http://www.dhammadownload.com



"အရှင်ဘုရား၊ အကျွန်ုပ်၏ ကိုယ်တွင်းသန္တာန်၌ မပယ်ရသေးသော တရားကား အဘယ်မည်သော တရားပါနည်း? ယင်းမပယ်ရသေးသော တရားကြောင့် တရံတခါ၌ အကျွန်ုပ်၏ စိတ်ကို လောဘတရားတို့သည် လည်း လွှမ်းမိုးလျက် အကြွင်းမဲ့ ယူဆောင်၍ တည်ပါကုန်၏" ဤသို့ အစရှိသော အလုံးစုံကို အကျယ်အားဖြင့် သိအပ်၏။

## ဒုတိယမဂ်ဉာဏ်ကို ပြဆိုချက်

၈၁၃။ ဤသို့ ဆင်ခြင်ပြီးလျှင်မူကား ထိုသောတာပန် အရိယာသာဝက သည် ထိုနေရာ၌ပင် ထိုင်လျက်ဖြစ်စေ နောက်အဖို့ အခါတပါး၌ဖြစ်စေ ကာမရာဂနှင့် ဗျာပါဒတို့၏ ခေါင်းပါးခြင်းအကျိုးငှါ (သကဒါဂါမိဖိုလ် ဟူသော) ဒုတိယဘုံအဆင့်သို့ ရောက်ခြင်းငှါ ဝိပဿနာ အားထုတ်ခြင်း ကို ပြု၏၊ ထိုပုဂ္ဂိုလ်သည် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တို့ကို ပေါင်းစု-ညီညွတ်စေ၍ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် အပြားရှိသော ထိုသင်္ခါရတရား အပေါင်းကို ပင်လျှင်"မမြဲ ဆင်းရဲ အတ္တမဟုတ်"ဟု ဉာဏ်ဖြင့် အဖန် တလဲလဲ နှင်းနယ် ချေမှုန်း၏၊ အဖန်တလဲလဲ(ဉာဏ်ကို)ဖြစ်စေ၏[၁]၊ ဝိပဿနာလမ်းမှန် သို့ သက်ဝင်၏။ ဤသို့ကျင့်သော ထိုပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသော နည်းဖြင့် ပင်လျှင် သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ တခုတည်းသော အာဝဇ္ဇန်းဖြင့် အနုလောမဉာဏ် ဂေါတြဘူဉာဏ်တို့ ဖြစ်ပေါ်လာကုန်ပြီးလတ်သော် ဂေါတြ ဘူဉာဏ်၏ အခြားမဲ့၌ သကဒါဂါမိမဂ်သည် ဖြစ်ပေါ်၏၊ ထိုသကဒါဂါမိမဂ် နှင့် ယှဉ်သော ဉာဏ်သည် သကဒါဂါမိမဂ်ဉာဏ်မည်၏။

ဒုတိယမဂ်ဉာဏ် ပြီး၏။

## သကဒါဂါမိပုဂ္ဂိုလ်ကို ပြဆိုချက်

[၃၁၇] ၈၁၄။ ဤသကဒါဂါမိမဂ်ဉာဏ်၏ အခြားမဲ့၌လည်း ဆိုခဲ့ပြီး သောနည်းဖြင့်ပင်လျှင် ဖိုလ်စိတ်တို့ကို သိအပ်ကုန်၏။ ဤ(သကဒါဂါမိဖိုလ်

---

၁-ဤ၌ အဆင့်ဆင့် ဉာဏ်ကို ဖြစ်စေလျက် (သင်္ခါရတရားအပေါင်းကို) လည်စေ ၏ ဟူ၍လည်း ပြန်ဆိုသင့်၏။

http://www.dhammadownload.com



ဖြစ်ကာ)မျှဖြင့် ဤပုဂ္ဂိုလ်သည် ဤ(လူ့ပြည်)လောကသို့ တကြိမ်သာလျှင် ပြန်လာပြီး၍ ဒုက္ခ၏အဆုံးကို ပြုခြင်းငှါ စွမ်းနိုင်သော(ကြောင့်)သကဒါဂါမိ မည်သော¹ စတုတ္ထအရိယာပုဂ္ဂိုလ် ဖြစ်၏။ ထိုမှ နောက်၌ ဆင်ခြင်မှု-ပစ္စဝေက္ခဏာမှာ ဆိုအပ်ပြီးသော နည်းရှိသည်သာလျှင်တည်း။

## တတိယမဂ်ဉာဏ်ကို ပြဆိုချက်

ဤသို့ ဆင်ခြင်ပြီးလျှင်လည်း ထိုသကဒါဂါမိ အရိယာသာဝကသည် ထိုနေရာ၌ပင် ထိုင်လျက်ဖြစ်စေ နောက်အဖို့ အခါတပါး၌ဖြစ်စေ ကာမရာဂနှင့် ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်ခြင်းငှါ(အနာဂါမိဖိုလ်ဟူသော) တတိယဘုံအဆင့်သို့ ရောက်ခြင်းငှါ ဝိပဿနာအားထုတ်ခြင်းကို ပြုပြန်၏၊ ထိုပုဂ္ဂိုလ်သည် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တို့ကို ပေါင်းစု-ညီညွတ်စေ၍ ထိုသင်္ခါရတရားအပေါင်းကိုပင်လျှင် "မမြဲ ဆင်းရဲ အတ္တမဟုတ်"ဟု ဉာဏ်ဖြင့် အဖန်တလဲလဲ နှင်းနယ်ချေမှုန်း၏၊ အဖန်တလဲလဲ(ဉာဏ်ကို)ဖြစ်စေ၏၊ ဝိပဿနာလမ်းမှန်သို့ သက်ဝင်၏။ ဤသို့ကျင့်သောထိုပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ တခုတည်းသော အာဝဇ္ဇန်းဖြင့် အနုလောမဉာဏ် ဂေါတြဘူဉာဏ်တို့ ဖြစ်ပေါ်ကုန်ပြီးလတ်သော် ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ အနာဂါမိမဂ်သည် ဖြစ်ပေါ်၏၊ ထိုအနာဂါမိမဂ်နှင့် ယှဉ်သော ဉာဏ်သည် အနာဂါမိမဂ်ဉာဏ်မည်၏။

တတိယမဂ်ဉာဏ်ပြီး၏။

## အနာဂါမ်ပုဂ္ဂိုလ်ကို ပြဆိုချက်

၈၁၅။ ဤအနာဂါမိမဂ်ဉာဏ်၏ အခြားမဲ့၌လည်း ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် ဖိုလ်စိတ်တို့ကို သိအပ်ကုန်၏။ ဤ(အနာဂါမိဖိုလ်ဖြစ်ကာ)မျှဖြင့် ဤပုဂ္ဂိုလ်သည် ဥပပါတ်ပဋိသန္ဓေသာဖြစ်ရန်ရှိသော ထို(ဗြဟ္မာ့ဘုံ)၌ ပရိနိဗ္ဗာန်စံလတ့်သော ပဋိသန္ဓေ၏အစွမ်းအားဖြင့် ဤကာမလောကသို့ တဖန် မလာသည်ဖြစ်၍ ကာမဘုံသို့ ပြန်လည်ခြင်း သဘောမရှိသော(ကြောင့်)

---

၁-သကိံ-တကြိမ်+အာဂါမီ-ပြန်လာသည်=သကဒါဂါမီ-သကဒါဂါမ်- ဤလူ့ဘုံသို့ ပဋိသန္ဓေအားဖြင့် တကြိမ်ပြန်လာသော ပုဂ္ဂိုလ်-ဟု ဆိုလို၏။

http://www.dhammadownload.com



အနာဂါမ်မည်သော[၁] (ခြောက်ယောက်မြောက်) ဆဋ္ဌအရိယာပုဂ္ဂိုလ်ဖြစ်၏။ ထိုမှနောက်၌ ဆင်ခြင်မှု-ပစ္စဝေက္ခဏာမှာ ဆိုခဲ့ပြီးသောနည်းရှိသည်သာလျှင်တည်း။

## စတုတ္ထမဂ်ဉာဏ်ကို ပြဆိုချက်

ဤသို့ဆင်ခြင်ပြီးလျှင်လည်း ထိုအနာဂါမ်အရိယာသာဝကသည် ထိုနေရာ၌ပင် ထိုင်နေလျက်ဖြစ်စေ နောက်အဖို့အခါတပါး၌ဖြစ်စေ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာတို့ကို အကြွင်းမဲ့ပယ်ခြင်းငှါ (အရဟတ္တဖိုလ်ဟူသော) စတုတ္ထဘုံအဆင့်သို့ ရောက်ခြင်းငှါ ဝိပဿနာအားထုတ်ခြင်းကို ပြုပြန်၏၊ ထိုပုဂ္ဂိုလ်သည်လည်း ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တို့ကို ပေါင်းစု ညီညွတ်စေ၍ ထိုသင်္ခါရတရားအပေါင်းကိုပင်လျှင် "မမြဲ ဆင်းရဲ အတ္တမဟုတ်" ဟု ဉာဏ်ဖြင့် အဖန်တလဲလဲ နှင်းနယ်ချေမှုန်း၏၊ အဖန်တလဲလဲ (ဉာဏ်ကို) ဖြစ်စေ၏၊ ဝိပဿနာ လမ်းမှန်သို့ သက်ဝင်၏၊ ဤသို့ ကျင့်သောထိုပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် တခုတည်းသော အာဝဇ္ဇန်းဖြင့် [၃၁၈] အနုလောမဉာဏ် ဂေါတြဘူဉာဏ်တို့ ဖြစ်ပေါ်ကုန်ပြီးလတ်သော် ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ အရဟတ္တမဂ်သည် ဖြစ်ပေါ်၏၊ ထိုအရဟတ္တမဂ်နှင့် ယှဉ်သော ဉာဏ်သည် အရဟတ္တမဂ်ဉာဏ်မည်၏။

စတုတ္ထမဂ်ဉာဏ်ပြီး၏။

## ရဟန္တာပုဂ္ဂိုလ်ကို ပြဆိုချက်

၈၁၆။ ဤအရဟတ္တမဂ်ဉာဏ်၏အခြားမဲ့၌လည်းဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် ဖိုလ်စိတ်တို့ကို သိအပ်ကုန်၏။ ဤ (အရဟတ္တဖိုလ်ဖြစ်ကာ) မျှဖြင့် ဤပုဂ္ဂိုလ်သည် ရဟန္တာမည်သော[၂] (ရှစ်ယောက်မြောက်) အဋ္ဌမပုဂ္ဂိုလ်ဖြစ်၏၊ အာသဝေါကုန်ပြီးသော ပုဂ္ဂိုလ်မြတ် ဖြစ်၏၊ အဆုံးဖြစ်သော ခန္ဓာကိုယ်ကို

---

၁-အန-မ + အာဂါမီ-ပြန်လာသည်=အနာဂါမီ-အနာဂါမ်-ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်မလာသောပုဂ္ဂိုလ်။

၂-အရဟန္တ-အပူဇော်ခံထိုက်သော။ ဝါ၊ ကိလေသာတို့မှ ဝေးကွာသော ရဟန္တာပုဂ္ဂိုလ်။

http://www.dhammadownload.com



ဆောင်သော ဝန်ထုပ်ဝန်ပိုးကို ချပြီးသော [၁] ပုဂ္ဂိုလ်ဖြစ်၏၊ မိမိအကျိုးကို[၂] ရောက်ပြီး ရပြီးသော ဘဝသံယောဇဉ် ကုန်ခန်းပြီးသော ပုဂ္ဂိုလ်ဖြစ်၏၊ မှန်စွာသိ၍ လွတ်မြောက်၏၊ နတ်နှင့်တကွသော လူအပေါင်း၏ မြတ်သော အလှူကို ခံထိုက်သော ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပေ၏။

ဤသို့လျှင်"သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ် ဟူသော ဤလေးပါးသောမဂ်တို့၌ ဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိမည်၏" ဟူ၍ ရှေး၌ ဆိုခဲ့သော ထိုစကားသည် ယခုပြဆိုခဲ့သော အစဉ်ဖြင့် ရောက်အပ်ကုန်သော ဤလေးပါးသော မဂ်ဉာဏ်တို့ကိုရည်၍ ဆိုအပ်သောစကား ဖြစ်ပေသည်။

## ဗောဓိပက္ခိယတရားကို ပြဆိုချက်

၈၁၇။ ယခုအခါ ဉာဏ်လေးပါး အပေါင်းဟု ဆိုအပ်သော ဤဉာဏဒဿနဝိသုဒ္ဓိ၏ပင်လျှင် အစွမ်းအာနုဘော်ကို သိနားလည်ခြင်း အကျိုးငှါ-

> ပြည့်စုံသော ဗောဓိပက္ခိယတရားရှိသည်၏ အဖြစ်ကိုရင်း, (နိမိတ္တပဝတ္တမှ) ထခြင်း(ကိုရင်း, သမထဝိပဿနာ)ခွန်အားနှင့် ယှဉ်ခြင်းကိုရင်း, အကြင်အကုသိုလ်တရားတို့ကို အကြင်ဉာဏ်ဖြင့် ပယ်အပ်ကုန်၏၊ ထိုအကုသိုလ်တရားတို့ကို ထိုဉာဏ်ဖြင့် ပယ်ခြင်းကိုရင်း,
>
> သစ္စာလေးပါးကို သိသောအခါ၌ ပရိညာအစရှိသော အကြင်ကိစ္စတို့ကို ဟောအပ်ကုန်၏၊ ထိုကိစ္စ အလုံးစုံတို့ကိုရင်း ဟုတ်မှန်သော သဘောအားလျော်စွာ သိအပ်ကုန်၏။ (၂-ဂါထာ)

၈၁၈။ ထိုဂါထာတို့၌ **ပြည့်စုံသော ဗောဓိပက္ခိယတရားရှိသည်၏အဖြစ်** ဟူသည်ကား ဗောဓိပက္ခိယတရားတို့၏ ပြည့်စုံသည်၏အဖြစ်တည်း။ သတိ

---

၁-(၁) ကိလေသာဝန်၊ (၂) ကံဟူသော အဘိသင်္ခါရဝန်၊ (၃) ဖြစ်ထိုက်သော ဘဝသစ် ရုပ်နာမ်ဟူသော ခန္ဓာဝန်-ဤဝန်သုံးပါးကို စွန့်ပယ်ပြီး ဖြစ်သောကြောင့် ဝန်ထုပ်ဝန်ပိုးကို ချပြီးသောပုဂ္ဂိုလ် ဖြစ်ပေသည်။

၂-မိမိ၏ အကျိုးဟူသည်ကား အရဟတ္တဖိုလ်တရားပင် ဖြစ်သည်။

http://www.dhammadownload.com



ပဋ္ဌာန်လေးပါး[1] သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး အင်္ဂါရှစ်ပါး ရှိသော အရိယာမဂ် (မဂ္ဂင်ရှစ်ပါး) ဟူသော ဤသုံးဆယ့်ခုနစ်ပါးသော တရားတို့သည် သိတတ်သော အနက် သဘောကြောင့် **ဗောဓိ**မည်သော[2] အရိယာမဂ်၏ အဖို့(အုပ်စု)၌ ဖြစ်သော ကြောင့် **ဗောဓိပက္ခိယ**[3] မည်ကုန်၏။ **အဖို့(အုပ်စု)၌ ဖြစ်သောကြောင့်** ဟူသည်မှာ ကျေးဇူးပြုတတ်သည်၏ အဖြစ်၌ တည်သောကြောင့် (ဟု ဆိုလို၏)။

[၃၁၉] ၈၁၉။ ထိုထိုအာရုံတို့၌ သက်ဝင်၍ ပြေးဝင်၍ ထင်သောကြောင့် **ပဋ္ဌာန**မည်၏၊ သတိသည်ပင်လျှင် ပြေးဝင်၍ ထင်၏၊ (ထို့ကြောင့်) **သတိ ပဋ္ဌာန-သတိပဋ္ဌာန်** မည်၏၊ ကာယ, ဝေဒနာ,စိတ်,သဘောတရားတို့၌ မတင့် တယ်သောအခြင်းအရာ, ဆင်းရဲသော အခြင်းအရာ,မမြဲသော အခြင်းအရာ, အတ္တမဟုတ်သော အခြင်းအရာတို့ကို ယူသည်၏ အစွမ်းအားဖြင့်ရင်း, "တင့်တယ်သည် ချမ်းသာသည် မြဲသည် အတ္တဟုတ်သည်-"ဟု ထင်သော အမှတ်သညာတို့ကို ပယ်ခြင်းကိစ္စ ပြီးစေသည်၏ အစွမ်းအားဖြင့်ရင်း ဖြစ်သောကြောင့် ထိုသတိပဋ္ဌာန်သည် လေးပါးအပြားအားဖြင့် ကွဲပြား၏၊ ထို့ကြောင့် "သတိပဋ္ဌာန်လေးပါး"ဟူ၍ ဆိုအပ်၏[4]။

---

၁-စတ္တာရော သတိပဋ္ဌာနာ-ဟူသော ပါဠိအရ အတိအကျပြန်လျှင် "လေးပါး ကုန်သော သတိပဋ္ဌာန်တို့ရင်း"ဟု ပြန်ဆိုသင့်သော်လည်း တိုတိုနှင့် မြန်မာ စကား ချောမောပြေပြစ်စေရန် "သတိပဋ္ဌာန်လေးပါး"ဟု သာမညအား ဖြင့် ပြန်ထားသည်။ သမ္မပ္ပဓာန်လေးပါးစသော ပြန်ဆိုချက်တို့၌လည်း နည်းတူပင် ဖြစ်သည်။

၂-ယခုလက်ရှိ ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာတို့၌ ဗောဓေတိ လဒ္ဓနာမဿ-ဟု ရှိသော်လည်း အခြားသော အဋ္ဌကထာတို့၌ ဗောဓိဟူ၍ ပြဆိုထားသော ကြောင့်ရင်း, ဗောဓိပက္ခိယပုဒ်၌ ဗောဓိဟု ဣ-နှင့် ပုဒ်ပြီးရမည်ဖြစ်သော ကြောင့်ရင်း ဤ၌ ဗောဓိမည်သောဟု ပြန်ဆိုလိုက်သည်။

၃-ဗောဓိ-သိတတ်သော အရိယာမဂ်၏+ ပက္ခ-အဖို့ (အုပ်စု)၌+ ဣယ- ဖြစ် သည်=ဗောဓိပက္ခိယ-အရိယာမဂ်၏အဖို့(အုပ်စု)၌ ပါဝင်သောတရားများ။

၄-ဤအရာ၌လည်း ပါဠိ၌ ဗဟုဝုစ်နှင့် ရှိ၏၊ သို့သော်လည်း ရှေး၌ ကေဝုစ်နှင့် ပြန်ဆိုခဲ့သည်အားလျော်စွာ ကေဝုစ်နှင့်ပင် ပြန်ဆိုထားသည်၊ နောက်၌ လည်း နည်းတူပင်။

http://www.dhammadownload.com



၈၂၀။ ဤတရားသဘောဖြင့် အားထုတ်ကုန်၏၊ ဤသို့ အားထုတ်ကြောင်း ဖြစ်သောကြောင့် ပဓာနမည်၏။ တင့်တယ်သော အားထုတ်ကြောင်းတည်း၊ (ထို့ကြောင့်) **သမ္မပ္ပဓာန်** မည်၏[၁]။ တနည်းကား ဤတရားသဘောဖြင့် ကောင်းစွာ အားထုတ်ကုန်၏၊ ဤသို့ ကောင်းစွာ အားထုတ်ကြောင်း ဖြစ်သောကြောင့် **သမ္မပ္ပဓာန်** မည်၏[၂]။ တနည်းကား ကိလေသာ ဟူသော အရုပ်ဆိုးသည်၏ အဖြစ်မှ ကင်းသောကြောင့် တင့်တယ်သည် (ဖြစ်၍ သမ္မာ) လည်း မည်၏[၃]၊ ထိုတင့်တယ်သော လုံ့လသည် စီးပွါးချမ်းသာတို့ကို ဖြစ်စေတတ်သည်၏ အဖြစ်ဖြင့် အထူးသဖြင့် ချီးမွမ်းအပ်သည်၏ အဖြစ်ကို ဆောင်တတ်သောကြောင့်ရင်း, ပြဓာန်း (မြင့်မြတ်)သည့် အဖြစ်၏ အကြောင်း ဖြစ်သောကြောင့်ရင်း ပဓာနလည်း မည်၏၊ ထို့ကြောင့် **သမ္မပ္ပဓာန်**မည်၏[၄]။ ဤသမ္မပ္ပဓာန် ဟူသော အမည်သည် လုံ့လဝီရိယ၏ အမည်ပေတည်း။ ထိုသို့ အမည်ရကြောင်း ရှိသော ဤသမ္မပ္ပဓာန်သည် ဖြစ်ပြီးသော အကုသိုလ်တို့ကို ပယ်ခြင်းကိစ္စနှင့် မဖြစ်သေးသော အကုသိုလ်တို့၏ မဖြစ်ခြင်းကိစ္စကိုရင်း[၅] မဖြစ်သေးသော ကုသိုလ်တို့၏ ဖြစ်ခြင်းကိစ္စနှင့် ဖြစ်ပြီးသောကုသိုလ်တို့၏ တည်ခြင်းကိစ္စကိုရင်း[၆] ပြီးစေတတ်သောကြောင့် လေးပါးအပြားရှိ၏။ ထို့ကြောင့် "**သမ္မပ္ပဓာန်လေးပါး**"ဟူ၍ ဆိုအပ်၏။

---

၁-သမ္မာ- တင့်တယ်သော+ပဓာန- အားထုတ်ကြောင်း=သမ္မပ္ပဓာန-တင့်တယ်သောအားထုတ်ကြောင်း လုံ့လ။

၂-သမ္မာ-ကောင်းစွာ+ ပဓာန- အားထုတ်ကြောင်း= သမ္မပ္ပဓာန- ကောင်းစွာ အားထုတ်ကြောင်း လုံ့လ။

၃-ဤစကားရပ်ဖြင့် သမ္မာပုဒ်က တင့်တယ်ခြင်းအနက်ကို ဟောသည်-ဟု ပြ၏။

၄-သမ္မာ-တင့်တယ်သော+ပဓာန- ပြဓာန် မြင့်မြတ်သော တရား= သမ္မပ္ပဓာန-တင့်တယ်၍ ပြဓာန်းမြင့်မြတ်သော လုံ့လ။

၅-ပါဠိ၌ တပေါင်းတည်း ဆိုထားသော သမ္မပ္ပဓာန်ကိစ္စနှစ်ခုကို အလွယ်တကူ ရှင်းလင်းစွာသိစေရန် ဤ၌ ခွဲ၍ ပြန်ဆိုလိုက်သည်။

၆-ဤ၌လည်း နည်းတူပင် ခွဲ၍ ပြန်ဆိုထားသည်။

၈၂၁။ ရှေး၌ ဆိုခဲ့ပြီးသော ပြီးစီးပြည့်စုံခြင်း အနက်သဘောကြောင့် **ဣဒ္ဓိ**မည်၏၊ ယှဉ်ဖော်ယှဉ်ဖက်(သမ္ပယုတ်)ဖြစ်သော ထိုပြီးစီးပြည့်စုံခြင်း၏[၁] (အဓိပတိပစ္စည်းဟူသော) ပြဓာန်းသော အနက်သဘောကြောင့် (ပါဒ) အခြေခံဖြစ်၏၊ တနည်းကား အကျိုးဖြစ်သော ထိုပြီးစီးပြည့်စုံခြင်း၏ [၂]ရှေး အဖို့ အကြောင်းဟူသော အနက်သဘောကြောင့် (ပါဒ)ရောက်ကြောင်း ဖြစ်၏၊ ထို့ကြောင့် **ဣဒ္ဓိပါဒ်**မည်၏။ ထိုဣဒ္ဓိပါဒ်သည် ဆန္ဒစသည်တို့၏ အစွမ်း အားဖြင့် လေးပါးအပြားရှိ၏၊ ထို့ကြောင့်"**ဣဒ္ဓိပါဒ်လေးပါး**"ဟူ၍ ဆိုအပ်၏၊ အဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူ ? "ဣဒ္ဓိပါဒ်တို့သည် ဆန္ဒိဒ္ဓိပါဒ် စိတ္တိဒ္ဓိပါဒ် ဝီရိယိဒ္ဓိပါဒ် ဝီမံသိဒ္ဓိပါဒ်တို့ဟူ၍ လေးပါးတို့တည်း"ဟု ဟော တော်မူ၏။ ဤလေးပါးတို့သည် လောကုတ္တရာတရားတို့သာလျှင် ဖြစ်ကုန် ၏။ သို့သော်လည်း "ရဟန်းသည် ဆန္ဒကို အကြီးအမှူးပြု၍ သမာဓိကို အကယ်၍ ရငြားအံ့၊ စိတ်၏တည်ကြည်ခြင်းကို အကယ်၍ ရငြားအံ့၊ ဤသမာဓိကို ဆန္ဒသမာဓိဟူ၍ ဆိုအပ်၏" ဤသို့ စသည်ဖြင့် ဟောတော် မူသောကြောင့် ဆန္ဒအစရှိသော အဓိပတိ၏ အစွမ်းအားဖြင့် ရအပ်သော လောကီတရားတို့သည်လည်း ဣဒ္ဓိပါဒ် မည်ကုန်သေး၏။

၈၂၂။ မယုံကြည်ခြင်း ပျင်းရိခြင်း မေ့လျော့ခြင်း ပျံ့လွင့်ခြင်း တွေဝေ ခြင်းတို့ကို လွှမ်းမိုးနှိမ်နင်းတတ်သောကြောင့် လွှမ်းမိုးနှိမ်နင်းခြင်းဟူသော အစိုးရခြင်း အနက်သဘောအားဖြင့် **ဣန္ဒြိယ**မည်၏။ မယုံကြည်ခြင်း စသည် တို့က မလွှမ်းမိုးအပ်-မလွှမ်းမိုးနိုင်သောကြောင့် မတုန်လှုပ်ခြင်း အနက် သဘောအားဖြင့် **ဗလ-ဗိုလ်**လည်း မည်၏။ ထိုဣန္ဒြေနှင့် ဗိုလ်နှစ်ပါးလုံး သည်လည်း သဒ္ဓါ-ယုံကြည်မှုစသည်တို့၏ အစွမ်းအားဖြင့် ငါးပါးအပြား ရှိ၏။ ထို့ကြောင့် "ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး"ဟူ၍ ဆိုအပ်၏။

၈၂၃။ ထိုမှတပါး သိတတ်သောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါဖြစ်သော ကြောင့် သတိအစရှိသော ခုနစ်ပါးသော တရားတို့သည် **ဗောဇ္ဈင်**[၃] မည်ကုန်

---

၁-ပြီးစီး ပြည့်စုံခြင်း၏....အခြေခံ ဖြစ်၏-ဟု စပ်ပါ။ ဣဒ္ဓိ-ပြီးစီးပြည့်စုံခြင်း၏+ ပါဒ-အခြေခံ။

၂-ထိုပြီးစီးပြည့်စုံခြင်း၏ ...ရောက်ကြောင်းဖြစ်၏-ဟု စပ်ပါ။ ဣဒ္ဓိ- ပြီးစီးပြည့်စုံ ခြင်း၏-ပြည့်စုံခြင်းသို့+ပါဒ-ရောက်ကြောင်း။

၃-ဗောဓိ-သိသော **ပုဂ္ဂိုလ်၏**+အင်္ဂ- အကြောင်းအင်္ဂါ= ဗောဇ္ဈင်္ဂ- ဗောဇ္ဈင်- သိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါဖြစ်သောတရား။

http://www.dhammadownload.com



၏၊ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော အနက်သဘောကြောင့် သမ္မာဒိဋ္ဌိအစရှိသော ရှစ်ပါးသောတရားတို့သည်လည်း မဂ္ဂင်[၁] မည်ကုန်၏၊ ထို့ကြောင့် "ဗောဇ္ဈင်ခုနစ်ပါး, အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်"ဟူ၍ ဆိုအပ်၏။

[၃၂၀] ၈၂၄။ ဤ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် သုံးဆယ့်ခုနစ်ပါးသော ဤဗောဓိပက္ခိယတရားတို့ကို[၂] ရှေးအဖို့ လောကီ ဝိပဿနာဉာဏ်ဖြစ်စဉ်၌[၃] တဆယ့်လေးပါးသော အပြားဖြင့် ကိုယ်ကို သိမ်းဆည်းသော သူအား ကာယာနုပဿနာ သတိပဋ္ဌာန်ကို ရအပ်၏၊ ကိုးပါးအပြားအားဖြင့် ဝေဒနာကို သိမ်းဆည်းသော သူအား ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ရအပ်၏၊ တဆယ့်ခြောက်ပါး အပြားအားဖြင့် စိတ်ကို သိမ်းဆည်းသော သူအား စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ရအပ်၏၊ ငါးပါးအပြားအားဖြင့် သဘောတရားတို့ကို သိမ်းဆည်းသောသူအား ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ရအပ်၏၊ ဤမိမိ၏ ပစ္စုပ္ပန်အတ္တဘော၌ မဖြစ်ဘူးသေးသော အကုသိုလ်ကို သူတပါးသန္တာန်၌ ဖြစ်သည်ကို တွေ့မြင်၍ "ဤအကုသိုလ်မျိုး မဖြစ်အောင်ကျင့်သုံးအံ့၊ ဤသို့ ကျင့်သည်ရှိသော် ငါ့အား ဤအကုသိုလ်သည် မဖြစ်လတံ့"ဟု ထို အကုသိုလ်၏ မဖြစ်ခြင်းငှါ အားထုတ်သော ကာလ၌ ပဌမသမ္မပ္ပဓာန်ကို ရအပ်၏၊ မိမိ၏သန္တာန်၌ ဖြစ်ပေါ်ခြင်းသို့ ရောက်သော အကုသိုလ်ကို တွေ့မြင်၍ ထိုအကုသိုလ်ကို ပယ်ခြင်းငှါ အားထုတ်သော ကာလ၌ ဒုတိယသမ္မပ္ပဓာန်ကို ရအပ်၏၊ ဤ မိမိ၏ ပစ္စုပ္ပန် အတ္တဘော၌ မဖြစ်ဘူးသေးသော ဈာန်ကိုသော်၎င်း ဝိပဿနာကိုသော်၎င်း ဖြစ်စေခြင်းငှါအားထုတ်သောသူအား တတိယသမ္မပ္ပဓာန်ကို ရအပ်၏၊ဖြစ်ပေါ်ပြီးသော

---

၁-မဂ္ဂ-ထွက်မြောက်ကြောင်းဖြစ်သောလမ်း+အင်္ဂ- အစိတ်အပိုင်းအင်္ဂါ=မဂ္ဂင်- မဂ္ဂင်-ထွက်မြောက်ကြောင်း မဂ်လမ်း၏ အစိတ်အပိုင်းအင်္ဂါ။

၂-ဤ ဗောဓိပက္ခိယတရားတို့ကို....အထူးထူးသော စိတ်တို့၌ ရအပ်ကုန်၏- တခုတည်းသောစိတ်၌ ရအပ်ကုန်၏-ဟု စပ်ပါ။

၃-လောကီဝိပဿနာဉာဏ်ဖြစ်စဉ်၌-ဟူသောပုဒ်ကို ကာယာနုပဿနာသတိပဋ္ဌာန်ကို ရအပ်၏-ဤသို့စသော ပုဒ်တို့နှင့်၎င်း၊ အထူးထူးသော စိတ်တို့၌ ရအပ်ကုန်၏ဟူသော ပုဒ်နှင့်၎င်း-ဟု စပ်ပါ။

http://www.dhammadownload.com



ဈာန်ဝိပဿနာ မဆုတ်ယုတ်အောင် အဖန်ဖန် ဖြစ်စေသူအား စတုတ္ထသမ္မပ္ပဓာန်ကို ရအပ်၏၊ ဆန္ဒကို အကြီးအမှူးပြု၍ ကုသိုလ်ကို ဖြစ်စေသောကာလ၌ ဆန္ဒိဒ္ဓိပါဒ်ကို ရအပ်၏၊ မိစ္ဆာဝါစာ ခေါ် မသင့်လျော်သော ပြောဆိုခြင်းမှ ကြဉ်ရှောင်သောကာလ၌ သမ္မာဝါစာကို ရအပ်၏၊ ဤသို့လျှင် အထူးထူးသော စိတ်တို့၌ ရအပ်ကုန်၏၊ ဤလေးပါးသော မဂ်ဉာဏ်တို့ ဖြစ်ပေါ်သော ကာလ၌မူကား တခုတည်းသော စိတ်၌ ရအပ်ကုန်၏။ ဖိုလ်ခဏ၌ လေးပါးသော သမ္မပ္ပဓာန်တို့ကို ဖယ်ထား၍ ကြွင်းသော သုံးဆယ့်သုံးပါးသော ဗောဓိပက္ခိယတရားတို့ကို ရအပ်ကုန်၏။

၁၂၅။ ဤဆိုခဲ့သည့် အတိုင်း တခုတည်းသော စိတ်၌ ရအပ်ကုန်သော ဤဗောဓိပက္ခိယတရားတို့တွင် နိဗ္ဗာန်လျှင် အာရုံရှိသော တပါးတည်းသော သတိကိုပင်လျှင် ကာယအစရှိသော လေးပါးသော အာရုံတို့၌ တင့်တယ်သည်ဟု ထင်သော အမှတ်သညာစသည်တို့ကို ပယ်ခြင်း ကိစ္စ ပြီးစေသည်၏ အစွမ်းအားဖြင့် “သတိပဋ္ဌာန်လေးပါး”ဟူ၍ ဆိုအပ်၏။ တပါးတည်းသော ဝီရိယကိုပင်လျှင် မဖြစ်သေးသော အကုသိုလ်တို့၏ မဖြစ်ခြင်း အစရှိသော ကိစ္စကို ပြီးစေသည်၏ အစွမ်းအားဖြင့် “သမ္မပ္ပဓာန် လေးပါး”ဟူ၍လည်း ဆိုအပ်၏။ ကြွင်းသော ဗောဓိပက္ခိယ တရားတို့၌ကား လျော့စေခြင်း တိုးပွါးစေခြင်းသည် မရှိပေ။

၁၂၆။ တနည်းအားဖြင့်လည်း ထို သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့တွင် ....

ကိုးခုတရား တပါးစီသာ၊

တခုသည်ကား နှစ်ပါး တဖြာ၊

လေးပါး ငါးပါး ရှစ်ပါး ကိုးဖြာ၊

ဂုဏ်တို့ ခြောက်ဖို့ ကွဲကြပါ။

**ကိုးခုတရား တပါးစီသာ** ဟူသည်ကား ဆန္ဒ, စိတ်, ပီတိ, ပဿဒ္ဓိ, တတြမဇ္ဈတ္တတာ ဟူသော ဥပေက္ခာ, ဝိတက်ဟူသော သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ သမ္မာအာဇီဝဟူသော ဤကိုးပါးသော တရားတို့သည် (ဆန္ဒိဒ္ဓိပါဒ် စသည်အားဖြင့်) တပါးစီသာ အပြားရှိကုန်၏၊ အခြားတပါးသော

http://www.dhammadownload.com



အဖို့သို့ မဝင်ကုန်။ **တခုသည်ကား နှစ်ပါး** ဟူသည်ကား သဒ္ဓါသည် ဣန္ဒြေ နှင့် ဗိုလ်တို့၏ အစွမ်းအားဖြင့် နှစ်ပါး အပြားအားဖြင့် တည်၏။ **တဖြာ လေးပါး ငါးပါး** ဟူသည်ကား ထိုမှတပါးသော တရားတခုသည် လေးပါး အပြားအားဖြင့်၊ ထိုမှတပါးသော တရားတခုသည် ငါးပါး အပြားအားဖြင့် တည်၏၊ ဤကား ဆိုလိုရင်း အနက်တည်း။ ထိုတွင် သမာဓိ ဟူသောတရား တခုသည် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင်တို့၏ အစွမ်းအားဖြင့် လေးပါးအပြား အားဖြင့် တည်၏။ ပညာဟူသော တရားတခုသည် ထိုလေးပါးနှင့် ဣဒ္ဓိပါဒ် အဖို့၏ အစွမ်းအားဖြင့် [၃၂၁] ငါးပါး အပြားအားဖြင့် တည်၏။ **ရှစ်ပါး ကိုးဖြာ** ဟူသည်ကား ထိုမှတပါးသော တရားတခုသည် ရှစ်ပါးအပြား အားဖြင့် တည်၏၊ထိုမှတပါးသော တရားတခုသည် ကိုးပါး အပြားဖြင့်တည် ၏၊ ဤကား ဆိုလိုရင်း အနက်တည်း။ (ထိုတွင်) သတိသည် သတိပဋ္ဌာန် လေးပါးနှင့် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင်တို့၏ အစွမ်းအားဖြင့် ရှစ်ပါးအပြား အားဖြင့် တည်၏။ ဝီရိယသည် သမ္မပ္ပဓာန် လေးပါးနှင့် ဣဒ္ဓိပါဒ် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင်တို့၏ အစွမ်းအားဖြင့် ကိုးပါး အပြားဖြင့် တည်၏။ဤသို့လျှင်

> ဤဗောဓိပက္ခိယ တရားတို့သည် ပုဒ်တပါးနှင့် မရော မစပ် ကုန်သည် ရှိသော်[၁] တဆယ့် လေးပါးတို့ သာလျှင် ဖြစ်ကုန်၏၊ အဖို့ အစု အား ဖြင့်[၂] ခုနစ်ပါး အပြား ရှိကုန်၏၊အသေးစိတ် အကျယ် အပြားအား ဖြင့်[၃] (ကာယာနုပဿနာ အစရှိသော) မိမိ၏ ကိစ္စကို ပြီးစေခြင်း

---

၁-သတိဟူသော ဗောဓိပက္ခိယတရားသည် ပဋ္ဌာန ဣန္ဒြိယစသော ပုဒ်တို့နှင့် ရောစပ်ယူလျှင် သတိပဋ္ဌာန် သတိန္ဒြေစသည်ဖြင့် များသော အပြားကို ရ၏၊ ထိုသို့ မရောစပ်ပဲ သတိဟူသော မိမိတပုဒ်တည်းအရဖြင့် ယူလျှင် တပါးတည်းသာ ရ၏။ သို့ဖြစ်၍ တပါးသောပုဒ်တို့နှင့် မရောစပ်ပဲ သတိ ဝီရိယစသည်ဖြင့် ယူခဲ့သော် ဗောဓိပက္ခိယတရားကိုယ် တဆယ့်လေးပါးသာ လျှင် ဖြစ်သည်ဟု ဆိုလို၏။

၂-(၁) သတိပဋ္ဌာန်၊ (၂) သမ္မပ္ပဓာန်၊ (၃) ဣဒ္ဓိပါဒ်၊ (၄) ဣန္ဒြေ၊ (၅) ဗိုလ်၊ (၆) ဗောဇ္ဈင်၊ (၇) မဂ္ဂင်-ဤသို့ အစုလိုက်အားဖြင့် ခွဲလျှင် ခုနစ်ပါး အပြားရှိသည် ဟုဆိုလို၏။

၃-အသေးစိတ်အကျယ်အပြားအားဖြင့်.... သုံးဆယ့်ခုနစ်ပါး အပြားရှိကုန်၏-ဟု စပ်ပါ။

http://www.dhammadownload.com



ကြောင့်ရှင်း[၁] (ဆန္ဒိဒ္ဓိပါဒ် အစ ရှိသော)သရုပ် တရားကိုယ် အားဖြင့် ဖြစ်ခြင်းကြောင့်ရှင်း[၂] သုံးဆယ့်ခုနစ်ပါး အပြားရှိကုန်၏၊ အရိယာမဂ် ဖြစ်လတ်သော် (ဖြစ်သောအခါ) ထိုဗောဓိပက္ခိယ တရားတို့သည် အလုံးစုံပင်လျှင် ဖြစ်ပေါ်ကုန်၏။ (၂-ဂါထာပေါင်း)

ဤသို့လျှင် ဤ(ဉာဏဒဿနဝိသုဒ္ဓိ)၌ ပြည့်စုံသော ဗောဓိပက္ခိယ တရား ရှိသည်၏အဖြစ်ကို သိအပ်၏။

## ထခြင်း,ခွန်အားနှင့်ယှဉ်ခြင်းတို့ကို ပြဆိုချက်

၈၂၇။ **ထခြင်း ခွန်အားနှင့် ယှဉ်ခြင်း** ဟူသည်ကား ထခြင်းကိုရှင်း ခွန်အားနှင့် ယှဉ်ခြင်းကိုရှင်း (ဟု ဆိုလို၏)။ ချဲ့၍ ပြရလျှင် .... လောကီ ဝိပဿနာသည် သင်္ခါရနိမိတ်လျှင် အာရုံရှိသောကြောင့်ရှင်း၊ မပြတ်ဖြစ် ခြင်းဟူသော ခန္ဓာအယဉ်၏ အကြောင်းဖြစ်သော သမုဒယ တဏှာကို အကြွင်းမဲ့ မပယ်ဖြတ်ခြင်းကြောင့်ရှင်း သင်္ခါရနိမိတ်မှလည်း ထသည် မမည်၊ မပြတ်ဖြစ်သော ခန္ဓာအယဉ်မှလည်း ထသည် မမည်။ ဂေါတြဘူ ဉာဏ်သည် သမုဒယတဏှာကို အကြွင်းမဲ့ မပယ်ဖြတ်ခြင်းကြောင့် မပြတ်ဖြစ် သော ခန္ဓာ အယဉ်မှ ထသည် မမည်၊ သို့သော် နိဗ္ဗာန်လျှင် အာရုံရှိသော ကြောင့် သင်္ခါရနိမိတ်မှမူကား ထသည် မည်၏၊ ထို့ကြောင့် (ရှင်းသည်) ဧကတောဝုဋ္ဌာန-တဖက်မှထသည် မည်၏။ ထို့ကြောင့် "အပြင်ပ (သင်္ခါရ)မှ ထခြင်း ပြန်လည်ခြင်း ပြီးစီးလတ်သော် ဖြစ်သော ပညာသည် ဂေါတြဘူဉာဏ် မည်၏"ဟု ဟောတော်မူ၏။ ထို့ပြင်လည်း (ဟောထား သေးသည်မှာ).... "ဖြစ်ပေါ်ခြင်းမှ ပြန်လည်၍ မဖြစ်ပေါ်ခြင်းသို့ ပြေးဝင် သောကြောင့် ဂေါတြဘူ မည်၏၊ ဖြစ်ပွါးခြင်းမှ ပြန်လည်၍" ဤသို့

---

၁-သတိသည် တရားကိုယ်အားဖြင့် တပါးတည်းဖြစ်သော်လည်း ကာယာနုပဿ-နာအစရှိသော မိမိ၏ကိစ္စကို ပြီးစေသောကြောင့် သတိပဋ္ဌာန် လေးပါး သတိန္ဒြေ သတိဗိုလ် သတိသမ္ဗောဇ္ဈင် သမ္မာသတိမဂ္ဂင်ဟူ၍ ရှစ်ပါး ပြား၏၊ ဤသို့သောနည်းဖြင့် အချို့သော ဗောဓိပက္ခိယတရားသည် များသော အပြားရှိ၏၊ ထို့ကြောင့်လည်း သုံးဆယ့်ခုနစ်ပါး ဖြစ်သည်ဟု ဆိုလို၏။

၂-အကွဲအပြားမရှိသော ဆန္ဒိဒ္ဓိပါဒ်စသည်မှာ သရုပ်တရားကိုယ်အားဖြင့် တပါး စီသာ ဖြစ်၏၊ ထို့ကြောင့်လည်း သုံးဆယ့်ခုနစ်ပါး ဖြစ်သည်ဟု ဆိုလို၏။

http://www.dhammadownload.com



စသည်ဖြင့် အလုံးစုံကို သိအပ်၏။ လေးပါးလုံးသော ဤမဂ်ဉာဏ်တို့သည် ကား နိမိတ်ကင်းသော နိဗ္ဗာန်လျှင် အာရုံရှိသောကြောင့် သင်္ခါရ နိမိတ်မှလည်း ထကုန်၏၊ သမုဒယတဏှာကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်းကြောင့် မပြတ်ဖြစ်သော ခန္ဓာအယဉ်မှလည်း ထကုန်၏၊ ထို့ကြောင့် (ၐင်းတို့သည်) ဉာဘတောဝုဋ္ဌာန-နှစ်ဖက်လုံး (နှစ်ပါးစုံ)မှ ထသည် မည်ကုန်၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်၌ အောက်ပါအတိုင်း ဟောတော်မူ၏—

အဘယ်သို့လျှင် နှစ်ပါးစုံမှ ထခြင်း ပြန်လည်ခြင်း ပြီးစီးလတ်သော် ဖြစ်သောပညာသည် မဂ်ဉာဏ်မည်သနည်း[၁]။

သောတာပတ္တိမဂ် ခဏ၌ နိဗ္ဗာန်ကို မြင်သော အနက် သဘော ကြောင့် သမ္မာဒိဋ္ဌိသည်[၂] မိစ္ဆာဒိဋ္ဌိမှ ထ၏၊ ထိုမိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက် သော(မိစ္ဆာဒိဋ္ဌိ၏ နောက်လိုက် ဖြစ်သော)ကိလေသာတို့မှၐင်း၊ ခန္ဓာ တို့မှၐင်း ထ၏၊ အပြင်ပမည်သော အလုံးစုံသော သင်္ခါရ နိမိတ်တို့ မှလည်း ထ၏။ ထို့ကြောင့် "နှစ်ပါးစုံမှ ထခြင်း ပြန်လည်ခြင်း ပြီးစီး လတ်သော် ဖြစ်သော ပညာသည် မဂ်ဉာဏ် မည်၏"ဟု ဆိုအပ်၏။ အာရုံသို့ ရှေးရှုတင်ပေးခြင်း အနက်သဘောကြောင့် သမ္မာသင်္ကပ္ပ သည် မိစ္ဆာသင်္ကပ္ပမှ။ပ။ နှုတ်အမူအရာကို သိမ်းဆည်းခြင်း အနက် သဘောကြောင့် သမ္မာဝါစာသည် မိစ္ဆာဝါစာမှ။ပ။ ကိုယ်အမူအရာ ကို ကောင်းစွာ ဖြစ်စေခြင်း အနက်သဘောကြောင့် သမ္မာကမ္မန္တ သည်။ပ။ ဖြူစင်ခြင်း အနက်သဘောကြောင့် သမ္မာအာဇီဝသည်။ ချီးမြှောက်ခြင်း အနက်သဘောကြောင့် [၃၂၂] သမ္မာဝါယာမ သည်။ ထင်ခြင်း အနက်သဘောကြောင့် သမ္မာသတိသည်။ မပျံ့လွင့် ခြင်း အနက်သဘောကြောင့် သမ္မာသမာဓိသည် မိစ္ဆာသမာဓိမှ

---

၁-မဂ္ဂေ ဉာဏံ-ဟူသော ပါဠိအရ မဂ်၌ဉာဏ်ဟု အတိအကျ ပြန်သင့်သော်လည်း မဂ်၌ဖြစ်သောဉာဏ်သည် မဂ်ဉာဏ်ပင် ဖြစ်သောကြောင့် မြန်မာစကား ချောစေရန် မဂ်ဉာဏ်ဟူ၍သာ ပြန်ဆိုလိုက်သည်။

၂-နိဗ္ဗာန်ကိုမြင်သော အနက်သဘောကြောင့် သမ္မာဒိဋ္ဌိ မည်သော တရား သည်-ဟုဆိုလို၏။ သမ္မာသင်္ကပ္ပသည်-စသော နောက်မဂ္ဂင်တို့၌လည်း နည်း တူပင် ဖြစ်သည်။

http://www.dhammadownload.com



ထ၏၊ ထို မိစ္ဆာသမာဓိသို့ အစဉ်လိုက်သော ကိလေသာတို့မှရင်း၊ ခန္ဓာတို့မှရင်း ထ၏၊ အပြင်ပ မည်သော အလုံးစုံသော သင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် "နှစ်ပါးစုံမှ ထခြင်း ပြန်လည်ခြင်း ပြီးစီးလတ်သော် ဖြစ်သော ပညာသည် မဂ်ဉာဏ် မည်၏"ဟု ဆိုအပ်၏။ သကဒါဂါမိမဂ် ခဏ၌ နိဗ္ဗာန်ကိုမြင်ခြင်း အနက်သဘောကြောင့် သမ္မာဒိဋ္ဌိသည်။ပ။ မပျံ့လွင့်ခြင်း အနက်သဘောကြောင့် သမ္မာသမာဓိသည် ရုန့်ရင်းသော ကာမရာဂသံယောဇဉ်မှရင်း၊ ပဋိဃသံယောဇဉ်မှရင်း၊ ရုန့်ရင်းသော ကာမရာဂအနုသယမှရင်း၊ ပဋိဃအနုသယမှရင်း ထ၏။ပ။

အနာဂါမိမဂ်ခဏ၌ နိဗ္ဗာန်ကို မြင်ခြင်း အနက်သဘောကြောင့် သမ္မာဒိဋ္ဌိသည် ။ပ။ မပျံ့လွင့်ခြင်း အနက်သဘောကြောင့် သမ္မာသမာဓိသည် သိမ်မွေ့သော ကာမရာဂသံယောဇဉ်မှရင်း၊ ပဋိဃသံယောဇဉ်မှရင်း၊ သိမ်မွေ့သော ကာမရာဂအနုသယမှရင်း၊ ပဋိဃအနုသယမှရင်း ထ၏။ပ။

အရဟတ္တမဂ်ခဏ၌ နိဗ္ဗာန်ကို မြင်ခြင်း အနက်သဘောကြောင့် သမ္မာဒိဋ္ဌိသည်။ပ။ မပျံ့လွင့်ခြင်း အနက်သဘောကြောင့် သမ္မာသမာဓိသည် ရူပရာဂမှရင်း၊ အရူပရာဂမှရင်း၊ မာနမှရင်း၊ ဥဒ္ဓစ္စမှရင်း၊ အဝိဇ္ဇာမှရင်း၊ မာနအနုသယမှရင်း၊ ဘဝရာဂအနုသယမှရင်း၊ အဝိဇ္ဇာအနုသယမှရင်း ထ၏၊ ထိုရူပရာဂစသည်သို့ အစဉ်လိုက်သော ကိလေသာတို့မှရင်း၊ ခန္ဓာတို့မှရင်း ထ၏၊ အပြင်ပ၌ အလုံးစုံသော သင်္ခါရနိမိတ်တို့မှလည်း ထ၏။ ထို့ကြောင့် "နှစ်ပါးစုံမှထခြင်း ပြန်လည်ခြင်း ပြီးစီးလတ်သော် ဖြစ်သော ပညာသည် မဂ်ဉာဏ်မည်၏"ဟု ဆိုအပ်၏။ဤကား ပါဠိ။

၁၂၈။ ထိုမှတပါး ရှစ်ပါးသော လောကီသမာပတ်တို့ကို ပွါးစေသော ကာလ၌ သမထခွန်အားသည် လွန်က၏၊ အနိစ္စာနုပဿနာ စသည်တို့ကို ပွါးစေသော ကာလ၌ ဝိပဿနာ ခွန်အားသည် လွန်က၏၊ အရိယာမဂ်ခဏ၌မူကား ထိုသမထနှင့် ဝိပဿနာတရားတို့သည် အချင်းချင်းကို မလွန်ခြင်းဟူသော အနက်သဘောအားဖြင့် ထမ်းပိုး၌ ညီတူဖွဲ့အပ်ကုန်သကဲ့သို့

http://www.dhammadownload.com



ဖြစ်ကုန်၏။ ထို့ကြောင့် ဤလေးပါးလုံးသော မဂ်ဉာဏ်တို့၌ နှစ်ပါးစုံသော ခွန်အားနှင့် ယှဉ်ပေ၏။ အဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူကား-?

ပျံ့လွင့်မှု ဥဒ္ဒစ္စနှင့်တကွဖြစ်သော ကိလေသာတို့မှ၎င်း၊ ခန္ဓာတို့မှ၎င်းထသော ပုဂ္ဂိုလ်အား စိတ်၏ တခုတည်းသောအာရုံ ရှိသည်၏ အဖြစ်ဟူသော ပျံ့လွင့်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်(၍ မပျံ့မလွင့် တည်ကြည်)သော သမာဓိသည် သခ်ါရချုပ်ငြိမ်းသောနိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏။မသိမှု-သိမှားမှု-အဝိဇ္ဇာနှင့်တကွဖြစ်သော ကိလေသာတို့မှ၎င်း၊ ခန္ဓာတို့မှ၎င်း ထသော ပုဂ္ဂိုလ်အား ရှုခြင်း အနက်သဘောအားဖြင့် ဝိပဿနာသည် သခ်ါရချုပ်သောနိဗ္ဗာန် လျှင် ကျက်စားရာ အာရုံရှိ၏၊ ဤသို့ ထခြင်းသဘောအားဖြင့် သမထနှင့် ဝိပဿနာတို့သည် [၃၂၃] တူညီသော ကိစ္စ ရှိကုန်၏။ ထမ်းပိုး၌ တူညီဖွဲ့အပ်ကုန်သကဲ့သို့ ဖြစ်ကုန်၏၊ အချင်းချင်းကို မလွန်ကုန်၊ ထို့ကြောင့်"ထခြင်း အနက်သဘောအားဖြင့် သမထနှင့် ဝိပဿနာကို ထမ်းပိုး၌ ညီတူဖွဲ့သကဲ့သို့ ပွါးစေ၏"ဟု ဆိုအပ်၏- ဤသို့ ဟောတော်မူ၏။

ဤသို့လျှင် ဤ(ဉာဏဒဿနဝိသုဒ္ဓိ)၌ ထခြင်း ခွန်အားနှင့် ယှဉ်ခြင်းကို သိအပ်၏။

## ပယ်အပ်သောတရားကိုပယ်ပုံကို ပြဆိုချက်

၈၂၉။ **အကြင် အကုသိုလ်တရားတို့ကို အကြင်ဉာဏ်ဖြင့် ပယ်အပ်ကုန်၏၊ ထိုအကုသိုလ်တရားတို့ကို ထိုဉာဏ်ဖြင့်ပယ်ခြင်းကို၎င်း** ဟူသည်ကား ဤလေးပါးသော မဂ်ဉာဏ်တို့တွင် အကြင်ဉာဏ်ဖြင့် အကြင် အကုသိုလ်တရားတို့ကို ပယ်အပ်ကုန်၏၊ ထိုအကုသိုလ်တရားတို့ကို ထိုဉာဏ်ဖြင့် ပယ်ခြင်းကို၎င်း သိအပ်၏။ ချဲ့၍ ပြရလျှင်-ဤလေးပါးသော မဂ်ဉာဏ်တို့သည်[၁] သံယောဇဉ်ကိလေသာ မိစ္ဆတ္တတရား လောကဓံတရား မစ္ဆရိယ ဝိပလ္လာသ ဂန္ထ အဂတိ အာသဝေါတရား ဩဃ ယောဂ နီဝရဏ ပရာမာသ ဥပါဒါန် အနုသယ မလ အကုသိုလ်ကမ္မပထ အကုသိုလ်စိတ္တုပ္ပါဒ်ဟု ဆိုအပ်ကုန်သော

---

၁-မဂ်ဉာဏ်တို့သည်....ပယ်ခြင်းကိုပြုတတ်ကုန်၏-ဟု စပ်ပါ။

http://www.dhammadownload.com



အကုသိုလ်တရားတို့ကို ယှဉ်သင့်သည်(ထိုက်သည်)အားလျော်စွာ ပယ်ခြင်းကို ပြတတ်ကုန်၏။

ထိုတွင် **သံယောဇဉ်တို့** ဟူသည်ကား ဘဝသစ်ခန္ဓာတို့နှင့် ဘဝဟောင်းခန္ဓာတို့ကိုင်း[၁]၊ အကျိုးနှင့် ကံကိုင်း၊ ဆင်းရဲနှင့်သတ္တဝါတို့ကိုင်း ယှဉ်စေတတ်သောကြောင့် ရူပရာဂအစရှိသော ဆယ်ပါးသောတရားတို့ကို(သံယောဇဉ်တို့ ဟူ၍)ဆိုအပ်ကုန်၏။ မှန်ပေ၏၊ ထိုသံယောဇဉ်တို့ရှိသမျှ ကာလပတ်လုံး ဤခန္ဓာ အကျိုး ဆင်းရဲဒုက္ခတို့၏ ပြတ်စဲခြင်းမည်သည် မရှိချေ။ ထိုဆယ်ပါးတို့တွင်လည်း ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာ[၂] ဟူသော ဤငါးပါးတို့သည် အထက် ဖြဟ္မာ့လောက၌ ဖြစ်လတ္တံ့သော ခန္ဓာတို့နှင့်[၃] (ဖြစ်ပြီးသော ခန္ဓာစသည်တို့ကို) ယှဉ်စေတတ်သောကြောင့် ဥဒ္ဓံဘာဂိယ သံယောဇဉ်တို့[၄] မည်ကုန်၏။ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ကာမရာဂ ပဋိဃ[၅] ဟူသော ဤငါးပါးတို့သည် အောက် ကာမလောက၌

---

၁-ဤအရာ၌ ဘဝဟောင်းခန္ဓာတို့နှင့် ဘဝသစ်ခန္ဓာတို့ကို ယှဉ်စေသည်ဟု ဆိုလျှင် မြန်မာစကားအနက် အဓိပ္ပါယ် သာ၍ ချောမောဖွယ်ရှိ၏၊ သို့သော်လည်း ဖလေန ကမ္မဿ-အကျိုးနှင့် ကံကိုယှဉ်စေသည်ဟု ဆိုသော နောက်စကားကို ထောက်၍ ဘဝသစ်ခန္ဓာတို့နှင့် ဘဝဟောင်းခန္ဓာတို့ကိုင်း-ဟု ပြန်ဆိုသည်။

၂-ရူပရာဂ-ရူပဘဝ၌ တပ်မက်သာယာခြင်း၊ အရူပရာဂ-အရူပဘဝ၌ တပ်မက်သာယာခြင်း၊ မာန-မာန်ထောင်လွှားခြင်း၊ ဥဒ္ဓစ္စ-ပျံ့လွင့်ခြင်း၊ အဝိဇ္ဇာ-အမှန်ကိုမသိခြင်း-မှားယွင်းစွာ သိခြင်း။

၃-ဤ၌လည်း ဤ နှာ-မှတ်ချက် ၁-အတိုင်း ပြန်ဆိုထားသည်။

၄-ဥဒ္ဓံ-အထက်+ဘာဂ-အဖို့+ဣယ-ကျေးဇူးပြုသည်-ဖြစ်စေသည်=ဥဒ္ဓံဘာဂိယ-အထက်အဖို့ဖြဟ္မာ့လောက၌ ဖြစ်စေတတ်သောတရား။

၅-သက္ကာယဒိဋ္ဌိ-ထင်ရှားရှိသော ရုပ်နာမ်အပေါင်း၌ အတ္တဟု ထင်မြင်သောအယူ၊ ဝိစိကိစ္ဆာ-ဘုရား, တရား, သံဃာ, သီလသမာဓိပညာ အကျင့်သိက္ခာတို့၌ ယုံမှားမှု၊ သီလဗ္ဗတပရာမာသ-မဂ္ဂင်ရှစ်ပါး အကျင့်နှင့်မဆိုင်သော နွားခွေး စသည်တို့၏ အလေ့အကျင့်, ကောင်းကင်ဘုံက ဘုရားသခင်ကို ကိုးကွယ်သော အလေ့အကျင့်စသော တစုံတခုသော အလေ့အကျင့်မျှဖြင့် သံသရာဆင်းရဲမှ လွတ်မြောက်သည်ဟု ယုံကြည်သောအယူအဆ ဗုဒ္ဓဘာသာ

http://www.dhammadownload.com



ဖြစ်လတ့်သော ခန္ဓာတို့နှင့် (ဖြစ်ပြီးသောခန္ဓာတို့ကို) ယှဉ်စေတတ်သော ကြောင့် အဓောဘာဂိယသံယောဇဉ်တို့ ¹မည်ကုန်၏။

**ကိလေသာတို့** ဟူသည်ကား မိမိတို့ ကိုယ်တိုင် ညစ်နွမ်းသောကြောင့်၎င်း၊ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော (သမ္ပယုတ်)တရားတို့ကို ညစ်နွမ်းစေတတ်သော ကြောင့်၎င်း လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ² ဟူသော ဤဆယ်ပါးသော တရားတို့သည် ကိလေသာ မည်ကုန်၏။

**မိစ္ဆတ္တတရားတို့** ဟူသည်ကား မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝ မိစ္ဆာဝါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိ³ ဟူသော

---

မှ တပါးသော ဘာသာတို့၌ လွတ်မြောက်ရေးအယူဟူသမျှသည် ဤသီလဗ္ဗတပရာမာသ၌ အတွင်းဝင်၏။ ကာမရာဂ-ကာမဂုဏ်အာရုံတို့၌ တပ်မက်မှု၊ ပဋိဃ-စိတ်ဆိုးစိတ်ပျက်မှု ဒေါသ။

၁-အဓော — အောက်+ဘာဂ – အဖို့+ဣယ — ဖြစ်စေသည်=အဓောဘာဂိယ အောက်အဖို့ကာမလောက၌ဖြစ်စေတတ်သောတရား။ ၎င်းကို ဩရမ္ဘာဂိယ သံယောဇဉ်ဟူ၍လည်း ခေါ်၏၊ ဩရံ-ဤမှာဘက် အောက်ဘက် ကာမ လောက၊ ဤမျှသာထူးသည်။

၂-ထိန-စိတ်၏ထိုင်းမှိုင်းခြင်း - ပျင်းရိခြင်း။ အဟိရိက-အကုသိုလ်မှ မရှက်ခြင်း။ အနောတ္တပ္ပ-အကုသိုလ်မှ မကြောက်မလန့်ခြင်း။

၃-မိစ္ဆာဒိဋ္ဌိ-မှားသောအမြင်အယူ၊ သမ္မာဒိဋ္ဌိ၏ ဆန့်ကျင်ဘက်ဖြစ်သည်။ မိစ္ဆာသင်္ကပ္ပ-မှားသောအကြံ။ မိစ္ဆာဝါစာ-မှားသော မလျော်သောစကား၊မုသာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ-ဤ ဝစီဒုစရိုက် ၄-ပါးပင်ဖြစ်သည်။ မိစ္ဆာကမ္မန္တ-မှားသော မလျော်သောအမှု၊ ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ-ဤ ကာယဒုစရိုက် ၃ ပါးပင်ဖြစ်သည်။ မိစ္ဆာအာဇီဝ-မှားသော မတရားသော အသက်မွေးမှု၊ သတ်ခြင်း ခိုးခြင်းလိမ်ခြင်း စသော ဒုစရိုက်အမှုတို့ဖြင့် မတရားစီးပွါးရှာမှုဖြစ်သည်။ မိစ္ဆာဝါယာမ-မှားသော အားထုတ်မှု၊ အကုသိုလ်အမှုဟူသမျှ၌ အားထုတ်သောလုံ့လ ဝီရိယဖြစ်သည်။ မိစ္ဆာသတိ-မှားသော မလျော်သော အမှတ်ရမှု၊ အကုသိုလ်အမှုကာမဂုဏ်တို့နှင့်စပ်၍ ရှေးဟောင်းများကို ပြန်၍ အမှတ်ရသော အကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်သည်။ မိစ္ဆာသမာဓိ-မှားသော မလျော်သော စိတ်တည်ကြည်မှု၊ အကုသိုလ်အမှုတို့၌ စိတ်၏ စူးစိုက်တည်ငြိမ်မှုဖြစ်သည်။ မိစ္ဆာ-မှားသော+အတ္တ-သဘော=မိစ္ဆတ္တ-မှားသောသဘော။

http://www.dhammadownload.com



ဤရှစ်ပါးသောတရားတို့သည် မှားယွင်းစွာ ဖြစ်သောကြောင့် မိစ္ဆတ္တ မည်ကုန်၏။ တနည်းကား မိစ္ဆာဝိမုတ္တိ မိစ္ဆာဉာဏ်တို့နှင့်[၁] တကွ ဆယ်ပါးသော တရားတို့သည် မိစ္ဆတ္တ မည်ကုန်၏။

**လောကဓံတရားတို့** ဟူသည်ကား လာဘ်ရခြင်း လာဘ်မရခြင်း အခြွေအရံများခြင်း အခြွေအရံမဲ့ခြင်း ချမ်းသာခြင်း ဆင်းရဲခြင်း ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း ဟူသော ဤရှစ်ပါးတို့သည် သတ္တလောက၏ ဖြစ်ခြင်းရှိလျှင် မကင်းနိုင်သော တရားတို့ ဖြစ်သောကြောင့် လောကဓံတရားတို့ မည်ကုန်၏၊ (ပယ်သင့်သော အကုသိုလ်ကို ပြသော) ဤအရာ၌ကား လာဘ်ရခြင်း စသည်လျှင် အကြောင်းရှိသော လောဘကိုငင်း လာဘ်မရခြင်း စသည်လျှင် အကြောင်းရှိသော ဒေါသကိုငင်း ကာရဏူပစာအားဖြင့်[၂] လောကဓံတရား ခေါ်သည်ဟု သိအပ်၏[၃]။

[၃၂၄] **မစ္ဆရိယတို့** ဟူသည်ကား အာဝါသမစ္ဆရိယ ကုလမစ္ဆရိယ လာဘမစ္ဆရိယ ဓမ္မမစ္ဆရိယ ဝဏ္ဏမစ္ဆရိယ ဟူသော[၄] နေရာကျောင်း စသည်တို့၌

---

၁-မိစ္ဆာဝိမုတ္တိ-မှားသောလွတ်မြောက်ခြင်း၊ ကိလေသာတို့မှ မလွတ်သေးပါပဲ လွတ်ပြီ-ဟု ထင်မြင်လျက် ဆင်ခြင်မှုဖြစ်သည်။ မိစ္ဆာဉာဏ-အကုသိုလ်အမှုတို့ကို ပြီးမြောက်စေရန် ကြံစည်သော အသိဉာဏ်နှင့် ထိုသို့ကြံစည်၍ ပြုလုပ်ခဲ့သည်ကို ကောင်းသည်ဟု ပြန်လည်ဆင်ခြင်မှု၊ တရားကိုယ်အားဖြင့် မောဟပင်ဖြစ်သည်။

၂-အကြောင်း၏အမည်ဖြင့် အကျိုးကိုတင်စား၍ ခေါ်ခြင်းသည် ကာရဏူပစာ မည်၏။

၃-လောကဓမ္မ-လောကမည်သော သတ္တဝါတို့၌ ဖြစ်လေ့ရှိသောတရား-လောကမည်သော သတ္တဝါတို့ တွေ့ကြုံရမြဲဖြစ်သောတရား။

၄-မိမိနေရာကျောင်း၌ သူတပါးတို့အား မနေစေလိုခြင်းသည် အာဝါသမစ္ဆရိယမည်၏။ မိမိနှင့်စပ်သော ဒကာ ဒကာမတို့ကို သူတပါးနှင့် မစပ်ဆိုင်စေလိုခြင်းသည် ကုလမစ္ဆရိယမည်၏။ လာဘ်လာဘတို့ကို မိမိသာရလို၍ သူတပါးတို့အား မရစေလိုခြင်းသည် လာဘမစ္ဆရိယ မည်၏။ မိမိတတ်သိထားသော တရားကျမ်းဂန်တို့ကို သူတပါးတို့အား မတတ်သိစေလိုခြင်းသည် ဓမ္မမစ္ဆရိယမည်၏။ မိမိမှာ ပြည့်စုံသောဂုဏ်ကို သူတပါးအား မပြည့်စုံစေလိုခြင်းသည် ဝဏ္ဏမစ္ဆရိယမည်၏။ ဤ မစ္ဆရိယငါးပါးနှင့်စပ်၍ အနက်အဓိပ္ပါယ် အကျယ်ကို ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ နံပါတ် (၂၆၁) ၌ကြည့်ပါ။

http://www.dhammadownload.com



တပါးသော သူတို့နှင့် ဆက်ဆံသည်၏ အဖြစ်ကို သည်းမခံ(သဘောမတူ) နိုင်သော အခြင်းအရာအားဖြင့် ဖြစ်ကုန်သော ဤငါးပါးသော ဝန်တိုခြင်းတို့တည်း။

**ဝိပလ္လာသတို့** ဟူသည်ကား မမြဲ ဆင်းရဲ အတ္တမဟုတ် မတင့်တယ်သော ဝတ္ထုတို့၌ပင်လျှင် "မြဲသည် ချမ်းသာသည် အတ္တဟုတ်သည် တင့်တယ်သည်" ဟု ဤသို့သောအခြင်းအရာအားဖြင့် ဖြစ်သော သညာဝိပလ္လာသ စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသ [၁] ဟူသော ဤသုံးပါးသော ဖောက်ပြန် မှားယွင်းခြင်းတို့တည်း။

**ဂန္ထတို့** ဟူသည်ကား အဘိဇ္ဈာ အစရှိသော လေးပါးသော တရားတို့သည် နာမ်အပေါင်း-နာမကာယကိုရင်း ရုပ်အပေါင်း-ရူပကာယကိုရင်း ဆက်စပ် ထုံးဖွဲ့ တတ်သောကြောင့် ဂန္ထတို့ မည်ကုန်၏၊ ထိုစကားမှန်၏၊ ထိုဂန္ထတို့ကို "အဘိဇ္ဈာကာယဂန္ထ ဗျာပါဒကာယဂန္ထ သီလဗ္ဗတပရာမာသကာယဂန္ထ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ" ဟူ၍ သာလျှင် [၂] ဟောတော်မူ (အပ်ကုန်) ၏။

**အဂတိ** ဟူသော ဤအမည်သည် ချစ်ခြင်း မုန်းခြင်း မသိနားမလည်ခြင်း ကြောက်ခြင်းတို့ကြောင့် မပြုသင့်သောအမှုကို ပြုခြင်းနှင့် ပြုသင့်သော အမှုကို မပြုခြင်းတို့၏ အမည်တည်း။ မှန်ပေ၏၊ ထိုမပြုသင့်သည်ကိုပြုခြင်း

---

၁-သညာဝိပလ္လာသ-အမှတ်မှားခြင်း။ စိတ္တဝိပလ္လာသ- အသိမှားခြင်း။ ဒိဋ္ဌိဝိပလ္လာသ-အယူမှားခြင်း။ ဤ ဝိပလ္လာသတို့သည် မမြဲသည်၌ မြဲသည်ဟူ၍ရင်း၊ ဆင်းရဲ၌ ချမ်းသာဟူ၍ရင်း၊ အတ္တမဟုတ်သည်၌ အတ္တဟူ၍ရင်း၊ မတင့်တယ်သည်၌ တင့်တယ်သည်ဟူ၍ရင်း အမှတ်, အသိ, အထင်မှားခြင်းတို့၏ အစွမ်းအားဖြင့် တပါးပါးလျှင် လေးပါးစီ ကွဲပြားသောကြောင့် ၁၂-ပါး အပြားရှိကုန်၏။

၂-မိမိယူဆထားသော သဿတအယူ ဥစ္ဆေဒအယူ စသည်ကို အကြောင်းပြု၍ ဤ ငါ၏ အယူသာလျှင် မှန်သည်၊ အခြားအယူအားလုံး မှားသည်-ဟု မြဲမြံစွာ နှလုံးသွင်း ယူဆခြင်းကို ဣဒံသစ္စာဘိနိဝေသ-ဟု ခေါ်သည်။

http://www.dhammadownload.com



နှင့်ပြုသင့်သည်ကို မပြုခြင်းကို အရိယာတို့သည် မရောက်အပ် မရောက်ထိုက်သည်၏အဖြစ်ကြောင့် အဂတိဟူ၍ ဆိုအပ်၏[၁]။

**အာသဝ-အာသဝေါတရား** ဟူသည်ကား ကာမရာဂ ဘဝရာဂ မိစ္ဆာဒိဋ္ဌိ အဝိဇ္ဇာတို့သည် (တရားသဘောအားဖြင့်) ဂေါတြဘူတိုင်အောင်၎င်း၊ (ဘဝအားဖြင့်) ဘဝဂ်တိုင်အောင်၎င်း အာရုံပြုသည်၏ အစွမ်းအားဖြင့် ဖြစ်တတ်သောကြောင့် အာသဝ မည်ကုန်၏။ တနည်းကား ရေအိုး၏ အပေါက်တို့မှ ရေကဲ့သို့ မပိတ်ဆို့အပ်သော ဒွါရတို့မှ ယိုစီးတတ်သောကြောင့် အမြဲတမ်း ယိုထွက်ခြင်း အနက်သဘောအားဖြင့် အာသဝမည်ကုန်၏။ တနည်းကား သံသရာဆင်းရဲကို ဖြစ်ပွါးစေတတ်သောကြောင့် အာသဝ မည်ကုန်၏[၂]။

ဘဝတည်းဟူသော သမုဒြာ၌ ဆွဲငင်တတ်သော အနက်သဘောကြောင့်၎င်း၊ ကူးမြောက်နိုင်ခဲသော အနက်သဘောကြောင့်၎င်း ထိုကာမရာဂ ဘဝရာဂ မိစ္ဆာဒိဋ္ဌိ အဝိဇ္ဇာတို့သည် **ဩဃ**လည်း မည်ကုန်၏[၃]။ အာရုံနှင့် ကင်းကွာခြင်းကို၎င်း၊ ဆင်းရဲဒုက္ခနှင့် ကင်းကွာခြင်းကို၎င်း မပေးတတ်သောကြောင့် **ယောဂ**လည်း မည်ကုန်၏[၄]။

**နီဝရဏတို့** ဟူသည်ကား စိတ်ကို တားမြစ်တတ် ပိတ်ဆို့တတ် ဖုံးကွယ်တတ်သော အနက်သဘောကြောင့် ကာမစ္ဆန္ဒ အစရှိသော ငါးပါးသော တရားတို့သည် နီဝရဏ မည်ကုန်၏။

---

၁-အ-မ-မဟုတ်+ဂတိ-ရောက်အပ်သည် = အဂတိ-မရောက်အပ် မရောက်ထိုက်သော တရား။

၂-အာ-တိုင်အောင်+ သဝ-ဖြစ်တတ်သည် = အာသဝ-ဂေါတြဘူနှင့် ဘဝဂ်တိုင်အောင် အာရုံပြုလျက် ဖြစ်တတ်သောတရား။ တနည်း အာ-အမြဲ+သဝ-ယိုထွက်တတ်သည်=အာသဝ-အမြဲတမ်းယိုထွက်တတ်သောတရား။ တနည်း အာ-အလွန်+သဝ-ဖြစ်စေတတ်သည်=အာသဝ-သံသရာဆင်းရဲကို အလွန်ဖြစ်ပွါးစေတတ်သောတရား။

၃-ဩ-အဝ-နှစ်မြုပ်၍+ဃ- ဟန-သတ်တတ်သည်=ဩဃ-နှစ်မြုပ်၍ သတ်တတ်သောတရား။

၄-ယောဂ-အာရုံနှင့်၎င်း ဆင်းရဲဒုက္ခနှင့်၎င်း ယှဉ်စေတတ်သောတရား။

http://www.dhammadownload.com



**ပရာမာသ** ဟူသည်ကား ထိုထိုတရား၏ (မတင့်တယ်ခြင်း စသော)မှန်သော သဘောကို ကျော်လွန်၍ အမှန်မှ တပါးသော[၁] မဟုတ်မမှန်သော (တင့်တယ်ခြင်း စသော) သဘောကို သုံးသပ်သော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိသည် ပရာမာသ မည်၏[၂]။

**ဥပါဒါန်တို့** ဟူသည်ကား ပဋိစ္စသမုပ္ပါဒ် အကျယ်ပြရာ(နိဒ္ဒေသ)၌ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပြဆိုခဲ့သော ကာမုပါဒါန် အစရှိသောလေးပါးသော ဥပါဒါန် တို့တည်း။

**အနုသယတို့** ဟူသည်ကား အားအစွမ်းသို့ ရောက်သော (ဖြစ်စွမ်းနိုင်သော) အနက်သဘောအားဖြင့် ကာမရာဂါနုသယ ပဋိဃာနုသယ မာနာနုသယ ဒိဋ္ဌိအနုသယ ဝိစိကိစ္ဆာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယဟူ၍ ဤသို့ ဟောထားသော ကာမရာဂ အစရှိသော [၃၂၅] ခုနစ်ပါးသော တရားတို့တည်း။မှန်ပေ၏၊ ထိုခုနစ်ပါးသော တရားတို့သည် အားအစွမ်းသို့ ရောက်သည်၏အဖြစ်(ဖြစ်စွမ်းနိုင်သည်၏ အဖြစ်)ကြောင့် ကာမရာဂ စသည်တို့ အဖန်တလဲလဲ ဖြစ်ခြင်း၏ အကြောင်းအဖြစ်ဖြင့် ကိန်းနေကုန်သည်သာတည်း။ ထို့ကြောင့် အနုသယ မည်ကုန်၏။

**မလ - အညစ်အကြေးတို့** ဟူသည်ကား ဆီစွန်းသော ညွန်ကဲ့သို့ မိမိတို့ကိုယ်တိုင် မစင်ကြယ်သောကြောင့်ငင်း တပါးသော တရားတို့အား မစင်ကြယ်သည်၏ အဖြစ်ကို ပြုတတ်သောကြောင့်ငင်း လောဘ ဒေါသ မောဟ ဟူသော သုံးပါးသော တရားတို့တည်း။

**အကုသိုလ် ကမ္မပထတို့** ဟူသည်ကား (၁) ပါဏာတိပါတ- သတ္တဝါကို သတ်ခြင်း၊ (၂) အဒိန္နာဒါန - သူတပါး၏ ဥစ္စာကို ခိုးယူခြင်း၊ (၃) ကာမေသုမိစ္ဆာစာရ - မပိုင် မဆိုင်သော မေထုန်ကာမတို့၌ မှားယွင်း ကျူးလွန်ခြင်း၊ (၄) မုသာဝါဒ- မမှန်သောစကားကို လိမ်လည် ပြောဆိုခြင်း၊

---

၁-ပရတော-အမှန်မှတပါး အမှားအားဖြင့်-ဟု တိုက်ရိုက်ပြန်သင့်သော်လည်း မြန်မာစကားချောစေရန် ထိုပုဒ်၏လိုရင်းအနက်ဖြစ်သော မဟုတ်မမှန်သော သဘော၏ ဝိသေသနပြု၍ ပြန်ထားသည်။

၂-ပရ-အမှန်မှတပါး အမှား + အာမာသ-သုံးသပ်သည်=ပရာမာသ-အမှားအားဖြင့် သုံးသပ်သည်- အမှားကို သုံးသပ်သောတရား။

http://www.dhammadownload.com



(၅) ပိသုဏဝါစာ - ဂုံးတိုက်စကား ပြောဆိုခြင်း၊ (၆) ဖရုသဝါစာ - ရုန့်ရင်းကြမ်းတမ်းသော စကား ပြောဆိုခြင်း၊ (၇) သမ္ဖပ္ပလာပ - ပြိန်ဖျင်းသော အကျိုးမဲ့စကား ပြောဆိုခြင်း၊ (၈) အဘိဇ္ဈာ - သူ့ဥစ္စာကို ရလိုသမှု ရှေးရှုကြံစည်ခြင်း၊ (၉) ဗျာပါဒ - သူတပါးအား သေပျက်စေရန် ကြံစည်ခြင်း၊ (၁၀) မိစ္ဆာဒိဋ္ဌိ - ကံနှင့်ကံ၏အကျိုးမရှိဟု မှားယွင်းသော အယူဟူသော ဤဆယ်ပါးတို့သည် အကုသိုလ်ကံ ဖြစ်သောကြောင့်ရင်း အပါယ်ဒုဂ္ဂတိသို့ ရောက်ကြောင်းဖြစ်သောကြောင့်ရင်း အကုသလကမ္မပထ မည်ကုန်၏။

**အကုသိုလ် စိတ္တုပ္ပါဒ်တို့** ဟူသည်ကား လောဘမူစိတ္တုပ္ပါဒ် ရှစ်ပါး၊ ဒေါသမူစိတ္တုပ္ပါဒ်နှစ်ပါး၊ မောဟမူ စိတ္တုပ္ပါဒ် နှစ်ပါး ဟူသော ဤတဆယ့်နှစ်ပါးတို့တည်း။

၈၃၀။ ဤသို့ ပြဆိုအပ်ကုန်ပြီးသော သံယောဇဉ် အစရှိကုန်သော ထိုအကုသိုလ် တရားတို့ကို ဤလေးပါးသော မဂ်ဉာဏ်တို့သည် ယှဉ်သင့်သည်အား(ထိုက်သည်အား)လျော်စွာ ပယ်ခြင်းကို ပြုတတ်ကုန်၏။ အဘယ်သို့နည်းဟူမူ ? သံယောဇဉ် ဆယ်ပါးတို့တွင် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ အပါယ်သို့ လာရောက်စေတတ်သော ကာမရာဂနှင့်ပဋိဃဟူသော ဤငါးပါးသော တရားတို့ကို ပဌမမဂ်ဉာဏ်က ပယ်သတ်၏[၁]။ ကြွင်းသော[၂] ရုန့်ရင်းသော ကာမရာဂနှင့် ပဋိဃတို့ကို ဒုတိယမဂ်ဉာဏ်က ပယ်သတ်၏၊ သိမ်မွေ့သော ကာမရာဂနှင့် ပဋိဃတို့ကို တတိယမဂ်ဉာဏ်က ပယ်သတ်၏၊ ရူပရာဂအစရှိသော ငါးပါးလုံးသော သံယောဇဉ်တို့ကို စတုတ္ထမဂ်ဉာဏ်ကသာလျှင် ပယ်သတ်၏။ နောက်၌လည်း **သာလျှင်** ဟူသော သဒ္ဒါဖြင့် ကန့်သတ်ခြင်းကို မပြုမူ၍ အကြင်အကြင် အကုသိုလ်တရားကို"အထက်မဂ်ဉာဏ်တို့က ပယ်သတ်သည်"ဟု ဆိုထားရာ ဟူသမျှ၌ "အထက်မဂ်ဉာဏ်က ပယ်

---

၁-ပါဠိကိုတိုက်ရိုက်ပြန်လျှင် "ဤငါးပါးသောတရားတို့သည် ပဌမမဂ်ဉာဏ်က ပယ်သတ်အပ်သော တရားတို့တည်း" ဟူ၍ဖြစ်၏။ မြန်မာစကားချောစေရန် ကံဟောကို ကတ္တားဟောပြု၍ ပြန်ထားသည်။ နောက်ပုဒ်တို့၌လည်း နည်းတူပင်။

၂-ပဌမမဂ်က အပါယ်ကျစေနိုင်သော ကာမရာဂနှင့် ပဋိဃတို့ကိုသာ ပယ်သည်၊ အပါယ်မကျစေနိုင်သော ကာမရာဂနှင့် ပဋိဃတို့မှာ ကြွင်းကျန်သေးသည်။ ၎င်းတို့ကို ဤ၌ ကြွင်းသော-ဟု ဆိုသည်။

http://www.dhammadownload.com



သတ်သည်”ဟု ဆိုသော ထိုထို အကုသိုလ်တရား၏ အပါယဂမနီယ စသော အဖို့ကို[၁] အောက်မဂ်ဉာဏ်တို့က ပယ်ပြီးသာလျှင် ဖြစ်သည်ဟု သိအပ်၏။

ကိလေသာ ဆယ်ပါးတို့တွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပဌမမဂ်ဉာဏ်က ပယ်သတ်၏၊ ဒေါသကို တတိယမဂ်ဉာဏ်က ပယ်သတ်၏[၂]၊ လောဘ

---

၁-ဤဝါကျ၌ တိုက်ရိုက်ပြန်လျှင်“နောက်၌လည်း အကြင်အကြင်ပုဒ်၌ **သာလျှင်** ဟူသော သဒ္ဒါဖြင့် ကန့်သတ်ခြင်းကို မပြုကုန်အံ့၊ ထိုထိုပုဒ်၌ အကြင်အကြင် အကုသိုလ်တရားကို အထက်မဂ်က သတ်အပ်သော တရား-ဟု ဆိုကုန်အံ့၊ ထိုထို အကုသိုလ် တရားသည် ရှေးဉာဏ်တို့က ပယ်သတ်အပ်ပြီးသော အပါယဂမနီယ စသည်၏ အဖြစ်ရှိသည်သာလျှင် ဖြစ်၍ အထက်ဉာဏ်က သတ်အပ်သော တရားဖြစ်သည်-ဟု သိအပ်၏”ဟူ၍ ဖြစ်၏။ သုတနည်းသော သူတို့ နားလည်ရန် ခဲယဉ်း၏။ ထို့ကြောင့် ဆိုလိုသောအနက်ကိုသာယူ၍ မြန်မာစကား ချောချော ပြန်ထားသည်။ ကာမရာဂစသော အကုသိုလ် တရားမှာ အပါယ်သို့ ကျစေနိုင်သော အကြမ်းဆုံးအဖို့အပိုင်းလည်း ရှိ၏၊ ၎င်းကို အပါယဂမနီယ-ဟု ခေါ်သည်။ ထိုအပါယဂမနီယအဖို့ကို သောတာ-ပတ္တိမဂ်က ပယ်၏။ ထို့ပြင် အပါယ်သို့ မကျစေနိုင်သော်လည်း ရုန့်ရင်းကြမ်း တမ်းသည်-ဟုဆိုရသော အဖို့အပိုင်းလည်း ရှိ၏၊ ထိုအဖို့ကို သကဒါဂါမိမဂ်က ပယ်၏၊ ထို့ပြင် သိမ်မွေ့သည်-ဟု ဆိုရသော အပိုင်းလည်း ရှိ၏၊ ထိုအဖို့ကို အနာဂါမိမဂ်ကပယ်၏။ အလွန်သိမ်မွေ့သော ရူပရာဂ စသည်ကိုကား အနာဂါမိမဂ်ကလည်း မပယ်နိုင်၊ ထိုသို့သော အကုသိုလ်အဖို့ကို အရဟတ္တ မဂ်က ပယ်၏။ ထို့ကြောင့် စတုတ္ထမဂ်ကသာလျှင်-ဟု မဆိုပဲ စတုတ္ထမဂ်က ပယ်သည်-ဟု **သာလျှင်**–သဒ္ဒါမပါပဲ ဆိုထားရာ၌ ထိုအကုသိုလ်၏ အပါ-ယဂမနီယအဖို့ကို ပဌမမဂ်ကပယ်သည်၊ ရုန့်ရင်းသော အဖို့ကို ဒုတိယမဂ်က ပယ်သည်၊ သိမ်မွေ့သောအဖို့ကို တတိယမဂ်က ပယ်သည်။ ကြွင်းကျန်သော အလွန်သိမ်မွေ့သောအဖို့ကို စတုတ္ထမဂ်က အကြွင်းမဲ့ ပယ်သည်-ဟု ဤသို့ ယူရန် ဤစာပိုဒ်က ညွှန်ပြသည်။

၂-ဤ၌ **သာလျှင်**–သဒ္ဒါဖြင့် ကန့်သတ်ခြင်း မရှိသောကြောင့် ဒေါသ၏ အပါယဂမနီယအဖို့ ရုန့်ရင်းသောအဖို့တို့ကို ပဌမ ဒုတိယမဂ်တို့က ပယ်ပြီး ဖြစ်သည်၊ ကြွင်းကျန်သော သိမ်မွေ့သောအဖို့ကို တတိယမဂ်က အကြွင်းမဲ့ ပယ်သည်-ဟု ယူအပ်၏။

http://www.dhammadownload.com



မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပတို့ကို စတုတ္ထမဂ်ဉာဏ်က ပယ်သတ်၏[၁]။

မိစ္ဆတ္တ ဆယ်ပါးတို့တွင် မိစ္ဆာဒိဋ္ဌိ(မိစ္ဆာဝါစာ၌ ပါဝင်သော) မုသာဝါဒ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝ ဟူသော ဤတရားတို့ကို ပဌမမဂ်ဉာဏ်က ပယ်သတ်၏။ မိစ္ဆာသင်္ကပ္ပ(မိစ္ဆာဝါစာ၌ ပါဝင်သော) ပိသုဏာဝါစာနှင့် ဖရုသ-ဝါစာဟူသော ဤတရားတို့ကို တတိယမဂ်ဉာဏ်က ပယ်သတ်၏[၂]၊ ဤအရာ၌ ကား စေတနာကိုသာလျှင် ဝါစာ - စကား ဟူ၍ သိအပ်၏[၃]။ (မိစ္ဆာဝါစာ၌ အတွင်းဝင်သော) သမ္ဖပ္ပလာပ မိစ္ဆာဝါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိ မိစ္ဆာဝိမုတ္တိ မိစ္ဆာဉာဏ်တို့ကို စတုတ္ထမဂ်ဉာဏ်က ပယ်သတ်၏။

လောကဓံတရားရှစ်ပါးတို့တွင် ပဋိဃခေါ် ဒေါသကို တတိယမဂ်ဉာဏ်က ပယ်သတ်၏။ အနုသယခေါ် လောဘကို စတုတ္ထမဂ်ဉာဏ်က ပယ်သတ်၏။ အခြံအရံများခြင်း၌ရင်း၊ ချီးမွမ်းခြင်း၌ရင်း လောဘကို စတုတ္ထမဂ်ဉာဏ်က ပယ်သတ်၏-ဟု ကေ-အချို့ဆရာတို့က [၄] ဆိုကုန်၏။

မစ္ဆရိယငါးပါးတို့ကို ပဌမမဂ်ဉာဏ်က ပယ်သတ်၏။

---

၁-ဤ၌လည်း **သာလျှင်**—သဒ္ဒါဖြင့် ကန့်သတ်ခြင်း မရှိသောကြောင့် လောဘ စသော ကိလေသာ ခုနစ်ပါးတို့၏ အပါယဂမနီယ စသော အဖို့တို့ကို အောက်မဂ် ၃-ပါးတို့က အစဉ်အတိုင်း ပယ်ခဲ့ပြီး ဖြစ်သည်-ဟုယူအပ်၏။

၂-ဤ၌လည်း ကန့်သတ်ခြင်း မရှိသောကြောင့် မိစ္ဆာသင်္ကပ္ပ ပိသုဏာဝါစာ ဖရုသဝါစာတို့၏ အပါယဂမနီယအဖို့ ရှုန့်ရင်းသောအဖို့တို့ကို ပဌမမဂ် ဒုတိယ မဂ်တို့က ပယ်ခဲ့ပြီး ဖြစ်သည်-ဟု ယူအပ်၏။

၃-ဝါစာ—စကားသည် သဒ္ဒရုပ် ဖြစ်၍ ပယ်အပ်သော တရားမဟုတ်၊ သို့သော် လည်း ဤ၌ ဝါစာ—စကားဟူသော ဝေါဟာရဖြင့် ထိုဂုံးစကား စသည်ကို ပြောရန် စေ့ဆော် တိုက်တွန်းသော စေတနာကိုသာ ဆိုလိုသည်၊ ထို စေတနာကိုသာ ပယ်သည်-ဟု ယူရန် ညွှန်ပြသည်။သို့သော် စေတနာမရှိလျှင် ထိုသို့သော မိစ္ဆာဝါစာ စကားမျိုးသည် အများအားဖြင့် ကင်း၏။ အရှင်ပိလိန္ဒဝစ္ဆကဲ့သို့ အချို့သောပုဂ္ဂိုလ်အားသာလျှင် ဝါသနာအလျောက် အကုသိုလ် စေတနာမပါပဲ ပြောဆိုခြင်း ရှိပေသည်။

၄-အချို့ဆရာဟူ၍ မြန်မာပြန်ရသော ပါဠိပုဒ်များမှာ ကေစိ,ကေ,ကေစ္စေ-ဟူ၍ သုံးမျိုး ရှိ၏။ ထိုတွင် ကေစိ—အချို့ဆရာ-ဟု ဆိုလျှင် ကျမ်းဆရာအောက်

http://www.dhammadownload.com



[၃၂၆] ဝိပလ္လာသတို့တွင် မမြဲသည်၌ မြဲသည်ဟူ၍ရင်း အတ္တမဟုတ်သည်၌ အတ္တဟူ၍ရင်း အမှတ်မှားခြင်းဟူသော သညာဝိပလ္လာသ, အသိမှားခြင်းဟူသော စိတ္တဝိပလ္လာသ, အယူအမြင် မှားခြင်းဟူသော ဒိဋ္ဌိဝိပလ္လာသတို့ကိုရင်း၊ဆင်းရဲ၌ ချမ်းသာဟူ၍ရင်း မတင့်တယ်သည်၌ တင့်တယ်သည်ဟူ၍ရင်း အယူအမြင်မှားခြင်း- ဒိဋ္ဌိဝိပလ္လာသကိုရင်း- ဤရှစ်ပါးသော ဝိပလ္လာသတို့ကို ပဌမမဂ်ဉာဏ်က ပယ်သတ်၏၊ မတင့်တယ်သည်၌ တင့်တယ်သည်ဟု အမှတ်မှားခြင်း-သညာဝိပလ္လာသနှင့် အသိမှားခြင်း-စိတ္တဝိပလ္လာသ တို့ကို တတိယမဂ်ဉာဏ်က ပယ်သတ်၏။ ဆင်းရဲ၌ ချမ်းသာဟု အမှတ်မှားခြင်း-သညာဝိပလ္လာသနှင့် အသိမှားခြင်း-စိတ္တဝိပလ္လာသတို့ကို စတုတ္ထမဂ်ဉာဏ်က ပယ်သတ်၏။

ဂန္ထလေးပါးတို့တွင် သီလဗ္ဗတပရာမာသကာယဂန္ထနှင့် ဣဒံသစ္စာဘိနိဝေသကာယဂန္ထတို့ကို ပဌမမဂ်ဉာဏ်က ပယ်သတ်၏၊ ဗျာပါဒကာယဂန္ထကို တတိယမဂ်ဉာဏ်က ပယ်သတ်၏၊ အဘိဇ္ဈာကာယဂန္ထကို စတုတ္ထမဂ်ဉာဏ်က ပယ်သတ်၏။

အဂတိလေးပါးတို့ကို ပဌမမဂ်ဉာဏ်ကသာလျှင် ပယ်သတ်၏။

အာသဝေါတရား လေးပါးတို့တွင် ဒိဋ္ဌာသဝကို ပဌမမဂ်ဉာဏ်က ပယ်သတ်၏၊ ကာမာသဝကို တတိယမဂ်ဉာဏ်က ပယ်သတ်၏၊ ဘဝါသဝနှင့် အဝိဇ္ဇာသဝတို့ကို စတုတ္ထမဂ်ဉာဏ်က ပယ်သတ်၏။ ဩဃ ယောဂတို့၌လည်း ဤနည်းပင်တည်း။

နီဝရဏတို့တွင် ဝိစိကိစ္ဆာနီဝရဏကို ပဌမမဂ်ဉာဏ်က ပယ်သတ်၏၊ ကာမစ္ဆန္ဒ ဗျာပါဒ ကုက္ကုစ္စဟူသော သုံးပါးသော နီဝရဏတို့ကို တတိယမဂ်ဉာဏ်က ပယ်သတ်၏၊ ထိနမိဒ္ဓနှင့် ဥဒ္ဓစ္စတို့ကို စတုတ္ထမဂ်ဉာဏ်က ပယ်သတ်၏။

ပရာမာသကို ပဌမမဂ်ဉာဏ်ကသာလျှင် ပယ်သတ်၏။

---

ယုတ်လျော့သော ပုဂ္ဂိုလ်-ဟု ယူရ၏၊ ဓေ-ဓေစ္စေ-အချို့ဆရာတို့-ဟု ဆိုလျှင် ကျမ်းဆရာနှင့် ဂုဏ်ရည်တူ-ဟု ယူရ၏။ ထို့ကြောင့် ပါဠိမူအတိုင်း ယူဆနိုင်စေရန် ဤ၌ ဓေ-ဟူသော ပါဠိပါ ဖော်ပြထားသည်။ နောက်၌လည်း ဤသို့ ဖော်ပြရာ၌ နည်းတူပင်မှတ်။

http://www.dhammadownload.com



ဥပါဒါန်လေးပါးတို့တွင် လောကီတရား အလုံးစုံတို့ကိုလည်း ဝတ္ထုကာမ အလိုအားဖြင့် ကာမဟူ၍ ဟောထားသောကြောင့် [၁] ရူပရာဂနှင့် အရူပရာဂ သည်လည်း ကာမုပါဒါန်၌ ကျရောက်(အတွင်းဝင်)၏၊ ထို့ကြောင့် ထိုကာမု ပါဒါန်ကို စတုတ္ထမဂ်ဉာဏ်က ပယ်သတ်၏၊ ကြွင်းသော ဥပါဒါန်သုံးပါးတို့ကို ပဌမမဂ်ဉာဏ်က ပယ်သတ်၏။

အနုသယ ခုနစ်ပါးတို့တွင် ဒိဋ္ဌိအနုသယနှင့် ဝိစိကိစ္ဆာနုသယတို့ကို ပဌမ မဂ်ဉာဏ်ကသာလျှင် ပယ်သတ်၏၊ ကာမရာဂါနုသယနှင့် ပဋိဃာနုသယတို့ကို တတိယမဂ်ဉာဏ်က ပယ်သတ်၏၊မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသ ယတို့ကို စတုတ္ထမဂ်ဉာဏ်က ပယ်သတ်၏။

မလ-အညစ်အကြေး သုံးပါးတို့တွင် ဒေါသအညစ်အကြေးကို တတိယ မဂ်ဉာဏ်က ပယ်သတ်၏၊ လောဘနှင့် မောဟ အညစ်အကြေးတို့ကို စတုတ္ထ မဂ်ဉာဏ်က ပယ်သတ်၏။

အကုသိုလ်ကမ္မပထ ဆယ်ပါးတို့တွင် ပါဏာတိပါတ အဒိန္နာဒါန မိစ္ဆာစာရ မုသာဝါဒ မိစ္ဆာဒိဋ္ဌိဟူသော ဤငါးပါးတို့ကို ပဌမမဂ်ဉာဏ်က ပယ်သတ်၏၊ ပိသုဏဝါစာ ဖရုသဝါစာ ဗျာပါဒဟူသော ဤသုံးပါးတို့ကို တတိယမဂ်ဉာဏ် က ပယ်သတ်၏၊သမ္ဖပ္ပလာပနှင့် အဘိဇ္ဈာတို့ကို စတုတ္ထမဂ်ဉာဏ်က ပယ်သတ် ၏။

အကုသိုလ် စိတ္တုပ္ပါဒ် တဆယ့်နှစ်ပါးတို့တွင် ဒိဋ္ဌိဂတသမ္ပယုတ် လေးပါး နှင့် ဝိစိကိစ္ဆာသမ္ပယုတ်ဟူသော ဤငါးပါးတို့ကို ပဌမမဂ်ဉာဏ်က ပယ်သတ် ၏၊ ပဋိဃသမ္ပယုတ်နှစ်ပါးတို့ကို တတိယမဂ်ဉာဏ်ကပယ်သတ်၏၊ ကြွင်းသော စိတ္တုပ္ပါဒ် ငါးပါးတို့ကို စတုတ္ထမဂ်ဉာဏ်က ပယ်သတ်၏။

ဆက်၍ ရှင်းဦးအံ့၊ အကြင်အကုသိုလ်ကို အကြင်ဉာဏ်သည်ပယ်သတ်၏၊ ထိုအကုသိုလ်သည် ထိုဉာဏ်ဖြင့် ပယ်အပ်သော ပဟာတဗ္ဗမည်၏၊ ထို့ကြောင့် "ဤသို့ ပြဆိုအပ်ကုန်ပြီးသော သံယောဇဉ် အစရှိကုန်သော ထိုအကုသိုလ် တရားတို့ကို ဤလေးပါးသော မဂ်ဉာဏ် တို့သည် ယှဉ်သင့်သည်အား

---

၁-ဤ၌ ပါဠိကို တိုက်ရိုက်ပြန်လျှင် "ကာမ-ဟု လာသောကြောင့်-"ဟူ၍ဖြစ်၏၊ အချို့က နားလည်ကြမည် မဟုတ်၊ ထို့ကြောင့် အဓိပ္ပါယ်ကိုသာယူ၍ ပြန်ဆို ထားသည်။

http://www.dhammadownload.com



(ထိုက်သည်အား)လျော်စွာ ပယ်ခြင်းကို ပြုတတ်ကုန်၏”ဟု ဆိုခဲ့ပေသည်။

[၃၂၇] ၈၃၁။ ဤမဂ်ဉာဏ်တို့သည် ထိုပဟာတဗ္ဗအကုသိုလ်တို့ကို (ပယ်ကုန်လတ်သော်)အတိတ် အနာဂတ်တရားတို့ကို ပယ်ကုန်သလော၊ သို့မဟုတ် ပစ္စုပ္ပန်တရားတို့ကို ပယ်အပ်ကုန်သလောဟု မေးငြားအံ့၊ အဘယ်သို့ မေးဘိသနည်း၊ဤမေးခွန်း၌ ဖြည့်စွက်ရန် လိုသေး၏၊အကယ်၍ အတိတ် အနာဂတ်တရားတို့ကို ပယ်ငြားအံ့၊ (သို့ဖြစ်လျှင်) အားထုတ်ခြင်းသည် အကျိုးမရှိသည်သာ ဖြစ်ရာ၏၊ အဘယ့်ကြောင့်နည်းဟူမူ ? ပယ်အပ်သော အတိတ် အနာဂတ်တရားတို့ မရှိခြင်းကြောင့်တည်း။ သို့မဟုတ် ပစ္စုပ္ပန်တရားတို့ကို ပယ်ငြားအံ့၊ ထိုသို့ဖြစ်လျှင်လည်း အားထုတ်မှုသည် အကျိုးမရှိ သည်ပင် ဖြစ်ရာ၏၊အဘယ့်ကြောင့်နည်းဟူမူ? ပယ်အပ်သောတရားတို့သည် အားထုတ်မှုနှင့် အတူတကွ ရှိနေရာသောကြောင့်တည်း။ မဂ်ကိုပွါးစေခြင်း (မဂ္ဂဘာဝနာ)သည်လည်း ညစ်ညူးကြောင်း ကိလေသာတို့နှင့် ယှဉ်သည်သော်လည်း ဖြစ်ရာ၏၊ သို့မဟုတ်လျှင် ကိလေသာတို့သည် စိတ်နှင့် မယှဉ်သော ဝိပ္ပယုတ်တရားတို့သော်လည်း ဖြစ်ကုန်ရာ၏[၁]၊ သို့သော် စိတ်နှင့်မယှဉ်သော ပစ္စုပ္ပန်ကိလေသာမည်သည် မရှိပေ၊ ဤသည်ကား မေးခွန်း၌ ဖြည့်စွက်ရန် လိုနေသောအချက်တည်း။ ဤမေးခွန်းသည်ဤကျမ်း၌သာ ပြဆိုသော သီးသန့်စောဒနာ မဟုတ်ပေ၊ မှန်ပေ၏၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ပင်လျှင်[၂]....

"အကြင်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည်[၃] ကိလေသာတို့ကို ပယ်၏၊ (ထိုမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည်)အတိတ် ကိလေသာတို့ကို ပယ်သလော၊ အနာ

---

၁-ပညာကို ပွါးစေမှု–အားထုတ်မှုသည် စိတ်နှင့်တကွ အားထုတ်မှု ဖြစ်သောကြောင့် ထို အားထုတ်မှုသည် ကိလေသာတို့နှင့် မယှဉ်-ဟု ယူခဲ့လျှင် ထိုကိလေသာတို့သည် စိတ်နှင့်မယှဉ်သော တရားတို့ ဖြစ်လေကုန်ရာ၏-ဟု အပြစ်ပြသည်။

၂-ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ပင်လျှင်.... မေးပြီးလျှင် တဖန်.... အပြစ်ပြဆိုပြီးလျှင်.... ပယ်မြစ်လေပြီ။ ထိုအတူပင်–စသည်ဖြင့် စပ်၍ နောက်ဆုံး၌ "အောက်ပါစကားကို ဟောကြားတော်မူ၏"–တိုင်အောင် စပ်ပါ။

၃-ယွာယံ-ဟု ရှိသော ပဋိသမ္ဘိဒါမဂ် ပါဠိတော် စာမူသာလျှင် ယုတ္တတရဖြစ်၍ ထိုမူအရ ပြန်သည်။

http://www.dhammadownload.com



ဂတ် ကိလေသာတို့ကို ပယ်သလော၊ ပစ္စုပ္ပန်ကိလေသာတို့ကို ပယ်သလော''ဟု

မေးပြီးလျှင် တဖန်-

''အကယ်၍ အတိတ်ကိလေသာတို့ကိုပယ်ငြားအံ့၊ထိုသို့ဖြစ်လျှင် ကုန်ပြီးကို ကုန်စေရာရောက်၏၊ ချုပ်ပြီးကို ချုပ်စေရာရောက်၏၊ ကင်းပြီးကို ကင်းစေရာရောက်၏၊ ကွယ်ပျောက်ပြီးကို ကွယ်ပျောက်စေရာရောက်၏၊ လွန်လေပြီးသော အကြင် အတိတ်တရားသည် (ထိုမဂ်ခဏ၌)မရှိတော့ပြီ၊ ထိုမရှိတော့သော တရားကို ပယ်ရာရောက်၏''ဟု

အပြစ်ပြဆိုပြီးလျှင်

''အတိတ်ကိလေသာတို့ကို ပယ်သည် မဟုတ်''ဟု

ပယ်မြစ်လေပြီ။ ထို့အတူပင်-

''အကယ်၍ အနာဂတ် ကိလေသာတို့ကို ပယ်ငြားအံ့၊ ထိုသို့ဖြစ်လျှင် မဖြစ်သေးသည်ကို ပယ်ရာရောက်၏၊ မပေါ်သေးသည်ကို ပယ်ရာရောက်၏၊ မဖြစ်ပေါ်သေးသည်ကို ပယ်ရာရောက်၏၊ထင်ရှား မဖြစ်သေးသည်ကို ပယ်ရာရောက်၏၊ မရောက်လာသေးသော အကြင်အနာဂတ်တရားသည်(ထိုမဂ်ခဏ၌)မရှိသေး၊ ထိုမရှိသေးသော တရားကို ပယ်ရာရောက်၏''ဟု

အပြစ်ပြဆိုပြီးလျှင်-

''အနာဂတ်ကိလေသာတို့ကို ပယ်သည် မဟုတ်''ဟု

ပယ်မြစ်လေပြီ။ ထို့အတူပင်-

''အကယ်၍ ပစ္စုပ္ပန်ကိလေသာတို့ကို ပယ်ငြားအံ့၊ ထိုသို့ဖြစ်လျှင် တပ်မက်လျက် တပ်မက်မှု-ရာဂကို ပယ်ရာရောက်၏၊ အမျက်ထွက်လျက် အမျက်ထွက်မှု-ဒေါသကို ပယ်ရာရောက်၏၊ တွေဝေလျက် တွေဝေမှု-မောဟကို ပယ်ရာရောက်၏၊ မာန်ထောင်(တောင့်တင်း)လျက် မာန်မာနကို ပယ်ရာရောက်၏၊ မှားယွင်းစွာ သုံးသပ်လျက်

http://www.dhammadownload.com



အမြင်မှားမှု-ဒိဋ္ဌိကိုပယ်ရာရောက်၏၊ ပျံ့လွင့်ခြင်းသို့ ရောက်လျက် ပျံ့လွင့်မှု-ဥဒ္ဓစ္စကို ပယ်ရာရောက်၏၊ မဆုံးဖြတ် မဝေခွဲနိုင်ခြင်းသို့ ရောက်လျက် ယုံမှားမှု-ဝိစိကိစ္ဆာကို ပယ်ရာရောက်၏၊ ဖြစ်စွမ်းနိုင်သော အားစွမ်းသို့ရောက်လျက် ဖြစ်ထိုက်သော အနုသယကို ပယ်ရာရောက်၏၊ မည်းညစ်သော အကုသိုလ်တရားနှင့် ဖြူစင်သော ကုသိုလ်တရားတို့သည် ထမ်းပိုး၌ ညီတူအစုံ ဖွဲ့ထားကုန်သကဲ့သို့ ဖြစ်ကုန်ရာ၏၊ မဂ်ကို ပွါးစေခြင်းသည် ညစ်ညူးကြောင်း ကိလေသာတို့နှင့် ရောနှောယှဉ်တွဲသည် ဖြစ်ရာ၏"ဟု

အပြစ်ပြဆိုပြီးလျှင်-

"အတိတ် ကိလေသာတို့ကိုလည်း ပယ်သည်မဟုတ်၊ အနာဂတ် ကိလေသာတို့ကိုလည်း ပယ်သည်မဟုတ်၊ ပစ္စုပ္ပန်ကိလေသာတို့ကိုလည်း ပယ်သည်မဟုတ်"ဟု

အလုံးစုံကို ပယ်မြစ်ပြီးလျှင်-

"ထိုသို့ ဖြစ်လျှင် မဂ်ကို ပွါးစေခြင်းသည် မရှိပြီလော၊ ဖိုလ်ကို မျက်မှောက်ပြုခြင်းသည် မရှိပြီလော၊ ကိလေသာကို ပယ်ခြင်းသည် မရှိပြီလော၊ သစ္စာလေးပါးတရားကို သိခြင်းသည် မရှိပြီလော"

ဟူသော—

မေးခွန်း ပြဿနာ၏ အဆုံး၌ --

"မရှိသည်ကား မဟုတ်၊ မဂ်ကို ပွါးစေခြင်းသည် ရှိပေ၏၊ ဖိုလ်ကို မျက်မှောက် ပြုခြင်းသည် ရှိပေ၏၊ ကိလေသာကို ပယ်ခြင်းသည် ရှိပေ၏၊ သစ္စာလေးပါးတရားကို သိခြင်းသည် ရှိပေ၏"ဟု ဝန်ခံပြီးလျှင် ....

"အဘယ်ကဲ့သို့နည်း"ဟု မေးလတ်သော် အောက်ပါစကားကို ဟောကြားတော်မူ၏....

ဥပမာအားဖြင့် အသီးမသီးသေးသောနုပျိုသော သစ်ပင်သည်ရှိရာ၏၊ ထိုသစ်ပင်ကို တဦးသောယောကျ်ားသည် အရင်း၌ ဖြတ်လိုရာ၏။ ထိုသစ်ပင်၏ မဖြစ်သေးသော အသီးတို့သည် ဖြစ်ပြီး မဟုတ်ကုန်မူ၍သာလျှင် မဖြစ်လာကုန်၊ ပေါ်ပြီးမဟုတ်ကုန် မူ၍သာလျှင်

http://www.dhammadownload.com



မပေါ်လာကုန်၊ ဖြစ်ပေါ်ပြီးမဟုတ်ကုန်မူ၍သာလျှင် မဖြစ်ပေါ်လာကုန်၊ ထင်ရှားဖြစ်ပြီးမဟုတ်ကုန်မူ၍သာလျှင် ထင်ရှားမဖြစ်ပေါ်လာကုန်သကဲ့သို့[၃၂၈] ထိုအတူပင်လျှင် "ဖြစ်ပေါ်ခြင်းသည် ကိလေသာတို့ဖြစ်ပေါ်ခြင်း၏ အကြောင်းတည်း ဖြစ်ပေါ်ခြင်းသည် အထောက်အပံ့တည်း"ဟု ဖြစ်ပေါ်ခြင်း၌ အပြစ်ကိုမြင်၍ ဖြစ်ပေါ်ခြင်း ကင်းသော နိဗ္ဗာန်၌ စိတ်သည် ပြေးဝင်၏၊ဖြစ်ပေါ်ခြင်းကင်းသော နိဗ္ဗာန်၌ စိတ်၏ ပြေးဝင်ခြင်းကြောင့်[၁] ဖြစ်ပေါ်ခြင်း ဟူသော အကြောင်းကြောင့်ဖြစ်နိုင်သော ကိလေသာတို့သည် ဖြစ်ပြီးမဟုတ်ကုန် မူ၍သာလျှင်မဖြစ်လာကုန်။ ပေါ်ပြီးမဟုတ်ကုန်မူ၍သာလျှင် မပေါ်လာကုန်၊ ဖြစ်ပေါ်ပြီး မဟုတ်ကုန် မူ၍သာလျှင် မဖြစ်ပေါ်လာကုန်၊ ထင်ရှားဖြစ်ပြီး မဟုတ်ကုန် မူ၍သာလျှင် ထင်ရှား မဖြစ်လာကုန်။ ဤသို့လျှင် အကြောင်း (ကိလေသာ)တို့၏ ချုပ်ခြင်းကြောင့် (ဖြစ်လတ္တံ့သော) ဆင်းရဲ ဒုက္ခ၏ ချုပ်ခြင်းသည် ဖြစ်ပေ၏။ ဖြစ်ပွါးခြင်းသည် ကိလေသာတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်းတည်း။ပ။ သင်္ခါရနိမိတ်သည် ကိလေသာတို့ဖြစ်ပေါ်ခြင်း၏ အကြောင်းတည်း။ပ။အားထုတ်ခြင်းသည် ကိလေသာတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်းတည်း ။ပ။ အားထုတ်ခြင်းကင်းသော နိဗ္ဗာန်၌ စိတ်၏ ပြေးဝင်ခြင်းကြောင့်[၁] အားထုတ်ခြင်းဟူသောအကြောင်းကြောင့်[၂] ဖြစ်နိုင်သောကိလေသာတို့သည် ဖြစ်ပြီးမဟုတ်ကုန်မူ၍ သာလျှင် မဖြစ်လာကုန်။ပ။ ထင်ရှားဖြစ်ပြီး မဟုတ်ကုန်မူ၍သာလျှင် ထင်ရှား မဖြစ်လာကုန်၊ ဤသို့လျှင် အကြောင်း(ကိလေသာ)တို့၏ ချုပ်ခြင်းကြောင့် (ဖြစ်လတ္တံ့သော) ဆင်းရဲဒုက္ခ၏ ချုပ်ခြင်းသည်ဖြစ်ပေ၏။ ဤသို့လျှင် မဂ်ကို ပွါးစေခြင်းသည် ရှိပေ၏၊ ဖိုလ်ကို မျက်မှောက်ပြုခြင်းသည် ရှိပေ၏၊ကိလေသာကို

---

၁-စိတ်၏ ပြေးဝင်ခြင်းကြောင့်-ဟူသော ဟိတ်ပုဒ်ကို"မဖြစ်လာကုန်၊မပေါ်လာကုန်"စသည်တို့၌ စပ်ပါ။

၂-ဤအားထုတ်ခြင်းမှာ ဘာဝနာ အားထုတ်ခြင်းမဟုတ်၊ အာယူဟနခေါ်သော အားထုတ်မှုဖြစ်သည်။ ကောင်းစားချမ်းသာရန် အားထုတ်သော ကုသိုလ် အကုသိုလ်ကံ ဖြစ်သည်။

http://www.dhammadownload.com



ပယ်ခြင်းသည် ရှိပေ၏၊ သစ္စာလေးပါးတရားကို သိခြင်းသည် ရှိပေ၏၊ ဤကား ပါဠိ။

၇၃၂။ ဤပါဠိစကားဖြင့် အဘယ်ကိုပြသနည်းဟူမူ ? ဘူမိလဒ္ဓမည်သော ကိလေသာတို့ကို ပယ်ခြင်းကို ပြ၏။ ဘူမိလဒ္ဓမည်သော ကိလေသာတို့သည်ကား အတိတ်တို့လော အနာဂတ်တို့လော သို့မဟုတ် ပစ္စုပ္ပန်တို့လောဟူမူ ? ထိုကိလေသာတို့သည် ဘူမိလဒ္ဓုပ္ပန္နသာလျှင်[1] မည်ကုန်၏။

၇၃၃။ ခဲ့၍ဖြစ်ရလျှင်.... ဖြစ်ပေါ်သည်ဟု ခေါ်သော ဥပ္ပန္နသည် (၁) ဝတ္တမာန (၂)ဘူတာပဂတ (၃)ဩကာသကတ (၄)ဘူမိလဒ္ဓတို့၏ အစွမ်းအားဖြင့် များသောအပြားရှိ၏။ထိုတွင် ဥပါဒ်ဌီဘင်သို့ ရောက်ဆဲဖြစ်သော[2] တရားအလုံးစုံသည် ဝတ္တမာနုပ္ပန္န(ဖြစ်ဆဲဥပ္ပန္န)မည်၏။အာရုံ၏ အရသာကို ခံစားပြီး၍ ချုပ်လေသောကြောင့်[3] (အနုဘူတာပဂတ) ခံစားပြီး၍ ကင်းသွားသည်ဟု ဆိုအပ်သော ကုသိုလ် အကုသိုလ်တရားသည်၎င်း၊ဥပါဒ် ဌီ ဘင်သို့ ရောက်ပြီး၍ ချုပ်လေသောကြောင့်[3] (ဘူတာပဂတ)ဖြစ်ပြီး၍ကင်းသွားသည်ဟု ဆိုအပ်သော ကြွင်းသောသင်္ခါရတရားအပေါင်းသည်၎င်း ဘူတာပဂတုပ္ပန္န (ခံစားပြီး-ဖြစ်ပေါ်ပြီး၍ ကင်းသွားသော ဥပ္ပန္န)မည်၏။ "ထိုပုဂ္ဂိုလ်အား ရှေး၌ပြုအပ်ကုန်ပြီးသော အကြောင်းကံတို့သည်ရှိကုန်၏"ဟု ဤသို့အစရှိသော ဟောနည်းဖြင့် ဟောတော်မူသောကံသည်[4] လွန်လေပြီးသော အတိတ်တရား ဖြစ်ငြားသော်လည်း တပါးသော ကံ၏အကျိုး ဝိပါက်ကို

---

၁-ဘူမိ–ကိလေသာ၏ ဖြစ်ရာဘုံ အာရုံ+လဒ္ဓ–ရသည်+ဥပ္ပန္န–ဖြစ်ပေါ်သည်–ဘူမိလဒ္ဓုပ္ပန္န–ဖြစ်ရာဘုံ အာရုံကို ရထားသောကြောင့် ဘယ်အချိန်မဆို ဖြစ်ပေါ်နိုင်၍ "ဖြစ်ပေါ်နေသည်"ဟု ဆိုရသော ကိလေသာ။

၂-ဤ၌ တိုက်ရိုက်ပြန်လျှင် ဖြစ်ခြင်း အိုခြင်း ပျက်ခြင်းနှင့် ပြည့်စုံသော-ဟူ၍ ဖြစ်၏။ သိလွယ်စေရန် အဓိပ္ပါယ်ကိုသာယူ၍ ပြန်ထားသည်။

၃-တိုက်ရိုက်ပြန်လျှင် နိရုဒ္ဓ–ချုပ်လေသော-ဟု ဖြစ်၏၊မြန်မာစကား၌ ဝိသေသန များလျှင် မချော၊ ထို့ကြောင့် ဤ၌ ဟေတုမန္တဝိသေသနပြု၍ "ချုပ်လေသောကြောင့်"ဟု ပြန်ထားသည်။

၄-ကံသည်....အခွင့်ပြုလျက် တည်သောကြောင့်.... ဩကာသကတုပ္ပန္နမည်၏-ဟု စပ်ပါ။

http://www.dhammadownload.com



တားမြစ်ပြီးလျှင် မိမိ၏အကျိုး ဝိပါက်အား အခွင့်ပြုလျက် တည်သော ကြောင့်ရင်း၊ ထိုသို့ ခွင့်ပြုပြီးသော ဝိပါက်သည် ၁ ဖြစ်ပြီး ဖြစ်ဆဲမဟုတ်ငြား သော်လည်း ဤသို့ခွင့်ပြုအပ်သည်ရှိသော် ဧကန်စင်စစ်အားဖြင့် ဖြစ်တော့ မည်ဖြစ်သောကြောင်ရင်း ဩကာသကတုပ္ပန္န (ပြုပြီးသော ဖြစ်ခွင့်ရှိသော ဥပ္ပန္န)မည်၏။ ထိုထို(လူနတ် စသည်တို့၏ ခန္ဓာဟူသော) ဖြစ်ရာဘုံတို့၌ (အရိယာမဂ်ဖြင့်) အကြွင်းမဲ့ မပယ်မနုတ်ရသေးသော အကုသိုလ်သည် ဘူမိလဒ္ဓုပ္ပန္န (ဖြစ်ရာဘုံကို ရသောဥပ္ပန္န)မည်၏။

၇၃၄။ ဆက်၍ ရှင်းလင်းပြဦးအံ့၊ ဤဘူမိလဒ္ဓုပ္ပန္န ဟူသော ပုဒ်၌ ဖြစ်ရာ ဘုံ၏ရင်း၊ ဖြစ်ရာဘုံကိုရသော ကိလေသာ၏ရင်း ထူးခြားသည်၏ အဖြစ်ကို သိအပ်၏။ ချဲ့၍ ပြရလျှင်....ဝိပဿနာ၏အာရုံဖြစ်သော ဘုံသုံးပါး၌ ဖြစ်သော ခန္ဓာငါးပါးတရားတို့သည် **ဘူမိ-ဖြစ်ရာဘုံ** မည်၏၊ ထိုခန္ဓာတို့၌ ဖြစ်ထိုက်သော ကိလေသာအပေါင်းသည် **ဘူမိလဒ္ဓ ဖြစ်ရာဘုံကို ရသော ကိလေသာ**မည်၏။ မှန်ပေ၏၊ထိုကိလေသာအပေါင်းသည် ထိုဖြစ်ရာဘုံကို ရ(အပ်)သည် မည်၏။ ထို့ကြောင့် ဘူမိလဒ္ဓဟူ၍ ဆိုအပ်၏၊ ထိုဖြစ်ရာဘုံကိုလည်း အာရုံ၏အစွမ်း အားဖြင့်ရ (အပ်)သည်ကား မဟုတ်ပေ၂။ [၃၂၉] အာရုံ၏အစွမ်းအားဖြင့် မူကား အလုံးစုံသော အတိတ် အနာဂတ် ခန္ဓာတို့ကိုရင်း၊ ရဟန္တာတို့၏ ပိုင်းခြား၍ သိအပ်ပြီးသော်လည်း ဖြစ်သော ၃ ခန္ဓာတို့ကိုရင်း အာရုံပြု၍ ကိလေသာတို့သည် ဖြစ်ပေါ်ကုန်၏၊ အဘယ်ကဲ့သို့ နည်းဟူမူ ? အရှင်မဟာ ကစ္စည်းမထေရ်, ဥပ္ပလဝဏ်ထေရီမ အစရှိသော ပုဂ္ဂိုလ်တို့၏ ခန္ဓာတို့ကို အာရုံ ပြု၍ သောရေယျသူဌေး, နန္ဒလုလင် အစရှိသော သူတို့အား ကိလေသာတို့ သည် ဖြစ်ကုန်သကဲ့သို့တည်း။ ထို(သူတပါးသန္တာန်၌ ဖြစ်သော ကိလေသာ) သည် ဘူမိလဒ္ဓ မည်သည် အကယ်၍ ဖြစ်ငြားအံ့၊ ထိုသို့ ဖြစ်လျှင် ထိုကိလေ

---

၁-ဝိပါက်သည်....ဩကာသကတုပ္ပန္န မည်၏-ဟု စပ်ပါ။

၂-သူတပါးက ကိလေသာဖြင့် အာရုံပြုသည့်အတွက် အာရုံပြုခံရသူမှာ ကိလေ သာ၏ ဖြစ်ရာဘုံကို ရသည်ဟူ၍ကား မဆိုရ-ဟု ဆိုလို၏။

၃-ရဟန္တာပုဂ္ဂိုလ်တို့က သိထားပြီးဖြစ်သော ခန္ဓာတို့ကိုသော်လည်း ကိလေသာ ရှိသူတို့က အာရုံပြု၍ ကိလေသာ ဖြစ်ကြသေး၏၊ သိထားပြီးမဟုတ်သော ခန္ဓာတို့ကို အခြားသူတို့က အာရုံပြု၍ ကိလေသာ ဖြစ်တတ်ကြသည်မှာ ဆိုဘွယ်ပင် မရှိပြီ-ဟု ဆိုလို၏။

http://www.dhammadownload.com



သာသည် ပယ်နိုင်သော ကိလေသာမဟုတ်သောကြောင့်[၁] တစုံတယောက်သော ပုဂ္ဂိုလ်မျှ ဘဝ၏ အမြစ်အရင်းဖြစ်သော ကိလေသာကို မပယ်နိုင်ရာ။ စင်စစ်သော်ကား ဖြစ်ရာဝတ္ထု၏အစွမ်းအားဖြင့် ဘူမိလဒ္ဓကိလေသာကို သိအပ်၏၊ မှန်ပေ၏၊ အကြင် အကြင် သန္တာန်၌ ဝိပဿနာဖြင့် ပိုင်းခြား၍ မသိအပ်ကုန်သော ခန္ဓာတို့သည် ဖြစ်ကုန်၏၊ ထိုထိုသန္တာန်၌ ဖြစ်သည်မှစ၍ ထိုခန္ဓာတို့၌ ဝဋ်၏ အမြစ်အရင်းဖြစ်သော ကိလေသာအပေါင်းသည် ကိန်းသည်မည်၏၊ ထိုကိန်းသော ကိလေသာအပေါင်းသည် မဂ်ဖြင့် မပယ်အပ်သေးသော အနက်သဘောကြောင့် ဘူမိလဒ္ဓ မည်၏ဟူ၍ သိအပ်၏။

၈၃၅။ ထိုတွင်လည်း အကြင်သူအား အကြင်ခန္ဓာတို့၌မပယ်အပ်သေးသော အနက်သဘောကြောင့် ကိန်းသည်မည်သော ကိလေသာတို့သည် ရှိကုန်၏၊ ထိုသူအား ထိုခန္ဓာတို့သည်သာလျှင် ထိုကိန်းသည်မည်သော ကိလေသာတို့၏ ဖြစ်ရာဝတ္ထုတည်း၊ တပါးသော ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ခန္ဓာတို့သည် ထိုကိလေသာတို့၏ ဖြစ်ရာဝတ္ထုမဟုတ်[၂]၊ အတိတ်ခန္ဓာတို့၌ မပယ်အပ်သေးသည်ဖြစ်၍ ကိန်းသည် မည်ကုန်သော ကိလေသာတို့၏ ဖြစ်ရာဝတ္ထုသည် အတိတ်ခန္ဓာတို့သာလျှင်တည်း၊ ဤမှ တပါးသော အနာဂတ်ပစ္စုပ္ပန် ခန္ဓာတို့ မဟုတ်ကုန်။ အနာဂတ်ခန္ဓာစသည်တို့၌လည်း ဤနည်းပင်တည်း။ ထို့အတူ ကာမာဝစရခန္ဓာတို့၌ မပယ်အပ်သေးသည်ဖြစ်၍ ကိန်းသည်မည်သော ကိလေသာတို့၏ ဖြစ်ရာဝတ္ထုသည် ကာမာဝစရခန္ဓာတို့သာလျှင်တည်း၊ ဤမှ တပါးသော ရူပါဝစရ အရူပါဝစရ ခန္ဓာတို့မဟုတ်ကုန်။ ရူပါဝစရ အရူပါဝစရ ခန္ဓာတို့၌လည်း ဤနည်းပင်တည်း။

---

၁-သူတပါးသန္တာန်က ကိလေသာကို ဘုရားသော်လည်း မပယ်နိုင်၊ ထို့ကြောင့် ထိုသူတပါး၏ ကိလေသာသည် ဘုရားအစရှိသော အရိယာတို့ ပယ်နိုင်ကောင်းသော ကိလေသာမဟုတ်၊ ထိုကိလေသာရှိသူသည်သာလျှင် ပယ်သင့် ပယ်ထိုက်သော ကိလေသာ ဖြစ်သည်-ဟု ဆိုလို၏။

၂-ပုဂ္ဂိုလ်တဦး၏ သန္တာန်က ကိန်းသော ကိလေသာတို့၏ ဖြစ်ရာသည် ထိုပုဂ္ဂိုလ်၏ သန္တာန်-ဟု ခေါ်သော ခန္ဓာအစဉ်သာလျှင် ဖြစ်သည်။ အခြားသူတို့၏ သန္တာန်မဟုတ်၊ အခြားသူတို့၏ သန္တာန်၌ မဖြစ်၊ ထိုပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ဖြစ်သည်-ဟု ဆိုလို၏။

http://www.dhammadownload.com



သောတာပန်ပုဂ္ဂိုလ် စသည်တို့တွင်မူကား အကြင် အကြင် အရိယာပုဂ္ဂိုလ်၏ ခန္ဓာတို့၌ ဝဋ်၏အမြစ်အရင်းဖြစ်သော ထိုထိုကိလေသာအပေါင်းကို ထိုထိုအရိယာမဂ်ဖြင့် ပယ်အပ်လေပြီ၊ (ထို့ကြောင့်) ထိုထိုအရိယာပုဂ္ဂိုလ်၏ ထိုထိုခန္ဓာတို့သည် ပယ်အပ်ကုန်ပြီးသော ထိုထို ဝဋ်မြစ်ကိလေသာတို့၏ ဖြစ်ရာဝတ္ထုမဟုတ်သောကြောင့် ဘူမိ-ဘုံ ဟူသောအမည်ကို မရကုန်။ ပုထုဇဉ်မှာမူကား ဝဋ်မြစ်ကိလေသာတို့ကို အချင်းခပ်သိမ်းပင် မပယ်ရသေးသောကြောင့် တစုံတခုသောအမှုကို ပြုသည်ရှိသော် ကုသိုလ်ကံသော်၎င်း၊ အကုသိုလ်ကံသော်၎င်း ဖြစ်၏၊ ထို့ကြောင့် ထိုပုထုဇဉ်ပုဂ္ဂိုလ်အား ကံနှင့်ကိလေသာ ဟူသော အကြောင်းကြောင့် ဝိပါကဝဋ်တရားသည် လည်လျက်ဖြစ်၏၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်၏ ဤဝဋ်မြစ်ကိလေသာသည် ရူပက္ခန္ဓာ၌သာလျှင် ကိန်း၏၊ ဝေဒနာက္ခန္ဓာစသည်တို့၌ မကိန်းဟူ၍၎င်း။ပ။ ဝိညာဏက္ခန္ဓာ၌သာလျှင် ကိန်း၏၊ ရူပက္ခန္ဓာစသည်တို့၌ မကိန်းဟူ၍၎င်း မဆိုအပ်ပေ၊ အဘယ့်ကြောင့်နည်းဟူမူ? သာမညအားဖြင့် ငါးပါးလုံးသော ခန္ဓာတို့၌ ကိန်းနေသည်၏ အဖြစ်ကြောင့်တည်း။

ဂ၃၆။ အဘယ်သို့နည်းဟူမူ? သစ်ပင်၌ မြေဆီဩဇာ စသည်ကဲ့သို့တည်း။ ခွဲ၍ ပြရလျှင်....ကြီးစွာသောသစ်ပင်သည် [၁] မြေပြင်၌ တည်၍ မြေဆီဩဇာကို၎င်း ရေဆီဩဇာကို၎င်း မှီ၍ ထိုရေမြေအဆီဩဇာ ဟူသော အကြောင်းကြောင့် အမြစ် ပင်စည် ကိုင်းကြီး ကိုင်းငယ် ရွက်နု ရွက်ကြမ်း အပွင့် အသီးတို့ဖြင့် ကြီးပွါးလျက် ကောင်းကင်အရပ်ကို ပြည့်စေလျက် ကမ္ဘာအဆုံးတိုင်အောင် မျိုးစေ့အဆက်ဆက်ဖြင့် သစ်ပင်အဆက်အနွယ်ကို ရှည်ပြန့်ဆက်စပ်စေလျက် တည်လတ်သော် ထိုမြေဆီဩဇာ အစရှိသည်သည် အမြစ်၌သာလျှင် ရှိ၏၊ ပင်စည်စသည်တို့၌ မရှိဟူ၍၎င်း။ပ။ အသီး၌သာလျှင် ရှိ၏၊ အမြစ်စသည်တို့၌ မရှိဟူ၍၎င်း မဆိုအပ်သကဲ့သို့ပင်တည်း၊ အဘယ့်ကြောင့်နည်းဟူမူ? သာမညအားဖြင့် အလုံးစုံသောအမြစ် စသည်တို့၌ အစဉ်လျှောက်လျက် ရှိနေသည်၏အဖြစ်ကြောင့်တည်း။

ခန္ဓာအစဉ်ငြိမ်းပုံကား.... ဥပမာအားဖြင့် ထိုသစ်ပင်၏ ပင်လျှင် အပွင့် အသီး စသည်တို့၌ ငြီးငွေ့စက်ဆုပ်(လျက် မလိုလား)သော တစုံတယောက်သော ယောကျ်ားသည် အရပ်လေးမျက်နှာတို့၌ ဖားဆူးမည်သော အဆိပ်ရှိ

---

• ၁-ကြီးစွာသော သစ်ပင်သည် မြေပြင်၌တည်၍.... မှီ၍.... ကြီးပွါးလျက်.... ပြည့်စေလျက်....ရှည်ပြန့်ဆက်စပ်စေလျက်....တည်လတ်သော်-ဟု စပ်ပါ။

http://www.dhammadownload.com



သော(ငါးရိုး)ဆူးကို ရိုက်နှက်ရာ၏၊ ထိုမှ နောက်၌[၃၃၀]ထိုသစ်ပင်သည် ထိုအဆိပ်အတွေ့ဖြင့် တွေ့ထိအပ်သည်ဖြစ်၍ မြေဆီဩဇာ ရေဆီဩဇာတို့၏ ကုန်ခန်းခြင်းကြောင့် မတိုးပွါး မစည်ပင်သည်၏ အဖြစ်သို့ ရောက်၍ တဖန် သစ်ပင် အစဉ်အဆက် (သန္တာန်)ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်ရာသကဲ့သို့ ဤအတူပင်လျှင်ခန္ဓာတို့၏ဖြစ်ခြင်း၌ ငြီးငွေ့စက်ဆုပ်သော အမျိုးသားသည်[၁] ထိုယောကျ်ား၏ အရပ်လေးမျက်နှာတို့မှ သစ်ပင်၌ အဆိပ်ကို ယှဉ်စေခြင်း ကဲ့သို့ မိမိ၏သန္တာန်၌ လေးပါးသော မဂ်ကို ပွါးစေခြင်းကို အားထုတ်၏၊ ထိုမှ နောက်၌ ထိုအမျိုးသား၏ ထိုခန္ဓာအစဉ်သန္တာန်သည် ထိုလေးပါးသော မဂ်တည်းဟူသော အဆိပ်အတွေ့ဖြင့် ဝဋ္ဋမြစ်ကိလေသာတို့ကို အချင်းခပ်သိမ်း ကုန်စေပြီးဖြစ်သောကြောင့် ကြိယာအဖြစ်မျှသို့ ရောက်သော ကာယကံ အစရှိသော အလုံးစုံသော ကံအပြားရှိသည်ဖြစ်၍[၂] နောင်အခါ၌ တဖန် ဘဝသစ် ဖြစ်ပေါ်ခြင်း သဘောမရှိသည်၏အဖြစ်သို့ ရောက်၍ ဘဝတပါး ဟူသော ရုပ်နာမ် ခန္ဓာ အစဉ်သန္တာန်ကိုဖြစ်စေခြင်းငှါ မစွမ်းနိုင်၊ နောက်ဆုံး စုတိစိတ်ချုပ်ခြင်းဖြင့် လောင်စာ မရှိသော မီးကဲ့သို့ စွဲလမ်းမှု ဥပါဒါန် ကင်း သည်ဖြစ်၍ သက်သက်ငြိမ်းရုံမျှ ငြိမ်းအေးသွားလေတော့၏။ ဤသို့လျှင် ကိလေသာဖြစ်ရာဘုံ၏ရင်း၊ ထိုဘုံကိုရသော ဘူမိလဒ္ဓ ကိလေသာ၏ရင်း ထူး ခြားသည်၏ အဖြစ်ကို သိအပ်၏။

၈၃၇။ တနည်းအားဖြင့်လည်း "ဖြစ်ပေါ်သည်"ဟု ခေါ်သော ဥပ္ပန္နသည် (၁) သမုဒါစာရ၊ (၂) အာရမ္မဏာဓိဂ္ဂဟိတ၊ (၃) အဝိက္ခမ္ဘိတ၊ (၄) အသမူ ဟတတို့၏ အစွမ်းအားဖြင့် ဆိုခဲ့ပြီးမှ တပါးလည်း လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင် ဝတ္တမာနုပ္ပန္နသည်ပင်လျှင် သမုဒါစာရုပ္ပန္န (ဖြစ်ပေါ်ဆဲ ဥပ္ပန္န) မည်၏။ ထိုမှတပါး စက္ခုဒွါရ စသည်တို့အား အာရုံထင်လတ်သော်

---

၁-အမျိုးသားသည်....အားထုတ်၏-ဟု စပ်ပါ။

၂-ပုထုဇဉ် သေက္ခဖြစ်စဉ်က အကျိုးပေးတတ်သော ကာယကံ ဝစီကံ မနောကံ မျိုးသည် ရဟန္တာအဖြစ်သို့ ရောက်သောအခါ ရှေးကနှင့်အလားတူ တရား ဟောခြင်း အစရှိသော ကုသိုလ်အမှုမျိုးကို ပြုသော်လည်း အကျိုးပေး တတ်သော ကုသိုလ်မဖြစ်၊ ကြိယာဟုခေါ်သော ပြုမှုသက်သက်မျှသာ ဖြစ်လေတော့သည်၊ ထို့ကြောင့် ထိုအမှုဟူသမျှသည် ဘဝသစ်ရုပ်နာမ် ခန္ဓာအစဉ်ကို မဖြစ်စေနိုင်တော့ပြီ-ဟု ဆိုလို၏။

http://www.dhammadownload.com



ရှေးအဖို့ (မြင်ဆဲကာလ စသည်)၌ ကိလေသာ အပေါင်းသည် မဖြစ်သေး သော်လည်း အာရုံကို ထင်ရှားစွာ ယူထားပြီး ဖြစ်သောကြောင့်သာလျှင် နောက်အဖို့ (ပြန်လည် ဆင်ခြင်သော ကာလ) ၌ စင်စစ် ကေန် ဖြစ်တတ် သောကြောင့် (ထိုသို့သော ကိလေသာအပေါင်းကို) အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န (အာရုံကို ထင်ရှားစွာ ယူထားပြီးဖြစ်၍ ဖြစ်ပေါ် နေသည်မည်သော ကိလေ သာ) ဟူ၍ ဆိုအပ်၏။ အဘယ်ကဲ့သို့နည်းဟူမူ? ကလျာဏီရွာ၌ ဆွမ်းခံကြွ သော မဟာတိဿမထေရ်အား လိင်သဘောမတူသော မာတုဂါမ၏ အဆင်း ကို မြင်ခြင်းကြောင့် ဖြစ်ပေါ် သော ကိလေသာကဲ့သို့ တည်း[၁]။ ထိုမှတပါး သမထဝိပဿနာတို့တွင် တပါးပါး၏ အစွမ်းအားဖြင့် မခွါအပ်သေးသော

---

၁-ဤ မဟာတိဿမထေရ်၏ ဝတ္ထုအကျယ်မှာ ယခုလက်ရှိ အဋ္ဌကထာဋီကာတို့ ၌ မတွေ့ရတော့ပေ။ မူလပဏ္ဏာသအဋ္ဌကထာ (၂-၅၀) ၌မူကား အလားတူ ဝတ္ထုတခုကို အောက်ပါအတိုင်း တွေ့ရ၏....

ရဟန်းငယ်တပါးသည် ကာလဒီဃဝါပိရွာ တံခါးအနီးရှိ ကျောင်းတိုက် သို့ စာသင်ရန်သွား၏၊ ဆရာတော်မထေရ်ကြီးက ထိုရဟန်းငယ်မှာဖြစ်ပေါ် မည့် အန္တရာယ်ကိုမြင်၍ "ထိုရွာထဲသို့မသွားပါဘူးဟု ဝန်ခံလျှင် စာသင်ခွင့် ပေးမည်" ဟု ဆို၏၊ ရဟန်းငယ်လည်း "ထိုရွာထဲသို့ မသွားပါ" ဟု ဝန်ခံ ပြီးလျှင် စာသင်နေ၏။ စာသင်ခြင်းကိစ္စပြီး၍ ပြန်တော့မည်ပြုသောအခါ "ငါအား ဤရွာတွင်းသို့ သွားရန် ဆရာတော်က အခွင့်မပြုသည်မှာ အဘယ် အကြောင်းကြောင့်နည်း" ဟု စုံစမ်းလိုသဖြင့် သင်္ကန်းရုံ၍ ထိုရွာတွင်းသို့ ဆွမ်းခံဝင်သွား၏၊ တခုသောအိမ်၌ အမျိုးသမီးငယ်တဦးသည် အဝါရောင် ထမိအဝတ်ကို ဝတ်ဆင်လျက် ရပ်နေယင်း ထိုရဟန်းငယ်ကို မြင်လတ်သော် တပ်မက်ခြင်းရာဂဖြစ်၍ ယောက်ချိုဖြင့် ဆန်ပြုတ်ယာဂုကို ယူလာပြီးလျှင် ထိုရဟန်းငယ်၏ သပိတ်၌ လောင်းထည့်ပြီးနောက် အိမ်ထဲသို့ပြန်၍ ခုတင် ပေါ်၌ လဲလျောင်းနေလေ၏၊ ထိုအခါ မိခင်ဘခင်တို့က "ချစ်သမီး အဘယ် သို့ဖြစ်သနည်း" ဟု မေးလတ်သော် "ယခုပင် တံခါးပေါက်က ထွက်သွား သော ရဟန်းငယ်ကို ရလျှင် အသက်ရှင်နိုင်မည်၊ မရလျှင်တော့ သေရပါ တော့မည်"ဟု ဆို၏၊ သမီးချစ်ကလေးအား အလွန်မြတ်နိုးယုယနေသော မိခင် ဘခင်တို့သည် အလွန်ပင် စိုးရိမ်ပူပန်လှသောကြောင့် လျင်မြန်စွာ လိုက်၍ ရဟန်းငယ်ကို ရွာတံခါးပေါက်၌ မှီလတ်သော် "ပြန်ကြွပြီး ဆွမ်းအလှူခံပါဦး" ဟု လျှောက်ကုန်၏။ ရဟန်းငယ်က "ပြည့်စုံပါပြီ၊ မလို ပါဘူး၊ သွားတော့မည်" ဟု ဆို၏၊ ထိုအခါ သမီး၏မိဘတို့က အကြောင်း

http://www.dhammadownload.com



ကိလေသာအပေါင်းသည် စိတ်သန္တာန်သို့ မတက်ရောက်သေးသော်လည်း (ထိုကိလေသာအပေါင်း၏)ဖြစ်ခြင်းကို တားမြစ်တတ်သော အကြောင်းမရှိသောကြောင့် အဝိက္ခမ္ဘိတုပ္ပန္န(မခွါအပ်သေးသည်ဖြစ်၍ ဖြစ်ပေါ်နေသည်ဟု ဆိုအပ်သော ကိလေသာ)မည်၏။ ထိုမှတပါး သမထဝိပဿနာ၏ အစွမ်းအားဖြင့်ခွါထားပြီးဖြစ်သော်လည်း အရိယာမဂ်ဖြင့် အကြွင်းမဲ့မပယ်နုတ်အပ်သေးသောကြောင့် [၁] ဖြစ်ခြင်းသဘောရှိသည်၏ အဖြစ်ကို မကျော်လွန်သည်

မှန်ကို ပြောပြပြီးလျှင် မိမိတို့မှာ ပစ္စည်းဥစ္စာက မည်၍မည်မျှပြည့်စုံကြွယ်ဝကြောင်း၊ သမီးတဦးတည်းသာရှိကြောင်း၊ သားကြီးအရာ၌ တည်၍ ချမ်းသာစွာ နေရမည့်အကြောင်းများလည်း ပြောပြ၍ ဖြားယောင်းတောင်းပန်ကြ၏၊ ရဟန်းငယ်သည်ကား "ငါ့မှာ ဤလို အနှောင်အဖွဲ့ ပလိဗောဓဖြင့် အလိုမရှိ" ဟု ဆိုပြီးလျှင် တောင်းပန်ပြောဆိုချက်ကို မနာယူပဲ ဖဲသွားလေ၏။

မိဘတို့သည် ပြန်သွား၍ အကြောင်းမှန်ကို ပြောပြ၏ "ချစ်သမီး၊ အလိုရှိရာအမျိုးသားတယောက်ကို ရစေမည်၊ အိပ်ရာမှထပါလော့၊ စားပါသောက်ပါလော့" ဟု ဆိုကြသော်လည်း ထိုသူငယ်မသည် အိပ်ရာမှမထပဲ မစားမသောက်ပဲနေသဖြင့် ခုနစ်ရက်ကြာသောအခါ သေဆုံးရှာလေ၏။ မိဘတို့သည် သမီး၏အလောင်းကို သင်္ဂြိုဟ်ပြီးသောအခါ ထိုသမီး၏ အဝါရောင်ထမီအဝတ်ကို ရွာဦးကျောင်းတိုက်က သံဃာအား လှူဒါန်းလိုက်ကုန်၏၊ သံဃာတော်သည် အပိုင်းပိုင်းဖြတ်၍ ဝေခြမ်းလိုက်၏၊ ဦးပဉ္စင်းကြီးတပါးသည် မိမိအတွက်ရသော ထိုထမီအဝတ်ပိုင်းတခုကိုယူ၍ ကလျာဏီကျောင်းတိုက်သို့ လာခဲ့၏၊ ထိုရဟန်းငယ်သည်လည်း ကလျာဏီကျောင်းတိုက်သို့ စေတီ (ဘုရား) ဖူးမြော်ရန်လာရောက်၍ နေ့သန့်စင်ရာအရပ်၌ နေခိုက်ဖြစ်၏။ ထိုအခါ ထိုဦးပဉ္စင်းကြီးက ထိုအဝါရောင်ထမီအဝတ်ပိုင်းကလေးကို ထုတ်ယူ၍ "ဤအဝတ်ပိုင်းဖြင့် ငါ့အား ရေစစ်ပြုလုပ်ပေးပါ"ဟု ထိုရဟန်းငယ်အား ခိုင်းလေ၏။ ထိုရဟန်းငယ်သည် "ထိုအဝတ်ပိုင်းကို ဘယ်ကရလာပါသနည်း" ဟု မေး၍ အကြောင်းမျိုးစုံကို အကုန်သိရသောအခါ "ဤသို့သောသူငယ်မနှင့် အတူတကွ မနေလိုက်ရလေခြင်း" ဟု ရာဂမီးလောင်ကျွမ်း၍ သေဆုံးရရှာလေသတတ်။

[၁]-အကြွင်းမဲ့ မပယ်နုတ်အပ်သေးသောကြောင့် အသမူဟတမည်၏၊ ဖြစ်ခြင်းသဘောရှိနေသေးသောကြောင့် ဥပ္ပန္နမည်၏၊ ထိုအကြောင်း ၂-ပါးကြောင့် အသမူဟတုပ္ပန္နမည်၏ဟု ဆိုလို၏။

http://www.dhammadownload.com



၏ အဖြစ်ကြောင့် (ထိုသို့သော ကိလေသာကို) အသမူဟတုပ္ပန္န (အကြွင်းမဲ့ မပယ်နှုတ်အပ်သေးသည်ဖြစ်၍ ဖြစ်ပေါ်နေသည် (ရှိနေသည်မည်သော ကိလေသာ) ဟူ၍ ဆိုအပ်၏။ အဘယ်ကဲ့သို့နည်းဟူမူ? သမာပတ်ရှစ်ပါးကို ရသည်ဖြစ်၍ ကောင်းကင်ဖြင့် ကြွသွားသော မထေရ်အား ပွင့်သော ပန်းပင်ရှိသော ဥယျာဉ်၌ ချိုသာသောအသံဖြင့် သီချင်းဆိုလျက် ပန်းတို့ကိုခူးသော မာတုဂါမ၏ သီချင်းသံကြောင့် ဖြစ်ပေါ်သော ကိလေသာအပေါင်းကဲ့သို့ တည်း။ အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န အဝိက္ခမ္ဘိတုပ္ပန္န အသမူဟတုပ္ပန္န မည်သော သုံးပါးအပြားရှိသော ဤကိလေသာ အပေါင်းကို ဘူမိလဒ္ဓ ကိလေသာဖြင့် သာလျှင်ရေတွက်အပ်သည်ဟု သိအပ်၏။

၇၃၈။ ဤသို့ ဆိုခဲ့ပြီးသော အပြားရှိသော ဤဥပ္ပန္နမည်သော ကိလေသာ အပေါင်းတွင် (၁) ဝတ္တမာနုပ္ပန္န၊ (၂) ဘူတာပဂတုပ္ပန္န၊ (၃) ဩကာသက တုပ္ပန္န၊ (၄) သမုဒါစာရုပ္ပန္နဟု ဆိုအပ်သော လေးပါးအပြားရှိသော ဥပ္ပန္န သည် မဂ်ဖြင့် ပယ်အပ်သော ကိလေသာမဟုတ်သောကြောင့် တစုံတခုသော ဉာဏ်ဖြင့်သော်လည်း ပယ်အပ်သော (ပဟာတဗ္ဗ) တရားမဟုတ်ပေ။ (၁) ဘူမိလဒ္ဓုပ္ပန္န၊ (၂) အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န၊ (၃) အဝိက္ခမ္ဘိတုပ္ပန္န၊ (၄) အသမ္မူဟတုပ္ပန္န ဟု ဆိုအပ်သော လေးပါးသော ဥပ္ပန္နကိလေသာ၏ ထိုဥပ္ပန္န (ဖြစ်ပေါ်သည်)၏ အဖြစ်ကို ဖျက်ဆီးလျက် ထိုထို လောကီဉာဏ် လောကုတ္တရာဉာဏ်သည် ဖြစ်ပေါ်၏၊ ထို့ကြောင့် အလုံးစုံလည်း ဖြစ်သော ထို လေးပါးသော ဥပ္ပန္နကိလေသာသည် ပယ်အပ်သော (ပဟာတဗ္ဗ) တရား ဖြစ်ပေ၏။ ဤသို့လျှင် ဤလေးပါးသော မဂ်ဉာဏ်တို့တွင် အကြင် ဉာဏ်ဖြင့် အကြင် အကုသိုလ်တရားတို့ကို ပယ်အပ်ကုန်၏၊ ထို အကုသိုလ်တရားတို့ကို ထိုဉာဏ်ဖြင့် ပယ်ခြင်းကိုလည်း သိအပ်ပေ၏။

## ပရိညာစသောကိစ္စကို ပြဆိုချက်

[၃၃၁] ၇၃၉။ သစ္စာလေးပါးကို သိသောအခါ၌ ပရိညာ အစရှိသော အကြင်ကိစ္စတို့ကို ဟောအပ်ကုန်၏၊ ထိုကိစ္စ အလုံးစုံတို့ကိုလည်း ဟုတ် မှန်သော သဘောအားလျော်စွာ သိအပ်ကုန်၏—ဟူသည်ကား--

http://www.dhammadownload.com



သစ္စာလေးပါးကို သိသောအခါ၌ ဤလေးပါးသော မဂ်ဉာဏ်တို့တွင် တပါးပါးသောဉာဏ်၏[၁] တခဏတည်းသော ခဏ၌ ပရိညာ-ပိုင်းခြား၍ သိခြင်း, ပဟာန-ပယ်ခြင်း, သစ္ဆိကိရိယာ-မျက်မှောက်ပြုခြင်း, ဘာဝနာ-ပွါးစေခြင်း ဟူသော ဤပရိညာ အစရှိသော လေးပါးသော ကိစ္စတို့ကို ဟောအပ်ကုန်၏၊ ထိုလေးပါးသော ကိစ္စတို့ကို မှန်သော သဘောအားလျော်စွာ သိအပ်ကုန်၏၊ မှန်ပေ၏၊ ရှေး ဆရာတို့သည် အောက်ပါစကားကို မိန့်ဆိုကုန်၏....

ဥပမာအားဖြင့် ဆီမီးသည် မရှေးမနှောင်း တခုတည်းသော ခဏ၌ လေးပါးသော ကိစ္စတို့ကို ပြု၏၊မီးစာကို လောင်ကျွမ်းစေ၏၊ အမှောင်ကို ပယ်ဖျောက်၏၊ အရောင်အလင်းကို အနှံ့အပြား ပြ၏၊ ဆီကို ကုန်စေ၏၊ ဤအတူပင်လျှင် မဂ်ဉာဏ်သည် မရှေးမနှောင်း တခုတည်းသော ခဏ၌ လေးပါးသော သစ္စာတို့ကို ထိုးထွင်း၍ သိ၏၊ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းဟူသော ထိုးထွင်း၍ သိခြင်း (ပရိညာဘိသမယ) ဖြင့် ထိုးထွင်း၍ သိ၏၊ သမုဒယသစ္စာကို ပယ်ခြင်း ဟူသော ထိုးထွင်း၍ သိခြင်း (ပဟာနာဘိသမယ) ဖြင့် ထိုးထွင်း၍ သိ၏၊ မဂ္ဂသစ္စာကို ပွါးစေခြင်း ဟူသော ထိုးထွင်း၍ သိခြင်း (ဘာဝနာဘိသမယ) ဖြင့် ထိုးထွင်း၍ သိ၏၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း ဟူသော ထိုးထွင်း၍ သိခြင်း (သစ္ဆိကိရိယာဘိသမယ)ဖြင့် ထိုးထွင်း၍ သိ၏၊ အဘယ်သို့ ဆိုလိုသနည်း ဟူမူ ? နိရောဓ သစ္စာမည်သော နိဗ္ဗာန်ကို အာရုံပြုလျက် သစ္စာလေးပါးလုံးတို့ကို ရောက်၏ မြင်၏ ထိုးထွင်း၍ သိ၏ဟု ဆိုလိုသည်၊ ဤကား ရှေးဆရာတို့၏ စကားတည်း။

ထိုမှတပါး အောက်ပါစကားကိုလည်း (မြတ်စွာဘုရား) ဟောတော်မူ (အပ်) သေး၏....

"ရဟန်းတို့၊ အကြင်ပုဂ္ဂိုလ်သည် ဒုက္ခကိုမြင်၏၊ထိုပုဂ္ဂိုလ်သည် ဒုက္ခ၏ ဖြစ်ကြောင်း သမုဒယကိုလည်း မြင်၏၊ ဒုက္ခ၏ချုပ်ရာနိရောဓကိုလည်း မြင်၏၊ ဒုက္ခ၏ချုပ်ရာ နိရောဓသို့ ဆိုက်ရောက်သောအကျင့် ပဋိပဒါကို လည်း မြင်၏ - ဤသို့ စသည်ဖြင့် အလုံးစုံကို သိအပ်၏။

ထိုမှတပါးလည်း ဟောတော်မူ (အပ်) သည်မှာ....

---

၁-တပါးပါးသောဉာဏ်၏....လေးပါးသောကိစ္စတို့ကို—ဟု စပ်ပါ။

http://www.dhammadownload.com



မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ (အကြင်) ဉာဏ်သည် ရှိ၏၊ ဤဉာဏ်သည် ဒုက္ခ၌လည်း ဖြစ်၏၊ ဤဉာဏ်သည် ဒုက္ခဖြစ်ကြောင်း သမုဒယ၌လည်း ဖြစ်၏၊ ဤဉာဏ်သည် ဒုက္ခချုပ်ရာ နိရောဓ၌လည်း ဖြစ်၏၊ ဤဉာဏ်သည် ဒုက္ခချုပ်ရာ နိရောဓသို့ ဆိုက်ရောက်သော အကျင့် ပဋိပဒါ၌လည်း ဖြစ်၏၊ ဤကား ပါဠိတည်း။

ထိုဥပမာ စကားရပ်၌ ဆီမီးသည် မီးစာကို လောင်းကျွမ်းစေသကဲ့သို့ ဤအတူ မဂ်ဉာဏ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိ၏၊ (ဆီမီးသည်) အမှောင်ကို ပယ်ဖျောက်သကဲ့သို့ ဤအတူ (မဂ်ဉာဏ်သည်) သမုဒယသစ္စာကို ပယ်၏၊ (ဆီမီးသည်) အရောင်အလင်းကို အနှံ့အပြား ပြသကဲ့သို့ ဤအတူ (မဂ်ဉာဏ်သည်) သဟဇာတ အစရှိသော ပစ္စယ သတ္တိ (ကျေးဇူးပြုမှု) ဖြင့် သမ္မာသင်္ကပ္ပ အစရှိသော တရားအပေါင်းဟု ဆိုအပ်သော မဂ်ကို ပွါးစေ၏၊ (ဆီမီးသည်) ဆီကို ကုန်ခန်းစေ သကဲ့သို့ ဤအတူ (မဂ်ဉာဏ်သည်) ကိလေသာကုန်ရာဖြစ်သော နိရောဓသစ္စာကို မျက်မှောက်ပြု၏ဟု ဤသို့ ဥပမာ နှီးနှောခြင်းကို သိအပ်၏။

၇၄၀။ တပါးသော နည်းကား.... ဥပမာ အားဖြင့် နေထွက်လတ်သော် ထင်ရှား ပေါ်သည်နှင့် တပြိုင်နက် မရှေးမနှောင်း လေးပါးသော ကိစ္စတို့ကို ပြု၏၊ အဆင်းဝတ္ထုတို့ကို လင်းစေ (လျက် ထင်ရှားစေ) ၏၊ [၃၃၂] အမှောင်ကို ပယ်ဖျောက်၏၊ အရောင်အလင်းကို ပြ၏၊ အအေးကို ငြိမ်းစေ၏၊ ဤအတူပင်လျှင် မဂ်ဉာဏ်သည် မရှေးမနှောင်း တခုတည်းသော ခဏ၌ လေးပါးသော သစ္စာတို့ကို ထိုးထွင်း၍ သိ၏၊ ဒုက္ခသစ္စာကို။ပ။ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း ဟူသော ထိုးထွင်း၍သိခြင်းဖြင့် ထိုးထွင်း၍ သိ၏။ ဤဥပမာ၌လည်း နေသည် အဆင်းဝတ္ထုတို့ကို ထင်ရှားစေ သကဲ့သို့ ဤအတူ မဂ်ဉာဏ်သည် ဒုက္ခသစ္စာကိုပိုင်းခြား၍ သိ၏၊ (နေသည်) အမှောင်ကိုပယ်ဖျောက်သကဲ့သို့ ဤအတူ (မဂ်ဉာဏ်သည်) သမုဒယသစ္စာကိုပယ်၏၊ (နေသည်) အရောင်အလင်းကိုပြသကဲ့သို့ ဤအတူ (မဂ်ဉာဏ်သည်) သဟဇာတအစရှိသော ပစ္စယသတ္တိ (ကျေးဇူးပြုမှု) ဖြင့် မဂ်ကိုပွါးစေ၏၊ (နေသည်) အအေးကိုငြိမ်းစေသကဲ့သို့ ဤအတူ (မဂ်ဉာဏ်သည်) ကိလေသာ ငြိမ်းရာဖြစ်သော နိရောဓသစ္စာကို မျက်မှောက်ပြု၏ဟု ဤသို့ ဥပမာ နှီးနှောခြင်းကို သိအပ်၏။

http://www.dhammadownload.com



၈၄၁။ တပါးသောနည်းကား....ဥပမာအားဖြင့် လှေသည် မရှေးမနှောင်း တခုတည်းသော ခဏ၌ လေးပါးသောကိစ္စတို့ကိုပြု၏၊ ဤမှာဘက်ကမ်းကို စွန့်၏၊ ရေအယဉ်ကိုဖြတ်၏၊ ပစ္စည်းဘဏ္ဍာကို သယ်ဆောင်၏၊ ထိုမှာ ဘက်ကမ်းသို့ ကပ်ရောက်၏၊ ဤအတူပင် မဂ်ဉာဏ်သည်။ပ။ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းဟူသော ထိုးထွင်း၍ သိခြင်းဖြင့် ထိုးထွင်း၍သိ၏၊ ဤဥပမာ၌လည်း လှေသည် ဤမှာဘက်ကမ်းကို စွန့်သကဲ့သို့ ဤအတူ မဂ်ဉာဏ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိ၏၊ (လှေသည်)ရေအယဉ်ကို ဖြတ်သကဲ့သို့ ဤအတူပင် သမုဒယသစ္စာကို ပယ်၏၊ (လှေသည်)ပစ္စည်းဘဏ္ဍာကို သယ်ဆောင်သကဲ့သို့ ဤအတူ သဟဇာတ အစရှိသော ပစ္စယသတ္တိ (ကျေးဇူးပြုမှု)ဖြင့် မဂ်ကို ပွါးစေ၏၊ (လှေသည်) ထိုမှာဘက်ကမ်းသို့ ကပ်ရောက်သကဲ့သို့ ဤအတူ ထိုမှာဘက်ကမ်း သဖွယ်ဖြစ်သော နိရောဓသစ္စာကို မျက်မှောက်ပြု၏ဟု ဤသို့ ဥပမာနှီးနှောခြင်းကို သိအပ်၏။

၈၄၂။ ဤဆိုခဲ့သည့်အတိုင်း သစ္စာလေးပါးကို သိသောအခါ တခုတည်းသောခဏ၌ လေးပါးသော ကိစ္စတို့၏ အစွမ်းအားဖြင့် ဖြစ်သော ဉာဏ်ရှိသော ထို(မဂ်)၏ တဆယ့်ခြောက်ပါးသောအခြင်းအရာတို့ဖြင့် မှန်သောသဘောအားဖြင့် လေးပါးသောကိစ္စတို့သည်[၁] တပေါင်းတည်း သိအပ်သောအခြင်းအရာရှိကုန်၏။ အဘယ်သို့ဟောတော်မူသနည်းဟူမူ....

"မှန်သော သဘောအားဖြင့် လေးပါးသော သစ္စာတို့သည် အဘယ်သို့ တပေါင်းတည်းသိအပ်သော အခြင်းအရာရှိကုန်သနည်း? တဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့်[၂] မှန်သော သဘောအားဖြင့် လေးပါးသောသစ္စာတို့သည် တပေါင်းတည်း သိအပ်သော အခြင်းအရာရှိကုန်၏။ ဒုက္ခသစ္စာ၏ နှိပ်စက်ခြင်းသဘော ပေါင်းစု

---

၁-သာဓကပါဠိ၌ စတ္တာရိ သစ္စာနိ-ဟု ရှိသောကြောင့် ဤ၌လည်း ထိုအတူပင် ပါဌ်ရှိသင့်၏။ ထိုသို့ရှိလျှင် လေးပါးသော သစ္စာတို့သည်-ဟု ပြန်အပ်၏။ အထက်ပါပြန်ဆိုချက်မှာမူ စတ္တာရိ ကိစ္စာနိ-ဟု ရှိသောပါဌ်အရ ပြန်ထားချက် ဖြစ်သည်။

၂-သစ္စာလေးပါးတို့သည် ၁၆-ပါးသော အခြင်းအရာတို့ဖြင့် မှန်သောသဘော ဖြစ်ကုန်၏။ ထိုမှန်သောသဘောအားဖြင့် သိအပ်သော အခြင်းအရာရှိကြသည်-ဟု ဆိုလို၏။

http://www.dhammadownload.com



၍ ပြုအပ်သောသဘော ပူလောင်စေခြင်းသဘော ဖောက်ပြန်ခြင်းသဘောသည် မှန်သောသဘောပေတည်း။ သမုဒယသစ္စာ၏ အားထုတ်ခြင်းသဘော ဆင်းရဲ၏အကြောင်းသဘော ဆင်းရဲနှင့် ယှဉ်ခြင်းသဘော နှောင့်ယှက်တားမြစ်ခြင်း သဘောသည် မှန်သောသဘောပေတည်း။ နိရောဓသစ္စာ၏ ထွက်မြောက်ခြင်း သဘော သင်္ခါရတို့မှ ကင်းဆိတ်ခြင်းသဘော မပြုအပ်သော (အသင်္ခတ) သဘော မသေမပျက်ခြင်း (အမတ-အမြိုက်) သဘောသည် မှန်သော သဘောပေတည်း။ မဂ္ဂသစ္စာ၏ ထွက်မြောက်ကြောင်းသဘော နိဗ္ဗာန်သို့ ရောက်ကြောင်းသဘော နိဗ္ဗာန်ကို မျက်မှောက်မြင်ခြင်းသဘော အကြီးအမှူး ဖြစ်ခြင်းသဘောသည် မှန်သောသဘောပေတည်း။ ဤတဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် မှန်သောသဘောအားဖြင့် လေးပါးသော သစ္စာတို့ကို တခုတည်းသော(မှန်သော)သဘောဖြင့် ရေတွက်အပ်ကုန်၏။ အကြင်တရားကို တခုတည်းသော သဘောဖြင့် ရေတွက်အပ်ကုန်၏၊ ထိုတရားသည် တခုတည်းသော သဘောရှိ (သော ဧကတ္တမည်)၏၊ အကြင်တရားသည် တခုတည်းသော သဘောရှိ၏၊ ထိုတရားကို တခုတည်းသော ဉာဏ်ဖြင့် ထိုးထွင်း၍သိ၏၊ ဤသို့လျှင် လေးပါးသောသစ္စာတို့သည် တပေါင်းတည်း သိအပ်သော အခြင်းအရာရှိကုန်၏"။ ဤကားပါဠိ။

[၃၃၃] ၈၄၃။ ထိုပါဠိတော်စကားရပ်၌ "ဒုက္ခသစ္စာ စသည်တို့၏ နှိပ်စက်ခြင်း အနက်သဘောစသည်မှတပါးသော ရောဂါ အိုင်းအမာအစရှိသော အနက်သဘောတို့သည်လည်း ရှိကုန်သေးသည် မဟုတ်ပါလော၊ သို့ဖြစ်ပါလျက် အဘယ့်ကြောင့် လေးပါးသော အနက်သဘောတို့ကို သာလျှင် ဟောအပ်ပါသနည်း"ဟု မေးမြန်းစောဒနာခြင်းသည် ရှိရာ၏။ ဤမေးမြန်းစောဒနာချက်၌ ဖြေရှင်းပြကုန်အံ့၊ (မိမိသဘောလက္ခဏာ၏ အစွမ်းအားဖြင့်ရှင်း)[၁]

---

၁-ဤ ဖြေရှင်းချက်၏ အဆုံးပိုင်းနိဂုံးစကား၌ "သလက္ခဏဝသေန ဧကေကသ-မိမိသဘောလက္ခဏာ၏ အစွမ်းအားဖြင့် တပါးတပါးသော အနက်သဘော (ထင်ရှားခြင်းကြောင့်)" ဟု ရှိသောကြောင့် ဤအစပိုင်းစကားပလ္လင်၌လည်း သလက္ခဏဝသေန-ဟူသောပုဒ် မုချပင်ရှိသင့်၏၊ ထို့ကြောင့် ဤအရာ၌ လက်သည်ကွင်းဖြင့်ပြလျက် ဖြည့်စွက်ပြန်ဆိုထားသည်။

http://www.dhammadownload.com



အခြားတပါးသော သစ္စာကို မြင်သည်၏ အစွမ်းအားဖြင့်(ငှင်း) ထင်ရှားဖြစ်ခြင်းကြောင့် (လေးပါးသော အနက်သဘောတို့ကိုသာလျှင် ဟောအပ်ကုန်၏)။ ချဲ့၍ ပြရလျှင်....“ထိုတွင် ဒုက္ခ၌ ဉာဏ်သည် အဘယ်နည်း? ဒုက္ခသစ္စာကို အာရုံပြု၍ အကြင်ပညာသည် အကြင်အပြားအားဖြင့် သိခြင်းသည် ဖြစ်ပေါ်၏”ဤသို့ အစရှိသောနည်းဖြင့် တပါးတပါးသော သစ္စာကို အာရုံပြုသည်၏ အစွမ်းအားဖြင့်လည်း သစ္စာဉာဏ်ကို ဟော(အပ်)၏။ “ရဟန်းတို့၊ အကြင်ပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကို မြင်၏၊ ထိုပုဂ္ဂိုလ်သည် သမုဒယသစ္စာကိုလည်း မြင်၏”ဤသို့ အစရှိသောနည်းဖြင့် တပါးသော သစ္စာကို အာရုံပြု၍ ကြွင်းသောသစ္စာတို့၌လည်း ကိစ္စပြီးသည်၏အစွမ်းအားဖြင့်လည်း သစ္စာဉာဏ်ကို ဟော(အပ်)၏။

ထိုတွင် အကြင်အခါ၌ တပါးတပါးသော သစ္စာကို အာရုံပြု၏၊ ထိုအခါ၌ သမုဒယသစ္စာကို မြင်သဖြင့် မိမိသဘောအားဖြင့် နှိပ်စက်ခြင်း လက္ခဏာရှိသော ဒုက္ခသစ္စာ၏လည်း (ပေါင်းစုပြုအပ်သော အနက်သဘောသည် ထင်ရှားပေါ်၏၊ ထင်ရှားပေါ်ပုံကား) ထိုဒုက္ခသစ္စာကို အားထုတ်ခြင်း လက္ခဏာရှိသော သမုဒယသစ္စာက အားထုတ်အပ် ပြုအပ်၏ ပေါင်းစုပေးအပ်၏၊ ထို့ကြောင့် ထိုဒုက္ခသစ္စာ၏ ထိုပေါင်းစု၍ ပြုအပ်သော သဘောသည်ထင်ရှားပေါ်၏။ ထို့ပြင် မဂ်သည် ကိလေသာအပူကို ပယ်ဖျောက်တတ်၏၊ အလွန်အေးမြ၏။ ထို့ကြောင့် ထိုမဂ္ဂသစ္စာကို မြင်သဖြင့် (ဒုက္ခသစ္စာ၏)ပူလောင်စေခြင်းသဘောသည် ထင်ရှားပေါ်၏၊ အဘယ်ကဲ့သို့ နည်းဟူမူ? အသျှင်နန္ဒအား နတ်သမီးကို မြင်သဖြင့် သုန္ဒရီနန္ဒာ၏ အဆင်းမလှသည်၏အဖြစ် ထင်ရှားပေါ်သကဲ့သို့တည်း။ ထို့ပြင် မဖောက်ပြန်ခြင်း သဘောရှိသော နိရောဓသစ္စာကို မြင်သဖြင့် ထိုဒုက္ခသစ္စာ၏ဖောက်ပြန်ခြင်း သဘောသည် ထင်ရှားပေါ်၏ ဟူသော ဤစကားမှာ ဤအရာ၌ ဆိုဖွယ်ပင် မရှိပြီ။

ထို့အတူ မိမိသဘောအားဖြင့် အားထုတ်ခြင်း လက္ခဏာ ရှိသော သမုဒယသစ္စာ၏လည်း[၁] ဒုက္ခသစ္စာကို မြင်သဖြင့် ဆင်းရဲ၏ အကြောင်းသဘောသည် ထင်ရှားပေါ်၏၊ အဘယ်ကဲ့သို့နည်းဟူမူ....မသင့်လျော်သော အစာကြောင့် ဖြစ်ပေါ်သော အနာရောဂါကို မြင်သဖြင့် အစာသည် အနာရောဂါ၏ အ

---

၁-သမုဒယသစ္စာ၏လည်း-ဟူသောပုဒ်ကို အကြောင်းသဘော, ယှဉ်ခြင်းသဘော, နှောင့်ယှက်တားမြစ်ခြင်းသဘောဟူသော သုံးပုဒ်တို့နှင့် စပ်ပါ။

http://www.dhammadownload.com



ကြောင်းအဖြစ် ထင်ရှားသကဲ့သို့တည်း။ ယှဉ်ခြင်းကင်းသော နိရောဓသစ္စာကို မြင်သဖြင့် ဆင်းရဲနှင့် ယှဉ်ခြင်းသဘောသည် ထင်ရှားပေါ်၏။ ထွက်မြောက်ကြောင်း ဖြစ်သော မဂ္ဂသစ္စာကို မြင်သဖြင့် နှောင့်ရှက်တားမြစ်ခြင်း သဘောသည် ထင်ရှားပေါ်၏။

ထို့အတူ ထွက်မြောက်ခြင်း လက္ခဏာရှိသော နိရောဓသစ္စာ၏လည်း[၁] သင်္ခါရတို့မှ မကင်းမဆိတ်သော သမုဒယသစ္စာကိုမြင်သဖြင့် သင်္ခါရတို့မှ ကင်းဆိတ်သော သဘောသည် ထင်ရှားပေါ်၏။ မဂ္ဂသစ္စာကို မြင်သဖြင့် မပြုအပ်သော (အသင်္ခတ)သဘောသည် ထင်ရှားပေါ်၏၊ မှန်ပေ၏၊ ဤယောဂီသည် အစမထင်သော သံသရာ၌ အရိယာမဂ်ကို မမြင်ဘူးချေ၊ ထို အရိယာမဂ်သည်လည်း အကြောင်းရှိသည်၏ အဖြစ်ကြောင့် ပြုအပ်သော (သင်္ခတ)တရားသာလျှင် ဖြစ်ပေ၏၊ ထို့ကြောင့် အကြောင်းမရှိသော နိဗ္ဗာန်တရား၏ မပြုအပ်သော အသင်္ခတ အဖြစ်သည် အလွန်ပင်လျှင် ထင်ရှားပေ၏။ ထို့ပြင် ဒုက္ခသစ္စာကို မြင်သဖြင့် ထိုနိရောဓသစ္စာ၏ မသေမပျက်ခြင်း (အမတ-အမြိုက်)သဘောသည် ထင်ရှားပေါ်၏။ မှန်ပေ၏-ဒုက္ခသစ္စာသည် (လတ်တလော သေစေတတ်သော) အဆိပ်နှင့် တူ၏၊ နိဗ္ဗာန်သည် (မသေစေတတ်သော) အမြိုက်ဆေးနှင့် တူ၏။

ထို့အတူ ထွက်မြောက်ကြောင်း လက္ခဏာရှိသော မဂ္ဂသစ္စာ၏လည်း[၂] သမုဒယသစ္စာကို မြင်သဖြင့် "ဤတဏှာလောဘသည် နိဗ္ဗာန်သို့ ရောက်ခြင်း၄ါ အကြောင်းမဟုတ်၊ဤမဂ်သည်ကား နိဗ္ဗာန်သို့ ရောက်ခြင်း၄ါ အကြောင်း ပေတည်း"ဟု နိဗ္ဗာန်သို့ရောက်ကြောင်း သဘောသည် ထင်ရှားပေါ်၏။ နိရောဓသစ္စာကိုမြင်သဖြင့် နိဗ္ဗာန်ကို မြင်ခြင်းသဘောသည် ထင်ရှားပေါ်၏၊ အဘယ်ကဲ့သို့နည်းဟူမူ?အလွန်သိမ်မွေ့သော အဆင်းတို့ကို မြင်သောသူအား "ငါ၏ မျက်စိသည် အထူးသဖြင့် ကြည်လင်ပေစွတကား"ဟု [၃၃၄] မျက်စိ၏ အထူးကြည်လင်သည်၏ အဖြစ် ထင်ရှားပေါ်သကဲ့သို့တည်း။ ဒုက္ခသစ္စာကို မြင်သဖြင့် အကြီးအမှူးဖြစ်ခြင်းသဘောသည် ထင်ရှားပေါ်၏၊ အဘယ်ကဲ့သို့

---

၁-နိရောဓသစ္စာ၏လည်း-ဟူသောပုဒ်ကို ကင်းဆိတ်သောသဘော, မပြုအပ်သော သဘော, မသေမပျက်ခြင်းသဘော-ဟူသော သုံးပုဒ်တို့နှင့် စပ်ပါ။

၂-မဂ္ဂသစ္စာ၏လည်း-ဟူသောပုဒ်ကို ရောက်ကြောင်းသဘော, မြင်ခြင်းသဘော, အကြီးအမှူး ဖြစ်ခြင်းသဘော-ဟူသော သုံးပုဒ်တို့နှင့် စပ်ပါ။

http://www.dhammadownload.com



နည်းဟူမှု႕များစွာသော ရောဂါတို့ဖြင့် အနှိပ်စက်ခံရလျက် ခိုကိုးရာမဲ့ ဖြစ်နေသောသူကို မြင်သဖြင့် အစိုးရသောသူ၏ မြင့်မြတ်သည်၏အဖြစ် ထင်ရှားသကဲ့သို့တည်း။ ဤသို့လျှင် ဤသစ္စာလေးပါးတို့၌ မိမိသဘောလက္ခဏာ၏ အစွမ်းအားဖြင့် တပါးပါးသော အနက်သဘော ထင်ရှားခြင်းကြောင့်ရှင်း အခြားတပါးသော သစ္စာကို မြင်သည်၏အစွမ်းအားဖြင့် ကြွင်းသော သုံးပါး သုံးပါးသော အနက်သဘောတို့ ထင်ရှားခြင်းကြောင့်ရှင်း တပါးတပါးသော သစ္စာ၏ လေးပါးလေးပါးသော အနက်သဘောတို့ကိုသာလျှင် ဟော(အပ်ကုန်)၏။ မဂ်ခဏ၌မူကား အလုံးစုံသော ဤတဆယ့်ခြောက်ပါးသောအနက်သဘောတို့သည် ဒုက္ခသစ္စာ စသည်တို့၌ လေးပါးသော ကိစ္စရှိသော တခုတည်းသော ဉာဏ်ဖြင့်သာလျှင် ထိုးထွင်း၍ သိခြင်းသို့ ရောက်ကုန်၏။အကြင်ဆရာတို့သည်ကား အထူးထူးသော ဉာဏ်တို့ဖြင့် သိခြင်းကို အလိုရှိကုန်၏၊ထိုဆရာတို့၏ ဝါဒ၌ အဖြေကို အဘိဓမ္မာပိဋကက ကထာဝတ္ထု၌ ဟောထားပြီး ရှိသည်သာတည်း။

## ပရိညာစသော အပြားကို ပြဆိုချက်

၈၄၄။ ယခုအခါ ပရိညာအစရှိသော လေးပါးသော အကြင်ကိစ္စတို့ကို ဆိုအပ်ခဲ့ကုန်ပြီ။

ထိုလေးပါးသော ကိစ္စတို့တွင်....

> ပိုင်းခြား၍သိခြင်း(ပရိညာ)သည် သုံးပါး အပြားရှိ၏၊ ပယ်ခြင်း(ပဟာန်)သည်လည်း ထို့အတူ သုံးပါးအပြားရှိ၏၊ မျက်မှောက်ပြုခြင်း(သစ္ဆိကိရိယာ)သည်လည်း ထို့အတူ သုံးပါးအပြားရှိ၏၊ ပွါးစေခြင်း(ဘာဝနာ)ကို နှစ်ပါးအပြားရှိ၏ဟု သိအပ်၏၊ ထို ပိုင်းခြား၍ သိခြင်း (ပရိညာ)စသည်တို့၌ အဆုံးအဖြတ်ကို သိအပ်၏။

၈၄၅။ **ပိုင်းခြား၍ သိခြင်း (ပရိညာ)သည် သုံးပါး အပြား ရှိ၏** ဟူသည်ကား ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာဟု ဤသို့အားဖြင့် ပိုင်းခြား၍ သိခြင်း (ပရိညာ) သည် သုံးပါးအပြားရှိ၏။ ထိုတွင် "ရှေးရှုပြု၍ သိသော (အဘိညာ) ပညာသည် သိအပ်သည်ကို သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏"ဟု ဤသို့ အကျဉ်းပြပြီးလျှင် "အကြင်အကြင်

http://www.dhammadownload.com



တရားတို့ကို ရှေးရှုပြု၍ သိအပ်ကုန်၏ (ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏)၊ ထိုထိုတရားကို့သည် သိအပ်သောကြောင့် ဉာတမည်ကုန်၏”ဟု ဤသို့အကျဉ်း အားဖြင့်ရင်း “ရဟန်းတို့၊ အလုံးစုံကို ရှေးရှုပြု၍ သိအပ်၏၊ ရဟန်းတို့၊ အဘယ်အလုံးစုံကို ရှေးရှုပြု၍ သိအပ်သနည်း? ရဟန်းတို့၊ မျက်စိကို ရှေးရှုပြု၍ သိအပ်၏” ဤသို့ အစရှိသောနည်းဖြင့် အကျယ်အားဖြင့်ရင်း ဟော ထားသော အဘိညာပညာသည် (သိအပ်သည်ကို ပိုင်းခြား၍ သိသော ကြောင့်) ဉာတပရိညာမည်၏။ ထိုဉာတပရိညာ၏ သီးခြားဖြစ်ရာ ဘုံနယ် ပယ်သည် အကြောင်းနှင့်တကွ နာမ်ရုပ်ကို သိသော ဉာဏ်တိုင်အောင် ဖြစ် ပေ၏။

၇၄၆။ ထိုမှတပါး “ပိုင်းခြား၍ သိသော (ပရိညာ)ပညာသည် စူးစမ်း ဆင်ခြင်တတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏”ဟု ဤသို့ အကျဉ်း ပြပြီးလျှင် “အကြင်အကြင်တရားတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏၊ ထိုထို တရားတို့သည် စူးစမ်းဆင်ခြင်အပ်သော တရားမည်ကုန်၏”ဟု ဤသို့အကျဉ်း အားဖြင့်ရင်း “ရဟန်းတို့ အလုံးစုံကို ပိုင်းခြား၍ သိအပ်၏။ ရဟန်းတို့၊ အဘယ်အလုံးစုံကို ပိုင်းခြား၍သိအပ်သနည်း? ရဟန်းတို့၊ မျက်စိကို ပိုင်း ခြား၍ သိအပ်၏။ ဤသို့ အစရှိသောနည်းဖြင့် အကျယ်အားဖြင့်ရင်း ဟော ထားသော ပရိညာပညာသည် (စူးစမ်းဆင်ခြင်လျက် ပိုင်းခြား၍ သိသော ကြောင့်) တီရဏပရိညာမည်၏။ ကလာပသမ္မသနဉာဏ်မှစ၍ “အနိစ္စ ဒုက္ခ အနတ္တ” ဟုစူးစမ်း ဆင်ခြင်သည်၏ အစွမ်းအားဖြင့် ဖြစ်သော ထို တီရဏပရိညာ၏ အသီးအခြားဖြစ်ရာ ဘုံနယ်ပယ်သည် အနုလောမဉာဏ် တိုင်အောင် ဖြစ်ပေ၏။

၇၄၇။ ထိုမှတပါး “ပယ်တတ်သော (ပဟာန) ပညာသည် စွန့်ပယ်တတ် သော အနက်သဘောကြောင့် ဉာဏ်မည်၏”ဟု ဤသို့ အကျဉ်းပြပြီးလျှင် “အကြင်အကြင်တရားတို့ကို ပယ်အပ်ကုန်၏။ ထိုထိုတရားတို့သည် စွန့်ပယ် အပ်သော တရားမည်ကုန်၏”ဟု ဤသို့ [၃၃၅] အကျယ်အားဖြင့် ဟော ထားသော[1] “အနိစ္စာနုပဿနာဖြင့် နိစ္စသညာကို ပယ်၏” ဤသို့ အစရှိသော နည်းဖြင့် ဖြစ်သော ပဟာနပညာသည် (ပယ်အပ်သည်ကို ပယ်လျက် ပိုင်း

---

၁-အကျယ်အားဖြင့် ဟောထားသော .... ပဟာနပညာသည် .... ပဟာနပရိညာ မည်၏-ဟု စပ်ပါ။

http://www.dhammadownload.com



ခြား၍ သိသောကြောင့်)ပဟာနပရိညာမည်၏။ ထိုပဟာနပရိညာ၏ ဖြစ်ရာ ဘုံနယ်ပယ်သည် ဘင်္ဂါနုပဿနာဉာဏ်မှစ၍ မဂ်ဉာဏ်တိုင်အောင် ဖြစ်ပေ၏။ ဤပဟာန ပရိညာကို ဤအရာ၌ အလိုရှိအပ်၏။

တနည်းကား ဉာတပရိညာ တီရဏပရိညာ တို့သည်လည်း ထို ပဟာန-ပရိညာ အတွက်သာလျှင် ဖြစ်ကုန်၏၊ ထို့ပြင် အကြောင်တရားတို့ကို ပယ်၏ ထိုပယ်အပ်သော တရားတို့သည် ကိန်းသေမုချအားဖြင့် သိအပ်ပြီးတို့လည်း ဖြစ်ကုန်၏၊ စူးစမ်းဆင်ခြင်အပ်ပြီး တို့လည်း ဖြစ်ကုန်၏၊ ထို့ကြောင့် ဤနည်း ပရိယာယ်အားဖြင့် ပရိညာသုံးပါးလုံးကိုလည်း မဂ်ဉာဏ်၏ ကိစ္စဟူ၍ သိအပ်၏။

၇၄၇။ **ပယ်ခြင်း (ပဟာန်) သည်လည်း ထို့အတူ** ဟူသည်ကား ပဟာန် သည်လည်း ဝိက္ခမ္ဘနပဟာန် တဒင်္ဂပဟာန် သမုစ္ဆေဒပဟာန် ဟူ၍ ပရိညာ ကဲ့သို့ သုံးပါးပင်လျှင် အပြားရှိ၏။ ထိုတွင် မှော်ရှိသော ရေ၌ ပစ်ချလိုက် သော အိုးဖြင့် မှော်ကို ကွာစေ ရှဲစေခြင်းကဲ့သို့ ထိုထိုလောကီသမာဓိဖြင့် နီဝရဏ အစရှိသော ဆန့်ကျင်ဘက်တရားတို့ကိုအကြောင်ပယ်ခွါခြင်းသည် ရှိ၏၊ ဤ ပယ်ခွါခြင်းသည် **ဝိက္ခမ္ဘနပဟာန်** (ကွာစေလျက် ပယ်ခြင်း) မည်၏။ ပဋိသမ္ဘိဒါမဂ်ပါဠိ၌ကား "ဝိက္ခမ္ဘနပဟာန် သည်ကား ပဌမစျာန်ကို ပွါးစေ သော သူ၏ နီဝရဏတို့ကို ပယ်ခွါခြင်းပေတည်း"ဟု နီဝရဏတို့ကို သာလျှင် ပယ်ခွါခြင်းကို ဟောတော်မူ(အပ်)၏၊ ထိုစကားကို "ထင်ရှားသောကြောင့် ဟောသည်"ဟု သိအပ်၏။ မှန်ပေ၏၊ နီဝရဏတို့သည် စျာန်၏ ရှေးအဖို့၌၎င်း နောက်အဖို့၌၎င်း ရုတ်တရက် လျင်မြန်စွာ စိတ်ကို လွှမ်းမိုး၍ မဖြစ်ကုန်၊ ဝိတက်စသော ဆန့်ကျင်ဘက်တရားတို့သည်ကား စျာန်ဝင်စားဆဲ ခဏ၌ သာလျှင် မဖြစ်ပဲ ကင်းကွာကုန်၏၊ထို့ကြောင့် နီဝရဏတို့ကို ပယ်ခွါခြင်းသည် ထင်ရှား၏။

၇၄၈။ ထိုမှတပါး ညဉ့် အဖို့၌ ညှိထွန်းသော ဆီမီးဖြင့် အမိုက်မှောင်ကို ပယ်ခြင်းကဲ့သို့ ဝိပဿနာ၏ အစိတ်ဖြစ်သော ထိုထိုဉာဏ် တစိတ်ဖြင့် ဆန့် ကျင်ဘက်၏ အစွမ်းအားဖြင့်သာလျှင် ထိုထိုပယ်သင့်သော တရားကို အကြောင် ပယ်ခြင်းသည် ရှိ၏၊ ဤပယ်ခြင်းသည် **တဒင်္ဂပဟာန်** (ထို ကုသိုလ် တစိတ်ဖြင့် အကုသိုလ်တစိတ်ကိုပယ်ခြင်း) မည်၏။ ၎င်းမှာ အဘယ်နည်းဟူ မူ?နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် (ထင်ရှားရှိသော တရားအပေါင်း၌ အတ္တဟု

http://www.dhammadownload.com



ယူဆသော) သက္ကာယဒိဋ္ဌိကိုပယ်ခြင်း၊ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်(အကြောင်းမရှိဟု ယူသော) အဟေတုကဒိဋ္ဌိနှင့် (ဖန်ဆင်းသူ စသော မှားသော အကြောင်းကို ယုံကြည်ယူဆသော) ဝိသမဟေတုဒိဋ္ဌိကိုရင်း ယုံမှားမှုအညစ်အကြေးကိုရင်းပယ်ခြင်း၊ ကလာပသမ္မသနဉာဏ်ဖြင့် ငါ ငါ၏ဥစ္စာဟုအပေါင်းလိုက် အားဖြင့် ယူခြင်းကိုပယ်ခြင်း၊မဂ်မှန်မဂ်မှားကို ပိုင်းခြားသောဉာဏ်ဖြင့်၊ လမ်းမှန်မဟုတ်သည်၌ လမ်းမှန်ဟု ထင်သော အမှတ်သညာကိုပယ်ခြင်း၊ အဖြစ်ကိုမြင်သောဉာဏ်ဖြင့် ပြတ်စဲအယူ-ဥစ္ဆေဒဒိဋ္ဌိကိုပယ်ခြင်း၊ အပျက်ကိုမြင်သောဉာဏ်ဖြင့် တည်မြဲအယူ-သဿတဒိဋ္ဌိကိုပယ်ခြင်း၊ ကြောက်ဖွယ်ဘေးဟုထင်သောဉာဏ်ဖြင့် ဘေးရှိသော ရုပ်နာမ်တရားအပေါင်း၌ ဘေးမရှိဟုထင်သောအမှတ်သညာကိုပယ်ခြင်း၊ အပြစ်ကိုရှုမြင်သောဉာဏ်ဖြင့် သာယာဘွယ်ဟု ထင်သောအမှတ်သညာကို ပယ်ခြင်း၊ ငြီးငွေ့လျက်ရှုသော နိဗ္ဗိဒါနုပဿနာဖြင့် ပျော်မွေ့ဘွယ်ဟုထင်သော အမှတ်သညာကိုပယ်ခြင်း၊ စွန့်လွှတ်လိုသော မုဉ္စိတုကမျတာဉာဏ်ဖြင့် စွန့်လွှတ်ခြင်းငှါ အလိုမရှိသည်၏အဖြစ်ကိုပယ်ခြင်း၊ တဖန် ရှုလျက်သိသော ပဋိသင်္ခါဉာဏ်ဖြင့် တဖန်မရှုမသိခြင်းကို ပယ်ခြင်း၊ အညီအမျှ လျစ်လျူရှုသောဉာဏ်ဖြင့် အညီအမျှ လျစ်လျူမရှုခြင်းကို ပယ်ခြင်း၊ အနုလောမဉာဏ်ဖြင့် (မဂ္ဂ)သစ္စာ၏ ဆန့်ကျင်ဘက် (မြဲသော အခြင်းအရာစသည်)အားဖြင့် ယူခြင်းကို ပယ်ခြင်းတို့ပေတည်း။

တနည်းအားဖြင့် တဆယ့်ရှစ်ပါးသော မဟာဝိပဿနာတို့တွင် အနိစ္စာနုပဿနာဖြင့် နိစ္စသညာကို ပယ်ခြင်း၊ ဒုက္ခာနုပဿနာဖြင့် သုခသညာကို ပယ်ခြင်း၊ အနတ္တာနုပဿနာဖြင့် အတ္တသညာကိုပယ်ခြင်း၊ နိဗ္ဗိဒါနုပဿနာဖြင့် နှစ်သက်ပျော်မွေ့မှုကိုပယ်ခြင်း၊ ဝိရာဂါနုပဿနာဖြင့် တပ်မက်မှု-ရာဂကို ပယ်ခြင်း၊ [၃၃၆] နိရောဓာနုပဿနာဖြင့် ဖြစ်ပေါ်ခြင်းကိုပယ်ခြင်း၊ ပဋိနိဿဂ္ဂါနုပဿနာဖြင့် ယူခြင်းကို ပယ်ခြင်း၊ ခယာနုပဿနာဖြင့် တလုံးတခဲတည်း တကိုယ်တည်း တယောက်တည်း ဟု ထင်သော ဃနသညာကို ပယ်ခြင်း၊ ဝယာနုပဿနာဖြင့် အားထုတ်ခြင်းကိုပယ်ခြင်း၊ ဝိပရိဏာမာနုပဿနာဖြင့် ခိုင်ခံ့သည်ဟုထင်သော ဓုဝသညာကိုပယ်ခြင်း၊ အနိမိတ္တာနုပဿနာဖြင့် မြဲသည့်ပုံဟန် သဏ္ဌာန်နိမိတ်ကိုပယ်ခြင်း၊ အပ္ပဏိဟိတာနုပဿနာဖြင့် တောင့်တမှု-တဏှာကိုပယ်ခြင်း၊ သုညတာနုပဿနာဖြင့် အတ္တကောင် ငါကောင်ဟု မြဲမြံစွာ နှလုံးသွင်းခြင်းကိုပယ်ခြင်း၊ အဓိပညာဓမ္မဝိပဿနာဖြင့်အနှစ်ရှိသည်

http://www.dhammadownload.com



ဟုယူသော နှလုံးသွင်းခြင်းကိုပယ်ခြင်း၊ ယထာဘူတဉာဏ် အမြင်ဖြင့် ပြင်းစွာ တွေဝေသော နှလုံးသွင်းမှုကို ပယ်ခြင်း၊ အာဒီနဝါနုပဿနာဉာဏ်ဖြင့် တွယ်တာလျက် နှလုံးသွင်းမှုကိုပယ်ခြင်း၊ ပဋိသင်္ခါနုပဿနာဖြင့် တဖန် မရှုမသိသော မောဟကိုပယ်ခြင်း၊ ဝိဝဋ္ဋာနုပဿနာဖြင့် ယှဉ်တွဲလျက် နှလုံးသွင်းမှုကို ပယ်ခြင်း၊ ဤတဆယ့်ရှစ်ပါးသော ပယ်ခြင်းသည်လည်း တဒင်္ဂပဟာန်သာလျှင် ဖြစ်သည်။

၈၅၀။ ထိုတဆယ့်ရှစ်ပါးသော မဟာဝိပဿနာတို့တွင် အနိစ္စာနုပဿနာ အစရှိသော ခုနစ်ပါးသောအနုပဿနာတို့ဖြင့် နိစ္စသညာစသည်တို့ကို ပယ်ပုံအခြင်းအရာကို ဘင်္ဂဉာဏ်အရာ၌ ဆိုခဲ့ပြီးသာလျှင် ဖြစ်၏[၁]။

**ခယာနုပဿနာ** ဟူသည်ကား ဃနအစိုင်အခဲ ခွဲဖျက်ခြင်းကို ပြု၍ ကုန်ခြင်းအနက်သဘောကြောင့် မမြဲဟု ဤသို့ ကုန်ခြင်းကို ရှုမြင်သော သူ၏ ဉာဏ်ပေတည်း၊ ထိုဉာဏ်ဖြင့် တလုံးတခဲတည်း တကိုယ်တည်း တယောက်တည်းဟု ထင်သော ဃနသညာကိုပယ်၏။

**ဝယာနုပဿနာ** ဟူသည်ကား....

> (မြင်ပြီးသော) အာရုံသို့ အစဉ်လိုက်သဖြင့် (မြင်ရ မမြင်ရအားဖြင့်) နှစ်ပါးသောအာရုံတို့ကို တမျိုးတည်းသော သဘောအားဖြင့် ပိုင်းခြားခြင်းငှင်း, ချုပ်ခြင်း၌ နှလုံးသွင်း (ညွတ်ကိုင်း) ခြင်းငှင်း (ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပညာသည်) အပျက်လက္ခဏာကို ရှုသော ဝယလက္ခဏဝိပဿနာမည်၏ဟု-

ဤသို့ ဟောထားသည်နှင့်အညီ[၂] မျက်မှောက်သိအားဖြင့်ငှင်း၊ မျက်မှောက်သိသို့ အစဉ်လိုက်၍ ဆင်ခြင်သော အနုမာနအသိအားဖြင့်ငှင်း သင်္ခါရတို့၏

---

၁-စာမျက်နှာ-၃၆၆၊ အနုပဿတိ၏အဖွင့် စာပိုဒ်တို့ကိုညွှန်းသည်။ ထိုထက်အကျယ်ကို သိလိုလျှင် ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ အခဏ်း (၇) စာမျက်နှာ (ဆဋ္ဌနှိပ်) ၃၄၉- ( သတ္တမနှိပ် ) ၃၈၄-စသည်မှာ ကြည့်ရှုပါလေ။

၂-ဇဝ် ဝုတ္တာဟူသောပါဌ်မှ မြန်မာစကားချောစေရန် ပြင်၍ပြန်ဆိုချက်ဖြစ်သည်။ တိုက်ရိုက်ပြန်လျှင် "ဤသို့ဟောထားသော"-ဟု ပြန်အပ်၏၊ ငှင်းကိုလည်း "ညွတ်ကိုင်းသည်၏ အဖြစ်တည်း" -ဟူသောပုဒ်၌ စပ်အပ်၏။

http://www.dhammadownload.com



ပျက်ခြင်းကိုမြင်၍ ထိုပျက်ခြင်းဟုဆိုအပ်သော ချုပ်ခြင်း၌သာလျှင် နှလုံးသွင်း ညွတ်ကိုင်းသည်၏အဖြစ်တည်း၊ ထိုအနုပဿနာဖြင့် (ကြီးပွါးချမ်းသာရန်) အားထုတ်ခြင်းကို ပယ်၏။ မှန်ပေ၏၊ အကြင်သင်္ခါရတို့၏အကျိုးငှါ အားထုတ်ရာ၏၊ “ထိုသင်္ခါရတို့သည် ဤသို့ ပျက်ခြင်းသဘောရှိကုန်၏”ဟု သိမြင်သော ပုဂ္ဂိုလ်၏စိတ်သည် (ထိုသင်္ခါရတို့အတွက်) အားထုတ်ခြင်း၌ မညွတ်ကိုင်းတော့ပြီ။

**ဝိပရိဏာမာနုပဿနာ** ဟူသည်ကား ရူပသတ္တကစသည်၏ အစွမ်းအားဖြင့် ထိုထိုအပိုင်းအခြားကာလကို ကျော်လွန်လတ်သော် တပါးသောအခြင်းအရာအားဖြင့် ဖြစ်ခြင်းကို ရှုမြင်ခြင်းတည်း၊ တနည်းကား ဖြစ်ပေါ်ပြီးသောတရား၏ အိုမင်းရင့်ရော်ခြင်းနှင့်သေခြင်းဟူသော နှစ်ပါးသော အခြင်းအရာတို့ဖြင့် ပြောင်းလဲ ဖောက်ပြန်သည်ကို ရှုမြင်ခြင်းတည်း၊ ထိုအနုပဿနာဖြင့် ခိုင်ခံ့သည်ဟု ထင်သော ဓုဝသညာကို ပယ်၏။

**အနိမိတ္တာနုပဿနာ** ဟူသည်ကား အနိစ္စာနုပဿနာပင်တည်း။ ထိုအနုပဿနာဖြင့် မြဲသည့်ပုံဟန် အသွင်သဏ္ဍာန်အနေအားဖြင့် ထင်သော နိစ္စနိမိတ်ကို ပယ်၏။

**အပ္ပဏိဟိတာနုပဿနာ** ဟူသည်ကား ဒုက္ခာနုပဿနာပင်တည်း၊ ထိုအနုပဿနာဖြင့် ချမ်းသာကို တောင့်တသော တဏှာကို ပယ်၏။

**သုညတာနုပဿနာ** ဟူသည်ကား အနတ္တာနုပဿနာပင်တည်း၊ ထိုအနုပဿနာဖြင့် အတ္တကောင်ရှိသည်ဟု မြဲမြံစွာ နှလုံးသွင်းခြင်းကို ပယ်၏။

[၃၃၇] **အဓိပညာဓမ္မဝိပဿနာ**ဟူသည်ကား....

> အာရုံကိုလည်း(ပျက်သည်ဟု) သိပြီး၍ (ရှုသောစိတ်၏)အပျက်ကိုလည်း တဖန်ရှု၏၊ အတ္တမှ ဆိတ်သုဉ်းသောအားဖြင့်လည်း ထင်၏၊ (ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသောပညာသည်) လွန်ကဲသောဝိပဿနာ ပညာဖြစ်သောကြောင့် အဓိပညာဝိပဿနာမည်၏ဟု....

http://www.dhammadownload.com



ဤသို့ ဟောထားသည်နှင့်အညီ[၁] ရုပ်အစရှိသောအာရုံကို သိပြီး၍ ထိုအာရုံ၏၎င်း၊ ထိုအာရုံကို အာရုံပြုသောစိတ်၏၎င်း အပျက်ကိုမြင်၍ "သင်္ခါရတို့သည်သာလျှင် ပျက်စီးကုန်၏၊ သင်္ခါရတို့၏သာလျှင် သေခြင်းပေတည်း၊ သင်္ခါရတို့မှ တပါးသော သေတတ်ပျက်တတ်သောသူ မည်သည် တစုံတယောက်မျှမရှိ" ဟု ပျက်ခြင်း၏ အစွမ်းအားဖြင့် အတ္တမှ ဆိတ်သုဉ်းသည်ကို ယူ၍ဖြစ်သော[၂] ဝိပဿနာတည်း။ ထိုဝိပဿနာသည် လွန်ကဲသော ပညာလည်း ဟုတ်၏၊ ရုပ်နာမ်တရားတို့၌ ရှုသော ဝိပဿနာလည်း ဟုတ်၏- ဤနှစ်ပါးသော အကြောင်းကြောင့် အဓိပညာဓမ္မဝိပဿနာဟု ခေါ် ဆိုအပ်၏၊ ထိုဝိပဿနာဖြင့် မြဲသော အနှစ်မရှိခြင်းကို၎င်း၊ အတ္တကောင်ဟူသော အနှစ်မရှိခြင်းကို၎င်း ကောင်းစွာ မြင်သောကြောင့် အနှစ်ဟု ယူသော နှလုံးသွင်းခြင်းကို ပယ်၏။

**ယထာဘူတ ဉာဏ်အမြင်** ဟူသည်ကား အကြောင်းနှင့်တကွသောနာမ်ရုပ်ကို သိမ်းဆည်းသောဉာဏ်တည်း၊ ထိုဉာဏ်ဖြင့် "ငါသည် အတိတ် အခွန့်ကာလ၌ ရှိခဲ့လေသလော"ဟု ဤသို့စသည်၏ အစွမ်းအားဖြင့်၎င်း "ဣဿရခေါ်သော ပိုင်ရှင် ထာဝရဘုရားသခင်ကြောင့် လောကသည်ဖြစ်ပေါ်၏"ဟု ဤသို့ စသည်၏ အစွမ်းအားဖြင့်၎င်း ဖြစ်သော ပြင်းစွာတွေဝေလျက် နှလုံးသွင်းခြင်းကို ပယ်၏။

**အာဒီနဝါနုပဿနာ** ဟူသည်ကား ဘယတုပဋ္ဌာနဉာဏ်၏ အစွမ်းအားဖြင့် အလုံးစုံသောဘဝ စသည်တို့၌ အပြစ်မြင်သောဉာဏ်တည်း၊ ထိုဉာဏ်ဖြင့် တွယ်တာဖွယ်ကို တစုံတခုမျှ မမြင်သောကြောင့် တွယ်တာလျက် နှလုံးသွင်းခြင်းကို ပယ်၏။

**ပဋိသင်္ခါနုပဿနာ** ဟူသည်ကား စွန့်လွှတ်ခြင်း၏ ပြီးမြောက်ကြောင်းကို ပြုသော ပဋိသင်္ခါဉာဏ်တည်း၊ ထိုဉာဏ်ဖြင့် တဖန် မရှုမသိခြင်းကို ပယ်၏။

---

၁-ဤသည်လည်း ဝေ ဝုတ္တာ-ဟူသောပါဌ်မှ မြန်မာစကားချောစေရန် ပြင်၍ ပြန်ဆိုချက်ပင်ဖြစ်သည်။ ဤသို့ဟောထားသော-ဟု တိုက်ရိုက်ပြန်လျှင် ဝိပဿနာတည်း-ဟူသောပုဒ်နှင့်စပ်။

၂-အတ္တမှ ဆိတ်သုဉ်းသည်၏အဖြစ်ကို ရှုမြင်လျက်ဖြစ်သော-ဟု ဆိုလို၏။

http://www.dhammadownload.com



**ဝိဝဋ္ဋာနုပဿနာ**ဟူသည်ကား သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ် ပေတည်း၊ မှန်ပေ၏၊ ထို(သင်္ခါရုပေက္ခာနှင့် အနုလောမဉာဏ်တို့ဖြစ်သော) အခါ၌ ထိုယောဂီ၏စိတ်ကို"စဉ်းငယ်ကိုင်းရှိုင်းသော ပဒုမ္မာကြာဖက်၌ ရေ ပေါက်ကဲ့သို့ အလုံးစုံသော သင်္ခါရတရားအပေါင်းမှ တွန့်၏ ရှုံ့၏ ပြန်နစ်၏" ဟူ၍ ဟောတော်မူ၏၊ ထို့ကြောင့် ထိုအနုပဿနာဖြင့် ယှဉ်တွဲလျက် နှလုံး သွင်းခြင်းကိုပယ်၏၊ ကာမဂုဏ်နှင့်ယှဉ်တွဲခြင်း အစရှိသော ကိလေသာဖြင့် နှလုံးသွင်းခြင်း-ကိလေသာဖြစ်ခြင်းကိုပယ်၏၊ ဤကား ဆိုလိုရင်းအနက်။ ဤ သို့လျှင် အကျယ်အားဖြင့် တဒင်္ဂပဟာန်ကို သိအပ်၏။ ပဋိသမ္ဘိဒါမဂ်ပါဠိ တော်၌ကား "တဒင်္ဂပဟာန်သည်ကား ကိလေသာကို ဖောက်ခွဲခြင်း အဖို့ ရှိသော ဝိပဿနာသမာဓိကို ပွါးစေသောပုဂ္ဂိုလ်၏မိစ္ဆာအယူတို့ကို ပယ်ခြင်း ပေတည်း"ဟူ၍ အကျဉ်းအားဖြင့် သာလျှင် ဟောတော်မူ၏။

၈၅၁။ ထို့မှတပါး မိုးကြိုးဖြင့် ထိပါး နှိပ်စက်ခံရသော သစ်ပင်သည် တဖန် မစည်ပင် မကြီးပွါးနိုင်သကဲ့သို့ အရိယာမဂ်ဉာဏ်ဖြင့် သံယောဇဉ် အစရှိသော အကုသိုလ်တရားတို့ကို တဖန် မဖြစ်ပွါးနိုင်အောင် အကြွင်းပယ်ခြင်းသည် ရှိ၏၊ ဤပယ်ခြင်းသည် သမုစ္ဆေဒပဟာန် (အကြွင်းမဲ့ ပယ်ခြင်း)မည်၏၊ ယင်း သမုစ္ဆေဒပဟာန်ကိုရည်၍ "သမုစ္ဆေဒပဟာန်သည်ကား လောကုတ္တရာဖြစ် သော (ကိလေသာကုန်ရာ နိဗ္ဗာန်သို့ ဆိုက်ရောက်သော) ခယဂါမိ မဂ်ကို [၃၃၈] ပွါးစေသော အရိယာပုဂ္ဂိုလ်၏ ပယ်ခြင်းပေတည်း"ဟု ဟောတော် မူ၏။ ဤဆိုခဲ့ပြီးသော အပြားအားဖြင့် ဤသုံးပါးသော ပဟာန်တို့တွင် သမုစ္ဆေဒပဟာန်ကို သာလျှင် ဤအရာ၌ အလိုရှိအပ်၏။ သို့သော်လည်း ထို ယောဂီ၏ ရှေးအဖို့၌ ဝိက္ခမ္ဘနပဟာန် တဒင်္ဂပဟာန် တို့သည်လည်း ထိုသမုစ္ဆေ ဒပဟာန် အတွက်သာလျှင် ဖြစ်ကုန်၏၊ ထို့ကြောင့် ပဟာန် သုံးပါးလုံးကို လည်း ဤနည်းပရိယာယ်အားဖြင့် မဂ်ဉာဏ်၏ ကိစ္စဟု သိအပ်၏။ မှန်ပေ ၏၊ ရန်သူမင်းကို သတ်၍ မင်းအဖြစ်သို့ရောက်သောသူသည် မင်းဖြစ်သည်မှ ရှေးကာလ၌ (မင်းမဖြစ်မီကာလက) ပြုခဲ့သော အမှုအလုံးစုံကိုလည်း "ဤ မည် ဤမည်သော အမှုကိုလည်း မင်းသည် ပြု(အပ်) ၏" ဟူ၍သာလျှင် ပြောဆိုအပ်ပေ၏။

• ၈၅၂။ **မျက်မှောက်ပြုခြင်း(သစ္ဆိကိရိယာ)သည်လည်း**.... ဟူသည်ကား လောကီဖြစ်သော မျက်မှောက်ပြုခြင်း လောကုတ္တရာဖြစ်သော မျက်မှောက်

http://www.dhammadownload.com



ပြုခြင်း ဟူ၍ နှစ်ပါးသော အပြားရှိသော်လည်း လောကုတ္တရာ ဖြစ်သော မျက်မှောက်ပြုခြင်းသည် (ဒဿန) မြင်ခြင်းနှင့် (ဘာဝနာ) ပွါးစေခြင်းတို့၏ အစွမ်းအားဖြင့် နှစ်မျိုးကွဲပြားပြန်သောကြောင့် မျက်မှောက်ပြုခြင်း (သစ္ဆိကိရိယာ)သည် သုံးပါးအပြားရှိ၏။ ထိုတွင် "ပဌမစျာန်ကို ငါရ၏ နိုင်နင်း၏၊ ပဌမစျာန်ကို ငါမျက်မှောက်ပြုပြီးပြီ" ဤသို့ အစရှိသောနည်းဖြင့် လာသော[၁] ပဌမစျာန်စသည်တို့ကို **တွေ့ခြင်း**သည် လောကီဖြစ်သော မျက်မှောက်ပြုခြင်းမည်၏။ **တွေ့ခြင်း** ဟူသည်ကား ရောက်ပြီးသိပြီးလျှင် "ဤတရားကို ငါရအပ် သိအပ်ပေပြီ"ဟု မျက်မှောက်ဉာဏ်တွေ့အားဖြင့် တွေ့ခြင်းတည်း။ မှန်ပေ၏၊ ဤအနက်ကိုပင်လျှင် ရည်၍ "မျက်မှောက်ပြုသော ပညာသည် တွေ့ခြင်းအနက်သဘောကြောင့် ဉာဏ်မည်၏"ဟု အကျဉ်းပြပြီးလျှင် "အကြင် အကြင် တရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏ ထိုထိုတရားတို့သည် တွေ့ထိအပ်ပြီးဖြစ်ကုန်၏"ဟု မျက်မှောက်ပြုခြင်းကို အကျယ်ပြရာဖြစ်သော သစ္ဆိကိရိယာ နိဒ္ဒေသကို ဟောတော်မူ၏။

တနည်းအားဖြင့်လည်း မိမိ၏သန္တာန်၌ မဖြစ်စေမူ၍ သော်လည်း အကြင်တရားတို့ကို သူတပါးလျှင် အကြောင်းမရှိသော ကိုယ်တိုင်သိသောဉာဏ်သက်သက်ဖြင့် သိအပ်ကုန်၏၊ ထိုတရားတို့သည် မျက်မှောက် ပြုအပ်ပြီး ဖြစ်ကုန်၏။ ထို့ကြောင့်ပင်လျှင် "ရဟန်းတို့၊ အလုံးစုံကို မျက်မှောက်ပြုအပ်၏၊ ရဟန်းတို့၊ အဘယ်အလုံးစုံကို မျက်မှောက်ပြုအပ်သနည်း ဟူမူ? ရဟန်းတို့ မျက်စိကို မျက်မှောက် ပြုအပ်၏" ဤသို့ အစရှိသည်ကို ဟောတော်မူ၏။

ထို့မှတပါးလည်း "ရုပ်ကိုမြင်လျက် မျက်မှောက်ပြု၏။ ဝေဒနာကို။ပ။ ဝိညာဏ်ကို မြင်လျက် မျက်မှောက် ပြု၏။ မျက်စိကို။ပ။ အိုခြင်း သေခြင်းကို။ သေခြင်းကင်းသော အမြိုက်တရား၌ သက်ဝင်သော နိဗ္ဗာန်ကို မြင်လျက် မျက်မှောက်ပြု၏"ဟူ၍၎င်း၊ "အကြင်အကြင် တရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏၊ ထိုထိုတရားတို့သည် တွေ့ထိအပ်ပြီးဖြစ်ကုန်၏"ဟူ၍၎င်း ဟောတော်မူ၏။

ထို့မှတပါး ပဌမမဂ် ခဏ၌ နိဗ္ဗာန်ကို မြင်ခြင်းသည် ဒဿန သစ္ဆိကိရိယာ- (မြင်သောအားဖြင့် မျက်မှောက် ပြုခြင်း)မည်၏။ ကြွင်းသော မဂ် ခဏတို့၌

---

၁-လာသော....တွေ့ခြင်းသည်-ဟု စပ်ပါ။ ထိုကဲ့သို့ ဟောထားသော တွေ့ခြင်း ဟု ဆိုလို၏။

http://www.dhammadownload.com



နိဗ္ဗာန်ကို မြင်ပြန်ခြင်းသည် ဘာဝနာသစ္စိကိရိယာ (ပွါးစေသော အားဖြင့် မျက်မှောက်ပြုခြင်း )မည်၏။ နှစ်ပါးလုံးသော ထို လောကုတ္တရာဖြစ်သော မျက်မှောက်ပြုခြင်းကို ဤအရာ၌ အလိုရှိအပ်၏။ ထို့ကြောင့် (ဒဿန) မြင်ခြင်း (ဘာဝနာ)ပွါးစေခြင်းတို့၏ အစွမ်းအားဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းသည် ဤမဂ်ဉာဏ်၏ ကိစ္စဖြစ်သည် ဟူ၍ သိအပ်၏။

[၃၃၉] ၇၅၃။ **ပွါးစေခြင်း (ဘာဝနာ) ကို နှစ်ပါးအပြား ရှိ၏ ဟု သိအပ်၏** ဟူသည်ကား လောကီဘာဝနာ လောကုတ္တရာ ဘာဝနာ ဟူ၍ နှစ်ပါးသော ဘာဝနာတို့ကိုသာလျှင် အလိုရှိအပ်၏။ ထိုတွင် လောကီဖြစ်သော သီလ သမာဓိ ပညာတို့ကို ဖြစ်စေခြင်းသည်၎င်း၊ ထိုလောကီ သီလ သမာဓိ ပညာတို့ဖြင့် စိတ်အစဉ်သန္တာန်ကို ထုံစေခြင်းသည်၎င်း လောကီ ဘာဝနာမည်၏။ လောကုတ္တရာဖြစ်သော သီလ သမာဓိ ပညာတို့ကို ဖြစ်စေခြင်းသည်၎င်း၊ ထိုလောကုတ္တရာ သီလ သမာဓိ ပညာတို့ဖြင့် စိတ်အစဉ် သန္တာန်ကို ထုံစေခြင်းသည်၎င်း လောကုတ္တရာ ဘာဝနာမည်၏၊ ထိုနှစ်ပါး တို့တွင် ဤအရာ၌ လောကုတ္တရာဘာဝနာကို အလိုရှိအပ်၏၊ မှန်ပေ၏၊ လောကုတ္တရာဖြစ်သော သီလစသည်တို့ကို လေးပါးလုံးသော ဤမဂ်ဉာဏ်က ဖြစ်ပေါ်စေ၏၊ အဘယ့်ကြောင့်နည်း ဟူမူ? ထိုလောကုတ္တရာ သီလစသည် တို့သည် သဟဇာတ ပစ္စည်းစသည်ဖြစ်သောကြောင့်ပေတည်း။ ထို့ပြင် ထို လောကုတ္တရာ သီလစသည်တို့ဖြင့် မိမိ၏ စိတ်အစဉ် သန္တာန်ကိုလည်း ထုံစေ တတ်၏၊ ဤအကြောင်းနှစ်ပါးကြောင့် လောကုတ္တရာ ဘာဝနာသည် သာ လျှင် ထိုမဂ်ဉာဏ်၏ ကိစ္စဖြစ်သည်။ ဤသို့လျှင် ........

> သစ္စာလေးပါးကို သိသောအခါ၌ ပရိညာအစရှိသော အကြင် ကိစ္စ ကိုကို ဟောအပ်ကုန်၏၊ ထိုကိစ္စ အလုံးစုံတို့ကိုလည်း ဟုတ်မှန်သော သဘောအားလျော်စွာ သိအပ်ကုန်၏။

ဤမျှ (သော စကား အစဉ်)ဖြင့်....

> "ပညာရှိသော လူသည် သီလ၌ တည်၍ စိတ်ကို၎င်း၊ ပညာကို၎င်း ပွါးစေသော်"ဟု-

ဤသို့ သရုပ်အားဖြင့်ပင်လျှင် ဆောင်ပြအပ်သော ပညာဘာဝနာ၏ အစီ အရင်ကို ပြခြင်း၌ "မူလ အခြေအမြစ် ဖြစ်ကုန်သော ဝိသုဒ္ဓိ နှစ်ပါးတို့ကို

http://www.dhammadownload.com



ပြည့်စုံစေ၍ ကိုယ်ထည်ဖြစ်ကုန်သော ဝိသုဒ္ဓိငါးပါးတို့ကို ပြည့်စုံစေလျက် (ဝိပဿနာပညာကို) ပွါးစေအပ်၏”ဟူ၍ အကြင်စကားကို (ခန္ဓနိဒ္ဒေသ၌) ငါ ဆိုခဲ့ပြီ၊ ထိုစကားကို (ယခုအခါ၌) အကျယ်ခွဲ့ပြပြီး ဖြစ်လေပြီ။ “အဘယ်သို့ ပွါးစေအပ်သနည်း”ဟူသော ဤပြဿနာကိုလည်း ဖြေဆိုပြီး ဖြစ်လေပြီ။

ဤသည်ကား သူတော်ကောင်းတို့၏ နှစ်သိမ့်ဝမ်းမြောက်ခြင်းအကျိုးငှါ စီရင်(အပ်)သော ဝိသုဒ္ဓိမဂ်ကျမ်းဝယ် ပညာဘာဝနာအရာ၌ ဉာဏဒဿန ဝိသုဒ္ဓိ အကျယ်ပြချက် (ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ) မည်သော နှစ်ဆယ့်နှစ်ခုမြောက် ဖြစ်သော အပိုင်းအခဏ်း ပေတည်း။

ဉာဏဒဿနဝိသုဒ္ဓိ အကျယ်ပြချက် ပြီး၏။

## ၂၃-ပညာဘာဝနာအာနိသံသကို အကျယ်ပြဆိုချက်
## အာနိသင်ကို ပြဆိုချက်

[၃၄၀] ၈၅၄။ **ပညာကို ပွါးစေခြင်း (ပညာဘာဝနာ)၏ အကျိုးကားအဘယ်နည်း** ဟူသော မေးခွန်းကို ရှေး၌ ဆိုခဲ့ပြီ၊ ထိုမေးခွန်း၌ ဖြေဆိုကုန်အံ့။ ဤပညာကို ပွါးစေခြင်း-ပညာဘာဝနာသည် အရာမက များစွာသော အကျိုးအာနိသင်ရှိ၏။ ထိုပညာဘာဝနာ၏ အကျိုးအာနိသင်ကို ရှည်စွာသော အခွန့်ကာလဖြင့်သော်လည်း အကျယ်ပြရန် ခဲယဉ်း၏။ အကျဉ်းအားဖြင့်မူကား (၁) အမျိုးမျိုးသော ကိလေသာတို့ကို ဖျက်ဆီးခြင်း၊ (၂) အရိယာဖိုလ်၏ အရသာကို ခံစားရခြင်း၊ (၃) နိရောဓသမာပတ်ကို ဝင်စားနိုင်ခြင်း၊ (၄) အဝေးမှ ဆောင်ယူခဲ့၍ ပူဇော်ထိုက်သော အာဟုနေယျ ပုဂ္ဂိုလ်အဖြစ် စသည် ပြီးစီးခြင်း ဟူသော ဤအကျိုးအပေါင်းကို ထိုပညာဘာဝနာ၏ အကျိုးအာနိသင်ဟု သိအပ်၏။

## အမျိုးမျိုးသောကိလေသာကိုဖျက်ဆီးခြင်းကိုပြဆိုချက်

၈၅၅။ ထိုတွင် နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ သက္ကာယဒိဋ္ဌိ စသည်တို့၏ အစွမ်းအားဖြင့် အမျိုးမျိုးသော ကိလေသာတို့ကို[၁] ဖျက်ဆီးခြင်းကို ဆိုခဲ့ပြီ၊ ဤသက္ကာယဒိဋ္ဌိ အစရှိသော ကိလေသာအမျိုးမျိုးကို ဖျက်ဆီးခြင်းသည် လောကီပညာ ဘာဝနာ၏ အကျိုးအာနိသင်ဖြစ်သည်။ အရိယာမဂ်ခဏ၌

---

၁-စာမျက်နှာ ၄၉၂-စာပိုဒ်_၈၄၉-၌ ပြခဲ့သော ကိလေသာတို့ကို ဆိုသည်။

http://www.dhammadownload.com



သံယောဇဉ်စသည်တို့၏ အစွမ်းအားဖြင့် အမျိုးမျိုးသော ကိလေသာတို့ကို [၁] ဖျက်ဆီးခြင်းကို ဆိုခဲ့ပြီ၊ ဤသံယောဇဉ်အစရှိသော ကိလေသာအမျိုးမျိုးကို ဖျက်ဆီးခြင်းသည် လောကုတ္တရာပညာဘာဝနာ၏ အကျိုးအာနိသင်ဖြစ်သည် ဟု သိအပ်၏။

> ကြောက်မက်ဖွယ် အဟုန်ဖြင့် လျင်စွာကျသော မိုးကြိုးသည် (ကြီးစွာသော) ကျောက်တောင်တို့ကို ဖျက်ဆီးသကဲ့သို့ရင်း၊ လေ၏ အဟုန်ဖြင့် ဖြစ်ပေါ်သော တောမီးသည် တောအုပ်ကို ဖျက်ဆီး သကဲ့သို့ရင်း-
>
> မိမိ၏ ရောင်ခြည်တန်ခိုးဖြင့် တောက်ပသော ရောင်ခြည်ဝန်းရှိသော နေမင်းသည် အမိုက်မှောင်ကို ဖျက်ဆီးသကဲ့သို့ရင်း၊ ရှည်မြင့်စွာ သော ကာလပတ်လုံး (ခန္ဓာအစဉ်သန္တာန်၌) ကျရောက်လျက်ရှိ သော[၂] အလုံးစုံသော အကျိုးမဲ့ကို[၃] စီရင်တတ် ဖြစ်စေတတ်သော- ကိလေသာ တည်းဟူသော ကွန်ယက်ကို[၄] ပွါးစေအပ်သောပညာ သည် ဖျက်ဆီးတတ်၏၊ ထို့ကြောင့် မျက်မှောက် တွေ့မြင်ရသော (ကိလေသာကို ဖျက်ဆီးခြင်းဟူသော) ဤအကျိုးအာနိသင်ကို ဤ ပညာဘာဝနာ အရာ၌ သိရာ၏။

## ဖလသမာပတ်ကိုပြဆိုချက်

၇၅၆။ **အရိယာဖိုလ်၏ အရသာကိုခံစားရခြင်း** ဟူသည်ကား သက်သက် ကိလေသာကို ဖျက်ဆီးခြင်းသာလျှင် မဟုတ်သေး၊ အရိယာဖိုလ်၏ အရသာ ကို ခံစားရခြင်းသည်လည်း ပညာဘာဝနာ၏ အကျိုးအာနိသင်ပေတည်း။

---

၁-စာမျက်နှာ ၄၉၇-စာပိုဒ် ၇၅၁-၌ ပြခဲ့သော ကိလေသာတို့ကိုဆိုသည်။
၂-ကျရောက်လျက်ရှိသော.... ကိလေသာ တည်းဟူသော ကွန်ယက်ကို – ဟု စပ်ပါ။

၃-အသတ်ခံရခြင်း အနှောင်အဖွဲ့ခံရခြင်း အစရှိသော အကျိုးမဲ့, အပါယ် ဒုဂ္ဂတိ သို့ ကျရောက်ခြင်း ထက်ဝန်းကျင်စိတ်ကို ပူလောင်စေခြင်း အစရှိသော အကျိုးမဲ့, ဘဝသစ်ဖြစ်ခြင်း အစရှိသော အကျိုးမဲ့တို့ကို ဆိုသည်။

၄-ကွန်ယက်ကို....ဖျက်ဆီးတတ်၏–ဟု စပ်ပါ။

http://www.dhammadownload.com



**အရိယာဖိုလ်**ဟူသည်မှာ သောတာပတ္တိဖိုလ် အစရှိသော သာမညဖိုလ်ကို[၁] ဆိုသည်။ ထိုအရိယာဖိုလ်၏ အရသာကို ခံစားခြင်းသည် မဂ်ဝီထိ၌ရှင်း၊ ဖလသမာပတ်၏ အစွမ်းအားဖြင့် ဖြစ်သောအခါ၌ရှင်း ဤသို့ နှစ်ပါးသော အခြင်းအရာတို့ဖြင့် ဖြစ်၏။ ထိုတွင် မဂ်ဝီထိ၌ ထိုအရိယာဖိုလ်၏ ဖြစ်ပုံကို ပြခဲ့ပြီးသာလျှင် ဖြစ်ပေသည်။

[၃၄၁] ၈၅၇။ တနည်းအားဖြင့်လည်း "(မဂ်၏အကျိုး) ဖိုလ်မည်သည် ကား သံယောဇဉ်တို့ကို ပယ်ခြင်းမျှသာလျှင် ဖြစ်သည်၊ ထိုမှတပါး တစုံတခု သော တရားမည်သည် မရှိ"ဟူ၍ အကြင် (အန္ဓကဂိုဏ်းသားအစရှိသော[၂]) ဆရာတို့သည် ဆိုကုန်၏၊ ထိုဆရာတို့အား နှစ်သက် သဘောကျစေခြင်း အကျိုးငှါ ဤဆိုလတ့်သော ပဋိသမ္ဘိဒါမဂ်ပါဠိကို ပြအပ်၏။

"အဘယ်သို့လျှင် အရိယာမဂ် ဟူသော ပယောဂကြောင့် ကိလေ သာတို့၏ ငြိမ်းခြင်း၌ ပညာသည်[၃] ဖိုလ်ဉာဏ်မည်သနည်း? သော

---

၁-ကိလေသာ ငြိမ်းသည့် သမဏဖြစ်ကြောင်း ဖြစ်သောမဂ် ၄-ပါးကို သာမည-ဟု ခေါ်သည်။ ထို၏အကျိုးဖြစ်သော ဖိုလ် ၄-ပါးကို သာမညဖလ-သာမည ဖိုလ်–ဟု ခေါ်သည်။

၂-ပါရာဇိကကဏ္ဍ အဋ္ဌကထာ ကထာဝတ္ထု အဋ္ဌကထာ စသည်တို့၌ ၁၈-ပါးသော ထေရဝါဒဂိုဏ်းကွဲ တိုကိုရှင်း (၁) ဟေမဝတိကဂိုဏ်း (၂) ရာဇဂိရိက ဂိုဏ်း (၃) သိဒ္ဓတ္ထိကဂိုဏ်း (၄) ပုဗ္ဗသေလိယဂိုဏ်း (၅) အပရ သေလိယဂိုဏ်း (၆) ဝါဇိရိယဂိုဏ်း (၇) ဝေတုလ္လဂိုဏ်း (၈) အန္ဓက ဂိုဏ်းဟူသော ဤနောက်တိုး ဂိုဏ်းကွဲတို့ကိုရှင်း ပြဆိုထား၏၊ ဝိသုဒ္ဓိမဂ် နိဒါန်း သာသနာတော်ဆင်းသက်လာပုံ အစဉ်အဆက်–စသည်တို့၌ အနည်း ငယ်ချဲ့၍ ပြထား၏။ ထိုတွင် အန္ဓကဂိုဏ်း ဟူသည်မှာ အိန္ဒိယပြည်တောင် ပိုင်း အန္ဓြာနယ်၌ ဖြစ်ပေါ်ထင်ရှားခဲ့သော ဂိုဏ်းဖြစ်သည်။ အစရှိ-ဟူသော ပုဒ်ဖြင့် ထိုဂိုဏ်းသားတို့နှင့် အယူတူသော ထိုခေတ်က အခြား ဂိုဏ်းကွဲ များကို ယူအပ်၏။

၃-ဋီကာနှင့်အညီ ပယောဂပဋိပ္ပဿဒ္ဓိပညာ-ပုဒ်မှ ပြန်ဆိုချက်ဖြစ်သည်။ နောက် ၌ အကျယ်ပြရာတွင် "တမ္ပယောဂပဋိပ္ပဿဒ္ဓတ္တာ ဥပ္ပဇ္ဇတိ သမ္မာဒိဋ္ဌိ- ထို သောတာပတ္တိမဂ်ဟူသော ထခြင်းပယောဂ ငြိမ်းသည်၏ အဖြစ်ကြောင့် သမ္မာဒိဋ္ဌိသည် ဖြစ်ပေါ်၏"–ဟူသော ဖွင့်ဆိုချက်နှင့် နှီးနှောကြည့်လျှင်

http://www.dhammadownload.com



တာပတ္တိမဂ်ခဏ၌ နိဗ္ဗာန်ကို မြင်ခြင်းအနက်သဘောကြောင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမှ ထ၏၊ ထိုမိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်သော ကိလေသာတို့မှုလည်း ခန္ဓာတို့မှုလည်း ထ၏၊ အပြင်ပ မည်သော အလုံးစုံသော သင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထိုသောတာပတ္တိမဂ် ဟူသော ထခြင်း ပယောဂ ငြိမ်းသည်၏ အဖြစ်ကြောင့် သမ္မာဒိဋ္ဌိသည် ဖြစ်ပေါ်၏၊ ဤသမ္မာဒိဋ္ဌိသည် မဂ်၏အကျိုး ဖိုလ်ပေတည်း" ဤသို့ စသည်ဖြင့် ခွဲ၍ သိအပ်၏။

"ဘုံသုံးပါး၌ အတွင်းမဝင်ကုန်သော လေးပါးသောမဂ်တို့သည်ငှင်း၊ လေးပါးသော သာမညဖိုလ်တို့သည်ငှင်း (ရှိကုန်၏)၊ ဤတရားတို့သည် အတိုင်းအရှည်မရှိသော နိဗ္ဗာန်လျှင် အာရုံရှိသော တရားတို့ မည်ကုန်၏"။ "မဟဂ္ဂုတ် တရားသည် အတိုင်း အရှည်မရှိသော အပ္ပမာဏ တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏[၁]" ဤသို့ အစရှိသော စကားတို့သည်လည်း ဤအရာ၌ ပြီးစေတတ်သော သက်သေ သာဓက ဖြစ်ကုန်၏။

၈၅၈။ ဖိုလ်ဝင်စားသောအခါ၌ ထို ဖိုလ်၏ ဖြစ်ပုံကို ပြခြင်းငှါ အောက်ပါမှာ မေးခွန်းပြဿနာဖြစ်သည်။

(က) ဖလသမာပတ် ဟူသည် အဘယ်နည်း၊

(ခ) ထို ဖလသမာပတ်ကို အဘယ်ပုဂ္ဂိုလ်တို့သည် ဝင်စားကုန်သနည်း၊ အဘယ် ပုဂ္ဂိုလ်တို့သည် မဝင်စားကုန်သနည်း၊

(ဂ) အဘယ်ကြောင့် ဝင်စားကုန်သနည်း၊

---

ပယောဂပဋိပ္ပဿဒ္ဓိပညာဟူသော ပုဒ်ကို "မဂ်ဟူသော ထခြင်းပယောဂ ငြိမ်းခြင်း (ပြီးဆုံးခြင်း) ကြောင့်ဖြစ်သော ပညာသည်"ဟု ပြန်သင့်သကဲ့သို့ ရှိ၏။

၁-ဤ၌ ဒုတိယသာဓကဖြင့် နိရောဓသမာပတ်မှ ထသောအခါ ရှေးဦးစွာ ဖြစ်ပေါ်လာသော အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ်အား နိရောဓသမာပတ်သို့ ရောက်ခါနီး နောက်ဆုံးချုပ်ခဲ့သော နေဝသညာနာသညာယတန မဟဂ္ဂုတ်စိတ္တုပ္ပါဒ်က အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်ကို ပြ၏။

http://www.dhammadownload.com



(ဃ) ထိုသမာပတ်ကို အဘယ်သို့ ဝင်စားကုန်သနည်း၊ (ၚင်းသည်) အဘယ်သို့ တည်သနည်း၊ (ၚင်းမှ) အဘယ်သို့ ထသနည်း၊

( င ) ဖိုလ်၏ အခြားမဲ့ ဖြစ်သော တရားကား အဘယ်နည်း၊ ဖိုလ်သည် အဘယ်တရား၏ အခြားမဲ့ ဖြစ်သနည်း။

၈၅၉။ ထိုတွင် (က) **ဖလသမာပတ် ဟူသည် အဘယ်နည်း** ဟူသော မေးခွန်း၌ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ အရိယာဖိုလ်၏ ရောက်ခြင်းသည် ဖလသမာပတ်-ဖိုလ်ဝင်စားခြင်း မည်၏။

၈၆၀။ (ခ) **ထိုဖလသမာပတ်ကို အဘယ်ပုဂ္ဂိုလ်တို့သည် ဝင်စားကုန်သနည်း၊ အဘယ်ပုဂ္ဂိုလ်တို့သည် မဝင်စားကုန်သနည်း** ဟူသော မေးခွန်း၌ အလုံးစုံသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မဝင်စားကုန်၊ အဘယ့်ကြောင့် နည်းဟူမူ ? မရသောကြောင့်ပင်တည်း။ အရိယာပုဂ္ဂိုလ်တို့သည်ကား အလုံးစုံပင် ဝင်စားကုန်၏၊ အဘယ့်ကြောင့်နည်းဟူမူ ? ရပြီး ဖြစ်သောကြောင့်တည်း။ သို့သော် အထက်အရိယာ ပုဂ္ဂိုလ်တို့သည် အောက်ဖြစ်သောဖိုလ်ကို မဝင်စားကုန်၊ အဘယ့်ကြောင့်နည်းဟူမူ ? ပုဂ္ဂိုလ်တပါး၏ အဖြစ်သို့ ရောက်ခြင်းဖြင့် ငြိမ်းပြီးဖြစ်သောကြောင့်တည်း[၁]။ အောက်ဖြစ်သော အရိယာတို့သည်လည်း အထက်ဖြစ်သော ဖိုလ်ကိုမဝင်စားကုန်၊ အဘယ့်ကြောင့်နည်းဟူမူ ? မရသေး

---

၁-လောကီ သမာပတ်တို့အရာ၌ ပုထုဇဉ်သည် အထက်သမာပတ်တို့ကို ရသော အခါလည်း ပုထုဇဉ်ပင်၊ အောက်သမာပတ်မှ အထက်သမာပတ်သို့ ရောက်သည့်အတွက် ပုဂ္ဂိုလ်တပါးအဖြစ်သို့ မရောက်၊ ထို့ကြောင့် အထက်သမာပတ်တို့ကို ရသောသူသည် အောက်သမာပတ်တို့ကိုလည်း ဝင်စားနိုင်၏။ ဤလောကုတ္တရာ ဖိုလ်တို့၌ကား ထိုကဲ့သို့ မဟုတ်၊ ပုထုဇဉ်က သောတာပတ္တိဖိုလ်ကိုရလျှင် ပုထုဇဉ် မဟုတ်တော့ပြီ၊ သောတာပန် မည်သောပုဂ္ဂိုလ်တပါး အဖြစ်သို့ ရောက်သွား၏။ ထိုအတူပင် သောတာပန် စသည်က သကဒါဂါမိဖိုလ် စသည်ကို ရလျှင် သကဒါဂါမ် စသော ပုဂ္ဂိုလ်တပါးအဖြစ်သို့ ရောက်သွား၏၊ ထို့ကြောင့် အောက်ဖိုလ်များသည် မိမိနှင့် မဆိုင်တော့ပြီ။ ဥပမာ.... ရှေးဘဝက မိမိကိုယ်ပိုင်ဖြစ်ခဲ့သော ဘဝင်စိတ်သည် ဘဝတပါးသို့ ပြောင်းသွားသောအခါ မိမိနှင့် မဆိုင်တော့သကဲ့သို့တည်း။ ထို့ကြောင့် အထက် အရိယာ ပုဂ္ဂိုလ်တို့သည် အောက်ဖြစ်သော ဖိုလ်များကို မဝင်စားနိုင်ကြဟု ဆိုလို၏။

http://www.dhammadownload.com



သောကြောင့်တည်း။ စင်စစ်အားဖြင့်သော်ကား မိမိ မိမိ၏ ရပြီး ဖိုလ်ကို သာလျှင် ဝင်စားကုန်၏၊ ဤသည်ကား ဤဖလသမာပတ် အရာ၌ မြဲမြံ**သော** အဆုံးအဖြတ်ပေတည်း။

အချို့သော (ကေစိ) ဆရာတို့သည်ကား "သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့သည်လည်း (ဖိုလ်ကို) မဝင်စားနိုင်ကုန်၊ အနာဂါမ်နှင့် ရဟန္တာ အထက် အရိယာနှစ်ပါးတို့သည်သာလျှင် ဝင်စားနိုင်ကုန်၏"ဟု ဆိုကုန်၏။ ဤသည်ကား ထိုကေစိ ဆရာတို့၏ အကြောင်းပြ စကားတည်း- "ဤအနာဂါမ် ရဟန္တာတို့သည် သမာဓိ၌ ပြည့်စုံစွာ ပြုကျင့်လေ့ရှိကုန်၏" (ထို့ကြောင့် ဝင်စားနိုင်ကုန်သည် ဟူ၏)[၁]၊ ထိုအကြောင်းသည်[၂] ပုထုဇဉ်ပင် ဖြစ်သော်လည်း မိမိရထားပြီးသော လောကီသမာဓိကို ဝင်စားနိုင်သောကြောင့် သင့်လျော်သော အကြောင်းမဟုတ်သည်သာတည်း၊ ဤအရာ၌ အကြောင်း ဟုတ်မဟုတ်ကို ကြံဆခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ပဋိသမ္ဘိဒါမဂ် ပါဠိ၌ပင်လျှင် အောက်ပါအတိုင်း ဟောထားသည် မဟုတ်ပါလော........

အဘယ်ဆယ်ပါးသော ဂေါတြဘူ တရားတို့သည် ဝိပဿနာ၏ အစွမ်းအားဖြင့် ဖြစ်ကုန်သနည်း? သောတာပတ္တိမဂ်ကို ရခြင်း အကျိုးငှါ[၃] ဖြစ်ပေါ်ခြင်းကို ဖြစ်ပွါးခြင်းကို။ပ။ ပြင်းစွာ ပူပန်ခြင်းကို အပြင်ပမည်သော သင်္ခါရ နိမိတ်ကို လွှမ်းမိုး၍ ဖြစ်သော ကြောင့် ဂေါတြဘူမည်၏။ သောတာပတ္တိ ဖလသမာပတ် အကျိုးငှါ[၄]။ပ။ [၃၄၂]

---

၁-လက်သည်းကွင်းအတွင်းက စကားမှာ သုတ နည်းသူတို့ နားလည် လွယ်စေရန် ဖြည့်စွက်ချက် ဖြစ်သည်။

၂-ထိုအကြောင်းသည်.... သင့်လျော်သောအကြောင်း မဟုတ်သည်သာတည်း-ဟု စပ်ပါ။

၃-သောတာပတ္တိမဂ်ကို ရခြင်းအကျိုးငှါ.... လွှမ်းမိုး၍ ဖြစ်သောကြောင့်-ဟု စပ်ပါ။ နောက်၌လည်း အကျိုးငှါ-ပုဒ်တို့ကို နည်းတူပင် စပ်ပါ။

၄-ဤစာပိုဒ်သည် ဤအရာ၌ ပြလိုရင်းသာဓကဖြစ်သည်၊ ထို့အတူ သကဒါဂါမိ-ဖလသမာပတ်အကျိုးငှါ ဟူသော စာပိုဒ်သည်လည်း ဤအရာ၌ လိုရင်း သာဓကပင်ဖြစ်သည်။ ၎င်းကို ပေယျာလဖြင့် မြှုပ်၍ ပြထားသည်။

http://www.dhammadownload.com



သင်္ကေဒါဂါမိမဂ်ကို ရခြင်း အကျိုးငှါ။ပ။ အရဟတ္တ ဖလသမာပတ် အကျိုးငှါ။ သုညတဝိဟာရ သမာပတ် အကျိုးငှါ[၁] အနိမိတ္တ ဝိဟာရ သမာပတ် အကျိုးငှါ[၂] ဖြစ်ပေါ်ခြင်းကို။ပ။ အပြင်ပ မည်သော သင်္ခါရနိမိတ်ကို လွှမ်းမိုး၍ ဖြစ်သောကြောင့် ဝေါဒါနဉာဏ်မည်၏၊ ဤကား ပါဠိ။

ထို့ကြောင့် အလုံးစုံသော အရိယာတို့သည် မိမိ မိမိ၏ ဖိုလ်ကို ဝင်စားကုန်၏ဟု ဤအရာ၌ ဆုံးဖြတ်အပ်၏။

၈၆၁။ **အဘယ့်ကြောင့် ဝင်စားကုန်သနည်း** ဟူသော မေးခွန်း၌ မျက်မှောက် အတ္တဘော မျက်မှောက် ဘဝ၌ ချမ်းသာစွာ နေရခြင်း အကျိုးငှါ ဝင်စားကုန်၏။ ဥပမာအားဖြင့် မင်းသည် မင်း၏ စည်းစိမ် ချမ်းသာကို ခံစားသကဲ့သို့ နတ်တို့သည် နတ်၌ ဖြစ်သော စည်းစိမ်ချမ်းသာကို ခံစားကုန်သကဲ့သို့ ဤအတူပင် အရိယာ ပုဂ္ဂိုလ်တို့သည် အရိယာ၏ ဥစ္စာဖြစ်သော လောကုတ္တရာ ချမ်းသာကို ခံစားကုန်အံ့ဟု (နှလုံးသွင်း၍) ကာလအပိုင်း အခြားကို ပြုပြီးလျှင် အလိုရှိတိုင်း အလိုရှိတိုင်းသော ခဏ၌ ဖလသမာပတ်ကို ဝင်စားကုန်၏။

၈၆၂။ (ဃ) **ထိုသမာပတ်ကို အဘယ်သို့ ဝင်စားသနည်း၊ (၎င်းသည်) အဘယ်သို့ တည်သနည်း၊ (၎င်းမှ) အဘယ်သို့ ထသနည်း** ဟူသော မေးခွန်း၌ နိဗ္ဗာန်မှ တပါးသော အာရုံကို နှလုံးမသွင်းခြင်းကြောင့်၎င်း၊ နိဗ္ဗာန်ကိုသာ နှလုံးသွင်းခြင်းကြောင့်၎င်း ဤသို့ နှစ်ပါးသော အကြောင်းတို့ဖြင့် ထိုဖလသမာပတ်ကို ဝင်စားခြင်းသည် ဖြစ်၏။ အဘယ်ကဲ့သို့ ဟောတော်မူသနည်း ဟူမူ?.... "ငါ့ရှင်၊ အနိမိတ္တ စေတောဝိမုတ္တိမည်သော[၃] ဖလ

---

၁-၂-အနတ္တ ဟု ရှု၍ရောက်သော အရဟတ္တ ဖလသမာပတ်ကို သုညတဝိဟာရ-သမာပတ်ဟု ခေါ်သည်၊ အနိစ္စ ဟု ရှု၍ ရောက်သော ဖလသမာပတ်ကို အနိမိတ္တဝိဟာရသမာပတ်ဟု ခေါ်သည်။ ထို့ကြောင့် အရဟတ္တဖလသမာ-ပတ်အကျိုးငှါဟု ဆိုသော ရှေးအပိုဒ်ဖြင့် ဒုက္ခဟု ရှု၍ ရောက်သော အရ-ဟတ္တဖိုလ်ကို ယူအပ်၏။ ၎င်းကို အပ္ပဏိဟိတသမာပတ်ဟု ခေါ်သည်။

၃-အနိမိတ္တ-သင်္ခါရနိမိတ် ကင်းသော၊ ဝါ၊ မြဲသည့်ပုံဟန် သဏ္ဍာန် နိမိတ်ကင်းသော+စေတောဝိမုတ္တိ-စိတ်၏ လွတ်မြောက်ခြင်း၊ ဝါ၊ လွတ်မြောက်သော ဖိုလ်စိတ်။

http://www.dhammadownload.com



သမာပတ်ကို ဝင်စားခြင်း၏ အကြောင်းတို့သည်[၁] အလုံးစုံသော သင်္ခါရ နိမိတ်တို့ကို နှလုံးမသွင်းခြင်းရင်း၊ နိမိတ်ကင်းသော နိဗ္ဗာန်ဓာတ်ကို နှလုံး သွင်းခြင်းရင်း ဤသို့အားဖြင့် နှစ်ပါးတို့ပေတည်း”ဟု ဟောတော် မူ၏။

၈၆၃။ ဤဆိုလတ့်သည်ကား ဤဖလသမာပတ်၌ ဝင်စားပုံ အစဉ်တည်း.... ဖိုလ်ဝင်စားခြင်းကို အလိုရှိသော အရိယာသာဝကသည် ဆိတ်ငြိမ်ရာသို့ ကပ် လျက် တပါးတည်း ကိန်းအောင်းသည်ဖြစ်၍ ဥဒယဗ္ဗယဉာဏ် စသည်တို့၏ အစွမ်းအားဖြင့် သင်္ခါရတို့ကို ရှုအပ်ကုန်၏၊ ထိုအရိယာသာဝကအား အစဉ် အတိုင်း ဝိပဿနာဉာဏ် ဖြစ်ပြီးလတ်သော် သင်္ခါရလျှင် အာရုံရှိသော[၂] ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ ဖိုလ်သို့ရောက်သည်၏ အစွမ်းအားဖြင့် ချုပ် ငြိမ်းရာ နိဗ္ဗာန်၌ စိတ်သည် သက်ဝင်၏၊ ဤဖလသမာပတ် ဝင်စားရာ၌ ဖိုလ် သို့ ရောက်ရန် စိတ်ညွတ်သည်၏ အဖြစ်ကြောင့်သေက္ခပုဂ္ဂိုလ်အားသော်လည်း ဖိုလ်သည်သာလျှင် ဖြစ်ပေါ်၏၊ အထက်မဂ်သည်ကား မဖြစ်ပေါ်ပေ။

အကြင် (အဘယဂိရိဝါသီ)[၃] ဆရာတို့သည်ကား “သောတာပန် ပုဂ္ဂိုလ် သည် ဖလသမာပတ်ကို ဝင်စားအံ့ဟု ဝိပဿနာကို ဖြစ်စေလျှင် သကဒါဂါမ် ဖြစ်သွား၏၊ သကဒါဂါမ် ပုဂ္ဂိုလ်သည်လည်း (ဝိပဿနာကို ဖြစ်စေလျှင်) အနာဂါမ် ဖြစ်သွား၏”ဟု ဆိုကုန်၏။ ထို(အဘယဂိရိဝါသီ) ဆရာတို့ကို “ဤသို့ဖြစ်လျှင် အနာဂါမ်သည် (ဝိပဿနာကို ဖြစ်စေလျှင်) ရဟန္တာ ဖြစ်

---

၁-အကြောင်းတို့သည်....နှစ်ပါးတို့ပေတည်း–ဟု စပ်ပါ။

၂-ဤဝိသေသနပုဒ်ဖြင့် “ဖလသမာပတ်ဝီထိ၌ ဂေါတြဘူသည် နိဗ္ဗာန်ကို အာရုံ မပြု၊ သင်္ခါရကိုသာလျှင် အာရုံပြုသည်”ဟု ပြ၏။

၃-သာသနာနှစ် ၂၃၆-မှာ သီဟိုဠ်သို့ သာသနာဆောက်၍ မဟာဝိဟာရကျောင်း တိုက်ကိုစ၍ တည်ထောင်ခဲ့သည်၊ ထိုကျောင်းတိုက်၌ သီတင်းသုံးသော ဆရာအစဉ်အဆက်ကို မဟာဝိဟာရဝါသီ ဟု ခေါ်သည်။ သာသနာနှစ် ၄၅၅-နှင့် ၄၆၆-အတွင်း၌ ဝဋ္ဋဂါမဏိမင်းက အဘယဂိရိ ကျောင်းတိုက်ကို ဆောက်လုပ်လှူဒါန်းသည်၊ ထိုကျောင်းတိုက်၌ သီတင်းသုံးသော ဆရာ အစဉ်အဆက်ကို အဘယဂိရိဝါသီဟု ခေါ်သည်။ ထိုအဘယဂိရိဝါသီတို့သည် နောက်ကာလ၌ မဟာဝိဟာရဝါသီတို့၏ အယူနှင့် ဆန့်ကျင်သော ထိုထိုဂိုဏ်း ဂဏတို့၏ အယူဝါဒတို့ကိုလည်း လက်ခံကုန်၏၊ ဝေတုလ္လ ဟု ခေါ်သော မဟာယာနဝါဒ ကိုလည်း လက်ခံကုန်၏။

http://www.dhammadownload.com



သွားလတံ့၊ ရဟန္တာသည် ပစ္စေကဗုဒ္ဓါ ဖြစ်သွားလတံ့၊ ပစ္စေကဗုဒ္ဓါသည်လည်း ဗုဒ္ဓ - မြတ်စွာဘုရား ဖြစ်သွားလတံ့”ဟူ၍ ဆိုအပ်ကုန်၏။ ထိုသို့ မဖြစ်ထိုက်သောကြောင့် (အဘယဂိရိဆရာတို့၏) ထိုစကားသည် တစုံတရာမျှ (အသင့်ယုတ္တိရှိသော စကား) မဟုတ်၊ ပြဆိုခဲ့ပြီးသော ပဋိသမ္ဘိဒါမဂ် ပါဠိဖြင့် ပင်လျှင် ထိုစကားကို ပယ်ထားပြီးဖြစ်သည်၊ ထို့ကြောင့်လည်း ထိုစကားကို မယူအပ်၊ စင်စစ်အားဖြင့် သော်ကား “သေက္ခပုဂ္ဂိုလ်အား သော်လည်း ဖိုလ်သည်သာလျှင် ဖြစ်၏၊ အထက်မဂ်သည်ကား မဖြစ်”ဟူ၍ (ငါတို့ ပြခဲ့သော) ဤစကားကိုသာလျှင် ယူအပ်၏။ ထိုအရိယာသာဝက၏ ဖိုလ်သည်လည်း အကယ်၍ အရိယာသာဝကသည် ပဌမစျာန်နှင့် ယှဉ်သော မဂ်ကို ရခဲ့သည် ဖြစ်ငြားအံ့၊ ပဌမစျာန်နှင့် ယှဉ်သော ဖိုလ်သည်သာလျှင် ဖြစ်၏၊ အကယ်၍ ဒုတိယစျာန် စသည်တို့တွင် တပါးပါးသော စျာန်နှင့်ယှဉ်သော မဂ်ကို ရခဲ့ငြားအံ့၊ ဒုတိယစျာန် စသည်တို့တွင်တပါးပါးသော စျာန်နှင့်ယှဉ်သော ဖိုလ်သည်သာလျှင် ဖြစ်၏။ ဤသို့လျှင် ဖလသမာပတ်ကိုဝင်စားခြင်းသည် ဖြစ်ပေ၏။

[၃၄၃] ၈၆၄။ ထိုမှတပါး “ငါ့ရှင်၊ အနိမိတ္တစေတောဝိမုတ္တိမည်သော ဖလသမာပတ်၏ တည်တံ့ခြင်း၏ အကြောင်းတို့သည်[၁] အလုံးစုံသော သင်္ခါရ နိမိတ်တို့ကို နှလုံးမသွင်းခြင်းငှင်း၊ နိမိတ်ကင်းသော နိဗ္ဗာန်ဓာတ်ကို နှလုံးသွင်းခြင်းငှင်း၊ ရှေးအဖို့၌ ပိုင်းခြင်းငှင်း ဤသို့အားဖြင့် သုံးပါးတို့တည်း”ဟု ဟောတော်မူသောကြောင့် သုံးပါးသောအကြောင်းတို့ဖြင့် ထိုဖလသမာပတ်၏ တည်တံ့ခြင်းသည် ဖြစ်၏။ ထိုတွင် **ရှေးအဖို့၌ ပိုင်းခြင်း** ဟူသည်ကား ဖိုလ်သို့ ရောက်သည်မှ ရှေး၌ (မရောက်သေးမီက) ကာလကို ပိုင်းခြားခြင်း တည်း။ မှန်ပေ၏၊ “ဤမည်သော ကာလ၌ သမာပတ်မှ ထအံ့”ဟု ပိုင်းခြား ထားသောကြောင့် ထိုပိုင်းခြားထားသော အချိန်မကျရောက်သေးမီ ကာလ ပတ်လုံး ထိုဖလသမာပတ်၏ တည်တံ့ခြင်းသည် ဖြစ်၏။ ဤသို့လျှင် ထိုဖလ သမာပတ်၏ တည်တံ့ခြင်း ဖြစ်ပေ၏။

---

၁-အကြောင်းတို့သည်.... သုံးပါးတို့တည်း–ဟု စပ်ပါ။

http://www.dhammadownload.com



၈၆၅။ ထိုမှတပါး "ငါ့ရှင်၊ အနိမိတ္တစေတောဝိမုတ္တိ မည်သော ဖလသမာပတ်မှ ထခြင်း၌ အကြောင်းတို့သည်[1] အလုံးစုံသော သင်္ခါရနိမိတ်တို့ကို နှလုံးသွင်းခြင်းငှင်း၊နိမိတ်ကင်းသော နိဗ္ဗာန်ဓာတ်ကို နှလုံးမသွင်းခြင်းငှင်း ဤသို့ အားဖြင့် နှစ်ပါးတို့တည်း"ဟု ဟောတော်မူသောကြောင့် နှစ်ပါးသော အကြောင်းတို့ဖြင့် ထိုဖလသမာပတ်မှ ထခြင်းသည် ဖြစ်၏။ ထိုတွင် **အလုံးစုံသော သင်္ခါရနိမိတ်တို့** ဟူသည်ကား ရုပ်နိမိတ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် နိမိတ်တို့ကို(နှလုံးသွင်းခြင်းတည်း)၊ ရှင်းပြဦးအံ့....အလုံးစုံသော သင်္ခါရနိမိတ်တို့ကို တပေါင်းတည်း နှလုံးမသွင်းသည်ကား မှန်ပေ၏၊ သို့သော်လည်း အလုံးစုံကို သိမ်းယူသည်၏ အစွမ်းအားဖြင့်[2] ဤ(သဗ္ဗနိမိတ္တာနံ-အလုံးစုံသောနိမိတ်ကို ဟူသော) ပုဒ်ကို ဟောတော်မူ(အပ်)၏။ ထို့ကြောင့် အကြင်သင်္ခါရနိမိတ်သည် ဘဝင်၏အာရုံ ဖြစ်၏၊ ထိုသင်္ခါရနိမိတ်ကို (ဘဝင်စိတ် ဖြစ်ပေါ်လျက်)နှလုံးသွင်းမိသော ပုဂ္ဂိုလ်အား ဖလသမာပတ်မှ ထခြင်းသည် ဖြစ်ပေ၏။ ဤသို့လျှင် ထိုဖလသမာပတ်မှ ထခြင်းကို သိအပ်၏။

၈၆၆။ (င) **ဖိုလ်၏ အခြားမဲ့တရားသည် အဘယ်နည်း၊ ဖိုလ်သည် အဘယ်တရား၏ အခြားမဲ့ဖြစ်သနည်း** ဟူသော မေးခွန်း၌ ဖိုလ်၏ အခြားမဲ့တရားသည် ဖိုလ်သာလျှင်မူလည်းဖြစ်၏၊ ဘဝင်မူလည်းဖြစ်၏။ဖိုလ်သည်ကား မဂ်၏အခြားမဲ့၌ ဖြစ်သည်လည်းရှိ၏၊ ဖိုလ်၏အခြားမဲ့၌ ဖြစ်သည်လည်းရှိ၏၊ ဂေါတြဘူ၏ အခြားမဲ့၌ ဖြစ်သည်လည်းရှိ၏၊ နေဝသညာနာသညာယတနစျာန်၏အခြားမဲ့၌ ဖြစ်သည်လည်းရှိ၏။ ထိုတွင် မဂ်ဝီထိ၌ (ပဌမဖိုလ်သည်) မဂ်၏အခြားမဲ့၌ ဖြစ်၏၊ နောက်နောက်ဖိုလ်သည် ရှေးရှေးဖိုလ်၏ အခြားမဲ့၌ ဖြစ်၏၊ ဖလသမာပတ်တို့၌ ရှေးဦးစွာ ဖြစ်သော ဖိုလ်သည် ဂေါတြဘူ၏ အခြားမဲ့၌ ဖြစ်၏။ ဆက်၍ ရှင်းပြဦးအံ့၊ ဤ(ဖလသမာပတ်)အရာ၌ ဂေါတြဘူ ဟူသော အမည်ဖြင့် အနုလုံကို သိအပ်၏၊ မှန်ပေ၏၊ ပဋ္ဌာန်းပါဠိ၌....

---

၁-အကြောင်းတို့သည်.... နှစ်ပါးတို့တည်း-ဟု စပ်ပါ။

၂-ဖိုလ်စိတ်အစဉ်ပြတ်စဲ၍ ဘဝင်စိတ်ဖြစ်ပေါ်သောအခါ ဖလသမာပတ်မှထ၏၊ ထိုဘဝင်စိတ်သည် ရုပ်နိမိတ်ကိုသာလျှင် အာရုံပြုသည်လည်းရှိ၏၊ ဝေဒနာစသည်တို့တွင် တခုခုကိုသာ အာရုံပြုသည်လည်းရှိ၏။ သို့ဖြစ်၍ ထိုဘဝင်အမျိုးမျိုးတို့၏ အာရုံနိမိတ်အမျိုးမျိုးတို့ကို အကုန်သိမ်းယူ၍ ပြသောစကားဟု ဆိုလိုသည်။

http://www.dhammadownload.com



"ရဟန္တာပုဂ္ဂိုလ်၏ အနုလုံသည် ဖလသမာပတ်အား အနန္တရပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏"ဟူသော ဤစကားကို ဟောတော်မူ၏။ အကြင်ဖိုလ်ဖြင့် နိရောဓသမာပတ်မှ ထ၏၊ ထိုဖိုလ်သည် နေဝသညာနာသညာယတနစျာန်၏ အခြားမဲ့၌ ဖြစ်၏၊ ထိုဖိုလ်တို့တွင် မဂ်ဝီထိ၌ ဖြစ်သော ဖိုလ်ကို ဖယ်ထား၍ ကြွင်းသော ဖိုလ်အလုံးစုံသည် ဖလသမာပတ်၏ အစွမ်းအားဖြင့် ဖြစ်သော ဖိုလ်မည်၏။ ဤဆိုခဲ့သည့်အတိုင်း မဂ်ဝီထိ၌သော်၎င်း၊ ဖလသမာပတ်၌သော်၎င်း ဖြစ်သည်၏အစွမ်းအားဖြင့်-

> ကိလေသာ အပူကို တဖန် ငြိမ်းစေတတ်သော အမြိုက် နိဗ္ဗာန်လျှင် အာရုံရှိသော တင့်တယ်သော မြတ်သော (ကိလေသာငြိမ်းသူ-သမဏဖြစ်ကြောင်း မဂ်တရား၏ အကျိုးဖြစ်သော) ဤသာမည ဖိုလ်သည် တဏှာဟူသော လောကာမိသကို ထွေးအန်စွန့်ပယ်ပြီးသည်ဖြစ်၍ ငြိမ်သက်အေးချမ်းလှပါပေ၏။[၁]
>
> ပျားရည်ကို အမြိုက်ဆေးဖြင့် ရောစပ်ပေးသကဲ့သို့ (ထိုသာမညဖိုလ်ကို)[၂] သာယာအပ်သော စျာန်ချမ်းသာ မဂ်ချမ်းသာတို့ထက် သာလွန်၍ သာယာအပ်သော အဆီဩဇာနှင့် ပြည့်စုံသော စင်ကြယ်စွာသော အကြင်ဖိုလ်ချမ်းသာဖြင့် စိုစွတ်စေအပ်၏။[၃]

---

၁-နားလည်လွယ်စေရန် ပဋ္ဌမဂါထာကို တဝါကျခွဲ၍ ပြန်ထားသည်။ တိုက်ရိုက်ပြန်လျှင်....ကိလေသာအပူကို တဖန် ငြိမ်းစေတတ်သော အမြိုက်နိဗ္ဗာန်လျှင် **အာရုံရှိသော တင့်တယ်သော** ထွေးအန် စွန့်ပယ်ပြီးသော လောကာမိသရှိသော ငြိမ်သက်အေးချမ်းစွာသော မြတ်သော **သာမညဖိုလ်ကို**-ဟူ၍ ဖြစ်**၏**။ ၎င်းကို နောက်ဂါထာ၌ အဆုံးပုဒ်ဖြစ်သော **"စွတ်စိုစေအပ်၏"** ဟူသောပုဒ်နှင့် စပ်အပ်**၏**။

၂-ဤလက်သည်း**ကွင်း**အတွင်းက ပုဒ်မှာ ပဌမဂါထာ၌ ကတ္တားအဖြစ်ဖြင့် ပြင်၍ ပြန်ခဲ့သောကြောင့် ဤဂါထာ၌ မူလရင်းကံပုဒ်**အတိုင်းထပ်**၍ ဖော်ပြထားသောပုဒ်ဖြစ်**သည်**။ ၎င်းကိုစိုစွတ်**စေအပ်**၏-ဟူသော ပုဒ်နှင့်စပ်ပါ။

၃-မူလက အလိုလိုချိုနေသော အရသာထဲ၌ ပျားသကာ အချိုရည်ကို ထပ်လောင်းသကဲ့သို့ သူ့အလိုလို အလွန်**ကောင်း**မြတ်နေသော ဖိုလ်ထဲမှာ **အလွန်သာယာဖွယ်ကောင်း**သော ဖိုလ်ချမ်းသာကို ဆမ်းထည့်ထားသလိုပင် **စိုစွတ်စေသည်-ဟု** ဆိုလို၏။ အကြင်ဖိုလ်ချမ်းသာဖြင့် စိုစွတ်စေအပ်၏.... **ထိုဖိုလ်ချမ်းသာကို**....ခံစားရပေ၏-ဟုလည်းစပ်ပါ။

http://www.dhammadownload.com



[၃၄၄] အရိယာတို့၏ ဥစ္စာဖြစ်သော ထိုသာမညဖိုလ်၏ အမြတ်ဆုံး အရသာ ဖြစ်သော ထိုဖိုလ်ချမ်းသာကို ပညာရှိသောသူသည် ဝိပဿနာပညာ ကို ပွါးစေ၍ ခံစားရပေ၏။

ထို(သို့ ဝိပဿနာပညာကို ပွါးစေ၍ခံစားရသော)ကြောင့် အရိယာ ဖိုလ်၏ (ချမ်းသာဟူသော) အရသာကို ဤခံစားရခြင်းကို ဤ အရာ၌ ဝိပဿနာပညာကို ပွါးစေခြင်း (ပညာဘာဝနာ)၏ အကျိုး အာနိသင် ဟူ၍ ဆိုအပ်၏။

## နိရောဓသမာပတ်ကို ပြဆိုချက်

၈၆၇။ **နိရောဓသမာပတ်ကို ဝင်စားနိုင်ခြင်း** ဟူသည်ကား သက်သက် အရိယာဖိုလ်၏ အရသာကို ခံစားရခြင်းသည်သာလျှင် (ပညာဘာဝ နာ၏ အကျိုးအာနိသင်) မဟုတ်သေး၊ ဤနိရောဓသမာပတ်ကို ဝင်စား နိုင်ခြင်းကိုလည်း ဤပညာဘာဝနာ၏ အကျိုးအာနိသင်ဟု သိအပ်၏။

ထိုစကားရပ်၌ အောက်ပါမှာ နိရောဓသမာပတ်ကို ထင်ရှားပြရန် မေးခွန်း ပြဿနာ ဖြစ်သည်—

(က) နိရောဓသမာပတ်ဟူသည် အဘယ်နည်း၊

(ခ) ထိုနိရောဓသမာပတ်ကို အဘယ်ပုဂ္ဂိုလ်တို့သည် ဝင်စားနိုင်ကုန် သနည်း၊ အဘယ်ပုဂ္ဂိုလ်တို့သည် မဝင်စားနိုင်ကုန်သနည်း၊

(ဂ) အဘယ်ဘုံ၌ ဝင်စားနိုင်ကုန်သနည်း၊

(ဃ) အဘယ့်ကြောင့် ဝင်စားကုန်သနည်း၊

(င) ထိုနိရောဓသမာပတ်ကို ဝင်စားခြင်းသည် အဘယ်သို့ ဖြစ်သနည်း၊

(စ) အဘယ်သို့ တည်တံ့သနည်း၊

(ဆ) အဘယ်သို့ ထသနည်း၊

(ဇ) နိရောဓသမာပတ်မှ ထသောပုဂ္ဂိုလ်၏ စိတ်သည် အဘယ်တရားသို့ ညွတ်သနည်း၊

(ဈ) သေသောသူနှင့် နိရောဓသမာပတ် ဝင်စားသောသူ၏ အထူးကား အဘယ်နည်း၊

http://www.dhammadownload.com



(ည) နိရောဓ သမာပတ်သည် သင်္ခတတရားလော အသင်္ခတတရားလော လောကီလော လောကုတ္တရာလော နိပ္ဖန္နတရားလော အနိပ္ဖန္နတရားလော။

၈၆၈။ ထိုတွင် (က) **နိရောဓသမာပတ်ဟူသည် အဘယ်နည်း** ဟူသော မေးခွန်း၌ အစဉ်အတိုင်းချုပ်သည်၏ အစွမ်းအားဖြင့် စိတ် စေတသိက်တရားတို့၏ မဖြစ်ခြင်းသည် နိရောဓသမာပတ် မည်၏။

(ခ) **ထိုနိရောဓသမာပတ်ကို အဘယ်ပုဂ္ဂိုလ်တို့သည် ဝင်စားနိုင်ကုန်သနည်း၊ အဘယ်ပုဂ္ဂိုလ်တို့သည် မဝင်စားနိုင်ကုန်သနည်း** ဟူသော မေးခွန်း၌ အလုံးစုံသော ပုထုဇဉ် သောတာပန် သကဒါဂါမ်တို့သည်၎င်း၊ သုက္ခဝိပဿက[1] ဖြစ်သော အနာဂါမ်ရဟန္တာတို့သည်၎င်း မဝင်စားနိုင်ကုန်။ သမာပတ် ရှစ်ပါးကို ရသော အနာဂါမ်ပုဂ္ဂိုလ်တို့သည်၎င်း၊ ရဟန္တာပုဂ္ဂိုလ်တို့သည်၎င်း ဝင်စားနိုင်ကုန်၏။ မှန်ပေ၏၊....

"နှစ်မျိုးသော အားတို့နှင့် ပြည့်စုံခြင်း, သုံးမျိုးသော သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းကြောင့် တဆယ့်ခြောက်မျိုးသော ဉာဏ်ဖြစ်ခြင်း, ကိုးမျိုးသော သမာဓိဖြစ်ခြင်းတို့ဖြင့် လေ့လာနိုင်နင်းသည်၏ အဖြစ် ဟူသော ပညာသည်[2] နိရောဓသမာပတ်၌ ဉာဏ်မည်၏"ဟူ၍ ဟောတော်မူ၏။

ဤသို့သော ပြည့်စုံခြင်းသည်လည်း သမာပတ်ရှစ်ပါးကို ရသော အနာဂါမ် ရဟန္တာတို့ကိုထား၍ တပါးသော ပုဂ္ဂိုလ်တို့အား မရှိချေ၊ ထို့ကြောင့်

---

၁-သုက္ခ-ခြောက်သွေ့သည်+ ဝိပဿက - ဝိပဿနာရှုသူ-သုက္ခဝိပဿက- ဥပစာရ-သမာဓိ-အပ္ပနာသမာဓိဟူသော သမထအဆီအစေးမပါသဖြင့် ခြောက်သွေ့စွာ (အခြောက်တိုက်) ဝိပဿနာရှုသူ၊ သမထသမာဓိကို အခြေခံမပြုပဲ ဝိပဿနာသက်သက်ရှု၍ အနာဂါမ် ရဟန္တာဖြစ်လာသော ပုဂ္ဂိုလ်ဟု ဆိုလို၏။

၂-လေ့လာနိုင်နင်းသူ ဖြစ်ကြောင်းဖြစ်သော ပညာကို လေ့လာနိုင်နင်းသည်၏ အဖြစ်ဟူသောပညာ-ဟု ဆိုသည်။ ကျွမ်းကျင်သော ပညာကို အကြောင်းပြု၍ ထိုသို့သောပုဂ္ဂိုလ်ကို လေ့လာနိုင်နင်းသူ-ဟု ခေါ်ဆိုရ၏၊ ထိုပညာသည် လေ့လာနိုင်နင်းသောပညာ ကျွမ်းကျင်သောပညာပင်ဖြစ်သည်။

http://www.dhammadownload.com



သမာပတ် ရှစ်ပါးကိုရသော သိုအနာဂါမ် ရဟန္တာတို့သည်သာလျှင် ဝင်စား နိုင်ကုန်၏၊ တပါးသော ပုဂ္ဂိုလ်တို့သည် မဝင်စားနိုင်ကုန်။

၈၆၉။ ဤနှစ်မျိုးသော အားစသည်တို့တွင် နှစ်မျိုးသောအားတို့ ဟူသည် အဘယ်သည်တို့နည်း။ပ။ လေ့လာနိုင်နင်းသည်၏ အဖြစ်ဟူသည် အ ဘယ်နည်းဟူမူကား? ဤအရာ၌ ငါတို့ ဖြေဆိုဖွယ် တစုံတခုမျှမရှိ၊ ဤအလုံး စုံကို ထိုအကျဉ်းချုပ်-ဥဒ္ဒေသစကား၏ အကျယ်ပြရာ - နိဒ္ဒေသ၌ ဖြေဆို အပ်ပြီးသာလျှင် ဖြစ်ပေ၏။ အဘယ်ကဲ့သို့ ဖြေဆိုထားသနည်းဟူမူ?

[၃၄၅] **နှစ်မျိုးသော အားတို့နှင့်** ဟူရာ၌ နှစ်မျိုးသော အားတို့ ဟူသည်မှာ သမထအား ဝိပဿနာအား ပေတည်း။ **သမထအား** ဟူသည် အဘယ်နည်းဟူမူ? ကာမအလိုဆန္ဒမှ ထွက်မြောက်ခြင်း-နေက္ခမ္မ၏ အစွမ်းအားဖြင့် စိတ်၏ တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသည် သမထအားတည်း၊ စိတ်မပျက် စိတ်မဆိုးခြင်း- အဗျာပါဒ၏ အစွမ်း အားဖြင့်။ အရောင်အလင်း၌ မှတ်သားခြင်း- အာလောကသညာ၏ အစွမ်းအားဖြင့်။ မပျံ့လွင့်ခြင်း- အဝိက္ခေပ၏ အစွမ်းအားဖြင့်။ပ။ တဖန် စွန့်လျက် ရှုသူ၏ ဝင်သက်၏ အစွမ်းအားဖြင့်။တဖန် စွန့်လျက် ရှုသူ၏ထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့် ခြင်းသည် သမထအားတည်း။ အဘယ်အနက်သဘောကြောင့် သမထ အား မည်သနည်း? ပဌမစျာန်ဖြင့် နီဝရဏကြောင့် မတုန်လှုပ်၊ ထို့ ကြောင့် သမထအားမည်၏[၁]၊ ဒုတိယစျာန်ဖြင့် ကြံစည်စဉ်းစားမှု-ဝိတက် ဝိစာရကြောင့် မတုန်လှုပ်၊ ထို့ကြောင့် သမထအား မည်၏။ပ။ နေဝသညာနာသညာယတန သမာပတ်ဖြင့် အာကိဉ္စညာယတန သညာကြောင့် မတုန်လှုပ်၊ ထို့ကြောင့် သမထအား မည်၏။ ပျံ့လွင့်မှု-ဥဒ္ဓစ္စကြောင့်၎င်း ပျံ့လွင့်မှုနှင့်တကွ ဖြစ်သော ကိလေသာကြောင့်၎င်း

---

၁-နီဝရဏဖြစ်လျှင် တုန်လှုပ်သည်မည်၏၊ ပဌမစျာန်နှင့်ပြည့်စုံနေသူမှာ နီဝရဏ မဖြစ်နိုင်၊ သို့ဖြစ်၍ နီဝရဏကြောင့် မတုန်လှုပ်-ဟု ဆိုသည်။ ဤနီဝရဏ ကြောင့် တုန်လှုပ်ခြင်းမရှိရအောင် အားပေးတတ်သောကြောင့် ထိုပဌမ စျာန်သည် သမထအားမည်သည်-ဟု ဆိုလို၏။ နောက်အပိုဒ်တို့၌လည်း နည်းတူပင် သိပါလေ။

http://www.dhammadownload.com



ခန္ဓာကြောင့်ရင်း မတုန်မလှုပ် မရွေ့ရှား၊ ထိုကြောင့် သမထအား မည်၏။ ဤကား သမထအားတည်း။

**ဝိပဿနာအား** ဟူသည် အဘယ်နည်း ဟူမူ? အနိစ္စာနုပဿနာ သည် ဝိပဿနာအားတည်း။ ဒုက္ခာနုပဿနာသည် ။ပ။ အနတ္တာ နုပဿနာသည်။ နိဗ္ဗိဒါနုပဿနာသည်။ ဝိရာဂါနုပဿနာသည်။ နိရောဓာနုပဿနာသည်။ ပဋိနိဿဂ္ဂါနုပဿနာသည် ဝိပဿနာအား တည်း။ ရုပ်၌ အနိစ္စာနုပဿနာသည်။ပ။ ရုပ်၌ ပဋိနိဿဂ္ဂါနုပဿနာ သည် ဝိပဿနာအားတည်း။ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌။ မျက်စိ၌။ပ။ အိုခြင်း သေခြင်း၌ အနိစ္စာနုပဿနာ သည်။ပ။ အိုခြင်း သေခြင်း၌ ပဋိနိဿဂ္ဂါနုပဿနာသည် ဝိပဿနာအား တည်း။ အဘယ်အနက် သဘောကြောင့် ဝိပဿနာအား မည်သနည်း? အနိစ္စာနုပဿနာဖြင့် မြဲသည်ဟု ထင်သော အမှတ်သညာကြောင့် မတုန်လှုပ်၊ ထိုကြောင့် ဝိပဿနာအား မည်၏[၁]။ ဒုက္ခာနုပဿနာဖြင့် ချမ်းသာဟုထင်သော အမှတ်သညာကြောင့် မတုန်လှုပ်။ အနတ္တာ နုပဿနာဖြင့် အတ္တဟု ထင်သော အမှတ်သညာကြောင့် မတုန်လှုပ်။ နိဗ္ဗိဒါနုပဿနာဖြင့် နှစ်သက် ပျော်မွေ့ခြင်းကြောင့် မတုန်လှုပ်။ ဝိရာဂါ နုပဿနာဖြင့် တပ်မက်ခြင်းကြောင့် မတုန်လှုပ်။ နိရောဓာနုပဿနာ ဖြင့် ဖြစ်ခြင်းကြောင့် မတုန်လှုပ်။ ပဋိနိဿဂ္ဂါနုပဿနာဖြင့် ယူခြင်း လက်ခံခြင်းကြောင့် မတုန်လှုပ်၊ ထိုကြောင့် ဝိပဿနာအား မည်၏။ အဝိဇ္ဇာကြောင့်ရင်း၊ အဝိဇ္ဇာနှင့်တကွ ဖြစ်သော ကိလေသာကြောင့် ရင်း၊ ခန္ဓာကြောင့်ရင်း မတုန်လှုပ် မရွေ့ရှား၊ ထိုကြောင့် ဝိပဿနာ အား မည်၏။ ဤကား ဝိပဿနာအားတည်း။

**သုံးမျိုးသော သင်္ခါရတို့၏ ငြိမ်းခြင်းကြောင့်** ဟူရာ၌ အဘယ် သုံးမျိုးသော သင်္ခါရတို့၏ ငြိမ်းခြင်းကြောင့်နည်း ဟူမူ? ဒုတိယဈာန်

---

၁-မြဲသည်ဟုထင်မှတ်လျှင် တုန်လှုပ်သည်မည်၏၊ အနိစ္စာနုပဿနာဖြင့် မမြဲဟု သိမြင်သူမှာ ထိုသို့သော တုန်လှုပ်ခြင်းမရှိ၊ထိုကြောင့် အနိစ္စာနုပဿနာသည် ဝိပဿနာအားမည်သည်-ဟု ဆိုလို၏။ နောက်အပိုဒ်တို့၌လည်း နည်းတူပင် သိပါလေ။

http://www.dhammadownload.com



ကို ဝင်စားသော ပုဂ္ဂိုလ်အား ဝိတက် ဝိစာရ ဟူသော ဝစီသင်္ခါရ တို့သည်[၁] ငြိမ်းကုန်၏။ စတုတ္ထစျာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား ထွက်သက်ဝင်သက် ဟူသော ကာယသင်္ခါရတို့သည်[၂] ငြိမ်းကုန်၏။ သညာ ဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်အား သညာ ဝေဒနာ ဟူသော စိတ္တသင်္ခါရတို့သည်[၃] ငြိမ်းကုန်၏။ ဤသုံးမျိုးသော သင်္ခါရတို့၏ ငြိမ်းခြင်းကြောင့်ပေတည်း။

[၃၄၆] **တဆယ့်ခြောက်မျိုးသော ဉာဏ်ဖြစ်ခြင်းတို့ဖြင့်** ဟူရာ၌ အဘယ် တဆယ့်ခြောက်မျိုးသော ဉာဏ်ဖြစ်ခြင်းတို့နည်း ဟူမူ? အနိစ္စာနုပဿနာသည် ဉာဏ်ဖြစ်ခြင်းတည်း[၄]။ ဒုက္ခာနုပဿနာသည်။ အနတ္တာနုပဿနာသည်။ နိဗ္ဗိဒါနုပဿနာသည်။ ဝိရာဂါနုပဿနာသည်။ နိရောဓာနုပဿနာသည်။ ပဋိနိဿဂ္ဂါနုပဿနာသည်။ ဝိဝဋ္ဋာနုပဿနာသည် ဉာဏ်ဖြစ်ခြင်းတည်း။ သောတာပတ္တိမဂ်သည် ဉာဏ်

---

၁-ဝစီ-စကား + သင်္ခါရ-ပြုမှု - ဝစီသင်္ခါရ-စကားကိုပြုကြောင်း-စကား ပြောဆိုကြောင်း ဖြစ်သော ကြံစည်စဉ်းစားမှု၊ စကားပြောလျှင် ကြံစည်စဉ်းစား၍ ပြောရသည်၊ ထို့ကြောင့် ကြံစည်စဉ်းစားမှု-ဝိတက် ဝိစာရတို့ကို ဝစီ-သင်္ခါရဟု-ခေါ်သည်။ နိရောဓသမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်သည် စျာန်တို့ကို အစဉ်အတိုင်း ဝင်စား၍ ဝိပဿနာရှုရ၏။ ထို့ကြောင့် ဒုတိယစျာန်ကို ဝင်စားသောအခါ ထိုဝိတက် ဝိစာရတို့သည် ငြိမ်းကုန်၏။ ဤသို့ငြိမ်းပုံကို ဆိုသည်။

၂-ကာယ-ကိုယ်ဖြင့်+သင်္ခါရ-ပြုအပ်သောတရား-ကာယသင်္ခါရ-နှာခေါင်းဝမ်းဗိုက်စသောကိုယ်ဖြင့် ပြုအပ်သော ထွက်သက် ဝင်သက်။ ၎င်းတို့မှာ စတုတ္ထစျာန်သို့ရောက်သောအခါ ငြိမ်းကုန်၏။ ဤသို့ငြိမ်းပုံကို ဆိုသည်။

၃-စိတ္တ-စိတ်ဖြင့်+သင်္ခါရ-ပြုအပ်သောတရား-စိတ္တသင်္ခါရ-(စိတ်နှင့်စပ်၍ဖြစ်သောကြောင့်) စိတ်ဖြင့်ပြုအပ်သည်ဟု ဆိုရသော ဝေဒနာသညာ။ ၎င်းတို့သည် နိရောဓသမာပတ်သို့ ရောက်သောအခါ ငြိမ်းလေကုန်၏။ ဤသို့ငြိမ်းပုံကို ဆိုသည်။

၄-ဉာဏစရိယာ-ပုဒ်ကို ဉာဏ်ဖြစ်ခြင်းဟု ပြန်သည်၊ ဉာဏ်၏ဖြစ်ခြင်းဟူ၍လည်း ပြန်အပ်၏၊ အရမှာဖြစ်သောဉာဏ်သာတည်း၊ မဂ္ဂ - ဖလဉာဏစရိယာတို့၌ကား ဉာဏ်ပြဓာန်းသောကြောင့် ဉာဏစရိယာဟု ဆိုသည်ဟူ၍ရင်း၊ ဉာဏ်ဖြင့်ဖြစ်စေအပ်သောကြောင့် ဉာဏစရိယာဟု ဆိုသည်ဟူ၍ရင်း ဋီကာ၌ဆို၏။

http://www.dhammadownload.com



ဖြစ်ခြင်းတည်း။ သောတာပတ္တိဖလသမာပတ်သည် ဉာဏ်ဖြစ်ခြင်းတည်း။ သကဒါဂါမိမဂ်သည်။ ပ။ အရဟတ္တဖလသမာပတ်သည် ဉာဏ်ဖြစ်ခြင်းတည်း။ ဤတဆယ့်ခြောက်ပါးသော ဉာဏ်ဖြစ်ခြင်းတို့ ပေတည်း။

**ကိုးမျိုးသော သမာဓိတို့ဖြစ်ခြင်း** ဟူရာ၌ အဘယ် ကိုးမျိုးသော သမာဓိ ဖြစ်ခြင်းတို့ နည်း ဟူမူ? ပဌမစျာန်သည် သမာဓိ ဖြစ်ခြင်းတည်း[၁]။ ဒုတိယစျာန်သည် ။ပ။ နေဝသညာနာသညာယတန သမာပတ်သည် သမာဓိဖြစ်ခြင်းတည်း။ ပဌမစျာန်ကို ရခြင်း အကျိုးငှါ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာသည် (သမာဓိ ဖြစ်ခြင်းတည်း) ။ပ။ နေဝသညာနာသညာသမာပတ်ကို ရခြင်း အကျိုးငှါ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာသည် (သမာဓိဖြစ်ခြင်းတည်း)။ ဤ ကိုးမျိုးသော သမာဓိဖြစ်ခြင်းတို့ ပေတည်း။

**လေ့လာနိုင်နင်းခြင်း(ဝသီ)** ဟူရာ၌ လေ့လာနိုင်နင်းခြင်း(ဝသီ) တို့သည် [၂] အာဝဇ္ဇနဝသီ သမာပဇ္ဇနဝသီ အဓိဋ္ဌာနဝသီ ဝုဋ္ဌာနဝသီ ပစ္စဝေက္ခဏဝသီ ဟူ၍ ငါးပါးတို့တည်း။ ပဌမစျာန်ကို အလိုရှိရာ အရပ်၌ အလိုရှိသောအခါ အလိုရှိသလောက် ကာလပတ်လုံး နှလုံးသွင်း၏၊ နှလုံးသွင်းခြင်း၌[၃] နှေးသည်၏ အဖြစ်သည်မရှိ၊ ထို့ကြောင့် အာဝဇ္ဇနဝသီ-နှလုံးသွင်းမှု၌ လေ့လာနိုင်နင်းခြင်း မည်၏။ ပဌမ

---

၁-သမာဓိ၏ ဖြစ်ခြင်းဟူ၍လည်း ပြန်အပ်၏၊ အရမှာ ဖြစ်သောသမာဓိ သာတည်း။

၂-ဝသီတို့သည်- ငါးပါးတို့တည်း-ဟု စပ်ပါ။

၃-အာဝဇ္ဇနာယ—ပုဒ်ကို နှလုံးသွင်းခြင်း၏ ဟူ၍လည်း ပြန်ကြ၏၊ နောက်၌ "အဓိဋ္ဌာနေ - အဓိဋ္ဌာန်ဆောက်တည်ခြင်း၌၊ ဝုဋ္ဌာနေ၊ ထခြင်း၌"ဟူသော သတ္တမီဝိဘတ် အဆုံးရှိသော ပုဒ်တို့ကို ထောက်၍ နှလုံးသွင်းခြင်း၌— ဟူသော သတ္တမီအနက်သာ လျှင်သင့်သည်။ ထိုနှလုံးသွင်းခြင်း အရကိုလည်း ဝိသုဒ္ဓိမဂ်စသော အဋ္ဌကထာဋီကာတို့၌ စျာန်အင်္ဂါတို့ကို ပြန်လှည့်၍ဆင်ခြင်ရန် နှလုံးသွင်းမှု အာဝဇ္ဇန်း—ဟု ဆိုကြ၏၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ကား စျာန်ကို ဝင်စားရန် နှလုံးသွင်းမှုဟု ဆို၏။

http://www.dhammadownload.com



ချန်ကို အလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက် ကာလပတ်လုံး ဝင်စား၏၊ ဝင်စားခြင်း၌ [၁] နှေးသည်၏အဖြစ်သည် မရှိ၊ထို့ကြောင့် သမာပဇ္ဇနဝသီ-ဝင်စားမှု၌လေ့လာနိုင်နင်းခြင်း မည်၏။ ပဌမစျာန်ကို အလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက် ကာလပတ်လုံး (တည်တံ့စေရန်) အဓိဋ္ဌာန်ဆောက်တည်၏ [၂]၊ ဆောက်တည်(သည့်အတိုင်း တည်တံ့)ခြင်း၌ [၃] နှေးသည်၏ အဖြစ်သည်မရှိ၊ ထို့ကြောင့် အဓိဋ္ဌာနဝသီ-အဓိဋ္ဌာန်ဆောက်တည်မှု၌ လေ့လာနိုင်နင်းခြင်းမည်၏ [၄]။ ပဌမစျာန်ကို အလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက် ကာလပတ်လုံး (ဝင်စား၍ ဝင်းမှ)ထ၏၊ထခြင်း၌ နှေးသည်၏အဖြစ်သည်မရှိ၊ထို့ကြောင့် ဝုဋ္ဌာနဝသီ-ထမှု၌ လေ့လာနိုင်နင်းခြင်း မည်၏။ ပဌမစျာန်ကို အလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက် ကာလပတ်လုံး ဆင်ခြင်၏၊ ဆင်ခြင်ခြင်း၌ နှေးသည်၏အဖြစ်သည်မရှိ၊ ထို့ကြောင့် ပစ္စဝေက္ခဏဝသီ-ဆင်ခြင်မှု၌ လေ့လာနိုင်နင်းခြင်းမည်၏။ ဒုတိယစျာန်ကို။ပ။ နေဝသညာနာသညာသမာပတ်ကို အလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက် ကာလပတ်လုံး နှလုံးသွင်း၏ ။ပ။ ဆင်ခြင်၏၊ ဆင်ခြင်ခြင်း၌ နှေးသည်၏ အဖြစ်သည် မရှိ၊ ထို့ကြောင့် ပစ္စဝေက္ခဏဝသီ-ဆင်ခြင်မှု၌ လေ့လာနိုင်နင်းခြင်းမည်၏။

---

၁-ဤ၌လည်း သမာပဇ္ဇနာယ-ပုဒ်ကို ဝင်စားခြင်း၌-ဟု ပြန်ကြ၏၊ ဧွေနာ မှတ်ချက် ၃-၌ ပြခဲ့သည့်နည်းတူ သတ္တမီအနက်သာ သင့်သည်။

၂-အဓိဋ္ဌာတိ-ပုဒ်ကို ထား၏ ဟူ၍လည်း ပြန်ကြ၏၊ (တည်တံ့စေရန်)အဓိဋ္ဌာန် ဆောက်တည်၏ ဟူသော ပြန်ဆိုချက်က ပို၍ရှင်းသည်။

၃-ဤ၌ အဓိဋ္ဌာနေ-ဟု သတ္တမီဝိဘတ်နှင့် ရှိသောကြောင့် အာဝဇ္ဇနာယ စသည် တို့၌လည်း သတ္တမီဝိဘတ်ပင်ဟု ယူအပ်၏။

၄-လက်ဖျစ်တတွက်မျှ စသည် တိုတောင်းစွာ တည်စေနိုင်မှ ဝသီဘော် မြောက်သည်ဟု အဋ္ဌကထာဋီကာတို့၌ ဆိုကုန်၏။ တိုစွာဖြစ်စေ ကြာရှည်စွာဖြစ်စေ မိမိရည်ရွယ်သည့် အတိုင်း တည်တံ့စေနိုင်လျှင် ဝသီဘော် မြောက်သည်ဟု ယူသင့်သကဲ့သို့ရှိ၏။ သို့မှ "ယာဝတိစ္ဆကံ- အလိုရှိသလောက် ကာလပတ်လုံး"ဟူသော ဝိသေသနနှင့် ညီညွတ်ပေမည်။

http://www.dhammadownload.com



"ဤငါးပါးသော လေ့လာနိုင်နင်းခြင်းတို့ပေတည်း"ဟု ဟောတော်မူ၏။

၈၇၀။ အထက်ပါ ပါဠိ၌ "တဆယ့်ခြောက်မျိုးသော ဉာဏ်ဖြစ်ခြင်းတို့ဖြင့်" ဟူသော စကားသည် အလွန်ဆုံးအားဖြင့် ညွှန်ပြချက်-(ဥက္ကဋ္ဌနိဒ္ဒေသ) ပေတည်း။ အနာဂါမ်ပုဂ္ဂိုလ်အားမူကား တဆယ့်လေးမျိုးသော ဉာဏ်ဖြစ်ခြင်းတို့ဖြင့် (နိရောဓသမာပတ်ကို ဝင်စားခြင်း)ဖြစ်သေး၏။ ယင်းသို့ဖြစ်လျှင် သကဒါဂါမ်ပုဂ္ဂိုလ်အား တဆယ့်နှစ်ပါးသောဉာဏ်ဖြစ်ခြင်းတို့ဖြင့်ငှင်း၊ သောတာပန်ပုဂ္ဂိုလ်အား ဆယ်ပါးသောဉာဏ်ဖြစ်ခြင်းတို့ဖြင့်ငှင်း (နိရောဓသမာပတ်ကို ဝင်စားခြင်း)အဘယ့်ကြောင့် မဖြစ်သနည်း (ဖြစ်ရာသည် မဟုတ်လော) ဟူငြားအံ့၊ မဖြစ်ပေ၊ အကြောင်းမူကား.... သမာဓိ၏ ဘေးရန်ဖြစ်သော[1] ကာမဂုဏ်ငါးပါး၌ဖြစ်သော တပ်မက်မှု ရာဂကို မပယ်ရသေးသောကြောင့်တည်း။ မှန်ပေ၏၊ ထိုသောတာပန် သကဒါဂါမ်တို့သည် ထိုကာမရာဂကို မပယ်ရသေး၊ ထို့ကြောင့် သမထအား မပြည့်စုံ၊ ထိုသမထအား မပြည့်စုံလတ်သော် နှစ်မျိုးသောအားတို့ဖြင့် ဝင်စားအပ်သော နိရောဓသမာပတ်ကို အင်အား ချို့တဲ့ခြင်းကြောင့် ဝင်စားခြင်းငှါ မစွမ်းနိုင်ကုန်။ အနာဂါမ်ပုဂ္ဂိုလ်မှာမူကား ထိုကာမရာဂကိုပယ်ပြီးဖြစ်၏၊ထို့ကြောင့် ဤအနာဂါမ်ပုဂ္ဂိုလ်သည် [၃၄၇] ပြည့်စုံသော အားရှိပေ၏၊ ပြည့်စုံသော အားရှိသောကြောင့် (နိရောဓသမာပတ်ကို ဝင်စားခြင်းငှါ) စွမ်းနိုင်ပေ၏။ ထို့ကြောင့် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် နိရောဓသမာပတ်မှ ထသောပုဂ္ဂိုလ်အား နေဝသညာနာသညာယတန ကုသိုလ်သည် ဖလသမာပတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ဟု ဟောတော်မူ၏။ မှန်ပေ၏၊မဟာပကရဏ မည်သော ပဋ္ဌာန်းကျမ်း၌ နိရောဓသမာပတ်မှ အနာဂါမ်၏ ထခြင်းကိုသာလျှင် ရည်၍ ဤစကားကို ဟောတော်မူပေသည်။

၈၇၁။ (ဂ) **အဘယ်ဘုံ၌ဝင်စားကုန်သနည်း** ဟူသော မေးခွန်း၌ ခန္ဓာငါးပါးရှိသော ပဉ္စဝေါကာရဘဝခေါ် ကာမဘုံ ရူပဘုံ၌ ဝင်စားကုန်၏။ အဘယ့်ကြောင့်နည်းဟူမူ?အစဉ်အတိုင်း ချုပ်ဝင်စားခြင်း ရှိသောကြောင့်တည်း။ ခန္ဓာလေးပါးသာရှိသော စတုဝေါကာရဘဝခေါ် အရူပဘုံ၌ကား

---

[1] ၁-ဘေးရန်ဖြစ်သော.... တပ်မက်မှုရာဂကို-ဟု စပ်ပါ။

http://www.dhammadownload.com



ပဌမစျာန် စသည်ကို၏ ဖြစ်ခြင်းသည်မရှိ၊ ထို့ကြောင့် ထိုအရူပဘုံ၌ ဝင်စားခြင်းငှါ မစွမ်းနိုင်၊ အချို့ (ကေစိ) ဆရာတို့သည်ကား ဝတ္ထုရုပ်မရှိသောကြောင့် (အရူပဘုံ၌ မဝင်စားနိုင်ကုန်) ဟု ဆိုကုန်၏။

၈၇၂။ (ဃ) **အဘယ့်ကြောင့် ဝင်စားကုန်သနည်း** ဟူသော မေးခွန်း၌ သင်္ခါရတို့၏ ဖြစ်ခြင်း ပျက်ခြင်း၌ ငြီးငွေ့၍ မျက်မှောက် အတ္တဘော မျက်မှောက်ဘဝ၌ပင်လျှင် စိတ်မရှိသည်ဖြစ်၍ ချုပ်ခြင်း ဟူသော အငြိမ်းဓာတ် နိဗ္ဗာန်သို့[၁] ရောက်လျက် ချမ်းသာစွာနေကုန်အံ့ဟု ရည်၍ ဝင်စားကုန်၏။

၈၇၃။ (င) **ထိုနိရောဓသမာပတ်ကို ဝင်စားခြင်းသည် အဘယ်သို့ဖြစ်သနည်း** ဟူသော မေးခွန်း၌ သမထ ဝိပဿနာတို့၏ အစွမ်းအားဖြင့် အဆင့်ဆင့်အားထုတ်ပြီးလျှင် ပြုအပ်ပြီးသော ပုဗ္ဗကိစ္စ ရှိသည် ဖြစ်၍ နေဝသညာနာသညာယတနစျာန်ကို ချုပ်စေသောပုဂ္ဂိုလ်အား ဤသို့ ချုပ်စေခြင်းဖြင့် ထိုနိရောဓသမာပတ်ကို ဝင်စားခြင်းသည် ဖြစ်၏။ မှန်ပေ၏၊ သမထ၏ အစွမ်းအားဖြင့်သာလျှင် အဆင့်ဆင့် အားထုတ်သွားသော ပုဂ္ဂိုလ်သည် နေဝသညာနာသညာယတနသမာပတ်သို့ ရောက်၍ တည်၏။ ဝိပဿနာ၏ အစွမ်းအားဖြင့်သာလျှင် အဆင့်ဆင့်အားထုတ်သွားသော ပုဂ္ဂိုလ်သည် ဖလသမာပတ်သို့ ရောက်၍ တည်၏။ သမထဝိပဿနာ နှစ်ပါးစုံ၏ အစွမ်းအားဖြင့်သာလျှင် အဆင့်ဆင့် အားထုတ်၍ ပုဗ္ဗကိစ္စကို ပြုပြီးလျှင် နေဝသညာနာသညာယတနစျာန်ကို ချုပ်စေသော ပုဂ္ဂိုလ်သည်ကား ထိုနိရောဓသမာပတ်သို့ ရောက်၏။ ဤသည်ကား ဤအရာ၌ အကျဉ်းချုပ်တည်း။

၈၇၄။ အကျယ်ကား....ဤသာသနာတော်၌ နိရောဓသမာပတ်ကို ဝင်စားလိုသော ရဟန်းသည် ဆွမ်းစားခြင်းကိစ္စ ပြုပြီးလတ်သော် လက်ခြေတို့ကို ဆေးကြောသုတ်သင်ပြီးလျှင် ဆိတ်ငြိမ်သောအရပ်ဝယ် ကောင်းစွာ ခင်းထားသော နေရာ၌[၂] အထက်ပိုင်း ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကို ဖြစ်စေပြီးလျှင် တင်ပလ္လင်ခွေလျက် ထိုင်နေ၏။ ထိုရဟန်း

---

၁-နိရောဓံ နိဗ္ဗာနံ-ဟူသော ပုဒ်တို့မှ တိုက်ရိုက် အတိအကျ ပြန်ထားသော အနက် ဖြစ်သည်၊ ချုပ်ခြင်းကိုပင် အငြိမ်းဓာတ်နိဗ္ဗာန်–ဟု ဆိုထားသည်၊ အထူးသတိပြုသင့်၏။

၂-နေရာ၌.... ထိုင်နေ၏–ဟု စပ်ပါ။

http://www.dhammadownload.com



သည် ပဌမစျာန်ကို ဝင်စားပြီးလျှင် (ထိုဈာန်မှ) ထ၍ ထိုပဌမစျာန်၌ (ပါဝင်သော) သင်္ခါရတို့ကို အနိစ္စဟု ဒုက္ခဟု အနတ္တဟု ရှု၏။

ဆက်၍ ရှင်းပြဦးအံ့၊ ဤ ရှုမှု-ဝိပဿနာသည် သင်္ခါရတို့ကို သိမ်းဆည်းသော ဝိပဿနာ, ဖလသမာပတ်၏ဝိပဿနာ, နိရောဓသမာပတ်၏ ဝိပဿနာဟူ၍ သုံးပါးအပြားရှိ၏။ ထိုတွင် သင်္ခါရတို့ကို သိမ်းဆည်းသော ဝိပဿနာသည် နုံ့သည်ဖြစ်စေ ထက်သည်ဖြစ်စေ မဂ်၏နီးသော အကြောင်းဖြစ်သည် သာလျှင်တည်း[၁]။ [၁၄၇] ဖလသမာပတ်၏ ဝိပဿနာသည် မဂ္ဂဘာဝနာနှင့် တူစွာ[၂] ထက်သန်သော်သာလျှင် သင့်လျော်၏[၃]။ နိရောဓသမာပတ်၏ ဝိပဿနာသည်ကား မနုံ့လွန်း မထက်လွန်းသော် သင့်လျော်၏။ ထို့ကြောင့် ဤရဟန်းသည် မနုံ့လွန်း မထက်လွန်းသော ဝိပဿနာဖြင့် ထိုသင်္ခါရတို့ကို ရှု၏။

ထို့နောင် ဒုတိယစျာန်ကို ဝင်စားပြီးလျှင် (ထိုမှ) ထ၍ ထိုဒုတိယစျာန်၌ (ပါဝင်သော) သင်္ခါရတို့ကို ထို့အတူပင်လျှင်ရှု၏။ ထို့နောင် တတိယစျာန်ကို။ပ။ ထို့နောင် ဝိညာဏဉ္စာယတနစျာန်ကို ဝင်စားပြီးလျှင် (ထိုမှ) ထ၍ ထိုစျာန်၌ (ပါဝင်သော) သင်္ခါရတို့ကို ထို့အတူပင်လျှင် ရှု၏။ ထို့နောင် အာကိဉ္စညာယတနစျာန်ကို ဝင်စားပြီးလျှင် (ထိုမှ) ထပြီးလျှင် အသီးအခြားဖြစ်၍ မဆက်စပ်သည်တို့ကို မပျက်စေခြင်း, သံဃာ၏ ငံ့လင့်ခြင်း, မြတ်စွာဘုရား၏ ခေါ်တော်မူခြင်း, ကာလအပိုင်းအခြားကို ကြည့်ခြင်း ဟူသော လေးပါးသော ပုဗ္ဗကိစ္စကို ပြု၏။

---

၁-ဝိပဿနာနုံ့လျှင် မဂ်သို့နှေးနှေးရောက်သည်၊ ထက်လျှင် မြန်မြန်ရောက်သည်၊ ဤမျှသာထူးသည်၊ လက္ခဏာသို့ ရောက်သော ဝိပဿနာသည် မဂ်ကို ဖြစ်စေနိုင်သည်သာဟု ဋီကာ၌ ဆို၏။

၂-ဖိုလ်ကို ဖြစ်စေနိုင်သော မဂ်သည် ထက်သန်သကဲ့သို့ ထက်သန်ရမည်ဟု ဆိုလို၏။

၃-ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ "သင်္ခါရုပေက္ခာသည် နုံ့သော်လည်း ဖိုလ်အား ကျေးဇူးပြုသည်"ဟူ၍ ဆိုထားချက်လည်း ရှိသေး၏၊ ဆုံးဖြတ်ချက်ကို ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ (ဆဋ္ဌနိုပ်) ၃၀၆၊ (သတ္တမနိုပ်) ၃၃၂-၌ ကြည့်ပါ။

http://www.dhammadownload.com



၇၇၅။ ထိုလေးပါးတို့တွင် **အသီးအခြားဖြစ်၍ မဆက်စပ်သည်တို့ကိုမပျက်စေခြင်း** ဟူသည်ကား သပိတ် သင်္ကန်း ဖြစ်စေ, ညောင်စောင်း အင်းပျဉ် ဖြစ်စေ, နေရာ ကျောင်းဆောင် ဖြစ်စေ, ထိုမှတပါး တစုံတခုသော ပရိက္ခရာ ဖြစ်စေ အကြင် အသုံးအဆောင် ပရိက္ခရာသည် ဤရဟန်းနှင့်တကွ တစပ်တည်း မဟုတ်၊ မဆက်စပ်ပဲ အသီးအခြားဖြစ်လျက် တည်၏၊ ထိုအသုံးအဆောင် ပရိက္ခရာကို မီး ရေ လေ ခိုးသူ ကြွက် စသည်တို့ကြောင့် မပျက်စီးအောင် အဓိဋ္ဌာန် ပြုအပ်၏[၁]။

ထိုသို့ အဓိဋ္ဌာန်ပြုရာ၌ ဤသည်ကား အဓိဋ္ဌာန်ပြုပုံ အစီအရင်တည်း.... "ဤမည် ဤမည်သော ပရိက္ခရာကို ဤခုနစ်ရက်အတွင်း၌ မီးဖြင့် မလောင်စေသတည်း၊ ရေဖြင့်မမျောစေသတည်း၊ လေဖြင့် မပျက်စီးစေသတည်း၊ ခိုးသူတို့ မခိုးယူနိုင်စေသတည်း၊ ကြွက် စသည်တို့ မကိုက်ခဲစေသတည်း"ဟု အဓိဋ္ဌာန်ပြုအပ်၏။ ဤသို့ အဓိဋ္ဌာန်ပြုထားသည်ရှိသော် ထိုခုနစ်ရက်ပတ်လုံး ထိုပရိက္ခရာအား ဘေးရန် တစုံတခုမျှ မဖြစ်နိုင်။

အဓိဋ္ဌာန် မပြုသော ရဟန်း၏ ပရိက္ခရာသည်ကား မီးစသည် တို့ကြောင့် ပျက်စီး၏၊အဘယ်ကဲ့သို့နည်းဟူမူ ? မဟာနာဂမထေရ်၏ပရိက္ခရာကဲ့သို့တည်း။ တဆင့် စကား ကြားရသည်မှာ....မဟာနာဂ မထေရ်သည် မယ်တော် ဥပါသိကာမကြီး၏ ရွာသို့ ဆွမ်းခံဝင်လေ၏၊ ဥပါသိကာမကြီးသည် (မထေရ်အား) ယာဂုကို ကပ်လှူပြီးလျှင် ဆွမ်းစားဇရပ်၌ (ခေတ္တ) ထိုင်နေစေ၏၊ မဟာနာဂမထေရ်သည် နိရောဓသမာပတ် ဝင်စားလျက် ထိုင်နေ၏၊ ထိုသို့ ထိုင်နေစဉ်မှာ ဆွမ်းစားဇရပ်ကို မီးလောင်လတ်သော် အခြားသော ရဟန်းတို့သည် မိမိ၏ ထိုင်နေရာ အခင်းကို ယူဆောင်၍ ပြေးလေကုန်၏၊ ရွာသူရွာသားတို့သည် စုရုံးကုန်၍ မထေရ်ကို မြင်လျှင် "ပျင်းရိသော ရဟန်း"ဟု ဆိုကုန်၏၊ မီးသည် မြက် ဝါး သစ်သားတို့ကို လောင်လျက် မဟာနာဂမထေရ်ကိုဝန်းရံ၍တည်လေ၏၊ လူတို့သည် အိုးတို့ဖြင့်ရေကို ယူလာကုန်၍ (မီးကို) ငြိမ်းစေပြီးလျှင် ပြာကို ဖယ်ရှား၍ (နွားချေးစိုဖြင့် လိမ်းကျံသော)

---

၁-နားလည်လွယ်စေရန် မြန်မာစကားပြေပြန်ထားသည်၊ အတိအကျ တိုက်ရိုက် ပြန်လျှင် .... ထိုအသုံးအဆောင် ပရိက္ခရာသည် အကြင် အခြင်းအရာဖြင့် မပျက်၊ မီး ရေ လေ ခိုးသူ ကြွက် စသည်တို့၏ အစွမ်းဖြင့် မပျက်စီး၊ ဤ အခြင်းအရာဖြင့် အဓိဋ္ဌာန်ပြုအပ်၏–ဟူ၍ ဖြစ်၏။

http://www.dhammadownload.com



မြေ သမံတလင်းကို ပွတ်ပြီးလျှင် ပန်းတို့ကို ဖြန့်ကြဲစေ၍ ရှိခိုးလျက် တည်ကုန်၏၊ မဟာနာဂ မထေရ်သည် ပိုင်းခြားလားသော အချိန်ကာလ၌ (သမာပတ်မှ) ထ၍ ထိုလူတို့ကို မြင်လတ်သော် "(ငါသည် သမာပတ်ဂုဏ်ဖြင့်) ထင်ရှား ပေါ်လေပြီ"ဟု နှလုံးသွင်း၍ ကောင်းကင်သို့ ပျံတက်ပြီးလျှင် ပိယင်္ဂုကျွန်းသို့ ကြွသွားလေ၏။ ဤသည်ကား အသီးအခြားဖြစ်၍ မဆက်စပ်သည်တို့ကို မပျက်စေခြင်းတည်း။

ခါးဝတ်သင်းပိုင် ကိုယ်ရုံသင်္ကန်းဖြစ်စေ, ထိုင်နေရာအခင်းဖြစ်စေ အကြင်အသုံးအဆောင် ပရိက္ခရာသည် ကိုယ်နှင့်တစပ်တည်း ဖြစ်၏၊ ထိုအသုံးအဆောင် ပရိက္ခရာ၌ သီးခြား အစိဋ္ဌာန်ပြုဘွယ်ကိစ္စမရှိပြီ။ သမာပတ်၏ အစွမ်းဖြင့်ပင်လျှင် ထို(မီးစသော အန္တရာယ်) ကို စောင့်ရှောက် ကာကွယ်၏၊ အဘယ်ကဲ့သို့နည်း ဟူမူ ? အသျှင်သိဉ္စိဝမထေရ်၏ အသုံးအဆောင် ပရိက္ခရာကဲ့သို့ တည်း။ [၃၄၉] မှန်ပေ၏၊ "အသျှင်သိဉ္စိဝ မထေရ်၏ သမာဓိ ပျံ့နှံ့ခြင်း ရှိသော တန်ခိုး[1] အသျှင်သာရိပုတြာမထေရ်၏ သမာဓိ ပျံ့နှံ့ခြင်း ရှိသော တန်ခိုး[2]" ဟူသော ဤစကားကို ဟောတော်မူ(အပ်)၏။

၈၃၆။ **သံဃာတော်၏ ငံ့လင့်ခြင်း** ဟူသည်ကား သံဃာတော်၏ ငံ့လင့်ခြင်း မျှော်လင့်ခြင်းတည်း၊ (နိရောဓ သမာပတ် ဝင်စားနေသော) ဤ

---

၁-နိရောဓသမာပတ်ဝင်စားနေသော အသျှင်သိဉ္စိဝမထေရ်ကို ပျံလွန်တော်မူသည်ဟု ထင်မှတ်၍ နွားကျောင်းသား စသည်တို့သည် မြက်ထင်းနွားချေးတို့ဖြင့်စုပုံ၍ မီးရှို့ကုန်၏၊ မထေရ်၏ သင်္ကန်း၌ ချည်မျှင် တမျှင်မျှသော်လည်း မီးမလောင်ပဲ ရှိ၏၊ ဤသို့ မီးမလောင်ခြင်းသည် အစဉ်အတိုင်း ဝင်စားနေသော သမာပတ်တို့၏ အစွမ်းဖြင့် ဖြစ်သော သမထသမာဓိ၏ အစွမ်းအာနုဘော်ကြောင့် ဖြစ်သည်၊ ဤတန်ခိုးကို ဆိုသည်။

၂-အသျှင်သာရိပုတြာသည် အသျှင် မဟာမောဂ္ဂလ္လာန်နှင့် အတူ ကပေါတချောက်ဝယ် လသာသော ညဥ့်အချိန်၌ ထိုင်နေစဉ် ခေါင်းရိပ် ပြီးခါစ တောက်ပနေသော ဦးခေါင်းကို ဘီလူးဆိုးတဦးက ပြင်းစွာ ပုတ်ခတ်၏၊ မိုးချုန်းသကဲ့သို့ အသံသည် မြည်ဟီးသွား၏၊ ထိုအချိန်၌ အသျှင်သာရိပုတြာသည် နိရောဓသမာပတ်ကို ဝင်စား၏၊ ထိုဘီလူး၏ပုတ်ခတ်ခြင်းကြောင့် အသျှင်သာရိပုတြာအား တစုံတရာမျှနာကျင်ခြင်းမည်သည် မဖြစ်၊ ဤတန်ခိုးကို ဆိုသည်။

http://www.dhammadownload.com



ရဟန်း မလာသေးမီ သံဃကံကို မပြုခြင်းတည်း၊ (ဤရဟန်း မလာမချင်း သံဃကံကို မပြုပဲ ဆိုင်းငံ့နေခြင်းတည်း)၊ ဤကား အနက်။ ဆက်၍ရှင်းပြဦးအံ့၊ ဤအရာ၌ ငံ့လင့်ခြင်းသည် ဤရဟန်း၏ ပဗ္ဗကိစ္စမဟုတ်ပေ၊ အမှန်အားဖြင့်သော်ကား ငံ့လင့်ခြင်းကို ဆင်ခြင်ခြင်းသည်သာလျှင် ပုဗ္ဗကိစ္စပေတည်း၊ ထို့ကြောင့် "ငါသည် ခုနစ်ရက် ပတ်လုံး နိရောဓ သမာပတ် ဝင်စားနေစဉ် သံဃာသည် ဥတ္တိကံ စသည်တို့တွင်[၁] တစုံတခုသော ကံကို အကယ်၍ ပြုလိုငြားအံ့၊ တစုံတယောက်သော ရဟန်းသည် လာ၍ ငါ့ကို မခေါ်မီပင်လျှင် (သမာပတ်မှ) ထအံ့"ဟု ဤသို့ နှလုံးသွင်း ဆင်ခြင်အပ်၏။ အကျိုးကား ဤသို့ နှလုံးသွင်းခြင်းကို ပြု၍ (နိရောဓသမာပတ်)ဝင်စားနေလျှင် (ခေါ်မည့် ရဟန်း ချဉ်းကပ်လာသော မခေါ်သေးမီ) ထိုအချိန်၌ (သမာပတ်မှ) ထသည်သာလျှင်တည်း။

အကြင်ရဟန်းသည်ကား ဤသို့ နှလုံးသွင်း ဆင်ခြင်ခြင်းကို မပြု၊ သံဃာသည်လည်း စည်းဝေးပြီး၍ ထိုရဟန်းကို မမြင်လတ်သော် "ဤမည်သော ရဟန်းသည် အဘယ်မှာနည်း" ဟု မေး၍ "နိရောဓ သမာပတ် ဝင်စားနေသည်"ဟု ဆိုလတ်သော် သံဃာသည် တစုံတယောက်သော ရဟန်းကို "သွားချေလော့၊ ထိုရဟန်းကို သံဃာတော်၏ စကားဖြင့် ခေါ်ချေလော့"ဟု စေလွှတ်လိုက်ငြားအံ့၊ ထိုအခါ သမာပတ် ဝင်စားနေသော ထိုရဟန်း၏ ကြားလောက်သော အရပ်၌ တည်၍ ထိုတမန်ရဟန်းက "ငါ့ရှင် သင့်ကို

---

၁-အမှုကိစ္စကို သံဃာ့အစည်းအဝေးဖြင့် ဆုံးဖြတ်ဆောင်ရွက်မှုတို့သည် ဥတ္တိကံ ဥတ္တိဒုတိယကံ ဥတ္တိစတုတ္ထကံ အပလောကနကံ ဟူ၍ ၄-ပါးအပြားရှိ၏။ ထိုတွင် ပြုလိုသောအမှုကို သံဃာအား သိစေရန် တိုင်ကြားသော ဥတ်ခေါ်သော စကားမျှဖြင့် ဆုံးဖြတ်အတည်ပြုရသောအမှုကို ဥတ္တိကံဟု ခေါ်သည်။ ထိုသို့သော ဥတ်နှင့် တကွ အတည်ပြု ဆုံးဖြတ်ကြောင်း တကြိမ်မျှသာ ကျေညာ၍ အပြီးသတ်ရသောအမှုကို ဥတ္တိဒုတိယကံဟု ခေါ်သည်။ ဥတ်လျှင် နှစ်ကြိမ်မြောက်ရှိသော အမှုကံဟု ဆိုလို၏၊ ဥတ်နှင့် တကွ အတည်ပြု ကျေညာချက် ၃-ကြိမ်ဖြင့် အပြီးသတ်ရသောအမှုကို ဥတ္တိစတုတ္ထကံဟု ခေါ်သည်၊ ဥတ်လျှင် ၄-ကြိမ်မြောက် ရှိသော အမှုကံဟု ဆိုလို၏။ အကြောင်းအရာကို ပြောကြားပြီးလျှင် သဘောတူ မတူ ၃-ကြိမ်တိုင်တိုင် မေး၍ ပြီးပြတ်စေရသော အမှုကိစ္စကို အပလောကနကံ ဟု ခေါ်သည်၊ ပန်ကြားသော အမှုဟု ဆိုလို၏။ ဤ ကံတို့ကို ရည်သည်။

http://www.dhammadownload.com



သံဃာတော်သည် ငံ့လင့်နေ၏”ဟု ဆိုကာမျှ၌ပင်လျှင် (သမာပတ်မှ) ထခြင်း သည် ဖြစ်၏၊ သံဃာတော်၏ အာဏာမည်သည် ဤသို့ ကြီးလေးပေ၏၊ ထို့ကြောင့် ထိုသံဃာတော်၏ ငံ့လင့်ခြင်းကို နှလုံးသွင်း ဆင်ခြင်ပြီးလျှင် မိမိ အလိုလိုပင် (သမာပတ်မှ) ထနိုင်အောင် ပြု၍ ဝင်စားအပ်၏။

၈၃၃။ **မြတ်စွာဘုရား၏ ခေါ်တော်မူခြင်း** ဟူသော ဤအရာ၌လည်း မြတ်စွာဘုရား၏ခေါ်တော်မူခြင်းကို နှလုံးသွင်းဆင်ခြင်ခြင်းသည်သာလျှင် ဤ ရဟန်း၏ ကိစ္စဖြစ်သည်၊ ထို့ကြောင့် ထိုမြတ်စွာဘုရား၏ ခေါ်တော်မူခြင်း ကိုလည်း “ငါသည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စားနေစဉ် မြတ်စွာဘုရားသည် သက်ရောက် (ဖြစ်ပေါ်လာ) သော အကြောင်း ဝတ္ထု ကြောင့် သိက္ခာပုဒ်ကိုသော်လည်း အကယ်၍ ပညတ်ငြားအံ့၊ ထိုသို့ သဘော ရှိသော အတ္ထုပ္ပတ္တိကြောင့် တရားတော်ကို မူလည်း အကယ်၍ ဟောငြားအံ့၊ တစုံတယောက်သော ရဟန်းသည် လာ၍ ငါ့ကို မခေါ်မီပင်လျှင် (သမာ ပတ်မှ) ထအံ့”ဟု ဤသို့ နှလုံးသွင်းဆင်ခြင်အပ်၏။ အကျိုးကား ဤသို့ နှလုံးသွင်း ဆင်ခြင်ခြင်းကို ပြု၍ သမာပတ် ဝင်စားနေလတ်သော် (ခေါ်မည့် ရဟန်း ချဉ်းကပ်လာသော မခေါ်သေးမီ) ယိုအချိန်၌ (သမာပတ်မှ)ထ သည် သာလျှင်တည်း။

၈၃၂။ အကြင်ရဟန်းသည်ကား ဤသို့ နှလုံးသွင်း ဆင်ခြင်ခြင်းကို မပြု၊ မြတ်စွာဘုရားသည်လည်း သံဃာစည်းဝေးလတ်သော် ထိုရဟန်းကို မမြင် သည် ဖြစ်၍ “ဤမည်သောရဟန်းသည် အဘယ်မှာနည်း”ဟု မေးတော်မူ၍ “နိရောဓ သမာပတ် ဝင်စားနေသည်”ဟု လျှောက်ထားလတ်သော် တစုံ တယောက်သော ရဟန်းကို “သွားချေလော့၊ ငါ၏စကားဖြင့် ထိုရဟန်းကို ခေါ်ချေလော့”ဟု စေလွှတ်ငြားအံ့၊ ထိုအခါ သမာပတ်ဝင်စားနေသော ထို ရဟန်း၏ ကြားလောက်သောအရပ်၌ တည်၍ ထိုတမန်ရဟန်းက “မြတ်စွာ ဘုရားသည် အသျှင်ဘုရားကို ခေါ်တော်မူ၏”ဟု ဆိုကာမျှ၌ပင်လျှင် (သမာ ပတ် မှ) ထခြင်းသည် ဖြစ်၏၊ မြတ်စွာဘုရား၏ ခေါ်တော်မူခြင်းသည် ဤသို့ ကြီးလေးပေ၏၊ ထို့ကြောင့် ထိုမြတ်စွာဘုရား၏ ခေါ်တော်မူခြင်းကို နှလုံး သွင်း ဆင်ခြင်ပြီးလျှင် မိမိအလိုလိုပင် (သမာပတ်မှ) ထနိုင်အောင် ပြု၍ ဝင်းစားအပ်၏။

http://www.dhammadownload.com



၇၇၈။ **အစွန့်ကာလအပိုင်းအခြား** ဟူသည်ကား အသက်ရှည်မည့် ကာလ၏ အပိုင်းအခြားတည်း။ (နိရောဓသမာပတ်ဝင်စားသော) ဤရဟန်းသည် အသက်၏ရှည်မည့် ကာလအပိုင်းအခြား၌ ကောင်းစွာ ကျွမ်းကျင်လိမ္မာသည် ဖြစ်ရာ၏၊ "မိမိ၏အာယုသင်္ခါရတို့သည်[၁] [၃၅၈] ခုနစ်ရက်ပတ်လုံး ဖြစ်ကုန်လတံ့လော၊ မဖြစ်ကုန်လတံ့လော"ဟု နှလုံးသွင်းဆင်ခြင်၍ သာလျှင် ဝင်စားအပ်၏။ အပြစ်ကား-ခုနစ်ရက်အတွင်း၌ ချုပ်လတံ့သော အာယုသင်္ခါရတို့ကို မဆင်ခြင်မူ၍သာလျှင် အကယ်၍ ဝင်စားငြားအံ့၊ ထိုရဟန်း၏ နိရောဓသမာပတ်သည် သေခြင်းကိုကား တားမြစ်ခြင်းငှါ မစွမ်းနိုင်၊ နိရောဓသမာပတ်အတွင်း၌ သေခြင်းမည်သည် မရှိသောကြောင့် (ထချိန်မကျသေးမီ) အကြားကာလ၌သာလျှင် သမာပတ်မှ ထရ၏။ ထို့ကြောင့် ဤအသက်ရှည်မည့် ကာလအပိုင်းအခြားကို နှလုံးသွင်းဆင်ခြင်၍သာလျှင် ဝင်စားအပ်၏။ မှန်ပေ၏၊ "ကြွင်းသော ကိစ္စသုံးပါးကို နှလုံးမသွင်းခြင်းသည်လည်း ဖြစ်သင့်သေး၏၊ ဤအသက်ကာလ အပိုင်းအခြားကိုမူကား နှလုံးသွင်းဆင်ခြင်အပ်သည်သာတည်း"ဟု (အဋ္ဌကထာ၌)မိန့်ဆိုထား၏။

၇၇၉။ ထိုရဟန်းသည် ဤဆိုခဲ့သည့်အတိုင်း အာကိဉ္စညာယတနစျာန်ကို ဝင်စားပြီးလျှင် (ထိုစျာန်မှ)ထ၍ ဤပုဗ္ဗကိစ္စကို ပြုပြီးလျှင် နေဝသညာနာသညာယတနစျာန်ကို ဝင်စား၏။ ထိုအခါ စိတ်တကြိမ် နှစ်ကြိမ်ကို ကျော်လွန်လတ်သော် စိတ်မရှိပဲ ဖြစ်သွား၏၊ (စိတ်စေတသိက်တို့၏) ချုပ်ခြင်းသို့ ရောက်၏။ စိတ်နှစ်ကြိမ်တို့၏ အထက်၌ စိတ်တို့သည် အဘယ့်ကြောင့် မဖြစ်ကုန်သနည်းဟူမူ ? စိတ်ချုပ်ရန်အလို့ငှါ အားထုတ်မှု(ပယောဂ) ဖြစ်သောကြောင့်တည်း။ ခဲ့၍ပြရလျှင်-ဤရဟန်း၏ နှစ်ပါးကုန်သောသမထနှင့် ဝိပဿနာတရားတို့ကို ထမ်းပိုး၌ ညီတူဖွဲ့သကဲ့သို့ပြု၍ ဤရှစ်ပါးသော သမာပတ်ကို တက်ခြင်းသည် အစဉ်အတိုင်း စျာန်စိတ်ချုပ်ခြင်းငှါ အားထုတ်မှု ပေတည်း၊ နေဝသညာနာသညာယတနစျာန်ကို ဝင်စားရန် အလို့ငှါ အားထုတ်မှု မဟုတ်ပေ၊ ဤသို့ စိတ်ချုပ်ရန် အလို့ငှါ အားထုတ်မှု ဖြစ်သောကြောင့် နှစ်ကြိမ်သော စိတ်တို့၏ အထက်၌ (စိတ်နှစ်ကြိမ်ထက်အလွန်) မဖြစ်ပဲ ရှိကြပေသည်။

---

၁-အာယု- အသက်+သင်္ခါရ-ပြုပြင်ခြင်း- အာယုသင်္ခါရ- ကံစသောအကြောင်းတို့ဖြင့် ပေါင်းစု၍ ပြုပြင်ပေးရသော အသက်ဟုခေါ်သော ဇီဝိတိန္ဒြေ။

http://www.dhammadownload.com



အကြင်ရဟန်းသည်ကား အာကိဉ္စညာယတနစျာန်မှ ထပြီးလျှင် ဤဆိုခဲ့သော ပုဗ္ဗကိစ္စကို မပြုမူ၍ နေဝသညာနာသညာယတနစျာန်ကို ဝင်စား၏၊ ထိုရဟန်းသည် နောက်၌ စိတ်မရှိပဲ ဖြစ်ရန် မစွမ်းနိုင်၊ ပြန်လှည့်၍ အာကိဉ္စညာယတနစျာန်၌သာလျှင် တည်၏။ ဤအရာ၌ ခရီးမသွားဘူးသေးသော ယောကျ်ား ဥပမာကို ပြဆိုအပ်၏။

ဥပမာကား....မသွားဘူးသော ခရီးလမ်းတခုကိုသွားသော ယောကျ်ားကယောက်သည်[၁] လမ်းခရီးအကြား၌ ရေရှိသောချောက်ကို ဖြစ်စေ, နက်သော ရွှံ့ရေကိုဖြစ်စေ ကျော်လွန်၍ (တဖက်ကမ်း၌) ခင်းထားသော[၂] ကြမ်းသောနေပူဖြင့် ပြင်းစွာ ပူလောင်သော ကျောက်ဖျာသို့ရောက်လတ်သော်[၃] ခါးဝတ်ကိုယ်ရုံကို မပြုပြင်မူ၍သာလျှင် ချောက်သို့ဆင်းလျှင် အဝတ်အစားစိုစွတ်မည်ကို စိုးရိမ်သောကြောင့် ဤဖက်ကမ်း၌ တဖန်ပြန်လှည့်၍သာလျှင် တည်၏။ ကျောက်ဖျာကို နင်းပြီးလျှင်လည်း ခြေထောက်ကို ပူလောင်သည် ဖြစ်၍ ဤမှာဖက်ကမ်း၌သာလျှင် တဖန် ပြန်လှည့်၍ တည်၏။ ထိုဥပမာ၌ ထိုယောကျ်ားသည် ခါးဝတ်ကိုယ်ရုံကို ကောင်းစွာ မပြုပြင်သောကြောင့် ချောက်ကို ဆင်းကာမျှသာလျှင် ပြန်လှည့်၍ ဤမှာဖက်ကမ်း၌ တည်သကဲ့သို့ငှါး ပြင်းစွာ ပူလောင်သော ကျောက်ဖျာကို နင်းကာမျှသာလျှင် ပြန်လှည့်၍ ဤမှာဖက်ကမ်း၌ တည်သကဲ့သို့ငှါး[၄] ဤအတူပင် ယောဂါဝစရ

---

၁-ယောကျ်ားတယောက်သည် .... ကျောက်ဖျာသို့ရောက်လတ်သော် .... မပြုပြင်မူ၍သာလျှင် ... ဆင်းလျှင်.... စိုးရိမ်သောကြောင့်.... တဖန် ပြန်လှည့်၍သာလျှင်တည်၏-စသည်ဖြင့် စပ်ပါ။

၂-ခင်းထားသော....ကျောက်ဖျာသို့-ဟုစပ်ပါ။ ထိုကျောက်ဖျာမှာ ရေရှိသော ချောက်၏ ထိုဘက်ကမ်းစ အတက်၌ တည်ရှိသည်၊ သို့မဟုတ် နက်သော ရွှံ့ရေ၏ ဟိုဘက်ကမ်းစ အတက်၌ တည်ရှိသည်ဟု ဆိုလို၏။

၃-ရောက်လတ်သော်....မပြုပြင်မူ၍သာလျှင်....ဆင်းလျှင်-ဟု စပ်ပါ။

၄-ဤ၌ (၁) ချောက်သို့ဆင်းကာမျှသာလျှင် ပြန်လှည့်၍ တည်ခြင်း (၂) ကျောက်ဖျာကို နင်းကာမျှသာလျှင် ပြန်လှည့်၍ တည်ခြင်းဟူ၍ ဥပမာနှစ်မျိုးရှိရာတွင် ပဌမဥပမာဖြင့် နိရောဓသို့ မရောက်ပဲ အာကိဉ္စညာယတနစျာန်ကို ပြန်၍ဝင်စားရသည်ကို ပြသည်ဟူ၍ငှါး၊ ဒုတိယဖြင့် နိရောဓသို့ ရောက်ကာမျှဖြင့် ထိုသမာပတ်မှ ထသောကြောင့် တဖန် အစဉ်အတိုင်း

http://www.dhammadownload.com



ပုဂ္ဂိုလ်သည်လည်း[1] ပုဗ္ဗကိစ္စကို မပြုသောကြောင့် နေဝသညာနာသညာယတန စျာန်ကို ဝင်စားကာမျှသာလျှင် ပြန်လှည့်၍ အာကိဉ္စညာယတနစျာန်၌ တည်၏။

သင့်လျော်သော ဥပမာကား ထိုခရီးကို ရှေး၌လည်း သွားဘူးသော ယောကျ်ားသည် ထိုဌာနသို့ ရောက်လတ်သော် ပုဆိုးတထည်ကို မြဲမြံစွာ ဝတ်၍ အခြားအထည်ကို လက်ဖြင့်ကိုင်၍ ချောက်ကို ကူးပြီးလျှင် [၃၅၁] ပြင်းစွာ ပူလောင်သောကျောက်ဖျာကို နင်းကာမျှသာလျှင် ပြု၍ တဖက်သို့ ရောက်သွားသကဲ့သို့ ဤအတူပင်လျှင် ပုဗ္ဗကိစ္စကို ပြုပြီးသော ရဟန်းသည် နေဝသညာ နာသညာယတနစျာန်ကို ဝင်စားပြီး၍ သာလျှင်[2]နောက်ကာလ၌ စိတ်မရှိသည်ဖြစ်၍ စိတ် စေတသိက်ချုပ်ခြင်းသို့ ရောက်လျက် နေလေ၏။

၁၀၀။ (စ) **အဘယ်သို့တည်သနည်း** ဟူသော မေးခွန်း၌ ဤဆိုခဲ့သည့် အတိုင်း ဝင်စားသော ထိုနိရောဓသမာပတ်၏ တည်တံ့ခြင်းသည်[3] ကာလ အပိုင်းအခြား၏ အစွမ်းအားဖြင့်၎င်း, အကြား၌ အသက်၏ ကုန်ခြင်း သံဃာတော်၏ ငံ့လင့်ခြင်း မြတ်စွာဘုရား၏ ခေါ်တော်မူခြင်းတို့၏ မရှိသော အားဖြင့်၎င်း (ရည်ရွယ်သည့်အတိုင်း) ဖြစ်၏။

၁၀၁။ (ဆ) **အဘယ်သို့ထသနည်း** ဟူသော မေးခွန်း၌ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ် ဖြစ်ပေါ်ခြင်းဖြင့်၎င်း, ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ် ဖြစ်ပေါ်ခြင်းဖြင့်၎င်း ဤသို့ နှစ်ပါးသော အပြားအားဖြင့် (နိရောဓသမာပတ်မှ) ထခြင်းသည် ဖြစ်၏။

၁၀၂။ (ဇ) **နိရောဓသမာပတ်မှထပြီးသောပုဂ္ဂိုလ်၏ စိတ်သည် အဘယ်တရားသို့ညွတ်သနည်း** ဟူသော မေးခွန်း၌ နိဗ္ဗာန်သို့ ညွတ်သည်(ဟု သိအပ်၏)။ မှန်ပေ၏၊ "ဒကာဝိသာခသူဌေးကြီး၊ သညာ ဝေဒနာတို့၏ ချုပ်ရာ

---

ဝင်စား၍ အာကိဉ္စညာယတနစျာန်သို့ ရောက်ရပြန်သည်ကို ပြသည်ဟူ၍၎င်း ယူသင့်၏။

၁-ပုဂ္ဂိုလ်သည်လည်း....ပြန်လှည့်၍....တည်၏-ဟု စပ်ပါ။

၂-ဝင်စားပြီး၍သာလျှင် ...ချုပ်ခြင်းသို့ရောက်လျက် နေလေ၏-ဟုစပ်ပါ။

၃-တည်တံ့ခြင်းသည်....(ရည်ရွယ်သည့်အတိုင်း) ဖြစ်၏-ဟု စပ်ပါ။

http://www.dhammadownload.com



ဖြစ်သော သမာပတ်မှ ထပြီးသော ရဟန်း၏ စိတ်သည် သင်္ခါရကင်းဆိတ်ရာ နိဗ္ဗာန်သို့ ညွတ်၏၊ သင်္ခါရကင်းဆိတ်ရာ နိဗ္ဗာန်သို့ ကိုင်း၏၊ သင်္ခါရကင်းဆိတ်ရာ နိဗ္ဗာန်သို့ ရှိုင်း၏”ဟူသော ဤစကားကို (ဓမ္မဒိန္နာမည်သော ထေရီမသည်) ဟောကြား(အပ်)ပေ၏။

၈၈၃။ (ဈ) **သေသောသူနှင့် နိရောဓသမာပတ် ဝင်စားသူ၏ အထူးကား အဘယ်နည်း** ဟူသော မေးခွန်း၌ (အဖြေဖြစ်သော) ဤအနက်ကိုလည်း မဟာဝေဒလ္လသုတ်၌ ဟောထားပြီး ရှိသည်သာတည်း၊ အဘယ်ကဲ့သို့ ဟောသနည်းဟူမူ?

> “ငါ့ရှင်၊ သေသောသူမှာ ထွက်သက် ဝင်သက် ဟူသော ကာယသင်္ခါရတို့သည် ချုပ်ကုန် ငြိမ်းကုန်၏၊ ဝိတက် ဝိစာရ ဟူသော ဝစီသင်္ခါရတို့သည် ချုပ်ကုန် ငြိမ်းကုန်၏၊ သညာ ဝေဒနာ ဟူသော စိတ္တသင်္ခါရတို့သည် ချုပ်ကုန် ငြိမ်းကုန်၏၊ ဇီဝိတိန္ဒြေခေါ်သော အသက်သည် ကုန်သွား၏၊ ဥသ္မာခေါ်သော ကိုယ်ငွေ့အပူရှိန်သည် ငြိမ်းအေး၏၊ စက္ခုစသော ဣန္ဒြေတို့သည် အကြွင်းမဲ့ ပျက်စီးကုန်၏၊ သညာ ဝေဒနာတို့၏ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားသော ရဟန်းမှာလည်း ထွက်သက် ဝင်သက် ဟူသော ကာယသင်္ခါရတို့သည် ချုပ်ကုန် ငြိမ်းကုန်၏၊ ဝိတက် ဝိစာရ ဟူသော ဝစီသင်္ခါရတို့သည် ချုပ်ကုန် ငြိမ်းကုန်၏၊ သညာ ဝေဒနာ ဟူသော စိတ္တသင်္ခါရတို့သည် ချုပ်ကုန် ငြိမ်းကုန်၏၊ ဇီဝိတိန္ဒြေဟု ခေါ်သော အသက်သည်ကား မကုန်ပေ၊ ဥသ္မာခေါ်သော ကိုယ်ငွေ့အပူရှိန်သည်လည်း မငြိမ်းအေး၊ စက္ခုစသော ဣန္ဒြေတို့သည်လည်း မပျက်စီးကုန်”ဟု ဟောတော်မူ(အပ်)၏။

၈၈၄။ (ည) **နိရောဓသမာပတ်သည် သင်္ခတတရားလော** ဤသို့ အစရှိသော မေးခွန်း၌ကား သင်္ခတတရားဟူ၍လည်း မဆိုအပ်၊ အသင်္ခတတရားဟူ၍လည်း မဆိုအပ်၊ လောကီတရားဟူ၍လည်း မဆိုအပ်၊ လောကုတ္တရာတရားဟူ၍လည်း မဆိုအပ်။ အဘယ့်ကြောင့် နည်းဟူမူ ? ပရမတ္ထ သဘောအားဖြင့် ထင်ရှားမရှိခြင်းကြောင့်တည်း။ သို့သော် ထိုနိရောဓသမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်၏အစွမ်းအားဖြင့် (ရင်းသည်)ဝင်စားအပ်သော သမာ

http://www.dhammadownload.com



ပန္နတရား မည်ပေ၏၊ ထို့ကြောင့် ပြီးစီးသော နိပ္ဖန္နတရားဟူ၍ ဆိုသင့်ပေ၏၊ မပြီးစီးသော အနိပ္ဖန္နတရားဟူ၍ကား မဆိုသင့်။

ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် အနာဂါမ် ရဟန္တာ အရိယာ အရှင်မြတ်တို့ မှီဝဲအပ်သော ဤနိရောဓသမာပတ်သည် ငြိမ်သက် သိမ်မွေ့၏၊ မျက်မှောက် အတ္တဘော မျက်မှောက်ဘဝ၌ပင်လျှင် (ခံစားအပ်သော) အငြိမ်းခတ်နိဗ္ဗာန်ဟု ရေတွက်ခြင်း ခေါ်ဝေါ် ခြင်းသို့ ရောက်၏၊ ပညာရှိတို့သည် အရိယာမဂ်ပညာကို ပွါးစေပြီး လျှင် (ဤသမာပတ်ကို)ဝင်စားနိုင်ကုန်၏[၁]။

ထို့ကြောင့် ဤနိရောဓသမာပတ်ကို ဝင်စားနိုင်သည်၏ အဖြစ်ကို လည်း အရိယာမဂ်ပညာ၏ အကျိုးအာနိသင်ဟူ၍ ဆိုအပ်ပေ၏။

## အာဟုနေယျပုဂ္ဂိုလ်အဖြစ်စသည်ပြီးစီးခြင်းကို ပြဆိုချက်

[၃၅၂] ၈၈၅။ **အဝေးမှ ဆောင်ယူခဲ့၍ ပူဇော်သည်ကို ခံထိုက်သော အာဟုနေယျပုဂ္ဂိုလ်အဖြစ် စသည် ပြီးစီးခြင်း** ဟူသည်ကား သက်သက် နိရောဓသမာပတ်ကို ဝင်စားနိုင်သည်၏ အဖြစ်သည်သာလျှင် (ဤပညာ ဘာဝနာ၏ အကျိုးအာနိသင် ဖြစ်သည်) မဟုတ်သေး၊ ဤအာဟုနေယျ ပုဂ္ဂိုလ်အဖြစ် စသည် ပြီးစီးခြင်း သည်လည်း ဤလောကုတ္တရာပညာကို ပွါးစေခြင်း-ပညာဘာဝနာ၏ အကျိုး အာနိသင်ဖြစ်သည်ဟု သိအပ်၏။ မှန်ပေ၏၊ သာမညအားဖြင့် လေးပါး အပြားရှိသည်လည်း ဖြစ်သော ဤ လောကုတ္တရာမဂ် ပညာကို ပွါးစေအပ်ပြီးဖြစ်သောကြောင့် [၂] ဘာဝိတပည (ပွါးစေပြီးသော ပညာရှိသူ)မည်သော ပုဂ္ဂိုလ်သည် နတ်နှင့်တကွသော လ ။

---

၁-ပါဠိဂါထာ၌ တဝါကျတည်းဖြစ်သော်လည်း သုတနည်းသူတို့ သိနားလည် လွယ်စေရန် ၃-ဝါကျခွဲ၍ပြန်ထားသည်။

၂-ဤအကြောင်းပြစကားဖြင့် "မည်သည့်မဂ်ပညာကို ပွါးစေပြီးဖြစ်သည်ဟု အထူးမခွဲခြားမူ၍ မဂ်ပညာတပါးကိုဖြစ်စေ၊ နှစ်ပါးကိုဖြစ်စေ၊ သုံးပါးကို ဖြစ်စေ၊ လေးပါးလုံးကိုဖြစ်စေ ပွါးစေပြီးဖြစ်သောကြောင့် ဘာဝိတပည ပုဂ္ဂိုလ်မည်သည်"ဟု သိစေ၏။

http://www.dhammadownload.com



အပေါင်းက အဝေးမှ ဆောင်ယူခဲ့၍ ပူဇော်သည်ကို ခံထိုက်ပေ၏[၁]။ ဧည့်သည်အတွက် စီမံထားသော သုံးဆောင်ဖွယ်ကို သော်လည်း ခံထိုက်ပေ၏[၂]။ တမလွန်လောကကိုယုံကြည်၍ ပေးလှူသော မြတ်သော အလှူကို ခံထိုက်ပေ၏[၃]။ လက်အုပ်ချီမိုး၍ ရှိခိုးခြင်းကို ခံထိုက်ပေ၏[၄]။ လူနတ်ပြဟ္မာ သတ္တဝါအပေါင်း၏ ကောင်းမှုကို စိုက်ပျိုးရာ လယ်ယာမြေ အကောင်းအမြတ်ဆုံး ဖြစ်ပေ၏။

၈၈၆။ အထူးအားဖြင့် (ခွဲခြား၍ ပြရပါ)မူကား ဤလေးပါးသောမဂ်ပညာတို့တွင် ပဌမမဂ်ပညာကို နှံ့သော ဝိပဿနာဖြင့် ပွါးစေ၍ လာခဲ့သော[၅] ပုဂ္ဂိုလ်သည် နုသော ဣန္ဒြေရှိသော်လည်း ခုနစ်ကြိမ် အတိုင်းအရှည်သာလျှင် ဘဝ၌ ဖြစ်ခြင်းရှိသော **သတ္တက္ခတ္တုပရမသောတာပန်**မည်၏၊ (ငင်းသည်)

---

၁-အာ-ဆောင်ယူခဲ့၍+ဟုနေယျ- ပူဇော်ထိုက်သည်- အာဟုနေယျ- အရပ်ဝေးမှသော်လည်း ဆောင်ယူခဲ့၍ ပူဇော်ထိုက်သည်၊ ထိုသို့ ပူဇော်ခြင်းကို ခံယူထိုက်သည်။

၂-ပါဟုန-ဧည့်သည်တို့အတွက် စီမံထားသောသုံးဆောင်ဖွယ် + ဧယျ-ထိုက်တန်သည် + ပါဟုနေယျ — ဧည့်သည်တို့အတွက် အမြတ်တနိုးပြုထားသော သုံးဆောင်ဖွယ်ကိုသော်လည်း ပေးလှူထိုက် ခံယူထိုက်သည်။

၃-ဒက္ခိဏာ-သတ္တဝါတို့၏ ကြီးပွါးကြောင်းဖြစ်သော ပေးလှူမှု၊ တမလွန်လောကကို ယုံကြည်၍ ပေးလှူမှုပင်တည်း၊ ၎င်းကို မြတ်သောအလှူဟု ရှေးဆရာတို့က ပြန်ကြ၏၊ ထိုမြတ်သောအလှူကို ခံယူထိုက်သောကြောင့် ဒက္ခိဏေယျ-မြတ်သောအလှူကို ခံထိုက်သောပုဂ္ဂိုလ်မည်၏။

၄-အဉ္ဇလိ-လက်အုပ်+ကရဏီယ - ပြုထိုက်သည် - အဉ္ဇလိကရဏီယ- လက်အုပ်ချီထိုက်-ရှိခိုးထိုက်သောပုဂ္ဂိုလ်။

၅-ပါဠိအစဉ်ရှိသည့်အတိုင်းပြန်လျှင် "ပဌမမဂ်ပညာကို ပွါးစေ၍ နှံ့သော ဝိပဿနာဖြင့် လာခဲ့သော"ဟူ၍ဖြစ်၏၊ မြန်မာစကားမချော၊ ထို့ကြောင့် ပုဒ်အစဉ်ရှေ့နောက်ပြန်လှန်၍ ပြန်ဆိုထားသည်။ နှံ့သော ဝိပဿနာဖြင့် ပဌမမဂ်သို့ ရောက်လာခဲ့သော-ဟု ဆိုလို၏။

http://www.dhammadownload.com



သုဂတိဘဝ၌ ခုနစ်ကြိမ် ကျင်လည်ခဲ့၍ ဆင်းရဲ၏ အဆုံးကိုပြု၏[၁]။ အလတ်စား ဖြစ်သော ဝိပဿနာဖြင့် (ပွါးစေ၍) လာခဲ့သော ပုဂ္ဂိုလ်သည် အလတ်စား ဣန္ဒြေရှိသည်ဖြစ်၍ အမျိုးမြတ်တခုမှ အမျိုးမြတ် တခု၌ ဖြစ်သော **ကောလံကောလ သောတာပန်** မည်၏၊ (ငင်းသည်)နှစ်ခု သုံးခုသော အမျိုးမြတ်ဘဝ တို့သို့ ပြေးသွားကျင်လည်၍ ဆင်းရဲ၏အဆုံးကို ပြု၏[၂]။ ထက်သော ဝိပဿနာ ဖြင့် (ပွါးစေ၍) လာခဲ့သောပုဂ္ဂိုလ်သည် ထက်သော ဣန္ဒြေရှိသည်ဖြစ်၍ ဘဝမျိုးစေ့တခုသာရှိသော **ကေဗိဇီသောတာပန်** မည်၏၊ (ငင်းသည်)တခု သော လူ့ဘဝကိုသာလျှင် ဖြစ်စေ ပြီးလျှင် ဆင်းရဲ၏ အဆုံးကို ပြု၏[၃]။

၈၈၇။ ဒုတိယမဂ်ပညာကို ပွါးစေ၍ (လာခဲ့သောပုဂ္ဂိုလ်သည် (တကြိမ် သာ ပြန်လာသော **သကဒါဂါမိပုဂ္ဂိုလ်**မည်၏၊ (ငင်းသည်) ဤလူ့ပြည်

---

၁-လူ့ဘဝ နတ်ဘဝဟူသော ကာမသုဂတိဘဝတို့၌ ခုနစ်ဘဝတိုင်တိုင် သော-တာပန်အဖြစ်နှင့်ပင် ကျင်လည်၍ ခုနစ်ခုမြောက် နောက်ဆုံးဘဝ၌သာလျှင် အထက်မဂ်ဖိုလ် ၃-ဆင့်ကို အစဉ်အတိုင်းတက်၍ ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန် ဝင်စံသည်ကို ဆိုလို၏။

၂-အနည်းဆုံး နှစ်ဘဝ,အများဆုံး ခြောက်ဘဝတိုင်တိုင် သောတာပန်အဖြစ် နှင့်ပင် ကျင်လည်၍ နောက်ဆုံးဘဝ၌သာလျှင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် ဝင်စံသည်ဟု ဆိုလို၏။

၃-လူ့ဘဝ၌ တကြိမ်သာလျှင် ထပ်၍ဖြစ်ပြီးလျှင် ထိုဘဝ၌ပင်လျှင် ရဟန္တာဖြစ် ၍ ပရိနိဗ္ဗာန်ဝင်စံသည်ဟု ဆိုလို၏။ တခုသော လူ့ဘဝဟူသည်မှာ ဒေသ-နာစဉ်မျှသာ၊ တခုသော နတ်ဘဝကိုသာလျှင် ဖြစ်စေပြီးလျှင် ရဟန္တာဖြစ် ၍ ပရိနိဗ္ဗာန်ဝင်စံသော ပုဂ္ဂိုလ်လည်း ကေဗိဇီပင်မည်သည်ဟု ဋီကာ၌ ဆို၏။ တခုသောဘဝ၌ သောတာပန်ဖြစ်ပြီးလျှင် အခြားတဘဝ၌ သက-ဒါဂါမ် အနာဂါမ်ဖြစ်၍ အခြားတဘဝ၌ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်မှာ ဤ၌ ပြဆိုထားသော သောတာပန်သုံးမျိုးမှ အလွတ် ဖြစ်သည်၊ ထိုသို့သော သောတာပန်ကို သကဒါဂါမ်ဘုံအဆင့် အနာဂါမ်ဘုံအဆင့် ရဟန္တာဘုံအဆင့်များသို့ တဆင့်ချင်း တက်သွားသောကြောင့် ဘုံစဉ်စံ ပုဂ္ဂိုလ်ဟု ခေါ်ကြ၏၊ ဝိသာခါ အနာထပိဏ်တို့ကဲ့သို့သော ပုဂ္ဂိုလ်များပင် တည်း။

http://www.dhammadownload.com



လောကသို့ ပဋိသန္ဓေအားဖြင့် တကြိမ်သာလျှင် ပြန်လာပြီးလျှင် ဆင်းရဲ၏ အဆုံးကိုပြု၏[၁]။

၈၈၈။ တတိယမဂ်ပညာကို ပွါးစေ၍ (လာခဲ့သောပုဂ္ဂိုလ်သည်) တဖန်ပြန်မလာသော **အနာဂါမိ** မည်၏။ ၎င်းသည် ဣန္ဒြေထူးခြားသည်၏ အစွမ်းအားဖြင့် အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ် ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ် အသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ် သသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ် ဥဒ္ဓံသောတအကနိဋ္ဌဂါမီပုဂ္ဂိုလ်ဟု ငါးပါး အပြားရှိ၏၊ (၎င်းတို့မှာ) ဤကာမလောကကို ပယ်စွန့်၍ (ဗြဟ္မာ့လောက၌ ပရိနိဗ္ဗာန် ပြုခြင်း ဟူသော) အပြီးအဆုံးရှိ၏[၂]၊ ထိုတွင် အကြား၌ ကိလေသာငြိမ်းသော **အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်**ဟူသည်ကား အမှတ်မရှိတစုံတခုသော သုဒ္ဓါဝါသဘုံ၌ ဖြစ်ပြီးလျှင် အသက်တမ်း၏ အလယ်သို့ မရောက်မူ၍သာလျှင် (ကိလေသာ ငြိမ်းခြင်းဖြင့်)ငြိမ်းသော ပုဂ္ဂိုလ်တည်း[၃]။ (စုတိ

---

၁-ဤလူ့လောက၌ သကဒါဂါမ်ဖြစ်၍ ဤလူ့လောက၌ပင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံမည့် သကဒါဂါမ်ပုဂ္ဂိုလ် ၁-ပါး၊ ဤ၌ဖြစ်၍ နတ်လောက၌ ပရိနိဗ္ဗာန်စံမည့် ပုဂ္ဂိုလ် ၁-ပါး၊ နတ်လောက၌ဖြစ်၍ နတ်လောက၌ပင် ပရိနိဗ္ဗာန်စံမည့် ပုဂ္ဂိုလ် ၁-ပါး၊ နတ်လောက၌ဖြစ်၍ ဤ၌ ပရိနိဗ္ဗာန်စံမည့် ပုဂ္ဂိုလ် ၁-ပါး၊ ဤလူ့လောက၌ဖြစ်၍ နတ်လောက၌ တဘဝဖြစ်ပြီးလျှင် ဤလူ့လောကသို့ ပြန်လာ၍ ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်စံမည့် သကဒါဂါမ် ပုဂ္ဂိုလ် ၁-ပါးအားဖြင့် ငါးပါးရှိ၏၊ ထိုတွင် ရှေး ၄-ပါးကို မယူမူ၍ နောက်ဆုံးပုဂ္ဂိုလ်ကိုသာ ဤ၌ပြသည်—ဟူ၏။

၂-ဤကာမလောကကို ပယ်စွန့်၍ ပြီးဆုံးခြင်းရှိသည်ဟု ဆိုသဖြင့် ရူပ-အရူပ ဗြဟ္မာ့လောက၌ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုခြင်းဟူသော ပြီးဆုံးခြင်း ရှိသည်ဟု သိအပ်၏။

၃-အန္တရာ-အသက်တမ်း၏ အလယ်သို့ မရောက်မူ၍ အကြား၌+ပရိနိဗ္ဗာယီ-ရဟန္တာဖြစ်လျက် ကိလေသာ ငြိမ်းလတ္တံ့သောပုဂ္ဂိုလ်၊ ကမ္ဘာတထောင် အသက်တမ်းရှိသော အဝိဟာဘုံ၌ဖြစ်လျှင် ကမ္ဘာငါးရာအတွင်း ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်ဟု ဆိုလို၏။ အတပ္ပါစသောဘုံတို့၌လည်း နည်းတူပင်။ ဤအရာ၌ အသက်တမ်း၏အလယ်သို့ မရောက်မူ၍ဟူသည်မှာ အသက်တမ်း၏ အလယ်သို့ ရောက်ပြီး လွန်ပြီးမဖြစ်မူ၍-ဟု ဆိုလို၏။ မှန်ပေ၏၊ ဤအန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်သည် သုဒ္ဓါဝါသဘုံ၌ ဖြစ်ခါစတွင် ရဟန္တာဖြစ်သူတပါး၊ အသက်တမ်း၏ အလယ်သို့ မရောက်မီ ရဟန္တာဖြစ်သူတပါး၊ အလယ်ပိုင်းသို့ရောက်မှ ရဟန္တာဖြစ်သူတပါးအားဖြင့် ၃-ပါးအပြား ရှိပေ၏။

http://www.dhammadownload.com



ကာလသို့) ကပ်ရောက်၍ ကိလေသာငြိမ်းသော **ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ်** ဟူသည်ကား[၁] အသက်တမ်း၏ အလယ်ကို ကျော်လွန်ပြီးလျှင် (ကိလေသာငြိမ်းခြင်းဖြင့်) ငြိမ်းသော ပုဂ္ဂိုလ်တည်း၊ အားထုတ်ခြင်း မရှိမူ၍ ကိလေသာငြိမ်းသော **အသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ်** ဟူသည်ကား လွန်ကဲသော အားထုတ်မှု ပယောဂမရှိသော (ဝိပဿနာ)အကျင့်ဖြင့် အထက်ဖြစ်သော အရဟတ္တမဂ်ကို ဖြစ်စေသော ပုဂ္ဂိုလ်တည်း[၂]။ အားထုတ်မှုနှင့်တကွ ကိလေသာငြိမ်းသော **သသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ်** ဟူသည်ကား လွန်ကဲသော အားထုတ်မှု ပယောဂရှိသော (ဝိပဿနာ)အကျင့်ဖြင့် အထက်ဖြစ်သော အရဟတ္တမဂ်ကို ဖြစ်စေသော ပုဂ္ဂိုလ်တည်း။ အထက်သို့ ဆန်တက်၍ အကနိဋ္ဌဘုံသို့ သွားသော

---

၁-ဥပဟစ္စ-စုတိကာလသို့ ကပ်၍-အသက်တမ်း၏ ထက်ဝက်ကို ကျော်လွန်၍+ပရိနိဗ္ဗာယီ-ကိလေသာ ငြိမ်းလတ့်သောပုဂ္ဂိုလ်။

၂-အသင်္ခါရ-အလွန်အကဲ အားထုတ်ရခြင်း မရှိပဲ+ပရိနိဗ္ဗာယီ - ကိလေသာ ငြိမ်းလတ့်သောပုဂ္ဂိုလ်။ ဠာန္တေထက်သောကြောင့် အလွန်အကဲ အားမထုတ်ရပဲ ချမ်းသာလွယ်ကူစွာနှင့် ရဟန္တာဖြစ်လတ့်သော အနာဂါမ်ပုဂ္ဂိုလ်ဟုဆိုလို၏။ ၎င်းသည် အန္တရာပရိနိဗ္ဗာယီ ၃-ပါး၊ ဥပဟစ္စပရိနိဗ္ဗာယီ ၁-ပါး၊ ဥဒ္ဓံသောတ ၁-ပါးအားဖြင့် ငါးပါးအပြားရှိ၏။ ထို့အတူ သသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ်သည်လည်း ငါးပါးပင် အပြားရှိ၏။ထို့ကြောင့် သုဒ္ဓါဝါသ အောက်၄-ဘုံ၌ အနာဂါမ် ၁၀-ပါးစီ ရ၏၊ အကနိဋ္ဌဘုံ၌ ဥဒ္ဓံသောတ ၂-ပါး မရသောကြောင့် ၈-ပါးသာ ရ၏၊ အားလုံးပေါင်းလိုက်လျှင် အနာဂါမ်ပုဂ္ဂိုလ် ၄၈-ပါးရသည်။ သောတာပန်သည်ကား ဒုက္ခပဋိပဒါဒန္ဓာဘိညာ ၁-ပါး၊ ဒုက္ခပဋိပဒါခိပ္ပါဘိညာ ၁-ပါး၊ သုခပဋိပဒါဒန္ဓာဘိညာ ၁-ပါး၊ သုခပဋိပဒါခိပ္ပါဘိညာ ၁-ပါးအားဖြင့် သတ္တက္ခတ္တုပရမ ၄-ပါး၊ ထို့အတူ ကောလံကောလ ၄-ပါး၊ ဧကဗီဇီ ၄-ပါး၊ အားလုံးပေါင်း သဒ္ဓါကို အမှူးပြု၍ အားထုတ်ခဲ့သော သဒ္ဓါနုသာရီပုဂ္ဂိုလ် ၁၂-ပါး၊ ထို့အတူ ပညာကိုအမှူးပြု၍ အားထုတ်ခဲ့သော ပညာနုသာရီပုဂ္ဂိုလ် ၁၂-ပါး၊ ဤသို့အားဖြင့် သောတာပန် ၂၄-ပါး ဖြစ်၏။

သကဒါဂါမ်သည်ကား အနတ္တဟု ရှု၍ သုညတဝိမောက္ခဖြင့် လွတ်မြောက်သော ပုဂ္ဂိုလ်သည် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာစသည်အားဖြင့် ၄-ပါး ပြား၏၊ ထို့အတူ အနိစ္စဟု ဒုက္ခဟု ရှု၍ အနိမိတ္တဝိမောက္ခ အပ္ပဏိဟိတဝိမောက္ခတို့ဖြင့် လွတ်သောပုဂ္ဂိုလ်တို့သည်လည်း ၄-ပါးစီ ပြားကုန်၏။ ထို့ကြောင့် သကဒါဂါမ်ပုဂ္ဂိုလ် ၁၂-ပါး ဖြစ်၏။

http://www.dhammadownload.com



**ဥဒ္ဓံသောတအကနိဋ္ဌဂါမီပုဂ္ဂိုလ်**ဟူသည်ကား မိမိဖြစ်ရာ သုဒ္ဓါဝါသဘုံမှ အထက်၌ အကနိဋ္ဌဘုံတိုင်အောင် တက်၍ ထိုအကနိဋ္ဌဘုံ၌ ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်တည်း [၁]။

၈၇၉။ စတုတ္ထမဂ်ပညာကို ပွါးစေ၍ (လာခဲ့သော) အချို့ပုဂ္ဂိုလ်သည် သဒ္ဓါဖြင့် လွတ်မြောက်သော **သဒ္ဓါဝိမုတ္တရဟန္တာ** မြတ်ကြီးဖြစ်၏[၂]၊ အချို့ပုဂ္ဂိုလ်သည် ပညာဖြင့် လွတ်မြောက်သော **ပညာဝိမုတ္တရဟန္တာ** မြတ်ကြီးဖြစ်၏[၃]၊ အချို့ပုဂ္ဂိုလ်သည် ရုပ်အဖို့ နာမ်အဖို့ နှစ်ပါးစုံမှ လွတ်မြောက်သော **ဥဘတောဘာဂဝိမုတ္တရဟန္တာ** မြတ်ကြီးဖြစ်၏[၄]၊ အချို့ပုဂ္ဂိုလ်သည် ဝိဇ္ဇာ သုံးပါးနှင့် ပြည့်စုံသော **တေဝိဇ္ဇရဟန္တာ** မြတ်ကြီးဖြစ်၏[၅]၊ အချို့ပုဂ္ဂိုလ်သည်

---

၁-အဝိဟာစသော အောက် သုဒ္ဓါဝါသ ၄ ဘုံတို့၌ ဖြစ်ပြီးလျှင် ထိုမှ စုတေ၍ အတပ္ပါစသော အထက်သုဒ္ဓါဝါသဘုံတို့၌ အစဉ်အတိုင်း ဖြစ်ပြီးလျှင် အကနိဋ္ဌဘုံသို့ရောက်မှ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံမည့် အနာဂါမ်သည် ဥဒ္ဓံသောတအကနိဋ္ဌဂါမီမည်၏။ ဥဒ္ဓံ- အထက်သို့+သောတ- ဆန်တက်၍+အကနိဋ္ဌဂါမီ—အကနိဋ္ဌဘုံသို့ သွားမည့်ပုဂ္ဂိုလ်။ အဝိဟာစသော အောက် ၃-ဘုံမှ အတပ္ပါ သုဒဿာ သုဒဿီဘုံတို့၌ အစဉ်အတိုင်းဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံမည့်ပုဂ္ဂိုလ်သည် ဥဒ္ဓံသောတနအကနိဋ္ဌဂါမီမည်၏။ ဤကာမလောကမှ အကနိဋ္ဌဘုံသို့ တိုက်ရိုက်ရောက်၍ ပရိနိဗ္ဗာန်ဝင်စံမည့် ပုဂ္ဂိုလ်သည် နဥဒ္ဓံသောတအကနိဋ္ဌဂါမီမည်၏။ အောက်သုဒ္ဓါဝါသ ၄-ဘုံတို့၌ဖြစ်၍ ထိုဖြစ်ရာဘုံ၌သာလျှင် ပရိနိဗ္ဗာန်ဝင်စံမည့် ပုဂ္ဂိုလ်သည် နဥဒ္ဓံသောတ နအကနိဋ္ဌဂါမီမည်၏။

၂-စာမျက်နှာ ၄၀၈-စာပိုဒ် ၇၇၂-၌ ပြန်ကြည့်ပါ။
၃-စာမျက်နှာ ၄၀၈-စာပိုဒ် ၇၇၄-၌ ပြန်ကြည့်ပါ။
၄-စာမျက်နှာ ၄၀၈ စာပိုဒ် ၇၇၃-၌ပြန်ကြည့်ပါ။

၅-ရှေးဘဝဟောင်းတို့ကို သိမြင်နိုင်သော ပုဗ္ဗေနိဝါသဝိဇ္ဇာဉာဏ် ၁-ပါး၊ သတ္တဝါတို့ ဘဝဟောင်းမှ သေ၍ ကံအားလျော်စွာ ဘဝသစ်၌ ဖြစ်ပုံနှင့်တကွ အဝေးအနီး အကြီးအသေး အလုံးစုံသော အဆင်းရူပါရုံတို့ကို မြင်သိနိုင်သော ဒိဗ္ဗစက္ခုဝိဇ္ဇာဉာဏ် ၁-ပါး၊ အာသဝေါကိလေသာတို့ကို ကုန်စေနိုင်သော အရဟတ္တမဂ်ဉာဏ်ဟူသော အာသဝက္ခယဝိဇ္ဇာဉာဏ် ၁-ပါး၊ ဤဝိဇ္ဇာ ၃-ပါးနှင့် ပြည့်စုံသည်ဟု ဆိုလို၏။

http://www.dhammadownload.com



အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော **ဆဠဘိညရဟန္တာ** မြတ်ကြီးဖြစ်၏[1]၊ အချို့ပုဂ္ဂိုလ်သည် လေးပါးသော ပဋိသမ္ဘိဒါဉာဏ် အထူးအပြားသို့ ရောက်သော **ပဋိသမ္ဘိဒါပတ္တရဟန္တာ**မြတ်ကြီး ဖြစ်၏[2]၊ ယင်းသို့သော ရဟန္တာမြတ်ကြီးကို[3] ရည်ရွယ်၍.... "ဤရဟန်းသည် မဂ်ခဏ၌ ထိုတဏှာအရှုပ်ကို ဖြေရှင်းဆဲမည်၏၊ [၅၃၃] ဖိုလ်ခဏ၌ တဏှာအရှုပ်ကို ဖြေရှင်းပြီးသည်ဖြစ်၍ နတ်နှင့်တကွသော တလောကလုံး၏ မြတ်သော အလှူကို ခံတော်မူထိုက်သော ရဟန္တာမြတ်ကြီး ဖြစ်သွားပေ၏"ဟု ငါ ဆိုခဲ့ပေသည်။

> အရိယာ ပညာကို ပွါးစေခြင်းသည် ဤဆိုခဲ့သည့်အတိုင်းပင် များစွာသော အကျိုး အာနိသင် ရှိပေ၏၊ ထို့ကြောင့် မျှော်မြင်တတ်သော ပညာရှိသည် ထိုအရိယာပညာကို ပွါးစေခြင်း၌ မွေ့လျော်ခြင်းကို ပြုရာတော့သတည်း။

---

၁-အထွေထွေအမျိုးမျိုး တန်ခိုးဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓအဘိညာဉ် ၁-ပါး၊ အဝေးအနီး အကြီးအသေး အလုံးစုံသော အသံဟူသမျှတို့ကို ကြားသိနိုင်သော ဒိဗ္ဗသောတဉာဏ် ၁-ပါး၊ သူတပါးတို့၏ စိတ်အကြံကို သိနိုင်သော စေတောပရိယဉာဏ် ၁-ပါး၊ ၎င်းကို ပရစိတ္တဝိဇာနနအဘိညာဏ်ဟူ၍လည်း ခေါ်၏၊ ပုဗ္ဗေနိဝါသဉာဏ် ၁-ပါး၊ ဒိဗ္ဗစက္ခုဉာဏ် ၁-ပါး၊ အာသဝက္ခယဉာဏ် ၁-ပါး၊ ဤအဘိညာဉ် ၆-ပါးနှင့် ပြည့်စုံသည်ဟု ဆိုလို၏။

၂-ခန္ဓနိဒ္ဒေသ စာပိုဒ် ၄၂၈-၌ ကြည့်ပါ။

၃-ရဟန္တာတို့သည် သကဒါဂါမ်ကဲ့သို့ပင် သုညတ အနိမိတ္တ အပ္ပဏိဟိတဝိမောက္ခတို့ဖြင့်၎င်း၊ ပဋိပဒါ ၄-ပါးတို့ဖြင့်၎င်း မြောက်ပွါး၍ ၁၂-ပါး ဖြစ်ကုန်၏၊ ၎င်းတို့သည်လည်း ပညာဝိမုတ္တ ၁၂-ပါး၊ ဥဘတောဘာဂဝိမုတ္တ ၁၂-ပါး၊ တေဝိဇ္ဇ ၁၂-ပါး၊ ဆဠဘိည ၁၂-ပါး၊ ပဋိသမ္ဘိဒါပတ္တ ၁၂-ပါး။ ဤသို့ အားဖြင့် ၆၀-အပြား ရှိကုန်၏။ ပြဆိုခဲ့သည့်အတိုင်း အနာဂါမ် ၄၈-ပါး၊ သောတာပန် ၂၄-ပါး၊ သကဒါဂါမ် ၁၂-ပါး၊ ရဟန္တာ ၆၀၊ ပစ္စေကဗုဒ္ဓါ ၁-ပါး၊ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား ၁-ပါး၊ အားလုံး စုစုပေါင်း အရိယာပုဂ္ဂိုလ် အရေအတွက် ၁၄၆-ပါး ရသည်ဟု ဋီကာ၌ ပြ၏။ ထိုတွင် ဤအရာ၌ ဘုရားပစ္စေကဗုဒ္ဓါတို့နှင့်တကွ ရဟန္တာ ၆၀-တို့ကို ရည်ရွယ်သည်ဟု သိအပ်၏။

http://www.dhammadownload.com



၇၉၀။ ဤမျှသော စကားအစဉ်ဖြင့်[၁]....

"ပညာရှိသော လူသည် သီလ၌ တည်၍ ပူပန်စေမှု (လုံ့လ)ရှိလျက် ရင့်ကျက်သည်(ဆင်ခြင်ဉာဏ်ရှိသည်)ဖြစ်၍ စိတ်ကိုရင်း ပညာကိုရင်း ပွါးစေသော် ထိုသို့သော ရဟန်းသည် ဤအရှုပ်အထွေးကို ဖြေရှင်းနိုင်ပေ၏"ဟူသော-

ဤဂါထာ၌[၂] သီလသမာဓိ ပညာကို ပဓာနပြုသဖြင့် ဟောထားသော[၃] နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းဖြစ်သော ဝိသုဒ္ဓိမဂ်၌ ပညာဘာဝနာကို အကျိုးအာနိသင်နှင့်တကွ ကြွင်းမဲ့ ဥဿုံ အလုံးစုံ ပြီးပြီး ဖြစ်လေပြီ။

ဤသည်ကား သူတော်ကောင်းတို့၏ နှစ်သိမ့်ဝမ်းမြောက်ခြင်းအကျိုးငှါ စီရင်(အပ်)သော ဝိသုဒ္ဓိမဂ်ကျမ်းဝယ် ပညာ ဘာဝနာ အရာ၌ ပညာဘာဝနာ၏ အကျိုးအာနိသင်ကို အကျယ် ပြချက် (ပညာဘာဝနာနိသံသနိဒ္ဒေသ)မည်သော နှစ်ဆယ့်သုံးခုမြောက်ဖြစ်သော အပိုင်းအခဏ်းပေတည်း။

ပညာဘာဝနာ၏ အကျိုးအာနိသင် အကျယ်ပြချက် ပြီး၏။

---

၁-ဤမျှသောစကားအစဉ်ဖြင့်....အလုံးစုံ ပြီးပြီးဖြစ်လေပြီ-ဟု စပ်ပါ။

၂-၃-ဤဂါထာ၌....ဟောထားသော....ဝိသုဒ္ဓိမဂ်၌-ဟု စပ်ပါ။

http://www.dhammadownload.com



## နိဂုံးကို ပြဆိုချက်

[၃၅၄] ၇၉၁။ ဤမျှသော စကားအစဉ်ဖြင့် ၁

"ပညာရှိသောလူသည် သီလ၌တည်၍ ပူပန်စေမှု (လုံ့လ)ရှိလျက် ရင့်ကျက်သည်(ဆင်ခြင်ဉာဏ်ရှိသည်)ဖြစ်၍ စိတ်ကိုငှင်း ပညာကိုငှင်း ပွါးစေသော် ထိုသို့သော ရဟန်းသည် ဤအရှုပ်အထွေးကို ဖြေရှင်းနိုင်ပေ၏"ဟူသော

ဤဂါထာကို မှုတည်ချထားပြီးလျှင်၂....

"ယခုအခါ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဤဂါထာ၏ သီလစသည့် အပြားရှိသော မဖောက်မပြန် မှန်ကန်သော အနက်ကို ဖွင့်ပြလျက်....

မြတ်စွာဘုရား၏ သာသနာတော်၌ အလွန်ရခဲသော ရှင်ရဟန်းအဖြစ်ကို ရကုန်ပြီး၍ သီလစသည်တို့ဖြင့် ရေတွက်အပ် (သိမ်းယူအပ်)သော ဘေးကင်းသော ဖြောင့်မတ်သော နိဗ္ဗာန်၏ (ရောက်ကြောင်းအကျင့်)လမ်းကို....

မှန်ကန်စွာ မသိကုန်သော ယောဂီတို့သည် ဤ(သာသနာတော်)၌ စင်ကြယ်သော နိဗ္ဗာန်ကို အလိုရှိကြ၍ အားထုတ်ပါကုန်သော်လည်း စင်ကြယ်သောနိဗ္ဗာန်ကို မရပဲ ရှိနေကုန်၏။

ထိုသို့သော ယောဂီတို့အား နှစ်သိမ့်ဝမ်းမြောက်ခြင်းကို ဖြစ်စေနိုင်သော ကောင်းစွာ စင်ကြယ်သည့် အဆုံးအဖြတ်တို့နှင့် ပြည့်စုံသော မဟာဝိဟာရငါသီ မထေရ်မြတ်တို့၏ ဟောနည်း (သင်ကြားနည်း)ကို မှီ(၍ ပြလတ္တံ့)သော-

ဝိသုဒ္ဓိမဂ် (နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်း)ကို ဆိုပေအံ့၊ စင်ကြယ်သော နိဗ္ဗာန်ကို အလိုရှိကုန်သော အလုံးစုံသော သင်

---

၁-ဤမျှသောစကားအစဉ်ဖြင့်....ဤ ဝိသုဒ္ဓိမဂ်ကျမ်းကို ဆိုအပ်ပြီး ဖြစ်လေပြီ-ဟု စပ်ပါ။

၂-မှုတည်ချထားပြီးလျှင်....ငါတို့ဝန်ခံခဲ့လေပြီ-ဟု စပ်ပါ။

http://www.dhammadownload.com



သူတော်ကောင်းတို့သည် ရိုသေစွာ ဆိုလတ့်သော ငါ၏ ထို(ဝိသုဒ္ဓိမဂ်)ကို (ရိုသေစွာ)နာယူမှတ်သားကြပါကုန်လော့”ဟူ၍

အကြင် ဝိသုဒ္ဓိမဂ်ကျမ်းကို ဆိုရန် ငါတို့ ဝန်ခံခဲ့ကုန်ပြီ၊ ထိုဝန်ခံခဲ့သော ဤဝိသုဒ္ဓိမဂ်ကျမ်းကို (ရေးသားစီရင်လျက်)ဆိုအပ်ပြီး ဖြစ်လေပြီ။

၈၉၂။ ထိုဝိသုဒ္ဓိမဂ်ကျမ်း၌[၁]....

သီလစသည် အပြားရှိကုန်သော ထို (မူရင်းဂါထာ၌ ဟောထားသော) အနက်တို့၏[၂] အဆုံးအဖြတ်ကို[၃] နိကာယ်ငါးရပ်တို့၏အနက်ကို ဖွင့်ပြရာ အဋ္ဌကထာနည်း၌ မိန့်ဆိုထားလေသည်။

ထို(မိန့်ဆိုထားသောအဆုံးအဖြတ်) အလုံးစုံကို ယေဘုယျအားဖြင့် စုရုံးဆောင်ယူ၍ ဝါဒချင်း ရောယှက်မှုဟူသော အပြစ်ဒေါသတို့မှ ကင်းလွတ်သော အနက်ကို အဆုံးအဖြတ်နှင့်တကွ ပြထားအပ်ပေ၏။

ထို(သို့ ပြထားသော)ကြောင့် စင်ကြယ်သော နိဗ္ဗာန်ကို အလိုရှိကုန်သော စင်ကြယ်သော ဉာဏ်ပညာနှင့် ပြည့်စုံကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် ဤဝိသုဒ္ဓိမဂ်ကျမ်း၌ ရိုသေလေးစားခြင်းကို ပြုအပ်ပြုသင့် ပြုထိုက်လှသည်သာတည်း။

[၃၅၅] ၈၉၃။ ခွဲခြမ်း ဝေဘန်၍ ဆိုလေ့ရှိသော - ဝိဘဇ္ဇဝါဒီပုဂ္ဂိုလ်မြတ်ဖြစ်ကုန်သော[၄] များသော အခြံအရံရှိကုန်သော မဟာဝိဟာရဝါသီဂိုဏ်းဝင် မထေရ်တို့၏ အနွယ်အဆက်၌ ဖြစ်တော်မူသော ထင်စွာပြနိုင်သည့် ပညာရှိဖြစ်တော်မူသော-

---

၁-ထိုဝိသုဒ္ဓိမဂ်ကျမ်း၌....ပြထားအပ်ပေ၏-ဟု စပ်ပါ။

၂-သီလေ ပတိဋ္ဌာယ-အစရှိသော မူရင်းပါဠိဂါထာ-ပညာရှိသောလူသည် သီလ၌ တည်၍-စသည်ဖြင့် ပြန်ဆိုထားသော မြန်မာပြန် ဂါထာ၌ ဟောထားသော သီလ သမာဓိ ပညာဟူသော အနက်တို့၏ (အဆုံးအဖြတ်)ဟု ဆိုလို၏။

၃-အဆုံးအဖြတ်ကို....မိန့်ဆိုထားလေသည်-ဟု စပ်ပါ။

၄-ဝိဘဇ္ဇ-ခွဲခြမ်းဝေဘန်၍+ဝါဒီ-ဆိုလေ့ရှိသော ပုဂ္ဂိုလ်။ ဝိဘဇ္ဇဝါဒီပုဂ္ဂိုလ်မြတ်ဖြစ်ကုန်သော....မထေရ်တို့၏-ဟု စပ်ပါ။

http://www.dhammadownload.com



**အရှင် သံဃပါလမထေရ်**သည် ကိလေသာကို ခေါင်းပါးစေတတ်သော စင်ကြယ်သော ဓုတင်အကျင့်နှင့်လည်း ပြည့်စုံတော်မူပေ၏၊ ဝါရိတ္တသီလ စာရိတ္တသီလနှင့်လည်း ပြည့်စုံကော်မူပေ၏၊ (သမာဓိ ပညာ) အကျင့် ပဋိပတ်၌လည်း မပြတ်အားထုတ်တော်မူပေ၏။

သည်းခံခြင်း ကောင်းသောအမှု၌ မွေ့လျော်ခြင်း ချမ်းသာစေလိုသော မေတ္တာအစရှိသော ဂုဏ်တို့ဖြင့် ထုံအပ်သော စိတ်နှလုံးလည်း ရှိတော်မူပေ၏[၁]၊ (ထိုအရှင် သံဃပါလမထေရ်၏)[၂] တိုက်တွန်းတောင်းပန်ချက်ကို လက်ခံပြီးလျှင် သူတော်ကောင်းတရား၏ ရှည်မြင့်စွာ တည်တံ့ခြင်းကို အလိုရှိသည်ဖြစ်၍ ဤဝိသုဒ္ဓိမဂ်ကျမ်းကို ပြုစီရင်သော ငါသည် အကြင်ကောင်းမှု အပေါင်းကို ရအပ်ပြီ၊ ထိုကောင်းမှု အပေါင်း၏ အစွမ်းအာနုဘော်ကြောင့် အလုံးစုံသော သတ္တဝါတို့သည် (လူနက်နိဗ္ဗာန် သုံးတန်သော) ချမ်းသာသို့ ရောက်ကြပါစေကုန်သတည်း။ (၂-ဂါထာပေါင်း)

၇၉၄။ ဤသာသနာတော်၌ ဤဝိသုဒ္ဓိမဂ်ကျမ်းသည် ငါးဆယ့်ရှစ်လုည့် ရွတ်စာရှိသော ပါဠိဖြင့်[၃] အန္တရာယ်မရှိပဲ ပြီးဆုံးအောင်မြင်လေသကဲ့သို့

---

၁-သည်းခံခြင်းဂုဏ် ကောင်းစွာအမှု၌ မွေ့လျော်ခြင်းဂုဏ် ချမ်းသာစေလိုသော မေတ္တာဂုဏ် ဤသို့ အစရှိသောဂုဏ်တို့ဖြင့် ထုံထားသော စိတ်နှလုံး ရှိတော်မူသည်ဟု ဆိုလို၏။

၂-သံဃပါလမထေရ်၏ ဂုဏ်ဝိသေသနပုဒ်တို့ကို သိနားလည်လွယ်စေရန် ပဓာနပုဒ်များ ပြုလုပ်လျက် ဝါကျများစွာခွဲ၍ ပြန်ထားသည်၊ ထို့ကြောင့် ဤအရာ၌ နောက်စကားနှင့် ဆက်မိစေရန် လက်သည်းကွင်းနှင့် သမ္ဗန်ပုဒ်အပိုထည့်ရသည်။

၃-မရပ်မနားပဲ တဆက်တည်း ရွတ်နိုင်လောက်သော ပါဠိစကားရပ်ကို ဘာဏဝါရ တခု-ဟု ခေါ်သည်။ တပါဒလျှင် ရှစ်လုံးစီရှိသော ၄-ပါဒအက္ခရာ ၃၂-လုံး အရေအတွက်ရှိသော ဂါထာအပိုင်းအခြားဖြင့် ဂါထာ ၂၅၀-ခန့်ရှိသော ပါဠိစကားရပ်စုပင် ဖြစ်သည်။ မြန်မာဝေါဟာရအားဖြင့် တကြိမ်ရွတ်စာ-တလှည့်ရွတ်စာရှိသော စကားရပ်ဟု သိအပ်၏။ ထိုသို့သော ဘာဏဝါရပေါင်း ၅၈-ဘာဏဝါရဖြင့် ဤကျမ်း ပြီးဆုံးသည်ဟု ဆိုလို၏။

http://www.dhammadownload.com



ထိုအတူပင် သတ္တဝါအပေါင်းဟူသော တလောကလုံး၏ ကောင်းကျိုးကို မှီသော အလုံးစုံသော နှလုံးအလို အကြံအစည်ဟူသမျှတို့သည် အန္တရာယ်မရှိပဲ လျင်စွာ လျင်စွာ ပြီးစီးပြည့်စုံကြပါစေကုန်သတည်း။ (၂-ဂါထာပေါင်း)

၇၉၅။ အလွန်စင်ကြယ်သော[1] သဒ္ဓါ ပညာ ဝီရိယတို့ဖြင့် တန်းဆာဆင်အပ်သော[1] ဝါရိတ္တသီလ စာရိတ္တသီလ ဖြောင့်မတ်ခြင်း နူးညံ့ခြင်း အစရှိသော ဂုဏ်အပေါင်းတို့၏ စုဝေးရာဖြစ်သော[2] မိမိအယူနှင့် ဂိုဏ်းတပါးအယူတည်းဟူသော တောရှုပ်၌ သက်ဝင်ခြင်းငှါ စွမ်းနိုင်သော[3] ပညာ၏

---

၁-အလွန်စင်ကြယ်သော ဝါရိတ္တသီလ စာရိတ္တသီလဟူ၍ရင်း၊ သဒ္ဓါဖြင့် တန်းဆာဆင်အပ်သော ဝါရိတ္တသီလ, ပညာ ဝီရိယတို့ဖြင့် တန်းဆာဆင်အပ်သော စာရိတ္တသီလဟူ၍ရင်း ဆက်စပ်၍ အနက်အဓိပ္ပါယ်ယူပါ။ ထိုတွင် "ပါတိမောက္ခသံဝရသီလကို သဒ္ဓါတရားဖြင့် ပြည့်စုံစေအပ်၏" ဟု သီလနိဒ္ဒေသ စာပိုဒ် ၁၉-၌ ဆိုခဲ့သည်နှင့်အညီ ဤ၌ သဒ္ဓါဖြင့်တန်းဆာဆင်သည်ဟု ဆိုသည်။ "ဣန္ဒြိယသံဝရသီလကို သတိတရားဖြင့် ပြည့်စုံစေအပ်၏။ အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယဖြင့် ပြည့်စုံစေအပ်၏။ ပစ္စယသန္နိဿိတသီလကို ပစ္စဝေက္ခဏာဉာဏ်ပညာဖြင့် ပြည့်စုံစေအပ်၏" ဟု (၎င်း၌ပင်)ဆိုခဲ့သည်နှင့်အညီ ဤ၌ ပညာဝီရိယတို့ဖြင့် တန်းဆာဆင်သည်ဟု ဆိုသည်။ ပညာဖြင့် တန်းဆာဆင်သည်ဟု ဆိုလျှင် သတိဖြင့်တန်းဆာဆင်ခြင်းလည်း ပြီးစီးပြည့်စုံတော့သည်သာတည်း။ ဤအရာတွင် ပါဠိ၌ "ပဋိမဏ္ဍိတသီလာ-စာရ...." ဟုရှိသော မူကွဲသာ ယုတ္တတရဖြစ်သည်၊

၂-ဤပုဒ်သည် အရှင်ဗုဒ္ဓဃောသ၏ ဂုဏ်ပုဒ်ဖြစ်သည်၊ ဂုဏ်အပေါင်းတို့၏ စုဝေးရာဖြစ်သော....ဗုဒ္ဓဃောသဟု....ဘွဲ့အမည်ရှိသော မထေရ်သည်-ဟု စပ်ပါ။

၃-မဟာဝိဟာရဝါသီဂိုဏ်းသားတို့၏ အယူသည် သကသမယ-မိမိအယူမည်၏၊ အဘယဂိရိဝါသီစသော တပါးသော ဂိုဏ်းသားတို့၏ အယူသည် သမယန္တရ-ဂိုဏ်းတပါးအယူမည်၏။ တနည်း သာသနာတွင်းအယူသည် သကသမယ-မိမိအယူမည်၏၊ သာသနာပဗာဟိရပုဂ္ဂိုလ်တို့၏ အယူသည် သမယန္တရ ဂိုဏ်းတပါးအယူမည်၏။ ထိုအယူတို့၌ ရှုပ်ထွေးခက်ခဲနက်နဲသောအရာသည် ဂဟန-တောရှုပ်မည်၏။ သွားလာနိုင်ခဲသော တောရှုပ်နှင့်တူသော အရာဟု ဆိုလို၏။ ထိုသို့သော အရှုပ်အထွေး အခက်အခဲတို့၌ သက်ဝင်နိုင်သော စွမ်းရည်နှင့် ပြည့်စုံသော ဗုဒ္ဓဃောသမထေရ်ဟု ဆိုလို၏။ ပါဠိအရ ဖော်ပြ

http://www.dhammadownload.com



ထက်မြက်ခြင်းနှင့် ပြည့်စုံသော[1] အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံဟူသော ပရိယတ်ကျမ်းဂန် အထူးအပြားရှိသော[2] မြတ်စွာဘုရား၏ သာသနာတော်၌ အပိတ်အပင် အဆီးအတားကင်းသော ဉာဏ်၏ဖွမ်းရည်နှင့် ပြည့်စုံသော[3] သဒ္ဒါကျမ်းတတ် ဗျာကရုဏ်းဆရာမြတ်ကြီး ဖြစ်သော[3] ကရိုဏ်း၏ပြည့်စုံခြင်းဖြင့် ဖြစ်စေအပ်သည်ဖြစ်၍ အလွယ်တကူ ပေါ်ထွက်လာသည့် ချိုသာခံ့ညားသော စကား၏ လေးနက်ခြင်းနှင့် ပြည့်စုံသော[3] သင့်လျော်စွာ နှောင့်နှေးခြင်းမရှိပဲ လွတ်လွတ်ပြောဆိုလေ့ရှိသော[4] အယူဝါဒကို ပြောဆိုသောပုဂ္ဂိုလ်တို့တွင် မြတ်သောပုဂ္ဂိုလ်ဖြစ်သော[4] ကဗျာလင်္ကာစီကုံးတတ်သူ (မဟာကဝိ) ပညာရှိကြီးဖြစ်သော[4] အဘိညာဉ်ခြောက်ပါး ပဋိသမ္ဘိဒါ လေးပါးစသည် အပြားရှိသော ဂုဏ်တို့ဖြင့် တန်းဆာဆင်အပ်သော[5] လွန်ကဲထူးမြတ်သော (ဈာန်ရအရိယာဖြစ်သော)လူတို့၏ဈာန်မဂ်ဖိုလ်တရား၌ အပိတ်အပင်အဆီးအတားကင်းသော ဉာဏ်ပညာရှိကုန်သော[6] အရှင်မဟာကဿပ အစရှိသော မထေရ်တို့၏ အနွယ်အဆက်ကို ပြတတ်သည့် ဆီမီး တန်ဆောင်သဖွယ်ဖြစ်ကုန်သော မဟာဝိဟာရဝါသီ ဂိုဏ်းဝင် ထေရ်အရှင်တို့၏ အနွယ်အဆက်

---

ခြင်းဖြစ်သည်၊ မြန်မာပြန်၌ နီးစပ်လျက်ရှိသောပုဒ်နှင့်စပ်လျှင် သာ၍ ချောမောဘွယ်ရှိ၏။ ထို့ကြောင့် ပါဠိ၌လည်း သမတ္တပညာဝေယျတ္တိယ-သမန္နာဂတေန-ဟု သမာသ်စပ်လျက် ရှိသင့်၏။ သို့ရှိလျှင် ဤမြန်မာပြန်၌လည်း စွမ်းနိုင်သော ပညာ၏ ထက်မြက်ခြင်း-ဟု စပ်အပ်၏။

၁-ပညာ၏ ထက်မြက်ခြင်းနှင့် ပြည့်စုံသော ဗုဒ္ဓဃောသမထေရ်ဟု ဆိုလို၏။

၂-ပရိယတ်ကျမ်းဂန် အထူးအပြားရှိသော....သာသနာတော်၌-ဟု စပ်ပါ။

၃-ဤ ၃-ပုဒ်သည်လည်း အရှင်ဗုဒ္ဓဃောသ၏ ဂုဏ်ပုဒ်များပင် ဖြစ်သည်၊ မထေရ်သည်-ဟူသော ပုဒ်၌ စပ်ပါ။

၄-ဤ ၃-ပုဒ်၌လည်း အရှင်ဗုဒ္ဓဃောသ၏ ဂုဏ်ပုဒ်များပင်ဖြစ်သည်။

၅-ဂုဏ်တို့ဖြင့် တန်းဆာဆင်အပ်သော....ဈာန်မဂ်ဖိုလ်တရား၌-ဟု စပ်ပါ။

၆-အပိတ်အပင် အဆီးအတားကင်းသော ဉာဏ်ပညာရှိကုန်သော....ထေရ်အရှင်တို့၏-ဟု စပ်ပါ။

http://www.dhammadownload.com



၏ အဆင်တန်းဆာ သ႒ယ် ဖြစ်သော[၁] ပြန့်ပြော စင်ကြယ်သော ဉာဏ်ပညာနှင့် ပြည့်ဖုံသော[၁] **မောရဏ္ဍရွာသားဟု** ခေါ်ဆိုအပ်သော[၁] **ဗုဒ္ဓဃောသ** ဟု ဆရာဥပဇ္ဈာယ်ဘိုက မှတ်ယူထားသော (ပေးထားသော) ဘွဲ့အမည်

---

၁-ဤ ၃-ပုဒ်သည်လည်း အရှင်ဗုဒ္ဓဃောသ၏ ဂုဏ်ပုဒ်များပင် ဖြစ်သည်။ ထိုတွင် နောက်ဆုံးပုဒ်မှာ မောရဏ္ဍခေဋကဝတ္တဗ္ဗေန-ပုဒ်မှ ပြန်ဆိုချက်ဖြစ်သည်။ ခေဋပုဒ်၌ (၁) ရွာ (၂) တောနယ်သား လယ်သမားတို့၏နေရာ (၃) မြို့ငယ်-ဟူ၍ ၃-ခုသော အနက်တို့ကို သက္ကတအဘိဓာန်၌ ပြဆိုထား၏၊ အိန္ဒိယတောင်ပိုင်း အရပ်ဒေသတို့၌ ရွာကို ခေဍာဟု ယခုထက်တိုင် ခေါ်ဝေါ်လျက်ရှိ၏၊ ထို့ကြောင့် .. မောရဏ္ဍော စ သော ခေဋော စာတိ မောရဏ္ဍခေဋော၊ တတ္ထ ဇာတောတိ "မောရဏ္ဍခေဋကော၊ တထာ ဝတ္တဗ္ဗောတိ မောရဏ္ဍခေဋကဝတ္တဗ္ဗော၊ တေန....မောရဏ္ဍော စ၊ မောရဏ္ဍ (ဒေါင်းဥ)မည်သည်လည်း ဟုတ်၏၊ သော၊ ထိုသည်။ ခေဋော စ၊ ရွာလည်း ဟုတ်၏။ ဣတိ၊ ထို့ကြောင့်။ မောရဏ္ဍခေဋော၊ မောရဏ္ဍခေဋမည်၏။ တတ္ထ၊ ထိုမောရဏ္ဍ(ဒေါင်းဥ)ရွာ၌။ ဇာတော၊ ဖွား၏။ ဣတိ၊ ထို့ကြောင့်။ မောရဏ္ဍခေဋကော၊ မောရဏ္ဍခေဋကမည်၏။ တထာ၊ ထိုသို့မောရဏ္ဍ-ခေဋက-မောရဏ္ဍရွာသားဟူ၍။ ဝတ္တဗ္ဗော၊ ခေါ်ဆိုအပ်၏။ ဣတိ၊ ထို့ကြောင့်။ မောရဏ္ဍခေဋကဝတ္တဗ္ဗော၊ မောရဏ္ဍရွာသားဟု ခေါ်ဆိုအပ်သူမည်၏။ တေန၊ ထိုမောရဏ္ဍ (ဒေါင်းဥ) ရွာသားဟု ဆိုအပ်သော (မထေရ်) သည်" ဤသို့ဝစနတ္ထပြု၍ ပြန်ဆိုထားသော အနက်ဖြစ်သည်။

မောရဏ္ဍရွာ အဘယ်အရပ်၌ ရှိသနည်းဟူမူ?....ယခုခေတ်၌ အိန္ဒိယ တောင်ပိုင်း ဂုန္တာဒိစတြိတ်တွင် နာဂါရ်ဇုနကောဏ္ဍမည်သော အရပ်မှ ၅၁-မိုင်ခန့် အမရဝတီမည်သောအရပ်မှ ၅၈-မိုင်ခန့်ဝေးသော အရပ်ဒေသ၌ ကောတနေမလိပုရိမည်သော ဌာနနှင့် ဂုန္ဒလပလ္လီမည်သော ဌာနတို့ရှိကြ၏၊ ထိုဒေသ ပတ်ဝန်းကျင်၌ ဗုဒ္ဓသာသနာနှင့်ဆိုင်သော ရှေးဟောင်းအဆောက်အဉီ ပျက်များ ပြန့်ကြဲလျက်ရှိသည်ဟူ၏။ ထိုနယ်ပယ်သားဖြစ်သော တေလဂူတို့၏ ဝေါဟာရအားဖြင့် ဒေါင်းကို နေမလိ-ဟု ခေါ်၍ ဥ-ကို ဂုန္ဒလု-ဟု ခေါ်၏။ ထို့ကြောင့် ထိုဌာနနှစ်ခုသည် ရှေးက မောရဏ္ဍခေဋ-ဒေါင်းဥရွာဟုခေါ်သော အရှင်ဗုဒ္ဓဃောသမထေရ်၏ ဇာတိချက်မြှုပ်ရွာ ဖြစ်တန်ရာသည်ဟု ရှေးဟောင်းပစ္စည်းတို့ကို ရှာသော အိန္ဒိယအစိုးရ စူးစမ်းရှာဖွေရေးဌာန ပညာရှိတို့က ယူဆကြ၏။

http://www.dhammadownload.com



ရှိသော မထေရ်သည် ဝိသုဒ္ဓိမဂ်မည်သော ဤကျမ်းကို ရေးသား တီထွင် (စီရင်အပ်)ပေ၏။ (ဤဝိသုဒ္ဓိမဂ်ကျမ်းသည်)[၁]

[၃၅၆] ၇၉၆။ သန့်ရှင်းစင်ကြယ်သော စိတ်နှလုံးရှိတော်မူသော အကောင်း အဆိုး နှစ်ခုကို အတူပြု၍ ရှုနိုင်သော **တာဒိဂုဏ်နှင့်** ပြည့်စုံတော်မူသော လောကသုံးပါး၌ အကြီးအမြတ်ဆုံး ဖြစ်တော်မူသော သီလ ဂုဏ်စသော အမြတ်ကို ရှာမှီးတော်မူပြီးသော မြတ်စွာဘုရား၏ **"ဗုဒ္ဓ-သိတော်မူသောဘုရား"** ဟူသော အမည်တော်မျှသော်လည်း အကြွင်းမျှလောက်သော ကာလပတ်လုံး လောကသုံးပါး၌ မပြတ် ဖြစ်လျက် တည်လျက်ရှိသေး၏။[၂]

ထိုမျှလောက်သော ကာလပတ်လုံး[၃] လောကမှ ထွက်မြောက်ခြင်းကို ရှာမှီးလေ့ရှိကုန်သော အမျိုးကောင်းသားတို့အား သီလစသည် စင်ကြယ်ခြင်းအကျိုးငှါ နည်းနိဿယကို ဖော်ပြလျက်[၃] လောက သုံးပါး၌ မကွယ်ပပဲ တည်မြဲတည်တံ့ပါစေသတည်း။

ဝိသုဒ္ဓိမဂ်ကျမ်း ပြီး၏။

---

၁-ဤအရာ၌ တိုက်ရိုက်ပြန်လျှင် "မထေရ်သည် ရေးသားတီထွင်စီရင်အပ်သော ဝိသုဒ္ဓိမဂ်မည်သော ကျမ်းသည်"-ဟူ၍ ဖြစ်၏။ ဝါကျရှည်လျားလွန်းသောကြောင့် ဝါကျခွဲ၍ ပြန်လိုက်သည်။ ထိုသို့ ခွဲ၍ပြန်ရာ၌ နောက်စကားနှင့် ဆက်စပ်ရန် ကတ္တားလိုနေပြန်သောကြောင့် (ဤဝိသုဒ္ဓိမဂ်ကျမ်းသည်) ဟူသော ကတ္တားပုဒ်ကို ထည့်ရပြန်သည်။ ၎င်းပုဒ်ကို "ဤဝိသုဒ္ဓိမဂ်ကျမ်းသည်....ဖော်ပြလျက်...မကွယ်ပပဲ တည်မြဲ **တည်တံ့ပါစေသတည်း"** ဟု စပ်ပါ။

၂-ပါဠိကျမ်းရင်း၌ ဤဂါထာက ဒုတိယဖြစ်၍ အခြားမဲ့ဂါထာက ပဌမဖြစ်သည်။ သို့သော် မြန်မာစကား၌မပြောင်းသော အနိယတ်ဝါကျကို ဆိုပြီးမှ ပြောင်းသော နိယတ်ဝါကျကို ဆိုရိုးရှိသောကြောင့် ရှေ့နောက် ရွှေ့၍ ပြန်ဆိုရသည်။

၃-ထိုမျှလောက်သော ကာလပတ်လုံး .... ဖော်ပြလျက်....တည်မြဲတည်တံ့ပါစေ **သတည်း-ဟု စပ်ပါ။**

http://www.dhammadownload.com

## မြန်မာပြန်၏ သီးခြားနိဂုံး

ပါဠိဘာသာ၌ ကောင်းစွာ မကျွမ်းကျင်သော မြန်မာပြည်ဖွား အမျိုးသား အမျိုးသမီးတို့အား ဝိသုဒ္ဓိမဂ်ကျမ်း၌ ပြဆိုထားသော သီလ သမာဓိ ပညာ အကျင့် ပဋိပတ် နည်းနိဿယတို့ကို ပါဠိဘာသာ တတ်ကျွမ်းသူတို့ကဲ့သို့ပင် တိတိကျကျ ပြည့်ပြည့်စုံစုံ အလွယ်တကူ သိနားလည်ကြစေရန် ထက်သန်သော သမ္မာဆန္ဒဖြင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ သီတင်းသုံးလျက်ရှိသော အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် အရှင်သောဘနသည် ဤ ဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်းကို ၁၃၂၃-ခုနှစ် တပေါင်းလဆန်း ၃-ရက်မှ စ၍ အခွင့်သာသော အချိန်များ၌ တစတစနှင့် ရေးသားစီရင်ခဲ့ရာ ၁၃၂၄-ခုနှစ် ဝါခေါင်လဆန်း ၃-ရက်နေ့တွင် သီလ သမာဓိ ပညာပိုင်း အခြေခံများနှင့် တကွ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသမှ ဝိသုဒ္ဓိမဂ်ကျမ်း အဆုံးနိဂုံးအထိ မြန်မာပြန်ဆို ရေးသား စီရင်၍ အပြီးသတ်သတည်း။[၁]

ဤဝိသုဒ္ဓိမဂ်-မြန်မာပြန်ကျမ်းသည် ဘေးရန်အန္တရာယ်မရှိပဲ ပြီးမြောက် အောင်မြင်သကဲ့သို့ ပဋိပတ်ကို လိုလားသော ရဟန်းရှင်လူ အမျိုးသား အမျိုးသမီးအပေါင်း သူတော်ကောင်းတို့သည် ဤဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်းကို ကြည့်ရှုပြီးလျှင် နည်းလမ်းမှန်အတိုင်း ကျင့်သုံးအားထုတ်ကြ၍ မဂ်ဖိုလ် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

ဝိသုဒ္ဓိမဂ် မြန်မာပြန် ပြီး၏။

---

၁-အထက်ပါစကားသည် ပဌမအကြိမ်က ရေးသားပြီးစီးပုံကို ပြသောစကား ဖြစ်သည်၊ ပညာဘူမိနိဒ္ဒေသကို ဖြည့်စွက်သော ယခု ဒုတိယအကြိမ်၌မူ ၁၃၃၁-ခုနှစ် တော်သလင်းလမှ စ၍ရေးသည်၊ နတ္တော်လဆန်း ၁-ရက်နေ့ ပြီးစီးသည်။

---

ပ-မ-ဗ-သ-စ—၁၀၁၆—၁၇-၅-၇၁—၃၀၀၀။

http://www.dhammadownload.com

ဝိသုဒ္ဓိမဂ်-မြန်မာပြန်-ပထမတွဲ၌

# မှတ်သားဖွယ် အက္ခရာစဉ်အညွှန်း


| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ အ ] | |
| အအိမ်ကိုလုပ်တတ်သော ပိုးကောင် | ၂၀၈ |
| အကိရိယဒိဋ္ဌိ | ၂၁၆ |
| အကိရိယဝါဒ | ၂၀ |
| အကုသိုလ်ကမ္မပထတို့ဟူသည် | ၄၆၆ |
| အကုသိုလ်စိတ္တုပ္ပါဒ် | ၄၆၇ |
| အကျိုးဝိပါက်ထဲ၌ | ၂၆၈-၉ |
| အကြောကိုလည်း (စွဲမှီ၍) | ၂၄၁ |
| အကြောင်းကံထဲ၌ | ၂၆၈ |
| အကြောင်းညီညွတ်ပါမှု | ၁၃၈ |
| အကြောင်းပြချက် | ၅၆ |
| အကြောင်းမရှိသည်မဟုတ် | ၂၅၂ |
| အကြောင်းမဲ့အလိုလိုဖြစ်လာပုံ | ၂၅၆ |
| အကြောင်း ၄-ပါးလုံးညီညွတ်မှ | ၃၀၈ |
| အကြွင်းမဲ့ပယ်ခွါခြင်း | ၃၃၃ |
| အခိုးအထုံနံ့သာ | ၁၂၀ |
| အချင်းချင်းကို မှီ၍ | ၂၅၀ |
| အချိုလေးမျိုး | ၁၃၈ |
| အဂတိ | ၄၆၄ |
| အင်္ဂါလေးပါးရှိ အမှောင် | ၃၅၀ |
| အငြိမ်းခတ်သို့သာလျှင် | ၄၀၁ |
| အစဉ်အတန်းအားဖြင့် | ၃၃၂ |
| အစပ် ၃-ပါးရှိ | ၁၉၉ |
| အစာဝသော ကာလ၌ | ၃၂၄ |
| အစာသစ်အိမ် အစာဟောင်းအိမ်တို့၏ | ၂၅၄ |
| အစိုးမရ | ၃၉၆ |
| အစုံအားဖြင့် သုံးသပ်သည် | ၃၃၁ |
| အဆိပ်နှင့် တူ၏ | ၄၈၉ |
| အဆိပ်ဖျောက်ဆေး | ၄၂၁ |
| အဆိုတင်ပြချက် | ၅၆ |
| အဇ္ဈတ္တ | ၄၁၂ |
| အဇ္ဈတ္တ ပဝတ္တခေါ် | ၄၁၁ |
| အဇ္ဈတ္တမှ ထသည် | ၄၁၃ |
| အဥ္ဆလိကရဏီယ | ၅၃၀ |
| အဋ္ဌက ကလာပ် | ၂၂၄ |
| အဋ္ဌသာလိနီ | ၃၁၂ |
| အဋ္ဌာနပယုတ် | ၁၅၇ |
| အဏုဝါဒ | ၈ |
| အဏုဝါဒီ | ၁၀၃ |
| အဏ္ဏဇ | ၁၂၆ |
| အဏ္ဏဇယောနိ | ၁၂၄ |
| အတမ္မယတာ | ၄၃၄ |
| အတိက္ကန္တာရုံ | ၁၁၀ |
| အတိတ်ကာလ | ၁၉၉ |
| အတိခဝန | ၂၄၄ |
| အတိဟာရဏ | ၃၂၀ |
| အတ္တကောင် အနှစ် | ၃၉၅ |
| အတ္တကောင်သည် | ၂၄၃ |
| အတ္တဒိဋ္ဌိ | ၂၁၅ |
| အတ္တနိယ | ၁၀၂ |
| အတ္တဝါဒုပါဒါန် | ၁၇၄ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အတ္တသညာကို ပယ်၏ | ၃၃၅ |
| အတ္တာနုဒိဋ္ဌိ | ၃၉၉ |
| အတ္တဂမ္ဘီရတာ | ၂၁၁ |
| အထီးဖြစ်ကြောင်းရုပ် | ၁၂၅ |
| အထောက်အပံ့အကြောင်း | ၂၅၂ |
| အဓိစ္စသမုပ္ပတ္တိ | ၂၅၆ |
| အဓိဋ္ဌာန် ပြုအပ်၏ | ၅၂၁ |
| အဓိဋ္ဌာနဝသီ | ၅၁၇ |
| အဓိပညာ ဓမ္မဝိပဿနာ | ၃၃၆၊၄၉၅ |
| အဓိပညာ ဝိပဿနာ | ၃၆၄-၉ |
| အဓိမောက္ခ-ဆုံးဖြတ်ခြင်း | ၃၅၄ |
| အဓွန့်ကာလ အပိုင်းအခြား | ၅၂၅ |
| အနက်အားဖြင့်တူ | ၂၇၄၊၃၃၆၊ ၃၈၆၊၄၁၁ |
| အနတ္တမည်၏ | ၃၆၂ |
| အနတ္တလက္ခဏာ ထင်ရှား၏ | ၃၄၆ |
| အနတ္တလက္ခဏာ မည်၏ | ၃၆၂ |
| အနတ္တာနုပဿနာကို ပွါးစေလျှင် | ၃၃၅ |
| အနဝတတ်အိုင် | ၃၈၄-၅ |
| အနာဂတ်ကာလ | ၁၉၉ |
| အနာဂါမ် | ၄၄၉၊၅၃၂ |
| အနာဂါမ်ပုဂ္ဂိုလ် ၄၈-ပါး | ၅၃၃ |
| အနာဂါမိမဂ် | ၄၄၈ |
| အနာရောဂါကင်းခြင်း | ၁၃၉ |
| အနိစ္စတာ | ၂၃၅ |
| အနိစ္စ-မမြဲသောတရားဟူသည် | ၃၆၁ |
| အနိစ္စလက္ခဏာ ထင်ရှား၏ | ၃၄၆ |
| အနိစ္စလက္ခဏာမည်၏ | ၃၆၂ |
| အနိဋ္ဌာရုံမည်၏ | ၁၁၈ |
| အနိမိတ္တဝိမောက္ခ | ၄၀၅၊၄၂၇ |
| အနိမိတ္တာနုပဿနာ | ၃၃၆၊၄၉၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အနုပါဒိန္နရုပ် | ၂၂၉ |
| အနုမတိ | ၁၅၇ |
| အနုမာန | ၁၅၇ |
| အနုလောမဉာဏ် | ၂၉၁ |
| အနုလုံကို သိအပ်၏ | ၅၀၉ |
| အနုလုံဇော | ၄၃၀ |
| အနုလုံ ပဋိစ္စသမုပ္ပါဒ်ခေါ်သည် | ၃၄၄ |
| အနုလုံပဋိစ္စသမုပ္ပါဒ် ထင်ရှား၏ | ၃၄၄ |
| အနုသယတို့ဟူသည် | ၄၆၆ |
| အနုသယ ၇-ပါး | ၃၅၅ |
| အန္တရာပရိနိဗ္ဗာယီ | ၅၃၂ |
| အန္ဓကဂိုဏ်းသား | ၅၀၂ |
| အန္ဒစ်တရာကို | ၃၁၄ |
| အနှစ်သာရမရှိသောကြောင့် | ၂၈၉ |
| အနှောင့်အယှက် ပလိဗောဓ | ၄၃၈ |
| အပရာပရိယဝေဒနီယကံ | ၂၆၂ |
| အပလောကနကံ | ၅၂၃ |
| အပိ-သဒ္ဒါ | ၄၈ |
| အပုညာဘိသင်္ခါရ | ၄၈ |
| အပိုင်းအခြား | ၄၀၄ |
| အပေါင်း အစု အလှာ | ၂၀၀ |
| အပေါင်းလိုက်အားဖြင့်သုံးသပ် | ၃၃၀ |
| အပ္ပဏိဟိတဝိမောက္ခ | ၄၀၅၊၄၂၇ |
| အပ္ပဏိဟိတာနုပဿနာ | ၃၃၆၊၄၉၅ |
| အပ္ပဿာဒ | ၅၂ |
| အဖို့နှစ်ပါးနှင့်စပ်ဆိုင်သော | ၃၉၂ |
| အဖို့လေးပါးနှင့်စပ်ဆိုင်သော | ၃၉၃ |
| အဗျာပါရနည်း | ၂၁၅၊၃၄၅ |
| အဘယဂိရိဝါသီ | ၈၊၅၁၇ |
| အဘိညာ | ၂၇၈ |
| အဘိညာပညာ | ၂၇၈ |
| အဘိဓမ္မတ္ထသင်္ဂဟကျမ်း | ၃၁၂ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ အ ]** | |
| အဘိဓမ္မာအဋ္ဌကထာ | ၁၁၂ |
| အဘိနိဝေသ | ၄၁၂ |
| အဘိသင်္ခတသင်္ခါရ | ၃၇ |
| အဘိသင်္ခရဏကသင်္ခါရ | ၃၇-၈ |
| အမတ်ကြီး | ၄၃၂ |
| အမဖြစ်ကြောင်း ရုပ် | ၁၅၂ |
| အမရအကျင့် | ၅၁ |
| အမြဲတည်နေသူ | ၂၈၉ |
| အမြဲတန်း တည်ရှိသည့်ပုံဟန် | ၄၂၇ |
| အမြတ်ဆုံးသညာ | ၄၃၄ |
| အမြိုက်အရသာရှိသော | ၄၂၀ |
| အမြိုက်ဆေး | ၄၂၁ |
| အမြိုက်ဆေးနှင့်တူ၏ | ၄၈၉ |
| အမ္ဗာညီနောင် | ၁၉၀ |
| အရိယာဥစ္စာခုနစ်ပါး | ၄၄၃ |
| အရိယာမဂ်ဖျော်ရေ | ၄၂၀ |
| အယှုယ်ရင့်ချုပ်ခြင်း | ၃၁၅ |
| အရက်မှာ | ၉၈ |
| အရပ်မျက်နှာထောက်လှမ်းရေး | ၄၀၁ |
| အရပ်သုံးစကား | ၂၁ |
| အရဟတ္တမဂ် | ၄၄၉ |
| အရဟန္တဃာတ | ၂၆၃ |
| အရိပ်အမြွက်မျှ | ၁၆၄ |
| အရိယဝံသကထာ | ၃၃၀ |
| အရိယာပုဂ္ဂိုလ် ၇-မျိုး | ၄၀၇ |
| အရိယာဖိုလ် | ၅၀၂ |
| အရူပဘဝ | ၁၈၁ |
| အရှုးနှင့်တူ၏ | ၁၈၄ |
| အရေကိုလည်း (စွဲမှီ၍) | ၂၄၁ |
| အရိုးကိုလည်း (စွဲမှီ၍) | ၂၄၁ |
| အရှိန်လွှတ်ခြင်း | ၃၂၀ |
| အဟောတုဝါဒ | ၁၉ |
| **[အ]** | |
| အလမ္ဗာယ်ဆရာ | ၃၈၇ |
| အလယ်အလတ်သဘောရှိ | ၄၀၀ |
| အလယ်လမ်းအကျင့် | ၂၀ |
| အလိုအတိုင်းပြီးစေနိုင်သူ | ၂၈၉ |
| အလုံးစုံကိုလည်း | ၂၂၂ |
| အဝကံသ | ၁၆၀ |
| အဝင်ဝ မုခ် | ၄၀၅ |
| အဝါရောင်ထမီအဝတ် | ၄၈၁ |
| အဝိက္ခမ္ဘိတုပ္ပန္န | ၄၈၂ |
| အဝိဇ္ဇာ | ၃၄-၅ |
| အဝိနိဗ္ဘောဂရုပ် | ၂၂၄ |
| အသင်္ခါရပရိနိဗ္ဗာယီ | ၅၃၃ |
| အသစ်စက်စက်ဖြစ်ပေါ် | ၂၆၈ |
| အသညာဘဝ | ၁၈၁ |
| အသပ္ပါယ ၇-ပါး | ၂၇၉ |
| အသမူဟတုပ္ပန္န | ၄၈၂-၃ |
| အသားကိုလည်း (စွဲမှီ၍) | ၂၄၁ |
| အဟောတုကဒိဋ္ဌိ | ၂၁၈ |
| အဟောသိကံ | ၂၆၂ |
| **[အာ]** | |
| အာကာသဓာတ် | ၂၃၁ |
| အာစိဏ္ဏကံ | ၂၃၃၊၂၆၃ |
| အာဇီဝကဂိုဏ်းဝင် | ၁၀၃ |
| အာဒါန | ၃၁၄ |
| အာဒီနဝဉာဏ် | ၃၇၈ |
| အာဒီနဝါနုပဿနာ | ၃၃၆၊၄၉၆ |
| အာနေဥ္စာဘိသင်္ခါရ | ၄၈ |
| အာဗာဓာယ-နှိပ်စက်ခြင်းငှါ | ၂၈၉ |
| အာမခံခြင်း | ၁၄၀ |
| အာယတန | ၃၉ |
| အာရဒ္ဓဝိပဿကပုဂ္ဂိုလ် | ၂၇၇၊၃၄၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အာ ]** | |
| အာရမ္ဘဏ | ၆၀ |
| အာရမ္ဘဏာဓိဂ္ဂဟိတုပ္ပန္န | ၄၈၁ |
| အာရုံ | ၄၂၈ |
| အာလမ္ဗန | ၆၀ |
| အာဝဇ္ဇနဝသီ | ၅၁၆ |
| အာသန္နကံ | ၁၃၃၊၂၆၃ |
| အာသဝ | ၄၆၅ |
| အာသေဝနဇော | ၄၃၀ |
| အာဟာရ | ၃၀၅ |
| အာဟာရပစ္စယ | ၃၀၅ |
| အာဟာရပစ္စယ အာဟာရ သမုဋ္ဌာန် | ၃၀၅-၆ |
| အာဟာရမယရုပ် | ၃၂၃ |
| အာဟာရသမုဋ္ဌာန် | ၂၂၄၊၃၀၅ |
| အာဟုနေယျ | ၅၃၀ |
| **[အိပ်-အိုး]** | |
| အိပ်မက် | ၃၄၇ |
| အိမ်ဟူသောအမည် | ၂၄၂ |
| အိုင်းအမာကဲ့သို့ | ၃၇၇ |
| အိုဗာခေါ် | ၁၂၆ |
| အိုးကင်းထဲ၌ | ၃၃၀ |
| **[ဣ]** | |
| ဣဋ္ဌာရုံ | ၁၁၀ |
| ဣဒံသစ္စာဘိနိဝေသ | ၄၆၄ |
| ဣဒပ္ပစ္စယတာ | ၇ |
| ဣဒ္ဓိပါဒ်လေးပါး | ၄၅၃ |
| ဣန္ဒြိယ | ၄၅၃ |
| ဣန္ဒြေငါးပါး | ၄၅၃ |
| ဣရိယာပုထ်တိုက (ဖုံး) | ၃၆၁ |
| ဣဿရ—အစိုးရသူပိုင်ရှင် | ၂၃၅ |
| ဣဿရခေါ် ဘုရားသခင် | ၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဥ ]** | |
| ဥက္ကံသ | ၁၆၀ |
| ဥစ္စဝါလိကာအရပ် | ၃၅၁ |
| ဥစ္ဆေဒဒိဋ္ဌိ | ၁၁၊၂၁၄-၅၊၂၄၃ |
| ဥစ္ဆေဒ—ပြတ်စဲအယူ | ၂၄၃ |
| ဥစ္ဆေဒဝါဒ | ၂၀ |
| ဥတုမည်သည် | ၃၀၆ |
| ဥတုပစ္စယ | ၃၀၇ |
| ဥတုပစ္စယအာဟာရသမုဋ္ဌာန် | ၃၀၇ |
| ဥတုပစ္စယ ဥတုသမုဋ္ဌာန် | ၃၀၇ |
| ဥတုမယရုပ် | ၃၂၄ |
| ဥတုသမုဋ္ဌာန် | ၂၂၅၊၃၀၆ |
| ဥဒယဗ္ဗယာနုပဿနာ | ၃၄၇ |
| ဥဒါဟရဏ | ၅၆ |
| ဥဒ္ဓံဘာဂိယသံယောဇဉ် | ၄၆၁ |
| ဥဒ္ဓံသောတအကနိဋ္ဌဂါမီ | ၅၃၄ |
| ဥဒ္ဓရဏ—ကြွခြင်း | ၃၂၀ |
| ဥပက္ကိလေသသုံးဆယ် | ၃၅၆ |
| ဥပဃာတကကံ | ၂၆၄ |
| ဥပစယ | ၂၃၁ |
| ဥပစာဇော | ၄၃၀ |
| ဥပဋ္ဌာန—ထင်ခြင်း | ၃၅၄ |
| ဥပတ္ထမ္ဘကကံ | ၂၆၄ |
| ဥပနယ | ၅၆ |
| ဥပပဇ္ဇဝေဒနီယကံ | ၂၆၁-၂ |
| ဥပပတ္တိဘဝ | ၁၇၉၊၁၈၁ |
| ဥပပီဠကကံ | ၂၀၄ |
| ဥပမာန | ၁၅၇ |
| ဥပဝိဏ | ၃၃၉ |
| ဥပဟစ္စပရိနိဗ္ဗာယီ | ၅၃၃ |
| ဥပါဒါန် | ၁၇၅ |
| ဥပါဒိန္နက | ၁၆၅၊ ၃၀၅ |
| ဥပါယ် | ၂၃၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဥ ]** | |
| ဥပါယာသ | ၃၉ |
| ဥပ္ပလကြာ | ၂၅၄ |
| ဥပေက္ခာ | ၃၅၅ |
| ဥဗ္ဗေဂါပီတိ | ၃၅၃ |
| ဥဘတောဘာဂဝိမုတ္တ | ၄၀၈-၉၊ ၅၃၄ |
| ဥဘတောဝုဋ္ဌာန | ၄၅၈ |
| ဥသ္မာခေါ် ကိုယ်ငွေ့ | ၅၂၈ |
| **[ ဧ ]** | |
| ဧကဇကာယ | ၇၃ |
| ဧကတောဝုဋ္ဌာန | ၄၅၇ |
| ဧကတ္တကာယဧကတ္တသညီ | ၁၄၅ |
| ဧကတ္တကာယနာနတ္တသညီ | ၁၄၅ |
| ဧကတ္တနည်း | ၂၁၄၊၃၄၄ |
| ဧကတ္တနည်းထင်ရှား၏ | ၃၄၄ |
| ဧကဗီဇီသောတာပန် | ၅၃၁ |
| ဧကဝေါကာရဘဝ | ၁၈၁ |
| ဧဝံဓမ္မတာနည်း | ၂၁၆၊၃၄၅ |
| **[ ဩ ]** | |
| ဩကာသကတုပ္ပန္န | ၄၇၇ |
| ဩက္ကန္တိကာပီတိ | ၃၅၃ |
| ဩဃ | ၄၆၅ |
| ဩဇဋ္ဌမက | ၂၂၄ |
| ဩပက္ကမိကပဏ္ဍုက် | ၁၂၅ |
| ဩပပါတိကယောနိ | ၁၂၄ |
| ဩဘာသအရောင်အလင်း | ၃၄၉ |
| **[ က ]** | |
| ကံ၏အတွင်း၌လည်း | ၂၆၉ |
| ကံ၏အပြင်ပ၌လည်း | ၂၆၉ |
| ကံနှင့် ဝိပါက် ၂-ပါးတို့ | ၂၆၈ |
| ကစ္စာနသုတ် | ၁၀၊ ၁၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကင်္ခါဝိတရဏာဝိသုဒ္ဓိ | ၂၇၃ |
| ကဋတ္တာကံ | ၁၃၃၊ ၂၆၃ |
| ကဏာဒဂိုဏ်းဝင် | ၁၀၃ |
| ကဏ္ဍမုဏ္ဍအိုင် | ၃၈၅ |
| ကဏှပက္ခ | ၁၁၈ |
| ကန်ဘောင်ရိုး | ၃၉၀ |
| ကပိလဂိုဏ်းဝင် | ၁၀၃ |
| ကမ္ဘာဦး | ၃၂၈ |
| ကမ္ဘာ့ပိုင်ရှင် | ၃၉၄ |
| ကမ္မက္ခယ-ကံကုန်၍သေခြင်း | ၁၅၂ |
| ကမ္မဇရုပ် | ၃၂၄ |
| ကမ္မညတာ | ၂၃၁ |
| ကမ္မနိမိတ် | ၁၁၅-၉ |
| ကမ္မပစ္စယ | ၃၀၀ |
| ကမ္မပစ္စယအာဟာရသမုဋ္ဌာန် | ၃၀၀ |
| ကမ္မပစ္စယဥတုသမုဋ္ဌာန် | ၃၀၀ |
| ကမ္မပစ္စယစိတ္တသမုဋ္ဌာန် | ၃၀၀ |
| ကမ္မဘဝ | ၁၇၉၊၁၈၀၊၁၈၅ |
| ကမ္မဝဋ္ဋ | ၂၀၄ |
| ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ၏အစွမ်းဖြင့် | ၂၆၁ |
| ကမ္မဝိညာဏ်ပစ္စည်း | ၁၅၃ |
| ကမ္မဝိပါကဉာဏ်တော် | ၂၆၄ |
| ကမ္မသမုဋ္ဌာန် | ၂၂၄၊၃၀၀ |
| ကမ်းဆိသို့သာ | ၄၀၂ |
| ကရဏ္ဍ-ကြုတ် | ၂၃၉ |
| ကလလ-ရေကြည် | ၁၂၆ |
| ကလာပအားဖြင့် | ၃၂၉ |
| ကလာပဝိပဿနာ | ၂၇၆ |
| ကလာပသမ္မသန | ၂၇၆ |
| ကာမအာစေး | ၁၇၄ |
| ကာမတဏှာ | ၁၇၀ |
| ကာမဘဝ | ၁၈၁ |

http://www.dhammadownload.com




| ဂါထာသူစိ | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကာမုပါဒါန် | ၁၇၃ |
| ကာယဒသကကလာပ် | ၂၂၄ |
| ကာယဓာတ် | ၂၃၀ |
| ကာယဝိညာတ် | ၂၃၁ |
| ကာယသက္ခိပုဂ္ဂိုလ် | ၄၀၇-၉ |
| ကာယသင်္ခါရ | ၄၉၊၅၁၅ |
| ကာယာယတန | ၅၃၀ |
| ကာရက | ၂၆၇-၉ |
| ကာလဒီဃဝါပိရှာ | ၄၇၁ |
| ကာဠကူဋတောင် | ၃၇၄ |
| ကိန်းသေသတ်မှတ်၏ | ၄၂၂ |
| ကိလေသဝဋ္ဋ | ၂၀၄ |
| ကိလေသာအမိုက်မှောင် | ၄၄၀ |
| ကိလေသာအယဉ် | ၄၁၁ |
| ကိလေသာတို့ဟူသည် | ၄၆၂ |
| ကုဏာလအိုင် | ၃၇၅ |
| ကုန်စေခြင်းမည်သည် | ၃၃၃ |
| ကုန်ဆုံးသွားသော သဘောကြောင့် | ၂၇၇ |
| ကေလာသတောင် | ၃၇၄ |
| ကောတူဟလမင်္ဂလာ | ၁၇၇ |
| ကောလံကောလသောတာပန် | ၅၃၁ |
| ကိုယ်တိုင်သိသောဉာဏ် | ၄၉၇ |
| ကိုးမျိုးသောသမာဓိ | ၅၁၆ |
| ကောင်းစွာတည်သောပညာ | ၄၁၁ |
| ကျတ်သူရဲမြို့ | ၃၄၇ |
| ကျားရှိသောလိုဏ်ဂူ | ၃၇၇ |
| ကျီးကန်းကဲ့သို့ | ၃၂၄ |
| ကျူစည်း | ၁၅၂၊၂၄၆ |
| ကျေပြွန်စွာ ဖြစ်၏ | ၃၃၄ |
| ကျော့ကွင်း | ၃၇၃ |
| ကျောက်တောင် | ၃၂၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကျော်လွန်၍သွားသည် | ၂၄၄ |
| ကြံပင် | ၉၆ |
| ကြက်ဆူ | ၃၉၆ |
| ကြိတ်၏ | ၂၃၄ |
| ကြုတ်(အစ်) | ၂၃၉ |
| ကြောင်မျက်ရွဲ | ၃၂၇ |
| ကြိုးကို ဆွဲကိုင်၍ မြောင်းခုန် | ၁၃၄ |
| ကွာရှင်းစွန့်လွှတ်လိုက်ရာ၏ | ၄၀၀ |
| ကွခြင်းမည်သည် | ၃၂၀ |
| **[ ခ ]** | |
| ခံစားတတ်သော အတ္တ | ၁၉၇ |
| ခံစားတတ်သောသူ | ၂၇၉ |
| ခဏမျှတည်သောအားဖြင့် | ၃၃၁ |
| ခဏိကအားဖြင့် | ၃၃၁ |
| ခဏိကာပီတိ | ၃၅၃ |
| ခတ္တိယမဟာသာလ | ၁၇၅ |
| ခန္ဓာအိမ်၏ ပိုင်ရှင် | ၂၇၉ |
| ခန္ဓာအယဉ် | ၄၁၁ |
| ခန္ဓာအယဉ်အာရုံ | ၄၃၇ |
| ခန္ဓာအယဉ်မရှိသော | ၄၃၇ |
| ခန္ဓာငါးပါးမှ တပြိုင်နက်ထသည် | ၄၁၄ |
| ခပေါင်းရေကြည်စေ့ | ၂၃၄ |
| ခယာနုပဿနာ | ၃၃၅၊၄၉၄ |
| ခရုသင်း | ၃၂၇ |
| ခလေးသူငယ် | ၂၅၂ |
| ခိဍ္ဍာဒသက | ၃၁၆ |
| ခိပ္ပါဘိညာ | ၄၂၅ |
| ခုဒ္ဒိကာပီတိ | ၃၅၃ |
| ခဲယဉ်းသောအကျင့် | ၄၂၅ |
| ခဲ(သလွဲမည်း) | ၃၂၇ |
| ခေါ်တော်မူခြင်း | ၅၂၄ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ခ ] | |
| ခိုင်ခံ့သည့် ပုံဟန် | ၄၂၇ |
| ခိုင်ခံ့သောအနှစ် | ၃၉၅ |
| ချထားခြင်း | ၃၂၀ |
| ချည်ခင်ရှုပ် | ၂၁၈ |
| ချမ်းသာများကုန်သော | ၁၉၃ |
| ချမ်းသာသောအနှစ် | ၃၉၅ |
| ချိပ်ရည် | ၁၃၈ |
| ချုပ်ခြင်းသို့ ရောက်၏ | ၅၂၅ |
| ချုပ်ခြင်းဟူသော အငြိမ်းဓာတ် | ၅၁၉ |
| ချောညက်၏ | ၃၂၄ |
| ခြသေ့ | ၃၀၅ |
| ခြောက်ပါးသော ဗောဇ္ဈင် | ၄၂၃ |
| ခွဲဖျက်လျက် | ၄၄၂ |
| [ ဂ ] | |
| ဂတိ | ၁၂၄ |
| ဂတိအထူး | ၅၀ |
| ဂတိနိမိတ်အာရုံ | ၁၁၆ |
| ဂန္ထ | ၄၆၄ |
| ဂန္ဓမာဒနတောင် | ၂၃၀၊၃၀၄ |
| ဂရုဟာအနက် | ၄၈ |
| ဂရုကံ | ၁၃၃၊၂၆၂ |
| ဂဠုန် | ၃၀၇ |
| ဂါဝီ-သဒ္ဒါ | ၃၂ |
| ဂိမှရတု | ၃၁၉ |
| ဂေါတြဘူ | ၆၉၊၅၀၉ |
| ဂျိန်းဝါဒီ | ၁၀၃ |
| [ ဃ ] | |
| ဃနပညတ်က (ဖုံး) | ၃၆၁ |
| ဃနသညာ | ၄၉၄ |
| ဃာနဓာတ် | ၂၃၀ |
| ဃာနာယတန | ၂၃၀ |
| [ င ] | |
| ငရဲသို့ လှည့်လည်သော | ၁၄၃ |
| ငါးဆယ်သော လက္ခဏာ | ၃၄၁ |
| ငါးမျိုးချိတ် | ၂၁၀ |
| ငါးမြှုး | ၃၀၉ |
| ငှက်ပျောတုံး | ၃၄၇၊၃၉၆ |
| [ စ ] | |
| စကား၏ အစိတ် | ၅၅ |
| စက်ယန္တရား | ၄၄၂ |
| စက်ရုပ်ကဲ့သို့ | ၂၄၆ |
| စက္ခာယတန | ၂၃၀ |
| စက္ခုဒသကကလာပ် | ၁၂၈ |
| စက္ခုဓာတ် | ၂၂၉ |
| စက္ခုပသာဒ | ၂၂၉ |
| စက္ခုဝိညာဏဓာတ် | ၂၂၉ |
| စင်းသွားမြှား | ၃၅၅ |
| စစ်တပ်ဟူသော အမည် | ၂၄၂ |
| စည်၏အသံ | ၂၄၇ |
| စည်နှင့် အသံ မရော | ၂၄၇ |
| စတုတ္ထဘုံအဆင့် | ၄၄၉ |
| စတုမဓုရခေါ် | ၁၃၈ |
| စတုဝေါကာရဘဝ | ၁၈၁ |
| စဖိုသည် | ၁၇၁ |
| စာပေါင်းသိုက် | ၂၁၈ |
| စားလိုခြင်းမရှိ | ၂၄၉ |
| စိတ်မရှိပဲ ဖြစ်သွားသည် | ၅၂၄ |
| စိတ္တကူဋ်တောင် | ၃၀၄ |
| စိတ္တက္ခဏ ၁၇-ချက်ပင် | ၁၁၇ |
| စိတ္တပစ္စယ | ၃၀၄ |
| စိတ္တပစ္စယအာဟာရသမုဋ္ဌာန် | ၃၀၄ |
| စိတ္တပစ္စယဥတုသမုဋ္ဌာန် | ၃၀၅ |
| စိတ္တလတောင် | ၃၅၁ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ စ ]** | |
| စိတ္တဝိသုဒ္ဓိ | ၂၂၀ |
| စိတ္တသင်္ခါရ | ၄၉၊၅၁၅ |
| စိတ္တသမုဋ္ဌာန် | ၃၂၅၊၃၀၄ |
| စိန့်ပြည်ဖြစ် | ၁၂၀ |
| စီရင်ဖန်ဆင်းတတ်သူ | ၁၉၆ |
| စုတိစိတ်ဟု ခေါ်ဆိုအပ်၏ | ၁၃၅ |
| စုတိ၌ တွေ့ဝေသောသူ | ၁၀၀ |
| စူးဝင်နေသော ငြောင့်ကဲ့သို့ | ၃၇၇ |
| စုံတွဲတည်း (ရုပ်နာမ်) | ၂၄၆ |
| စိုပြည်၏ | ၃၂၄ |
| စူဠသုမနမထေရ် | ၃၅၁ |
| စောင်းကြိုးငုတ်တိုင် | ၃၃၉ |
| စောင်းခွက် စောင်းညှို့ | ၂၄၂ |
| စောင်းတီးစရာလက်ခတ် | ၃၄၀ |
| စောင်းလည်တိုင် | ၃၃၉ |
| စောင်းသမား | ၁၇၁ |
| စောင်းဟူသောအမည် | ၂၄၂ |
| စွဲကပ်နေသော ရောဂါကဲ့သို့ | ၃၇၇ |
| **[ ဆ ]** | |
| ဆက်ဆံသောအကြောင်း | ၂၅၈ |
| ဆင်တပ် | ၁၄၂ |
| ဆင့်အပ်သော မုန့်ညက် | ၄၀၂ |
| ဆင်းရဲသည်သာလျှင် (ဖြစ်-ပျက်) | ၂၄၁ |
| ဆဒ္ဒန်အိုင် | ၃၈၅ |
| ဆဒ္ဒန်ဆင် | ၃၈၅ |
| ဆရာ၏ ရွတ်ဆိုသံ | ၂၇၁ |
| ဆဋ္ဌာဘိညရဟန္တာ | ၅၃၅ |
| ဆာလောင်သောကာလ | ၃၂၄ |
| ဆားငန်ရေ | ၂၀၉ |
| ဆိတ်သုဉ်းခြင်း | ၃၉၂ |
| ဆိတ်သုဉ်းသည် | ၁၉၇ |
| ဆီဆုံ | ၂၃၄ |
| ဆီမီးစာမှ ဆီမီးလျှံ | ၂၇၁ |
| ဆီမီးသည် | ၄၈၄ |
| ဆေးဆရာ | ၁၇၁၊၂၅၂ |
| ဆောင်ခြင်းမည်သည် | ၃၂၀ |
| ဆောင်းဥတု | ၃၁၈ |
| ဆုံလည်ခုံဝိုင်း | ၄၄၂ |
| ဆုံးရှုံးသွားတတ်၏ | ၂၃၈ |
| ဆွမ်းစားဇရပ်မီးလောင် | ၅၂၁ |
| **[ ဇ ]** | |
| ဇစ္စန္ဒ | ၁၁၄ |
| ဇနကအကြောင်း | ၂၅၅ |
| ဇနကကံ | ၂၆၄ |
| ဇမ္ဗူဒီပဝါသီ | ၈ |
| ဇရတာ | ၂၃၁ |
| ဇရာ | ၃၉ |
| ဇရာမရဏတိုင်အောင် | ၃၉၅ |
| ဇလာဗုဇယောနိ | ၁၂၄ |
| ဇာတိ | ၃၉ |
| ဇာတိဥဏ္ဏာ | ၁၂၆ |
| ဇာတိဥမ္မတ္တက | ၁၁၄ |
| ဇာတိဧမူဂ | ၁၁၄ |
| ဇာတိပဏ္ဍုက်ခေါ် | ၁၂၅ |
| ဇာတိဗဓိရ | ၁၁၄ |
| ဇိဝှါဓာတ် | ၂၃၅ |
| ဇိဝှါယတန | ၂၃၀ |
| ဇီဝအတ္တ | ၁၉၆-၇ |
| ဇီဝိတနဝကကလာပ် | ၂၂၆ |
| ဇေတဝနဝါသီ | ၈ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဈ-ဉ-ည-ဋ ] | |
| ဈေးနင် | ၈၁၊၂၂၂ |
| ဈေးနင်အထူး | ၄၂၂ |
| ဥတ္တိကံ | ၅၂၇ |
| ဥတ္တိစတုတ္ထကံ | ၅၂၇ |
| ဥတ္တိဒုတိယကံ | ၅၂၇ |
| ဉာဏ-ဉာဏ်ဟူသည် | ၃၅၂ |
| ဉာဏဒဿနဝိသုဒ္ဓိ | ၄၇၇၊၄၅၀ |
| ဉာတပရိညာ | ၂၇၀၊၂၇၈-၉၊၄၉၁ |
| ညွတ်စေ၏ | ၁၃၄ |
| ညွှန်-အနည် | ၂၃၄ |
| ဠာနပယုတ် | ၁၅၇ |
| [ တ ] | |
| တံကျင်သုံးခုကို | ၃၇၅ |
| တံစီးတွင်း တံစီးမြောင်း | ၂၅၄ |
| တံလှပ် | ၃၄၇၊ ၃၉၆ |
| တင်လဲ | ၉၈၊၁၂၀ |
| တစိတ်သုတိ တူ တခုကြွင်း | ၁၅၄ |
| တဆယ့်ကိုးပါးသော ပစ္စဝေက္ခဏာ | ၄၄၆ |
| တဆယ့်ခြောက်ပါးသော အခြင်းအရာ | ၄၀၆ |
| တဆယ့်ခြောက်ပါးသော ယုံမှား | ၂၅၀ |
| တဆယ့်ခြောက်မျိုးသော ဉာဏ်ဖြစ်ခြင်း | ၅၁၅ |
| တဏှာ | ၃၉ |
| တဏှာစရိုက်ရှိသောသူ | ၁၉၀ |
| တဏှာစွဲ | ၂၄၇၊၃၅၆ |
| တဏှာ ၁၀၈-ပါး | ၁၇၁ |
| တဏှာဟူသောရေယဉ် | ၂၆၀ |
| တတ်သိနားလည်ခြင်း | ၁၃၉ |
| [ တ ] | |
| တတိယခြေလှမ်း၌ | ၃၅၂ |
| တဒင်္ဂပဟာန် | ၄၉၂ |
| တဒါရုံဖြစ်ပုံ | ၃၁၁ |
| တန်ခိုးအစွမ်းသတ္တိမရှိ | ၂၄၀ |
| တပည့်၏ခံတွင်းသို့ | ၂၇၀ |
| တဖက်ကမ်း၌ တည်ခြင်းငှါ | ၄၃၉ |
| တဖျတ်ဖျတ်မြည်ကုန်လျက် | ၃၃၀ |
| တမာမျိုးစေ့ | ၉၆ |
| တမျိုးတမည် ဖြစ်ခြင်း | ၁၉၃ |
| တရာ့ရှစ်ပါးသောတဏှာ | ၁၇၁ |
| တရားတစုံ(အတွင်းအပြင်) | ၃၃ |
| တလင်္ကရအရပ်၌ | ၃၅၁ |
| တာဒိဂုဏ် | ၁၆၆၊၅၄၃ |
| တာလကန္ဒ-ထန်းဥ-ထန်းဖု | ၂၄၀ |
| တာဝ-ရှေးဦးစွာ | ၉၁ |
| တိဇကာယ | ၇၃ |
| တိမ်လွှာသည်(မျက်စိဖုံးကွယ်) | ၂၀၀ |
| တိသမုဋ္ဌာနိကရုပ် | ၁၅၂ |
| တီရဏပရိညာ | ၂၇၇-၈၊၂၈၀၊၄၉၁ |
| တီးအပ်သောစောင်းမှ | ၃၃၉ |
| တေဘူမကတရား | ၂၃၉ |
| တေဝိဇ္ဇရဟန္တာ | ၅၃၄ |
| တောရွာသား | ၃၂၁ |
| တောင်ရိပ်များ | ၁၁၅ |
| တွန့်ဆုတ်နေသည် | ၂၄၄ |
| တွေဝေမိန်းမောနေသော ကာလ | ၃၁၁ |
| [ ထ ] | |
| ထန်းဥ-ထန်းဖု | ၂၄၀ |
| ထန်းပင်ပေါက်-ထန်းမြစ် | ၂၄၀ |
| ထန်းရွက်စိုက်ခဲ့သို့ | ၁၃၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ ထ ]** | |
| ထန်းရွက်စိမ်း | ၁၃၃ |
| ထာဝရဘုရား | ၂၅၃၊ ၃၉၄ |
| ထောပတ်ကြည် | ၁၂၆ |
| ထောက်တည်ရာမည်သည် | ၂၇၄ |
| ထွက်မြောက်ကြောင်း | ၈၂ |
| **[ ဒ ]** | |
| ဒကာဝိသာခသူဌေးကြီး | ၅၂၇ |
| ဒက္ခိဏေယျ | ၅၃၀ |
| ဒန္တာဘိညာ | ၄၂၅ |
| ဒဿနသစ္စိကိရိယာ | ၄၉၈ |
| ဒိဋ္ဌဓမ္မဝေဒနီယကံ | ၂၆၁-၂ |
| ဒိဋ္ဌမင်္ဂလာ | ၁၇၈ |
| ဒိဋ္ဌိစရိုက်ရှိသူ | ၁၉၈ |
| ဒိဋ္ဌိစွဲ | ၂၄၃၊၃၅၆ |
| ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ် | ၄၀၈-၉ |
| ဒိဋ္ဌိဝိသုဒ္ဓိ | ၂၂၁ |
| ဒိဋ္ဌိဟူသော နှောင်ကြိုး | ၂၆၈ |
| ဒိဋ္ဌုပါဒါန် | ၁၇၃ |
| ဒိဗ္ဗစက္ခုအဘိညာဉ်ရပုဂ္ဂိုလ် | ၃၅၅ |
| ဒိသာကာကခေါ် | ၄၀၁ |
| ဒုက္ခ-ဆင်းရဲမည်၏ | ၃၉၊၃၆၂ |
| ဒုက္ခပဋိပဒါ | ၄၂၅ |
| ဒုက္ခလက္ခဏာမည်၏ | ၃၆၂ |
| ဒုက္ခသစ္စာ ထင်ရှား၏ | ၃၄၃ |
| ဒုက္ခာနုပဿနာ | ၃၃၅ |
| ဒုဂ္ဂတိနိမိတ် | ၁၁၆ |
| ဒုတိယစက် | ၁၉၈ |
| ဒုတိယဘုံအဆင့် | ၄၄၇ |
| ဒုတိယမောဃဝါရ | ၃၁၁ |
| ဒေသနာဂမ္ဘီရတာ | ၂၁၂ |
| ဒေါမနဿမည်၏ | ၃၉ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ ဒ-ဓ ]** | |
| ဒေါသတုံး | ၄၄၂ |
| ဒွယ(အတွင်းအပြင်တစုံ) | ၃၃ |
| ဒွိဇကာယ | ၇၃ |
| ဓမ္မဂမ္ဘီရတာ | ၂၁၂ |
| ဓမ္မဋ္ဌိတိဉာဏ် | ၂၇၃၊၄၃၄ |
| ဓမ္မတာရုပ်၌(လက္ခဏာတင်) | ၃၂၈ |
| ဓမ္မဒိန္နမထေရ် | ၃၅၁ |
| ဓမ္မဒိန္နာထေရီမ | ၅၂၈ |
| ဓမ္မဓာတ် | ၂၂၉၊၂၃၀ |
| ဓမ္မာနုသာရီပုဂ္ဂိုလ် | ၄၀၈-၉ |
| ဓမ္မာယတန | ၂၃၀ |
| ဓုဝနိမိတ် | ၄၂၇ |
| ဓုဝသညာ | ၃၃၆၊၄၉၅ |
| **[ န ]** | |
| နံရံ ၂-ထပ်ရှိသော | ၃၅၀ |
| နှံ့သာသည် | ၁၇၁ |
| နက်ယောင်လည်း ထင်၏ | ၂၁၈ |
| နက္ခတ်အယှဉ် | ၄၄၁ |
| နဂါးမင်း | ၃၈၇ |
| နည်းအပြား | ၃၄၂ |
| နတ်ဩဇာ | ၃၀၆ |
| နတ္ထိကဝါဒ | ၂၀ |
| နန္ဒ (အသျှင်) | ၄၈၈ |
| နယ်ဆုံး အကန့်အသတ် | ၄၀၄ |
| နယဒဿန | ၂၇၇ |
| နယမနသိကာရ | ၂၇၇ |
| နယဝိပဿနာ | ၂၇၆ |
| နဝတ္တဗ္ဗအာရုံ | ၁၁၄ |
| နာမ်ကမ္မဋ္ဌာန်း | ၃၃၄ |
| နာမ်ကို မှီ၍ | ၂၅၀ |
| နာမ်နှင့်ရုပ် မရော | ၂၄၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ န ] | |
| နာမကာယ–နာမ်အပေါင်း | ၂၅၅ |
| နာနတ္တကာယ ဧကတ္တသညီ | ၁၄၅ |
| နာနတ္တကာယ နာနတ္တသညီ | ၁၄၅ |
| နာနတ္တနည်း | ၂၁၄၊၃၄၅ |
| နာနာက္ခဏိကကမ္မပစ္စည်း | ၇၇ |
| နာမ်ဟူသည် | ၃၉ |
| နာမ်မှ ထသည် | ၄၁၄ |
| နာမရူပဝဝတ္ထာန | ၂၅၁ |
| နိကပေန္တကကမ္မဋ္ဌာန်းကျောင်း | ၃၅၁ |
| နိကန္တိ–ငြိကပ်တွယ်တာခြင်း | ၃၅၅ |
| နိက္ခေပနဟူသည် | ၃၁၄ |
| နိဂုံး–အဆုံးသတ်အတည်ပြုချက် | ၅၆ |
| နိစ္စနိမိတ် | ၄၂၇ |
| နိစ္စသညာကို ပယ်၏ | ၃၃၅ |
| နိဗ္ဗာမတဏ်ိုကပြိတ္တာ | ၁၂၇ |
| နိပ္ပန္နရုပ် | ၂၃၁ |
| နိဗ္ဗာန်ကို ဆင်ခြင်၏ | ၄၄၆ |
| နိဗ္ဗာန်သို့ ညွှတ်သည် | ၅၂၇ |
| နိဗ္ဗိဒါနုပဿနာ | ၃၃၅ |
| နိမိတ်ဟူသည် | ၃၇၆ |
| နိမိတ်ကို တဖန် သိ၍ | ၃၉၁ |
| နိယတမိစ္ဆာဒိဋ္ဌိ | ၂၆၁ |
| နိယတိဝါဒ | ၂၁၇ |
| နိရောဓသေစ္စာ ထင်ရှား၏ | ၃၄၃ |
| နိရောဓသမာပတ် | ၅၁၂ |
| နိရောဓာနုပဿနာ | ၃၃၅ |
| နိဝါသိ | ၂၀၉ |
| နိဝရဏာတို့ဟူသည် | ၄၆၅ |
| နီသော အမွှာရှိသော | ၁၃၀ |
| နူးညံ့၏ | ၃၂၄ |
| နေဇောမြက် | ၉၀ |
| နေထွက်လတ်သော် | ၄၀၅ |
| [ န ] | |
| နေ၀သညာနာသညာဘာဝ | ၁၀၁ |
| နို့ထိန်း | ၁၇၁၊၂၅၅ |
| နို့စမ်း | ၉၀-၉၊ ၂၄၃ |
| နို့ရည် | ၂၄၃ |
| ချာယကျမ်း | ၅၅၊၁၅၇ |
| နွယ်ကိုလည်း (စွဲမှီ၍) | ၂၄၁ |
| နွယ်ပင် | ၃၂၀ |
| နွားချေးခြောက်ထဲ၌လည်း | ၂၆၉ |
| နွားမကဲ့သို့ | ၂၃၀ |
| နွားမွေး | ၉၀ |
| နွေဥတု | ၃၁၀ |
| နှစ်ဆယ့်ငါးပါးသော ဘေး | ၄၄၃ |
| နှစ်မျိုးသော အားတို့ဟူသည် | ၅၁၃ |
| နှမ်းဆီ | ၂၃၄ |
| နှမ်းမုန့်ညက် (နှမ်းမှုန့်) | ၂၃၄ |
| နှမ်းမှုန့် | ၉၀-၉ |
| နှလုံးရုပ် | ၂၂၃ |
| နှလုံးသွင်းအပ်၏ | ၂၃၄ |
| နှိပ်စက်ခြင်းငှါ | ၂၀၉ |
| နှေးသော အဘိညာ | ၄၂၅ |
| နှေးသော ချုပ်ခြင်းရှိ၏ | ၂၉၀ |
| နှိုင်းဆ၍ သိခြင်း | ၁၅၇ |
| [ ပ ] | |
| ပကတိဝါဒ | ၀ |
| ပကိဏ္ဏကသင်္ခါရ | ၄၂၂ |
| ပဂ္ဂဟ-ချီးမြှောက်ခြင်း | ၃၅၄ |
| ပင်လယ်ခရီးသည် | ၄၀၁ |
| ပင်လယ်ရေကြောင်းခရီး၌ | ၂၅၀ |
| ပင်လုံးအကိုင်းအခက် | ၂၄၂ |
| ပစ်ချကုန်၏ | ၁၃၄ |
| ပစ္စက္ခ | ၁၅၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပစ္စယ | ၃၆၊၅၆ |
| ပစ္စဝေက္ခဏာ ၁၉-ပါး | ၄၄၆ |
| ပစ္စဝေက္ခဏာဝသီ | ၅၁၇ |
| ပစ္စုပ္ပန်ကာလ | ၁၉၉ |
| ပစ္ဆိမအယွယ် | ၃၁၅ |
| ပဉ္စဝေါကာရဘဝ | ၁၁၁ |
| ပဉ္စဝေါကာရဘုံ | ၁၀၉ |
| ပညာထက်မြက်ခြင်း | ၁၃၉ |
| ပညာဒသက | ၃၁၆ |
| ပညာဝိမုတ္တိရဟန္တာ | ၄၀၈-၉၊၅၃၄ |
| ပဋိစ္စသမုပ္ပါဒ် | ၂-၃-၆၊၂၂ |
| ပဋိစ္စသမုပ္ပါဒ်အပြား | ၃၄၂ |
| ပဋိညာ(အဆိုတင်ပြချက်) | ၅၆ |
| ပဋိပဒါအထူး | ၄၂၂ |
| ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | ၃၆၀ |
| ပဋိပါဋိ—အားဖြင့် | ၃၃၁ |
| ပဋိနိဿဂ္ဂါနုပဿနာ | ၃၃၅ |
| ပဋိလုံ ပဋိစ္စသမုပ္ပါဒ် | ၂၆၀၊၃၄၄ |
| ပဋိဝေဓဂမ္ဘီရတာ | ၂၁၃ |
| ပဋိသန္ဓေကန်း | ၁၂၀ |
| ပဋိသန္ဓေစိတ် | ၁၃၅ |
| ပဋိသန္ဓေ၌ တွေ့ဝေသောသူ | ၁၀၀ |
| ပဋိသင်္ခါနုပဿနာ | ၃၃၆၊၄၉၆ |
| ပဋိသင်္ခါဝိပဿနာ | ၃၆၄ |
| ပဋိသမ္ဘိဒါပတ္တရဟန္တာ | ၅၃၅ |
| ပဌမအယွယ် | ၃၁၅ |
| ပဌမစက် | ၁၉၀ |
| ပဌမာဘိသမ္ဗုဒ္ဓဝိဟာရ | ၁၀ |
| ပတိလီနစရပုဂ္ဂိုလ် | ၄၂၁ |
| ပတ္တမြား | ၂၅၄၊၃၂၀ |
| ပတ္တမြားနီ | ၃၂၀ |
| ပတ္တမြားပြောက် | ၃၂၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပဒုမ္မာကြာ | ၂၅၄ |
| ပဒေသဝိဟာရသုတ် | ၉၊၁၀ |
| ပဓာနီယင် | ၄၃၅ |
| ပဗ္ဗာရဒသက | ၁၁၆-၇ |
| ပမာဏ(ခိုင်လုံသော သာဓက) | ၁၅၇ |
| ပန်းကပ် ပန်းတောင်း | ၂၃၉ |
| ပန်းချီကား | ၆၇ |
| ပန်းချီဆရာ | ၁၇၁ |
| ပန်းချီဆေး | ၆၇ |
| ပန်းဆိုင်း တံခွန် ကုက္ကား | ၁၂၀ |
| ပရမ အတ္တ | ၁၉၆ |
| ပရမတ္ထသဖွယ် | ၃၂၇ |
| ပရာမာသ | ၄၆၆ |
| ပရိကံဇော | ၄၃၀ |
| ပရိညာ-ပိုင်းခြား၍ သိခြင်း | ၄၀၄ |
| ပရိညာသုံးပါး | ၄၉၀ |
| ပရိတ္တသုခါ | ၅၂ |
| ပရိဒေဝ | ၃၉ |
| ပဝတ္တိကာလ | ၃၀၀ |
| ပယောဂါဘိသင်္ခါရ | ၃၇-၈ |
| ပယောဇဉ် | ၉၂ |
| ပယ်စဉ် | ၁၇၇ |
| ပယ်ပြီးကို ဆင်ခြင်၏ | ၄၄၆ |
| ပရိယုဋ္ဌာယိနော | ၁၉၃ |
| ပဿဒ္ဓိ-ငြိမ်းအေးခြင်း ဟူသည် | ၃၅၃ |
| ပဟာန-ပယ်ခြင်း | ၄၀၄ |
| ပဟာနပရိညာ | ၂၇၈၊၂၈၀၊၄၉၂ |
| ပါစကတေဇော | ၂၂၆ |
| ပါဏိနီ | ၇ |
| ပါဒကစျာန်က သတ်မှတ်သည် | ၄၂၂ |
| ပါရိသုဒ္ဓိ | ၄၃၅ |
| ပါဟုနေယျ | ၅၃၀ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပိဋ္ဌိဘဝင် | ၁၁၂ |
| ပိတုဃာတ | ၂၆၃ |
| ပိယင်္ဂုကျွန်း | ၅၂၂ |
| ပီတိ ဟူသည် | ၃၅၃ |
| ပုဂ္ဂိုလ်၏အလိုအဇ္ဈာသယ | ၄၂၂ |
| ပုညာဘိသင်္ခါရ | ၄၈ |
| ပုဏ္ဏရိုက်ကြွ | ၂၅၄ |
| ပုဏ္ဏားသား | ၁၇၀ |
| ပုထုဇဉ်အန္ဓယ် | ၄၃၈ |
| ပုပ်သောသားရှိသောမိန်းမ | ၃၇၃ |
| ပုဗ္ဗနိမိတ်ငါးပါး | ၁၉၄ |
| ပုလဲ | ၃၂၈ |
| ပုလဲသွယ် | ၂၅၄ |
| ပေဋ္ဌာ | ၂၃၉ |
| ပေါက်ပင် | ၃၉၆ |
| ပေါဋ္ဌပါဒပရိဗိုဇ် | ၄၃၄ |
| ပိုက်ကွန် | ၃၈၇ |
| ပိုင်းခြားအပ်၏ | ၂၃၄ |
| ပိုးဖလံ | ၅၃ |
| ပြန့်၍စပ်ခြင်း မရှိကုန်ပဲ | ၃၂၆ |
| ပျားရည် | ၁၂၀ |
| ပြီးစီးကြောင်းနည်းလမ်း | ၃၈၉ |
| ပြီးစီးထမြောက်ကြောင်း | ၈၂ |
| ပြုတတ်သောသူ | ၂၈၉ |
| ပြုပြင်အပ်သော | ၃၈ |
| ပြုလိုခြင်းမရှိ | ၂၄၉ |
| ပြေးဝင်သွား၏ | ၄၀၁ |
| ပြောလိုခြင်းမရှိ | ၂၄၉ |
| ပြောရိုးပြောစဉ် | ၃၉၁ |
| ပွတ်ခုံ ပွတ်တံ အစုံ | ၂၀၉ |
| ပွတ်တိုက်သွေး၏ | ၂၃၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဖ-ဗ ] | |
| ဖတ်အပ်သော(ဝါဂွမ်း) | ၄၀၂ |
| ဖန်ဆင်းသူသည် | ၃၉၄ |
| ဖရဏာပီတိ | ၃၅၃ |
| ဖလသမာပတ် | ၅၀၄ |
| ဖလူပစာ | ၁၇ |
| ဖဿမည်၏ | ၃၉ |
| ဖဿ၏ အစွမ်းအားဖြင့် | ၂၃၆ |
| ဖာ,ပခြုပ်,ပလိုး | ၂၃၉ |
| ဖိနင်းခြင်း | ၃၂၀ |
| ဖောက်ထွင်းလျက် | ၄၄၂ |
| ဖောဋ္ဌဗ္ဗာယတန | ၂၃၀ |
| ဖိုလ်ကို ဆင်ခြင်၏ | ၄၄၆ |
| ဖိုလ်ဝင်စားခြင်း | ၅၀၄ |
| ဖြစ်စဉ် | ၁၇၇ |
| ဖြူဆံမြွက် ဖြိတ်မြွက် | ၂၁၈ |
| ဖွတ်၏အဆင်း | ၄၂၄ |
| ဗင်(သလွဲဖြူ) | ၃၂၈ |
| ဗလဒသက | ၃၁၆ |
| ဗဟိဒ္ဓနိမိတ်ခေါ် | ၄၁၁ |
| ဗဟိဒ္ဓမှ ထသည် | ၄၁၃ |
| ဗဟုလကံ | ၂၆၃ |
| ဗာလ | ၁၉၄ |
| ဗိမာန် | ၁၉၃ |
| ဗုဒ္ဓဃောသ | ၅၄၂ |
| ဗောဇ္ဈင် | ၄၅၃ |
| ဗောဇ္ဈင်အထူး | ၄၂၂ |
| ဗောဓိပက္ခိယ | ၄၅၁ |
| ဗိုလ်ငါးပါး | ၄၅၃ |
| ဗျတိရိက်-ပြောင်းပြန်အနက် | ၁၅၉ |
| ဗြဟ္မာ | ၃၉၄ |
| ဗြဟ္မာနတ် | ၁၉၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ဘ]** | |
| ဘဂဝါဂီတိ | ၁၀၀-၁၀၁ |
| ဘင်္ဂါနုပဿနာ | ၃၆၃ |
| ဘယဉာဏ်သည်ဖြစ်ပေါ်၏ | ၃၇၃ |
| ဘယတုပဋ္ဌာန | ၃၇၅ |
| ဘဝအယဉ်၌သော်လည်း | ၃၇၆ |
| ဘဝစက်မျှသာ | ၁၉၇ |
| ဘဝတဏှာ | ၁၇၀ |
| ဘဝမည်၏ | ၃၉ |
| ဘာဝဒသကကလာပ် | ၂၂၄ |
| ဘာဝနာနှစ်ပါး | ၄၉၉ |
| ဘာဝနာ-ပွါးစေခြင်း | ၄၀၄ |
| ဘာဝနာသတ္တိကိရိယာ | ၄၃၉ |
| ဘီလူးဆိုးတဦးက | ၅၂၂ |
| ဘီလူးမ | ၄၁၉ |
| ဘီလူးမြို့ | ၅၃ |
| ဘုရားသခင် | ၃၉၄ |
| ဘူတာပဂတုပ္ပန္န | ၄၇၆ |
| ဘူမိလဒ္ဓ | ၄၇၆-၈ |
| ဘူမိလဒ္ဓုပ္ပန္န | ၄၇၇ |
| ဘေး ၂၅-ပါး | ၄၄၃ |
| ဘေးသို့ဖို့သွားသည်မည်၏ | ၃၄၆ |
| ဘေးဟူသောအနက် သဘော ကြောင့် | ၂၈၈ |
| ဘုံစဉ်စံပုဂ္ဂိုလ် | ၅၃၁ |
| **[မ]** | |
| မကိုက်ခဲစေသတည်း | ၅၂၁ |
| မက္ခလိဂေါသာလ | ၂၁၇ |
| မခိုးယူနိုင်စေသတည်း | ၅၂၁ |
| မဂ်၏အာဝဇ္ဇန်း | ၄၄၂ |
| မဂ်ကိုဆင်ခြင်၏ | ၄၄၆ |
| မဂ္ဂင် | ၈၂၊၄၅၄ |
| မဂ္ဂင်အလုံး | ၄၂၂ |
| မဂ္ဂင် ၇-ပါး | ၄၂၃ |
| မဂ္ဂင် ၁၂-ပါး | ၈၂ |
| မဂ္ဂသစ္စာထင်ရှား၏ | ၃၄၃ |
| မစည်ပင် မကြီးပွါးနိုင်သကဲ့သို့ | ၄၉၇ |
| မစားတတ် | ၂၄၈ |
| မစ္ဆရိယတို့ဟူသည် | ၄၆၃ |
| မဆက်စပ်သည်တို့ကို မပျက် စေခြင်း | ၅၂၁ |
| မဆက်ဆံသောအကြောင်း | ၂၅၈ |
| မဇ္ဈိမအဌကထာ၌ | ၁၁၂ |
| မဇ္ဈိမအရှယ် | ၃၁၅ |
| မဇ္ဈိမပဋိပဒါ | ၂၀ |
| မဇ္ဈိမပဋိပဒါ သမ္မာဒိဋ္ဌိ၌ တည်သည် | ၂၄၄ |
| မတွေ့မဝေသိသောဉာဏ်အဆင့် | ၂၄၀ |
| မနာယတန | ၂၃၀ |
| မနောဒသက | ၃၁၆ |
| မနောဂါကိနီအိုင် | ၃၀၅ |
| မပျက်စီးစေသတည်း | ၅၂၁ |
| မပြတ်ဖြစ်လျက်လည်သော | ၁၉၅ |
| မပြုတတ် | ၂၄၈ |
| မပြောဆိုတတ် | ၂၄၈ |
| မပ္ပိုကျ | ၁၅၂ |
| မမှန-မမ်းစွဲသော စကား ထစ်သောသူ | ၁၁၄ |
| မမျောစေသတည်း | ၅၂၁ |
| မမြင်ရခြင်းသို့ | ၃၂၈ |
| မမြင်ရသည့်အဖို့မှ | ၃၂၈ |
| မရဏ | ၃၉ |
| မရဏာသန္နဇော | ၁၁၆၊၁၂၁ |
| မရောနှောကုန်ပဲ | ၃၂၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ မ ] | |
| မလ | ၄၆၆ |
| မလောင်စေသတည်း | ၅၂၁ |
| မသိအပ်သော အစရှိ၏ | ၁၉၅ |
| မသူတော်တရား | ၁၀၅ |
| မသောက်တတ် | ၂၄၀ |
| မသုံးသပ်ထိုက်သောကြောင့် | ၂၀၇ |
| မဟဂ္ဂုတ်စိတ် | ၃၁၃ |
| မဟာဒတ္တမထေရ် | ၃၅၁ |
| မဟာနာဂမထေရ် | ၃၅၁ |
| မဟာနာဂမထေရ်၏ ပရိက္ခရာကဲ့သို့ | ၅၂၁ |
| မဟာနာမ်မင်း | ၄၄၆ |
| မဟာဗြဟ္မာ | ၁၉၀ |
| မဟာမောဂ္ဂလ္လာန်(အရှင်) | ၅၂၂ |
| မဟာမောဂ္ဂလ္လာန်ထေရ်၏ | ၁၄၃ |
| မဟာယာနဝါဒ | ၅၀၇ |
| မဟာဝိပဿနာ ၁၈-ပါး | ၃၃၅ |
| မဟာဝိဟာရဝါသီ | ၈၊၅၀၇ |
| မဟာသမုဒ္ဒရာ၌ | ၁၅၂ |
| မာတုဃာတက | ၂၆၃ |
| မာတုလုင်ခေါ် ရှောက်ပန်း | ၁၃၀ |
| မာနစွဲ | ၂၄၂၊၃၅၆ |
| မိစ္ဆတ္တတရားတို့ဟူသည် | ၄၆၂ |
| မိစ္ဆတ္တနိယတ | ၄၄ |
| မိစ္ဆာဒိဋ္ဌိ | ၄၅၀ |
| မိစ္ဆာမဂ် | ၄၄၃ |
| မိစ္ဆာမဂ္ဂင် | ၈၂ |
| မိမိ၏အကျိုးဟူသည်ကား | ၄၅၀ |
| မိဿပဋိသန္ဓေဝိညာဉ်သည် | ၁၂၄ |
| မီးကျီးတွင်း | ၇၊၃၇၄ |
| မီးစစက်ဝိုင်း | ၃၄ |
| မီးလောင်ငုတ်ကဲ့သို့ရှင်း | ၃၂၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ မ ] | |
| မီးလျှံ | ၁၁၆ |
| မီးသွေးတောင်းထဲ၌ | ၃၂၄ |
| မုဒုတာ | ၂၃၁ |
| မုန်ညင်းစေ့ပမာ | ၃၂၇ |
| မူလ | ၁၉၀ |
| မူလအကြောင်း | ၂၅၂ |
| မူလကမ္မဋ္ဌာန်း | ၃၄၉ |
| မူလဋီကာ | ၃၁၂ |
| မူးယစ်စေခြင်းကိစ္စ | ၉၀ |
| မောမူဟာဒသက | ၃၁၆-၇ |
| မောရဏ္ဍရွာသား | ၅၄၂ |
| မောဟတုံး | ၄၄၂ |
| မိုးဃ်းဥတု | ၃၁၀ |
| မိုးကြိုးဖြင့် | ၄၉၇ |
| မျက်စိလယ်လမ်းမှားသောသူ | ၅၃ |
| မျက်နှာအရိပ်သို့ | ၂၇၀ |
| မျက်နှာ၌ လိမ်းချယ် ဆင်ယင်လိုက်သော | ၂၇၀ |
| မျက်နှာပြမှု | ၁၆၄ |
| မျက်မမြင်ဒုက္ခိတ | ၁၀၄ |
| မျက်မှောက်အတ္တဘော | ၁၉၄ |
| မျက်လှည့် | ၃၄၇၊၃၉၆ |
| မျက်လှည့်အမှု | ၂၀၉ |
| မျက်လှည့်ဆရာ | ၂၀၉ |
| မြက်နှံသာ | ၉၀-၉ |
| မြက်မီး ရှူး | ၃၂၁ |
| မြင်သိမှုဆိုင်ရာနာမ်တရား | ၂၄၇ |
| မြားမြက် | ၉၀-၉ |
| မြသည်၏အဖြစ်ကိုငြင်းပယ်ခြင်း | ၃၁၄ |
| မြသည့် အရိပ် နိမိတ် ထင်ခြင်းကိုပယ်၏ | ၃၃၆ |
| မြသောအနှစ် | ၃၉၅ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မြေ | ၃၂၈ |
| မြေညက်ကိုလည်း | ၂၄၁ |
| မြဲသည့်ပုံဟန် | ၄၂၇ |
| မြို့ရိုးတံတိုင်း အိမ်တံခါးမုခ် | ၂၄၂ |
| မြို့ဟူသော အမည်ဝေါဟာရမျှ | ၂၄၂ |
| မြေဆိုး | ၃၉၀ |
| မြေဆိုးကြီးတို့ကဲ့သို့ | ၃၇၇ |
| မှန်ကန်စွာ သိမြင်ခြင်းပေတည်း | ၂၆၇ |
| မှန်၌ မျက်နှာအရိပ် | ၂၃၃ |
| မှန်ဘီလူးထဲ၌လည်း | ၂၆၉ |
| မှီရာ ဥပနိဿယ | ၂၅၅ |
| မှူးကြီးမတ်ကြီး | ၂၀၉ |
| မှော်သည် | ၉၉ |
| မြွားမှန်သော သမင် | ၁၉၃ |
| **[ ယ ]** | |
| ယမကအားဖြင့် | ၃၃၀ |
| ယထာဘူတဉာဏ် | ၂၇၃ |
| ယထာဘူတဉာဏ်အမြင် | ၃၃၆၊၄၉၆ |
| ယာထာဝ သရသလက္ခဏာ | ၄၀ |
| ယောဂ | ၄၆၅ |
| ယုံမှား ၁၆-ပါး | ၂၅၀ |
| **[ ရ ]** | |
| ရက္ခန်းသည် | ၁၇၁ |
| ရင့်ယော်ခြင်း | ၃၉ |
| ရည်ရွယ်သည့်အကျိုး | ၉၂ |
| ရတု ၆-ပါး | ၃၁၉ |
| ရထကာရအိုင် | ၃၀၅ |
| ရထားအိမ် ရထားသံ | ၂၄၁ |
| ရထားဘီး | ၂၄၁ |
| ရထားဟူသော အမည် ဝေါဟာရမျှ | ၂၄၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ရ ]** | |
| ရသာယတန | ၂၇၀ |
| ရသာယနဆေး | ၁၇၁ |
| ရဟန္တာ | ၆၀၊၄၄၉၊၅၃၅ |
| ရာဂမီးလောင်ကျွမ်း၍ | ၄၀၂ |
| ရုပ်အပေါင်း ကိုယ်၏အကြောင်း | ၂၅၅ |
| ရူပဘဝ | ၁၀၁ |
| ရုပ်ကမ္မဋ္ဌာန်း | ၃၃၄ |
| ရုပ်ကို မှီ၍ | ၂၅၀ |
| ရုပ်ကို သုံးသပ်ပုံ ၇-မျိုး | ၃၀၃ |
| ရုပ်ကိုယ်ဟူ၍ | ၂၄၁ |
| ရုပ်မှ ထသည် | ၄၁၄ |
| ရုပ်နာမ်အယဉ် | ၂၇၄ |
| ရုပ်မည်၏ | ၃၉ |
| ရူပရုပ် | ၂၃၁ |
| ရူပသတ္တက | ၃၁၃ |
| ရူပသိဒ္ဓိကျမ်း | ၈ |
| ရူပါယတန | ၂၇၀ |
| ရေအိုင်ကြီး ၇-ခု | ၃၀၅ |
| ရေခတက်ဖြူ | ၃၉၈ |
| ရေငတ်ခြင်း | ၂၀၉ |
| ရေပွက် | ၃၉၆ |
| ရေမန်းသည် | ၂၇၀ |
| ရေမြောင်းကို ခုန်ကျော်၍ | ၄၃၉ |
| ရေမြှုပ်စိုင် | ၃၄၇၊ ၃၉၈ |
| ရေသဖန်း | ၃၉၆ |
| ရောဂါရှိသူ၏ ဝမ်းသို့ | ၂၇၀ |
| ရွာပျက်ကဲ့သို့ | ၃၇၇ |
| ရွာဖျက်ဒမြကြီးတို့ကဲ့သို့ | ၃၇၇ |
| ရှစ်ပါးအပြားရှိသော ယုံမှား ကိုလည်း ပယ်သည် | ၂၇၂ |
| ရှစ်သောင်းလေးထောင်ပတ်လုံး | ၃၂၆ |
| ရှေးအစွန်းအစကို မသိအပ် | ၂၆၈ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ရ ]** | |
| ရှေးဦးစွာ နှလုံးသွင်းခြင်း | ၄၁၂ |
| ရှောက်ပန်းမျိုးစေ့ | ၁၃၇ |
| ရှောင်ဖယ်ခြင်း | ၃၂၀ |
| ရွှေချိုင့် | ၃၇၅ |
| ရွှေရင်တော်နှစ် သားတော်စစ် အဖြစ် | ၄၄၃ |
| **[လ]** | |
| လက်ခံရပေလိမ့်မည် | ၂၄၃ |
| လက္ခဏာအပြား | ၃၄၂ |
| လက္ခဏာငါးဆယ် | ၃၄၁ |
| လက္ခဏာ၌ တွေဝေသောသူ | ၁၀၂ |
| လက်မောင်း | ၁၉၇ |
| လက်သီးဆုပ် | ၂၄၂ |
| လကျ်ာဘက်ကို ယူလော့ | ၂၄၉ |
| လက်ဝဲဘက်ကို လွှတ်လော့ | ၂၄၉ |
| လင်းတငယ် | ၃၄ |
| လင်းယဉ်တိုင်ဖျားမှ | ၄၀၂ |
| လည်ရေးသုံးဆင့် | ၃၇၉ |
| လမ်းမှားကို | ၄၄၃ |
| လယ်ယာမြေအကောင်း အမြတ်ဆုံး | ၅၃၀ |
| လဟုတာ | ၂၃၁ |
| လာခဲ့ရာအကြောင်း | ၄၂၅-၇ |
| လာခဲ့ရာလမ်း | ၃၉၀ |
| လူကိုမှီ၍ | ၂၅၀ |
| လူတို့ကိုမှီ၍ | ၂၅၀ |
| လူတို့နှင့် မဆိုင်သော | ၃၅၃ |
| လူး လိမ်းအပ်သော အာဟာရ | ၃၀၆ |
| လေမုန်တိုင်း | ၄၀၂ |
| လေ့လာနိုင်နင်းခြင်း (ဝသီ) | ၅၁၆ |
| လေးပါးသော ပုဗ္ဗကိစ္စ | ၅၂၀ |
| **[ လ ]** | |
| လေးပါးသော ကိစ္စ | ၄၀၄ |
| လေးသမားတယောက် | ၄၄၂ |
| လောက၏ဖြစ်ကြောင်းတရား | ၁၁ |
| လောကဓံတရားတို့ဟူသည် | ၄၆၃ |
| လောကဝေါဟာရအမည် | ၂၄၀ |
| လောကသမုဒယ | ၁၁ |
| လောကသုံးစကား | ၂၁ |
| လောကီဘာဝနာ | ၄၉၉ |
| လောကီမဂ်ပေတည်း | ၃၄၃ |
| လောကီဝိပဿနာညာဏ်ဖြင့်ပင် | ၃၅၉ |
| လောကုတ္တရာဘာဝနာမည်၏ | ၄၉၉ |
| လောဟိတုပ္ပါဒ | ၂၆၃ |
| လောဘတုံး | ၄၄၂ |
| လျစ်လျူရှုလျက် | ၄၀၀ |
| လျင်မြန်တိုတောင်းလှ၏ | ၃၂၆ |
| လျင်သောအဘိညာ | ၄၂၅ |
| လျင်သော ချုပ်ခြင်းရှိ၏ | ၂၉၇ |
| လွန်ကဲသော ပညိန္ဒြေ | ၄၀၇ |
| လွန်ကဲသော သမာဓိန္ဒြေ | ၄၀၇ |
| လွန်ကဲသော သဒ္ဓိန္ဒြေ | ၄၀၇ |
| လွယ်ကူစွာ ရှုနိုင်သော | ၂၇၈ |
| လွယ်ကူသော အကျင့် | ၄၂၅ |
| လှည့်စားအပ်သည် | ၁၇၅ |
| လှေပျက် ဖောင်ပျက် | ၁၅၂ |
| လှိုင်းပုတ်ခတ်အပ် | ၁၅၂ |
| လှောင်အိမ်ချိုင့် | ၃၇၈ |
| **[ ဝ ]** | |
| ဝက်ဒသက | ၃၁၆-၈ |
| ဝင်ရိုး | ၂၄၁ |
| ဝစနာဝယဝ | ၅၅ |
| ဝစီဝိညတ် | ၂၃၁ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဝ ] | |
| ဝစီသင်္ခါရ | ၄၉၊၅၁၅ |
| ဝဇိရာထေရီမ | ၂၄၁ |
| ဝဏ္ဏဒသက | ၃၁၆ |
| ဝတ္တမာနုပ္ပန္န | ၄၇၆ |
| ဝန်ကြီး | ၄၃၂ |
| ဝန်ချခြင်း(လက်လျှော့ခြင်း) | ၂၃၄ |
| ဝန်ထုပ်ဝန်ပိုးကို ချပြီးသော | ၄၅၀ |
| ဝမ်းတွင်းအ | ၁၁၄ |
| ဝမ်းတွင်းကန်း | ၁၁၄ |
| ဝမ်းတွင်းနားပင်း | ၁၁၄ |
| ဝမ်းတွင်းရှူး | ၁၁၄ |
| ဝယလက္ခဏဝိပဿနာမည်၏ | ၃၆၄-၉ |
| ဝယာနုပဿနာ | ၃၃၅၊၄၉၄ |
| ဒယောဝုစုတ္တက်မ | ၃၁၅ |
| ဝရဇိန်လက်နက် | ၃၅၅ |
| ဝသန္တရတု | ၃၁၉ |
| ဝသဝတ္တိဝါဒ | ၁၉ |
| ဝဿာနရတု | ၃၁၈ |
| ဝိက္ခမ္ဘနပဟာန် | ၂၅၈၊၄၉၂ |
| ဝိဇ္ဇာခေါ် ပညာကို | ၁၃၉ |
| ဝိဇ္ဇာဉာဏ် | ၅၄ |
| ဝိညာဉ် | ၃၉ |
| ဝိညာဉ်၏ အစွမ်းအားဖြင့် | ၂၃၇ |
| ဝိညာဏဋ္ဌိတိ | ၁၂၄ |
| ဝိပရိဏာမဒုက္ခ | ၅၂ |
| ဝိပရိဏာမာနုပဿနာ | ၃၃၆၊၄၉၅ |
| ဝိပလ္လာသတို့ဟူသည် | ၄၆၄ |
| ဝိပဿနာအား | ၅၁၄ |
| ဝိပဿနာ၏ အာရုံဖြစ်ကုန်သော ခန္ဓာတို့က | ၄၂၂ |
| ဝိပဿနာက ကိန်းသေ သတ်မှတ်သည် | ၄၂၂ |
| ဝိဘဇ္ဇဝါဒီ | ၅၃၈ |
| ဝိပဿနာပရိဝါသ်နေသည် | ၄၂၅ |
| ဝိပါကဝဋ္ဋ | ၂၀၄ |
| ဝိဘဝတဏှာ | ၁၇၁ |
| ဝိမောက္ခအထူး | ၄၂၂ |
| ဝိမောက္ခမုခ | ၄၀၃ |
| ဝိရာဂါနုပဿနာ | ၃၃၅ |
| ဝိဝဋ္ဋာနုပဿနာ | ၃၃၆၊၄၉၇ |
| ဝိသမဟေတုဝါဒ | ၁၉ |
| ဝိသာခ (ဒါယကာ) | ၃၈ |
| ဝိသုဒ္ဓိကထာ | ၃၃၀ |
| ဝိသုဒ္ဓိဟု မခေါ်ဝေါ်လောက်သော ဉာဏ် | ၄၃၇ |
| ဝိသေသလက္ခဏာ | ၁၀၂ |
| ဝုဋ္ဌာနဂါမိနီ | ၄၁၁ |
| ဝုဋ္ဌာနဝသီ | ၅၁၇ |
| ဝီဏာဝါဒန | ၃၄၀ |
| ဝီတိဟာရဏ | ၃၂၀ |
| ဝေတုလ္လ | ၅၀၇ |
| ဝေဒက | ၂၆၇၊ ၂၀၉ |
| ဝေဒနာ | ၃၉ |
| ဝေဒနာ၏ အစွမ်းအားဖြင့် | ၂၃၇ |
| ဝေါဒါန် | ၆၉ |
| ဝေါဿဇ္ဇန | ၃၂၀ |
| ဝှေ့ရမ်းလှည့်ပတ်လျက် | ၃၀၉ |
| [ သ ] | |
| သံဃပါလမထေရ် | ၅၃၉ |
| သံဃဘေဒ | ၂၆၁ |
| သံဃာတော်၏ ငုံလင့်ခြင်း | ၅၂၂ |
| သံယောဇဉ် | ၄၆၁ |
| သံသရာဆင်းရဲ | ၅၀ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[သ]** | |
| သံသရာ၌ တွေ့ဝေသောသူ | ၁၀၁ |
| သံဝရ | ၃၂ |
| သံသေဒဇယောနိ | ၁၂၄ |
| သက်ကယ်မြက်ကိုလည်း (စွဲမှီ၍) | ၂၄၁ |
| သက်သာရာမည်သည် | ၂၇၄ |
| သကဒါဂါမ် | ၄၄၈၊၅၃၁ |
| သကဒါဂါမ်ပုဂ္ဂိုလ် ၁၂-ပါး | ၅၃၃ |
| သကဒါဂါမိမဂ်ဉာဏ် | ၄၄၇ |
| သက္ကတသဒ္ဒါကျမ်းများ | ၇ |
| သင်္ခတလက္ခဏာ မည်၏ | ၃၄၆ |
| သင်္ခတသင်္ခါရ | ၃၇ |
| သင်္ခါရ | ၃၆ |
| သင်္ခါရကင်းသော | ၄၃၈ |
| သင်္ခါရချုပ်ရာဖြစ်သော | ၄၃၈ |
| သင်္ခါရတို့သည်သာလျှင် | ၃၃၃ |
| သင်္ခါရနိမိတ် | ၂၇၃၊၃၇၆၊၅၀၉ |
| သင်္ခါရနိမိတ်အာရုံ | ၄၃၈ |
| သင်္ခါရနိမိတ် မရှိသော | ၄၃၈ |
| သင်္ခါရပရိစ္ဆေဒ | ၂၅၁ |
| သင်္ချာဝါဒီ | ၁၀၃ |
| သစ္စာအပြား | ၃၄၂ |
| သစ္စာနုလောမိကဉာဏ် | ၃၆၀၊၄၃၃ |
| သစ္စာသုံးပါးကို ပိုင်းခြားခြင်း | ၃၅၉ |
| သစ်စေးနှင့် သစ်ပင်တို့၏ | ၂၆၇ |
| သစ္စိကိရိယာ | ၄၈၄၊၄၉၈ |
| သစ်ပင် | ၃၂၈ |
| သစ်ပင်ဟူသော အမည် | ၂၄၂ |
| သစ်သားကိုလည်း(စွဲမှီ၍) | ၂၄၁ |
| သစ်သားစက်ရုပ် | ၂၄၅ |
| သစ်သားမီး ရှူး | ၃၂၁ |
| သဉ္ဇီဝမထေရ် | ၅၂၂ |
| **[ သ ]** | |
| သညဂ္ဂ | ၄၃၄ |
| သညာဘဝ | ၁၈၁ |
| သညာဝိပလ္လာသ | ၄၆၄ |
| သည်းမခံနိုင်သောသူ၏ | ၁၃၃ |
| သတိပဋ္ဌာန်လေးပါး | ၄၅၁ |
| သတိပဋ္ဌာန | ၄၅၁ |
| သတ္တက္ခတ္တုပရမသောတာပန် | ၅၃၀ |
| သတ္တာဝါသတို့၏ | ၁၂၄ |
| သဒ္ဒ-ခိုင်လုံသောကျမ်းဂန်အဆို | ၁၅၇ |
| သဒ္ဒနဝကကလာပ် | ၂၂၆ |
| သဒ္ဒါမျှသာထူး၏ | ၂၇၄၊၃၃၆ ၃၈၆၊၄၁၁ |
| သဒ္ဒါယတန | ၂၃၀ |
| သဒ္ဓါနုသာရီပုဂ္ဂိုလ် | ၄၀၈၊၅၃၄ |
| သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် | ၄၀၈ |
| သန္တတိ | ၂၃၁ |
| သန္တတိပညတ်က | ၃၆၀ |
| သန္တတိသီသ | ၁၄၈ |
| သန္တာ | ၃၂၈ |
| သန္တာန်ပညတ်သည် | ၃၂၇ |
| သန္တိဋ္ဌနာ | ၄၁၁ |
| သန္တိပဒဉာဏ် | ၅၇၉ |
| သန္နိက္ခေပန | ၃၂၀ |
| သန္နိရုမ္ဘန | ၃၂၀ |
| သပ္ပါယ ၇-ပါး | ၂၉၇ |
| သဘာဝလက္ခဏာ | ၁၀၂ |
| သမထအား | ၅၁၃ |
| သမထယာနိကပုဂ္ဂိုလ် | ၂၂၁ |
| သမာဓိနိဒ္ဒေသ | ၂၂၀ |
| သမာပဇ္ဇနဝသီ | ၅၁၇ |
| သမုဂ္ဂ | ၂၃၉ |
| သမုစ္စည်း | ၂၀၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သမုစ္ဆေဒပဟာန် | ၄၉၇ |
| သမုဋ္ဌာန်ကို | ၂၅၂ |
| သမုဒယသစ္စာထင်ရှား၏ | ၃၄၃ |
| သမ္ဗယုတ်အင်္ဂါ | ၈၃ |
| သမ္ပိဏ္ဍန | ၂၀၈ |
| သမ္ဘာဝနာ | ၄၈ |
| သမ္မတ္တနိယာမ | ၂၉၁ |
| သမ္မပ္ပဓာန်လေးပါး | ၄၅၂ |
| သမ္မသနုပဂရုပ် | ၂၃၁ |
| သမ္မာဒဿန | ၂၇၃ |
| သမ္မာဒိဋ္ဌိအယူ | ၂၄၃ |
| သမ္မာမဂ္ဂင် | ၈၂ |
| သယံဝသီ | ၂၈၉ |
| သယနဒသက | ၃၁၆ |
| သရက်စေ့ | ၁၃၈ |
| သရဒရတု | ၃၁၈ |
| သလင်း | ၃၂၈ |
| သလိပ်နာ | ၉၃ |
| သလေးနို၏အသီး | ၁၃၇ |
| သလေးမျိုးစေ့ | ၄၈၊၉၈၊၁၃၇ |
| သလွဲဖြူ | ၃၂၈ |
| သလွဲမည်း | ၃၂၈ |
| သသင်္ခါရပရိနိဗ္ဗာယီ | ၅၃၃ |
| သသမ္ဘာရစက္ခု | ၂၂၉ |
| သဿတ-တည်မြဲအယူ၌ | ၂၄၃ |
| သဿတဒိဋ္ဌိ | ၂၁၄ |
| သဿတနိမိတ် | ၄၂၇ |
| သဿတဝါဒ | ၁၉ |
| သာမညဖိုလ် | ၅၀၂ |
| သာမညလက္ခဏာ | ၁၀၂ |
| သာမီ | ၂၈၉ |
| သာရိပုတြာ (အရှင်) | ၂၄၁၊၅၂၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သာ၍ကောင်းစွာပယ်၏ | ၃၄၅ |
| သားအိမ်အရပ်၌ | ၂၅၄ |
| သား၌အချစ်ကြီးသောမိန်းမ | ၄၁၉ |
| သားချို | ၉၈-၉ |
| သားရဲရှိသော တောအုပ် ကဲ့သို့ရှင်း | ၃၇၈ |
| သားသမီးအဖတ်မတင်သော မိန်းမ | ၃၇၃ |
| သားသုံးယောက် | ၃၇၃ |
| သိတော်မူသောဘုရား | ၅၄၃ |
| သိပ္ပခေါ် အတတ် | ၁၃၉ |
| သိမ်းဆည်းအပ်၏ | ၂၃၄ |
| သိသိရရတု | ၃၁၉ |
| သီလဗ္ဗတုပါဒါန် | ၁၇၄ |
| သီလဝိသုဒ္ဓိ | ၂၂၀ |
| သီဟပပါတအိုင် | ၃၈၅ |
| သီဟာသန-မြတ်သောနေရာ | ၃၅၀ |
| သီဟောပမသုတ် | ၂၈၉ |
| သုက်ပိုး သုက်မှုန့် | ၁၂၆ |
| သုက္ကပက္ခ | ၁၁၈ |
| သုခသညာကိုပယ်၏ | ၃၃၅ |
| သုခပဋိပဒါ | ၄၂၅ |
| သုခဟူသည်ကား | ၃၅၄ |
| သုဂတိနိမိတ် | ၁၂၀ |
| သုညတဝိမောက္ခ | ၄၀၅၊၄၂၇ |
| သုညတာနုပဿနာ | ၃၃၆၊၄၉၅ |
| သုဒဿနတောင် | ၃၁၄ |
| သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ် | ၂၂၃ |
| သုန္ဒရီနန္ဒာ | ၄၈၈ |
| သုသီမရဟန်း | ၄၃၄ |
| သူကန်းနှင့်သူဆွံ့ | ၂၄၉ |
| သူငယ်အိမ်အချင်း | ၁၂၄ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ သ ] | |
| သူတော်ကောင်းတရား | ၁၇၅ |
| သူရိယကန်ကျောက် | ၂၆၉ |
| သူသတ်ယောကျ်ားတို့ကဲ့သို့ | ၃၇၇ |
| သေခါနီးကာလ | ၃၁၁ |
| သေဌေးသား | ၁၇၀ |
| သေမင်းသည်မတွေ့မမြင် တော့ပြီ | ၃၉၉ |
| သေလုနီးဖြစ်၍ | ၁၃၃ |
| သောက်လိုခြင်း မရှိ | ၂၄၉ |
| သောက | ၃၉ |
| သောဂန္ဓိကကြာ | ၂၅၄ |
| သောတဓာတ် | ၂၃၀ |
| သောတာပတ္တိမဂ်ဉာဏ် | ၄၄၃ |
| သောတာပန် | ၄၄၅ |
| သောတာပန် ၂၄-ပါး | ၅၃၃ |
| သောတာယတန | ၂၃၀ |
| သောမာရပြည်ဖြစ် | ၁၂၀ |
| သော်ကညွှန့် | ၃၂၀ |
| သော်လည်း | ၄၀ |
| သုံးခုသော တိမ်တိုက်တို့ကဲ့သို့ | ၄၄၁ |
| သုံးခုသော လေတို့ကဲ့သို့ | ၄၄၁ |
| သုံးဆောင်တတ်သူမည်သော | ၁၄၀ |
| သုံးပါးသောအနုပဿနာ | ၃၇၅ |
| သုံးပါးသောအနုလုံစိတ်တို့ | ၄၄၁ |
| သုံးပါးသောကိလေသာ အမှောင် | ၄၄၁ |
| သုံးမျိုးသောသင်္ခါရတို့ | ၅၁၄ |
| သုံးသပ်အပ်၏ | ၂၃၄ |
| သုံးသပ်ထိုက်သော ရုပ်နာမ် တရား | ၂၀၇ |
| သုံးသပ်နိုင်သောရုပ် | ၂၃၁ |
| သိုးမွေး | ၉၀ |
| သွေးဥနှင့် | ၁၂၆ |
| [ ဟ ] | |
| ဟံကနအရပ် | ၃၅၁ |
| ဟင်းနုနွယ် | ၉၉ |
| ဟင်းလင်းပြင် အာကာသ | ၂၄၁ |
| ဟဒယဝတ္ထု | ၆၅ |
| ဟဒယဝတ္ထုဒသကကလာပ် | ၂၂၇ |
| ဟာနိဒသက | ၃၁၆ |
| ဟိတ် (ဝစနာဝယဝ) | ၅၆ |
| ဟိမဝန္တာတော | ၃၀၅ |
| ဟေတု | ၅၆-၇ |
| ဟေတုမန္တဝိသေသန | ၁၁၆ |
| ဟေမန္တရုတု | ၃၁၉ |
| ဟောစဉ် | ၁၇၇ |


မှတ်သားဖွယ်အက္ခရာစဉ်အညွှန်း ပြီး၏။

http://www.dhammadownload.com

# ဝိသုဒ္ဓိမဂ် မြန်မာပြန် စတုတ္ထတွဲ၌ ပြင်ဖတ်ရန်

| မျက်နှာ | ကြောင်း | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၁၄ | ၂၀ | အရသာ ဖြစ်သည် | အရာသာ ဖြစ်သည် |
| ၃၀ | ၁၃ | (ဆိုဖွယ်ရာ | (ဆိုဖွယ်ရာ) |
| ၅၇ | ၇ | ဖြစ်ခြင်းငှါရင်း | တည်ခြင်းငှါရင်း |
| | | တည်ခြင်းငှါရင်း | ဖြစ်ခြင်းငှါရင်း |
| ၅၈ | ၂၁ | စ၊ ဆက်ဦးအံ့ | ဆက်ဦးအံ့ |
| ၅၉ | ၂၄ | ဖြစ်ပြီးအောင် | အဖြစ်ပြီးအောင် |
| ၈၆ | ၂၀ | ရူပဇီဝိတိန္ဒြိယတ္တိ | ရူပဇီဝိတိန္ဒြိယ |
| ၈၇ | ၄ | နာမ်တရားတု | နာမ်တရားတို့ |
| ၁၁၁ | ၃၀ | တနည်းအားဖြင့် | အနည်းအားဖြင့် |
| ၁၁၃ | ၂၇ | ဟု ဆို၏ | ဟု ဆိုလို၏ |
| ၁၁၅ | ၁၇ | က မာဝစရ | ကာမာဝစရ |
| ၁၂၂ | ၁၄ | ထပ်ဖြစ်လျက် | ထပ်ဖြစ်လျှင် |
| ၁၂၅ | ၂၅ | ဂဗ္ဘသေယျ | ဂဗ္ဘသေယျက |
| ၁၃၉ | ၃ | အဘယ်အကျိုး | အဘယ်သူ၏ အကျိုး |
| ၁၄၅ | ၂၆ | အညသတ်မှု | အသညသတ်မှု |
| ၁၄၉ | ၄ | ၁-ပါးသော | ၃-ပါးသော |
| ၁၅၅ | ၂၄ | ဝိပါက်ဝိညာဏ် | ပဋိသန္ဓေဝိညာဏ် |
| ၁၇၄ | ၃ | စွဲလမ်းတတ်၏၊ | စွဲလမ်းတတ်၏။ |
| | ၉ | မည်ကုန်၏၊ | မည်ကုန်၏။ |
| ၁၇၅ | ၁၀ | ကာမုပါဒါန်မည်၏၊ | ကာမုပါဒါန်မည်၏။ |
| ၁၈၀ | ၂၂ | ထိုစေတနာ၏ပင | ထိုစေတနာ၏ပင် |
| | ၂၃ | အကျိုးဝိပါက | အကျိုးဝိပါက် |
| ၁၈၁ | ၈ | ကမ္မဘဝ | ကာမဘဝ |
| | ၁၆ | သိမ်မွေ့သညာ | သိမ်မွေ့သောသညာ |
| ၁၈၅ | ၁ | မယံကြည်အပ် | မယုံကြည်အပ် |
| ၁၉၇ | ၂၁ | ကျမ်းဂန်စကား | ကျမ်းဂန်သုံးစကား |
| ၂၁၆ | ၆ | ဖြစ်ခြင်းပေတည်း။ | ဖြစ်ခြင်းပေတည်း၊ |

http://www.dhammadownload.com

# ဝိသုဒ္ဓိမဂ်-မြန်မာပြန် စတုတ္ထတွဲ၌ ပြင်ဖတ်ရန်

| မျက်နှာ | ကြောင်း | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၂၂၈ | ၁၀ | (ရှုအပ်ခြင်းသို့) | (ရှုအပ်ခြင်း) သို့ |
| ၂၃၁ | ၁၇ | ရုပ်အပေါင်းကွေးခြင်း | ရုပ်အပေါင်း၏ ကွေးခြင်း |
| ၂၄၇ | ၂၇ | ဖဿသာလျှင် | ဖဿလျှင် |
| ၂၅၃ | ၁၂ | ဖြစ်ပေါ်သေကုန်ရာ၏ | ဖြစ်ပေါ်လေကုန်ရာ၏ |
| ၂၈၂ | ၁၆ | သုံးသပ်ဆင်ခြင်သော၀ | သုံးသပ်ဆင်ခြင်သော |
| ၂၈၉ | ၂၃ | နှိပ်စက်ပြင်းငှါ | နှိပ်စက်ခြင်းငှါ |
| ၂၉၀ | ၁ | မှူသည်လည်း | မှုသည်လည်း |
| ၂၉၂ | ၁၀ | ဖူးဖူးယောင်၍ | ဖူးဖူးရောင်၍ |
| | ၂၀ | စပ်၍ မျှတ | စပ်၍ မျှတ |
| ၃၀၀ | ၁၇ | (ဩဇလျှင် | (ဩဇာလျှင် |
| ၃၀၆ | ၂၇ | လးပါးကြောင့် | လေးပါးကြောင့် |
| | ၂၉ | ည်သည်ကား | မည်သည်ကား |
| ၃၀၇ | ၁ | ဥတုဇရုပ်ကု | ဥတုဇရုပ်ကို |
| ၃၀၈ | ၂၅ | ပဋိသန္ဓေစိတ် စ၍ ဖြစ်သည်နောက် | ပဋိသန္ဓေစိတ်နောင် |
| ၃၁၀ | ၇ | သမ္မုဋ္ဌိစ္ဆိုန်း | သမ္ဗုဋ္ဌိစ္ဆိုန်း |
| ၃၁၁ | ၁၇ | ကုသလဝိပါက် | အကုသလဝိပါက် |
| ၃၁၆ | ၂၀ | နှစ်ဆယ်တို့သည် | ဆယ်နှစ်တို့သည် |
| ၃၃၂ | ၁၄ | မည်၏။ | မည်၏။ (၄) |
| ၃၄၀ | ၂၆ | နှလုံးသွင်းခြင်းပြု၏ | နှလုံးသွင်းခြင်းကို ပြု၏ |
| ၃၆၀ | ၂၁ | လွှက်သော | လွှတ်သော |
| ၃၉၈ | ၂၅ | "မမြဲ"ဟူ၍ | "မမြဲဟု"ဟူ၍ |
| ၄၀၂ | ၈ | ရှေးရှုလျက် | ရှေးရှုပြုလျက် |
| ၄၁၈ | ၂၀ | တည်နေလေသတ် | တည်နေလေသတတ် |
| ၄၂၀ | ၇ | ဂ်ကို မှတ်အပ်၏ | မဂ်ကို မှတ်အပ်၏ |
| | ၂၅ | အစေးဖြင့် | အအေးဖြင့် |
| ၄၆၀ | ၁၂ | တူညီဖွဲ့ | ညီတူဖွဲ့ |

http://www.dhammadownload.com

# ဝိသုဒ္ဓိမဂ်-မြန်မာပြန် စတုတ္ထတွဲ၌ ပြင်ဖတ်ရန်

| မျက်နှာ | ကြောင်း | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၄၆၁ | ၂၆ | ယုံမှားမှု | ယုံမှားမှု |
| ၄၆၉ | ၁၁ | အနုသယခေါ် | အနုနယခေါ် |
| ၄၇၀ | ၁၁ | သီလပဗ္ဗတ | သီလဗ္ဗတ |
| ၄၇၂ | ၅ | ပယ်အပ်ကုန်သလော | ပယ်ကုန်သလော |
| ၄၈၅ | ၆ | မီးစာကို လောင်းကျွမ်း | မီးစာကို လောင်ကျွမ်း |
| ၄၈၇ | ၁၄ | ရေတွက်အပ်ကုန်၏ | ရေတွက်အပ်၏ |
| ၅၀၁ | ၁၃ | ကွန်ယက်ကို | ကွန်ရက်ကို |
| ၅၀၂ | ၁၇ | ထေရဝါဒဂိုဏ်းကွဲ | မူလဂိုဏ်းကွဲ |
| ၅၂၆ | ၄ | ခရီးမသွားဘူးသေးသော | ခရီးကို မသွားဘူးသေးသော |
| ၅၃၁ | ၉ | ပုဂ္ဂိုလ်သည် (တကြိမ် | ပုဂ္ဂိုလ်သည်) တကြိမ် |
| ၅၃၉ | ၁၆ | ကောင်းစွာအမှု၌ | ကောင်းသောအမှု၌ |
| | ၂၄ | ၄-ပါဒအကွာရာ | ၄-ပါဒ,အကွာရာ |

ပ-မ-ဗ-သ-စ—၁၀၁၆—၁၁-၆-၇၁—၁၀၀၀။